http://www.dhammadownload.com

ဗုဒ္ဓသာသနာတော်၏ အနှစ်သာရ-သီလ၊ သမာဓိ၊ ပညာတို့ကို
အပြည့်အစုံ ရှင်းလင်းလွယ်ကူစွာ ချမ်းချမ်းသာသာ လေ့လာကျင့်သုံးနိုင်ပြီ

# ဝိသုဒ္ဓိမဂ္ဂ အလင်းပြ
# နိဗ္ဗာန်လမ်းမကြီး

ပထမတွဲ

## ဒေါက်တာမင်းတင်မွန်

ပါမောက္ခ၊ မဟာသဒ္ဓမ္မဇောတိက ဓဇ

ဝိသုဒ္ဓိမဂ္ဂ စာမေးပွဲမေးခွန်းများနှင့် အဖြေများ အပြည့်အစုံပါသည်
ဝိသုဒ္ဓိမဂ္ဂ စာမေးပွဲဖြေဆိုသူတို့၏ လက်စွဲ

http://www.dhammadownload.com

သီလ၊ သမာဓိ၊ ပညာသည် သာသနာတော်၏အနှစ်သာရ
သီလ၊ သမာဓိ၊ ပညာ အကြောင်းကို အပြည့်အစုံ ရှင်းလင်းစနစ်ကျစွာ ဖော်ပြထားသော

# ဝိသုဒ္ဓိမဂ္ဂ အလင်းပြ
## နိဗ္ဗာန်လမ်းမကြီး
ပထမတွဲ

## ဒေါက်တာမင်းတင်မွန်
ပါမောက္ခ၊ မဟာ သဒ္ဓမ္မ ဇောတိက ဓဇ

ဗုဒ္ဓသာသနာတော်နှင့်ကြုံတွေ့ရကျိုးပြည့်ဝအောင် ဤကျမ်းစာအုပ်ကို လေ့လာပါ၊ လက်တွေ့ကျင့်ပါ။
ဘဝတစ်သက်တာတွင် အရေးကြီးဆုံး၊ အဓိုးတန်ဆုံး၊ အလုပ်သင့်ဆုံးအလုပ်က သီလ-သမာဓိ-ပညာ
သီလ-သမာဓိ-ပညာ တို့ကို လေ့လာကျင့်သုံးခြင်းဖြင့် အချမ်းသာဆုံး၊ အမြင့်မြတ်ဆုံးဘဝကို ရယူပါ။
ဤကျမ်းစာအုပ်ကိုလေ့လာပြီး ဝိသုဒ္ဓိမဂ္ဂ စာမေးပွဲကို ဖြေဆိုပါ။
အောင်ပန်းဆင်ရမည် မုချတည်း။

ဒေါက်တာမင်းတင်မွန် ● နိဗ္ဗာန်လမ်းမကြီး (ပထမတွဲ)

http://www.dhammadownload.com

ဗုဒ္ဓသာသနာတော်၏ အနှစ်သာရဖြစ်သောသီလ၊ သမာဓိ၊ ပညာတို့ကို
အပြည့်အစုံ ရှင်းလင်းစနစ်ကျစွာ ဖော်ပြထားသည်

# ဝိသုဒ္ဓိမဂ္ဂ အလင်းပြ
# နိဗ္ဗာန်လမ်းမကြီး

## ပထမတွဲ

## ဒေါက်တာမင်းတင်မွန်

ပါမောက္ခ၊ မဟာသဒ္ဓမ္မဇောတိကဓဇ

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာပထမတွဲကို ပြည့်ပြည့်စုံစုံရှင်းလင်းတင်ပြထားသည်
ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေများပါရှိသည်
ဝိသုဒ္ဓိမဂ္ဂစာမေးပွဲဖြေဆိုသူတို့၏လက်စွဲ

http://www.dhammadownload.com



ပုံနှိပ်ခြင်းမှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် (၃၂၀၃၂၅၀၆၀၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၃၂၀၃၁၃၀၇၀၈)

●

၂၀၀၈ ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ်၊ အုပ်ရေ–၅၀၀

●

ထုတ်ဝေသူ
မင်းတေဇာမွန်၊ ရတနာမင်းစာပေ (၃၄၅၅)
တိုက် (၁၅)၊ အခန်း (၁၉)၊ ဦးဝိစာရအိမ်ရာ၊
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

အတွင်းစာသားနှင့်မျက်နှာဖုံးပုံနှိပ်သူ
ဦးတင်မောင်ဝင်း၊ သင်းလှဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)
အမှတ် (၂)၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်

●

ကွန်ပျူတာစာစီ
Rose

●

ဖြန့်ချိရေး
မြမွန်ရတနာစာပေ
တိုက် (၁၅)၊ အခန်း (၁၉)၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်
ဖုန်း ◆ ၀၁–၃၈၅၂၆၁၊ ၀၉၈၀–၂၂၅၁၆

●

တန်ဖိုး – ၁၈၀၀ ကျပ်

http://www.dhammadownload.com

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# စကားဦး

## မြတ်စွာဘုရားတို့၏ လိုရင်းအဆုံးအမ

သိသင့်သိထိုက်သည့်တရားအလုံးစုံကို ကောင်းစွာသိမြင်တော်မူကြသော လူနတ်ပြဟ္မာတို့တွင် အတုမရှိ ဉာဏ်ပညာကြီးမြင့်တော်မူကြသော သတ္တဝါများကို ရင်ဝယ်သားပမာ သနားကြင်နာတော်မူကြသော မြတ်စွာဘုရားအဆူဆူတို့သည် ဩဝါဒပါတိမောက်လာ အောက်ပါဂါထာကို လိုရင်းအဆုံးအမအဖြစ် ပေးသနားတော်မူခဲ့ကြ၏။

*သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ၊*
*သစိတ္တ ပရိယောဒါပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။*

အဓိပ္ပါယ်မှာ

*မကောင်းမှုဟူသမျှကို မပြုလုပ်ရာ၊ ကုသိုလ်ကောင်းမှုများနှင့် ပြည့်စုံစေရာ၏။ မိမိစိတ်ကို ဖြူစင်စေရာ၏၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။* (ဓမ္မပဒ ၁၈၃)

မဟာစည်ဆရာတော်ဘုရားက ဤသို့လင်္ကာသီကုံးပေးထား၏–

*အကုသိုလ်တရား ရှောင်ရှားပယ်လေ၊ ကုသိုလ်တရားဖြစ်ပွားစုံစေ၊*
*မိမိစိတ်ထားဆွတ်ဆွတ်ဖြူစေ၊ ဤသုံးပါး ဘုရားမိန့်ခဲ့လေ။*

ချမ်းမြေ့ဆရာတော်က မှတ်ရလွယ်အောင် ဤသို့ဆောင်ပုဒ်ပြုလုပ်ထား၏–

*မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား၊*
*ခုလည်းချမ်းသာ၊ နောင်ချမ်းသာ၊ မြတ်စွာဟောမိန့်ကြား။*

ဤအဆုံးအမဩဝါဒနှင့်အညီ လက်တွေ့ကျင့်ကြံနေထိုင်သည့်အခါ ရှေးဦးစွာ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းရ၏။ ငါးပါးသီလကိုစောင့်ထိန်းခြင်းဖြင့် မကောင်းမှုဒုစရိုက်ဆယ်ပါးကို ရှောင်ရှားနိုင်၏၊ ကောင်းမှုသုစရိုက် ဆယ်ပါးကို ဖြည့်ကျင့်နိုင်၏၊ မိမိ၏စိတ်အစဉ်တွင် လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာ အညစ်အကြေးများကင်းစင်ရန်လည်း စောင့်ရှောက်ရာရောက်၏။

http://www.dhammadownload.com



ရှစ်ပါး၊ ကိုးပါးစသောဥပုသ်သီလကို စောင့်ထိန်းနိုင်လျှင်မူ စိတ်ကို ပို၍ဖြူစင်စေနိုင်မည်ဖြစ်၏။ သီလကျင့်စဉ်သည် ဒုစရိုက်လွန်ကျူးစေတတ်သည့် အကြမ်းစားကိလေသာများ (ဝါ) ဝီတိက္ကမကိလေသာများမဖြစ်ပေါ်အောင် တားဆီးပေးနိုင်၏။

စိတ်တွင်နှိုးကြားထကြွနေကြသော အလတ်စားကိလေသာများ (ဝါ) ပရိယုဋ္ဌာနကိလေသာများ ကင်းစင်သွားစေရန်အတွက်မူ သမာဓိကျင့်စဉ်ကို ဆက်လက်အားထုတ်ရ၏။ သမာဓိထူထောင်သည့် သမထဘာဝနာကို မှန်ကန်စွာရှုပွားသဖြင့် သမ္မာသမာဓိခေါ် ဈာန်အနီးကပ်နေသည့် ဥပစာရသမာဓိ သို့မဟုတ် ဈာန်သမာဓိကိုရလျှင် "စိတ်ဖြူစင်ခြင်း" ဟူသော "စိတ္တဝိသုဒ္ဓိ" အဆင့်သို့ ရောက်၏။

သမာဓိကျင့်စဉ်သည် စိတ်တွင်ထကြွနေသော အလတ်စားကိလေသာများကို ဖယ်ရှား၍ စိတ်ကို အတော်အသင့်ကြာမြင့်စွာဖြူစင်အောင် ထိန်းပေးထားနိုင်၏။ သို့သော် အနုသယကိလေသာခေါ် ကိလေသာအရင်းအမြစ်များ ကျန်ရှိနေသည့်အတွက် ကာမဂုဏ်အာရုံများနှင့်ဆုံတွေ့လျှင် စိတ်တွင်ကိလေသာများ ပြန်လည်ထကြွလာကြ၏။

စိတ်အစဉ်မှာ ဘဝဆက်တိုင်း ကိန်းဝပ်လိုက်ပါနေကြသည့် အနုသယကိလေသာများကို သုတ်သင်ဖယ်ရှားရန်အတွက်မူ ပညာကျင့်စဉ်ဖြစ်သည့် ဝိပဿနာရှုပွားခြင်းကို ပြုလုပ်ရ၏။ ဝိပဿနာဉာဏ်ဆယ်ဆင့်နှင့် မဂ်ဉာဏ်လေးဆင့်တို့ကို ထူထောင်နိုင်သည့်အခါ အနုသယကိလေသာအလုံးစုံကို အမြစ်ပြတ်ပယ်သတ်နိုင်ပြီဖြစ်၏။ အဆင့်မြင့်ဆုံးဘဝဖြစ်သော ရဟန္တာအဖြစ်ကိုလည်း ရရှိပါတော့၏။ အတုမရှိချမ်းသာသော နိဗ္ဗာန်ချမ်းသာကိုလည်း ထာဝရခံစားနိုင်ပြီဖြစ်၏။

## သာသနာတော်၏အနှစ်သာရ

သို့ဖြစ်၍ "သီလ–သမာဓိ–ပညာ"တို့ကို သာသနာတော်၏ အနှစ်သာရဟု သတ်မှတ်ကြ၏။ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူသော သိက္ခာသုံးပါးကျင့်စဉ်တရားသည် တစ်နည်း မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားသည် သတ္တဝါတို့၏ စိတ်အစဉ်ကို ညစ်နွမ်း၊ ပူလောင်၊ ဆင်းရဲစေသော ကိလေသာတရားများကို စနစ်တကျ ပယ်သတ်ပေးနိုင်သည့် အမှန်မြတ်ဆုံးသော ကျင့်စဉ်ဖြစ်ပေ၏။

ဤကျင့်စဉ်ကို ဘုရားသာသနာတော်အတွင်း၌သာ ကျင့်သုံးနိုင်၏။ ဤကျင့်စဉ်ကိုကျင့်သုံးရပါမှ ဘုရားသာသနာတော်နှင့် ကြုံတွေ့ရကျိုးနပ်၏။ ဤကျင့်စဉ်ကို မှန်မှန်ကန်ကန် ပြည့်ပြည့်ဝဝ ကျင့်သုံးရသဖြင့် တစ်မဂ်တစ်ဖိုလ်ရလိုက်လျှင် သောတာပန်အရိယာသူတော်စင်အဖြစ်သို့ ရောက်ရှိပြီး နိဗ္ဗာန်ချမ်းသာကို အလိုရှိသမျှခံစားနိုင်၏။ သောတာပန်ဖြစ်ရခြင်းသည် အပါယ်လေးဘုံ၌ တစ်ဖန်ဘဝဖြစ်ရခြင်း မရှိသည့်အတွက် သိကြားမင်း၊ စကြဝတေးမင်းဖြစ်ရသည်ထက် သာလွန်ကောင်းမွန်၏။

သီလ–သမာဓိ–ပညာ ကျင့်စဉ်သုံးပါးကို မှန်မှန်ကန်ကန် ပြည့်ပြည့်ဝဝ လိုက်နာ

http://www.dhammadownload.com



ကျင့်သုံးနိုင်ရန်အတွက် အရှင်မဟာဗုဒ္ဓဃောသမထေရ်သည် သဂါထာဝဂ္ဂဒေဝပုတ္တ သံယုတ်၌ မြတ်စွာဘုရားဟောကြားတော်မူသော "သီလေ ပတိဋ္ဌာယ နရောသပညော" အစချီသည့် ဂါထာကို မူတည်၍ သီလ–သမာဓိ–ပညာ သုံးဖြာသော သာသနာတော်ကြီးကို ပိဋကတ်သုံးပုံမှ ထုတ်နုတ်ပေါင်းစုလျက် အကျယ်ဖွင့်ဆိုရေးသားတော်မူခဲ့၏။

နိကာယ်ငါးရပ်, ပိဋကတ်သုံးပုံ ပါဠိတော်များနှင့်အညီ ပိုင်းခြားဝေဖန်၍ ဖွင့်ဆိုရေးသားအပ်သော ထိုအဋ္ဌကထာကျမ်းကို "ဝိသုဒ္ဓိမဂ္ဂ" အမည်ပေး၏။ "ဝိသုဒ္ဓိမဂ္ဂ"(ဝါ) "ဝိသုဒ္ဓိမဂ်" ဟူသောအမည်သည် ဒုက္ခခပ်သိမ်းကင်းငြိမ်းစင်ကြယ်ရာ မြတ်နိဗ္ဗာန်သို့ ပို့ဆောင်ပေးသည့် သန့်ရှင်းစင်ကြယ်သောလမ်းမကြီးဟု အဓိပ္ပါယ်ရ၏။

ဝိသုဒ္ဓိမဂ်ကျမ်းကြီးသည် သန့်ရှင်းစင်ကြယ်သော နိဗ္ဗာန်လမ်းမကြီး ဖြစ်ရုံမျှမက သာသနာတော်ကြီးကိုလည်း စင်ကြယ်သန့်ရှင်းအောင် သုတ်သင်ရှင်းလင်းပေးနိုင်သည့် ကျမ်းထူးကျမ်းမြတ်ကြီးဖြစ်ခြင်းကြောင့် "ဝိသုဒ္ဓိမဂ်ကျမ်းကို လေ့ကျက်သင်ကြားသည့် ပုဂ္ဂိုလ်သည် တောဆော်လည်းထွက်တတ်၏၊ တောမထွက်ခဲ့သော် လူထွက်တတ်၏" ဟု ဆိုစမှတ်ပြုကြ၏။

*ဤအင်္ဂါရှစ်ပါးရှိသော လမ်းခရီး 'မဂ်' သည်သာလျှင် ဉာဏ်အမြင်စင်ကြယ်ခြင်းအတွက် ခရီးမှန်ဖြစ်၏။ ဤမဂ်လမ်းခရီးမှတစ်ပါးသောခရီးသည် မရှိတော့ပြီ၊ ထို့ကြောင့် သင်တို့သည် ဤခရီးမှန်ကိုသာ သွားကြကုန်လော့။ (ဓမ္မပဒ ၂၇၄)*

*သင်တို့သည် ဤမဂ်ဟူသော လမ်းမှန်ကိုသွားကြကုန်သည်ရှိသော် ဆင်းရဲအဆုံးကိုပြုရကုန်လတ္တံ့။ ငါဘုရားသည် ရာဂစသော ဆူးငြောင့်ကင်းသည့်လမ်းမှန်ကို ကိုယ်တိုင်သိ၍ သင်တို့အား မဂ်ဟူသောလမ်းမှန်ကို ညွှန်ကြားအပ်ပြီ။ (ဓမ္မပဒ ၂၇၅)*

**ဝိသုဒ္ဓိမဂ္ဂစာမေးပွဲ**

သာသနာတော်၏ အနှစ်သာရဖြစ်သည့် သီလ–သမာဓိ–ပညာကျင့်စဉ်တရားတို့ကို ပြည့်ပြည့်ဝဝ စနစ်တကျဖော်ပြထားသော "ဝိသုဒ္ဓိမဂ္ဂကျမ်း"သည် ဗုဒ္ဓဘာသာဝင်များအားလုံး အလေးအမြတ်ပြု၍ ဖတ်ရှုလေ့လာထိုက်သည့် ကျမ်းဖြစ်သည်နှင့်အညီ သင်အံလေ့လာကြရန် နှိုးဆော်အားပေးသည့်အနေဖြင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက "ဝိသုဒ္ဓိမဂ္ဂစာမေးပွဲ" ကို နှစ်စဉ်ကျင်းပပေးလျက်ရှိ၏။

ဤစာမေးပွဲကို အသက်အရွယ်မကန့်သတ်ဘဲ သီလရှင်များအပါအဝင် ပြည်သူတို့အားလုံးကို ဖြေဆိုခွင့်ပြုထား၏။ ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင် အရှင်နန္ဒမာလာ မြန်မာပြန်ဆိုထားသော "ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကျမ်းကြီး" ပထမတွဲကို ပထမအဆင့်၊ ဒုတိယတွဲကိုဒုတိယအဆင့်၊ တတိယတွဲကိုတတိယအဆင့်ဟူ၍သတ်မှတ်ကာ စာမေးပွဲကျင်းပပေး၏။ စာဖြေသူသည်တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်ဖြစ်စေဖြေဆိုနိုင်၏။

အဆင့်အလိုက် အောင်မြင်ကြသူတို့ကိုအောင်လက်မှတ်များ ချီးမြှင့်သည့်အပြင်

http://www.dhammadownload.com



မြို့နယ်အလိုက်၊ တိုင်းနှင့်ပြည်နယ်အလိုက်၊ တစ်ပြည်လုံးအနေဖြင့်ပါ ပထမ, ဒုတိယ, တတိယ ရသူတို့ကို ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်ပေး၏။ စာမေးပွဲအောင်လျှင်ပင် အလွန်ဂုဏ်ယူစရာကောင်းလှပါပြီ။ လေ့လာဖတ်ရှု၍ သိနားလည်လိုက်လျှင်ပင် အကျိုးကျေးဇူးအလွန်ကြီးမားလှပါ၏။

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကျမ်းကြီးကို ဆည်းပူးလေ့လာသည့်အခါ နားလည်သဘောပေါက်ရန်အတွက်အဘိဓမ္မာသင်္ဂြိုဟ်ကိုးပိုင်းကို အခြေခံအဖြစ် သိနားလည်ထားရ၏။ သို့ဖြစ်၍ သာသနာရေးဦးစီးဌာနက အဘိဓမ္မာရိုးရိုးတန်းစာမေးပွဲကိုလည်း သုံးဆင့်ခွဲကာ နှစ်စဉ် ကျင်းပပေးပါသည်။ အဘိဓမ္မာရိုးရိုးတန်း စာမေးပွဲသုံးဆင့်စလုံး အောင်မြင်ပြီးသူများကိုသာ ဝိသုဒ္ဓိမဂ္ဂ စာမေးပွဲကိုဖြစ်စေ အဘိဓမ္မာဂုဏ်ထူးတန်း စာမေးပွဲကိုဖြစ်စေ ဖြေဆိုခွင့်ပေးပါသည်။

ဤအဘိဓမ္မာစာမေးပွဲများနှင့် ဝိသုဒ္ဓိမဂ္ဂစာမေးပွဲတို့ကို ဖြေဆိုရန်အတွက် အမြို့မြို့ အနယ်နယ်တွင် အဘိဓမ္မာသင်တန်းများနှင့် ဝိသုဒ္ဓိမဂ်သင်တန်းများကို သင်ကြားပို့ချပေးနေကြသည်။ သင်တန်းတက်သူများကလည်း ပျော်ရွှင်ဝမ်းမြောက်စွာ တက်ရောက်နေကြသည်။ ဓမ္မစာပေကျမ်းကျင်သူများနှင့် စာချဆရာတော်များသည် လူပုဂ္ဂိုလ်များကိုပါ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်သင်ကြားပို့ချပေးနိုင်ရန် အားတက်သရော ကြိုးပမ်းသင့်ကြပါ၏။

ကျွန်တော့်ကိုယ်တွေ့ခံစားမှုကိုပြောရလျှင် ဗုဒ္ဓအဘိဓမ္မာသည်ထိပ်တန်းဒဿနပညာ၊ ထိပ်တန်းစိတ်ပညာ၊ ထိပ်တန်းသိပ္ပံပညာ (supreme philosophy, supreme psychology, supreme science) အစစ်အမှန်ဖြစ်၍ ဘဝတွင် အဖိုးတန်ဆုံးဘဝပညာဖြစ်ပေ၏။ ဝိသုဒ္ဓိမဂ်သည်လည်း သာသနာတော်၏ အနှစ်သာရဖြစ်သော သီလ–သမာဓိ–ပညာ ကျင့်စဉ်များကို အနုစိတ်စနစ်တကျ လိုက်နာကျင့်သုံးနိုင်ရန် လမ်းညွှန်မှုများကိုပေးထားခြင်းကြောင့် ဘဝတစ်သက်တာတွင် အနှစ်သာရအပြည့်ဆုံး အဖိုးတန်ဆုံးလမ်းညွှန်ချက်များဖြစ်ပေ၏။

အင်္ဂလိပ်စာပေပညာရှင် ပါမောက္ခရိုက်(စ်)ဒေးဗစ်သည် ပါဠိစာပေကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုရင်း ဗုဒ္ဓစာပေကိုလေ့လာသိရှိလာသဖြင့် အောက်ပါအတိုင်း မှတ်ချက်ချ၏–

ဗုဒ္ဓဘာသာထက်သာလွန်သည့်တရားမရှိ

* *ဗုဒ္ဓဘာသာဝင်ဟုတ်သည်ဖြစ်စေ ဗုဒ္ဓဘာသာဝင်မဟုတ်သည်ဖြစ်စေ ကျွန်ုပ်သည် ကမ္ဘာပေါ်ရှိသမျှ ကြီးကျယ်သောဘာသာရေးစနစ်တစ်ခုစီကို လေ့လာစစ်ဆေးခဲ့၏။ ဘယ်ဘာသာရေးစနစ်မှာမှ ဗုဒ္ဓမြတ်စွာ၏ မဂ္ဂင်ရှစ်ပါးကျင့်စဉ်နှင့် အရိယာသစ္စာလေးပါးတို့ထက် အလှအပတွင်ရော ကျယ်ဝန်းပြည့်စုံမှုမှာရော သာလွန်သည့်တရားတစ်စုံတစ်ခုကို ကျွန်ုပ်မတွေ့ခဲ့ရချေ။*

http://www.dhammadownload.com



* *ထိုမဂ္ဂင်လမ်းစဉ်အတိုင်း ကျွန်ုပ်၏ဘဝကိုပုံသွင်းပြီး နေထိုင်သွားရခြင်းကို ကျွန်ုပ်ကျေနပ်ရောင့်ရဲလှပေ၏။*

*ပါမောက္ခရိုက်စ်ဒေးဗစ် (အင်္ဂလိပ်ပညာရှင်)*

**Nothing to Surpass Buddhism**

* ***Buddhist or not Buddhist, I have examined every one of the great religious systems of the world, and in none of them have I found anything to surpass, in beauty and comprehensiveness, the Noble Eightfold Path and the Four Noble Truths of the Buddha.***

* ***I am content to shape my life according to that Noble Path.***

***Professor Rhys Davids, English Scholar***

**"ဝိသုဒ္ဓိမဂ္ဂအလင်းပြ–နိဗ္ဗာန်လမ်းမကြီး"**

ကျွန်တော်သည် ရန်ကုန်ပညာရေးတက္ကသိုလ်၌ ဓာတုဗေဒကထိကနှင့် ဌာနမှူးတာဝန်ကိုထမ်းရွက်နေစဉ် ပညာရေးတက္ကသိုလ် ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ တာဝန်ကိုလည်းထမ်းရွက်၏။ ထိုစဉ်အခါ ပဋ္ဌာန်းဆရာတော် ဦးနာရဒနှင့် မစိုးရိမ်ဆရာတော်၏တပည့် ဦးထွန်းတင်တို့ထံမှ အဘိဓမ္မာသင်္ဂြိုဟ်၏အခြေခံသဘောတို့ကို အသင့်အတင့်ဆည်းပူးလေ့လာခွင့်ရခဲ့၏။ ၁၉၈၁ ခုနှစ်တွင် အဘိဓမ္မာရိုးရိုးတန်းစာမေးပွဲကို ဖြေဆိုရန်အတွက် ပြဋ္ဌာန်းစာအုပ်ဖြစ်သော တောင်ဖြူ့မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ရေးသားအပ်သည့် "အခြေပြုသင်္ဂြိုဟ်" စာအုပ်ကို ၁၀–ရက်မျှ သဲသဲမဲမဲလေ့လာဖတ်ရှု၏၊ အဘိဓမ္မာသင်္ဂြိုဟ်ကို ကောင်းစွာနားလည်သဘောပေါက်လာသဖြင့် ပီတိလွှမ်းကာ အထူးဝမ်းမြောက် ပျော်ရွှင်မိပါ၏။ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကို မဖိတ်မသုန်သက်ဝင်ယုံကြည်သည့် အားကြီးသောသဒ္ဓါတရားလည်း ဖြစ်ပေါ်၏။ ထို့နောက် အဘိဓမ္မာစာမေးပွဲသုံးဆင့်ကို ဝင်ရောက်ဖြေဆိုရာ တစ်ပြည်လုံးတွင် ပထမရရှိခဲ့ပါသည်။

၁၉၈၂ ခုနှစ်၌ ဩစတြေးလျနိုင်ငံရှိ နယူးဆောက်ဝေးတက္ကသိုလ်တွင် ဓာတုဗေဒအဆင့်မြင့်နည်းပညာကို သွားရောက်လေ့လာရသဖြင့် အဘိဓမ္မာစာမေးပွဲကို မဖြေဖြစ်ပါ။ မြန်မာနိုင်ငံသို့ ပြန်လာသည့်အခါ ၁၉၈၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရွှေ့ကာ တာဝန်ထမ်းရ၏။ တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီး၏ အတွင်းရေးမှူးတာဝန်ကိုလည်း စွမ်းစွမ်းတမံထမ်းရွက်၏။ ထိုသို့တာဝန်ထမ်းဆောင်ရင်း အဘိဓမ္မာဂုဏ်ထူးတန်းစာမေးပွဲသုံးဆင့်အတွက် ပြဋ္ဌာန်းထားသည့်"ဋီကာကျော်"သုံးအုပ်ကို တစ်လတာလေ့လာ

http://www.dhammadownload.com



ဆည်းပူးပြီးနောက် စာမေးပွဲဝင်ရောက်ဖြေဆိုရာ တစ်ပြည်လုံးတွင် ပထမရပါသည်။

၁၉၈၄ ခုနှစ်တွင်တစ်ဖန် ရန်ကုန်တက္ကသိုလ် ဓာတုဗေဒကထိကတာဝန်နှင့် တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီး၏ အတွင်းရေးမှူးတာဝန်တို့ကို ထမ်းဆောင်ရင်း "ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကျမ်းကြီးသုံးတွဲ"ကို သုံးလအချိန်ယူကာ ဖတ်ရှုလေ့လာ၏၊ ထို့နောက်ဝိသုဒ္ဓိမဂ္ဂစာမေးပွဲသုံးဆင့်ကို ဝင်ရောက်ဖြေဆိုရာ တစ်ပြည်လုံးတွင် ပထမရပါသည်။

၁၉၈၃ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်များဓမ္မာရုံတွင် အဘိဓမ္မာသင်္ဂြိုဟ်ကိုးပိုင်းကို "အဖိုးတန်ဆုံးဘဝပညာ ဗုဒ္ဓအဘိဓမ္မာကို အခွင့်သာခိုက်မှာ သင်ယူလိုက်ကြပါ"ဟု နှိုးဆော်ကြွေးကြော်ပြီး တက္ကသိုလ်ကျောင်းသူကျောင်းသားများကို သင်ကြားပို့ချပေးခဲ့ပါသည်။ ဤပို့ချချက်များကိုစုပေါင်း၍ "အဖိုးတန်ဆုံးဘဝပညာ တက္ကသိုလ်အဘိဓမ္မာအတွဲ ၁၊ ၂၊ ၃ပေါင်းချုပ်" အမည်ဖြင့်စာအုပ်ပုံနှိပ်ထုတ်ဝေခဲ့ရာ အဘိဓမ္မာစာသင်သားများနှင့် ဖြေဆိုသူများအတွက်ရော၊ စာသင်သံဃာများနှင့် စာချဆရာတော်များအတွက်ရော၊ အလွယ်တကူလေ့လာနိုင်ကာ အလွန်အားထားရသော ကျမ်းတစ်စောင်ဖြစ်လာပါသည်။

၁၉၈၆ ခုနှစ်တွင် မော်လမြိုင်ဒီဂရီကောလိပ်ကို မော်လမြိုင်တက္ကသိုလ်အဖြစ်သို့ အဆင့်မြှင့်တင်သည့်အခါ ကျွန်တော်သည် မော်လမြိုင်တက္ကသိုလ်သို့သွား၍ ဓာတုဗေဒ တွဲဖက်ပါမောက္ခနှင့် ဌာနမှူးတာဝန်ကို ထမ်းဆောင်ရပါသည်။ မော်လမြိုင်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကိုဖွဲ့စည်း၍ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပါသည်။ ခေတ်မီခံ့ညား ထည်ဝါသည့် မော်လမြိုင်တက္ကသိုလ် နှစ်ထပ်ဓမ္မာရုံကြီးနှင့် တက္ကသိုလ်စေတီတို့ကို ဦးဆောင်တည်ဆောက်ခဲ့ပါသည်။

၁၉၈၇ ခုနှစ် ရုံးပိတ်ရက်များဖြစ်သော မတ်လ ၂၇၊ ၂၈၊ ၂၉ ရက်နေ့များတွင် ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ၌ သင်္ဂြိုဟ်ကိုးပိုင်းကို အပြည့်အစုံသင်ကြားပို့ချပေးပါဟု တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌက မေတ္တာရပ်ခံသဖြင့် သင်တန်းကိုင်စာအုပ်အဖြစ်အသုံးပြုရန် "တက္ကသိုလ်အဘိဓမ္မာအနှစ်ချုပ်"ကို ရေးသားပြုစု၍ ပုံနှိပ်ထုတ်ဝေပါသည်။ ဤသင်တန်းကိုင်စာအုပ်ဖြင့် သင်တန်းတက်သူ ၂၀၀ ကျော်တို့အား အဘိဓမ္မာသင်္ဂြိုဟ်ကိုးပိုင်းကို သုံးရက်တည်းဖြင့် ပျော်ရွှင်အောင်မြင်စွာ စံချိန်တင်ကာ ပို့ချပေးနိုင်ခဲ့ပါသည်။ သင်တန်းသားအားလုံး အလွန်နှစ်ထောင်းဝမ်းသာအားရကြပါသည်။

ထိုသည့်နောက်ပိုင်းတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့များစွာ၌လည်းကောင်း၊ အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ မလေးရှား၊ စင်္ကာပူ စသည့် ပြည်ပနိုင်ငံများ၌လည်းကောင်း၊ အဘိဓမ္မာသင်္ဂြိုဟ်ကိုးပိုင်းကို ၄–ရက်စီဖြင့် ပြီးမြောက်အောင် ကျွန်တော်ပို့ချပေးခဲ့ပါသည်။ ယခုစာရေးချိန်အထိ ပို့ချပြီးခဲ့သောအဘိဓမ္မာ သင်တန်းဦးရေမှာ ၂၆၀ ခု ရှိခဲ့ပြီးဖြစ်သည်။

သင်တန်းအားလုံး၌ပင် သင်တန်းတက်သူများသည် အနှစ်သာရပြည့်ဝ၍ ထူးဆန်းအံ့ဩဖွယ်ကောင်းသော အဘိဓမ္မာတရားတော်ကို လေ့လာသိရှိခွင့်ရသည့်အတွက်

http://www.dhammadownload.com



အလွန်ဝမ်းမြောက်ကျေနပ်ကြပါသည်။ လေးရက်တာသင်တန်းတက်ပြီးနောက် ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်ကို ဆက်လက်ဖတ်ရှုလေ့လာပြီး အဘိဓမ္မာရိုးရိုးတန်း စာမေးပွဲသုံးဆင့်ကို ဝင်ရောက်ဖြေဆိုရာ ထူးချွန်စွာအောင်မြင်ကြပါသည်။

၁၉၈၆ ခုနှစ်မှာပင် မော်လမြိုင်တက္ကသိုလ်နှင့် ၇ မိုင်ခန့်သာဝေးသည့် ဖားအောက်တောရရိပ်သာ၌ သီတင်းသုံးတော်မူသော ဖားအောက်တောရဆရာတော် နှင့် ကျွန်တော် တွေ့ဆုံရပြီး ဆရာတော်၏ တရားရှုနည်းကို လေ့လာခွင့်ရခဲ့ပါသည်။ ၁၉၈၈ ခုနှစ်တွင် ကျွန်တော်သည် ဆရာတော်ထံမှောက်၌ တရားအားထုတ်ရပြီး ယောဂီများ၏ တရားရှုမြင်ပုံများကိုလည်း မေးမြန်းခွင့်ရပါသည်။ ဖားအောက်ဆရာတော်သည် မြတ်စွာဘုရားမိန့်ကြားသည့်အတိုင်း သမထ–ဝိပဿနာရှုနည်းများကို အနုစိတ်ရှုနိုင်ရန် ညွှန်ကြားနေသည့်အပြင် ဝိသုဒ္ဓိမဂ်တွင် ညွှန်ကြားထားသော တရားရှုကွက်အားလုံးကိုလည်း မှန်မှန်ကန်ကန်ရှုမြင်နိုင်အောင် သင်ကြားပေးနေသည်ကို သိရှိရသဖြင့် အထူးဝမ်းမြောက်ကြည်နူးမိပါသည်။

၁၉၉၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့မှစ၍ မော်လမြိုင်တက္ကသိုလ် ဓာတုဗေဒပါမောက္ခရာထူးမှ ကျွန်တော်အငြိမ်းစားယူသည့်အခါ ရန်ကုန်တွင် ဖားအောက်တောရရိပ်သာခွဲထူထောင်နိုင်ရန် ကော်မတီဖွဲ့၍ ကြိုးပမ်းဆောင်ရွက်ပါသည်။ ရန်ကုန်တိုင်း သန်လျင်မြို့နယ် ကျိုက်ခေါက်စေတီနှင့် ကျိုက်ဒေးဝစေတီတို့အကြားတွင် မြေနေရာရရှိသဖြင့် "အပြည်ပြည်ဆိုင်ရာဖားအောက်တောရဗုဒ္ဓသာသနာရိပ်သာ၊ ရန်ကုန်တိုင်း၊ သန်လျင်မြို့"ကို တည်ထောင်ပါသည်။ ၁၉၉၈ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင်ရိပ်သာကို ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ ယောဂီဦးရေ ၂၀၀ ဝန်းကျင်တို့ တစ်နှစ်ပတ်လုံး ရွှင်လန်းချမ်းမြေ့စွာတရားရှုနေကြပါသည်။

၁၉၉၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ သာသနာရေးဝန်ကြီးဌာနတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် ကျွန်တော်တာဝန်ထမ်းဆောင်ရပါသည်။ ၁၉၉၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့တွင် နိုင်ငံတော်အစိုးရက အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်သည့်အခါ ကျွန်တော်သည် ပဋိပတ္တိမဟာဌာန၊ သမထဌာနမှူးနှင့် ပါမောက္ခတာဝန်ကိုခံယူ၍ အပြည်ပြည်အရပ်ရပ်မှ လာရောက်ကြသည့် ပညာဆည်းပူးကြသူများကို သမထဘာသာနှင့် အဘိဓမ္မာဘာသာတို့ကို အင်္ဂလိပ်ဘာသာဖြင့်ပို့ချပေးပါသည်။ သမထဘာသာရပ်အတွက် ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာကျမ်းမှ သီလကျင့်စဉ်ပိုင်းနှင့် သမာဓိကျင့်စဉ်ပိုင်းတို့ကို ထုတ်ယူ၍ သမထကမ္မဋ္ဌာန်းများကို လက်တွေ့ရှုပွားနိုင်ရန်အတွက် ဖားအောက်တောရဆရာတော်၏ လက်တွေ့ရှုပွားနည်းများနှင့် ပေါင်းစပ်ကာ သင်ကြားပေးပါသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် သင်တန်းကိုင်စာအုပ်များအဖြစ် အသုံးပြုရန် အောက်ပါစာအုပ်များကို အင်္ဂလိပ်ဘာသာဖြင့် ကျွန်တော်ရေး

http://www.dhammadownload.com



သားပြီး အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်က ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

1 Samatha – Basic Level, Part I + Part II
2 Samatha – Higher Level, Volume I
3 Samatha – Higher Level, Volume 2
4 Samatha – Advanced Level, Volume 1
5 Samatha – Advanced Level, Volume 2
6 Abhidhamma – Higher Level, Volume 1
7 Abhidhamma – Higher Level, Volume 2

ဤစာအုပ်များကို အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ဝယ်ယူနိုင်ပါသည်။

အဘိဓမ္မာတရားတော်ကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာအသီးသီးဖြင့် သင်ကြားပို့ချပေးသည်ကို ကြားနာလေ့လာခွင့်ရသူများသည် ဝမ်းမြောက်ရွှင်လန်းကြကုန်လျက် ဝိသုဒ္ဓိမဂ်ကိုလည်း မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် သင်ကြားပို့ချပေးရန် တောင်းပန်တိုက်တွန်းကြပါသည်။ သို့အတွက် ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာကျမ်းကို လွယ်လွယ်ကူကူရှင်းရှင်းလင်းလင်း ပြည့်ပြည့်ဝဝ ဖတ်ရှုလေ့လာ ဆည်းပူးမှတ်သားပြီး လက်တွေ့ကျင့်ကြံအားထုတ်နိုင်ရေးအတွက် "ဝိသုဒ္ဓိမဂ္ဂအလင်းပြ–နိဗ္ဗာန်လမ်းမကြီး" ကျမ်းစာအုပ်ကို မြန်မာဘာသာဖြင့်လည်းကောင်း "Visuddhi Magga - The Noble Path to Nibbāna" ကျမ်းစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ အထူးဝါယာမစိုက်ထုတ်ကာ ရေးသားတင်ဆက်ပါအံ့။

ဤကျမ်းစာအုပ်သစ်များသည် မြတ်စွာဘုရားဟောကြားသည့် တရားတော်၏ အနှစ်သာရကို အလွယ်တကူအပြည့်အဝ လေ့လာလိုသူများအတွက်ရော သီလ–သမာဓိ–ပညာ ကျင့်စဉ်သုံးဖြာကို မိမိရရ တိတိကျကျကျင့်ကြံအားထုတ်လိုသူများအတွက်ရော၊ ဝိသုဒ္ဓိမဂ္ဂစာမေးပွဲဖြေဆိုသူများအတွက်ပါ အထူးအသုံးဝင်ကာ အဖိုးအနဂ္ဃထိုက်တန်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

၈–၁၂–၂၀၀၆ ဒေါက်တာမင်းတင်မွန်

http://www.dhammadownload.com



# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| • စကားဦး | | |
| မြတ်စွာဘုရားတို့၏ လိုရင်းအဆုံးအမ | ... | ၃ |
| သာသနာတော်၏ အနှစ်သာရ | ... | ၄ |
| ဝိသုဒ္ဓိမဂ္ဂစာမေးပွဲ | ... | ၅ |
| ဗုဒ္ဓဘာသာထက်သာလွန်သည့်တရားမရှိ | ... | ၆ |
| ဝိသုဒ္ဓိမဂ္ဂအလင်းပြ–နိဗ္ဗာန်လမ်းမကြီး | ... | ၇ |
| • နိဒါန်း | | |
| နတ်သား၏ လျှောက်ထားချက် | ... | ၂၃ |
| မြတ်စွာဘုရား၏ ဖြေကြားချက် | ... | ၂၃ |
| ဝိသုဒ္ဓိမဂ္ဂကို ဟောကြားသောနည်းအမျိုးမျိုး | ... | ၂၆ |
| အရှင်မဟာဗုဒ္ဓဃောသမထေရ်၏ ပဋိညာဉ်နှင့်စွမ်းဆောင်ချက် | ... | ၂၉ |
| • အခန်း(၁) သီလနိဒ္ဒေသပိုင်း | | |
| သီလအကြောင်းကိုအကျယ်ပြခြင်း | ... | ၃၁ |
| သီလဟူသည်ကား အဘယ်နည်း | ... | ၃၁ |
| အဘယ်အနက်သဘောကြောင့် သီလဟုခေါ်သနည်း | ... | ၃၂ |
| သီလ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့ကား အဘယ်နည်း | ... | ၃၂ |
| သီလ၏အကျိုးကားအဘယ်နည်း | ... | ၃၃ |
| သီလ၏အကျိုးအာနိသင်များ | ... | ၃၄ |
| သီလသည်အဘယ်မျှအပြားရှိသနည်း | ... | ၃၅ |
| * ဒုကသီလခေါ်နှစ်ပါးစီအပြားရှိသောသီလများ | ... | ၃၅ |
| (၁) စာရိတ္တသီလနှင့်ဝါရိတ္တသီလ | ... | ၃၅ |
| (၂) အဘိသမာစာရိကသီလနှင့် အာဒိဗြဟ္မစရိယကသီလ | ... | ၃၆ |
| (၃) ဝိရတိသီလနှင့် အဝိရတိသီလ | ... | ၃၆ |
| (၄) နိဿိတသီလနှင့် အနိဿိတသီလ | ... | ၃၆ |
| (၅) ကာလပရိယန္တသီလနှင့်အာပါဏကောဋိကသီလ | ... | ၃၇ |
| (၆) သပရိယန္တသီလနှင့် အပရိယန္တသီလ | ... | ၃၇ |

http://www.dhammadownload.com



(၇) လောကီသီလနှင့် လောကုတ္တရာသီလ ... ၃၇
လောကီသီလသည် ဘဝမှထွက်မြောက်ခြင်း၏ အကြောင်းဖြစ်ခြင်း ... ၃၇
* တိကသီလခေါ်သုံးပါးစီအပြားရှိသောသီလများ ... ၃၈
(၁) ဟီနသီလ၊မဇ္ဈိမသီလ၊ပဏီတသီလ ... ၃၈
(၂) အတ္တာဓိပတေယျသီလ၊လောကာဓိပတေယျသီလ၊ဓမ္မာဓိပတေယျသီလ ... ၃၉
(၃) ပရာမဋ္ဌသီလ၊အပရာမဋ္ဌသီလ၊ပဋိပဿဒ္ဓိသီလ ... ၃၉
(၄) ဝိသုဒ္ဓသီလ၊အဝိသုဒ္ဓသီလ၊ဝေမတိကသီလ ... ၃၉
(၅) သေက္ခသီလ၊အသေက္ခသီလ၊နေဝသေက္ခာနာသေက္ခသီလ ... ၄၀
(၆) ကုသလသီလ၊အကုသလသီလ၊အဗျာကတသီလ ... ၄၀
* စတုက္ကသီလခေါ်လေးပါးစီအပြားရှိသောသီလများ ... ၄၀
(၁) ဟာနဘာဂိယသီလ၊ဌိတိဘာဂိယသီလ၊ဝိသေသဘာဂိယသီလ၊
နိဗ္ဗေဓဘာဂိယသီလ ... ၄၀
(၂) ဘိက္ခုသီလ၊ဘိက္ခုနီသီလ၊အနုပသမ္ပန္နသီလ၊ဂဟဋ္ဌသီလ ... ၄၁
(၃) ပကတိသီလ၊အာစာရသီလ၊ဓမ္မတာသီလ၊ပုဗ္ဗဟေတုကသီလ ... ၄၁
(၄) ပါတိမောက္ခသံဝရသီလ၊ဣန္ဒြိယသံဝရသီလ၊အာဇီဝပါရိသုဒ္ဓိသီလ၊
ပစ္စယသန္နိဿိတသီလ ... ၄၁
(က) ပါတိမောက္ခသံဝရသီလ ... ၄၂
ဈာနဝိဘင်းပါဠိတော်လာအာစာရနှင့်ဂေါစရ ... ၄၂
မဟာနိဒ္ဒေသပါဠိတော်လာအာစာရနှင့်ဂေါစရအကျယ် ... ၄၃
(ခ) ဣန္ဒြိယသံဝရသီလ ... ၄၆
(ဂ) အာဇီဝပါရိသုဒ္ဓိသီလ ... ၄၈
အသက်မွေးမှုဟူသောအကြောင်းကြောင့်ပညတ်သောသိက္ခာပုဒ်(၆)ပါး ၄၈
အံ့ဩစေခြင်း – ကုဟန(၃)ပါး ... ၄၉
မဟာနိဒ္ဒေသပါဠိတော်လာကုဟနဝတ္ထု(၃)မျိုး ... ၄၉
ချီးမြှောက်၍ပြောခြင်း – လပန(၁၃)ပါး ... ၅၂
နိမိတ်ပြ၍ပြောခြင်း – နိမိတ္တကတာ(၆)ပါး ... ၅၃
ဖိနှိပ်၍ပြောဆိုခြင်း – နိပ္ပေသိကတာ(၁၀)ပါး ... ၅၄
လာဘ်ဖြင့်လာဘ်ရအောင်သွေးဆောင်ခြင်း –
လာဘေနလာဘနိဇိဂီသနတာ ... ၅၅
(ဃ) ပစ္စယသန္နိဿိတသီလ ... ၅၅
စတုပါရိသုဒ္ဓိသီလလေးပါးကိုပြည့်စုံစေပုံ ... ၅၆

http://www.dhammadownload.com




ပါတိမောက္ခသံဝရသီလကိုသဒ္ဓါတရားဖြင့်ပြီးပြည့်စုံစေအပ်ခြင်း ... ၅၇
ဣန္ဒြိယသံဝရသီလကိုသတိဖြင့်ပြီးပြည့်စုံစေအပ်ခြင်း ... ၅၈
ပါတိမောက္ခသံဝရသီလနှင့်ဣန္ဒြိယသံဝရသီလတို့ဆက်စပ်ပုံ ... ၅၈
ဣန္ဒြိယသံဝရသီလကိုစောင့်စည်းသောစံပြပုဂ္ဂိုလ်များ ... ၅၉
အာဇီဝပါရိသုဒ္ဓိသီလကိုဝီရိယဖြင့်ပြီးပြည့်စုံစေအပ်ခြင်း ... ၆၂
အာဇီဝပါရိသုဒ္ဓိသီလကိုစောင့်စည်းသောစံပြပုဂ္ဂိုလ်များ ... ၆၃
ပစ္စယသန္နိဿိတသီလကိုပညာဖြင့်ပြီးပြည့်စုံစေအပ်ခြင်း ... ၆၅
သီလရှိပုထုဇဉ်တို့ ပညာဖြင့်ဆင်ခြင်၍ သုံးဆောင်ခြင်း ... ၆၇
သုဒ္ဓိ (၄) ပါး ... ၆၇
ပညာဖြင့်ဆင်ခြင်၍သုံးဆောင်အပ်ပုံ ... ၆၈
ပစ္စယသန္နိဿိတသီလကိုပြည့်စုံအောင်ဖြည့်ကျင့်သူ ... ၆၈
* ပဉ္စကသီလခေါင်းပါးစုသီလများ ... ၆၉
(၁) ပထမပဉ္စကသီလ – ပရိယန္တပါရိသုဒ္ဓိသီလ၊အပရိယန္တပါရိသုဒ္ဓိသီလ၊
ပရိပုဏ္ဏပါရိသုဒ္ဓိသီလ၊အပရာမဋ္ဌပါရိသုဒ္ဓိသီလ၊ပဋိပဿဒ္ဓိပါရိသုဒ္ဓိသီလ .... ၆၉
အပရိယန္တပါရိသုဒ္ဓိသီလကိုဖြည့်ကျင့်သောစံပြပုဂ္ဂိုလ် ... ၇၀
ပရိပုဏ္ဏပါရိသုဒ္ဓိသီလကိုဖြည့်ကျင့်သောစံပြပုဂ္ဂိုလ်များ ... ၇၀
အပရာမဋ္ဌပါရိသုဒ္ဓိသီလကိုဖြည့်ကျင့်သောစံပြပုဂ္ဂိုလ်များ ... ၇၁
(၂) ဒုတိယပဉ္စကသီလ ... ၇၂
သီလ၏အကျိုးအာနိသင်အဆင့်ဆင့် ... ၇၅
ပဋိသမ္ဘိဒါမဂ်၌ပယ်ခြင်းစသည်ကိုသီလဟုခေါ်ပုံ ... ၇၆
သီလ၏ညစ်နွမ်းကြောင်း, ဖြူစင်ကြောင်း ... ၇၆
မေထုန်ငယ်(၇)ပါးနှင့်ယှဉ်ခြင်းကြောင့်သီလညစ်နွမ်းခြင်း ... ၇၇
သီလဖြူစင်ကြောင်း(ဝေါဒါန) ... ၇၈
သီလပျက်စီးခြင်း၏အပြစ်များ ... ၈၀
အဂ္ဂိခန္ဓသုတ်(အဂ္ဂိခန္ဓောပမသုတ်) ... ၈၁
သီလပြည့်စုံခြင်း၏အကျိုးထူးများ ... ၈၃
* ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေများ ... ၈၄
• အခန်း(၂) ဓုတင်္ဂနိဒ္ဒေသပိုင်း
ဓုတင်အကြောင်းကိုအကျယ်ပြခြင်း ... ၉၉
ဓုတင်၏အဓိပ္ပါယ် ... ၉၉
ဓုတင်ဆောက်တည်ခြင်း၏အကျိုးများ ... ၉၉

http://www.dhammadownload.com



အရိယဝံသတရား (၄) ပါး၊ ဓုတင် (၁၃) ပါး ... ၁၀၀
ဓုတင်(၁၃)ပါးတို့၏အနက်အဓိပ္ပါယ် ... ၁၀၀
ဓုတင်၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ... ၁၀၃
ဓုတင်ဆောက်တည်ကျင့်သုံးပုံအစီအရင် ... ၁၀၃
ဓုတင်တစ်ပါးစီဆောက်တည်ပုံ၊ ပျက်စီးခြင်းနှင့်အကျိုးအာနိသင်များ ... ၁၀၄
(၁) ပံသုကူလိကင်္ဂဓုတင် (ပံသုကူဓုတင်) ... ၁၀၄
(၂) တေစီဝရိကင်္ဂဓုတင် (တိစီဝရိက်ဓုတင်) ... ၁၀၇
(၃) ပိဏ္ဍပါတိကင်္ဂဓုတင် (ပိဏ္ဍပါတ်ဓုတင်) ... ၁၀၈
(၄) သပဒါနစာရိကင်္ဂဓုတင် (သပဒါနစာရိကဓုတင်) ... ၁၁၁
(၅) ဧကာသနိကင်္ဂဓုတင် (ဧကာသနိက်ဓုတင်) ... ၁၁၃
(၆) ပတ္တပိဏ္ဍိကင်္ဂဓုတင် (ပတ္တပိဏ်ဓုတင်) ... ၁၁၅
(၇) ခလုပစ္ဆာဘတ္တိကင်္ဂဓုတင် (ခလုပစ္ဆာဘတ်ဓုတင်) ... ၁၁၆
(၈) အာရညိကင်္ဂဓုတင် (အာရညကင်ဓုတင်) ... ၁၁၇
(၉) ရုက္ခမူလိကင်္ဂဓုတင် (ရုက္ခမူဓုတင်) ... ၁၁၉
(၁၀) အဗ္ဘောကာသိကင်္ဂဓုတင် (အဗ္ဘောကာသိကဓုတင်) ... ၁၂၀
(၁၁) သောသာနိကင်္ဂဓုတင် (သုသာန်ဓုတင်) ... ၁၂၂
(၁၂) ယထာသန္တတိကင်္ဂဓုတင် (ယထာသန္တတိဓုတင်) ... ၁၂၄
(၁၃) နေသဇ္ဇိကင်္ဂဓုတင် (နိသဇ်ဓုတင်) ... ၁၂၅
ဓုတင်္ဂပကိဏ္ဏက ကထာ (ပြီးပြွမ်းပြဆိုခြင်း) ... ၁၂၆
ဓုတ၊ ဓုတဝါဒ၊ ဓုတဓမ္မ ... ၁၂၇
ဓုတင်မှီဝဲရန်လျှောက်ပတ်သောသူ ... ၁၂၈
ဓုတင်တို့ကိုပေါင်းရုံးတင်ပြခြင်း ... ၁၂၈
* ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေများ ... ၁၃၁
• အခန်း(၃) ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသပိုင်း
ကမ္မဋ္ဌာန်းအကြောင်းကိုအကျယ်ပြခြင်း ... ၁၃၈
ကမ္မဋ္ဌာန်း၊ ဘာဝနာ၊ သမာဓိ ... ၁၃၈
သမာဓိ၏အနက်အဓိပ္ပါယ် ... ၁၃၉
သမာဓိ၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ... ၁၃၉
* နှစ်ပါးစီအပြားရှိသောသမာဓိများ
(၁) ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ ... ၁၃၉
(၂) လောကီသမာဓိ၊ လောကုတ္တရာသမာဓိ ... ၁၄၀

http://www.dhammadownload.com



(၃) သပ္ပီတိကသမာဓိ၊ နိပ္ပီတိကသမာဓိ ... ၁၄၀
(၄) သုခသဟဂတသမာဓိ၊ ဥပေက္ခာသဟဂတသမာဓိ ... ၁၄၀
* သုံးပါးစီအပြားရှိသောသမာဓိများ
(၁) ဟီနသမာဓိ၊ မဇ္ဈိမသမာဓိ၊ ပဏီတသမာဓိ ... ၁၄၁
(၂) သဝိတက္ကသဝိစာရသမာဓိ၊ အဝိတက္ကဝိစာရမတ္တသမာဓိ၊
အဝိတက္ကအဝိစာရသမာဓိ ... ၁၄၁
(၃) ပီတိသဟဂတသမာဓိသုခသဟဂတသမာဓိဥပေက္ခာသဟဂတသမာဓိ ၁၄၁
(၄) ပရိတ္တသမာဓိ၊ မဟဂ္ဂတသမာဓိ၊ အပ္ပမာဏသမာဓိ ... ၁၄၁
* လေးပါးစီအပြားရှိသောသမာဓိများ
(၁) ဒုက္ခပဋိပဒါဒန္ဓာဘိညာ၊ဒုက္ခပဋိပဒါခိပ္ပါဘိညာ၊သုခပဋိပဒါဒန္ဓာဘိညာ၊
သုခပဋိပဒါခိပ္ပါဘိညာ ... ၁၄၂
(၂) ပရိတ္တပရိတ္တာရမ္မဏသမာဓိ၊ ပရိတ္တအပ္ပမာဏာရမ္မဏသမာဓိ၊
အပ္ပမာဏပရိတ္တာရမ္မဏသမာဓိ၊အပ္ပမာဏအပ္ပမာဏာရမ္မဏသမာဓိ ၁၄၄
(၃) ရူပါဝစရပထမဈာန်၊ရူပါဝစရဒုတိယဈာန်၊ရူပါဝစရတတိယဈာန်၊
ရူပါဝစရစတုတ္ထဈာန် ... ၁၄၄
(၄) ဟာနဘာဂိယသမာဓိ၊ဌိတိဘာဂိယသမာဓိ၊ဝိသေသဘာဂိယသမာဓိ၊
နိဗ္ဗေဓဘာဂိယသမာဓိ ... ၁၄၄
(၅) ကာမာဝစရသမာဓိ၊ရူပါဝစရသမာဓိ၊အရူပါဝစရသမာဓိ၊
အပရိယာပန္နသမာဓိ ... ၁၄၅
(၆) ဆန္ဒာဓိပတိသမာဓိ၊ဝီရိယာဓိပတိသမာဓိ၊စိတ္တာဓိပတိသမာဓိ၊
ဝီမံသာဓိပတိသမာဓိ ... ၁၄၅
* ငါးပါးစီအပြားရှိသောသမာဓိများ
(၁) ရူပါဝစရပထမဈာန်၊ ရူပါဝစရဒုတိယဈာန်၊ ရူပါဝစရတတိယဈာန်
ရူပါဝစရစတုတ္ထဈာန်၊ ရူပါဝစရပဉ္စမဈာန် ... ၁၄၅
သမာဓိ၏ညစ်နွမ်းကြောင်း, ဖြူစင်ကြောင်း ... ၁၄၆
သမာဓိကိုပွားများပုံ၊ လောကီသမာဓိကိုပွားနည်းအစီအရင် ... ၁၄၆
* ပလိဗောဓကြီး(၁၀)ပါး ... ၁၄၇
(၁) အာဝါသပလိဗောဓ−ကျောင်း ... ၁၄၇
(၂) ကုလပလိဗောဓ−အမျိုးဒါယကာ ... ၁၄၈
(၃) လာဘပလိဗောဓ−လာဘ်၊ ပစ္စည်းလေးပါး ... ၁၅၀
(၄) ဂဏပလိဗောဓ−ဂိုဏ်း ... ၁၅၁

http://www.dhammadownload.com




(၅) ကမ္မပလိဗောဓ–အမှုကိစ္စ၊ အမှုသစ် ... ၁၅၁
(၆) အဒ္ဓါပလိဗောဓ–အဝေးနှင့်ရှည်သောခရီး၊ ခရီးသွားခြင်း ... ၁၅၂
(၇) ဉာတိပလိဗောဓ–အဆွေအမျိုး ... ၁၅၂
(၈) အာဗာဓပလိဗောဓ–အနာရောဂါ ... ၁၅၃
(၉) ဂန္ထပလိဗောဓ–ကျမ်းဂန်သင်ကြားခြင်း ... ၁၅၃
(၁၀) ဣဒ္ဓိပလိဗောဓ–တန်ခိုး ... ၁၅၄
* ကလျာဏမိတ္တထံမှကမ္မဋ္ဌာန်းသင်ယူခြင်း ... ၁၅၅
သဗ္ဗတ္ထကကမ္မဋ္ဌာန်းပွားများခြင်း ... ၁၅၅
အဆွေခင်ပွန်းကောင်း(ကလျာဏမိတ္တ) ... ၁၅၆
* စရိုက်(၆)ပါး၊ စရိုက်(၁၄)ပါး ... ၁၅၉
စရိုက်အစွမ်းဖြင့်ပုဂ္ဂိုလ်(၆)မျိုး ... ၁၅၉
ရာဂစရိုက်နှင့်သဒ္ဓါစရိုက်တို့သဘောတူပုံ ... ၁၅၉
ဒေါသစရိုက်နှင့်ဗုဒ္ဓိစရိုက်တို့သဘောတူပုံ ... ၁၆၀
မောဟစရိုက်နှင့်ဝိတက်စရိုက်တို့သဘောတူပုံ ... ၁၆၀
စရိုက်အသီးသီးကိုဖြစ်စေသောအကြောင်းတရားများ ... ၁၆၁
စရိုက်(၆)ပါးကိုခွဲခြားသိခြင်း ... ၁၆၃
စရိုက်(၆)ပါးအကဲခတ်နည်းလက္ခဏာ ... ၁၆၇
စရိုက်နှင့်သင့်လျော်လျောက်ပတ်သည့်ပစ္စည်းများ ... ၁၆၈
* ကမ္မဋ္ဌာန်းလေးဆယ် ... ၁၇၂
(၁) ကသိုဏ်း(၁၀)ပါး ... ၁၇၂
(၂) အသုဘ(၁၀)ပါး ... ၁၇၂
(၃) အနုဿတိ(၁၀)ပါး ... ၁၇၃
(၄) ဗြဟ္မဝိဟာရ(၄)ပါး ... ၁၇၄
(၅) အာရုပ္ပ(၄)ပါး ... ၁၇၄
(၆) အာဟာရေပဋိကူလသညာ(၁)ပါး ... ၁၇၄
(၇) စတုဓာတုဝဝတ္ထာန်(၁)ပါး ... ၁၇၄
ဈာန်အားဖြင့်ကမ္မဋ္ဌာန်းတို့ကိုဝေဖန်ခြင်း ... ၁၇၅
ဈာန်အင်္ဂါ/အာရုံလွန်ခြင်းအားဖြင့်ဝေဖန်ခြင်း ... ၁၇၅
ပွားအပ်, မပွားအပ်သောအားဖြင့်ဝေဖန်ခြင်း ... ၁၇၅
အာရုံအားဖြင့်ဆုံးဖြတ်ခြင်း၊ ဘုံအားဖြင့်ဝေဖန်ခြင်း ... ၁၇၇
ဈာန်, အဘိညာဏ်စသည်၏အကြောင်းဖြစ်ပုံ၊ စရိုက်နှင့်ကမ္မဋ္ဌာန်း ... ၁၇၈

http://www.dhammadownload.com




* လောဟိတကကသိုဏ်း (အနီရောင်အဆင်းကသိုဏ်း) ... ၂၅၄
* ဩဒါတကကသိုဏ်း (အဖြူရောင်အဆင်းကသိုဏ်း) ... ၂၅၄
* အာလောကကကသိုဏ်း (အလင်းရောင်ကသိုဏ်း) ... ၂၅၅
* အာကာသကသိုဏ်း (ဟင်းလင်းပြင်ကသိုဏ်း) ... ၂၅၅
* ပကိဏ္ဏကကိုပြခြင်း (ပြီးပြွမ်းပြဆိုချက်) ... ၂၅၆
ဈာန်, မဂ်မရနိုင်သောပုဂ္ဂိုလ်များ ... ၂၅၈
* ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေများ ... ၂၅၉

• အခန်း(၆) အသုဘကမ္မဋ္ဌာနနိဒ္ဒေသ
အသုဘကမ္မဋ္ဌာန်းကိုအကျယ်ပြခြင်း
* စက်ဆုပ်ရွံရှာဖွယ်သူသေကောင်(၁၀)မျိုး ... ၂၆၆
* ဥဒ္ဓုမာတကကမ္မဋ္ဌာန်းအစီအရင် ... ၂၆၇
(၁) အသုဘနိမိတ်ကိုယူရန်သွားပုံအစီအရင် ... ၂၆၇
(၂) သူသေကောင်ဝန်းကျင်ရှိနိမိတ်များကိုမှတ်သားပုံအစီအရင် ... ၂၆၇
(၃) တစ်ဆယ့်တစ်ပါးသောအခြင်းအရာအားဖြင့်အသုဘနိမိတ်ကို ယူပုံအစီအရင် ... ၂၆၈
(၄) အသွားအပြန်လမ်းကိုဆင်ခြင်မှတ်သားပုံအစီအရင် ... ၂၆၉
(၅) အပ္ပနာအစီအရင် ... ၂၆၉
* ဥဒ္ဓုမာတကကမ္မဋ္ဌာန်းရှုပွားခြင်း ... ၂၆၉
(၁) သုသာန်သို့သွားသောကျင့်ဝတ် ... ၂၆၉
(၂) ပတ်ဝန်းကျင်နိမိတ်များကိုပိုင်းခြားမှတ်သားခြင်း ... ၂၇၀
(၃) ဥဒ္ဓုမာတကအသုဘ၏သဘာဝလက္ခဏာကိုမှတ်သားခြင်း ... ၂၇၁
(၄) ဖူးဖူးရောင်ပုပ်စက်ဆုပ်ရွံရှာဖွယ်အဖြစ်ရှုပွားခြင်း ... ၂၇၂
ထက်ဝန်းကျင်မှုနိမိတ်များကိုမှတ်သားခြင်းသည်အဘယ်အကျိုး ရှိသနည်း ... ၂၇၃
အသွားလမ်း, အပြန်လမ်းကိုဆင်ခြင်မှတ်သားခြင်းသည်ကမ္မဋ္ဌာန်း လမ်းမှန်ကန်ဖြောင့်တန်းစေခြင်း ... ၂၇၄
နီဝရဏများကိုပယ်ခြင်း ... ၂၇၅
ဈာန်အင်္ဂါတို့ထင်ရှားစွာဖြစ်ခြင်း ... ၂၇၅
* ဝိနီလကစသောကမ္မဋ္ဌာန်းများကိုရှုခြင်း ... ၂၇၆
* ပကိဏ္ဏကခေါ်ပြီးပြွမ်းပြဆိုခြင်း ... ၂၇၈
အသုဘကမ္မဋ္ဌာန်း၌ပထမဈာန်သာဖြစ်နိုင်ခြင်း ... ၂၇၉

http://www.dhammadownload.com




အသုဘအာရုံ၌ပီတိ, သောမနဿဖြစ်ခြင်းအကြောင်း ... ၂၇၉
အသုဘဆယ်ပါးပြားသော်လည်းလက္ခဏာတစ်ပါးသာရှိခြင်း ... ၂၇၉
အသုဘလက္ခဏာသည် အသက်ရှင်သူ၏ခန္ဓာကိုယ်၌လည်းထင်ခြင်း ... ၂၈၀
* ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေများ ... ၂၈၂
• အခန်း(၇) ဆအနုဿတိနိဒ္ဒေသ
အနုဿတိခြောက်ပါးကိုအကျယ်ပြခြင်း
အနုဿတိ(၁၀)ပါး၏အနက်ဆုံးဖြတ်ချက် ... ၂၈၈
* ဗုဒ္ဓါနုဿတိရှုပွားပုံကိုပြခြင်း ... ၂၈၉
အရဟံဂုဏ်တော်အဖွင့် ... ၂၉၀
သမ္မာသမ္ဗုဒ္ဓဂုဏ်တော်အဖွင့် ... ၂၉၂
ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်အဖွင့် ... ၂၉၄
သုဂတဂုဏ်တော်အဖွင့် ... ၂၉၆
လောကဝိဒူဂုဏ်တော်အဖွင့် ... ၂၉၇
အနုတ္တရ ပုရိသဒမ္မသာရထိဂုဏ်တော်အဖွင့် ... ၃၀၀
သတ္ထာဒေဝမနုဿာနံဂုဏ်တော်အဖွင့် ... ၃၀၁
ဗုဒ္ဓဂုဏ်တော်အဖွင့် ... ၃၀၃
ဘဂဝါဂုဏ်တော်အဖွင့် ... ၃၀၃
မြတ်စွာဘုရား၏ဘုန်းတော်(၆)ပါး ... ၃၀၆
ဣဿရိယဘုန်းတော်(၈)ပါး ... ၃၀၆
ဗုဒ္ဓါနုဿတိရှုပွားခြင်း ... ၃၀၇
ဗုဒ္ဓါနုဿတိရှုပွားခြင်း၏အကျိုးများ ... ၃၁၁
* ဓမ္မာနုဿတိရှုပွားပုံကိုပြခြင်း ... ၃၁၁
သွာက္ခာတဂုဏ်တော်အဖွင့် ... ၃၁၂
သန္ဒိဋ္ဌိကဂုဏ်တော်အဖွင့် ... ၃၁၅
အကာလိကဂုဏ်တော်အဖွင့် ... ၃၁၆
ဧဟိပဿိကဂုဏ်တော်အဖွင့် ... ၃၁၆
ဩပနေယျိကဂုဏ်တော်အဖွင့် ... ၃၁၆
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိဂုဏ်တော်အဖွင့် ... ၃၁၇
ဓမ္မာနုဿတိရှုပွားခြင်း ... ၃၁၇
ဓမ္မာနုဿတိရှုပွားခြင်း၏အကျိုးများ ... ၃၁၉
* သံဃာနုဿတိရှုပွားပုံကိုပြခြင်း ... ၃၂၀

http://www.dhammadownload.com




သုပ္ပဋိပန္နဂုဏ်တော်အဖွင့် ... ၃၂၀
ဥဇုပ္ပဋိပန္နဂုဏ်တော်အဖွင့် ... ၃၂၁
ဉာယပ္ပဋိပန္နဂုဏ်တော်အဖွင့် ... ၃၂၁
သာမီစိပ္ပဋိပန္နဂုဏ်တော်အဖွင့် ... ၃၂၁
အာဟုနေယျဂုဏ်တော်အဖွင့် ... ၃၂၂
ပါဟုနေယျဂုဏ်တော်အဖွင့် ... ၃၂၂
ဒက္ခိဏေယျဂုဏ်တော်အဖွင့် ... ၃၂၃
အဉ္ဇလိကရဏီယဂုဏ်တော်အဖွင့် ... ၃၂၃
အနုတ္တရံ ပုညက္ခေတ္တံလောကဿဂုဏ်တော်အဖွင့် ... ၃၂၃
သံဃာနုဿတိရှုပွားခြင်း ... ၃၂၄
သံဃာနုဿတိရှုပွားခြင်း၏ အကျိုးများ ... ၃၂၅
* သီလာနုဿတိရှုပွားပုံကိုပြခြင်း ... ၃၂၆
သီလာနုဿတိရှုပွားခြင်း၏ အကျိုးများ ... ၃၂၇
* စာဂါနုဿတိပွားပုံကိုပြခြင်း ... ၃၂၈
စာဂါနုဿတိရှုပွားခြင်း၏ အကျိုးများ ... ၃၃၀
* ဒေဝတာနုဿတိရှုပွားပုံကိုပြခြင်း ... ၃၃၀
ဒေဝတာနုဿတိရှုပွားခြင်း၏ အကျိုးများ ... ၃၃၂
ပကိဏ္ဏကခေါ် ပြီးပြွမ်းပြဆိုချက် ... ၃၃၂
* ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေများ ... ၃၃၄
● အခန်း(၈) အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ
အနုဿတိကမ္မဋ္ဌာန်းကိုအကျယ်ပြခြင်း
* မရဏာဿတိကိုပြခြင်း ... ၃၅၂
မရဏာဿတိကမ္မဋ္ဌာန်းရှုပွားပုံ ... ၃၅၃
သေခြင်းကိုအောက်မေ့ပုံ(၈)မျိုး ... ၃၅၄
(၁)သူသတ်ယောကျာ်းရှေ့ရှုတည်လာသောအားဖြင့်သေခြင်းကိုအောက်မေ့ပုံ ... ၃၅၄
(၂)ပြည့်စုံခြင်း၏ ပျက်စီးခြင်းအားဖြင့် သေခြင်းကိုအောက်မေ့ပုံ ... ၃၅၅
(၃)အနီးသို့ကပ်၍ဆောင်သောအားဖြင့် သေခြင်းကိုအောက်မေ့ပုံ ... ၃၅၆
(၄)အကြောင်းတရားများစွာနှင့်ဆက်ဆံသောအားဖြင့်သေခြင်းကိုအောက်မေ့ပုံ ... ၃၅၈
(၅)အသက်၏ အားနည်းသောအားဖြင့် သေခြင်းကိုအောက်မေ့ပုံ ... ၃၅၉
(၆)သေခြင်း၏ မှတ်သားအပ်သောအပိုင်းအခြားမရှိခြင်းအားဖြင့်ဆင်ခြင်ပုံ ... ၃၅၉
(၇)အသက်တမ်း၏ ကာလအပိုင်းအခြားအားဖြင့်သေခြင်းကိုဆင်ခြင်ပုံ ... ၃၆၀

http://www.dhammadownload.com



(၈)အသက်ရှင်ဆဲခဏ၏အလွန်တိုတောင်းသည်ကိုဆင်ခြင်ပုံ ... ၃၆၂
မရဏာနုဿတိကမ္မဋ္ဌာန်း၏အကျိုးများ ... ၃၆၃
* ကာယဂတာသတိကိုပြခြင်း ... ၃၆၃
ကာယဂတာသတိကမ္မဋ္ဌာန်းယူပုံ ... ၃၆၄
ဥဂ္ဂဟကောသလ္လဉာဏ်(၇)ပါး ... ၃၆၅
မနသိကာရကောသလ္လဉာဏ်(၁၀)ပါး ... ၃၆၈
ကောဋ္ဌာသတို့ကို ပိုင်းခြားပုံပြဆိုချက် ... ၃၇၂
ကာယဂတာသတိကမ္မဋ္ဌာန်းရှုပွားပုံ ... ၃၈၇
ကာယဂတာသတိကမ္မဋ္ဌာန်းရှုပွားခြင်း၏အကျိုးများ ... ၃၈၉
* အာနာပါနဿတိကိုပြခြင်း ... ၃၈၉
မြတ်စွာဘုရားချီးမွမ်းပုံ ... ၃၈၉
အာနာပါနဿတိကမ္မဋ္ဌာန်းကို မြတ်စွာဘုရားဟောကြားပုံ ... ၃၈၉
အာနာပါနဿတိပဌမစတုက္က၏ပုဒ်အစဉ်ကိုဖွင့်ပြခြင်း ... ၃၉၁
ပဋိသမ္ဘိဒါမဂ်လာကိုးပါးသောအခြင်းအရာဖြင့်အာနာပါနဿတိကိုရှုပွားခြင်း ၃၉၅
အာနာပါနကမ္မဋ္ဌာန်းအားထုတ်ပုံ ... ၄၀၁
အာနာပါနဿတိကမ္မဋ္ဌာန်းကိုနှလုံးသွင်းပုံအစီအရင် ... ၄၀၂
သူဆွံ့ဥပမာ၊ တံခါးစောင့်ဥပမာ၊ လွှဥပမာ ... ၄၀၆
အာနာပါနဿတိကမ္မဋ္ဌာန်းစီးဖြန်းခြင်း၏တိုးတက်မှု ... ၄၀၈
ဝိပဿနာရှုပုံ ... ၄၁၂
ဒုတိယစတုက္ကစသည်၏အဖွင့် ... ၄၁၃
အာနာပါနဿတိကမ္မဋ္ဌာန်း၏အကျိုးများ ... ၄၁၇
* ဥပသမာနုဿတိကိုပြခြင်း ... ၄၁၉
ဥပသမာနုဿတိကိုရှုပွားပုံ ... ၄၂၀
ဥပသမာနုဿတိရှုပွားခြင်း၏အကျိုးများ ... ၄၂၂
* ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေများ ... ၄၂၂
* လေ့ကျင့်ရန်ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများ ... ၄၄၀
* ကျမ်းကိုးစာရင်း ... ၄၄၂
* မှတ်သားဖွယ်ရာအကြွရာစဉ် ... ၄၄၃

http://www.dhammadownload.com

# နိဒါန်း

* နတ်သား၏ လျှောက်ထားချက်

သာဝတ္ထိပြည်၌ မြတ်စွာဘုရားသီတင်းသုံးနေတော်မူစဉ် ညဉ့်သန်းခေါင်ယာမ်အချိန်တွင် နတ်သားတစ်ဦးချဉ်းကပ်လာပြီး မိမိ၏ယုံမှားမှုကို ပယ်ဖျောက်ခြင်းငှာ လျှောက်ထား၏-

"အို-အရှင်ဂေါတမ၊ အကြင်တဏှာတည်းဟူသော ကွန်ယက်သည် အတွင်း၌လည်း ဖွဲ့ရှက်တတ်၏၊ အပ၌လည်းဖွဲ့ရှက်တတ်၏၊ ထိုအတွင်းအပ၌ရှုပ်ထွေးစွာမြေးရစ်တတ်သောတဏှာသည် သတ္တဝါအပေါင်းကို ငြိတွယ်ချုပ်စပ်၊ မြေးရစ်အပ်ပေ၏။ ထိုတဏှာအမြေးအရှက်ကို အဘယ်သူသည် ဖြေဖြတ်ရှင်းလင်းနိုင်ပါအံ့နည်း။"

အဓိပ္ပါယ်ရှင်းလင်းချက်

၁။ "တဏှာတည်းဟူသောကွန်ယက်" ဆိုသည်မှာ တဏှာသည် ဝါးရုံကို မြေးရှက်နေသည့် အခက်အလက်နှင့်တူ၏။ တူပုံမှာ တဏှာသည် ရူပါရုံ, သဒ္ဒါရုံစသောအာရုံတို့၌ အထက်အဘို့ အောက်အဘို့အားဖြင့် အဖန်တလဲလဲကပြောင်းကပြန် ရစ်ပတ်တတ်၏၊ ငြိတွယ်ဖွဲ့ရှက်တတ်၏၊ ထို့ကြောင့် ထိုတဏှာကို ကွန်ယက်ဟုဆို၏။

"အတွင်းအပ၌ ဖွဲ့ရှက်တတ်၏" ဆိုသည်မှာ တဏှာသည် မိမိ၏ပရိက္ခရာအသုံးအဆောင်, သူတစ်ပါး၏ပရိက္ခရာ အသုံးအဆောင်၊ မိမိ၏ခန္ဓာကိုယ်အတ္တဘော, သူတစ်ပါး၏ခန္ဓာကိုယ်အတ္တဘော၊ အတွင်းအာယတန, အပအာယတနတို့၌ ငြိကပ်ဖွဲ့ရှက်တတ်ခြင်းကို ဆိုလို၏။

"အတွင်းအပ၌ ရှုပ်ထွေးမြေးရစ်တတ်သောတဏှာသည် သတ္တဝါ အပေါင်းကို ငြိတွယ်ချုပ်စပ်မြေးရှက်အပ်၏" ဆိုသည်မှာ ဝါးရုံ၏အခက်အလက်ကွန်ရက်တို့က ဝါးရုံကြီးတစ်ခုလုံးကို ပိတ်ဖုံးလွှမ်းခြုံမြေးရှက်ထားသလို သတ္တဝါအပေါင်းကိုလည်း ထိုတဏှာတည်းဟူသောအမြေးအရှက်သည် ရှုပ်ထွေးစွာ မြေးရစ်ထား၏၊ ချုပ်စပ်ငြိတွယ်၏ဟုဆိုလိုသည်။

သို့ဖြစ်၍ ဘုံသုံးပါး၌ အဘယ်သူသည် ထိုရှုပ်ထွေးလှသော အမြေးအရှက်တို့ကို ခွာထွက်ရှင်းလင်းခြင်းငှာ စွမ်းပါသနည်းဟု နတ်သားမေးလိုရင်းဖြစ်၏။

* မြတ်စွာဘုရား၏ ဖြေကြားချက်

*သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ၊*
*အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ။*

http://www.dhammadownload.com



"ပဋိသန္ဓေနေစဉ်ကပင် တိဟိတ်ပဋိသန္ဓေဖြစ်၍ ကမ္မဇပညာပါရှိသောသူသည် သီလ အကျင့်၌ ကောင်းစွာဆောက်တည်၏၊ ကိလေသာကို ပူပန်ခြောက်သွေ့စေတတ်သော လုံ့လ ရှိ၏၊ ဆန့်ကျင်ဘက်ကိလေသာကို တားမြစ်နိုင်စွမ်းသော ပညာလည်းရှိ၏။ ထိုသူသည် စိတ်၏တည်ကြည်မှု–သမာဓိကိုလည်းကောင်း၊ အထူးရှုမြင်မှု–ဝိပဿနာပညာကိုလည်း ကောင်း၊ ပွားစေသည်ရှိသော် ဝါးရုံပင်အခက်အလက်နှင့်တူသည့် ထိုတဏှာအမြွေးအရှုက် ကို ဖြေဖြတ်ရှင်းလင်းကာ အကြွင်းမဲ့သုတ်သင်နိုင်ရာ၏။"

ဤဂါထာ၏ လိုရင်းအကျဉ်းချုပ်မှာ

(၁) ပဋိသန္ဓေနေစဉ်ကပင် တိဟိတ်ပဋိသန္ဓေဖြစ်၍ ကမ္မဇပညာပါရှိခြင်း၊

(၂) သီလအကျင့်၌ ကောင်းစွာဆောက်တည်ခြင်း၊

(၃) ကိလေသာကို ပူပန်ခြောက်ခန်းစေတတ်သော လုံ့လ, ဝီရိယရှိခြင်း၊

(၄) ဆန့်ကျင်ဘက်ကိလေသာကို တားမြစ်နိုင်သည့်ပညာရှိခြင်း၊

(၅) စိတ်၏တည်ကြည်မှု–သမာဓိကို ပွားများခြင်း၊

(၆) အထူးရှုမြင်မှု–ဝိပဿနာပညာကို ပွားများခြင်း၊

ဤသို့ ပညာသုံးမျိုး၊ သီလ, ဝီရိယ, သမာဓိဟူ၍သုံးမျိုး၊ ပေါင်း(၆)မျိုးသော တရား တို့နှင့် ပြည့်စုံသူသည် ကိလေသာတည်းဟူသော အမြွေးအရှုက် အရှုပ်အထွေးကို သုတ်သင် ရှင်းလင်းနိုင်ရာ၏။

ဥပမာဆိုသော် ယောကျ်ားတစ်ဦးသည် မြေကြီးပေါ်တွင်ရပ်တည်၍ ကောင်းစွာသွေး ထားသဖြင့် မြမြထက်သောဓားလက်နက်ကို ကိုင်ချိုလျက် ရှုပ်ထွေးမြွေးရှုက်နေသည့် ဝါးရုံ ကြီးကို ခုတ်ထွင်ရှင်းလင်းနိုင်သကဲ့သို့၊ ထို့အတူ သီလတည်းဟူသောမြေပေါ်တွင် ကောင်းစွာ ရပ်တည်၍ ဝိပဿနာပညာလက်နက် ဓားသန်လျက်ကို ဝီရိယတည်းဟူသောအားဖြင့် မြဲမြံ ကိုင်စွဲကာ ကိစ္စအလုံးစုံကိုဆောင်ရွက်တတ်သည့် ပါရိဟာရိကပညာတည်းဟူသောလက်ဖြင့် မြှောက်ချိုလျက် မိမိသန္တာန်၌ ကျရောက်နေသည့် တဏှာကွန်ရက်အရှုပ်အထွေးကို ကောင်း စွာသုတ်သင်ပယ်ဖြတ်နိုင်ပေ၏။

ထိုပုဂ္ဂိုလ်သည် မဂ်စိတ်ခဏ၌ တဏှာအမြွေးအရှုက်ကို ပယ်ဖြတ်ဆဲဖြစ်၏၊ ဖိုလ် စိတ်ခဏ၌ တဏှာကွန်ရက်ကို သုတ်သင်ရှင်းလင်းပြီးဖြစ်၏။ ထိုအခါ နတ်နှင့်တကွသော လောကကြီး၏မြတ်သည့်အလှူကို ခံထိုက်သူဖြစ်လာ၏။

ဤဂါထာ၌ မြတ်စွာဘုရားသည် "သီလ–သမာဓိ–ပညာ" သုံးဖြာသော အကြောင်း ဖြင့် နိဗ္ဗာန်ရောက်ကြောင်းလမ်းခရီးဖြစ်သော "ဝိသုဒ္ဓိမဂ္ဂ" ကို ဟောကြားတော်မူ၏။

ဝိသုဒ္ဓိ = ရာဂစသောအညစ်အကြေးနှင့် ဒုစရိုက်စသည့်အညစ်အကြေးတို့မှ ထက် ဝန်းကျင်စင်ကြယ်သော နိဗ္ဗာန်၊ အရဟတ္တဖိုလ်နိဗ္ဗာန်၊

မဂ္ဂ = ရခြင်း၏အကြောင်း၊ လမ်းကြောင်း

http://www.dhammadownload.com



ဝိသုဒ္ဓိမဂ္ဂ = ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်သောနိဗ္ဗာန်ကိုရခြင်း၏အကြောင်း၊ နိဗ္ဗာန်သို့ပို့ဆောင်သောလမ်းကြောင်း။

* ဝိသုဒ္ဓိမဂ္ဂကိုဟောကြားသောနည်းအမျိုးမျိုး

မြတ်စွာဘုရားသည် ဝိသုဒ္ဓိမဂ္ဂကို အခြားသောသုတ္တန်များ၌လည်း နည်းအမျိုးမျိုးဖြင့် ဟောကြားတော်မူ၏။

(၁) ဝိပဿနာပညာ၏အစွမ်းဖြင့်ဟောပုံ

*သဗ္ဗေသင်္ခါရာ အနိစ္စာတိ၊ ယဒါပညာယပဿတိ။*

*အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။*

"ခပ်သိမ်းကုန်သော တေဘူမကသင်္ခါရတရား (ဝါ) ဘုံသုံးပါးရှိ ရုပ်နာမ်တရားတို့သည် မမြဲကုန်။ ဤသို့အကြင်အခါ၌ ဝိပဿနာပညာဖြင့် သုံးသပ်ဆင်ခြင်၏။ ထိုအခါ ဆင်းရဲဒုက္ခ၌ ငြီးငွေ့လေ၏။ ဤသို့ငြီးငွေ့ခြင်းသည် အရဟတ္တဖိုလ်နိဗ္ဗာန်ဟူသော ဝိသုဒ္ဓိကို ရခြင်း၏အကြောင်းပေတည်း။"

(၂) ဈာန်ဝိပဿနာ၏အစွမ်းဖြင့်ဟောပုံ

*ယမှိ ဈာနဉ္စ ပညာ စ, သ ဝေ နိဗ္ဗာနသန္တိကေ။*

"အကြင်ပုဂ္ဂိုလ်၌ ဝိပဿနာ၏အခြေဖြစ်သော ဈာန်သည်လည်းကောင်း၊ ဝိပဿနာသည်လည်းကောင်း ရှိ၏။ စင်စစ်ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်နှင့်နီးစွာသောအကျင့်၌တည်၏။"

(၃) ကံစသည်တို့၏အစွမ်းဖြင့်ဟောပုံ

မဂ်စေတနာကံ၊ သမ္မာဒိဋ္ဌိ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝနှင့်ကြွင်းသောမဂ်တရားတို့ဖြင့် သတ္တဝါတို့သည် ကိလေသာမှစင်ကြယ်နိုင်ကြကုန်၏။ အမျိုးမြတ်ခြင်း၊ ဥစ္စာပေါခြင်းတို့ကြောင့်မူကား စင်ကြယ်ခြင်းမဖြစ်နိုင်။

(၄) သီလစသည်တို့၏အစွမ်းဖြင့်ဟောပုံ

၁။ အခါခပ်သိမ်း သီလဂုဏ်နှင့်ပြည့်စုံခြင်း၊

၂။ လောကီ, လောကုတ္တရာပညာတို့နှင့်ပြည့်စုံခြင်း၊

၃။ ကောင်းစွာတည်ကြည်သော သမာဓိရှိခြင်း၊

၄။ အားထုတ်အပ်သည့် လုံ့လ, ဝီရိယရှိခြင်း၊

၅။ မိမိ၏အသက်ကို ငဲ့ကွက်မှုမရှိခြင်း၊

၆။ နိဗ္ဗာန်သို့ စေလွှတ်ထားသည့်စိတ်ရှိခြင်း၊

ဤအင်္ဂါတို့နှင့် ပြည့်စုံသူသည် ကူးခပ်နိုင်ခဲသော ဩဃလေးဖြာသံသရာကြီးကို ကူးခပ်နိုင်ပေ၏။

http://www.dhammadownload.com



(၅) သတိပဋ္ဌာန်စသည်တို့၏အစွမ်းဖြင့်ဟောပုံ

"*ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ။ ပ။ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ*" တိ။

"အို-ရဟန်းတို့၊ ဘုရားသာသနာတော်၌သာ ပေါ်ပေါက်သည့် လမ်းခရီးဖြစ်သော တစ်ခုတည်းသော ဤသတိပဋ္ဌာန်လမ်းခရီးသည် သတ္တဝါတို့၏ စင်ကြယ်ခြင်းအကျိုးငှာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်၏။"

(၆) သီလ-သမာဓိ-ပညာဖြင့်ဝိသုဒ္ဓိမဂ္ဂကိုဟောကြားပုံ

၁။ အကျင့်သိက္ခာသုံးပါးကိုပြခြင်း

သီလဖြင့် အဓိသီလသိက္ခာကို ပြတော်မူ၏။

သမာဓိဖြင့် အဓိစိတ္တသိက္ခာကို ပြတော်မူ၏။

ပညာဖြင့် အဓိပညာသိက္ခာကို ပြတော်မူ၏။

၂။ သာသနာတော်၏အစ-အလယ်-အဆုံးကောင်းပုံကိုပြခြင်း

သီလဖြင့် သာသနာတော်၏အစကောင်းခြင်းကို ပြတော်မူ၏။

"*ကော စာဒိ ကုသလာနံ၊ သီလဉ္စ သုဝိသုဒ္ဓံ*"

"ကုသိုလ်တရားတို့၏အစကား အဘယ်နည်း၊ ကောင်းစွာအထူးစင်ကြယ်သော သီလပေတည်း"

"*သဗ္ဗပါပဿ အကရဏံ*"

"အလုံးစုံသောအကုသိုလ်မကောင်းမှုတို့ကို မပြုခြင်းသည် ရှိ၏။"

ဤသို့ဟောတော်မူသောကြောင့် သီလသည် သာသနာတော်၏အစမည်၏။

ထိုအဓိသီလသိက္ခာဖြစ်သော သီလသည် နှလုံးရွှင်ပျခြင်းစသော ဂုဏ်ကျေးဇူးကို ဆောင်တတ်သောကြောင့် ကောင်းသည်မည်၏။

သမာဓိဖြင့် သာသနာတော်၏အလယ်ကောင်းခြင်းကို ပြတော်မူ၏။

"*ကုသလဿ ဥပသမ္ပဒါ*"

"ကုသိုလ်တရားတို့ကို ပြည့်စုံစေခြင်းသည် ရှိ၏။"

ဤသို့စသည်ဖြင့် ဟောတော်မူသောကြောင့် သမာဓိသည် သာသနာတော်၏ အလယ်ဖြစ်၏။

ထိုသမာဓိသည် ဖန်ဆင်းခြင်းအစရှိသောဂုဏ်ကို ဆောင်တတ်သောကြောင့် ကောင်းသည်မည်၏။

ပညာဖြင့် သာသနာတော်၏အဆုံးကောင်းခြင်းကို ပြတော်မူ၏။

"*သစိတ္တ ပရိယောဒါပနံ ဧတံ ဗုဒ္ဓါန သာသနံ*"

စိတ်ကို ဖြူစင်စေရာ၏၊ ဤသည်ကား မြတ်စွာဘုရားတို့၏အဆုံးအမတော်ပေတည်း"

http://www.dhammadownload.com



ဤသို့ဟောတော်မူခြင်းကြောင့်လည်းကောင်း၊ သာသနာတော်တွင် ပညာသည် လွန်မြတ်သည့် တရားထူးဖြစ်ခြင်းကြောင့်လည်းကောင်း၊ ပညာသည် သာသနာတော်၏အဆုံး မည်၏။

ထိုပညာသည် ဣဋ္ဌာရုံ၌ စုံစုံမက်မက် နှစ်သက်ဝမ်းမြောက်ခြင်းမရှိ၊ အနိဋ္ဌာရုံ၌ အမျက်ဒေါသထွက်ခြင်းမရှိ၊ ပကတိတည်တံ့နိုင်သောဂုဏ်ကို ဆောင်သောကြောင့် ကောင်း သည်မည်၏။

သို့အတွက် "တစ်ခဲတည်း တစ်လုံးတည်းဖြစ်သော ကျောက်ဆောင်ကြီးသည် အရပ် လေးမျက်နှာမှလာသော လေတို့ကြောင့် မတုန်လှုပ်ဘိသကဲ့သို့ ထို့အတူ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းတို့ကြောင့် မတုန်မလှုပ်ကုန်" ဟု ဟောတော်မူ၏။

၃။ အားကြီးသောအကြောင်းကိုပြခြင်း

သီလဖြင့် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံခြင်း၏အားကြီးသောအကြောင်းကို ပြ၏။

သမာဓိဖြင့်အဘိညာဏ် (၆)ပါးနှင့် ပြည့်စုံခြင်း၏အားကြီးသောအကြောင်းကို ပြ၏။

ပညာဖြင့် (၄)ပါးသော ပဋိသမ္ဘိဒါဉာဏ်အထူး၏အားကြီးသောအကြောင်းကို ပြ၏။

၄။ မဇ္ဈိမပဋိပဒါအကျင့်ကိုပြခြင်း

သီလဖြင့် ဝတ္ထုကာမလျှင်အာရုံရှိသော ကိလေသာကာမနှင့်ယှဉ်သည့် သုခချမ်းသာကို ခံစားသုံးဆောင်ခြင်းဟုဆိုအပ်သော 'ကာမသုခလ္လိကာနုယောဂ' အယုတ်တရားပယ်ခြင်းကို ပြတော်မူ၏။

သမာဓိဖြင့် ကိုယ်၏ပင်ပန်းခြင်းကို အဖန်တလဲလဲပြုခြင်းဟုဆိုအပ်သော 'အတ္တကိလ မထာနုယောဂ' အယုတ်တရားပယ်ခြင်းကို ပြတော်မူ၏။

ပညာဖြင့် ထိုအယုတ်တရားနှစ်ပါးသို့ မကပ်မူ၍ အလယ်အလတ်ဖြစ်သော မဇ္ဈိမ ပဋိပဒါအကျင့်ကို မှီဝဲခြင်းကို ပြတော်မူ၏။

၅။ ဘုံဘဝများမှလွန်မြောက်ပုံကိုပြခြင်း

သီလဖြင့် အပါယ်လေးဘုံမှ လွန်မြောက်နိုင်ခြင်းကို ပြ၏။

သမာဓိဖြင့် ကာမဘုံမှ လွန်မြောက်နိုင်ခြင်းကို ပြ၏။

ပညာဖြင့် အလုံးစုံသော ဘုံဘဝတို့မှ လွန်မြောက်နိုင်ခြင်းကို ပြ၏။

၆။ ကိလေသာပယ်ပုံကိုပြခြင်း

သီလဖြင့် တဒင်္ဂ–ခေတ္တခဏမျှ ကိလေသာပယ်ခြင်းကို ပြ၏။

သမာဓိဖြင့် ဝိက္ခမ္ဘနအစွမ်းဖြင့် အတော်ကြာ ကိလေသာပယ်ခြင်းကို ပြ၏။

ပညာဖြင့် သမုစ္ဆေဒအစွမ်းဖြင့် ကိလေသာအကြွင်းမဲ့ပယ်ခြင်းကို ပြ၏။

၇။ ကိလေသာတို့၏ဆန့်ကျင်ဘက်ဖြစ်ပုံကိုပြခြင်း

သီလဖြင့် ကာယဒွါရ, ဝစီဒွါရတို့၌လွန်ကျူးသော ဝီတိက္ကမကိလေသာတို့၏ ဆန့်ကျင် ဘက်ကို ပြတော်မူ၏။

http://www.dhammadownload.com



သမာဓိဖြင့် စိတ်သန္တာန်တွင်ဖြစ်ပေါ်သော ပရိယုဋ္ဌာနကိလေသာတို့၏ ဆန့်ကျင်ဘက်ကို ပြတော်မူ၏။

ပညာဖြင့် အနုသယကိလေသာတို့၏ဆန့်ကျင်ဘက်ကို ပြတော်မူ၏။

၈။ ညစ်ညူးမှု – အညစ်အကြေးတို့ကိုသုတ်သင်ခြင်း

သီလဖြင့် ဒုစရိုက်အညစ်အကြေး သုတ်သင်ခြင်းကို ပြ၏။

သမာဓိဖြင့် တဏှာတည်းဟူသော ညစ်ညူးမှု သုတ်သင်ခြင်းကို ပြ၏။

ပညာဖြင့် ဒိဋ္ဌိတည်းဟူသော ညစ်ညူးမှု သုတ်သင်ခြင်းကို ပြ၏။

၉။ အရိယာဖြစ်ခြင်း၏အကြောင်းကိုပြခြင်း

သီလဖြင့် သောတာပန်, သကဒါဂါမိဖြစ်ခြင်း၏အကြောင်းကို ပြ၏။

သမာဓိဖြင့် အနာဂါမိဖြစ်ခြင်း၏အကြောင်းကို ပြ၏။

ပညာဖြင့် ရဟန္တာဖြစ်ခြင်း၏အကြောင်းကို ပြ၏။

ဤသို့ များစွာသောဂုဏ်ကျေးဇူးတို့ကို သိမ်းရုံးရေတွက်၍ သီလ–သမာဓိ–ပညာတို့ကို အဓိကထားလျက် ထိုထိုသုတ္တန်တို့၌ ဟောကြားပါသော်လည်း ဤနိဗ္ဗာန်ရောက်ကြောင်း လမ်းမကြီးဖြစ်သော ဝိသုဒ္ဓိမဂ္ဂကိုအလွန်ကျဉ်းသောနည်းဖြင့်သာ ဟောကြားတော်မူသော ကြောင့် အလုံးစုံသောလူအပေါင်းတို့အား ကျေးဇူးပြုခြင်းငှာ မစွမ်းနိုင်ချေ။

အရှင်မဟာဗုဒ္ဓဃောသမထေရ်၏ပဋိညာဉ်နှင့်စွမ်းဆောင်ချက်

"သီလေ ပတိဋ္ဌာယ နရော သပညော" အစရှိသော ဘုရားဟောဂါထာကို မူတည်၍ ဉာဏ်ပညာကြီးတော်မူသော အဋ္ဌကထာဆရာတော် အရှင်မဟာဗုဒ္ဓဃောသသည် နိဗ္ဗာန် ရောက်ကြောင်းလမ်းမကြီးဖြစ်သော ဝိသုဒ္ဓိမဂ္ဂကို အကျယ်ဝိတ္ထာရအားဖြင့် သိကြစေခြင်း အကျိုးငှာ သီလ–သမာဓိ–ပညာ သိက္ခာသုံးပါးကို အကျယ်ဖွင့်ဆို ရေးသားတော်မူ၏။

မြတ်စွာဘုရား၏သာသနာတော်၌ အလွန်ရနိုင်ခဲသောရဟန်းအဖြစ်ကို ရကြပါကုန် လျက် နိဗ္ဗာန်လမ်းမကြီးဖြစ်သည့် အဋ္ဌင်္ဂိကအရိယမဂ် (ဝါ) သီလ–သမာဓိ–ပညာသိက္ခာ သုံးပါးကို မှန်ကန်စွာမသိကြသဖြင့် "ဝိသုဒ္ဓိ" ဟူသည့် နိဗ္ဗာန်ကို လိုချင်တောင့်တကြ ပါလျက် နိဗ္ဗာန်သို့ မရောက်နိုင်ဘဲ ရှိကြကုန်၏။

ရဟန်း၊ ရှင်၊ လူ ယောဂီအပေါင်းတို့၏ဝမ်းမြောက်ခြင်းကို ပြုတတ်သော သီရိလင်္ကာ နိုင်ငံ မဟာဝိဟာရကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူကြသည့် အရှင်မြတ်တို့၏ အလွန်စင်ကြယ်သည့်အဆုံးအဖြတ်နှင့်ပြည့်စုံသော ဒေသနာနည်းကိုမှီ၍ "ဝိသုဒ္ဓိမဂ္ဂ" အမည်ရှိသည့် နိဗ္ဗာန်လမ်းမကြီးအကြောင်းကို ဟောကြားပေအံ့။

အရဟတ္တဖိုလ်–နိဗ္ဗာန်တည်းဟူသော "ဝိသုဒ္ဓိ" ကိုအလိုရှိကြကုန်သည့် သူတော်ကောင်း အပေါင်းတို့သည် နိဗ္ဗာန်လမ်းကြောင်းဖြစ်သော "ဝိသုဒ္ဓိမဂ္ဂ" ကျမ်းကြီးကို ရိုရိုသေသေ လေးလေးမြတ်မြတ် နာကြားလေ့လာကြပါကုန်လော့။

* * *

http://www.dhammadownload.com



# ဒေါက်တာမင်းတင်မွန်(ပါရဂူမင်းနန္ဒာ)

## ပါမောက္ခ၊ မဟာသဒ္ဓမ္မဇောတိကဓဇ

- မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်ရွာတွင် ၁၃.၁.၁၉၃၄ စနေနေ့၌ ဖွားမြင်သည်။ မိဘနှစ်ပါးမှာ ဦးရော်အင်၊ ဒေါ်စိန်တန်တို့ဖြစ်ကြ၏။ မွန်-ဗုဒ္ဓဘာသာ-လယ်သမားများဖြစ်ကြ၏။
- ၁၉၅၁ ခုနှစ်တွင် မုဒုံအထကမှအစိုးရကျောင်းထွက်လက်မှတ်ရစာမေးပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲတို့ကို သင်္ချာ၊ အထွေထွေသိပ္ပံဂုဏ်ထူးဖြင့် ပထမဆင့်မှအောင်မြင်သည်။
- ၁၉၅၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ဥပစာတန်းစာမေးပွဲ၌ သင်္ချာပထမ၊ ဓာတုဗေဒပထမ၊ တက္ကသိုလ်ဟိုးဝါးကိန်းရွှေတံဆိပ်ဆုနှင့် တက္ကသိုလ်စကောလရှစ်ပညာချွန်ဆုတို့ကို ရရှိသည်။
- ၁၉၅၅ ခုနှစ် ရန်ကုန်တက္ကသိုလ်သိပ္ပံဘွဲ့စာမေးပွဲ၌ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒဂုဏ်ထူးများနှင့် တစ်တန်းလုံးတွင် ပထမရသဖြင့် တက္ကသိုလ်ဟာကျိဘိုင်များရွှေတံဆိပ်ဆုနှင့် နိုင်ငံခြားပညာတော်သင်ဆုတို့ကို ရရှိသည်။ ရန်ကုန်တက္ကသိုလ်ဓာတုဗေဒဌာနတွင် အချိန်ပိုင်းသရုပ်ပြဆရာအဖြစ် ခန့်ထားခြင်းခံရသည်။
- ၁၉၅၆ ခုနှစ် ရန်ကုန်တက္ကသိုလ်သိပ္ပံဂုဏ်ထူးဘွဲ့စာမေးပွဲ၌ ဓာတုဗေဒဂုဏ်ထူးတန်းတွင် ပထမဆင့်မှအောင်မြင်ပြီး ပထမရသဖြင့် တက္ကသိုလ်ဦးရွှေလေးရွှေတံဆိပ်ဆုကိုရ၏။ ရန်ကုန်တက္ကသိုလ်တွင် လက်ထောက်ကထိကအဖြစ် ခန့်ထားခြင်းခံရသည်။
- ၁၉၅၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု အီလီနွိုက်တက္ကသိုလ်သို့သွား၍ အဆင့်မြင့်ပညာကိုဆည်းပူးရာ ၁၉၅၈ ခုနှစ်တွင် မဟာသိပ္ပံဘွဲ့၊ ၁၉၆၀ ခုနှစ်တွင် သိပ္ပံပါရဂူဘွဲ့တို့ကို ရရှိသည်။ ထို့အပြင် တက္ကသိုလ်သဟာယပညာချွန်ဆု(University Fellowship) ကို ၂ နှစ်ဆက်တိုက်ရရှိရာ အမေရိကန်ကျောင်းသူကျောင်းသားများထက် ပညာပိုထူးချွန်ကြောင်းကို ပြသနိုင်ခဲ့သည်။ Sigma Xi ဂုဏ်ထူးဆောင်အသင်းကိုလည်း ဝင်ခွင့်ရသည်။
- ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်တို့တွင် ၁၉၅၅ ခုနှစ် ဇွန် ၁ ရက်မှစ၍ ၁၉၉၂ ခုနှစ် နိုဝင်ဘာလကုန်အထိ သရုပ်ပြ၊ လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခတာဝန်အဆင့်ဆင့်ကို ၃၇ နှစ်ကျော်

http://www.dhammadownload.com

ထမ်းရွက်ပြီးနောက် ပါမောက္ခဘဝမှအငြိမ်းစားယူသည်။

- ၁၉၉၃ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ ၂၀၀၈ ခုနှစ် ဇူလိုင် ၃၁ ရက်တိုင်အောင် သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်၊ ထို့နောက် အကြံပေးပညာရှင်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခတာဝန်များကို ထမ်းဆောင်သည်။ နိုင်ငံ့တာဝန်ကို ၁၅ နှစ်ထမ်းရွက်ခဲ့သည်။
- ပရိယတ္တိစာပေကို ဆရာကောင်းများထံနည်းနာခံ၍ မိမိတာသာဆည်းပူးလေ့လာပြီး စာမေးပွဲဖြေဆိုခဲ့ရာ-
၁၉၈၁ ခုနှစ် ဗုဒ္ဓအဘိဓမ္မာ(ရိုးရိုးတန်း)စာမေးပွဲ၌ တစ်ပြည်လုံးပထမရွှေတံဆိပ်ဆု၊
၁၉၈၃ ခုနှစ် ဗုဒ္ဓအဘိဓမ္မာ(ဂုဏ်ထူးဆောင်)စာမေးပွဲ၌ တစ်ပြည်လုံးပထမရွှေတံဆိပ်ဆု၊
၁၉၈၄ ခုနှစ် ဝိသုဒ္ဓိမဂ္ဂ(သုံးကျမ်းပြည့်)စာမေးပွဲ၌ တစ်ပြည်လုံး ပထမရွှေတံဆိပ်ဆုတို့ကို ရရှိသည်။
- တက္ကသိုလ်ကျောင်းသားဘဝမှစတင်ကာ ကဗျာ၊ စာညွှန့်၊ ဆောင်းပါးများကိုရေးသားခဲ့ရာ ယခုအခါ ပညာပေးစာအုပ် ၂၀၊ ဘာသာရေးစာအုပ် ၅၀၊ ဆောင်းပါး ၂၀၀ ကျော်တို့ကိုရေးသားခဲ့ပြီးဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် ဓမ္မဗိမာန်တစ်သက်တာစာပေဆုဖြင့် ချီးမြှင့်ခံရသည်။
- ရန်ကုန်ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်တို့တွင် ဗုဒ္ဓဘာသာအသင်းဖွဲ့စည်းပြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။ ရန်ကုန်တက္ကသိုလ်များဗုဒ္ဓဘာသာအသင်းကြီးတွင် ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ အတွင်းရေးမှူးတာဝန်၊ ထို့နောက် ဥက္ကဋ္ဌတာဝန်တို့ကိုထမ်းရွက်ပြီး တက္ကသိုလ်နယ်မြေတွင် ဗုဒ္ဓဘာသာထွန်းတောက်ရန် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည်။
မော်လမြိုင်တက္ကသိုလ်ဓေတီမိနစ်ထပ်ဓမ္မာရုံကြီးနှင့် တက္ကသိုလ်စေတီတို့ကို ဦးဆောင်တည်ဆောက်ခဲ့သည်။
- ၁၉၈၃ ခုနှစ်မှစ၍ တက္ကသိုလ်ဓမ္မာရုံတွင် ဗုဒ္ဓအဘိဓမ္မာသင်တန်းကို စတင်ပို့ချသည်။ ထို့နောက် မြန်မာနိုင်ငံတစ်ဝန်းလုံးနှင့် နိုင်ငံခြားတိုင်းပြည်များ၌ အဘိဓမ္မာသင်တန်း၊ ဝိသုဒ္ဓိမဂ်နှင့်တရားရှုနည်းသင်တန်း၊ ဗုဒ္ဓဓမ္မဟောပြောပွဲများကို မြန်မာ-မွန်-အင်္ဂလိပ်သုံးဘာသာဖြင့် စွမ်းစွမ်းတမံ သင်ပြဟောပြောသည်။ အဘိဓမ္မာသင်တန်း ၂၆၁ ကြိမ်၊ တရားပွဲ ၃၇၁၀ ကြိမ်၊ နာရီပေါင်း ၁၂၄၀၀ ကျော်ဟောပြောပို့ချခဲ့ပြီးဖြစ်သည်။
၁၉၉၄ ခုနှစ်၌ သဒ္ဓမ္မဇောတိကဓဇဘွဲ့၊ ၂၀၀၃ ခုနှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တို့ကို နိုင်ငံတော်မှချီးမြှင့်သည်။
- ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ ကျိုက်ခေါက်စေတီအနီးတွင် အပြည်ပြည်ဆိုင်ရာဖားအောက်တောရဗုဒ္ဓသာသနာရိပ်သာကို ဦးဆောင်တည်ထောင်ပြီး ၁၉၉၈ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ တစ်နှစ်ပတ်လုံး အမြဲတမ်းဖွင့်လှစ်ထားသော ရိပ်သာကြီးတစ်ခုဖြစ်လာသည်။
- ၂၀၀၂ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရဗုဒ္ဓသာသနာရိပ်သာများ၏အနုဂ္ဂဟအဖွဲ့ချုပ်ကို ဖွဲ့စည်းပြီးသည့်အခါ ဥက္ကဋ္ဌတာဝန်ကို လက်ခံယူပြီး ပြည်တွင်းပြည်ပ ဗုဒ္ဓသာသနာတော်ပြန့်ပွားထွန်းတောက်ရေးအတွက် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။
- ဒေါက်တာမင်းတင်မွန်သည် ပြည်သူများချစ်ခင်လေးစားသော စာပေပညာရှင်၊ သိပ္ပံပါမောက္ခ၊ ဘာသာရေးပါမောက္ခ၊ ဓမ္မကထိက၊ စာရေးဆရာနှင့် ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ်ထူးဖြစ်ပေသည်။

http://www.dhammadownload.com

# အခန်း (၁)

# သီလနိဒ္ဒေသပိုင်း

## သီလအကြောင်းကိုအကျယ်ပြဆိုခြင်း

### ၁ သီလဟူသည်ကားအဘယ်နည်း

"*កိံ សီလន្តិ* ... "

"*ကိံ သီလန္တိ စေတနာသီလံ စေတသိကံသီလံ သံဝရောသီလံ အဝီတိက္ကမော သီလန္တိ။*" (*ပဋိသမ္ဘိဒါမဂ်*)

"အဘယ်တရားသည် သီလမည်သနည်း။

(၁) စေတနာသည် သီလမည်၏။

(၂) စေတသိက်သည် သီလမည်၏။

(၃) ပိတ်ဆို့စောင့်ရှောက်ခြင်း–သံဝရသည် သီလမည်၏။

(၄) မလွန်ကျူးခြင်း–အဝီတိက္ကမသည် သီလမည်၏။"

**(၁) စေတနာသီလ**

သူ့အသက်သတ်ခြင်းစသည့် ကာယဒုစရိုက် (၃)ပါးနှင့် ဝစီဒုစရိုက် (၄)ပါးတို့ကို ရှောင်ကြဉ်သောသူ၏ကမ္မပထစေတနာ (၇)ပါးသည် စေတနာသီလမည်၏။ ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်သောသူ၏ စေတနာသည် စေတနာသီလမည်၏။

**(၂) စေတသိကသီလ**

မမှန်သောစကားကိုပြောခြင်း၊ သူ့အသက်ကိုသတ်ခြင်း စသည်တို့ကိုရှောင်ကြဉ်သော သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟူသော ဝိရတိစေတသိက် (၃)ပါးသည် စေတသိကသီလမည်၏။

တစ်နည်းကား အဘိဇ္ဈာကိုပယ်စွန့်သော အနဘိဇ္ဈာ (အလောဘ)၊ ဗျာပါဒကိုပယ်စွန့်သော အဗျာပါဒ (အဒေါသ)၊ မိစ္ဆာဒိဋ္ဌိကို ပယ်စွန့်သော သမ္မာဒိဋ္ဌိ (အမောဟ)၊ ဤစေတသိက်တို့သည် စေတသိကသီလမည်၏။

**(၃) သံဝရသီလ**

ပိတ်ဆို့စောင့်ရှောက်ခြင်းဟူသော သံဝရတရားသည် သံဝရသီလမည်၏။ သံဝရသီလ (၅) မျိုးရှိ၏။

**(က) ပါတိမောက္ခသံဝရ**

ရဟန်းတော်များအတွက်ပညတ်အပ်သော ဝိနည်းသိက္ခာပုဒ်များကို စောင့်စည်းခြင်းသည် ပါတိမောက္ခသံဝရမည်၏။

http://www.dhammadownload.com



(ခ) သတိသံဝရ

စက္ခုန္ဒြေ၊ သောတိန္ဒြေစသော ဣန္ဒြေ (၆)ပါးကို စောင့်စည်းခြင်း သတိသည် သတိသံဝရမည်၏။

(ဂ) ဉာဏသံဝရ

တဏှာ၊ ဒိဋ္ဌိ၊ အဝိဇ္ဇာ၊ ဒုစရိတ စသော တွေတွေယိုစီးတတ်သည့် အယဉ်တို့ကိုတား ဆီးပိတ်ဆို့တတ်သော ပညာသည် ဉာဏသံဝရ မည်၏။ ပစ္စည်းလေးပါးကိုဆင်ခြင်၍ မှီဝဲသုံးဆောင်သော ဉာဏ်ပညာကိုလည်း ဉာဏသံဝရမည်၏။

(ဃ) ခန္တီသံဝရ

အချမ်း၊ အပူစသည်တို့ကို သည်းခံခြင်း (အဒေါသ) သည် ခန္တီသံဝရမည်၏။

(င) ဝီရိယသံဝရ

စိတ်၌ဖြစ်ပေါ်လာသော ကာမဝိတက်ကို သည်းခံမနေဘဲ သာယာ မနေဘဲ ချက်ချင်းပယ်ဖျောက်ရန် ကြိုးစားအားထုတ်မှု ဝီရိယသည် ဝီရိယသံဝရမည်၏။ မှားယွင်းသောအသက်မွေးမှု–မိစ္ဆာဇီဝကို ပယ်စွန့်၍ စင်ကြယ်သောအသက်မွေးမှု– အာဇီဝပါရိသုဒ္ဓိသီလသည်လည်း ဝီရိယသံဝရမည်၏။

(၄)အဝီတိက္ကမသီလ

သီလဆောက်တည်ပြီး၍ ကိုယ်, နှုတ်တို့ဖြင့် ကာယကံ, ဝစီကံတို့ကို မလွန်ကျူး ခြင်းဟူသည့် ကုသိုလ်စိတ္တုပ္ပါဒ်သည် အဝီတိက္ကမသီလမည်၏။

၂ အဘယ်အနက်သဘောကြောင့် သီလဟုခေါ်သနည်း။

ကာယကံ, ဝစီကံတို့ကို ဖရိုဖရဲမဖြစ်စေဘဲ သိမ်းသိမ်းဆည်းဆည်း ကောင်းစွာသို ထားခြင်းဟူသော "သီလန"အနက်သဘောရှိသည့်အတွက် "သီလ"ဟုခေါ်၏။

"သီလန"သည် ကုသိုလ်တရားတို့၏တည်ရာအဖြစ် လွန်စွာဆောင်ခြင်းဟူသော "အာဓာရ" အနက်သဘောလည်း ရှိ၏။ ဤအနက်သဘောကြောင့်လည်း "သီလ"ဟု အမည်ရ၏။

သဒ္ဒါတတ်ကျွမ်းသော ပညာရှိတို့သည် "သီလ"ဟူသောပုဒ်၏ "သီလန" အနက်နှင့် တည်ရာ "အာဓာရ" အနက်နှစ်ပါးကိုသာ ခွင့်ပြုကြ၏။ အချို့ဆရာတို့ကား ဦးခေါင်း နှင့်တူသော "သိရဋ္ဌ"အနက်သဘောကြောင့် သီလမည်၏၊ ကိလေသာအပူကို ငြိမ်းအေး စေတတ်သော "သီတလ" အနက်သဘောကြောင့် သီလမည်၏ဟု ဖွင့်ဆိုကြကုန်၏။

၃ သီလ၏လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကားအဘယ်နည်း

(က) လက္ခဏာ = သိကြောင်းအမှတ်အသား

ကာယကံ၊ ဝစီကံတို့ကို ဖရိုဖရဲမဖြစ်စေဘဲ ကောင်းစွာထားခြင်း၊ ကုသိုလ်တရား

http://www.dhammadownload.com



တို့၏တည်ရာဖြစ်ခြင်းတို့သည် သီလ၏မှတ်ကြောင်းလက္ခဏာ ဖြစ်၏။

(ခ) ရသ = ပြုဖွယ်ကိစ္စနှင့် ပြည့်စုံခြင်းဂုဏ်

သီလသည် သီလမရှိသူ၏အဖြစ်ဟူသော ဒုဿီလမှုကို ဖျက်ဆီးတတ်သော အလုပ်ကိစ္စရှိ၏။ ပညာရှိတို့ မကဲ့ရဲ့တတ်သောဂုဏ်လည်းရှိ၏။ ဒုဿီလမှုကို ဖျက်ဆီးတတ်ခြင်းကို 'ကိစ္စရသ' ဟု ခေါ်၏။ ပညာရှိတို့ မကဲ့ရဲ့ထိုက်သောဂုဏ်ကို 'သမ္ပတ္တိရသ' ဟုခေါ်၏။

(ဂ) ပစ္စုပဋ္ဌာန် = ပြုဖွယ်ကိစ္စ၏အကျိုး၊ ရှုမြင်သူ၏ဉာဏ်၌ထင်သောအခြင်းအရာ

သီလသည် ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရတို့၌ စင်ကြယ်သောသူ၏အဖြစ်ဖြင့် ရှုမြင်သူတို့၏ဉာဏ်အား ရှေးရှုထင်၏။ စင်ကြယ်သောသူဟု သိအပ်သောအဖြစ်သို့ ရောက်စေ၏။

(ဃ) ပဒဋ္ဌာန် = ဖြစ်ပေါ်ရန် အနီးကပ်ဆုံးအကြောင်းတရား

မကောင်းမှုပြုရန် ရှက်ခြင်း ဟိရီ နှင့် မကောင်းမှုပြုရန် ကြောက်လန့်ခြင်း ဩတ္တပ္ပ တို့သည် သီလ၏နီးစွာသောအကြောင်းဖြစ်၏။ ဟိရီ၊ ဩတ္တပ္ပ တို့ရှိခဲ့သော် သီလသည် ဖြစ်၏၊ တည်၏။ ဟိရီ၊ ဩတ္တပ္ပတို့ မရှိခဲ့သော် သီလသည် မဖြစ်နိုင်၊ မတည်နိုင်ချေ။

## ၄ သီလ၏အကျိုးကားအဘယ်နည်း

သီလသည် စိတ်နှလုံးသာယာချမ်းမြေ့ခြင်းအကျိုး၊ စိတ်နှလုံးချမ်းသာအေးမြခြင်း အာနိသင်ရှိ၏ဟူ၍ အရှင်အာနန္ဒာအား မြတ်စွာဘုရားဟောကြားတော်မူ၏။

သီလနှင့်ပြည့်စုံခြင်း၏အကျိုး(၅)ပါးကို သူကြွယ်တို့အား ဘုရားဟောကြားတော်မူ၏။

(၁) သီလနှင့်ပြည့်စုံသူသည် မမေ့မလျော့၊ မပေါ့မတန်ခြင်းအကြောင်းကြောင့် ကြီးစွာသောစည်းစိမ်အစုကို ရ၏။

(၂) သီလနှင့်ပြည့်စုံသူ၏ကောင်းသောကျော်စောသတင်းသည် ပြန့်နှံ့၍တက်၏။

(၃) သီလနှင့်ပြည့်စုံသူသည် မင်းပရိသတ်၊ သူကြွယ်ပရိသတ်၊ ရဟန်းပရိသတ် စသည် မည်သည့်ပရိသတ်သို့မဆို ရဲရဲရင့်ရင့်၊ ကြောက်ရွံ့ခြင်းကင်းရှင်းစွာ ကျက်သရေ မင်္ဂလာရှိသည့် ရွှင်လန်းသောမျက်နှာဖြင့် ချဉ်းကပ်ရ၏။

(၄) သီလရှိသူသည် မတွေမဝေ ကြည်ကြည်လင်လင် မိမိပြုထားသောကုသိုလ်ကောင်းမှုတို့ကို ထင်မြင်၍ သေရ၏။

(၅) ကိုယ်ခန္ဓာပျက်ကြွေ၍ သေပြီးသည့်နောက်၌ ကောင်းမှုပြုသူတို့၏ လားရာဖြစ်သော နတ်ပြည်လောကသို့ မချွတ်ရောက်ရ၏။

*(ဒီဃနိကာယ၊ မဟာပရိနိဗ္ဗာနသုတ်)*

http://www.dhammadownload.com



## သီလ၏အကျိုး(၁၇)ပါး (မူလပဏ္ဏာသ၊ အာကင်္ခေယျသုတ်)

(၁) သီတင်းသုံးဖော်တို့၏ လေးစားမြတ်နိုးမှုကို ခံယူလိုလျှင် သီလကိုပြည့်စုံစေရာ၏။

(၂) သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးတို့ကို ပေါများစေလိုလျှင် သီလကိုဖြည့်ကျင့်ရာ၏။

(၃) အလှူရှင်တို့အား အကျိုးများစေလိုလျှင် သီလကို ပြည့်စုံစေရာ၏။

(၄) ဆွေမျိုးပြိတ္တာတို့အား အကျိုးများစေလိုလျှင် သီလကိုဖြည့်ကျင့်ရာ၏။

(၅) ကုသိုလ်ကောင်းမှု၌ ပျင်းရိခြင်း၊ ကာမဂုဏ်တို့၌ ပျော်မွေ့ခြင်းတို့ကို တွန်းလှန်နိုင်စွမ်း ရှိလိုလျှင် သီလကိုဖြည့်ကျင့်ရာ၏။

(၆) ကြောက်လန့်ခြင်းနှင့် ကြောက်စရာအာရုံတို့ကို အောင်နိုင်လိုလျှင် သီလကို ဖြည့်ကျင့်ရာ၏။

(၇) ရူပါဝစရဈာန်တို့ကို ရလိုလျှင် သီလကိုဖြည့်ကျင့်ရာ၏။

(၈) အရူပါဝစရဈာန်တို့ကို ရလိုလျှင် သီလကိုဖြည့်ကျင့်ရာ၏။

(၉) သောတာပန်ဖြစ်လိုလျှင် အပါယ်မကျလိုလျှင် သီလကိုဖြည့်ကျင့်ရာ၏။

(၁၀) ရာဂ–ဒေါသ–မောဟနည်းပါးသော သကဒါဂါမ်ဖြစ်လိုလျှင် သီလကိုဖြည့်ကျင့်ရာ၏။

(၁၁) ကာမဘုံ၌ ပဋိသန္ဓေမနေရသော အနာဂါမ်ဖြစ်လိုလျှင် သီလကိုဖြည့်ကျင့်ရာ၏။

(၁၂) ဣဒ္ဓိဝိဓအဘိညာဏ်ကိုရလျှင် သီလကိုဖြည့်ကျင့်ရာ၏။

(၁၃) ဒိဗ္ဗသောတအဘိညာဏ်ကိုရလိုလျှင် သီလကိုဖြည့်ကျင့်ရာ၏။

(၁၄) စေတောပရိယ အဘိညာဏ်ကိုရလိုလျှင် သီလကိုဖြည့်ကျင့်ရာ၏။

(၁၅) ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ကို ရလိုလျှင် သီလကိုဖြည့်ကျင့်ရာ၏။

(၁၆) ဒိဗ္ဗစက္ခုအဘိညာဏ်ကိုရလိုလျှင် သီလကိုဖြည့်ကျင့်ရာ၏။

(၁၇) အာသဝေါကုန်ခန်းသော ရဟန္တာဖြစ်လိုလျှင် သီလကိုဖြည့်ကျင့်ရာ၏။

## သီလ၏အကျိုးအာနိသင်များ (အရှင်မဟာဗုဒ္ဓဃောသ)

(၁) သာသနာတော်၌ အမျိုးကောင်းသားသမီးတို့အား သီလကိုကြဉ်ထား၍ ထောက်တည် အားထားရာဟူ၍မရှိ၊ သီလသည်သာလျှင် ထောက်တည်ရာအစစ် ဖြစ်၏။ သီလ၏ အကျိုးထူးအပိုင်းအခြားပမာဏကို မည်သည့်တရားဟောပုဂ္ဂိုလ်မျှ ကုန်အောင်မ ဟောနိုင်။

(၂–၃) သတ္တဝါတို့၏ ရာဂအစရှိသော အညစ်အကြေးတို့ကို သီလရေစင်ဖြင့်သာ စင်ကြယ် အောင်ဆေးကြောနိုင်၏။ ဂင်္ဂါမြစ်ရေ၊ ယမုနာမြစ်ရေ၊ သရဘူမြစ်ရေ၊ အစိရဝတီမြစ်ရေ၊ မဟီမြစ်ရေတို့ဖြင့် မဆေးကြောနိုင်ပေ။

(၄–၅) ဖြူစင်အောင် ကောင်းစွာစောင့်ထိန်းထားသော စင်စစ်အေးမြလှသည့် သီလ ဖြင့် သာ သတ္တဝါတို့၏ ရာဂအစရှိသော အပူအလောင်ကို အေးငြိမ်းစေနိုင်၏။ ထိုအပူ

http://www.dhammadownload.com



အလောင်းကို မိုးရေနှင့်တကွသော ရေ၊ လေ၊ ဂေါသီတ မည်သော စန္ဒကူးနံ့သာ၊ ပုလဲသွယ်၊ မြကျောက်၊ ဘိုးရွှေလမင်း၏ရောင်ခြည်ညွန့်တို့ဖြင့် မငြိမ်းအေးစေနိုင်ပါ။

(၆)သီလတည်းဟူသော နံ့သာနှင့်တူသည့် လေအောက်, လေညာ ကြိုင်လှိုင်သင်းပျံ့နိုင်သောနံ့သာမည်သည် အဘယ်မှာရှိနိုင်ပါအံ့နည်း။

(၇)သီလနှင့်တူသော နတ်ပြည်သို့တက်ရန် စောင်းတန်လှေကားမည်သည် အဘယ်မှာရှိအံ့နည်း။ နိဗ္ဗာန်ရွှေပြည်သို့ ဝင်ရောက်ရန်အတွက်လည်း သီလနှင့်တူသော တံခါးပေါက်မည်သည် မရှိချေ။

(၈)သီလတည်းဟူသော အဆင်းတန်ဆာဖြင့် ကောင်းစွာဆင်မြန်းအပ်သော ရဟန်းတို့ တင့်တယ်ကုန်သကဲ့သို့ ထိုအတူ ပုလဲ၊ ပတ္တမြားတို့ဖြင့်ဆင်ယင်အပ်ကုန်သော မင်းတို့သည် တင့်တယ်ခြင်းမရှိကြကုန်။

(၉)သီလပြည့်စုံသူတို့သည် မိမိကိုယ်ကို မိမိစွပ်စွဲခြင်း၊ သူတစ်ပါးတို့ကဲ့ရဲ့ခြင်း၊ မင်းဒဏ်သင့်ခြင်း၊ အပါယ်ဘေးသင့်ခြင်းဟူသော ဘေးလေးပါးတို့မှ ကင်းလွတ်၏။ သီလပြည့်စုံခြင်းသည် ကျော်စောကိတ္တိရှိခြင်း၊ ရွှင်လန်းဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်၏။

(၁၀)ဤသို့လျှင် လောကီ၊ လောကုတ္တရာဂုဏ်ကျေးဇူး အကျိုးထူးတို့၏အခြေခံအကြောင်းရင်းဖြစ်ခြင်း၊ ကိလေသာအပြစ်တို့၏လွန်ကျူးခြင်းကို ဖျက်ဆီးတတ်ခြင်း စသည်တို့သည် သီလ၏အကျိုးအာနိသင်များ ဖြစ်ကြပေ၏။

## ၅ သီလသည်အဘယ်မျှအပြားရှိသနည်း

အလုံးစုံသောသီလတို့သည် ကာယကံ ဝစီကံတို့ကို ကောင်းစွာထားခြင်း၊ ကုသိုလ်တရားတို့၏တည်ရာဖြစ်ခြင်းဟူသော 'သီလန' လက္ခဏာအားဖြင့် ကွဲပြားခြင်းမရှိချေ။ သို့သော် စာရိတ္တသီလ၊ ဝါရိတ္တသီလစသည်တို့၏အစွမ်းအားဖြင့် ကွဲပြားမှုရှိ၏။

### * ဒုကသီလခေါ် နှစ်ပါးစီအပြားရှိသောသီလများ

### (၁)စာရိတ္တသီလနှင့်ဝါရိတ္တသီလ

မြတ်စွာဘုရားက ဤအရာကို ပြုကျင့်အပ်၏ဟုပညတ်သော သိက္ခာပုဒ်ကို ဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလမည်၏။ ဤအရာကို မပြုကျင့်အပ်ဟု ပယ်မြစ်တော်မူသောအရာကို မပြုကျင့်ဘဲ ရှောင်ကြဉ်ခြင်းသည် ဝါရိတ္တသီလမည်၏။

ထိုသီလသည် ဖြည့်ကျင့်ခြင်းဖြင့် ဖြစ်တတ်သောကြောင့် စာရိတ္တသီလမည်၏။ တားမြစ်အပ်သောအမှုတို့ကို မပြုကျင့်, မလွန်ကျူးဘဲ ရှောင်ကြဉ်စောင့်စည်းခြင်းသည် ဝါရိတ္တသီလဖြစ်၏။

မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်စသည်တို့ကို ဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလဖြစ်၏။ ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်ကို စောင့်ထိန်းခြင်းသည် ဝါရိတ္တသီလဖြစ်၏။

http://www.dhammadownload.com



စာရိတ္တသီလကို သဒ္ဓါ၊ ဝီရိယတို့ဖြင့်ပြီးစေအပ်၏။ ဝါရိတ္တသီလကို သဒ္ဓါဖြင့်ပြီးစေအပ်၏။

### (၂) အဘိသမာစာရိကသီလနှင့်အာဒိဗြဟ္မစရိယကသီလ

အဘိသမာစာရိကသီလသည် မြင့်မြတ်သောအကျင့်ဖြစ်၏။ တစ်နည်းဆိုသော် ထူးမြတ်သောမဂ်ဖိုလ်ကိုရည်ရွယ်၍ မဂ်ဖိုလ်အကျိုးငှာ ပညတ်အပ်သော သိက္ခာသီလသည် အဘိသမာစာရိကသီလမည်၏။ အာဇီဝဋ္ဌမကသီလမှကြွင်းသောသီလတို့၏ အမည်ပေတည်း။

အာဒိဗြဟ္မစရိယကသီလဆိုသည်မှာ မဂ်တည်းဟူသည့် မြတ်သောအကျင့်၏ အစဖြစ်သောကြောင့် အာဒိဗြဟ္မစရိယကသီလဟူ၍ ခေါ်၏။ အာဇီဝဋ္ဌမကသီလသည် မဂ်၏ရှေ့အဘို့တွင် သုတ်သင်စင်ကြယ်အပ်သောကြောင့် မဂ်၏အစဉ်၌ ပွားအပ်၏။

တစ်နည်းအားဖြင့် ငယ်ကုန်၊ အလွန်ငယ်ကုန်သော သိက္ခာပုဒ်တို့ကို အဘိသမာစာရိကသီလဟု ဆိုအပ်၏။ ကြွင်းသော သိက္ခာပုဒ်ကြီးတို့ကို အာဒိဗြဟ္မစရိယကသီလဟု ဆိုအပ်၏။

တစ်နည်းမှာ ခန္ဓကဝဂ်၌ အကျုံးဝင်သော သိက္ခာပုဒ်တို့သည် အဘိသမာစာရိကသီလမည်၏။ ဥဘတောဝိဘင်း၌ အကျုံးဝင်သော သီလသိက္ခာပုဒ်တို့သည် အာဒိဗြဟ္မစရိယကသီလမည်၏။

အဘိသမာစာရိကသီလပြည့်စုံမှ အာဒိဗြဟ္မစရိယကသီလ ပြည့်စုံနိုင်၏။

### (၃) ဝိရတိသီလနှင့်အဝိရတိသီလ

သူ့အသက်ကိုသတ်ခြင်း စသည်တို့မှရှောင်ကြဉ်ကာမျှဖြစ်သော ဝိရတိသည် ဝိရတိသီလမည်၏။ ဝိရတိမှကြွင်းသော စေတနာအစရှိသည့်သီလတို့သည် အဝိရတိသီလမည်၏။

### (၄) နိဿိတသီလနှင့်အနိဿိတသီလ

အကြင်သီလအကျင့်ဖြင့် သိကြားမင်း၊ သုယာမနတ်မင်းကဲ့သို့ ထင်ရှားသော နတ်သော်လည်းကောင်း၊ မထင်ရှားသောနတ်သော်လည်းကောင်း ဖြစ်ရပါလို၏ဟု ဘဝသမ္ပတ္တိကိုတောင့်တ၍ ဖြစ်စေအပ်သောအကျင့်သီလသည် တဏှာကိုမှီသော တဏှာနိဿိတသီလဖြစ်၏။

အကြင်သီလအကျင့်ဖြင့် သံသရာမှစင်ကြယ်၏ဟုစွဲယူ၍ ဖြစ်စေအပ်သောအကျင့်သီလသည် ဒိဋ္ဌိကိုမှီသော ဒိဋ္ဌိနိဿိတသီလဖြစ်၏။

လောကုတ္တရာသီလနှင့် လောကုတ္တရာသီလ၏အကြောင်းဖြစ်သော ဝိဝဋ္ဋူပသီလတို့သည် တဏှာ၊ ဒိဋ္ဌိတို့ကိုမမှီသော အနိဿိတသီလများ ဖြစ်ကြ၏။

http://www.dhammadownload.com



## (၅) ကာလပရိယန္တသီလနှင့် အာပါဏကောဋိကသီလ

အချိန်ကာလကိုပိုင်းခြား၍ ဆောက်တည်ကျင့်သုံးအပ်သောသီလသည် ကာလအဆုံးအပိုင်းအခြားရှိသော ကာလပရိယန္တသီလမည်၏။

အသက်ရှင်သရွေ့ကာလပတ်လုံး ဆောက်တည်၍ ထိုဆောက်တည်သည့်အတိုင်း ကျင့်သုံးအပ်သောသီလသည် အသက်ရှင်သရွေ့ အဆုံးရှိသော အာပါဏကောဋိကသီလ မည်၏။

## (၆) သပရိယန္တသီလနှင့် အပရိယန္တသီလ

လာဘ်လာဘ, အခြံအရံ, အဆွေအမျိုး, ကိုယ်အင်္ဂါ, အသက်စသည်၏အစွမ်းဖြင့် မြင်အပ်သည့် အဆုံးအပိုင်းအခြားရှိသောသီလသည် သပရိယန္တသီလမည်၏။ ထိုမှ ပြန်ဘက်ဖြစ်သောသီလသည် အပရိယန္တသီလမည်၏။

အချို့သောသူသည် လာဘ်စသည့်အကြောင်း, အရေးကိစ္စကြောင့် ဆောက်တည်ထားသောကျင့်ဝတ်သိက္ခာကို လွန်ကျူး၏။ ဤသီလသည် လာဘ်စသည်ကြောင့် ပျက်စီးခြင်းအဆုံးရှိသော လာဘပရိယန္တသီလစသည် မည်၏။

## (၇) လောကီသီလနှင့် လောကုတ္တရာသီလ

အလုံးစုံသောအာသဝေါတရားတို့၏အာရုံဖြစ်သည့် သီလ (ဝါ) မိမိကို အာရုံပြု၍ဖြစ်သော အာသဝေါတရားတို့နှင့်တကွ ဖြစ်သည့်သီလသည် လောကီသီလမည်၏။ အာသဝေါတရားတို့၏အာရုံမဟုတ်သောသီလသည် လောကုတ္တရာသီလ မည်၏။

လောကီသီလသည် ဘဝသမ္ပတ္တိအထူးကို ဆောင်တတ်၏။ လောကုတ္တရာသီလသည် ဘဝမှလွတ်ကင်းရာနိဗ္ဗာန်သို့ ဆောင်တတ်၏။

လောကီသီလသည် ဘဝမှထွက်မြောက်ခြင်း၏အကြောင်းဖြစ်၏။ လောကုတ္တရာသီလသည် ပစ္စဝေက္ခဏာဉာဏ်၏တည်ရာ အာရုံဖြစ်၏။

### လောကီသီလသည် ဘဝမှထွက်မြောက်ခြင်း၏အကြောင်းဖြစ်ခြင်း

(၁) ပညတ်သိက္ခာပုဒ်ဟူသော ဝိနည်းသည် (ပါတိမောက္ခ-သတိ-ဉာဏ-ခန္တီ-ဝီရိယ) သံဝရ ငါးမျိုး စောင့်စည်းခြင်းအကျိုးငှာ ဖြစ်၏။
(၂) ထိုစောင့်စည်းခြင်းငါးမျိုးသည် စိတ်နှလုံးသာယာရွှင်လန်းခြင်းအကျိုးငှာ ဖြစ်၏။
(၃) စိတ်နှလုံးသာယာရွှင်လန်းခြင်းသည် ဝမ်းမြောက်ခြင်းပါမောဇ္ဇဖြစ်ရန် အကျိုးငှာ ဖြစ်၏။
(၄) ဝမ်းမြောက်ခြင်းသည် အားကြီးသောနှစ်သက်ခြင်း-ပီတိဖြစ်ရန်အကျိုးငှာ ဖြစ်၏။
(၅) ပီတိသည် ကိုယ်စိတ်နှစ်ဖြာငြိမ်းအေးခြင်း-ပဿဒ္ဓိဖြစ်ရန်အကျိုးငှာ ဖြစ်၏။
(၆) ပဿဒ္ဓိသည် ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း-သုခဖြစ်ရန်အကျိုးငှာ ဖြစ်၏။

http://www.dhammadownload.com



(၇)သုခသည် စိတ်၏တည်ကြည်ခြင်း–သမာဓိဖြစ်ရန်အကျိုးငှာ ဖြစ်၏။
(၈)သမာဓိသည် ဟုတ်တိုင်းမှန်စွာသိသော ယထာဘူတဉာဏ်အကျိုးငှာ ဖြစ်၏။
(၉)ယထာဘူတဉာဏ်သည် သင်္ခါရတို့၌ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်အကျိုးငှာ ဖြစ်၏။
(၁၀)နိဗ္ဗိဒါဉာဏ်သည် ဝိရာဂခေါ်သော မဂ်ဉာဏ်ဖြစ်ရန်အကျိုးငှာ ဖြစ်၏။
(၁၁)မဂ်ဉာဏ်သည် အရဟတ္တဖိုလ်အကျိုးငှာ ဖြစ်၏။
(၁၂)အရဟတ္တဖိုလ်သည် ဝိမုတ္တိဉာဏဒဿနခေါ် ပစ္စဝေက္ခဏာဉာဏ်အကျိုးငှာ ဖြစ်၏။
(၁၃)ပစ္စဝေက္ခဏာဉာဏ်သည် တစ်ဖန်မဖြစ်ခြင်း ပရိနိဗ္ဗာန်ပြုခြင်းအကျိုးငှာ ဖြစ်၏။
(၁၄)ဝိနည်းနှင့်ဆိုင်သော စကားကိုပြောဆိုခြင်းသည် တဏှာ, ဒိဋ္ဌိဖြင့် တစ်စုံတစ်ခုသော အာရုံကို မစွဲလမ်းမူ၍ ကျွတ်လွတ်ခြင်းဟူသော ဝိမောက္ခအကျိုးရှိ၏။
(၁၅)ဤဆိုခဲ့သောအကြောင်းအဆက်ဆက်ကို နာခံမှတ်သားသောဉာဏ်, ဝိနည်းစကားကိုနာခံမှတ်သားခြင်းသည် ထိုဝိမောက္ခဟူသော အကျိုးရှိ၏။

## * တိကသီလခေါ်သုံးပါးစီအပြားရှိသောသီလများ

### (၁)ဟီနသီလ၊မဇ္ဈိမသီလ၊ပဏီတသီလ

ယုတ်လျော့ညံ့ဖျင်းသော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတို့ဖြင့် ဖြစ်စေသောသီလသည် ဟီနသီလ(အညံ့စားသီလ)ဖြစ်၏။ အလယ်အလတ်ဖြစ်သော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတို့ဖြင့် ဖြစ်စေသောသီလသည် မဇ္ဈိမသီလ(အလတ်စားသီလ)ဖြစ်၏။ လွန်မြတ်ကုန်သော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတို့ဖြင့် ဖြစ်စေသောသီလသည် ပဏီတသီလ(အမြတ်စားသီလ)ဖြစ်၏။

တစ်နည်းမှာ သူတစ်ပါးတို့၏ ချီးမွမ်း, အံ့ဩ, ထောပနာသံ, ဩဘာသံ, အကျော်အစောကို နှစ်သက်တောင့်တ၍ဆောက်တည်သောသီလသည် ဟီနသီလမည်၏။ ကုသိုလ်ကောင်းမှု၏အကျိုးကို လိုလားတောင့်တ၍ ဆောက်တည်သောသီလသည် မဇ္ဈိမသီလမည်၏။ ဤအကျင့်သီလသည် အရိယာသူတော်ကောင်းတို့ ပြုသင့်ပြုအပ်သော အရာဖြစ်၏ဟု အရိယာသူတော်ကောင်းအဖြစ်ကို အမှီပြု၍ ဆောက်တည်သောသီလသည် ပဏီတသီလမည်၏။

တစ်နည်းမှာ "ငါသည်သာ သီလနှင့်ပြည့်စုံ၏၊ အခြားရဟန်းတို့သည်ကား သီလအကျင့်မရှိကြ၊ ယုတ်သောအကျင့်ရှိကုန်၏"ဟု မိမိကိုယ်ကို ချီးမြှောက်ပလွှားခြင်း၊ သူတစ်ပါးကိုရှုတ်ချခြင်း စသည်တို့ဖြင့် ညစ်နွမ်းသောသီလသည် ဟီနသီလမည်၏။ ထိုအတ္တုက္ကံသန၊ ပရဝမ္ဘနစသည်တို့ဖြင့် မညစ်နွမ်းသော လောကီသီလသည် မဇ္ဈိမသီလမည်၏။ လောကုတ္တရာသီလသည်ကား ပဏီတသီလမည်၏။

တစ်နည်းကား တဏှာ၏အစွမ်းဖြင့် ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိကိုလိုချင်တောင့်တ

http://www.dhammadownload.com



၍ဆောက်တည်သောသီလသည် ဟီနသီလဖြစ်၏။ သံသရာဝဋ်မှ ကျွတ်လွတ်ရန် တောင့်တ၍ ဆောက်တည်သောသီလသည် မဇ္ဈိမသီလဖြစ်၏။ အလုံးစုံသောသတ္တဝါတို့ သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ကြစေရန် ရည်သန်၍ ပါရမီမြောက်ဆောက်တည်သော ဘုရားအလောင်းတော်တို့၏သီလမျိုးသည် ပဏီတသီလမည်၏။

## (၂) အတ္တာဓိပတေယျသီလ၊ လောကာဓိပတေယျသီလ၊ ဓမ္မာဓိပတေယျသီလ

မိမိအား မလျောက်ပတ်သောအကျင့်များကို ပယ်စွန့်လို၍ မိမိကိုယ်ကို အလေးအမြတ်ပြုကာ ဆောက်တည်အပ်သောသီလသည် အတ္တာဓိပတေယျသီလမည်၏။

လူအများတို့ စွပ်စွဲကဲ့ရဲ့ခြင်းကို ရှောင်ရှားလို၍ လောကကိုအလေးအမြတ်ပြုကာဆောက်တည်အပ်သောသီလသည် လောကာဓိပတေယျသီလမည်၏။

တရားတော်၏နိယျာနိကအစစ်ဖြစ်၍ မွန်မြတ်သည်ကို ပူဇော်လိုသဖြင့် တရားကို အလေးအမြတ်ပြုကာ ဆောက်တည်အပ်သောသီလသည် ဓမ္မာဓိပတေယျသီလမည်၏။

## (၃) ပရာမဋ္ဌသီလ၊ အပရာမဋ္ဌသီလ၊ ပဋိပဿဒ္ဓိသီလ

တဏှာ, ဒိဋ္ဌိတို့ကိုမှီသောသီလသည် တဏှာ, ဒိဋ္ဌိတို့သုံးသပ်အပ်သည်၏ အဖြစ်ကြောင့် ပရာမဋ္ဌသီလမည်၏။

ကလျာဏပုထုဇဉ်တို့၏ မဂ်ကိုရခြင်း၏အကြောင်းဖြစ်သော သီလသည်လည်းကောင်း၊ သေက္ခပုဂ္ဂိုလ်တို့၏မဂ်နှင့်ယှဉ်သောသီလသည်လည်းကောင်း၊ တဏှာ, ဒိဋ္ဌိတို့ မသုံးသပ်အပ်သောကြောင့် အပရာမဋ္ဌသီလမည်၏။

သေက္ခပုဂ္ဂိုလ်, အသေက္ခပုဂ္ဂိုလ်တို့၏ ဖိုလ်နှင့်ယှဉ်သောသီလသည်ကား ကိလေသာအပူမီးအငြိမ်းအေးငြိမ်းပေသောကြောင့် ပဋိပဿဒ္ဓိသီလမည်၏။

## (၄) ဝိသုဒ္ဓသီလ၊ အဝိသုဒ္ဓသီလ၊ ဝေမတိကသီလ

အကြင်သီလကို အာပတ်သို့မရောက်စေရန် ဖြည့်ဆည်းပူး၏။ မတော်တဆအာပတ်သို့ရောက်သော် တစ်ဖန်အာပတ်အပြစ်အားလျော်စွာ ကုစား၏။ ထိုသီလသည် ဝိသုဒ္ဓသီလမည်၏။

အာပတ်အပြစ်သို့ရောက်သော်လည်း တစ်ဖန်အာပတ်အပြစ်အားလျော်စွာ ကုစားခြင်းမရှိသောသီလသည် အဝိသုဒ္ဓသီလမည်၏။

အပြစ်အာပတ်သင့်ကြောင်း ဝတ္ထု၊ အာပတ်အပြစ်နှင့်လွန်ကျူးခြင်းတို့၌ ယုံမှားမှုရှိသောသူ၏သီလသည် ဝေမတိကသီလမည်၏။

အဝိသုဒ္ဓသီလကို အာပတ်အားလျော်စွာ ကုစားခြင်းဖြင့် စင်ကြယ်စေအပ်၏။ ယုံမှားခြင်းဖြစ်ခဲ့သော် ဝတ္ထုကို မလွန်ကျူးမူ၍ ယုံမှားသံသယကို ပယ်ဖျောက်အပ်၏။ ဤသို့ပြုသည်ရှိသော် ဈာန်, မဂ်တို့ကို ရလွယ်သည်ဖြစ်ပေလတ္တံ့။

http://www.dhammadownload.com



**(၅) သေက္ခသီလ၊ အသေက္ခသီလ၊ နေဝသေက္ခာနာသေက္ခသီလ**

အရိယာမဂ်လေးပါး, အောက်အရိယဖိုလ်သုံးပါးတို့နှင့် အသီးသီးယှဉ်သောသီလသည် သေက္ခသီလမည်၏။

အရဟတ္တဖိုလ်နှင့်ယှဉ်သောသီလသည် အသေက္ခသီလမည်၏။

ကြွင်းသောလောကီသီလတို့သည် နေဝသေက္ခာနာသေက္ခသီလမည်၏။

**(၆) ကုသလသီလ၊ အကုသလသီလ၊ အဗျာကတသီလ**

ပဋိသမ္ဘိဒါမဂ်လာအထူးမှာ လောကသားတို့၏ ပကတိအလေ့အကျင့်သဘော ကိုလည်း သီလဟုဆို၏။

သူတထူးကို ချမ်းသာစေသောအလေ့အကျင့်သည် သုခသီလမည်၏။

သူတထူးကို ဆင်းရဲစေသောအလေ့အကျင့်သည် ဒုက္ခသီလမည်၏။

ငြင်းခုံတတ်သောအလေ့အကျင့်သည် ကလဟသီလမည်၏။

တန်ဆာဆင်ယင်တတ်သောအလေ့အကျင့်သည် မဏ္ဍနသီလမည်၏။

သုခသီလ, ဒုက္ခသီလ, ကလဟသီလတို့ကိုပင် ကုသလသီလ၊ အကုသလသီလ၊ အဗျာကတသီလဟုလည်းခေါ်ဆို၏။

*** စတုက္ကသီလခေါ်လေးပါးစီအပြားရှိသောသီလများ**

**(၁) ဟာနဘာဂိယသီလ၊ ဌိတိဘာဂိယသီလ၊ ဝိသေသဘာဂိယသီလ၊ နိဗ္ဗေဓဘာဂိယသီလ**

အကြင်ရဟန်းသည် သီလမရှိသောဒုဿီလပုဂ္ဂိုလ်ကို ဆည်းကပ်၏။ သီလရှိသူ သီလဝန္တပုဂ္ဂိုလ်ကို မမှီဝဲမဆည်းကပ်၊ အကျိုးအပြစ်ကိုမသိသဖြင့် အပြစ်အာပတ်၏ဝတ္ထုကို ကျူးလွန်ခြင်း၌ အပြစ်ကိုမမြင်၊ ကာမဝိတက်စသော အကြံအစည်များ၏၊ စက္ခုစသည့် ဣန္ဒြေတို့ကို မစောင့်စည်း။ ဤသို့သောရဟန်းဖျင်း၏သီလသည် စင်စစ်အားဖြင့် ဆုတ်ယုတ်အံ့သောအဘို့ရှိသည့်အတွက် ဟာနဘာဂိယသီလ မည်၏။

အကြင်ရဟန်းသည် သီလပြည့်စုံခြင်းမျှကိုသာ နှစ်သက်အားရသောစိတ်ရှိ၏၊ ကမ္မဋ္ဌာန်း အလုပ်ကို ဟုတ်ဟုတ်ညားညား ပွားများအားထုတ်ရန်စိတ်မျှမဖြစ်၊ သီလအကျင့်မျှဖြင့် အားရရောင့်ရဲ၍ အထက်ဖြစ်သော ဈာန်မဂ်ဖိုလ်တရားထူးကိုရရန် အပတ်တကုတ်အားထုတ်မှုမရှိ။ ထိုရဟန်း၏သီလသည် မတိုးမပွား ရပ်၍ထားသောသီလဖြစ်၍ ဌိတိဘာဂိယသီလ မည်၏။

ထို့အပြင် စင်ကြယ်သောသီလနှင့် ပြည့်စုံသောရဟန်းသည် ဈာန်သမာဓိရခြင်းအကျိုးငှာ မပြတ်မလပ် အပတ်တကုတ်ကြိုးစားအားထုတ်၏။ ထိုရဟန်း၏သီလသည် ထူးသောအဘို့ရှိသည့်သီလဖြစ်၍ ဝိသေသဘာဂိယသီလ မည်၏။

အကြင်ရဟန်းသည်ကား သီလအကျင့်မျှဖြင့် အားရတင်းတိမ်ခြင်းမရှိ၊ ဝဋ်ဆင်းရဲ၌

http://www.dhammadownload.com



ငြိးငွေ့ကြောင်းဖြစ်သော ဗလဝဝိပဿနာကို ကြိုးစားအားထုတ်၏။ ထိုရဟန်း၏သီလသည် သစ္စာလေးပါးကို ထိုးထွင်းသိမြင်နိုင်ရန် ကိလေသာအစိုင်အခဲကြီးကို ဖောက်ခွဲနိုင်သော အဘို့ရှိသည်ဖြစ်၍ နိဗ္ဗေဓဘာဂိယသီလ မည်၏။

## (၂) ဘိက္ခုသီလ၊ ဘိက္ခုနီသီလ၊ အနုပသမ္ပန္နသီလ၊ ဂဟဋ္ဌသီလ

ရဟန်းယောကျ်ားတို့ကို အကြောင်းပြု၍ ပညတ်အပ်သောသိက္ခာပုဒ်များနှင့် ရဟန်းမိန်းမတို့အား ပညတ်အပ်သောသိက္ခာပုဒ်တို့အနက်မှ ရဟန်းယောကျ်ားတို့ စောင့်ရှောက်အပ်သော သိက္ခာပုဒ်အပေါင်းကို ဘိက္ခုသီလဟုခေါ်၏။

ရဟန်းမိန်းမတို့ကိုအကြောင်းပြု၍ ပညတ်အပ်သောသိက္ခာပုဒ်များနှင့် ရဟန်းယောကျ်ားတို့အား ပညတ်အပ်သောသိက္ခာပုဒ်တို့အနက်မှ ရဟန်းမိန်းမတို့ စောင့်ရှောက်အပ်သော သိက္ခာပုဒ်အပေါင်းကို ဘိက္ခုနီသီလဟုခေါ်၏။

သာမဏေယောကျ်ားနှင့် သာမဏေမိန်းမတို့ ကျင့်သုံးအပ်သော ဆယ်ပါးသီလသည် အနုပသမ္ပန္နသီလ မည်၏။

ဥပါသကာယောကျ်ားနှင့် ဥပါသကာမိန်းမတို့ အမြဲနိစ္စစောင့်ထိန်းအပ်သည့် ငါးပါးသော သိက္ခာပုဒ်သည်လည်းကောင်း၊ အားထုတ်ကြိုးစား၍ စောင့်ထိန်းခြင်းငှာ တတ်နိုင်ခဲ့သော် ဆယ်ပါးသီလသည်လည်းကောင်း၊ ဥပုသ်အင်္ဂါ၏အစွမ်းဖြင့် စောင့်ထိန်းအပ်သော ရှစ်ပါးသီလသည်လည်းကောင်း၊ ဂဟဋ္ဌသီလ မည်၏။

## (၃) ပကတိသီလ၊ အာစာရသီလ၊ ဓမ္မတာသီလ၊ ပုဗ္ဗဟေတုကသီလ

မြောက်ကျွန်းနေလူတို့သည် ငါးပါးသီလကို ပင်ကိုရင်းသဘောအားဖြင့် လွန်ကျူးခြင်းမရှိကုန်။ ထိုသူတို့၏ငါးပါးသီလကို ပကတိသီလ ဟုခေါ်၏။

အမျိုး၏အကျင့်၊ အရပ်ဒေသ၏အကျင့်၊ အယူဝါဒ၏အကျင့်တို့ကို ကျင့်ကြသော သူတို့၏စည်းကမ်းအလေ့အကျင့်ကို အာစာရသီလ ဟုခေါ်၏။

ဘုရားလောင်း၏မယ်တော်သည် ဘုရားလောင်းကိုပဋိသန္ဓေလွယ်ထားစဉ် ယောကျ်ားတို့၌ ကာမဂုဏ်နှင့်ယှဉ်သည့် စိတ်မဖြစ်၊ ဤသို့ ကာမဂုဏ်စိတ်မဖြစ်ပေါ်ခြင်းသည် ဖြစ်ရိုးဓမ္မတာသဘောတရားဖြစ်သောကြောင့် ဓမ္မတာသီလ ဟုအမည်ရ၏။

အရှင်မဟာကဿပနှင့် ဘုရားအလောင်းတော်ကဲ့သို့ စင်ကြယ်ကြသောသတ္တဝါတို့၏ ထိုထိုဇာတ်အစရှိသည့်ဘဝ၌ ကျင့်သုံးဆောက်တည်အပ်သောသီလသည် ရှေးအကြောင်းရှိသည့် ပုဗ္ဗဟေတုကသီလ မည်၏။

## (၄) ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ

http://www.dhammadownload.com



## (က) ပါတိမောက္ခသံဝရသီလ

"ဤသာသနာတော်၌ ရဟန်းသည် ပါတိမောက်လာသိက္ခာပုဒ်တို့ကို စောင့်စည်း၏၊ အာစာရဂေါစရနှင့်ပြည့်စုံ၏၊ အဏုမြူပမာဏမျှသောအပြစ်တို့၌ ဘေးဟု ရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့ကို ဆောက်တည်၍ကျင့်၏"ဟု မြတ်စွာဘုရား ဟောကြားအပ်သောသီလကို **ပါတိမောက္ခသံဝရသီလ**ဟု ခေါ်၏။

**"သာသနာ"** ဟူသည်မှာ မြတ်စွာဘုရား၏အဆုံးအမဖြစ်၏။

**"ရဟန်း"** ဟူသည်မှာ (၁) သံသရာဘေးကိုရှုတတ်သဖြင့် (၂) အပိုင်းပိုင်းဖြတ်ထားသည့် အဆင်းမလှ၊ အဖိုးမတန်သောအဝတ်ကို ဝတ်ဆင်လျက် (၃) သာသနာတော်ကို ယုံကြည်လေးမြတ်၍ ရဟန်းပြုသော အမျိုးသားဖြစ်၏။

**"ပါတိမောက္ခ"** ဟူသည်မှာ စာရိတ္တ၊ ဝါရိတ္တအားဖြင့် နှစ်မျိုးနှစ်စားသော သိက္ခာပုဒ်၏ အစွမ်းဖြင့် ပညတ်အပ်သော သီလဖြစ်၏။ စောင့်ရှောက်သူကို အပါယ်ဒုက္ခစသော ဆင်းရဲမျိုးတို့မှ ကျွတ်လွတ်စေတတ်၏။

**"သံဝရ"** ဟူသည်မှာ ကာယဒွါရ၊ ဝစီဒွါရ၊ တံခါးနှစ်ပေါက်မှအကုသိုလ်မျိုးမတိုးဝင်ရအောင် စောင့်စည်းပိတ်ဆို့ခြင်းဖြစ်၏။ သံဝရသည် ကာယဒွါရ၊ ဝစီဒွါရ တို့၌ဖြစ်သော အာပတ်(၇)ပုံကို မလွန်ကျူးခြင်းဟူသည့် အဝီတိက္ကမသီလ၏ အမည်လည်းဖြစ်၏။ ပါတိမောက်သည်ပင် သံဝရမည်၏။

### ဈာနဝိဘင်းပါဠိတော်လာ အာစာရနှင့်ဂေါစရ

### "အနာစာရ" – မကောင်းသောအကျင့်ယုတ်

(၁) ဘုရားပညတ်သည့်သိက္ခာပုဒ်တော်ကို ကိုယ်ဖြင့်လွန်ကျူးခြင်း၊ နှုတ်ဖြင့်လွန်ကျူးခြင်း၊ ကိုယ်နှုတ်နှစ်ပါးလုံးဖြင့် လွန်ကျူးခြင်း၊

(၂) အလုံးစုံသောသီလအကျင့် ပျက်စီးမှုဟူသည့် ဒုဿီလဖြစ်ခြင်း၊

(၃) ပန်း၊ သစ်သီး၊ ငါးစသည်ကိုပေးခြင်း၊ မိမိကိုယ်ကိုချီးမြှင့်မြှင့်ပြောခြင်း၊ လောကွတ်ပျူငှာခြင်း၊ အမှန်နည်းပါး၊ မမှန်များ၍ ပဲနောက်ဟင်းနှင့်တူသော စကားကိုပြောဆိုသွေးဆောင်ခြင်း၊ ဒါယကာတို့၏အစေအပါးကို ခံယူခြင်း၊ ဆေးဝါးကုသပေးခြင်း၊ သံဃာပစ္စည်း၊ စေတီပစ္စည်းများကို စီရင်ခြင်း၊ စောင့်ရှောက်ခြင်း၊ စသော မြတ်စွာဘုရားစက်ဆုပ်ပစ်ပယ်တော်မူသည့် မိစ္ဆာဇီဝမှု၊ ယုတ်မာသော အသက်မွေးမှု စသည်ကို **အနာစာရ** ဟုခေါ်၏။

### "အာစာရ" – ကောင်းမြတ်သောအကျင့်

(၁) ကိုယ်ဖြင့် မလွန်ကျူးခြင်း၊ နှုတ်ဖြင့်မလွန်ကျူးခြင်း၊ ကိုယ်နှုတ်နှစ်ပါးလုံးဖြင့် မလွန်ကျူးခြင်းဟူသော ကောင်းမြတ်သည့်အကျင့်၊

http://www.dhammadownload.com



(၂) အလုံးစုံသောသီလကို စောင့်စည်းခြင်း၊
(၃) လာဘ်လာဘကိုရလို၍ ပန်း, သစ်သီးပေးခြင်းစသည့် ဘုရားရှင် စက်ဆုပ်ပစ်ပယ်တော်မူသော မိစ္ဆာဇီဝအကျင့်ယုတ်တို့ဖြင့် အသက်မွေးမှုမပြုခြင်းစသည်ကို ကောင်းမြတ်သောအကျင့်ဖြစ်၍ အာစာရ ဟုခေါ်၏။

"အဂေါစရ" – မလျောက်ပတ်သောသွားလာကျက်စားရာ

(၁) ပြည့်တန်ဆာမ၊ မုဆိုးမ၊ အပျိုကြီး၊ ပဏ္ဍုက်၊ ဘိက္ခုနီမ၊ သေအရက်ဆိုင်ဟူသည့် (၆) ဌာနသို့ ကျက်စားသွားလာခြင်း၊
(၂) မင်း၊ မှူးမတ်၊ တိတ္ထိ၊ တိတ္ထိတပည့်တို့နှင့် လူအချင်းချင်း ပေါင်းသင်း ဆက်ဆံသကဲ့သို့ ဆက်ဆံခြင်း၊
(၃) ကံ–ကံ၏အကျိုးကို မယုံကြည်ကြသူများ၊ ရတနာသုံးပါးကို မကြည်ညိုကြသူများ၊ ရဟန်း၊ ဥပါသကာ, ဥပါသိကာမတို့ကို ဆဲရေးခြိမ်းခြောက်ကြသူများ၊ ဘေးရန်ဥပါဒ်လိုလားသူများကို မှီဝဲဆည်းကပ်ခြင်း။

ဤသည်တို့သည် မလျောက်ပတ်သောကျက်စားရာ–အဂေါစရ များဖြစ်ကြ၏။

"ဂေါစရ" – လျောက်ပတ်သောသွားလာကျက်စားရာ

(၁) အထက်၌ဆိုခဲ့ပြီးသော အဂေါစရအရပ်တို့သို့ သွားလာကျက်စားမှု မပြုခြင်း၊
(၂) အထက်၌ဆိုခဲ့ပြီးသော မလျောက်ပတ်သည့်သူတို့နှင့် ပေါင်းသင်းဆက်ဆံမှု မပြုခြင်း၊
(၃) ရတနာသုံးပါးကို ကြည်ညိုကြသူတို့၏အိမ်သည် လမ်းဆုံ၌ရှိသည့် ရေတွင်းရေကန်ပမာ ရဟန်းတို့သက်ဝင်ခြင်းငှာ သင့်သည်ဖြစ်၍ ထိုအိမ်သို့ဝင်ထွက်သွားလာခြင်း၊
(၄) ရဟန်းတို့၏အစီးအပွားနှင့် ကြီးပွားမြင့်မြတ်ခြင်းကိုအလိုရှိကြသော အမျိုးအိမ်များသို့ ဝင်ထွက်သွားလာခြင်း၊

ဤသည်တို့ကား လျောက်ပတ်သောကျက်စားရာ– ဂေါစရ မည်ကုန်၏။

မဟာနိဒ္ဒေသပါဠိတော်လာ အာစာရနှင့် ဂေါစရအကျယ်

"အနာစာရ" – မလျော်သောအကျင့်သည်

(၁) ကိုယ်ဖြင့်မကောင်းကျင့်ခြင်း – ကာယိကအနာစာရနှင့်
(၂) နှုတ်ဖြင့်မကောင်းကျင့်ခြင်း – ဝါစသိကအနာစာရဟူ၍ နှစ်မျိုးရှိ၏။

၁။ ကာယိကအနာစာရ

(၁) သံဃာအစည်းအဝေး၌ မထေရ်ကြီးတို့ကို ရိုသေမှုမပြုဘဲ တိုးဝှေ့ထိပါး၍ရပ်ခြင်း၊ ထိုင်ခြင်း၊
(၂) မထေရ်ကြီးတို့၏ရှေ့တူရူမှရပ်ခြင်း၊ ရှေ့မှထိုင်ခြင်း၊ မြင့်သည့်နေရာ၌ထိုင်ခြင်း၊ ဦးခေါင်းခြုံ၍ထိုင်ခြင်း၊ ရပ်၍စကားပြောခြင်း၊ လက်ရုံး လက်မောင်းတန်း၍ စကားပြောခြင်း၊

http://www.dhammadownload.com



(၃)မထေရ်ကြီးတို့က ဘိနပ်မစီးဘဲစင်္ကြံသွားစဉ် မိမိကဘိနပ်စီး၍ စင်္ကြံသွားခြင်း၊
(၄)မထေရ်ကြီးတို့က နိမ့်သည့်အရပ်၌စင်္ကြံသွားစဉ် မိမိကမြင့်သောအရပ်၌ စင်္ကြံသွားခြင်း၊
(၅)မထေရ်ကြီးတို့က မြေ၌သွားစဉ် မိမိက စင်္ကြံပေါ်မှ စင်္ကြံသွားခြင်း၊
(၆)မထေရ်ကြီးတို့ကို တိုးဝှေ့၍ အနီးသို့ကပ်ကာရပ်ခြင်း၊ ထိုင်ခြင်း၊
(၇)သီတင်းငယ်ရဟန်းတို့ကို နေရာမှတားမြစ်ခြင်း၊
(၈)မီးဖိုအိမ်၌ မထေရ်ကြီးတို့ကို မပန်ကြားဘဲ ထင်းတို့ကိုမီးထည့်ခြင်း၊ မီးဖိုတံခါးကို မတိုင်ကြားဘဲပိတ်ခြင်း၊
(၉)ရေချိုးဆိပ်သို့ဆင်းရာ၌မထေရ်ကြီးတို့ကို တိုးဝှေ့၍ဆင်းခြင်း၊ ရှေ့မှဆင်းခြင်း၊ တိုးဝှေ့၍ရေချိုးခြင်း၊ ရှေ့မှရေချိုးခြင်း၊ တိုးဝှေ့၍ရှေ့မှ ပြန်တက်ခြင်း၊
(၁၀)ရွာတွင်းမြို့တွင်းသို့ဝင်သောအခါ၌ မထေရ်ကြီးတို့ကို တိုးဝှေ့၍သွားခြင်း၊ ရှေ့မှ သွားခြင်း၊
(၁၁)ဒါယကာတို့၏အိပ်ခန်း၊ အမျိုးသမီးများနေသည့်အခန်းများသို့ အဆောတလျင် ရှောင်တခင်ဝင်ခြင်း၊
(၁၂)ကလေးသူငယ်တို့၏ဦးခေါင်းကို ကိုင်တွယ်သုံးသပ်ခြင်း။

၂။ ဝါစာသိကအနာစာရ

(၁)သံဃာ့အစည်းအဝေး၌ မရှိမသေပြုလို၍ မထေရ်ကြီးတို့ကို မပန်ကြားဘဲတရားဟော ခြင်း၊ အမေးပုစ္ဆာကိုဖြေခြင်း၊ ပါတိမောက်ပြခြင်း၊ ရပ်လျက်ရွတ်ဆိုခြင်း၊ လက်ရုံး လက်မောင်းတန်း၍ ရွတ်ဆိုခြင်း။
(၂) ရွာတွင်းသို့ဝင်သော် မိန်းမ၊ သတို့သမီးတို့ကို "ဤမည်သောဒကာမ၊ ဤအမျိုး ဖြစ်သောသူ၊ အဘယ်စားကောင်းသောက်ဘွယ်များရှိသလဲ၊ ယာဂုရှိသလား၊ ဆွမ်းရှိ သလား၊ ခဲဘွယ်ဘောဇဉ်ရှိသလား၊ အဘယ်ကို ငါတို့သောက်ရမလဲ၊ စားရသုံးဆောင်ရ မလဲ၊ အဘယ်အရာကို ငါတို့အားလှူမလဲ" စသည်ဖြင့် ထွေထွေလာလာပြောဆိုခြင်း။

အာစာရ – သင့်လျော်လျောက်ပတ်သည့်ပြုမူပြောဆိုမှု

(၁)အထက်ပါအနာစာရမှုများကို ရှောင်ကြဉ်၍ အနာစာရ၏ဆန့်ကျင်ဘက် ဖြစ်သော ပြုမူပြောဆိုမှုများကို သင့်လျော်လျောက်ပတ်စွာ ပြုမူပြောဆိုခြင်း၊
(၂) မထေရ်ကြီးတို့ကို အရိုအသေအလေးအမြတ်ပြုခြင်း၊ တုပ်ဝပ်နှိမ့်ချ ကြိုးနွံ့ ပျပ်ဝပ်ရှိခြင်း၊
(၃)မထေရ်ကြီးတို့၏စကားကို ရိုသေစွာနာခံခြင်း၊
(၄)အရှက်အကြောက်နှင့်ပြည့်စုံခြင်း၊
(၅)ကောင်းစွာဝတ်ရုံ၍ ကြည်ညိုဘွယ်ဂုဏ်ကိုဆောင်ခြင်း၊
(၆)ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း၊ တစောင်းကြည့်ခြင်း၊ တူရူကြည့်ခြင်း၊

http://www.dhammadownload.com



ကွေးခြင်းဆန့်ခြင်း စသည်တို့၌ ကြည်ညိုဘွယ်ဂုဏ်ကိုဆောင်ခြင်း၊
(၇)ချသောမျက်လွှာရှိခြင်းဟူသည့် ဣရိယာပုထ်နှင့် ပြည့်စုံခြင်း၊
(၈)ဣန္ဒြေတို့၌ စောင့်စည်းသော တံခါးရှိခြင်း၊
(၉)အစာအာဟာရတို့၌ အတိုင်းအရှည်ကိုသိခြင်း၊
(၁၀)သတိသမ္ပဇဉ်နှင့်ပြည့်စုံ၍ နိုးကြားမှုရှိခြင်း၊
(၁၁)အလိုနည်း၍ ရောင့်ရဲလွယ်ခြင်း၊
(၁၂)အားထုတ်သောလုံ့လဝိရိယရှိခြင်း၊
(၁၃)အဘိသမာစာရိကကျင့်ဝတ်သိက္ခာပုဒ်ဖြစ်သော သိက္ခာပုဒ်ငယ်တို့ကို သော်လည်း အလေးအမြတ်ရှိသေသမှုပြုခြင်း။

ဂေါစရ – လျောက်ပတ်သောကျက်စားရာ (၃)မျိုး

(၁)ဥပနိဿယဂေါစရ – အားကြီးသောမှီရာအကြောင်းဖြစ်သည့်ကျက်စားရာ

အပွိစ္ဆတာစသည့် ဂုဏ်ဆယ်ပါးနှင့် ပြည့်စုံသောကလျာဏမိတ္တ–အဆွေခင်ပွန်းကိုရသဖြင့် (၁) မကြားဖူးသည့်တရားစကားကို ကြားနာရ၏၊ (၂) ကြားနာဖူးသော တရားစကားကို ရှင်းလင်းဖြူစင်စေရ၏၊ (၃) အယူကို ဖြောင့်မတ်စွာပြုရ၏၊ (၄) စိတ်ကို ကြည်လင်စေရ၏၊ (၅) သဒ္ဓါတရား တိုးပွား၏။ (၆) အကျင့်သီလ၊ အကြားအမြင်၊ စွန့်ကြဲပေးကမ်းခြင်း၊ အသိပညာအလိမ္မာ ပွားတိုး၏။

ဤသို့ ကလျာဏမိတ္တအမှီကိုရခြင်းသည် ဥပနိဿယဂေါစရ မည်၏။

(၂) အာရက္ခဂေါစရ – စိတ်၏အစောင့်အရှောက်ဖြစ်သော ကျက်စားရာ

ရဟန်းသည် ရွာတွင်းသို့ဝင်သည်ရှိသော် မျက်လွှာချလျက် လေးတောင်ခန့် အကွာလောက်ကိုသာကြည့်လျက် ဣန္ဒြေကိုစောင့်စည်း၍ သွား၏။ ဆင်, မြင်း, ရထား, မိန်းမ, ယောကျ်ားတို့ကို မကြည့်မူ၍သွား၏။ အောက်အရပ်, အထက်အရပ်, ထိုထိုအရပ်တို့ကို မကြည့်မူ၍သွား၏။ ဤသို့စောင့်စည်း၍ သွားလာခြင်းသည် အာရက္ခဂေါစရမည်၏။

(၃)ဥပနိဗန္ဓဂေါစရ – စိတ်ကို ဖွဲ့ချည်ရာဖြစ်သောကျက်စားရာ

လေးပါးသောသတိပဋ္ဌာန်တို့ဖြင့် စိတ်ကိုနှောင်ဖွဲ့ထား၏။ "အိုရဟန်းတို့၊ သင်တို့၏ဖခင် ဘုရားရှင်၏ကျက်စားရာအာရုံဖြစ်သောစားကျက်သည် လေးပါးသော သတိပဋ္ဌာန်တရားပင်တည်း"ဟု ဟောတော်မူသည်နှင့်အညီ သတိပဋ္ဌာန်လေးပါးသည် ဥပနိဗန္ဓဂေါစရမည်၏။

ကောင်းသောအကျင့်အာစာရ၊ ကောင်းသောကျက်စားရာဂေါစရတို့နှင့် ပြည့်စုံပါမှ ပါတိမောက္ခသံဝရသီလပြည့်စုံနိုင်၏။

http://www.dhammadownload.com



"အဏုမြူပမာဏမျှလောက်အပြစ်တို့၌ ဘေးဟုရှုလေ့ရှိ၏" ဟူသည်မှာ အဏုမြူပမာသေးငယ်သော စိတ်စေတနာမပါရှိသော်လည်း အပြစ်သင့်နိုင်သည့် သေခိယသိက္ခာပုဒ်၊ အကုသိုလ်စိတ်ဖြစ်ပေါ်ခြင်းစသည့်အပြစ်ငယ်တို့ကို မြင်းမိုရ်တောင်တမျှ ကြီးကျယ်လှသောအပြစ်ဘေးဟူ၍ ရှုလေ့ရှိခြင်းကိုဆိုလို၏။

(ခ) ဣန္ဒြိယသံဝရသီလ

"ထိုရဟန်းသည် မျက်စိဖြင့် ရူပါရုံကိုမြင်၍ နိမိတ်အမှတ်ကို ယူသည်မဖြစ်၊ ခြေလက်အင်္ဂါစသော အနုဗျဉ္ဇနကို ယူသည်မဖြစ်၊ စက္ခုန္ဒြေကို စောင့်စည်းခြင်းကြောင့် ထိုရဟန်းကို အဘိဇ္ဈာ, ဒေါမနဿဟုဆိုအပ်ကုန်သော ယုတ်မာသည့် အကုသိုလ်တရားတို့သည် အစဉ်မလိုက်ကုန်၊ ထိုသို့စက္ခုန္ဒြေကို စောင့်ရှောက်၏၊ စက္ခုန္ဒြေ၌ စောင့်စည်းပိတ်ဆို့ခြင်းသို့ရောက်၏"

ထို့အတူ နားဖြင့်အသံကိုကြား၍ နိမိတ်အမှတ်ကို ယူသည်မဖြစ်၊---
နှာခေါင်းဖြင့် အနံ့ကိုနမ်းရှု၍ နိမိတ်အမှတ်ကို ယူသည်မဖြစ်၊---
လျှာဖြင့် အရသာကိုလျက်၍ နိမိတ်အမှတ်ကို ယူသည်မဖြစ်၊---၊
ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကိုတွေ့ထိ၍ နိမိတ်အမှတ်ကို ယူသည်မဖြစ်---
စိတ်ဖြင့် အာရုံကိုကြံသိ၍ နိမိတ်အမှတ်ကို ယူသည်မဖြစ် ---- မနိန္ဒြေ၌ စောင့်စည်းပိတ်ဆို့ခြင်းသို့ ရောက်၏။

"နိမိတ်အမှတ်ကို ယူသည်မဖြစ်" ဟူသည်မှာ မိန်းမ, ယောကျ်ားဟုသိကြောင်းဖြစ်သော အသွင်သဏ္ဌာန်, မှတ်ဆိတ်, သားမြတ်စသော အမှတ်နိမိတ်၊ ရာဂဖြစ်ကြောင်း ကောင်းမြတ်လှသည့် သုဘနိမိတ်၊ ဒေါသဖြစ်ကြောင်း မကောင်းသောနိမိတ်စသည့် ကိလေသာပွားများကြောင်း နိမိတ်အမှတ်ကို ယူသည်မဖြစ်၊ မျက်စိဖြင့်မြင်သည့်အတိုင်းသာ တည်၏ဟု ဆိုလိုသည်။

"အနုဗျဉ္ဇနကိုယူသည်မဖြစ်"ဟူသည်မှာ ကိလေသာတို့ကို အစဉ်မပြတ် အထပ်ထပ် အဖန်ဖန် ထင်ရှားစွာဖြစ်ပေါ်အောင်ပြုတတ်သော အနုဗျဉ္ဇနခေါ် လက်ခြေအမူအရာ၊ ပြုံးခြင်း, ရယ်ခြင်း, ပြောဟောခြင်း, တူရူကြည့်ခြင်း, တစောင်းကြည့်ခြင်း စသောအခြင်းအရာများကို မမှတ်မယူဘဲ ထိုကိုယ်ကာယ၌ ဆံပင်၊ မွေးညှင်းစသည့် အစုသာရှိသည်ဟု မှတ်ယူခြင်းကို ဆိုလိုသည်။

စေတီယတောင်တွင် သီတင်းသုံးသော မဟာတိဿမထေရ်သည် ဤသို့ကျင့်၏။ အနုရာဓမြို့၌ ချွေးမတစ်ယောက်သည် ခင်ပွန်းလင်နှင့် ငြင်းခုံခိုက်ရန်ဖြစ်ပြီးလျှင် ကောင်းစွာဖြီးလိမ်းဝတ်ဆင်၍ နံနက်စောစောအခါ မြို့မှထွက်ကာ မိမိ၏ဆွေမျိုးအိမ်သို့သွား၏။ လမ်းခရီး၌ စေတီယတောင်မှ အနုရာဓမြို့သို့ ဆွမ်းခံကြွဝင်လာသော မဟာတိဿမထေရ်

http://www.dhammadownload.com



ကိုမြင်သော် ချွေးမသည် ရာဂဖြင့်ဖောက်ပြန်သောစိတ်ရှိ၍ ပြင်းစွာရယ်မော၏။ တခိခိ ရယ်သံကိုကြား၍ မထေရ်ကြည့်လိုက်သောအခါ ချွေးမ၏သွားရိုးကို မြင်၏။ သွားရိုး၌ အရိုးစုဟူသော အမှတ်သညာကိုရပြီးလျှင် ရေးကရဖူးသည့် အဋ္ဌိကသညာကမ္မဋ္ဌာန်း (အရိုးစုကမ္မဋ္ဌာန်း)ကို အဖန်တလဲလဲအောက်မေ့၏။ ထိုအရပ်၌ ရပ်တည်လျက်ပင် မထေရ် သည် အရဟတ္တဖိုလ်သို့ရောက်၏။

ထိုမိန်းမယေ်၏လင်ယောကျ်ားသည် ခြေရာခံ၍လိုက်လာရာ မထေရ်ကိုမြင်သည့်အခါ "အရှင်ဘုရား–တစ်စုံတစ်ယောက်သော မိန်းမကို တွေ့မြင်ပါသလား"ဟု မေးလျှောက်၏။

"အို–သူတော်ကောင်း၊ ဤမှသွားသောသူသည် မိန်းမလား, ယောကျ်ားလား ဟူ၍ ငါမသိ၊ စင်စစ်သော်ကား အရိုးစုတစ်ခုသည် လမ်းမကြီးပေါ်၌ သွားပေ၏ဟု မထေရ် ဆို၏။

"စက္ခုန္ဒြေကိုစောင့်ရှောက်ပိတ်ဆို့ခြင်းငှာ ကျင့်၏" ဆိုသည်မှာ စက္ခုန္ဒြေဟူသော တံခါးပေါက်ကို သတိဟူသည့်တံခါးရွက်ဖြင့် ပိတ်ဆို့ခြင်းငှာ ကျင့်၏ဟုဆိုလိုသည်။ ဤသို့ကျင့်နိုင်သောသူကိုသာလျှင် စက္ခုန္ဒြေကိုစောင့်နိုင်သူ၊ စက္ခုန္ဒြေ၌စောင့်စည်းခြင်းသို့ ရောက်သူဟူ၍ ဆိုသင့်၏။

"စက္ခုန္ဒြေကို စောင့်စည်းပိတ်ဆို့ခြင်းသို့ရောက်၏"ဟူသောစကား၌ စက္ခုန္ဒြေ အမည်ရသည့် စက္ခုပသာဒ၏စောင့်စည်းခြင်း, မစောင့်စည်းခြင်းကားမရှိချေ။ အကြောင်းမှာ စက္ခုပသာဒကို အမှီပြု၍ သတိသည်လည်းကောင်း၊ သတိလွတ်သောသူ၏အဖြစ်သည် လည်းကောင်း မရှိသောကြောင့်ဖြစ်၏။

ရူပါရုံအဆင်းက စက္ခုပသာဒ၌ ထင်လာသည့်အခါ ဘဝင်စိတ်နှစ်ကြိမ်ဖြစ်၍ ချုပ် ပြီးသော် အာရုံကို ဆင်ခြင်နှလုံးသွင်းသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ အာရုံကိုမြင်သော စက္ခု ဝိညာဏ်စိတ်၊ အာရုံကိုလက်ခံသော သမ္ပဋိစ္ဆိုန်းစိတ်၊ အာရုံကိုစုံစမ်းသော သန္တီရဏစိတ်၊ အာရုံကောင်းမကောင်းဆုံးဖြတ်သော ဝုဋ္ဌောစိတ်၊ အာရုံ၏အရသာကိုခံစားသော ဇောစိတ် (၇)ကြိမ်တို့ ဖြစ်ပေါ်၏။

ဤဝီထိစိတ်အစဉ်ဖြစ်ရာ၌ဝယ် ဘဝင်စိတ်, ပဉ္စဒွါရာဝဇ္ဇန်းစိတ်, စက္ခုဝိညာဏ်စိတ်, သမ္ပဋိစ္ဆိုန်းစိတ်, သန္တီရဏစိတ်, ဝုဋ္ဌောစိတ်တို့ ဖြစ်သောအခါတို့၌ စောင့်စည်းမှုသံဝရ, မစောင့်စည်းမှုအသံဝရဟူ၍ မဖြစ်သေးချေ။ ဇောစိတ်ဖြစ်ပေါ်သည့်အခါ၌ကား (၁) ဒုဿီလ အဖြစ်၊ (၂) သတိလွတ်ကင်းသူ၏အဖြစ်၊ (၃) အသိဉာဏ်ကင်းမဲ့သူ၏အဖြစ်၊ (၄) သည်း မခံသူ၏အဖြစ်၊ (၅) ပျင်းရိသူ၏အဖြစ်တို့ ဖြစ်ပေါ်လျှင်မစောင့်စည်းခြင်းသည်ဖြစ်၏။ ထိုဇောစိတ်ခဏ၌ မစောင့်စည်းခြင်းကိုပင် စက္ခုန္ဒြေကို မစောင့်စည်းခြင်းဟု ဆိုအပ်၏။

အဘယ်ကြောင့်ဆိုသော် ထိုမစောင့်စည်းခြင်း–အသံဝရအမှုသည် ဇောစိတ်ခဏ၌ ရှိခဲ့သော် စက္ခုပသာဒနှင့် ဝီထိစိတ်တို့သည်လည်း မလုံခြုံခြင်းသို့ရောက်၏။ သို့ဖြစ်၍

http://www.dhammadownload.com



ဓောစိတ်အခါကာလ၌ဖြစ်သော မစောင့်စည်းမှုသည် စက္ခုန္ဒြေကိုမစောင့်စည်းမှုဟုဆိုအပ်၏။

ဥပမာအားဖြင့် မြို့တံခါးလေးပေါက်ကိုမပိတ်ဆို့ဘဲ ဖွင့်လှစ်ထားလျှင် မြို့တွင်းရှိ အိမ်တံခါး, ကျီတံခါး, ဘဏ္ဍာတိုက်တံခါးများကို ပိတ်ဆို့ထားစေကာမူ မြို့တွင်းရှိ ပစ္စည်းဘဏ္ဍာများကို မလုံခြုံစေခြင်း, မစောင့်ရှောက်ခြင်းသို့ရောက်၏။ အကြောင်းမှာ ခိုးသူတို့သည် မြို့တံခါးမှဝင်ရောက်၍ အလိုရှိတိုင်း ပြုလုပ်နိုင်သောကြောင့်ဖြစ်၏။ ထို့အတူ ဇောစိတ်၌ ဒုဿီလမှုစသည်ဖြစ်ပေါ်လျှင် ထိုဇောစိတ်ကို မပိတ်ဆို့သောကြောင့် ဒွါရသည်လည်း မလုံခြုံ၊ ဝီထိစိတ်တို့သည်လည်း မလုံမခြုံဖြစ်ရ၏။

ထိုဇောစိတ်ခဏ၌ သီလစသည့် ကုသိုလ်တရားတို့ ဖြစ်ကုန်သည်ရှိသော် ဒွါရသည်လည်း လုံခြုံ၏၊ ဝီထိစိတ်တို့သည်လည်း လုံခြုံ၏။ ဥပမာအားဖြင့် မြို့တံခါးကိုကောင်းစွာပိတ်ဆို့စောင့်ရှောက်ထားလျှင် မြို့တွင်းရှိအိမ်စသည်တို့ကို မပိတ်ဆို့ထားစေကာမူ မြို့တွင်းရှိ ပစ္စည်းဘဏ္ဍာတို့ကို ကောင်းစွာလုံခြုံအောင် စောင့်ရှောက်ရာရောက်၏။ အကြောင်းမှာ မြို့တံခါးကိုကောင်းစွာ ပိတ်ဆို့ထားသည့်အတွက် ခိုးသူတို့သည် မြို့တွင်းသို့ မဝင်နိုင်သောကြောင့်ဖြစ်၏။

သို့ဖြစ်၍ ဣန္ဒြိယသံဝရသီလမလုံခြုံလျှင် ပါတိမောက္ခသံဝရသီလ မလုံခြုံပေ။ မြို့တံခါးနှင့်တူသောဣန္ဒြိယသံဝရသီလကို သတိမှုကာ လုံခြုံစွာ စောင့်ထိန်းနိုင်မှသာလျှင် ပါတိမောက္ခသံဝရသီလ လုံခြုံ၏။

## (ဂ) အာဇီဝပါရိသုဒ္ဓိသီလ

အသက်မွေးမှုဟူသောအကြောင်းဖြင့် မြတ်စွာဘုရားပညတ်အပ်သော သိက္ခာပုဒ်(၆)ပါးကို လွန်ကျူးသည်၏အစွမ်းဖြင့်လည်းကောင်း၊ (၁) အံ့ဩစေခြင်း–ကုဟန၊ (၂) ချီးမြှောက်၍ပြောခြင်း–လပန၊ (၃) နိမိတ်ပြ၍ပြောခြင်း–နေမိတ္တကတာ၊ (၄) ဖိနှိပ်၍ပြောခြင်း–နိပ္ပေသိကတာ၊ (၅) လာဘ်ဖြင့်လာဘ်ကိုရအောင်သွေးဆောင်ခြင်း – လာဘေနလာဘံနိဇိဂီသနတာ တည်းဟူသော ညံ့ဖျင်းယုတ်မာလှသည့်အမှုတို့၏ အစွမ်းဖြင့်လည်းကောင်း၊ အသက်မွေးခြင်းတည်းဟူသော မိစ္ဆာဇီဝမှုများကို ကြဉ်ရှောင်ခြင်း–မိစ္ဆာဇီဝဝိရတိသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏။

### ၁ အသက်မွေးမှုဟူသောအကြောင်းကြောင့် ပညတ်သောသိက္ခာပုဒ်(၆)ပါး

(၁) အသက်မွေးခြင်းဟူသောအကြောင်းကြောင့် ယုတ်မာသည့်အလိုဆိုးနှိပ်စက်သည်ဖြစ်၍ မိမိ၌ ထင်ရှားမရှိသော ပုဂ္ဂိုလ်သူမြတ်တို့၏တရား ဖြစ်သည့် ဈာန်, မဂ်, ဖိုလ်တရားကို ရှိလေဟန် မဟုတ်မမှန်ဟောပြောငြားအံ့၊ ပါရာဇိကအာပတ်သို့ရောက်၏။

(၂) အသက်မွေးမှုဟူသောအကြောင်းကြောင့် အောင်တမန်သွားလာခြင်း (အောင်သွယ်ပြုခြင်း)သို့ ရောက်ငြားအံ့၊ သံဃာဒိသေသအာပတ်သို့ရောက်၏။

http://www.dhammadownload.com



(၃) အသက်မွေးမှုဟူသောအကြောင်းကြောင့် ထိုကျောင်း၌နေသောရဟန်းသည် ရဟန္တာတည်းဟု မဟုတ်မမှန်ပြောဆို၏။ သိလျက်ဝန်ခံငြားအံ့၊ ထုလ္လစ္စယအာပတ် သို့ရောက်၏။

(၄) အသက်မွေးမှုဟူသောအကြောင်းကြောင့် ရဟန်းသည် မဖျားနာဘဲလျက် မွန်မြတ်သောဘောဇဉ်အာဟာရကို တောင်း၍သုံးဆောင်ငြားအံ့၊ ပါစိတ်အာပတ်သို့ရောက်၏။

(၅) အသက်မွေးမှုဟူသောအကြောင်းကြောင့် ရဟန်းမိန်းမသည် မဖျားနာဘဲလျက် မွန်မြတ်သောဘောဇဉ်အာဟာရကို တောင်း၍သုံးဆောင်ငြားအံ့၊ ပါဋိဒေသနိယအာပတ်သို့ရောက်၏။

(၆) အသက်မွေးမှုဟူသောအကြောင်းကြောင့် မနာမဖျားဘဲလျက် ဟင်းကိုဖြစ်စေ ထမင်းကိုဖြစ်စေ မိမိအလို့ငှာ တောင်း၍သုံးဆောင်ငြားအံ့၊ ဒုက္ကဋ်အာပတ်သို့ရောက်၏။

## ၂ အံ့ဩစေခြင်း–ကုဟန (၃)ပါး

ပစ္စည်းရလို၍ အံ့ဩဖွယ်ဖြစ်အောင် ပြုမူခြင်းကို 'ကုဟန'ဟုခေါ်၏။ ဝိဘင်းပါဠိတော်လာ ကုဟန (၃)မျိုးမှာ အောက်ပါတို့ဖြစ်၏။

(၁) ပစ္စယပဋိသေဝနကုဟနဝတ္ထု – လာဘ်ပူဇော်သကာ, အကျော်အစောကိုမှီသော ယုတ်မာသည့်အလိုဆိုးရှိသော ယုတ်မာသည့်အလိုဆိုး နှိပ်စက်အပ်သော ရဟန်း၏ ပစ္စည်းကို မှီဝဲခြင်းဟုဆိုအပ်သော ပစ္စည်းရအောင် ထူးဆန်းအံ့ဩဖွယ်ကို ပြုလုပ်ခြင်း။

(၂) သာမန္တဇပ္ပနကုဟနဝတ္ထု – ဈာန်, မဂ်, ဖိုလ်တရားတို့ကို ရသလိုလို ဈာန်နား, မဂ်နားသို့ သီကာရိပ်ကာပြောဆိုခြင်း။

(၃) ဣရိယာပထကုဟနဝတ္ထု – ဣရိယာပုထ်ကို ကောင်းစွာထားခြင်း၊ ကောင်းစွာထားသည့်အခြင်းအရာဖြင့် ကြည်ညိုဖွယ်ရာ ပြုပြင်၍ထားခြင်း၊ မျက်မှောင် တကုတ်ကုတ် ပြုခြင်း၊ အံ့ဩဖွယ်ကိုဖြစ်စေခြင်း၊ အံ့ဩစေသောသူ၏အဖြစ်ကိုပြခြင်း။

"လာဘ်ပူဇော်သကာ အကျော်အစောကိုမှီသော" ဟူသည်ကား လာဘ်ရလိုခြင်း၊ သူတစ်ပါးတို့အား ပူဇော်သက္ကာရ, ရိုသေသမှုပြုစေလိုခြင်း၊ ကျော်စောလိုခြင်းတို့ကိုမှီသည်, တောင့်တသည်ဟု ဆိုလို၏။

"ယုတ်မာသည့်အလိုဆိုးရှိသော"ဟူသည်ကား မိမိ၌ထင်ရှားမရှိသည့် သဒ္ဓါ, သီလ စသောဂုဏ်များကို ရှိလေယောင်ယောင် သူတစ်ပါးတို့အားပြလိုသည့် အလိုဆိုးရှိခြင်းကို ဆိုလို၏။

### မဟာနိဒ္ဒေသပါဠိတော်လာ ကုဟနဝတ္ထု(၃)မျိုး

(၁) ပစ္စယပဋိသေဝနကုဟနဝတ္ထု

သက်န်းစသော ပစ္စည်းဖြင့် အလှူခံရန်ပင့်ဖိတ်ခံရသောရဟန်းသည် ထိုပစ္စည်းတို့ကို

http://www.dhammadownload.com



လိုချင်စိတ်ယိုဖိတ်မတတ်ရှိပါသော်လည်း အလိုဆိုးရှိသည်ဖြစ်၍ "ဤပစ္စည်းစုကို ငါ အလိုမရှိ"ဟုဆို၏။ ဒါယကာတို့က "အလွန်အလိုနည်းပေစွ၊ ငါတို့မှာ အကျင့်ကောင်း ပုဂ္ဂိုလ်မြတ်ကြီးကို လှူဒါန်းရလျှင် ကုသိုလ်ထူးကို ဆည်းပူးမိပေအံ့"ဟု နှလုံးသွင်းကြလျက် အကောင်းဆုံးသင်္ကန်းစသည့်ပစ္စည်းများကို လှူဒါန်းကြ၏။

ထိုရဟန်းက "သင်တို့ကိုသနားသဖြင့်သာ ဤပစ္စည်းစုကိုအလှူခံသည်"ဟု ဆို၏။

ထိုနေ့မှစ၍ အလှူခံယူကြောင်းသိသဖြင့် လှည်းကြီးလှည်းငယ်တို့ဖြင့်တိုက်၍ သူ့ထက် ငါကပ်လှူခြင်း၏အကြောင်းကို အံ့သြဖွယ်ရာပြုလုပ်သောကြောင့် ပစ္စယပဋိသေဝနကုဟန ဝတ္ထုဟု ဆိုအပ်၏။

တစ်ဖန် အလိုဆိုးရှိသောရဟန်းသည် သင်္ကန်း, ဆွမ်း, ကျောင်း, ဆေးပစ္စည်းများ လှူဒါန်းသည်ကို ပယ်စွန့်၍ ဤသို့ဆို၏–

"ကိလေသာကုန်ခန်းအောင် ကျင့်သောရဟန်းအဖို့ အဖိုးတန်သင်္ကန်းသည် အဘယ် အကျိုးရှိအံ့နည်း၊ သုသာန်, တံမြက်ချေးစု, အိမ်ဈေးမှစွန့်ပယ်သည့် ဟောင်းနွမ်းဆွေးမြေ့ သောအဝတ်စသည်တို့ကို သင်္ကန်းပြုလုပ်ချုပ်စပ်ပြီး ဝတ်ရုံအပ်၏။

"ရဟန်းအား အဖိုးထိုက်သောဆွမ်းသည် အဘယ်အကျိုးရှိအံ့နည်း။ ရဟန်းမည်သည် သပိတ်ကိုစွဲကာ ဆွမ်းရှာလည်၍ အိမ်စဉ်စုအပေါင်းမှ ကောင်းမကောင်း ရသမျှသောဆွမ်းဖြင့် ရောင့်ရဲရာ၏။

"ရဟန်းအား အဖိုးထိုက်သော ကျောင်းအိပ်ရာနေရာသည် အဘယ်အကျိုးရှိအံ့နည်း။ ရဟန်းမည်သည် သစ်ပင်ရင်း, လွင်တီးခေါင်တို့၌ နေထိုင်ခြင်းသာ လျောက်ပတ်၏။

"ရဟန်းအား အဖိုးထိုက်သောဆေးပစ္စည်းသည် အဘယ်အကျိုးရှိအံ့နည်း။ နွားကျင် ငယ်ပုပ်, သဖန်းခါးသီးတို့ကို ဆေးအဖြစ် သုံးဆောင်ခြင်းသည်သာ လျောက်ပတ်၏"။

ဤသို့ဆိုသောစကားအတိုင်း ခေါင်းပါးသောသင်္ကန်းကို ဝတ်ရုံ၏၊ ကြမ်းတမ်းသည့် ဆွမ်းကို သုံးဆောင်၏၊ ခေါင်းပါးသောကျောင်းအိပ်ရာနေရာ၌ နေ၏၊ ခေါင်းပါးယုတ်ညံ့ သည့်ဆေးဝါးများကို မှီဝဲ၏။

ဒါယကာများက "ဤရဟန်းသည် အလိုနည်း၏၊ ဒါယကာတို့နှင့် မရောပြွမ်း၊ အားထုတ်အပ်သည့် ဝီရိယရှိ၏၊ စုတင်၏ကျေးဇူးကို ဟောပြောတတ်၏"ဟုမှတ်ယူ၍ ပစ္စည်းလေးပါးတို့ဖြင့် ပင့်ဘိတ်ကြ၏၊ မရမက ပင့်ကြကုန်၏။

စိတ်ထားမရိုး သဘောဆိုးသော ရဟန်းက ဤသို့တရားဟော၏–

" အို–ဒါယကာတို့၊ မျက်မှောက်အကြောင်းသုံးပါးစုံညီပါမှ သဒ္ဓါတရားရှိသော အမျိုးသားတို့အား များစွာသောကောင်းမှုပုညတို့ တိုးပွားကုန်၏၊ (၁) ကံ, ကံ၏အကျိုးကို ယုံကြည်သောသဒ္ဓါတရားရှိခြင်း၊ (၂) လှူဖွယ်ဝတ္ထုထင်ရှားရှိခြင်း၊ (၃) တမလွန်လောကကို ယုံကြည်၍ လှူသောဝတ္ထုကို ခံယူထိုက်သည့် သီလဝန်, ဂုဏဝန်, သခင်မွန်, ရဟန်းမြတ်တို့

http://www.dhammadownload.com



ထင်ရှားရှိခြင်းတို့ ဖြစ်၏။

"ယခု သင်ဒါယကာတို့မှာ ငါ့ကို ကိုးစားယုံကြည်သော သဒ္ဓါတရားရှိ၏၊ လှူဖွယ်ဝတ္ထုလည်းရှိ၏၊ ငါဆရာတည်းဟူသော အလှူခံပုဂ္ဂိုလ်မြတ်လည်း ထင်ရှားရှိ၏။ အကယ်၍သာ ငါသည်အလှူမခံငြားအံ့၊ သင်တို့သည် ကုသိုလ်ကောင်းမှုမှအပဖြစ်ကြလိမ့်မည်။ ငါမလိုချင်ပါသော်လည်း သင်တို့ကိုသနားသဖြင့် အလှူခံရပေတော့အံ့"

ထိုစကားကိုစွဲ၍ များစွာသောသင်္ကန်း, ဆွမ်း, ကျောင်း, ဆေးပစ္စည်းတို့ကို ခံယူ၏။ ဤသို့သဘောရှိသော မျက်မှောင်တရှုံ့ရှုံ့ ပြုလေ့ရှိသောသူ၏ အံ့ဩစေခြင်းနှင့် အံ့ဩဖွယ်ပြုတတ်သည့်သူ၏အဖြစ်တို့သည် ရှိပေ၏။ ထိုအလုံးစုံသော အမူအရာတို့ကို ပစ္စယပဋိသေဝနကုဟနဝတ္ထုဟု ဆိုအပ်၏။

## (၂) သာမန္တဇပ္ပနကုဟနဝတ္ထု

ဈာန်, မဂ်, ဖိုလ်တရားထူးကို ရသလိုလို ဈာန်နား, မဂ်နားသို့ သိကာ့ရိပ်ကာပြောဆိုခြင်းဟူသော သာမန္တဇပ္ပန ကုဟနဝတ္ထု ဟူသည်မှာ အလိုဆိုးရှိသဖြင့် ဈာန်, မဂ်, ဖိုလ်ကိုရလေယောင်ပြောဆို၍ အံ့ဩဖွယ် ပြုမူခြင်းဖြစ်၏။

အရှင်သာရိပုတ္တရာဟောကြားထားပုံမှာ အချို့သောရဟန်းတို့သည် ယုတ်မာသော အလိုဆိုး နှိပ်စက်သောကြောင့် မိမိကို ဈာန်ရပုဂ္ဂိုလ်, အရိယာပုဂ္ဂိုလ်ဟု ချီးမွမ်းစေလို၍ အရိယာတို့၏တရားနှင့်စပ်သောစကားကို ပြောဆို၏။ "အကြင်ရဟန်းသည် ဤသို့သော သင်္ကန်း, သပိတ်, ရေစစ်, ခါးပန်းကြိုး, ဖိနပ် စသည့် ပရိက္ခရာကိုဆောင်၏။ ထိုသို့သဘောရှိသောရဟန်းသည် အလွန်တန်ခိုးကြီး၏။ အကြင်ရဟန်း၏ ဥပဇ္ဈာယ်ဆရာသည် ဤသို့သဘောရှိ၏။ ထိုဆရာသည် ငါနှင့်တူသော ဥပဇ္ဈာယ်ရှိ၏၊ တူသောဆရာရှိ၏၊ အဆွေခင်ပွန်းဖြစ်၏၊ အတူတကွ နေထိုင်ဖူးသော မိတ်ဆွေဖြစ်၏။ အကြင်ရဟန်းသည် တစ်ဘက်မိုးသောကျောင်း, ပြာသာဒ်, ကုဋီ, စုလစ်မွန်ချွန်တပ်သောကျောင်း, ပြအိုး, တန်ဆောင်း, ညီမူရာဇရပ်, မဏ္ဍပ်, သစ်ပင်ရင်း၌နေ၏။ ထိုရဟန်းသည် အလွန်တန်ခိုးကြီးမား၏"ဟု မိမိသုံးဆောင်သောပရိက္ခရာ, ကျောင်း, မိမိ၏ဆရာ, မိတ်ဆွေတို့နှင့် နှိုင်းချင့်၍ပြော၏။

တစ်ဖန် စက်ဆုပ်ရွံရှာဖွယ် မြူအညစ်အကြေးနှင့်တူသော မကောင်းသောအလိုဆိုးဖြင့် ကိုယ်နှုတ်ကိုလွန်စွာအကျုံးမဲ့အောင် နှိပ်ကွပ်သည်ဖြစ်၍ ကုတ်ကုတ်ယုတ်ယုတ်နေလေယောင် မျက်မှောင်ကုတ်လျက် အလွန်အံ့ဩဖွယ်ကို ဖြစ်စေ၏၊ ပြောဆို၏။ မိမိဆိုသောစကားဖြင့် သူတစ်ပါးတို့က ချီးမွမ်း၍ "ဤရဟန်းသည် ဤမည်သောသမာပတ်ကို ရလေ၏"ဟု အထင်ရောက်အောင် နက်နဲ, လျှို့ဝှက်, သိမ်မွေ့သော လောကုတ္တရာဖြစ်သော သုညတနှင့်စပ်သည့်စကားကို ပြောဆို၏။ ဤသို့သဘောရှိသော အံ့ဩဖွယ်ပြုခြင်းနှင့် အံ့ဩဖွယ်ပြုသည်၏အဖြစ်တို့ကို သာမန္တဇပ္ပနကုဟနဝတ္ထုဟုဆိုအပ်၏။

http://www.dhammadownload.com



(၃) ဣရိယာပထ သန္နိဿိတကုဟနဝတ္ထု

ယုတ်မာသောအလိုဆိုးရှိ၍ မိမိကို သူတစ်ပါးက အရိယာသူတော်ကောင်းဟု ချီးမွမ်းစေလိုသောကြောင့် အနေအထိုင်, အသွားအလာ, ဣရိယာပုထ်ကို အံ့ဩဖွယ်ပြု၏။ အရှင်သာရိပုတ္တရာ ဟောကြားထားပုံမှာ- ဤသာသနာတော်၌ အချို့သောရဟန်းတို့သည် ယုတ်မာသည့်အလိုဆိုးရှိ၏၊ ယုတ်မာသောအလိုဆိုးနှိပ်စက်သောကြောင့် မိမိကို ဈာန်ရ ပုဂ္ဂိုလ်, အရိယာပုဂ္ဂိုလ်ဟု ချီးမွမ်းစေလိုသဖြင့် တရားထူးရသော အရိယာပုဂ္ဂိုလ်များ၏ သွားခြင်းကဲ့သို့ သတိသမ္ပဇဉ် မကင်းသည့်သွားလေဟန်ကို ဆောင်၏။ 'ရဟန္တာဟု ငါ့ကို သူများသိပါစေသား' ဟု တောင့်တ၍သွား၏၊ ထိုင်၏၊ ရပ်၏၊ အိပ်၏၊ ဈာန်ဝင်စား သကဲ့သို့ ပြုမူ၏။

ဤသို့သဘောရှိသော ဣရိယာပုထ်ကို ထားခြင်း၊ ရိုသေစွာ ပြုပြင်ခြင်း၊ ကောင်းစွာထားခြင်း၊ မျက်မှောက်တကုတ်ကုတ်ရှိသူ၏အဖြစ်ကိုပြုခြင်း၊ အံ့ဩဖွယ်ပြု ခြင်းတို့ကို ဣရိယာပထ သန္နိဿိတကုဟနဝတ္ထုဟူ၍ သိအပ်၏။

## ၃ ချီးမြှောက်၍ပြောခြင်း–လပန(၁၃)ပါး

လာဘ်ပူဇော်သကာ, အကျော်အစောကို တဏှာနှင့်တပ်မက်မော၍ ယုတ်မာ သည့်အလိုဆိုးရှိသော သမ္မာအာဇီဝမှကင်းသည်ကိုပြုသောရဟန်းသည် အောက်ပါနည်း (၁၃)မျိုးဖြင့် ဒါယကာတို့အား လာဘ်လာဘနှင့်စပ်သောစကားကို ပြော၏။

၁။ အာလပန – ဒါယကာတို့အား လက်ဦးစွာခေါ်၍ လာဘ်လာဘနှင့်စပ်သောစကား ကို ပြောဆိုခြင်း၊

(၁) ကျောင်းသို့လာသူတို့ကိုမြင်၍ "အို–ဒါယကာတို့၊ အဘယ်အကျိုးငှာ လာကြသနည်း၊ ရဟန်းတို့ကို ပင့်ဘိတ်ရန်လာကြသလော။ ပင့်ဘိတ်ရန် လာသည်ဖြစ်အံ့၊ သင်တို့သွားနှင့်ကြ။ ငါသည် သပိတ်ကိုယူ၍ နောက်ကလိုက်ခဲ့အံ့"ဟု ဆို၏။

(၂) မိမိကိုယ်ကိုဆောင်၍ "တိဿ၊ တိဿဟု ကျော်တာ ငါပဲ၊ ငါ့ကိုရေမြေသနင်း ပြည့်ရှင်မင်းက ကြည်ညိုတော်မူတယ်၊ မှူးမတ်တို့က ကြည်ညိုကြတယ်" ဟု မိမိကိုယ်ကို ဖော်ကာဖော်ကာကြွားဝါ၏။

၂။ လပန – ဒါယကာတို့မေး၍ ပြောခြင်း။

၃။ သလ္လပန – ဒါယကာတို့အား ခွင့်ပေး၍ပြောခြင်း။

၄။ ဥလ္လပန – ဒါယကာတို့ကို မြှောက်မြှောက်ပင့်ပင့် ပြောခြင်း။

"အို–သူဌေးမင်း၊ အို–လှေသူကြီးမင်း၊ အို–အလှူ့ရှင်ကြီး၊ ဘုရားဒါယကာကြီး၊ ကျောင်း ဒကာကြီး" စသည်ဖြင့် မြှောက်ပင့်၍ ပြောဆို၏။

၅။ သမုလ္လပနာ– ချီးချီးပင့်ပင့် သာသာယာယာပြောခြင်း။

၆။ ဥန္နဟနာ – ဒါယကာတို့ကိုချီးမြှောက်၍ ပစ္စည်းလှူခြင်းမှ မလွတ်သာအောင်တရစ် ရစ်ပြောခြင်း

(၁) "အို–ဒါယကာတို့၊ ရှေးက ယခုလိုအခါမှာ ကောက်ဦးအလှူပြုကြတယ်၊ ယခုအဘယ်ကြောင့် မလှူကြသလဲ"ဟုဆို၍ ဒါယကာတို့က "အရှင်ဘုရား – လှူပါအံ့၊ လှူရန်အခွင့်မရ၊ မအားလပ်ကြသေးပါ"ဟု ဆို၏။ ဤသို့ လှူရန်ဝန်ခံစကားကို မရမနေ တရစ်ပတ်ပတ်ပြောဆိုခြင်းကို ဥန္နဟနာဟုခေါ်သည်။

(၂) ကြံကိုင်လာသူကိုမြင်၍ "အို–ဒါယကာ၊ အဘယ်ကို ယူဆောင်လာပါသလဲ" ဟုမေး၏။ "အရှင်ဘုရား–ကြံခင်းကကြံကိုယူလာပါတယ်"ဟုဆိုသော် "ကြံခင်းကကြံဟာ ချိုရဲ့လား"ဟု တစ်ဖန်မေးပြန်၏။ "အရှင်ဘုရား စားကြည့်ရင် ချိုမချို သိရပါမည်"ဟု ဆိုသော် "အို–ဒါယကာ၊ ရဟန်းဟာ ကြံကိုလှူပါလို့ ဆိုခြင်းငှာမအပ်"ဟုဆို၏။ ဤသို့ မလှူဘဲမနေသာအောင် ရစ်ပတ်ပြောဆိုခြင်းသည် ဥန္နဟနာဟု မှတ်အပ်၏။

၇။ သမုန္နဟနာ – အဖန်ဖန်အထပ်ထပ် တရစ်ပတ်ပတ်ပြောဆိုခြင်း။

၈။ ဥက္ကာစနာ – ဒါယကာ၏ဂုဏ်ကိုဖော်ပြ၍ မြှောက်ပင့်ပြောခြင်း။

၉။ သမုက္ကာစနာ – အဖန်တလဲလဲ မြှောက်ပင့်ပြောဆိုခြင်း။

၁၀။ပိယဘာဏိတာ – ချစ်ဖွယ်သောစကားကိုသာ အဖန်တလဲလဲပြောခြင်း။

၁၁။စာဋုကမျတာ – ဒါယကာတို့ ချစ်မြတ်နိုးရန် မိမိကိုယ်ကို နှိမ့်နှိမ့်ချချကျင့်ခြင်း။

၁၂။မုဂ္ဂသူပျတာ – အမှန်နည်းပါး မမှန်များလျက် ပဲနောက်ဟင်းနှင့်တူသောစကားကို ပြောဆိုခြင်း။

၁၃။ပါရိဘဋျတာ – ဒါယကာတို့၏ကလေးကို ချော့မော့ချီပိုးခြင်း။

## ၄ နိမိတ်ပြ၍ပြောခြင်း – နိမိတ္တကတာ(၆)ပါး

၁။ နိမိတ္တ – လာဘ်ပူဇော်သကာ, အကျော်အစောကို တဏှာဖြင့်မှီသော ယုတ်မာသည့် အလိုဆိုးရှိသောရဟန်းသည် ဒါယကာတို့အား ပေးလှူရန်အတွက် အမှတ်သညာကိုဖြစ် စေသော ကိုယ်အမူအရာ, နှုတ်အမူအရာ, နိမိတ်ကိုပြ၍ပြောခြင်း။

၂။ နိမိတ္တကမ္မ – နိမိတ်အမှတ်လက္ခဏာကို ပြုခြင်း။

ခဲဖွယ်စားဖွယ်ယူဆောင်သွားသူကိုမြင်၍ "ဘာစားစရာရခဲ့သလဲ၊ စားစရာရခဲ့ရဲ့လား" စသည်ဖြင့် အရိပ်နိမိတ်ပြုခြင်းပေတည်း။

၃။ ဩဘာသ – မိမိ၏အလိုကို အရိပ်ပြသော ပစ္စည်းနှင့်စပ်သည့်စကားကို ပြောခြင်း။

၄။ ဩဘာသကမ္မ – မိမိလိုချင်သည်ကို အရိပ်ပြခြင်း။

နွားငယ်များထိန်းကျောင်းသူကိုမြင်၍ "ဤနွားငယ်တို့ဟာ နို့စို့နွားငယ်တွေလား၊ ရက် တက်ရည်သောက်တဲ့နွားငယ်တွေလား"ဟု မေး၏။ "ဤနွားငယ်တို့ဟာ နို့စို့နွားငယ်

http://www.dhammadownload.com

http://www.dhammadownload.com



တွေပါ"ဟု ဆိုသော် "နို့စို့နွားငယ်တွေ မဟုတ်ပါဘူး၊ နို့စို့နွားငယ်တွေသာ တကယ်ဖြစ်ရင် ရဟန်းများလည်း နို့ရမှာပဲ" ဟု ဆို၏။ ဤသို့သောနည်းဖြင့် ထိုနွားကျောင်းသားသူငယ်တို့အား မိဘတို့ကိုတိုက်တွန်း၍ နို့လှူစေခြင်းသည် ဩဘာသကမ္မ မည်၏။

၅။ သာမန္တဇပ္ပန – လိုအပ်သောဝတ္ထု၏အနီးအနားသို့ သီ၍ပြောခြင်း

အိမ်သို့ကပ်တတ်သော ရဟန်းတစ်ပါးသည် ဆွမ်းစားလို၍ အိမ်ထဲဝင်ထိုင် နေ၏။ အိမ်ရှင်မသည် မလှူဒါန်းလိုသဖြင့် ဆန်မရှိပါဟု မြည်တွန်ညည်းညူ၍ အိမ်နီးချင်းအိမ်သို့ ဆန်ရှာဟန်ဆောင်ကာ သွား၏။ ထိုရဟန်းသည် အိမ်တွင်းသို့ ဝင်ကြည့်သော် တံခါးထောင့်၌ထောင်ထားသောကြံချောင်းကြီးနှင့် အိုးထဲ၌ တင်လဲထန်းလျက်ခဲကြီး၊ တောင်းထဲ၌ ငါးရံ့ခြောက်ပြားကြီး၊ အိုးထဲ၌ဆန်များနှင့် အိုးငယ်တစ်ခု၌ ထောပတ်ကိုမြင်၏။ ထိုနောက် နေမြဲနေရာတွင် ဣန္ဒြေမပျက်ထိုင်နေ၏။

အိမ်ရှင်မသည် ဆန်ရှာ၍မရကြောင်း မြည်တမ်းပြောဆိုကာ ပြန်လာ၏။ ရဟန်းက "အို–ဒကာမကြီး၊ ယနေ့စောစောကပင် ငါ့မှာဆွမ်းမပြည့်စုံလတ္တံ့သောနိမိတ် ထင်လာပါ၏"ဟု ဆို၏။ "အရှင်ဘုရား–ဘယ်လိုနိမိတ်ထင်ပါသလဲ"ဟုမေးသော် "အို–ဒကာမကြီး ငါသည်သင်၏အိမ်တံခါးကြားမှ ထောင်ထားတဲ့ ကြံချောင်းလောက်ကြီးတဲ့ မြွေကြီးတစ်ကောင်ကို လမ်းမှာတွေ့ခဲ့ရတယ်။ ထိုမြွေကို ပစ်ခတ်မည်ဟုကြည့်တဲ့အခါ သင့်ခွက်ထဲမှာရှိတဲ့ ထန်းလျက်ခဲကြီးလောက်ကြီးတဲ့ ကျောက်ခဲကိုတွေ့ရတယ်။ ဒီကျောက်ခဲကြီးနဲ့ မြွေကိုပစ်ပေါက်လိုက်တော့ မြွေကြီးက ပါးပျဉ်းကြီးကိုဖြန့်လိုက်တာ ဒကာမရဲ့တောင်းထဲက ငါးရံ့ခြောက်ပြားကြီးလောက် ရှိလေရဲ့။ ဒီကျောက်ခဲကြီးကို ကိုက်မယ်လို့ ပါးစပ်ဖြဲလိုက်တဲ့ မြွေကြီးရဲ့သွားတွေဟာ ဒကာမရဲ့ အိုးထဲက ဆန်စေ့များလို ဖြူဖွေးနေတာပဲ။ တရှူးရှူးနဲ့ စိတ်ဆိုးတဲ့မြွေကြီးက ထွက်လာတဲ့အဆိပ်နဲ့ရောတဲ့ အမြှုပ်တွေဟာ ဒကာမရဲ့အိုးထဲက ထောပတ်လိုပါပဲ"ဟု ဆို၏။

အိမ်ရှင်မက "ဤကတုံးကိုဖြင့် လိမ်လို့ရတော့မှာ မဟုတ်ဘူး "ဟု သိ၍ ကြံကိုလှူ၏၊ ဆွမ်းချက်ပြီးလျှင် ထောပတ်၊ ငါးရံ့ခြောက်၊ ထန်းလျက်ခဲကြီးများနှင့်အတူ ကပ်လှူရလေ၏။

ဤဝတ္ထု၌ကဲ့သို့ မိမိလိုအပ်သောဝတ္ထု၏အနီးအနားသို့ သီကာရိပ်ကာ ပြောဆိုခြင်းကို 'သာမန္တဇပ္ပန'ဟု သိအပ်၏။

၆။ ပရိကထာ – ပစ္စည်းရရန် တရစ်ပတ်ပတ် တဝေ့လည်လည် ပြောဆိုခြင်းဖြစ်၏။

## ၅ ဖိနှိပ်၍ပြောဆိုခြင်း – နိပ္ပေသိကတာ(၁၀)ပါး

လာဘ်ပူဇော်သက္ကာ၊ အကျော်အစောကို တဏှာဖြင့်မှီသော ယုတ်မာသည့် အလိုဆိုးရှိသော ရဟန်းသည် ဒါယကာ၊ ဒါယိကာမတို့အား ဆဲရေးအံ့သည်မှ ကြောက်ရွံ့၍

http://www.dhammadownload.com



ပေးလှူစေရန် နှလုံးသွင်းပြီးလျှင် ဆယ်ပါးသောဆဲရေးခြင်းဖြင့် ဆဲရေး၏။

၁။ မလှူဘဲ မနေရဲအောင် နှိပ်နှိပ်စက်စက်ပြောဆို၏။

၂။ ကဲ့ရဲ့ရှုတ်ချကာ ပြောဆို၏။

၃။ ဒါယကာတို့ကို ပစ်ပယ်၍ ပြောဆို၏။

၄။ မခံသာအောင် ချီးဆောင့်၍ ပြောဆို၏။

၅။ စကားဖြင့် စောင်းချိတ်၍ ပြက်ရယ်ပြု၏။

၆။ "ဤသူကို အဘယ်ကြောင့် မလှူဘူးဟုဆိုသလဲ၊ ဤသူသည် ငါအရှင်တို့အားအမြဲနိစ္စ ထာဝရပင် 'မရှိပါ' စကားဖြင့် အများကြီးလှူတတ်သူမဟုတ်ပါလား" ဟု ပြောင်လှောင် ပြောဆို၏။

၇။ မလှူသောသူ၏အဖြစ်သို့ ရောက်စေ၏။

၈။ မလှူသောသူ၏အဖြစ်သို့ အချင်းခပ်သိမ်း ရောက်စေ၏။

၉။ ဤသို့ပြောဆိုခြင်းဖြင့် ဤသူအရှက်ရရန် လှူလိမ့်မည်ဟူသော အလိုဆိုးဖြင့် ကျေးဇူးမဲ့အထွေထွေကို ရှာရှာဖွေဖွေပြောဆို၏။

၁၀။ရှေ့တွင်ချီးမွမ်း၍ ကွယ်ရာမှာ ရှုတ်ချပြောဆို၏။

ဤဆိုခဲ့ပြီးသောအလုံးစုံကို သူတစ်ပါး၏ဂုဏ်ကျေးဇူးကို မှုန့်မှုန့်ညက်ညက် ချေဖျက်တတ်သော ဖိနှိပ်၍ပြောဆိုခြင်းကို "နိပ္ပေသိကတာ"ဟု ဆိုအပ်၏။

၆ လာဘ်ဖြင့်လာဘ်ရအောင်သွေးဆောင်ခြင်း–လာဘေနလာဘနိဇိဂီသနတာ

လာဘ်ပူဇော်သကာ, အကျော်အစောကိုမှီသော ယုတ်မာသည့်အလိုဆိုး ရှိသော ယုတ်မာသည့်အလိုဆိုးနှိပ်စက်အပ်သော ရဟန်းသည် ဤအိမ်မှရသော ဆွမ်း စသည့် အာမိသကို ထိုအိမ်သို့ဆောင်၏။ ထိုအိမ်မှရသောဆွမ်းစသည့်အာမိသကိုလည်း ဤအိမ်သို့ တစ်ဖန်ဆောင်ခဲ့၏။ ဤသို့သဘောရှိသော ဆွမ်းစသည့်အာမိသဖြင့် အာမိသကိုရှာခြင်း, ရအောင်ပြုခြင်း, အဖန်ဖန်ရှာဖွေခြင်း, တောင့်တခြင်း, တောင့်တောင့်တတရှာခြင်း, အဖန် တလဲလဲရှာခြင်းသည် ရပြီးသောလာဘ်ဖြင့်မရသေးသောလာဘ်ကိုရှာခြင်း 'လာဘေန လာဘနိဇိဂီသနတာ'ဟု ဆိုအပ်၏။

(ဃ) ပစ္စယသန္နိဿိတသီလ

သင်္ကန်း, ဆွမ်း, ကျောင်း, ဆေးဟူသော ပစ္စည်းလေးပါးကို မှီဝဲ သုံးဆောင်ရာ၌ ကိလေသာများမဖြစ်ပွားအောင် ပညာဖြင့်ဆင်ခြင်၍ မှီဝဲအပ်၏။ သင်္ကန်းကို ပညာဖြင့် ဆင်ခြင်၍မှီဝဲ၏။ ဆွမ်းကို ပညာဖြင့်ဆင်ခြင်၍ မှီဝဲ၏။ ကျောင်းအိပ်ရာ နေရာကို ပညာဖြင့်ဆင်ခြင်၍ မှီဝဲ၏။ ဆေးပစ္စည်းများကို ပညာဖြင့်ဆင်ခြင်၍ မှီဝဲ၏။

http://www.dhammadownload.com



**သင်္ကန်း၌ဆင်ခြင်နည်း**

*ချမ်းပူကိုဖျက်၊ ခြင်–မှက်–လေ–နေ၊ ကင်း–မြွေ–လွဲသုန်၊ ဟိရိဂုဏ်ကို၊ ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို၊ ကိုယ်ကိုစမွယ်၊ ဆင်ယင်မယ်ဟု၊ စိတ်ဝယ်မညီတမ်း၊ ဤသင်္ကန်းကို ဖုံးလွှမ်းသုံးဆောင်ပါသတည်း။*

**ဆွမ်း၌ဆင်ခြင်နည်း**

*ဤသည့်စားဖွယ်၊ အမယ်မယ်ကို မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊ လေးဖြာခတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတန်း၊ မဆောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု သုံးဆောင်မှီဝဲပါသတည်း။*

**ကျောင်း၌ဆင်ခြင်နည်း**

*ချမ်းပူကိုဖျက်၊ ခြင်–မှက်–လေ–နေ၊ ကင်း–မြွေထေးမှု၊ ဥတုဘေးချမ်း၊ မသန်းကင်းစင်၊ စိတ်ကြည်လင်ကြောင်း၊ နေရာကျောင်းကို၊ ကိန်းအောင်းမှီခိုပါသတည်း။*

**ဆေး၌ဆင်ခြင်နည်း**

*ကျင်နာခံခက်၊ နှိပ်စက်ဖိစီး၊ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာကို၊ စွန့်ခွာပယ်လျှင်း ဆင်းရဲကင်း၍၊ လူမင်းမြတ်စွာ၊ သာသနာကို၊ ကြည်သာရွှင်လန်း၊ ဖြည့်ကျင့်စွမ်းဖို့၊ ရည်မှန်းသုံးဆောင်ပါသတည်း။*

**ကျန်ပစ္စည်း၌ဆင်ခြင်နည်း**

*ဘိနပ်ဆီမီး၊ ထီးတောင်ဝှေးစ၊ ဟူသမျှကို၊ အေးမြချမ်းပူ၊ မြေငှုသစ်ငုတ်၊ ခလုတ်ဆူးငြောင့်၊ မနှောင့်ဘေးဘျမ်း၊ မသန်းကင်းစင်၊ စိတ်ကြည်လင်၍၊ အားအင်ပြည့်မာ၊ သာသနာကို၊ ကောင်းစွာကျင့်ဆောင်၊ ဖြည့်နိုင်အောင်ဟု သုံးဆောင်မှီဝဲပါသတည်း။*

**စုပေါင်း၍အကျဉ်းဆင်ခြင်နည်း**

*အသက်ရှည်ကြာ၊ ဆေးရောဂါတို့၊ ကိုယ်မှာမကပ်၊ ပရိယတ်နှင့်၊ ပဋိပတ်ရေး၊ မျှော်ထောက်တွေး၍၊ ဤဆေးဤဆွမ်း၊ ဤသင်္ကန်းနှင့်၊ ရွှင်လန်းဖွယ်ကောင်း၊ ဤစုံကျောင်းကို၊ မှီအောင်းသုံးစွဲပါသတည်း။*

* **စတုပါရိသုဒ္ဓိသီလ သမ္ဘာဒနဝိဓိ**

**စတုပါရိသုဒ္ဓိသီလလေးပါးကို ပြည့်စုံစေပုံ**

ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလနှင့် ပစ္စယသန္နိသိတသီလတို့သည် ထက်ဝန်းကျင်စင်ကြယ်အောင် စောင့်ထိန်းအပ်သော စတုပါရိသုဒ္ဓိသီလ မည်၏။

http://www.dhammadownload.com



## ပါတိမောက္ခသံဝရသီလကို သဒ္ဓါတရားဖြင့် ပြီးပြည့်စုံစေအပ်ခြင်း

ဤစကားမှန်၏။ အကြောင်းမှာ ပါတိမောက္ခသံဝရသီလသည် သဒ္ဓါတရားတည်းဟူသောအကြောင်းကြောင့်သာ ပြည့်စုံနိုင်၏။ သိက္ခာပုဒ်တို့ကို ပညတ်ခြင်းသည် တပည့်သာဝကတို့၏အရာမဟုတ်၊ သာဝကတို့၏အရာကို လွန်၏။ ဘုရားရှင် အရာသာဖြစ်၏။ သို့အတွက် အရှင်သာရိပုတ္တရာက "သိက္ခာပုဒ်ပညတ်တော်မူပါ" ဟု တောင်းပန်သည်ကို မြတ်စွာဘုရားပယ်တော်မူခြင်းဖြစ်၏။

ဘုရားရှင်ပညတ်ထားတော်မူသော သိက္ခာပုဒ်များကို ရဟန်းတို့သည် ဘုရားရှင်၏ တရားတော်များကို ယုံကြည်သောအားဖြင့် အကြွင်းမရှိ၊ ကောင်းစွာဆောက်တည်၍ အသက်ကိုသော်လည်း ငဲ့ကွက်တွယ်တာခြင်းမပြုမူ၍ ပြည့်စုံစေအပ်၏။

"ကိကီအမည်ရှိသောယစ်မသည် အသက်သေအံ့သည်ကို မငဲ့ကွက်ဘဲ မိမိ၏ဥများကို စောင့်ရှောက်သကဲ့သို့၊ စာမရီမည်သောသားကောင်သည် အသက်သေအံ့သည်ကို မထောက်ဘဲ မိမိ၏အမြီးဆံကို စောင့်ရှောက်သကဲ့သို့၊ တစ်ယောက်တည်းသောသားကို မိဘတို့သည် အလွန်ချစ်လှသည်ဖြစ်၍ အထူးစောင့်ရှောက်သကဲ့သို့၊ မျက်စိတစ်ဘက်သာရှိသောသူသည် ထိုတစ်ဘက်သာကျန်သောမျက်စိကို အထူးဂရုပြု၍စောင့်ရှောက်သကဲ့သို့၊ ထို့အတူသာလျှင် သီလကို အစဉ်စောင့်ရှောက်ကြကုန်လော့။ သီလကို ကောင်းစွာချစ်ခင်ကြကုန်သည် အခါခပ်သိမ်း ရိုသေသမှုပြု၍ ကျင့်ကြကုန်သည် ဖြစ်ကြပါကုန်လော့" ဟု မြတ်စွာဘုရားမိန့်ကြားတော်မူ၏။

ထို့အပြင် "အို – မြတ်သောမင်းကြီး၊ မဟာသမုဒ္ဒရာရေသည် ကမ်းကိုမလွန်သကဲ့သို့ ထို့အတူပင်လျှင် ငါဘုရားသည် တပည့်သားတော်တို့အား အကြင်သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ ထိုသိက္ခာပုဒ်ကို ငါ၏တပည့်သားတော်တို့သည် အသက်သေအံ့ဟူသော အကြောင်းကြောင့်လည်း မလွန်ကျူးကြကုန်" ဟု မိန့်တော်မူ၏။

### အသက်သေအံ့ဟူသောအကြောင်းကြောင့်လည်း သိက္ခာပုဒ်ကို မလွန်ကျူးကြသည့် ရဟန်းတော်များ

(၁) ညောင်ပင်ကြီးတစ်ပင်ရှိသော ဟိမဝန္တာတောအုပ်ကြီး၌ မထေရ်တစ်ပါးကို ခိုးသားဓားပြတို့သည် နွယ်ငန်းဖြင့်တုပ်နှောင်၍ အိပ်နေစေ၏။ မထေရ်သည်ထားသည့်အတိုင်းလျောင်းနေစဉ် ခုနစ်ရက်တို့ပတ်လုံး ဝိပဿနာပွားသဖြင့် အနာဂါမိဖိုလ်သို့ရောက်၏။ ထိုနေရာ၌ပင် ပျံလွန်တော်မူသောအခါ ဗြဟ္မာ့ဘုံ၌ဖြစ်လေ၏။

(၂) သီရိလင်္ကာ၌ မထေရ်တစ်ပါးကို ခိုးသားတို့ဖမ်းဆီး၍ ဆင်သမားနွယ်ဖြင့် ချည်နှောင်တုပ်ဖွဲ့ပြီးလျှင် အိပ်လျက်နေစေ၏။ တောမီးလောင်လာရာတွင် ထိုမထေရ်သည် ချည်ထားသောနွယ်များကို မဖြတ်မူ၍ ဝိပဿနာရှုပွားသဖြင့် သမသီသိရဟန္တာပုဂ္ဂိုလ်

http://www.dhammadownload.com



ဖြစ်တော်မူ၏၊ ထို့နောက် မီးလောင်ကျွမ်းသဖြင့် ပရိနိဗ္ဗာန်ပြုလေ၏။

## ဣန္ဒြိယသံဝရသီလကို သတိဖြင့် ပြီးပြည့်စုံစေအပ်ခြင်း

ထိုစကားမှန်၏။ ဣန္ဒြိယသံဝရသီလသည် သတိကြောင့် ပြီးပြည့်စုံနိုင်၏။ အကြောင်းမှာ သတိသည် စောင့်ရှောက်စိုးအုပ် သိမ်းဆည်းအပ်သည်ဖြစ်၍ သတိမြဲစွာ တည်သည်ရှိသော် စက္ခုစသော ဣန္ဒြေတို့မှာ အဘိဇ္ဈာ၊ ဒေါမနဿစသည့် ကိလေသာတရားတို့ မတိုးမဝင် အစဉ်မလိုက်နိုင်သောကြောင့်ပေတည်း။

"အို--ရဟန်းတို့၊ အလျှံတပြောင်ပြောင်တောက်လောင်လျက်ရှိသော လောလော ပူသည့်သံချောင်းဖြင့် မျက်စိတည်းဟူသောစက္ခုန္ဒြေကို ထက်ဝန်းကျင်မှလှည့်ပတ်၍ မွှေခြင်းသည် မြတ်လှချေသေး၏။ စက္ခုဝိညာဏ်ဖြင့်သိအပ်ကုန်သော ရူပါရုံတို့၌ ကိလေသာတို့ကို အစဉ်ဖြစ်ပွားစေအောင် မိန်းမ, ယောက်ျား စသည့်နိမိတ်အမှတ်ကို ယူခြင်းသည် မမြတ်သည်သာတည်း" စသောနည်းဖြင့် အာဒိတ္တဒေသနာကို မြတ်စွာဘုရားဟောကြားတော်မူ၏။

သို့အတွက် ဤဒေသနာတော်ကို အစဉ်အောက်မေ့၍ ရူပါရုံအစရှိကုန်သော အာရုံတို့၌ သုဘနိမိတ်စသည်ကို စက္ခုဒွါရစသည်တို့မှဖြစ်သော ဇော, ဝိညာဏ်တို့၏အဘိဇ္ဈာစသည် တို့က အစဉ်လိုက်၍ ဖွဲ့လန်းခြင်းကို မမေ့မလျော့ မပေါ့မလစ်သော သတိဖြင့် တားမြစ်ကာ ဣန္ဒြိယသံဝရသီလကို ကောင်းစွာပြည့်စုံစေအပ်၏။

## ပါတိမောက္ခသံဝရသီလနှင့် ဣန္ဒြိယသံဝရသီလတို့ ဆက်စပ်ပုံ

ဣန္ဒြိယသံဝရသီလကို မပြည့်စုံစေအပ်သော် ပါတိမောက္ခသံဝရသီလသည်လည်း အရှည်မခံ၊ မြင့်ရှည်စွာမတည်နိုင်ပါ။ ဥပမာသော်ကား –

(၁) ကောင်းစွာပြုပြင်ကာရံခြင်းမရှိသော ကောက်ပင်သည် အရှည်မခံ၊ မြင့်ရှည်စွာ မတည် နိုင်သကဲ့သို့၊

(၂) သူခိုးတို့သည် တံခါးဟင်းလင်းပွင့်လျက်နေသောရွာကို ညှင်းပန်း နှိပ်စက်နိုင်သကဲ့သို့၊

(၃) အမိုးပျက်စီးနေသောအိမ်ကို မိုးရေတို့သည် ထက်ဝန်းကျင်မှ ဝင်ရောက်ဘိသကဲ့သို့၊

ထို့အတူ စက္ခုစသော ဣန္ဒြေတို့ကိုမစောင့်စည်းသောပုဂ္ဂိုလ်၏စိတ်ကိုလည်း ရာဂ သည်ထက်ဝန်းကျင်မှအစဉ်မပြတ် ဝင်ရောက်နှောင့်ယှက်နိုင်ပါသည်။

"ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ကြောင့် အကျိုးမဲ့မဖြစ်စေရန် စက္ခု စသောဣန္ဒြေကို စောင့်စည်းကြကုန်လော့။ ခိုးသူတို့သည် ရွာကိုနှိပ်စက်ညှင်းပန်းဘိသကဲ့ သို့ စောင့်စည်းခြင်းကင်းမဲ့၍ ဟင်းလင်းဖွင့်ထားသော ဒွါရတံခါးရှိသူကို အကုသိုလ်တရား တို့သည် နှိပ်စက်ညှဉ်းပန်းကုန်၏။

"မကောင်းသဖြင့် မိုးအပ်သောအိမ်ကို မိုးရေမိုးပေါက်တို့သည် ထိုးဖောက်ဝင်ရောက်၍

http://www.dhammadownload.com



ရွှံ့ရွှံ့ဖွတ်စိုစေသကဲ့သို့ ဤအတူပင် သတိတရားဖြင့် စောင့်စည်းခြင်းမရှိသော စိတ်ကို ရာဂတည်းဟူသောမိုးသည် ထိုးဖောက်ဝင်ရောက်၍ စွတ်စိုစေ၏။"

ဤသို့ ဟောကြားသောဒေသနာများသည် အလွန်စောင့်စည်းခြင်းသံဝရကို ပြသော ဒေသနာတော်များ ဖြစ်ပေ၏။ စိတ်သည် လျင်မြန်စွာဖြစ်ရကား ဖြစ်ပေါ်လာသော ရာဂကို အသုဘကိုနှလုံးသွင်းခြင်းအားဖြင့် ပယ်ဖျောက်၍ ဣန္ဒြိယသံဝရသီလကို ပြီးပြည့်စုံစေအပ်၏။

## ဣန္ဒြိယသံဝရသီလကို စောင့်စည်းသောစံပြပုဂ္ဂိုလ်များ

### ၁။ အရှင်ဝင်္ဂီသမထေရ်

ရဟန်းပြုသစ်စဖြစ်သော ဝင်္ဂီသမထေရ်သည် ဆွမ်းခံကြွစဉ် အလွန်လှပသော မိန်းမ တစ်ဦးကိုမြင်၍ တပ်မက်ခြင်းရာဂပြင်းစွာဖြစ်ပေါ်၏။ ထိုအခါ အရှင်အာနန္ဒာမထေရ်အား ဤသို့လျှောက်ထား၏–

"အရှင်အာနန္ဒာဘုရား–အကျွန်ုပ်ကို ကာမရာဂဟူသည့်မီးပြင်းသည် အတင်းလောင် မြိုက်ပါ၏၊ အကျွန်ုပ်၏စိတ်ကို တောက်လောက်၍ နေပါ၏။ တောင်းပန်ပါသည်။ အစဉ် သနားသောအားဖြင့် ရာဂမီးတောက်ပျောက်ပျက်ငြိမ်းအေးကြောင်းကို ဟောကြားတော်မူ ပါဘုရား"

အရှင်အာနန္ဒာက ဤသို့ညွှန်ကြား၏–"အို–ငါ့ရှင်ဝင်္ဂီသ၊ အမှတ်သညာ၏ ဖောက်ပြန် ခြင်းကြောင့် သင်၏စိတ်ကို ရာဂမီးသည် ဖိစီးတောက်လောင်ချေ၏။ ရာဂစိတ်ဖြစ်ပေါ် စေသည့်အာရုံနိမိတ်ကို ကြဉ်ဖယ်ပါလော့။ မတင့်မတယ် စက်ဆုပ်ဖွယ်ဟု အောက်မေ့သော အသုဘဘာဝနာကို ပွားများလော့။ သင့်စိတ်ကို တစ်ခုတည်းသော အသုဘအာရုံ၌ကောင်း စွာတည်ထားပါလော့။ တေဘူမိက သင်္ခါရတရားတို့ကို သူစိမ်းပြင်ပအစိုးမရသော တရား တို့ဟူ၍ ရှုလေလော့။ အတ္တဟူ၍ မရှုလေနှင့်၊ အလွန်တန်ခိုးကြီးသော ရာဂမီးကို ငြိမ်း အေးပါစေလော့၊ အဖန်ဖန် မလောင်ကျွမ်းပါစေလင့်"

အရှင်ဝင်္ဂီသသည် ရာဂကိုပယ်ဖျောက်၍ ဆွမ်းခံလှည့်လည်လေ၏။

### ၂။ အရှင်စိတ္တဂုတ္တမထေရ်

သီရိလင်္ကာနိုင်ငံ ကုရဏ္ဍကလိုဏ်ကြီး၌ ဝိပဿီ၊ သိခီ အစရှိသော ဘုရားရှင်ခုနစ်ဆူ တို့၏တောထွက်ခန်း ပန်းချီဆေးရေးထားပုံများသည် ရှုမြင်ရသူတို့အား အလွန်မွေ့လျော် ဖွယ်ရာဖြစ်၏။ များစွာသောရဟန်းတို့သည် ကျောင်းစဉ်လှည့်လည်ရာ အဆန်းတကြယ် ကြည့်ချင်စဖွယ် ရေးချယ်ထားသည့် ပန်းချီကားများကို မြင်ကြရ၏။

"အရှင်ဘုရား–ဆေးရေးပန်းချီကားများသည် နှလုံးမွေ့လျော်ဖွယ် တင့်တယ်ဆန်း ကြယ်လှပါပေ၏"ဟု ထိုလိုဏ်ဂူ၌သီတင်းသုံးသူ အရှင်စိတ္တဂုတ္တမထေရ် အား လျှောက်

http://www.dhammadownload.com



ထားကြ၏။

"အို-ငါ့ရှင်တို့၊ အနှစ်ခြောက်ဆယ်ကျော်တို့ကာလပတ်လုံး ဤလိုဏ်၌နေသောငါ့အား ပန်းချီကားများရှိသည်ကို မသိပေ။ ယခုမှုကား မျက်စိကောင်းကြသော ငါ့ရှင်တို့ကို အမှီပြု၍ သိရပေ၏"ဟု မထေရ်ကြီးကဆို၏။

မထေရ်ကြီးသည် ဤမျှအခွန့်ကာလကြာမြင့်စွာ နေပါသော်လည်း မျက်စိကိုဖွင့်၍ လိုဏ်ကြီးကို မကြည့်စဖူးချေ။ ထိုလိုဏ်ဂူအပေါက်ဝ၌ ဂန့်ဂေါ်ပင်ကြီးတစ်ပင်ရှိရာ ထို ဂန့်ဂေါ်ပင်ကြီးကိုလည်း မထေရ်သည် အပေါ်သို့မော့၍ မကြည့်ဖူးချေ။ နှစ်စဉ်မပြတ် မြေ၌ ကျသော ပန်းပွင့်တို့ကိုမြင်မှသာလျှင် ဂန့်ဂေါ်ပင်ကြီး ပွင့်သည်ကို သိလေ၏။

ဘုရင်မင်းမြတ်သည် မထေရ်ကြီး၏သီလဂုဏ်၊ သမာဓိဂုဏ် ကြီးမားပုံကို ကြားသိ၍ ရှိခိုးပူဇော်လိုသဖြင့် သုံးကြိမ်တိုင်တိုင် မင်းချင်းများအား စေလွှတ်၍ မထေရ်ကိုပင့်စေ၏။ မထေရ်မကြွသောကြောင့် ထိုဂေါစရဂါမ်ရွာ၌ နို့စို့ကလေးငယ်ရှိကြသည့် မိန်းမများ၏သားမြတ်တို့ကို ရင်လွှမ်းအဝတ်ဖြင့်ရစ်ပတ်၍ မင်း၏တံဆိပ်ခတ်နှိပ်စေ၏။

"အကြင်မျှလောက်ကာလပတ်လုံး မထေရ်ကြီးမကြွလာလျှင် ထိုမျှလောက်ကာလ ပတ်လုံး သူငယ်တို့သည် နို့စို့ခွင့်မရစေရ"ဟု အမိန့်ထုတ်ပြန်၏။

မထေရ်ကြီးသည် ကလေးများကိုသနားသဖြင့် မဟာဂါမရွာကြီးသို့ ကြွတော်မူ၏။ မင်းသည် မထေရ်အား နန်းတော်တွင်းသို့ပင့်ဆောင်စေပြီးလျှင် ရှိခိုးပူဇော်၍ ဆွမ်းလုပ်ကျွေး၏။

"အရှင်ဘုရား-ယနေ့ကား သီလဆောက်တည်ခွင့်မရတော့ပါ၊ နက်ဖန်မှ သီလခံယူဆောက်တည်ပါအံ့"ဟု လျှောက်ထား၍ မထေရ်ကြီးကို အနည်းငယ်လိုက်ပို့ပြီး မိဖုရားနှင့်အတူ ပြန်ကြွသွား၏။

မထေရ်ကြီးသည် မင်းရှိခိုးလျှင်ဖြစ်စေ မိဖုရားကြီးရှိခိုးလျှင်ဖြစ်စေ "သုခီဟောတု မဟာရာဇ"ဟူ၍သာ ဆုပေး၏။ ခုနစ်ရက်မြောက်သောနေ့သို့ရောက်သည့်အခါ ရဟန်းတို့ကမေးလျှောက်၏-"အရှင်ဘုရား-အဘယ်သို့ပါနည်း၊ မင်းကြီးက ရှိခိုးသည်ဖြစ်စေ၊ မိဖုရားကြီးက ရှိခိုးသည်ဖြစ်စေ သုခီဟောတုမဟာရာဇဟူ၍သာ ဆိုတော်မူ၏"

"အို-ငါ့ရှင်တို့၊ ငါသည် မင်းဟူ၍လည်းကောင်း၊ မိဖုရားဟူ၍လည်းကောင်း၊ ပိုင်းခြား မှတ်သားခြင်းကိုမပြု"ဟု မထေရ်ကြီးက မိန့်ဆို၏။

နန်းတော်၌ မထေရ်ကြီး သီတင်းသုံးရသည်ကို မပျော်ပိုက်ကြောင်း မင်းကြီးသိသဖြင့် မထေရ်ကြီးအား မိမိနေရာသို့ ပြန်ကြွရန်ခွင့်ပြု၏။ ကုရဏ္ဍကလိုဏ်ကြီးသို့ရောက်လျှင် မထေရ်ကြီးသည် မကျိန်းစက်တော့ဘဲ ညဉ့်အဖို့၌ စင်္ကြံကြွလေ၏။ ဂန့်ဂေါ်ပင်စောင့်နတ်သည် မီးရှူးတိုင်ကိုကိုင်၍ ရပ်နေ၏။ ထိုအခါ ကမ္မဋ္ဌာန်းသည် မထေရ်အားအလွန်

http://www.dhammadownload.com



စင်ကြယ်ထင်ရှားစွာထင်၏။ သန်းခေါင်ယံအချိန်၌ အလုံးစုံသောတောင်ကြီးကို ပွဲတင်ထပ်စေလျက် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုသို့ ဣန္ဒြိယသံဝရသီလသည် အရဟတ္တဖိုလ်တိုင်အောင် အကျိုး ပေးနိုင်သည့်အတွက် မိမိအကျိုးစီးပွားကို လိုလားတောင့်တကြကုန်သော သူတို့သည်–

(၁) တောဝယ်ကျက်စား၍ တော၌မျော်ပါးသော မျောက်သတ္တဝါကဲ့သို့ လည်းကောင်း၊

(၂) တောအတွင်းဝယ် ကြောက်လန့်ခြင်းပြင်းစွာ တုန်လှုပ်လျက်နေလေ့ရှိသော သားသမင်ကဲ့သို့လည်းကောင်း၊

(၃) မိဘဆွေမျိုး၊ အားကိုးရာမဲ့ဖြစ်၍ ကြောက်ရွံ့တုန်လှုပ်သော ကလေးသူငယ်ကဲ့သို့ လည်းကောင်း၊

ကလိန်းကလက် ငဲ့ကွက်ကြည့်မျှော် လျှပ်ပေါ်လော်လီခြင်း မဖြစ်ရာ။ မျက်စိတို့ကိုအောက်သို့ချရာ၏။ ရထားထမ်းပိုးတစ်ပြန်မျှသာ ကြည့်လေ့ရှိသည် ဖြစ်ရာ၏။ တောမျောက်ကဲ့သို့ လျှပ်ပေါ်သည့်သဘောရှိသော စိတ်၏အလိုသို့ မလိုက်ရာ။

## ၃။ မဟာမိတ္တမထေရ်

သီရိလင်္ကာနိုင်ငံ၌ မဟာမိတ္တမထေရ်၏မယ်တော်မှာ အဆိပ်ရှိသည့် အသားမာနာ ပေါက်နေ၏။ မယ်တော်သည် သမီးဖြစ်သူ ဘိက္ခုနီအား "အို–အရှင်မ၊ သင်၏မောင်တော် မဟာမိတ္တထေရ်ထံသို့သွား၍ ငါ၏မချမ်းမသာဖြစ်ကြောင်းကို ပြောကြားပြီးလျှင် ဆေးကို ဆောင်ယူခဲ့လော့"ဟု ပြောဆို၏။

ထိုဘိက္ခုနီသည် မထေရ်ကြီးထံသွား၍ မယ်တော်ကြီးမကျန်းမမာ အနာပေါက်ကြောင်းကိုလျှောက်ထား၏။ မထေရ်ကြီးက "ငါသည် ဆေးမြစ်များကို စုဖော်၍ ဆေးချက်နည်းကို မသိနားမလည်ပါ။ သို့စေကာမူ ဆေးနည်းကိုငါပြောကြားပေအံ့။ 'ငါသည် ရဟန်းပြုသည့် အခါကာလမှစ၍ ယနေ့တိုင်အောင် လောဘနှင့် တကွဖြစ်သောစိတ်ဖြင့် ဣန္ဒြိယသံဝရ သီလကို ချိုးဖောက်၍ မိန်းမတို့၏အဆင်းရူပါရုံကို မကြည့်ခဲ့စဖူး။ ဤသစ္စာစကားကြောင့် ငါ၏မယ်တော် ချမ်းသာသည်ဖြစ်ပါစေသတည်း။' သင်သည် မယ်တော်ထံသွား၍ ငါ၏ သစ္စာစကားကိုဆို၍ မယ်တော်၏ကိုယ်ကို ပွတ်သပ်လေလော့"ဟု ဆို၏။

ထိုဘိက္ခုနီသည်မယ်တော်ထံသွား၍သစ္စာစကားကိုဆိုလေရာ ထိုစကားကိုကြားသည့်ခဏ၌ပင်လျှင် အသားမာနာသည်ရေမြှုပ်စိုင်ကဲ့သို့ကြေပျက်၍ ပျောက်ကင်းလေ၏။

မယ်တော်သည် လျောင်းရာမှထ၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသာ အကယ်၍ရှိနေပါမူ ငါ၏သားနှင့်တူသောရဟန်း၏ဦးခေါင်းကို ရွှေပွတ်လုံးသံဖွယ်ဆန်းကြယ် လှစွာသောရွှေလက်တော်ဖြင့် မသုံးသပ်ဘဲ အဘယ်မှာနေပါအံ့နည်း၊ သုံးသပ်တော်မူ-

http://www.dhammadownload.com



မည်သာတည်း”ဟု ရှင်လန်းဝမ်းမြောက်စွာ ပြောဆိုလေ၏။

## အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယဖြင့် ပြီးပြည့်စုံစေအပ်ခြင်း

အာဇီဝပါရိသုဒ္ဓိသီလသည် ဝီရိယဟူသောအကြောင်းကြောင့် ပြီးပြည့်စုံလေ၏။ အကြောင်းမှာ ကောင်းစွာအားထုတ်အပ်သော ဝီရိယနှင့်ပြည့်စုံသည့်ရဟန်းသည်သာ မှားယွင်းသောအသက်မွေးမှု မိစ္ဆာအာဇီဝကို ပယ်နိုင်ခြင်းကြောင့်ဖြစ်၏။

သို့အတွက် သာသနာတော်၌ မလျော်ကပ်သော ရှာမှီးခြင်းကိုပယ်၍ အပြစ်ကင်းသည့်ဝီရိယဖြင့် ဆွမ်းခံအကျင့်အစရှိကုန်သော သင့်လျော်သည့်ရှာမှီးခြင်းဖြင့် အသက်မွေးရာ၏။ စင်ကြယ်စွာရအပ်သော ပစ္စည်းတို့ကိုမှီဝဲ၍ မစင်ကြယ်သည့်ပစ္စည်းတို့ကို မြွေပွေးမြွေဟောက်ကဲ့သို့ အဆိပ်အတောက်ပြင်းထန်သော သတ္တဝါကောင်တို့ကို ရှောင်ကြဉ်သကဲ့သို့ ရှောင်ကြဉ်လျက် အာဇီဝပါရိသုဒ္ဓိသီလကို ပြည့်စုံစေအပ်၏။

### စင်ကြယ်သောပစ္စည်း

(၁) ဓုတင်မဆောက်တည်သောရဟန်းအတွက်

(၁) သံဃာမှလည်းကောင်း၊

(၂) ဂိုဏ်းမှလည်းကောင်း၊

(၃) တရားဟောခြင်း စသောဂုဏ်တို့ကြောင့် ကြည်ညိုသောလူတို့ထံမှလည်းကောင်း ဖြစ်ပေါ်လာသည့်ပစ္စည်းများသည် စင်ကြယ်သောပစ္စည်းများ ဖြစ်၏။

(၂) ဓုတင်ဆောက်တည်သောရဟန်းအား ဆွမ်းခံလှည့်လည်ခြင်းစသော ဓုတင်ဂုဏ်ကျေးဇူးကို ကြည်ညိုကြသည့်သူတို့ထံမှ ဓုတင်မပျက်သည်အားလျော်စွာ ဖြစ်သောပစ္စည်းသည် စင်ကြယ်၏။ ထိုဓုတင်ဆောင်ရဟန်း၌ အနာရောဂါပျောက်ကင်းစေခြင်း အကျိုးငှာ နွားကျင်ငယ်နှင့် စိမ်အပ်သော သဖန်းခါးသီးဆေးနှင့် စတုမဓုဆေးတို့ရှိလျှင် စတုမဓုဆေးကို သီတင်းသုံးဖော်တို့ကိုပေး၍ သဖန်းခါးသီးဆေးကို မိမိကသုံးဆောင်လျက် ဓုတင်ဆောက်တည်ပါက သင့်လျော်လျောက်ပတ်၏။ ထိုရဟန်းကို အရိယာပုဂ္ဂိုလ်မြတ်တို့၏ အနွယ်ရှိသော ရဟန်းဟုခေါ်ဆိုအပ်၏။

### အာဇီဝပါရိသုဒ္ဓိသီလစင်ကြယ်လိုသောရဟန်းအား

(၁) သင်္ကန်းနှင့်ဆွမ်းတို့၌ နိမိတ်ပြုခြင်း၊ အရိပ်အမြွက်ပြောခြင်း၊ ကာယဝိညတ်ကိုဖြစ်စေခြင်းသည် မအပ်စပ်။

(၂) ကျောင်းပစ္စည်း၌မူ ဓုတင်မဆောက်တည်သောရဟန်းအား နိမိတ်ဩဘာသ ပြောကြားခြင်းသည် အပ်စပ်၏။

“နိမိတ်ပြုခြင်း” ဆိုသည်မှာ ကျောင်းဆောက်ရန် မြေနေရာညှိနေသည့်ရဟန်းအား

http://www.dhammadownload.com



'အရှင်ဘုရား–အဘယ်ကိုပြုသနည်း၊ အဘယ်သူကပြုစေပါသနည်း'ဟု လူတို့က မေးမြန်းသော် 'ဘယ်သူမျှပြုစေသည်မဟုတ်'ဟု စကားတုံ့ပြန်ပြောဆိုခြင်း၊ ဤသို့ သဘောရှိသောပစ္စည်းကို ရည်ရွယ်၍ သိအောင်ပြုခြင်းသည် "နိမိတ်ပြုခြင်း"မည်၏။

"ဩဘာသပြုခြင်း" ဟူသည်မှာ ဒါယကာတို့အား "သင်တို့ဘယ်မှာနေကြသနည်း" ဟုမေးသည့်အခါ "ပြာသာဒ်မှာနေပါ၏"ဟု ပြန်ဖြေကြားလျှင် "အို–ဒါယကာတို့ ရဟန်းတို့အား ပြာသာဒ်သည် မအပ်ပါသလော"ဟု ဤသို့ အဖြောင့်တိုက်ရိုက်မဆိုဘဲ ရိပ်ကာဝဲကာဆိုခြင်း ဖြစ်၏။

"ပရိကထာပြုခြင်း" ဟူသည်မှာ "ရဟန်းသံဃာတော်တို့အတွက် နေထိုင်စရာကျောင်းသည် ကျဉ်းမြောင်း၏" ဟု ကျောင်းလှူရန်ရည်ရွယ်၍ဆိုခြင်း ဆသော ပရိယာယ်စကားမျိုးကို ပြောဆိုခြင်းဖြစ်၏။

(၃) ဆေးပစ္စည်းအရာ၌ နိမိတ်၊ ဩဘာသ၊ ပရိကထာ အလုံးစုံပြောဆိုခြင်းသည်အပ်၏။

ထိုသို့ ရအပ်သောဆေးကို ရောဂါပျောက်ကင်းပြီးမှ သုံးဆောင်ရာ၌ ဝိနည်းဆောင်ဆရာတို့က မြတ်စွာဘုရားသည် သုံးဆောင်ရန်အခွင့်ပေးပြီးဖြစ်၍ အပ်သည်ဟုဆိုကြ၏။ သုတ္တန်ဆောင်ဆရာတို့ကမူ အာပတ်မသင့်ငြားသော်လည်း အာဇီဝစင်ကြယ်မှုကို ဖျက်ဆီးသောကြောင့် မအပ်ဟုဆိုကြကုန်၏။

အထူးကား အကြင်ရဟန်းသည် ဘုရားခွင့်ပြုတော်မူအပ်သော်လည်း နိမိတ်၊ ဩဘာသ၊ ပရိကထာ၊ ဝိညတ်တို့ကိုမပြုမူ၍ အလိုနည်းခြင်း–အပ္ပိစ္ဆတာဂုဏ် စသည်ကို မှီ၍ သေလောက်သည့်ရောဂါ စွဲကပ်လာပါသော်လည်း ဩဘာသစသည်ကိုကြဉ်၍ မိုးပေါ်ကျကဲ့သို့ရသည့်ပစ္စည်းကိုသာ မှီဝဲသုံးဆောင်၏။ ဤရဟန်းကိုသာလျှင် "အလွန်ခေါင်းပါးသောအကျင့်ရှိသည့်ရဟန်း"ဟူ၍ ဆိုအပ်၏။ အဘယ်ပုဂ္ဂိုလ်ကဲ့သို့နည်းဟူမူ အရှင်သာရိပုတ္တရာမထေရ်ကဲ့သို့တည်း။

## အာဇီဝပါရိသုဒ္ဓိသီလကို စောင့်စည်းသောစံပြပုဂ္ဂိုလ်များ

### ၁။ အရှင်သာရိပုတ္တရာမထေရ်

အခါတစ်ပါး၌ အရှင်သာရိပုတ္တရာသည် အရဟတ္တဖိုလ်သမာပတ်ကိုပွားများလျက် အရှင်မဟာမောဂ္ဂလာန်နှင့်အတူ တောအုပ်မှာ သီတင်းသုံးနေတော်မူ၏။ တစ်နေ့တွင် ဝမ်း၌လေနာရောဂါဖြစ်ပေါ်၍ အလွန်ဆင်းရဲစွာ နေရ၏။ ညနေချမ်းအခါ အရှင်မဟာမောဂ္ဂလာန်က အရှင်သာရိပုတ္တရာထံ ခစားသောအခါ မထေရ်လျောင်းလျက်နေသည်ကို မြင်၍ အကြောင်းကိုမေး၏။

"ငါ့ရှင်မှာ ရှေးက ဤသို့ဖြစ်လတ်သော် အဘယ်ဆေးဝါးဖြင့် ချမ်းသာဖူးသနည်း"ဟု မေး၏။

http://www.dhammadownload.com



"လူ့ဘောင်တွင်နေစဉ်အခါက ငါ၏မယ်တော်သည် ထောပတ်, ပျားသကာတို့နှင့် ရော၍ ရေမနှောသောနို့ရည်ဖြင့်ချက်သည့် ဃနာထမင်းကို ပေး၏။ ထိုဃနာ ထမင်းဖြင့် ငါချမ်းသာဖူး၏"

"ထိုသို့ဖြစ်လျှင် သင်နှင့်ငါတို့၏ဘုန်းကံရှိပါက ထိုသို့သောဃနာထမင်းကို နက်ဖန် ခါရပေအံ့"

ထိုမထေရ်ကြီးနှစ်ပါးတို့ ပြောဆိုသောစကားကို စင်္ကြံဦးရှိ သစ်ပင်ကို စောင့်သောနတ်က ကြား၏။ ထိုနတ်သည် အရှင်သာရိပုတ္တရာ၏အလုပ်အကျွေးဖြစ်သော ဒါယကာအိမ်သို့ သွား၍ သားကြီး၏ကိုယ်ကိုဝင်ပူးကာ နှိပ်စက်လေ၏။

ထိုသားကြီးအား ကုစားရန် စည်းဝေးကုန်သောဆွေမျိုးတို့ကို "နက်ဖြန်ခါ အရှင်သာရိပုတ္တရာအား ဤသို့သောဃနာထမင်းကိုလှူလျှင်သားကြီးကို ငါလွှတ်အံ့" ဟု နတ်ကဆို၏။ ထိုဆွေမျိုးတို့သည် "သင်နတ်မပြောစေကာမူ ငါတို့သည် မထေရ်တို့အား အမြဲမပြတ် ဆွမ်းလှူနေပါကုန်၏"ဟုဆိုပြီးလျှင် နောက်တစ်နေ့၌ ထိုသို့သဘောရှိသည့် နို့ဃနာဆွမ်းကို စီရင်ကုန်၏။

နောက်နေ့နံနက် အရှင်မဟာမောဂ္ဂလာန် ရွာတွင်းသို့ကြွဝင်လာသောအခါ ထိုလူတို့သည် ခရီးဦးကြိုဆို၍ မထေရ်၏သပိတ်ကိုယူပြီးလျှင် နို့ဃနာဆွမ်းကို သပိတ်အပြည့် လှူဒါန်း ကြကုန်၏။ မထေရ်သည် ကြွသွားအံ့သောအခြင်းအရာကို ပြ၏။

"အရှင်ဘုရား–ဘုဉ်းပေးတော်မူပါ။ အရှင်ဘုရားတို့အား တစ်ပါးသော ဃနာ နို့ဆွမ်းကို လှူဒါန်းပါအံ့"

ဒါယကာတို့သည် မထေရ်ကိုဆွမ်းကျွေး၍ တစ်ဖန်သပိတ်ပြည့်အောင် လှူဒါန်းကြ၏။ မထေရ်ကြွသွား၍ "အို–ငါ့ရှင်သာရိပုတ္တရာ၊ ယခုသုံးဆောင်တော်မူလော့"ဟုဆို၍ ဆွမ်း ဆက်တပ်၏။

အရှင်သာရိပုတ္တရာသည် နို့ဃနာဆွမ်းကိုမြင်သော် "ဤဆွမ်းသည် အလွန်နှစ်လိုဖွယ် ရှိ၏။ အဘယ်အကြောင်းကြောင့် ဖြစ်လာသနည်း"ဟု ဆင်ခြင်သည်ရှိသော် သစ်ပင် စောင့်နတ်တိုက်တွန်းသည်ကိုမြင်၍ "အို–ငါ့ရှင်မောဂ္ဂလာန်၊ ဤဆွမ်းသည် သုံးဆောင် ခြင်းငှာမထိုက်"ဟု ဆို၏။

အရှင်မဟာမောဂ္ဂလာန်သည် "ငါကဲ့သို့သောသူဆောင်ယူလာသောဆွမ်းကို မသုံး ဆောင်လေတကား"ဟု စိတ်မျှမဖြစ်မူ၍ တစ်ခွန်းသောစကားမျှဖြင့်ပင် သပိတ်နှုတ်ခမ်းကို ကိုင်၍ သင့်လျော်သည့်အရပ်၌ မှောက်သွန်လေ၏။ နို့ဃနာဆွမ်း မြေကြီးသို့ ရောက် သည်နှင့်တစ်ပြိုင်နက် အရှင်သာရိပုတ္တရာ၏အနာရောဂါသည် ပျောက်ကင်းလေ၏။ ထိုအခါမှစ၍ ၄၅ နှစ်တို့ကာလပတ်လုံး ထိုလေနာရောဂါသည် မဖြစ်ပေါ်လာတော့ချေ။

ထို့နောက် အရှင်မဟာမောဂ္ဂလာန်အား မိန့်ဆိုသည်မှာ "အို–ငါ့ရှင်မောဂ္ဂလာန်၊ ဝစီဝိ

http://www.dhammadownload.com



ညတ်ကို အမှီပြု၍ ဖြစ်ပေါ်လာသောနို့ယနာဆွမ်းကို အူမအခွေခွေတို့သည် အပြင်သို့ ထွက်၍ ဆာလောင်လှသောကြောင့် အစာရှာထွက်စေကာမူ သုံးဆောင်ခြင်းငှာ မသင့် လျော်ပါ"

ထို့နောက် အောက်ပါဥဒါန်းစကားကို မြွက်ဆို၏။

"ဝစီဝိညတ်ပြန့်ခြင်းဟုဆိုအပ်သော နှုတ်မြွက်ပြောဆိုခြင်းကြောင့် ဖြစ်ပေါ်လာသည့် ယနာနို့ဆွမ်းကို ငါသည်အကယ်၍စားမိငြားအံ့၊ ငါ၏အသက် မွေးခြင်းကို သူတော်ကောင်း တို့ ကဲ့ရဲ့ရာ၏။

"ငါ၏အူခွေတို့သည် ဆာလောင်မွတ်သိပ်သည့်အတွက် ဝမ်းထဲမှထွက်၍ အပြင်၌ ကျက်စားစေကာမူ အသက်ကိုသော်လည်း စွန့်ရစေကာမူ အာဇီဝသီလကို ငါမဖျက်နိုင် သည်သာတည်း။

"ငါသည် ငါ၏စိတ်ကို နှစ်သက်စေအံ့၊ မလျောက်ပတ်သောရှာမှီးခြင်းကို ကြဉ်ရှောင် ပေအံ့၊ ငါသည် ဘုရားရှင်စက်ဆုပ်ရှုံ့ရှာတော်မူသော အနေသနမှု(မသင့်သော်ရှာမှီးခြင်း) မျိုးကို အလျှင်းမပြုဘဲ နေပါအံ့။"

၂။ အမ္ဗခါဒကမဟာတိဿမထေရ်

ဤအာဇီဝပါရိသုဒ္ဓိသီလအရာ၌ စိရဂုမ္ဗအရပ်၌နေလေ့ရှိသော သရက်သီးမှည့်တို့ကို ကောက်ယူ၍မစားသော မဟာတိဿမထေရ်၏ ဝတ္ထုကိုလည်း ဆိုသင့်၏။ မထေရ်သည် အစာရှားပါးသောကာလ၌ခရီးသွားရာ ဆွမ်းပြတ်ခြင်း, ခရီးပန်းခြင်း, အိုမင်း၍ကိုယ်ပင်ပန်း ခြင်းတို့ကြောင့် သရက်ပင်အောက်၌ လဲလျောင်းနေ၏။ သရက်သီးမှည့်များစွာ ကြွေကျနေ ပေ၏။ အသက်ကြီးသော ဥပါသကာတစ်ဦးရောက်လာ၍ မထေရ်ပင်ပန်းခြင်းကိုသိသဖြင့် သရက်သီးဖျော်ရည်တိုက်၏။ မထေရ်ကို မိမိ၏ကျောကုန်းထက်၌တင်၍ မိမိနေရာအရပ် သို့ ဆောင်သွား၏။

"ဤဥပါသကာကြီးသည် သင်၏အဘလည်းမဟုတ်၊ အမိလည်းမဟုတ်၊ ဆွေမျိုးလည်း မဟုတ်၊ မိတ်ဆွေလည်းမဟုတ်၊ သင်သီလရှိ၍ သူ့ကျောက်ကုန်းထက်၌ သင့်ကိုထမ်းပိုး သွား၏" ဟု မထေရ်သည် မိမိကိုဆုံးမပြီးလျှင် ဝိပဿနာရှုပွားရာ ကျောက်ကုန်းထက်၌ပင် မဂ်လေးပါးအစဉ်ဖြင့် အရဟတ္တဖိုလ်သို့ရောက်၏။

## ပစ္စယသန္နိဿိတသီလကို ပညာဖြင့် ပြီးပြည့်စုံစေအပ်ခြင်း

အကြောင်းမှာ ပညာရှိသော့သူသည်သာလျှင် ပစ္စည်းလေးပါးတို့၌ အကျိုးအပြစ်ကို သိမြင်နိုင်စွမ်း၏။ ပညာမရှိသောသူမှာ မသိနိုင်ချေ။ ထို့ကြောင့် တရားသဖြင့်သီညွတ်သော ကိုယ်အကျင့် နှုတ်အကျင့်ဖြင့်ရအပ်သည့် ပစ္စည်းတို့ကို ပညာဖြင့်ဆင်ခြင်၍ သုံးဆောင် ခြင်းအားဖြင့် ပစ္စယသန္နိဿိတသီလကို ပြီးပြည့်စုံစေအပ်၏။

http://www.dhammadownload.com



ဆင်ခြင်ခြင်း ၂– မျိုး

(၁) ပစ္စည်းတို့ကို ရသောကာလ၌ ဆင်ခြင်ခြင်း၊

(၂) သုံးဆောင်သောကာလ၌ ဆင်ခြင်ခြင်းဟူ၍ ဆင်ခြင်ပုံ ၂–မျိုးရှိ၏။

ရသောကာလ၌ ပစ္စည်းတို့ကို ဓာတ်အားဖြင့်လည်းကောင်း၊ ပဋိကူလ–စက်ဆုပ်ရွံရှာဖွယ်အစွမ်းဖြင့်လည်းကောင်း၊ ဆင်ခြင်၍ထားအပ်၏။ ထိုပစ္စည်းတို့က နောက်ကာလသုံးဆောင်သောရဟန်းအား အပြစ်မရှိသောသုံးဆောင်ခြင်း ဖြစ်ပေ၏။

သုံးဆောင်ခြင်း ၄– မျိုး

(၁) ထေယျပရိဘောဂ – ခိုး၍သုံးဆောင်ခြင်း

ရဟန်းမဟုတ်ဘဲ သံဃာဘောင်၌နေ၍ ပစ္စည်းလေးပါးတို့ကိုသုံးဆောင်သော ဒုဿီလရဟန်း၏သုံးဆောင်ခြင်းသည် ခိုး၍သုံးဆောင်ခြင်းမည်၏။

(၂) ဣဏပရိဘောဂ – ကြွေးယူ၍သုံးဆောင်ခြင်း

သီလရှိသောရဟန်းသည် ပညာဖြင့်မဆင်ခြင်မူ၍ သုံးဆောင်ခြင်းသည် ကြွေးမြီယူ၍သုံးဆောင်ခြင်း ဖြစ်၏။

(၃) ဒါယဇ္ဇပရိဘောဂ – အမွေခံဖြစ်၍သုံးဆောင်ခြင်း

မဂ်ပုဂ္ဂိုလ်(၄)ဦးနှင့် အောက်ဖိုလ်ပုဂ္ဂိုလ်(၃)ဦးဟူသော သေက္ခပုဂ္ဂိုလ်(၇)ဦးတို့သည် မြတ်စွာဘုရား၏ သားတော်သမီးတော်များ ဖြစ်ကြကုန်၏။ ထို့ကြောင့် ဖခင်မြတ်စွာဘုရား၏ ဥစ္စာဖြစ်ကုန်သော ပစ္စည်းလေးပါးတို့ကို အမွေခံယူထိုက်သူများဖြစ်၍ ထိုပစ္စည်းတို့ကို သုံးဆောင်ခြင်းသည် အမွေပစ္စည်းကို သုံးဆောင်သည်နှင့်တူသဖြင့် ဒါယဇ္ဇပရိဘောဂ မည်၏။

(၄) သာမိပရိဘောဂ – ဥစ္စာရှင်ဖြစ်၍သုံးဆောင်ခြင်း

ရဟန္တာပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းသည် တဏှာ၏ကျွန်အဖြစ်ကိုလွန်မြောက်ပြီးသူတို့၏သုံးဆောင်ခြင်းဖြစ်၍ သခင်အဖြစ် ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းဖြစ်၏။ ထို့ကြောင့် ထိုရဟန္တာတို့၏သုံးဆောင်ခြင်းသည် ဥစ္စာရှင်ဖြစ်၍သုံးဆောင်ခြင်း သာမိပရိဘောဂမည်ပေ၏။

ဤလေးပါးသောသုံးဆောင်ခြင်းတို့တွင် သာမိပရိဘောဂနှင့် ဒါယဇ္ဇပရိဘောဂ တို့သည် အလုံးစုံသောအရိယာပုဂ္ဂိုလ်များနှင့် ဆင်ခြင်၍သုံးဆောင်သော သီလရှိပုထုဇဉ်တို့အား သင့်လျော်၏။ ဣဏပရိဘောဂနှင့် ထေယျပရိဘောဂတို့မှာ အလုံးစုံသောသူတို့အား မသင့်လျော်ချေ။

http://www.dhammadownload.com



**သီလရှိပုထုဇဉ်တို့ပညာဖြင့်ဆင်ခြင်၍သုံးဆောင်ခြင်း**

သီလရှိသောရဟန်း၏ ပညာဖြင့်မဆင်ခြင်မူ၍ သုံးဆောင်ခြင်းသည် ကြွေးမြီချေးယူ၍ သုံးဆောင်ခြင်း (ဣဏပရိဘောဂ)မည်၏။ ပညာဖြင့်ဆင်ခြင်၍ သုံးဆောင်ခြင်းကား ကြွေးမြီကင်းသောသူ၏သုံးဆောင်ခြင်းဖြစ်၍ ဣဏပရိဘောဂ၏ဆန့်ကျင်ဘက်ဖြစ်၏။ ထို့ကြောင့် ဒါယဇ္ဇပရိဘောဂသို့ ပေါင်း၍ရေတွက်ရ၏။ အကြောင်းမှာ သီလရှိသောပုဂ္ဂိုလ်သည် သိက္ခာပုဒ်တို့နှင့် ပြည့်စုံသည်အဖြစ်ကြောင့် သေက္ခပုဂ္ဂိုလ်(ကျင့်ဆဲပုဂ္ဂိုလ်)ဟု ရေတွက်ခြင်းသို့ ရောက်သောကြောင့်ဖြစ်၏။

ပညာဖြင့်ဆင်ခြင်ပုံမှာ သင်္ကန်းကို ကိုယ်မှလွတ်ပြီး နောက်ထပ်တစ်ဖန် ဝတ်ရုံတိုင်း ဝတ်ရုံတိုင်း ဆင်ခြင်အပ်၏။ ဆွမ်းကို အလုတ်တိုင်း အလုတ်တိုင်း ဆင်ခြင်အပ်၏။ ထိုသို့ ဝတ်ရုံတိုင်း ဆွမ်းလုတ်တိုင်း ဆင်ခြင်ရန်မစွမ်းနိုင်လျှင် နံနက်ပိုင်း၊ ညနေပိုင်း၊ ညဉ့်ဦးယံ၊ သန်းခေါင်ယံ၊ မိုးသောက်ယံတို့၌ ၄–ကြိမ်ဖြစ်စေ၊ ၃–ကြိမ်ဖြစ်စေ၊ ၂–ကြိမ်ဖြစ်စေ၊ ၁–ကြိမ်ဖြစ်စေ ဆင်ခြင်အပ်၏။ မဆင်ခြင်မိလျှင် အရုဏ်တက်လတ်သော် ဣဏပရိဘောဂ အရာ၌တည်၏။

ကျောင်းကိုလည်း ဝင်တိုင်းဝင်တိုင်း ဆင်ခြင်အပ်၏။ ဆေးကို ခံယူသောအခါ၌လည်း ကောင်း၊ သုံးဆောင်သည့်အခါ၌လည်းကောင်း ဆင်ခြင်အပ်၏။ ခံယူခြင်း၌ သတိပြု၍ သုံးဆောင်ခြင်း၌သတိမပြုသောရဟန်းအား အာပတ်သင့်၏။ ခံယူခြင်း၌ သတိမပြုမူ၍ သုံးဆောင်ခြင်း၌သတိပြုသောရဟန်းအားမူ အာပတ်မသင့်ချေ။

သုဒ္ဓိ (၄)ပါး

အာပတ်မှစင်ကြယ်ခြင်းသည် သုဒ္ဓိမည်၏

၁။ ဒေသနာသုဒ္ဓိ – ဒေသနာကြား၍ စင်ကြယ်ခြင်း

ပါတိမောက္ခသံဝရသီလသည် ဒေသနာသုဒ္ဓိမည်၏၊ ထိုစကားမှန်၏၊ ပါတိမောက္ခသံဝရသီလသည် ဒေသနာကြားခြင်းဖြင့်စင်ကြယ်သောကြောင့် ဒေသနာသုဒ္ဓိဟု ဆိုအပ်၏။

၂။ သံဝရသုဒ္ဓိ – စောင့်စည်းခြင်းဖြင့် စင်ကြယ်ခြင်း

ဣန္ဒြိယသံဝရသီလသည် သံဝရသုဒ္ဓိမည်၏၊ ထိုစကားမှန်၏၊ ထိုဣန္ဒြိယသံဝရသီလကို တစ်ဖန်ဤသို့မပြုတော့အံ့ဟု စိတ်ကိုဆောက်တည်ခြင်းဖြင့် စောင့်ရှောက်ပိတ်ဆို့၍ စင်ကြယ်စေအပ်သောကြောင့် သံဝရသုဒ္ဓိဟု ဆိုအပ်၏။

၃။ ပရိယေဋ္ဌိသုဒ္ဓိ – တရားနှင့်အညီ ပစ္စည်းကိုရှာမှီးခြင်းဖြင့် စင်ကြယ်ခြင်း

အာဇီဝပါရိသုဒ္ဓိသီလသည် ပရိယေဋ္ဌိသုဒ္ဓိမည်၏။ မှန်ပေ၏၊ ထိုအာဇီဝပါရိသုဒ္ဓိ သီလကို မသင့်သောရှာမှီးခြင်း–အနေသနမှုများကိုပယ်၍ တရားနှင့်လျော်ညီစွာ ပစ္စည်းကို ဖြစ်စေသောပုဂ္ဂိုလ်အားသာ ရှာမှီးမှုစင်ကြယ်သောကြောင့် ပရိယေဋ္ဌိသုဒ္ဓိဟု ဆိုအပ်၏။

http://www.dhammadownload.com



၄။ ပစ္စဝေက္ခဏာသုဒ္ဓိ – ပစ္စဝေက္ခဏာဆင်ခြင်ခြင်းဖြင့် စင်ကြယ်ခြင်း

ပစ္စယသန္နိဿိတသီလသည် ပစ္စဝေက္ခဏာသုဒ္ဓိမည်၏။ မှန်ပေ၏၊ ထိုပစ္စယသန္နိဿိတသီလကို ပညာဖြင့်ဆင်ခြင်ခြင်းဖြင့် စင်ကြယ်စေအပ်သောကြောင့် ပစ္စဝေက္ခဏာသုဒ္ဓိဟု ဆိုအပ်၏။ ထို့ကြောင့် ခံယူစဉ်အခါ သတိမပြုသော်လည်း သုံးဆောင်သည့်အခါ သတိပြုသောရဟန်းအား အာပတ်မသင့်ဟု ဆိုအပ်၏။

### ပညာဖြင့် ဆင်ခြင်၍သုံးဆောင်အပ်ပုံ

ရဟန်းသည် ဆွမ်း၊ ကျောင်းအိပ်ရာနေရာ၊ မြူအညစ်အကြေးစသော ဘေးရန်တို့ကို ကာကွယ်ကြောင်းဖြစ်သော ဒုကုဋ်သင်္ကန်း၊ ရေ စသောဆေးတို့ကို ပညာဖြင့်ဆင်ခြင်ပြီးလျှင် မှီဝဲသုံးဆောင်ရာ၏။ ဤသို့သုံးဆောင်သဖြင့် ပစ္စည်းလေးပါးတို့၌ တဏှာဖြင့်မလိမ်းကျံ မကပ်ငြိသည် ဖြစ်၏။

အခါအားလျော်စွာ ဒါယကာတို့အား ချီးမြှောက်သောအားဖြင့် ပစ္စည်းလေးပါးကိုခံယူရာ၌ အမြဲမပြတ်ထင်သော်သတိရှိ၍ အနာကိုဆေးလိမ်းကျံသဖြင့် အသားနုတက်ခြင်းကဲ့သို့ အတိုင်းအရှည်ကိုသိရ၏။

ကန္တာရခရီးခဲ၌ သားငယ်၏အသားကို စားရှာကြကုန်သော ခရီးသွားလင်မယားကဲ့သို့လည်းကောင်း၊ လှည်းဝင်ရိုးကို မကျိုးမပြည်ရအောင် ဆီလိမ်းကျံသကဲ့သို့လည်းကောင်း၊ ဤအတူ ခန္ဓာကိုယ်ကိုမျှတစေရန် မတွေမဝေမူ၍ အစာအာဟာရကို သုံးဆောင်မှီဝဲရာ၏။

### ပစ္စယသန္နိဿိတသီလကို ပြည့်စုံအောင်ဖြည့်ကျင့်သူ

၁။ မဟာသံဃရက္ခိတမထေရ်၏တူတော်သာမဏေ

ထိုသာမဏေသည် အလွန်အေးမြသောသလေးဆွမ်းကို စားသုံးစဉ် ဦးရီးဖြစ်သော ဥပဇ္ဈာယ်ဆရာက "အို–မောင်သာမဏေ၊ သင်သည် မဆင်ခြင်မစောင့်စည်းမူ၍ လျှာကို မလောင်မကျွမ်းစေလင့်"ဟု မိန့်တော်မူ၏။

ထိုအခါ သာမဏေသည် ထိတ်လန့်ခြင်းသံဝေဂကို ရ၏။ တစ်နေရာတည်း၌ထိုင်၍ တရားရှုပွားရာ အရဟတ္တဖိုလ်သို့ရောက်၏။ ထိုသာမဏေသည် ၁၅–ရက်မြောက်နေ့တွင်တက် ထွန်းသောလပြည့်ဝန်းကဲ့သို့ ပြည့်စုံသောအကြံရှိသည်လည်းကောင်း၊ အလုံးစုံသော အာသဝေါတရားတို့ ကုန်ငြိမ်းပြီးသည်လည်းကောင်း ဖြစ်ပေပြီ၊ တစ်ဖန် ဘဝသစ်ဖြစ်ရခြင်း မရှိတော့ပြီ။

၂။ တစ်ပါးသောအမျိုးသားတို့သည်လည်း ဆင်းရဲကုန်ရာဖြစ်သည့် အရဟတ္တဖိုလ်ကို လိုချင်တောင့်တလတ်သော် သင့်သောအကြောင်းဖြင့်ဆင်ခြင်၍ ပစ္စည်းတို့ကို မှီဝဲသုံးဆောင်ရာ၏။

http://www.dhammadownload.com



* ပဉ္စကသီလခေါ် ငါးပါးစုသီလများ

၁။ ပထမပဉ္စကသီလ

(၁)ပရိယန္တပါရိသုဒ္ဓိသီလ – ရေတွက်ပိုင်းခြားအပ်သော သိက္ခာပုဒ်ရှိသည့် ရှင်သာမဏေတို့၏သီလ။

(၂)အပရိယန္တပါရိသုဒ္ဓိသီလ – အပိုင်းအခြားမရှိကုန်သောသိက္ခာပုဒ်တို့ကို ကျင့်သုံးရသည့် ရဟန်းဦးပဉ္စင်းတို့၏သီလ။

ရဟန်းတို့ကျင့်သုံးဖြည့်ဆည်းအပ်သော ကိုယ်နှုတ်ကိုဆုံးမစောင့်စည်းမှု အစိသီလတို့သည် အရေအတွက်အားဖြင့် ကုဋေကိုးထောင်တစ်ရာရှစ်ဆယ် ငါးသန်းသုံးသောင်းခြောက်ထောင် (၉၁၈၀,၅၀,၃၆,၀၀၀)သော သီလသိက္ခာပုဒ်တို့ ဖြစ်ပါသည်။

ဤသို့ အရေအတွက်၏အစွမ်းအားဖြင့် အပိုင်းအခြားရှိငြားသော်လည်း အကြွင်းမဲ့အားဖြင့် ဆောက်တည်မှုဖြစ်ခြင်းကိုလည်းကောင်း၊ လာဘ်, အခြံအရံ, ဆွေမျိုး, ကိုယ်အင်္ဂါ, အသက်တို့၏ အစွမ်းအားဖြင့် အပိုင်းအခြားကို မမြင်ရခြင်းကိုလည်းကောင်း ရည်ရွယ်၍ အပရိယန္တပါရိသုဒ္ဓိသီလဟူ၍ ဟောတော်မူအပ်၏။

(၃)ပရိပုဏ္ဏပါရိသုဒ္ဓိသီလ – မပြတ်အားထုတ်သဖြင့် အပြည့်အစုံစင်ကြယ်သောပုထုဇဉ်သူတော်ကောင်းတို့၏သီလ။

ဝိပဿနာအကျင့်တည်းဟူသောကုသိုလ်တရား၌ မပြတ်အားထုတ်ကြကုန်သော သေက္ခမြေဟုဆိုအပ်သည့် လောကီသိက္ခာသုံးပါး၌ တစ်စုံတစ်ခုသော သိက္ခာကိုမျှ မယုတ်မလျော့စေမူ၍ဖြည့်ကျင့်သော ကိုယ်နှင့်အသက်ကို ငဲ့ကွက်ခြင်းမရှိ၊ သီလပါရမီအကျိုးငှာ အသက်ကိုစွန့်စားသော ပုထုဇဉ်သူတော်ကောင်းတို့၏သီလသည် အပြည့်အစုံစင်ကြယ်သည့် "ပရိပုဏ္ဏပါရိသုဒ္ဓိသီလ" မည်၏။

(၄)အပရာမဋ္ဌပါရိသုဒ္ဓိသီလ – ဒိဋ္ဌိသံကိလေသတရားတို့ မသုံးသပ်အပ်သဖြင့်စင်ကြယ်သော သေက္ခပုဂ္ဂိုလ် (၇)ဦးတို့၏သီလ။

သေက္ခပုဂ္ဂိုလ်တို့၏သီလသည် ဒိဋ္ဌိ၏အစွမ်းဖြင့် မသုံးသပ်အပ်သောကြောင့် အပရာမဋ္ဌပါရိသုဒ္ဓိသီလ မည်၏။ ပုထုဇဉ်တို့အတွက်မူ ရာဂ၏အစွမ်းဖြင့် မသုံးသပ်အပ်သော သီလကို အပရာမဋ္ဌပါရိသုဒ္ဓိသီလဟူ၍ သိအပ်၏။

(၅)ပဋိပဿဒ္ဓိပါရိသုဒ္ဓိသီလ – ကိလေသာတို့ အေးငြိမ်းခြင်းကြောင့် စင်ကြယ်ခြင်းရှိသော ရဟန္တာ, ပစ္စေကဗုဒ္ဓါ, မြတ်စွာဘုရားတို့၏သီလ။

ရဟန္တာ, ပစ္စေကဗုဒ္ဓါ, သမ္မာသမ္ဗုဒ္ဓတို့၏သီလကို အလုံးစုံသောကိလေသာ အပူအလောင်တို့မှ ကင်းဝေးစင်ကြယ်ခြင်းကြောင့်လည်းကောင်း၊ ထက်ဝန်းကျင်စင်ကြယ်ခြင်းကြောင့်လည်းကောင်း ပဋိပဿဒ္ဓိပါရိသုဒ္ဓိသီလဟူ၍ သိအပ်၏။

http://www.dhammadownload.com



### အပရိယန္တပါရိသုဒ္ဓိသီလကိုဖြည့်ကျင့်သောစံပြပုဂ္ဂိုလ်

စိရဂုမ္ဗအရပ်၌သီတင်းသုံးသော သရက်သီးမှည့်တို့ကို ကောက်၍မစားသည့် မဟာတိဿမထေရ်သည် အောက်ပါသူတော်ကောင်းတို့၏အကျင့်-ဆင်ခြင် အောက်မေ့ခြင်းကို မစွန့်ချေ။

*"မြတ်သောကိုယ်အင်္ဂါဟူသည့်အကြောင်းကြောင့် ဥစ္စာကိုစွန့်ရာ၏။*
*အသက်ကိုစောင့်ရှောက်လိုသောသူသည် ကိုယ်အင်္ဂါကိုစွန့်ရာ၏။*
*သူတော်ကောင်းတို့၏တရားကို အစဉ်အောက်မေ့သောသူသည်ကား-*
*ကိုယ်အင်္ဂါကိုလည်းကောင်း၊ ဥစ္စာကိုလည်းကောင်း၊ အသက်ကိုလည်း*
*ကောင်း၊ အလုံးစုံကိုစွန့်ရာ၏"*

ထိုမထေရ်သည် သူတော်ကောင်းတို့၏အကျင့်ကို အစဉ်အောက်မေ့ခြင်းသတိကို မစွန့်မူ၍ အသက်သေအံ့သည်ကို မငဲ့ကွက်ဘဲ အပရိယန္တပါရိသုဒ္ဓိသီလကို စောင့်ထိန်း၏။ ထိုသီလကိုအမှီပြု၍ ဒါယကာ၏ကျောက်ကုန်းထက်စီးလျက်ပင် အရဟတ္တဖိုလ်သို့ ရောက်၏။ ထို့ကြောင့် အောက်ပါစကားကိုဆို၏-

"အို-ရဟန်းတို့၊ ဤဒါယကာသည် သင်၏အဖလည်းမဟုတ်၊ အမိလည်းမဟုတ်၊ အဆွေအမျိုးလည်းမဟုတ်၊ အဆွေခင်ပွန်းလည်းမဟုတ်၊ ထိုသို့ သူစိမ်းပြင်ပြင်ဖြစ်ပါလျက် သီလရှိသည်အဖြစ်ကြောင့် ပခုံးဖြင့်ထမ်းပိုးခြင်းစသောကိစ္စကိုပြုပေ၏။"

ဤသို့ ထိတ်လန့်ခြင်းသံဝေဂကိုဖြစ်စေပြီးလျှင် အသင့်လမ်းမှန်အားဖြင့်သုံးသပ်၍ ထိုဒါယကာ၏ကျောက်ကုန်းထက်၌တည်လျက်ပင် အရဟတ္တဖိုလ်သို့ရောက်လေ၏။

### * ပရိပုဏ္ဏပါရိသုဒ္ဓိသီလကိုဖြည့်ကျင့်သောစံပြပုဂ္ဂိုလ်များ

ပုထုဇဉ်သူတော်ကောင်းတို့၏သီလသည် ရဟန်းဖြစ်သည့်မှစ၍ ကောင်းမွန်စင်ကြယ်စွာသွေးအပ်သော ပတ္တမြားကဲ့သို့လည်းကောင်း၊ ကောင်းမွန်စင်ကြယ်အောင် ကျင်အပ်သော ရွှေကဲ့သို့လည်းကောင်း၊ အလွန်စင်ကြယ်သည်အဖြစ်ကြောင့် စိတ်ဖြစ်ခါမျှဖြင့်လည်း ကိလေသာအညစ်အကြေးမှကင်းသည်ဖြစ်၍ အရဟတ္တဖိုလ်၏နီးသောအကြောင်း ဖြစ်၏။

ဝါတော်ခြောက်ဆယ်ကျော်လွန်၍ သေရာညောင်စောင်းတွင် လျောင်းလျက်နေသော မဟာသံဃရက္ခိတမထေရ်ကြီးကို ရဟန်းသံဃာတော်များက လောကုတ္တရာတရားရခြင်းကို မေးလျှောက်ကုန်သတတ်။ မထေရ်ကြီးသည် "ငါ့အား လောကုတ္တရာတရားသည်မရှိ" ဟု မိန့်ဆို၏။

ထိုအခါ အလုပ်အကျွေးဖြစ်သောရဟန်းငယ်များက "အရှင်ဘုရား-အရှင်ဘုရား ပရိနိဗ္ဗာန်စံတော်မူမည်ထင်မှတ်၍ ထက်ဝန်းကျင် ၁၂ ယူဇနာတိုင်အောင်သောအရပ်မှ လူတို့သည် စည်းဝေးကြပါကုန်၏။ အရှင်ဘုရား၏ပုထုဇဉ်အဖြစ်ဖြင့် စုတေသေလွန်ခြင်းကြောင့်

http://www.dhammadownload.com



လူအပေါင်းတို့ နှလုံးမသာဖြစ်ကြပါလတ္တံ့"ဟု လျှောက်ထား၏။

"အို–ငါ့ရှင်တို့၊ ငါသည်မေတ္တာယျမြတ်စွာဘုရားကို ဖူးမြင်အံ့ဟူ၍ဝိပဿနာတရားကို အားမထုတ်ဘဲနေပေ၏။ ထိုသို့ဖြစ်ပါမူကား ငါ့ကိုထူ၍အခွင့်ပေးကြကုန်လော့"ဟုဆို၏။

ထိုရဟန်းငယ်တို့သည် မထေရ်ကြီးကိုထူ၍ အပြင်သို့ထွက်ကြ၏။ ထိုရဟန်းတို့ထွက်သည်နှင့်တစ်ပြိုင်နက်ပင် မထေရ်ကြီးသည် အရဟတ္တဖိုလ်သို့ရောက်၍ လက်ဖျောက်တီးကာ အမှတ်ပေးလိုက်၏။

သံဃာတော်များစည်းဝေး၍ "အရှင်ဘုရား – ဤသို့သေခါနီးကာလ၌ တစ်ခဏချင်း လောကုတ္တရာတရားကို ဖြစ်စေသည်မှာ အံ့ဩစရာ၊ ပြုနိုင်ခဲသောအရာကို ပြုပါပေ၏"ဟု လျှောက်ကြကုန်၏။

"အို – ငါ့ရှင်တို့၊ ငါသည်ကား ရဟန်းပြုသည့်အခါကာလမှစ၍ သတိမမူဘဲ ဉာဏ်ဖြင့်မပိုင်းခြားဘဲ ပြုမိသောအရာမည်သည်ကို မမြင်စဖူးချေ"ဟု မိန့်ဆို၏။

မထေရ်ကြီး၏တူတော်ဖြစ်သော စူဠသံဃရက္ခိတမထေရ်သည်လည်း ဝါငါးဆယ်ရသည့်အခါ ဤအတူပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

## အပရာမဋ္ဌပါရိသုဒ္ဓိသီလကို ဖြည့်ကျင့်သောစံပြပုဂ္ဂိုလ်များ

သူကြွယ်၏သားဖြစ်သော ကုဋုမ္ဗိယပုတ္တတိဿမထေရ်သည် အပရာမဋ္ဌပါရိသုဒ္ဓိသီလကိုမှီ၍ အရဟတ္တဖိုလ်၌တည်လိုသောကြောင့် ရန်သူလူဆိုးတို့ကို ဤသို့ပြောဆိုတောင်းပန်၏–

"အမောင်တို့–ငါသည်ခြေထောက်နှစ်ချောင်းကိုရိုက်ချိုးပြီးလျှင် သင်တို့ကို အခြားအရပ်သို့ ထွက်မပြေးမည့်အကြောင်းကို သိစေပါအံ့။ ငါသည် ရာဂနှင့်တကွသေခြင်းကို စက်ဆုပ်ပါ၏၊ ရှက်နိုးပါ၏"

ရာဂနှင့်သေရမည်ကို စက်ဆုပ်ဖွယ်, ရှက်ဖွယ်ဖြစ်သည်ဟု စဉ်းစားကြံစည်ပြီးလျှင် အသင့်လမ်းမှန်အားဖြင့်သုံးသပ်၍ တရားရှုပွားသဖြင့် အရုဏ်တက်ချိန်၌ "ငါသည် အရဟတ္တဖိုလ်သို့ ရောက်ခဲ့ပြီ"ဟု ဥဒါန်းကျူးရင့်လေ၏။

## တစ်ပါးသောမထေရ်ကြီး၏ဝတ္ထု

မထင်ရှားသောမထေရ်ကြီးတစ်ပါးသည် အသည်းအသန်မကျန်းမမာဖြစ်၍ မိမိလက်ဖြင့် အာဟာရကိုသော်လည်း သုံးဆောင်ခြင်းငှာ မစွမ်းနိုင်၊ မိမိ၏ကျင်ကြီးကျင်ငယ်၌ ကျံနစ်လျက်ကပြောင်းပြန်ပြန်လူးလိမ့်နေရ၏။ ဤအခြင်းအရာကို မြင်သောရဟန်းငယ်တစ်ပါးက "ဇီဝိတိန္ဒြေနှင့်စပ်သော သင်္ခါရတို့သည် ဩော်–ဆင်းရဲစွတကား"ဟု ဆို၏။

ထိုရဟန်းငယ်ကို မထေရ်ကြီးက "အို–ငါ့ရှင်၊ ငါသည် ယခုသေသည်ရှိသော် နတ်စည်းစိမ်ကို ရအံ့သည်မချွတ်၊ ဤနတ်စည်းစိမ်ကိုရရာ၌ ငါ့အားယုံမှားမှုမရှိချေ။ သို့သော်လည်း

http://www.dhammadownload.com



ဤရဟန်းသီလကိုဖျက်၍ ရသောစည်းစိမ်မည်သည်ကား သိက္ခာကိုချ၍ရအပ်သော လူအဖြစ်နှင့် တူစွတကား၊ (ထို့ကြောင့် ငါအလိုမရှိ)"ဟုဆို၏။

"သီလနှင့်အတူတကွသေအံ့"ဟု ထိုအရပ်၌ပင်လျှင်လျောင်းလျက် နာကျင်ခံခက်နှိပ်စက်သော ထိုရောဂါကိုပင်သုံးသပ်၏။ ရောဂါဟူသောဝေဒနာကိုလည်းကောင်း၊ ဝေဒနာကို ပစ်နပြုသဖြင့် ကြွင်းသောနာမ်တရားတို့ကိုလည်းကောင်း၊ ရုပ်တရားတို့ကိုလည်းကောင်း သိမ်းဆည်း၍ ဝိပဿနာရှု၏။ ဤအဋ္ဌကထာ, ဋီကာစကားတို့ဖြင့် ရောဂါဟုဆိုအပ်သော ဒုက္ခဝေဒနာကိုရှုလျက် အရဟတ္တဖိုလ်သို့ဆိုက်ရောက်၏။

ထိုမထေရ်သည် ရဟန်းသံဃာအပေါင်းတို့အား ဤသို့မိန့်၏-

"အို-ငါ့ရှင်တို့ ရောဂါနှိပ်စက်ဖိစီးသည်ဖြစ်၍ အသည်းအသန် ဆင်းရဲဖောက်ပြန်သည့်ကိုယ်ရှိသော ငါ၏ကိုယ်ကောင်ပုပ်သည် နေပူကျဲကျဲမြေမှုန့်ထဲ၌ ဖြန့်ကြဲထားအပ်သော ပန်းကဲ့သို့ လျှင်မြန်စွာခြောက်သွေ့လတ္တံ့။

"မနှစ်သက်အပ် စက်ဆုပ်အပ်သည်ဖြစ်ပါလျက် သူမိုက်တို့က နှစ်သက်အပ်၏ဟု ပြောဆိုအပ်သော၊ မစင်ကြယ်သည်ဖြစ်ပါလျက် သူမိုက်တို့က စင်ကြယ်လှပသည်ဟုပြောဆိုအပ်သော၊ အထူးထူးသော အညစ်အကြေးတို့နှင့်ပြည့်နှက်နေသော၊ ပညာမျက်စိမရှိကြ၍ မမြင်နိုင်သည့်သူမိုက်များအား နှစ်သက်ဖွယ်ထင်အောင် အရောင်ဆောင်ပြလေ့ရှိသော၊ အမြဲမပြတ်ဖျားနာကာ တလစပ်ကြင်နာသော၊ မကောင်းသည့်အနံ့နှင့် မစင်ကြယ်, စက်ဆုပ်ဖွယ်အတိဖြစ်သော ဤကိုယ်ကောင်ပုပ်ကို စက်ဆုပ်ရွံရှာဖွယ်သောအရာဟူ၍ သင်တို့အား ထင်စေပါလော့။

"အကြင်အကောင်ပုပ်၌ ရာဂကြောင့် မေ့လျော့ကုန်သော၊ ရာဂဖြင့်အလွန် မိန်းမောတွေဝေစေခြင်းသို့ရောက်ကုန်သော သတ္တဝါတို့သည် သုဂတိဘဝသို့ ရောက်ခြင်း၏ အကြောင်းဖြစ်သောသီလကို ဆုတ်ယုတ်စေကြကုန်၏။"

## ၂။ ဒုတိယပဉ္စကသီလ

ပဋိသမ္ဘိဒါမဂ်ပါဠိ၌ အောက်ပါစကားကို ဟောတော်မူ၏။

(၁) ပါဏာတိပါတ – သူ့အသက်သတ်ခြင်းကိုပယ်ခြင်း (ပဟာန)သည် သီလမည်၏။

ပါဏာတိပါတကို ရှောင်ကြဉ်ခြင်း (ဝိရတိ)သည် သီလမည်၏။

ပါဏာတိပါတကို ရှောင်ကြဉ်ကြောင်းဖြစ်သော (စေတနာ)သည် သီလမည်၏။

ပါဏာတိပါတကို စောင့်စည်းပိတ်ဆို့ခြင်း (သံဝရ)သည် သီလမည်၏။

ပါဏာတိပါတဟူသော အကုသိုလ်မှုကို မလွန်ကျူးခြင်း (အဝီတိက္ကမ)သည် သီလမည်၏။

(၂) အဒိန္နာဒါန – သူ့ဥစ္စာခိုးခြင်းကို (အထက်ပါအတိုင်း ငါးပါးဆို)

http://www.dhammadownload.com



(၃)ကာမေသုမိစ္ဆာစာရ – သူ့မယားကို မှားသောအားဖြင့် လွန်ကျူးခြင်းကို–(ငါးပါးဆို)
(၄)မုသာဝါဒ – မဟုတ်မလျားမုသားပြောဆိုခြင်းကို ––– (ငါးပါးဆို)
(၅)ပိသုဏာဝါစာ – သူနှစ်ဦးတို့အချစ်ပျက်အောင် ကုန်းတိုက်ခြင်းကို–––(ငါးပါးဆို)
(၆)ဖရုသဝါစာ – ကြမ်းတမ်းသောစကားပြောဆိုခြင်းကို ––– (ငါးပါးဆို)
(၇)သမ္ဖပ္ပလာပ – ပြိန်ဖျင်းသောစကား ပြောဆိုခြင်းကို ––– (ငါးပါးဆို)
(၈)အဘိဇ္ဈာ – သူတစ်ပါး၏စည်းစိမ်လိုချင်တပ်မက်ခြင်းကို ––– (ငါးပါးဆို)
(၉)ဗျာပါဒ – သူတစ်ပါးအားပျက်စီးစေလိုခြင်းကို ––– (ငါးပါးဆို)
(၁၀)မိစ္ဆာဒိဋ္ဌိ – မှားယွင်းသောအယူစွဲယူခြင်းကို –––– (ငါးပါးဆို)
(၁၁)ကာမမှထွက်မြောက်လိုမှု နေက္ခမဓာတ်ဖြင့် ကာမစ္ဆန္ဒကိုပယ်ခြင်း(ပဟာန)သည် သီလမည်၏။ (အထက်ပါအတိုင်း ငါးပါးဆို)
(၁၂)သူတစ်ပါး၏စည်းစိမ်အသက်ကို မဖျက်ဆီးလိုမှု အဗျာပါဒ မေတ္တာဖြင့် ဗျာပါဒကို ပယ်ခြင်း(ပဟာန)သည် သီလမည်၏။ ––– (ငါးပါးဆို)
(၁၃)အလင်းရောင်ဟူသောအမှတ်သညာဖြင့် ထိန, မိဒ္ဓကိုပယ်ခြင်း(ပဟာန)သည် သီလမည်၏။ ––– (ငါးပါးဆို)
(၁၄)စိတ်၏မပျံ့လွင့်ခြင်း အဝိက္ခေပဖြင့် စိတ်၏ပျံ့လွင့်မှု ဥဒ္ဓစ္စကို ပယ်ခြင်း(ပဟာန)သည် သီလမည်၏။ ––– (ငါးပါးဆို)
(၁၅)တရားတို့ကို ပိုင်းခြားဆုံးဖြတ်ခြင်းဖြင့် တွေးတောယုံမှားမှု ဝိစိကိစ္ဆာကို ပယ်ခြင်းသည် သီလမည်၏။ ––– (ငါးပါးဆို)
(၁၆)အဘိညာဏ်ဖြင့် အဝိဇ္ဇာကိုပယ်ခြင်းသည် သီလမည်၏။ ––– (ငါးပါးဆို)
(၁၇)ဝမ်းမြောက်ခြင်း ပါမောဇ္ဇဖြင့် မမွေ့လျော်ခြင်း အရတိကိုပယ်ခြင်းသည် သီလမည်၏။
(၁၈)ပဌမဈာန်ဖြင့် နီဝရဏတို့ကို ပယ်ခြင်းသည် သီလမည်၏။ ––– (ငါးပါးဆို)
(၁၉)ဒုတိယဈာန်ဖြင့် ဝိတက်, ဝိစာရတို့ကို ပယ်ခြင်းသည် သီလမည်၏။ –––(ငါးပါးဆို)
(၂၀)တတိယဈာန်ဖြင့် ပီတိကိုပယ်ခြင်းသည် သီလမည်၏။ ––– (ငါးပါးဆို)
(၂၁)စတုတ္ထဈာန်ဖြင့် သုခ, ဒုက္ခကိုပယ်ခြင်းသည် သီလမည်၏။ ––– (ငါးပါးဆို)
(၂၂)အာကာသာနဉ္စာယတနသမာပတ်ဖြင့် ရူပသညာ, ပဋိဃသညာ, အထူးထူးသောအာရုံ၌ဖြစ်သည့်သညာကို ပယ်ခြင်းသည် သီလမည်၏။ ––– (ငါးပါးဆို)
(၂၃)ဝိညာဏဉ္စာယတနသမာပတ်ဖြင့် အာကာသာနဉ္စာယတနသညာကို ပယ်ခြင်းသည် သီလမည်၏။ ––– (ငါးပါးဆို)
(၂၄)အာကိဉ္စညာယတနသမာပတ်ဖြင့် ဝိညာဏဉ္စာယတနသညာကို ပယ်ခြင်းသည် သီလမည်၏။ –––– (ငါးပါးဆို)
(၂၅)နေဝသညာနာသညာယတနသမာပတ်ဖြင့် အာကိဉ္စညာယတနသညာကိုပယ်ခြင်းသည်

http://www.dhammadownload.com



သီလမည်၏။ --- (ငါးပါးဆို)

(၂၆)အနိစ္စဟုရှုခြင်းဟူသည့် အနိစ္စာနုပဿနာဖြင့် နိစ္စဟုထင်မှတ်ခြင်း နိစ္စသညာကို ပယ်ခြင်းသည် သီလမည်၏။ --- (ငါးပါးဆို)

(၂၇)ဒုက္ခဟုရှုခြင်းဟူသည့် ဒုက္ခာနုပဿနာဖြင့် သုခသညာကို ပယ်ခြင်းသည် သီလမည်၏။ --- (ငါးပါးဆို)

(၂၈)အနတ္တဟုရှုခြင်းဟူသည့် အနတ္တာနုပဿနာဖြင့် အတ္တသညာကို ပယ်ခြင်းသည် သီလမည်၏။ --- (ငါးပါးဆို)

(၂၉)ငြီးငွေ့ဖွယ်ဟုရှုခြင်းဖြင့် နှစ်သက်ခြင်းကို ပယ်ခြင်းသည် သီလမည်၏။---(ငါးပါးဆို)

(၃၀)တပ်ခြင်းကင်းအပ်၏ဟုရှုခြင်းဖြင့် တပ်ခြင်းရာဂကို ပယ်ခြင်းသည်---(ငါးပါးဆို)

(၃၁)ချုပ်ပျောက်ခြင်းသဘောဟုရှုခြင်းဖြင့် သမုဒယကို ပယ်ခြင်းသည်---(ငါးပါးဆို)

(၃၂)သင်္ခါရတို့ကို ဉာဏ်ဖြင့်ဆင်ခြင်၍ စွန့်လွှတ်ခြင်း ပဋိနိဿဂ္ဂါနုပဿနာဖြင့် နိစ္စစသည်ဖြင့် စွဲလမ်းခြင်းကို ပယ်ခြင်းသည် ---- (ငါးပါးဆို)

(၃၃)ကုန်ခြင်းကိုရှုသော ခယာနုပဿနာဖြင့် တစ်စုတစ်ခဲတည်းဟုမှတ်ထင်သော ဃနသညာကို ပယ်ခြင်းသည် --- (ငါးပါးဆို)

(၃၄)ပျက်ခြင်းကိုရှုသော ဝယာနုပဿနာဖြင့် ပြုပြင်စုရုံးအားထုတ်ခြင်းကို ပယ်ခြင်းသည် ---- (ငါးပါးဆို)

(၃၅)ဖောက်ပြန်ခြင်းကိုရှုသော ဝိပရိဏာမာနုပဿနာဖြင့် မဖောက်မပြန် ခိုင်မြဲသည်ဟု စွဲယူသော ဓုဝသညာကို ပယ်ခြင်းသည် --- (ငါးပါးဆို)

(၃၆)အကောင်အထည် စမ်းသပ်ရှာဖွေ၍ မရဟူသော အနိမိတ္တာနုပဿနာဖြင့် လုံးလုံးလျောင်းလျောင်းပေါင်းစုတည်ဟန်ကို ယူခြင်းနိမိတ်ကို ပယ်ခြင်းသည် --- (ငါးပါးဆို)

(၃၇)ရာဂစသည်ဖြင့် မစွဲလမ်းအပ်ဟုရှုသော အပ္ပဏိဟိတာနုပဿနာဖြင့် ရာဂစသည်ဖြင့် သင်္ခါရတို့ကို တောင့်တခြင်းကို ပယ်ခြင်းသည် --- (ငါးပါးဆို)

(၃၈)အတ္တမှကင်းဆိတ်၏ဟုရှုသော သုညတာနုပဿနာဖြင့် အတ္တဟုစွဲလမ်းသော အဘိနိဝေသကို ပယ်ခြင်းသည် --- (ငါးပါးဆို)

(၃၉)အနိစ္စ, ဒုက္ခစသည်ဖြင့် တေဘူမိကတရားတို့ကိုရှုသော အဓိပညာဓမ္မဝိပဿနာဖြင့် အနှစ်မဲ့သည့်သင်္ခါရတရားတို့ကို အနှစ်ရှိ၏ဟုစွဲယူသည့် သာရာဒါနာဘိနိဝေသကို ပယ်ခြင်းသည် --- (ငါးပါးဆို)

(၄၀)ဟုတ်တိုင်းမှန်စွာသိသော ဉာဏ်အမြင်ဖြင့် မှားယွင်းစွာထင်မြင်သည့်သမ္မောဟာဘိနိဝေသကို ပယ်ခြင်းသည် --- (ငါးပါးဆို)

(၄၁)အပြစ်ကို အဖန်တလဲလဲရှုသော အာဒီနဝါနုပဿနာဖြင့် တဏှာအာလယဖြင့် နှလုံးသွင်းခြင်း အာလယာဘိနိဝေသကို ပယ်ခြင်းသည် --- (ငါးပါးဆို)

http://www.dhammadownload.com



(၄၂)သခ်ါရတို့ကို စွန့်လွှတ်အပ်၏, မတွယ်တာအပ်ဟုဆင်ခြင်သော ပဋိသင်္ခါနုပဿနာဖြင့် ဆင်ခြင်ဉာဏ်ကင်းမဲ့ခြင်း အပ္ပဋိသင်္ခါကို ပယ်ခြင်းသည် ---(ငါးပါးဆို)

(၄၃)ဝဋ်ဆင်းရဲကင်းရာနိဗ္ဗာန်ကို အဖန်တလဲလဲရှုခြင်း ဝိဝဋ္ဋာနုပဿနာဖြင့် ယှဉ်ပူးငြိတွယ်သောအားဖြင့် အမှားနှလုံးသွင်းခြင်း သံယောဂါဘိနိဝေသကိုပယ်ခြင်းသည် ---(ငါးပါးဆို)

(၄၄)သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိနှင့်တကွဖြစ်သည့် ကိလေသာတို့ကို ပယ်ခြင်းသည်---(ငါးပါးဆို)

(၄၅) သကဒါဂါမိမဂ်ဖြင့် ရုန့်ရင်းကြမ်းတမ်းသော ကိလေသာတို့ကို ပယ်ခြင်းသည် ---(ငါးပါးဆို)

(၄၆)အနာဂါမိမဂ်ဖြင့် သိမ်မွေ့သောကိလေသာတို့ကိုပယ်ခြင်းသည် ---- (ငါးပါးဆို)

(၄၇)အရဟတ္တမဂ်ဖြင့် အလုံးစုံသောကိလေသာတို့ကို ပယ်ခြင်းသည် --- (ငါးပါးဆို)

### ၆ သီလ၏အကျိုးအာနိသင်အဆင့်ဆင့်

ဤသို့သဘောရှိကုန်သော သီလတို့သည်-

(၁)စိတ်ကိုသာယာရွှင်ပျစေခြင်းငှာ ဖြစ်ကုန်၏။

(၂)ဝမ်းမြောက်စေခြင်း (ပါမောဇ္ဇ)ငှာ ဖြစ်ကုန်၏။

(၃)နှစ်သက်စေခြင်း (ပီတိ)ငှာ ဖြစ်ကုန်၏။

(၄)ငြိမ်းစေခြင်း (ပဿဒ္ဓိ)ငှာ ဖြစ်ကုန်၏။

(၅)ရွှင်လန်းဝမ်းသာခြင်း(သုခ)ငှာ ဖြစ်ကုန်၏။

(၆)အဖန်တလဲလဲမှီဝဲခြင်းငှာ ဖြစ်ကုန်၏။

(၇)အဖန်တလဲလဲ ပွားခြင်းငှာ ဖြစ်ကုန်၏။

(၈)အကြိမ်များစွာ လေ့လာခြင်းငှာ ဖြစ်ကုန်၏။

(၉)တန်ဆာဆင်ခြင်းငှာ ဖြစ်ကုန်၏။

(၁၀)အထောက်အပံ့အကျိုးငှာ ဖြစ်ကုန်၏။

(၁၁)အခြံအရံအကျိုးငှာ ဖြစ်ကုန်၏။

(၁၂)သမာဓိ၏ပြည့်စုံခြင်းငှာ ဖြစ်ကုန်၏။

(၁၃)စင်စစ်ဝဋ်ဆင်းရဲကို ငြီးငွေ့ခြင်းငှာ ဖြစ်ကုန်၏။

(၁၄)တပ်ခြင်းကင်းခြင်းငှာ ဖြစ်ကုန်၏။

(၁၅)ချုပ်ခြင်းငှာ ဖြစ်ကုန်၏။

(၁၆)ငြိမ်းအေးခြင်းငှာ ဖြစ်ကုန်၏။

(၁၇)ထူးသောဉာဏ်ဖြင့်သိခြင်းငှာ ဖြစ်ကုန်၏။

http://www.dhammadownload.com



(၁၈)သစ္စာလေးပါးအမှန်တရားတို့ကို ကိုယ်တိုင်သိခြင်းငှာ ဖြစ်ကုန်၏။
(၁၉)အသင်္ခတ မဟာနိဗ္ဗာနဓာတ်ဟူသောအကျိုးငှာဖြစ်ကုန်၏။

ဤသို့လျှင် အရှင်သာရိပုတ္တရာသည် ပဋိသမ္ဘိဒါမဂ်၌ ဖွင့်ပြဟောကြားတော်မူ၏။

### ပဋိသမ္ဘိဒါမဂ်၌ ပယ်ခြင်းစသည်ကို သီလဟုခေါ်ပုံ

ပယ်ခြင်း(ပဟာန)ဆိုသည်မှာ ပါဏာတိပါတစသည်တို့ကို မဖြစ်စေခြင်းမှတစ်ပါး အခြားပယ်ကောင်းသောတရားဟူ၍ တစ်စုံတစ်ခုမျှမရှိချေ။ ထိုထိုပါဏာတိပါတ, အဒိန္နာဒါနစသည်ကို ပယ်ခြင်းသည်ပင် ထိုထိုဆိုင်ရာဆိုင်ရာ နောက်နောက်ကုသိုလ်တရားတို့၏ တည်ရာအဖြစ်ဖြင့် လွန်စွာဆောင်တတ်သောတည်ရာ (ဥပဓာရဏ) ဖြစ်သေ၏။ ကာယကံ, ဝစီကံတို့ကို တုန်လှုပ်ခြင်းမရှိသည်အဖြစ်ဖြင့် ကောင်းစွာအညီအညွတ်ထားခြင်း(သမာဓာန) လည်းဖြစ်ပေ၏။

ထို့ကြောင့် ရှေ့က သီလ၏အနက်ကိုပြရာ၌ ဆိုခဲ့သည့်အတိုင်း ပယ်ခြင်းစသည်ကို 'ဥပဓာရဏ' လွန်စွာဆောင်ခြင်း၊ 'သမာဓာန' ကောင်းစွာထားခြင်းဟုဆိုအပ်သော သီလ အနက်ဖြင့် သီလဟူ၍ ဟောအပ်ပေသည်။

ထိုမှတစ်ပါးကုန်သော ဝိရတိ(ဝါ)စေရာမဏီ၊ စေတနာ၊ သံဝရ၊ အဝီတိက္ကမဟူသည့် သီလလေးပါးတို့သည် တရားကိုယ်ရကောင်းသည်ဖြစ်၍ ထိုထိုပါဏာတိပါတ စသည်မှ ကြဉ်ရှောင်သောဝိရတိအစွမ်းဖြင့်လည်းကောင်း၊ ထိုထိုတရားတို့ကို ပိတ်ဆို့စောင့်ရှောက်ခြင်း သံဝရအစွမ်းဖြင့်လည်းကောင်း၊ ထိုနှစ်ပါးသော ဝိရတိ, သံဝရမှုတို့နှင့်ယှဉ်သည့် စေတနာ အစွမ်းဖြင့်လည်းကောင်း၊ ထိုထိုမလွန်ကျူးအပ်သော အရာတို့ကို မလွန်ကျူးသည်၏ အစွမ်းဖြင့်လည်းကောင်း၊ စိတ်၏ဖြစ်ခြင်းရှိသင့်သည်ကိုရည်၍ သီလဟုဆိုအပ်၏။

## ၇ သီလ၏ညစ်နွမ်းကြောင်း, ဖြူစင်ကြောင်း

(၁) သီလ၏ညစ်နွမ်းကြောင်း(သံကိလေသ)ကား အဘယ်နည်း။

(၂) သီလ၏ဖြူစင်ကြောင်း(ဝေါဒါန)ကား အဘယ်နည်း။

အဖြေကား – လာဘ်, အခြံအရံ, အဆွေအမျိုး, အသက်စသည့်အကြောင်းကြောင့် လည်းကောင်း၊ မေထုန်ငယ်ခုနစ်ပါးနှင့်ယှဉ်ခြင်းကြောင့်လည်းကောင်း၊ သီလ၏ကျိုးပြတ်ခြင်း, ပေါက်ခြင်း, ကျားခြင်း, ပြောက်ခြင်း အစရှိသောအဖြစ်သည် သီလ၏ညစ်နွမ်းကြောင်းမည်၏။

အဆိုပါအကြောင်းတို့ကြောင့် သီလ၏မကျိုးမပြတ်ခြင်း၊ မပေါက်ခြင်း၊ မကျားခြင်း၊ မပြောက်ကွက်ခြင်းအစရှိသည့်အဖြစ်သည် သီလ၏ဖြူစင်ကြောင်းမည်၏။

အကြင်ရဟန်း၏သီလသည် အလယ်၌ပျက်၏။ ထိုရဟန်း၏သီလသည် အလယ်၌ ပေါက်သောအဝတ်ကဲ့သို့ ပေါက်သည်မည်၏။

http://www.dhammadownload.com



အကြင်ရဟန်း၏သီလသည် အစဦးအတိုင်း သိက္ခာပုဒ်နှစ်ပါး, သုံးပါးတို့ ပျက်ကုန်၏။ ထိုရဟန်း၏သီလသည် ကျောက်ကုန်း သို့မဟုတ် ဝမ်းဗိုက်၌ အမျိုးကွဲ အဆင်းဖြင့် အမည်း, အနီ စသည့် တစ်ပါးပါးအဆင်းရှိသောနွားမကဲ့သို့ ကြောင်ကျားသည်မည်၏။

အကြင်ရဟန်း၏သီလသည် အကြားအကြား၌ သိက္ခာပုဒ်တို့ ပျက်ကုန်၏။ ထိုရဟန်း၏သီလသည် အကြားအကြား၌ အမျိုးကွဲအဆင်းအပြောက်တို့ဖြင့် ဆန်းကြယ်သည့် အဆင်းရှိသောနွားမကဲ့သို့ အပြောက်အကွက်ရှိသည်မည်၏။

လာဘ်, အခြံအရံ စသည့်အကြောင်းတို့ကြောင့် သီလ၏ကျိုးခြင်း, ပေါက်ခြင်း, ကျားခြင်း, ပြောက်ခြင်းတို့သည် ဤဆိုခဲ့သောနည်းအတိုင်းပင် ဖြစ်၏။

### 'ဝိသုဒ္ဓိမဂ်အရသာ' မှ ဆောင်ပုဒ်လင်္ကာ

*စဆုံးနှစ်ရပ်၊ ပျက်စီးလတ်၊ ကျိုးပြတ်ခေါ်ခဏ္ဍ။*

*အလယ်အတွင်း၊ ပျက်စီးခြင်း၊ ပေါက်ထွင်းမည်ဆိဒ္ဒ။*

*စဉ်တိုင်းအများ၊ ပျက်စီးငြား၊ ကြောင်ကျားသဗလ။*

*အကြားအကြားကွက်၊ ပျက်စီးချက်၊ ပြောက်ကွက်ကမ္မာသ။*

### မေထုန်ငယ်(၇)ပါးနှင့်ယှဉ်ခြင်းကြောင့်သီလညစ်နွမ်းခြင်း

ခုနစ်ပါးသောမေထုန်ငယ်တို့နှင့်ယှဉ်စပ်သည်၏အစွမ်းအားဖြင့် သီလညစ်နွမ်းကြောင်းကို အင်္ဂုတ္တိုရ်ပါဠိတော်၊ သတ္တကနိပါတ်၊ မေထုနသုတ်၌ အောက်ပါအတိုင်း ဘုရားဟောကြား၏။

၁။ ဤလောက၌ အချို့သောရဟန်း, ပုဂ္ဂိုလ်သူမြတ်တို့သည် ကောင်းမြတ်သော အကျင့်ကို ကျင့်သည်ဟုဝန်ခံငြားသော်လည်း မာတုဂါမနှင့်အတူတကွ နှစ်ယောက်အစုံ တပ်ခြင်းဆုံသည့် မေထုန်အကျင့်သို့ကားမရောက်၊ ထိုသို့မရောက်သော်လည်း မာတုဂါမ၏ကိုယ်ကို နံ့သာစသည်လိမ်းကျံပေးခြင်း၊ ဆုပ်နယ်ခြင်း၊ ရေချိုးခြင်း၊ သုံးသပ်ခြင်းကို သာယာ၏။ ထိုမာတုဂါမ၏ နံ့သာစသည်ဖြင့် လိမ်းကျံပွတ်သပ်ခြင်း၊ ဆုပ်နယ်ခြင်း၊ ရေချိုးပေးခြင်းတို့ကို သာယာလက်ခံ၏၊ အလိုရှိ၏၊ နှစ်သက် မွေ့လျော်၏။

ဤသို့သာယာမွေ့လျော်ခြင်းသည် မြတ်သောအကျင့်သီလ၏ကျိုးခြင်း, ပေါက်ခြင်း, ကျားခြင်း, ပြောက်ခြင်းမည်၏။ ဤသို့သာယာခြင်း အစရှိသည်ကိုမေထုန်ငယ်နှင့်စပ်ယှဉ်လျက် မြတ်သောအကျင့်ကို မစင်မကြယ်ကျင့်ခြင်းဟု ဆိုအပ်၏။ ဤသူသည် ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်း, ပူဆွေးခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, ပြင်းစွာပူပန်ခြင်းတို့မှ မလွတ်သေး၊ ဆင်းရဲဒုက္ခမှ မလွတ်သေး။

၂။ ဤလောက၌ အချို့သောရဟန်း, သူမြတ်တို့သည် ကောင်းမြတ်သောအကျင့်ကို ကျင့်သည်ဟုဝန်ခံငြားသော်လည်း မာတုဂါမနှင့်အတူတကွ နှစ်ယောက်အစုံတပ်ခြင်း ဆုံသော မေထုန်အကျင့်သို့ကားမရောက်၊ မာတုဂါမ၏သုံးသပ်ဆုပ်နယ်ခြင်း စသည်ကို

http://www.dhammadownload.com



လည်း မသာယာ၊ စင်စစ်သော်ကား၊ မာတုဂါမနှင့် အတူတကွ ကိလေသာကလိ၍ တခိခိပြင်းစွာရယ်မောစ၏၊ ကိုယ်လက်ထိပါး ကစား၏၊ အခြင်းခပ်သိမ်း မာတုဂါမကို ပြယ်ဆိုမြူးထူးလျက်နေ၏၊ ထိုသို့ ရယ်မောပြောဆိုခြင်းကို သာယာ၏။

ဤသို့ သာယာမွေ့လျော်ခြင်းသည်လည်း မြတ်သောအကျင့်သီလ၏ညစ်နွမ်းခြင်း ဖြစ်၏။ ဤသို့သာယာခြင်း အစရှိသည်ကို---(လ)---ဆင်းရဲဒုက္ခမှ မလွတ်သေး။

၃။ ရဟန်းသည် မာတုဂါမ၏မျက်စိကို မိမိ၏မျက်စိဖြင့် တစိမ့်စိမ့်စိုက်၍ကြည့်၏၊ တစိတ စောင်းချောင်းမြောင်း၍ကြည့်၏။ ထိုသို့ကြည့်ရှုရခြင်းကို သာယာ၏။--(လ)--။

၄။ ရဟန်းသည် နံရံတစ်ဘက်, တံတိုင်းတစ်ဘက်တို့၌ မာတုဂါမ၏ရယ်ရွှင်သံ, စကား ပြောသံ, သီချင်းသီဆိုသံ, ငိုကြွေးသံစသည်ကိုသာယာ၏။---(လ)---။

၅။ ရဟန်းသည် ရှေးက မာတုဂါမနှင့် အတူတကွရယ်ရွှင်ခြင်း, ကစားမြူးထူးခြင်း များကို အဖန်တလဲလဲအောက်မေ့၏၊ နှစ်သက်သာယာ၏။---(လ)----။

၆။ ရဟန်းသည် ကာမဂုဏ်ငါးပါးတို့ဖြင့် စပ်ပွါယ်မွေ့လျော်သောသူကြွယ်ကိုဖြစ်စေ သူကြွယ်သားကိုဖြစ်စေ မြင်၍ ထိုသို့ကာမဂုဏ်ခံစားသည်ကိုသာယာ၏။--(လ)-။

၇။ ရဟန်းသည် တစ်ပါးပါးသောနတ်အမျိုး၌ဖြစ်ခြင်းကို တောင့်တ၍ မြတ်သောအကျင့် ကိုကျင့်၏။ 'ငါသည်ဤသီလဖြင့် ဤမြိုးခြံသောအကျင့်ဖြင့် ဤမြတ်သောအကျင့်ဖြင့် နတ်မင်းဖြစ်ရလို၏၊ နတ်သားဖြစ်ရလို၏ဟု တောင့်တ၏။ ထိုအဖြစ်ကိုသာယာ၏။ ---(လ)---။

ဤသို့လျှင် လာဘ်အစရှိသောအကြောင်းကြောင့် သီလပျက်စီးခြင်းခုနစ်ပါးအပြားရှိ သည့်မေထုန်နှင့်ယှဉ်သောကြောင့် သီလကျိုးပေါက်ညစ်နွမ်းခြင်းတို့ကို ပေါင်းရုံးသိအပ်၏။

**ဆောင်ပုဒ်။** ။ *ပွတ်သပ်မကျူး၊ ရယ်မြူးမရှိ၊ မျက်စိမဆုံ၊*
*သံမျိုးစုံပစ်၊ ရှေးဖြစ်မကြံ၊ မောင်နှံ့နှင့်ရှောင်၊*
*နတ်ဘောင်မရှယ်၊ ခုနစ်သွယ်၊ လွတ်ဖွယ်မေထုန်တည်း။*

## ဂ သီလဖြူစင်ကြောင်း (ဝေါဒါန)

၁။ ခပ်သိမ်းသောသိက္ခာပုဒ်တို့ကို မဖျက်မဆီး, မလွန်ကျူးခြင်း၊
၂။ မေ့လျော့၍ပျက်ကုန်သော်လည်း ကုစားကောင်းသောသိက္ခာပုဒ်တို့ကို ကုစားခြင်း၊
၃။ ခုနစ်ပါးသောမေထုန်ယ်တို့နှင့် မယှဉ်ခြင်း၊
၄။ အယုတ်တမာတရား (၁၄)ပါးတို့ မဖြစ်ခြင်း၊
(၁) အမျက်ထွက်ခြင်း – ကောဓ၊
(၂) ရန်ငြိုးဖွဲ့ခြင်း – ဥပနာဟ၊
(၃) သူ့ကျေးဇူးကိုချေခြင်း – မက္ခ၊

http://www.dhammadownload.com



(၄) သူတစ်ပါးကို အဖျင်းပြုခြင်း– ပလာသ၊
(၅) ငြူစူခြင်း – ဣဿာ၊
(၆) ဝန်တိုခြင်း – မစ္ဆရိယ၊
(၇) လှည့်ပတ်ခြင်း – မာယာ၊
(၈) ကြွားဝါပလွှား၍ပြောခြင်း – သာဌေယျ၊
(၉) စိတ်၏ခိုင်မာခြင်း – ထမ္ဘ၊
(၁၀) သူတစ်ပါးကိုဖိစီးချုပ်ချယ်ခြင်း – သာရမ္ဘ၊
(၁၁) ငါတကားဟုထောင်လွှားခြင်း – မာန၊
(၁၂) အလွန်မာနထောင်လွှားခြင်း – အတိမာန၊
(၁၃) မာန်ယစ်ခြင်း – မဒ၊
(၁၄) မေ့လျော့ပေါ့တန်ခြင်း – ပမာဒ၊

၅။ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ခေါင်းပါးခြင်းစသော ဂုဏ်ကျေးဇူးတို့ကို ဖြစ်စေခြင်းတို့သည် သီလ၏မကျိုး–မပေါက်–မကျား–မပြောက်ခြင်းဟူသော သီလ၏ဖြူစင်ကြောင်းဖြစ်ပါသည်။

၆။ အကြင်သီလသည် လာဘ်စသောအကြောင်းကြောင့် မပျက်စီး၊ မေ့လျော့ခြင်း အပြစ်ကြောင့် ပျက်စီးသော်လည်း တစ်ဖန်ကုစားနိုင်၏၊ မေထုန်နှင့်ယှဉ်ခြင်း, အမျက်ထွက်ခြင်း, ရန်ငြိုးဖွဲ့ခြင်းစသည့်မကောင်းမှုတို့ဖြင့် မနှိပ်စက်အပ်ကုန်၊ ထိုသီလတို့ကို–
(၁) မကျိုးသောသီလ – အခဏ္ဍသီလ၊
(၂) မပေါက်သောသီလ – အဆိဒ္ဒသီလ၊
(၃) မကျားသောသီလ – အသဗလသီလ၊
(၄) မပြောက်မကွက်သောသီလ – အကမ္မာသသီလတို့ဟူ၍ ဆိုအပ်၏။

၇။ ထိုမကျိုး, မပေါက်, မကျား, မပြောက်သော သီလတို့သည်ပင်
(၁) တဏှာ၏ကျွန်အဖြစ်မှလွတ်စေ၍ တော်လှန်သည်အဖြစ်ကိုပြုခြင်းကြောင့် ဘုဇိဿသီလ၊
(၂) ပညာရှိတို့ ချီးမွမ်းထောပနာအပ်သည့်အဖြစ်ကြောင့် ဝိညူပသတ္ထသီလ၊
(၃) တဏှာ, ဒိဋ္ဌိတို့ မဖျက်ဆီးအပ်သည်အဖြစ်ကြောင့် အပရာမဋ္ဌသီလ၊
(၄) ဥပစာရသမာဓိ, အပ္ပနာသမာဓိတို့ကို ဖြစ်စေတတ်သောကြောင့် သမာဓိသံဝတ္တနိကသီလ မည်ကုန်၏။

ထို့ကြောင့် ထိုသီလတို့၏မကျိုး, မပေါက်, မကျား, မပြောက်ခြင်းအဖြစ်ကို သီလ၏ဖြူစင်ကြောင်း ဝေါဒါနဟူ၍ သိအပ်၏။

http://www.dhammadownload.com



## သီလပြုစုစင်ကြောင်း ဝေါဒါန၏အကြောင်း ၂-ပါး

၁။ သီလပျက်စီးခြင်း၏အပြစ်ကို မြင်ခြင်း၊
၂။ သီလပြည့်စုံခြင်း၏အကျိုးကို မြင်ခြင်းတို့ ဖြစ်ကြ၏။

## ၉ သီလပျက်စီးခြင်း၏အပြစ်များ

၁။ သီလမရှိသူသည် သီလကင်းမဲ့ခြင်းဟူသောအကြောင်းကြောင့် လူနတ်တို့၏စိတ်နှလုံးကို မနှစ်သက်စေအပ်။
၂။ သီတင်းသုံးဖော်တို့ ရှုံ့ရှာသဖြင့် မဆုံးမအပ်သည် ဖြစ်၏။
၃။ ဒုဿီလပုဂ္ဂိုလ်ဟု ကဲ့ရဲ့ခံရခြင်းကြောင့် လွန်စွာဆင်းရဲ၏။
၄။ သီလရှိသည့်ပုဂ္ဂိုလ်တို့ကို ချီးမွမ်းကုန်သည်ရှိသော် 'ငါကားကောင်းစွာမကျင့်ခဲ့မိ' ဟူ၍ နှလုံးမသာယာဖြစ်၏။
၅။ အကျင့်သီလကင်းမဲ့သည့်အဖြစ်ကြောင့် ဂုံနီပိုက်ဆံလျှော်အဝတ်ကဲ့သို့ အဆင်းမလှ။
၆။ ဒုဿီလပုဂ္ဂိုလ်၏အမူအကျင့်မျိုးကို လိုက်ယူသောသူတို့အား ကာလရှည်ကြာစွာ ဆင်းရဲစေ၏။ ဂုံနီပိုက်ဆံလျှော်အဝတ်ကဲ့သို့ ဆင်းရဲသောအတွေ့ရှိ၏။
၇။ လှူဒါန်းသောပုဂ္ဂိုလ်တို့အား အကျိုးစီးပွားမများစေသဖြင့် ဂုံနီပိုက်ဆံလျှော်အဝတ်ကဲ့သို့ အဖိုးနည်း၏။
၈။ နှစ်ပေါင်းများစွာ စုပေါင်း၍ထားသော မစင်တွင်းကြီးကဲ့သို့ သုတ်သင်ရန် ခဲယဉ်း၏။
၉။ တံရှူးဝါးကဲ့သို့ လူ့စည်းစိမ်, နတ်စည်းစိမ်ဟူသော အဖို့နှစ်ပါးမှ အပဖြစ်၏။
၁၀။နွားအပေါင်း၏နောက်သို့ အစဉ်လိုက်သောမြည်းကဲ့သို့ ရဟန်းအဖြစ်ကို ဝန်ခံသော်လည်း ရဟန်းမဟုတ်သည်သာဖြစ်၏။
၁၁။အလုံးစုံသောသူတို့ကို ရန်သူထင်မှတ်၍ အမြဲမပြတ် ထိတ်လန့်ရ၏။
၁၂။လူသေကောင်ကဲ့သို့ ပေါင်းဖော်ခြင်းငှာ မထိုက်ချေ။
၁၃။သုသာန်သချိုင်းတွင် သူကောင်ဖုတ်သောမီးသည် ပုဏ္ဏားတို့၏ပူဇော်မှုကိုမခံထိုက်သကဲ့သို့ သုတစသည့်ဂုဏ်တို့နှင့် ပြည့်စုံပါသော်လည်း သီတင်းသုံးဖော်တို့၏ပူဇော်ခြင်းကို မခံထိုက်။
၁၄။မျက်စိကန်းသူသည် ရူပါရုံကို မမြင်နိုင်သကဲ့သို့ သီလမဲ့သူသည် ဈာန်မဂ်ဖိုလ်ကို မရနိုင်။
၁၅။ဒွန်းစဏ္ဍားတို့၏သားငယ်သည် မင်းအဖြစ်ကို အလိုအာသာမရှိသကဲ့သို့ သီလမဲ့သူသည် သူတော်ကောင်းတို့၏ပဋိပတ်, ပဋိဝေဓတရားများကို အလိုမရှိချေ။
၁၆။ချမ်းသာလှ၏ဟု အောက်မေ့မှတ်ထင်သော်လည်း အဂ္ဂိခန္ဓသုတ်၌ ဟောတော်မူအပ်သော ဆင်းရဲအဖို့ရှိခြင်းကြောင့် ဆင်းရဲသည်သာဖြစ်၏။

http://www.dhammadownload.com



## အဂ္ဂိခန္ဓသုတ် (အဂ္ဂိခန္ဓောပမသုတ်)

ကာမဂုဏ်ငါးပါးကို ခံစားခြင်း၊ ရှိခိုးပူဇော်ခံခြင်းစသည့်ချမ်းသာကို သာယာတပ်မက်သော ဒုသီလပုဂ္ဂိုလ်အား အဂ္ဂိခန္ဓသုတ်တရားတော်ကို နာကြားရ၍ အောက်မေ့ကာမျှပင် နှလုံးပူပန်ကာ ပူသည့်သွေးကိုအန်စေနိုင်သော အလွန်ကြီးစွာသော ဆင်းရဲဒုက္ခကိုဟောပြလိုသဖြင့် "အို–ရဟန်းတို့၊ တဟုန်းဟုန်းတောက်လောင်သောမီးပုံကြီးကို မြင်ကြသလော"ဟု အစချီကာ အဂ္ဂိခန္ဓသုတ်ကို ဟောကြားတော်မူ၏။

၁။ "အိုရဟန်းတို့၊ ရဲရဲပြောင်ပြောင်တောက်လောင်သော မီးပွားမီးလျှံတို့ဖြင့် တခဲနက်တောက်လောင်နေသောမီးပုံကြီးကိုပွေ့ဖက်၍ ထိုင်နေ၊ အိပ်နေခြင်းနှင့် နူးညံ့ပျိုမြစ်သောလက်ခြေအင်္ဂါရှိသော မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူကြွယ်မျိုးမှဖြစ်သည့် သမီးကညာကို ပွေ့ဖက်၍ ထိုင်နေ၊ အိပ်နေခြင်းတို့တွင် အဘယ်နေခြင်းကမြတ်သလဲ"

"သတို့သမီးကညာကို ပွေ့ဖက်၍ အိပ်နေရခြင်းက မြတ်ပါသည်။ မီးပုံကြီးကို ပွေ့ဖက်၍အိပ်နေခြင်းသည်ကား အလွန်ဆင်းရဲလှပါ၏"ဟု ရဟန်းတို့လျှောက်ကြကုန်၏။

"အို–ရဟန်းတို့၊ သင်တို့အား ပြောကြားပေအံ့၊ ယုတ်မာ၍ မစင်မကြယ် စက်ဆုပ်ရွံရှာဖွယ် အကျင့်ရှိသောရဟန်း၊ သူတော်သူမြတ်မဟုတ်ပါဘဲလျက် ရဟန်းသူမြတ်ဟုဝန်ခံသော ဒုသီလပုဂ္ဂိုလ်သည် အကြင်မီးပုံကြီးကို ပွေ့ဖက်၍ အိပ်နေခြင်းကြောင့် သေခြင်းသို့မဟုတ် သေလုနီးပါးဒုက္ခကြီးသို့ ရောက်နိုင်၏။ သို့သော် သေသည်အခြားမဲ့၌ ချမ်းသာကင်းသည့်ငရဲသို့ မရောက်လေရာ။ သတို့သမီးကညာကို ပွေ့ဖက်၍ အိပ်နေခြင်းကြောင့်မူ ချမ်းသာကင်းသည့်ငရဲသို့ ကျရောက်ရ၏။ ထို့ကြောင့် မီးပုံကြီးကို ပွေ့ဖက်၍အိပ်နေခြင်းက ပို၍မြတ်၏။"

၂။ ထိုနည်းအတူ အားကောင်းသောယောကျ်ားသည် ခိုင်ခံ့သောသားမြီးကြိုးဖြင့် ခြေသလုံးမြင်းခေါင်းနှစ်ဘက်ကို ရစ်ပတ်၍ပွတ်ဆွဲ၏။ ထိုသားမြီးကြိုးသည် အပေါ်ရေကို ဖြတ်၏၊ အကြေကိုဖြတ်၏၊ အရိုးကိုဖြတ်၏၊ ရိုးတွင်းခြင်ဆီကို ထိ၍တည်၏။ ဤသို့ပွတ်တိုက်ခံရခြင်းက မြတ်သေး၏။ ဒုသီလပုဂ္ဂိုလ်က မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်တို့၏ ရှိသေ၊ ဝတ်ပြု၊ ပူဇော်ခြင်းကို သာယာနေခြင်းသည် မမြတ်သည်သာတည်း။

၃။ ထိုနည်းအတူပင် အားရှိသောယောကျ်ားက မြမြထက်သောလှံမြဖြင့် ရင်ဝကိုထိုးခြင်းသည် ဒုသီလပုဂ္ဂိုလ်က မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်တို့၏လက်အုပ်ချီမိုး ရှိခိုးခြင်းကို သာယာနေသည်ထက် ပို၍မြတ်၏။

၄။ ထိုနည်းအတူ အားရှိသောယာကျ်ားက အခိုးအလျှံနှင့်တကွ လောလောပူသောသံပြားကြီးဖြင့် ကိုယ်ကိုရစ်ပတ်ခြင်းသည် ဒုသီလပုဂ္ဂိုလ်က မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ သူဌေးတို့ သဒ္ဓါယုံကြည်သဖြင့် ပေးလှူသောသင်္ကန်းကို ဝတ်ရုံရခြင်းထက် ပို၍မြတ်၏။

http://www.dhammadownload.com



၅။ ထိုအတူပင် အားရှိသောယောကျ်ားက လောလောပူသောသံညှပ်ကြီးဖြင့် ခံတွင်းကိုဖွင့်၍ ရဲရဲပြောင်ပြောင်အမိုးအလျှံနှင့်တကွ လောလောပူသောသံရည်ပူကို သွန်းလောင်းထည့်သွင်းခြင်းသည် ဒုဿီလပုဂ္ဂိုလ်က မင်း, ပုဏ္ဏား, သူကြွယ်, သူဌေးတို့ သဒ္ဓါယုံကြည် သဖြင့် လှူဒါန်းသောဆွမ်းကို သုံးဆောင်စားသောက်ရခြင်းထက် ပို၍မြတ်၏။

၆။ ထိုအတူပင် အားရှိသောယောကျ်ားသည် ဦးခေါင်းကိုကိုင်ဆွဲ၍ တဟုန်းဟုန်းတောက်လောင်သော အမိုးအလျှံနှင့်တကွ လောလောပူသည့် သံကုတင်, သံအင်းပျဉ်၌ အတင်းဖိ၍အိပ်နေစေခြင်းသည် ဒုဿီလပုဂ္ဂိုလ်က မင်း, ပုဏ္ဏား, သူကြွယ်, သူဌေးတို့ သဒ္ဓါယုံကြည်သဖြင့် လှူဒါန်းသောညောင်စောင်း, အင်းပျဉ်ထက်၌ အိပ်နေရခြင်းထက် ပို၍မြတ်၏။

၇။ ထိုအတူပင် အားရှိသောယောကျ်ားသည် ခြေထောက်မိုးမျှော် ဦးခေါင်းစောက်ထိုးကိုင်၍ တဟုန်းဟုန်းတောက်လောင်ကာ လောလောပူသည့် သံအိုးကြီးထဲသို့ ထည့်သွင်းခြင်းသည် ဒုဿီလပုဂ္ဂိုလ်က မင်း, ပုဏ္ဏား, သူကြွယ်, သူဌေးတို့ သဒ္ဓါယုံကြည်သဖြင့် လှူဒါန်းသောကျောင်းတွင် နေထိုင်ခြင်းထက် ပို၍မြတ်၏။

သို့ဖြစ်၍ မီးပုံကြီးကိုပွေ့ဖက်ခြင်းထက် ပိုမိုပြင်းထန်သည့် ဆင်းရဲဒုက္ခအကျိုးရှိသည့် ကာမဂုဏ်ချမ်းသာကို မစွန့်သော ဒုဿီလရဟန်းသည် အဘယ်မှာချမ်းသာသုခ ရှိအံ့နည်း။

နိုင်ခံသောသားမြီးကြိုးဖြင့် ပွတ်တိုက်ဆွဲသည့်ဆင်းရဲထက် ပိုမိုလွန်ကဲသော ဆင်းရဲအဖို့ရှိသည့် သီလပျက်စီးသောရဟန်းယုတ်သည် ဒါယကာတို့၏ရှိသေဝတ်ပြုခြင်းကို သာယာခြင်းဖြင့် ချမ်းသာသုခ အဘယ်မှာရှိတော့ပါအံ့နည်း။

မြမြထက်သော လှံမဖြင့် ရင်ဝကိုထိုးဆွခြင်းထက် ဆင်းရဲဒုက္ခလွန်ကဲသော ဆင်းရဲခြင်း၏အကြောင်းဖြစ်သည့် ဒါယကာတို့၏လက်အုပ်ချီမိုး, ရှိခိုးခြင်းသည် ဒုဿီလရဟန်းအား ချမ်းသာသုခ အဘယ်မှာရနိုင်ပါအံ့နည်း။

ကိုယ်နှုတ်နှလုံးကိုမစောင့်စည်းသောဒုဿီလပုဂ္ဂိုလ်သည် ဒါယကာတို့ သဒ္ဓါယုံကြည်၍ လှူဒါန်းသောသင်္ကန်းကိုဝတ်ရုံခြင်းဖြင့် ငရဲ၌အလျှံတပြောင်ပြောင် တောက်လောင်သော သံပြားကြီးဖြင့် ရစ်ပတ်ခြင်းအတွေ့ကို ကြာမြင့်စွာ ခံစားအပ်၏။ ထိုပုဂ္ဂိုလ်အား သင်္ကန်းဝတ်ရုံခြင်းကြောင့် ချမ်းသာသုခ အဘယ်မှာရနိုင်ပါအံ့နည်း။

သီလမရှိသူသည် အကြင်ဆွမ်းကို သုံးဆောင်ခြင်းဖြင့် ငရဲ၌အလျှံတပြောင်ပြောင် တောက်လောင်သောသံတွေရည်ကို ကြာမြင့်စွာမျိုအပ်ကုန်၏။ ထိုဆွမ်းသည် အရသာကောင်းပါသော်လည်း သီလကင်းမဲ့သူအား လတ်တလောသေစေသည့်အဆိပ်နှင့်တူ၏။

ဒါယကာတို့ သဒ္ဓါယုံကြည်၍ လှူဒါန်းသော ကုတင်ညောင်စောင်းကို သုံးစွဲသည့် ဒုဿီလပုဂ္ဂိုလ်သည် ငရဲ၌ တပြောင်ပြောင်တောက်လောင်သော သံကုတင် ညောင်စောင်း

http://www.dhammadownload.com



ထက်၌ ကြာမြင့်စွာ အိပ်စက်ရလတ္တံ့။ ထိုဒုဿီလပုဂ္ဂိုလ်၏ ထိုကုတင်ညောင်စောင်း သုံးဆောင်ခြင်းသည် ငရဲဆင်းရဲ၏အကြောင်းသာ ဖြစ်ပေ၏။

ဒါယကာတို့သဒ္ဓါယုံကြည်၍ လှူဒါန်းသောကျောင်း၌ ကိန်းအောင်းမွေ့လျော်သည့် ဒုဿီလပုဂ္ဂိုလ်သည် ငရဲ၌ တပြောင်ပြောင်တောက်လောင်နေသော သံအိုးကင်း ကြီးထဲ၌ နေရလတ္တံ့။ ထိုဒုဿီလပုဂ္ဂိုလ်၏ကျောင်း၌ ကိန်းအောင်းမွေ့လျော်ခြင်းကား အဘယ် အကျိုးရှိပါအံ့နည်း။

## ဒုဿီလရဟန်း၏အမည်များ

၁။ တံမြက်ချေးစုနှင့်တူသော အကျင့်ရှိသောကြောင့် "သင်္ကဿရသမာစာရ"၊

၂။ ယောက်သွားပုပ်နှင့်တူသောသူ၊

၃။ မကောင်းမှုအကုသိုလ်တို့ဖြင့် စိုစွတ်သူ၊

၄။ အတွင်းပုပ်သူဟူ၍ မြတ်စွာဘုရားဟောတော်မူ၏။

## သီလပျက်စီးခြင်း၏အပြစ်သည်များလှစွာ၏

၁။ ကိုယ်နှုတ်နှလုံး စောင့်ထိန်းခြင်းမရှိသော ရဟန်းမြတ်မဟုတ်ပါဘဲလျက် ရဟန်းမြတ် ယောင်ဆောင်သော ဒုဿီလရဟန်း၏အသက်ရှင်ခြင်းသည် စက်ဆုပ်ရွံရှာဖွယ်ဖြစ်၏။

၂။ ဒုဿီလရဟန်းယုတ်သည် တံမြက်ချေးစုနှင့်တူသော အကျင့်ရှိသောကြောင့် "သင်္ကဿရ သမာစာရ"မည်၏။ ယောက်သွားပုပ်နှင့်တူ၏၊ မကောင်းမှုအကုသိုလ်တို့ဖြင့် စွတ်စို၏၊ အတွင်းပုပ်သူဖြစ်၏ဟု မြတ်စွာဘုရားဟောကြားတော်မူ၏။

၃။ ဤလူ့ပြည်လောက၌ တန်ဆာဆင်ရန်အလိုရှိကြသောသူငယ်တို့သည် ကျင်ကြီး၊ အကောင်ပုပ်စသည်ကို ကြည်ရှုကြသကဲ့သို့ သီလမရှိသူကို သူတော်ကောင်းတို့ ကြည်ရှုကြ၏။

၄။ ဒုဿီလပုဂ္ဂိုလ်သည် အလုံးစုံသောဆင်းရဲဒုက္ခ, ဘေးအပေါင်းတို့မှ မလွတ်။

၅။ အလုံးစုံသောချာန်ချမ်းသာ, မဂ်ချမ်းသာတို့မှ လက်လွတ်၏။

၆။ ကောင်းစွာပိတ်ဆို့အပ်သော နတ်ရွာတံခါးရှိ၏။

၇။ အပါယ်လေးပါးလမ်းမကြီးသို့ သက်ဆင်းရ၏။

၈။ ဒုဿီလပုဂ္ဂိုလ်သည် သနားကြင်နာစရာဝတ္ထုဖြစ်၏။

## ၁၀ သီလပြည့်စုံခြင်း၏အကျိုးထူးများ

သီလပျက်စီးခြင်း၏အပြစ်များ၏ ဆန့်ကျင်ဘက်များကိုယူခြင်းဖြင့် သီလပြည့်စုံခြင်း၏ အကျိုးထူးများကို သိအပ်၏။

၁။ သီလစင်ကြယ်သောရဟန်း၏သပိတ်, သင်္ကန်းကိုဆောင်ခြင်းသည် ကြည်ညိုဖွယ် ရှိ၍ ရဟန်းပြုခြင်းသည် အကျိုးရှိ၏။

http://www.dhammadownload.com



၂။ အမိုက်မှောင်သည် နေအလင်းရောင်ထဲသို့ မသက်ဝင်နိုင်သကဲ့သို့ သီလစင်ကြယ်သောရဟန်းအား မိမိကိုယ်ကို မိမိစွပ်စွဲခြင်းဟူသည့်အတ္တာနုဝါဒဘေးသည် နှလုံးတွင်းသို့ မသက်ဝင်နိုင်။

၃။ အရောင်အဝါနှင့်ပြည့်စုံသော ဖိုးရွှေလမင်းသည် ကောင်းကင်အပြင်ဝယ် တင့်တယ်သကဲ့သို့ အကျင့်သီလပြည့်စုံခြင်းဖြင့် ရဟန်းသည် မြိုးခြစွာကျင့်ရာဖြစ်သည့်သာသနာတော်တည်းဟူသောအင်ကြင်းတောဌ် တင့်တယ်၏။

၄။ သီလရှိသောရဟန်း၏ ကိုယ်အနံ့သည် နတ်တို့အား နှစ်သက်မြတ်နိုးခြင်းကို ပြုတုံသေး၏။ အကျင့်သီလ၏ အနံ့မှုကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

၅။ သီလရနံ့သည် ခပ်သိမ်းကုန်သောအနံ့တို့ကို လွှမ်းမိုး၏။ အလုံးစုံသောအရပ်မျက်နှာသို့ အဆီးအတားမရှိ ပျံ့နှံ့ကြိုင်လှိုင်၏။

၆။ သီလရှိသော ပုဂ္ဂိုလ်၌ ပြုအပ်သောကုသိုလ်ကောင်းမှုသည် အနည်းငယ်မျှ ဖြစ်စေကာမူ အကျိုးကြီး၏။ သို့အတွက် သီလရှိသောပုဂ္ဂိုလ်သည် ပူဇော်ခြင်း, အရိုအသေပြုခြင်း၏ တည်ရာဖြစ်၏။

၇။ အကျင့်သီလရှိသူကို မျက်မှောက်၌ဖြစ်သော ဥပဒ်ဘေးရန်တို့ မညှဉ်းဆဲနိုင်။

၈။ သီလရှိသူသည် တမလွန်ဘဝ၌ ဖြစ်လတ္တံ့သော ဆင်းရဲဒုက္ခတို့၏ အရင်းအမြစ်ကို တူးဖြိုနိုင်၏။

၉။ လူ့စည်းစိမ်ချမ်းသာ, နတ်စည်းစိမ်ချမ်းသာတို့ကို သီလမပြည့်စုံသူက အလိုရှိသော်လည်း ရနိုင်ခဲ၏။ သီလရှိသူ့အဖို့မှု ရလွယ်၏။

၁၀။ သီလပြည့်စုံသူ၏စိတ်သည် ကိလေသာမီး အငြိမ်းအေးငြိမ်းသောနိဗ္ဗာန်သို့သာလျှင် အစဉ်ပြေးဝင်၏။

ဤဆိုခဲ့ပြီးသော သီလပျက်စီးခြင်း၏အပြစ်များနှင့် သီလပြည့်စုံခြင်း၏ အကျိုးများကို ထင်ရှားစွာသိသော ရဟန်း၏စိတ်သည် သီလပျက်အံ့သည်မှကြောက်လန့်၍ သီလပြည့်စုံသည်၏အဖြစ်သို့ အစဉ်ကိုင်းညွှတ်နေလိမ့်မည်။ ထို့ကြောင့် ပညာရှိသူတော်ကောင်းတို့သည် အခါခပ်သိမ်း သီလကိုဖြူစင်စေအပ်၏။

## ဝိသုဒ္ဓိမဂ္ဂစာမေးပွဲ မေးခွန်းများနှင့် အဖြေများ

၁။ အောက်ဖော်ပြပါ ပုဂ္ဂိုလ်တို့၌ အဘယ်တရားများက "ပဓာန"အားဖြင့် လွှမ်းမိုးနေပါသနည်း၊ ပုဂ္ဂိုလ်အလိုက် တင်ပြခဲ့ပါ။
(က)ဣန္ဒြေသိက္ခာတည်ကြည်သူ၊ (ခ) စားသောက်ရာ၌ သန့်ရှင်းသပ်ရပ်မှု။ (၁၉၈၉)
*[အဖြေ – (က) သတိ (ခ) ပညာ ]*

၂။ "အဓိသီလ"ဟူသည် အဘယ်ကိုစောင့်စည်းမှုဖြစ်ပါသနည်း၊ ယင်း၏အရေအတွက်နှင့်

http://www.dhammadownload.com



တွဲဖက်ဖော်ပြ၍ မိမိ၏အသက်ထက်ပင် တန်ဖိုးထားအပ်သော တရားကိုပါ ရေးပြခဲ့ပါ။ (၁၉၈၉)

*[အဖြေ - အဓိသီလ - ကိုယ်နှုတ်ကိုဆုံးမစောင့်စည်းမှု*
*အရေအတွက် - ၉၁၈၀, ၅၀၃, ၆၀၀၀*
*ကုဋေကိုးထောင်တစ်ရာရှစ်ဆယ်ငါးသန်းသုံးသောင်းခြောက်ထောင်*
*သူတော်ကောင်းတို့၏တရား။]*

၃။ ဝါခြောက်ဆယ်ကျော် မဟာသံဃရက္ခိတဆရာတော်ကြီး "ပျံလွန်ခါနီး"၌ ချက်ချင်း အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်ရောက်အောင် အားထုတ်နိုင်ခြင်းမှာ အဘယ် အကြောင်းများကြောင့်ပါနည်း၊ အမှန်တကယ် နိဗ္ဗာန်လိုချင်သူများ နည်းယူရလောက် အောင် ဖြေဆိုခဲ့ပါ။ (၁၉၈၉)

*[အဖြေ - မထေရ်သည် ရဟန်းပြုသည့်အခါကာလမှစ၍ (က)သတိမထား (ခ)ဉာဏ် ဖြင့်မပိုင်းခြားမှု၍ ပြုအပ်သောအရာမည်သည် မရှိသောကြောင့်ပါတည်း။ ပုထုဇဉ် သူတော်ကောင်းတို့၏ သီလသည် ရဟန်းဖြစ်သည်မှစ၍ ကောင်းမွန်စင်ကြယ်စွာသွေး အပ်သော ပတ္တမြားကဲ့သို့လည်းကောင်း၊ ကောင်းမွန်စင်ကြယ်အောင် ကျင်အပ်သော ရွှေကဲ့သို့လည်းကောင်း၊ အလွန်စင်ကြယ်သည်အဖြစ်ကြောင့် စိတ်ဖြစ်ခါမျှဖြင့်လည်း ကိလေသာအညစ်အကြေးမှ ကင်းသည်ဖြစ်၍ အရဟတ္တဖိုလ်၏နီးသောအကြောင်း ဖြစ်၏။]*

၄။ လောက၌ လူတို့တန်ဖိုးထားလေ့ရှိကြသော အမျိုးမြတ်ခြင်း, ဥစ္စာပေါများခြင်းတို့သည် ကိလေသာစင်ကြယ်မှုကို ဖြစ်စေနိုင်ပါသလော၊ ရှင်းလင်းဖြေဆိုခဲ့ပါ။ (၁၉၉၀)

*[အဖြေ - အမျိုးမြတ်ခြင်း, ဥစ္စာပေါများခြင်းတို့သည် ကိလေသာစင်ကြယ်မှုကို မဖြစ်စေနိုင်ပါ။ အကြောင်းမှာ မဂ်စေတနာကံသည်လည်းကောင်း၊ သမ္မာဒိဋ္ဌိ,သမ္မာဝါစာ, သမ္မာကမ္မန္တ, မြတ်သောအသက်မွေးခြင်းတို့သည်လည်းကောင်း၊ ကြွင်းသောအရိယမဂ် တရားတို့သည်လည်းကောင်း၊ ဤစေတနာနှင့်တကွသော အရိယမဂ်တရားဖြင့် သတ္တဝါ တို့သည် ကိလေသာမှ စင်ကြယ်နိုင်ကြသောကြောင့် ဖြစ်၏။]*

၅။ "ဆယ်ပါးသီလကို လူတို့မစောင့်ကောင်း"ဟု အဆိုပြုခဲ့လျှင် ယင်းအဆိုမှန်, မမှန် ဝေဖန်ဆုံးဖြတ်၍ မြန်မာ့ရိုးရာစည်းကမ်းများကို လိုက်နာကျင့်သုံးခြင်းသည် မည်သည့် သီလမျိုးဖြစ်သည်ကို ဖြေဆိုခဲ့ပါ။ (၁၉၉၀)

*[အဖြေ - "ဆယ်ပါးသီလကို လူတို့မစောင့်ကောင်း"ဟူသောအဆိုသည် မမှန်ကန်ပါ။ အကြောင်းမှာ - ဥပါသကာယောကျ်ား, ဥပါသကာမိန်းမတို့ အမြဲနိစ္စစောင့်ထိန်းအပ် သည့် ငါးပါးသောသိက္ခာပုဒ်၊ အားထုတ်ကြိုးစား၍တတ်နိုင်ခဲ့သော် စောင့်ထိန်းခြင်းငှာ*

http://www.dhammadownload.com



*ထိုက်သည့် ဆယ်ပါးသောသီလနှင့် ဥပုသ်အင်္ဂါ၏အစွမ်းဖြင့် ရှစ်ပါးသောသီလတို့ကို ဂဟဋ္ဌသီလ ဟုခေါ်၏။ ဤသီလတို့ကို စောင့်ထိန်းအပ်သောကြောင့် အထက်ပါ အဆို မမှန်ကန်ပါ။*

*မြန်မာ့ရိုးရာစည်းကမ်းများကို လိုက်နာကျင့်သုံးခြင်းသည် အမျိုး၏အကျင့်, အရပ်ဒေသ၏အကျင့်, အယူဝါဒ၏အကျင့်တို့ကို လိုက်နာကျင့်သုံးသည့် စည်းကမ်းအလေ့အကျင့်ဖြစ်၍ အာစာရသီလ ဖြစ်ပါသည်။]*

၆။ အထူးဂရုပြု၍စောင့်ရှောက်အပ်သော (က)မိမိ၏အဥ (ခ)မိမိ၏အမြီးဆံ (ဂ)တစ်ယောက်ထည်းသောသား (ဃ)တစ်ဖက်သာကျန်သောမျက်စိတို့နှင့်တူသော တရားကို ဖော်ပြ၍၊ အရိပ်နိမိတ်စသည်ဖြင့်ရအပ်သော ဆေးပစ္စည်းကို အနာရောဂါပျောက်ကင်းပြီးနောက် ဆက်လက်သုံးစွဲရန် သင့်၊ မသင့် ဝိနည်းဆောင်၊ သုတ္တန်ဆောင်တို့အယူအဆအားလျော်စွာ အကြောင်းပြဆုံးဖြတ်ပါ။ (၁၉၉၀)

*[အဖြေ – (က)မိမိ၏အဥ၊ (ခ)မိမိ၏အမြီးဆံ (ဂ)တစ်ယောက်တည်းသောသား၊ (ဃ)တစ်ဖက်သာကျန်သောမျက်စိတို့ကို စောင့်ရှောက်သကဲ့သို့ အမြဲမပြတ်စောင့်ထိန်းအပ်သောတရားသည် သီလတရားဖြစ်ပါသည်။*

*ထိုအရိပ်နိမိတ်စသည်ဖြင့် ရအပ်သောဆေးပစ္စည်းကို အနာရောဂါ ပျောက်ကင်းပြီးနောက် ဆက်လက်သုံးစွဲရန် သင့်, မသင့်နှင့်ပတ်သက်၍ ဝိနည်းဆောင်ဆရာတို့သည် မြတ်စွာဘုရားက သုံးဆောင်ရန်အခွင့်ပေးပြီးဖြစ်၍ အပ်သည်ဟုဆိုကြ၏။ သုတ္တန်ဆောင်ဆရာတို့ကမူ အာပတ်မသင့်ငြားသော်လည်း အာဇီဝစင်ကြယ်မှုကို ဖျက်ဆီးသောကြောင့် မအပ်ဟုဆိုကြ၏။]*

၇။ သီလ, သမာဓိ, ပညာတရားတို့ဖြင့် လွန်မြောက်နိုင်ကုန်သောဘုံဘဝတို့ကို အသီးသီးထုတ်ဆောင်ပြပြီးလျှင် သီလစောင့်ထိန်းသဖြင့် လက်ရှိခံစားရသော အကျိုးတရားကိုလည်း ဖော်ပြခဲ့ပါ။(၁၉၉၁)

*[အဖြေ – သီလဖြင့် အပါယ်လေးဘုံမှ လွန်မြောက်နိုင်၏။*

*သမာဓိဖြင့် ကာမဘုံမှ လွန်မြောက်နိုင်၏။*

*ပညာဖြင့် အလုံးစုံသော ဘုံဘဝတို့မှ လွန်မြောက်နိုင်၏။*

*သီလစောင့်ထိန်းသဖြင့် လက်ရှိခံစားရသော အကျိုးတရားများမှာ*

*(၁) သီလသည် စိတ်နှလုံးသာယာချမ်းမြေ့ခြင်းအကျိုး၊ စိတ်နှလုံးချမ်းသာအေးမြခြင်း အာနိသင်ရှိ၏။*

*(၂) သီလရှိသူသည် မမေ့မလျော့ မပေါ့မတန်ခြင်းအကြောင်းကြောင့် ကြီးစွာသော စည်းစိမ်အစုကိုရ၏၊ ပစ္စည်းလေးပါး ပေါများ၏။*

http://www.dhammadownload.com



(၃) သူ၏ကောင်းသောကျော်စောသတင်းသည် ပြန့်နှံ့၍တက်၏။
(၄) မည်သည့်ပရိသတ်သို့မဆို ရဲရဲရင့်ရင့်၊ မကြောက်မရွံ့ ကျက်သရေမင်္ဂလာရှိသော မျက်နှာဖြင့် ချဉ်းကပ်ရ၏။
(၅) သီတင်းသုံးဖော်တို့၏လေးစားမြတ်နိုးမှုကို ခံယူရ၏။
(၆) ကုသိုလ်ကောင်းမှု၌ ပျင်းရိခြင်း၊ ကာမဂုဏ်တို့၌ပျော်မွေ့ခြင်းကို တွန်းလှန်နိုင်၏။
(၇) ကြောက်လန့်ခြင်းနှင့် ကြောက်စရာအာရုံတို့ကို အောင်နိုင်၏။]

၈။ ဘုရားအလောင်းသူတော်ကောင်းတို့ဆောက်တည်အပ်သော အမြတ်ဆုံးသီလသဘောကို ဆောက်တည်ပုံနှင့်တကွဖော်ပြ၍ လောကာဓိပတေယျသီလသဘောကိုလည်း ထင်ရှားအောင်ဖော်ပြခဲ့ပါ။(၁၉၉၁)
*[အဖြေ – အလုံးစုံသောသတ္တဝါတို့ သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ကြစေရန် ရည်သန်၍ပါရမီမြောက်ဆောက်တည်သောသီလသည် ဘုရားအလောင်းသူတော်ကောင်းတို့ ဆောက်တည်အပ်သော အမြတ်ဆုံးသီလဖြစ်ပါသည်။*
*လူအများတို့ စွပ်စွဲကဲ့ရဲ့ခြင်းကို ရှောင်ရှားလိုသောသဘောဖြင့် လောကကြီးကို အလေးအမြတ်ပြုကာ ရှိသေစွာကျင့်သုံးဆောက်တည်အပ်သောသီလသည် လောကာဓိပတေယျသီလ ဖြစ်ပါသည်။]*

၉။ သတိတရားဖြင့် ဖွားများခြင်းမရှိသော စိတ်၏အပြစ်ကို ဥပမာနှင့်တကွ ထုတ်ဆောင်ပြပြီးလျှင် သူတော်ကောင်းတရားကို အစဉ်အောက်မေ့လိုသောသူတို့ စွန့်လွှတ်သင့်သော အရာဝတ္ထုတို့ကိုလည်း သေချာစွာထုတ်ပြခဲ့ပါ။ (၁၉၉၁)
*[အဖြေ – မကောင်းသဖြင့် မိုးအပ်သောအိမ်ကို မိုးရေမိုးပေါက်တို့သည် ထိုးဖောက်ဝင်ရောက်၍ ရွှဲရွှဲစွတ်စိုစေသကဲ့သို့ ဤအတူပင် သတိတရားဖြင့် ဖွားများခြင်းမရှိသော စိတ်ကို ရာဂတည်းဟူသောမိုးသည် ထိုးဖောက်ဝင်ရောက်၍ စွတ်စိုစေ၏။*
*သူတော်ကောင်းတရားကို အစဉ်အောက်မေ့လိုသောသူတို့ စွန့်လွှတ်သင့်သော အရာဝတ္ထုတို့မှာ မိမိ၏ပစ္စည်းဥစ္စာ၊ မိမိ၏ကိုယ်အင်္ဂါနှင့် မိမိ၏အသက်အလုံးစုံတို့ ဖြစ်ပါသည်။]*

၁၀။ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့က ညြဿလေးဖြာ သံသရာမှ ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်ကို အလျင်အမြန်ရောက်ရပါလို၏ဟု ဆုတောင်းကြရာ အမှန်တကယ် ညြဿလေးဖြာ သံသရာမှ ထွက်မြောက်ကူးခတ်နိုင်သောသူကိုဖော်ပြ၍၊ အဘယ်သို့သဘော ရှိသောသီလကို တဏှာနိဿိတသီလဆိုသည်ကိုလည်း ဖော်ပြပါ။ (၁၉၉၂)
*[ အဖြေ – (၁) အခါခပ်သိမ်းသီလဂုဏ်နှင့်ပြည့်စုံသော (၂) လောကီ၊ လောကုတ္တရာ ပညာနှင့်ပြည့်စုံသော၊ (၃)ကောင်းစွာတည်ကြည်သည့်သမာဓိရှိသော၊ (၄)အား*

http://www.dhammadownload.com



ထုတ်အပ်သည့်လုံ့လဝီရိယရှိသော၊ (၅)ကိုယ့်အသက်ကိုငဲ့ကွက်ခြင်းမရှိသော၊ (၆) နိဗ္ဗာန်သို့စေလွှတ်အပ်သည့် စိတ်ရှိသောသူသည် ဩဃလေးဖြာသံသရာမှထွက်မြောက်ကူးခတ်နိုင်ပါသည်။

"ငါသည် ဤသီလအကျင့်ဖြင့် သိကြားမင်း၊ သုယာမနတ်မင်း အစရှိသောထင်ရှားသောနတ်သော်လည်းကောင်း၊ မထင်ရှားသည့် နတ်သော်လည်းကောင်း၊ ဖြစ်ရပါလို၏"ဟု ဘဝသမ္ပတ္တိကိုတောင့်တ၍ ဖြစ်စေအပ်သောသီလသည် တဏှာနိဿိတသီလမည်၏။]

၁၁။ ဖန်ရည်စွန်းသည့်သင်္ကန်းဝတ်ရုံမှုဖြင့် ရဟန်းဟုခေါ်နိုင်၊ မခေါ်နိုင်၊ အမှန်တကယ်ရဟန်းဟုခေါ်နိုင်သောပုဂ္ဂိုလ်သဘောကို ထင်ရှားအောင် ဖြေဆိုပြီးလျှင် သီလလေးပါးတို့တွင် ပစ္စယသန္နိဿိတသီလကို အဘယ်ကြောင့် အဘယ်ပုဂ္ဂိုလ်တို့သာ ဖြည့်ကျင့်နိုင်သည်ကိုလည်း ဖော်ပြခဲ့ပါ။ (၁၉၉၂)

[အဖြေ – ဖန်ရည်စွန်းသည့် သင်္ကန်းဝတ်ရုံမှုဖြင့် ရဟန်းဟုမခေါ်နိုင်ပါ။ (၁)သံသရာဘေးကိုရှုတတ်သောကြောင့် (၂)အပိုင်းပိုင်းဖြတ်ထားသည့် အဆင်းမလှ၊ အဖိုးမတန်သောအဝတ်ကို ဝတ်ဆင်ကာ (၃)သာသနာတော်ကို ယုံကြည်လေးမြတ်၍ ရဟန်းပြုသောအမျိုးသားကို အမှန်တကယ်ရဟန်းဟု ခေါ်နိုင်ပါသည်။

ပစ္စယသန္နိဿိတသီလဟူသည်မှာ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးဟူသောပစ္စည်း ၄–ပါးကို မှီဝဲသုံးဆောင်ရာ၌ ကိလေသာမဖြစ်ပွားအောင် ပညာဖြင့်ဆင်ခြင်၍ မှီဝဲရသောသီလဖြစ်၏။ ဤသီလကို ပညာဖြင့်ပြည့်စုံစေအပ်၏။ အကြောင်းမှာ ပညာရှိသောသူသာလျှင် ပစ္စည်း၄–ပါးတို့၌ အကျိုးအပြစ်ကို သိမြင်နိုင်စွမ်း၏။ ပညာမရှိသူမှာ မသိမြင်နိုင်ချေ။]

၁၂။ ရဟန်းတော်များ စားသုံးအပ်သောဆွမ်းတစ်လုတ်၌ လျှာအပူမလောင်အောင် မည်ကဲ့သို့နှလုံးသွင်းသုံးဆောင်ရသည်ကို ဥပမာနှင့်တကွတင်ပြပြီး၊ ဝိနည်းပိဋကတ်တော်လာ ရဟန်းတော်များ စောင့်ထိန်းရသောသိက္ခာပုဒ်အရေအတွက်ကိုလည်း သိသာရုံမျှဖော်ပြခဲ့ပါ။ (၁၉၉၂)

[အဖြေ – ရဟန်းတော်များသည် ဆွမ်းတစ်လုတ်ကိုသုံးဆောင်ရာ၌ လျှာအပူမလောင်အောင်၊ တစ်နည်း တဏှာဖြင့်မလိမ်းကျံ၊ မကပ်ငြိရန် ပညာဖြင့်ဆင်ခြင်ပြီး သုံးဆောင်ရ၏။ ကန္တာရခရီးခဲ၌ သားငယ်၏အသားကို စားရှာကြရကုန်သော ခရီးသွားလင်မယားကဲ့သို့လည်းကောင်း၊ လှည်းဝင်ရိုးကို မကျိုးမပြည်ရအောင် ဆီလိမ်းကျံသကဲ့သို့လည်းကောင်း၊ ဤအတူ ခန္ဓာကိုယ်ကိုမျှတစေရန် မတွေမဝေမူ၍ အစာအာဟာရကို သုံးဆောင်မှီဝဲရာ၏။

*ကုဋေကိုးထောင်တစ်ရာရှစ်ဆယ်ငါးသန်းသုံးသောင်းခြောက်ထောင် (၉၁၈၀,၅၀,၃၆,၀၀၀) ဖြစ်ပါသည်။]*

၁၃။ လောကသတ္တဝါတို့၏စိတ်သန္တာန်အစဉ်၌ အမြဲနှိပ်စက်နေသော ရာဂစသော ကိလေသာတို့၏ပူလောင်မှုကို မည်သည့်တရားကသာ အမှန်တကယ်ငြိမ်းအေးစေနိုင်သည်ကို ဥပမာများနှင့်တကွ ဖော်ပြခဲ့ပါ။ (၁၉၉၃)

*[အဖြေ – ဖြူစင်အောင်ကောင်းစွာစောင့်ထိန်းထားသော စင်စစ်အေးမြလှသည့်သီလသည်သာ လောကသတ္တဝါတို့၏စိတ်သန္တာန်အစဉ်၌ အမြဲနှိပ်စက်နေသည့် ရာဂစသော ကိလေသာတို့၏ပူလောင်မှုကို အမှန်တကယ် ငြိမ်းအေးစေနိုင်သည်။*

*ထိုအပူအလောင်ကို မိုးရေနှင့်တကွသော လေတို့သည်လည်းကောင်း၊ ဂေါသီတမည်သော စန္ဒကူးနံ့သာသည်လည်းကောင်း၊ ပုလဲသွယ်တို့သည်လည်းကောင်း၊ မြကျောက်တို့သည်လည်းကောင်း၊ ဘိုးဩလမင်း၏ရောင်ခြည်ညွန့်တို့သည်လည်းကောင်း မငြိမ်းအေးစေနိုင်ပါ။]*

၁၄။ သာသနာတော်ထမ်းရဟန်းတော်များ ဘုန်းကြီးအောင် ဒါယကာ, ဒါယိကာမတို့အား မြှောက်ပင့်ပြောဆိုပုံကို ဖော်ပြပြီးလျှင်၊ စောင့်ထိန်းအပ်သော သီလတရား ကျိုး, ပြတ်ခြင်း၏အကြောင်းတို့ကိုလည်း အကျဉ်းချုပ်တင်ပြခဲ့ပါ။ (၁၉၉၃)

*[ အဖြေ– သာသနာ့ဝန်ထမ်း ရဟန်းများက ဘုန်းကြီးအောင် ဒါယကာ, ဒါယိကာမများအား မြှောက်ပင့်ပြောဆိုပုံမှာ–"အို–သူဌေးမင်း၊ အို–လေ့သူကြီးမင်း၊ အို–အလှူ့ရှင်ကြီး၊ ဘုရားဒကာကြီး၊ ကျောင်းဒကာကြီး" စသည်ဖြင့် ပြောဆိုခြင်းဖြစ်သည်။*

*စောင့်ထိန်းအပ်သောသီလတရား ကျိုး, ပြတ်ခြင်း၏အကြောင်းတို့ကား*

*(၁) လာဘ်, အခြံအရံ, အဆွေအမျိုး, အသက်စသည့်အကြောင်းကြောင့်လည်းကောင်း,*

*(၂) မေထုန်ငယ်ခုနစ်ပါးတို့နှင့် ယှဉ်ခြင်းကြောင့်လည်းကောင်း ကျိုး, ပြတ်ရပါသည်]*

၁၅။ "ကိုယ်ကျင့်ပြည့်ဝ နှလုံးလှ"ဟူသော ဆိုရိုးအရ စိတ်နှလုံးဖြူဆွလှပစေရန် စာရိတ္တ, ဝါရိတ္တဖြည့်ကျင့်ပုံများကို ဖော်ပြ၍ ယင်းသီလတို့ကို ပြီးပြည့်စုံစေသောတရားများကို ထုတ်ပြပါ။ (၁၉၉၅)

*[အဖြေ – မြတ်စွာဘုရားက ဤအရာကို ပြုကျင့်အပ်၏ဟုပညတ်သော သိက္ခာပုဒ်ကို ဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလမည်၏။*

*ဤအရာကို မပြုကျင့်အပ်ဟု ပယ်မြစ်တော်မူသောအရာကို မပြုဘဲရှောင်ကြဉ်ခြင်းသည် ဝါရိတ္တသီလမည်၏။*

*ထိုသီလသည် ဖြည့်ကျင့်ခြင်းကိုပြုလေ့ရှိသည်၏အဖြစ်ဖြင့် ဖြစ်တတ်သောကြောင့် စာရိတ္တသီလမည်၏။ တားမြစ်အပ်သောအမှုတို့ကို မပြုမကျင့်, မလွန်ကျူးမူ၍ စောင့်*

*စည်းသောကြောင့် ဝါရိတ္တသီလမည်၏။*

*စာရိတ္တသီလကို ဝီရိယဖြင့် ပြီးပြည့်စုံစေအပ်၏။*

*ဝါရိတ္တသီလကို သဒ္ဓါဖြင့် ပြီးပြည့်စုံစေအပ်၏။]*

၁၆။ ဣန္ဒြိယသံဝရသီလလုံခြုံစေရန် အဘယ်တရားက စောင့်ရှောက်ပေးပါသနည်း။ အကြောင်းပြဖြေဆိုပြီးလျှင်၊ ဣန္ဒြိယသံဝရသီလနှင့် ပါတိမောက္ခသံဝရသီလတို့ အဆက်အစပ် ရှိ/ မရှိကိုလည်း ရှင်းလင်းဖော်ပြပါ။ (၁၉၉၅)

*[အဖြေ–ဣန္ဒြိယသံဝရသီလလုံခြုံစေရန် သတိတရားကစောင့်ရှောက်ပေးပါသည်။*

*ရဟန်းသည် မျက်စိဖြင့်ရူပါရုံကိုမြင်၍ နိမိတ်အမှတ်ကို ယူသည်မဖြစ်၊ ခြေလက်အင်္ဂါစသော အနုဗျဉ္ဇနကို ယူသည်မဖြစ်၊ အကြင်စက္ခုန္ဒြေကို စောင့်စည်းခြင်းကြောင့် ထိုရဟန်းကို အဘိဇ္ဈာ, ဒေါမနဿဟုဆိုအပ်ကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားဆိုးတို့ အစဉ်မလိုက်ကုန်ရာ။*

*ထိုသို့ စက္ခုန္ဒြေကို စောင့်ရှောက်၏။ စက္ခုန္ဒြေ၌ စောင့်စည်းပိတ်ဆို့ခြင်းသို့ရောက်၏ဆိုသည်မှာ စက္ခုန္ဒြေဟူသည့်မျက်စိတံခါးပေါက်ကို သတိဟူသည့် တံခါးရွက်ဖြင့် ပိတ်ဆို့၍ကျင့်ခြင်းကိုဆိုလို၏။ ကျန်ဒွါရများကိုလည်း ဤအတူပင် သတိဖြင့်ပိတ်ဆို့ရပါသည်။*

***ဣန္ဒြိယသံဝရသီလနှင့်ပါတိမောက္ခသံဝရသီလတို့ အဆက်အစပ်ရှိပါသည်။***

*ဣန္ဒြိယသံဝရသီလကို မပြည့်စုံစေအပ်သော် ပါတိမောက္ခသံဝရသီလသည်လည်း အရှည်မခံ၊ မြင့်ရှည်စွာမတည်နိုင်ပါ။ ဥပမာသော်ကား–*

*(၁) ကောင်းစွာပြုပြင်ကာရံခြင်းမရှိသော ကောက်ပင်သည် အရှည်မခံ၊ မြင့်ရှည်စွာမတည်နိုင်သကဲ့သို့၊*

*(၂) သူခိုးတို့သည် တံခါးဟင်းလင်းပွင့်လျက်နေသော ရွာကို ညှင်းပန်းနှိပ်စက်နိုင်သကဲ့သို့၊*

*(၃) အမိုးပျက်စီးနေသောအိမ်ကို မိုးရေတို့သည် ထက်ဝန်းကျင်မှ ဝင်ရောက်ဘိသကဲ့သို့၊*

*ထို့အတူ စက္ခုစသောဣန္ဒြေတို့ကို မစောင့်စည်းသောပုဂ္ဂိုလ်၏စိတ်ကိုလည်း ရာဂသည် ထက်ဝန်းကျင်မှ အစဉ်မပြတ်ဝင်ရောက်နှောင့်ယှက်နိုင်ပါသည်။]*

၁၇။ သူတော်ကောင်းကျင့်စဉ်ဖြစ်သော သီလ, သမာဓိ, ပညာသုံးပါးတို့ဖြင့် ဖြစ်ပေါ်ရရှိနိုင်သော အရိယာအဆင့်တို့ကို ပိုင်းခြားဖော်ပြပြီးလျှင် ယင်းသုံးပါးတို့တွင် သီလသည် သာသနာတော်၏အာဒိမည်ခြင်း, ကလျာဏဖြစ်ခြင်းအကြောင်းများကိုလည်း ပြဆိုပါ။ (၁၉၉၆)

http://www.dhammadownload.com



*[အဖြေ – သီလဖြင့် သောတာပန်, သကဒါဂါမိဖြစ်ခြင်း၏အကြောင်းကိုပြ၏။*
*သမာဓိဖြင့် အနာဂါမိဖြစ်ခြင်း၏အကြောင်းကိုပြ၏။*
*ပညာဖြင့် ရဟန္တာဖြစ်ခြင်း၏အကြောင်းကိုပြ၏။*

*သီလသည် သာသနာတော်၏အာဒိ–အစဖြစ်ခြင်း၊ ကလျာဏ–ကောင်းခြင်းတို့ကိုပြပုံ–*

*"ကော စာဒိ ကုသလာနံ ဓမ္မာနံ သီလဥ္စ သုဝိသုဒ္ဓံ။"*

*"ကုသိုလ်တရားတို့၏အစကား အဘယ်နည်း၊ ကောင်းစွာအထူးစင်ကြယ်သောသီလပေတည်း။"*

*"သဗ္ဗပါပဿ အကရဏံ"*

*"အလုံးစုံသော အကုသိုလ်မကောင်းမှုတို့ကို မပြုခြင်းသည် ရှိ၏။"*

*ဤသို့ဟောတော်မူသောကြောင့် သီလသည် သာသနာတော်၏ အာဒိ–အစမည်၏။*

*ထိုအဝိသိက္ခာသီလဖြစ်သော သီလသည် နှလုံးရွှင်ပျခြင်း စသောဂုဏ်ကျေးဇူးကို ဆောင်တတ်သောကြောင့် ကလျာဏ–ကောင်းသည်မည်၏။]*

၁၈။ တစ်ဝမ်းတစ်ခါးအတွက် အပြစ်မများစေလိုသောရဟန်းမြတ်၏အာဇီဝပါရိသုဒ္ဓိသီလကို ပြည့်စေသောတရားနှင့် ဖြည့်ကျင့်ပုံကို နည်းယူဖွယ်ဖြစ်အောင် ဖြေဆိုပါ။ (၁၉၉၆)

*[အဖြေ – အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယဖြင့် ပြီးပြည့်စုံစေအပ်၏။ အကြောင်းမှာ ကောင်းစွာအားထုတ်အပ်သော ဝီရိယနှင့် ပြည့်စုံသည့်ရဟန်းသည်သာ မှားယွင်းသော အသက်မွေးမှု–မိစ္ဆာအာဇီဝကို ပယ်နိုင်ခြင်းကြောင့် ဖြစ်၏။*

*အာဇီဝပါရိသုဒ္ဓိသီလကို ဖြည့်ကျင့်ပုံမှာ သာသနာတော်အား မလျော်ကပ်သောရှာမှီးခြင်းကို ပယ်ရမည်။ အသက်မွေးမှုဟူသောအကြောင်းကြောင့် မြတ်စွာဘုရားပညတ်ထားသော သိက္ခာပုဒ်(၆)ပါးကို မလွန်ကျူးရ။ အံ့သြစေခြင်း – ကုဟန၊ ချီးမြှောက်၍ပြောခြင်း–လပန၊ နိမိတ်ပြ၍ပြောခြင်း–နေမိတ္တကတာ၊ ဖိနှိပ်၍ပြောခြင်း–နိပ္ပေသိကတာ၊ လာဘ်ဖြင့်လာဘ်ကိုရအောင် သွေးဆောင်ခြင်း–လာဘေနလာဘံနိဇိဂီသနတာ အစရှိသော မကောင်းမှုတို့၏အစွမ်းဖြင့်ဖြစ်သော မိစ္ဆာအာဇီဝကို ရှောင်ကြဉ်ရမည်။*

*အပြစ်ကင်းသည် ဝီရိယဖြင့် ဆွမ်းခံအကျင့်အစရှိကုန်သော သင့်လျော်သည့် ရှာမှီးခြင်းဖြင့် အသက်မွေးရမည်။ စင်ကြယ်စွာရသော ပစ္စည်းတို့ကိုမှီဝဲ၍ မစင်ကြယ်သည့်ပစ္စည်းတို့ကို မြွေဆိုးမြွေဟောက်စသည့် အဆိပ်အတောက်ပြင်းထန်သောသတ္တဝါတို့ကို ရှောင်ကြဉ်သကဲ့သို့ရှောင်ကြဉ်လျက် အာဇီဝပါရိသုဒ္ဓိသီလကို ပြည့်စုံစေရမည်။]*

၁၉။ သာသနာတော်၌ ကိုယ်ကျင့်သီလဆိုင်ရာကောင်းမြတ်သောအကျင့်, ယုတ်မာသောအကျင့်တို့ကို ခွဲခြားပြဆိုပြီးလျှင်၊ ရှုပါရုံကိုရှုမြင်ရာတွင် မစောင့်စည်းခြင်း ဖြစ်နိုင်ရာအခါကိုလည်း ပိုင်းခြားပြပါ။ (၁၉၉၈)

http://www.dhammadownload.com



[ အဖြေ–ကောင်းမြတ်သောအကျင့် 'အာစာရ'ဟူသည်မှာ

(၁) ဘုရားရှင်ပညတ်တော်မူသော သိက္ခာပုဒ်များကို ကိုယ်ဖြင့်မလွန်ကျူးခြင်း၊ နှုတ်ဖြင့် မလွန်ကျူးခြင်း၊ ကိုယ်နှုတ်နှစ်ပါးလုံးဖြင့် မလွန်ကျူးခြင်း၊

(၂) အလုံးစုံသောသီလတို့ကို စောင့်စည်းခြင်း၊

(၃) လာဘ်ပူဇော်သက္ကာကို ရလို၍ ပန်း, သစ်သီးပေးခြင်းစသော ဘုရားရှင်စက်ဆုပ် ပစ်ပယ်တော်မူသည့် မိစ္ဆာဇီဝအကျင့်ယုတ်တို့ဖြင့် အသက်မွေးမှုမပြုခြင်းတို့သည် ကောင်းမြတ်သောအကျင့် 'အာစာရ' ဖြစ်၏။

ယုတ်မာသောအကျင့် 'အနာစာရ' ဟူသည်မှာ

(၁) ဘုရားပညတ်တော်မူသော သိက္ခာပုဒ်များကို ကိုယ်ဖြင့်လွန်ကျူးခြင်း၊ နှုတ်ဖြင့် လွန်ကျူးခြင်း၊ ကိုယ်နှုတ်နှစ်ပါးလုံးဖြင့်လွန်ကျူးခြင်း၊

(၂) အလုံးစုံသောအကျင့်သီလပျက်စီးမှု – ဒုဿီလဖြစ်ခြင်း၊

(၃) ပန်း, သစ်သီးပေးခြင်းစသော ဘုရားရှင်စက်ဆုပ်ပစ်ပယ်တော်မူသည့် မိစ္ဆာဇီဝအကျင့်ယုတ်တို့ဖြင့် အသက်မွေးမှုပြုခြင်းတို့သည် ယုတ်မာသောအကျင့် 'အနာစာရ' မည်၏။

ရူပါရုံကို ရှုမြင်ရာတွင် မစောင့်စည်းခြင်းဖြစ်နိုင်ရာအခါ ဟူသည်မှာ မျက်စိဖြင့် ရူပါရုံကိုမြင်၍ မိန်းမ, ယောကျ်ားဟုသိကြောင်းဖြစ်သော နိမိတ်အမှတ်ကိုယူ၏၊ ရာဂဖြစ်ကြောင်း သုဘနိမိတ်၊ ဒေါသဖြစ်ကြောင်းအသုဘနိမိတ် စသည်ဖြင့် ကိလေသာပွားများကြောင်း နိမိတ်အမှတ်ကိုယူ၏။ ကိလေသာတို့ကို အစဉ်မပြတ် အထပ်ထပ်အဖန်ဖန် ထင်ရှားစွာဖြစ်ပွားစေသော အနုဗျဉ္ဇနခေါ် လက်ခြေအမူအရာ၊ ပြုံးခြင်း, ရယ်ခြင်း၊ တူရူကြည့်ခြင်းစသောအခြင်းအရာတို့ကို မှတ်ယူ၏။

အကြင်စက္ခုန္ဒြေကို သတိတရားဖြင့် မစောင့်စည်းခြင်းကြောင့် ထိုရဟန်းကို အဘိဇ္ဈာ, ဒေါမနဿဟု ဆိုအပ်ကုန်သောယုတ်မာသည့် အကုသိုလ်တရားတို့အစဉ် လိုက်ကုန်ရာ၏။ ထိုသို့စက္ခုန္ဒြေကို မစောင့်စည်းခြင်း၊ စက္ခုန္ဒြေဟူသော မျက်စိ တံခါးပေါက်ကိုသတိဟူသည့်တံခါးရွက်ဖြင့် ပိတ်ဆို့၍မကျင့်ခြင်းဟူသော အခါ ပင်တည်း။]

၂၀။ ခုတင်မဆောက်တည်သောရဟန်း၏စင်ကြယ်သောပစ္စည်းနှင့် အထူးစင်ကြယ်သော ပစ္စည်းတို့ကို ထုတ်ဖော်ပြ၍၊ ပစ္စည်းလေးဖြာသုံးဆောင်ရာတွင် ခိုးယူသုံးဆောင်ခြင်း မည်သည်ကိုလည်း ရေးသားဖြေဆိုပါ။ (၁၉၉၈)

[အဖြေ – ခုတင်မဆောင်သောရဟန်း၏စင်ကြယ်သောပစ္စည်းကား

(၁)သံဃာမှလည်းကောင်း၊ (၂)ဂိုဏ်းမှလည်းကောင်း၊ (၃)တရားဟောခြင်း စသော

http://www.dhammadownload.com



ဂုဏ်တို့ကြောင့် ကြည်ညိုသောလူတို့၏ထံမှလည်းကောင်း၊ ဖြစ်ပေါ်လာသောပစ္စည်းများသည် စင်ကြယ်သောပစ္စည်းဖြစ်၏။

အထူးစင်ကြယ်သောပစ္စည်းတို့ကား အကြင်ရဟန်းသည် ဘုရားခွင့်ပြုတော်မူအပ်သော်လည်း နိမိတ်, ဩဘာသ, ပရိကထာ, ဝိညတ်တို့ကိုမပြုမူ၍ အလိုနည်းခြင်း– အပ္ပိစ္ဆတာဂုဏ်စသည်ကိုမှီ၍ သေလောက်သည့်ရောဂါစွဲကပ်လာပါသော်လည်း ဩဘာသစသည်ကိုကြဉ်၍ မိုးပေါ်ကျကဲ့သို့ ရသည့်ပစ္စည်းများဖြစ်၏။ ဤသို့သောပစ္စည်းများကိုသာ မှီဝဲသုံးဆောင်သည့်ရဟန်းကိုသာလျှင် "အလွန်ခေါင်းပါးသောအကျင့်ရှိသည့်ရဟန်း" ဟု ဆိုအပ်၏။

ပစ္စည်းလေးဖြာသုံးဆောင်ရာတွင် ခိုးယူသုံးဆောင်ခြင်း – ထေယျပရိဘောဂဟူသည်မှာ ရဟန်းမဟုတ်ဘဲ သံဃာဘောင်၌နေ၍ ပစ္စည်းလေးပါးတို့ကိုသုံးဆောင်သော ဒုဿီလရဟန်း၏သုံးဆောင်ခြင်း ဖြစ်ပါသည်။]

၂၁။ သီလကို စောင့်ထိန်းသောသူ၏မှီရာအားဖြင့် သီလနှစ်မျိုးကွဲပြားဖြစ်ပွားပုံကို ဖော်ပြပြီးလျှင်၊ စက္ခုစသောဣန္ဒြေခြောက်ပါးကို စောင့်စည်းသဖြင့် ရရှိသောအကျိုးနှင့် မစောင့်စည်းက ဖြစ်ပွားရရှိသောအပြစ်များကို ထုတ်ဖော်ပြပါ။ (၂၀၀၁)

[အဖြေ – သီလစောင့်ထိန်းသူ၏မှီရာအားဖြင့် တဏှာနိဿိတသီလနှင့်ဒိဋ္ဌိနိဿိတသီလဟူ၍ သီလနှစ်မျိုးကွဲပြားပါသည်။

(၁) သီလကျင့်ခြင်းဖြင့် သိကြားမင်း, သုယာမနတ်မင်းကဲ့သို့ ထင်ရှားသော နတ်သော်လည်းကောင်း၊ မထင်ရှားသော နတ်သော်လည်းကောင်း၊ ဖြစ်ရပါလို၏ဟု ဘဝသမ္ပတ္တိကို တောင့်တ၍ဖြစ်စေအပ်သောအကျင့်သီလသည် တဏှာနိဿိတသီလဖြစ်၏။

(၂) အကြင်အကျင့်သီလဖြင့် သံသရာမှစင်ကြယ်၏ဟုစွဲယူ၍ ဖြစ်စေအပ်သောအကျင့်သီလသည် ဒိဋ္ဌိကိုမှီသော ဒိဋ္ဌိနိဿိတသီလဖြစ်၏။

**စက္ခုစသော ဣန္ဒြေခြောက်ပါးကို စောင့်စည်းသဖြင့် ရရှိသောအကျိုး**

စက္ခုစသောဣန္ဒြေခြောက်ပါးကို သတိဖြင့် ပိတ်ဆို့စောင့်စည်းခဲ့သည်ရှိသော် စက္ခုစသော ဣန္ဒြေတို့မှာ အဘိဇ္ဈာ, ဒေါမနဿစသော ကိလေသာတရားဆိုးတို့ မတိုးမဝင်, အစဉ်မလိုက်ပါ။ ထို့ကြောင့် ဣန္ဒြိယသံဝရသီလလည်း လုံခြုံ၏၊ ပါတိမောက္ခသံဝရသီလသည်လည်း လုံခြုံ၏။

စက္ခုစသော ဣန္ဒြေခြောက်ပါးကို သတိဖြင့်မပိတ်ဆို့မစောင့်စည်းခဲ့သော် စက္ခုစသည့် ဣန္ဒြေတို့မှာ အဘိဇ္ဈာ, ဒေါမနဿစသော ကိလေသာတရားဆိုးတို့တိုးဝင်ကာ အစဉ်လိုက်၏။ ထို့ကြောင့် ဣန္ဒြိယသံဝရသီလလည်း မလုံခြုံ၊ ပါတိမောက္ခသံဝရသီလလည်း မလုံခြုံပါ။ ဥပမာသော်ကား

http://www.dhammadownload.com



*အမိုးပျက်စီးနေသောအိမ်ကို မိုးရေတို့သည် ထက်ဝန်းကျင်မှ ဝင်ရောက်ဘိသကဲ့သို့ ထိုအတူ စက္ခုစသော ဣန္ဒြေတို့ကို မစောင့်စည်းသောပုဂ္ဂိုလ်၏ စိတ်ကိုလည်း ရာဂသည် ထက်ဝန်းကျင်မှ အစဉ်မပြတ်ဝင်ရောက်နှောင့်ယှက်နိုင်၏။ စောင့်စည်းပါက မနှောင့်ယှက်နိုင်ပါ။]*

၂၂။ ပစ္စယသန္နိဿိတသီလကို အဘယ်ကြောင့် အဘယ်တရားဖြင့် ပြည့်စုံစေနိုင်သည်ကို ညွှန်ပြပြီးလျှင် သီလလေးပါးနှင့် သုဒ္ဓိလေးပါးတို့ကိုလည်း မလွဲအောင်တွဲစပ်ပြပါ။ (၂၀၀၁)

*[အဖြေ – ပစ္စယသန္နိဿိတသီလကို ပညာဖြင့်ပြီးပြည့်စုံစေနိုင်၏။ အကြောင်းမှာပညာရှိသောသူသာလျှင် ပစ္စည်းလေးပါးတို့၌ အကျိုးအပြစ်ကိုသိမြင်နိုင်စွမ်း၏။ ပညာမရှိသူမှာ မသိစွမ်းနိုင်ပါ။*

*ပါတိမောက္ခသံဝရသီလသည် ဒေသနာသုဒ္ဓိမည်၏။ အကြောင်းမှာ ပါတိမောက္ခသံဝရသီလသည် ဒေသနာကြားခြင်းဖြင့် စင်ကြယ်သောကြောင့် ဖြစ်၏။*

*ဣန္ဒြိယသံဝရသီလသည် သံဝရသုဒ္ဓိမည်၏။ အကြောင်းမှာ ဣန္ဒြိယသံဝရသီလကို တစ်ဖန်ဤသို့မပြုတော့အံ့ဟု စိတ်ကိုဆောက်တည်ခြင်းဖြင့် စောင့်ရှောက်ပိတ်ဆို့၍ စင်ကြယ်စေအပ်သောကြောင့် ဖြစ်၏။*

*အာဇီဝပါရိသုဒ္ဓိသီလသည် ပရိယေဋ္ဌိသုဒ္ဓိမည်၏။ အကြောင်းမှာ ထိုအာဇီဝပါရိသုဒ္ဓိသီလကို မသင့်သောရှာမှီခြင်း–အနေသနမှုများကိုပယ်၍ တရားနှင့်လျော်ညီစွာ ပစ္စည်းကိုဖြစ်စေသောပုဂ္ဂိုလ်အားသာ ရှာမှီးခြင်းစင်ကြယ်သောကြောင့် ပရိယေဋ္ဌိသုဒ္ဓိဟု ဆိုအပ်၏။*

*ပစ္စယသန္နိဿိတသီလသည် ပစ္စဝေက္ခဏာသုဒ္ဓိမည်၏။ အကြောင်းမှာ ထိုပစ္စယသန္နိဿိတသီလကို ပညာဖြင့် ဆင်ခြင်ခြင်းဖြင့် စင်ကြယ်စေအပ်သောကြောင့် ဖြစ်၏။]*

၂၃။ ပျက်စီးခြင်းအဆုံးအပိုင်းအခြားကို မြင်ရသောသီလများကို သိသာထင်ရှားအောင် ရေတွက်ပြဆိုပြီးလျှင်၊ သီလစောင့်ထိန်းသောပုဂ္ဂိုလ်၏ သီလကျိုးခြင်း, ပေါက်ခြင်း, ပြောက်ခြင်း, ကျားခြင်း ၄–မျိုးတို့တွင် သီလပေါက်ခြင်း, ပြောက်ခြင်းတို့ကို ရှင်းပြဖြေဆိုပါ။ (၂၀၀၂)

*[အဖြေ – လာဘ်လာဘ, အခြံအရံ, အဆွေအမျိုး, ကိုယ်အင်္ဂါ, အသက်၏ အစွမ်းအားဖြင့် မြင်အပ်သည့် အဆုံးအပိုင်းအခြားရှိသောသီလသည် သပရိယန္တသီလ မည်၏။*

*အချို့သောသူသည် လာဘ်စသည့်အကြောင်း, အရေးကိစ္စကြောင့် ဆောက်တည်အပ်သောကျင့်ဝတ်သိက္ခာပုဒ်ကို လွန်ကျူး၏။ ဤသီလသည် လာဘ်စသည်ကြောင့်*

http://www.dhammadownload.com



ပျက်စီးခြင်းအဆုံးအပိုင်းအခြားရှိသော လာဘပရိယန္တသီလ မည်၏။

ထို့အတူ အခြံအရံကြောင့် ပျက်စီးခြင်းအဆုံးအပိုင်းအခြားရှိသောသီလကို ယသပရိယန္တသီလခေါ်၏။ ဆွေမျိုးကြောင့် အဆုံးအပိုင်းအခြားရှိသောသီလကို ဉာတိပရိယန္တသီလခေါ်၏။ ကိုယ်အင်္ဂါ, အသက်ကြောင့် ပျက်စီးသောသီလတို့ကို လည်း ဤအတိုင်းချဲ့ယူနိုင်၏။

သီလပေါက်ခြင်း

အကြင်ရဟန်း၏ (၇)ပါးသောအာပတ်အစုတို့တွင် အလယ်၌ သိက္ခာပုဒ် သည်ပျက်၏။ ထိုရဟန်း၏သီလသည် အလယ်၌ ပေါက်သောအဝတ်ကဲ့သို့ ပေါက် သည်မည်၏။

သီလပြောက်ခြင်း

အကြင်ရဟန်း၏သီလသည် အကြားအကြား၌ သိက္ခာပုဒ်တို့ ပျက်ကုန်၏။ ထို ရဟန်း၏သီလသည် အကြားအကြား၌ အမျိုးကွဲအဆင်းအပြောက်တို့ဖြင့်ဆန်းကြယ် သည့်အဆင်းရှိသော နွားမကဲ့သို့ အပြောက်အကွက်ရှိသည် သီလပြောက်သည်မည် ၏။]

၂၄။ လူတို့၏ဆောက်တည်သောသီလတို့တွင် လာဘပရိယန္တသီလကို ဖော်ပြ၍ နိဗ္ဗေဓ ဘာဂိယသီလမျိုးဖြစ်အောင် ဆောက်တည်ပုံကိုလည်း ညွှန်ကြားခဲ့ပါ။ (၂၀၀၃)

[ အဖြေ – အချို့သောသူသည် လာဘ်လာဘအကြောင်း အရေးကိစ္စကြောင့် ဆောက် တည်အပ်သော ကျင့်ဝတ်သိက္ခာပုဒ်ကို လွန်ကျူး၏။ ဤသီလသည် လာဘ်လာဘ ကြောင့် ပျက်စီးခြင်းအဆုံးအပိုင်းအခြားရှိသော လာဘပရိယန္တသီလ မည်၏။

အကြင်ရဟန်းသည်ကား သီလအကျင့်မျှဖြင့် အားရတင်းတိမ်ခြင်းမရှိ၊ ဝဋ် ဆင်းရဲ၌ငြီးငွေ့ကြောင်းဖြစ်သော ဗလဝဝိပဿနာကို ကြိုးစားအားထုတ်၏။ ထိုရဟန်း ၏သီလသည် သစ္စာလေးပါးကို ထိုးထွင်းသိမြင်နိုင်သော ကိလေသာအစိုင်အခဲကို ဖောက်ခွဲနိုင်သော အဘို့ရှိသည်ဖြစ်၍ နိဗ္ဗေဓဘာဂိယသီလ မည်၏။]

၂၅။ မည်သို့သောရဟန်းမျိုးကို "စက္ခုန္ဒြေစောင့်စည်းသောရဟန်း"ဟု ခေါ်ဆိုပါသနည်း၊ ဖြေဆို၍ ဆွမ်းနှင့်ပတ်သက်၍ 'ဣဏပရိဘောဂ' မဖြစ်စေရန် ဆင်ခြင်ပုံဆင်ခြင်နည်း ကို ရေးသားခဲ့ပါ။ (၂၀၀၃)

[ အဖြေ – ရဟန်းသည် မျက်စိဖြင့်ရူပါရုံကိုမြင်၍ နိမိတ်အမှတ်ကို ယူသည်မဖြစ်၊ ခြေလက်အင်္ဂါစသော အနုဗျဉ္ဇနကို ယူသည်မဖြစ်၊ အကြင်စက္ခုန္ဒြေကို သတိဖြင့် စောင့်စည်းခြင်းကြောင့် ထိုရဟန်းကို အဘိဇ္ဈာ, ဒေါမနဿဟုဆိုအပ်ကုန်သော ယုတ် မာကုန်သည့်အကုသိုလ်တရားတို့ အစဉ်မလိုက်ကုန်။ ထိုသို့ စက္ခုန္ဒြေကို သတိဖြင့်

http://www.dhammadownload.com



စောင့်ရှောက်သော စက္ကုန္ဒြေ၌ သတိတံခါးရွက်ဖြင့် ပိတ်ဆို့စောင့်စည်းခြင်းသို့ရောက် သောရဟန်းကို **"စက္ကုန္ဒြေစောင့်စည်းသောရဟန်း"** ဟု ခေါ်ပါသည်။

ဆွမ်းနှင့်ပတ်သက်၍ သီလရှိသောရဟန်းသည် ပညာဖြင့်မဆင်ခြင်ဘဲ သုံးဆောင် လျှင် ကြွေးမြီယူ၍ သုံးဆောင်ခြင်းသို့ ရောက်သဖြင့် 'ဣဏပရိဘောဂ'- အကြွေးယူ၍ သုံးဆောင်ခြင်းဖြစ်၏။ သို့အတွက် 'ဣဏပရိဘောဂ' မဖြစ်စေရန် ဆွမ်းကိုပညာ ဖြင့်ဆင်ခြင်၍ သုံးဆောင်ရမည်။

ပညာဖြင့်ဆင်ခြင်ပုံမှာ ဆွမ်းကို အလုတ်တိုင်း အလုတ်တိုင်း ဆင်ခြင်အပ်၏။ ထိုသို့ဆွမ်းလုတ်တိုင်း ဆင်ခြင်ရန်မစွမ်းနိုင်လျှင် နံနက်ပိုင်း၊ ညနေပိုင်း၊ ညဉ့်ဦးယံ၊ သန်းခေါင်ယံ၊ မိုးသောက်ယံ၌ ၄-ကြိမ်ဖြစ်စေ၊ ၃-ကြိမ်ဖြစ်စေ၊ ၂-ကြိမ်ဖြစ်စေ၊ ၁- ကြိမ်ဖြစ်စေ ဆင်ခြင်အပ်၏။]

၂၆။ ကိုယ်ကျင့်သီလတို့တွင် မည်သို့စောင့်ထိန်းသောသီလမျိုးကို 'အာပါဏကောဋိသီလ' ဟုခေါ်ဆိုရသည်ကို ဖော်ပြ၍၊ ပဲနောက်ဟင်းနှင့်တူသောစကားကိုဆိုသော ပုဂ္ဂိုလ် ကိုလည်း ဥပမာနှင့်တကွ ဖြေဆိုခဲ့ပါ။ (၂၀၀၄)

[ အဖြေ - အသက်ရှင်သရွေ့ ကာလပတ်လုံးဆောက်တည်၍ ထိုဆောက်တည်သည့် အတိုင်း ကျင့်သုံးအပ်သောသီလသည် အသက်ရှင်သရွေ့အဆုံးရှိသော **'အာပါဏကောဋိသီလ'** ဟု ခေါ်ဆို၏။

ပဲနောက်ဟင်းနှင့်တူသောစကားကို ဆိုသောပုဂ္ဂိုလ်သည် လာဘ်ပူဇော်သက္ကာ၊ အကျော်အစောကို တဏှာနှင့်တပ်မက်မောကာ ယုတ်မာသည့်အလိုဆိုးရှိသဖြင့် သမ္မာ အာဇီဝမှ ကင်းသည်ကိုပြ၍ အမှန်နည်းပါး မမှန်များလျက် ပဲနောက်ဟင်းနှင့်တူသော စကားကို ပြောဆို၏။ ထိုသို့သောစကားပြောဆိုခြင်းကို 'မုဂ္ဂသူပျတာ'ဟုခေါ်၏]

၂၇။ သီလညစ်ညူးခြင်း၊ သီလဖြူစင်ခြင်းတို့၏အကြောင်းတို့ကို အကျဉ်းမျှဖော်ပြ၍ ဆေး နှင့်ပတ်သက်၍ ဣဏပရိဘောဂ မဖြစ်စေရန် ဆင်ခြင်ပုံ၊ ဆင်ခြင်နည်းကိုလည်းရေး သားခဲ့ပါ။ (၂၀၀၄)

[ အဖြေ -လာဘ်၊ အခြံအရံ၊ အဆွေအမျိုး၊ အသက်စသည့် အကြောင်းကြောင့်လည်း ကောင်း၊ မေထုန်ယှဉ်ခုနစ်ပါးနှင့် ယှဉ်ခြင်းကြောင့်လည်းကောင်း၊ သီလ၏ကျိုးပြတ် ခြင်း၊ ပေါက်ခြင်း၊ ကျားခြင်း၊ ပြောက်ခြင်း အစရှိသောအဖြစ်သည် သီလညစ်ညူးခြင်း ၏အကြောင်း(သံကိလေသ) ဖြစ်၏။

အဆိုပါအကြောင်းတို့ကြောင့် သီလ၏ မကျိုးမပြတ်ခြင်း၊ မပေါက်ခြင်း၊ မကျားခြင်း၊ မပြောက်ခြင်း အစရှိသည့်အဖြစ်သည် သီလဖြူစင်ခြင်း၏အကြောင်း(ဝေါဒါန) ဖြစ်၏။

သီလရှိသောရဟန်း၏ ပညာဖြင့်မဆင်ခြင်မှု၍ ဆေးကိုသုံးဆောင်ခြင်းသည်

http://www.dhammadownload.com



ကြွေးမြီချေးယူ၍ သုံးဆောင်ခြင်း–ဣဏပရိဘောဂမည်၏။ ပညာဖြင့်ဆင်ခြင်၍ သုံးဆောင်ခြင်းကား ကြွေးမြီကင်းသောသူ၏ သုံးဆောင်ခြင်းဖြစ်၍ ဣဏပရိဘောဂ၏ဆန့်ကျင်ဘက်ဖြစ်၏။ ဒါယဇ္ဇပရိဘောဂသို့ ပေါင်း၍ရေတွက်ရ၏။

ပညာဖြင့်ဆင်ခြင်ပုံမှာ ဆေးကို ခံယူသောအခါ၌လည်းကောင်း သုံးဆောင်သည့်အခါ၌လည်းကောင်း ဆင်ခြင်အပ်၏၊ ဆေးကို ဓါတ်အားဖြင့်လည်းကောင်း ပဋိကူလ–စက်ဆုပ်ရွံရှာဖွယ်အစွမ်းဖြင့်လည်းကောင်း ဆင်ခြင်အပ်၏။ သုံးဆောင်ရာ၌ အောက်ပါအတိုင်းဆင်ခြင်အပ်၏–

"ကျင်နာခံခက်၊ နှိပ်စက်ဖိစီး၊ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာကို၊ စွန့်ခွာပယ်လျှင်းဆင်းရဲကင်း၍၊ လူမင်းမြတ်စွာ၊ သာသနာကို၊ ကြည်သာရွှင်လန်း၊ ဖြည့်ကျင့်စွမ်းဖို့ရည်မှန်းသုံးဆောင်ပါသတည်း။"]

၂၈။ ဥပုသ်သီလစောင့်ထိန်းနေစဉ်အတွင်း ယင်းဥပုသ်သီလမပျက်စေရန်အတွက် "ရှောင်သင့်သည်ကိုရှောင်၍၊ ဆောင်သင့်သည်ကိုဆောင်ရမည်"ဟုအဆိုရှိရာ ဘယ်အရာကိုရှောင်၍ အဘယ်အရာကို ဆောင်မည်နည်း။ ရှောင်ရန်, ဆောင်ရန်ကို၎င်း နားမလည်သောအဆိုပါဥပုသ်သီလသည်မည်သည့်သီလမျိုးနည်း၊သီလပ္ပဘေဒကထာကိုရှု၍ဖြေဆိုပါ။(၂၀၀၅)

[အဖြေ–ဥပုသ်သီလစောင့်ထိန်းနေစဉ် ယင်းဥပုသ်သီလ မပျက်စီးရန်အတွက် (၁) သီလမရှိသောဒုဿီလပုဂ္ဂိုလ်ကို ဆည်းကပ်ခြင်း၊ (၂) သီလရှိသူ–သီလဝန္တပုဂ္ဂိုလ်ကို မဆည်းကပ်ခြင်း၊ (၃) အကျိုးအပြစ်ကို မသိသဖြင့် အပြစ်အာပတ်၏ဝတ္ထုကိုကျူးလွန်ခြင်း၌ အပြစ်ကိုမမြင်ခြင်း၊ (၄) ကာမဝိတက်စသော အကြံအစည်များခြင်း၊ (၅) စက္ခုစသည့် ဣန္ဒြေတို့ကို မစောင့်စည်းခြင်းဟူသော ဤအရာငါးမျိုးကို ရှောင်ရပါမည်။

(၁) ဒုဿီလပုဂ္ဂိုလ်ကို မဆည်းကပ်ခြင်း၊ (၂) သီလဝန္တပုဂ္ဂိုလ်ကို ဆည်းကပ်ခြင်း၊ (၃) အကျိုးအပြစ်ကိုသိ၍ အပြစ်အာပတ်၏ဝတ္ထုကို ကျူးလွန်ခြင်း၌ အပြစ်ကိုမြင်ခြင်း၊ (၄) ကာမဝိတက်စသော အကြံအစည်မများခြင်း၊ (၅) စက္ခုစသည့် ဣန္ဒြေတို့ကိုစောင့်စည်းခြင်းဟူသော ဤအရာငါးမျိုးကို ဆောင်ရပါမည်။

ရှောင်ရန်ဆောင်ရန်ကို၎င်း နားမလည်သော အဆိုပါဥပုသ်သီလသည် ဆုတ်ယုတ်အံ့သောအဖို့ရှိသည့်အတွက် ဟာနဘာဂိယသီလမျိုး ဖြစ်ပါသည်။]

၂၉။ "ဝေဒနာယော၌း"၊ "ဝေဒနာသစ်"ဟူသည် အဘယ်ကိုခေါ်ပါသနည်း၊ ယင်းဝေဒနာကို အစာအာဟာရစားသောက်ခြင်းနှင့် မည်သို့ပတ်သက်ဆက်နွယ်ပါသနည်း။ ဖော်ပြပြီးလျှင် ယင်းဝေဒနာတို့ ပျောက်ကင်းအောင် ကုစားမည်ဆိုပါက အဘယ်သို့သောနည်းလမ်းကောင်းများဖြင့် ကုစားသင့်သည်ကိုလည်း ညွှန်ပြခဲ့ပါ။ (၂၀၀၅)

[အဖြေ – မသင့်လျော်သောအစားအစာကို စားသောက်ခြင်းနှင့်အတိုင်းအတာမရှိစား

http://www.dhammadownload.com



*သောက်ခြင်းတို့ကြောင့် ယခုဘဝ၌ဖြစ်ပေါ်လာငြားသော်လည်း ရှေးကံအကြောင်း၏ အစွမ်းအားဖြင့်ဖြစ်သော ဒုက္ခဝေဒနာကို "ဝေဒနာဟောင်း"ဟု ခေါ်ပါသည်။*

*ယင်းဝေဒနာသည် မသင့်လျော်သော အစားအစာကို စားသောက်ခြင်းနှင့် အတိုင်းအတာမရှိ စားသောက်ခြင်းတို့နှင့် ပတ်သက်ဆက်နွယ်နေပါသည်။ ယင်းဝေဒနာတို့ ပျောက်ကင်းအောင် ကုစားမည်ဆိုပါက သင့်လျော်သော အစားအစာကိုတိုင်းတာချင့်ချိန်၍ စားခြင်းဖြင့် ယင်းဝေဒနာတို့၏ အကြောင်းဖြစ်သော ရှေးကံဟောင်းကို အကျိုးပေးခွင့်မရအောင် တားဆီးပယ်ဖျက်နိုင်ပါသည်။*

*ယခုဘဝ၌ အစားအစာကို ပညာဖြင့် မဆင်ခြင်ဘဲ သုံးဆောင်စားသောက်ခြင်းဟူသောကံကို အကြောင်းပြု၍ နောက်အနာဂတ်ကာလ၌ ဖြစ်ပေါ်လာမည့် အပါယ်ဘဝစသည်၌ ဖြစ်လာမည့် ဒုက္ခဝေဒနာကို "ဝေဒနာသစ်"ဟုခေါ်ပါသည်။ ယင်းဝေဒနာသည်ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ အစာအာဟာရမှီဝဲခြင်းနှင့် ပတ်သက်ဆက်နွယ်နေပါသည်။ ယင်းဝေဒနာတို့၏အကြောင်းရင်းဖြစ်သော ပညာဖြင့်မဆင်ခြင်ဘဲ စားသုံးခြင်းဟူသောကံကို မဖြစ်စေဘဲ ပညာဖြင့်ဆင်ခြင်၍ သုံးဆောင်ခြင်း၏အစွမ်းဖြင့် ထိုဝေဒနာသစ်ကို ပယ်ပျောက်နိုင်ပါသည်။]*

၃၀။ စကားကောင်းကိုသာပြောဆိုတတ်သော မိတ်ကောင်းဆွေကောင်း ကလျာဏမိတ္တပုဂ္ဂိုလ်ကို ပေါင်းသင်းမှီဝဲရသဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ဖော်ပြပြီးလျှင် ဆီ၊ ပျားရည်စသော ပစ္စည်းများကို အဘယ်ကြောင့် အသက်၏အကာအကွယ်၊အစောင့်အရှောက်ဟုခေါ်ဆိုရပါသနည်း။ (၂၀၀၅)

*[အဖြေ – မိတ်ကောင်းဆွေကောင်း ကလျာဏမိတ္တပုဂ္ဂိုလ်ကို ပေါင်းသင်းမှီဝဲရသဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများမှာ–*

*(၁) မကြားဖူးသောတရားစကားကို ကြားနာရခြင်း၊ (၂) ကြားဖူးပြီးသောတရားစကားကို ပို၍ရှင်းလင်းစွာ သိနားလည်နိုင်ခြင်း၊ (၃)ယုံမှားသံသယများ ကင်းပျောက်သွားခြင်း၊ (၄)မှန်ကန်သောဉာဏ်အမြင်နှင့် ဖြောင့်မတ်သောအယူကို ရရှိခြင်း၊ (၅)စိတ်ကြည်လင် ရွှင်လန်းခြင်းတို့ ဖြစ်ပါသည်။ တစ်နည်းဆိုသော် ကလျာဏမိတ္တ၏ကျင့်ကြံပုံကို အတုယူ၍ကျင့်ကြံသဖြင့် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတရားတို့ တိုးပွားလာပါသည်။*

*ဆီ၊ ပျားရည်စသောပစ္စည်းသည် အသက်ကိုဖျက်ဆီးတတ်သော အနာရောဂါတို့ကို ဖြစ်ခွင့်မပေးဘဲ ကာကွယ်စောင့်ရှောက်တတ်သောကြောင့် "အသက်၏အကာအကွယ်၊ အစောင့်အရှောက်"ဟု ခေါ်ဆိုရပါသည်။]* ♥

* * *

http://www.dhammadownload.com

# အခန်း (၂)

# ဓုတင်္ဂနိဒ္ဒေသပိုင်း
# ဓုတင်အကြောင်းကိုအကျယ်ပြခြင်း

## ဓုတင်၏အဓိပ္ပါယ်

'ဓုတင်' သည် 'ဓုတင်္ဂ' ပါဠိမှဆင်းသက်၍ 'ဓုတ+အင်္ဂ' ဟု ပုဒ်ခွဲနိုင်၏။

ကိလေသာတို့ကို ခါထုတ်, ဖယ်ထုတ်သောပုဂ္ဂိုလ်ကို 'ဓုတ' ဟု ခေါ်၏။ ထိုပုဂ္ဂိုလ်၏ ကိလေသာခေါင်းပါးအောင် ထိုထိုအကျင့်ဆောက်တည်ကြောင်းစေတနာကို 'ဓုတင်္ဂ'(ဝါ) 'ဓုတင်'ဟုခေါ်၏။

တစ်နည်းမှာ ကိလေသာကို ခါတတ်, ဖျက်ဆီးတတ်သောကြောင့် 'ဓုတင်' ဟုအမည်ရသည့် ဉာဏ်သည် ထိုထိုကျင့်သုံးဆောက်တည်ခြင်း၏အကြောင်းအင်္ဂါဖြစ်သဖြင့် 'ဓုတင်္ဂ' ဟု ဆိုအပ်၏။

တစ်နည်းကား ပံသုကူဓုတင်စသည်ကို ဆောက်တည်ခြင်းတို့သည် ဆန့်ကျင်ဘက် ကိလေသာတို့ကို ခါတတ်ဖျက်ဆီးတတ်သောကြောင့် 'ဓုတင်'မည်၏၊ သီလစသောကောင်းသည့်အကျင့်ပဋိပတ်၏အကြောင်းအင်္ဂါလည်းဖြစ်၏။ ထို့ကြောင့် 'ဓုတင်'ဟု မည်ကုန်၏။

## ဓုတင်ဆောက်တည်ခြင်း၏အကျိုးများ

အလိုနည်းခြင်း(အပ္ပိစ္ဆတာ), ရောင့်ရဲလွယ်ခြင်း(သန္တုဋ္ဌိတာ) စသည့် ဂုဏ်ကျေးဇူးတို့ကြောင့် သီလ၏ဖြူစင်ခြင်းသည် ပြည့်စုံ၏။ ထိုအလိုနည်းခြင်း, ရောင့်ရဲလွယ်ခြင်းစသော ဂုဏ်တို့ကို ပြည့်စုံစေခြင်းငှာ သီလရှိသောယောဂီရဟန်းသည် ကိလေသာကိုဖျက်ဆီးခြင်း၏အကြောင်းဖြစ်သည့် ဓုတင်ဆောက်တည်ခြင်းကို ပြုအပ်၏။ ဓုတင်ဆောက်တည်သော် အောက်ပါအကျိုးကျေးဇူးများကို ရ၏။

(၁) နည်းသောအလိုရှိသူဖြစ်ခြင်း၊ (၂) ရောင့်ရဲလွယ်သောသူဖြစ်ခြင်း၊
(၃) ကိလေသာခေါင်းပါးအောင်ပြုခြင်း၊ (၄) ဆိတ်ငြိမ်ရာ၌နေခြင်း၊
(၅) ကိလေသာကို ဖျက်ဆီးခြင်း၊ (၆) အားထုတ်သော ဝီရိယရှိခြင်း၊
(၇) အသက်မွေးမြူရန်လွယ်ကူခြင်းစသော ဂုဏ်ကျေးဇူးရေစင်ဖြင့် အညစ်အကြေးကို

http://www.dhammadownload.com



ဆေးကြောသည်အဖြစ်ကြောင့် သီလသည်လည်း အထူးစင်ကြယ်၏။ ဓုတင်အကျင့်သည်လည်း ပြည့်စုံ၏။

သို့ဖြစ်၍ အပြစ်မရှိသောသီလ, ဓုတင်ဂုဏ်တို့ကြောင့် စင်ကြယ်သည့်အကျင့်ရှိသော ယောဂီပုဂ္ဂိုလ်သည် ရှေးအရိယာသူတော်ကောင်းတို့၏ အရိယဝံသတရားသုံးပါး၌တည်၍ ဘာဝနာ၌မွေ့လျော်သူအဖြစ်ဟုဆိုအပ်သော စတုတ္ထအရိယဝံသတရားကိုလည်း ရခြင်းငှာထိုက်၏။

### အရိယာဝံသတရား (၄)ပါး

(၁) သက်န်း၌ရောင့်ရဲခြင်း၊ (၂) ဆွမ်း၌ရောင့်ရဲခြင်း၊
(၃) ကျောင်း၌ရောင့်ရဲခြင်း၊ (၄) ဘာဝနာ၌ မွေ့လျော်ခြင်း၊

ဓုတင်ကျင့်သူသည် ဤအရိယဝံသတရား (၄)ပါးနှင့် ပြည့်စုံလာ၏။

### ဓုတင် (၁၃)ပါး

မြတ်စွာဘုရားသည် လာဘ်များခြင်းစသော လောကာမိသဟူသမျှကို စွန့်လွှတ်ရန်နှင့် ကိုယ်နှင့်အသက်ကို မငဲ့ကွက်ဘဲ နိဗ္ဗာန်အားလျော်သောအကျင့်ကိုသာလျှင် ပြီးမြောက်စေရန်အလိုရှိကြသောအမျိုးကောင်းသားတို့အား အောက်ပါဓုတင်(၁၃)ပါးကို ဆောက်တည်ခွင့်ပြု၏။

| | | |
|---|---|---|
| (၁) ပံသုကူလိကင်္ဂဓုတင် – ပံသုကူဓုတင် | | သက်န်းသုံးခြင်းနှင့်ဆိုင်၏ |
| (၂) တေစီဝရိကင်္ဂဓုတင် – တိစီဝရိက်ဓုတင် | | |
| (၃) ပိဏ္ဍပါတိကင်္ဂဓုတင် – ပိဏ္ဍပါတ်ဓုတင် | | ဆွမ်းနှင့်ပတ်သက်၏ |
| (၄) သပဒါနစာရိကင်္ဂဓုတင် – သပဒါနစာရိကဓုတင် | | |
| (၅) ဧကာသနိကင်္ဂဓုတင် – ဧကာသနိက်ဓုတင် | | |
| (၆) ပတ္တပိဏ္ဍိကင်္ဂဓုတင် – ပတ္တပိဏ်ဓုတင် | | |
| (၇) ခလုပစ္ဆာဘတ္တိကင်္ဂဓုတင် – ခလုပစ္ဆာဘတ်ဓုတင် | | |
| (၈) အာရညိကင်္ဂဓုတင် – အာရညကင်ဓုတင် | | ကျောင်းနေရာနှင့် သက်ဆိုင်၏ |
| (၉) ရုက္ခမူလိကင်္ဂဓုတင် – ရုက္ခမူဓုတင် | | |
| (၁၀)အဗ္ဘောကာသိကင်္ဂဓုတင် – အဗ္ဘောကာသိကဓုတင် | | |
| (၁၁)သောသာနိကင်္ဂဓုတင် – သုသာန်ဓုတင် | | |
| (၁၂)ယထာသန္ထတိကင်္ဂဓုတင် – ယထာသန္ထတိဓုတင် | | |
| (၁၃)နေသဇ္ဇိကင်္ဂဓုတင် – နိသဇ်ဓုတင် | | – ဝီရိယနှင့်ဆိုင်၏ |

### ဓုတင် (၁၃) ပါးတို့၏ အနက်အဓိပ္ပါယ်

**(၁) ပံသုကူလိကင်္ဂဓုတင် – ပံသုကူဓုတင်**

ပံသု= မြေမှုန့်။ ပံသုကူလိက = မြေမှုန့်ပေါ်တွင်လှမ်းမိုးကျရောက်နေခြင်း၊

http://www.dhammadownload.com



လမ်းခရီး, သုသာန်, တံမြက်ချေးစသည့်မြေပေါ်တွင်လွှမ်းမိုးကျရောက်နေသော အဝတ်အထည်ကို ပံသုကူလဟုခေါ်၏။ ထိုပံသုကူသင်္ကန်းကို ဆောင်သောအလေ့ရှိသူကို ပံသုကူလိကဟုခေါ်၍ ပံသုကူသင်္ကန်းကို ဆောင်လေ့ရှိသောသူ၏ ဓုတင်ဆောက်တည်ကြောင်းစေတနာကို ပံသုကူလိကင်္ဂဟုခေါ်၏။

## (၂) တေစီဝရိကဓုတင် – တိစီဝရိက်ဓုတင်

တေစီဝရ – ဒုကုဋ်, ကိုယ်ဝတ်, သင်းပိုင်ဟူသော သင်္ကန်းသုံးထည်၊
တေစီဝရိက – ထိုသုံးထည်သောသင်္ကန်းကို ဆောင်လေ့ရှိသည့်ပုဂ္ဂိုလ်၊
ဒုကုဋ်, ကိုယ်ဝတ်, သင်းပိုင်ဟူသောသင်္ကန်းသုံးထည်ကိုသာ ဆောင်လေ့ရှိသောသူ၏ ဓုတင်ဆောက်တည်ကြောင်းစေတနာကို တေစီဝရိကင်္ဂဟု ခေါ်၏။

## (၃) ပိဏ္ဍပါတိကင်္ဂဓုတင် – ပိဏ္ဍပါတ်ဓုတင်

ပိဏ္ဍ – ဆွမ်းအာမိသ၊
ပိဏ္ဍပါတ – လောင်းလှူသောဆွမ်းအာမိသတို့ သပိတ်၌ကျရောက်ခြင်း၊
ပိဏ္ဍပါတိက – သပိတ်၌ ဆွမ်းအာမိသတို့ကျရောက်ရန် လှည့်လည်သောပုဂ္ဂိုလ်၊ သပိတ်တွင်းသို့ ဆွမ်းကျရောက်ရန် အမျိုး, ဒါယကာအိမ်များသို့ လှည့်လည်သွားလာလေ့ရှိသော ပုဂ္ဂိုလ်၏ထိုအကျင့်ဓုတင်ဆောက်တည်ကြောင်းစေတနာကို ပိဏ္ဍပါတိကင်္ဂဟုခေါ်၏။

## (၄) သပဒါနစာရိကင်္ဂ–သပဒါနစာရိကဓုတင်

သပဒါန – အိမ်စဉ်မပြတ်လှည့်လည်ခြင်း၊
သပဒါနစာရိက – အိမ်စဉ်မပြတ်လှည့်လည်သောပုဂ္ဂိုလ်၊
သပဒါနစာရိကင်္ဂ – အိမ်စဉ်မပြတ်လှည့်လည်ခြင်းအကျင့်ဓုတင်ကို ဆောက်တည်ကြောင်းစေတနာ။

## (၅) ဧကာသနိကင်္ဂ – ဧကာသနိက်ဓုတင်

ဧကာသန – တစ်နေရာတည်း၌ စားသောက်သုံးဆောင်ခြင်း၊
ဧကာသနိက – တစ်နေရာတည်း၌သာ စားသောက်သုံးဆောင်လေ့ရှိသူ၊
ဧကာသနိကင်္ဂ – တစ်နေရာတည်း၌သာ စားသောက်သုံးဆောင်လေ့ရှိသူ၏ ထိုအကျင့်ဓုတင်ကို ဆောက်တည်ကြောင်းစေတနာ။

## (၆) ပတ္တပိဏ္ဍိကင်္ဂ – ပတ္တပိဏ်ဓုတင်

ပတ္တပိဏ္ဍ – နှစ်ခုမြောက်ခွက်ကိုပယ်၍ တစ်ခုသောသပိတ်တွင် ရှိသည့်ဆွမ်း၊
ပတ္တပိဏ္ဍိက – တစ်ခုသောသပိတ်၌ရှိသည့်ဆွမ်းကိုသာ သုံးဆောင်လေ့ရှိသူ၊
ပတ္တပိဏ္ဍိကင်္ဂ – တစ်ခုသောသပိတ်၌ရှိသည့်ဆွမ်းကိုသာ သုံးဆောင်လေ့ရှိသောပုဂ္ဂိုလ်၏ထိုအကျင့်ဓုတင်ကို ဆောက်တည်ကြောင်းစေတနာ။

http://www.dhammadownload.com



(၇) ခလုပစ္ဆာဘတ္တိကင်္ဂ – ခလုပစ္ဆာဘတ်ဓုတင်

ခလု–တားမြစ်ခြင်း။ ဆွမ်းစားစဉ် ကပ်လာသောဘောဇဉ်ကို တားမြစ်မိသည့်ရဟန်းသည် ပဝါရိတ်သင့်၏။ ထို့နောက်မှရသောဘောဇဉ်ကို "ပစ္ဆာဘတ္တ" ဟုခေါ်၏။ ထိုပစ္ဆာဘတ္တဘောဇဉ်ကို ဝိနည်းကံပြု၍ သုံးဆောင်ထိုက်သော်လည်း သုံးဆောင်လေ့မရှိသောပုဂ္ဂိုလ်ကို "ခလုပစ္ဆာဘတ္တိက" ဟု ခေါ်၏။ ထိုပုဂ္ဂိုလ်၏ထိုအကျင့်ဓုတင်ဆောက်တည်ကြောင်းစေတနာကို "ခလုပစ္ဆာဘတ္တိကင်္ဂ" ဟု ခေါ်၏။

(၈) အာရညိကင်္ဂ – အာရညကင်ဓုတင်

အာရည = တော။ အာရညိက – တော၌နေလေ့ရှိသောပုဂ္ဂိုလ်။

"အာရညိကင်္ဂ" သည် ထိုတော၌နေသောအကျင့်ဓုတင်ကိုဆောက်တည်ကြောင်း စေတနာဖြစ်၏။

(၉) ရုက္ခမူလိကင်္ဂ – ရုက္ခမူဓုတင်

ရုက္ခမူလ – သစ်ပင်ရင်း။ ရုက္ခမူလိက – သစ်ပင်ရင်း၌ နေလေ့ရှိသောပုဂ္ဂိုလ်။

"ရုက္ခမူလိကင်္ဂ" သည် သစ်ပင်ရင်း၌ နေလေ့ရှိသောအကျင့်ဓုတင်ကို ဆောက်တည်ကြောင်း စေတနာဖြစ်၏။

(၁၀) အဗ္ဘောကာသိကင်္ဂ – အဗ္ဘောကာသိကဓုတင်

အဗ္ဘောကာသ – လွင်တီးခေါင်၊

အဗ္ဘောကာသိက – လွင်တီးခေါင်၌ နေလေ့ရှိသောပုဂ္ဂိုလ်၊

အဗ္ဘောကာသိကင်္ဂ – လွင်တီးခေါင်၌ နေလေ့ရှိသောအကျင့်ဓုတင်ကိုဆောက်တည်ကြောင်းစေတနာ။

(၁၁) သောသာနိကင်္ဂ–သုသာန်ဓုတင်

သောသာန – သုသာန်လက္ခဏာရှိသောအရပ်၊

သောသာနိက – သုသာန်လက္ခဏာရှိသောအရပ်၌ နေလေ့ရှိသည့်ပုဂ္ဂိုလ်၊

သောသာနိကင်္ဂ – သုသာန်လက္ခဏာရှိသည့်အရပ်၌ နေလေ့ရှိသောအကျင့်ဓုတင်ကို ဆောက်တည်ကြောင်းစေတနာ။

(၁၂) ယထာသန္ထတိကင်္ဂ – ယထာသန္ထတိဓုတင်

ယထာသန္ထတ – ကျောင်းထေဖန်သောရဟန်းက လက်ဦးညွှန်ပြသည့်ကျောင်းအိပ်ရာနေရာ

ယထာသန္ထတိက – ထိုသို့လက်ဦးညွှန်ပြသော ကျောင်းအိပ်ရာနေရာ၌နေလေ့ရှိသည့်ပုဂ္ဂိုလ်

ယထာသန္ထတိကင်္ဂ – ထိုဓုတင်အကျင့်ကို ဆောက်တည်ကြောင်းစေတနာ။

(၁၃) နေသဇ္ဇိကင်္ဂ – နိသဇ်ဓုတင်

အိပ်ရာခေါင်းအုံးတွင် ဦးခေါင်းချ၍ လျောင်းစက်အိပ်ခြင်းကိုပယ်လျက် ထိုင်နေခြင်း၊ အလေ့ရှိသောပုဂ္ဂိုလ်ကို "နေသဇ္ဇိက" ဟု ခေါ်၏။ ထိုဓုတင်အကျင့်ကို ဆောက်တည်ကြောင်း စေတနာသည် "နေသဇ္ဇိကင်္ဂ" ဟု အမည်ရ၏။

http://www.dhammadownload.com



**ဓုတင်၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်**

လက္ခဏာ – သိကြောင်းအမှတ်အသား

ထိုထိုဓုတင်အကျင့်ကို ဆောက်တည်ကြောင်းစေတနာ (သမာဒါနစေတနာ) သည် ဓုတင်၏သိမှတ်ကြောင်း လက္ခဏာဖြစ်၏။

ရသ – ကိစ္စဆောင်ရွက်ချက်

လောလုပ္ပတဏှာကို ဖျက်ဆီးခြင်းကိစ္စရသရှိ၏။

ပစ္စုပဋ္ဌာန် – ပြုဖွယ်ကိစ္စ၏အကျိုး၊ ရှုမြင်သူ၏ဉာဏ်၌ထင်ပုံ

လောလုပ္ပတဏှာကင်းပေပြီဟု ရှုမြင်သူ၏ဉာဏ်၌ထင်၏။

ပဒဋ္ဌာန် – ဖြစ်ပေါ်ရန် အနီးကပ်ဆုံးအကြောင်းတရား

စင်ကြယ်သောအရိယာသူတော်ကောင်းတို့၏တရားလျှင် နီးသောအကြောင်းရှိ၏

**ဓုတင်ဆောက်တည်ကျင့်သုံးပုံအစီအရင်**

(၁) မြတ်စွာဘုရားသက်တော်ထင်ရှား ရှိစဉ်အခါက အလုံးစုံသောဓုတင်တို့ကို မြတ်စွာဘုရားထံ၌ ဆောက်တည်အပ်၏။

(၂) မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်ပြီးသောအခါ မဟာသာဝကကြီးများထံ၌ ဆောက်တည်အပ်၏။

(၃) မဟာသာဝကကြီးများ မရှိသည့်အခါ ရဟန္တာပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ သောတာပန်ပုဂ္ဂိုလ်၊ ပိဋကတ်သုံးပုံဆောင်ပုဂ္ဂိုလ်၊ ပိဋကတ်နှစ်ပုံဆောင်ပုဂ္ဂိုလ်၊ ပိဋကတ်တစ်ပုံဆောင်ပုဂ္ဂိုလ်၊ နိကာယ်တစ်ပါးဆောင်သောပုဂ္ဂိုလ်၊ အဋ္ဌကထာဆရာတို့ထံ၌ ဆောက်တည်အပ်၏။

(၄) ဓုတင်ဆောင်သောပုဂ္ဂိုလ်ထံ၌ ဆောက်တည်အပ်၏။

(၅) ထိုအရပ်၌ ဓုတင်ဆောင်ပုဂ္ဂိုလ်မရှိသော် စေတီရင်ပြင်ကို တံမြက်လှည်း၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် မြတ်စွာဘုရားထံ၌ဆိုဘိသကဲ့သို့ ဆောက်တည်အပ်၏။

စင်စစ်သော်ကား မိမိအလိုလိုလည်း ဆောက်တည်ခြင်းငှာ အပ်၏။ အောက်ပါဝတ္ထုကဲ့သို့တည်း။

**စေတီယတောင် မထေရ်ညီနောင်နှစ်ပါး**

ထိုညီနောင်နှစ်ပါးတွင် နောင်တော်မထေရ်၏ နေသဇ္ဇိဓုတင်ဆောက်တည်သည်ကို မည်သူမျှမသိချေ။ တစ်နေ့တွင် ညဥ့်အခါ အိပ်ရာညောင်စောင်းမှာ မထေရ်ထိုင်နေစဉ် လျှပ်စစ်ပြက်သောအလင်းရောင်ဖြင့် တွေ့မြင်၍ မထေရ်တစ်ပါးက "အရှင်ဘုရား–ထိုင်နေခြင်းဓုတင်ကို ဆောက်တည်ပါသလား" ဟု မေး၏။ မထေရ်သည် ဓုတင်၌အလိုနည်းသည်အဖြစ်ကြောင့် အိပ်စက်၍ နောက်မှတစ်ဖန် ဆောက်တည်ပြန်၏။

http://www.dhammadownload.com



## ဓုတင်တစ်ပါးစီဆောက်တည်ပုံ၊ ပျက်စီးခြင်းနှင့်အကျိုးအာနိသင်များ

### (၁) ပံသုကူလိကင်္ဂဓုတင် (ပံသုကူဓုတင်)

ဆောက်တည်ပုံ – (၁) ဒါယကာတို့လှူဒါန်းသောသင်္ကန်းကို ပယ်ပါ၏။
(၂) ပံသုကူကိုဆောင်ခြင်းအလေ့ရှိသော ရဟန်း၏အင်္ဂါကို ဆောက်တည်ပါ၏။

ဤစကားနှစ်ခွန်းတွင် တစ်မျိုးမျိုးဖြင့် ဆောက်တည်အပ်၏။

အစီအရင် – ဓုတင်ဆောက်တည်ပြီးသောပုဂ္ဂိုလ်သည်

(၁) သုသာန်သင်္ချိုင်း၌ရအပ်သော အဝတ်ကိုဖြစ်စေ၊
(၂) အိမ်ဈေး၌ တစ်စုံတစ်ယောက်စွန့်ပစ်ထား၍ ရသောအဝတ်ကိုဖြစ်စေ၊
(၃) လမ်းခရီးတွင် စွန့်ပစ်ထားသော အဝတ်ကိုဖြစ်စေ၊
(၄) တံမြက်ချေးစုတွင် စွန့်ပစ်ထားသော အဝတ်ကိုဖြစ်စေ၊
(၅)ကိုယ်ဝန်ဆောင်သူက သားဖွားသောအညစ်အကြေးကိုသုတ်၍ စွန့်ပစ်သောအဝတ်ကို ဖြစ်စေ၊
(၆)ဘုတ်ဆေးသမားတို့က ဦးခေါင်းနှင့်တကွ ရေချိုးပြီး၍ယုတ်မာသောအဝတ်ဟု စွန့်ပစ်သည့်အဝတ်ကိုဖြစ်စေ၊
(၇) ရေချိုးဆိပ်၌ စွန့်ပစ်ထားသောအဝတ်ကိုဖြစ်စေ၊
(၈) သုသာန်သို့သွားပြီးနောက် ပြန်လာသူတို့က ရေချိုးပြီး၍ အမင်္ဂလာဟု စွန့်ပစ်သော အဝတ်ကိုဖြစ်စေ၊
(၉) မီးလောင်ပေါက်ရှိ၍ စွန့်ပစ်သောအဝတ်ကိုဖြစ်စေ၊
(၁၀)နွားဝါးရာရှိ၍ စွန့်ပစ်သောအဝတ်ကိုဖြစ်စေ၊
(၁၁)ချကိုက်ရာရှိ၍ စွန့်ပစ်သောအဝတ်ကိုဖြစ်စေ၊
(၁၂)ကြွက်ကိုက်ရာရှိ၍ စွန့်ပစ်သောအဝတ်ကိုဖြစ်စေ၊
(၁၃)အနားပြတ်သော သို့မဟုတ် အဆာပြတ်သောအဝတ်ကိုဖြစ်စေ၊
(၁၄)စွန့်ပစ်ထားသည့် သဘော်အလံကိုဖြစ်စေ၊
(၁၅)စစ်မြေပြင်၌ စွန့်ပစ်ထားသောအဝတ်ကိုဖြစ်စေ၊
(၁၆)တောင်ပို့တွင်ရစ်ပတ်၍ နတ်ပူဇော်ထားသောအဝတ်ကိုဖြစ်စေ၊
(၁၇)ရဟန်းတို့ စွန့်ပစ်ထားသော သင်္ကန်းကိုဖြစ်စေ၊
(၁၈)မင်းအဘိသိက်ခံရာတွင် စွန့်ပစ်သောအဝတ်ကိုဖြစ်စေ၊
(၁၉)ပေါ်ဘိက္ခုသင်္ကန်းကိုဖြစ်စေ၊
(၂၀)ခရီးသွားတို့ မေ့ကျန်ရစ်သော အဝတ်ကိုဖြစ်စေ၊
(၂၁)လေတိုက်၍ အဝေးသို့လွင့်လာသော အဝတ်ကိုဖြစ်စေ၊

http://www.dhammadownload.com



(၂၂)နတ်တို့ပေးသောအဝတ်ကိုဖြစ်စေ၊
(၂၃)သမုဒ္ဒရာလှိုင်းပုတ်၍ ကုန်းတင်နေသောအဝတ်ကိုဖြစ်စေ၊

ဤ ၂၃ မျိုးသောအဝတ်တို့တွင် တစ်မျိုးမျိုးကိုကောက်ယူပြီး ခွဲဖြတ်၍ ဆွေးမြေ့သော အပိုင်းကိုပယ်ပြီး ခိုင်သည့်အပိုင်းကို ဖွပ်လျှော်ကာ သင်္ကန်းချုပ်အပ်၏။ ချုပ်ပြီးသောအခါ ဆိုးရေဆိုးပြီးလျှင် ဒါယကာတို့လှူသောရှေးသင်္ကန်းဟောင်းကိုပယ်၍ ဝတ်ရုံသုံးဆောင် အပ်၏။

**ပံသုကူအဖြစ်သုံးစွဲရန်အပ်၊ မအပ်ဆုံးဖြတ်ပုံ**

(၁) အကြင်သင်္ကန်းကို သံဃာအားလှူပါ၏ဟုဆို၍ ပေးလှူသောသင်္ကန်း၊
(၂) အဝတ်နှင့်တကွဆွမ်းအလို့ငှာလှည့်လည်ကုန်သောရဟန်းတို့ ရသည့်သင်္ကန်း၊
(၃) ရဟန်းကလှူသောသင်္ကန်း၌ ထေရ်စဉ်ဝါစဉ်အလိုက်ယူစေရန် လှူသည့်သင်္ကန်း၊
(၄) ဤကျောင်း၌နေသောရဟန်းတို့ ယူစေသတည်းဟုလှူသောသင်္ကန်း၊
အထက်ပါသင်္ကန်း (၄)မျိုးသည် ပံသုကူအဖြစ် သုံးရန်မအပ်ပါ။

**ပံသုကူအဖြစ်အပ်သောသင်္ကန်းများ**

(၁) အကြင်ပေးလှူသောသင်္ကန်းကို ပံသုကူဆောင်သည့်မထေရ်ကို မယူစေဘဲ အခြား ရဟန်းက မိမိဝါစဉ်ဖြင့်ယူ၍ ပေးအပ်သောသင်္ကန်းသည် ပံသုကူအဖြစ်အပ်၏။

(၂) ထိုရဟန်းပေးသောသင်္ကန်း၌လည်း အကြင်သင်္ကန်းကို ဒါယကာတို့က ရဟန်း၏အနီး ၌ချထား၏။ ထိုသင်္ကန်းရသောရဟန်းသည် ပံသုကူဆောင်သော ရဟန်း၏လက်၌ထား ၍ပေး၏။ ထိုသင်္ကန်းသည် တစ်ပါးသောအဘို့မှ စင်ကြယ်သော **ဧကတောသုဒ္ဓိက သင်္ကန်းမည်၏။**

(၃) အကြင်သင်္ကန်းကို ရဟန်း၏လက်၌ထား၍ ဒါယကာတို့ပေးလှူ၏။ ထိုရဟန်းသည် ထိုသင်္ကန်းကို ပံသုကူလမထေရ်၏ခြေရင်း၌ထား၏။ ဤသင်္ကန်းသည်လည်း **ဧက တောသုဒ္ဓိကသင်္ကန်းမည်၏။**

(၄) အကြင်သင်္ကန်းကို ရဟန်း၏ခြေရင်း၌ ဒါယကာတို့ ထားအပ်၏။ ထိုသင်္ကန်းကို ရသောရဟန်းသည်လည်း ထို့အတူပင် ပံသုကူလမထေရ်၏ခြေရင်း၌ သင်္ကန်းကို ထား၍လှူ၏။ ထိုသင်္ကန်းသည် နှစ်ပါးသောအဘို့မှ စင်ကြယ်သည့် **ဥဘတော သုဒ္ဓိကသင်္ကန်းမည်၏။**

(၅) ဒါယကာတို့က ရဟန်း၏လက်၌ထား၍ လှူသောသင်္ကန်းကို ထိုရဟန်းက ပံသုကူလ မထေရ်၏လက်၌ပင် ထား၍လှူ၏။ ထိုသင်္ကန်းသည် ဥက္ကဋ္ဌမဟုတ်သောသင်္ကန်း မည်၏။

http://www.dhammadownload.com



### ပံသုကူစုတင်ဆောင်ရဟန်း (၃) မျိုး

(၁) ဥက္ကဋ္ဌပုဂ္ဂိုလ် - သုသာန်သချိုင်း, အိမ်ဈေးတံခါးစသည်၌ စွန့်ပစ်ထားသောအဝတ်ကိုကောက်ယူ၍သင်္ကန်းချုပ်ကာ ဝတ်ရုံသောရဟန်းသည် ဥက္ကဋ္ဌပုဂ္ဂိုလ်မည်၏။

(၂) ပဇ္ဈိမပုဂ္ဂိုလ် - ရဟန်းသည် ကောက်ယူလတ္တံ့ဟုထားအပ်သောအဝတ်ကို ကောက်ယူသောရဟန်းသည် မဇ္ဈိမပုဂ္ဂိုလ်ဖြစ်၏။

(၃) မုဒုပုဂ္ဂိုလ် - ခြေရင်း၌ထား၍ ရဟန်းပေးသည်ကိုယူသောရဟန်းသည် မုဒုပုဂ္ဂိုလ်ဖြစ်၏။

### စုတင်ပျက်ခြင်း

ထိုဥက္ကဋ္ဌ၊ မဇ္ဈိ၊ မုဒု ပုဂ္ဂိုလ်သုံးယောက်တွင် တစ်ဦးဦးသည်

(၁) မိမိသုံးဆောင်လိုသောသဘောဖြင့် သို့မဟုတ် (၂) ဒါယကာတို့ တောင်းပန်သည်ကို သည်းခံသောသဘောဖြင့် ဒါယကာတို့ပေးလှူသည့် သင်္ကန်းကို သာယာသောခဏ၌ စုတင်ပျက်၏။

### ပံသုကူစုတင်ဆောက်တည်ခြင်း၏အကျိုးကျေးဇူးများ

(၁) မိုရာနိဿယလေးပါးတွင် ဒုတိယမိုရာနိဿယနှင့်လျော်သော အကျင့်ပဋိပတ်ရှိ၏။
(၂) အရိယာဝံသတရားလေးပါးတွင် ပထမအရိယာဝံသတရား၌ တည်၏။
(၃) ပံသုကူသင်္ကန်း၏အဖိုးမထိုက်မှုကြောင့် စောင့်ရှောက်ရသောဆင်းရဲဒုက္ခ ငြိမ်း၏။
(၄) သူတစ်ပါးတို့နှင့် မစပ်သော အသက်မွေးခြင်းရှိ၏။
(၅) သူခိုးဘေးရန် မရှိချေ။
(၆) သုံးဆောင်ရာ၌ တဏှာမဖြစ်။
(၇) ရဟန်းတို့အား လျောက်ပတ်သောပရိက္ခရာ ရှိ၏။
(၈) အဖိုးနည်း၏။
(၉) ရလွယ်၏။
(၁၀) အပြစ်မရှိဟု မြတ်စွာဘုရားချီးမွမ်းသောပစ္စည်း ဖြစ်၏။
(၁၁) သူတစ်ပါးတို့ကြည်ညို၏။
(၁၂) အလိုနည်းသည့်ဂုဏ်ရှိ၏။
(၁၃) မြတ်သောအကျင့်ကို ပွားစေပြီး နောင်လာနောက်သားတို့အား မြင်အပ်သည့်အကျင့်သို့ အစဉ်လိုက်စေနိုင်၏။

* *စစ်ဝတ်တန်ဆာကို ကောင်းစွာဆင်ယင်ထားသောမင်းသည် စစ်မြေပြင်ဝယ် တင့်တယ်ဘိသကဲ့သို့ ပံသုကူသင်္ကန်းကို ဆောင်သောရဟန်းသည် ကိလေသာတည်းဟူသည့်မာရ်စစ်သည်အပေါင်းကို ထောင်းထောင်းညက်ညက် ပယ်ဖျက်ခြင်းငှာ တင့်တယ်လှပေ၏။*

http://www.dhammadownload.com



* *တစ်လောကလုံး ညွှတ်ရုံးပူဇော်ကာ လေးမြတ်ကြည်ညိုသည့် မြတ်စွာဘုရားသည် ကာသိတိုင်းဖြစ် အဝတ်ကောင်းတို့ကိုပယ်စွန့်၍ လူသေကောင်ထုပ်သည့် အဝတ်တည်းဟူသော ပံသုကူသင်္ကန်းကို ဆင်မြန်းဝတ်ရုံတော်မူလေပြီ။ ထို့အတူ ပံသုကူသင်္ကန်းကို မင်္ဂဖိုလ်လိုလားသော အမျိုးကောင်းသားသည် မဆောင်ဘဲ နေနိုင်ပါအံ့နည်း။*

* *သို့ဖြစ်၍ ပဉ္စင်းခံစဉ်အခါ ဥပသမ်ိအပြင်၌ သံဃာတော်တို့အား "အာမဘန္တေ" ဟု လေးအပ်သောမိမိ၏ပဋိညာဉ်ဝန်ခံချက်ကိုအောက်မေ့လျက် ရဟန်းသည် ယောဂါဝစရပုဂ္ဂိုလ်တို့နှင့် လျောက်ပတ်လှသည့် ပံသုကူသင်္ကန်းဖြင့် မွေ့လျော်ပျော်ပိုက်ရာ၏။*

## (၂) တေစီဝရိကင်္ဂဓုတင် (တိစီဝရိက်ဓုတင်)

ဆောက်တည်ပုံ – (၁) ဝတ်ရုံလောက် အဓိဋ္ဌာန်တင်လောက်သည့် လေးထည်မြောက်သောသင်္ကန်းကို ပယ်ပါ၏။
(၂) ဒုကုဋ်၊ ကိုယ်ဝတ်၊ သင်းပိုင်ဟူသော သုံးထည်သောသင်္ကန်းကို ဆောင်ခြင်းအလေ့ရှိသည့် ပုဂ္ဂိုလ်၏အင်္ဂါကို ဆောက်တည်ပါ၏။

အစီအရင် – တိစီဝရိက်ဓုတင်ဆောင်သောပုဂ္ဂိုလ်သည် သင်္ကန်းလျှာပုဆိုးကိုရ၍ အကြင်မျှလောက် မချမ်းမသာဖြစ်သဖြင့် မချုပ်လုပ်နိုင်သေး၊ သင်္ကန်းစီရင်တတ်သူကိုလည်း မရအပ်သေး၊ ထိုမျှလောက်ကာလပတ်လုံး ထားအပ်၏။ မချုပ်ဘဲထားခြင်းကြောင့် အပြစ်မရှိ။ ဆိုးရေဆိုးပြီးသောကာလမှစ၍ ထားခြင်းငှာမအပ်တော့ချေ။ ထားခဲ့သော် ဓုတင်ခိုးမည်သည် ဖြစ်၏။

### တေစီဝရိကင်္ဂဓုတင်ဆောင်ပုဂ္ဂိုလ် (၃) မျိုး

(၁) ဥက္ကဋ္ဌပုဂ္ဂိုလ် – ရွာ၌နေသော ပုဂ္ဂိုလ်သည် ဆိုးသောကာလ၌ သင်းပိုင်ကိုဆိုး၍ ထိုသင်းပိုင်ကိုဝတ်ပြီးလျှင် ကိုယ်ဝတ်ကိုဆိုး၏။ ကိုယ်ဝတ်ကိုမူလည်း ဦးစွာဆိုး၍ ထိုကိုယ်ဝတ်ကိုဝတ်ပြီးလျှင် သင်းပိုင်ကိုဆိုး၏။ ထိုကိုယ်ဝတ်ကိုဝတ်ရုံ၍ ဒုကုဋ်ကိုဆိုး၏။ ဒုကုဋ်ကိုဝတ်ခြင်းငှာ မသင့်လျော်ချေ။

တော၌နေသောပုဂ္ဂိုလ်သည် သင်းပိုင်နှင့်ကိုယ်ဝတ်နှစ်ထည်လုံးကိုပင် တစ်ပေါင်းတည်း လျှော်ဖွပ်၍ ဆိုးခြင်းငှာအပ်၏။ ထိုသင်္ကန်းအနီး၌နေ၍ တစ်စုံတစ်ယောက်ကိုမြင်လျှင် သင်္ကန်းကိုဆွဲ၍ ဖုံးလွှမ်းခြင်းငှာ တတ်နိုင်၏။

(၂) မဇ္ဈိမပုဂ္ဂိုလ် – သင်္ကန်းဆိုးရာဇရပ်၌ သင်္ကန်းဆိုးသည့်အခိုက်အတန့်ဝယ် ဝတ်ရုံအပ်သောသင်္ကန်းမည်သည်ရှိ၏။ ထိုသင်္ကန်းကိုဝတ်ရုံ၍ ဆိုးရေဆိုးခြင်းအမှုကိုပြုခြင်းငှာ အပ်၏။

(၃) မုဒုပုဂ္ဂိုလ် – သဘောတူသောရဟန်း၏သင်္ကန်းကို ဝတ်ရုံပြီးလျှင် ဆိုးရေဆိုးခြင်းအမှု

http://www.dhammadownload.com



ကို ပြုခြင်းငှာအပ်၏။ ထိုနေရာကျောင်း၌ အိပ်ရာလွှမ်းအဖြစ်ဖြင့် အဓိဋ္ဌာန်တင်အပ်သော မိမိဥစ္စာ–သူ့ဥစ္စာဖြစ်သည့် အိပ်ရာလွှမ်းသည်လည်း ထိုမုဒုပုဂ္ဂိုလ်အား အပ်၏။ သွားလေရာရာ ဆောင်ယူခြင်းငှာ မအပ်။ သဘော်တူသောရဟန်းတို့၏သက်န်းကိုမူ ကြိုးကြား ကြိုးကြား ဝတ်ရုံခြင်းငှာအပ်၏။

တိစီဝရိက်ဓုတင်ဆောင်သောရဟန်းအား လေးခုမြောက်အဖြစ် အံသကိုင်္ဃသည်သာ အပ်၏။ ထိုအံသကိုင်္ဃသည်လည်း အနံတစ်ထွာ, အလျားသုံးတောင်သာ အပ်၏။

### ဓုတင်ပျက်ခြင်း

ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒု ပုဂ္ဂိုလ်သုံးမျိုးစလုံးပင် ဝတ်လောက်ရုံလောက်သည့် လေးခုမြောက် သင်္ကန်းကို ဝတ်ရုံသုံးဆောင်ခြင်းငှာ သာယာသောခဏ၌ ဓုတင်ပျက်၏။

### တိစီဝရိက်ဓုတင်၏အကျိုးအာနိသင်

(၁) တိစီဝရိက်ဓုတင်ဆောင်ရဟန်းသည် ကိုယ်ကိုဆောင်ကာမျှဖြစ်သော သင်္ကန်းဖြင့်ရောင့်ရဲလွယ်၏။

(၂) ငှက်၏ပျံသွားခြင်းကဲ့သို့ သင်္ကန်းကိုယူ၍သွားနိုင်၏။

(၃) နည်းသောကိစ္စရှိ၏။

(၄) အဝတ်သင်္ကန်းကို သိုမှီးသိမ်းဆည်းရခြင်းမှ ရှောင်ကြဉ်နိုင်၏။

(၅) ပေါ့သောအသက်မွေးခြင်းရှိ၏။

(၆) သုံးထည်ထက်ပိုသောသင်္ကန်း၌ တပ်မက်သည့်တဏှာကိုပယ်နိုင်၏။

(၇) ခေါင်းပါးသာအသက်မွေးခြင်းရှိ၏။

(၈) အလိုနည်း၏။

* *တိစီဝရိက်ဓုတင်ကို ဆောက်တည်သောပညာရှိရဟန်းသည် သုံးထည်ထက် ပိုလွန်သော အဝတ်သင်္ကန်း၌ တပ်မက်ခြင်းတဏှာကိုပယ်၍ သိုမှီးသိမ်းဆည်းခြင်းကို ရှောင်ကြဉ်လျက် ရောင့်ရဲခြင်း၏ချမ်းသာသောအရသာကို ခံစားရ၏။*

* *မိမိအတောင်နှင့်တကွ ပျံသွားလိုရာ ပျံသွားနိုင်သောငှက်ကဲ့သို့ ကိုယ်၌ဝတ်ရုံထားသည့်သင်္ကန်းနှင့်တကွ ချမ်းချမ်းသာသာသွားလိုရာသွားနိုင်သော ယောဂီသူမြတ်သည် တိစီဝရိက်ဓုတင်ဆောက်တည်ခြင်း၌ မွေ့လျော်ပျော်ပိုက်ရာ၏။*

### (၃) ပိဏ္ဍပါတိကင်္ဂဓုတင် (ပိဏ္ဍပါတ်ဓုတင်)

ဆောက်တည်ပုံ –(၁) ဆွမ်းခံ၍ရသောဆွမ်းမှ ပိုလွန်သည့်လာဘ်ကို ပယ်ပါ၏။

(၂) ဆွမ်းခံလှည့်လည်ခြင်းကျင့်ဝတ်ရှိသောပုဂ္ဂိုလ်၏အင်္ဂါကို ဆောက်တည်ပါ၏။

ဤစကားနှစ်ခွန်းတွင်တစ်မျိုးမျိုးဖြင့် ဆောက်တည်အပ်၏။

http://www.dhammadownload.com



**အစီအရင် – (က) မအပ်သောဆွမ်း**

(၁) သံဃာအားလှူသောဆွမ်း၊
(၂) သံဃာနှစ်ပါး, သုံးပါးစသည်ကို ရည်ညွှန်း၍လှူသောဆွမ်း၊
(၃) ပင့်ဘိတ်၍လှူသောဆွမ်း၊
(၄) စာရေးတံချ၍လှူသောဆွမ်း၊
(၅) လဆန်းပက္ခ, လဆုတ်ပက္ခတို့၌ လှူသောဆွမ်း၊
(၆) ဥပုသ်နေ့၌လှူသောဆွမ်း၊
(၇) အထွက်တစ်ရက်နေ့၌လှူသောဆွမ်း၊
(၈) ဧည့်သည်အာဂန္တုကိုရည်ရွယ်၍ လှူသောဆွမ်း၊
(၉) ခရီးသွားရဟန်းကိုရည်ရွယ်၍ လှူသောဆွမ်း၊
(၁၀)သူနာရဟန်းကိုရည်ရွယ်၍ လှူသောဆွမ်း၊
(၁၁)သူနာထိန်းရဟန်းကိုရည်ရွယ်၍ လှူသောဆွမ်း၊
(၁၂)ကျောင်းကိုရည်ရွယ်၍ လှူသောဆွမ်း၊
(၁၃)အကြီးအမှူးအိမ်တွင်တည်ထား၍ လှူသောဆွမ်း၊
(၁၄)အလှည့်ကျလှူသောဆွမ်း – ဤ (၁၄)မျိုးသောဆွမ်းတို့ကို မသာယာအပ်။

**(ခ) အပ်သောဆွမ်း**

(၁) "သံဃာဘတ်ကိုခံယူကြကုန်လော့" စသောနည်းဖြင့် မဆိုမူ၍ "အကျွန်ုပ်တို့အိမ်၌ သံဃာတို့ဆွမ်းခံယူကြကုန်၏၊ အရှင်တို့လည်းဆွမ်းကိုခံယူပါလော့" ဟုဆို၍ လှူသည်ရှိသော် ထိုဆွမ်းကိုသာယာခြင်းငှာအပ်၏။

(၂) သံဃာမှရအပ်သော ယာဝကာလိကမှတစ်ပါးသော ဆေးစသည်နှင့်ယှဉ်သည့်စာရေးတံသည် အပ်၏။

(၃) ကျောင်း၌ ဒါယကာတို့ချက်လှူသောဆွမ်းသည်လည်း အပ်၏။

**ပိဏ္ဍပါတိကင်္ဂဓုတင်ဆောင်ပုဂ္ဂိုလ် (၃) မျိုး**

(၁) ဥက္ကဋ္ဌပုဂ္ဂိုလ် – ရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း ဆောင်ယူလာသည့်ဆွမ်းကိုခံအပ်၏။ အိမ်တံခါး၌ ရပ်တည်၍ သပိတ်ကိုယူကုန်သောသူတို့အားလည်း ပေးအပ်၏။ ဆွမ်းခံရာမှပြန်၍ ဆွမ်းစားဇရပ်၌ ထိုင်နေစဉ် အိမ်ကဆောင်ယူလာပြီး ပေးလှူသောဆွမ်းကိုလည်းခံအပ်၏။ ထိုနေ့အဘို့၌ဖိတ်မန္တကပြုသောဆွမ်းလာလိမ့်မည်ဟုမျှော်လင့်လျက် ဆွမ်းကိုမခံအပ်။

(၂) မဇ္ဈိမပုဂ္ဂိုလ် – ဖိတ်မန္တကပြုသောဆွမ်းကိုမျှော်လင့်လျက် ဆွမ်းကိုခံယူ၏။ နက်ဖြန်ခါအလို့ငှာဖိတ်သောဆွမ်းကိုမူကား လက်မခံသင့်၊ မသာယာသင့်ပါ။

http://www.dhammadownload.com



(၃) မုဒုပုဂ္ဂိုလ် – နက်ဖြန်အလို့ငှာလည်းကောင်း၊ သန်ဘက်ခါအလို့ငှာလည်းကောင်း၊ ဖိတ်မန္တကပြုသောဆွမ်းကို သာယာအပ်၏။

ထိုမဇ္ဈိမပုဂ္ဂိုလ်နှင့် မုဒုပုဂ္ဂိုလ်တို့သည် သူတစ်ပါးနှင့်မစပ်ဘဲ နေရခြင်းချမ်းသာကို မရကြ။ ဥက္ကဋ္ဌပုဂ္ဂိုလ်သာလျှင် သူတစ်ပါးနှင့်မစပ်ဘဲ နေခြင်းချမ်းသာကိုရ၏။

ရွာတစ်ရွာ၌ အရိယဝံသဘာတ်နှင့်စပ်သော တရားစကားဖြစ်ကြသတတ်။ ဥက္ကဋ္ဌပုဂ္ဂိုလ်က "ငါ့ရှင်တို့–တရားနာသွားကြကုန်အံ့"ဟုဆို၏။ မဇ္ဈိမပုဂ္ဂိုလ်က "အရှင်ဘုရား–လူတစ်ယောက်ကဆွမ်းပင့်ဖိတ်၍ နေစေအပ်ပါသည်"ဟု ဆို၏။ မုဒုပုဂ္ဂိုလ်က "အကျွန်ုပ်သည် မနက်ဖြန်ခါအလို့ငှာ ဒါယကာတစ်ဦး၏ဆွမ်းကို လက်ခံထားပါသည်"ဟု ဆို၏။

ဤသို့လျှင် မဇ္ဈိမပုဂ္ဂိုလ်နှင့် မုဒုပုဂ္ဂိုလ်တို့သည် သူတစ်ပါးနှင့်မစပ်သောချမ်းသာ, တရားနှင့်စပ်၍ ဝမ်းမြောက်ရခြင်းအရသာတို့မှ ယုတ်လျော့ဆုံးရှုံးကုန်၏။ ဥက္ကဋ္ဌပုဂ္ဂိုလ်သည်သာလျှင် နံနက်စောစောကပင် ဆွမ်းအလို့ငှာလှည့်လည်၍ တရားပွဲရှိရာသို့ သွားသဖြင့် တရားနှင့်စပ်သောအရသာကို ခံစားရ၏။

### ဓုတင်ပျက်ခြင်း

ပုဂ္ဂိုလ်သုံးဦးစလုံးပင် ဆွမ်းခံဆွမ်းမှပိုလွန်သော သံဃဘတ်စသည့် အတိရေကလာဘ်ကို သာယာသောခဏ၌ ဓုတင်ပျက်၏။

### ပိဏ္ဍပါတ်ဓုတင်၏အကျိုးအာနိသင်

(၁) "သလုံးမြင်းခေါင်းဖြင့် ရှာမှီး၍ရသောဆွမ်းကို အမှီပြု၍ ရဟန်းပြုရာ၏"ဟု ဘုရားဟောတော်မူသည်နှင့်အညီ ရဟန်းဖြစ်ခါစအခါ ကမ္မဝါစာဆရာက မှီရာနိဿယလေးပါးကို ဆုံးမသည်ရှိသော် "အာမဘန္တေ"ဟု ဝန်ခံခဲ့သည်အားလျော်စွာ ပထမနိဿယအားလျော်သောအကျင့်ပဋိပတ် ရှိ၏။

(၂) ဆွမ်း၌ရောင့်ရဲခြင်းဟူသော ဒုတိယအရိယဝံသတရား၌ တည်၏။

(၃) သူတစ်ပါးတို့နှင့်မစပ်သွယ်သော အသက်မွေးခြင်း ရှိ၏။

(၄) ထိုပစ္စည်းတို့သည် တစ်ဖွန်း, တစ်စလောင်းပေါင်းစုအပ်သောကြောင့် အဖိုးနည်း၏။

(၅) ရလွယ်သည့်အကျိုးရှိ၏။

(၆) အပြစ်မရှိသောအကျိုးရှိ၏။

(၇) မြတ်စွာဘုရားချီးကျူးတော်မူသော ပစ္စည်းဖြစ်၏။

(၈) ပျင်းရိမှုကို နှိမ်နင်းနိုင်၏။

(၉) စင်ကြယ်သည့်အသက်မွေးမှုရှိ၏။

(၁၀) သေခိယဝတ်နှင့်ပြည့်စုံ၏။

(၁၁) သူတစ်ပါး မမွေးမြူအပ်သောအဖြစ်၊

http://www.dhammadownload.com



(၁၂)သူတစ်ပါးတို့အား ကုသိုလ်ဖြစ်ရန် ချီးမြှင့်ရသောအဖြစ်ကို ရ၏။
(၁၃)မာနယှဉ်သည့် ယုတ်ညံ့သောအသက်မွေးခြင်းနှင့်တကွ မာနကိုပယ်ရ၏။
(၁၄)ရသတဏှာကို ပယ်နိုင်၏။
(၁၅)ဂဏဘောဇနေသိက္ခာပုဒ်၊ ပရံပရဘောဇနေသိက္ခာပုဒ်၊ စာရိတ္တသိက္ခာပုဒ်တို့ဖြင့် အာပတ်မသင့်ချေ။
(၁၆)အလိုနည်းခြင်းစသည့် ဂုဏ်ကျေးဇူးအားလျော်သော အကျင့်ဖြစ်၏။
(၁၇)ကောင်းမြတ်သောအကျင့်ကို တိုးပွားစေရ၏။
(၁၈)နောက်လာနောက်သားတို့ အတုယူကာ ကျင့်သုံးရန် ချီးမြှင့်ရ၏။

* *သလုံးမြင်းခေါင်းဖြင့် စုပေါင်းရှာမှီး၍ရသော ဆွမ်းဖြင့်မျှတရောင့်ရဲသော သူတစ်ပါးတို့နှင့်မဆက်စပ်သည့် အသက်မွေးခြင်းရှိသော အစာအဟာရ၌တပ်မက်တွယ်တာတတ်သည့် လောလုပ္ပတဏှာကို ပယ်အပ်ပြီးသောရဟန်းသည် အရပ်လေးမျက်နှာ၌ အဝိတ်အပင်ကင်းလျက် အလိုရှိရာသို့ သွားနိုင်၏။*

* *ပျင်းရိခြင်းကို ပယ်ဖျောက်၍ အသက်မွေးခြင်းစင်ကြယ်သော ဆွမ်းခံသည့်အကျင့်ကို ပညာရှိရဟန်းသည် မထီမဲ့မြင် မပြုရာ။*

* *ပိဏ္ဍပါတ်ဓုတင်ကို ကျင့်သောရဟန်းသည် လာဘ်သပ္ပကာအကျော်အစောကိုလိုချင်တပ်မက်မှုမဖြစ်ဘဲ ဆွမ်းခံပြုံးအံ့၊ သူတစ်ပါးသည် မမွေးအပ်၊ မိမိကိုယ်ကို မိမိမွေးသောဂုဏ်ကျေးဇူးနှင့် ပြည့်စုံသောကြောင့် ထိုရဟန်းအား နတ်အများတို့ချစ်မြတ်နိုးကြ၏။*

### (၄) သပဒါနစာရိကင်္ဂဓုတင် (သပဒါနဓုတင်)

ဆောက်တည်ပုံ – (၁) လောလုပ္ပတဏှာဖြင့် လှည့်လည်ကျက်စားခြင်းကို ပယ်ပါ၏။
(၂) အိမ်စဉ်၊ ရွာစဉ်၊ ခရီးစဉ်မပျက် ဆွမ်းခံခြင်းအလေ့ရှိသော ရဟန်း၏အင်္ဂါကို ဆောက်တည်ပါ၏။

ဤစကားနှစ်ခွန်းတွင် တစ်မျိုးမျိုးဖြင့် ဆောက်တည်အပ်၏။

အစီအရင် – (၁) အိမ်စဉ်လှည့်လည်သောရဟန်းသည် ရွာတံခါး၌ရပ်၍ ဆင်, မြင်း, ကျွဲ, နွားစသည့်ဘေးရန်ရှိမရှိ မှတ်အပ်၏။ ဘေးရန်ရှိသောခရီးနှင့် ရွာတို့ကိုပယ်၍တစ်ပါးသော ခရီး, တစ်ပါးသောရွာသို့ သွားခြင်းငှာသင့်၏။
(၂) အကြင်အိမ်တံခါး, ခရီး, ရွာတို့၌ တစ်စုံတစ်ခုမျှမရပါက ထိုအိမ်တံခါး စသည်ကို ရွာမဟုတ်ဟုအမှတ်ပြု၍ သွားအပ်၏။ အကြင်အိမ်တံခါး စသည်၌ တစ်စုံတစ်ခုကိုရအံ့။ ထိုအရပ်ကိုပယ်၍ သွားခြင်းငှာမအပ်။
(၃) နံနက်စောစောကပင် ရွာတွင်းသို့ဝင်သင့်၏။ ထိုသို့ဝင်သဖြင့် ဘေးရန်ရှိ၍ဝင်နိုင်ခဲ့သော အရပ်ကိုပယ်၍ ဘေးရန်ကင်းသောအရပ်ဖြင့် သွားနိုင်၏။

http://www.dhammadownload.com



(၄) ထိုဓုတင်ဆောင်ရဟန်းအား ကျောင်း၌အလှူပေးသောသူတို့ဖြစ်စေ၊ လမ်းခရီးအကြား၌ လာသောသူတို့ဖြစ်စေ၊ သပိတ်ကိုယူ၍ ဆွမ်းလှူသော် အပ်၏။

(၅) ထိုဓုတင်ဆောင်ရဟန်းသည် ခရီးသွားစဉ် ဆွမ်းခံချိန်၌ ဆိုက်ရောက်သောရွာကိုမကျော်မူဘဲ ဆွမ်းခံအပ်၏၊ ထိုရွာ၌ ဆွမ်းမရလျှင်ဖြစ်စေ အနည်းငယ်သာ ရလျှင်ဖြစ်စေ ရွာစဉ်အတိုင်းလှည့်လည်အပ်၏။

## သပဒါနစာရိကင်္ဂဓုတင်ဆောင်ရဟန်း(၃)မျိုး

(၁) ဥက္ကဋ္ဌပုဂ္ဂိုလ် – ခရီးသွားစဉ် အိမ်တံခါးသို့မရောက်မီ ရှေ့မှကြို၍လှူလင့်သောဆွမ်းကို မခံယူရ၊ ရှေ့အိမ်သို့ရောက်၍ နောက်မှလိုက်၍လှူသောဆွမ်းကိုလည်း မခံယူရ၊ ဆွမ်းစားဇရပ်သို့ဆောင်ယူလာ၍လှူသောဆွမ်းကိုလည်း မခံယူရ။ ရောက်ဆဲအိမ်တံခါး၌ သပိတ်ကိုဆွမ်းထည့်လှူရန်လွှတ်၏။ ဤဓုတင်အရာ၌ မဟာကဿပမထေရ်နှင့်တူသူမရှိ၊ ထိုမထေရ်ကြီးသည်ပင် ယက်ကန်းသည်ယောင်ဆောင်၍ ဆွမ်းလှူသောသကြားမင်းအား သပိတ်လွှတ်သောအရာသည် ထင်ရှား၏။

(၂) မဇ္ဈိမပုဂ္ဂိုလ်– ခရီးသွားစဉ် အိမ်တံခါးသို့မရောက်မီ ရှေ့မှကြို၍လှူသောဆွမ်းကို ခံယူ၏။ ရှေ့အိမ်သို့ရောက်၍နောက်မှလိုက်၍လှူသောဆွမ်းကိုလည်း ခံယူ၏၊ ဆွမ်းစားဇရပ်တွင်ထိုင်နေစဉ် သပိတ်ကိုယူ၍လှူသောဆွမ်းကိုလည်း ခံယူ၏။ ရောက်ဆဲအိမ်တံခါး၌လည်းသပိတ်ကိုလွှတ်၍ပေး၏။ သို့သော် ထိုနေ့အတွက်ဒါယကာတို့ ဖိတ်မန္တကပြုသောဆွမ်းကိုစောင့်ဆိုင်းမျှော်လင့်၍မနေအပ်။

(၃) မုဒုပုဂ္ဂိုလ် – အထက်ပါဆွမ်းများအပြင် ထိုနေ့အဘို့ ဒါယကာတို့ ဖိတ်မန္တကပြုသောဆွမ်းကိုစောင့်ဆိုင်းငံ့လင့်၍ ခံယူ၏။

## ဓုတင်ပျက်ခြင်း

ဤပုဂ္ဂိုလ်သုံးပါးတို့၏ဓုတင်သည် ဤမည်သောရွာ၊ ဤမည်သောအိမ်၊ ဤမည်သောလမ်း၌ဆွမ်းကောင်းဟင်းကောင်းလောင်းလှူအံ့ဟု လောလုပ္ပတဏှာဖြင့် တောင့်တလျက်အိမ်စဉ်ကိုလွန်ကာသွားခါမျှ၌ပျက်၏။

## သပဒါနစာရိကဓုတင်၏အကျိုးအာနိသင်

(၁) ဒါယကာတို့ အမြဲအလှူသစ်ပြုရ၏။

(၂) စန္ဒာလမင်းနှင့်တူသော ဥပမာရှိ၏။

(၃) ကုလမစ္ဆေရကို ပယ်၏။

(၄) ဒါယကာတို့အား အညီအမျှသနားခြင်းရှိ၏။

(၅) ဒါယကာတို့သို့ ချဉ်းကပ်ရောနှောသောအပြစ်မရှိချေ။

http://www.dhammadownload.com



(၆) ပင့်ခေါ်ဖိတ်ကြားသည်ကို မနှစ်သက်ချေ။
(၇) ပို့သောဆွမ်းကို အလိုမရှိချေ။
(၈) အလိုနည်းခြင်းစသည်တို့အား လျော်သောအကျင့်ရှိ၏။

** ဤသာသနာတော်၌ အိမ်စဉ်မပြတ် ဆွမ်းခံဝတ်ကျင့်သောရဟန်းသည် ခပ်သိမ်းသောအရပ်၌ မကပ်ငြိသောစိတ်၊ ဖြူစင်အေးမြသည့်စိတ်ရှိသည်အဖြစ်ကြောင့် စန္ဒာလမင်းနှင့် ဥပမာတူ၏၊ အမျိုးဒါယကာတို့အနက်မှ တစ်စုံတစ်ယောက်သော အိမ်သို့သာ အမြဲသွားခြင်းမရှိသဖြင့် အမြဲတမ်းလူသစ်ဖြစ်ရ၏၊ ဒါယကာတို့၌ ဝန်တိုခြင်းကင်းရှင်း၏၊ ခပ်သိမ်းသောဒါယကာတို့၌ ဆင်းရဲချမ်းသာမရွေး အညီအမျှသနားခြင်းလည်းရှိပေ၏၊ အမျိုးဒါယကာတို့၏အိမ်သို့ ကပ်ရောက်ခြင်းကြောင့်ဖြစ်သောအပြစ်တို့မှလည်း ကင်းလွတ်၏။*

** ထို့ကြောင့်မြေအပြင်၌ မိမိအလိုအလျောက်သွားရခြင်းကို အလိုရှိသောပညာရှိသည် လျှပ်ပေါ်လော်လီခြင်း လောလုပ္ပတဏှာကို ကောင်းစွာပယ်၍ မျက်လွှာချလျက် ထမ်းပိုး တစ်ပြန်လောက်သာ ကြည့်သောအလေ့ရှိသည်ဖြစ်၍ အိမ်စဉ်မပြတ် ဆွမ်းခံသည့်အကျင့်ကို ကျင့်ရာ၏။*

## (၅) ဧကာသနိကင်္ဂဓုတင် (ဧကာသနိက်ဓုတင်)

**ဆောက်တည်ပုံ** – (၁) အထူးအထူးသောနေရာတို့၌နေ၍ သုံးဆောင်စားသောက်ခြင်းကိုပယ်ပါ၏။
(၂) တစ်ထိုင်တည်း၌သာ သုံးဆောင်စားသောက်ခြင်းကျင့်ဝတ်ရှိသောပုဂ္ဂိုလ်၏အင်္ဂါကို ဆောက်တည်ပါ၏။

ဤစကားနှစ်ခွန်းတွင် တစ်မျိုးမျိုးဖြင့် ဆောက်တည်အပ်၏။

**အစီအရင်** – ဧကာသနိက်ဓုတင်ဆောက်တည်သောရဟန်းသည် ဆွမ်းစားဇရပ်၌ထိုင်သည်ရှိသော်မထေရ်ကြီးတို့၏နေရာ၌မထိုင်မူ၍ သင့်လျော်သည့်နေရာကို မှတ်လျက်ထိုင်အပ်၏။ ဆွမ်းစား၍မပြီးမီ ဆရာဖြစ်စေ ဥပဇ္ဈာယ်ဖြစ်စေ ကြွလာငြားအံ့၊ ထ၍ဝတ်ပြုခြင်းငှာအပ်၏။ ဘောဇဉ်ကိုကား တစ်ဖန်မသုံးဆောင်နိုင်ပြီ။

တိပိဋကစူဠာဘယမထေရ်က "နေရာကိုလည်းကောင်း၊ ဘောဇဉ်ကိုလည်းကောင်း စောင့်ရ၏" ဟုဆိုသဖြင့် ဆွမ်းစားခြင်းကိစ္စမပြီးမီ ဝိနိဗဒ်ကိုပြုနိုင်သော်လည်း ဘောဇဉ်ကိုကား တစ်ဖန်မသုံးဆောင်နိုင်ပါ။

### ဧကာသနိက်ဓုတင်ဆောင်ပုဂ္ဂိုလ် (၃) မျိုး

(၁) ဥက္ကဋ္ဌပုဂ္ဂိုလ် – များသည်ဖြစ်စေ နည်းသည်ဖြစ်စေ အကြင်ဘောဇဉ်၌ သုံးဆောင်အံ့ဟု လက်ကိုချ၏။ ထိုဘောဇဉ်မှတစ်ပါး အခြားသောဘောဇဉ်ကိုယူခြင်းငှာမရ။ လူဒါယကာ

http://www.dhammadownload.com



တို့က 'မထေရ်သည်တစ်စုံတစ်ခုကိုမျှသုံးဆောင်တော်မမူ'ဟုအောက်မေ့၍ ထောပတ်စသည်တို့ကိုဆောင်ယူလာငြားအံ့၊ ဆေးအလို့ငှာသာအပ်၏၊ အစာအာဟာရအလို့ငှာ မအပ်။

(၂)မဇ္ဈိမပုဂ္ဂိုလ် – သပိတ်၌ ဆွမ်းမကုန်သေးမီအတွင်း အခြားသောဖဉ်ကိုခံယူခြင်းငှာအပ်၏။ ဤမဇ္ဈိမပုဂ္ဂိုလ်သည် 'သောဖဉ်ကုန်ခြင်းအဆုံးရှိသောပုဂ္ဂိုလ်' မည်၏။

(၃)မုဒုပုဂ္ဂိုလ် – နေရာမှမထမချင်း ခံယူသုံးဆောင်ခြင်းငှာ အပ်၏။ သပိတ်ဆေးရေကို မယူသေးသမျှ သုံးဆောင်ကောင်းသောကြောင့် 'သပိတ်ဆေးရေယူခြင်းအဆုံးရှိသော ပုဂ္ဂိုလ်' မည်၏။ မထသရွေ့သုံးဆောင်ကောင်းသောကြောင့် 'နေရာထခြင်းအဆုံးရှိ သောပုဂ္ဂိုလ်' ဟုလည်း မည်၏။

### ဓုတင်ပျက်ခြင်း

ဤပုဂ္ဂိုလ်သုံးမျိုးစလုံးပင် အထူးထူးသောနေရာတို့တွင် စားသည့်ခဏ၌ ဓုတင်ပျက်၏။

### အကျိုးအာနိသင်

(၁)အနာရောဂါကင်းခြင်း၊
(၂)ကိုယ်ဆင်းရဲကင်းခြင်း၊
(၃)ပေါ့ပေါ့ပါးပါး ထကြွနိုင်ခြင်း၊
(၄)ခွန်အားဗလပြည့်စုံခြင်း၊
(၅)ချမ်းသာစွာနေရခြင်း၊
(၆)အတိရိတ်ဝိနည်းကံဟူသောအကြောင်းကြောင့် အာပတ်မသင့်ခြင်း၊
(၇)ရသတဏှာကို ပယ်ဖျောက်နိုင်ခြင်း၊
(၈)အလိုနည်းခြင်း၊

စသောဂုဏ်ကျေးဇူးတို့အား လျော်သောအကျင့်ရှိခြင်းတို့ ဖြစ်၏။

* *တစ်နေရာတည်းစားခြင်း၌ မွေ့လျော်သောရဟန်းကို အစာသောဖဉ်လျှင်အကြောင်းရင်းရှိသည့် အနာရောဂါတို့ မနှိပ်စက်နိုင်။ အရသာ၌ တပ်မက်မောသော လောလုပ္ပတဏှာကင်းရှင်း၏၊ မိမိပြုအပ်သောရဟန်းကိစ္စတို့ကို မယုတ်လျော့စေဘဲ ပြည့်စုံစေနိုင်၏။*

* *ထို့ကြောင့် ချမ်းသာစွာနေရခြင်း၏အကြောင်းဖြစ်သော တဏှာကို ခေါင်းပါး ပြန့်တီးစေတတ်သောအကျင့်၌မွေ့လျော်သည့် သူတော်ကောင်းတို့ မှီဝဲအပ်သော တစ်နေရာတည်းစားခြင်းဝယ် ရဟန်းသည် မွေ့လျော်ပျော်ပိုက်ရာ၏။*

http://www.dhammadownload.com



## (၆) ပတ္တပိဏ္ဍိကင်္ဂဓုတင် (ပတ္တပိဏ်ဓုတင်)

ဆောက်တည်ပုံ – (၁) နှစ်ခုမြောက်သော အာဟာရထည့်ရန်ခွက်ကို ပယ်ပါ၏။
(၂) တစ်ခုတည်းသောသပိတ်၌ ရှိသည်ကိုယူ၍ သုံးဆောင်ခြင်းကျင့်ဝတ်ဓုတင်ကို ဆောက်တည်ပါ၏။

ဤစကားနှစ်ခွန်းတွင် တစ်မျိုးမျိုးဖြင့် ဆောက်တည်အပ်၏။

အစီအရင် – ပတ္တပိဏ်ဓုတင်ဆောင်ပုဂ္ဂိုလ်သည် ယာဂုနှင့်အတူ အမဲငါးစသည့်ဟင်းလျာကိုရပါက ယာဂုကိုဖြစ်စေ၊ အမဲငါးကိုဖြစ်စေ ရှေးဦးစွာစားရမည်။ ယာဂု၌ ငါး, အမဲတို့ကို ရောထည့်ပါက ငါး, အမဲဟင်းလျာတို့ပုပ်ခဲ့သော် ယာဂုသည်ရွံရှာဖွယ်ဖြစ်ရာ၏။ ရွံစရာကို မှိတ်၍မျိုရမည်မဟုတ်၊ မရွံဘွယ်ပြု၍ သုံးဆောင်ရပါမည်။

ပျားရည်၊ တင်လဲစသည်တို့ကား ရွံစရာမဟုတ်သဖြင့် ၎င်းတို့ကို ယာဂု၌ထည့်ရောအပ်၏။ ခံယူသောအခါ၌မူ ဝလောက်ရုံပမာဏကို နှိုင်းယှဉ်ဆင်ခြင်၍ ခံယူအပ်၏။ အစိမ်းဖြစ်သည့် သစ်ရွက်နုစသည်တို့ကို လက်ဖြင့်ကိုက်စားခြင်းငှာ အပ်ပါသော်လည်း ကြည်ညိုဖွယ်မဖြစ်၍ လက်တကိုင်ကိုင်မပြုမူဘဲ သပိတ်၌ထည့်အပ်၏။

နှစ်ခုမြောက်ခွက်ကိုပယ်ရာ၌ တစ်ပါးသောသစ်ရွက်ခွက်လည်းမအပ်ပါ။

### ပတ္တပိဏ်ဓုတင်ဆောင်ပုဂ္ဂိုလ်(၃)မျိုး

(၁)ဥက္ကဋ္ဌပုဂ္ဂိုလ် – ကြံစုတ်သောအခါမှတစ်ပါး ငါးရိုး, စပါးလုံးစသည်ကို ဒုတိယမြောက်ခွက်၌ စွန့်ခြင်းငှာမအပ်။ စားစရာထည့်ရန် ခွက်နှစ်ခုကို မသာယာအပ်သည်သာမက စွန့်ပစ်ထည့်ဖို့လည်း ဒုတိယခွက်ကို မသာယာအပ်ပါ။ ထို့အပြင် ထမင်း, ငါး, အမဲ, မုန့်တို့ကိုလည်း ခွဲ၍ဖြတ်၍ စားခြင်းငှာမအပ်ပါ။

(၂)မဇ္ဈိမပုဂ္ဂိုလ် – လက်တစ်ဘက်ဖြင့် ခွဲ၍ဖြတ်၍ စားခြင်းငှာအပ်၏။ ဤမဇ္ဈိမပုဂ္ဂိုလ်သည် ပတ္တယောဂီမည်၏။

(၃)မုဒုပုဂ္ဂိုလ် – ခဲဖွယ်သောဖဉ်ကို သပိတ်၌ထည့်ခြင်းငှာအပ်၏။ အလုံးစုံကိုပင် လက်ဖြင့်ဖဲ့၍ဖြစ်စေ သွားဖြင့်ခွဲခြမ်းဖဲ့စိတ်၍ဖြစ်စေ စားခြင်းငှာအပ်၏။

### ဓုတင်ပျက်ခြင်း

ပုဂ္ဂိုလ်သုံးဦးစလုံးပင် ဟင်းလျာစသည်ကိုထည့်သော နှစ်ခုမြောက်ခွက်ကို သာယာ၍ အကပ်ခံယူသောခဏ၌ ဓုတင်ပျက်၏။

### ပတ္တပိဏ်ဓုတင်အကျိုးအာနိသင်

(၁)အရသာအထူးထူးရှိသော ခဲဖွယ်အသီးသီးတို့၌ တဏှာကို ပယ်ရ၏။

(၂)အထူးထူးသောခွက်၌ထည့်သည့် အထူးထူးသောအရသာ၌ တပ်မက်သောသူ၏အဖြစ်ကို ပယ်ရ၏။

http://www.dhammadownload.com



(၃)အစာအာဟာရအကျိုးအတိုင်းအရှည်ကို ဟောတော်မူသည့်အတိုင်း မြင်လေ့ရှိ၏။
(၄)ပန်းကန်ခွက်ယောက်အပိုအမိုကို မဆောင်ရ၍ ပင်ပန်းမှုမရှိ။
(၅)စိတ်မပျံ့လွင့်ဘဲ တစ်ခွက်တည်း၌သာ စူးစိုက်သုံးဆောင်လေ့ရှိ၏။
(၆)အလိုနည်းခြင်းစသောဂုဏ်နှင့် လျော်ကန်၏။

** ပတ္တပိဏ္ဍိကဓုတင်ဆောင်ပုဂ္ဂိုလ်သည် ဆောဖွဲ့ထည့်ရန် အထူးထူးသောခွက်တို့၌ ပျံ့လွင့်သည့်စိတ်ကို ပယ်စွန့်၍ ရသတဏှာ၏ အမြစ်အရင်းကို တူးဖြိုဘိသကဲ့သို့ တစ်ခုတည်းသောသပိတ်၌သာ စိုက်ကြည့်သည့်မျက်လွှာရှိလျက် မိမိ၏အတ္တဘောတစ်ခုကိုသာ ဆောင်ဘိ၏။ သပိတ်တစ်လုံးတည်းဖြင့်သာ ရောင့်ရဲလျက် အစာအာဟာရကို သုံးဆောင်ခြင်းငှာ တတ်နိုင်၏။ ထိုပုဂ္ဂိုလ်မှတစ်ပါးသောသူသည် အဘယ်မှာသုံးဆောင်နိုင်ပါအံ့နည်း။*

(၇) ခလုပစ္ဆာဘတ္တိကင်္ဂဓုတင် (ခလုပစ္ဆာဘတ်ဓုတင်)

ဆောက်တည်ပုံ– (၁) ပဝါရိတ်သင့်ပြီးနောက် ဝိနည်းကံအလျောက် အတိရိတ်ဖြစ်ပြီးသောဆွမ်းကိုပယ်ပါ၏။
(၂) ပဝါရိတ်သင့်ပြီးနောက်ရသောဆွမ်းကို အတိရိတ်ဝိနည်းကံပြု၍ မသုံးဆောင်သောရဟန်း၏အင်္ဂါကိုဆောက်တည်ပါ၏။

ဤစကားနှစ်ခွန်းတွင်တစ်မျိုးမျိုးဖြင့်ဆောက်တည်အပ်၏။

အစီအရင် – ဤဓုတင်ဆောင်ပုဂ္ဂိုလ်သည် တန်ပြီဟုတားမြစ်ပြီးနောက်တစ်ဖန် ဆောဖွဲ့ကို ဝိနည်းကံဖြင့်အပ်အောင်ပြု၍ မသုံးဆောင်အပ်ပါ။

ခလုပစ္ဆာဘတ္တိကဓုတင်ဆောင်ပုဂ္ဂိုလ် (၃) မျိုး

(၁)ဥက္ကဋ္ဌပုဂ္ဂိုလ် – ပထမဆွမ်းအလုတ်၌ ပဝါရိတ်သင့်ခြင်းမည်သည်မရှိပါ၊ ထိုပထမဆွမ်းလုတ်ကို မျိုပြီးသောအခါ တစ်ပါးသောလာဘ်ကိုပယ်သည့် ပုဂ္ဂိုလ်အားသာ ပဝါရိတ်သင့်၏။ ထို့ကြောင့် ဒုတိယဆွမ်းလုတ်ကို မသုံးဆောင်တော့ပါ။
(၂)မဇ္ဈိမပုဂ္ဂိုလ် – ဆောဖွဲ့ကိုသုံးဆောင်ခိုက် ပဝါရိတ်သင့်ပါက သပိတ်၌ကြွင်းသရွေ့ကိုသာ ဆက်လက်သုံးဆောင်၏။ တစ်ပါးသောလာဘ်ကို ဆက်လက်မသုံးဆောင်ပါ။
(၃)မုဒုပုဂ္ဂိုလ် – နေရာမှမထမချင်း သုံးဆောင်စားသောက်ရာ၏။

ဓုတင်ပျက်ခြင်း

ပုဂ္ဂိုလ်သုံးဦးစလုံးပင် ပဝါရိတ်သင့်လျက် ဝိနည်းကံဖြင့် အပ်အောင်ပြု၍ သုံးဆောင်စားသောခဏ၌ ဓုတင်ပျက်၏။

http://www.dhammadownload.com



အကျိုးအာနိသင်

(၁)အတိရိတ်မဟုတ်သောဘောဇဉ်ကို စားခြင်းကြောင့် သင့်သောအာပတ်မှလေး၏။

(၂)ဝမ်းမိုက်ပြည့်တင်းအောင်စားခြင်း မရှိချေ။

(၃)အာမိသ၌ သိုမှီးခြင်းကင်း၏

(၄)အဖန်, အခါးစသည်ကို ရှာဖွေရခြင်း မရှိချေ။

(၅)အလိုနည်းခြင်းစသောဂုဏ်နှင့် လျော်ကန်၏။

*ခလုပစ္ဆာဘတ္တိကဓုတင်ကိုဆောင်သော ပညာရှိပုဂ္ဂိုလ်သည် ဝမ်းစာတစ်ဖန် မရှာရသည့်အတွက် ပင်ပန်းခြင်းမရှိ၊ သိုမှီးသိမ်းဆည်းခြင်းကိုလည်း မပြု၊ ဝမ်းပြည့်တင်းအောင်စားသော သူ၏အဖြစ်ကိုလည်း ပယ်ရ၏။ ထို့ကြောင့် မြတ်စွာဘုရားချီးမွမ်းတော်မူသည့် သန္တောသဂုဏ်စသော ကျေးဇူးတို့၏တိုးပွားခြင်းကို ဖြစ်စေတတ်သဖြင့် မဟိစ္ဆစသည့်အပြစ်ဒေါသတို့ကို ပယ်လိုသောပုဂ္ဂိုလ်သည် ဤဓုတင်ကို ဆောက်တည်မှီဝဲရာ၏။*

(၈) အာရညိကင်္ဂဓုတင် (အာရညကင်ဓုတင်)

ဆောက်တည်ပုံ – (၁) ဥပစာနှင့်တကွသော ရွာတွင်းကျောင်းကို ပယ်ပါ၏။

(၂) ထိုရွာ၏အပြင်ဘက်တော၌ အရဏ်တက်ခြင်းကျင့်ဝတ်ဓုတင်ကို ဆောက်တည်ပါ၏။

ဤစကားနှစ်ခွန်းတွင် တစ်မျိုးမျိုးဖြင့် ဆောက်တည်အပ်၏။

အစီအရင် – တောရနေသောပုဂ္ဂိုလ်သည် ရွာကျောင်းကိုပယ်၍ တော၌အရုဏ်တက်စေရပါမည်။ ရွာ၏ဥပစာနှင့် ရွာတွင်း၌တည်သောကျောင်းကို ရွာကျောင်းဟုခေါ်၏။ တစ်အိမ်တည်းရှိသောရွာ၊ အိမ်များစွာရှိသောရွာ၊ အရံရှိသောရွာ၊ အရံမရှိသောရွာ၊ လူရှိသောရွာ၊ လူမရှိဘဲကိုက်ဖြစ်သော ရွာတို့သည် ရွာမည်၏။ အယုတ်သဖြင့် မိုးလေးလထက်လွန်၍ ခြေကုန်သည်, လှည်းကုန်သည်တို့၏နေရာသည်ပင် ရွာမည်၏။

အရံရှိသောရွာ၏ဥပစာသတ်မှတ်ပုံမှာ အနုရာဓမြို့ကဲ့သို့ တံခါးခုံနှစ်ခုရှိသည့်ရွာ၌ အတွင်းတံခါးခုံမှနေ၍ အလယ်အလတ်အားရှိသောယောကျ်ားက ပစ်လွှင့်သည့် ခဲကျရာအရပ်သည် ရွာ၏ဥပစာမည်၏။

အခြံအရံမရှိသောရွာ၌ကား ရွာအစွန်ဆုံး၌တည်သော အိမ်၏တံခါးဝ၌ မာတုဂါမသည် တည်၍ အိုးခွက်ရေကို စွန့်ပစ်၏၊ ပက်၏။ ထိုရေကျရာအရပ်သည် အိမ်၏ဥပစာမည်၏။ ထိုအိမ်ဥပစာမှ ဆိုခဲ့ပြီးသည့်နည်းအတိုင်း ခဲတစ်ကျသည် ရွာမည်၏။ ဒုတိယခဲတစ်ကျသည် ရွာ၏ဥပစာမည်၏။

တောမည်သည်ကား ဝိနည်းပရိယာယ်ဖြင့် ရွာနှင့်ရွာဥပစာတို့ကို ချန်ထား၍ ကျန်

http://www.dhammadownload.com



အလုံးစုံသောအရပ်သည် တောမည်၏။ အဘိဓမ္မာပရိယာယ်အားဖြင့် ရွာ၏တံခါးခုံမှစ၍ အပြင်ဘက်ဖြစ်သည့်အလုံးစုံသောအရပ်သည် တောမည်၏။

ဓုတင်အရာ၌ သုတ္တန်နည်းအားဖြင့် ရွာဥပစာမှ ကုလလေးတာငါးရာဝေးသော ကျောင်းသည် တောကျောင်းမည်၏။ ကုလလေးတာသည် တင်ပြီးသောညှို့ရှိသည့် မကြီးမငယ် ပမာဏရှိသော လေး၏အရှည်ဖြစ်သည်။

တောင်, မြစ်စသည်ခြားဆီး၍ အဖြောင့်သွားခြင်းငှာ မတတ်ကောင်း၊ ထိုရွာ၏ပကတိလမ်းသည် လှေဖြင့်ကူးအပ်သည်ဖြစ်မူ ထိုလမ်းဖြင့်သာလျှင် ကုလလေးတာကို ယူအပ်၏။

အကြင်ရဟန်းသည် နီးသောရွာ၏လမ်းခရီးကို တောရအင်္ဂါတာငါးရာ ပြည့်အောင် ကြံဆောင်၍ ပိတ်ထားအံ့၊ ဤလမ်းပိတ်သောရဟန်းသည် "ဓုတင်ခိုး" မည်သည်ဖြစ်၏။

### အာရညကင်ဓုတင်ဆောင်ပုဂ္ဂိုလ်(၃)မျိုး

(၁)ဥက္ကဋ္ဌပုဂ္ဂိုလ် – အခါခပ်သိမ်း တော၌ အရုဏ်တက်စေအပ်၏။
(၂)မဇ္ဈိမပုဂ္ဂိုလ် – မိုးလေးလပတ်လုံး ရွာ၌နေခြင်းငှာအပ်၏။
(၃)မုဒုပုဂ္ဂိုလ် – မိုးလေးလအပြင် ဆောင်းလေးလတို့ပတ်လုံးပါ ရွာကျောင်း၌နေခြင်းငှာရ၏။

### ဓုတင်ပျက်ခြင်း

ဓုတင်ဆောင်ပုဂ္ဂိုလ်သုံးမျိုးစလုံးပင် တောမှလာ၍ ရွာကျောင်း၌တရားနာနေစဉ် အရုဏ်တက်သော်လည်း ဓုတင်မပျက်၊ တရားနာပြီး၍သွားစဉ် လမ်းခရီးမှာ အရုဏ်တက်သော်လည်း ဓုတင်မပျက်၊ ဓမ္မကထိကထပြီးသော်လည်း တစ်ရေးမျှအိပ်ပြီးသွားအံ့ဟုကြံ၍အိပ်နေစဉ်အရုဏ်တက်သော် ဓုတင်ပျက်၏။ မိမိအလိုအလျောက် ရွာကျောင်း၌အရုဏ်တက်သော် ဓုတင်ပျက်၏။

### အကျိုးအာနိသင်

(၁)တောဟူသောအမှတ်ကို နှလုံးသွင်းလျက် မရသေးသောသမာဓိကိုရခြင်းငှာ ရပြီးသော သမာဓိကို စောင့်ခြင်းငှာ ထိုက်၏။
(၂)မြတ်စွာဘုရားသည် ထိုရဟန်းအား နှစ်သက်ဝမ်းမြောက်တော်မူ၏။
(၃)တောရဆောက်တည်သော ရဟန်း၏စိတ်ကို မလျောက်ပတ်သောရူပါရုံ စသည်တို့က မပျံ့လွင့်စေနိုင်။
(၄)ထိတ်လန့်ခြင်းကင်း၏။
(၅)အသက်၌တွယ်တာသော နိကန္တိတဏှာကိုစွန့်၏။
(၆)ဆိတ်ငြိမ်ရာအရပ်၌ နေခြင်းကြောင့်ဖြစ်သော ချမ်းသာသည့်အရသာကို ခံစားရ၏။
(၇)အခြားဓုတင် ၁၂ ပါးသည်လည်း ဒတောနေရဟန်းအားသာ လျောက်ပတ်၏။

** တောကျောင်း၌ မွေ့လျော်သောရဟန်းသည် တောကျောင်းဝယ် တစ်ယောက်ထီး*

http://www.dhammadownload.com



*တည်း နေသည်ဖြစ်၍ ဝိဝေကသုခကိုရ၏။ ထိုရဟန်း၏ဝိဝေကအရသာများကို သိကြား မင်းနှင့်တကွသော နတ်တို့သော်မှ မခံစားကြရကုန်။*

** စစ်ဝတ်ချပ်တန်ဆာကို ဝတ်ဆင်လျက် ဆင်တပ်, မြင်းတပ်နှင့်တကွ စစ်မြေပြင် အောင်တပ်သို့ရောက်သောမင်းသည် ရန်သူကိုအောင်မြင်ခြင်းငှာစွမ်းနိုင်သကဲ့သို့ ပံသု ကူဟူသော စစ်ဝတ်ချပ်တန်ဆာကို ဝတ်ဆင်လျက် အာရညကင်ဓုတင်တည်းဟူသော ဆင်သင်း, မြင်းသင်းနှင့်တကွ ကြွင်းသောအထူးထူးသော ဓုတင်မှေ့ လက်နက်မျိုးစုံကို စွဲကိုင်လျက် တောကျောင်းတည်းဟူသည့် စစ်မြေအောင်တပ်သို့ ကပ်ရောက်သော အာရညဝါသိယောဂီရဟန်းသည်သာလျှင် အနုသယဆင်တပ်, မြင်းတပ်တို့ဖြင့် အထပ် ထပ်ခြံရံအပ်သည့် ကိလေသာမာရ် ကိုယ်တွင်းရန်ကို မကြာမတင် အလျင်အမြန်အောင် ခြင်းငှာစွမ်းနိုင်၏။ ထို့ကြောင့် ပညာရှိသောရဟန်းသည် တောၔ်နေခြင်းကို မွေ့လျော် ပျော်ပိုက်ရာ၏။*

## (၉) ရုက္ခမူလိကင်္ဂဓုတင် (ရုက္ခမူဓုတင်)

ဆောက်တည်ပုံ – (၁) အုတ်စသော ငါးမျိုးသောအမိုးတို့ဖြင့် မိုးအပ်သည့်အရိပ်အာ ဝါသကို ပယ်ပါ၏။

(၂) သစ်ပင်ရင်း သစ်ပင်အောက်၌ နေခြင်းဓုတင်အင်္ဂါကိုဆောက် တည်ပါ၏။

ဤစကားနှစ်မျိုးတွင် တစ်မျိုးမျိုးဖြင့် ဆောက်တည်အပ်၏။

အစီအရင် – ပြည်ထောင်မင်းနှစ်ဦးတို့၏နယ်ခြားၔ်ရှိသော သစ်ပင်၊ လူတို့ပူဇော်သော တောစိုးသစ်ပင်၊ သစ်စေးပင်စသည့် လူတို့သုံးဆောင်သော သစ်ပင်၊ သရက်, ပိန္နဲ စသော အသီးစားသစ်ပင်၊ လင်းနို့ကြိုက်သောသစ်ပင်၊ မြွေ, ကင်းစသည် ခိုအောင်းစရာ အခေါင်းရှိသောသစ်ပင်၊ အများသွားလာရာ ကျောင်းလယ်ၔ်ရှိသောသစ်ပင်၊ ဤသစ်ပင် တို့ကို ကြဉ်ရှောင်၍ ကျောင်း၏အစွန်နားၔ် တည်သောသစ်ပင်ကို ယူအပ်၏။

### ရုက္ခမူဓုတင်ဆောင်ပုဂ္ဂိုလ်(၃)မျိုး

(၁)ဥက္ကဋ္ဌပုဂ္ဂိုလ် – နှစ်သက်ရာသစ်ပင်ကိုရွေးချယ်၍ မသုတ်သင်စေအပ်၊ ခြေဖြင့်သစ် ပင်မှကျသော သစ်ရွက်သစ်ခက်အမှိုက်တို့ကို ဖယ်ရှားပြီး နေအပ်၏။

(၂)မၛ္ဈိမပုဂ္ဂိုလ် – ထိုသစ်ပင်အနီးသို့ရောက်လာသူကို သုတ်သင်စေခြင်းငှာ အပ်၏။

(၃)မုဒုပုဂ္ဂိုလ် – အရံစောင့်သာမဏေတို့ကိုခေါ်၍ သုတ်သင်စေပြီးလျှင် အညီအညွတ် ပြု၍ သဲကြဲ၍ အရံပြုလုပ်၍ တံခါးကိုတပ်စေပြီး နေသင့်၏။

အထူးမှာ လူအများစုရုံးလာရောက်သောနေ့ရာၔ် ထိုရုက္ခမူဓုတင်ဆောင်ပုဂ္ဂိုလ်သည် နေမြဲသစ်ပင်ရင်းတွင် မနေဘဲ တစ်ပါးသောဖုံးလွှမ်းလျို့ဝှက်သည့်အရပ်ၔ် နေအပ်၏။

http://www.dhammadownload.com



စုတင်ပျက်ခြင်း

ပုဂ္ဂိုလ်သုံးမျိုးစလုံးပင် အမိုးရှိသောအရိပ်အာဝါသ၌ နေလိုသည့်ဆန္ဒဖြင့် ဝင်နေသော ခဏ၌ ဓုတင်ပျက်၏။ အမိုးရှိသည့်နေရာ၌ သိလျက် အရုဏ်တက်စေခါမျှခဏ၌ ဓုတင် ပျက်၏။

အကျိုးအာနိသင်

(၁)"သစ်ပင်ရင်းဟူသော ကျောင်းကိုအမှီပြု၍ ရဟန်းဖြစ်၏"ဟု မြတ်စွာဘုရား ဟောကြား တော်မူသဖြင့် တတိယမှီရာနိဿယအားလျော်သော အကျင့်ရှိ၏။

(၂)သစ်ပင်ရင်းကျောင်းသည် ကိစ္စတာဝန်နည်းပါး၏၊ အဖိုးနည်း၏၊ ရောက်လေရာအရပ် မှာ ရလွယ်၏၊ အပြစ်ကင်း၏ဟု မြတ်စွာဘုရားချီးမွမ်းတော်မူသော ပစ္စည်းဖြစ်၏။

(၃)နုသောသစ်ရွက်တို့ကို အမြဲမပြတ်မြင်ရသဖြင့် အနိစ္စသညာကို ဖြစ်စေနိုင်၏။

(၄)ကျောင်း၌ ဝန်တိုခြင်းမရှိ။

(၅)အမှုသစ်၌ မွေ့လျော်ခြင်းမရှိ။

(၆)ရုက္ခစိုးနတ်တို့နှင့် အတူတကွနေရ၏။

(၇)အလိုနည်းခြင်းစသော ဂုဏ်ကျေးဇူးနှင့်လျော်ကန်၏။

**ရဟန်းတို့၏မှီရာနိဿယကြီးဟု ဟောတော်မူပြီး မြတ်စွာဘုရား ချီးမွမ်းတော်မူ သည့် သစ်ပင်ရင်းနှင့်တူသောဆိတ်ငြိမ်ရာသည် အဘယ်မှာရှိအံ့နည်း။*

** အာဝါသမစ္ဆရိယကို ပယ်ဖျောက်ရာဖြစ်သော ရုက္ခစိုးနတ်တို့စောင့်ရှောက်အပ်သော ဆိတ်ငြိမ်ရာသစ်ပင်ရင်း၌နေသော ကောင်းသည့်အကျင့်ရှိသော ယောဂီ ပုဂ္ဂိုလ်သည် နုစဉ်အခါနီရဲ၍ ရင့်သည့်အခါစိမ်းညိုလျက် မှည့်ရော်သည့်အခါ အညှာမှကြွေကျကုန် သော သစ်ရွက်တို့ကို မျက်ဝါးထင်ထင်မြင်ရသဖြင့် မြဲ၏ဟူသောသညာကို ပယ် ဖျောက်ရ၏။*

** ထို့ကြောင့် မြတ်စွာဘုရားပွင့်တော်မူစဉ် ဓမ္မစကြာတရားဟောစဉ် ပရိနိဗ္ဗာန်စံဝင် တော်မူစဉ်အခါတို့၌မှီဝဲအပ်သောပစ္စည်းဖြစ်၍ မြတ်စွာဘုရား၏ အမွေအနှစ်ဖြစ်သော ဆိတ်ငြိမ်ရာသစ်ပင်ရင်းသည် ဘာဝနာစီးဖြန်းသူတို့၏ မွေ့လျော်ရာနေရာဖြစ်သော ကြောင့် အကျိုးစီးပွားကိုလိုလားသောသူသည် မထေမဲ့မြင်မပြုရာ။*

(၁၀) အဗ္ဘောကာသိကင်္ဂဓုတင် (အဗ္ဘောကာသိကဓုတင်)

ဆောက်တည်ပုံ – (၁) အမိုးကိုလည်းကောင်း သစ်ပင်ရင်းကိုလည်းကောင်း ပယ်ပါ၏။

(၂) လွင်တီးခေါင်၌ နေခြင်းကျင့်ဝတ်အင်္ဂါကို ဆောက်တည်ပါ၏။

ဤစကားနှစ်ခွန်းတွင် တစ်ခွန်းခွန်းဖြင့် ဆောက်တည်အပ်၏။

အစီအရင် – (၁) ဤဓုတင်ဆောင်ရဟန်းသည် တရားနာခြင်း၊ ဥပုသ်ပြုခြင်း၊ ဥပုသ်

http://www.dhammadownload.com



အိမ်သို့ဝင်ခြင်းငှာအပ်၏။ ဝင်ပြီးသောရဟန်းသည် မိုးရွာစဉ်မထွက်ဘဲ မိုးစဲသည့်အခါထွက်အပ်၏။

(၂)ဆွမ်းစားဇရပ်, မီးတင်းကုပ်တို့သို့ဝင်၍ ဝတ်နိုပါတ်ပြုအပ်၏။ မထေရ်ကြီးတို့ကို ဆွမ်းဖြင့်ပန်ကြားခြင်းငှာ အပ်၏။

(၃)စာချဆရာရဟန်းဖြစ်စေ စာသင်တပည့်ဖြစ်စေ အမိုးတွင်းသို့ ဝင်ခြင်းငှာ အပ်၏။

(၄)မကောင်းသဖြင့် ထားအပ်သောညောင်စောင်း, အင်းပျဉ်စသည်တို့ကို အတွင်းသို့သွင်းခြင်းငှာ အပ်၏။

(၅)ခရီးသွားစဉ်မထေရ်ကြီးတို့၏ပရိက္ခရာကို ကိုင်ဆောင်ရသော် မိုးရွာသည့်အခါ လမ်းခရီး၌ရှိသော ဇရပ်သို့ဝင်ခြင်းငှာ အပ်၏။

(၆)မထေရ်ကြီးတို့၏ပရိက္ခရာကို မကိုင်ဆောင်ဘဲ ဇရပ်ထဲသို့ဝင်၍နေအံ့ဟု လျင်သောအဟုန်ဖြင့်သွားခြင်းငှာမအပ်၊ ပကတိသွားမြဲတိုင်းသွား၍ ဇရပ်တွင်းသို့ဝင်ပြီးလျှင် မိုးစဲသည့်တိုင်အောင် ရပ်၍မူကား နေအပ်၏။

(ရုက္ခမူဓုတင်ဆောက်တည်သော ရဟန်းသည်လည်း ဤနည်းကိုသိအပ်၏။)

### အဗ္ဘောကာသိကဓုတင်ဆောင်ပုဂ္ဂိုလ်(၃)မျိုး

(၁)ဥက္ကဋ္ဌပုဂ္ဂိုလ် – သစ်ပင်, တောင်, အိမ်တို့ကိုမှီ၍နေခြင်းငှာ မအပ်။ လွင်ပြင်၌ သင်္ကန်းကျောင်းပြုလုပ်၍ နေသင့်၏။

(၂)မဇ္ဈိမပုဂ္ဂိုလ် – သစ်ပင်, တောင်ခေါင်း, ကျောင်းတို့ကိုအမှီပြု၍ သစ်ပင်ရင်း, တောင်ဂုမ်း, တောင်ခေါင်း, ကျောင်းတွင်းသို့မဝင်ဘဲ နေခြင်းငှာအပ်၏။

(၃)မုဒုပုဂ္ဂိုလ် – မိုးရေမဝင်အောင် အမိုးကဲ့သို့ အထက်၌ပြုအပ်သော အပိုင်းအခြားမရှိသည့်တောင်ဂုမ်း၊ သစ်ခက်ကျဲကျဲမိုးသောမဏ္ဍပ်၊ တံစီးတင်သော ဖယောင်းပုဆိုး၊ လယ်စောင့်တို့စွန့်ပစ်သောတဲဆိုးများသည် အပ်၏။

### ဓုတင်ပျက်ခြင်း

ပုဂ္ဂိုလ်သုံးမျိုးစလုံးပင် နေခြင်းငှာ အမိုးအောက်သို့ဖြစ်စေ သစ်ပင်ရင်းသို့ဖြစ်စေ ဝင်ဆဲခဏ၌ ဓုတင်ပျက်၏။ ယခုပင်အရုဏ်တက်လတ္တံ့ဟုသိလျက် ထိုအမိုးသစ်ပင်ရင်းတို့၌ အရုဏ်တက်စေလျှင် ဓုတင်ပျက်သည်ဟု အင်္ဂုတ္တိုရ်ဆောင်ပုဂ္ဂိုလ်တို့ဆိုကြ၏။

### အကျိုးအာနိသင်

(၁)အာဝါသပလိဗောဓဟူသောကျောင်း၊ အရိပ်အာဝါသ၌ ကြောင့်ကြဖွယ်တို့ကို ပယ်ဖြတ်ရ၏။

(၂)ထိနမိဒ္ဓကို ပယ်ဖျောက်ရ၏။

(၃)သားသမင်ကဲ့သို့ ငြိကပ်တွယ်တာခြင်းမရှိမူ၍ ရဟန်းတို့သည် နေရာကျောင်းမရှိဘဲ

http://www.dhammadownload.com



နေကြကုန်၏ဟု ချီးမွမ်းခြင်းငှာထိုက်၏။

(၄)အရိပ်အာဝါသ၌ ငြီကပ်ခြင်းမရှိချေ။

(၅)အရပ်လေးမျက်နှာသို့ အပိတ်အပင်မရှိ သွားနိုင်၏။

(၆)အလိုနည်းခြင်းစသော ဂုဏ်ကျေးဇူးနှင့် လျော်ကန်၏။

** အိမ်ရာမထောင် လှူဒါယကာ ကိုစွန့်ပစ်သည့် ရဟန်းပြုသူတို့နှင့် လျောက်ပတ်သော ရလွယ်လှသည့် ကြယ်တာရာ ပတ္တမြားတို့ဖြင့် စီချယ်ထားသည့် အမိုးမျက်နှာကြက်ရှိသော လမင်းတည်းဟူသည့် ဓာတ်မီးဖြင့် ကြည်လင်အေးမြစွာ ထွန်းလင်းသော လွင်တီးခေါင်ဝယ် တောသမင်ကဲ့သို့သောစိတ်ဖြင့် ထိနမိဒ္ဓကို ပယ်ဖျောက်၍နေသော ဘာဝနာကမ္မဋ္ဌာန်းနှင့် မွေ့လျော်ပျော်ပိုက်သောရဟန်းသည် ဝိဝေကရသတည်းဟူသော သက်သာငြိမ်းအေးရာ ချမ်း, မင်္ဂ, ဖိုလ်တို့ကို မကြာမြင့်မီရနိုင်၏။ ထို့ကြောင့် ပညာရှိသော အမျိုးသားသည် လွင်တီးခေါင်တွင် မွေ့လျော်ပျော်ပိုက်ရာ၏။*

## (၁၁) သောသာနိကင်္ဂစုတင် (သုသာန်စုတင်)

**ဆောက်တည်ပုံ** –(၁) သုသာန်လက္ခဏာမကင်းသောနေရာအရပ်ကိုပယ်ပါ၏။

(၂) သုသာန်လက္ခဏာရောက်သောအရပ်၌ နေခြင်းအကြောင်းအင်္ဂါကိုဆောက်တည်ပါ၏။

ဤစကားနှစ်မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ဆောက်တည်ရာ၏။

**အစီအရင်** – (၁) ရွာသစ်တည်ထောင်သောလူတို့က သုသာန်ဟု သတ်မှတ်ထားသော နေရာ၌ရာနသည် သုသာန်ဟု သတ်မှတ်ထားကာမျှဖြင့် သူသေကောင်မဖုတ်, မမြှုပ်ရသေးလျှင် သုသာန်မဖြစ်။ သူသေကောင်ဖုတ်, မြှုပ်ပြီးသောကာလမှ ၁၂ နှစ်တိုင်တိုင် စွန့်ပစ်ထားစေကာမူ သုသာန်ဖြစ်၏။

(၂)ထိုသုသာန်လက္ခဏာရောက်သောအရပ်၌ သုသာန်စုတင်ဆောင်ရဟန်းသည် စင်္ကြံမဏ္ဍပ်ဆောက်လုပ်စေ၍ ညောင်စောင်း, အင်းပျဉ်တို့ကိုခင်း၍ သောက်ရေသုံးဆောင်ရေကို တည်ထားလျက် တရားဟောသင်ကြားဖို့ချကာ ထယ်ထယ်ဝါဝါ မနေသင့်ပါ။

(၃)သုသာန်စုတင်သည် ဆောင်နိုင်ရန် ခဲယဉ်း၍ ဝန်လေးလှ၏။ သို့အတွက် ဖြစ်လတ္တံ့သောဘေးရန်တို့ကို ပယ်ဖျောက်ခြင်းငှာ သံဃထေရ်ကိုလည်းကောင်း၊ ရွာအုပ်ချုပ်သူတို့ကိုလည်းကောင်း၊ မိမိသည် သုသာန်စုတင်ဆောင်ပုဂ္ဂိုလ်ဖြစ်ကြောင်း သိစေ၍ မမေ့မလျော့နေအပ်၏။

(၄)စင်္ကြံသွားလျှင် ထက်ဝက်သောမျက်စိဖြင့် သူကောင်ဖုတ်သည့်နေရာကို ငဲ့ကြည့်အပ်၏။

(၅)သုသာန်သို့သွားသည့်အခါ လမ်းမကြီးကမသွားဘဲ မိမိကို သုသာန်စုတင်ဆောင်ပုဂ္ဂိုလ်ဟုမသိအောင် လမ်းငယ်ဖြင့်သာ လှို့ဝှက်၍သွားအပ်၏။

http://www.dhammadownload.com



(၆)နေ့အခါ၌ သစ်ငုတ်၊ သစ်ပင်၊ တောင်ပို့၊ မို့မို့မည်းမည်း မြင်ကောင်းသောအာရုံတို့ကို ပိုင်းခြားမှတ်သားထားရမည်။ သို့မှသာလျှင် ထိုသစ်ငုတ်စသောအရာတို့သည် ညဦးအခါ၌ ထိုပုဂ္ဂိုလ်ကို ခြောက်လှန့်သောအာရုံများမဖြစ်ဘဲ ရှိလိမ့်မည်။

(၇)ညဦးအခါ ဘီးလူးသဘက်တို့က မြည်တမ်းဟစ်ကြွေး၍ လှည့်လည်ကုန်သည်ရှိသော် လှံကန်၊ အုတ်ခဲ၊ ကျောက်ခဲတို့ဖြင့် မပစ်ခတ်အပ်။

(၈)သုသာန်သို့ တစ်နေ့မျှမသွားဘဲ မနေသင့်။ သုသာန်၌ မဇ္ဈိမယံကိုကုန်စေ၍ ပစ္ဆိမယံ၌ သုသာန်မှ ဖွဲခွာခြင်းငှာသင့်၏ဟု အင်္ဂုတ္တိုရ်ဘာဏကဆရာတို့ ဆိုကြ၏။

(၉)ဘီလူးသဘက်တို့ချစ်မြတ်နိုးစွာကြိုက်နှစ်သက်သော ဆီထွေး၊ နှမ်းလှော်၊ ပဲ၊ ထမင်း၊ ငါး၊ အမဲ၊ နို့၊ ဆီ၊ တင်လဲစသည့် ခဲဖွယ်ဘောဇဉ်တို့ကို မမှီဝဲအပ်။

(၁၀)ဒါယကာတို့၏အိမ်တွင်းသို့ မဝင်အပ်။

### သုသာန်ဓုတင်ဆောင်ပုဂ္ဂိုလ်(၃)မျိုး

(၁)ဥက္ကဋ္ဌပုဂ္ဂိုလ် – သူသေကောင်ကို မပြတ်ဖုတ်သော အပုပ်နံ့မပြတ်နံသော ငိုကြွေးသံ မပြတ်ရှိသောသုသာန်အရပ်၌ နေအပ်၏။

(၂)မဇ္ဈိမပုဂ္ဂိုလ် – ထိုသုံးမျိုးတွင် တစ်ခုခုရှိသောသုသာန်အရပ်၌ နေအပ်၏။

(၃)မုဒုပုဂ္ဂိုလ် – သုသာန်လက္ခဏာရှိကာမျှသော သုသာန်၌ နေအပ်၏။

### ဓုတင်ပျက်ခြင်း

ပုဂ္ဂိုလ်သုံးမျိုးစလုံးပင် သုသာန်မဟုတ်သောအရပ်၌ နေခြင်းကိုပြုကာမျှဖြင့် ဓုတင်ပျက်၏။

### အကျိုးအာနိသင်

(၁)'သေရချေအံ့၊ သေရချေအံ့' ဟု အဖန်တလဲလဲ အမှတ်သတိရ၏။

(၂)မမေ့မလျော့ နေထိုင်ခြင်း အလေ့အထရှိ၏။

(၃)သုသာန်၌စွန့်ပစ်သော အကောင်ပုပ်ကိုမြင်ရသဖြင့် 'အသုဘ'ဟု မှတ်ကြောင်း အာရုံကို ရ၏။

(၄)ကာမရာဂကို ပယ်ဖျောက်နိုင်၏။

(၅)ကိုယ်ခန္ဓာ၏စက်ဆုပ်ဖွယ် မစင်ကြယ်သည့်သဘောကိုအမြဲမပြတ်မြင်နိုင်၏။

(၆)ထိတ်လန့်မှု သံဝေဂများစွာ ရနိုင်၏။

(၇)အနာကင်းခြင်း၊ အရွယ်နုပျိုခြင်းကြောင့် တက်ကြွသည့်မာန်ယစ်ခြင်းကို ပယ်နိုင်၏။

(၈)ဘေးကြီးဘေးငယ်အသွယ်သွယ်ကို သည်းခံနိုင်၏။

(၉)နတ်တို့၏အလေးအမြတ်ချီးမွမ်းခြင်း၊ အလိုနည်းခြင်းစသည့် ဂုဏ်ကျေးဇူးအားလျော်ကန်၏။

http://www.dhammadownload.com



** သုသာန်ဓုတင်ဆောင်ရဟန်းသည် မရဏာနုဿတိကမ္မဋ္ဌာန်း၏အာနုဘော်ကြောင့် အိပ်ပျော်ခြင်းသို့ရောက်ပါသော်လည်း မေ့လျော့ခြင်းအဖြစ်သည် မနှိပ်စက်နိုင်ချေ။ များစွာသောအပုပ်ကောင်တို့ကို အစဉ်အပြတ်မြင်တွေ့ရသောကြောင့် ထိုရဟန်း၏စိတ်သည် ဝတ္ထုကာမအာရုံကို ခံမင်လိုက်စားခြင်း မဖြစ်နိုင်။*

** သုသာန်ဓုတင်ဆောင်သူသည် ပြန့်ပြောသောထိတ်လန့်ခြင်းသို့ ရောက်၏၊ မာန်ယစ်ခြင်း, မေ့လျော့ခြင်းသို့ မရောက်။ တစ်ဆယ့်တစ်မီးတို့၏ငြိမ်းရာ နိဗ္ဗာန်ကိုသာ ရှာမှီးသည်ဖြစ်၍ အသင့်အားဖြင့်လုံ့လပြု၏။*

*ဤသို့ဂုဏ်ကျေးဇူးများစွာရှိသည့်အတွက် နိဗ္ဗာန်သို့ စိတ်ညွတ်နေသော ယောဂီပုဂ္ဂိုလ်သည် သောသာနိကင်္ဂဓုတင်ကို အစဉ်မပြတ်မှီဝဲအပ်လေ၏။*

## (၁၂) ယထာသန္ထတိကင်္ဂဓုတင် (ယထာသန္ထတိဓုတင်)

**ဆောက်တည်ပုံ** –(၁) ကျောင်းခွဲလျှပ်ပေါ်လော်လီသော လောလုပ္ပတဏှာကို ပယ်ပါ၏။

(၂) လက်ဦးမဆွ ညွှန်အပ်, ရောက်အပ်သောကျောင်းခွဲသာ နေလေ့ရှိသည့်အကြောင်းအင်္ဂါကို ဆောက်တည်ပါ၏။

ဤစကားနှစ်မျိုးတွင် တစ်မျိုးမျိုးဖြင့် ဆောက်တည်အပ်၏။

**အစီအရင်** – ဤဓုတင်ကို ဆောက်တည်သောရဟန်းသည် ကျောင်းနေရာချပေးသောရဟန်းက "ဤကျောင်းသည် အရှင်ဘုရားအား အစဉ်ရောက်၏" ဟု ဝါစဉ်အလိုက် ညွှန်ပြချမှတ်ပေးသည့် ကျောင်းဖြင့်သာလျှင် ရောင့်ရဲတင်းတိမ်အပ်၏။ တစ်ပါးသော ရဟန်းကို မထစေအပ်၊ တစ်ပါးသောနေရာကို မဖြစ်စေအပ်။ (ညွှန်ချသောကျောင်းကို မကြိုက်၍ အခြားကျောင်းနှင့် မလဲလှယ်ကောင်းဟုဆိုလို၏။)

### ယထာသန္ထတိဓုတင်ဆောင်ပုဂ္ဂိုလ်(၃)မျိုး

(၁)ဥက္ကဋ္ဌ – မိမိအားရောက်သောကျောင်းကို ဝေးသလား၊ နီးသလား၊ ဘီလူး, မြွေ, ကင်းစသည့် ဘေးဥပါဒ်ရှိသလား၊ ပူသလား၊ အေးသလားဟု မေးခွင့်မရှိပါ။

(၂)မဇ္ဈိမပုဂ္ဂိုလ် – ထိုသို့မေးခြင်းငှာ ခွင့်ရ၏။ သွား၍ကြည့်ခြင်းငှာ ခွင့်မရပါ။

(၃)မုဒုပုဂ္ဂိုလ် – သွား၍ကြည့်ခွင့်ရှိ၏။ မနှစ်သက်လျှင် အခြားလူမနေသည့်ကျောင်းကို ယူခြင်းငှာအပ်၏။

### ဓုတင်ပျက်ခြင်း

ပုဂ္ဂိုလ်သုံးမျိုးစလုံးပင် အပြစ်, အနာရောဂါကင်းပါလျက် လက်ဦးရသောကျောင်းကို စွန့်၍ တစ်ပါးသောကျောင်းကို တောင်းခံခြင်း သေနာသနလော်လုပ္ပတဏှာဖြစ်ကာမျှဖြင့် ဓုတင်ပျက်၏။

http://www.dhammadownload.com



အကျိုးအာနိသင်

(၁)"ရသောကျောင်းဖြင့်သာ ရောင့်ရဲတင်းတိမ်ရမည်"ဟူသော မြတ်စွာဘုရား၏ အဆုံးအမဩဝါဒကို လိုက်နာရ၏။

(၂)သီတင်းသုံးဖော်တို့၏အစီးအပွားကို ရှာခွင့်ရ၏။

(၃)ယုတ်သည်, မြတ်သည်ဟုအထူးကြံစည်ခြင်းကို စွန့်ပယ်ရ၏။

(၄)မြတ်နိုးခြင်း, မနှစ်သက်ခြင်း, ဆန့်ကျင်ခြင်းတို့ကို ပယ်ရ၏။

(၅)အလွန်အလိုကြီးသောတဏှာ၏အပေါက်ကို ပိတ်ဆို့ရ၏။

(၆)အလွန်အလိုနည်းခြင်းစသော ဂုဏ်ကျေးဇူးအား လျော်ကန်၏။

** ရသမျှဖြင့် ရောင့်ရဲသော ယထာသန္တတိဓုတင်ဆောင်ရဟန်းသည် 'ကောင်း၏၊ မကောင်း၏'ဟု ကြံစည်မှုကင်းလျက် မြက်သစ်ရွက်အခင်းတို့၌သော်လည်း နှစ်နှစ်ချိုက်ချိုက်နေနိုင်၏။*

** ထိုရဟန်းသည် ရရှိသည့်နေရာကျောင်းကိုလည်းမတပ်မက်၊ အယုတ် အညံ့ကိုရသော်လည်း နှလုံးမပျက်၊ သီတင်းသုံးဖော်ငယ်တို့ကို မေတ္တာစိတ်ဖြင့် ချီးမြှောက်မစ၏။*

*ထို့ကြောင့် အရိယာသူမြတ်တို့ အမြဲမပြတ် လေ့ကျက်အပ်သော မြတ်စွာဘုရား ချီးမွမ်းတော်မူသော ပထမညွှန်ကြားသည့်ကျောင်း၌ မွေ့လျော်ခြင်းကို ပညာရှိတို့ ကြိုးစားရာ၏။*

## (၁၃) နေသဇ္ဇိကင်္ဂဓုတင် (နိသဇ်ဓုတင်)

ဆောက်တည်ပုံ –(၁) အိပ်ရာခေါင်းအုံး၌ ဦးခေါင်းချ၍အိပ်ခြင်းဟူသော ဣရိယာပုထ်ကို ပယ်ပါ၏။

(၂) ထိုင်ခြင်းဣရိယာပုထ်ဖြင့်နေလေ့ရှိသော ရဟန်း၏အင်္ဂါကိုဆောက်တည်ပါ၏။

ဤစကားနှစ်မျိုးတွင် တစ်မျိုးမျိုးဖြင့် ဆောက်တည်အပ်၏။

အစီအရင် – ဤဓုတင်ဆောင်သူသည် ညဥ့်သုံးယာမ်တို့တွင် တစ်ယာမ်၌ စင်္ကြံသွားသင့်၏။ သွားလာ, ရပ်, ထိုင်, လျောင်းဟူသောဣရိယာပုထ်တို့တွင် အိပ်ခြင်းလျောင်းခြင်း ဣရိယာပုထ်သည်သာ မအပ်ချေ။

### နိသဇ်ဓုတင်ဆောင်ပုဂ္ဂိုလ်(၃)မျိုး

(၁)ဥက္ကဋ္ဌပုဂ္ဂိုလ် – နောက်မှီတံကဲပျဉ်၊ ပုဆိုးပတ်၊ အာယောဂပဋ်တို့ပင် မအပ်ပါ။

(၂)မဇ္ဈိမပုဂ္ဂိုလ် – ဤသုံးခုတွင် တစ်ခုခုသည်အပ်၏။

(၃)မုဒုပုဂ္ဂိုလ် – တံကဲပျဉ်၊ ပုဆိုးပတ်၊ အာယောဂပဋ်၊ အုံး၊ အင်္ဂါငါးပါးရှိသော အင်းပျဉ်၊ အင်္ဂါခုနစ်ပါးရှိသော အင်းပျဉ်တို့သည် အပ်ကုန်၏။

http://www.dhammadownload.com



နောက်မှီတံကဲနှင့်တကွ အနံထက်, အလျားရှည်သော ဖတိုင်အင်းပျဉ်ငယ်သည်ခြေလေးဘက်နှင့် တံကဲရှိသည့်အတွက် အင်္ဂါငါးပါးရှိသည်မည်၏။

နောက်မှီတံကဲ၊ ဝဲယာလက်ရုံးတန်းနှင့် ခြေလေးခုရှိသောအင်းပျဉ်သည် အင်္ဂါ(၇)ပါး ရှိသော အင်းပျဉ်မည်၏။

### စုတင်ပျက်ခြင်း

ပုဂ္ဂိုလ်သုံးမျိုးစလုံးပင် အိပ်ရာ, ခေါင်းအုံး၌ ဦးခေါင်းချ၍ အိပ်ခြင်းဣရိယာပုထ်ကို ပြုကာမျှဖြင့် စုတင်ပျက်၏။

### အကျိုးအာနိသင်

(၁)အိပ်ရာ၌ တစင်းစင်းအိပ်သောချမ်းသာ၊ ဝဲယာပြောင်းပြန် တစောင်းစောင်းလူးလည်း အိပ်သောချမ်းသာ၊ တမှိန်းမှိန်းအိပ်မွေ့သောချမ်းသာတို့နှင့် ယှဉ်၍နေသည်ဟု ဟောတော်မူအပ်သော စိတ်၏အနှောင်အဖွဲ့ကို ဖြတ်ရ၏။

(၂)ခပ်သိမ်းသောကမ္မဋ္ဌာန်းကို အားထုတ်သူနှင့် သင့်လျော်၏။

(၃)ကြည်ညိုဖွယ်သော ဣရိယာပုထ်ရှိ၏။

(၄)လုံ့လအားထုတ်ခြင်းအား အစဉ်လျော်၏။

(၅)ကောင်းသောအကျင့်ပဋိပတ်ကို ပွားများရ၏။

** ထက်ဝယ်ဖွဲ့ ခွေလျက် ကိုယ်ကိုဖြောင့်မတ်စွာထား၍ ထိုင်နေသောရဟန်းသည် မာရ်မင်း၏စိတ်ကို တုန်လှုပ်ချောက်ချားစေ၏။ အိပ်စက်ခြင်း၊ မှိန်းမှိန်းငိုက်မျဉ်းခြင်းတည်းဟူသောချမ်းသာကို ပယ်စွန့်၍ အားထုတ်မှု၌ ဝီရိယရှိသော ထိုင်နေခြင်း၌ အလွန်မွေ့လျော်သောရဟန်းသည် မြီးခြံသည့်အကျင့်ကို ကျင့်ရာသာသနာတော်တည်းဟူသော အင်ကြင်းတောကို တင့်တယ်စေသည့်အပြင် ငါးပါးအာရုံကာမဂုဏ်ဟူသော အာမိသကင်းသည့် နှစ်သက်ခြင်းချမ်းသာခြင်းကိုလည်း ရနိုင်၏။ ထို့ကြောင့် ထိုနိသဇ်စုတင်ကို ကောင်းစွာအားထုတ်ရာ၏။*

### စုတင်ပကိဏ္ဏကကထာ (ပြီးပြွမ်းပြဆိုခြင်း)

### ကုသိုလ်စုတင်, အဗျာကတစုတင်

အလုံးစုံသောစုတင်တို့သည်သေက္ခပုဂ္ဂိုလ်တို့၏အစွမ်းဖြင့် ကုသိုလ်စုတင်၊ ရဟန္တာပုဂ္ဂိုလ်တို့၏အစွမ်းဖြင့် အဗျာကတစုတင်တို့ဖြစ်ကြ၏။ အကုသိုလ်စုတင်ကား မရှိနိုင်ဟု တစ်ထစ်ချမှတ်ရာ၏။

ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်တို့ကမူ "ယုတ်မာသောအလိုရှိသည်၊ ယုတ်မာသောအလိုဆိုးနှိပ်စက်အပ်သည်ဖြစ်၍ တောကျောင်းနေ၏" ဟု ပုဂ္ဂလပညတ်ပါဠိတော်တွင် ဟောတော်မူသောကြောင့် စုတင်သည် အကုသိုလ်လည်းရှိသင့်၏ဟုဆို၏။

http://www.dhammadownload.com



ဤအဆိုသည်မမှန်ပါ။ တောဌ်နေသောပုဂ္ဂိုလ်ကိုတောနေရဟန်းဟုခေါ်၏။ထိုရဟန်းသည်အလိုယုတ်သည်လည်းကောင်း၊ အလိုနည်းသည်လည်းကောင်း၊ ဖြစ်နိုင်ပါ၏။ သို့သော် ဓုတင်တို့သည် ထိုသို့အခြင်းအရာဖြင့်ဆောက်တည်၍ ကိလေသာကိုဖျက်ဆီးသောကြောင့် ကိလေသာကိုခါသောရဟန်း၏အကြောင်းတို့ ဖြစ်ကုန်၏။ ထို့ကြောင့် ဓုတင်တို့မည်ကုန်၏။

တစ်နည်းကား ကိလေသာကို ခါတတ်, ဖျက်ဆီးတတ်သောကြောင့် ဓုတအမည်ရှိသော ဉာဏ်သည် ထိုပံသုကူဓုတင်စသည်တို့၏အကြောင်းအင်္ဂါဖြစ်၏။ ထို့ကြောင့် ဓုတင်မည်ကုန်၏။

တစ်နည်းကား ထိုပံသုကူဓုတင်စသည်ကို ဆောက်တည်းခြင်းသည် ကိလေသာတို့ကို ခါတတ်, ဖျက်ဆီးတတ်သည့်အဖြစ်ကြောင့် 'ဓုတ'မည်၏၊ သီလစသော ကောင်းသောအကျင့်ပဋိပတ်၏ အကြောင်းအင်္ဂါလည်းဖြစ်သောကြောင့် 'ဓုတင်' မည်၏။

အကုသိုလ်ဖြင့် ကိလေသာကိုခါထွက်ဖျက်ဆီးနိုင်သောအနက်ကြောင့် ဓုတမည်ကောင်းသောရဟန်းမည်သည် မရှိချေ။ အကုသိုလ်သည် ကိလေသာကို ခါတတ်, ဖျက်ဆီးတတ်သောဉာဏ်ကဲ့သို့ အကြောင်းအင်္ဂါလည်းမဟုတ်ပါ။ အကုသိုလ်သည် တစ်စုံတစ်ရာသော မကောင်းမှုကို ဖျက်ဆီးနိုင်သည်လည်းမဟုတ်၊ သင်္ကန်းဌ်လျှပ်ပေါ်ခြင်းစသော လောလုပ္ပတဏှာ၏ဆန့်ကျင်ဘက်တို့ကို ဖျက်ဆီးတတ်သည်လည်းမဟုတ်။ ပဋိပတ်အကျင့်၏ အကြောင်းလည်းမဟုတ်သောကြောင့် အကုသိုလ်ဖြစ်သောဓုတင်သည် မရှိချေ။

### အဘယဂိရိဝါသီဆရာတို့၏အယူဝါဒ

ဓုတင်သည် ကုသလတိက်မှလွတ်၏၊ ဓုတင်သည်ပညတ်သာဖြစ်၍ မရမတ်အားဖြင့် မရှိချေ။ သဘောအားဖြင့် ထင်ရှားမရှိသောပညတ်သည် အဘယ်မည်သောကိလေသာကို ခါထုတ်တတ်သောကြောင့် ဓုတင်မည်သည်ဖြစ်နိုင်ပါအံ့နည်းဟု ဆိုကြကုန်၏။

ထိုဆရာတို့၏စကားသည် "ဓုတဂုဏေ သမာဒါယဝတ္တတိ" "ဓုတင်၏ဂုဏ်ကျေးဇူးကို ဆောက်တည်၍ကျင့်၏" ဟူသောစကားတော်နှင့် ဆန့်ကျင်ခြင်းသို့ ရောက်၏။ ထို့ကြောင့် ထိုယူမိယူရာယူသောအဘယဂိရိဆရာတို့၏စကားသည် မမှန်ပါ။

### ဓုတ၊ ဓုတဝါဒ၊ ဓုတဓမ္မ

ဓုတ – ထိုထိုဓုတင်ဖြင့် ကိလေသာကို ဖျက်ဆီးသောပုဂ္ဂိုလ် သို့မဟုတ် ကိလေသာကို ဖျက်ဆီးတတ်, ပျက်ဆီးကြောင်းဖြစ်သောတရားကို 'ဓုတ ' ဟု ခေါ်၏။

### ဓုတဝါဒ – ဓုတင်ဆိုင်ရာပုဂ္ဂိုလ်(၄)မျိုး

(၁)ဓုတနဓုတဝါဒ –မိမိသာ ဓုတင်ဖြင့်ကိလေသာကို ခါထုတ်၍ သူတစ်ပါးကို ဓုတင်ဖြင့် မဆုံးမသောပုဂ္ဂိုလ်၊ အရှင်ဗာကုလမထေရ်ကဲ့သို့ ပုဂ္ဂိုလ်တည်း။

http://www.dhammadownload.com



(၂)နစုတာစုတဝါဒ –မိမိက စုတင်မဆောင်ဘဲ သူတစ်ပါးကိုသာ စုတင်ဖြင့်ဆုံးမတတ်သောပုဂ္ဂိုလ်၊ အရှင်ဥပနန္ဒမထေရ်ကဲ့သို့တည်း။

(၃)နေဝစုတနစုတဝါဒ – မိမိလည်း စုတင်မဆောင်၊ သူတစ်ပါးကိုလည်း စုတင်ဖြင့်မဆုံးမတတ်သောပုဂ္ဂိုလ်၊ လာဠုဒါယီမထေရ်ကဲ့သို့တည်း။

(၄)စုတစေဝစုတဝါဒ – မိမိလည်း စုတင်ဆောင်၍ သူတစ်ပါးကိုလည်း စုတင်ဖြင့်ဆုံးမတတ်သောပုဂ္ဂိုလ်၊ အရှင်သာရိပုတ္တရာမထေရ်ကဲ့သို့တည်း။

### စုတဓမ္မ – စုတင်စေတနာ၏အခြံအရံတရား (၅) ပါး

(၁)အလိုနည်းသောသူ၏အဖြစ်၊ တရားကိုယ်မှာ အလောဘစေတသိက်ဖြစ်၏။
(၂)ရောင့်ရဲလွယ်သောသူ၏အဖြစ်၊ တရားကိုယ်မှာ အလောဘစေတသိက်ဖြစ်၏။
(၃)ကိလေသာကိုခေါင်းပါးစေတတ်သည်၏အဖြစ်(သလ္လေခတာ)၊ တရားကိုယ်မှာအလောဘ၊ အမောဟဖြစ်၏။
(၄)ဆိတ်ငြိမ်သောအဖြစ် (ပဝိဝေကတာ)၊ တရားကိုယ်မှာ အလောဘ, အဒေါသ။
(၅)စုတင်၏ကျေးဇူးရှိ၏ဟုသိတတ်သူ၏အဖြစ်(ဣဒမတ္ထိတာ)၊ တရားကိုယ်မှာ အမောဟ (ဉာဏ်)ဖြစ်၏။

### စုတင်မှီဝဲရန်လျောက်ပတ်သောသူ

ရာဂထူပြောသောသူနှင့် မောဟထူပြောသောသူတို့သည် စုတင်မှီဝဲရန် လျောက်ပတ်၏။ အကြောင်းကား စုတင်ကိုမှီဝဲခြင်းသည် ဆင်းရဲသောအကျင့်, ကိလေသာကိုခေါင်းပါးစေသောအကျင့်ဖြစ်၍ ဆင်းရဲခြိုးခြံသောအကျင့် ဖြစ်၏။ ဆင်းရဲခြိုးခြံသောအကျင့်ကိုအမှီပြု၍ ရာဂသည် တည်ရာမရဘဲငြိမ်း၏။ ခေါင်းခေါင်းပါးပါးကျင့်ခြင်းကိုမှီ၍ မမေ့မလျော့သော ပုဂ္ဂိုလ်သည် မောဟကိုပယ်၏။ ထို့ကြောင့် သင့်လျော်လျောက်ပတ်၏။

ထို့အပြင် ဒေါသစရိုက်ရှိသောသူအား အာရညိကင်စုတင်နှင့် ရုက္ခမူလိကင်စုတင်တို့သည် လျောက်ပတ်၏။ အဘယ့်ကြောင့်ဆိုသော် ထိုစုတင်တို့ကိုဆောက်တည်ရာ၌ တစ်စုံတစ်ယောက်သောသူအား ထိခိုက်စေခြင်းမရှိဘဲ နေရသည့်အတွက် ဒေါသငြိမ်း၏။ ထို့ကြောင့် လျောက်ပတ်၏။

### စုတင်တို့ကိုပေါင်းရုံးတင်ပြခြင်း

ခေါင်းတည်ဖြစ်သောစုတင်(၃)ပါးရှိ၏။ ၎င်းတို့မှာ
(၁)သပဒါနစာရိကင်စုတင် – အိမ်စဉ်မပြတ်လှည့်လည်၍ဆွမ်းခံခြင်းစုတင်၊
(၂)ဧကာသနိကင်စုတင် – တစ်နေရာတည်း၌သာ စားသောက်သောအကျင့်စုတင်၊
(၃)အဗ္ဘောကာသိကင်စုတင်– လွင်တီးခေါင်၌နေလေ့အကျင့်ရှိသောစုတင်တို့ဖြစ်၏။

အကြောင်းမှာ သပဒါနစာရိကင်စုတင်ကို ဆောင်သောရဟန်းသည် ပိဏ္ဍပါတိကင်စုတင်–

http://www.dhammadownload.com



သပိတ်၌ ဆွမ်းအာမိသကျရန် လှည့်လည်သောဓုတင်ကိုလည်း စောင့်နိုင်၏။ ကောသနိက်ဓုတင်ကို ဆောက်တည်သောရဟန်းသည် ပတ္တပိဏ္ဍိကင်္ဂဓုတင် (တစ်ခုသောသပိတ်၌ရှိသောဆွမ်းကိုသာ သုံးဆောင်သည့်ဓုတင်)နှင့် ခလုပစ္ဆာဘတ္တိကင်္ဂဓုတင် (ပစ္ဆာဘတ္တိက–နောက်မှရသောဆောဇဉ်ကို ဝိနည်းကံပြု၍ သုံးဆောင်လေ့မရှိသောဓုတင်)တို့ကိုလည်း အလွယ်တကူစောင့်ထိန်းနိုင်၏။

ထို့အပြင် အဗ္ဘောကာသိကင်္ဂဓုတင်ကို စောင့်သောရဟန်းသည် ရုက္ခမူလိကင်္ဂဓုတင် (သစ်ပင်ရင်း၌ နေလေ့ရှိသောအကျင့်ဓုတင်)နှင့် ယထာသန္တတိကင်္ဂဓုတင်(လက်ဦးညွှန်ပြသောကျောင်းနေရာ၌ နေလေ့ရှိသောအကျင့်ဓုတင်)တို့ကို ဆောက်တည်ဖွယ်မရှိပါ။

### တစ်ပါးနှင့်မရောသော အသမ္ဘိန္နဓုတင်(၈)ပါး

(၁)သပဒါနစာရိကင်္ဂဓုတင်
(၂)ကောသနိကင်္ဂဓုတင်
(၃)အဗ္ဘောကာသိကင်္ဂဓုတင် } ခေါင်းတည်ဓုတင်(၃)ပါး

(၄)ပံသုကူလိကင်္ဂဓုတင် – ပံသုကူသင်္ကန်းကိုဆောင်သောဓုတင်၊
(၅)တေစီဝရိကင်္ဂဓုတင် – သင်္ကန်းသုံးထည်ကိုသာဆောင်သောဓုတင်၊
(၆)အာရညိကင်္ဂဓုတင် – တော၌နေသောအကျင့်ဓုတင်၊
(၇)သောသာနိကင်္ဂဓုတင် – သုသာန်၌နေသောအကျင့်ဓုတင်၊
(၈)နေသဇ္ဇိကင်္ဂဓုတင် – လျောင်းစက်အိပ်ခြင်းကိုပယ်၍ ထိုင်နေလေ့ရှိသောအကျင့်ဓုတင်တို့ဖြစ်ကြ၏။

### ဓုတင်(၄)ပါးပြားပုံ

သင်္ကန်းနှင့်စပ်သော ဓုတင်(၂)ပါး၊ ဆွမ်းနှင့်စပ်သောဓုတင်(၅)ပါး၊ ကျောင်းအိပ်ရာနေရာနှင့်စပ်သောဓုတင်(၅)ပါး၊ ဝီရိယနှင့်စပ်သောဓုတင်(၁)ပါးဟူ၍ ဓုတင်(၄)ပါး ဖြစ်ကုန်၏။ ဤအခန်းအစ ဓုတင် (၁၃)ပါးပြရာ၌ ညွှန်ပြခဲ့ပြီးဖြစ်၏။

ထို့အပြင် ပစ္စည်းကိုမှီသောဓုတင်(၁၂)ပါး၊ ဝီရိယကိုမှီသောဓုတင် (၁)ပါးဟူ၍ မှီရာအားဖြင့် ဓုတင်နှစ်ပါးပြား၏။

### ဓုတင်ကိုမှီဝဲအပ်သောပုဂ္ဂိုလ်

(၁)ဓုတင်ကိုမှီဝဲသောကြောင့် ကမ္မဋ္ဌာန်းတိုးပွားလျှင် ထိုသူသည် ဓုတင်မှီဝဲအပ်၏။
(၂)ဓုတင်ကိုမှီဝဲသည်ဖြစ်စေ မမှီဝဲသည်ဖြစ်စေ ကမ္မဋ္ဌာန်းတိုးတက်လျှင် ထိုရဟန်းသည် နောင်လာနောက်သားများနည်းယူစေရန် ချီးမြှောက်သောအားဖြင့် ဓုတင်မှီဝဲအပ်၏။
(၃)ဓုတင်ကိုမှီဝဲသည်ဖြစ်စေ မမှီဝဲသည်ဖြစ်စေ ကမ္မဋ္ဌာန်းမတိုးတက်လျှင် ထိုရဟန်းသည်လည်း နောင်လာနောက်သားများနည်းယူစေရန် ချီးမြှောက်သောအားဖြင့် ဓုတင်မှီဝဲအပ်၏။

http://www.dhammadownload.com



### ဓုတင်ကိုမမှီဝဲအပ်သောပုဂ္ဂိုလ်

ဓုတင်ကို မှီဝဲသောကြောင့် ကမ္မဋ္ဌာန်းဆုတ်ယုတ်ပါက ထိုရဟန်းသည် ဓုတင်ကိုမမှီဝဲအပ်ချေ။ ထိုသို့ ဓုတင်တို့သည် မှီဝဲအပ်-မမှီဝဲအပ်ဟူ၍ နှစ်ပါးပြားသော်လည်း အလုံးစုံသောဓုတင်(၁၃)ပါးတို့သည် သမာဒါနစေတနာ၏အစွမ်းဖြင့် တစ်ပါးသာရှိပေ၏။

### ရဟန်းတို့နှင့်ဆိုင်သောဓုတင်(၁၃)ပါး

ရဟန်းတို့သည် ဓုတင် (၁၃)ပါးလုံးကို ဆောက်တည်နိုင်၏။

လွင်တီးခေါင်၌ အာရညိကင်္ဂဓုတင်အား လျော်ကပ်သောသုသာန်သည် ပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါသော်လည်း တစ်ချက်တည်းဖြင့် အလုံးစုံသောဓုတင်တို့ကို ဆောက်တည်ခြင်းငှာ တတ်နိုင်၏။

### ရဟန်းမိန်းမတို့နှင့်ဆိုင်သောဓုတင်(၈)ပါး

(၁)ပံသုကူလိကင်္ဂဓုတင်၊ (၂)တေစီဝရိကင်္ဂဓုတင်၊
(၃)ပိဏ္ဍပါတိကင်္ဂဓုတင်၊ (၄)သပဒါနစာရိကင်္ဂဓုတင်၊
(၅)ဧကာသနိကင်္ဂဓုတင်၊ (၆)ပတ္တပိဏ္ဍိကင်္ဂဓုတင်၊
(၇)ယထာသန္ထတိကင်္ဂဓုတင်၊ (၈)နေသဇ္ဇိကင်္ဂဓုတင်။

ရဟန်းမိန်းမတို့အား အာရညိကင်္ဂဓုတင်နှင့် ခလုပစ္ဆာဘတ္တိကင်္ဂဓုတင်တို့ကို သိက္ခာပုဒ်အားဖြင့် ပယ်အပ်၏။ အဗ္ဘောကာသိကင်္ဂဓုတင်၊ ရုက္ခမူလိကင်္ဂဓုတင်နှင့် သောသာနိကင်္ဂဓုတင်တို့ကား ရဟန်းမိန်းမတို့အဖို့ ဆောင်နိုင်ခဲလှ၏။

အဘယ့်ကြောင့်ဆိုသော် ရဟန်းမိန်းမတို့မှာ အဖော်နှင့်ကင်း၍နေခြင်းငှာ မအပ်၊ တူသောဆန္ဒရှိသည့်အဖော်ကို ရခဲလှ၏။ အကယ်၍ပင်ရစေကာမူ အပေါင်းအဖော်နှင့်နီးနှော၍နေခြင်းမှ မလွတ်နိုင်သဖြင့် ဝိဝေကအကျိုးငှာ ဓုတင်ကိုကျင့်ပါသော်လည်း ဝိဝေကအကျိုးသည် မပြည့်စုံနိုင်ချေ။

သို့အတွက်ဘိက္ခုနီတို့အား ဓုတင်(၅)ပါးလျော့၍ ဓုတင်(၈)ပါးသာရအပ်၏။

### သာမဏေတို့အားရအပ်သောဓုတင်(၁၂)ပါး

ဓုတင်(၁၃)ပါးတွင် တေစီဝရိကဓုတင်မှအပ ကြွင်းသောဓုတင်(၁၂)ပါးကို သာမဏေတို့ရအပ်၏။

### သိက္ခမာန်, သာမဏေမတို့ရအပ်သောဓုတင်(၇)ပါး

ဘိက္ခုနီမတို့ရအပ်သော ဓုတင် (၈)ပါးတွင် တေစီဝရိကဓုတင်မှအပ ကြွင်းသောဓုတင် (၇)ပါးကို သိက္ခမာန်, သာမဏေမတို့ ရအပ်၏။

### ဥပါသကာ, ဥပါသိကာတို့ရအပ်သောဓုတင်(၂)ပါး

ဧကာသနိကင်္ဂဓုတင်နှင့် ပတ္တပိဏ္ဍိကင်္ဂဓုတင်တို့ကို ဥပါသကာ, ဥပါသိကာ ယောကျ်ားမိန်းမတို့ရအပ်၏။

http://www.dhammadownload.com



*အကြင်သင်္ကန်းကို ရဟန်း၏ခြေရင်း၌ ဒါယကာတို့ထားအပ်၏။ ထိုသင်္ကန်းကို ရသောရဟန်းသည်လည်း ထို့အတူပင် ပံသုကူလမထေရ်၏ခြေရင်း၌ သင်္ကန်းကို ထား၍လှူ၏။ ထိုသင်္ကန်းသည် နှစ်ဘက်သောအဖို့မှ စင်ကြယ်သည့် ဥဘတော သုဒ္ဓိက သင်္ကန်းမည်၏။]*

၈။ မြတ်စွာဘုရားသည် အဘယ်ပုဂ္ဂိုလ်တို့အား ဓုတင်ကျင့်ဝတ်ကို ခွင့်ပြုဟောကြားခဲ့သည်ကိုဖြေဆိုပြီးလျှင်၊ ပံသုကူဓုတင်ဆောက်တည်သောပုဂ္ဂိုလ်သည် ကောက်ယူသင့်သောအဝတ်မည်မျှရှိ၍ မည်သို့ပြုလုပ်စီရင်ဝတ်ရုံရသည်ကိုလည်း စနစ်တကျဖော်ပြပါ။ (၂၀၀၁)

*[ အဖြေ – မြတ်စွာဘုရားသည် လာဘ်များခြင်းစသောလောကာမိသဟူသမျှကို စွန့်လွှတ်ရန်နှင့် ကိုယ်နှင့်အသက်ကိုမငဲ့ကွက်ဘဲ နိဗ္ဗာန်အားလျော်သောအကျင့်ကို သာလျှင် ပြီးမြောက်စေရန်အလိုရှိကြသော အမျိုးကောင်းသားတို့အား ဓုတင်ကျင့်ဝတ်ကို ခွင့်ပြုဟောကြားခဲ့ပါသည်။*

*ပံသုကူဓုတင်ဆောက်တည်သော ပုဂ္ဂိုလ်သည် ကောက်ယူသင့်သောအဝတ်များမှာ (၁)သုသာန်၌ရအပ်သောအဝတ်၊ (၂)အိမ်ဈေး၌စွန့်ပစ်ထားသောအဝတ်၊ (၃)လမ်းစရိုးတွင် စွန့်ပစ်ထားသောအဝတ်၊ (၄)တံမြက်ချေးစု၌ စွန့်ပစ်ထားသောအဝတ် စသည်ဖြင့် အဝတ်(၂၃)မျိုး ရှိပါသည်။*

*ဤ(၂၃)မျိုးသောအဝတ်တို့တွင် တစ်မျိုးမျိုးကိုကောက်ယူပြီးခဲ့ဖြတ်၍ ဆွေးမြေ့သောအပိုင်းကိုပယ်ပြီး ခိုင်သည့်အပိုင်းကိုဖွပ်လျှော်ကာ သင်္ကန်းချုပ်အပ်၏။ ချုပ်ပြီးသောအခါ ဆိုးရေဆိုးပြီးလျှင် ဒါယကာတို့လှူဒါန်းသော ဈေးသင်္ကန်းဟောင်းကိုပယ်၍ ဝတ်ရုံ သုံးဆောင်အပ်၏။]*

၉။ ဓုတင်အကျင့်မြတ်ကို ဆောက်တည်လိုသောပုဂ္ဂိုလ်သည် အဘယ်ပုဂ္ဂိုလ်တို့အထံ၌ တောင်းခံဆောက်တည်ကျင့်အပ်သည်ကို ပြဆိုပြီးလျှင် ရုက္ခမူဓုတင်ကို ဆောက်တည်ကြသော ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒုပုဂ္ဂိုလ်သုံးမျိုးတို့ ဆောက်တည်နေထိုင်ပုံ ကွဲပြားခြားနားမှုကို ရေးသားဖြေဆိုပါ။ (၂၀၀၂)

*[ အဖြေ – (၁)မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်အခါက အလုံးစုံသောဓုတင်တို့ကို မြတ်စွာဘုရားထံ၌ ဆောက်တည်အပ်၏။*

*(၂) မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်ပြီးသောအခါ မဟာသာဝကကြီးများထံ၌ ဆောက်တည်အပ်၏။*

*(၃) မဟာသာဝကကြီးများမရှိသည့်အခါ ရဟန္တာပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ သောတာပန်ပုဂ္ဂိုလ်၊ ပိဋကတ်သုံးပုံဆောင်ပုဂ္ဂိုလ်၊ ပိဋကတ်နှစ်ပုံဆောင်ပုဂ္ဂိုလ်၊ ပိဋကတ်တစ်ပုံဆောင်ပုဂ္ဂိုလ်၊ နိကာယ်တစ်ပါးဆောင်သောပုဂ္ဂိုလ်၊ အဋ္ဌကထာဆရာတို့ထံ၌ ဆောက်တည်အပ်၏။*

http://www.dhammadownload.com



(၄) စုတင်ဆောင်သောပုဂ္ဂိုလ်ထံ၌ ဆောက်တည်အပ်၏။
(၅) ထိုအရပ်၌ စုတင်ဆောင်ပုဂ္ဂိုလ်မရှိသော် စေတီရင်ပြင်ကို တံမြက်လှည်း၍ဆောင် ကြောင့်ထိုင်ပြီးလျှင်မြတ်စွာဘုရားထံ၌ဆိုဘိသကဲ့သို့ဆို၍ ဆောက်တည်အပ်၏။

**ရုက္ခမူစုတင်၌ပုဂ္ဂိုလ်သုံးမျိုးတို့ဆောက်တည်နေထိုင်ပုံကွဲပြားမှု –**
(၁)ဥက္ကဋ္ဌပုဂ္ဂိုလ် – နှစ်သက်ရာသစ်ပင်ကိုရွေးချယ်၍ မသုတ်သင်စေအပ်၊ ခြေဖြင့်သစ်ပင် မှကျသော သစ်ရွက်သစ်ခက်အမှိုက်တို့ကို ဖယ်ရှားပြီး နေအပ်၏။
(၂)မဇ္ဈိမပုဂ္ဂိုလ် – ထိုသစ်ပင်အနီးသို့ရောက်လာသူကို သုတ်သင်စေခြင်းငှာ အပ်၏။
(၃)မုဒုပုဂ္ဂိုလ် – အရံစောင့်သာမဏေတို့ကိုခေါ်၍ သုတ်သင်စေပြီးလျှင် အညီအညွတ် ပြု၍ သဲကြဲ၍ အရံပြုလုပ်၍ တံခါးကိုတပ်စေပြီး နေသင့်၏။]

၁၀။ ဒုဿီလရဟန်းကို သီလဝန္တသူတော်ကောင်းများ ရှောင်ကြဉ်ကြပုံကို ဥပမာဖြင့်ထင်ရှား အောင်ဖြေဆို၍၊ ပတ္တပိဏ်စုတင်ဆောင်သဖြင့် ရရှိနိုင်သောအကျိုးများကိုဖော်ပြပါ။ (၂၀၀၃)

[ အဖြေ – ဒုဿီလရဟန်းယုတ်သည် တံမြက်ချေးစုနှင့်တူသော အကျင့်ရှိသော ကြောင့် "သင်္ကဿရသမာစာရ"မည်၏၊ ယောက်သွားပုပ်နှင့်တူ၏၊ မကောင်းမှုအကုသိုလ် တို့ဖြင့် စွတ်စို၏၊ အတွင်းပုပ်သူဖြစ်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။

ဤလူ့ပြည်လောက၌ တန်ဆာဆင်ခြင်းငှာအလိုရှိကြကုန်သော သူငယ်တို့သည် ကျင်ကြီး၊ အကောင်ပုပ်စသည်ကို ကြဉ်ရှောင်ဘိသကဲ့သို့ အကြင်သီလမရှိသောဒုဿီလ ရဟန်းကို သီလဝန္တသူတော်ကောင်းများ ကြဉ်ရှောင်ကြကုန်၏။

ပတ္တပိဏ်စုတင်ဆောင်သဖြင့် ရနိုင်သောအကျိုးများမှာ

ဤစာအုပ်စာမျက်နှာတွင် ၁၁၅-၆ တွင် ဖော်ပြထားသည့် အကျိုး(၆)ပါးကို ရေးပါ။]

၁၁။ တိစီဝရိက်စုတင်ဆောက်တည်ပုံ ဆောက်တည်နည်းကို ဖော်ပြ၍၊ ကုသိုလ်စုတင်၊ အဗျာကတစုတင်ရှိသကဲ့သို့ အကုသိုလ်စုတင်ရှိနိုင်၊ မရှိနိုင် အကြောင်းပြ၍ဆုံးဖြတ်ခဲ့ပါ။ (၂၀၀၃)

[ အဖြေ – တိစီဝရိက်စုတင်ဆောက်တည်ပုံဆောက်တည်နည်း
(၁) ဝတ်ရုံလောက် အဓိဋ္ဌာန်တင်လောက်သည့် လေးထည်မြောက်သော သင်္ကန်း ကိုပယ်ပါ၏။
(၂) ဒုကုဋ်၊ ကိုယ်ဝတ်၊ သင်းပိုင်ဟူသော သုံးထည်သောသင်္ကန်းကို ဆောင်ခြင်းအလေ့ ရှိသည့်ပုဂ္ဂိုလ်၏အင်္ဂါကို ဆောက်တည်ပါ၏။
ဤစကားနှစ်ခွန်းတွင် တစ်မျိုးမျိုးဖြင့် ဆောက်တည်အပ်၏။

http://www.dhammadownload.com



*  ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေများ

၁။ မြန်မာနိုင်ငံတော်၌ ကြည်နူးဖွယ်ရာ နံနက်ချိန်ခါ၀ယ် အိမ်စဉ်မပြတ် ဆွမ်းခံဝတ်ကျင့်သော သံဃာတော်များရှိလေရာ ယင်းကျင့်ဝတ်ကြောင့် ဆရာ, ဒကာနှစ်ဦးရအပ်သောအကျိုးတရားများကိုတင်ပြခဲ့ပါ။ (၁၉၈၉)

*[အဖြေ – သပဒါနစာရိကင်္ဂစုတင်၏ အကျိုးတရား(၈)ပါးကို ရေးသားဖြေဆိုပါ၊ စာမျက်နှာ ၁၁၂ မှာ ဖော်ပြထားသည်။]*

၂။ သောသာနိကစုတင်ဆောင်ရဟန်းတော်များ မစားသုံးသင့်သောအာဟာရတို့ကို ကုန်စင်အောင်ဖော်ပြ၍၊ ရဟန်းမိန်းမတို့ မဆောက်တည်သင့်သော စုတင်အမည်တို့ကို အစဉ်ကျအောင်ဖော်ပြခဲ့ပါ။ (၁၉၉၁)

*[ အဖြေ – ဘီလူး, သဘက်တို့ ချစ်မြတ်နိုးစွာ ကြိုက်နှစ်သက်သော ဆီထွေး၊ နှမ်းလှော်၊ ပဲ၊ ထမင်း၊ ငါး၊ အမဲ၊ နို့၊ ဆီ၊ တင်လဲ စသည့်ခဲဖွယ်ဘောဇဉ်တို့ကိုမမှီဝဲအပ်။*

*(၁)အာရညိကင်္ဂစုတင်၊ (၂)ခလုပစ္ဆာဘတ္တိကစုတင်၊ (၃)အဗ္ဘောကာသိကင်္ဂစုတင်၊ (၄)ရုက္ခမူလိကင်္ဂစုတင်၊ (၅)သောသာနိကစုတင်။ ]*

၃။ စုတင်္ဂနိဒ္ဒေသလာ တောအရပ်ကို ဝိနည်းပိဋကတ်, အဘိဓမ္မာပိဋကတ်တော်လာအတိုင်း ပိုင်းခြားဖော်ပြ၍ ဒေါသစရိုက်ရှိသောသူ ဆောက်တည်ပွားများသင့်သော စုတင်တို့ကိုလည်း အကြောင်းနှင့်တကွ တင်ပြခဲ့ပါ။ (၁၉၉၂)

*[အဖြေ – ဝိနည်းပိဋကတ်အရ ရွာနှင့် ရွာဥပစာတို့ကို ချန်လှပ်၍ ကျန်အလုံးစုံသော အရပ်သည် တောမည်၏။ အဘိဓမ္မာပိဋကတ်အရ ရွာ၏တံခါးခုံမှစ၍ အပြင်ဘက်ဖြစ်သည့် အလုံးစုံသောအရပ်သည် တောမည်၏။*

*ဒေါသစရိုက်ရှိသူ ဆောက်တည်ပွားများသင့်သောစုတင်များမှာ အာရညိကင်္ဂစုတင်နှင့် ရုက္ခမူလိကင်္ဂစုတင်တို့ ဖြစ်ပါသည်။*

*အကြောင်းမှာ ထိုစုတင်တို့ကို ဆောက်တည်ရာ၌ တစ်စုံတစ်ယောက်သောသူအား ထိခိုက်စေခြင်းမရှိဘဲနေရသည့်အတွက် ဒေါသငြိမ်းခြင်းကြောင့်ဖြစ်ပါသည်။]*

၄။ မည်သို့သောအရပ်မျိုးကို သုသာန်ခေါ်သင့်သည်ကို ဖော်ပြ၍၊ စုတင်္ဂစေတနာ၏အခြံအရံဖြစ်သော (စုတဓမ္မ)တရားငါးမျိုးကိုလည်း အကျဉ်းချုပ်ဖော်ပြပါ။ (၁၉၉၃)

*[အဖြေ – ရွာသစ်တည်ထောင်သောလူတို့က သုသာန်ဟုသတ်မှတ်ထားသောနေရာဌာနသည် သုသာန်ဟုသတ်မှတ်ထားကာမျှဖြင့် သူသေကောင်မဖုတ်, မမြှုပ်ရသေးလျှင် သုသာန်မဖြစ်သေး။ သူသေကောင်ဖုတ်မြှုပ်ပြီးသောကာလမှ ၁၂ နှစ်တိုင်အောင် စွန့်ပစ်ထားစေကာမူ သုသာန်ဖြစ်၏။*

*စုတဓမ္မငါးပါးမှာ (၁)အလိုနည်းသောသူ၏အဖြစ်၊ (၂)ရောင့်ရဲလွယ်သောသူ၏*

http://www.dhammadownload.com



*အဖြစ်၊ (၃)ကိလေသာကိုခေါင်းပါးစေတတ်သည်၏အဖြစ်၊ (၄)ဆိတ်ငြိမ်သောအဖြစ်၊ (၅)ဓုတင်၏ကျေးဇူးရှိ၏ဟုသိတတ်သူ၏အဖြစ်တို့ ဖြစ်ပါသည်။]*

၅။ လူရှင်ရဟန်းအားလုံးတို့အား လျောက်ပတ်သောဓုတင်ကျင့်ဝတ်တို့ကို ဖြည့်ကျင့်ဆောက်တည်ပုံနှင့်တကွ မှတ်သားနည်းယူဖွယ်ရာ ဖော်ပြပါ။ (၁၉၉၅)

*[အဖြေ – လူရှင်ရဟန်းအားလုံးတို့အား လျောက်ပတ်သောဓုတင်ကျင့်ဝတ်တို့မှာ ကောသနိကင်္ဂဓုတင်နှင့် ပတ္တပိဏ္ဍိကင်္ဂဓုတင်တို့ ဖြစ်ပါသည်။*

***ကောသနိကင်္ဂဓုတင်ဖြည့်ကျင့်ဆောက်တည်ပုံ***

*(၁)အထူးထူးသော နေရာတို့၌နေ၍ သုံးဆောင်စားသောက်ခြင်းကို ပယ်ပါ၏။*

*(၂)တစ်ထိုင်တည်း၌သာ သုံးဆောင်စားသောက်ခြင်း၊ ကျင့်ဝတ်ကိုဆောက်တည်ပါ၏ ဤစကားနှစ်မျိုးတွင် တစ်မျိုးမျိုးဖြင့် ဆောက်တည်အပ်၏။*

***ပတ္တပိဏ္ဍိကင်္ဂဓုတင်ဖြည့်ကျင့်ဆောက်တည်ပုံ***

*(၁)နှစ်ခုမြောက်သော အာဟာရထည့်ရန်ခွက်ကို ပယ်ပါ၏။*

*(၂)တစ်ခုတည်းသောသပိတ်(ဝါ)ခွက်၌ရှိသည်ကိုယူ၍ သုံးဆောင်ခြင်းကျင့်ဝတ်ဓုတင်ကို ဆောက်တည်ပါ၏။*

*ဤစကားနှစ်ခွန်းတွင် တစ်မျိုးမျိုးဖြင့် ဆောက်တည်အပ်၏။]*

၆။ လူဥပါသကာ၊ ဥပါသိကာမများ ဖြည့်ကျင့်နိုင်သော ဓုတင်တို့ကို ဆောက်တည်ပုံနှင့်တကွ ထုတ်ပြပြီး ယင်းဓုတင်ကျင့်ဝတ်တို့ ပျက်စီးခြင်းများကိုလည်း ညွှန်ပြပါ။ (၁၉၉၆)

*[အဖြေ – အထက်ကနံပါတ် ၅ အတိုင်းဖြေပါ။*

*ဓုတင်ပျက်ခြင်း – အထူးထူးသောနေရာတွင် စားသည့်ခဏ၌ ကောသနိကင်္ဂဓုတင်ပျက်၏။*

*ဟင်းလျာစသည်ကိုထည့်သော နှစ်ခုမြောက်ခွက်ကို သာယာ၍ ခံယူသောခဏ၌ ပတ္တပိဏ္ဍိကင်္ဂဓုတင်ပျက်၏။ ]*

၇။ ပံသုကူဓုတင်ဆောင်ရဟန်းသည် အဝတ်စကိုကောက်ယူပြီးနောက် ဝတ်ရုံသုံးဆောင်သည်အထိ ပြုလုပ်စီရင်နည်းနှင့် နှစ်ပါးသောအဖို့မှ စင်ကြယ်သောသင်္ကန်းကို ဖော်ပြပါ။ (၁၉၉၈)

*[အဖြေ – ပံသုကူဓုတင်ဆောင်ရဟန်းသည် အဝတ်စကို ကောက်ယူပြီးနောက်ခွဲဖြတ်၍ ဆွေးမြေ့သောအပိုင်းကိုပယ်ပြီး ခိုင်သည့်အပိုင်းကို ဖွပ်လျှော်ကာ သင်္ကန်းချုပ်အပ်၏။ ချုပ်ပြီးသောအခါ ဆိုးရေဆိုးပြီးလျှင် ဒါယကာတို့လှူသော ရှေးသင်္ကန်းဟောင်းကိုပယ်၍ ဝတ်ရုံသုံးဆောင်အပ်၏။*

အလုံးစုံသောစုတင်တို့သည် သေက္ခပုဂ္ဂိုလ်တို့၏အစွမ်းဖြင့် ကုသိုလ်စုတင်၊ ရဟန္တာပုဂ္ဂိုလ်တို့၏အစွမ်းဖြင့် အဗျာကတစုတင်တို့ဖြစ်ကြ၏။ အကုသိုလ်စုတင်ကားမရှိနိုင်ပါ။

ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်တို့က "ယုတ်မာသောအလိုရှိသည်၊ ယုတ်မာသောအလိုဆိုးနှိပ်စက်အပ်သည်ဖြစ်၍ တောကျောင်းနေ၏" ဟု ပုဂ္ဂလပညတ်ပါဠိတော်တွင်ဟောတော်မူသဖြင့် အကုသိုလ်စုတင်လည်း ရှိသင့်၏ဟုဆို၏။

ဤအဆိုသည် မမှန်ပါ။ တော၌နေသောပုဂ္ဂိုလ်ကိုတောနေရဟန်းဟု ခေါ်၏။ ထိုရဟန်းသည် အလိုယုတ်သည်လည်းကောင်း၊ အလိုနည်းသည်လည်းကောင်း၊ ဖြစ်နိုင်ပါ၏။ သို့သော် စုတင်တို့သည် ထိုထိုအခြင်းအရာဖြင့်ဆောက်တည်၍ ကိလေသာကိုဖျက်ဆီးသောကြောင့် ကိလေသာကိုခါထုတ်သော ရဟန်း၏အကြောင်းတို့ဖြစ်ကုန်၏။ ထို့ကြောင့် စုတင်တို့မည်ကုန်၏။

တစ်နည်းကား ကိလေသာကို ခါတတ်ဖျက်ဆီးတတ်သောကြောင့် စုတအမည်ရသည့်ဉာဏ်သည် ထိုပံသုကူစုတင်စသည်တို့၏အကြောင်း အင်္ဂါဖြစ်၏။ ထို့ကြောင့် စုတင်မည်၏။

တစ်နည်းကား ထိုပံသုကူစုတင်စသည်ကို ဆောက်တည်ခြင်းသည် ကိလေသာတို့ကို ခါတတ်၊ ဖျက်ဆီးတတ်သည်အဖြစ်ကြောင့် 'စုတ' မည်၏၊ သီလစသောကောင်းသည့်အကျင့်ပဋိပတ်၏အကြောင်းအင်္ဂါလည်းဖြစ်သောကြောင့် 'စုတင်' မည်၏။

အကုသိုလ်ဖြင့် ကိလေသာကိုခါတွက်ဖျက်ဆီးနိုင်သော အနက်ကြောင့် စုတမည်သောရဟန်းမည်သည် မရှိချေ။ အကုသိုလ်သည် ကိလေသာကို ခါတတ်ဖျက်ဆီးတတ်သောဉာဏ်ကဲ့သို့ အကြောင်းအင်္ဂါလည်း မဟုတ်ပါ။ အကုသိုလ်သည် တစ်စုံတစ်ရာသောမကောင်းမှုကို ဖျက်ဆီးနိုင်သည်လည်း မဟုတ်၊ သက်နှံး၌ လျှပ်ပေါ်ခြင်းစသောလောလုပ္ပတဏှာ၏ဆန့်ကျင်ဘက်တို့ကို ဖျက်ဆီးတတ်သည်လည်းမဟုတ်၊ ပဋိပတ်အကျင့်၏အကြောင်းလည်းမဟုတ်သောကြောင့် အကုသိုလ်စုတင်သည် မရှိချေ။]

၁၂။ ပံ့သကူဆောင်ရဟန်းအား ပံ့သကူစုတင်ပျက်စီးတတ်ရာ အဘယ့်ကြောင့် အဘယ်အခါ၌ပျက်စီးတတ်သည်ကိုဖြေဆို၍ စုတ, စုတဝါဒပုဂ္ဂိုလ်အမျိုးအစားကိုလည်း ဥပမာဖြင့်ထင်ရှားစွာ ရေးသားခဲ့ပါ။(၂၀၀၄)

[ အဖြေ – ပံ့သကူဆောင်ရဟန်းသည် မိမိသုံးဆောင်လိုသောသဘောဖြင့် သို့မဟုတ် ဒါယကာတို့တောင်းပန်သည်ကိုသည်းခံလိုသောသဘောဖြင့် ဒါယကာတို့ပေးလှူသည့်သင်္ကန်းကိုသာယာသောခဏ၌ စုတင်ပျက်၏။

စုတ – ထိုထိုစုတင်ဖြင့် ကိလေသာကိုဖျက်ဆီးသောပုဂ္ဂိုလ်၊ သို့မဟုတ် ကိလေ

http://www.dhammadownload.com

http://www.dhammadownload.com



သာကို ဖျက်ဆီးတတ်, ဖျက်ဆီးကြောင်းတရားကို 'ဓုတ'ဟု ခေါ်၏။

ဓုတဝါဒပုဂ္ဂိုလ်(၄)မျိုး

(၁) ဓုတနဓုတဝါဒ–မိမိသာ ဓုတင်ဖြင့် ကိလေသာကိုခါထုတ်၍ သူတစ်ပါးကို ဓုတင်ဖြင့် မဆုံးမသောပုဂ္ဂိုလ်၊ အရှင်ဗာကုလမထေရ်ကဲ့သို့ ပုဂ္ဂိုလ်တည်း။

(၂) နဓုတဓုတဝါဒ – မိမိကဓုတင်မဆောင်ဘဲ သူတစ်ပါးကိုသာ ဓုတင်ဖြင့်ဆုံးမတတ်သောပုဂ္ဂိုလ်၊ အရှင်ဥပနန္ဒမထေရ်ကဲ့သို့တည်း။

(၃) နေဝဓုတနဓုတဝါဒ – မိမိလည်း ဓုတင်မဆောင်၊ သူတစ်ပါးကိုလည်း ဓုတင်ဖြင့်မဆုံးမတတ်သောပုဂ္ဂိုလ်၊ လာဠုဒါယီမထေရ်ကဲ့သို့တည်း။

(၄) ဓုတစေဝဓုတဝါဒ – မိမိလည်းဓုတင်ဆောင်၍ သူတစ်ပါးကိုလည်းဓုတင်ဖြင့်ဆုံးမတတ်သောပုဂ္ဂိုလ်၊ အရှင်သာရိပုတ္တရာမထေရ်ကဲ့သို့တည်း။]

၁၃။ သီလနှင့်ပြည့်စုံကုန်သော အရှင်ကောင်းအရှင်မြတ်တို့သည် အဘယ်အကျိုးကိုရည်မျှော်၍ ဓုတင်အကျင့်တို့ကို ကျင့်သုံးကြပါသနည်း။ ဖြေဆိုပြီးလျှင် အိမ်စဉ်အတိုင်း ဆွမ်းလှည့်လည်သည့်အကျင့်မြတ်ကို ကျင့်သုံးတော်မူကြသော ဓုတင်ဆောင်သုံးမျိုးတို့၏ ပုဂ္ဂိုလ်အဆင့်လိုက် ကွဲပြားခြားနားစွာ ကျင့်သုံးဆောက်တည်ကြပုံကိုလည်းဖြေဆိုပြပါ။(၂၀၀၅)

[အဖြေ – သီလနှင့်ပြည့်စုံကုန်သော အရှင်ကောင်းအရှင်မြတ်တို့သည် အောက်ပါအကျိုးတို့ကိုရည်မျှော်၍ ကိလေသာကိုဖျက်ဆီးခြင်း၏အကြောင်းဖြစ်သည့် ဓုတင်အကျင့်တို့ကိုကျင့်သုံးကြ၏။

(၁) နည်းသောအလိုရှိသူဖြစ်ခြင်း၊ (၂) ရောင့်ရဲလွယ်သူဖြစ်ခြင်း၊
(၃) ကိလေသာခေါင်းပါးအောင်ပြုခြင်း၊ (၄) ဆိတ်ငြိမ်ရာ၌နေခြင်း။
(၅) ကိလေသာကို ဖျက်ဆီးခြင်း၊ (၆) အားထုတ်သောဝီရိယရှိခြင်း၊
(၇) အသက်မွေးမြူရန် လွယ်ကူခြင်းစသည်တို့တည်း။

အိမ်စဉ်အတိုင်း ဆွမ်းလှည့်လည်သော အကျင့်မြတ်ကို ကျင့်သုံးတော်မူကြသော ဓုတင်ဆောင်သုံးမျိုးတို့၏ပုဂ္ဂိုလ်အဆင့်လိုက် ကွဲပြားခြားနားစွာ ကျင့်သုံးဆောက်တည်ပုံမှာ –

(၁) ဥက္ကဋ္ဌပုဂ္ဂိုလ် – ခရီးသွားစဉ် အိမ်တံခါးသို့မရောက်မီ ရှေ့မှကြို၍ လှူလင့်သောဆွမ်းကိုမခံယူ။ ရှေ့အိမ်သို့ရောက်၍ နောက်မှလိုက်လှူသော ဆွမ်းကိုလည်းမခံယူ။ ဆွမ်းစားဇရပ်သို့ ဆောင်ယူလာ၍ လှူသောဆွမ်းကိုလည်း မခံယူ။ ရောက်ဆဲအိမ်တံခါး၌ သပိတ်ကို ဆွမ်းထည့်လှူရန်လွတ်၏။ ဥပမာ အရှင်မဟာကဿပမထေရ်မြတ်သည် ယက်ကန်းသည်ယောင်ဆောင်၍ ဆွမ်းလှူသောသိကြားမင်းအား သပိတ်ကို

http://www.dhammadownload.com



လွှတ်၏။

(၂) မဇ္ဈိမပုဂ္ဂိုလ် – ခရီးသွားစဉ် အိမ်တံခါးသို့မရောက်မီ ရှေ့မှကြို၍လှူသော ဆွမ်းကို ခံယူ၏။ ရှေ့အိမ်သို့ရောက်၍ နောက်မှလိုက်၍လှူသောဆွမ်းကိုလည်း ခံယူ၏။ ဆွမ်းခံရာမှပြန်၍ ဆွမ်းစားဇရပ်၌ ထိုင်နေစဉ် သပိတ်ကိုယူ၍လှူသောဆွမ်းကို လည်း ခံယူ၏။ ရောက်ဆဲအိမ်တံခါး၌လည်း သပိတ်ကိုလွှတ်၍ပေး၏။ သို့သော်ထိုနေ့ အတွက် ဒါယကာတို့ ဖိတ်မန္တကပြုသောဆွမ်းကို စောင့်ဆိုင်းမျှော်လင့်၍ မနေအပ်။

(၃) မုဒုပုဂ္ဂိုလ် – အထက်ပါဆွမ်းများအပြင် ထိုနေ့အဖို့ ဒါယကာတို့ဖိတ်မန္တက ပြုသောဆွမ်းကို စောင့်ဆိုင်းငံ့လင့်၍ ခံယူ၏။]

* * *

http://www.dhammadownload.com

အခန်း (၃)

# ကမ္မဋ္ဌာနသင်္ဂဟကထာ နိဒ္ဒေသပိုင်း ကမ္မဋ္ဌာန်းအကြောင်းကို အကျယ်ပြခြင်း

**ကမ္မဋ္ဌာန်း**

ဘာဝနာရှုပွားမှု၏တည်ရာဖြစ်သောအာရုံကို "ကမ္မဋ္ဌာန်း" ဟုခေါ်၏။

သမထဘာဝနာရှုပွားရန်အတွက် ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အနုဿတိ ၁၀-ပါး စသည်ဖြင့် ကမ္မဋ္ဌာန်း ၄၀ ရှိ၏။

ဝိပဿနာဘာဝနာရှုပွားရန် ကမ္မဋ္ဌာန်းမှာ ရုပ်နာမ်တရားတို့၏အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတို့ ဖြစ်ကြ၏။

**ဘာဝနာ**

လွန်စွာအကျိုးများသဖြင့် မိမိတို့၏သန္တာန်၌ အဖန်ဖန်ဖြစ်စေထိုက်သောတရားကို "ဘာဝနာ" ဟုခေါ်၏။

"*ဘာဝေ တဗ္ဗာတိ ဘာဝနာ*"

"*အကျိုးတရား၊ အလွန်များသဖြင့်၊ ဖြစ်ပွားစေအပ်၊ တရားမြတ်၊ မှတ်လေ ဘာဝနာ။*"

ဘာဝနာသည် "သမထဘာဝနာ" နှင့် "ဝိပဿနာဘာဝနာ" ဟူ၍ နှစ်မျိုးရှိ၏။

"သမထဘာဝနာ"သည် စိတ်တည်ကြည်မှု-သမာဓိကို ထူထောင်သောဘာဝနာဖြစ်၏။ တရားကိုယ်မှာ ဧကဂ္ဂတာစေတသိက်ဖြစ်၏။

"ဝိပဿနာဘာဝနာ"သည် ဘုံသုံးပါး၌ရှိသော ရုပ်နာမ်တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟုမြင်တတ်သည့်ဉာဏ်ပညာဖြစ်၏။ တရားကိုယ်မှာ ဉာဏ်ပညာခေါ် ပညိန္ဒြေစေတသိက်ဖြစ်၏။

**သမာဓိ**

သမာဓိဟူသည် အဘယ်နည်း။

ကုသိုလ်စိတ်၌ရှိသော ဧကဂ္ဂတာစေတသိက်ကို သမာဓိဟုခေါ်၏။

ဧကဂ္ဂတာစေတသိက်သည် ၎င်းနှင့်အတူယှဉ်ဖြစ်ကြသော စိတ်, စေတသိက်တို့ကို အာရုံတစ်ခုတည်း၌စုစည်း၍ အာရုံကိုစူးစိုက်ရှုစေ၏။

http://www.dhammadownload.com



သမာဓိ၏အနက်အဓိပ္ပါယ်

အဘယ်အနက်ကြောင့် သမာဓိဟုဆိုအပ်သနည်း။

အညီအညွတ်ကောင်းစွာထားခြင်း "သမာဓာန" ဟူသောအနက်ကြောင့် သမာဓိဟု ဆိုအပ်၏။ သမာဓိ၏တရားကိုယ်မှာ ဧကဂ္ဂတာစေတသိက်ဖြစ်၏။

ဤကောင်းစွာထားခြင်း"သမာဓာန"မည်သည်ကား တစ်ခုတည်းသောအာရုံ၌ စိတ်, စေတသိက်တို့ကို အညီအညွတ် ဖရိုဖရဲ မကွဲပြားအောင် ကောင်းစွာထားခြင်းဖြစ်၏။

တစ်နည်းမှာ အထူးထူးသောအာရုံသို့ မပျံ့မလွင့်စေမူ၍ ကောင်းစွာထားခြင်းသည် 'သမာဓာန'မည်၏။ ထို့ကြောင့် အကြင်တရား၏အစွမ်းအာနုဘော်ဖြင့် တစ်ခုတည်းသော အာရုံ၌ စိတ်, စေတသိက်တို့သည် အညီအညွတ်မပျံ့မလွင့် ဖရိုဖရဲမကွဲပြားဘဲ ကောင်းစွာ တည်ကုန်၏၊ ဤကောင်းစွာတည်ခြင်းအစွမ်းသတ္တိရှိသော တရားသဘောကို 'သမာဓာန' ဟုသိအပ်၏။

## သမာဓိ၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်

သမာဓိ၏လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကား အဘယ်နည်း။

လက္ခဏာ – သမာဓိသည် သမ္ပယုတ်တရား (တစ်ပေါင်းတည်းယှဉ်ဖြစ်ကြသော စိတ်, စေတသိက်များ)တို့ကို အထူးထူးသောအာရုံသို့ မပျံ့မလွင့်စေခြင်း "အဝိက္ခေပ"လက္ခဏာရှိ၏။

ရသ – သမာဓိသည် စိတ်ကို ထိုထိုအာရုံသို့ပျံ့လွင့်စေတတ်သောဥဒ္ဓစ္စကို ဖျက်ဆီးခြင်းကိစ္စရသရှိ၏၊ ဥဒ္ဓစ္စကို ဖျက်ဆီးနိုင်သောအစွမ်းသတ္တိနှင့် ပြည့်စုံခြင်းဂုဏ်ရှိ၏။

ပစ္စုပဋ္ဌာန် – သမာဓိသည် မတုန်မလှုပ်သောအားဖြင့် ဉာဏ်အားရှေးရှုထင်ခြင်း "ပစ္စုပဋ္ဌာန်"ရှိ၏။

ပဒဋ္ဌာန် – "ချမ်းသာသောသူ၏စိတ်သည် တည်ကြည်၏"ဟု ဟောတော်မူသဖြင့် သုခသည် သမာဓိ၏ နီးစွာသောအကြောင်း "ပဒဋ္ဌာန်"ဖြစ်၏။

သမာဓိ၏အပြား

သမာဓိသည် အဘယ်မျှအပြားရှိသနည်း။

မပျံ့မလွင့်စေခြင်းဟူသော 'အဝိက္ခေပ' လက္ခဏာအားဖြင့် သမာဓိသည် (၁)ပါးသာရှိ၏။

* နှစ်ပါးစီအပြားရှိသော သမာဓိများ

(၁) ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ

ဗုဒ္ဓါနုဿတိစသော အနုဿတိကမ္မဋ္ဌာန်း(၆)ပါး၊ မရဏာနုဿတိ၊ ဥပသမာနုဿတိ၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်ဟူသော ကမ္မဋ္ဌာန်း(၁၀)ပါးတို့၏ အစွမ်း

http://www.dhammadownload.com



အားဖြင့် ရအပ်သော စိတ္တေကဂ္ဂတာသည်လည်းကောင်း၊ အပ္ပနာသမာဓိ၏ရှေ့အဖို့၌ဖြစ်သော ဧကဂ္ဂတာသည်လည်းကောင်း "ဥပစာရသမာဓိ" မည်၏။

ပထမဈာန်၏ ပရိကံမည်သော ဂေါတြဘုသည် ပထမဈာန်အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏ဟု ပဋ္ဌာန်းဒေသနာတွင် ဟောတော်မူသောကြောင့် ဂေါတြဘု၏အခြားမဲ့၌ ဖြစ်သော ဧကဂ္ဂတာသည် "အပ္ပနာသမာဓိ" မည်၏။

(အပ္ပနာသမာဓိသည် ဈာန်သမာဓိဖြစ်၏။ ဥပစာရသမာဓိမှာ ဈာန်၏အနီးဥပစာ၌ ရှိသောသမာဓိဖြစ်၏။)

## (၂)လောကီသမာဓိ၊ လောကုတ္တရာသမာဓိ

ဘုံသုံးပါး၌ဖြစ်သော ကုသိုလ်စိတ် (လောကီကုသိုလ်စိတ်=မဟာကုသိုလ်စိတ်၊ ရူပကုသိုလ်စိတ်၊ အရူပကုသိုလ်စိတ်)၌ ယှဉ်သောဧကဂ္ဂတာသည် လောကိယသမာဓိ (ဝါ) လောကီသမာဓိမည်၏။

အရိယမဂ် (မဂ်စိတ်လေးပါး)နှင့်ယှဉ်သော ဧကဂ္ဂတာသည် လောကုတ္တရာသမာဓိ မည်၏။

## (၃)သပ္ပီတိကသမာဓိ၊ နိပ္ပီတိကသမာဓိ

စတုက္ကနည်းအားဖြင့် ပထမဈာန်နှင့် ဒုတိယဈာန်တို့၌ယှဉ်သော ဧကဂ္ဂတာသည် လည်းကောင်း၊ ပဉ္စကနည်းအားဖြင့် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်တို့၌ ယှဉ်သော ဧကဂ္ဂတာသည်လည်းကောင်း၊ ပီတိနှင့်တကွဖြစ်သော "သပ္ပီတိကသမာဓိ" မည်၏။

စတုက္ကနည်းအားဖြင့် တတိယဈာန်နှင့် စတုတ္ထဈာန်တို့၌ယှဉ်သော ဧကဂ္ဂတာသည် လည်းကောင်း၊ ပဉ္စကနည်းအားဖြင့် စတုတ္ထဈာန်နှင့် ပဉ္စမဈာန်တို့၌ယှဉ်သော ဧကဂ္ဂတာ သည်လည်းကောင်း၊ ပီတိမရှိသော "နိပ္ပီတိကသမာဓိ"မည်၏။

## (၄)သုခသဟဂတသမာဓိ၊ ဥပေက္ခာသဟဂတသမာဓိ

စတုက္ကနည်းအားဖြင့် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်တို့၌ယှဉ်သော ဧကဂ္ဂတာ သည်လည်းကောင်း၊ ပဉ္စကနည်းအားဖြင့် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထ ဈာန်တို့၌ယှဉ်သော ဧကဂ္ဂတာသည်လည်းကောင်း၊ သုခနှင့်အတူတကွဖြစ်၍"သုခသဟဂတ သမာဓိ"မည်၏။

စတုက္ကနည်းအားဖြင့် စတုတ္ထဈာန်၌ရှိသော ဧကဂ္ဂတာသည်လည်းကောင်း၊ ပဉ္စကနည်း အားဖြင့် ပဉ္စမဈာန်၌ရှိသည့် ဧကဂ္ဂတာသည်လည်းကောင်း၊ ဥပေက္ခာနှင့်အတူတကွဖြစ်၍ "ဥပေက္ခာသဟဂတသမာဓိ"မည်၏။

http://www.dhammadownload.com



* သုံးပါးစီအပြားရှိသောသမာဓိများ

(၁) ဟီနသမာဓိ၊ မဇ္ဈိမသမာဓိ၊ ပဏီတသမာဓိ

ရအပ်ကာမျှဖြစ်သော သမာဓိသည် ယုတ်သောသမာဓိ –"ဟီနသမာဓိ" မည်၏။ လွန်စွာမပွားအပ်သောသမာဓိသည် အလတ်ဖြစ်သောသမာဓိ- "မဇ္ဈိမသမာဓိ" မည်၏။ လွန်စွာပွားများ၍ ဝသီဘော်သို့ရောက်သောသမာဓိသည် လွန်မြတ်သောသမာဓိ– "ပဏီတသမာဓိ" မည်၏။

(၂) သဝိတက္ကသဝိစာရသမာဓိ၊ အဝိတက္ကဝိစာရမတ္တသမာဓိ၊ အဝိတက္က အဝိစာရသမာဓိ

ဥပစာရသမာဓိနှင့်တကွ ပဌမဈာန်သမာဓိသည်"သဝိတက္ကသဝိစာရသမာဓိ"မည်၏။ ပဉ္စကနည်း ဒုတိယဈာန် သမာဓိသည် "အဝိတက္ကဝိစာရမတ္တသမာဓိ" မည်၏။ ဝိတက်မရှိဘဲ ဝိစာရမျှသာရှိသော သမာဓိဖြစ်၏။

စတုက္ကနည်း၌ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်တို့၌ရှိသော ဧကဂ္ဂတာ၊ ပဉ္စကနည်း၌ တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်တို့၌ရှိသော ဧကဂ္ဂတာတို့သည် "အဝိတက္ကအဝိစာရသမာဓိ"မည်၏။

(၃)ပီတိသဟဂတသမာဓိ၊ သုခသဟဂတသမာဓိ၊ ဥပေက္ခာသဟဂတသမာဓိ

စတုက္ကနည်း၌ ပဌမဈာန်, ဒုတိယဈာန်တို့၌ရှိသော ဧကဂ္ဂတာ၊ ပဉ္စကနည်း၌ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်တို့၌ရှိသော ဧကဂ္ဂတာတို့သည် ပီတိနှင့်တကွ ဖြစ်သည့် "ပီတိသဟဂတသမာဓိ"မည်၏။

စတုက္ကနည်း၌ တတိယဈာန်၌ရှိသည့် ဧကဂ္ဂတာ၊ ပဉ္စကနည်း၌စတုတ္ထဈာန်၌ရှိသည့် ဧကဂ္ဂတာတို့သည် သုခနှင့်တကွဖြစ်သည့် "သုခသဟဂတသမာဓိ"မည်၏။

စတုက္ကနည်း၌ စတုတ္ထဈာန်၌ရှိသည့် ဧကဂ္ဂတာ၊ ပဉ္စကနည်း၌ ပဉ္စမဈာန်၌ရှိသည့် ဧကဂ္ဂတာတို့သည် ဥပေက္ခာနှင့်တကွဖြစ်သည့် "ဥပေက္ခာသဟဂတသမာဓိ"မည်၏။

(၄)ပရိတ္တသမာဓိ၊ မဟဂ္ဂတသမာဓိ၊ အပ္ပမာဏသမာဓိ

ဥပစာရသမာဓိနှင့် သမ္ပယုတ်ဖြစ်သောစိတ္တုပ္ပါဒ်၌ရှိသည့် ဧကဂ္ဂတာသည် "ပရိတ္တသမာဓိ"မည်၏။

ရူပါဝစရကုသိုလ်စိတ်များနှင့် အရူပါဝစရကုသိုလ်စိတ်များ၌ရှိသော ဧကဂ္ဂတာသည် "မဟဂ္ဂတသမာဓိ" မည်၏။

အရိယာမဂ်(လောကုတ္တရာကုသိုလ်စိတ်)နှင့် သမ္ပယုတ်ဖြစ်သော ဧကဂ္ဂတာသည် "အပ္ပမာဏသမာဓိ"မည်၏။

* လေးပါးစီအပြားရှိသော သမာဓိများ

(၁) ဒုက္ခပဋိပဒါဒန္ဓာဘိညာ – ငြိုငြင်သောအကျင့်, နှေးသည့်အထူးသိခြင်းရှိသောသမာဓိ၊
ဒုက္ခပဋိပဒါခိပ္ပါဘိညာ – ငြိုငြင်သောအကျင့်, လျင်မြန်သည့်အထူးသိခြင်းရှိသော သမာဓိ၊
သုခပဋိပဒါဒန္ဓာဘိညာ – ချမ်းသာသောအကျင့်, နှေးသည့်အထူးသိခြင်းရှိသော သမာဓိ။
သုခပဋိပဒါခိပ္ပါဘိညာ – ချမ်းသာသောအကျင့်, လျင်မြန်သည့်အထူးသိခြင်းရှိသော သမာဓိ၊

ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းကို ရှေးဦးစွာနှလုံးသွင်းသည်မှစ၍ အကြင်မျှလောက် ထိုထိုစျာန်၏အနီးဖြစ်သော ကာမာဝစရဥပစာရစျာန်သည် ဖြစ်၏။ ထိုမျှလောက်သော ကာမာဝစရဘာဝနာကို စျာန်သို့ရောက်ကြောင်းအကျင့် "ပဋိပဒါ"ဟူ၍ ဆိုအပ်၏။

ဥပစာရစျာန်မှစ၍ အပ္ပနာစျာန်တိုင်အောင်ဖြစ်သောပညာကို အထူးသိမှု "အဘိညာဏ်" ဟူ၍ ဆိုအပ်၏။

ထိုအကျင့်ပဋိပဒါသည် အချို့ပုဂ္ဂိုလ်တို့အား ဆင်းရဲငြိုငြင်၏၊ နီဝရဏစသည့် ဆန့်ကျင် ဘက်တရားတို့၏ မပြတ်ဥပါဒ်၍ ထူထပ်သည်အဖြစ်ကြောင့် ငြိုငြင်ပင်ပန်း၏၊ မချမ်း မသာမှီဝဲပွားများရ၏။ အချို့သောပုဂ္ဂိုလ်တို့အား ထိုဆန့်ကျင့်ဘက်တရားတို့ ထူထပ်ခြင်း မရှိသောကြောင့် ချမ်းသာ၏၊ ချမ်းချမ်းသာသာမှီဝဲပွားများရ၏။

အထူးသိမှုအဘိညာဏ်သည်လည်း အချို့ပုဂ္ဂိုလ်တို့အား နှေး၏၊ နုံ၏၊ မလျင်မြန်သော ဖြစ်ခြင်းရှိ၏၊ အချို့သောပုဂ္ဂိုလ်တို့အားမူ လျင်မြန်၏၊ မနှေးသောလျင်သောဖြစ်ခြင်းရှိ၏။

## သပ္ပါယ–အသပ္ပါယအကျိုးသက်ရောက်မှု

မလျောက်ပတ်သည်ကို မှီဝဲလေ့ရှိသောပုဂ္ဂိုလ်သည် ငြိုငြင်ဆင်းရဲသောအကျင့် "ပဋိပဒါ" သည်ဖြစ်၏၊ နုံ့နှေးသောအထူးသိမှု "အဘိညာဏ်"သည်လည်း ဖြစ်၏။

လျောက်ပတ်သည်ကို မှီဝဲလေ့ရှိသောပုဂ္ဂိုလ်အား ချမ်းသာသောအကျင့် "ပဋိပဒါ"သည် ဖြစ်၏၊ လျင်မြန်သောအထူးသိမှု "အဘိညာဏ်"သည်လည်း ဖြစ်၏။

အကြင်ပုဂ္ဂိုလ်သည် ရှေ့အဖို့၌ မလျောက်ပတ်သည်ကိုမှီဝဲ၍နောက်ကာလ၌ လျောက်ပတ် သည်ကိုမှီဝဲ၏။ ထိုပုဂ္ဂိုလ်အား ဒုက္ခပဋိပဒါခိပ္ပါဘိညာသမာဓိဖြစ်၏။

အကြင်ပုဂ္ဂိုလ်သည် ရှေ့အဖို့၌ လျောက်ပတ်သည်ကိုမှီဝဲ၍ နောက်ကာလ၌ မလျောက်ပတ် သည်ကိုမှီဝဲ၏။ ထိုပုဂ္ဂိုလ်အား သုခပဋိပဒါဒန္ဓာဘိညာသမာဓိဖြစ်၏။

## ပုဗ္ဗကိစ္စ၏အကျိုးသက်ရောက်မှု

ပလိဗောဓကိုဖြတ်ခြင်း၊ ဘာဝနာဝိဓာနကို မယုတ်စေခြင်းစသော ပုဗ္ဗကိစ္စကို မပြီးစေ

http://www.dhammadownload.com

http://www.dhammadownload.com



မူ၍ ဘာဝနာကမ္မဋ္ဌာန်းကို အားထုတ်သောပုဂ္ဂိုလ်အား ငြိုငြင်ဆင်းရဲသော အကျင့် "ဒုက္ခပဋိပဒါ"သည် ဖြစ်၏။ ဆန့်ကျင်ဘက်အားဖြင့် ပုဗ္ဗကိစ္စကိုပြီးစီးစေပြီးမှ ဘာဝနာကမ္မဋ္ဌာန်းကိုအားထုတ်သောပုဂ္ဂိုလ်အား ချမ်းသာသောအကျင့် "သုခပဋိပဒါ"သည် ဖြစ်၏။

ထို့အပြင် အပ္ပနာကောသလ္လမပြည့်စုံသောပုဂ္ဂိုလ်အား နှေးသောအသိဉာဏ်ဖြစ်၏။ အပ္ပနာကောသလ္လပြည့်စုံသောပုဂ္ဂိုလ်အား လျင်မြန်သောအသိဉာဏ် ဖြစ်၏။

### တဏှာ, အဝိဇ္ဇာတို့ နှိပ်စက်မှု, မနှိပ်စက်မှု

တဏှာနှိပ်စက်သောပုဂ္ဂိုလ်အား ဆင်းရဲငြိုငြင်သောအကျင့်ရှိ၏။

တဏှာမနှိပ်စက်သည့်ပုဂ္ဂိုလ်အား ချမ်းသာသောအကျင့်ရှိ၏။

အဝိဇ္ဇာလွှမ်းမိုးနှိပ်စက်သောပုဂ္ဂိုလ်အား နှံ့နှေးသည့်အသိဉာဏ်ရှိ၏။

အဝိဇ္ဇာမနှိပ်စက်သောပုဂ္ဂိုလ်အား လျင်မြန်သည့်အသိဉာဏ်ရှိ၏။

### ရှေးဘဝက သမထဘာဝနာလေ့ကျင့်ဖူးခြင်း ရှိ, မရှိ

ထို့အပြင်ရှေးဘဝက သမထဘာဝနာမလေ့ကျင့်ခဲ့ဖူးသောပုဂ္ဂိုလ်အား ဆင်းရဲငြိုငြင်သောအကျင့် ပဋိပဒါရှိ၏၊ လေ့ကျင့်ခဲ့ဖူးသောပုဂ္ဂိုလ်အား ချမ်းသာသည့်အကျင့်ရှိ၏။

ဝိပဿနာအလုပ်ကိုရှေးကအားထုတ်ခဲ့ဖူးခြင်းမရှိသောပုဂ္ဂိုလ်အား နှံ့နှေးသည့်အသိဉာဏ်ရှိ၏။ အားထုတ်လေ့ကျက်ဖူးသောပုဂ္ဂိုလ်အား လျင်မြန်သောအသိဉာဏ်ရှိ၏။

### ကိလေသာနှင့် ဣန္ဒြေတို့ ထက်ခြင်း, နုံ့ခြင်း

ထက်သန်သောကိလေသာရှိပြီးနုံ့သောဣန္ဒြေ ရှိသူသည် ဆင်းရဲသောအကျင့် "ဒုက္ခပဋိပဒါ" ရှိ၏၊ အသိဉာဏ်လည်း နုံ့နှေး၏။

ထက်သန်သောကိလေသာရှိပြီး ထက်သန်သည့်ဣန္ဒြေရှိသူသည် ဆင်းရဲသောအကျင့် "ဒုက္ခပဋိပဒါ"နှင့် လျင်မြန်သောအသိဉာဏ် "ခိပ္ပါဘိညာ" ရှိ၏။

နုံ့သောကိလေသာရှိပြီး နုံ့သည့်ဣန္ဒြေရှိသူသည် ချမ်းသာသောအကျင့် "သုခပဋိပဒါ" နှင့် နုံ့နှေးသောအသိဉာဏ် "ဒန္ဓာဘိညာ"ရှိ၏။

နုံ့သောကိလေသာရှိပြီး ထက်သန်သည့်ဣန္ဒြေရှိသူသည် ချမ်းသာသောအကျင့် "သုခပဋိပဒါ"နှင့် လျင်မြန်သောအသိဉာဏ် "ခိပ္ပါဘိညာ"ရှိ၏။

(၂) ပရိတ္တပရိတ္တာရမ္မဏသမာဓိ – နည်းသောအာနုဘော်နှင့် ကျဉ်းမြောင်းသည့်အာရုံရှိသောသမာဓိ၊

ပရိတ္တအပ္ပမာဏာရမ္မဏသမာဓိ – နည်းသောအာနုဘော်နှင့် ကြီးကျယ်သည့်အာရုံရှိသောသမာဓိ၊

အပ္ပမာဏပရိတ္တာရမ္မဏသမာဓိ – ကြီးသောအာနုဘော်နှင့် ကျဉ်းမြောင်းသည့်အာရုံရှိသောသမာဓိ၊

http://www.dhammadownload.com



အပ္ပမာဏအပ္ပမာဏာရမ္မဏသမာဓိ–ကြီးသောအာနုဘော်နှင့် ကြီးကျယ်သည့်အာရုံ ရှိသောသမာဓိ။

အကြင်သမာဓိသည် အဝါးဝစွာ မလေ့လာရသေး၊ လွန်စွာမပွားရသေး၊ ဝသီဘော်သို့ မရောက်သေးရကား အထက်စျာန်၏အကြောင်းဖြစ်ခြင်းငှာ မစွမ်းနိုင်။ ဤသမာဓိသည် နည်းသည့်အာနုဘော်ရှိသော "**ပရိတ္တသမာဓိ**"မည်၏။

အကြင်သမာဓိသည် မပွားအပ်သောအာရုံ၌ဖြစ်၏၊ ထိုသမာဓိသည် ကျဉ်းမြောင်းသော အာရုံရှိသည့် သမာဓိ– "**ပရိတ္တာရမ္မဏသမာဓိ**"မည်၏။

အကြင်သမာဓိသည် ကောင်းစွာလေ့လာပွားများအပ်သည်ဖြစ်၍ အထက်စျာန်၏ အကြောင်းဖြစ်ခြင်းငှာ စွမ်းနိုင်၏။ ဤသမာဓိသည် ကြီးသောအာနုဘော်ရှိသည့် "**အပ္ပမာဏသမာဓိ**"မည်၏။

အကြင်သမာဓိသည် ပွားအပ်သောအာရုံ၌ဖြစ်၏၊ ထိုသမာဓိသည် ကြီးကျယ်သည့် အာရုံရှိသော သမာဓိ – "**အပ္ပမာဏာရမ္မဏသမာဓိ**"မည်၏။

ဆိုခဲ့ပြီးသောလက္ခဏာတို့၏ ရောနှောခြင်းဖြင့် ရောနှောသောသမာဓိဖြစ်ပေါ်ခြင်းကို သိနားလည်အပ်၏။

(၃) စတုက္ကနည်းဖြင့်ရေတွက်သောရူပါဝစရစျာန်(၄)ပါး

**ရူပါဝစရပထမစျာန်** – ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသည့် နီဝရဏခွါပြီးသည့် စျာန်အင်္ဂါငါးပါးရှိသော ပထမစျာန်၊

**ရူပါဝစရဒုတိယစျာန်** – ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသည့် စျာန်အင်္ဂါသုံးပါးရှိသော ဒုတိယစျာန်၊

**ရူပါဝစရတတိယစျာန်** – သုခ၊ ဧကဂ္ဂတာဟူသည့် စျာန်အင်္ဂါနှစ်ပါးရှိသော တတိယစျာန်၊

**ရူပါဝစရစတုတ္ထစျာန်** – ဥပေက္ခာ၊ ဧကဂ္ဂတာဟူသည့် စျာန်အင်္ဂါနှစ်ပါးရှိသော စတုတ္ထစျာန်၊

(၄) **ဟာနဘာဂိယသမာဓိ** – ယုတ်သောအဖို့ရှိသည့် သမာဓိ၊

**ဌိတိဘာဂိယသမာဓိ** – တည်တံ့ခါမျှအဖို့ရှိသောသမာဓိ၊

**ဝိသေသဘာဂိယသမာဓိ** – ထူးသောအဖို့ရှိသည့် သမာဓိ၊

**နိဗ္ဗေဓဘာဂိယသမာဓိ** – အရိယမဂ်အဖို့ရှိသော သမာဓိ၊

ထိုသမာဓိလေးမျိုးတွင် စျာန်၏ဆန့်ကျင်ဘက် နီဝရဏတရားတို့၏ဖြစ်ပေါ်ခြင်း အစွမ်းဖြင့် ဟာနဘာဂိယသမာဓိဖြစ်၏။ ထိုရသောပထမစျာန်သမာဓိ အားလျော်သော သတိ၏မြဲစွာတည်သည်၏အစွမ်းဖြင့် ဌိတိဘာဂိယသမာဓိဖြစ်၏။ အထက်စျာန်ဖြစ်သော

http://www.dhammadownload.com



တရားထူးကို ရခြင်း၏အကြောင်းဖြစ်သည်အစွမ်းဖြင့် ဝိသေသဘာဂိယသမာဓိဖြစ်၏။ သခ်ါရတို့၏အပြစ်ကိုမြင်၍ ငြီးငွေ့သောဉာဏ်နှင့် တကွဖြစ်သည့် သညာ, မနသိကာရတို့၏ တိုက်တွန်းသောအစွမ်းဖြင့် နိဗ္ဗေဓဘာဂိယသမာဓိဖြစ်၏။

ဉာဏဝိဘင်းပါဠိတော်တွင် မြတ်စွာဘုရားဟောတော်မူသည်ကား–"ပဌမဈာန်ကို ရသော ယောဂီပုဂ္ဂိုလ်အား ကာမသညာနှင့်တကွ သညာ, မနသိကာရတိုက်တွန်းအပ်သော ယုတ်သောအဖို့ရှိသည့် ဟာနဘာဂိယပညာ ဖြစ်၏။ ထိုရသောပဌမဈာန် အားလျော်သော သတိသည်တည်၏။ မတိုးမဆုတ်တည်တံ့သော အဖို့ရှိသည့် ဌိတိဘာဂိယပညာဖြစ်၏။ အဝိတက္ကဒုတိယဈာန်နှင့်တကွဖြစ်သော သညာ, မနသိကာရတို့သည် တိုက်တွန်းအပ်သည် ဖြစ်၍ ထူးသောအဖို့သို့ ရောက်သည့် ဝိသေသဘာဂိယပညာဖြစ်၏။ ငြီးငွေ့သောဝိပဿနာ ဉာဏ်နှင့်တကွဖြစ်သည့် သညာ, မနသိကာရတို့သည် တိုက်တွန်းအပ်သည်ဖြစ်၍ နိဗ္ဗာန်နှင့် စပ်သော သစ္စာလေးပါးကို ထိုးထွင်းသိမြင်နိုင်ခြင်းအဖို့ရှိသော နိဗ္ဗေဓဘာဂိယပညာသည် ဖြစ်၏" ဤပညာအသီးသီးတို့နှင့် ယှဉ်သောသမာဓိတို့သည်လည်း ဟာနဘာဂိယသမာဓိ စသည် အမည်ရကြ၏။

(၅) ကာမာဝစရသမာဓိ – အလုံးစုံသောဥပစာရကေဂ္ဂတာ၊
ရူပါဝစရသမာဓိ – ရူပါဝစရကုသိုလ်စိတ်၌ရှိသော ကေဂ္ဂတာ၊
အရူပါဝစရသမာဓိ – အရူပါဝစရ ကုသိုလ်စိတ်၌ရှိသော ကေဂ္ဂတာ၊
အပရိယာပန္နသမာဓိ – မဂ်, ဖိုလ်နှင့်ယှဉ်သော လောကုတ္တရာသမာဓိ။

(၆) ဆန္ဒာဓိပတိသမာဓိ – ဆန္ဒအကြီးအမှူးရှိသော သမာဓိ၊
ဝီရိယာဓိပတိသမာဓိ – ဝီရိယအကြီးအမှူးရှိသော သမာဓိ၊
စိတ္တာဓိပတိသမာဓိ – စိတ်အကြီးအမှူးရှိသော သမာဓိ၊
ဝီမံသာဓိပတိသမာဓိ – ပညာအကြီးအမှူးရှိသော သမာဓိ။

### * ငါးပါးစီအပြားရှိသောသမာဓိများ

ပဉ္စကနည်းဖြင့် ရူပါဝစရဈာန် (၅)ပါးရှိရာ ထိုဈာန်သမာဓိတို့သည် ဈာန်အင်္ဂါ၏ အစွမ်းဖြင့် သမာဓိ (၅)မျိုး ကွဲပြားသည်ကို ဖော်ပြ၏။

(၁) ရူပါဝစရပဌမဈာန် – ဝိတက်, ဝိစာရ, ပီတိ, သုခ, ကေဂ္ဂတာဟူ၍ ဈာန်အင်္ဂါ ၅ပါးယှဉ်သော ပဌမဈာန်သမာဓိ၊
(၂) ရူပါဝစရဒုတိယဈာန် – ဝိစာရ, ပီတိ, သုခ, ကေဂ္ဂတာဟူ၍ ဈာန်အင်္ဂါ ၄ ပါးယှဉ်သော ဒုတိယဈာန်သမာဓိ၊
(၃) ရူပါဝစရတတိယဈာန် – ပီတိ, သုခ, ကေဂ္ဂတာဟူ၍ ဈာန်အင်္ဂါ ၃ ပါးယှဉ်သော တတိယဈာန်သမာဓိ၊

http://www.dhammadownload.com



(၄) ရူပါဝစရစတုတ္ထဈာန် – သုခ, ဧကဂ္ဂတာဟူ၍ ဈာန်အင်္ဂါ ၂ ပါးယှဉ်သော စတုတ္ထဈာန်သမာဓိ၊

(၅) ရူပါဝစရပဉ္စမဈာန် – ဥပေက္ခာ, ဧကဂ္ဂတာဟူ၍ ဈာန်အင်္ဂါ ၂ ပါးယှဉ်သော ပဉ္စမ ဈာန်သမာဓိ။

### * သမာဓိ၏ညစ်နွမ်းကြောင်း, ဖြူစင်ကြောင်း

သမာဓိ၏ညစ်နွမ်းကြောင်း, ဖြူစင်ကြောင်းကား အဘယ်နည်း။

"ညစ်နွမ်းကြောင်း သံကိလေသာဆိုသည်ကား ဆုတ်ယုတ်သောအဖို့ရှိသည့် တရားတည်း။ ဖြူစင်ကြောင်းဆိုသည်ကား ထူးသောအဖို့ရှိသည့် တရားတည်း"ဟူ၍ ဉာဏဝိဘင်းပါဠိတော်တွင် ဟောကြားတော်မူ၏။

ပထမဈာန်ကို ရစဖြစ်သောပုဂ္ဂိုလ်သည် ထိုပထမဈာန်မှထသော် ဝိတက္ကအာရုံ, ကာမဂုဏ်နှင့်တကွဖြစ်သော အမှတ်သညာ၊ နှလုံးသွင်းခြင်း– မနသိကာရတို့သည် ဖြစ်ပေါ်၏။ ထိုအခါ ပထမဈာန်ပညာသည် ဆုတ်ယုတ်၏။ ထို့ကြောင့် ဆုတ်ယုတ်ခြင်းအဖို့ရှိသည်ဖြစ်၏။ ဤပထမဈာန်တွင်ဆိုခဲ့သော ဆုတ်ယုတ်နည်းအတိုင်း ဒုတိယဈာန် စသည်တို့၏ဆုတ်ယုတ်ခြင်းအဖို့ရှိပုံကိုလည်း သိအပ်၏။ ထိုသို့ ဆုတ်ယုတ်သော အဖို့ရှိခြင်းသည် သမာဓိ၏ညစ်နွမ်းကြောင်းဖြစ်၏။

ပထမဈာန်ကိုရပြီးသောသူသည် အဝိတက္ကဒုတိယဈာန်လျှင်အာရုံရှိသော အမှတ်သညာ၊ နှလုံးသွင်းခြင်း–မနသိကာရတို့ ဖြစ်ပေါ်ခြင်းသည် ဒုတိယဈာန်ကိုရခြင်း၏အကြောင်းဖြစ်သောကြောင့် အထက် ဒုတိယဈာန်ကိုရရန် ထူးသောအဖို့ရှိသည့် တရားဖြစ်ပါ၏။ ဤနည်းအတိုင်း အထက်ဈာန်အဆင့်ဆင့်ကိုရရန် ထူးသောအဖို့ရှိသည့် တရားတို့ကိုသိအပ်၏။ ဤထူးသောအဖို့ရှိသောတရားတို့သည်သမာဓိ၏ ဖြူစင်ကြောင်းပင် ဖြစ်၏။

### * သမာဓိကို ပွားများပုံ

သမာဓိကို အဘယ်သို့ ပွားစေအပ်သနည်း။

လောကီသမာဓိ, လောကုတ္တရာသမာဓိဟူ၍ သမာဓိနှစ်မျိုးရှိရာတွင် လောကုတ္တရာသမာဓိပွားနည်းသည် ပညာဘာဝနာနည်းတွင် ပါဝင်မည်ဖြစ်၏။ ပညာကို ပွားစေသည်ရှိသော် သမာဓိကိုလည်း ကျွဲကူးရေပါသဘောဖြင့် ပွားအပ်ပြီးသည်သာဖြစ်၏။

### လောကီသမာဓိကိုပွားနည်းအစီအရင်

(၁) သီလကို စင်ကြယ်အောင် သုတ်သင်ရမည်။

(၂) ပလိဗောဓကြီး ၁၀ ပါးကို ပယ်ဖြတ်ရမည်။

(၃) ကမ္မဋ္ဌာန်းပေးတတ်သော ကလျာဏမိတ္တထံ ချဉ်းကပ်ရမည်။

(၄) ကမ္မဋ္ဌာန်း ၄၀ တွင် မိမိစရိုက် ဝါသနာနှင့်လျော်သောကမ္မဋ္ဌာန်းကို သင်ယူရမည်။

http://www.dhammadownload.com



(၅) သမာဓိပွားခြင်း၌ မလျော်ပတ်သောကျောင်း ၁၈-မျိုးကို ပယ်ရမည်။
(၆) အင်္ဂါ ၅-ပါးနှင့် ညီညွတ်၍ လျော်ပတ်သောကျောင်း၌ နေရမည်။
(၇) ငယ်သောပလိဗောဓများကို ဖြတ်ပယ်ရမည်။
(၈) အလုံးစုံသောဘာဝနာပွားခြင်းအစီအရင်ကို မယုတ်လျော့စေဘဲ ပွားရမည်။

* ပလိဗောဓကြီး(၁၀)ပါး

ဘာဝနာပွားများခြင်းကို တားဆီးတတ်, နှောင့်ယှက်တတ်သည့် အကြောင်းအရာများကို ပလိဗောဓိဟုခေါ်၏။ ၎င်းတို့သည် ကမ္မဋ္ဌာန်းရှုပွားရာတွင် အနှောင့်အယှက် ပေးတတ်သဖြင့် ကမ္မဋ္ဌာန်းမရှုပွားမီ ၎င်းတို့ကို ပယ်ဖြတ်ထားရမည်။

(၁) အာဝါသပလိဗောဓ-ကျောင်း

တစ်ခုသောတိုက်ခန်း၊ တစ်ခုသောပရိဝုဏ် သို့မဟုတ် အလုံးစုံသောသံဃာအာရမ်ကို ကျောင်းဟုခေါ်၏။ ထိုကျောင်းသည် ယောဂီပုဂ္ဂိုလ်အားလုံးအား ပလိဗောဓဖြစ်သည် မဟုတ်။ အကြင်ပုဂ္ဂိုလ်သည် ကျောင်း၏နဝကမ္မမှုစသည်ကို ကြောင့်ကြစိုက်၏၊ များစွာသော ပစ္စည်းဘဏ္ဍာတို့ကို ဆည်းပူးသိုမှီးထား၏၊ အမှတ်မရှိ တစ်ခုခုသော အကြောင်းဖြင့် ထိုကျောင်းကို ငဲ့ကွက်ခြင်းရှိ၏၊ နှောင်ဖွဲ့ငြိကပ်သောစိတ်ရှိ၏၊ ထိုပုဂ္ဂိုလ်အားသာလျှင် ပလိဗောဓဖြစ်၏။

**သာဓကဝတ္ထုမှာ အနုရာဓမြို့မှ အမျိုးသားနှစ်ယောက်တို့သည် ထူပါရာမကျောင်း** ၌ ရဟန်းပြုကြ၏။ ထိုရဟန်းနှစ်ပါးတွင် တစ်ပါးသည် ဒွေမာတိကာတို့ကို နှုတ်တက် လေ့လာ၍ ငါးဝါရသောအခါ ပါစီနခဏ္ဍရာဇိမည်သော တောအရပ်သို့ ကြွသွား၏။ ကျန် ရဟန်းတစ်ပါးမှာ ထူပါရုံကျောင်း၌ပင်နေ၏။

ပါစီနခဏ္ဍရာဇိအရပ်သို့ ကြွသွားသောရဟန်းသည် ဆယ်ဝါသီတင်းသုံးပြီးသည့်အခါ မထေရ်ဖြစ်၏။ "ဤအရပ်ကား သင့်လျော်လျော်ပတ်၏၊ ဤအရပ်အကြောင်းကိုငါ့အဆွေ ရဟန်းကို ပြောကြားအံ့"ဟုကြံ၍ ထူပါရုံသို့ ကြွ၏။ ဝါတူဖြစ်သော အဆွေရဟန်းက ခရီးဦးကြို၏။ သပိတ်, သင်္ကန်းတို့ကို လှမ်းယူ၍ဝတ်ပြု၏။

အာဂန္တုမထေရ်သည် ကျောင်းတွင်းသို့ဝင်၍ "ယခုအခါ ငါ့အဆွေသည် ထောပတ်၊ တင်လဲ၊ အဖျော်စသည် တစ်ခုခုကို ပို့စေလတ္တံ့"ဟုကြံ၏။ ညဦးအခါ အဖျော်စသည်ကိုမရ သဖြင့် နံနက်စောစော၌ ယာဂု, ခဲဖွယ်တို့ကို ပို့ပေးလိမ့်မည်ဟု ကြံပြန်၏။ မရသော် ရွာတွင်း သို့ဝင်မှသာ ပေးလှူကြလိမ့်မည်ဟု ကြံမိပြန်၏။ နံနက်စောစော၌ပင် အဆွေရဟန်းနှင့်အတူ ရွာတွင်းသို့ဝင်၏။ တစ်မှုတ်မျှသောယာဂုကိုရ၍ ဆွမ်းစားရေပ်၌ထိုင်ပြီး သောက်ကြ၏။

ထို့နောက် အာဂန္တုရဟန်းသည် "ငါ့အဆွေ၌ ယာဂုအမြဲလှူသူရှိမည်မထင်၊ သို့ရာတွင် ဆွမ်းစားချိန်မှာ ဒါယကာတို့က မွန်မြတ်သည့်ဆွမ်းကို လှူကြလိမ့်မည်"ဟု ကြံပြန်၏။

http://www.dhammadownload.com



လှူသူကားမရှိပါချေ။ ဆွမ်းချိန်ရောက်သည့်အခါ ဆွမ်းခံလှည့်လည်၍ ရသမျှကိုသာ ဘုဉ်းပေးကြရ၏။

"အရှင်ဘုရား–အသို့နည်း၊ အခါခပ်သိမ်း ဤသို့ပင်မျှတရပါသလား"ဟု အာဂန္တုရဟန်းကမေး၏။

"အို–ငါ့ရှင် ဟုတ်ပါ၏"ဟု အဆွေရဟန်းက ဖြေ၏။

"အရှင်ဘုရား–ပါစိနခဏ္ဍရာဇိအရပ်သည် ချမ်းသာလှပါ၏။ ထိုအရပ်သို့သွားကြကုန်အံ့"ဟု အာဂန္တုရဟန်းကဆို၏။

ထူပါရုံရဟန်းသည် မြို့မှ တောင်တံခါးဖြင့်ထွက်လျက် ရွာလမ်းအတိုင်းကြွ၏။

"အရှင်ဘုရား–အဘယ်ကြောင့် ဤခရီးသို့ကြွသနည်း"

"ငါ့ရှင်–သင်သည် ပါစိနခဏ္ဍရာဇိအရပ်၏ဂုဏ်ကျေးဇူးကိုပြောကြားသည် မဟုတ်ပါလော"

"အရှင်ဘုရားတို့အား ဤကြာမြင့်စွာနေရာအရပ်မှာ တစ်စုံတစ်ရာပိုမိုသောပရိက္ခရာ မရှိပါသလော"

"အို–ငါ့ရှင်၊ မရှိပါ"

"ကျွန်ုပ်၏တောင်ဝှေး၊ ဆီကျည်၊ ဖိနပ်အိတ်တို့သည် ကျောင်း၌ရှိလေသေး၏"

"သင်သည် တစ်နေ့တစ်ရက်မျှ နေပါလျက် ဤမျှသောပစ္စည်းကို ထားလေသလော"

"အရှင်ဘုရား–ထားမိပါသည်"ဟုဆို၍ အာဂန္တုရဟန်းသည် ကြည်ညိုသောစိတ်ရှိသဖြင့် မထေရ်ကိုရှိခိုးပြီးလျှင် "အရှင်ဘုရား–အရှင်မြတ်ကဲ့သို့ ပုဂ္ဂိုလ်အား အလုံးစုံသောအရပ်၌ပင် တောနေရဟန်းမည်သည်သာတည်း။ ထူပါရုံကျောင်းတိုက်သည် လေးဆူသော ဘုရားရှင်တို့၏ဓာတ်တော် ဌာပနာရာအရပ်ဖြစ်ပါ၏။ လောဟပါသာဒပြာသာဒ်၌ လျောက်ပတ်သော တရားနာခြင်း၊ မဟာစေတီကို ဖူးမြင်ရခြင်း၊ မထေရ်ကြီးများကို ဖူးမြင်ရခြင်းတို့ကြောင့် မြတ်စွာဘုရားလက်ထက်တော်အခါကဲ့သို့ ဖြစ်ပါ၏။ အရှင်ဘုရား ဤအရပ်၌ပင် နေတော်မူပါ"ဟု လျှောက်ထား၏။ ဒုတိယနေ့၌ သပိတ်သင်္ကန်းတို့ကိုယူပြီး မိမိချည်းသာ ပြန်သွားလေ၏။

ဤဝတ္ထု၌ ဤသို့သဘောရှိသောရဟန်းအား ကျောင်းသည် ပလိဗောဓမဖြစ်ချေ။

## (၂) ကုလပလိဗောဓ – အမျိုးဒါယကာ

'အမျိုးဒါယကာ'ဟူသည်မှာ အဆွေအမျိုးဖြစ်သောဒါယကာနှင့် အလုပ်အကျွေးဖြစ်သည့် ဒါယကာတို့ကို ဆိုလို၏။

အချို့သောရဟန်းအား အလုပ်အကျွေးဒါယကာ၌ပင် "ဒါယကာများ ချမ်းသာလျှင် မိမိလည်းချမ်းသာ၏" စသည့်နည်းဖြင့် အကျွမ်းတဝင် ချစ်ချစ်ခင်ခင်နေသောကြောင့် ပလိဗောဓဖြစ်၏။ ထိုရဟန်းသည် အလုပ်အကျွေးလူဒါယကာတို့နှင့်ကင်း၍ တရားနာခြင်းငှာ

နီးသောကျောင်းသို့ပင် မသွားနိုင်ရှိတတ်၏။

အချို့သောပုဂ္ဂိုလ်အား မိဘတို့သည်ပင်လျှင် ပလိဗောဓမဖြစ်ချေ။

သာဓကဝတ္ထုမှာ ကောရဏ္ဍကကျောင်းတိုက်နေ မထေရ်ကြီး၏တူ ရဟန်းငယ်သည် ပါဠိသင်ခြင်းအကျိုးငှာ ရောဟဏဇနပုဒ်သို့ သွား၏။ မထေရ်ကြီး၏နှမဖြစ်သူ ဥပါသိကာမကြီးသည် မထေရ်ကြီးအား သားရဟန်း၏အကြောင်းကို အခါခပ်သိမ်း မေးလျှောက်၏။ မထေရ်သည်ရဟန်းငယ်ကိုခေါ်ဆောင်အံ့ဟု ရောဟဏဇနပုဒ်သို့ သွား၏။

ထိုရဟန်းငယ်သည်လည်း ရောဟဏဇနပုဒ်၌ ငါနေသည်မှာ ကြာမြင့်ပြီ၊ ယခုအခါ ဥပဇ္ဈာယ်ဆရာကို ဖူးမြင်၍ ဒါယိကာမကြီး၏အကြောင်းသိရန်ကြံ၍ ဇာတိရွာသို့ ပြန်လာ၏။ ထိုတူဝရီးနှစ်ဦးတို့သည် ဂင်္ဂါမြစ်ကမ်းနား၌ ဆုံမိကြ၏။

ရဟန်းငယ်သည် ဦးရီးမထေရ်ကြီးကို ဝတ်ပြု၍ မိမိ၏ကြံရွယ်ချက်ကို လျှောက်ထား၏။ မထေရ်ကြီးက "သင်ကား ကောင်းစွာပြုအပ်ပေ၏။ ဒါယိကာမကြီးသည်လည်း သင့်အကြောင်းကို အခါမပြတ်မေး၏။ သင့်ကိုခေါ်ရန် ငါလာခဲ့၏။ သင်သာသွားချေလော့။ ငါမူကား ဤအရပ်တွင်ပင်ဝါကပ်ဆိုနေအံ့" ဟု ဆို၏။

ထိုရဟန်းငယ်သည် ခရီးဆက်လေရာ ဝါကပ်ဆိုသောနေ့မှာပင် ကောရဏ္ဍကကျောင်းတိုက်သို့ရောက်၍ ဖခင်ဆောက်လုပ်သည့်ကျောင်း၌ သီတင်းသုံး၏။ ဖခင်သည် နောက်နေ့၌ ကျောင်းသို့လာ၍ "အဘယ်ရဟန်းသည် မိမိကျောင်းသို့ရောက်သနည်း"ဟု မေး၏။

အဂန္တုကရဟန်းငယ်ကျရောက်သည်ကိုသိလျှင် ရဟန်းငယ်အားရှိခိုး၍ "အရှင်ဘုရား- အကျွန်ုပ်တို့၏ကျောင်းမှာ ဝါကပ်သောအရှင်အား ဝတ်ရှိပါသည်" ဟု လျှောက်၏။

"အဘယ်သို့သောဝတ်ပါနည်း-ဒါယကာ"ဟု မေးလေသော်

"သုံးလပတ်လုံး အကျွန်ုပ်တို့၏အိမ်၌ ဆွမ်းကိုခံယူ၍ ပဝါရဏာပြုပြီး၍ ကြွသွားအံ့သောအခါ ပန်ကြားရပါသည်"ဟုလျှောက်၏။

ရဟန်းငယ်သည် ဆိတ်ဆိတ်နေသဖြင့် သည်းခံလေ၏။ ဆွမ်းခံချိန်၌ မိဘအိမ်သို့ ရဟန်းငယ်ကြွသွားသောအခါ ရဟန်းငယ်ကို မည်သူကမျှ မမှတ်မိကြ။ မိခင်သည်မွန်မြတ်သောခဲဖွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၏။ ရဟန်းငယ်သည် သုံးလပတ်လုံး မိဘအိမ်၌ ဆွမ်းစား၍ ဝါကျွတ်လေသော် "ငါသွားတော့အံ့"ဟု ပန်ကြားလေ၏။

ထိုအခါ ဆွေမျိုးတို့သည် ရဟန်းငယ်အား "နက်ဖြန်ကြွတော်မူပါဦး"ဟု ပင့်လျှောက်၏။ ဒုတိယနေ့မှာ အိမ်တွင်ဆွမ်းကျွေးပြီးလျှင် ဆီကျည်ကိုပြည့်စေ၏။ တစ်ခုသော တင်လဲခဲနှင့် ကိုးတောင်အရှည်ရှိသည့် သင်္ကန်းလျာအဝတ်တို့ကို လှူဒါန်း၏။

ထိုရဟန်းငယ်သည် အနုမောဒနာပြု၍ ရောဟဏဇနပုဒ်သို့ ကြွသွား၏။ ထိုရဟန်းငယ်၏ ဥပဇ္ဈာယ်ဆရာသည်လည်း ပဝါရဏာပြုပြီး၍ ခရီးရင်ဆိုင်လာလတ်သော် ယခင်တွေ့သောနေရာမှာပင် ရဟန်းငယ်နှင့် ဆုံမိပြန်၏။ ရဟန်းငယ်က မထေရ်ကြီးအား ဝတ်ပြု၏။

"ငါ့ရှင်–သင့်မျက်နှာသည် ရွှင်လန်းနေပေ၏၊ သင်သည် ဒါယိကာမကြီးကို တွေ့အပ်ပြီ လော"ဟု မထေရ်ကြီးက မေး၏။

"အရှင်ဘုရား–တွေ့ခဲ့ပါပြီ" ဟုဆို၍ အလုံးစုံသောအကြောင်းအရာတို့ကို လျှောက်ထား ၏။ မိဘတို့လှူလိုက်သောဆီဖြင့် မထေရ်ကြီး၏ခြေတို့ကို သုတ်လိမ်း၏။ ထန်းလျက်ခဲ ဖြင့် အဖျော်ပြုလုပ်၏။ ပုဆိုးကိုးတောင်ကိုလည်း မထေရ်ကြီးအား လှူဒါန်း၏။

"အရှင်ဘုရား–အကျွန်ုပ်အား ရောဟဏဇနပုဒ်သည်သာ သပ္ပါယဖြစ်ပါ၏"ဟုလျှောက် ထား၍ မထေရ်ကြီးအား ရှိခိုးပြီး ခရီးဆက်လေ၏။

မထေရ်ကြီးသည် ကျောင်းတိုက်သို့ကြွ၍ နောက်နေ့၌ ဇကာရဏ္ဏကရွာတွင်းသို့ ဆွမ်းခံ ဝင်၏။ ဥပါသိကာမသည် "ငါ၏မောင်တော်သည် ငါ့သားကိုခေါ်ဆောင်လာလတ္တံ့"ဟု နေ့ တိုင်း လမ်းခရီးသို့ မျှော်လျက်သာနေ၏။ မထေရ်တစ်ပါးတည်းကြွလာသည်ကိုမြင်လေလျှင် "ငါ့သားသည် သေလေပြီ"ဟုထင်၍ မထေရ်ကြီး၏ ခြေရင်း၌ဝပ်ပြီးလျှင် အထူးထူး အပြားပြား မြည်တမ်းငိုကြွေးလေ၏။

မထေရ်ကြီးသည် "ရဟန်းငယ်ကား အလိုနည်းသောကြောင့် မိမိကိုယ်ကိုမသိစေမူ၍ သွားလေယောင်တကား"ဟု ကြံတွေးမိ၍ ဒါယိကာမကို သက်သာရာရစေလျက် မိမိသွား စဉ် ဂင်္ဂါမြစ်နားမှာ တွေ့ခဲ့သည့်အကြောင်းကစ၍ အလုံးစုံပြောကြား၏။ သပိတ်အိတ်မှ ထိုရဟန်းငယ်လှူလိုက်သော ပုဆိုးကိုးတောင်ကိုထုတ်၍ နမအား ပြ၏။

ဥပါသိကာမကြီးသည် သားရဟန်းကိုကြည်ညိုလှ၍ သားရဟန်းသွားသောအ ရပ်သို့မျက်နှာမူပြီးလျှင် ရင်ဖြင့်ဝပ်လျက်ရှိခိုကား "ငါ့သားနှင့်တူသောရဟန်းကို မျက်မှောက် ထင်ရှား သက်သေထား၍ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရထဝိနီတသုတ်၌ လာသော အကျင့်မြတ်တို့ကိုလည်းကောင်း၊ နာဠကသုတ်၌လာသော အကျင့်မြတ်တို့ကို လည်းကောင်း၊ တုဝဋ္ဋကသုတ်၌လာသော အကျင့်မြတ်တို့ကိုလည်းကောင်း၊ ပစ္စည်းလေးပါး ၌ ရောင့်ရဲလွယ်ခြင်း၊ ဘာဝနာ၌မွေ့လျော်ခြင်းကိုပြသော မဟာအရိယဝံသသုတ်လာ မြတ် သောအကျင့်တို့ကိုလည်းကောင်း၊ ဟောတော်မူလေသည်။ သင်၏မွေးဖွားသော အမိအိမ်၌ ဝါတွင်းသုံးလပတ်လုံး ဆွမ်းသုံးဆောင်ပါလျက် "ငါကား သင်၏သား၊ သင်းကား ငါ၏အမိ" ဟူ၍ မဆိုပလေ၊ အထူးအံ့ဩဖွယ်ကောင်းသော ယောကျ်ားမြတ်ပေတည်း"ဟု ဆိုလေ၏။

ဤသို့သဘောရှိသော ပုဂ္ဂိုလ်အား မိဘပင်ဖြစ်သော်လည်း ပလိဗောဓမဖြစ်ချေ။ အခြား သောအလုပ်အကျွေးဒါယကာတို့၌မူကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

**(၃)လာဘပလိဗောဓ – လာဘ်၊ ပစ္စည်းလေးပါး**

လာဘ် သို့မဟုတ် ပစ္စည်းလေးပါးတို့သည် အဘယ်သို့ပလိဗောဓဖြစ်သနည်း။ ဘုန်း တန်ခိုးကြီးသော ရဟန်းအား ရောက်လေရာအရပ်၌ လူတို့သည် ကြီးကျယ်များပြားသော

http://www.dhammadownload.com



ပစ္စည်းတို့ကို လှူကြကုန်၏။ ထိုရဟန်းသည် အလှူဒါယကာတို့အား အနုမောဒနာပြုရ၊ တရားဟောရသည်ဖြစ်၍ ရဟန်းတရားကို အားထုတ်ခွင့်မရ။ အရဏ်တက်သည်မှ ပထမယာမ်ကုန်သည်တိုင်အောင် လူတို့နှင့်မပြတ် ရောနှောဆက်ဆံရ၏။

တစ်ဖန်လင်းအားကြီးချိန်၌ ပစ္စည်းအများအပြားလိုလားကြသည့် ဆွမ်းခံရဟန်းတို့သည် လာလတ်၍ "အရှင်ဘုရား-ဤမည်သော ဥပါသကာ၊ ဥပါသိကာမ၊ ဤမည်သော အမတ်ကြီး၊ အမတ်ကြီးသမီးတို့သည် အရှင်ဘုရားအား ဖူးမြင်လိုကုန်၏"ဟု လျှောက်ထားကြ၏။ ထိုရဟန်းသည် "အို-ငါ့ရှင်၊ သပိတ်သက်န်းကို ယူခဲ့လော့"ဟုဆို၍ သွားရန်စီစဉ်ရ၏၊ အမြဲကြောင့်ကြစိုက်ရ၏။

ထိုတန်ခိုးကြီးသောရဟန်းအားသာလျှင် ပစ္စည်းလေးပါးတို့သည် ပလိဗောဓဖြစ်ကုန်၏။ ထိုပလိဗောဓကိုဖြတ်ရန် ဂိုဏ်းကိုပယ်၍ လူမသိသောအရပ်၌ တစ်ပါးတည်းသာ ကျင့်အပ်၏။ ထိုသို့အကျင့်သည်ရှိသော် ထိုပလိဗောဓသည် ပြတ်လေ၏။

## (၄) ဂဏပလိဗောဓ – ဂိုဏ်း

ဂိုဏ်းဟူသည်မှာ သုတ္တန်ကိုဆောင်သောဂိုဏ်း၊ အဘိဓမ္မာကိုဆောင်သောဂိုဏ်းတို့ဖြစ်ကြ၏။ အကြင်ရဟန်းသည် ထိုဂိုဏ်းအား ပါဠိသင်ခြင်း၊ အဋ္ဌကထာသင်ခြင်းကို ပြုရသောကြောင့် ရဟန်းတရားကို အားထုတ်ခွင့်မရခြားအံ့၊ ထိုရဟန်းအား ဂိုဏ်းသည် ပလိဗောဓဖြစ်၏။

ထိုရဟန်းသည် ထိုဂိုဏ်းဟူသော ပလိဗောဓကို ဖြတ်အပ်၏။ ထိုရဟန်းသည် အကယ်၍ များစွာသင်ကြားပြီးဖြစ်သဖြင့် အနည်းငယ်သာကြွင်းကျန်လျှင် ထိုအကြွင်းကို ပြီးအောင်သင်ပြီးနောက် တောသို့ဝင်အပ်၏။

အကယ်၍ အနည်းငယ်သာသင်ပြီး၍ များစွာကြွင်းကျန်လျှင် တစ်ယူဇနာအတွင်းရှိ တစ်ပါးသောဂိုဏ်းအား ကျမ်းဂန်သင်ကြားသည့်ဆရာသို့ ချဉ်းကပ်၍ ထိုရဟန်းကို "အရှင်သည် ပါဠိသင်ခြင်းစသည်ဖြင့် ချီးမြှောက်တော်မူပါ" ဟု ဆိုအပ်၏။

ဤသို့ ဆရာမရသည်ရှိသော် "အို-ငါ့ရှင်တို့၊ ငါ့အားတစ်ခုသောရဟန်းကိစ္စသည်ရှိ၏။ သင်တို့သည် အလိုရှိရာ ချမ်းသာသောနေရာသို့ သွားကြကုန်လော့"ဟု ဆို၍ ဂိုဏ်းကိုပယ်ပြီးလျှင် မိမိ၏ရဟန်းတရားကို အားထုတ်အပ်၏။

## (၅) ကမ္မပလိဗောဓ – အမှုကိစ္စ၊ အမှုသစ်

အမှုသစ်ကိုပြုသောရဟန်းသည် လက်သမား၊ သစ်၊ သံစသည်တို့ကို ရသည်၊ မရသည်ကို သိအပ်၏၊ ပြုအပ်ပြီးသည် မပြီးသည်ကို သိအပ်၏။ သိအောင်ပြုရသဖြင့် ကြောင့်ကြစိုက်ရ၏၊ ထို့ကြောင့် အခါခပ်သိမ်း ပလိဗောဓဖြစ်၏။

ထိုနဝကမ္မဟူသော အမှုသစ်ပလိဗောဓကို ဤဆိုလတ္တံ့သော အခြင်းအရာဖြင့် ဖြတ်

http://www.dhammadownload.com



အပ်၏။ မပြီးသေးဘဲ ကြွင်းကျန်သောအရာသည် အနည်းငယ်သာဖြစ်မူ ပြီးဆုံးစေအပ်၏။ အကြွင်းများမူ သံဃာ၏အမှုကိစ္စဖြစ်ပါက သံဃာအားလည်းကောင်း၊ သံဃာ့ဝန်ကိုထမ်းဆောင်သည့် ရဟန်းအားလည်းကောင်း အပ်နှင်းအပ်၏။ ထိုကဲ့သို့ ဝန်ဆောင်ရဟန်းကိုမရပါမူကား သံဃာအားစွန့်၍ သွားအပ်၏။

(၆) အဒ္ဓါပလိဗောဓ – အခွန့်ရှည်သောခရီး၊ ခရီးသွားခြင်း

အကြင်ယောဂီပုဂ္ဂိုလ်အား တစ်စုံတစ်ခုသောအရပ်၌ ရှင်ရဟန်းပြုလိုသူရှိ၍ဖြစ်စေ၊ ရသင့်ရထိုက်သော ပစ္စည်းရှိ၍ဖြစ်စေ၊ ထိုပစ္စည်းကို မရပါက သည်းခံခြင်းငှာ မတတ်နိုင်သည်ဖြစ်စေ၊ တောသို့ဝင်၍ ရဟန်းတရားကို အားထုတ်ပါသော်လည်း ခရီးသွားလိုသောစိတ်သည် ပျောက်နိုင်ခဲ၏။ ထို့ကြောင့် ပလိဗောဓဖြစ်၏။

ထိုခရီးသွားခြင်းကိစ္စကို ပြီးစေခြင်းဖြင့် ပလိဗောဓကို ပယ်ဖြတ်အပ်၏။ ပြီးမှသာလျှင် ရဟန်းတရားကို ကြောင့်ကြစိုက်အပ်၏။

(၇) ဉာတိပလိဗောဓ – အဆွေအမျိုး

ကျောင်း၌ ဆရာဥပဇ္ဈာယ်၊ အတူနေတပည့်၊ အတွင်းနေတပည့်၊ တူသည့်ဥပဇ္ဈာယ်၊ တူသည့်ဆရာရှိသူတို့သည် ဆွေမျိုးဉာတိမည်၏။ အိမ်၌ကား အမိ၊ အဖ၊ ညီ၊ အစ်ကို၊ အစ်မစသည်တို့သည် ဆွေမျိုးဉာတိဖြစ်၏။

ထိုဆွေမျိုးဉာတိတို့၊ နာ, ဖျား, မမာမကျန်းဖြစ်လျှင် ယောဂီပုဂ္ဂိုလ်အား ပလိဗောဓဖြစ်၏။ ထိုဖျားနာသူကို ဆေးကုသရန်စီစဉ်ခြင်း၊ လုပ်ကျွေးပြုစုပေးခြင်းကို ပြုအပ်၏။ ပကတိကျန်းမာလာအောင် ဆောင်ရွက်ပေးခြင်းဖြင့် ပလိဗောဓကို ဖြတ်အပ်၏။

ထိုဆွေမျိုးဉာတိတို့တွင် ဥပဇ္ဈာယ်ဆရာက ဖျားနာ၍ ရောဂါမှလျင်မြန်စွာ မထမြောက်နိုင်လျှင် အသက်ထက်ဆုံး လုပ်ကျွေးပြုစုအပ်၏။ ဥပဇ္ဈာယ်ဆရာကို လုပ်ကျွေးပြုစုသကဲ့သို့ မိဘတို့ကိုလည်း လုပ်ကျွေးပြုစုအပ်၏။ မိဘတို့က မင်းဖြစ်နေစေကာမူ သား၏လုပ်ကျွေးခြင်းကို တောင့်တပါက လုပ်ကျွေးအပ်သည်သာတည်း။ ထိုမိဘတို့၌ဆေးမရှိသော် မိမိဥစ္စာကို ပေးအပ်၏။ မိမိမှာလည်း မရှိခဲ့သော် ဆေးအလှူခံသောအကျင့်ဖြင့် ရှာမှီး၍ပေးအပ်၏။

ညီအစ်ကို, အစ်မ, နှမတို့အားမူ ထိုသူတို့၏ဥစ္စာဖြစ်သော ဆေးကိုသာ ဖော်စပ်၍ပေးအပ်၏။ ထိုသူတို့မှာ ဆေးမရှိသည်ဖြစ်မူ မိမိ၏ဥစ္စာကို အခိုက်အတန့်မျှပေး၍ နောက်၌ပြန်၍ရခဲ့သော် ယူအပ်၏။ မရခဲ့သော်ကား မတောင်းအပ်တော့ပြီ။

ဆွေမျိုးမတော်စပ်သော ညီမ, အစ်မတို့၏ လင်များ(ယောက်ဖများ)၊ အစ်ကို, ညီတို့၏ ဇနီးများကို ဆေးကုခြင်းငှာမအပ်၊ ညီ, ညီမ, အစ်ကို, အစ်မတို့မှ တစ်ဆင့် ဆေးပေးခြင်းကား အပ်၏။ ညီအစ်ကို, မောင်နှမတို့၏ သားသမီးများမှာ ဆွေမျိုးတော်စပ်သဖြင့် ဆေးပေးခြင်းငှာအပ်၏။

http://www.dhammadownload.com



(၈) အာဗာဓပလိဗောဓ – အနာရောဂါ

မိမိတွင် အနာရောဂါတစ်စုံတစ်ရာဖြစ်ပေါ်လာ၍ ထိုအနာရောဂါက နှိပ်စက်နေလျှင် ပလိဗောဓဖြစ်၏။ ထို့ကြောင့် ဆေးဝါးကုသခြင်းဖြင့် ထိုပလိဗောဓကို ဖြတ်အပ်၏။ ရက်အနည်းငယ် ဆေးဝါးကုသပါသော်လည်း အကယ်၍ မပျောက်ကင်းခဲ့သော် "ငါသည်သင်အတ္တဘော၏ ကျွန်မဟုတ်၊ သူရင်းငှားမဟုတ်၊ သင်အတ္တဘောကိုမွေးမြူရသဖြင့် အစမထင်သည့် သံသရာဝဋ်၌ ဆင်းရဲဒုက္ခရောက်ခဲ့လှပြီ"ဟု ဆင်ခြင်၍ အတ္တဘောကိုကဲ့ရဲ့၍ မငဲ့ကွက်ဘဲ ရဟန်းတရားကို အားထုတ်အပ်၏။

(၉) ဂန္ထပလိဗောဓ – ကျမ်းဂန်သင်ကြားခြင်း

ကျမ်းဂန်သင်ကြားခြင်းဆိုသည်ကား ပရိယတ်ဆောင်ရွက်ခြင်း ဖြစ်၏။ ထိုပရိယတ်ဆောင်ရွက်ခြင်းသည် သရဇ္ဈာယ်ခြင်း၊ မှတ်သားခြင်း၊ လေ့ကျက်ခြင်း၊ မေးမြန်းဆွေးနွေးခြင်း စသည်ဖြင့် အမြဲမပြတ်အားထုတ်မှု ဗျာပါရရှိသူအား ပလိဗောဓဖြစ်၏။ ဗျာပါရကြောင့်ကြမစိုက်ရသောသူအား ပလိဗောဓမဖြစ်ပါ။

ထိုပလိဗောဓမဖြစ်ရာ သာဓကဝတ္ထုကား မဇ္ဈိမနိကာယ်ကို ဆောင်သော အရှင်ရေဝတမထေရ်သည် မလယအရပ်နေ အရှင်ရေဝတထံ၌ ကမ္မဋ္ဌာန်းတောင်း၏။ မလယဝါသီရေဝတမထေရ်က "ငါ့ရှင်သည် အဘယ်သို့သော ပရိယတ်ကို လေ့လာပါသနည်း"ဟု မေး၏။

"အရှင်ဘုရား၊ မဇ္ဈိမနိကာယ်ကို လေ့လာပါသည်"ဟု လျှောက်၏။

"အို–ငါ့ရှင်၊ မဇ္ဈိမနိကာယ်သည် ဆောင်နိုင်ခက်လှ၏။ ရွတ်ဖတ်, သရဇ္ဈာယ်နေလျှင် ကမ္မဋ္ဌာန်းယူရန် မဖြစ်နိုင်ပါ"

"အရှင်ဘုရား၊ အရှင်တို့ထံမှ ကမ္မဋ္ဌာန်းယူပြီးသော် တစ်ဖန်ပြန်၍ မကြည့်တော့ပါအံ့"

ကမ္မဋ္ဌာန်းယူ၍ ၁၉ နှစ်ပတ်လုံး ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို မပြုပေ။ အနှစ် ၂၀ မြောက်သောအခါ အရပဟတ္တဖိုလ်သို့ ရောက်၏။ ရွတ်ဖတ်သရဇ္ဈာယ်ရန်လာကြသော ရဟန်းတို့အား "အို–ငါ့ရှင်တို့၊ ပရိယတ္တိကို ငါလွှတ်ထားခဲ့သည်မှာ အနှစ် ၂၀ ပြည့်ပြီ။ သို့ပါသော်လည်း ငါသည် မဇ္ဈိမနိကာယ်၌ အလေ့အလာပြုထား၏၊ အားထုတ်ကြပါလော့"ဟုဆို၍အစမှအဆုံးတိုင်အောင် ရွတ်ဖတ်ရာ ပုဒ်ဗျည်းတစ်လုံးကိုမျှလည်း ထိုမထေရ်အား ယုံမှားခြင်း မဖြစ်ချေ။

ကာရုဠီယတောင်တွင်နေလေ့ရှိသော အရှင်နာဂမထေရ်သည်လည်း ၁၈ နှစ်တိုင်တိုင် ပရိယတ္တိကိုစွန့်လွှတ်၍ ပလိဗောဓကိုဖြတ်၏။ ထိုနောက်မှ ဓာတုကထာကို ပို့ချရာ တစ်ခုသော အမေးပုစ္ဆာမျှ အစဉ်ချွတ်ယွင်းခြင်း မဖြစ်ပေ။

မဟာဝိဟာရကျောင်းတိုက်၌ တိပိဋကစူဠာဘယမထေရ်သည် အဋ္ဌကထာကို မသင်ဘဲ နိကာယ်ငါးရပ်ကိုသင်ကြားပြီးသော် ပရိသတ်၌ ပိဋကတ်သုံးပုံကို ဖွင့်ပြပေအံ့ဟု တရားစည်ကြီးကို တီးစေ၏။ ရဟန်းသံဃာများက "မိမိဆရာ၏သင်နည်းကိုသာယောပြော

http://www.dhammadownload.com



ခွင့်ပြုမည်။ ထိုနည်းမှတစ်ပါး ဖွင့်ပြဟောပြောရန် ခွင့်မပြု"ဟု ဆိုကြ၏။

ထို့နောက် စူဠာဘယမထေရ်သည် မိမိ၏ဥပဇ္ဈာယ်ဆရာလမ်းညွှန်သည့်အတိုင်း ရောဟဏဇနပုဒ်၌ တုလာဓာရတောင်ပေါ်ကျောင်းတွင် သီတင်းသုံးသော ပရိယတ်ပိဋကတ်ဆောင် မဟာဓမ္မရက္ခိတမထေရ်ထံ အဋ္ဌကထာကို သင်ယူ၏။

မဟာဓမ္မရက္ခိတမထေရ်သည် ပိဋကတ်သုံးပုံကို နှစ် ၃၀ တိုင်တိုင် ပြန်မကြည့်စဖူးပါ။ ထို့ကြောင့် ညဉ့်အခါ၌ စူဠာဘယမထေရ်သည် ပါဠိတော်ကိုရွတ်ဆို၏။ ထိုရွတ်ဆိုသော ပါဠိတော်ကို မဟာဓမ္မရက္ခိတမထေရ်က ဖွင့်ဆို၏။ အနုရာဓမြို့ ဂါမဝါသီရဟန်းတို့က နေ့စဉ်တရားနာကြ၏။

အစဉ်အတိုင်း ဒေသနာတော်ကို ဖွင့်ဆို၍ ပြီးဆုံးခြင်းသို့ရောက်သောအခါ မဟာဓမ္မရက္ခိတမထေရ်သည် အင်းပျဉ်ပေါ်မှဆင်း၍ ဖျာပေါ်ထိုင်ပြီးလျှင် တပည့်ဖြစ်သူ အဘယမထေရ်ထံ၌ "ငါ့အား ကမ္မဋ္ဌာန်းကိုဟောပါလော့"ဟု တောင်းပန်၏။

"အရှင်ဘုရား-အကျွန်ုပ်သည် အရှင်ဘုရားတို့ထံ၌ သင်အံနာယူသည်မဟုတ်လော၊ အရှင်ဘုရားတို့ မသိသော အဘယ်ကမ္မဋ္ဌာန်းကို ဟောရပါအံ့နည်း"

"အို-ငါ့ရှင်၊ မြင်အပ်ပြီးသောသစ္စာရှိ၍ လမ်းရိုးလမ်းမှန်ကျပြီးသော ပုဂ္ဂိုလ်၏ကမ္မဋ္ဌာန်းလမ်းခရီးသည် နွားကျောင်းသားအဖြစ်နှင့်တူသော ပရိယတ်လမ်းခရီးမှတစ်ပါး တစ်ခြားပေတည်း"

အဘယမထေရ်သည် ထိုအခါ သောတာပန်ဖြစ်ပြီးသတတ်။ ထို့ကြောင့် သစ္စာလေးပါးကို ကိုယ်တွေ့မြင်ပြီးဖြစ်၏။ မထေရ်သည် မဟာဓမ္မရက္ခိတမထေရ်အား ကမ္မဋ္ဌာန်းပေး၏။ ထို့နောက်လောဟပါသာဒပြာသာဒ်၌ ပိဋကတ်သုံးပုံကို ဖွင့်ဆိုလျက်နေ၏။

မဟာဓမ္မရက္ခိတမထေရ် ပရိနိဗ္ဗာန်ပြုသည်ဟု ကြားသည့်အခါ တိပိဋကစူဠာဘယမထေရ်သည် တပည့်ရဟန်းတို့အား သပိတ်သင်္ကန်းကို ဆောင်ယူစေပြီးလျှင် သင်္ကန်းကို အဝန်းညီစွာ ဝတ်ရုံ၏။

"အို-ငါ့ရှင်တို့၊ ငါတို့၏ဆရာအား အရဟတ္တမဂ်သည် သင့်လျော်လျောက်ပတ်ပေ၏။ ငါတို့၏ဆရာသည် စဉ်းလဲခြင်းမရှိ၊ ဖြောင့်မတ်၏။ အကြောင်းဟုတ်၊ မဟုတ်ကိုသိသော အာဇာနည်ပုဂ္ဂိုလ်မြတ်ပေတည်း။ ထိုမထေရ်မြတ်သည် မိမိ၏ စာသင်တပည့်ထံ၌ ဖျာပေါ်တွင်ထိုင်၍ "ငါ့အား ကမ္မဋ္ဌာန်းကို ဟောကြားပါလော့"ဟု တောင်းဆိုပေ၏။ အို-ငါ့ရှင်တို့၊ မထေရ်မြတ်၏ အရဟတ္တမဂ်သည် လျောက်ပတ်သင့်တော်လှပေစွ"ဟု မိန့်ဆို၏။ ဤသို့ သဘောရှိသောပုဂ္ဂိုလ်အား ကျမ်းဂန်သင်ကြားခြင်းသည် ပလိဗောဓ မဖြစ်ချေ။

## (၁၀) ဣဒ္ဓိပလိဗောဓ – တန်ခိုး

ပုထုဇဉ်တို့၏တန်ခိုးသည် ပက်လက်အိပ်တတ်ကာမျှဖြစ်သော သူငယ်ကဲ့သို့လည်းကောင်း၊ နုသောကောက်ပင်ကဲ့သို့လည်းကောင်း၊ ဆောင်နိုင်ခက်လှ၏။ အနည်းငယ်မျှ

http://www.dhammadownload.com



သော အနှောင့်အယှက်ဖြင့်လည်း ပျက်စီးတတ်၏။

ထိုတန်ခိုးဣဒ္ဓိသည် ဝိပဿနာ၏ ပလိဗောဓသာဖြစ်၏။ သမာဓိ၏ပလိဗောဓမဖြစ်။ အဘယ်ကြောင့်ဆိုသော် သမာဓိသို့ရောက်ပြီးမှသာ တန်ခိုးဣဒ္ဓိကို ရအပ်သောကြောင့်ဖြစ်၏။

ထို့ကြောင့် ဝိပဿနာကို အလိုရှိသော ယောဂီပုဂ္ဂိုလ်သည် ဣဒ္ဓိပလိဗောဓကိုဖြတ်အပ်၏။ သမာဓိကို အလိုရှိသော ယောဂီပုဂ္ဂိုလ်သည် ဣဒ္ဓိပလိဗောဓမှ ကြွင်းသည့် ကျန် ပလိဗောဓ (၉)ပါးတို့ကိုသာလျှင် ပယ်ဖြတ်အပ်၏။

### * ကလျာဏမိတ္တထံမှ ကမ္မဋ္ဌာန်းသင်ယူခြင်း

'ကလျာဏမိတ္တ'ဟူသည် 'ကမ္မဋ္ဌာန်းပေးတတ်သော မိတ်ဆွေကောင်း'ကို ဆိုလို၏။

**ကမ္မဋ္ဌာန်းနှစ်မျိုးရှိ၏။**

**(၁)သဗ္ဗတ္ထကကမ္မဋ္ဌာန်း** – အလုံးစုံ၌ အလိုရှိအပ်သော ကမ္မဋ္ဌာန်းဖြစ်၏။ အကျိုးကျေးဇူး အလွန်များသဖြင့် နေရာတိုင်းမှာ အလိုရှိအပ်သည့် ကမ္မဋ္ဌာန်းဖြစ်၏။ ကမ္မဋ္ဌာန်းအားထုတ်မှုအောင်မြင်ရန် အကြောင်း အထောက်အပံ့ဖြစ်၏။

မေတ္တာပွားခြင်း၊ မရဏာဿတိနှင့် အသုဘသညာတို့သည် သဗ္ဗတ္ထကကမ္မဋ္ဌာန်းများဖြစ်ကြ၏။

**(၂)ပါရိဟာရိယကမ္မဋ္ဌာန်း** – စရိုက်အားလျော်စွာ အမြဲဆောင်ထားအပ်သော ကမ္မဋ္ဌာန်းဖြစ်၏။ ကမ္မဋ္ဌာန်း (၄၀)တွင် မိမိစရိုက်နှင့်လျော်ကန်သော ကမ္မဋ္ဌာန်းတစ်ပါးပါးကို အမြဲဆောင်၍ သမ္မာသမာဓိထူထောင်ရန် ရှုပွားရ၏။ အထက်ဖြစ်သော ဘာဝနာရှုပွားမှု၏ နီးစွာသောအကြောင်းဖြစ်သောကြောင့် ပါရိဟာရိယကမ္မဋ္ဌာန်းဟု ဆိုအပ်၏။

### သဗ္ဗတ္ထကကမ္မဋ္ဌာန်းပွားများခြင်း

ကမ္မဋ္ဌာန်းအားထုတ်သောရဟန်းသည် ရှေးဦးစွာ မေတ္တာပွားရမည်။ ဥပစာရသိမ်အတွင်း၌တည်သော ရဟန်းသံဃာကို "ဤကျောင်းတိုက်နေ ရဟန်းတို့သည် ချမ်းသာကြသည် ဖြစ်ပါစေ၊ ကြောင့်ကြကင်းသည်ဖြစ်ပါစေ"ဟု မေတ္တာပွားအပ်၏။

ထို့နောက် ထိုဥပစာရသိမ်အတွင်းရှိ နတ်တို့ကို မေတ္တာပွားအပ်၏။ ထို့နောက်ဆွမ်းခံရွာ၌ အစိုးရသော မင်းတို့ကို မေတ္တာပွားအပ်၏။ ထို့နောက် ဆွမ်းခံရွာ၌ နေသောလူတို့ကို အစပြု၍ အလုံးစုံသော သတ္တဝါတို့ကို မေတ္တာပွားအပ်၏။

ထိုမေတ္တာပွားခြင်း၏ အကျိုးကား ထိုကမ္မဋ္ဌာန်းအားထုတ်သော ရဟန်းသည် ရဟန်းသံဃာကို မေတ္တာပွားခြင်းဖြင့် သီတင်းသုံးဖော် ရဟန်းတို့အား မိမိအပေါ်မှာ နူးညံ့သည့်စိတ်ရှိစေ၏။ မိမိနှင့် ထိုသီတင်းသုံးဖော်ရဟန်းတို့သည် အချင်းချင်းသင့်မြတ်၍ နှလုံးချမ်းမြေ့ခြင်းရှိစေ၏။

http://www.dhammadownload.com



ဥပစာရသိမ်အတွင်းရှိ နတ်တို့ကို မေတ္တာပို့သခြင်းကြောင့် နူးညံ့သောစိတ်ရှိကြသည့် နတ်တို့သည် တရားနှင့်လျော်သော အစောင့်အရှောက်ကို ကောင်းစွာစီရင် စောင့်ရှောက်ကြကုန်၏။

ဆွမ်းခံရွာကို အစိုးရသောမင်းတို့အား မေတ္တာပွားပို့ခြင်းကြောင့် နူးညံ့သည့်သန္တာန်ရှိကုန်သောမင်းတို့သည် တရားနှင့်လျော်သော အစောင့်အရှောက်ဖြင့် ကောင်းစွာစောင့်ရှောက်ကြကုန်၏။

ဆွမ်းခံရွာရှိလူတို့ကို မေတ္တာပွားပို့ခြင်းကြောင့် ကြည်ညိုသည့်စိတ်ရှိကုန်သော ထိုလူတို့သည် မနှိပ်စက်ဘဲ မေတ္တာတုံ့ပြန်ကြသဖြင့် ချမ်းသာစွာလှည့်လည်ရ၏။ အလုံးစုံသော သတ္တဝါတို့ကို မေတ္တာပွားပို့ထားခြင်းကြောင့် အလုံးစုံသောအရပ်တို့တွင် အထိအခိုက်အနှောင့်အယှက်မရှိဘဲ ချမ်းသာစွာလှည့်လည်နိုင်၏။

ထို့နောက် မရဏာနုဿတိကိုရှုပွား၏။ "သေရအံ့၊ သေရအံ့"ဟု အဖန်တလဲလဲအောက်မေ့သောသတိဖြင့် "ငါသည် ဧကန်မချွတ်သေရအံ့"ဟု အဖန်ဖန်ရှုပွား၏။ ဤသို့ဆင်ခြင်ရှုပွားသောကြောင့် မအပ်သောပစ္စည်းရှာမှီးခြင်းကိုပယ်၍ အဆင့်ဆင့်တိုးပွားသည့် ထိတ်လန့်ခြင်းသံဝေဂရှိသည်, မတွန့်မဆုတ်သော စိတ်ရှိသည် ဖြစ်၏။

ထို့နောက် မိမိမြင်ဖူးသော လိင်တူလူသေအလောင်းကောင်ကို အာရုံယူ၍ "အသုဘ–ရွံစရာ၊ အသုဘ–ရွံစရာ"ဟူ၍ အဖန်ဖန် ရှုပွားအပ်၏။ ဤသို့ အသုဘသညာဖြင့်လေ့လာသောရဟန်း၏စိတ်ကို နတ်ကာမဂုဏ်အာရုံတို့ပင်လျှင် လောဘ၏အစွမ်းဖြင့် မဆွဲဆောင်နိုင်ချေ၊ တစ်ပါးသောအာရုံတို့မှုကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

ဤသို့ကျေးဇူးများခြင်းကြောင့် အလုံးစုံသော ကမ္မဋ္ဌာန်းတို့ကို အားထုတ်ခြင်း၌ သဗ္ဗတ္ထကကမ္မဋ္ဌာန်းကို ရှေးဦးစွာ မှီဝဲပွားများရန် အလိုရှိအပ်၏။

## အဆွေခင်ပွန်းကောင်း (ကလျာဏမိတ္တ)

'ကလျာဏမိတ္တ'ဟူသော အဆွေခင်ပွန်းကောင်းသည်

(၁)သီလစင်ကြယ်၍ ချစ်ခင်အပ်သောဂုဏ်၊

(၂)သီလ, သမာဓိဂုဏ်တို့ကြောင့် အလေးအမြတ်ပြုအပ်သောဂုဏ်၊

(၃)မေတ္တာရေမခန်းအောင် မေတ္တာပွားပို့သောဂုဏ်၊

(၄)သူတစ်ပါးကို ကောင်းအောင် ဆုံးမတတ်သောဂုဏ်၊

(၅)သူတစ်ပါး၏အဆိုကို သည်းခံနိုင်သောဂုဏ်၊

(၆)နက်နဲသောတရားစကားကို ပြောကြားတတ်သောဂုဏ်၊

(၇)မလျောက်ပတ်သည့်အရာ၌ မတိုက်တွန်းတတ်သောဂုဏ်တို့နှင့် ပြည့်စုံ၏။

သဗ္ဗတ္ထကကမ္မဋ္ဌာန်းနှင့် ပါရိဟာရိယကမ္မဋ္ဌာန်းတို့ကို သင်ပြပေးနိုင်စွမ်းလည်းရှိ၏။ ဤသို့သော ကျေးဇူးဂုဏ်တို့နှင့်ပြည့်စုံ၍ အစီးအပွားကိုလိုလားသော ကြီးပွားခြင်းအဖို့၌

http://www.dhammadownload.com



တည်သော ကလျာဏမိတ္တ–မိတ်ဆွေကောင်းထံသို့ ဆည်းကပ်ကာ ကမ္မဋ္ဌာန်းနှစ်မျိုးကို သင်ယူအပ်၏။

"အို–အာနန္ဒာ၊ ငါဘုရားတည်းဟူသော မိတ်ဆွေကောင်းကို ဆည်းကပ်ရသဖြင့် ပဋိသန္ဓေနေရမှု–ဇာတိသဘောမကင်းကြသည့် သတ္တဝါတို့သည် ထိုဇာတိသဘောမှလွတ်မြောက်ကြကုန်၏" အစရှိသည်ဖြင့် ဟောတော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ– မြတ်စွာဘုရားသည် အလုံးစုံသောအခြင်းအရာတို့နှင့် ပြည့်စုံသည့် ကလျာဏမိတ်မည်၏။ သို့အတွက် မြတ်စွာဘုရားရှိတော်မူလျှင် မြတ်စွာဘုရားထံမှ ယူအပ်သောကမ္မဋ္ဌာန်းသည် ကောင်းစွာယူအပ်သည်ဖြစ်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည်နောက် မဟာသာဝကရှစ်ကျိပ်တို့တွင် သက်တော်ထင်ရှားရှိသည့် မဟာသာဝကထံတွင် ကမ္မဋ္ဌာန်းယူခြင်းငှာသင့်၏။ ထိုမဟာသာဝကတို့မရှိခဲ့သော် မိမိသင်ယူလိုသော ကမ္မဋ္ဌာန်း၏အစွမ်းဖြင့် စတုက္ကဈာန်, ပဉ္စကဈာန်တို့ကို ဖြစ်စေ၍ ဈာန်လျှင်နီးစွာသော အခြေပါဒရှိသည့် ဝိပဿနာကို ရှုပွား၍ အရဟတ္တမဂ်သို့ရောက်ပြီးသော ရဟန္တာထံ၌ ကမ္မဋ္ဌာန်းယူအပ်၏။

အာသဝေါကုန်ခန်းပြီးသော ရဟန္တာသည် "ငါသည် ရဟန္တာပုဂ္ဂိုလ်တည်း"ဟု မပြောကြားအပ်သောကြောင့် ရဟန္တာပုဂ္ဂိုလ်ဟူ၍ အဘယ်သို့သိနိုင်သနည်း။

ဘာဝနာရှုပွားမှု၌ လုံ့လအားသန်သည်၏အဖြစ်ကိုသိလျှင် ရဟန္တာသည် ပဋိပတ်အကျင့်၏ အချည်းနှီးမဟုတ်ကြောင်းကို ပြ၏။ အဿဂုတ္တမထေရ်သည် ကမ္မဋ္ဌာန်းတောင်းလာသောရဟန်းအား ထိုရဟန်းက ကိုယ်အသက်ကို မငဲ့ကွက်ဘဲ လုံ့လထက်သန်စွာဖြင့် ဘာဝနာရှုပွားမည်ကိုသိ၍ ကောင်းကင်၌ စမ္မခံကိုခင်း၏။ ထိုစမ္မခံ၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေ၍ အနွယ်အဆက်ကို စောင့်ခြင်းငှာ ကမ္မဋ္ဌာန်းကို ဟောကြားခဲ့ဖူးပြီ။

ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်သည် မိမိကိုယ်ကို ရဟန္တာဟု မဆိုသင့်သော်လည်း ဘာဝနာမှု၌ လုံ့လအားသန်သူကိုသိ၍ မိမိရဟန္တာဖြစ်သည်ကို ထင်ရှားစေလျက် ကမ္မဋ္ဌာန်းဟောကြားသင်ပြပေးနိုင်ပါသည်။

အကယ်၍ရဟန္တာပုဂ္ဂိုလ်ကိုမရခဲ့လျှင် အနာဂါမ်ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ သောတာပန်ပုဂ္ဂိုလ်၊ ဈာနလာဘီပုဂ္ဂိုလ်၊ ပုထုဇဉ်ဖြစ်လျက် ပိဋကတ်သုံးပုံဆောင်, နှစ်ပုံဆောင်, တစ်ပုံဆောင်ပုဂ္ဂိုလ်တို့တွင် ရှေ့ရှေ့သောပုဂ္ဂိုလ်ထံ၌ ကမ္မဋ္ဌာန်းယူအပ်၏။

ပိဋကတ်တစ်ပုံဆောင် ပုဂ္ဂိုလ်ကိုလည်း မရခဲ့သော် နိကာယ်တစ်ခုမျှကို အဋ္ဌကထာနှင့်တကွ လေ့လာထားသောပုဂ္ဂိုလ်သည် လဇ္ဇီသူတော်ကောင်းပုဂ္ဂိုလ်ဖြစ်အံ့၊ ထိုပုဂ္ဂိုလ်ထံ၌ ကမ္မဋ္ဌာန်းကို သင်ယူအပ်၏။

လဇ္ဇီပေသလ သိက္ခာကာမ ဗဟုသုတရှိသော သူတော်ကောင်းပုဂ္ဂိုလ်သည် သုတ်ကိုမြဲစွာဆောင်သော အမျိုးအနွယ်, အစဉ်အဆက်တို့ကို စောင့်ရှောက်သော ဆရာဖြစ်၍ ဆရာ

http://www.dhammadownload.com



၏သြဝါဒကို မလွန်မကျူးဘဲ အမြဲလိုက်နာစောင့်ထိန်း၏။ မိမိ၏အယူဝါဒကိုသာ လိပ်ခဲ တည်းလည်း ဆိုတတ်သည်မဟုတ်။

ထို့ကြောင့် ရှေးမထေရ်ကြီးတို့သည် "လဇ္ဇီပုဂ္ဂိုလ် သာသနာတော်ကို စောင့်ပေလတ္တံ့၊ လဇ္ဇီပုဂ္ဂိုလ် သာသနာတော်ကို စောင့်ပေလတ္တံ့၊ လဇ္ဇီပုဂ္ဂိုလ် သာသနာတော်ကို စောင့်ပေလတ္တံ့"ဟု သုံးကြိမ်တိုင်တိုင် ဆိုတော်မူကြကုန်ပြီ။

ကမ္မဋ္ဌာန်းပေးသောကလျာဏမိတ္တတို့တွင် ရှေ့ကဆိုခဲ့ပြီးသည့် ခီဏာသဝရဟန္တာပုဂ္ဂိုလ် စသောအရိယာများသည် မိမိတို့ရဖူး, သွားဖူးသည့် ကမ္မဋ္ဌာန်းလမ်းကြောင်းကိုသာလျှင် ဟောကြားနိုင်ကုန်၏။

အကြားအမြင်, ဗဟုသုတများသောပုဂ္ဂိုလ်သည် ထိုထိုဆရာများထံ ချဉ်းကပ်၍ သင်ကြားမေးမြန်းခြင်းဖြင့် သုတ်သင်ရှင်းလင်းထားသည့်အတွက် နိကာယ်ငါးရပ်တွင် ဤမည်သောနိကာယ်မှ ကမ္မဋ္ဌာန်းနှင့်လျော်သည့်သုတ်ကိုလည်းကောင်း၊ အကြောင်းယုတ္တိကိုလည်းကောင်း၊ မြဲစွဲမှတ်ထား၏။ သို့ဖြစ်၍ ကမ္မဋ္ဌာန်းတောင်းသူနှင့် လျောက်ပတ်သည် မလျောက်ပတ်သည်ကို နှိုင်းယှဉ်ဆင်ခြင်ပြီးကာ ချုံစေးပြစ်ထူထပ်သောအရပ်ကို ဖြောင့်ဖြောင့်နင်း၍ သွားနိုင်သည့်ဆင်ပြောင်ကြီးကဲ့သို့ ကမ္မဋ္ဌာန်းလမ်းစဉ်ကို ကျယ်ဝန်းစွာဖွင့်ပြလျက် ကမ္မဋ္ဌာန်းကို ဟောကြားပေလတ္တံ့။

ထို့ကြောင့် ဤသို့သဘောရှိသော ကမ္မဋ္ဌာန်းပေးသူ ဆရာမိတ်ဆွေခင်ပွန်းကောင်းကို ချဉ်းကပ်လျက် ထိုဆရာ၏ဝတ်ကြီးဝတ်ငယ်ကို ကျေပွန်စွာပြုပြီးလျှင် ကမ္မဋ္ဌာန်းကိုသင်ယူအပ်၏။

ကမ္မဋ္ဌာန်းပေးသော ဆရာမိတ်ဆွေကောင်းကို မိမိနှင့်တစ်ကျောင်းတည်းမှာ ရနိုင်ပါမူ ကောင်းလှ၏။ အကယ်၍မရသော်ကား ထိုကလျာဏမိတ္တနေသောကျောင်းသို့ သွားအပ်၏။ ထိုသို့ သွားရာတွင် လက်ဆောင်များကို ယူဆောင်ပြီး တပည့်များ ခြံရံကာထယ်ထယ်ဝါဝါမသွားသင့်ပါ။ ခရီးသွားရဟန်းတို့ ပြုသင့်သောဝတ်ကို ပြည့်စေ၍ တပည့်ဝန်ထမ်းမပါ မိမိ၏သပိတ်သင်္ကန်းကို ကိုယ်တိုင်ကိုင်ယူကာ သွားအပ်၏။ အဆောင်အယောင်မများ၊ ပေါ့ပါးသောပရိက္ခရာရှိသည်, အလွန်ခေါင်းပါးသည့် အသက်မွေးခြင်းရှိသည်ဖြစ်၍ သွားအပ်၏။

ဆရာထံရောက်သောနေ့၌ပင် ကမ္မဋ္ဌာန်းဟောကြားပေးရန် မလျှောက်ထားသင့်။ ဒုတိယနေ့မှ စ၍ အလုပ်အကျွေးထံတွင် တောင်းပန်၍ဆရာကို ဝတ်ကြီးဝတ်ငယ် ပြုပေးရမည်။ ဆရာက လာခြင်းအကြောင်းကို မမေးဘဲ ဝတ်ပြုခြင်း၌သာယာနေလျှင် တစ်လ သို့မဟုတ် လခွဲလွန်သောအခါမှသာ ကမ္မဋ္ဌာန်းကို တောင်းသင့်၏။ ဆရာခေါ်သောအချိန်၌သွား၍ ဆရာကမ္မဋ္ဌာန်း ဟောကြားသည်ကို ရိုသေစွာ စေ့စေ့ငငမှတ်မိရန် နာခံမှတ်သားရမည်။

http://www.dhammadownload.com



### * စရိုက် (၆) ပါး

ပကတိ – ပင်ကိုယ်ရင်းသဘောအားဖြင့်၊ စရိယ – အဖြစ်များသည့် အခြင်းအရာကို 'စရိုက်'ဟုခေါ်၏။ မူလစရိုက်(၆)ပါးမှာ ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်၊ ဝိတက်စရိုက်တို့ ဖြစ်ကြ၏။

လောဘ, ဒေါသ, မောဟတို့ ရောနှောခြင်းဖြင့်လည်းကောင်း၊ သဒ္ဓါ, ဗုဒ္ဓိ, ဝိတက်တို့ ရောနှောခြင်းဖြင့်လည်းကောင်း၊ စရိုက် (၁၄)ပါးရှိနိုင်သည်ဟု အချို့ဆရာတို့ဆိုကြ၏။

### စရိုက် (၁၄) ပါး

(၁)ရာဂစရိုက်
(၂)ဒေါသစရိုက်
(၃)မောဟစရိုက်
(၄)ရာဂ–ဒေါသစရိုက်
(၅)ရာဂ–မောဟစရိုက်
(၆)ဒေါသ–မောဟစရိုက်
(၇)ရာဂ–ဒေါသ–မောဟစရိုက်
(၈)သဒ္ဓါစရိုက်
(၉)ဗုဒ္ဓိစရိုက်
(၁၀)ဝိတက်စရိုက်
(၁၁)သဒ္ဓါ–ဗုဒ္ဓိစရိုက်
(၁၂)သဒ္ဓါ–ဝိတက်စရိုက်
(၁၃)ဗုဒ္ဓိ–ဝိတက်စရိုက်
(၁၄)သဒ္ဓါ–ဗုဒ္ဓိ–ဝိတက်စရိုက်

ရာဂစသည်တို့နှင့် သဒ္ဓါစသည်တို့ကို ရောနှောလျှင် စရိုက်များစွာရနိုင်ပေ၏။ အကျဉ်းအားဖြင့်ကား စရိုက်(၆)ပါးသာ သိအပ်၏။

### စရိုက်အစွမ်းဖြင့် ပုဂ္ဂိုလ် (၆)မျိုး

မူလစရိုက်တို့၏ အစွမ်းအားဖြင့် (၁)ရာဂထူပြောသောပုဂ္ဂိုလ် (၂)ဒေါသထူပြောသည့်ပုဂ္ဂိုလ်၊ (၃)မောဟထူပြောသောပုဂ္ဂိုလ်၊ (၄)သဒ္ဓါအားကောင်းသည့်ပုဂ္ဂိုလ်၊ (၅)ပညာအားကောင်းသောပုဂ္ဂိုလ်၊ (၆)ဝိတက်အားကောင်းသောပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ်(၆) မျိုး ရှိပေ၏။

### ရာဂစရိုက်နှင့်သဒ္ဓါစရိုက်တို့ သဘောတူပုံ

(၁)‚ ရာဂထူပြောသည့်ပုဂ္ဂိုလ် (ဝါ) ရာဂစရိုက်ရှိသူသည် ကုသိုလ်စိတ်ဖြစ်သည့်အခါ သဒ္ဓါတရားအားကောင်း၏၊ ရာဂနှင့်နီးသော ဂုဏ်ရှိသောကြောင့်ဖြစ်၏။ အကုသိုလ်အဖို့၌ ရာဂသည် သိမ်မွေ့နူးညံ့သည်, မကြမ်းတမ်းမရုန့်ရင်းသည် ဖြစ်သကဲ့သို့ သဒ္ဓါသည်လည်း ကုသိုလ်အဖို့၌ သိမ်မွေ့နူးညံ့၏၊ မကြမ်းတမ်း မရုန့်ရင်းချေ။

(၂) ရာဂသည် ဝတ္ထုကာမကို ရှာသကဲ့သို့ ထို့အတူ သဒ္ဓါသည်သီလစသော ဂုဏ်တို့ကိုရှာ၏၊

(၃) ရာဂသည် အကျိုးစီးပွားမဲ့သည်ကို မစွန့်သကဲ့သို့ ထို့အတူ သဒ္ဓါသည် အကျိုးစီးပွားကို မစွန့်ချေ။

ထို့ကြောင့် ရာဂထူပြောသောပုဂ္ဂိုလ်နှင့် သဒ္ဓါအားကောင်းသောပုဂ္ဂိုလ်တို့သည် တူသောသဘောရှိကြ၏၊ ပေါင်းသင်းလို့ရ၏။

http://www.dhammadownload.com



### ဒေါသစရိုက်နှင့် ဗုဒ္ဓိစရိုက်တို့ သဘောတူပုံ

(၁) ဒေါသထူပြောသော ဒေါသစရိုက်ရှိသူသည် ကုသိုလ်စိတ်ဖြစ်သည့်အခါ ဒေါသနှင့် နီးသည့်ဂုဏ်ရှိသည်အဖြစ်ကြောင့် ပညာအားကောင်း၏။ အကုသိုလ်အဖို့၌ ဒေါသသည် သိမ်မွေ့နူးညံ့သည့်အတွက် အာရုံသို့ မကပ်ငြိသကဲ့သို့ ထို့အတူ ကုသိုလ်အဖို့တွင် ပညာသည် နူးညံ့သိမ်မွေ့သည်ဖြစ်၍ အာရုံသို့ မကပ်ငြိချေ။

(၂) ဒေါသသည် မမှန်သောအပြစ်ကိုသာလျှင် ရှာဖွေသကဲ့သို့ ထို့အတူ ပညာသည်လည်း ဟုတ်မှန်သည့်အပြစ်ကို ရှာဖွေ၏။

(၃) ဒေါသသည် သတ္တဝါကို ကြဉ်ရှောင်သည့်အခြင်းအရာအားဖြင့် ဖြစ်၏။ ထို့အတူ ပညာသည် သင်္ခါရကို ကြဉ်ရှောင်သော အခြင်းအရာအားဖြင့် ဖြစ်၏။

ထို့ကြောင့် ဒေါသထူပြောသောပုဂ္ဂိုလ်နှင့် ပညာအားကောင်းသော ပုဂ္ဂိုလ်တို့သည် တူသည့်သဘောရှိကြ၏၊ ပေါင်းသင်းလို့ရ၏။

### မောဟစရိုက်နှင့် ဝိတက်စရိုက်တို့ သဘောတူပုံ

မောဟထူပြောသည့် ပုဂ္ဂိုလ် (ဝါ) မောဟစရိုက်ရှိသူသည် မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှာ လုံ့လပြုသည်ရှိသော် အန္တရာယ်ပြုတတ်သည့် မိစ္ဆာဝိတက်၊ မိစ္ဆာသင်္ကပ္ပတို့ ဖြစ်ပေါ်၏။ အကြောင်းမှာ မောဟနှင့်နီးသော လက္ခဏာရှိသောကြောင့် ဖြစ်၏။

(၁) မောဟသည် တွေဝေခြင်းဖြင့် ထက်ဝန်းကျင်နှောင့်ယှက်သောကြောင့် အမြဲမတည်ချေ၊ ထို့အတူ ဝိတက်သည် အထူးထူးအပြားပြားသော အာရုံတို့ကို ကြံတတ် သောကြောင့် အမြဲမတည်ချေ။

(၂) မောဟသည် အာရုံသို့သက်ဝင်၍ မဆုံးဖြတ်နိုင်သောကြောင့် တုန်လှုပ်၏။ ထို့အတူပင် ဝိတက်သည် လျင်မြန်စွာရွေ့ပြောင်း၍ ကြံတတ်သောကြောင့် တုန်လှုပ်၏။

ထို့ကြောင့် မောဟထူပြောသော ပုဂ္ဂိုလ်နှင့် ဝိတက်အားကောင်းသော ပုဂ္ဂိုလ်တို့သည် တူသည့်သဘောရှိကြ၏၊ ပေါင်းသင်းလို့ရ၏။

### အခြားသောစရိုက် (၃) မျိုး

အပရေဆရာများ (ဝါ) တစ်ပါးသော အယူအဆရှိသော ဆရာများက ထိုမူလစရိုက်(၆) မျိုးအပြင် အခြားစရိုက် (၃)မျိုးလည်း ရှိသေးကြောင်း ဟောကြားကြကုန်၏။ ထိုစရိုက် (၃)မျိုးမှာ (၁) တဏှာစရိုက်၊ (၂) မာနစရိုက်၊ (၃) ဒိဋ္ဌိစရိုက်တို့ ဖြစ်ကြ၏။

တဏှာဟူသည် ရာဂပင်ဖြစ်သဖြင့် တဏှာစရိုက်သည် ရာဂစရိုက်နှင့် အတူတူပင် ဖြစ်၏။ မာနသည်လည်း ရာဂ၏သမ္ပယုတ်တရားဖြစ်သဖြင့် မာနစရိုက်သည် ရာဂစရိုက်၌ အကျုံးဝင်၏။

http://www.dhammadownload.com



ဒိဋ္ဌိဟူသည်မှာ မောဟလျှင် အကြောင်းရင်းရှိသောကြောင့် ဒိဋ္ဌိစရိုက်သည် မောဟစရိုက်၌တွင် လျော်ဝင်၏။

## စရိုက်အသီးသီးကိုဖြစ်စေသော အကြောင်းတရားများ

စရိုက်ဟူသည့် ဘဝအစဉ်အဆက် စိတ်အစဉ်တွင် ကပ်ပါလာသော အလေ့အကျင့်ဖြစ်၏။ ပုဂ္ဂိုလ်တစ်ဦးတွင် ပြုပြင်မထားသည့် ပင်ကိုသဘောလည်း ဖြစ်၏။ ပိုမိုထူးကဲစွာ အဖြစ်များသည့် သဘောလည်းဖြစ်၏။

(၁) ရာဂစရိုက်–ရှေးအတိတ်ဘဝက အကောင်းအမွန် နှစ်သက်ဖွယ်အမှုအရာများသောသူ၊ တင့်တယ်သည့်အမှုကို ပြုခြင်းများသောသူသည် ရာဂထူပြော၏။ နတ်ပြည်မှစုတေ၍ လူ့ပြည်၌ဖြစ်သောသူသည်လည်း ရာဂထူပြော၏။ ပထဝီ, အာပေါ, တေဇော, ဝါယော ဟူသော ဓာတ်လေးပါးသမသည့်ပုဂ္ဂိုလ်သည် ရာဂထူပြော၏။ သလိပ်နှင့်လေ လွန်ကဲသောသူသည်လည်း ရာဂထူပြော၏။

(၂) ဒေါသစရိုက် – ရှေးဘဝက သတ်ခြင်း, ဖြတ်ခြင်း, ရန်မူခြင်း, နှောင်ဖွဲ့ခြင်းများသောသူသည် ဒေါသထူပြော၏။ ငရဲ၌ှ, နဂါးမျိုးတို့မှစုတေ၍ ဤလူ့ပြည်၌ဖြစ်သော သူသည်လည်း ဒေါသထူပြော၏။ တေဇောဓာတ်နှင့် ဝါယောဓာတ်လွန်ကဲသောကြောင့် လည်း ဒေါသထူပြော၏။

(၃) မောဟစရိုက် – ရှေးဘဝက သေရည်အရက်သောက်ခြင်းများသူ၊ အကြားအမြင် ဗဟုသုတနှင့် ဉာဏ်ပညာကြီးမားသည့် ပညာရှိများထံ၌ မေးမြန်းခြင်းကင်းသောသူတို့သည် မောဟထူပြော၏။ တိရစ္ဆာန်ဘဝမှစုတေ၍ ဤလူ့ဘဝတွင် ဖြစ်သောသူသည် လည်း မောဟထူပြော၏။ လေနှင့်သလိပ်လွန်ကဲသောသူသည်လည်း မောဟထူပြော၏။

ဤသို့လျှင် ရှေးဘဝက လေ့ကျက်ခဲ့ဖူးသောအကြောင်းကြောင့်လည်းကောင်း၊ ဓာတ်, ဒေါသလွန်ကဲမှုအကြောင်းကြောင့်လည်းကောင်း စရိုက်အမျိုးမျိုးဖြစ်ပေါ်သည်။

## အဋ္ဌကထာဆရာတော်ကြီးတို့၏ မိန့်ဆိုချက်

သတ္တဝါတို့သည် ရှေးဘဝ၌ဖြစ်သော လောဘစသည့်အကြောင်းအရာတို့၏ စွဲမြဲသော အကြောင်းကြောင့် လောဘထူပြောကုန်သည်၊ ဒေါသထူပြောကုန်သည်၊ မောဟထူပြောကုန်သည်၊ အလောဘထူပြောကုန်သည်၊ အဒေါသထူပြောကုန်သည်၊ အမောဟထူပြောကုန်သည် ဖြစ်ကြ၏။

### (၁) လောဘ (ရာဂ) နှင့် ပညာ (ဗုဒ္ဓိ)အားကြီးရခြင်း၏ အကြောင်းရင်း

အကြင်သူသည် ကံကိုဆည်းပူးသည့်ခဏ၌ လောဘအားသန်၍ အလောဘသေးသိမ်၏၊ အဒေါသနှင့်အမောဟတို့ အားရှိကုန်၏၊ ဒေါသနှင့်မောဟတို့ အားနည်းကုန်၏၊ ထိုသူအား အားနည်းသောအလောဘသည် အားကြီးသည့်လောဘကို မနှိမ်နင်းနိုင်။

http://www.dhammadownload.com



အဒေါသ, အမောဟတို့က အားကြီးကြသောကြောင့် ဒေါသ, မောဟတို့ကို နှိမ်နှင်းနိုင်၏။ သို့အတွက် ထိုပုဂ္ဂိုလ်သည် ထိုကံပေးအပ်သောပဋိသန္ဓေအစွမ်းဖြင့် လူ့ဘဝဖြစ်သော် လောဘအားကြီး၏၊ သူတပါးတို့ချမ်းသာအောင် ပြေပြေပြစ်ပြစ် ပြောဆိုလေ့ရှိ၏။ အမျက်ထွက်လေ့မရှိ၊ ပညာရှိ၏၊ ဝရဇိန်မိုးကြိုးစက်နှင့်တူသော ဉာဏ်ရှိ၏။

(၂) လောဘ, ဒေါသ, ပညာတို့အားကြီးရခြင်း၏ အကြောင်းရင်း

အကြင်သူသည် ကံကိုအားထုတ်ပြုလုပ်သောခဏ၌ လောဘ, ဒေါသတို့ အားရှိကုန်၏၊ အလောဘ, အဒေါသတို့ အားနည်းကုန်၏၊ အမောဟသည် အားကြီးပြီး မောဟသည် အားနည်း၏။ ထိုပုဂ္ဂိုလ်သည် ထိုကံပေးအပ်သော ပဋိသန္ဓေအစွမ်းဖြင့် လူလာဖြစ်သော် လောဘ, ဒေါသတို့အားကြီး၏၊ ပညာသည်ကား ဝရဇိန်မိုးကြိုးစက်ကဲ့သို့ ထက်မျက်စူးရှသော ဉာဏ်ရှိစေ၏၊ ဒုဋ္ဌဂါမဏိမထေရ်ကဲ့သို့တည်း။

(၃) လောဘအားကြီးပြီး ဉာဏ်လေးရသည့် အကြောင်းရင်း

အကြင်သူသည် ကံကိုအားထုတ်ပြုလုပ်သောခဏ၌ လောဘ, အဒေါသ, မောဟတို့ အားကြီးကုန်၏၊ ဤမှတစ်ပါးသော အလောဘ, ဒေါသ, အမောဟ စသည်တို့သည် အားနည်းကြကုန်၏။ ထိုပုဂ္ဂိုလ်သည် ထိုကံပေးအပ်သော ပဋိသန္ဓေအစွမ်းဖြင့် လူ့ဘဝကို ရသော် လောဘကြီး၏၊ ဉာဏ်လေး၏၊ သူတစ်ပါးတို့ချမ်းသာအောင် ပြေပြေပြစ်ပြစ်ဆိုလေ့ရှိ၏၊ အမျက်မထွက်တတ်၊ အရှင်ဗာကုလမထေရ်ကဲ့သို့တည်း။

(၄) လောဘ, ဒေါသ, မောဟတို့အားကြီးရသည့်အကြောင်းရင်း

ထို့အပြင် အကြင်သူသည် ကံကိုအားထုတ်ပြုလုပ်သောခဏ၌ လောဘ, ဒေါသ, မောဟတို့သည် အားရှိကြကုန်၏၊ အလောဘ, အဒေါသ, အမောဟတို့ကား အားနည်းကြကုန်၏။ ထိုသူသည် ထိုကံပေးအပ်သော ပဋိသန္ဓေအစွမ်းဖြင့် လူလာဖြစ်သော် လိုချင်တပ်မက်မှု, ကြမ်းတမ်းခက်ထန်မှု, တွေဝေမှုတို့ အားကြီး၏။

(၅) အလောဘ, ဒေါသ, မောဟတို့အားကြီးရသည့် အကြောင်းရင်း

အကြင်သူကား ကံကိုအားထုတ်ပြုလုပ်သောခဏ၌ အလောဘ, ဒေါသ, မောဟတို့သည် အားကြီးကြကုန်၏။ ဤမှတစ်ပါးသောတရားတို့သည် အားနည်းကြကုန်၏။ ထိုသူသည် ထိုကံပေးအပ်သော ပဋိသန္ဓေအစွမ်းဖြင့် လူ့ဘဝကိုရသော် တပ်မက်လိုချင်ခြင်းမရှိ၊ ကိလေသာနည်းပါး၏၊ နတ်၌ဖြစ်သောအာရုံကို တွေ့ကြုံရပါသော်လည်း တုန်လှုပ်ခြင်းမရှိပေ။ ကြမ်းတမ်းသည်လည်းကောင်း၊ ဉာဏ်ထိုင်းသည်လည်းကောင်း ဖြစ်၏။

(၆) အလောဘ, အဒေါသ, မောဟတို့ အားကြီးရသည့်အကြောင်းရင်း

အကြင်သူကား ကံကိုအားထုတ်ပြုလုပ်သောခဏ၌ အလောဘ, အဒေါသ, မောဟတို့သည် အားကြီးကြကုန်၏။ ဤမှတစ်ပါးသောတရားတို့သည် အားနည်းကြကုန်၏။ ထိုသူသည် ထိုကံပေးအပ်သော ပဋိသန္ဓေအစွမ်းဖြင့် လူ့ဘဝကိုရသော် လိုချင်တပ်မက်ခြင်း

http://www.dhammadownload.com



မရှိ၊ ကြမ်းတမ်းခက်ထန်ခြင်းမရှိ၊ သူတပါးတို့ချမ်းသာအောင် ပြုလေ့ရှိ၏။ ပညာဉာဏ်သည်ကား ထိုင်းမှိုင်း၏။

(၇) အလောဘ, ဒေါသ, အမောဟတို့အားကြီးရသည့် အကြောင်းရင်း

ထို့အပြင် အကြင်သူသည် ကံကိုအားထုတ်ပြုလုပ်သည့်ခဏ၌ အလောဘ, ဒေါသ, အမောဟတို့သည် အားရှိကြကုန်၏။ ဤမှတစ်ပါးသောတရားတို့သည် အားနည်းကြကုန်၏။ ထိုသူသည် ထိုကံပေးအပ်သော ပဋိသန္ဓေအစွမ်းဖြင့် လူ့ဘဝဖြစ်သော် လိုချင်တပ်မက်ခြင်းမရှိ၊ ပညာရှိ၏၊ အမျက်ထွက်ခြင်း, ကြမ်းတမ်းခက်ထန်ခြင်းလည်းရှိ၏။

(၈) အလောဘ, အဒေါသ, အမောဟတို့ အားကြီးရသည့်အကြောင်းရင်း

ထို့အပြင် အကြင်သူသည် ကံကိုအားယုတ်ပြုလုပ်သည့်ခဏ၌ အလောဘ, အဒေါသ, အမောဟတို့ အားရှိကြကုန်၏။ လောဘ, ဒေါသ, မောဟတို့သည် အားနည်းကြကုန်၏။ ထိုပုဂ္ဂိုလ်သည် ထိုကံပေးအပ်သောပဋိသန္ဓေအစွမ်းဖြင့် လူ့ဘဝကိုရသော် လိုချင်တပ်မက်ခြင်းမရှိ၊ ကြမ်းတမ်းခက်ထန်ခြင်း, အမျက်ထွက်ခြင်းမရှိ, ပညာဉာဏ်ရှိ၏။ **မဟာသံဃရက္ခိတမထေရ်ကြီး** ကဲ့သို့တည်း။

အထက်ပါစီစစ်ချက်၌ လောဘကြီးခြင်းကို ရာဂစရိုက်၊ ကြမ်းတမ်းခက်ထန်ခြင်းကို ဒေါသစရိုက်၊ ဉာဏ်နုံ့နှေးခြင်းကို မောဟစရိုက်ဟု သိရမည်။ ပညာရှိခြင်းကို ဗုဒ္ဓိစရိုက်၊ မလိုချင်ခြင်း, မပြစ်မှား, မကြမ်းတမ်းခြင်းတို့ကို ပကတိသဘောအားဖြင့် ကြည်လင်ခြင်းဖြစ်၍ သဒ္ဓါစရိုက်ဟု သိရမည်။

တစ်နည်းသော်ကား အမောဟခြံရံ၍ အမောဟပြုပြင်အပ်သောကံကြောင့်ဖြစ်သော ပုဂ္ဂိုလ်သည် ဗုဒ္ဓိစရိုက်ရှိမည်။ အားရှိသောသဒ္ဓါခြံရံသောကံကြောင့်ဖြစ်သည့် ပုဂ္ဂိုလ်သည် သဒ္ဓါစရိုက်ရှိမည်။ ကာမဝိတက်စသည်ခြံရံသောကံကြောင့်ဖြစ်သည့်ပုဂ္ဂိုလ်သည် ဝိတက်စရိုက်ရှိမည်။ လောဘ, မောဟစသည့်ဖြင့် အချင်းချင်းမဆန့်ကျင်ဘဲ ရောနှောခြံရံသည့် ကံကြောင့်ဖြစ်သော ပုဂ္ဂိုလ်သည် ရောနှောသောစရိုက်ရှိမည်။

## စရိုက် (၆) ပါးကို ခွဲခြားသိခြင်း

မည်သည့်ပုဂ္ဂိုလ်၌ မည်သို့သောစရိုက်ရှိသည်ကို အောက်ပါနည်း (၅)မျိုးဖြင့် စိစစ်၍ သိရှိနိုင်၏။

(၁) ဣရိယာပုထ်အားဖြင့် (ဣရိယာပထ)
(၂) ကိစ္စအားဖြင့် (ကိစ္စ)
(၃) ဘောဇဉ်အားဖြင့် (ဘောဇနေ)
(၄) ကြည့်ခြင်းစသည်အားဖြင့် (ဒဿနစသည်)
(၅) တရားတို့၏ဖြစ်ခြင်းအားဖြင့် (ဓမ္မပ္ပဝတ္တိ) စိစစ်ရမည်။

http://www.dhammadownload.com



(၁) ဣရိယာပုထ်အားဖြင့် စီစစ်ခြင်း

(က) သွားခြင်း – ရာဂစရိုက်ရှိသူသည် ပကတိသွားမြဲအတိုင်းသွားသည်ရှိသော် ယဉ်ယဉ် ကျေးကျေး တင့်တင့်တယ်တယ် စံပယ်သကဲ့သို့ သွား၏။ ဖြည်းဖြည်းသာသာ ညီညီညာညာ ခြေကိုချ၏။ ထိုပုဂ္ဂိုလ်၏ခြေရာသည် အလယ်က မထိသည်ဖြစ်၏။

ဒေါသစရိုက်ရှိသူသည် ခြေဖျားဖြင့် မြေကိုတူးသကဲ့သို့သွား၏၊ အဆောတလျင် ကတိုက်ကရိုက် ခြေကိုချ၏၊ ကြွ၏။ ထိုပုဂ္ဂိုလ်၏ ခြေရာသည် နောက်အဖို့သို့ ဆွဲငင် သကဲ့သို့ဖြစ်၏။

မောဟစရိုက်ရှိသူသည် ထက်ဝန်းကျင် ဖည်ယမ်းဖည်ယမ်း နှောင့်ယှက်သကဲ့သို့ သွား၏၊ ကြောက်ရွံ့သကဲ့သို့ ခြေကိုချ၏။ ထိုပုဂ္ဂိုလ်၏ ခြေရာသည်လည်း အဆော တလျင် ခြေဖျား, ဖနောင့်တို့ဖြင့်သာ နင်းမိ၏။

ထို့ကြောင့် မာဂဏ္ဍိယသုတ်၌ ဤသို့ဟောတော်မူ၏ – "ရာဂထူပြောသောသူ၏ ခြေရာသည် အလယ်ကမထိ, ဆောင့်ကြွားကြွားရှိ၏။ ဒေါသထူပြောသောသူ၏ခြေရာ သည် နောက်အဖို့ကို ဆွဲငင်သကဲ့သို့ရှိ၏။ မောဟထူပြောသောသူ၏ခြေရာသည် ခြေဖျား, ဖနောင့်ဖြင့်သာ အဆောတလျင်ထောက်နင်းမိ၏။ ကိလေသာအမိုးကို ဖြတ်ချိုး ခွာချ ပြီးသောပုဂ္ဂိုလ်၏ခြေရာသည် တညီတညွတ်တည်း ကောင်းစွာထိသည်ဖြစ်၏။ ဤခြေရာ သည် ကိလေသာကင်းကွာသောပုဂ္ဂိုလ်၏ခြေရာပေတည်းဟု ဆို၏။"

(ခ) ရပ်ခြင်း – ရာဂစရိုက်ရှိသောသူ၏ရပ်ခြင်းသည် ကြည်ညိုဖွယ်ကို ဆောင်၏၊ ယဉ်ကျေးတင့်တယ် နှစ်သက်ဖွယ်ရှိ၏။

ဒေါသစရိုက်ရှိသူ၏ရပ်ခြင်းသည် ကြမ်းတမ်းခိုင်မာသောအခြင်းအရာရှိ၏။

မောဟစရိုက်ရှိသူ၏ရပ်ခြင်းသည် နှောင့်ယှက်သောအခြင်းအရာရှိ၏။

(ဂ) ထိုင်ခြင်း–ထိုင်ခြင်းဣရိယာပုထ်သည် ရပ်ခြင်းဣရိယာပုထ်အတိုင်းပင်ဖြစ်၏။

(ဃ) အိပ်ခြင်း–ရာဂစရိုက်ရှိသူသည် ဖြည်းဖြည်းသာသာ ညီညီညွတ်ညွတ် အိပ် ရာကိုခင်း၍ ဖြည်းဖြည်းသက်သာလျောင်း၏၊ ကိုယ်လက်အင်္ဂါတို့ကို ကောင်းစွာထား ၏၊ ကြည်ညိုဖွယ်သောအခြင်းအရာဖြင့် အိပ်၏၊ ထသည့်အခါ၌လည်း အဆောတလျင် မထမူ၍ ဖြည်းဖြည်းသာသာထ၏၊ ဖြည်းဖြည်းသာသာစကားကို တုံ့ပြန်၏။

ဒေါသစရိုက်ရှိသူသည် အလျင်အမြန် ဖြစ်ကတတ်ဆန်း အိပ်ရာကိုခင်း၍ ကိုယ်ကို ပစ်လှဲကာ မျက်မှောင်ကုတ်လျက်အိပ်၏၊ ထသည့်အခါ၌လည်း လျင်မြန်စွာထ၍ အမျက် ထွက်သကဲ့သို့ မချေမငံဒေါက်ဆတ်ဆတ်ပြောဆို၏။

မောဟစရိုက်ရှိသူသည် မတင့်မတယ် ရွဲ့ရွဲ့စောင်းစောင်းအိပ်ရာကိုခင်း၍ ကိုယ်အင်္ဂါ ကို ကြဲဖြန့်သကဲ့သို့ အိပ်၏၊ အများအားဖြင့် မှောက်လျက်အိပ်၏၊ ထသည့်အခါ၌လည်း ဟင်းဟင်း, ဟဲဟဲ, ဂူးဝါး ဟုသန်း၍ လေးလေးလံလံထ၏။

http://www.dhammadownload.com



သဒ္ဓါစရိုက်ရှိသူသည် ရာဂစရိုက်ရှိသူကဲ့သို့လည်းကောင်း၊ ဗုဒ္ဓိစရိုက်ရှိသူသည် ဒေါသစရိုက်ရှိသူကဲ့သို့လည်းကောင်း၊ ဝိတက်စရိုက်ရှိသူသည် မောဟစရိုက်ရှိသူကဲ့သို့ လည်းကောင်း၊ ဣရိယာပုထ်အသီးသီးရှိကြ၏။

## (၂) ကိစ္စအားဖြင့် စီစစ်ခြင်း

ရာဂစရိုက်ရှိသူသည် တံမြက်လှည်းခြင်းစသည့်ကိစ္စတို့ကို ပြုလုပ်သည်ရှိသော် ရှိသေကောင်းမွန်စွာ တံမြက်စည်းကိုကိုင်၍ မလျင်မမြန် သဲကိုဖရိုဖရဲမကြဲစေဘဲ ရေအုန်းနဲ့ပန်းကို ဖြန့်၍ခင်းဘိသကဲ့သို့ ညီညီညွတ်ညွတ်စင်ကြယ်စွာလှည်း၏။

ဒေါသစရိုက်ရှိသူသည် တံမြက်စည်းကို တင်းတင်းကြပ်ကြပ်ကိုင်ဆုပ်၍ သဲများကို ဝဲယာနှစ်ဘက်သို့ လျင်မြန်စွာရွှေ့ရှားစေလျက် ကြမ်းတမ်းသည့်အသံဖြင့် မစင်မကြယ် မညီမညွတ် တံမြက်လှည်း၏။

မောဟစရိုက်ရှိသူသည် လျော့ရိလျော့ရဲတံမြက်စည်းကိုကိုင်၍ သဲအမှိုက်တို့ကို ထိုမှဤမှမွှေနှောက်လျက် မစင်မကြယ်မညီမညွတ် တံမြက်လှည်း၏။

ထို့အတူပင် သင်္ကန်းဖွပ်ခြင်း, သင်္ကန်းဆိုးခြင်းစသောကိစ္စအလုံးစုံ၌ ရာဂစရိုက်ရှိသူသည် သိမ်သိမ်မွေ့မွေ့ ကောင်းကောင်းမွန်မွန် ညီညီညွတ်ညွတ် ရိုရိုသေသေပြုလုပ်လေ့ရှိ၏။ ဒေါသစရိုက်ရှိသူသည် မြဲမြဲကြပ်ကြပ် မညီမညွတ် တစိတစောင်းပြုလုပ်လေ့ရှိ၏။ မောဟစရိုက်ရှိသူသည် မကျွမ်းမကျင် နှောင့်နှောင့်ယှက်ယှက် ရှုပ်ရှုပ်ထွေးထွေး မညီမညွတ် မပြေမပြစ်ပြုလုပ်လေ့ရှိ၏။

ရာဂစရိုက်ရှိသူ၏သင်္ကန်းဝတ်ရုံခြင်းသည်လည်း မတင်းလွန်း, မလျော့လွန်း၊ ကြည့်ရှု၍ကောင်း၏။ အဝန်းညီ၏။

ဒေါသစရိုက်ရှိသူ၏သင်္ကန်းဝတ်ရုံခြင်းသည် တင်းတင်းရင်းရင်းအဝန်းမညီဖြစ်၏။

မောဟစရိုက်ရှိသူ၏သင်္ကန်းဝတ်ရုံပုံမှာ လျော့ရိလျော့ရဲ ရှုပ်ရှုပ်ထွေးထွေးဖြစ်၏။

သဒ္ဓါစရိုက်ရှိသူသည် ရာဂစရိုက်ရှိသူကဲ့သို့ပြုမူ၏။ ဗုဒ္ဓိစရိုက်ရှိသူသည် ဒေါသစရိုက်ရှိသူကဲ့သို့ပြုမူ၏။ ဝိတက်စရိုက်ရှိသူသည် မောဟစရိုက်ရှိသူကဲ့သို့ပြုမူ၏။

## (၃) ဘောဇဉ်အားဖြင့် စီစစ်ခြင်း

ရာဂစရိုက်ရှိသူသည် နူးညံ့သိမ်မွေ့, ကောင်းမွန်ချိုမြိန်သောဘောဇဉ်ကို ကြိုက်နှစ်သက်၏။ သုံးဆောင်သည့်အခါ၌ မကြီးလွန်းဘဲ အဝန်းညီသောဆွမ်းလုပ်ကိုပြု၍ အထူးထူးသော အရသာကိုခံစားလျက် မဆောမလျင်စား၏။ တစ်စုံတစ်ရာကောင်းမွန်သောအရသာကိုရလျှင် နှစ်သက်ဝမ်းမြောက်၏။

ဒေါသစရိုက်ရှိသူသည် ကြမ်းသောဘောဇဉ်ကို ကြိုက်နှစ်သက်၏။ စားသောအခါ ခံတွင်းပြည့်အောင် ပလုပ်ပလောင်းပြု၍ အရသာမခံဘဲ မြန်မြန်စားတတ်၏။ တစ်စုံတစ်ရာ မနှစ်သက်ဖွယ်သောအရသာကိုရခဲ့သော် နှလုံးမသာမယာဖြစ်၏။

http://www.dhammadownload.com



မောဟစရိုက်ရှိသူသည် အမှတ်မရှိသောဘောဇဉ်ကိုကြိုက်တတ်၏၊ စားသောအခါ အနည်းငယ်သောဆွမ်းလုတ်ကို မညီမညွတ်ပြု၍ ဆွမ်းကိုခွက်၌စွန့်ပစ်လျက် ခံတွင်းကို လူးလဲစေလျက် စိတ်ပျံ့လွင့်ကာ ထိုထိုအာရုံကိုကြံလျက် စား၏။

သဒ္ဓါစရိုက်ရှိသူစသည်တို့သည် ရာဂစရိုက်ရှိသူစသည်တို့နှင့်တူ၏။

### (၄) ရှုမြင်ခြင်းစသည်အားဖြင့် စိစစ်ခြင်း

ရာဂစရိုက်ရှိသူသည် အနည်းငယ်နှလုံးမွေ့လျော်စရာရူပါရုံကိုမြင်သော် အံ့ဖွယ်ဖြစ်သကဲ့သို့ ကြာမြင့်စွာကြည့်၏။ အနည်းငယ်သောဂုဏ်ကျေးဇူး၌လည်း ကပ်ငြိ၏၊ ဟုတ်မှန်သည့်အပြစ်ကိုလည်း မယူတတ်။ ဖဲခွါသွားသော် မလွတ်လိုသည်ဖြစ်၍ တငဲ့ငဲ့ကွက်ကွက်ဖြင့်ဖဲသွား၏။

ဒေါသစရိုက်ရှိသူသည် အနည်းငယ်နှလုံးမမွေ့လျော်စရာရူပါရုံကိုမြင်သော် ပင်ပန်းသကဲ့သို့ဖြစ်၍ ကြာမြင့်စွာမကြည့်၊ အနည်းငယ်သောအပြစ်ကိုလည်း အမျက်ထွက်ခါ ပင်ပန်းရာ၏၊ ဟုတ်မှန်သောဂုဏ်ကျေးဇူးကိုလည်း မယူတတ်၊ ဖဲခွါသွားသောအခါ၌လည်း လွတ်လိုသကဲ့သို့ဖြစ်၍ မငဲ့မကွက်ဖဲသွား၏။

မောဟစရိုက်ရှိသူသည် အမှတ်မရှိသည့်တစ်စုံတစ်ခုသောရူပါရုံကိုမြင်သော် သူတစ်ပါးကိုယုံ၏၊ (သူတစ်ပါးပြောလျှင် တအင်းအင်းလိုက်၍ ယုံကြည်တတ်၏။) သူတစ်ပါး၏ ကဲ့ရဲ့သံကိုကြား၍ ကဲ့ရဲ့၏၊ ချီးမွမ်းသံကိုကြား၍ ချီးမွမ်း၏၊ မိမိသည်ကား မသိခြင်းတည်းဟူသောဥပေက္ခာဖြင့် လျစ်လျူရှုသည်ဖြစ်၏။

အသံကိုကြားနေရာစသည်တို့၌လည်း ဤနည်းအတိုင်းပင်တည်း။ သဒ္ဓါစရိုက်ရှိသူစသည်တို့၌လည်း ရာဂစရိုက်ရှိသူစသည်တို့နှင့်တူ၏။

### (၅) တရားတို့၏ဖြစ်ခြင်းအားဖြင့် စိစစ်ခြင်း

ရာဂစရိုက်ရှိသည့်ပုဂ္ဂိုလ်၌ မိမိ၏အပြစ်ကိုဖုံးလွှမ်းလှည့်ပတ်ခြင်း–မာယာ၊ မိမိ၌မရှိသောဂုဏ်ကိုပြခြင်း–သာဌေယျ၊ တက်ကြွထောင်လွှားခြင်း–မာန၊ အလိုဆိုးရမ္မက်ကြီးခြင်း–ပါပိစ္ဆတာ၊ အလိုကြီးခြင်း–မဟိစ္ဆတာ၊ မရောင့်ရဲခြင်း–အသန္တုဋ္ဌိတာ၊ ပြည်ကြီးသူကဲ့သို့ စံပယ်သည့်သူ၏အဖြစ်–သိင်္ဂကိလေသာ၊ မိမိကိုယ်နှင့်မစွည်းပရိက္ခရာတို့ကို တန်ဆာဆင်ခြင်းဖြင့် လျှပ်ပေါ်သောသူ၏အဖြစ်–စာပလျ၊ ဤသို့စသောအယုတ်တမတရားတို့ များစွာဖြစ်၏။

ဒေါသစရိုက်ရှိသည့်ပုဂ္ဂိုလ်၌ အမျက်ထွက်ခြင်း–ကောဓ၊ ရန်ငြိုးဖွဲ့ခြင်း–ဥပနာဟ၊ သူ့ကျေးဇူးကိုချေဖျက်ခြင်း–မက္ခ၊ သူ့ဂုဏ်ကိုသိမ်ဖျင်းအောင်ပြုခြင်း–ပဠာသ၊ ငြူစူခြင်း–ဣဿာ၊ ဝန်တိုခြင်း–မစ္ဆရိယ၊ ဤသို့စသည့်အယုတ်တရားတို့ များစွာဖြစ်၏။

မောဟစရိုက်ရှိသည့်ပုဂ္ဂိုလ်၌ စိတ်စေတသိက်တို့၏ထိုင်းမှိုင်းခြင်း–ထိနမိဒ္ဓ၊ စိတ်ပျံ့လွင့်ခြင်း–ဥဒ္ဓစ္စ၊ နောင်တတစ်ဖန်ပူပန်ခြင်း–ကုက္ကုစ္စ၊ သို့လောသို့လောတွေးတောယုံမှားခြင်း

http://www.dhammadownload.com



-ဝိစိကိစ္ဆာ၊ မသင့်သောအားဖြင့် မြဲစွာစွဲလမ်းခြင်း-အာဓာနဂ္ဂါဟိတာ၊ မိမိစွဲလမ်းချက် မိစ္ဆာအယူကို စွန့်နိုင်ခဲသည့်အဖြစ်-ဒုပ္ပဋိနိဿဂ္ဂိတာ၊ ဤသို့စသောတရားတို့များစွာဖြစ်၏။

သဒ္ဓါစရိုက်ရှိသည့်ပုဂ္ဂိုလ်၌ လွတ်လွတ်စွန့်ကြဲခြင်းရှိသည့်အဖြစ်၊ အရိယာသူတော် ကောင်းတရားကို နာကြားလိုခြင်း၊ ဝမ်းမြောက်မှုများခြင်း၊ မစဉ်းလဲခြင်း၊ မာယာမများခြင်း၊ ကြည်ညိုဖွယ်ဖြစ်သည့်အရာတို့၌ ကြည်ညိုခြင်း၊ စသောတရားတို့သည် များစွာဖြစ်၏။

ဗုဒ္ဓိစရိုက်ရှိသည့်ပုဂ္ဂိုလ်၌ ဆိုဆုံးမလွယ်သောအဖြစ်၊ ကောင်းသောမိတ်ဆွေခင်ပွန်းရှိ သည့်အဖြစ်၊ အစာသောဇဉ်တွင် အတိုင်းအရှည်သိသူ၏အဖြစ်၊ သတိသမ္ပဇဉ်ရှိခြင်း၊ နိုးကြား မှုကို အဖန်ဖန်အားထုတ်ခြင်း၊ ထိတ်လန့်သင့်သည့်ဇာတိ၊ ဇရာ၊ မရဏစသည်တို့၌ ထိတ် လန့်ခြင်း၊ ထိတ်လန့်သည့်အတိုင်း အသင့်အားဖြင့်အားထုတ်ခြင်း၊ ဤသို့စသော တရားတို့ ဖြစ်ကုန်၏။

ဝိတက်စရိုက်ရှိသူ၌ စကားများသူ၏အဖြစ်၊ အပေါင်းအဖော်၌ မွေ့လျော်သူ၏အဖြစ်၊ ကုသိုလ်တရားအားထုတ်ခြင်း၌ မမွေ့လျော်ခြင်း၊ အမြဲမတည်သောကိစ္စရှိသူ၏ အဖြစ်၊ ညဉ့်အဖို့၌ အကြံအစည်ဟူသောအခိုးလွှတ်ခြင်း၊ နေ့အခါ၌ ညဉ့်ကကြံစည်သည့်အတိုင်း လုပ်ဆောင်သဖြင့်အလျှံလွှတ်ခြင်း၊ ထိုမှဤမှ ဝတ္ထုအာရုံအမျိုးမျိုးသို့ စိတ်ကိုပေါက်လွှတ် ပြေးစေခြင်းစသော တရားတို့ဖြစ်ကုန်၏။

အထက်ပါစရိုက်အသီးသီးကို ထင်စွာပြခြင်းအစီအရင်တို့သည် အလုံးစုံသောအခြင်း အရာအားဖြင့် ပါဠိတော်၌မလာပါ။ ဆရာတို့၏အလိုအတိုင်းသာ ဆိုထားခြင်းဖြစ်၍ လုံးလုံး ကြီးအနှစ်သာရဟု မယုံကြည်အပ်။ အဘယ်ကြောင့်ဆိုသော် ရာဂစရိုက်ရှိသူ၌ ဖြစ်သော ဣရိယာပုထ်စသည်တို့ကို ဒေါသစရိုက်ရှိသူစသည်တို့က မမေ့မလျော့နေခြင်းဖြင့်ပြုခြင်းငှာ တတ်နိုင်၏။ ရောနှောသောစရိုက်ရှိသည့်ပုဂ္ဂိုလ်အားလည်း တစ်ယောက်သာဖြစ်ပါလျက် ကွဲပြားသောလက္ခဏာရှိသည့် ဣရိယာပုထ်စသည်တို့သည် မဖြစ်နိုင်ကုန်။ ထို့ကြောင့်မယုံ ကြည်အပ်ပေ။

အဋ္ဌကထာတို့၌ဆိုသော အစီအရင်စကားတို့ကိုသာ အနှစ်သာရအားဖြင့် ယုံကြည် အပ်၏။ ထိုစကားသည်မှန်၏၊ **"စေတောပရိယဉာဏ်ကိုရသောဆရာသည် စရိုက်ကို သိ၍ ကမ္မဋ္ဌာန်းကိုဟောပေလတ္တံ့။ အဘိဉာဏ်ကိုမရသောဆရာသည်ကား တပည့် ကိုမေးအပ်၏"**ဟု ဆိုအပ်ပြီ။ ထို့ကြောင့် စေတောပရိယအဘိညာဏ်ဖြင့်ဖြစ်စေ၊ ပုဂ္ဂိုလ်ကို မေးမြန်း၍ဖြစ်စေ၊ ထိုပုဂ္ဂိုလ်၏စရိုက်ကို သိအပ်၏။

### စရိုက် (၆) ပါးအကဲခတ်နည်းလင်္ကာ

#### (၁) ရာဂစရိုက်နှင့်သဒ္ဓါစရိုက်

*ရာဂစရိုက်၊ ရှိသူ၌ကား၊ ယာပိုက်လေးထွေ၊ ယဉ်ကျေးလေ၏၊ ထွေထွေကိစ္စ၊ ပြုသမျှလည်း ကျနေစေလတ်၊ လွန်သေသပ်ရှင်၊ လေးမြတ်ဖွယ်ရေး၊ ဘောဇဉ်ရွေးက၊ ချိုမွှေးဆိမ့်အိမ့်၊*

http://www.dhammadownload.com



*လွှန်နှစ်သိမ့်ခဲ့၊ မစိမ့်လောက်တုံ၊ ကာမဂုဏ်ကြောင့်၊ အာရုံစွဲကာ၊ မခွဲမခွါတည်း၊ မာယာဗလဝ၊ သာဌေယျနှင့်၊ မာနဖိစီး၊ အလိုကြီး၏။*

*ထိုနည်းသဒ္ဓါ၊ စရိုက်မှာမူ၊ မာယာစသော၊ ပြစ်မနှောဘဲ၊ သာမောရွှင်လန်း၊ လွှန်ပေးကမ်းလျှက်၊ ရဟန်းတော်ပေါင်း၊ ထေရ်ရှင်ကောင်းနှင့်၊ ဝတ်ကျောင်းဘုရား၊ မြတ်တရားကို၊ မှတ်သားနာယူ၊ လွှန်ကြည်ဖြူသည်၊ ဤသူမှန်မြတ်ပေတကား။*

## (၂) ဒေါသစရိုက်နှင့်ဗုဒ္ဓိစရိုက်

*ဒေါသစရိုက်၊ ရှိသူ့ဒွိကား၊ ယာယိုက်လေးထွေ၊ ကြမ်းတမ်းလေ၏။ ထွေထွေကိစ္စ၊ ပြုသမျှလည်း၊ ကျနမဖွယ်၊ မတင့်တယ်တည်း၊ စားဖွယ်ငန်ချဉ်၊ စပ်ခါးမင်၏၊ ငါးအင်အာရုံ၊ မဖွယ်ကြုံလျှင်၊ ယမ်းပုံမီးကျ၊ စိတ်တိုလှ၍၊ ကောဓထန်သည်း၊ ရန်ငြိုးကြီး၏၊ ဖိစီးဣဿာ၊ မစ္ဆေရနှင့်၊ မက္ခာပဠာသ၊ ဒုဗ္ဗစတို့၊ မုချစစ်ပွါး၊ အဖြစ်များ၏။*

*တရားပညာ၊ စရိုက်မှာမူ၊ ရှေ့လာအားလုံး၊ နည်းတူ သုံးလည်း၊ လုံးလုံးကောဓ၊ စသည့်ဆိတ်ကွယ်၊ ဆုံးမလွယ်၏၊ စားဖွယ်ကသိုဏ်း၊ တွေ့ကြုံတိုင်းလည်း၊ နှိုင်းနှိုင်းချိန်ချိန်၊ သုခမိန်တည်း၊ ကြိမ်ကြိမ်နှောင်လာ၊ သံသရာကို၊ ပညာသတိ၊ မျှော်ခေါ်ညှိ၍၊ ဂတိနှောင်လျှင်၊ ကောင်းအောင်ပြင်သည်၊ လူတွင်သူမြတ်ပေတကား။*

## (၃) မောဟစရိုက်နှင့်ဝိတက်စရိုက်

*မောဟစရိုက်၊ ရှိသူ့ဒွိကား၊ ယာယိုက်လေးထွေ၊ ရှုပ်ပွေပွေနှင့်၊ ထွေထွေကိစ္စ၊ ရှုပ်ထွေးစွာတည်း၊ ဘောဇနေအရာ၊ စားသောက်ပါလည်း၊ ဘယ်ဟာမိမိ၊ မြမရှိခဲ့၊ ကိုယ်၏အစွမ်း၊ စုံထောက်လှမ်း၍၊ အဆန်းအရိုး၊ ကြောင်းအကျိုးဟု၊ ကောင်းဆိုးယုတ်မြတ်၊ မသိတတ်သဖြင့်၊ အရပ်ရပ်မှာ၊ နောက်လိုက်သာတည်း၊ ပညာသတိ၊ ကင်းကွာဘိ၍၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စနှင့်၊ ကာလကုန်ဆုံး၊ အချိန်ဖြုန်း၏။*

*ထုံးနည်းမခြား၊ ဝိတက်များလည်း၊ စကားတွေပေါ၊ ကိစ္စမျှောလျှက်၊ ကောင်းသောလုပ်ငန်း၊ ကုသိုလ်လမ်းမူ၊ အစွမ်းမရှိပျှင်းရိုရိုတည်း၊ မိမိတို့တမ်း၊ လူပေါက်ပန်းနှင့်၊ ရောပြွမ်းပျော်ပါး၊ အကြံများသည်၊ လူအားလူပိုတွေတကား။*

(မင်္ဂလာဗျူဟာသင်တန်းမှတ်စု)

### စရိုက်နှင့်သင့်လျော်လျောက်ပတ်သည့်ပစ္စည်းများ

(၁) ရာဂစရိုက်ရှိသောပုဂ္ဂိုလ်အား မစင်ကြယ်သောအရပ်၊ ပွတ်တိုင်ရှိသောကျောင်း၊ မြေပြင်၌သာတည်၍ အထက်မရှိသောကျောင်း၊ မပြုပြင်အပ်သောနံရံမြေအမိုရှိသည့်တောင်ဝှမ်း၊ မြက်မိုးသောကုဋီ၊ သစ်ရွက်မိုးသောဇရပ်ဆိုးစသည့်ကျောင်းသည် သင့်လျော်၏။

ထိုကျောင်း၌ မြူဖုံတို့ပြွမ်းလျက် လင်းနို့ငှက်တို့ဖြင့်ပြည့်၏၊ ကျိုးပေါက်ကွဲပျက်နေသည့်နံရံ၊ မြင့်လွန်း၊ နိမ့်လွန်း၊ ကြမ်းတမ်းသောကြမ်းခင်းရှိ၏၊ မသန့်စင်၊ မညီညွတ်သည့်

http://www.dhammadownload.com



ခရီးလမ်းရှိ၏၊ ခြင်္သေ့၊ သစ်, ကျား, ကြောက်မက်ဖွယ်ရာဘေးရန်လည်းရှိ၏။ ညောင်စောင်း, အင်းပျဉ်တို့က ကြမ်းပိုးတို့ပြည့်နေ၏။ မလှပသောအဆင်း, မကောင်းသောပုံသဏ္ဌာန်ရှိ၏။ ထိုကျောင်းကိုကြည့်သောသူများပင် စက်ဆုပ်ရွံရှာကြ၏။

ဝတ်ရုံရန်သင့်လျော်သည့်သင်္ကန်းမှာ အနားပြတ်ကာ ချည်မျှင်များတွဲရရွဲကျနေ၏။ ပျဉ်ပြားကဲ့သို့ကြမ်းသောအထွေ့ရှိ၏။ ညစ်ညမ်းလေးလံလျက် စပ်ကြားစပ်ကြားချုပ်စပ်ဖာထေးထား၏။ ငြိုငြင်စွာဝတ်ရုံရ၏။

သုံးဆောင်အပ်သောသပိတ်မှာ လေးလံ၍ မကောင်းသောပုံသဏ္ဌာန်ရှိပြီး အဆင်းမလှသည့်မြေသပိတ်ဖြစ်၏။ လူခေါင်းခွံကဲ့သို့ ရွံရှာဖွယ်ကောင်း၏။ အဖာအထေးများသောသံသပိတ်သည်လည်းသင့်လျော်လျောက်ပတ်၏။

ဆွမ်းခံလမ်းသည် ရွာနှင့်ဝေး၍ မနှစ်သက်ဖွယ် မညီမညွတ်ဖြစ်မှု လျောက်ပတ်၏။ ဆွမ်းခံရွာသည်လည်း ရွာသားတို့က မမြင်လေယောင်ပြု၍သွားကြ၏။ တစ်အိမ်၌မျှလည်း ဆွမ်းကိုမရဘဲ ထွက်လာသောရဟန်းကို ဆွမ်းစားဇရပ်သို့ခေါ်သွင်း၍ ယာဂုထမင်းကိုပေးကာ ငဲ့ကွက်ခြင်းမရှိဘဲ ထွက်သွား၏။ နွားတို့ကိုခြံထဲသွင်းပြီးနောက် ငဲ့ကွက်ခြင်းမရှိဘဲ ထွက်သွားသကဲ့သို့တည်း။

အလုပ်အကျွေးပြုသူကလည်း ကျွန်ဖြစ်စေ၊ အမှုလုပ်ဖြစ်စေ၊ အဆင်းမလှ၊ ရှုမကောင်းမြင်မကောင်းဖြစ်၏၊ ညစ်ထပ်သောအဝတ်နှင့် နံစော်သောအနံ့အသက်ရှိသဖြင့် ရွံစရာကောင်း၏။ မရှိသေသည့်အမူအရာဖြင့် ယာဂုထမင်းတို့ကို စွန့်ပစ်သကဲ့သို့လုပ်ကျွေး၏။ ထိုသို့သဘောရှိမှ သင့်လျော်လျောက်ပတ်၏။

ယာဂု, ထမင်း, ခဲဖွယ်တို့သည် ကြမ်း၍ အဆင်းမကောင်းသောကြိတ်, လမန်း, လှူး, ဆန်ကွဲ စသည်ကို ချက်ထားသည်ဖြစ်မှု သင့်လျော်၏၊ ဟင်းကားရက်တက်ပုပ်, ပအုန်းရည်, ဟင်းရွက်ကြမ်းကိုချက်ထားလျှင် သင့်လျော်၏၊ အမှတ်မရှိ တစ်စုံတစ်ရာသော စားဖွယ်ခဲဖွယ်သည် ဝမ်းပြည့်ရုံသက်သက်သာဖြစ်လျှင် လျောက်ပတ်၏။

ထိုပုဂ္ဂိုလ်အား ရပ်ခြင်းနှင့်စင်္ကြံသွားခြင်း ဣရိယာပုထ်တို့သည် သင့်လျော်၏။ အာရုံသည်ကား နီလကသိုဏ်းစသည့် အဆင်းကသိုဏ်းတို့တွင် မစင်ကြယ်သောအဆင်းရှိသည့်ကသိုဏ်းသည် သင့်လျော်၏။

ဤဆိုခဲ့ပြီးသောအရာများအနက် ကျောင်းနှင့်အာရုံတို့မှအပ ကျန်အရာအားလုံးသည် ဗိတက်စရိုက်ရှိသူ အားလည်း သင့်လျော်လျောက်ပတ်၏။

(၂) ဒေါသစရိုက်ရှိသောပုဂ္ဂိုလ်အား မမြင့်လွန်း, မနိမ့်လွန်း၊ အရိပ်, ရေတို့နှင့်ပြည့်စုံသော၊ ကောင်းစွာဝေဖန်အပ်သည့်နံရံ, သည်တိုင်, စောင်းတန်းလှေကားရှိသော၊ ခြူးပန်းခြူးနွယ်, အထူးထူးအပြားပြားပန်းချီ, ဆေးရေးကားတို့ဖြင့် တပြောင်ပြောင်တောက်ပသော၊ ညီညွတ်, ပြေပြစ်, နူးညံ့သိမ်မွေ့သည့်မြေအပြင်ရှိသော၊ ဗြဟ္မာမင်း၏ဗိမာန်နှင့်တူသော၊

http://www.dhammadownload.com



ပန်းခိုင်းတို့ဖြင့် အဆန်းတကြယ်ဆင်ယင်ကာ ပုဆိုးဖိတာန်တို့ဖြင့် ကောင်းစွာတပ်ဆင်အပ်သော၊ သန့်ရှင်းစင်ကြယ်မွေ့လျော်ဖွယ်အခင်းတို့ဖြင့် ခင်းကျင်းအပ်သည့်ညောင်စောင်း၊ အင်းပျဉ်ရှိသော၊ မွှေးကြိုင်စေခြင်းငှာထားအပ်သည့်ပန်းကုံး၊ ပန်းခိုင်၊ အခိုးအထုံတို့ဖြင့် မွှေးပျံ့ကြိုင်လှိုင်နေသော၊ မြင်လိုက်ရုံဖြင့် အလွန်နှစ်သက်စဖွယ် ဝမ်းမြောက်မှုကိုဖြစ်စေသောကျောင်းသည် သင့်လျော်လျောက်ပတ်၏။

ထိုကျောင်း၏လမ်းခရီးသည် ဘေးရန်အပေါင်းမှ ကင်းလွတ်၍ သန့်ရှင်းညီညာသော် တန်ဆာဆင်ခြင်းရှိသော် သင့်လျော်လျောက်ပတ်၏။ ကျောင်း၏ပရိက္ခရာတို့သည်လည်း ကင်း၊ သန်း၊ ကြမ်းပိုး၊ မြွေ၊ ကြွက်တို့၏မှီရာနေရာမဖြစ်စေရန် အရေအတွက်မများဘဲ တစ်ခုသောညောင်စောင်းအင်းပျဉ်သည် သင့်လျော်လျောက်ပတ်၏။

ထိုဒေါသစရိုက်ရှိသူဝတ်ရုံသောသင်္ကန်းသည် စိန့်ပြည်ဖြစ်ပဲအဝတ်၊ ခေါမတိုင်းဖြစ်ပိုးချည် ဝါချည်အဝတ်တို့တွင် မွန်မြတ်၍ပေါ့ပါးသော၊ ကောင်းစွာဆိုးထားသည်ဖြစ်၍ စင်ကြယ်သည့် အဆင်းရှိသော တစ်ထပ်သင်္ကန်း သို့မဟုတ် နှစ်ထပ်သင်္ကန်းဖြစ်သော် သင့်လျော်လျောက်ပတ်၏။

သပိတ်သည်ကား ရေပွက်ကဲ့သို့ ကောင်းသောသဏ္ဌာန်ရှိ၍ မြကဲ့သို့ကောင်းမွန်ပြေပြစ်သော အညစ်အကြေးကင်း၍ ရဟန်းတို့နှင့်လျောက်ပတ်သဖြင့် ထက်ဝန်းကျင်စင်ကြယ်သည့်အဆင်းရှိသောသံသပိတ်ဖြစ်သော် သင့်လျော်၏။

ဆွမ်းခံလမ်းသည် ဆွမ်းခံရွာနှင့်မနီးလွန်းမဝေးလွန်းဘဲ ဘေးရန်ကင်းလျက် သန့်ရှင်းညီညာကာ နှလုံးကိုပွားစေတတ်လျှင် သင့်လျော်၏။ ဆွမ်းခံရွာမှ ရွာသူရွာသားတို့သည် ရဟန်းတို့ကိုကြည်ညိုလျက် ရဟန်းတို့ကြွလာမည်ကို ငံ့လင့်ကာ ချောမောပြေပြစ်သည့် အရပ်၌နေရာခင်း၍ ခရီးဦးကြိုဆိုကြ၏။ သပိတ်ကိုယူ၍ အိမ်အတွင်းသို့ပင့်ဆောင်ကာ ခင်းအပ်သောနေရာ၌ နေစေပြီးလျှင် မိမိတို့လက်ဖြင့် ရိုသေစွာလုပ်ကျွေးကြကုန်၏။ ထိုသို့သဘောရှိသောဆွမ်းခံရွာဖြစ်မူ လျောက်ပတ်၏။

ဒေါသစရိုက်ရှိသောပုဂ္ဂိုလ်၏အလုပ်အကျွေးတို့သည် ရုပ်ရည်အလွန်လှပကြ၏၊ ကြည်ညိုဖွယ်ရှိ၏၊ ကောင်းစွာရေချိုးပြီး ဖီးလိမ်းဆင်ယင်ကာ ပန်းရနံ့တို့ဖြင့် သင်းပျံ့မွှေးကြိုင်နေ၏၊ အထူးထူးသောအရောင်အဆင်းတို့ဖြင့် ဆိုးအပ်သည့်အဝတ်တန်ဆာတို့ဖြင့်ဆင်ယင်ထားကြ၏၊ ရဟန်းတို့ကို ရိုသေစွာလုပ်ကျွေးကြ၏။ ဤသို့သဘောရှိသော အလုပ်အကျွေးဖြစ်မူ သင့်လျော်၏။

ယာဂု၊ ထမင်း၊ ခဲဖွယ်တို့သည် အဆင်း၊ အနံ့၊ အရသာအဆီဩဇာတို့နှင့်ပြည့်စုံ၍ နှစ်သက်ဖွယ်ရှိ၏၊ မွန်မြတ်၍ မျှတလောက်ငေ၏၊ ဤသို့ဖြစ်လျှင် လျော်ကန်သင့်မြတ်၏။

ထိုသူ၏ဣရိယာပုထ်သည်လည်း လျောင်းခြင်း၊ ထိုင်ခြင်းနှင့်သင့်လျော်၏။ အာရုံသည်ကား နီလကသိုဏ်းစသည့်ဝဏ္ဏကသိုဏ်းတို့တွင် အလွန်စင်ကြယ်သည့်အဆင်းရှိသော

http://www.dhammadownload.com



ကသိုဏ်းသည် သင့်လျော်၏။

အထက်၌ဆိုခဲ့သောအရာအားလုံးကား သဒ္ဓါစရိုက်ရှိသူအားလည်းသင့်လျော်၏။ မောဟစရိုက်ရှိသူအားလည်း ကျောင်းနှင့်အာရုံတို့မှအပ ကျန်အရာအားလုံးလျော်ကန်၏။

(၃) မောဟစရိုက်ရှိသောပုဂ္ဂိုလ်အား လွင်တီးခေါင်အရပ်သို့ရှေးရှု၍ မကျဉ်းမြောင်းသောကျောင်းသည်သင့်လျော်၏။ အရပ်မျက်နှာအားလုံးသို့ ဟင်းလင်းပွင့်သောကျောင်းမျိုးဖြစ်သင့်၏။ ဣရိယာပုထ်တွင် စင်္ကြံသွားခြင်းသည် သင့်လျော်၏။ ထိုပုဂ္ဂိုလ်အား အိုးဖုံး, စလောင်းအရွယ်မျှသာရှိသော ကျဉ်းမြောင်းသည့်အာရုံသည် မသင့်လျော်ပါ။ ကျဉ်းမြောင်းသည့်အရပ်၌ သူ၏စိတ်သည် ပကတိထက်အလွန်တွေဝေခြင်းသို့ ရောက်တတ်၏။ ထို့ကြောင့်ကြီးကြယ်ပြန့်ပြောသောကသိုဏ်းဝန်းသည် သင့်လျော်၏။ ကြွင်းသောအချက်များမှာ ဒေါသစရိုက်ရှိသူအတွက် ဆိုခဲ့ပြီးသည်နှင့်တူ၏။

(၄) သဒ္ဓါစရိုက်ရှိသောပုဂ္ဂိုလ်အား ဒေါသစရိုက်ရှိသူအတွက် ဆိုခဲ့သည့်အလုံးစုံသောအစီအရင်တို့သည် သင့်လျော်၏။ အာရုံတို့တွင် သဒ္ဓါစရိုက်ရှိသူအား ဗုဒ္ဓါနုဿတိစသော အနုဿတိကမ္မဋ္ဌာန်းတို့သည် သင့်လျော်၏။

(၅) ဗုဒ္ဓိစရိုက်ရှိသော်သူအား ကျောင်းစသည်တို့တွင် ဤအရာသည်ကား မသင့်လျော်ဟူ၍ဆိုဖွယ်ရာမရှိပြီ။

(၆) ဝိတက်စရိုက်ရှိသူသည် အရပ်မျက်နှာအသီးသီးသို့ရှေးရှု၍ ဟင်းလင်းပွင့်သောကျောင်း၌ မနေအပ်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုကျောင်း၌နေသောရဟန်းအား မွေ့လျော်ဖွယ်ရှိသောအရံ, ဥယျာဉ်, ရေကန်တို့သည် ရွာ, နိဂုံး, ဇနပုဒ်အစဉ်အားဖြင့် ထင်ကုန်၏။ စိမ်းစိမ်းညို့ညို့အရောင်ရှိသော တောင်တို့သည်လည်း ထင်ကုန်၏။ ထို့ကြောင့် ဝိတက်ပြေးသွားခြင်း၏ အကြောင်းအထောက်အပံ့ဖြစ်၏။

သို့ဖြစ်၍ ဝိတက်စရိုက်ရှိသူသည် နက်သောတောင်ချောက်ဝတွင် တောဖုံးလွှမ်းနေသည့် ဟတ္ထိကုစ္ဆိမည်သောတောင်ဝှမ်း၊ အရှင်မဟိန္ဒမထေရ်ကျောင်း၏ လိုဏ်နှင့်တူသောကျောင်း၌ နေအပ်၏။

အာရုံတို့တွင် ထိုပုဂ္ဂိုလ်အား ကြီးကျယ်ပြန့်ပြောသောအာရုံသည် မသင့်လျော်။ အကြောင်းမှာ ထိုကြီးကျယ်ပြန့်ပြောသောအာရုံသည် ဝိတက်၏အစွမ်းဖြင့် စိတ်ပြေးသွားခြင်း၏အကြောင်းအထောက်အပံ့ဖြစ်၏။ ထို့ကြောင့်ကျဉ်းမြောင်းသောအာရုံနှင့်သာ သင့်တော်၏။

ကြွင်းသည့်အရာများသည် ရာဂစရိုက်ရှိသူအား ဆိုခဲ့ပြီးသည်နှင့်တူ၏။

ဣရိယာပုထ်တွင် အကျဉ်းမှတ်ရန်မှာ

ရာဂစရိုက်နှင့်ဝိတက်စရိုက်ရှိသူတို့အတွက် ရပ်ခြင်းနှင့်စင်္ကြံသွားခြင်း၊

http://www.dhammadownload.com



ဒေါသစရိုက်နှင့်သဒ္ဓါစရိုက်ရှိသူတို့အတွက် လျှောင်းခြင်းနှင့်ထိုင်ခြင်း၊ မောဟစရိုက်ရှိသူအတွက် စင်္ကြံသွားခြင်းတို့သည် သင့်လျော်၏။

### * ကမ္မဋ္ဌာန်းလေးဆယ်

### ကမ္မဋ္ဌာန်း(၄၀)ကို ရေတွက်ပြခြင်း

| | | |
|---|---|---|
| (၁) | ကသိုဏ်း | – ၁၀ ပါး |
| (၂) | အသုဘ | – ၁၀ ပါး |
| (၃) | အနုဿတိ | – ၁၀ ပါး |
| (၄) | ဗြဟ္မဝိဟာရ | – ၄ ပါး |
| (၅) | အာရုပ္ပ | – ၄ ပါး |
| (၆) | အာဟာရေပဋိကူလသညာ | – ၁ ပါး |
| (၇) | စတုဓာတုဝဝတ္ထာန် | – ၁ ပါး |
| | ပေါင်းကမ္မဋ္ဌာန်း | – ၄၀ ပါး ဖြစ်ပါသည်။ |

### (၁) ကသိုဏ်း(၁၀)ပါး

ကမ္မဋ္ဌာန်းရှုသူက အကြွင်းအကျန်မရှိ အလုံးစုံအကုန်အစင် တစ်ပြိုင်နက်ထင်မြင်အောင် ကြည့်ရှုဆင်ခြင်အပ်သောအာရုံကို ကသိဏ = ကသိုဏ်း ဟုခေါ်၏။

| | | |
|---|---|---|
| (၁) | ပထဝီကသိုဏ်း | – မြေအဝန်းကသိုဏ်း |
| (၂) | အာပေါကသိုဏ်း | – ရေအဝန်းကသိုဏ်း |
| (၃) | တေဇောကသိုဏ်း | – မီးအဝန်းကသိုဏ်း |
| (၄) | ဝါယောကသိုဏ်း | – လေကသိုဏ်း |
| (၅) | နီလကသိုဏ်း | – အညိုရောင်အဆင်းကသိုဏ်း |
| (၆) | ပီတကသိုဏ်း | – ရွှေရောင်အဆင်းကသိုဏ်း |
| (၇) | လောဟိတကသိုဏ်း | – အနီရောင်အဆင်းကသိုဏ်း |
| (၈) | ဩဒါတကသိုဏ်း | – အဖြူရောင်အဆင်းကသိုဏ်း |
| (၉) | အာလောက ကသိုဏ်း | – အလင်းရောင်ကသိုဏ်း |
| (၁၀) | ပရိစ္ဆိန္နာကာသကသိုဏ်း | – အာကာသကသိုဏ်း |

### (၂) အသုဘ (၁၀) ပါး

သေလွန်ပြီးနောက် မတင့်တယ် ရွံစဖွယ်ဖြစ်သည့် အလောင်းကောင်ကို "အသုဘ"ဟု ခေါ်၏။

အလောင်းကောင်တို့၏အခြေအနေ (၁၀) မျိုးကို အသုဘ (၁၀)ပါး ဟုခေါ်၏။

(၁) *ဥဒ္ဓုမာတက* – ဖူးဖူးရောင်ပုပ်သဖြင့် စက်ဆုပ်ဖွယ်သောအလောင်းကောင်

http://www.dhammadownload.com



(၂) *ဝိနီလက* – အနီအပြာရောစပ်လျက် ညိုမည်းပုပ်ပွနေသော အလောင်းကောင်၊
(၃) *ဝိပုဗ္ဗက* – ပြည်တစိုစိုပေါက်ကွဲယိုလျက် စက်ဆုပ်ဖွယ်သော အလောင်းကောင်၊
(၄) *ဝိစ္ဆိဒ္ဒက* – အထက်အောက် ၂ ပိုင်း၊ ၃ ပိုင်း ပြတ်နေသော အလောင်းကောင်၊
(၅) *ဝိက္ခာယိတက* – ခွေး၊ ငှင်းတ၊ ကျီး စသည်တို့ ခဲစားတိုက်ဖြတ်ထားသောအလောင်းကောင်၊
(၆) *ဝိက္ခိတ္တက* – လက်၊ ခြေ၊ ဦးခေါင်း၊ ကိုယ်ခန္ဓာတို့ကို တစ်ကွဲတစ်ပြားစီကြဲပစ်ထားသော အလောင်းကောင်၊
(၇) *ဟတဝိက္ခိတ္တက* – ဒါး၊ လှံ၊ လက်နက်တို့ဖြင့် အစိတ်စိတ် အမွှာမွှာ လှီးဖြတ်နှိပ်စက်ထားသော အလောင်းကောင်၊
(၈) *လောဟိတက* – သွေးများထွက်ယိုလျက် တစ်ကိုယ်လုံးသွေးလိမ်းကျံနေသော အလောင်းကောင်၊
(၉) *ပုဠုဝက* – ပိုးလောက်များပြည့်နှက်နေသောအလောင်းကောင်၊
(၁၀) အဋ္ဌိက – အရိုးများသာစုပေါင်း၍လည်းကောင်း၊ ပြန့်ကြဲ၍လည်းကောင်း ကြွင်းကျန်သောအလောင်းကောင်၊

**(၃) အနုဿတိ (၁၀) ပါး**

အဖန်တလဲလဲ အောက်မေ့ဆင်ခြင်မှုဟူသော သတိစေတသိက်ကို = အနုဿတိဟု ခေါ်၏။

(၁) *ဗုဒ္ဓါနုဿတိ* – ဘုရားရှင်၏ဂုဏ်တော်ကို အဖန်တလဲလဲအောက်မေ့ခြင်း၊
(၂) *ဓမ္မာနုဿတိ* – တရားတော်၏ဂုဏ်ကို အဖန်တလဲလဲအောက်မေ့ခြင်း၊
(၃) *သံဃာနုဿတိ* – သံဃာတော်၏ဂုဏ်ကို အဖန်တလဲလဲအောက်မေ့ခြင်း၊
(၄) *သီလာနုဿတိ* – မိမိ၏သီလဂုဏ်ကို အဖန်တလဲလဲအောက်မေ့ခြင်း၊
(၅) *စာဂါနုဿတိ* – မိမိ၏စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဂုဏ်ကို အဖန်တလဲလဲအောက်မေ့ခြင်း၊
(၆) *ဒေဝတာနုဿတိ* – နတ်တို့၏သဒ္ဓါစသည့်ဂုဏ်နှင့်တူသော မိမိ၏ဂုဏ်ကိုအဖန်တလဲလဲအောက်မေ့ခြင်း၊
(၇) *ဥပသမာနုဿတိ* – ဒုက္ခခပ်သိမ်းအေးငြိမ်းသောနိဗ္ဗာန်ကို အဖန်တလဲလဲ အောက်မေ့ခြင်း၊
(၈) *မရဏာနုဿတိ* – မိမိ၏သေခြင်းကို အဖန်တလဲလဲအောက်မေ့ခြင်း၊

http://www.dhammadownload.com



(၉) *ကာယဂတာသတိ* – ဆံပင်, မွေးညှင်း, ခြေသည်းလက်သည်း စသည့် ၃၂ ကောဋ္ဌာသကို အဖန်တလဲလဲအောက်မေ့ခြင်း၊

(၁၀) *အာနာပါနဿတိ* – ထွက်သက်ဝင်သက်ကို အဖန်တလဲလဲအောက်မေ့ခြင်း။

### (၄) ဗြဟ္မဝိဟာရ (၄) ပါး

ဗြဟ္မာတို့၏နေခြင်းနှင့်တူ၍ 'ဗြဟ္မာဝိဟာရ' ဟု ခေါ်၏။ မြတ်သောအကျင့်ဖြစ်၍ 'ဗြဟ္မစိုရ်' တရားလေးပါးဟုလည်း ခေါ်၏။

(၁) *မေတ္တာ* – သတ္တဝါများကို ဘေးရန်ကင်း၍ ချမ်းသာစေလိုခြင်းသဘော၊

(၂) *ကရုဏာ* – ဆင်းရဲသောသတ္တဝါတို့ကို သနားကြင်နာ၍ ဆင်းရဲမှလွတ်မြောက်စေလိုခြင်းသဘော၊

(၃) *မုဒိတာ* – ချမ်းသာသည့်သတ္တဝါတို့ကို အာရုံယူ၍ဝမ်းမြောက်ခြင်း၊ စည်းစိမ်ချမ်းသာတည်မြဲစေလိုခြင်းသဘော၊

(၄) *ဥပေက္ခာ* – သတ္တဝါတို့သည် ကံစီမံရာဖြစ်ကြရ၏ဟုနှလုံးသွင်းဆင်ခြင်ခြင်းသဘော။

### (၅) အာရုပ္ပ (၄) ပါး

(၁) *အာကာသာနဉ္စာယတနစျာန်ထူထောင်သည့်ကမ္မဋ္ဌာန်း*၊

(၂) *ဝိညာဏဉ္စာယတနစျာန်ထူထောင်သည့်ကမ္မဋ္ဌာန်း*၊

(၃) *အာကိဉ္စညာယတနစျာန်ထူထောင်သည့်ကမ္မဋ္ဌာန်း*၊

(၄) *နေဝသညာနာသညာယတနစျာန်ထူထောင်သည့်ကမ္မဋ္ဌာန်း*။

### (၆) အာဟာရေပဋိကူလသညာ (၁) ပါး

စားသောက်မျိုသွင်းအပ်သည့် အစာအာဟာရ၌ စက်ဆုပ်ဖွယ်ဟုထင်မြင်လာ အောင် အဖန်ဖန်အောက်မေ့ဆင်ခြင်တတ်သောသညာကို 'အာဟာရေပဋိကူလသညာ' (ဝါ) 'တစ်ခုသောသညာ' ဟုခေါ်၏။

### (၇) စတုဓာတုဝဝတ္ထာန် (၁) ပါး

ခန္ဓာကိုယ်၌ ပထဝီ, အာပေါ, တေဇော, ဝါယောဟူသော ဓာတ်ကြီးလေးပါးကို ပိုင်းခြားရှုမှတ်ခြင်းကို 'စတုဓာတုဝဝတ္ထာန်' (ဝါ) 'တစ်ခုသောဝဝတ္ထာန်' ဟုခေါ်၏။

### ဥပစာရစျာန်, အပ္ပနာစျာန်ကိုဆောင်သောအားဖြင့် ဝေဖန်ခြင်း

ကာယဂတာသတိနှင့် အာနာပါနဿတိတို့မှ တစ်ပါးသော ကြွင်းသည့် အနုဿတိ ကမ္မဋ္ဌာန်း (၈)ပါး၊ အာဟာရေပဋိကူလသညာ (၁)ပါး၊ စတုဓာတုဝဝတ္ထာန် (၁)ပါး၊ ပေါင်း ကမ္မဋ္ဌာန်း (၁၀)ပါးတို့သည် ဥပစာရစျာန်ကိုဆောင်နိုင်ကြ၏။ ကြွင်းသောကမ္မဋ္ဌာန်း(၃၀)

http://www.dhammadownload.com



တို့သည် အပ္ပနာဈာန်ကို ဆောင်နိုင်ကြ၏။

အပ္ပနာဈာန်ကိုဆောင်နိုင်သော ကမ္မဋ္ဌာန်း(၃၀)တို့မှာ ကသိုဏ်း(၁၀)ပါး၊ အသုဘ(၁၀) ပါး၊ ကာယဂတာသတိ(၁)ပါး၊ အာနာပါနဿတိ(၁)ပါး၊ ဗြဟ္မဝိဟာရ(၄)ပါးနှင့် အာရုပ္ပ (၄)ပါးတို့ဖြစ်ကြ၏။

### ဈာန်အားဖြင့် ကမ္မဋ္ဌာန်းတို့ကိုဝေဖန်ခြင်း

| | |
|---|---|
| ကသိုဏ်း(၁၀)ပါးနှင့် အာနာပါနဿတိ | → ရူပါဝစရဈာန်(၄)ပါး(စတုက္ကနည်း) |
| အသုဘ(၁၀)ပါးနှင့်ကာယဂတာသတိ | → ရူပါဝစရပထမဈာန် |
| မေတ္တာ, ကရုဏာ, မုဒိတာ | → ပထမ, ဒုတိယ, တတိယ ရူပါဝစရဈာန် (စတုက္ကနည်း) |
| ဥပေက္ခာ | → ရူပါဝစရစတုတ္ထဈာန်(စတုက္ကနည်း) |
| အာရုပ္ပ(၄)ပါး | → အရူပါဝစရဈာန်(၄)ပါး |

### ဈာန်အင်္ဂါ/အာရုံလွန်ခြင်းအားဖြင့်ဝေဖန်ခြင်း

ကသိုဏ်း(၁၀)ပါး၊ အာနာပါနဿတိ၊ မေတ္တာ, ကရုဏာ, မုဒိတာဟူသော ရှေ့ဗြဟ္မဝိ ဟာရ(၃)ပါးတို့၌ ဈာန်အင်္ဂါလွန်ခြင်းဖြစ်၏။ ပထမဈာန်ရပြီးနောက် အထက်အထက်ဈာန် သို့တက်ရာတွင် ဝိတက်, ဝိစာရစသည့်ဈာန်အင်္ဂါတို့ကို ကျော်လွန်ရ, ပယ်ရခြင်း ဖြစ်၏။

ဥပေက္ခာရှုပွားခြင်းဟူသော စတုတ္ထဗြဟ္မဝိဟာရ၌လည်း ထို့အတူပင် ဈာန်အင်္ဂါလွန်ခြင်း ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ရရှိသောရူပါဝစရစတုတ္ထဈာန်သည် မေတ္တာစသည့်အာရုံ၌ သာလျှင် သောမနဿကိုလွန်၍ ရောက်အပ်၏။ ထို့ကြောင့် ဈာန်အင်္ဂါလွန်ခြင်းဖြစ်၏။

အာရုပ္ပ(၄)ပါး(ဝါ)အရူပကမ္မဋ္ဌာန်း(၄)ပါးတို့ကား အာရုံကိုလွန်ခြင်းဖြစ်၏။ အာကာသ ကသိုဏ်းကြဉ် ရှေ့ကိုးပါးသောကသိုဏ်းတို့တွင် တစ်ပါးပါးသောကသိုဏ်းကိုလွန်၍ (ကသိုဏ်းနိမိတ်ကိုလွန်၍) အာကာသာနဉ္စာယတနဈာန်သို့ ရောက်အပ်၏။ ကောင်းကင် ပညတ်စသည်ကိုလွန်၍ ဝိညာဏဉ္စာယတနဈာန် စသည်တို့သို့ ရောက်အပ်ကုန်၏။

အထက်၌ဖော်ပြခဲ့သည့် ကမ္မဋ္ဌာန်းများမှအပ ကြွင်းသောကမ္မဋ္ဌာန်း(၂၁)ပါး (အသုဘ ၁၀ပါး၊ အာနာပါနဿတိမှအပကြွင်းသောအနုဿတိ ၉ပါး၊ သညာ ၁ပါး၊ ဝဝတ္ထာန် ၁ပါး)တို့၌ အင်္ဂါလွန်ခြင်း, အာရုံလွန်ခြင်းတို့ မရှိချေ။

### ပွားအပ်,မပွားအပ်သော၀အားဖြင့် ဝေဖန်ခြင်း

ကမ္မဋ္ဌာန်း (၄၀)တွင် ကသိုဏ်း(၁၀)ပါးကိုသာ ပွားအပ်၏။ ပဋိဘာဂနိမိတ်ကိုပွား ခြင်းဖြစ်၏။ အကြင်မျှလောက်သောအရပ်ကို ကသိုဏ်းဖြင့်နှံ့၏၊ ထိုအရပ်အတွင်း၌နတ် ၏နားနှင့်တူသည့် ဒိဗ္ဗသောတအဘိညာဏ်ဖြင့် အသံကိုကြားရ၏၊ ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့်

http://www.dhammadownload.com



အဆင်းကိုမြင်ရ၏၊ တစ်ပါးသောသတ္တဝါတို့၏စိတ်ကို စေတောပရိယအဘိညာဏ်ဖြင့် သိနိုင်၏။

ကာယဂတာသတိနှင့် အသုဘကမ္မဋ္ဌာန်းတို့ကို မပွားစေအပ်ပါ။ အကြောင်းမှာမိမိ တည်ရာအရပ်ဖြင့် ပိုင်းခြားအပ်သောကြောင့်လည်းကောင်း၊ အကျိုးမရှိသည်အဖြစ်ကြောင့် လည်းကောင်း၊ မပွားစေအပ်ပါ။

အသုဘကမ္မဋ္ဌာန်းကိုပွားသည်ရှိသော် အကောင်ပုပ်အစုသည်သာ ပွားရလေရာ၏။ တစ်စုံတစ်ခုသောအကျိုးမရှိပါ။ သောပါကသာမဏေ၏အမေးပုစ္ဆာကို မြတ်စွာဘုရားဖြေကြားရာ၌ ပဋိဘာဂနိမိတ်ကိုပွားသည်၏အစွမ်းဖြင့် ရူပသညာသည် အလွန်ထင်ရှား၏။ အဋ္ဌိကသညာကို ပဋိဘာဂနိမိတ်၏မပွားသည့်အစွမ်းဖြင့် မထင်ဟုဆိုအပ်၏။

မွှာသောကမင်းလက်ထက်က ကရဝိတ်ငှက်သည်ထက်ဝန်းကျင်ကြေးမုံကပ်ထားသော နံရံ၌ မိမိ၏အရိပ်ကိုမြင်၍ အလုံးစုံသောအရပ်၌ ကရဝိတ်ငှက်ဖော်ရှိ၏ဟု အမှတ်ရှိ၍ သာယာသောအသံကိုကျူးရင့်၏။ ထို့အတူ မထေရ်သည် အဋ္ဌိကသညာကို အလွန်အကဲရသည့်အတွက် အလုံးစုံသောအရပ်တို့၌ရှိသည့် သတ္တဝါတို့ကို အရိုးစုအဖြစ်သာမြင်၏။ ထို့ကြောင့် အလုံးစုံသောအရပ်၌ ဖွေးဖွေးထင်သောနိမိတ်ကို မြင်သည်၊ အလုံးစုံအကြွင်းမရှိသောမြေအပြင်သည် အရိုးစုဖြင့်သာပြည့်သည်ဟု အောက်မေ့မိခြင်းဖြစ်၏။

ထို့အတူ ကြွင်းသောအာနာပါနကမ္မဋ္ဌာန်းစသည်တို့ကိုလည်း မပွားအပ်ပါ။ အကြောင်းမှာ အာနာပါနနိမိတ်ကိုပွားလျှင် လေအစုသာပွားများ၏၊ အရပ်ဖြင့်ပိုင်းခြားအပ်သည် လည်းဖြစ်၏။ ထို့ကြောင့် မပွားများအပ်ပါ။

ဗြဟ္မဝိဟာရတို့သည် သတ္တဝါလျှင် အာရုံရှိကုန်၏။ ထိုအာရုံနိမိတ်ကို ပွားသည်ရှိသော် သတ္တဝါအစုသာပွားရာ၏။ ထိုသို့ပွားသဖြင့် အကျိုးမရှိပါ။ ထို့ကြောင့် အာရုံကိုလည်း မပွားအပ်။ "မေတ္တာနှင့်တကွဖြစ်သောစိတ်ဖြင့် တစ်ခုသောအရပ်ကိုနှံ့၍" စသည်ဖြင့် ဟောတော်မူခြင်းမှာ မသိမ်းဆည်းရသေးသောအာရုံကို သိမ်းဆည်းသောအားဖြင့်သာလျှင် ဟောခြင်းဖြစ်၏။ နိမိတ်ကိုပွားစေခြင်းမဟုတ်ပါ။ ဗြဟ္မဝိဟာရဘာဝနာ၌ ပဋိဘာဂနိမိတ်မရှိသဖြင့် နိမိတ်ကိုမပွားရပါ။

အာရုပ္ပကမ္မဋ္ဌာန်းအာရုံတို့တွင်လည်း ပထဝီကသိုဏ်း၏ပဋိဘာဂနိမိတ်စသည်ကိုခွာ၍ ရအပ်သော အာကာသပညတ်ကို မပွားစေအပ်။ ထိုအာကာသကို ကသိုဏ်း၏ကင်းကွာခြင်း၏အစွမ်းဖြင့်သာလျှင် နှလုံးသွင်းအပ်၏။ ထို့ထက်အလွန်ပွားများခြင်းဖြင့် အကျိုးမရှိ။ ပထမာရုပ္ပဝိညာဏ် (ဝါ) အာကာသာနဉ္စာယတနစိတ်ကို သဘောတရားဖြစ်သောကြောင့် မပွားအပ်။ သဘာဝဓမ္မကိုပွားခြင်းငှာ မတတ်ကောင်း။

ပထမာရုပ္ပဝိညာဏ်၏မရှိခြင်းသဘောဖြစ်သော နတ္ထိဘာဝပညတ်ကိုလည်း မပွားအပ်ပါ။ ထိုနတ္ထိဘာဝပညတ်ကိုအာရုံယူသော အာကိဉ္စညာယတနစျာန်သည် နေဝသညာနာ

http://www.dhammadownload.com



သညာယတနစျာန်၏အာရုံဖြစ်၏။ ယင်းအာရုံသည်လည်း သဘောတရားသာ ဖြစ်ခြင်းကြောင့် မပွားအပ်။

ကြွင်းသောကမ္မဋ္ဌာန်းတို့၌ ပဋိဘာဂနိမိတ်ဖြစ်ပေါ်ခြင်းမရှိသည့်အတွက် မပွားအပ်ပါ။

### အာရုံအားဖြင့်ဆုံးဖြတ်ခြင်း

ကသိုဏ်း(၁၀)ပါး၊ အသုဘ(၁၀)ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိဟူသော ကမ္မဋ္ဌာန်း(၂၂)ပါးတို့တွင် ပဋိဘာဂနိမိတ်ဟူသော အာရုံဖြစ်ကုန်၏။ ကြွင်းသော ကမ္မဋ္ဌာန်းတို့တွင် ပဋိဘာဂနိမိတ်မဟုတ်သောအာရုံဖြစ်ကုန်၏။

ကာယဂတာသတိနှင့် အာနာပါနဿတိတို့မှတစ်ပါး ကြွင်းသောအနုဿတိ(၈)ပါး၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်၊ ဝိညာဏဉ္စာယတန၊ နေဝသညာနာသညာယတနဟူသော ကမ္မဋ္ဌာန်း(၁၂)ပါးတို့သည် သဘာဝဓမ္မအာရုံရှိကြ၏။

ဗြဟ္မဝိဟာရ(၄)ပါး၊ အာကာသာနဉ္စာယတန၊ အာကိဉ္စညာယတနဟူသောကမ္မဋ္ဌာန်း (၆)ပါးတို့သည် သဘာဝဟူ၍လည်းကောင်း၊ နိမိတ်ဟူ၍လည်းကောင်း မဆိုအပ်သော အာရုံရှိကြ၏။

ထို့အပြင် ဝိပုဗ္ဗကကမ္မဋ္ဌာန်း၊ လောဟိတကကမ္မဋ္ဌာန်း၊ ပုဠုဝကကမ္မဋ္ဌာန်း၊ အာနာပါနဿတိ၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း၊ အာလောကကသိုဏ်းဟူသော ကမ္မဋ္ဌာန်း(၈)ပါး၌ လှုပ်သောအာရုံတို့ ဖြစ်ကြ၏။ ပဋိဘာဂနိမိတ်ဖြစ်သည့်မှ ရှေ့အဖို့၌သာ လှုပ်ကုန်၏။ ပဋိဘာဂနိမိတ်တို့ကား မတုန်လှုပ်၊ ငြိမ်သက်၏။

ကြွင်းသောကမ္မဋ္ဌာန်းတို့သည် မလှုပ်သောအာရုံရှိကြ၏။

### ဘုံအားဖြင့်ဝေဖန်ခြင်း

အသုဘ (၁၀)ပါး၊ ကာယဂတာသတိ၊ အာဟာရေပဋိကူလသညာဟူသော ကမ္မဋ္ဌာန်း (၁၂)ပါးတို့သည် နတ်ပြည်များ၌ မဖြစ်ကုန်။ ကျန်ကမ္မဋ္ဌာန်း(၂၈)ပါးတို့ဖြစ်နိုင်၏။

အထက်ပါကမ္မဋ္ဌာန်း(၁၂)ပါးနှင့် အာနာပါနဿတိ၊ ပေါင်း(၁၃)ပါးတို့သည် ဗြဟ္မာဘုံ၌ မဖြစ်ကုန်။ ကြွင်းသည့်ကမ္မဋ္ဌာန်း(၂၇)ပါး ဖြစ်နိုင်၏။

အာရုပ္ပကမ္မဋ္ဌာန်း(၄)ပါးတို့သာလျှင် အရူပဘုံ၌ဖြစ်၏။

လူ့ဘုံ၌ကား ကမ္မဋ္ဌာန်း(၄၀)စလုံးဖြစ်နိုင်၏။

### မြင်အပ်သောဝတ္ထုစသည်ဖြင့်ဝေဖန်ခြင်း

ဝါယောကသိုဏ်းမှအပဖြစ်သော ကသိုဏ်း(၉)ပါး၊ အသုဘ(၁၀)ပါး၊ ပေါင်း(၁၉)ပါး တို့သည် မြင်အပ်သောဝတ္ထုကို အာရုံယူကြ၏။ ဥဂ္ဂဟနိမိတ်မထင်မီရှေ့အဖို့၌ မျက်စိဖြင့်ကြည့်၍ ထိုကမ္မဋ္ဌာန်းတို့၏နိမိတ်ကို မြင်သည့်အတိုင်းထင်အောင် မနောဒွါရဖြင့် မှတ်အပ်၏။

http://www.dhammadownload.com



ကာယဂတာသတိ၌ ဂှတစပဉ္စကကမ္မဋ္ဌာန်းကို မြင်အပ်သောဝတ္ထုဖြင့် ယူအပ်၏။ ကြွင်းသောဝက္ကပဉ္စကစသည်တို့ကို ကြားအပ်သောဝတ္ထုဖြင့်ယူအပ်သည်ဖြစ်၍ ထိုထိုကမ္မဋ္ဌာန်းတို့၏အာရုံကို မြင်ခြင်းကြားခြင်းဖြင့် ယူအပ်၏။

အာနာပါနသ္သတိကို တွေ့ထိခြင်းဖြင့် အာရုံယူအပ်၏။

ဝါယောကသိုဏ်းကို မြင်ခြင်း, တွေ့ထိခြင်းဖြင့် အာရုံယူအပ်၏။

ဆိုခဲ့ပြီးသည်မှ ကြွင်းသောကမ္မဋ္ဌာန်းတို့ကို ကြားအပ်သောဝတ္ထုဖြင့် ယူအပ်ကုန်၏။

လက်ဦးအစကမ္မဋ္ဌာန်းစီးဖြန်းသောပုဂ္ဂိုလ်သည် ဥပေက္ခာဗြဟ္မဝိဟာရနှင့် အာရုပ္ပ(၄)ပါးတို့ကို မရှုပွားအပ်။ ကြွင်းသောကမ္မဋ္ဌာန်း ၃၅ ပါးတို့ကို လက်ဦးကမ္မဋ္ဌာန်းအဖြစ်ရှုပွားအပ်၏။

### ဈာန်, အဘိညာဏ်စသည်၏အကြောင်းဖြစ်ပုံ

အာကာသကသိုဏ်းမှအပ ကြွင်းသောကသိုဏ်း(၉)ပါးတို့သည် အာရုပ္ပကမ္မဋ္ဌာန်းတို့၏ အကြောင်းဖြစ်ကုန်၏။ ကသိုဏ်း(၁၀)ပါးတို့သည် အဘိညာဏ်တို့၏အကြောင်းဖြစ်ကုန်၏။

ပထမဗြဟ္မဝိဟာရ(၃)ပါးသည် စတုတ္ထဗြဟ္မဝိဟာရ၏အကြောင်း ဖြစ်ကုန်၏။

အောက်အောက်ဖြစ်သောအာရုပ္ပတို့သည် အထက်အထက်ဖြစ်သော အာရုပ္ပတို့၏အကြောင်းဖြစ်ကုန်၏။

နေဝသညာနာသညာယတနဈာန်သည် နိရောဓသမာပတ်၏အကြောင်းဖြစ်၏။

အလုံးစုံသောကမ္မဋ္ဌာန်းတို့သည် ချမ်းသာစွာနေရခြင်း, ဝိပဿနာရှုခြင်း, ဘဝသမ္ပတ္တိတို့၏အကြောင်းဖြစ်ကုန်၏။

### စရိုက်နှင့်ကမ္မဋ္ဌာန်း

အဘယ်ကမ္မဋ္ဌာန်းတို့သည် အဘယ်စရိုက်ရှိသူနှင့် သင့်လျော်သနည်း။

(၁) ရာဂစရိုက်ရှိသူသည် အသုဘ(၁၀)ပါးနှင့် ကာယဂတာသတိ၊ ပေါင်းကမ္မဋ္ဌာန်း (၁၁)ပါးနှင့် သင့်လျော်၏။

(၂) ဒေါသစရိုက်ရှိသူသည် ဝဏ္ဏကသိုဏ်း(၄)ပါး၊ ဗြဟ္မဝိဟာရ(၄)ပါး၊ ပေါင်းကမ္မဋ္ဌာန်း(၈)ပါးနှင့် သင့်လျော်၏။

(၃) မောဟစရိုက်ရှိသူနှင့် ဝိတက်စရိုက်ရှိသူတို့အား အာနာပါနသ္သတိကမ္မဋ္ဌာန်းသည် သင့်လျော်၏။

(၄) သဒ္ဓါစရိုက်ရှိသူသည် ရှေ့အနုဿတိ(၆)ပါး (ဗုဒ္ဓါ၊ ဓမ္မာ၊ သံဃာ၊ သီလာ၊ စာဂါ၊ ဒေဝတာ)နှင့်သင့်လျော်၏။

(၅) ဗုဒ္ဓိစရိုက်ရှိသူသည် မရဏာနုဿတိ၊ ဥပသမာနုဿတိ၊ စတုဓာတုဝဝတ္ထာန်၊ အာဟာရေပဋိကူလသညာဟူသော ကမ္မဋ္ဌာန်း(၄)ပါးနှင့် သင့်လျော်၏။

(၆) အလုံးစုံသောစရိုက်ရှိသူတို့အား သင့်လျော်သောကမ္မဋ္ဌာန်းတို့မှာ ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း၊ အာလောကကသိုဏ်း၊

http://www.dhammadownload.com



အာကာသကသိုဏ်း၊ အာရုပ္ပ(၄)ပါး၊ ပေါင်းကမ္မဋ္ဌာန်း (၁၀)ပါးဖြစ်၏။

ကသိုဏ်းတို့တွင် ငယ်သောကသိုဏ်းဝန်းသည် ဝိတက်စရိုက်ရှိသူအား သင့်လျော်၍ ကြီးသောကသိုဏ်းဝန်းသည် မောဟစရိုက်ရှိသူအား သင့်လျော်၏။

ဆိုခဲ့ပြီးသောစကားတို့မှာ အလွန်လျောက်ပတ်သည်၏အစွမ်းဖြင့် ဆိုခဲ့ခြင်းဖြစ်၏။ အမှန်အားဖြင့် ကမ္မဋ္ဌာန်းအားလုံးသည်ပင် ရာဂစသည်ကိုပယ်ခွာရန်နှင့် သဒ္ဓါစသည်ကို ကျေးဇူးပြုရန် စွမ်းဆောင်ပေးကြ၏။

ထို့ကြောင့် မေဃိယသုတ်၌ "သီလ၌တည်ပြီးသည့်နောက် ရာဂကိုပယ်ခြင်းငှာ အသုဘ ကမ္မဋ္ဌာန်းကို ပွားအပ်၏။ ဒေါသ, ဗျာပါဒကိုပယ်ခြင်းငှာ မေတ္တာကိုပွားအပ်၏။ ဝိတက် ကိုဖြတ်ခြင်းငှာ အာနာပါနသတိကို ပွားအပ်၏။ ငါသာတတ်, ငါသာလိမ္မာသည်ဟု စိတ် ဖြင့်ထောင်လွှားသောမာနကို ကောင်းစွာဖြတ်ခြင်းငှာ အနိစ္စသညာကို ပွားအပ်၏" ဟု ဟောတော်မူ၏။

ရာဟုလသုတ်၌လည်း "အိုရာဟုလာ၊ မေတ္တာဘာဝနာကိုပွားလော့" စသည်ဖြင့် ရာဟု လာတစ်ဦးတည်းကို ခုနစ်ပါးသောကမ္မဋ္ဌာန်းတို့ကို ဟောအပ်၏။ ထို့ကြောင့် ဤစရိုက် ရှိသူသည် ဤကမ္မဋ္ဌာန်းနှင့်သင့်လျော်၏ဟူသောစကားကို ခိုင်မြဲစွာမစွဲယူဘဲ ကမ္မဋ္ဌာန်း အားလုံး၌ အကျိုးကျေးဇူးကို ရှာဖွေရယူသင့်၏။

### ကမ္မဋ္ဌာန်းတောင်းယူပုံ

သီလကိုစင်ကြယ်စေပြီး၍ ပလိဗောဓများကိုဖြတ်တောက်ပြီးသော ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းပေးတတ်သည့် ကလျာဏမိတ္တခေါ် အဆွေခင်ပွန်းထံသို့ ချဉ်းကပ်၍

(၁) မိမိကိုယ်ကို မြတ်စွာဘုရားအားအပ်နှင်းခြင်း၊
(၂) မိမိကိုယ်ကို ဆရာသမားအားအပ်နှင်းခြင်း၊
(၃) ပြည့်စုံကောင်းမြတ်သော အလိုဆန္ဒရှိခြင်း၊ နှလုံးသွင်းခြင်းတို့ကိုပြည့်စုံစေပြီး ကမ္မဋ္ဌာန်းတောင်းအပ်၏။

### (၁) မြတ်စွာဘုရားအား မိမိကိုယ်ကိုအပ်နှင်းခြင်း

"ဘုန်းတော်ကြီးလှပါသောမြတ်စွာဘုရား၊ အကျွန်ုပ်သည် ဤခန္ဓာကိုယ်အတ္တဘောကို အရှင်ဘုရားတို့အား စွန့်လှူပါ၏" ဟုဆို၍ ယောဂီသည် မြတ်စွာဘုရားအား မိမိကိုယ်ကို အပ်နှင်း၏။

ဤသို့မအပ်နှင်းခဲ့သော် အစွန်အဖျားကျသည့်ကျောင်းတွင်နေသောရဟန်းသည် ကြောက် မက်ဖွယ်အာရုံထင်လာသည့်အခါ ရပ်ခံ, တနိုင်ခြင်းငှာ မစွမ်းနိုင်ဘဲ ရွာနီးကျောင်းသို့ သက်ဝင်၍ လူတို့နှင့်ရောပြွမ်းသဖြင့် မအပ်သောရှာမှီးခြင်းသို့ရောက်ကာ အကျိုးမဲ့ပျက်စီး ခြင်းသို့ရောက်၏။

http://www.dhammadownload.com



ကိုယ်စန္ဒာအပ်နှင်းထားသောရဟန်းအား ကြောက်မက်ဖွယ်အာရုံတို့ထင်လာသောအခါ ကြောက်၍ ထိတ်လန့်ခြင်းမဖြစ်၊ ဘေးအန္တရာယ်မဖြစ်။ "အို–ပညာရှိ၊ သင်သည် ရှေးဦးမဆွကပင်လျှင် မိမိကိုယ်အတ္တဘောကို မြတ်စွာဘုရားအား အပ်နှင်းခဲ့ပြီမဟုတ်လော"ဟု ဆင်ခြင်ကာ ထိုရဟန်းသည် ဝမ်းမြောက်လေရာ၏။ ဥပမာအားဖြင့် ယောကျ်ားတစ်ယောက်တွင် ကာသိတိုင်းဖြစ်မွန်မြတ်သည့်အဝတ်ရှိရာ ထိုအဝတ်ကို ကြွက်တို့ ခြတို့ ကိုက်လိုက်လျှင် ထိုသူသည် နှလုံးမသာယာဖြစ်လေရာ၏။ အကယ်၍ ထိုအဝတ်ကိုသင်္ကန်းမရှိသော ရဟန်းတစ်ပါးအား ပေးလှူလိုက်ငြားအံ့၊ ထိုရဟန်းက ထိုအဝတ်ကို အပိုင်းပိုင်းဖြတ်နေသည်ကို ထိုယောကျ်ားမြင်ရလျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သကဲ့သို့တည်း။

(၂) ဆရာအား မိမိကိုယ်ကိုအပ်နှင်းခြင်း

"အရှင်ဘုရား၊ အကျွန်ုပ်သည် ဤခန္ဓာကိုယ်အတ္တဘောကို အရှင်ဘုရားတို့အားစွန့်လှူပါ၏"ဟုဆို၍ ယောဂီသည် ဆရာအား မိမိကိုယ်ကိုအပ်နှင်း၏။

မိမိကိုယ်ကိုမအပ်နှင်းခြင်း၏အပြစ်ကား မအပ်နှင်းသောယောဂီသည် ဆရာ မကြိမ်းမောင်းအပ်၊ ကြိမ်းမောင်းလျှင်လည်း အလေးမမူ၊ သွန်သင်ဆုံးမသည်ကိုလည်း မလိုက်နာ၊ ဆရာအားမပန်ကြားဘဲ သွားချင်ရာရာသို့သွား၏။ ဆိုဆုံးမရန်ခက်ခဲ၍ မပန်ကြားဘဲ သွားလိုရာသွားသောတပည့်အား ဆရာသည် ဆွမ်း၊ သင်္ကန်းစသည့် အာမိသဖြင့်လည်းကောင်း၊ တရားဓမ္မဖြင့်လည်းကောင်း၊ မချီးမြှောက်ပေ။ လျှို့ဝှက်နက်နဲသော ကျမ်းဂန်ကိုမသင်ပြပေးချေ။ ဤဓမ္မ၊ အာမိသဟူသော နှစ်ပါးသောချီးမြှောက်ခြင်းကိုမရလျှင် ထိုတပည့်ရဟန်းသည် သာသနာတော်၌ ထောက်တည်ရာကိုမရ၊ မကြာမီဒုဿီလအဖြစ်သို့သော်လည်းကောင်း၊ လူဝတ်ကြောင်အဖြစ်သို့သော်လည်းကောင်း၊ ရောက်လေရာ၏။

မိမိကိုယ်ကိုအပ်နှင်းသည့်အကျိုးကား ကိုယ်အပ်နှင်းသူတပည့်အား ဆရာသည် ကြိမ်းမောင်းအပ်၏၊ ဆုံးမသွန်သင်အပ်၏၊ တပည့်သည် ခွင့်မပန်ကြားဘဲ သွားချင်ရာရာသို့မသွား၊ ဆိုဆုံးမလွယ်ခြင်း၊ ဆရာနှင့်စပ်သောအသက်မွေးခြင်းတို့ကိုရ၏။ ဆရာ့ထံမှ အာမိသနှင့် ဓမ္မ–နှစ်မျိုးသောချီးမြှောက်ခြင်းကိုရသဖြင့် သာသနာတော်၌ကြီးပွားခြင်း၊ အမြစ်စိုက်ခြင်း၊ ပြန့်ပြောခြင်းသို့ ရောက်၏။

**စူဠပိဏ္ဍပါတိကတိဿမထေရ်ကြီး**၏တပည့်သုံးဦးကို စံနမူနာယူသင့်၏။ ရဟန်းသုံးပါးတို့သည် မထေရ်ကြီးထံနည်းခံရန် ရောက်လာကြ၏။ တစ်ပါးသောရဟန်းက "အရှင်ဘုရား၊ အကျွန်ုပ်သည် အရှင်ဘုရားတို့အား အကျိုးရှိမည်ဆိုလျှင် အသူတစ်ရာနက်သော ချောက်ကမ်းပါးထဲသို့ ခုန်ချဝံ့ပါသည်"ဟု လျှောက်ထား၏။

ဒုတိယရဟန်းက "အရှင်ဘုရား၊ အကျွန်ုပ်သည် အရှင်ဘုရားတို့အား အကျိုးရှိမည်ဆိုလျှင် မိမိ၏ကိုယ်အတ္တဘောကို ဖနောင့်မှစ၍ ကျောက်ပြင်တွင်သွေးစေကာ အကြွင်းမဲ့

http://www.dhammadownload.com



ကုန်စေခြင်းကို ပြဲ့ဝဲ့ပါ၏"ဟု လျှောက်ထား၏။

တတိယရဟန်းက "အရှင်ဘုရား၊ အကျွန်ုပ်သည် အရှင်ဘုရားတို့အား အကျိုးရှိမည် ဆိုလျှင် ထွက်သက်ဝင်သက်ပိုပိတ်ဆို့၍ သေခြင်းကိုပြဲ့ဝဲ့ပါသည်"ဟု လျှောက်ထား၏။

မထေရ်သည် ဤရဟန်းတို့ကား ဘဗ္ဗပုဂ္ဂိုလ်များပေတည်းဟုအောက်မေ့၍ကမ္မဋ္ဌာန်းကို ဟောကြား၏။ ထိုရဟန်းသုံးပါးတို့သည် မထေရ်ကြီး၏အဆုံးအမ၌တည်၍ ကမ္မဋ္ဌာန်း ရှုပွားရာ သုံးပါးစလုံးပင် အရဟတ္တဖိုလ်သို့ရောက်ကြကုန်၏။

ထို့ကြောင့် မြတ်စွာဘုရားအားလည်းကောင်း၊ ဆရာအားလည်းကောင်း၊ မိမိ၏ကိုယ် အတ္တဘောကို အပ်နှင်း၍ ကမ္မဋ္ဌာန်းယူသင့်ပါ၏။

### (၃) ပြည့်စုံကောင်းမြတ်သည့် အလိုအဇ္ဈာသယနှင့်နှလုံးသွင်းရှိခြင်း

သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား သို့မဟုတ် ပစ္စေကဗုဒ္ဓါ သို့မဟုတ် ရဟန္တာဖြစ်လိုသော ပုဂ္ဂိုလ်တို့သည် သမ္မာသမ္ဗောဓိ သို့မဟုတ် ပစ္စေကဗောဓိ သို့မဟုတ် သာဝကဗောဓိ ဟူသော ဗောဓိဉာဏ်သို့ အသီးသီးရောက်အောင် ကြိုးစားအားထုတ်ကြရမည်။ ထိုသို့ ကြိုးစားအားထုတ်ရာတွင် (၆)ပါးသောအလိုအဇ္ဈာသယနှင့် နှလုံးသွင်းမှုတို့နှင့် ပြည့်စုံရန် လို၏။

မြတ်စွာဘုရားဟောကြားထားသည်မှာ "ခြောက်ပါးသောအဇ္ဈာသယတို့သည် သမ္မာ သမ္ဗောဓိ, ပစ္စေကဗောဓိ, သာဝကဗောဓိဟုဆိုအပ်သော ဗောဓိလောင်းတို့အား ဗောဓိဉာဏ် ရင့်သန်စေခြင်းငှာ ဖြစ်ကုန်၏။ ဗောဓိလောင်းတို့သည် မလိုချင်မတပ်မက်လိုသည့်သဘော –အလောဘကို နှလုံးသွင်းအဇ္ဈာသယရှိပြီး လိုချင်တပ်မက်ခြင်း–လောဘ၏အပြစ်ကို ရှုကုန်၏။ အမျက်မထွက်လိုသည့်သဘော–အဒေါသကို နှလုံးသွင်းအဇ္ဈာသယရှိပြီး အမျက်ထွက်ခြင်း–ဒေါသ၏အပြစ်ကို ရှုကုန်၏။ မတွေဝေလိုသော သဘော–အမောဟ ကိုနှလုံးသွင်းအဇ္ဈာသယရှိပြီး တွေဝေမိုက်မဲခြင်း–မောဟ၏အပြစ်ကို ရှုကုန်၏။

"ဗောဓိလောင်းတို့သည် အိမ်ရာထူထောင်သည့်လူ့ဘောင်မှထွက်လိုသောသဘော– နိက္ခမကို နှလုံးသွင်းအဇ္ဈာသယရှိပြီး အိမ်ရာတည်ထောင်လူ့ဘောင်၌နေခြင်း၏အပြစ်ကို ရှုကုန်၏၊ ဝိဝေကသုံးမျိုးသို့ညွတ်သော နှလုံးသွင်းအဇ္ဈာသယရှိပြီး အပေါင်းအဖော်နှင့် နေခြင်း၏အပြစ်ကို ရှုကုန်၏။ ခပ်သိမ်းသောသံသရာဝဋ်တို့မှ ထွက်မြောက်ကျွတ်လွတ်လိုခြင်း ကို နှလုံးသွင်းအဇ္ဈာသယရှိပြီး အလုံးစုံသောဘဝဂတိတို့၏အပြစ်ကို ရှုကုန်၏။

"အတိတ်, ပစ္စုပ္ပန်, အနာဂတ်ဖြစ်ကုန်သော ခပ်သိမ်းသောသောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ, ပစ္စေကဗုဒ္ဓါ, သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားတို့သည် ဤ(၆)ပါးသောအခြင်း အရာဖြင့်သာလျှင် မိမိတို့ရောက်အပ်သောတရားထူးတို့သို့ ရောက်ကြကုန်၏။ ထို့ကြောင့် ဤ(၆)ပါးသောနှလုံးသွင်းခြင်း, စိတ်ညွတ်ခြင်းတို့နှင့် ပြည့်စုံအပ်၏။

http://www.dhammadownload.com



(၄) ဆရာက ကမ္မဋ္ဌာန်းဟောခြင်း

ဤသို့ဆိုခဲ့ပြီးသောအခြင်းအရာအားဖြင့် ပြည့်စုံကောင်းမြတ်သည့်နှလုံးသွင်းမှု, စိတ်ညွတ်မှုရှိသော ကမ္မဋ္ဌာန်းတောင်းသူယောဂီပုဂ္ဂိုလ်ကို စေတောပရိယအဘိညာဏ်ရသော ဆရာသည် စိတ်ဖြစ်သည့်အခြင်းအရာကိုကြည့်၍ စရိုက်ကိုသိအပ်၏။ စေတောပရိယအဘိညာဏ်မရလျှင် အဘယ်စရိုက်ရှိသနည်းဟု မေးအပ်၏။

"မသိပါ"ဟုဆိုသော် "သင့်အားအဘယ်တရားတို့ များစွာဖြစ်သနည်း၊ အဘယ်ကိုနှလုံးသွင်းလျှင် သင့်အားချမ်းသာသနည်း၊ အဘယ်ကမ္မဋ္ဌာန်းမှာ သင်၏စိတ်သည်မွေ့လျော်ကိုင်းညွတ်သနည်း"စသောနည်းဖြင့်မေး၍ စရိုက်ကိုသိအပ်၏။ ထို့နောက် စရိုက်အားလျော်သောကမ္မဋ္ဌာန်းကို ဟောအပ်၏။

ဆရာသည် ကမ္မဋ္ဌာန်းကို နည်းသုံးမျိုးဖြင့်ဟောအပ်၏။

(၁) ကမ္မဋ္ဌာန်းကိုလေ့လာသရဇ္ဈာယ်ဖူးသူအား တစ်ကြိမ်နှစ်ကြိမ်ထိုင်လျက် သရဇ္ဈာယ်ခြင်းကိုပြုစေ၍ ပေးအပ်၏။

(၂) ဆရာထံ၌နေသောတပည့်အား လာတိုင်းလာတိုင်းဟောအပ်၏။

(၃) သင်ယူပြီးလျှင် အရပ်တစ်ပါးသို့သွားမည့်တပည့်အား မကျဉ်းလွန်း, မကျယ်လွန်း ဟောအပ်၏။

ပထဝီကသိုဏ်းကိုဟောသည်ရှိသော် ရှေးဦးစွာ (၁)ကသိုဏ်း၏အပြစ်လေးပါး၊ (၂)ကသိုဏ်းပြုလုပ်ခြင်း၊ (၃)ကသိုဏ်းကိုပွားနည်း၊ (၄)နှစ်ပါးသောနိမိတ်၊ (၅)နှစ်ပါးသောသမာဓိ၊ (၆)ခုနစ်ပါးသောသပ္ပါယအသပ္ပါယ၊ (၇)ဆယ်ပါးသောအပ္ပနာကောသလ္လ၊ (၈)ဝီရိယနှင့်သမာဓိညီမျှမှု၊ (၉)အပ္ပနာအစီအရင်ဟူသည့် ကိုးပါးသောအခြင်းအရာတို့ကိုဟောအပ်၏။ ကြွင်းသောကမ္မဋ္ဌာန်းတို့၌လည်း ထိုထိုကမ္မဋ္ဌာန်းအားလျော်စွာ ဟောအပ်၏။

ဤသို့ဆရာက ကမ္မဋ္ဌာန်းတို့ကိုဟောအပ်သည်ရှိသော် တပည့်ယောဂီသည် နိမိတ်ကိုကြပ်ကြပ်တည်းတည်းမှတ်သား၍ ရှိသေစွာနာအပ်၏။ "နိမိတ်ကိုမှတ်သား၍"ဆိုသည်မှာ ဤသည်ကားအောက်ပုဒ်၊ အထက်ပုဒ်၊ အနက်၊ ဆိုလိုသောအဓိပ္ပာယ်၊ ဥပမာစသည်ဖြင့်ထိုထိုအခြင်းအရာတို့ကိုကြပ်ကြပ်တည်းတည်း ထုပ်စည်းဖွဲ့ချည်၍ သေသေချာချာမှတ်သားထားခြင်းကို ဆိုလို၏။

ဤသို့နိမိတ်ကိုကြပ်ကြပ်တည်းတည်းမှတ်သား၍ ရိုသေစွာကမ္မဋ္ဌာန်းကိုနာယူသောသူသည်သာ ကမ္မဋ္ဌာန်းကိုကောင်းစွာယူအပ်သည် မည်၏။ ဤပုဂ္ဂိုလ်အားသာလျှင် ထိုကမ္မဋ္ဌာန်းကိုအမှီပြု၍ တရားထူးရခြင်းသည် ပြည့်စုံနိုင်၏။

• ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေများ

၁။ ဝဲကာယ်တရားအားထုတ်လိုသူအတွက် အနှောင့်အယှက်ဖြစ်သော "ပိုဏ်း"ဟူသည်

http://www.dhammadownload.com



ယခုခေတ်ဂိုဏ်းများနှင့် တူမတူရှင်းလင်းဖြေဆို၍၊ ယင်းပုဂ္ဂိုလ်က ယင်းဂိုဏ်းများ၌ကျင့်သုံးရမည့်နည်းလမ်းများကိုလည်း တင်ပြခဲ့ပါ။(၁၉၈၉)

*[အဖြေ – မတူပါ၊ ယခုခေတ်ဂိုဏ်းမျိုးကား ဆရာစဉ်ဆက်ကိုဖြစ်စေ၊ ကံ, ဒွါရ စသည့်အယူအဆကိုဖြစ်စေ၊ အကြောင်းပြု၍ဖွဲ့အပ်သောဂိုဏ်းများဖြစ်သည်။ တကယ်တရားအားထုတ်လိုသူအတွက် အနှောင့်အယှက်ဖြစ်သော "ဂိုဏ်း" ဟူသည်မှာ သင်ကြားအပ်သောစာပေကို အကြောင်းခံ၍ သုတ္တန်ဆောင်ဂိုဏ်း၊ အဘိဓမ္မာဆောင်ဂိုဏ်းဟု ဖွဲ့အပ်သောကြောင့်ပါတည်း။*

*များစွာသင်ပြီး၍ သင်ရန်အနည်းငယ်သာကြွင်းကျန်လျှင် ကုန်အောင်သင်ပေး၍တောသို့ဝင်အပ်၏။ အကြွင်းများလျှင် တစ်ယူဇနာအတွင်း၌ မိမိကိုယ်စား စာချဆရာတော်ရှာ၍ မိမိတပည့်များကို ထိုဆရာတော်အား လွှဲအပ်သင့်၏။ ကိုယ်စားမရလျှင် "ငါ့ရှင်တို့-ငါ့အားတစ်ခုသောရဟန်းကိစ္စသည်ရှိ၏။ သင်တို့သည် အလိုရှိရာချမ်းသာသောနေရာသို့သွားကြကုန်လော့" ဟုဆို၍ ဂိုဏ်းပလိဗောဓကို ပယ်ဖြတ်ပြီးလျှင် ရဟန်းတရားကိုအားထုတ်အပ်၏။]*

၂။ ရဟန်းတော်၏မိဘ၊ မောင်နှမ၊ ယောက်ဖတို့သည် ရဟန်းတော်ထံမှ "ရောဂါပျောက်ဆေး" လိုအပ်ခဲ့သော် မိမိလည်းဆေးရ, ရဟန်းတော်လည်းအာပတ်မသင့်အောင် ဆေးတောင်းနည်းကို ဖြေဆိုခဲ့ပါ။(၁၉၈၉)

*[အဖြေ– မိဘအတွက် ရဟန်းတော်က မိမိ၏ဥစ္စာကိုပင်ပေးအပ်၏။ မိမိမှာလည်းမရှိခဲ့သော် ဆေးအလှူခံသောအကျင့်ဖြင့်ရှာမှီး၍ ပေးအပ်၏။*

*မောင်နှမအတွက် သူတို့၏ဥစ္စာဖြစ်သောဆေးကိုသာ ဖော်စပ်၍ပေးအပ်၏၊ သူတို့မှာဆေးမရှိခဲ့သော် မိမိ၏ဥစ္စာကိုယာယီပေး၍ နောက်၌ပြန်ရခဲ့သော် ယူအပ်၏။ မရခဲ့သော်ကား မတောင်းအပ်တော့ပြီ။*

*ယောက်ဖကို ဆွေမျိုးမတော်သောကြောင့် ဆေးကုခြင်းငှာမအပ်၊ နှမကိုမူဆေးပေးအပ်သဖြင့် ယောက်ဖသည် မိမိ၏ဇနီးမှတစ်ဆင့် ရဟန်းတော်ထံမှ ဆေးတောင်းယူအပ်၏။]*

၃။ ယခုစာဖြေသူသည် မိမိအတွက်အဆင်ပြေသောအစားအသောက်, အနေအထိုင်တို့ကို အဘယ်စံနှုန်းဖြင့်ရွေးချယ်မည်နည်း။ စနစ်တကျတင်ပြခဲ့ပါ။(၁၉၈၉)

*[အဖြေ – အကြင်အစားအသောက်သည် မှီဝဲသူအား ချမ်းသာအောင်၊ စိတ်တည်ကြည်အောင်၊ တည်ကြည်ပြီးသောစိတ်ကို ပို၍တည်ကြည်အောင် အကျိုးပြု၏။ ထိုအစားအသောက်ကို ရွေးချယ်မည်။*

*အကြင်အနေအထိုင်သည် တစ်နည်းအားဖြင့် လျှောင်း, ထိုင်, ရပ်, သွားဟူသောဣရိယာပုထ်လေးပါးတွင် တစ်ပါးပါးသည် စိတ်တည်ကြည်အောင်၊ တည်ကြည်ပြီးသောစိတ်ကို ပို၍တည်ကြည်အောင် အကျိုးပြု၏။ ထိုအနေအထိုင်မျိုးကို ရွေးချယ်မည်။]*

http://www.dhammadownload.com



၄။ အစားအစာစားသောက်ပုံနှင့် ကြိုက်နှစ်သက်တတ်ပုံကိုကြည့်ရှု၍ ဤသူအားရာဂကြီးသူ၊ ဤသူကား ဒေါသကြီးသူ၊ ဤသူကား မောဟကြီးသူဟူ၍ ခွဲခြားနည်းကိုဖော်ပြပါ။ (၁၉၉၀)

*[အဖြေ– ရာဂစရိုက်ရှိသူသည် နူးညံ့၊ သိမ်မွေ့၊ ကောင်းမွန်ချိုမြိန်သောဘောဇဉ်ကို ကြိုက်နှစ်သက်၏၊ သုံးဆောင်သည့်အခါ၌ မကြီးလွန်းဘဲ အဝန်းညီသောဆွမ်းလုပ်ကို ပြု၍ အထူးထူးသောအရသာကိုခံစားလျက် မဆောမလျင်စား၏။ တစ်စုံတစ်ရာကောင်းမွန်သောအရသာကိုရလျှင် နှစ်သက်ဝမ်းမြောက်၏။*

*ဒေါသစရိုက်ရှိသူသည် ကြမ်းသောဘောဇဉ်ကို ကြိုက်နှစ်သက်၏။ စားသောအခါ ခံတွင်းပြည့်အောင်ပလုပ်ပလောင်းပြု၍ အရသာမခံဘဲ မြန်မြန်စားတတ်၏။ တစ်စုံတစ်ရာ မနှစ်သက်ဖွယ်သောအရာကိုရခဲ့သော် နှလုံးမသာမယာဖြစ်၏။*

*မောဟစရိုက်ရှိသူသည် အမှတ်မရှိသောဘောဇဉ်ကိုကြိုက်တတ်၏။ စားသောအခါအနည်းငယ်သောဆွမ်းလုတ်ကို မညီမညွတ်ပြု၍ ဆွမ်းကိုခွက်၌စွန့်ပစ်လျက် ခံတွင်းကိုလူးလဲစေလျက် စိတ်ပျံ့လွင့်ကာ ထိုထိုအရာကိုကြံလျက် စား၏။]*

၅။ ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် နတ်ဘုံ၊ ရူပဘုံ၊ အရူပဘုံတို့၌ ပွားများအားထုတ်နိုင်သောကမ္မဋ္ဌာန်းသရုပ်အသီးသီးကို သိသာရှင်းလင်းညွှန်ပြပါ။(၁၉၉၀)

*[အဖြေ– ကသိုဏ်း(၁၀)ပါး၊ ကာယဂတာသတိမှအပ ကျန်အနုဿတိ(၉)ပါး၊ ဗြဟ္မဝိဟာရ(၄)ပါး၊ အာရုပ္ပ(၄)ပါး၊ စတုဓာတုဝဝတ္ထာန်(၁)ပါး၊ ပေါင်း(၂၈)ပါးတို့သည် နတ်ပြည်၌ပွားများအားထုတ်နိုင်ပါသည်။*

*ကသိုဏ်း(၁၀)ပါး၊ ကာယဂတာသတိနှင့်အာနာပါနဿတိတို့မှအပ ကျန်အနုဿတိ(၈)ပါး၊ ဗြဟ္မဝိဟာရ(၄)ပါး၊ စတုဓာတုဝဝတ္ထာန်(၁)ပါး၊ ပေါင်း(၂၇)ပါးတို့သည် ရူပဘုံ၌ပွားများအားထုတ်နိုင်ပါသည်။*

*အာရုပ္ပ(၄)ပါးဟူသောကမ္မဋ္ဌာန်းတို့သည် အရူပဘုံ၌ပွားများအားထုတ်နိုင်ပါသည်။]*

၆။ ဒေါသအားကြီးသောပုဂ္ဂိုလ်၏အတိတ်ဘဝက လေ့လာဆောင်ရွက်ချက်များနှင့် ဖြစ်ခဲ့ရာဘဝတို့ကို စိစစ်တင်ပြပြီး၊ ငါသာတတ်သည် ငါသာမြတ်သည်ဟု မာန်ထောင်မှုကိုပယ်ခွါနိုင်ရန် အဘယ်ကမ္မဋ္ဌာန်းကို အားထုတ်သင့်သည်ကိုလည်း ညွှန်ကြားခဲ့ပါ။(၁၉၉၁)

*[အဖြေ – ဒေါသအားကြီးသူ၏အတိတ်ဘဝက လေ့လာဆောင်ရွက်ချက်များမှာ သတ်ခြင်း၊ ဖြတ်ခြင်း၊ ရန်မူခြင်း၊ နှောင်ဖွဲ့ခြင်းများ၏၊ ဖြစ်ခဲ့ရာဘဝများမှာ ငရဲ၊ နဂါးပြည်တို့၌ဖြစ်၍ ထိုမှစုတေကာ လူဖြစ်၏။*

*ငါသာတတ်သည် ငါသာမြတ်သည်ဟု မာန်ထောင်မှုကိုပယ်ခွါနိုင်ရန် အနိစ္စသညာကို ပွားများအားထုတ်သင့်ပါသည်။]*

http://www.dhammadownload.com



၇။ လောက၌ မိတ်ကောင်းဆွေကောင်းရှိမှသာ ကြီးပွားတတ်ကြရာ မိတ်ကောင်းအဖြစ် သတ်မှတ်နိုင်သော အချက်အလက်တို့ကို ပြည့်စုံစွာတင်ပြခဲ့ပါ။(၁၉၉၂)

*[အဖြေ- မိတ်ကောင်းဆွေကောင်း၏ဂုဏ်များမှာ (၁)သီလစင်ကြယ်၍ချစ်ခင်အပ်သောဂုဏ်၊ (၂)သီလ သမာဓိတို့ကြောင့် အလေးအမြတ်ပြုအပ်သောဂုဏ်၊ (၃)မေတ္တာရေမခန်းအောင်မေတ္တာပွါးပို့သောဂုဏ်၊ (၄)သူတစ်ပါးကိုကောင်းအောင်ဆုံးမတတ်သောဂုဏ်၊ (၅)သူတစ်ပါး၏အဆိုကိုလည်း သည်းခံနိုင်သောဂုဏ်၊ (၆)နက်နဲသောတရားစကားကိုပြောကြားနိုင်သောဂုဏ်၊ (၇)မလျော်ကန်သည့်အရာ၌ မတိုက်တွန်းတတ်သောဂုဏ်တို့ဖြစ်ပါသည်။]*

၈။ မူးယစ်ဆေးဝါးသုံးစွဲသူများ ဘဝသံသရာကျင်လည်ရာ၌ မည်သည့်လူတန်းစားမျိုးဖြစ်လေ့ရှိသည်ကို ဖြေဆိုပြီး "အပွေးမြင်, အသွင်သိ"ဆိုသောစကားအရ သဒ္ဓါရှိသောပုဂ္ဂိုလ်ဟု ဆုံးဖြတ်နိုင်သော အပြုအမူတို့ကိုလည်း ဖော်ပြခဲ့ပါ။(၁၉၉၃)

*[အဖြေ- မောဟထူပြောသောသူဖြစ်လေ့ရှိသည်။*

*သဒ္ဓါရှိသောပုဂ္ဂိုလ်၏အပြုအမူများမှာ (၁) လွတ်လွတ်စွန့်ကြဲခြင်းရှိသည်အဖြစ်၊ (၂)အရိယာသူတော်ကောင်းတရားကိုနာကြားလိုခြင်း၊ (၃)များစွာဝမ်းမြောက်တတ်ခြင်း၊ (၄)မစဉ်းလဲခြင်း၊ (၅)မာယာမများခြင်း၊ (၆)ကြည်ညိုဖွယ်ဖြစ်သောအရာတို့၌ ကြည်ညိုခြင်းတို့ဖြစ်သည်။]*

၉။ "မေတ္တာရေဖြန်း ငြိမ်းချမ်းသာယာ" လမ်းစဉ်အရ သဗ္ဗတ္ထကကမ္မဋ္ဌာန်းဖြစ်သောမေတ္တာကိုပွားများသောရဟန်း၏မေတ္တာပွားမှုအစဉ်ကို ဖြေဆိုပြီး၊ နယ်ပယ်အစိုးရသူနှင့် သတ္တဝါများကိုမေတ္တာပွားသဖြင့် ရရှိသောအကျိုးများကိုလည်း ထုတ်ဖော်ပြပါ။(၁၉၉၅)

*[အဖြေ- မေတ္တာပွားများသောရဟန်းသည် ရှေးဦးစွာ ပိုင်းခြား၍ ဥပစာရသိမ်အတွင်း၌ တည်သောရဟန်းသံဃာကို "ဤကျောင်းတိုက်နေရဟန်းတို့သည် ချမ်းသာကြသည်ဖြစ်ပါစေ၊ ကြောင့်ကြကင်းသည်ဖြစ်ပါစေ"ဟု မေတ္တာပွားအပ်၏၊ ထို့နောက် ဥပစာရသိမ်အတွင်းရှိနတ်တို့ကို မေတ္တာပွားအပ်၏၊ ထို့နောက် ဆွမ်းခံရွာ၌အစိုးရသောမင်းတို့ကို မေတ္တာပွားအပ်၏၊ ထို့နောက် ဆွမ်းခံရွာနေလူတို့ကိုအစပြု၍ အလုံးစုံသောသတ္တဝါများကိုမေတ္တာပွားအပ်၏၊*

*နယ်ပယ်အစိုးရသူတို့အားမေတ္တာပွားပို့သဖြင့် နူးညံ့သည့်သန္တာန်ရှိကုန်သောမင်းတို့သည် တရားနှင့်လျော်သောအစောင့်အရှောက်ဖြင့် ကောင်းစွာစောင့်ရှောက်ကြကုန်၏။*

*အလုံးစုံသောသတ္တဝါများကို မေတ္တာပွားသဖြင့် အလုံးစုံသောအရပ်တို့တွင် အထိအခိုက်အနှောင့်အယှက်မရှိဘဲ ချမ်းသာစွာလှည့်လည်နိုင်၏။]*

၁၀။ ကမ္မဋ္ဌာန်းတရားပွားများသောရဟန်းသည် ရှေးဦးစွာ မြတ်စွာဘုရားအား မိမိခန္ဓာကိုယ်ကို အပ်နှံလှူဒါန်းခြင်းပြုလေ့ရှိရာ ယင်းသို့မြတ်စွာဘုရားအား ခန္ဓာကိုယ်ကိုအပ်နှံလှူ

http://www.dhammadownload.com



ဒါန်းခြင်း မလှူဒါန်းခြင်းအတွက် အကျိုးသက်ရောက်ပုံများကိုသိမှတ်ဖွယ်ရာ ရှင်းပြပါ။ (၁၉၉၅)

*[အဖြေ – မြတ်စွာဘုရားအား မိမိခန္ဓာကိုယ်ကို မအပ်နှံမလှူဒါန်းခဲ့လျှင် ထိုရဟန်းသည် အစွန်အဖျားကျသောကျောင်းတွင်နေသဖြင့် ကြောက်မက်ဖွယ်အာရုံထင်လာသောအခါ ရပ်ခံ၊ တန့်စားခြင်းငှာမစွမ်းနိုင်၊ ရွာနီးကျောင်းသို့သက်ဝင်၍ လူတို့နှင့်ရောပြွမ်းသဖြင့် မအပ်သောရှာမှီးခြင်းသို့ရောက်ကာ အကျိုးမဲ့ပျက်စီးခြင်းသို့ရောက်၏။*

*ရဟန်းသည် မြတ်စွာဘုရားအား ကိုယ်ခန္ဓာအပ်နှံလှူဒါန်းထားလျှင် ကြောက်မက်ဖွယ်အာရုံတို့ထင်လာသောအခါ ကြောက်ရွံ့ထိတ်လန့်ခြင်းမဖြစ်၊ ဘေးအန္တရာယ်မဖြစ်။ "အို–ပညာရှိ၊ သင်သည် ရှေးဦးမဆွကပင် မိမိခန္ဓာကိုယ်ကို မြတ်စွာဘုရားအား အပ်နှင်းခဲ့ပြီမဟုတ်လော"ဟု ဆင်ခြင်ကာ ဝမ်းမြောက်လေရာ၏။ ဥပမာအားဖြင့် ယောကျ်ားတယောက်သည် မိမိပိုင် ကာသိတိုင်းဖြစ်အဖိုးတန်အဝတ်ကို ကြွက်၊ ခြတို့ကိုက်လိုက်လျှင် နှလုံးမသာယာခြင်းဖြစ်ရာ၏၊ ထိုအဝတ်ကို သင်္ကန်းမရှိသောရဟန်းအား ပေးလှူခဲ့လျှင် ထိုရဟန်းက ထိုအဝတ်ကို အပိုင်းပိုင်းဖြတ်နေသည်ကို ထိုယောကျ်ားမြင်ရလျှင် ဝမ်းမြောက်ဝမ်းသာဖြစ်သကဲ့သို့တည်း။ ]*

၁၁။ ကမ္မဋ္ဌာန်းအားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည် ပယ်ဖြတ်သင့်သော ပလိဗောဓ ဆယ်ပါးရှိရာတွင် "ဂဏ"အရကိုဖော်ပြ၍ "ဂဏပလိဗောဓ" ဖြစ်ပွားပုံ၊ပယ်ဖြတ်ရပုံများကို နည်းယူဖွယ်ရာရှင်းပြဖြေဆိုပါ။(၁၉၉၆)

*[အဖြေ– "ဂဏ"ဟူသော"ဂိုဏ်း"သည် သုတ္တန်ကိုဆောင်သောဂိုဏ်း၊ အဘိဓမ္မာကိုဆောင်သောဂိုဏ်းတို့ဖြစ်ကြ၏။*

*"ဂဏပလိဗောဓ"ကိုပယ်ဖြတ်အပ်သဖြင့် ထိုရဟန်းသည် အကယ်၍များစွာသင်ကြားပြီး၍ အနည်းငယ်သာကြွင်းကျန်လျှင် ထိုအကြွင်းကိုပြီးအောင်သင်ပြီးနောက် တောသို့ဝင်အပ်၏။အကယ်၍ အနည်းငယ်သာသင်ပြီး၍ များစွာကြွင်းကျန်လျှင် တစ်ယူဇနာအတွင်းရှိ တစ်ပါးသောဂိုဏ်းအား ကျမ်းဂန်သင်ကြားသည့်ဆရာသို့ချဉ်းကပ်၍ ထိုဆရာကို "အရှင်–ပါဠိသင်ခြင်းစသည်ဖြင့် ချီးမြှောက်တော်မူပါ"ဟုဆိုအပ်၏။*

*ဤသို့သောဆရာမရှိသော် "အို–ငါ့ရှင်တို့၊ ငါ့အားတစ်ခုသောရဟန်းကိစ္စသည် ရှိ၏၊ သင်တို့သည် အလိုရှိရာ ချမ်းသာသောနေရာသို့ သွားကြပါလော့"ဟုဆို၍ ဂိုဏ်းကိုပယ်ပြီး ရဟန်းတရားကိုအားထုတ်အပ်၏။]*

၁၂။ မိတ်ဆွေကောင်းသည် ကြီးပွားချမ်းသာရေးအတွက် လွန်စွာလိုအပ်ရကား မိတ်ဆွေအင်္ဂါ(၇)ပါးမှ ပဓာနကျသောနောက်ဆုံးဂုဏ်အင်္ဂါ(၂)ပါးကို ထုတ်ပြပြီးလျှင်၊ အဘယ်ကြောင့် အဘယ်ပုဂ္ဂိုလ်မျိုးသာ မိတ်ကောင်းစစ်စစ်ဖြစ်ကြောင်းကိုပါ ရှင်းပြဖြေဆိုပါ။(၁၉၉၆)

http://www.dhammadownload.com



[အဖြေ– မိတ်ဆွေကောင်းအင်္ဂါ(၇)ပါးမှ ပဓာနကျသော နောက်ဆုံးအင်္ဂါ(၂)ပါးမှာ– (၁)နက်နဲသောတရားစကားကိုပြောကြားတတ်သောဂုဏ်နှင့် (၂)မလျောက်ပတ်သည့်အရာ၌ မတိုက်တွန်းတတ်သောဂုဏ်တို့ ဖြစ်ပါသည်။

မိတ်ဆွေကောင်းအင်္ဂါ(၇)ပါးနှင့်ပြည့်စုံပြီး သဗ္ဗတ္ထကကမ္မဋ္ဌာန်းနှင့်ပါရိဟာရိယကမ္မဋ္ဌာန်း တို့ကို သင်ပြပေးနိုင်စွမ်းလည်းရှိသော အစီးအပွားကိုလိုလား၍ ကြီးပွားခြင်းအဖို့၌တည် သော ကလျာဏမိတ္တသည် မိတ်ကောင်းစစ်စစ်ဖြစ်ပေ၏။

"အို–အာနန္ဒာ၊ ငါဘုရားတည်းဟူသောမိတ်ဆွေကောင်းကို ဆည်းကပ်ရသဖြင့် ပဋိသန္ဓေ နေရမှု–ဇာတိသဘောမကင်းကြသည့်သတ္တဝါတို့သည် ထိုဇာတိသဘောမှ လွတ်မြောက် ကြကုန်၏" အစရှိသည်ဖြင့် မြတ်စွာဘုရားဟောကြားတော်မူသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် အလုံးစုံသောအခြင်းအရာတို့နှင့်ပြည့်စုံသည့် ကလျာဏ မိတ်–မိတ်ကောင်းစစ်စစ်ဖြစ်ပါသည်။ မြတ်စွာဘုရားမရှိသည့်အခါ ကမ္မဋ္ဌာန်းသင်ပြပေးနိုင် သော မဟာသဝက, ရဟန္တာ, အနာဂါမိ, သကဒါဂါမိ, သောတာပန်, ဈာနလာဘီပုဂ္ဂိုလ်, ပုထု ဇဉ်ဖြစ်လျက်ပိဋကတ်သုံးပုံဆောင်, နှစ်ပုံဆောင်, တစ်ပုံဆောင်, ပုဂ္ဂိုလ်အဆင့်ဆင့်တို့သည် ကမ္မဋ္ဌာန်းနှစ်ရပ်ကို သင်ပြပေးနိုင်လျှင် မိတ်ဆွေကောင်းစစ်စစ်ဖြစ်နိုင်ကြ၏။

ပိဋကတ်တစ်ပုံဆောင်ပုဂ္ဂိုလ်ကိုလည်းမရခဲ့သော် နိကာယ်တစ်ခုမျှကို အဋ္ဌကထာနှင့် တကွ လေ့လာထားသောပုဂ္ဂိုလ်သည် လဇ္ဇီသူတော်ကောင်းပုဂ္ဂိုလ်ဖြစ်၍ ကမ္မဋ္ဌာန်းနှစ်ရပ်ကို စရိုက်နှင့်အညီသင်ပြပေးနိုင်လျှင် မိတ်ဆွေကောင်းစစ်စစ်ဖြစ်ပေ၏။ အကြောင်းမှာ ကမ္မဋ္ဌာန်းတို့ကို နည်းလမ်းမှန်စွာသင်ယူပြီးနောက် ကြိုးစား၍တရားပွားများလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရကာ သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်လျက် နိဗ္ဗာန်ချမ်းသာကို ထာဝရခံစား နိုင်သောကြောင့်ဖြစ်ပါသည်။]

၁၃။ ဝိတက်စရိုက်များသောပုဂ္ဂိုလ်၏နေထိုင်သင့်သောကျောင်းနှင့် ယူသင့်သောအာရုံကို အကြောင်းသွင်းကာ ရှင်းပြပါ။(၁၉၉၈)

[အဖြေ– ဝိတက်စရိုက်များသောပုဂ္ဂိုလ်သည် အရပ်မျက်နှာအသီးသီးသို့ရှေးရှု၍ဟင်း လင်းပွင့်သောကျောင်း၌ မနေအပ်ပါ၊ အဘယ်ကြောင့်ဆိုသော် ထိုကျောင်း၌နေသောရဟန်း အား မွေ့လျော်ဖွယ်ရှိသည့်အရံ, ဥယျာဉ်, ရေကန်တို့သည် ရွာ, နိဂုံး, ဇနပုဒ်အစဉ်အားဖြင့် ထင်ကုန်၏။ စိမ်းစိမ်းညို့ညို့အရောင်ရှိသောတောင်တို့သည်လည်း ထင်ကုန်၏။ ထို့ကြောင့် ဝိတက်ပြေးသွားခြင်း၏ အကြောင်းအထောက်အပံ့ဖြစ်၏။

သို့ဖြစ်၍ ဝိတက်ရှိသူသည် နက်သည့်တောင်ချောက်ဝတွင် တောဖုံးလွှမ်းနေသော ဟတ္ထိကုစ္ဆိမည်သောတောင်ဝှမ်း၊ အရှင်မဟိန္ဒမထေရ်ကျောင်း၏ လိုဏ်တို့နှင့်တူသောကျောင်း၌ နေအပ်၏။

http://www.dhammadownload.com



*အာရုံတို့တွင် ထိုပုဂ္ဂိုလ်အား ကြီးကျယ်ပြန့်ပြောသောအာရုံသည် မသင့်လျော်ပါ၊ အကြောင်းမှာ ထိုကြီးကျယ်ပြန့်ပြောသောအာရုံသည် ဝိတက်၏အစွမ်းဖြင့် စိတ်ပြေးသွားခြင်း၏အကြောင်းအထောက်အပံ့ဖြစ်၏။ ထို့ကြောင့် ကျဉ်းမြောင်းသောအာရုံနှင့်သာ သင့်တော်၏။]*

၁၄။ ဒေါသစရိုက်ရှိသောပုဂ္ဂိုလ်အား အဖြစ်များသောတရားတို့ကို ပြည့်စုံစွာထုတ်ပြ၍၊ ယင်းဒေါသစရိုက်ရှိသောသူအား ပေးသင့်သောကမ္မဋ္ဌာန်းများကိုလည်း ညွှန်ပြဖြေဆိုပါ။ (၂၀၀၁)

*[အဖြေ– ဒေါသစရိုက်ရှိသောပုဂ္ဂိုလ်အား အဖြစ်များသောတရားတို့မှာ အမျက်ထွက်ခြင်း–ကောဓ၊ ရန်ငြိုးဖွဲ့ခြင်း–ဥပနာဟ၊ သူ့ဂုဏ်ကျေးဇူးကိုချေဖျက်ခြင်း–မက္ခ၊ သူ့ဂုဏ်ကို သိမ်ဖျင်းအောင်ပြုလုပ်ခြင်း–ပဠာသ၊ ငြူစူခြင်း–ဣဿာ၊ ဝန်တိုခြင်း–မစ္ဆရိယ စသည့်အယုတ်တရားများဖြစ်ကြ၏။*

*ဒေါသစရိုက်ရှိသူသည် ဝဏ္ဏကသိုဏ်း(၄)ပါး၊ ဗြဟ္မဝိဟာရကသိုဏ်း(၄)ပါး၊ ပေါင်း ကမ္မဋ္ဌာန်း(၈)ပါးနှင့်သင့်လျော်၏။ ဝဏ္ဏကသိုဏ်း(၄)ပါးမှာ နီလကသိုဏ်း, ပီတကသိုဏ်း, လောဟိတကသိုဏ်း, ဩဒါတကသိုဏ်းတို့ဖြစ်ကြ၏။ ဗြဟ္မဝိဟာရ(၄)ပါးမှာ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာကမ္မဋ္ဌာန်းများဖြစ်ကြ၏။ ဤကမ္မဋ္ဌာန်းတို့ကို ဒေါသစရိုက်ရှိသူအား ပေးသင့်၏။]*

၁၅။ "သာသနာတော်၌ ယောဂီပုဂ္ဂိုလ်သည် ဆရာအား မိမိကိုယ်ကိုအပ်နှင်း၍ ကမ္မဋ္ဌာန်းကို တောင်းအပ်၏"ဟုဆိုရာ၌ အပ်နှင်းပုံနှင့် ယင်းသို့အပ်နှင်းသဖြင့် ရရှိသောအကျိုးများကို ထုတ်ဖော်ပြပါ။ (၂၀၀၁)

*[အဖြေ– "အရှင်ဘုရား၊ အကျွန်ုပ်သည် ဤခန္ဓာကိုယ်အတ္တဘောကို အရှင်ဘုရားတို့အား စွန့်လှူပါ၏"ဟုဆို၍ ယောဂီပုဂ္ဂိုလ်သည် ဆရာအား မိမိကိုယ်ကိုအပ်နှင်း၏။*

*မိမိကိုယ်ကိုအပ်နှင်းသဖြင့် ရရှိသောအကျိုးကျေးဇူးများကား ကိုယ်အပ်နှင်းသူတပည့်အား ဆရာသည် ကြိမ်းမောင်းခွင့်ရှိ၍ ကြိမ်းမောင်းအပ်၏၊ ဆုံးမသွန်သင်ခွင့်ရှိ၍ ဆုံးမ၏။ တပည့်သည် ဆရာ့ထံခွင့်မပန်ကြားဘဲ သွားချင်ရာရာသို့မသွား၊ ဆိုဆုံးမလွယ်ခြင်း၊ ဆရာနှင့် စပ်သောအသက်မွေးခြင်းတို့ကို ရ၏။ ဆရာ့ထံမှ ပစ္စည်းလေးပါးဟူသောအာမိသဖြင့်ချီးမြှောက်ခြင်း၊ တရားဓမ္မဖြင့်ချီးမြှောက်ခြင်းတို့ကိုရသဖြင့် သာသနာတော်၌ ကြီးပွားခြင်း, အမြစ်စိုက်ခြင်း, ပြန့်ပြောခြင်းသို့ရောက်၏။]*

၁၆။ ယောဂီပုဂ္ဂိုလ်သည် သမာဓိရရှိစေရန် အားထုတ်ရာအခါတွင် သုခါပဋိပဒါခိပ္ပါဘိညာ ဟုဆိုရာ၌ (က)သုခချမ်းသာခြင်း၊ (ခ)ပဋိပဒါ=အကျင့်၊ (ဂ)အဘိညာ=အထူးသိမှု အဘိညာဏ်တို့ကို ပေါ်လွင်အောင်ဖော်ပြပါ။(၂၀၀၂)

http://www.dhammadownload.com



[အဖြေ– 'သုခါပဋိပဒါခိပ္ပါဘိညာ'သည် 'ချမ်းသာသောအကျင့်နှင့် လျင်မြန်သည့် အထူးသိမှုအဘိညာဏ်ရှိသောသမာဓိ'ကို ဖော်ပြ၏။

ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းကို ရှေးဦးစွာနှလုံးသွင်းသည်မှစ၍ အကြင်မျှလောက် ထိုထိုဈာန်၏အနီးဖြစ်သော ကာမာဝစရဥပစာရဈာန်သည် ဖြစ်၏၊ ထိုမျှလောက်သော ကာမာဝစရဘာဝနာကို ဈာန်သို့ရောက်ကြောင်းအကျင့် "ပဋိပဒါ"ဟု ဆိုအပ်၏။

ဥပစာရဈာန်မှစ၍ အပ္ပနာဈာန်တိုင်အောင်ဖြစ်သောပညာကို အထူးသိမှု "အဘိညာဏ်" ဟူ၍ ဆိုအပ်၏။

ထိုအကျင့်ပဋိပဒါသည် အချို့ပုဂ္ဂိုလ်တို့အား နီဝရဏစသည့်ဆန့်ကျင်ဘက်တရားတို့ ထူထပ်ခြင်းမရှိသောကြောင့် ချမ်းသာ၏၊ ချမ်းချမ်းသာသာမှီဝဲပွားများရ၏။

သပ္ပါယဟူသည့် လျောက်ပတ်သည်ကိုမှီဝဲလေ့ရှိသော ပုဂ္ဂိုလ်အား "ချမ်းသာသော အကျင့် "သုခါ ပဋိပဒါ"နှင့် လျင်မြန်သောအထူးသိမှု "ခိပ္ပါဘိညာ" တို့ဖြစ်၏။

ပလိဗောဓကိုဖြတ်ခြင်း၊ ဘာဝနာဝိဓာနကိုမယုတ်စေခြင်းစသော ပုဗ္ဗကိစ္စကိုပြီးစီးစေပြီးမှ ဘာဝနာကမ္မဋ္ဌာန်းကိုပွားများသောပုဂ္ဂိုလ်အား "သုခါပဋိပဒါ"သည်ဖြစ်၏။

ထို့အပြင် အပ္ပနာကောသလ္လပြည့်စုံသောပုဂ္ဂိုလ်အား လျင်မြန်သောအသိဉာဏ် "ခိပ္ပါဘိညာ"ဖြစ်၏။

တဏှာမနှိပ်စက်သောပုဂ္ဂိုလ်အား ချမ်းသာသောအကျင့် "သုခါပဋိပဒါ"ရှိ၏။

အဝိဇ္ဇာမနှိပ်စက်သောပုဂ္ဂိုလ်အား လျင်မြန်သောအသိဉာဏ် "ခိပ္ပါဘိညာ"ရှိ၏။

နုံ့သောကိလေသာရှိပြီး ထက်သန်သောဣန္ဒြေရှိသူသည် ချမ်းသာသောအကျင့် "သုခါပဋိပဒါ"နှင့် လျင်မြန်သောအသိဉာဏ် "ခိပ္ပါဘိညာ"ရှိ၏။]

၁၇။ ဗုဒ္ဓမြတ်စွာသည် မေဃိယသုတ်တွင် လေးပါးကုန်သောတရားတို့ကို လွန်စွာပွား များအပ်ကုန်၏ဟု ဟောတော်မူရာ၌ အဘယ်တရားတို့ကို အဘယ်အကျိုးငှာ အဘယ် သို့ပွားများအပ်သည်ကို တိကျစွာညွှန်ပြပါ။(၂၀၀၂)

[အဖြေ – ဗုဒ္ဓမြတ်စွာသည် မေဃိယသုတ်တွင် လေးပါးကုန်သောတရားတို့ကို လွန် စွာပွားများအပ်ကုန်၏ဟု ဟောတော်မူရာ၌ –

(၁) စင်ကြယ်သောသီလ၌တည်၍ ရာဂကိုပယ်ခြင်းငှာ အသုဘကမ္မဋ္ဌာန်းကိုပွားအပ် ၏၊ ပဌမဈာန်ရောက်ပြီး အသုဘသညာရအောင် ပွားအပ်၏။

(၂) ဒေါသ, ဗျာပါဒကိုပယ်ခြင်းငှာ မေတ္တာကိုပွားအပ်၏၊ မေတ္တာဘာဝနာ၌တတိယ ဈာန်ရောက်ပြီး သိမာသမ္ဘေဒဆိုက်အောင် ပွားအပ်၏။

(၃) ဝိတက်ကိုဖြတ်ခြင်းငှာ အာနာပါနဿတိကို ပွားအပ်၏၊ ရူပါဝစရဈာန်လေးပါး ရအောင် ပွားအပ်၏။

http://www.dhammadownload.com



*(၄) ငါသာတတ်,ငါသာလိမ္မာသည်ဟုစိတ်ဖြင့်ထောင်လွှားသောမာနကို ကောင်းစွာဖြတ်ခြင်းငှာ အနိစ္စသညာကို ပွားအပ်၏၊ ပရမတ်ရုပ်နာမ်တရားများ ဖြစ်ပျက်နေသည်ကို ပိုင်းပိုင်းခြားခြားမြင်သိပြီး ဝိပဿနာဉာဏ်များဖြစ်ပေါ်အောင် ပွားအပ်၏။]*

၁၈။ "အပွေးမြင်အပင်သိ"ဟူသကဲ့သို့ စားသောက်ပုံကိုကြည့်၍ ရာဂစရိုက်ရှိသူမှန်းသိနိုင်ပုံကိုဖော်ပြ၍၊ ၎င်းပုဂ္ဂိုလ်နှင့်သင့်လျော်သောကမ္မဋ္ဌာန်းများကိုလည်း ရေးသားခဲ့ပါ။(၂၀၀၃)

*[အဖြေ– ရာဂစရိုက်ရှိသူသည် နူးညံ့, သိမ်မွေ့, ကောင်းမွန်ချိုမြိန်သောဘောဇဉ်ကို ကြိုက်နှစ်သက်၏၊ သုံးဆောင်သည့်အခါ၌ မကြီးလွန်းဘဲ အဝန်းညီသောဆွမ်းလုတ်ကိုပြု၍ အထူးထူးသောအရသာကိုခံစားလျက် မဆောမလျင်စား၏၊ တစ်စုံတစ်ရာကောင်းမွန်သော အရသာကိုရလျှင် နှစ်သက်ဝမ်းမြောက်၏။*

*ရာဂစရိုက်ရှိသူနှင့်သင့်လျော်သောကမ္မဋ္ဌာန်းများမှာ အသုဘကမ္မဋ္ဌာန်း(၁၀)ပါးနှင့် ကာယဂတာသတိကမ္မဋ္ဌာန်း၊ ပေါင်းကမ္မဋ္ဌာန်း(၁၁)ပါးဖြစ်ပါသည်။]*

၁၉။ ရက္ခမူစုတင်ဆောင်ရဟန်းတို့ ရှောင်ကြဉ်ရမည့်သစ်ပင်နှင့် မှီခိုရမည့်သစ်ပင်တို့ကို ဖြေဆို၍၊ လာဘ်လာဘပေါများသောရဟန်းများ လာဘပလိဗောဓပြတ်အောင် ပြုလုပ်ပုံပြုလုပ်နည်းကိုလည်း ဖော်ပြခဲ့ပါ။(၂၀၀၄)

*[အဖြေ– ရက္ခမူစုတင်ဆောင်ရဟန်းတို့ ရှောင်ကြဉ်ရမည့်သစ်ပင်များမှာ ပြည်ထောင်မင်းနှစ်ဦးတို့၏နယ်ခြား၌ရှိသောသစ်ပင်၊ လူတို့ပူဇော်သောတောစိုးသစ်ပင်၊ သစ်စေးပင်စသည့် လူတို့သုံးဆောင်သောသစ်ပင်၊ သရက်, ပိန္နဲစသောအသီးစားသစ်ပင်၊ လင်းနို့ကြိုက်သောသစ်ပင်၊ မြွေ, ကင်းစသည်ခိုအောင်းစရာအခေါင်းရှိသောသစ်ပင်၊ အများသွားလာရာကျောင်းလယ်၌ရှိသောသစ်ပင်တို့ ဖြစ်ပါသည်။ မှီခိုရမည့်သစ်ပင်မှာ ကျောင်း၏အစွန်နား၌တည်ရှိသောသစ်ပင် ဖြစ်ပါသည်။*

*လာဘ်လာဘပေါများသောရဟန်းများက လာဘပလိဗောဓပြတ်အောင် ပြုလုပ်ပုံပြုလုပ်နည်းမှာ ဂိုဏ်းကိုပယ်၍ လူမသိသောအရပ်၌ တစ်ပါးတည်းသာကျင့်အပ်၏၊ ထိုသို့ကျင့်သည်ရှိသော် လာဘပလိဗောဓပြတ်လေ၏။]*

၂၀။ ရာဂစရိုက်ရှိသူနှင့် သဒ္ဓါစရိုက်ရှိသူတို့ သဘောသဘာဝချင်းအားဖြင့် တူညီကြပုံကို ထင်ရှားအောင်ရေးသားခဲ့ပါ။(၂၀၀၄)

*[အဖြေ– ရာဂစရိုက်ရှိသူနှင့်သဒ္ဓါစရိုက်ရှိသူတို့ သဘောသဘာဝချင်းအားဖြင့်တူညီကြပုံမှာ–*

*(၁) ဣရိယာပုထ်အားဖြင့် ထိုသူတို့သည် ပကတိသွားမြဲအတိုင်းသွားသည်ရှိသော် ယဉ်ယဉ်ကျေးကျေးတင့်တင့်တယ်တယ် စံပယ်သကဲ့သို့သွား၏၊ ဖြည်းဖြည်းသာသာ*

http://www.dhammadownload.com



ညီညီညာညာခြေကိုချ၏၊ ချိကြွ၏၊ ထိုပုဂ္ဂိုလ်တို့၏ခြေရာသည်အလယ်ကမထိသည် ဖြစ်၏။

ထိုသူတို့၏ရပ်ခြင်းထိုင်ခြင်းသည် ကြည်ညိုဖွယ်ကိုဆောင်၏၊ ယဉ်ကျေးတင့်တယ် နှစ်သက်ဖွယ်ရှိ၏။ ထိုသူတို့အိပ်သည့်အခါ၌ ဖြည်းဖြည်းသာသာ ညီညီညွတ်ညွတ် အိပ်ရာကိုခင်း၍ ဖြည်းဖြည်းသက်သာလျောင်း၏၊ ကိုယ်လက်အင်္ဂါတို့ကို ကောင်းစွာထား၏၊ ကြည်ညိုဖွယ်သောအခြင်းအရာဖြင့်အိပ်၏၊ ထသည့်အခါ၌လည်း အဆောတလျင်မထမူ၍ ဖြည်းဖြည်း သာသာထ၏၊ ဖြည်းဖြည်းသာသာစကားကိုတုံ့ပြန်၏။

(၂) ကိစ္စပြုလုပ်မှုအားဖြင့် ထိုသူတို့သည် တံမြက်လှည်းခြင်းစသည့်ကိစ္စတို့ကိုပြုလုပ်သည်ရှိသော် ရှိသေကောင်းမွန်စွာ တံမြက်စည်းကိုကိုင်၍ မလျင်မမြန်သဲကို ဖရိုဖရဲမကြဲစေဘဲ ရေအုန်းနဲပန်းကိုဖြန့်၍ခင်းဘိသကဲ့သို့ ညီညီညွတ်ညွတ်စင်ကြယ်စွာ လှည်း၏။

ထိုသူတို့၏သင်္ကန်းဝတ်ရုံခြင်းသည်လည်း မတင်းလွန်း, မလျော့လွန်း, ကြည့်ရှု၍ကောင်း၏၊ အဝန်းညီ၏။

(၃) ဘောဇဉ်သုံးဆောင်ရာတွင် ထိုသူတို့သည် နူးညံ့သိမ်မွေ့, ကောင်းမွန်ချိုမြိန်သောဘောဇဉ်ကို ကြိုက်နှစ်သက်၏၊ သုံးဆောင်သည့်အခါ၌ မကြီးလွန်းဘဲ အဝန်းညီသောဆွမ်းလုတ်ကိုပြု၍ အထူးထူးသောအရသာကိုခံစားလျက် မဆောမလျင်စား၏၊ တစ်စုံတစ်ရာကောင်းမွန်သောအရသာကိုရလျှင် နှစ်သက်ဝမ်းမြောက်၏။

(၄) ရှုမြင်ခြင်းစသည်အားဖြင့် ရာဂစရိုက်ရှိသူနှင့်သဒ္ဓါစရိုက်ရှိသူတို့သည် အနည်းငယ်နှလုံးမွေ့လျော်စရာရူပါရုံကိုမြင်သော် အံ့ဖွယ်ဖြစ်သကဲ့သို့ ကြာမြင့်စွာကြည့်၏၊ အနည်းငယ်သောဂုဏ်ကျေးဇူး၌လည်းကပ်ငြိ၏၊ ဟုတ်မှန်သည့်အပြစ်ကိုလည်း မယူတတ်၊ ဖဲခွါသွားသော် မလွတ်လိုသည်ဖြစ်၍ တငဲ့ကွက်ကွက်ဖြင့်ဖဲသွား၏။ အသံကိုကြားရာ၌လည်း ဤနည်းအတိုင်းပင်တည်း။]

၂၁။ ပုဂ္ဂိုလ်စရိုက် အကြိုက်ညီမျှအောင် တွဲစပ်ပြသော ရှေးပညာရှိတို့၏အယူအဆကို ဝိသုဒ္ဓိမဂ်ကျမ်းပြုအကျော်ဆရာတော်က မည်သို့သဘောထား၍ မည်သို့မှတ်ချက်ပြုထားပါသနည်း။ ဖြေဆိုပြီးလျှင် သင်ကြားမှတ်သားရုံမျှဖြင့် မရှုမှတ်နိုင်သော ကမ္မဋ္ဌာန်းများကိုလည်း ရေတွက်ပြပါ။(၂၀၀၅)

[အဖြေ- ပုဂ္ဂိုလ်စရိုက် အကြိုက်ညီမျှအောင် တွဲစပ်ပြသော ရှေးပညာရှိတို့၏အယူအဆ ကို ဝိသုဒ္ဓိမဂ်ကျမ်းပြုအကျော်ဆရာတော်က ပါဠိတော်၌မလာ၊ ဆရာတို့၏အလိုအတိုင်းသာ ဆိုထားခြင်းဖြစ်၍ လုံးလုံးကြီးအနှစ်သာရဟု မယုံကြည်အပ်။ အဘယ်ကြောင့်ဆိုသော် ရာဂစရိုက်ရှိသူ၌ဖြစ်သော ဣရိယာပုထ်စသည်တို့ကို ဒေါသစရိုက်ရှိသူစသည်တို့က မမေ့မလျော့နေခြင်းဖြင့် ပြုခြင်းငှာတတ်နိုင်၏။ ရောနှောသောစရိုက်ရှိသည့်ပုဂ္ဂိုလ်အားလည်း တစ်ယောက်သာဖြစ်ပါလျက် ကွဲပြားသောလက္ခဏာရှိသည့် ဣရိယာပုထ် စသည်တို့သည်

http://www.dhammadownload.com



မဖြစ်နိုင်ကုန်။ ထို့ကြောင့် မယုံကြည်အပ်ဟုဆို၏။

အဋ္ဌကထာတို့၌ဆိုသော အစီအရင်စကားတို့ကိုသာ အနုစ်သာရအားဖြင့် ယုံကြည်အပ်၏။ ထိုစကားသည်မှန်၏။ "စေတောပရိယဉာဏ်ကိုရသောဆရာသည် စရိုက်ကိုသိ၍ ကမ္မဋ္ဌာန်းကိုဟောပေလတ္တံ့။ အဘိညာဏ်ကိုမရသောဆရာသည်ကား တပည့်ကိုမေးအပ်၏" ဟုဆိုအပ်ပြီ။ ထို့ကြောင့် စေတောပရိယအဘိညာဏ်ဖြင့်ဖြစ်စေ၊ ပုဂ္ဂိုလ်ကိုမေးမြန်း၍ဖြစ်စေ၊ ထိုပုဂ္ဂိုလ်၏စရိုက်ကိုသိ၍ သင့်လျော်သောကမ္မဋ္ဌာန်းကို ဟောအပ်၏။

သင်ကြားမှတ်သားရုံမျှဖြင့် မရှုမှတ်နိုင်သောကမ္မဋ္ဌာန်းတို့မှာ ကသိုဏ်း ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ အာနာပါနဿတိ ၁ ပါး၊ ပေါင်း ၂၁ ပါးဖြစ်ပါသည်။]

* * *

http://www.dhammadownload.com

## အခန်း (၄)

# ပထဝီကသိဏနိဒ္ဒေသ
# ပထဝီကသိုဏ်းကိုအကျယ်ပြဆိုခြင်း

### သမာဓိဘာဝနာနှင့်လျော်သောကျောင်း၊ မလျော်သောကျောင်း

ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းပြသောဆရာနှင့် တစ်ကျောင်းတည်းတွင်နေထိုင်၍ချမ်းသာလျှင် ထိုကျောင်း၌ပင် ကမ္မဋ္ဌာန်းကိုသုတ်သင်အပ်၏။ ထိုကျောင်း၌ အကယ်၍မချမ်းသာသော် တစ်ယူဇနာအထိကွာဝေးသောကျောင်းသို့သွား၍ နေအပ်၏။

ဤသို့နေသဖြင့် ကမ္မဋ္ဌာန်း၌ တစ်စုံတစ်ရာကိုယုံမှားခြင်း သို့မဟုတ် မေ့လျော့ခြင်းရှိသော် စောစောထကာ မိမိကျောင်းမှာ သေနာသနဝတ်ပြုပြီးနောက် လမ်းခရီးအကြားဆွမ်းခံသွားအပ်၏။ ဒုတိယနေ့၌ ဆရာကိုရှိခိုးလျှောက်ထားကာ ဆွမ်းခံလှည့်လည်ပြီးမိမိကျောင်းသို့ ပြန်အပ်၏။

အကယ်၍ တစ်ယူဇနာဝေးသောအရပ်၌ပင်လျှင် ဘာဝနာနှလုံးသွင်းခြင်းဖြင့် ချမ်းသာရာမရလျှင် ပို၍ဝေးသောအရပ်သို့လည်း သွား၍ သမာဓိပွားရန်မလျောက်ပတ်သောကျောင်းကိုပယ်၍ လျောက်ပတ်သည့်ကျောင်း၌နေရာ၏။

### မလျောက်ပတ်သောကျောင်း(၁၈)မျိုး

#### (၁) ကြီးလွန်းသောကျောင်း

ဤကျောင်း၌ သီတင်းသုံးသောရဟန်းများပြား၍ ဆန္ဒအထူးထူးအထွေထွေရှိကြ၏၊ အချင်းချင်းမသင့်မြတ်၍ ဝတ်နိမဒ်ကိုမပြုကြ၊ ဗောဓိယင်္ဂဏဝတ်စသည်၌ပေါင်းမြက်ကိုမသုတ်သင်ကြ၊ သောက်ရေသုံးရေတို့ကိုလည်းမတည်ထားကြ။

ထိုကျောင်းနေယောဂီသည် ဆွမ်းခံရွာသို့ထွက်လတ်သော် ဗောဓိယင်္ဂဏဝတ်စသည်ကိုမပြုရသေးသည်ကိုမြင်သော် ဝတ်ပြုအပ်၏၊ ဝတ်မပြုသော် ဒုက္ကဋ်အာပတ်သို့ရောက်၏။ ဝတ်ပြု၍ နေမြင့်မှဆွမ်းခံဝင်ရသောအခါ ဆွမ်းကုန်ပြီဖြစ်၍ တစ်စုံတစ်ရာကိုမျှမရ။

ကိန်းအောင်းရာသို့ပြန်လာသည့်အခါ ရှင်သာမဏေ ရဟန်းငယ်တို့၏ဆူညံသောစကားသံတို့ကြောင့်လည်းကောင်း၊ သံဃာကံတို့ကြောင့်လည်းကောင်း၊ စိတ်ပျံ့လွင့်၏။ ထို့ကြောင့် ထိုကျောင်းမျိုး၌မနေအပ်ပါ။

http://www.dhammadownload.com



အကယ်၍ ဖိုကျောင်းကြီး၌ အလုံးစုံသောဝတ်တို့ကို ပြုအပ်ပြီးဖြစ်၏၊ ကြွင်းသော ထိခိုက်မှုများလည်းမရှိပါက ထိုကျောင်း၌နေသင့်၏။

(၂) အသစ်ဖြစ်သောကျောင်း

ကျောင်းသစ်၌ အမှုသစ်အလုပ်များ၏၊ မပြုလုပ်သောရဟန်းကို ကဲ့ရဲ့ကြ၏၊ ထို့ကြောင့် ထိုကျောင်းမျိုး၌မနေအပ်။ အကယ်၍ ကျောင်းရှိရဟန်းတို့က "အရှင်သည်အလိုရှိတိုင်းရဟန်းတရားကို အားထုတ်ပါ၊ ကျွန်ုပ်တို့သည် နဝကမ္မအမှုတို့ကို ပြုလုပ်ပါမည်" ဟုဆိုကြလျှင် ထိုကျောင်း၌နေအပ်၏။

(၃) ဟောင်းနွမ်းဆွေးမြေ့သောကျောင်း

ဤကျောင်းမျိုး၌ ပြုပြင်စရာအလွန်များ၏၊ ပြုပြင်သောရဟန်းအား ကမ္မဋ္ဌာန်းအလုပ်ဆုတ်ယုတ်၏။ မိမိနေသောကျောင်းကိုမျှမပြုပြင်သော် ကဲ့ရဲ့ကြကုန်၏။ ထို့ကြောင့် မနေအပ်ပါ။

(၄) လမ်းခရီးကိုမှီသောကျောင်း

လမ်းအနီး၌ရှိသောကျောင်းသို့ အာဂန္တုကရဟန်းများလာရောက်ကာ စုဝေးကြ၏၊ နေလွဲချိန်ရောက်လာသောရဟန်းအား မိမိ၏အိပ်ရာနေရာကိုပေး၍ မိမိကမူ သစ်ပင်ရင်း၊ ကျောက်ဖျာစသည်၌ နေရ၏။ နေ့စဉ် ဤနည်းအတိုင်းဖြစ်၍ ကမ္မဋ္ဌာန်းကိုအားထုတ်ခွင့်မရ။ ထို့ကြောင့် ဤကျောင်းမျိုး၌မနေအပ်ပါ။ အကယ်၍ အာဂန္တုကရဟန်းများကြောင့် ကျဉ်းမြောင်းကြပ်တည်းခြင်းမဖြစ်မူ နေအပ်၏။

(၅) ကျောက်ရေကန်ရှိသောကျောင်း

ကျောက်ရေကန်အနီး၌ရှိသောကျောင်းသည် 'သောဏ္ဍိ'မည်၏။ ထိုရေကန်သို့ လူတို့သည် ရေအလို့ငှာ ပျားပန်းခတ်မျှ သွားလာကြ၏။ မြို့တော်မှ မင်းဆရာကြီးတို့၏တပည့်များသည် သက်န်းဆိုးရန်လာကြ၏၊ ထိုသူတို့အား ဆိုးရည်ထည့်ရန်ခွက်၊ သစ်သားဆိုးကျင်း၊ ဆိုးရည်ကျိုရန်နေရာ၊ ဖွပ်စရာပျဉ်စသည်တို့ကို ပေးရ၊ ညွှန်ပြရ၏။ ဤသို့ အခါခပ်သိမ်းကြောင့်ကြစိုက်ရသဖြင့် ဤကျောင်းမျိုး၌မနေအပ်ပါ။

(၆) ဟင်းရွက်တောနီးသောကျောင်း

ဟင်းရွက်တော၌ ဟင်းရွက်အမျိုးမျိုးကို ဆွတ်ခူးရှာဖွေကြသည့်မိန်းမများသည် သီချင်းသီဆိုကာ ကျယ်လောင်စွာစကားပြောကြခြင်းကြောင့် ထိုဟင်းရွက်တောအနီးကျောင်း၌ ကမ္မဋ္ဌာန်းယူ၍ နေ့သန့်ရာနေသည့်ရဟန်းအား မာတုဂါမအသံထိခိုက်ခြင်းဖြင့် ကမ္မဋ္ဌာန်းအန္တရာယ်ကိုပြုကုန်၏။

(၇) ပန်းဥယျာဉ်နီးသောကျောင်း

အကြင်ကျောင်းအနီး၌ အထူးထူးသောပန်းချုံတို့ပွင့်ကုန်၏။ ထိုကျောင်း၌လည်း ဟင်းရွက်တောနီးသောကျောင်းနှင့်အလားတူဘေးအန္တရာယ်ရှိသဖြင့် မနေအပ်ပါ။

http://www.dhammadownload.com



(၈) သစ်သီးခြံနီးသောကျောင်း

အကြင်ကျောင်း၏အနီး၌ သရက်, သပြေ, ပိန္နဲစသောသစ်ပင်တို့ရှိ၏၊ အသီးကို အလိုရှိသောသူတို့သည် လာရောက်တောင်းကြရာ မပေးသောရဟန်းအား အမျက်ထွက်ကြ၏၊ အတင်းအဓမ္မလုယက်၍လည်းယူတတ်ကြ၏။ စင်္ကြံကြွသောရဟန်းသည်တွေ့မြင်၍ တားမြစ်သော် ထိုသူတို့ဆဲရေးကြကုန်၏။ ထိုရဟန်းကို ထိုကျောင်း၌မနေနိုင်အောင်လည်း အားထုတ်ကြသဖြင့် ထိုကျောင်း၌မနေသင့်ပါ။

(၉) လူတို့တောင့်တချီးမွမ်းသောကျောင်း

လူတို့ဆည်းကပ်ခြင်းငှာတောင့်တအပ်သော ရဟန္တာပုဂ္ဂိုလ်ရှိသည်ဟု လူတို့သမုတ်ကြသော ဒက္ခိဏာဂိရိကျောင်းကဲ့သို့ ကျောင်းတိုက်တွင်နေသည့်ယောဂီရဟန်းကို "ဤအရှင်သည် ရဟန္တာတည်း" ဟု ကြေညာထောပနာကြ၏။ ရှိခိုးလိုကြသောလူတို့သည် ထက်ဝန်းကျင်မှ စုဝေးလာကြကုန်၏။ ထို့ကြောင့် ထိုယောဂီပုဂ္ဂိုလ်သည် ချမ်းသာစွာမနေရ။ ထိုကျောင်းသည် သပ္ပါယဖြစ်ပါက နေ့အခါတစ်ပါးသောအရပ်သို့သွားပြီး ညဥ့်အခါတွင်နေအပ်၏။

(၁၀) မြို့ရွာကိုမှီသောကျောင်း

မြို့ရွာကိုမှီသောကျောင်း၌ အမျိုးသမီး–မာတုဂါမအာရုံတို့ ထင်လာကုန်၏၊ ရေခပ်သည့်အမျိုးသမီးတို့သည် လမ်းမဖယ်ဘဲ အိုးတို့ဖြင့်တိုက်ခိုက်သွား၏။ အစိုးရသောလူတို့ကလည်း ကျောင်းအလယ်၌ တင်းတိမ်အရံကို ကာဆီး၍နေကြ၏။ သို့အတွက် ဤကျောင်းမျိုး၌မနေအပ်ပါ။

(၁၁) သစ်တော, ထင်းတောကိုမှီသောကျောင်း

သစ်တော, ထင်းတောနီးသည့်ကျောင်း၌ သစ်ခုတ်သူ, ထင်းခွေသူတို့သည် ဟင်းရွက်ခူး, ပန်းခူးသူကဲ့သို့ ဆူညံသံဖြင့် ကမ္မဋ္ဌာန်း၏အန္တရာယ်ကိုပြုကြ၏။ ကျောင်းရှိသစ်ပင်ကို အိမ်ဆောက်ရန်ခုတ်ဖြတ်ကြ၏၊ ထိုသစ်ခုတ်သူတို့ကို တွေ့မြင်၍တားမြစ်ပါက ဆဲရေးကြကုန်၏။ ထိုကျောင်းတွင် ထိုရဟန်းမနေနိုင်အောင်လည်း လှုံ့လပြုကြ၏။ သို့အတွက် ထိုကျောင်းမျိုး၌ မနေအပ်ပါ။

(၁၂) လယ်ကိုမှီသောကျောင်း

အကြင်ကျောင်း၏ထက်ဝန်းကျင်တွင် လယ်ယာများခြံရံနေ၏၊ လယ်သမားတို့သည် ကျောင်းလယ်တွင် ကောက်နယ်တလင်းလုပ်၍ စပါးနယ်ကြ၏၊ ကျောင်းဦး၌အိပ်ကြ၏၊ များစွာသောမချမ်းသာစရာတို့ကို ပြုကြ၏။ ထိုကျောင်း၌မနေသင့်ပါ။

သံဃိကလယ်ချောင်းပေါ်များသောကျောင်း၌ အရံစောင့်တို့သည် ဒါယကာများ၏နွားများမဝင်ရန် စပါးပေးရန် တားမြစ်ကြသဖြင့် ဒါယကာတို့နှင့်အချင်းများကြ၏၊ မင်းအမတ်တို့ထံ တိုင်တန်းကြကုန်၏။ ရဟန်းတို့ဖြေရှင်းကြရ၏။ ဤကျောင်းမျိုး၌လည်းမနေအပ်ပါ။

http://www.dhammadownload.com.



(၁၃) သဘောမတူ ရန်သူရှိသောကျောင်း

အကြင်ကျောင်း၌ အချင်းချင်းသဘောမတူကြသော ရန်သူရဟန်းတို့နေကြ၏။ အချင်းချင်းငြင်းခုံကြ၏။ မငြင်းခုံရန်တားမြစ်သောရဟန်းအား "ဤပံ့သုကူဆောင်ရဟန်း ရောက်လာသည့်အချိန်ကစပြီး ပျက်စီးကုန်ပြီ"ဟု ဆိုတတ်သဖြင့် ထိုကျောင်း၌မနေအပ်ပါ။

(၁၄) ဆိပ်ကမ်းကိုမှီသောကျောင်း

မြစ်, သမုဒ္ဒရာဆိပ်ကမ်းကိုမှီသည့်ကျောင်း၊ မြို့ကြီးပြကြီးတို့၏အခွန်ကောက်ရာဌာနကို မှီသောကျောင်းများသို့ လှေ, လှည်းတို့ဖြင့် မပြတ်လာကြသောလူတို့သည် တည်းခိုခွင့် တောင်းကြ၏၊ ရေပေးပါ, ဆားပေးပါဟုတောင်းကြ၏၊ ထိခိုက်၍ မချမ်းသာအောင်ပြုကြ၏။ ထို့ကြောင့်မနေသင့်ပါ။

(၁၅) ပစ္စန္တရာဇ်ကိုမှီသောကျောင်း

ပစ္စန္တရာဇ်နေလူတို့သည် ဘုရား, တရား, သံဃာ, ရတနာသုံးပါးကို မကြည်ညို ကြပါ။ သို့အတွက် ပစ္စန္တရာဇ်ကိုမှီသောကျောင်း၌ မနေအပ်ပါ။

(၁၆) တိုင်းပြည်အပိုင်းအခြားကိုမှီသောကျောင်း

တိုင်းပြည်နှစ်ပြည်၏အစပ်၌တည်သောကျောင်းတွင် မင်းဘေးသင့်တတ်၏။ ထို နှစ်ပြည်ထောင်မင်းတို့က "ဤအရပ်သည် ငါ၏အဲ့ဘာမတည်"ဟုဆိုကြ၏။ ထိုကျောင်း နေရဟန်းက ထိုတိုင်းပြည်နှစ်ပြည်တွင် လှည့်လည်ရသောအခါ "သူလျှိုယောက်ျား"ဟု ထင်မှတ်ကာ ဖမ်းဆီးခံရတတ်သဖြင့် ပျက်စီးခြင်းသို့ရောက်၏။ ထိုကျောင်း၌မနေသင့်ပါ။

(၁၇)မလျောက်ပတ်သောကျောင်း

အကြင်ကျောင်းသည်ကား ဆန့်ကျင်ဘက်ဝိသဘာဂအာရုံတို့ စုဝေးပေါင်းဆုံ၏၊ ဘီလူးသဘက်တို့သိမ်းဆည်း၍ ဘေးရန်ပြု၏။ ထိုကျောင်းသည် မလျောက်ပတ်မသင့် လျော်ပါ။

မထေရ်တစ်ပါးသည် တောကျောင်း၌နေရာ ဘီလူးမက ကျောင်းတံခါး၀၌ရပ်၍ သီချင်းဆို၏၊ တံခါးသို့မထေရ်လာသည့်အခါ ဘီလူးမသည် စင်္ကြံဦး၌သီဆို၏၊ ထိုနေရာသို့ မထေရ်ကြွလာရာ ဘီလူးမသည် အသူတစ်ရာနက်သောချောက်ကမ်းပါးထိပ်၌သီဆို၏၊ မထေရ် ကနောက်သို့ဆုတ်ရာ ထိုဘီလူးမက အဟုန်ဖြင့်လာ၍ မထေရ်ကိုဖမ်းယူစားသောက်၏။

(၁၈) အဆွေခင်ပွန်းကောင်းကိုမရနိုင်သောကျောင်း

အကြင်ကျောင်း၌ ဆရာ, ဆရာနှင့်တူသောပုဂ္ဂိုလ်, ဥပဇ္ဈာယ်, ဥပဇ္ဈာယ်နှင့်တူသော ပုဂ္ဂိုလ်, အဆွေခင်ပွန်းကောင်းမရှိအံ့၊ ထိုသို့ကလျာဏမိတ္တ–အဆွေခင်ပွန်းကောင်းကို မရနိုင် ခြင်းသည် ကြီးစွာသောအပြစ်ရှိ၏။ ထိုကျောင်း၌ မနေအပ်ပါ။

http://www.dhammadownload.com



လျောက်ပတ်သောကျောင်း

(၁) အကြင်ကျောင်းသည် ဆွမ်းခံရွာနှင့်မဝေးလွန်း, မနီးလွန်း, သွားခြင်းလာခြင်း၌ လျောက်ပတ်၏။

(၂) နေ့အခါ လူတို့နှင့်မရောပြွမ်း၊ ညဉ့်အခါ လူသံတိတ်ဆိတ်၏၊ အုတ်အုတ်ကျက်ကျက် ကြွေးကြော်အော်ဟစ်သံမရှိ။

(၃) မှက်, ခြင်, နေပူ, မြွေ,ကင်း, သန်းတို့၏ ကိုက်ခြင်းထိပါးခြင်းတို့မှ ကင်း၏။

(၄) သင်္ကန်း, ဆွမ်း, ကျောင်း, သူနာအထောက်အပံ့ဆေးပစ္စည်းတို့ကို မငြိုမငြင်မပင်ပန်းဘဲ ရနိုင်၏။

(၅) အကြားအမြင်, ဗဟုသုတရှိကုန်သော၊ သုတ်, အဘိဓမ္မာဆောင်ကုန်သော၊ ဝိနည်းကိုဆောင်ကုန်သော၊ မာတိကာကိုဆောင်ကုန်သော၊ မြဲမြံသည့်ဂုဏ်ကျေးဇူးရှိသောရဟန်းတို့သည်နေကြကုန်၏။ ကျမ်းဂန်၌မပွင့်လင်း, မထင်ရှားသည်တို့ကို ဖွင့်ပြ, ရှင်းပြကြကုန်၏၊ ယုံမှားသံသယများကို ဖျောက်ပယ်ပေးကြ၏။

အထက်ပါအင်္ဂါငါးပါးနှင့်ပြည့်စုံသောကျောင်းသည် ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းပွားများခြင်း၌ သင့်လျော်လျောက်ပတ်၏။

ပလိဗောဓငယ်များကိုပယ်ခြင်း

လျောက်ပတ်သောကျောင်း၌ သီတင်းသုံးနေသောရဟန်းသည် သေးငယ်သောပလိဗောဓ ကြောင့်ကြမှုများကို ပယ်ဖြတ်အပ်၏။

(၁) ရှည်သောဆံပင်, ခြေသည်းလက်သည်းတို့ကို ဖြတ်အပ်၏။

(၂) ဟောင်းနွမ်း, ဆွေးမြေ့သောသင်္ကန်းတို့ကို ခိုင်အောင်ဖာခြင်း, စပ်ခြင်းပြုအပ်၏။ ညစ်နွမ်းသော် အရောင်ဆိုးအပ်၏။

(၃) သပိတ်၌ ချေးများနေလျှင် သပိတ်ကိုဖုတ်အပ်၏။

(၄) ညောင်စောင်း, အင်းပျဉ်တို့ကို သုတ်သင်အပ်ကုန်၏။

* ပထဝီကသိဏ်း

အတိတ်ဘဝက ပထဝီကသိဏ်းရှုပွား၍ ရူပါဝစရဈာန်များကိုရဖူးသောပုဂ္ဂိုလ်သည် ထိုကောင်းမှုဥပနိဿယသတ္တိဖြင့် မပြုပြင်ထားသည့်မြေ၊ သို့မဟုတ် လယ်ထွန်ရာအရပ်ကို ကြည့်၍ ဥဂ္ဂဟနိမိတ်ကိုဖြစ်ပေါ်စေနိုင်၏။

သာဓကအဖြစ် အရှင်မဟာလ္လကမထေရ်သည် လယ်ထွန်ရာအရပ်ကိုကြည့်၍ ဥဂ္ဂဟနိမိတ်ကိုဖြစ်စေ၏၊ ထိုနိမိတ်ကိုပွား၍ ပဉ္စကနည်းဈာန်ကိုဖြစ်စေ၏၊ ထိုဈာန်ကိုအခြေခံ၍ ဝိပဿနာကိုရှုပွားရာ အရဟတ္တဖိုလ်သို့ရောက်၏။

ရှေးကအလေ့အလာမရှိခဲ့သောယောဂီပုဂ္ဂိုလ်သည် ဆရာထံမှသင်ယူခဲ့သည့်ကမ္မဋ္ဌာန်း

http://www.dhammadownload.com



အစီအရင်အတိုင်း ပထဝီကသိုဏ်းဝန်းကို ပြုအပ်၏။ ညိုသောအဆင်း, ရွှေသောအဆင်း, နီသောအဆင်း, ဖြူသောအဆင်းတို့နှင့် ရောစပ်သည့်အစွမ်းဖြင့် ကသိုဏ်းအပြစ်လေးပါးကို ရှောင်ကြဉ်၍ ဂင်္ဂါမြစ်ကမ်းပါးမြေနှင့်တူသော နေအရုဏ်ရောင်မြေဖြင့် ကသိုဏ်းဝန်းကို ပြုလုပ်အပ်၏။ ထိုမြေကို သစ်မြစ်, ကျောက်ခဲစသည့်အမှိုက်များဖယ်ရှားပြီး ကောင်းစွာ နယ်အပ်၏။

ရဟန်းသာမဏေတို့ သွားလာလှည့်လည်ရာ ကျောင်း၏အလယ်၌ ကသိုဏ်းဝန်းကို မပြုအပ်။ ကျောင်း၏အစွန်းဖုံးလွှမ်းရာဌာန, တောင်ဝန်း, သစ်ရွက်မိုးဇရပ်တို့၌ ပြောင်းရွှေ့နိုင်သောကသိုဏ်းဝန်းကို ပြုလုပ်အပ်၏။

တုတ်တံလေးချောင်း၌ ပုဆိုးနွမ်း၊ သို့မဟုတ် သားရေ၊ သို့မဟုတ် သပေါ့ဖျာကိုချည် နှောင်တုပ်ဖွဲ့ကားကြက်၍ ထိုအပေါ်တွင် ကောင်းစွာနယ်ထားသည့်မြေကြီးဖြင့် ဗန်းငယ် သို့မဟုတ် စလောင်းဖုံးအရွယ်ရှိ (အချင်းတစ်ထွာလက်လေးသစ်)မြေအဝန်းကို လိမ်းကျံပြု လုပ်၏။ ဤကသိုဏ်းဝန်းကို ရှုပွားသောအခါ မြေမှာခင်း၍ စေ့စေ့ကြည့်အပ်၏။

အမြဲမပြောင်းရွှေ့ကောင်းသောကသိုဏ်းဝန်းကို ကျောင်း၏အစွန်း ဖုံးလွှမ်းရာဌာန၌ ပြုအပ်၏။ မြေ၌ ပဒုမ္မာကြာချပ်သဏ္ဌာန် ငုတ်တို့ကိုစိုက်၍ နွယ်တို့ဖြင့်ရစ်ပတ်ကာပြုအပ် ၏။ အောက်ခြေ၌ သာမန်မြေကိုထည့်၍ အထက်မျက်နှာပြင်တွင် ကောင်းစွာသုတ်သင်ပြီး နယ်ထားသည့် နေအရုဏ်ရောင်မြေဖြင့် အချင်းတစ်ထွာလက်လေးသစ် ပမာဏရှိသော မြေအဝန်းအဝိုင်းကို ပြုလုပ်၏။

မြေအဝန်းကို စနှကူးစသည့်သစ်လက်ဝါးဖြင့် ပွတ်တိုက်လျှင် အရုဏ်အဆင်းမဟုတ် သည့်အခြားအဆင်းထင်လာတတ်သဖြင့် ကျောက်လက်ဝါးဖြင့် ပွတ်တိုက်ရမည်၊ စည်ကြီး ၏မျက်နှာပြင်ကဲ့သို့ ညီစေအပ်၏။ ကသိုဏ်းဝန်းထားရာအရပ်ကို တံမြက်လှည်းထားရမည်။

ကသိုဏ်းရှုသည့်အခါ ကသိုဏ်းဝန်းမှ နှစ်တောင်တစ်ထွာအကွာတွင် တစ်ထွာလက် လေးသစ်အမြင့်ရှိသည့် အင်းပျဉ်ပေါ်တွင်ထိုင်၍ ရှုအပ်၏။ နှစ်တောင့်ထွာထက်ဝေးလွန်း သောအရပ်၌နေလျှင် ကသိုဏ်းဝန်းသည် မထင်၊ နီးလွန်းသောအရပ်မှာနေလျှင် ကသိုဏ်း ဝန်းရှိ လက်ရာစသည့်အပြစ်တို့ကိုမြင်ရ၏၊ မြင့်လွန်းသောအင်းပျဉ်ပေါ်ထိုင်လျှင် လည်ပင်း ကိုညွတ်၍ကြည့်ရ၏၊ နိမ့်လွန်းသည့်အင်းပျဉ်ပေါ်ထိုင်လျှင် ပုဆစ်ဒူးတို့ နာကျင်၏။

"ကာမဂုဏ်တို့သည် မသာယာအပ်ကုန်"စသည်ဖြင့် ဟောကြားသည့်အတွက် ကာမ ဂုဏ်တို့၏အပြစ်ကိုဆင်ခြင်ပြီးလျှင် ကာမတို့မှလွတ်ကင်းသော ဆင်းရဲဒုက္ခအလုံးစုံမှလွတ် မြောက်ခြင်း၏အကြောင်းဖြစ်သော ဈာန်ကိုကောင်းစွာအလိုဆန္ဒရှိသည်ဖြစ်၍ ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တို့ကို တလုံ့လဲလဲအောက်မေ့ခြင်းဖြင့် နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေ၏။

http://www.dhammadownload.com



"ယခု ငါအားထုတ်လတ္တံ့သောအကျင့်သည် ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝက အလုံးစုံတို့ ကျင့်သုံးတော်မူကြသော လွတ်မြောက်ကြောင်းအကျင့်ပေတည်း"ဟု အကျင့်၌ ကောင်းစွာအရိုအသေပြုလျက် ဤအကျင့်ဖြင့် ဝိဝေကကြောင့်ဖြစ်သော ချမ်းသာသုခအရသာကို မချွတ်ဧကန်ခံစားရပေအံ့ဟု ကြိုးစားအားထုတ်မှုကိုဖြစ်စေ၍ မျက်စိတို့ကို ညီညီမျှမျှဖွင့်ပြီးလျှင် ပထဝီကသိုဏ်း၌ နိမိတ်ကိုယူ၍ စိတ်ဖြင့်မှတ်၍ ပွားအပ်၏။

မျက်စိကိုဖွင့်လွန်းလျှင် မျက်စိပင်ပန်း၏၊ ကသိုဏ်းဝန်းသည်လည်း ထင်လွန်းသဖြင့် ထိုပုဂ္ဂိုလ်အား ဥဂ္ဂဟနိမိတ်သည် မဖြစ်နိုင်။ မျက်စိကို အလွန်မှေးမှေးဖွင့်သောသူအား ကသိုဏ်းဝန်းသည် မထင်လွန်းဖြစ်၏၊ စိတ်လည်းတွန့်တို၏၊ ထိုပုဂ္ဂိုလ်အားလည်း ဥဂ္ဂဟနိမိတ်မဖြစ်ပါ။ ထို့ကြောင့် ကြေးမုံမှန်၌ မျက်နှာရိပ်ကိုကြည့်ရှုသကဲ့သို့ ညီမျှသောအခြင်းအရာဖြင့် မျက်စိကိုဖွင့်၍ နိမိတ်ကိုယူကာ ရှုပွားအပ်၏။

ပထဝီကသိုဏ်းဝန်း၏အရောင်အဆင်းကို မဆင်ခြင်သင့်၊ မာခြင်း, ပျော့ခြင်းလက္ခဏာကိုလည်း နှလုံးမသွင်းအပ်၊ စင်စစ်သော်ကား အဆင်းကိုမလွှတ်မူ၍ အဆင်း၏မှီရာပထဝီနှင့်တူသောအဆင်းရှိသည်ကိုပြု၍ ပထဝီဓာတ်လွန်ကဲသည့်အစွမ်းကြောင့် လောကဝေါဟာရပညတ်၌ စိတ်ကိုထားလျက် "ပထဝီ၊ပထဝီ"ဟု နှလုံးသွင်းအပ်၏။

"ပထဝီ, မဟီ, မေဒနီ, ဘူမိ, ဝသုဓါ, ဝသုန္ဓရာ"စသော မြေ၏အမည်တို့တွင် ကြိုက်ရာအမည်ကို ဆိုနိုင်၏၊ သို့သော် ထိုပုဂ္ဂိုလ်မှတ်ဖူး, လေ့လာဖူးသောအမည်ကို ဆိုအပ်၏၊ "ပထဝီ"ဟူသောအမည်ကား ထင်ရှားသည့်အတွက် "ပထဝီ, ပထဝီ"ဟူ၍သာ ပွားအပ်၏။

ရံခါမျက်စိကိုဖွင့်၍ စေ့စေ့ကြည့်လျက် ရံခါမျက်စိကိုမှိတ်ပြီး ပြန်ဖွင့်၍မြင်သည့်အတိုင်း ကသိုဏ်းဝန်းကို ဆင်ခြင်အပ်၏။ ဤနည်းအတိုင်း ကာလအရာအထောင်မက ဥဂ္ဂဟနိမိတ်မဖြစ်ပေါ်သမျှ မျက်စိဖွင့်တုံမှိတ်တုံ တလုံ့လဲလဲနှလုံးစွဲအောင် အားခဲကာဆင်ခြင်ပွားများအပ်၏။

ဥဂ္ဂဟနိမိတ်

ဤသို့အားထုတ်စွန့်စားပွားများသောယောဂီပုဂ္ဂိုလ်အား အကြင်အခါမျက်စိမှိတ်၍ ဆင်ခြင်စဉ် မျက်စိဖွင့်၍ကြည့်သကဲ့သို့ ကသိုဏ်းဝန်းကိုထင်မြင်လျှင် ဥဂ္ဂဟနိမိတ်ဖြစ်ပေါ်သည်မည်၏။ ထိုဥဂ္ဂဟနိမိတ်ဖြစ်သောအခါမှစ၍ ထိုနေရာ၌မနေအပ်၊ မိမိ၏နေရာသို့ဝင်၍ ထိုင်နေခြင်းဖြင့် ဥဂ္ဂဟနိမိတ်ကို ရှုပွားအပ်၏။

ခြေဆေးခြင်းကြောင့်အချိန်မကြာမြင့်စေရန် တစ်လွှာဖိနပ်ကိုစီး၍ ဘေးရန်ကိုကာကွယ်ရန် တောင်ဝှေးကိုကိုင်ဆောင်အပ်၏။ တစ်စုံတစ်ရာမလျောက်ပတ်သောအကြောင်းကြောင့် နုသောသမာဓိသည် အကယ်၍ပျက်ပြားအံ့။ ထိုပုဂ္ဂိုလ်သည် ဖိနပ်ကိုစီး၍ တောင်ဝှေးကိုကိုင်၍ ထိုကသိုဏ်းဝန်းရှိရာသို့သွား၍ ဥဂ္ဂဟနိမိတ်ကိုယူပြီးလျှင် မိမိနေရာသို့ပြန်လာကာ ချမ်းသာစွာထိုင်နေသဖြင့် ဥဂ္ဂဟနိမိတ်ကိုပွားအပ်၏။

http://www.dhammadownload.com



## ပဋိဘာဂနိမိတ်

ဥဂ္ဂဟနိမိတ်ကို အဖန်တလဲလဲ စိတ်ဖြင့်ဆင်ခြင်အပ်၏၊ ရှေးရှုခေါ်ခြင်း, ထက်ဝန်းကျင်မှခေါ်ခြင်းကို ပြုအပ်၏။ ဤသို့ပြုသောယောဂီအား နီဝရဏအမြွေးအယှက်တို့သည် အစဉ်အတိုင်းကွာကုန်၏၊ ကိလေသာတို့သည် ငြိမ်ဝပ်နစ်မြုပ်ကုန်၏၊ ဥပစာရသမာဓိသည်စိတ်ကိုကောင်းစွာထားလျက် ပဋိဘာဂနိမိတ်ဖြစ်ပေါ်လာ၏။

## ဥဂ္ဂဟနိမိတ်နှင့်ပဋိဘာဂနိမိတ်တို့၏ခြားနားချက်

ဥဂ္ဂဟနိမိတ်သည် မူလကသိုဏ်းဝန်းနှင့်တူ၏၊ မူလကသိုဏ်းဝန်းမှာကဲ့သို့ လက်ရာစသောအပြစ်များထင်၏။

ပဋိဘာဂနိမိတ်သည် အိတ်မှထုတ်သောကြေးမုံဝန်း, မှန်ဝိုင်းကဲ့သို့၊ ကောင်းစွာပွတ်တိုက်ထားသည့်ခရုသင်း, ကနုကမာခွက်ကဲ့သို့၊ တိမ်တိုက်ကြားမှဘွားခနဲပေါ်ထွက်လာသောလပြည့်ဝန်းကဲ့သို့၊ မိုးတိမ်ညိုဝရှိဖြူဖွေးသောဥဖျိုင်းကဲ့သို့ ဥဂ္ဂဟနိမိတ်ကိုဖောက်ထွင်း၍ထွက်သကဲ့သို့ ဥဂ္ဂဟနိမိတ်ထက် အဆအရာအထောင်မက အလွန်စင်ကြယ်သည်ဖြစ်၍ထင်၏။

ထိုပဋိဘာဂနိမိတ်သည် အဆင်း, သဏ္ဌာန်တို့ရှိသည်မဟုတ်၊ အကယ်၍အဆင်း, သဏ္ဌာန်ရှိငြားအံ့၊ စက္ခုဝိညာဏ်ဖြင့် သိကောင်းသည်ဖြစ်ရာ၏၊ ရုန့်ရင်းသောအနိစ္စ စသည်ဖြင့် သုံးသပ်ကောင်းသည်, လက္ခဏာရေးသုံးပါးဖြင့် မှတ်အပ်သည်ဖြစ်ရာ၏၊ ဤသို့ကား မဖြစ်။ ဥပစာရသမာဓိကိုရသောပုဂ္ဂိုလ်အားထင်သော အခြင်းအရာ သက်သက်မျှဖြစ်၍ သညာကြောင့်ဖြစ်သည့် သညဇပေတည်း။

## ဥပစာရသမာဓိနှင့်အပ္ပနာသမာဓိတို့၏ထူးခြားချက်

ပဋိဘာဂနိမိတ်ထင်လာသောအခါ ဥပစာရသမာဓိသို့ရောက်၏။ ဘာဝနာစိတ်ကို ပဋိဘာဂနိမိတ်သို့ရှေးရှုထား၍ အားထုတ်စိုင်းနှင်သောယောဂီပုဂ္ဂိုလ်အား အပ္ပနာသမာဓိဖြစ်ပေါ်၍ ဈာန်သို့ရောက်၏။

ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိတို့နှစ်ပါးတွင် ဥပစာရအခိုက်အတန့်၌ နီဝရဏတို့ကိုပယ်ခြင်းဖြင့် စိတ်တည်ကြည်၏၊ ဈာန်ကိုရသည့်အခိုက်အတန့်၌ ဈာန်အင်္ဂါများထင်ရှားစွာဖြစ်ပေါ်ခြင်းဖြင့် စိတ်တည်ကြည်၏။

ဥပစာရသမာဓိအခိုက်၌ ဈာန်အင်္ဂါတို့သည်အားအစွမ်းမရှိကုန်။ ဈာန်အင်္ဂါတို့အားအစွမ်းမရှိသောကြောင့် စိတ်သည် ရံခါနိမိတ်ကိုအာရုံပြုနိုင်၏၊ ရံခါဘဝင်သို့သက်၏။ ဥပမာအားဖြင့် နနယ်သောကလေးသူငယ်ကို ထူမ၍ထားရာ အဖန်ဖန်မြေသို့လဲကျသကဲ့သို့တည်း။

အပ္ပနာသမာဓိအခိုက်၌ကား ဈာန်အင်္ဂါတို့သည်အားရှိကုန်၏။ ဈာန်အင်္ဂါတို့၏အားရှိသည်အဖြစ်ကြောင့် ဈာန်စိတ်သည် ဘဝင်အယဉ်ကိုတစ်ကြိမ်မြဖြတ်၍ တစ်ညဉ့်ပတ်လုံး, တစ်

http://www.dhammadownload.com



နေ့ပတ်လုံးတည်နေနိုင်၏၊ ကုသိုလ်ဇောအစီအစဉ်အားဖြင့် ဖြစ်၏။ ဥပမာအားဖြင့် အားရှိသောယောကျ်ားသည် နေရာမှထ၍ တစ်နေ့ပတ်လုံးရပ်တည်နိုင်သကဲ့သို့တည်း။

ပဋိဘာဂနိမိတ်သည် ဥပစာရသမာဓိနှင့်တကွ ဖြစ်၏၊ ထိုသို့ဖြစ်စေခြင်းသည် အလွန်ပြုနိုင်ခဲသောအမှုဖြစ်၏။ ထို့ကြောင့် ထိုင်နေခြင်းဖြင့်သာ နိမိတ်ကိုပွား၍ အပ္ပနာကိုဖြစ်စေနိုင်လျှင် ကောင်းပေ၏။ အကယ်၍မစွမ်းနိုင်လျှင် စကြာမင်းလောင်းကို ကိုယ်ဝန်ဆောင်သောမိခင်သည် ကိုယ်ဝန်ကိုစောင့်ရှောက်သကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် ပဋိဘာဂနိမိတ်ကို မမေ့မလျော့စောင့်ရှောက်အပ်၏။ ဤသို့နိမိတ်ကိုစောင့်ရှောက်သောယောဂီအား ဥပစာရဈာန်သည် ဆုတ်ယုတ်ခြင်းမရှိ။ အစောင့်အရှောက်မရှိပါမူ ရတိုင်းရတိုင်းသောဥပစာရဈာန်သည် ပျက်လေ၏။

ပဋိဘာဂနိမိတ်စောင့်ရှောက်ခြင်းအစီအရင်ကို ဖော်ပြပါအံ့။

* သပ္ပါယ, အသပ္ပါယ(၇)ပါး

ကျောင်း, ဆွမ်းခံရာအရပ်, စကား, ပုဂ္ဂိုလ်, ဘောဇဉ်, ဥတု, ဣရိယာပုထ်တို့နှင့် ဆက်စပ်၍ လျောက်ပတ်သောသပ္ပါယ(၇)ပါးကိုမှီဝဲ၍ မလျောက်ပတ်သော အသပ္ပါယ(၇)ပါးကို ရှောင်ကြဉ်လျှင် မကြာမီကာလ၌ အပ္ပနာသည်ဖြစ်၏။

(၁) မလျောက်ပတ်သောကျောင်းနှင့်လျောက်ပတ်သောကျောင်း

အကြင်ကျောင်း၌နေသောပုဂ္ဂိုလ်အား မဖြစ်သေးသောနိမိတ်သည် မဖြစ်၊ ဖြစ်ပြီးသောနိမိတ်တို့သည်လည်း ပျောက်၏၊ မထင်သေးသောသတိသည် မထင်၊ မတည်ကြည်သောစိတ်သည်လည်း ကောင်းစွာမတည်၊ ဤကျောင်းသည် မလျောက်ပတ်ပါ။

အကြင်ကျောင်း၌နေသောပုဂ္ဂိုလ်အား နာဂတောင်တွင်နေသော ပဓာနိယတိဿမထေရ်ကဲ့သို့နိမိတ်သည်လည်းထင်၏၊ ခိုင်မြဲသည်လည်းဖြစ်၏၊ သတိသည်ထင်၏၊ စိတ်သည်လည်းတည်ကြည်၏၊ ဤကျောင်းသည် လျောက်ပတ်၏။

အကြင်ကျောင်းတိုက်၌ ကျောင်းများစွာရှိသော် တစ်ကျောင်းလျှင် သုံးရက်စီနေ၍ အကြင်ကျောင်း၌ စိတ်သည်တည်ကြည်၏၊ တစ်နည်း တစ်ခုတည်းသောအာရုံရှိ၏၊ ထိုကျောင်း၌နေအပ်၏။

ကျောင်းလျောက်ပတ်သောကြောင့် တမ္ပပဏ္ဏိကျွန်း၊ စူဠနာဂလိုဏ်တွင်နေသော ရဟန်းငါးရာတို့သည် ထိုအရပ်တွင်ပင် ကမ္မဋ္ဌာန်းယူ၍ပွားရာ အရဟတ္တဖိုလ်သို့ရောက်ကုန်၏။ တစ်ပါးသောအရပ်၌ အရိယာဘုံသို့ရောက်ပြီးနောက် ထိုလိုဏ်၌ဘာဝနာဆက်ရှုသဖြင့် အရဟတ္တဖိုလ်သို့ရောက်ကြသောအရိယာများလည်း အလွန်များပြားလှ၏။ ထို့အတူ စိတ္တလပဗ္ဗတကျောင်းစသည်တို့၌ အရဟတ္တဖိုလ်သို့ရောက်ကြသော ပုဂ္ဂိုလ်တို့လည်း များပြားလှပေ၏။

http://www.dhammadownload.com



(၂) လျောက်ပတ်သောဆွမ်းခံရာအရပ်

ဆွမ်းခံရွာသည် ကျောင်းမှမဝေးလွန်းဘဲ တစ်ကောသခွဲအရပ်၌ တည်၏၊ ဆွမ်းရလွယ်ပြီးပြည့်စုံ၏၊ ထိုဆွမ်းခံရာအရပ်သည်လျောက်ပတ်၏။ ထိုသို့မဟုတ်သောအရပ်သည် မလျောက်ပတ်ချေ။

(၃) လျောက်ပတ်သောစကား

မဂ်ဖိုလ်မှဖီလာဖြစ်သော(၃၂)ပါးသောစကားတို့တွင် အကျုံးဝင်သည့်စကားသည် မလျောက်ပတ်ပါ။ ထိုစကားမျိုးသည် ရပြီးသောနိမိတ်ကို ကွယ်ပျောက်စေ၏။ အပ္ပိစ္ဆကထာစသည် ဆယ်မျိုးသောစကားတို့ကိုမှီသောစကားသည် လျောက်ပတ်၏။ ထိုလျောက်ပတ်သောစကားကိုသော်လည်း အတိုင်းအရှည်နှင့်ပြောအပ်၏။

(၄) လျောက်ပတ်သောပုဂ္ဂိုလ်

တိရစ္ဆာနကထာစကားများကို ပြောကြားလေ့မရှိ၊ သီလစသောဂုဏ်တို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်ရှိ၏၊ ထိုပုဂ္ဂိုလ်ကိုအမှီပြု၍ မတည်ကြည်သောစိတ်သည် တည်ကြည်၏၊ တည်ကြည်သောစိတ်သည်လည်းခိုင်မြဲ၏၊ ဤသို့သဘောရှိသောပုဂ္ဂိုလ်သည်လျောက်ပတ်၏။

ကိုယ်ကာယဆူဖြိုးခိုင်ခံ့အောင် အလေ့အလာများသောသူ၊ မဂ်ဖိုလ်နှင့်ဖီလာဖြစ်သည့် စကားမျိုးကိုပြောကြားတတ်သောသူ၊ တိရစ္ဆာနကထိကဖြစ်သောစကားအိုးပုဂ္ဂိုလ်တို့သည် မလျောက်ပတ်။ ထိုစကားမှန်၏၊ ညွန်နှစ်နှင့်ပြစ်ချွဲသောရေသည် ကြည်လင်သောရေကို နောက်ကျိစေသကဲ့သို့ စကားအိုးပုဂ္ဂိုလ်သည် မိမိကိုမှီလာသူအား နောက်ကျိညစ်ညမ်းစေ၏။ ထိုပုဂ္ဂိုလ်မျိုးကိုမှီ၍ ကောဋတောင့်တွင်နေလေ့ရှိသော ပဍ္ဍင်းငယ်သည်ရှာန်သမာပတ်ပင်ပျောက်ကွယ်၏၊ နိမိတ်မူကား ဆိုဖွယ်ရာမရှိ၊ လျင်မြန်စွာပျောက်မည်သာတည်း။

(၅,၆) လျောက်ပတ်သောဘောဇဉ်နှင့်ဥတု

လူအချို့သည် အချဉ်နှင့်လျောက်ပတ်၏၊ လူအချို့သည် အချိုနှင့်လျောက်ပတ်၏၊ ဥတုသည်လည်း အချို့သောသူအား အအေးနှင့်လျောက်ပတ်၏၊ အချို့သောသူအား အပူနှင့်လျောက်ပတ်၏။

ထို့ကြောင့် အကြင်ဘောဇဉ်ကိုလည်းကောင်း၊ ဥတုကိုလည်းကောင်း၊ မှီဝဲသောပုဂ္ဂိုလ်အား ချမ်းသာ၏၊ မတည်ကြည်သောစိတ်သည် တည်ကြည်၏၊ တည်ကြည်သောစိတ်သည်လည်း အတိုင်းထက်အလွန်ခိုင်မြဲ၏၊ ထိုအစာဘောဇဉ်နှင့်ဥတုတို့သည် ထိုသူအား လျောက်ပတ်၏။ ဤမှတစ်ပါးသောဘောဇဉ်နှင့်ဥတုတို့ကား မလျောက်ပတ်ချေ။

(၇) လျောက်ပတ်သောဣရိယာပုထ်

အချို့သောပုဂ္ဂိုလ်အား စင်္ကြံသွားခြင်းသည် လျောက်ပတ်၏၊ အချို့သောပုဂ္ဂိုလ်အား အိပ်ခြင်း၊ ထိုင်ခြင်းတို့တွင် တစ်ပါးပါးသည်လျောက်ပတ်၏။ သို့အတွက် ဣရိယာ

http://www.dhammadownload.com



ပုထ်လေးပါးကို ကျောင်းကဲ့သို့ သုံးရက်စိစုံစမ်းဆင်ခြင်၍ အကြင်ဣရိယာပုထ်၌ မတည်ကြည်သေးသောစိတ်သည် တည်ကြည်၏၊ တည်ကြည်ပြီးသောစိတ်သည် ခိုင်မြဲ၏၊ ထိုဣရိယာပုထ်သည် လျောက်ပတ်၏။ ဤမှတစ်ပါးသောဣရိယာပုထ်ကို မလျောက်ပတ်ဟု သိအပ်၏။

## * အပ္ပနာကောသလ္လ (၁၀) ပါး

ဆိုခဲ့သည့်အတိုင်း သပ္ပါယ(၇)ပါးနှင့်ပြည့်စုံအောင်ကျင့်၍ ပဋိဘာဂနိမိတ်ကို ပွားများပါသော်လည်း အပ္ပနာမဖြစ်လျှင် အပ္ပနာ၌လိမ္မာသောသူ၏အဖြစ်တည်းဟူသည့် အပ္ပနာကောသလ္လဉာဏ်(၁၀)ပါးကို ပြီးစေအပ်၏။ ပြီးစီးကြောင်းနည်းကို ဖော်ပြပါအံ့။

### (၁) အတွင်းအပဝတ္ထုတို့ကိုစင်ကြယ်အောင်ပြုလုပ်ခြင်း

အကြင်အခါ၌ ယောဂီပုဂ္ဂိုလ်၏ဆံပင်, ခြေသည်းလက်သည်းတို့သည် ရှည်ကုန်၏၊ ကိုယ်၌ ချွေးတို့ဖြင့်ငြိကပ်၏၊ ထိုအခါ အတွင်းဝတ္ထုမသန့်ရှင်းမစင်ကြယ်ခြင်းဖြစ်၏။

အကြင်အခါ၌ ထိုပုဂ္ဂိုလ်၏သင်္ကန်းသည် ဟောင်းနွမ်းညစ်ထေး၏၊ မကောင်းသောအနံ့ရှိ၍နံစော်၏၊ ကျောင်းသည်အမှိုက်သရိုက်တူပြော၏၊ ထိုအခါအပဝတ္ထုမသန့်ရှင်း, မစင်ကြယ်ခြင်းဖြစ်၏။

အတွင်း, အပဝတ္ထုတို့သည် မသန့်ရှင်းမစင်ကြယ်ပါက စိတ်, စေတသိက်တို့၌ ဖြစ်သောဉာဏ်သည်လည်း မစင်ကြယ်ပါ။ ဥပမာဆိုသော် မစင်ကြယ်သောဆီမီးခွက်, မီးစာ, ဆီတို့ကို အမှီပြု၍ဖြစ်သော ဆီမီးလျှံ၏အရောင်သည် မစင်ကြယ်သကဲ့သို့တည်း။ မစင်ကြယ်သောဉာဏ်ဖြင့် သင်္ခါရတို့ကိုသုံးသပ်သောယောဂီအား သင်္ခါရတို့သည် မထင်ရှားကုန်၊ ကမ္မဋ္ဌာန်းအားထုတ်သောပုဂ္ဂိုလ်အားလည်း ကမ္မဋ္ဌာန်းသည် ကြီးပွားခြင်း, စည်ပင်ခြင်း, ပြန့်ပြောခြင်းသို့မရောက်။

အတွင်း, အပဝတ္ထုတို့ သန့်ရှင်းစင်ကြယ်ပါက စိတ်, စေတသိက်တို့၌ဖြစ်သောဉာဏ်သည်လည်း သန့်ရှင်းစင်ကြယ်၏။ ဥပမာဆိုသော် စင်ကြယ်သောမီးခွက်, မီးစာ, ဆီတို့ကိုအမှီပြု၍ဖြစ်သော ဆီမီးလျှံ၏အရောင်သည် စင်ကြယ်ဘိသကဲ့သို့တည်း။ စင်ကြယ်သောဉာဏ်ဖြင့် သင်္ခါရတို့ကိုသုံးသပ်သောယောဂီအား သင်္ခါရတို့သည် ဉာဏ်အားထင်ကုန်၏၊ ကမ္မဋ္ဌာန်းအားထုတ်သောပုဂ္ဂိုလ်အားလည်း ကမ္မဋ္ဌာန်းသည် ကြီးပွား, စည်ပင်, ပြန့်ပြောခြင်းသို့ရောက်၏။

### (၂) ဣန္ဒြေတို့ကိုညီမျှစေခြင်း

ဣန္ဒြေငါးပါးမှာ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေတို့ ဖြစ်ကြ၏။ ယောဂီပုဂ္ဂိုလ်၌ သဒ္ဓိန္ဒြေကအားကြီးလျှင် ကျန်ဣန္ဒြေတို့က အားနည်းကြ၏။ ထို့ကြောင့် ဝီရိယိန္ဒြေသည် ယှဉ်ဖက်တရားတို့အား ချီးမြှောက်ခြင်းကိစ္စကို၊ သတိန္ဒြေသည် အာရုံသို့ကပ်၍တည်ခြင်းကိစ္စကို၊ သမာဓိန္ဒြေသည် မပျံ့လွင့်ခြင်းကိစ္စကို၊ ပညိန္ဒြေသည် အာရုံ၏သဘော

http://www.dhammadownload.com



သိမြင်ခြင်းကိစ္စကိုပြုခြင်းငှာ မတတ်နိုင်ကြ။ သို့ဖြစ်၍ တရားသဘောကို စုံစမ်းဆင်ခြင်ခြင်းဖြင့်လည်းကောင်း၊ သဒ္ဓိန္ဒြေကိုအားရှိစေမည့်ဘာဝနာကို နှလုံးမသွင်းခြင်းဖြင့်လည်းကောင်း၊ သဒ္ဓိန္ဒြေကိုအားယုတ်လျော့စေအပ်၏။ ဤအရာ၌ ဝက္ကလိမထေရ်၏ဝတ္ထုသည် သာဓကဖြစ်၏။

ထို့အပြင် အကယ်၍ ဝီရိယိန္ဒြေသည် အားကြီးသည်ဖြစ်အံ့၊ ထိုအခါ သဒ္ဓိန္ဒြေသည် အာရုံ၌ ဆုတ်နစ်ဆုံးဖြတ်၍ ယုံကြည်ခြင်းကိစ္စပြုခြင်းငှာ မတတ်နိုင်။ အခြားသောဣန္ဒြေတို့ကလည်း မိမိတို့ဆိုင်ရာကိစ္စကိုပြုခြင်းငှာ မတတ်နိုင်။ ထို့ကြောင့် ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကိုပွားခြင်းဖြင့် ဝီရိယိန္ဒြေကို အားယုတ်လျော့စေအပ်၏။ ဤအရာ၌ သောဏထေရ်၏ဝတ္ထုသည် သာဓကဖြစ်၏။

ထို့အတူ သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေတို့တွင် တစ်ခုခုအားရှိသော် ကျန်ဣန္ဒြေတို့ အားနည်းသောကြောင့် မိမိတို့ဆိုင်ရာကိစ္စကိုပြုခြင်းငှာ မစွမ်းနိုင်။ အထူးအားဖြင့်ကား သဒ္ဓါနှင့် ပညာညီမျှအောင် ဝီရိယနှင့်သမာဓိညီမျှအောင် ညှိပေးရမည်။ ဤသို့ညီမျှသည့်အဖြစ်ကို ဆရာတို့ချီးမွမ်းကြကုန်၏။

သဒ္ဓါနှင့်ပညာမညီမျှခြင်းကြောင့် ဖြစ်သောအပြစ်တို့မှာ သဒ္ဓါလွန်ကဲသောသူသည် နုံ့သောပညာရှိ၏၊ ထိုသူသည် မကြည်ညိုသင့်သောအရာ၌ ကြည်ညိုတတ်၏၊ အချည်းနှီးသောပုဂ္ဂိုလ်ကိုလည်း ကြည်ညိုယုံကြည်တတ်၏။ ပညာလွန်ကဲသောသူသည်သဒ္ဓါတရားနည်း၏၊ စဉ်းလဲသောသူအဖြစ်သို့ ရောက်တတ်၏၊ ဆေးကြောင့်ဖြစ်သော ရောဂါသည် အကုရခက်သကဲ့သို့ဖြစ်၏။ သဒ္ဓါနှင့်ပညာညီမျှခြင်းကြောင့် ကြည်ညိုထိုက်သောအရာ၌ ကြည်ညို၏။

သမာဓိနှင့်ဝီရိယမညီမျှခြင်းကြောင့်ဖြစ်သောအပြစ်တို့မှာ သမာဓိလွန်ကဲသောသူအား ဝီရိယနည်း၏၊ သမာဓိသည် ပျင်းရိခြင်းအဖို့ရှိသောကြောင့် ပျင်းရိခြင်းကဖိစီးနိုပ်စက်၏။ ဝီရိယလွန်ကဲသောသူအား သမာဓိနည်း၏၊ ဝီရိယသည် ပျံ့လွင့်ခြင်းအဖို့ရှိသောကြောင့် ဥဒ္ဓစ္စသည် လွှမ်းမိုးနှိပ်စက်၏။ ဝီရိယနှင့်ကောင်းစွာယှဉ်အပ်သောသမာဓိသည် ပျင်းရိခြင်း၌ကျခြင်းငှာအခွင့်မရပါ။ သမာဓိနှင့်ကောင်းစွာယှဉ်အပ်သောဝီရိယသည် ပျံ့လွင့်ခြင်း၌ကျခွင့်မရပါ။

သဒ္ဓါနှင့်ပညာညီမျှ၍ ဝီရိယနှင့်သမာဓိညီမျှလျှင် အပ္ပနာသို့ရောက်၏။ စင်စစ်အားဖြင့် သမာဓိအလုပ်ကိုအားထုတ်သူအား သဒ္ဓါထက်သန်အားရှိရန်သင့်၏။ သဒ္ဓါထက်သန်သော် အာရုံသို့သက်ဝင်သကဲ့သို့ စုတ်စုတ်နစ်နစ်အားဖြင့်ယုံကြည်သည်ဖြစ်၍ အပ္ပနာသို့ရောက်လတ္တံ့။ သမာဓိနှင့်ပညာတို့တွင် သမာဓိကိုအားထုတ်သောပုဂ္ဂိုလ်အား ဧကဂ္ဂတာသည် ထက်သန်အားရှိရန်သင့်၏။ ဤသို့ဖြစ်သည်ရှိသော် ထိုပုဂ္ဂိုလ်သည်အပ္ပနာသို့ရောက်၏။ ဝိပဿနာအလုပ်ကိုအားထုတ်သူသည် ပညာထက်သန်အားရှိရန် သင့်၏။ ဤသို့

http://www.dhammadownload.com



ဖြစ်သည်ရှိသော် ထိုပုဂ္ဂိုလ်သည် အနိစ္စစသောလက္ခဏာကို ထိုးထွင်း၍သိ၏။ သမာဓိနှင့်ပညာတို့၏ညီမျှခြင်းကြောင့်လည်း အပ္ပနာသည်ဖြစ်သည်သာတည်း။

အလုံးစုံသောသမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းတို့၌ သတိထက်သန်အားရှိရန်သင့်လှ၏။ အားရှိသောသတိသည် စိတ်ကို ဥဒ္ဓစ္စအဖို့ရှိသော သဒ္ဓါ, ဝီရိယ, ပညာတို့၏အစွမ်းဖြင့် ဥဒ္ဓစ္စ၌ကျခြင်းမှလည်းကောင်း၊ ပျင်းရိခြင်းအဖို့ရှိသောသမာဓိကြောင့် ပျင်းရိခြင်းသို့ကျခြင်းမှလည်းကောင်း စောင့်ထိန်း၏။ ထို့ကြောင့် အလုံးစုံသောဟင်းလျာတို့တွင် ဆားကိုအလိုရှိအပ်သကဲ့သို့၊ မင်း၏ကိစ္စအလုံးစုံ၌ ကိစ္စခပ်သိမ်းပြီးငြိမ်းအောင် ရွက်ဆောင်တတ်သောအမတ်ကြီးကို အလိုရှိအပ်သကဲ့သို့၊ ထိုသတိကို အလုံးစုံသောကမ္မဋ္ဌာန်းတို့၌ အလိုရှိအပ်၏။

ထို့ကြောင့်"သတိကိုအလုံးစုံသောအရာ၌လိုအပ်၏"ဟု မြတ်စွာဘုရားဟောတော်မူ၏။ အကြောင်းမူကား ကုသိုလ်စိတ်သည် သတိလျှင် လဲလျောင်းကိုးကွယ်ရာရှိ၏၊ သတိသည် စောင့်ရှောက်တတ်သောတရားဟု ဉာဏ်အားရှေးရှုထင်၏၊ သတိနှင့်ကင်း၍ စိတ်ကိုချီးပင့်ခြင်း, နှိပ်ခြင်းမဖြစ်နိုင်။ ထို့ကြောင့် မြတ်စွာဘုရားဟောတော်မူခြင်းဖြစ်၏။

(၃) နိမိတ်၌ကျွမ်းကျင်လိမ္မာခြင်း (နိမိတ္တကောသလ္လ)

(၁) ပထဝီကသိုဏ်းစသည့် မပြုအပ်သေးသောစိတ္တေကဂ္ဂတာ၏အာရုံနိမိတ်ကို ပြုပြင်ခြင်း၌လိမ္မာခြင်း၊

(၂) ပြုအပ်ပြီးသောစိတ္တေကဂ္ဂတာ၏အာရုံနိမိတ်ကို ပွားခြင်း၌လိမ္မာခြင်း၊

(၃) ကသိုဏ်းနိမိတ်ကိုပွားခြင်းဖြင့်ရအပ်သော သမထနိမိတ်ကို စောင့်ရှောက်ခြင်း၌လိမ္မာခြင်း၊ ထိုလိမ္မာခြင်းသုံးပါးတို့ကို နိမိတ်၌လိမ္မာခြင်းဟူ၍ အလိုရှိအပ်၏။

(၄) စိတ်ကိုချီးမြှောက်အပ်သောအခါ ချီးမြှောက်ခြင်း

အကြင်အခါ၌ အလွန်လျော့သောဝီရိယစသည်တို့ကြောင့် စိတ်သည် တွန့်ဆုတ်သည်ဖြစ်အံ့။ ထိုအခါ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို မပွားဘဲဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်တို့ကို ပွားစေလျက် စိတ်ကိုပင့်မြှောက်အပ်၏။

ထို့ကြောင့် မြတ်စွာဘုရားဟောကြားသည်မှာ "အို--ရဟန်းတို့၊ ဥပမာအားဖြင့် ယောက်ျားတစ်ယောက်သည် အနည်းငယ်သောမီးကိုတောက်စေလို၍ ထိုမီး၌ စိုစွတ်သောမြက်၊ စိုသောနွားချေး၊ စိုသောထင်းတို့ကိုထည့်၏၊ ရေနှင့်ရောသောလေကို ပေး၏၊ မြေမှုန့်တို့ကိုလည်း ကြဲထည့်၏။ အို--ရဟန်းတို့၊ ဤသို့ပြုခဲ့သော် ထိုအနည်းငယ်သောမီးသည် ထတောက်ပါအံ့လော။"

"အရှင်ဘုရား--ဤသို့ပြုသဖြင့် ထိုအနည်းငယ်သောမီးသည် မထတောက်နိုင်ပါ"

http://www.dhammadownload.com



"အိုရဟန်းတို့––ထိုအတူ စိတ်တွန့်တိုနေသည့်အခါ၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို ပွားခြင်းငှာအခါမဟုတ်၊ အဘယ့်ကြောင့်ဆိုသော်စိတ်သည် တွန့်တိုဆုတ်နစ်နေ၏၊ ထိုစိတ်ကို ထိုဗောဇ္ဈင်တို့ဖြင့် ထကြွစေခြင်းငှာမတတ်နိုင်။"

"ရဟန်းတို့ စိတ်တွန့်တိုဆုတ်နစ်နေသည့်အခါ၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်တို့ကို ပွားစေခြင်းငှာသင့်လျော်သောအခါပေတည်း။ အဘယ်ကြောင့်ဆိုသော် တွန့်တိုဆုတ်နစ်နေသောစိတ်ကို ထိုဗောဇ္ဈင်တို့ဖြင့် ကြွစေခြင်းငှာတတ်နိုင်သောကြောင့်ပေတည်း။"

"အို–ရဟန်းတို့၊ ဥပမာအားဖြင့် ယောက်ျားသည် အနည်းငယ်သောမီးကိုထတောက်စေလို၍ ထိုမီး၌ ခြောက်သွေ့သောမြက်၊ ခြောက်သွေ့သောနွားချေး၊ ခြောက်သွေ့သောထင်းတို့ကို ထည့်ရာ၏၊ နှုတ်သီးလေဖြင့်လည်းမှုတ်ရာ၏၊ မြေမှုန့်များကို မလောင်းမကြဲ၊ ထိုယောကျ်ားသည် ထိုအနည်းငယ်သောမီးကို ထတောက်စေခြင်းငှာ ထိုက်ပါ၏လော။"

"အံရှင်ဘုရား၊ ဤသို့ဖြစ်မူကား မီးထတောက်စေခြင်းငှာ ထိုက်ပါ၏။"

**ဓမ္မဝိစယသမ္ဗောဇ္ဈင်ကိုဖြစ်ပွားစေခြင်း**

ကုသိုလ်, အကုသိုလ်တရား၊ အပြစ်ရှိ, အပြစ်မဲ့တရား၊ ယုတ်ကုန်, မြတ်ကုန်သောတရား၊ မည်းညစ်သောအဖို့, ဖြူစင်သောအဖို့ရှိသည့်တရားတို့၌ အကြောင်းမှန်လမ်းမှန်အားဖြင့် နှလုံးသွင်းမှုကို များစွာပြုခြင်းသည် မဖြစ်သေးသောဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်းငှာ၊ ဖြစ်ပြီးသောဓမ္မဝိစယသမ္ဗောဇ္ဈင်ကို လွန်စွာဖြစ်စေခြင်း, ပြန့်ပြောစေခြင်း, ပွားစေခြင်း, ထက်ဝန်းကျင်ပြည့်စုံစေခြင်းငှာဖြစ်သော အကြောင်းအာဟာရပေတည်း။

တစ်နည်းသော်ကား (၇)ပါးသောတရားတို့သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ဖြစ်ပွားစေကြ၏၊

(၁) *ပရိပုစ္ဆကတာ* – နိကာယ်ငါးရပ်, ပိဋကတ်တော်နှင့်စပ်၍ ခက်ရာခက်ဆစ်ကိုမေးမြန်းတတ်ခြင်း၊

(၂) *ဝတ္ထုဝိသဒကြိယာ* – အတွင်းဝတ္ထု, အပြင်ဝတ္ထုတို့ကို သန့်ရှင်းစင်ကြယ်စေခြင်း၊

(၃) *ဣန္ဒြိယသမတ္တပဋိပါဒနာ* – သဒ္ဓါစသောဣန္ဒြေတို့ကို ညီမျှစေခြင်း၊

(၄) *ဒုပ္ပညပုဂ္ဂလပရိဝဇ္ဇနာ* – ပညာမဲ့သောပုဂ္ဂိုလ်ကို ကြဉ်ရှောင်ခြင်း၊

(၅) *ပညဝန္တပုဂ္ဂလသေဝနာ* – ပညာရှိသောပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်း၊

(၆) *ဂမ္ဘီရဉာဏစရိယ ပစ္စဝေက္ခဏာ* – နက်နဲသောဉာဏ်ဖြင့်ကျက်စားအပ်သည့် သုတ္တန်တရားတို့ကိုဆင်ခြင်ခြင်း၊

(၇) *တဒဓိမုတ္တတာ* – ထိုပညာဟူသောဓမ္မဝိစယသမ္ဗောဇ္ဈင်၌ စိတ်ကိုင်းညွတ်ခြင်းတို့ပေတည်း။

ဝီရိယသမ္ဗောဇ္ဈင်ကိုဖြစ်ပွားစေခြင်း

လက်ဦးအစအားထုတ်မှု *အာရမ္ဘဓာတ်ဝီရိယ*၊ ပျင်းရိခြင်းမှ ထွက်မြောက်သည့် အားထုတ်မှု *နိက္ကမဓာတ်ဝီရိယ*၊ အဖန်တလဲလဲစွဲစွဲမြဲမြဲအားထုတ်မှု *ပရက္ကမဓာတ်ဝီရိယ* တို့၌ အသင့်အားဖြင့် နှလုံးသွင်းခြင်းကို များစွာပြုအံ့၊ ဤသို့ပြုခြင်းသည် မဖြစ်သေးသော ဝီရိယသမ္ဗောဇ္ဈင်ကိုဖြစ်စေခြင်းငှာ၊ ဖြစ်ပြီးသောဝီရိယသမ္ဗောဇ္ဈင်ကို အလွန်ဖြစ်စေခြင်း, ပြန့်ပြောစေခြင်း, ပွားစေခြင်း, ထက်ဝန်းကျင်ပြည့်စုံစေခြင်းငှာဖြစ်သော အကြောင်းအာဟာရ ပေတည်း။

ဝီရိယသမ္ဗောဇ္ဈင်ကို ဖြစ်ပွားစေသည့်တရား(၁၁)ပါးရှိ၏။

(၁) အပါယ်စသောဘေးတို့ကို ဆင်ခြင်ခြင်း၊

(၂) ဝီရိယနှင့်စပ်သော လောကီ, လောကုတ္တရာတရားထူးကိုရခြင်း၏အကျိုးအာနိသင်ကို ရှုလေ့ရှိခြင်း၊

(၃) "ဘုရား, ပစ္စေကဗုဒ္ဓါ, မဟာသာဝကတို့ကြွသွားသောလမ်းခရီးကို ငါသည်သွားအပ်၏၊ ထိုလမ်းကို ပျင်းရိသူသည် မသွားနိုင်" ဤသို့ သူတော်ကောင်းတို့သွားရာလမ်းစဉ်ကို ဆင်ခြင်ခြင်း၊

(၄) ဒါယကာတို့၏ကောင်းမှုကို အကျိုးကြီးအောင်ပြုခြင်းဖြင့် ဆွမ်းကိုလှူစေခြင်း၊

(၅) "ငါ၏ဆရာမြတ်စွာဘုရားသည် ဝီရိယကို မြဲစွာအားထုတ်ခြင်း၏ဂုဏ်ကျေးဇူးကို ချီးမွမ်းတော်မူ၏၊ ထိုဆရာမြတ်စွာဘုရား၏အဆုံးအမကို မလွန်ကျူးအပ်ပေ၊ ငါတို့အားလည်း ကျေးဇူးများလှပေ၏၊ အကျင့်ဖြင့်ပူဇော်ခြင်းသည် ကောင်းစွာပူဇော်ခြင်းမည်၏၊ အာမိသဖြင့်ပူဇော်ခြင်းသည် ကောင်းစွာပူဇော်ရာမရောက်ပေ၊" ဤသို့ ဆရာဖြစ်သောမြတ်စွာဘုရား၏မြင့်မြတ်ပုံကို ဆင်ခြင်ခြင်း၊

(၆) "ငါသည် သူတော်ကောင်းတရားတည်းဟူသော မြတ်သည့်အမွေကို ခံယူအပ်၏၊ ထိုအမွေကို ပျင်းရိသောသူတို့ မခံယူထိုက်ပါ၊" ဤသို့ သူတော်ကောင်းတရားဟူသည့်အမွေ၏မြင့်မြတ်ပုံကို ဆင်ခြင်ခြင်း၊

(၇) အလင်းရောင်၌ဖြစ်ဖူးသောအမှတ်သညာကို နှလုံးသွင်းခြင်း၊ ဣရိယာပုထ်ပြောင်းခြင်း၊ လွင်တီးခေါင်(ဟင်းလင်းပြင်)၌နေခြင်းစသည်တို့ဖြင့် ထိန,မိဒ္ဓကို ပယ်ဖျောက်ခြင်း၊

(၈) ပျင်းရိပေါ့တန်သောပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊

(၉) ဝီရိယ, လုံ့လကောင်းသောပုဂ္ဂိုလ်ကို မှီဝဲခြင်း၊

(၁၀) သမ္မပ္ပဓာန်လေးပါးကို ဆင်ခြင်ခြင်း၊

(၁၁) ဝီရိယသမ္ဗောဇ္ဈင်၌ စိတ်ညွတ်ကိုင်းခြင်းတို့ဖြစ်၏။

### ပီတိသမ္ဗောဇ္ဈင်ကိုဖြစ်ပွားစေခြင်း

ပီတိသမ္ဗောဇ္ဈင်၏ဖြစ်ကြောင်းတရားဟူသည်မှာ ရှေးရှေးပီတိဖြစ်ပေ၏၊ထိုပီတိ၌ သင့်သောအားဖြင့် အဖန်တလဲလဲနှလုံးသွင်းလျှင် မဖြစ်သေးသောပီတိသမ္ဗောဇ္ဈင်ကိုဖြစ်စေခြင်းငှာ၊ ဖြစ်ပြီးသောပီတိသမ္ဗောဇ္ဈင်ကို လွန်စွာဖြစ်စေခြင်း, ပြန့်ပြောစေခြင်း, ပွားစေခြင်း, ထက်ဝန်းကျင်ပြည့်စုံစေခြင်းငှာဖြစ်သော အကြောင်းအာဟာရပေတည်း။

ပီတိသမ္ဗောဇ္ဈင်ကို ဖြစ်ပွားစေသည့်တရား(၁၁)ပါးရှိ၏။

(၁) ဗုဒ္ဓါနုဿတိ (၂) ဓမ္မာနုဿတိ (၃) သံဃာနုဿတိ (၄) သီလာနုဿတိ (၅) စာဂါနုဿတိ (၆) ဒေဝတာနုဿတိ (၇) ဥပသမာနုဿတိတို့ကို ပွားများအားထုတ်ခြင်း၊ (၈) ရတနာသုံးပါး၌ ကြည်ညိုမှုသဒ္ဓါခေါင်းပါးသဖြင့် စိတ်နှလုံးကြမ်းတမ်းသူကို ရှောင်ကြဉ်ခြင်း၊ (၉) ရတနာသုံးပါးကိုကြည်ညို၍ စိတ်နှလုံးနူးညံ့သိမ်မွေ့သောပုဂ္ဂိုလ်ကိုမှီဝဲခြင်း၊ (၁၀) ကြည်ညိုဖွယ်ကောင်းသည့်သုတ္တန်များကိုဆင်ခြင်ခြင်း၊ (၁၁) ပီတိသမ္ဗောဇ္ဈင်၌ စိတ်နှလုံးကိုင်းညွတ်ခြင်းတို့ပေတည်း။

ဤသို့ ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်တို့ကိုဖြစ်ပွားစေခြင်းဖြင့် စိတ်ကိုချီးမြှောက်အပ်သည့်အခါတွင် ချီးမြှောက်အပ်၏။

### (၅) စိတ်ကိုနှိပ်သင့်သည့်အခါ စိတ်ကိုနှိပ်ခြင်း

ဝီရိယကိုလွန်စွာအားထုတ်ခြင်းစသည်တို့ကြောင့် စိတ်မငြိမ်သက်ဘဲ တုန်လှုပ်ပျံ့လွင့်နေသည့်အခါ စိတ်ကိုနှိပ်အပ်၏၊ ထိုအခါ ဓမ္မဝိစယသမ္ဗောဇ္ဈင်စသောသုံးပါးကို မပွားစေဘဲ ပဿဒ္ဓိသမ္ဗောဇ္ဈင်စသည့်သုံးပါးတို့ကို ပွားစေအပ်၏။

ထို့ကြောင့် မြတ်စွာဘုရားဟောကြားသည်မှာ "အို–ရဟန်းတို့၊ ဥပမာအားဖြင့် ယောကျ်ားတစ်ယောက်သည် ကြီးစွာသောမီးပုံကြီးကို ငြိမ်းအေးစေလို၍ ထိုမီးပုံကြီး၌ မြက်ခြောက်, ထင်းခြောက်တို့ကိုထည့်၏၊ မြေမှုန့်တို့ကိုကြဲထည့်ခြင်းမပြု။ ထိုသို့ပြုလျှင် မီးပုံကြီးသည် ငြိမ်းအေးပါအံ့လော"

"အရှင်ဘုရား––မီးပုံကြီးမငြိမ်းအေးပါ"

"အို––ရဟန်းတို့၊ ထို့အတူ စိတ်တုန်လှုပ်ပျံ့လွင့်နေသည့်အခါ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်တို့ကိုပွားခြင်းငှာ အခါမဟုတ်။ အဘယ့်ကြောင့်ဆိုသော် တုန်လှုပ်ပျံ့လွင့်နေသောစိတ်ကို ထိုတရားတို့ဖြင့် မငြိမ်းအေးစေနိုင်သောကြောင့်ဖြစ်၏။"

"ရဟန်းတို့၊ စိတ်တုန်လှုပ်ပျံ့လွင့်နေသောအခါကာလသည် ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို ပွားစေခြင်းငှာသင့်လျော်သောအခါပေတည်း။ အဘယ့်ကြောင့်ဆိုသော် တုန်လှုပ်ပျံ့လွင့်နေသောစိတ်ကို ထိုဗောဇ္ဈင်တို့ဖြင့် ငြိမ်သက်စေခြင်းငှာ စွမ်းနိုင်သောကြောင့်ပေတည်း။"

http://www.dhammadownload.com



"အို--ရဟန်းတို့၊ ဥပမာအားဖြင့် ယောကျ်ားတစ်ယောက်သည် ကြီးစွာသော မီးပုံကြီးကို ငြိမ်းသတ်လိုသဖြင့် ထိုမီးပုံကြီး၌ စိုသောမြက်တို့ကိုထည့်၏၊ မြေမှုန့်ကိုလည်း လောင်းထည့်၏၊ ထိုသို့ပြုလျှင် မီးပုံကြီးသည် ငြိမ်းအေးစေခြင်းငှာ ထိုက်ပါအံ့လော။"

"အရှင်ဘုရား--မီးပုံကြီးငြိမ်းအေးထိုက်ပါ၏။"

**ပဿဒ္ဓိသမ္ဗောဇ္ဈင်ကိုဖြစ်ပွားစေခြင်း**

စေတသိက်အပေါင်း-ကိုယ်၏ငြိမ်းအေးခြင်းဟူသော ကာယပဿဒ္ဓိ၊ စိတ်၏ငြိမ်းအေးခြင်းဟူသည့် စိတ္တပဿဒ္ဓိတို့ကို အကြောင်းမှန်လမ်းမှန်အားဖြင့် များစွာနှလုံးသွင်းခြင်းသည် မဖြစ်သေးသောပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်းငှာ၊ ဖြစ်ပြီးသောပဿဒ္ဓိသမ္ဗောဇ္ဈင်ကို အတိုင်းထက်အလွန်ဖြစ်ပွားစေခြင်းငှာ ပြန့်ပြောစေခြင်းငှာ ဘာဝနာ၏ပြီးပြည့်စုံစေခြင်းငှာ ဖြစ်သောအကြောင်းပေတည်း။

တစ်နည်းအားဖြင့် ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ဖြစ်ပွားစေသည့်တရား(၇)ပါးရှိ၏။

(၁) သင့်မြတ်ကောင်းမွန်သောဘောဇဉ်ကို မှီဝဲခြင်း၊
(၂) သင့်လျော်ကောင်းမွန်သည့်ဥတုကို မှီဝဲခြင်း၊
(၃) သင့်လျော်သောဣရိယာပုထ်ကို မှီဝဲခြင်း၊
(၄) အလယ်အလတ်ဖြစ်သောကာယိကပယောဂကို ဖြစ်စေခြင်း၊
(၅) ကိုယ်စိတ်ပူပန်သည့်ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊
(၆) ကိုယ်စိတ်ငြိမ်းအေးသောပုဂ္ဂိုလ်ကို မှီဝဲခြင်း၊
(၇) ပဿဒ္ဓိသမ္ဗောဇ္ဈင်၌ စိတ်နှလုံးကိုင်းညွတ်ခြင်းတို့ပေတည်း။

**သမာဓိသမ္ဗောဇ္ဈင်ကို ဖြစ်ပွားစေခြင်း**

ရှေးရှေးသမာဓိဟူသော သမထနိမိတ်၊ အထူးထူးသောအာရုံမရှိသည့် မပျံ့လွင့်သောအဗျဂ္ဂနိမိတ်သည်ရှိ၏၊ ထိုသမထနိမိတ်, အဗျဂ္ဂနိမိတ်တို့၌ အကြောင်းမှန်လမ်းမှန်အားဖြင့် များစွာနှလုံးသွင်းခြင်းသည် မဖြစ်သေးသောသမာဓိသမ္ဗောဇ္ဈင်ကိုဖြစ်စေခြင်းငှာ၊ ဖြစ်ပြီးသောသမာဓိသမ္ဗောဇ္ဈင်ကို အတိုင်းထက်အလွန်ဖြစ်ပွားစေခြင်းငှာ ပြန့်ပြောခြင်းငှာ ဘာဝနာ၏ ပြီးပြည့်စုံခြင်းငှာဖြစ်သောအကြောင်းပေတည်း။

သမာဓိသမ္ဗောဇ္ဈင်ကို ဖြစ်ပွားစေသည့်တရား(၁၁)ပါးရှိ၏။

(၁) အတွင်းအပဝတ္ထုတို့ကို စင်ကြယ်စေခြင်း၊
(၂) နိမိတ်၌လိမ္မာခြင်း၊
(၃) ဣန္ဒြေညီမျှသောအကျင့်ရှိခြင်း၊
(၄) အခါကာလအားလျော်စွာ စိတ်ကိုနှိပ်ခြင်း၊
(၅) အခါကာလအားလျော်စွာ စိတ်ကိုချီးမြှောက်ခြင်း၊

http://www.dhammadownload.com



(၆) ဘာဝနာကဖြစ်စေသည့် ချမ်းသာကင်းသောစိတ်ကို ရတနာသုံးပါးဂုဏ်ကိုယုံကြည်ခြင်းသဒ္ဓါ၊ ထိတ်လန့်ခြင်းသံဝေဂတို့၏အစွမ်းဖြင့် ရွှင်လန်းစေခြင်း၊

(၇) ကောင်းစွာအညီအညွတ်ဖြစ်သော ဘာဝနာစိတ်ကို လျစ်လျူရှုခြင်း၊

(၈) စိတ်မတည်ကြည်သောပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊

(၉) စိတ်တည်ကြည်သောပုဂ္ဂိုလ်ကို မှီဝဲခြင်း၊

(၁၀) ဈာန်တည်းဟူသောဝိမောက္ခတို့ကို အထပ်ထပ်သက်ဝင်၍ဆင်ခြင်ခြင်း၊

(၁၁) သမာဓိသမ္ဗောဇ္ဈင်၌ စိတ်နှလုံးကိုင်းညွတ်ခြင်းတို့ပေတည်း။

## ဥပေက္ခာသမ္ဗောဇ္ဈင်ကို ဖြစ်ပွားစေခြင်း

ဥပေက္ခာသမ္ဗောဇ္ဈင်၏ဖြစ်ကြောင်းတရားတို့သည် ရှိကုန်၏၊ ထိုတရားတို့၌ အကြောင်းမှန်လမ်းမှန်အားဖြင့် များစွာနှလုံးသွင်းခြင်းသည် မဖြစ်သေးသောဥပေက္ခာသမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်းငှာ၊ ဖြစ်ပြီးသောဥပေက္ခာသမ္ဗောဇ္ဈင်ကို အတိုင်းထက်အလွန်ဖြစ်ပွားစေခြင်းငှာ ပြန့်ပြောစေခြင်းငှာ ဘာဝနာ၏ပြီးပြည့်စုံစေခြင်းငှာ ဖြစ်သောအကြောင်းပေတည်း။ ဥပေက္ခာသမ္ဗောဇ္ဈင်ကို ဖြစ်ပွားစေသည့်တရား (၅)ပါးရှိ၏။

(၁) သတ္တဝါတို့ကို လျစ်လျူရှုခြင်း၊

(၂) သင်္ခါရတို့ကို လျစ်လျူရှုခြင်း၊

(၃) သတ္တဝါ၊ သင်္ခါရတို့ကို ငါ့လူ၊ ငါ့ဟာ၊ ငါ့ဥစ္စာဟု ကပ်ငြိစွဲလမ်းတတ်သူကိုရှောင်ကြဉ်ခြင်း၊

(၄) သတ္တဝါ၊ သင်္ခါရတို့ကို လျစ်လျူရှုသောပုဂ္ဂိုလ်ကို မှီဝဲခြင်း၊

(၅) ဥပေက္ခာသမ္ဗောဇ္ဈင်၌ စိတ်နှလုံးကိုင်းညွတ်ခြင်းတို့ပေတည်း။

### (၆) စိတ်ကိုရွှင်လန်းစေသင့်သောအခါ ရွှင်လန်းစေခြင်း

ပညာ၏ကြောင့်ကြစိုက်မှုဖျာပါရနည်းသောကြောင့်လည်းကောင်း၊ ငြိမ်သက်သောချမ်းသာကိုမရခြင်းကြောင့်လည်းကောင်း၊ ဘာဝနာစိတ်သည် သာယာဖွယ်ကင်းလျက်ရှိငြားအံ့၊ ထိုအခါ၌ သံဝေဂဝတ္ထုရှစ်ပါးကိုဆင်ခြင်ခြင်းဖြင့် ထိုစိတ်ကိုထိတ်လန့်စေလျက်ရွှင်လန်းသန့်စွမ်းစေရ၏။

ထိုသံဝေဂဝတ္ထုရှစ်ပါးတို့မှာ (၁)ပဋိသန္ဓေနေခြင်း၊ (၂)အိုခြင်း၊ (၃)နာခြင်း၊ (၄)သေခြင်း၊ (၅)အပါယ်ဆင်းရဲဒုက္ခ၊ (၆)အတိတ်ကာလ၌ ဝဋ်လျှင်အကြောင်းရင်းရှိသောဒုက္ခ၊ (၇)အနာဂတ်ကာလ၌ ဝဋ်လျှင်အကြောင်းရှိသောဒုက္ခ၊ (၈)ပစ္စုပ္ပန်ကာလ၌ အာဟာရကိုရှာမှီးရခြင်းဒုက္ခတို့ပေတည်း။

ထို့အပြင် ဘုရား၊ တရား၊ သံဃာတော်တို့၏ဂုဏ်ကျေးဇူးတို့ကို အဖန်တလဲလဲအောက်မေ့ခြင်းဖြင့်လည်း ထိုစိတ်၏ကြည်လင်ခြင်းကို ဖြစ်စေရ၏။ ဤသို့လျှင် စိတ်ကို

http://www.dhammadownload.com



ရွှင်လန်းစေအပ်သောအခါ၌ ရွှင်လန်းစေရ၏။

(၇) စိတ်ကိုလျစ်လျူရှုသင့်သည့်အခါလျစ်လျူရှုခြင်း

အကြင်အခါ ယောဂီ၏ဘာဝနာစိတ်သည် မတွန့်မဆုတ်, မတုန်လှုပ်မပျံ့လွင့်ဘဲ သာယာခြင်းမကင်းဘဲ ဘာဝနာအာရုံ၌အညီအမျှဖြစ်လျက် သမထအကျင့်လမ်းမှန်၍သွားနေပြားအံ့။ ထိုအခါထိုယောဂီအား ချီးပင့်ခြင်း, နှိပ်ခြင်း, ရွှင်စေခြင်းတို့၌ ကြောင့်ကြစိုက်ဖွယ်မရှိတော့ပေ။ ရထားထိန်းသည် အညီအမျှသွားနေကြသောမြင်းတို့၌ ကြောင့်ကြစိုက်ဖွယ်မရှိသကဲ့သို့တည်း။ ဤသို့လျှင် စိတ်ကိုလျစ်လျူရှုသင့်သောအခါ၌ လျစ်လျူရှုအပ်၏။

(၈) စိတ်မတည်ကြည်သောပုဂ္ဂိုလ်ကိုရှောင်ကြဉ်ခြင်း

ဈာန်ရကြောင်းအကျင့်လမ်းသို့မသွားဖူးသော ကိစ္စများစွာတို့ကိုလုပ်ဆောင်ရန် လုံ့လစိုက်ထုတ်ရသဖြင့်စိတ်နှလုံးမတည်မတံ့, ပျံ့လွင့်နေသောပုဂ္ဂိုလ်တို့ကို ဝေးစွာစွန့်ခွါရမည်။

(၉) စိတ်တည်ကြည်သောပုဂ္ဂိုလ်ကိုမှီဝဲခြင်း

ဈာန်ရကြောင်းအကျင့်လမ်းသို့ သွားဖူးကျင့်ဖူးသော ဥပစာရသမာဓိ, အပ္ပနာသမာဓိကို ရသောပုဂ္ဂိုလ်တို့ကို အခါအားလျော်စွာ ဆည်းကပ်မှီဝဲရမည်။

(၁၀) အပ္ပနာသမာဓိသို့စိတ်ညွှတ်ခြင်း (တဒဓိမုတ္တတာ)

ဈာန်သမာဓိသို့ စိတ်ညွှတ်ခြင်း, သမာဓိကို အလေးပြုခြင်း, သမာဓိ၌ကိုင်းရှိုင်းခြင်း, သမာဓိဖြစ်စေရန် နှလုံးသွင်းခြင်း, မပြတ်အားထုတ်ခြင်းပင်တည်း။

## နိမိတ်သို့ရှေးရှု၍ကျင့်ခြင်း

ဤသို့လျှင် ရထားပြီးသည့် ပဋိဘာဂနိမိတ်၌ အပ္ပနာကောသလ္လ(၁၀)ပါးကို ပြည့်စုံစေသောသူသည် ဈာန်သမာဓိသို့ တက်လှမ်းနိုင်၏။ အကယ်၍ အပ္ပနာ(ဈာန်)မဖြစ်သေးလျှင် ပညာရှိသည် လုံ့လကို မလျော့မူဘဲ စွဲစွဲမြဲမြဲအားထုတ်ရာ၏။

ဝီရိယကိုစွန့်လွှတ်ကာ ပေါ့ပေါ့တန်တန်နေခြင်းဖြင့် အနည်းငယ်မျှသောတရားထူးကို မရနိုင်ပါ။ ပညာရှိသည် စိတ်ဖြစ်ပုံအခြင်းအရာကိုမှတ်သားလျက် ဝီရိယနှင့်သမာဓိတို့ကို ညီမျှစွာ ယှဉ်စေရမည်။ စိတ်အနည်းငယ်တွန့်ဆုတ်သွားလျှင် စိတ်ကိုချီးပင့်ပေးရမည်။ အားထုတ်လွန်းသောဝီရိယကို တားမြစ်၍ မလျော့မတင်းသာလျှင် ဖြစ်စေရာ၏။

ပန်းဝတ်မှုန်၊ ကြာရွက်အပြင်၊ ပင့်ကူချည်မျှင်၊ လှေ၊ ဆီကျည်၊ ပျား ဥပမာများဖြင့် အဋ္ဌကထာတွင် ဖွင့်ပြသကဲ့သို့ စိတ်တွန့်တိုဆုတ်နစ်ခြင်း, ပျံ့လွင့်ခြင်းကင်းရှင်းစေလျက် ပဋိဘာဂနိမိတ်သို့ ဘာဝနာစိတ်ကို ရှေးရှုစိုင်းနှင်ရာ၏။

(၁) ပန်းဝတ်မှုန်ဥပမာ

မကျွမ်းကျင်မလိမ္မာသောပျားသည် ဤမည်သောသစ်ပင်၌ ပန်းပွင့်ပြီဟုသိ၍ အလွန်

http://www.dhammadownload.com



ပြင်းထန်သည့်အဟုန်ဖြင့် ပျံသွားလေရာ ထိုသစ်ပင်ကိုလွန်သွားပြီးမှ တစ်ဖန်ပြန်လာရသည် ဖြစ်၍ ပန်းဝတ်မှုန်ကုန်မှရောက်လာ၏။ အခြားမလိမ္မာသောပျားတစ်ကောင်သည် နှေးကွေးသောအဟုန်ဖြင့် ပျံလာသောကြောင့် ပန်းဝတ်မှုန်ကုန်သောအခါမှ ရောက်လာ၏။

ကျွမ်းကျင်လိမ္မာသောပျားသည်ကား မမြန်လွန်း၊ မနှေးလွန်း မျှတသည့်အဟုန်ဖြင့် ပျံလေရာ ချမ်းသာစွာ ပန်းအစုသို့ရောက်၍ ပန်းဝတ်ရည်တို့ကို အလိုရှိတိုင်းစုတ်ယူပြီးသော် ပျားရည်ကိုပြည့်စုံစေ၏။ ပျားရည်၏အရသာကို ခံစားရ၏။

(၂) ကြာရွက်ပမာ

ခွဲစိတ်ကုသတတ်သောဆရာ၏တပည့်တို့သည် ရေခွက်၌ထားသည့်ကြာရွက်ကိုဓားငယ်ဖြင့် လှီးဖောက်သောအတတ်ကို လေ့ကျင့်သင်ကြားကြရာ မကျွမ်းကျင်သောတပည့်တစ်ယောက်သည် ဓားကိုကြာရွက်ပေါ်သို့ အဟုန်ဖြင့်ချလိုက်သဖြင့် ကြာရွက်က နှစ်ခြမ်းသော်လည်းကွဲသွား၏၊ သို့မဟုတ် ရေထဲသို့သော်လည်း နစ်သွား၏။

မကျွမ်းကျင်သောအခြားတပည့်တစ်ယောက်ကမူ ကြောက်ရွံ့သောကြောင့် ကြာရွက်ကို ဓားငယ်ဖြင့် ထိခြင်းငှာ မဝံ့ချေ။ ကျွမ်းကျင်လိမ္မာသောတပည့်ကမူ မနှေးမမြန် မျှတသည့် လုံ့လဖြင့် ကြာရွက်၌ ဓားငယ်ကိုချ၍ နေရာတကျလှီးဖြတ်ကာ အပြီးတိုင်တတ်မြောက်ပြီးလျှင် သွေးကြောဖောက်ခြင်းအမှုကိုပြု၍ လာဘ်ရလေ၏။

(၃) ပင့်ကူချည်မျှင်ဥပမာ

"လေးလံ(၁၆-တောင်)ရှည်လျားသောပင့်ကူမျှင်ကို ယူဆောင်လာသောသူသည် အသပြာလေးထောင်ရမည်"ဟု ဘုရင်ကကြေညာ၏။ မကျွမ်းကျင်မလိမ္မာသောယောကျ်ားတစ်ယောက်သည် လျင်မြန်သည့်အဟုန်ဖြင့် ပင့်ကူချည်မျှင်ကို ငင်ယူသဖြင့် ပင့်ကူမျှင်သည် ထိုထိုအရပ်၌ ပြတ်လေ၏။ မလိမ္မာသောအခြားယောကျ်ားတစ်ယောက်သည် ပင့်ကူချည်မျှင်ပြတ်မည်ကို စိုးရွံ့သောကြောင့် လက်ဖြင့်ထိရုံပင် မထိဝံ့ပေ။ ကျွမ်းကျင်လိမ္မာသောယောကျ်ားတစ်ယောက်သည်ကား ညီမျှသောလုံ့လပယောဂဖြင့် ပင့်ကူချည်မျှင်ကို အစွန်းမှစ၍ တုတ်တံ၌ရစ်၍ ယူဆောင်ခဲ့သဖြင့် အသပြာလေးထောင်ဆုကို ရလေ၏။

(၄) လှေဥပမာ

မလိမ္မာသောလှေသူကြီးသည် အားကြီးသောလေတိုက်လာသောအခါ ရွက်အကုန်ဖွင့်သဖြင့် လှေသည် တစ်ပါးသောအရပ်သို့ပြေးသွား၏။ အခြားမလိမ္မာသောလှေသူကြီးသည် လေအနည်းငယ်တိုက်နေပါလျက် ရွက်ကိုချ၍ လှေကို ထိုအရပ်၌ရပ်စေ၏။ လိမ္မာသောလှေသူကြီးသည်ကား လေနည်းသည့်အခါ ရွက်ကိုအကုန်ဖွင့်၍ လေအားကြီးသည့်အခါ ရွက်တစ်ဝက်မျှကိုဖွင့်သဖြင့် လိုရာအရပ်သို့ ချမ်းသာစွာရောက်လေ၏။

(၅) ဆီကျည်ဥပမာ

ဆီကျည်ထဲသို့ ဆီကို မဖိတ်မယိုအောင် ထည့်နိုင်သူအား ဆုပေးမည်ဟု ဆရာက

http://www.dhammadownload.com



တပည့်တို့ကို ပြောဆို၏။ မလိမ္မာသောတပည့်တစ်ယောက်သည် ဆုလာဘ်ကိုမက်မောသဖြင့် ဆီကျည်ထဲသို့ ဆီကိုလျင်မြန်စွာလောင်းထည့်သဖြင့် ဆီဖိတ်၏။ မလိမ္မာသောအခြားတပည့်တစ်ယောက်သည် ဆီဖိတ်မည်စိုး၍ သောကြောင့် ဆီမလောင်းဝံ့ပေ။ လိမ္မာသောတပည့်ကား မမြန်လွန်း၊ မနှေးလွန်းသောလုံ့လပယောဂဖြင့် ဆီကျည်၌ ဆီပြည့်စေသဖြင့် ဆုလာဘ်ကိုရလေ၏။

ဤဥပမာများနည်းတူ ရဟန်းတစ်ပါးသည် ပဋိဘာဂနိမိတ်ဖြစ်ပေါ်သည်ရှိသော် "အပ္ပနာသို့ လျင်မြန်စွာရောက်စေအံ့"ဟု ပြင်းထန်စွာကြိုးစားအားထုတ်၏။ ထိုရဟန်း၏စိတ်သည် ဝီရိယလွန်ကဲသဖြင့် ပျံ့လွင့်၏။ ထို့ကြောင့် အပ္ပနာသို့ရောက်အောင် မစွမ်းနိုင်။

အခြားရဟန်းတစ်ပါးသည် လွန်ကဲသောဝီရိယ၏အပြစ်ကိုမြင်၍ ပဋိဘာဂနိမိတ်ရပြီးသည့်အခါ "ငါ့အား အပ္ပနာရအောင် ကြောင့်ကြစိုက်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟုကြံတွေး၍ ဝီရိယကိုလျော့ချ၏။ ထိုရဟန်း၏စိတ်သည် ဝီရိယအလွန်တွန့်ဆုတ်သောကြောင့် ပျင်းရိခြင်းဘက်သို့ လည်လေ၏။ ထိုရဟန်းသည်လည်း အပ္ပနာသို့ရောက်ခြင်းငှာမစွမ်းနိုင်။

အကြင်ပုဂ္ဂိုလ်သည်ကား တွန့်တိုသောစိတ်ကို တွန့်တိုဆုတ်နစ်သည့်အဖြစ်မှ လွတ်စေ၏။ တုန်လှုပ်ပျံ့လွင့်သောစိတ်ကို တုန်လှုပ်ပျံ့လွင့်သည့်အဖြစ်မှ လွတ်စေ၏။ မလျော့မတင်းညီမျှသောလုံ့လပယောဂဖြင့် ဘာဝနာစိတ်ကို ပဋိဘာဂနိမိတ်သို့ ရှေးရှုဖြစ်စေ၏။ ထိုရဟန်းသည် အပ္ပနာသို့ရောက်၏။ ထိုရဟန်းနှင့်တူသူဖြစ်သင့်၏။

* ပထမဈာန်ကိုပြခြင်း

ယောဂီပုဂ္ဂိုလ်သည် ဘာဝနာစိတ်ကို ပဋိဘာဂနိမိတ်သို့ရှေးရှုထား၍ အားထုတ်စိုင်းနှင်နေသည့်အခါ အပ္ပနာဖြစ်တော့မည်ရှိလတ်သော် အောက်ပါဝီထိစိတ်အစဉ်ဖြစ်၏။

*ဒန္ဓာဘိညာ-ဉာဏ်နုံ့သူ*

န-ဒ-မ-ပ-ဥ-နု-ဂေါ-ဈာန်-ဘဝင်-ဘဝင်-

*ခိပ္ပါဘိညာ-ဉာဏ်ထက်သူ*

န-ဒ-မ-ဥ-နု-ဂေါ-ဈာန်-ဘဝင်-ဘဝင်-

န = ဘဝင်္ဂစလန = လှုပ်သွားသောဘဝင်စိတ်၊

ဒ = ဘဝင်္ဂုပစ္ဆေဒ = ပြတ်သွားသောဘဝင်စိတ်။

မ = မနောဒွါရာဝဇ္ဇန်း = ပဋိဘာဂနိမိတ်ကို ဆင်ခြင်ဆုံးဖြတ်သည့်စိတ်၊

ပ = ပရိကံ = အပ္ပနာခေါ်ဈာန်စိတ်ဖြစ်ရန် ပြုပြင်ပေးသောစိတ်၊

ဥ = ဥပစာ = အပ္ပနာအနီးအပါး၌ဖြစ်သောစိတ်၊

နု = အနုလုံ = ရှေးဖြစ်သောပရိကံတို့အားလည်းကောင်း၊ အထက်အပ္ပနာအားလည်းကောင်း၊ လျော်စွာဖြစ်စေသောစိတ်၊

http://www.dhammadownload.com



ဂေါ = ဂေါတြဘု = ကာမာဝစရအနွယ်ကိုဖြတ်၍ မဟဂ္ဂုတ်အနွယ်ကိုဖြစ်စေသောစိတ်၊ ဈာန်=ရူပါဝစရပထမဈာန်ကုသိုလ်စိတ်။

ပဋိဘာဂနိမိတ်သည် မနောဒွါရ၌ထင်လာသည့်အခါ ဘဝင်္ဂစလန(န)၊ ဘဝင်္ဂုပစ္ဆေဒ(ဒ) ဟူ၍ဘဝင်နှစ်ကြိမ်လှုပ်ပြီး ဘဝင်စိတ်အစဉ်ပြတ်၏။

ထို့နောက် မနောဒွါရာဝဇ္ဇန်းစိတ်(မ)သည် ပဋိဘာဂနိမိတ်ကို အာရုံယူ၍ ဆင်ခြင်ဆုံးဖြတ်၏။ ထို့နောက် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်သည် ထိုပဋိဘာဂနိမိတ်ကိုပင် အာရုံယူလျက် ဒန္ဓာဘိညပုဂ္ဂိုလ်ဖြစ်သော် ပရိကံ(ပ)၊ ဥပစာ(ဥ)၊ အနုလုံ(နု)၊ ဂေါတြဘု (ဂေါ)ဟု လေးကြိမ်၊ ခိပ္ပါဘိညပုဂ္ဂိုလ်ဖြစ်သော် ဥပစာ(ဥ)၊ အနုလုံ(နု)၊ ဂေါတြဘု(ဂေါ)ဟု သုံးကြိမ်ဖြစ်၏။

ထို့နောက် ရူပါဝစရ ပထမဈာန်စိတ်သည် ပထဝီကသိုဏ်း၏ ပဋိဘာဂနိမိတ်ကိုပင် အာရုံယူလျက် အပ္ပနာဇောအဖြစ် တစ်ကြိမ်ဖြစ်၏။ ထို့နောက် ဘဝင်စိတ်အစဉ်ဖြစ်၏။

ဈာန်စိတ်၌ ဈာန်အင်္ဂါငါးပါးဖြစ်ကြသော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ စိတ္တေကဂ္ဂတာတို့သည် ပကတိစိတ်များမှာထက် ပို၍အလွန်အားကြီးကြ၏။ လက်မှန်အစ ပထမအပ္ပနာသည် စိတ္တက္ခဏတစ်ချက်သာ ဖြစ်၏။ ထိုအပ္ပနာဈာန်ဇောတစ်ကြိမ်ဖြစ်ပြီးနောက် ဘဝင်ကျလေ၏။

"ဈာန်"ဟူသည်မှာ ပထဝီကသိုဏ်းစသည့်အာရုံတစ်ခုကို ကပ်၍စူးစူးစိုက်စိုက်မြဲမြဲစွာ ရှုတတ်သောကြောင့်လည်းကောင်း၊ နီဝရဏစသည့် ဆန့်ကျင်ဘက်တရားတို့ကို လောင်ကျွမ်းဖုတ်မြိုက်တတ်သောကြောင့်လည်းကောင်း ဈာန်ဟုခေါ်၏။

**အဘိဓမ္မာဆောင်ဂေါဒတ္တမထေရ်၏ယူဆချက်**

"ရှေးရှေးသောကုသိုလ်တရားတို့သည် နောက်နောက်သောကုသိုလ်တရားတို့အား အာသေဝနပစ္စည်းဖြင့် ကျေးဇူးပြု၏" ဟူသော ပဋ္ဌာန်းပါဠိကို ကိုးကား၍ အာသေဝနပစ္စည်းဖြင့် နောက်နောက်သောတရားသည် အားကောင်းသဖြင့် (၆)ကြိမ်မြောက်၊ (၇)ကြိမ်မြောက်၌လည်း အပ္ပနာဖြစ်သည်ဟု အာဘိဓမ္မိကဂေါဒတ္တမထေရ်ဆို၏။

ဤအဆိုကို အဋ္ဌကထာဆရာတို့က "မထေရ်အကြိုက်မျှသာဖြစ်သည်"ဆို၍ ပယ်၏။ စင်စစ်သော်ကား စတုတ္ထဇော၊ သို့မဟုတ် ပဉ္စမဇောတို့၌သာ အပ္ပနာဖြစ်၏။ ထိုဇောတို့နောက်၌ ဘဝင်ကျသဖြင့် အပ္ပနာမဖြစ်နိုင်။ ဥပမာအားဖြင့် ကမ်းပါးပြတ်သို့ ရှေးရှုပြေးသောယောကျ်ားသည် ရပ်လိုပါသော်လည်း ကမ်းပါးပြတ်အစွန်း၌ ခြေကိုထား၍ ရပ်ခြင်းငှာမတတ်နိုင်ဘဲ ကမ်းပါးပြတ်ထဲသို့သာ ကျသကဲ့သို့ဖြစ်၏။

**ကာလအပိုင်းအခြားမရှိသော၌ာန(၇)ပါး**

(၁) လက်ဦးရစဖြစ်သောမဟဂ္ဂုတ်အပ္ပနာ(ဈာန်စိတ်)သည် စိတ္တက္ခဏတစ်ချက်သာ ဖြစ်၏။

http://www.dhammadownload.com



(၂) လောကီအဘိညာဉ်စိတ်သည် စိတ္တက္ခဏတစ်ချက်သာ ဖြစ်၏။
(၃) မဂ်စိတ်လေးပါးတို့သည် စိတ္တက္ခဏတစ်ချက်စီသာ ဖြစ်ကြ၏။
(၄) မဂ်၏အခြားမဲ့၌ဖြစ်သော ဖိုလ်စိတ်သည် နှစ်ကြိမ်, သုံးကြိမ်သာဖြစ်၏။
(၅) ရူပဘုံ, အရူပဘုံတို့၌ ဘဝင်စိတ်(ဈာန်စိတ်)၏အတိုင်းအရှည်သည် မရှိ။
(၆) နိရောဓသမာပတ်၏အကြောင်းဖြစ်သော နေဝသညာနာသညာ ယတနဈာစိတ်သည် နှစ်ကြိမ်သာဖြစ်၏။
(၇) နိရောဓသမာပတ်မှထသော အနာဂါမ် သို့မဟုတ် ရဟန္တာ၏ဖိုလ်စိတ်သည် တစ်ကြိမ်သာဖြစ်၏။

**ပထမဈာန်၏အာနိသင်**

ပထမဈာန်ရသောယောဂီပုဂ္ဂိုလ်သည် ကာမဂုဏ်တို့မှကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ အသီးအခြားဖြစ်၍ ဝိတက်, ဝိစာရတို့နှင့်တကွ ဝိဝေကကြောင့်ဖြစ်သည့် ပီတိ, သုခရှိသော ပထမဈာန်ကို ပြည့်စုံစေလျက်နေ၏။ ဤသို့နေသောပုဂ္ဂိုလ်သည် အင်္ဂါငါးပါးကို ပယ်၏။ အင်္ဂါငါးပါးနှင့် ပြည့်စုံ၏။ ကောင်းခြင်းသုံးပါးရှိ၏။ လက္ခဏာဆယ်ပါးနှင့်လည်း ပြည့်စုံ၏။ ပထဝီကသိုဏ်း၏ပဋိဘာဂနိမိတ်ကို အာရုံပြု၏။

"ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်" ဟူသည်မှာ ဝတ္ထုကာမ, ကိလေသာကာမဟူသော ကာမတို့မှကင်းဝေးသည်, ဆိတ်သုဉ်းသည်, ကြဉ်ရှောင်ဖဲခွါသည်ကို ဆိုလို၏။

"ကာမ" ဟူသည်မှာ ယုတ်ညံ့သေးသိမ်သောတရားဖြစ်၏။ ဝတ္ထုကာမ, ကိလေသာကာမဟူ၍ ကာမတရား(၂)မျိုးရှိ၏။

"ဝတ္ထုကာမ"သည် စိတ်နှလုံးကိုပွါးစေတတ်သည့် နှစ်သက်ဖွယ်ဖြစ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့တို့ဖြစ်ကြ၏။ "ကာမဂုဏ်ငါးပါး" ဆိုသည်မှာလည်း တဏှာ၏အာရုံဖြစ်သော ဤအာရုံငါးပါးတို့ပင်တည်း။

"ကိလေသာကာမ"သည် တဏှာခေါ် လောဘစေတသိက်ဖြစ်၏။ လိုလားခြင်း၊ တပ်မက်ခြင်းသဘောရှိ၏။

"သာလျှင်" ဟူသော "ဧဝ" သဒ္ဒါသည် "မြဲစေခြင်း၊ သတ်မှတ်ခြင်း"အနက်ရှိ၏။ ကာမတို့သည် ပထမဈာန်၏ဆန့်ကျင်ဘက်ဖြစ်ခြင်းကိုလည်းကောင်း၊ ကာမတို့ကို ကင်းကွာဖဲကြဉ်ခြင်းဖြင့်သာ ထိုပထမဈာန်ရခြင်းကိုလည်းကောင်း၊ ဖော်ပြလို၍ "သာလျှင်" ကို သုံးခြင်းဖြစ်၏။

ကာမတို့ရှိလျှင် ဈာန်မဖြစ်ပေါ်ပေ။ ဥပမာ အမှောင်ရှိလျှင် ဆီမီးရောင်မရှိသကဲ့သို့ပင်တည်း။ ထိုကာမတို့ကို စွန့်ပယ်, ကင်းကွာစေခြင်းဖြင့်သာလျှင် ထိုဈာန်ကိုရခြင်းဖြစ်၏။ ဥပမာ ဤဘက်ကမ်းကို စွန့်ခွါခြင်းဖြင့်သာ ထိုဘက်ကမ်းသို့ ရောက်ခြင်းကဲ့သို့ပင်တည်း။

http://www.dhammadownload.com



"*ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ အသီးအခြားဖြစ်၍*" ဟူသောစကား၌"သာလျှင်" (ဧဝ) သဒ္ဒါကို ရှေ့ပုဒ်၌သာဆို၍ နောက်ပုဒ်မှာ အဘယ်ကြောင့် မဆိုသနည်း။ အကုသိုလ်ဖြစ်သော နီဝရဏတရားတို့မှ မကင်းဆိတ်မူဘဲ ဈာန်ကိုပြည့်စုံစေနိုင်ရာသလောဟု စောဒနာငြားအံ့။ စောဒကဆရာဆိုသကဲ့သို့ မမှတ်အပ်။

အကြောင်းမှာ ဈာန်သည် ကာမမှလွတ်မြောက်ရာလွတ်မြောက်ကြောင်းဖြစ်သောကြောင့် ထို"သာလျှင်"ဟူသည့်(ဧဝ)သဒ္ဒါကို ရှေ့ပုဒ်၌သာဆိုအပ်၏။ ဤစကားသည်သင့်၏။ ဈာန်သည် ခပ်သိမ်းသောကာမစေတ်ကို လွန်နိုင်သောအကျင့်ဖြစ်၏။ ကိလေသာကာမနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ထို့ကြောင့် ဤဈာန်သည် ကာမတို့၏သာလျှင်ကင်းပျောက်ကြောင်း, ထွက်မြောက်ကြောင်းဖြစ်၏။ ဘုရားရှင်သည်လည်း "*ထိုဈာန်သည်ကာမတို့၏ထွက်မြောက်ရာပေတည်း*" ဟု ဟောတော်မူ၏။

ထိုရှေ့ပုဒ်၌သာ(ဧဝ)သဒ္ဒါကိုဟောသော်လည်း နောက်ပုဒ်၌လည်း ဆိုအပ်သည်သာ ဖြစ်၏။ ပါဠိတော်၌ "အို–ရဟန်းတို့၊ ငါးဘုရားသာသနာတော်၌သာလျှင် ပထမဖြစ်သော သောတာပန်ရဟန်းကိုရအပ်၏။ ဤသာသနာတော်၌သာလျှင် ဒုတိယဖြစ်သောသကဒါဂါမ် ရဟန်းကိုရအပ်၏"ဟု(ဧဝ)သဒ္ဒါကိုဆောင်၍ဆိုအပ်သကဲ့သို့ ဤအတူဆောင်၍ ဆိုအပ်၏။

မှန်ပေ၏။ ဤကာမတို့မှတစ်ပါးကုန်သော နီဝရဏဟူသည့် အကုသိုလ်တရားတို့မှ မကင်းဆိတ်မူဘဲ ဈာန်ကိုပြည့်စုံစေခြင်းငှာ မတတ်ကောင်း။ ထို့ကြောင့် "ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင်"ဟူ၍ ဆိုအပ်၏။

ထိုနှစ်ပုဒ်လုံး၌ "ကင်းဆိတ်၍" ဟူသောစကားသည်အလုံးစုံသောဝိဝေကနှင့် ဆက်ဆံ၏။

(၁) *တဒင်္ဂဝိဝေက* – ခေတ္တခဏမျှကင်းဆိတ်ခြင်း၊
(၂) *ဝိက္ခမ္ဘနဝိဝေက* – အချိန်အတော်ကြာအောင်ကင်းဆိတ်ခြင်း၊
(၃) *သမုစ္ဆေဒဝိဝေက* – အကြွင်းမဲ့ပယ်သတ်ခြင်းဖြင့် ကင်းဆိတ်ခြင်း၊
(၄) *ပဋိပဿဒ္ဓိဝိဝေက* – ထက်ဝန်းကျင်စင်ကြယ်ခြင်း၊ ငြိမ်းအေးခြင်းတို့ဖြင့်ကင်းဆိတ်ခြင်း၊
(၅) *နိဿရဏဝိဝေက* – ထွက်မြောက်ခြင်းဖြင့် ကင်းဆိတ်ခြင်း၊
(၆) *ကာယဝိဝေက* – ဝတ္ထုကာမတို့မှကင်းဆိတ်ခြင်း (တစ်ကိုယ်တည်းကင်းရှင်းစွာနေခြင်း)၊
(၇) *စိတ္တဝိဝေက* – ကိလေသာကာမ, အလုံးစုံသော အကုသိုလ်တို့မှ ကင်းဆိတ်ခြင်း၊ (ဉပစာရဈာန်၊ အပ္ပနာဈာန်ကိုရခြင်း)
(၈) *ဉပဓိဝိဝေက* – ကာမုပဓိ၊ ခန္ဓုပဓိ၊ ကိလေသုပဓိ၊ အဘိသင်္ခါရုပဓိဟူသောဉပဓိလေးပါးမှ ကင်းဆိတ်ရာ နိဗ္ဗာန်ကို အာရုံပြုလျက်နေခြင်း။

ထိုသို့ အလုံးစုံသောဝိဝေကတို့ကို ပေါင်းရုံးယူခြင်းသို့ရောက်သော်လည်း ဤဈာန်အရာ

http://www.dhammadownload.com



၌မူ ကာယဝိဝေက၊ စိတ္တဝိဝေက၊ ဝိက္ခမ္ဘနဝိဝေက သုံးပါးတို့ကိုသာ ယူရ၏။

"ကာမတို့မှကင်းဆိတ်၍သာလျှင်"ဟူသည်ကား "ဝတ္ထုကာမတို့မှ ကင်းဆိတ်၍သာလျှင်"ဟု ဆိုလို၏။ ထိုဝတ္ထုကာမတို့မှကင်းဆိတ်ခြင်းဖြင့် ကာယဝိဝေကကို ဆိုအပ်၏။

"အကုသိုလ်တရားတို့မှကင်းဆိတ်၍" ဟူသောစကား၌ "ကိလေသာကာမနှင့် အလုံးစုံသောအကုသိုလ်တို့မှ ကင်းဆိတ်၍သာလျှင်"ဟူသောအနက်အဓိပ္ပာယ်သည် သင့်လျော်၏။ ထိုကိလေသာကာမနှင့် အလုံးစုံသောအကုသိုလ်တို့မှ ကင်းဆိတ်ခြင်းဖြင့် စိတ္တဝိဝေကကို ဆိုအပ်၏။

"ပထမဈာန်သည် အင်္ဂါငါးပါးကိုပယ်သည်"ဟုဆိုခြင်းမှာ နီဝရဏငါးပါးကိုပယ်ခြင်းဖြစ်၏။ နီဝရဏတို့သည် ဈာန်အင်္ဂါတို့၏ဆန့်ကျင်ဘက်ဖြစ်၏။ နီဝရဏတို့ကို ဈာန်အင်္ဂါတို့သည်သာ ဆန့်ကျင်ဘက်ဖြစ်ကြ၏၊ ဖျက်ဆီးတတ်၏၊ သတ်တတ်ကြ၏။

ဝိတက်သည် ထိန, မိဒ္ဓ၏ဆန့်ကျင်ဘက်ဖြစ်၏၊

ဝိစာရသည် ဝိစိကိစ္ဆာ၏ဆန့်ကျင်ဘက်ဖြစ်၏၊

ပီတိသည် ဗျာပါဒ၏ဆန့်ကျင်ဘက်ဖြစ်၏၊

သုခသည် ဥဒ္ဓစ္စ, ကုက္ကုစ္စ၏ဆန့်ကျင်ဘက်ဖြစ်၏၊

ဧကဂ္ဂတာ(သမာဓိ)သည် ကာမစ္ဆန္ဒ၏ဆန့်ကျင်ဘက်ဖြစ်၏။

"ပထမဈာန်သည် အင်္ဂါငါးပါးနှင့်ပြည့်စုံ၏"ဟု ဆိုခြင်းမှာ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံခြင်းဖြစ်၏။

ဝိတက်သည် ဤအရာဝတ္ထုကား ဤသို့သဘောရှိ၏ဟု အာရုံကိုကြံခြင်းဖြစ်၏၊ အာရုံ၌ စိတ်ကိုရှေးရှုတင်ပေးခြင်းလက္ခဏာရှိ၏။ ဝိတက်သည်အာရုံကိုခေါက်ခြင်း၊ ထက်ဝန်းကျင်မှခေါက်ခြင်းကိစ္စရှိ၏။ အာရုံ၌ စိတ်ကိုရှေးရှုဆောင်ယူလာတတ်သောတရား, ဆွဲငင်တတ်သောတရားဟု ဉာဏ်အားရှေးရှုထင်၏။

ဝိစာရသည် အာရုံ၌အစဉ်မပြတ်လှည့်ပတ်သွားလာခြင်း၊ ကျက်စားခြင်း၊ အာရုံကို အဖန်တလဲလဲသုံးသပ်ခြင်း လက္ခဏာရှိ၏။ ဝိစာရသည် ထိုအာရုံ၌ သဟဇာတ်(ယှဉ်ဖက်) တရား တို့ကို ယှဉ်စေခြင်းကိစ္စရှိ၏။ စိတ်ကို အာရုံ၌ အစဉ်မပြတ်ဖွဲ့ချည်တတ်သောတရားဟု ဉာဏ်အားရှေးရှုထင်၏။

ဝိတက်နှင့်ဝိစာရအထူး

ဝိတက်နှင့်ဝိစာရတို့သည် အချို့သောပထမဈာန်နှင့်ကာမစိတ်တို့၌ မကွေမကွာရှိကြပါသော်လည်း ဝိတက်သည် ဝိစာရထက် ပို၍ရုန့်ရင်းခြင်း, ဝိစာရ၏ရှေ့သွားဖြစ်ခြင်းတို့ကြောင့် ခေါင်းလောင်းထိုးသည့်အခါ ရှေးဦးစွာမည်သောအသံနှင့် တူ၏။ ဝိစာရသည်သိမ်မွေ့သောကြောင့်လည်းကောင်း၊ အာရုံကိုအဖန်တလဲလဲသုံးသပ်ဆင်ခြင်တတ်သောကြောင့်

http://www.dhammadownload.com



လည်းကောင်း၊ ခေါင်းလောင်းထိုးသည့်အခါ နောက်ဆင့်မြည်သောညည်းသံနှင့် တူ၏။

ဝိတက်သည် တုန်လှုပ်၏၊ လက်ဦးဖြစ်စ စိတ်၏တုန်လှုပ်သည့်အစွမ်းဖြင့် ဖြစ်၏။ ကောင်းကင်သို့ပျံတက်သော ငှက်၏အတောင်ခတ်ခြင်းနှင့်တူ၏။ အနံ့သို့အစဉ်လိုက်သော ပိတုန်း၏ပဒုမ္မာကြာတောသို့ ရှေးရှုကျခြင်းနှင့်လည်းတူ၏။

ဝိစာရသည် ငြိမ်သက်သောဖြစ်ခြင်းရှိ၏။ မတုန်မလှုပ်သကဲ့သို့ ဖြစ်၏။ ကောင်းကင်သို့ပျံတက်သောငှက်၏ အတောင်ကိုဖြန့်ကာ ဝဲပျံသည်နှင့်တူ၏။ ပဒုမ္မာကြာတောသို့ရှေးရှုကျပြီးသောပိတုန်း၏ကြာတောအထက်၌ ရစ်ဝဲနေခြင်းနှင့်လည်းတူ၏။

ဒုကနိပါတ်အဋ္ဌကထာ၌ကား ကောင်းကင်တွင်ပျံသွားသောငှက်ကြီးသည် အတောင်နှစ်ခုဖြင့် လေကိုယူ၍ အတောင်တို့ကိုငြိမ်သက်စေလျက် ပျံသကဲ့သို့ အာရုံ၌ စိတ်ကိုရှေးရှုတက်စေသည့်သဘောသည် ဝိတက်ဖြစ်၏။ လေကိုယူခြင်းငှာ အတောင်တို့ကိုခတ်လျက်ပျံသွားသကဲ့သို့ အာရုံကိုအထပ်ထပ်အဖန်ဖန် ဆင်ခြင်သုံးသပ်သည့်သဘောသည် ဝိစာရဖြစ်၏။ ထိုဝိတက်နှင့် ဝိစာရတို့၏အထူးသည် ပထမဈာန်နှင့်ဒုတိယဈာန်တို့၌ ထင်ရှား၏။

တစ်နည်းအားဖြင့် ကြေးခွက်တိုက်သူသည် လက်တစ်ဘက်ဖြင့် ကြေးခွက်ကိုမြဲမြဲစွာကိုင်၍ အခြားလက်တစ်ဘက်ဖြင့် ဆပ်ပြာမှုန့်နှင့်ဆီဆွတ်ထားသည့်သားမွေးတံပွတ်တံကို ကိုင်ကာပွတ်တိုက်၏။ ဤဥပမာ၌ ဝိတက်သည် မြဲမြဲစွာကိုင်ထားသောလက်နှင့်တူ၏။ ဝိစာရသည် ပွတ်တိုက်သောလက်နှင့် တူ၏။

တစ်ဖန် အိုးထိန်းသည်သည် အိုးထိန်းစက်ကို ပုတ်ခတ်၍လည်စေပြီး မြေစိုင်ကိုလက်တစ်ဘက်ဖြင့်ဖိနှိပ်ကာ အခြားလက်တစ်ဘက်ဖြင့် မြေစိုင်ကိုလှည့်လည်သုံးသပ်၏။ ဝိတက်သည် မြေစိုင်ကိုဖိနှိပ်သောလက်နှင့်တူ၏။ ဝိစာရသည် မြေစိုင်ကို လှည့်လည်သုံးသပ်သောလက်နှင့်တူ၏။

တစ်ဖန် ကြေးခွက်စသည်၌ စက်ဝိုင်းရေးခြစ်ရာတွင် စက်ဝိုင်းအလယ်တွင်စိုက်ထားသည့်စူး(တံသင်း)ကဲ့သို့ စိတ်ကိုအာရုံသို့ရှေးရှုတင်ပေးတတ်သော ဝိတက်ကိုမှတ်အပ်၏။ ပတ်ပတ်လည်သောစူး(တံသင်း)ကဲ့သို့ အာရုံကိုသုံးသပ်သည့်ဝိစာရကို မှတ်အပ်၏။

သစ်ပင်သည် အသီးအပွင့်နှင့်ဖြစ်သကဲ့သို့ ပထမဈာန်သည်လည်း ဝိတက်၊ ဝိစာရနှင့် အတူတကွဖြစ်၏။

### ပီတိ၏စွမ်းရည်

ပီတိသည် အာရုံကို နှစ်သက်ခြင်းလက္ခဏာရှိ၏။ မွန်မြတ်သည့်စိတ္တဇရုပ်တို့ဖြင့်ကိုယ်ကိုပြန့်နှံ့စေခြင်း၊ ကိုယ်စိတ်ကိုပွားစေခြင်းကိစ္စရှိ၏။ တက်ကြွသောကိုယ်၏အဖြစ်လျှင် ဉာဏ်အားရှေးရှုထင်၏။ ပီတိငါးမျိုးရှိ၏။

(၁) *ခုဒ္ဒကာပီတိ* – ကိုယ်၌ကြက်သီးမွေးညင်းထခြင်းကိုသာလျှင် ပြုနိုင်၏။

http://www.dhammadownload.com



(၂) *ခဏိကာပီတိ* – ခဏတိုင်းခဏတိုင်းလျှပ်စစ်ပြက်သကဲ့သို့ ကြိမ်ဖန်များစွာဖြစ်၏။
(၃) *ဩက္ကန္တိကာပီတိ*– လှိုင်းတံပိုးသည်သမုဒ္ဒရာကမ်းသို့သက်၍သက်၍ ပြက်သကဲ့သို့ ကိုယ်သို့သက်၍သက်၍ပြက်၏။
(၄) *ဥဗ္ဗေဂါပီတိ* – အလွန်အားရှိပြီး ကိုယ်ကို အထက်သို့ကြွတက်စေ၏၊ ပျံတက်စေ၏။
(၅) *ဖရဏာပီတိ* – လေမှုတ်သွင်း၍လေပြည့်သော စည်ဖောင်းကဲ့သို့လည်းကောင်း၊ ရေအလျှင်ကြီးစီးဝင်သည့် တောင်ဝှမ်းကဲ့သို့လည်းကောင်း၊ ခန္ဓာကိုယ်တစ်ကိုယ်လုံးကိုအစဉ်မပြတ် ထက်ဝန်းကျင်တွေ့ထိပျံ့နှံ့၏။

**ဥဗ္ဗေဂါပီတိဖြင့်ကောင်းကင်သို့ပျံတက်သောသာဓကများ**

ပုဏ္ဏဝလ္လိကကျောင်း၌သီတင်းသုံးသော မဟာတိဿမထေရ်သည် လပြည့်နေ့ညနေချမ်းအခါ ထိုကျောင်းတိုက်၏စေတီရင်ပြင်သို့ ကြွသွား၏။ လရောင်အလင်းကိုမြင်၍ မဟာစေတီသို့မျက်နှာမူလျက် "ဤအချိန်မှာ ပရိသတ်လေးပါးတို့သည် မဟာစေတီကိုရှိခိုးနေကြလိမ့်မည်"ဟု အောက်မေ့၏။ ပကတိအားဖြင့် ရှေးကမြင်ဖူးသောစေတီတော်အာရုံ၏အစွမ်းဖြင့် ဘုရားဂုဏ်ကိုအာရုံပြုလျက် ဥဗ္ဗေဂါပီတိကိုဖြစ်စေ၏။ ထိုအခါ အင်္ဂတေခင်းထားသည့်စေတီရင်ပြင်၌ ကျင်ပေါက်သဖြင့် ညက်ညက်ငြိမ်းငြိမ်း ဆန်းကြယ်စွာလည်သောကျင်ကဲ့သို့ မထေရ်သည် ကောင်းကင်သို့ပျံတက်ပြီး မဟာစေတီရင်ပြင်၌ တည်လေ၏။

ဂိရိကဏ္ဍကကျောင်း၏ဆွမ်းခံရွာဖြစ်သော ဝတ္တကာလရွာနေအမျိုးသမီးတစ်ဦးသည်လည်း ဘုရားဂုဏ်ကိုအာရုံပြုသော အားကြီးသည့်ဥဗ္ဗေဂါပီတိဖြင့် ကောင်းကင်သို့ပျံတက်ဖူး၏။ ထိုအမျိုးသမီး၏မိဘတို့သည် ညနေချမ်းအခါ တရားနာရန်ကျောင်းသို့သွားသော် "ချစ်သမီး သင်သည် ကိုယ်လေးလက်ဝန်ရှိနေသဖြင့် ညဉ့်အခါလှည့်လည်သွားလာခြင်းငှာ မသင့်၊ ငါတို့သည် သင့်အဖို့ကိုပြု၍ တရားနာခဲ့ကြမည်"ဟုမှာကြား၍ သွားကြကုန်၏။

ထိုအမျိုးသမီးသည် သွားလိုပါလျက် မိဘစကားကို မပယ်နိုင်ရကား အိမ်ကြမ်းပြင်တွင်ရပ်၍ ဂိရိကဏ္ဍကကျောင်း၏တောင်ထွတ်၌တည်သော စေတီကိုကြည့်လတ်သော် စေတီကို ဆီမီးများပူဇော်ထားသည်ကိုမြင်၏။ ပရိသတ်လေးပါးတို့သည် ပန်း, ဆီမီးတို့ဖြင့် စေတီကို လက်ျာရစ်လှည့်လည်ကြသည်ကိုလည်းကောင်း၊ ရဟန်းသံဃာတော်တို့၏စုပေါင်းသရဇ္ဈာယ်ကြသောအသံကိုလည်းကောင်း၊ မြင်ရကြားရ၏။ "ဤလူတို့သည် စေတီတော်ကိုလှည့်လည်ပူဇော်ခွင့်, တရားနာကြားခွင့်ရကြသည်မှာ ဘုန်းကံကြီးမားကြပါပေစွ"ဟု နှလုံးသွင်းလျက် အမျိုးသမီးသည် ပုလဲစုအသွင်-စေတီတော်ကိုမြင်စဉ်ပင်လျှင် ဥဗ္ဗေဂါပီတိဖြစ်ပေါ်၍ ကောင်းကင်သို့ပျံတက်ကာ စေတီရင်ပြင်၌ ဆင်းသက်၏။ မိဘတို့ထက် အရင်ဦးလျက် စေတီကိုရှိခိုးပြီး တရားနာ၏။

http://www.dhammadownload.com



မိဘတို့ရောက်လာသည့်အခါ "ချစ်သမီး၊ သင်ကား အဘယ်ခရီးလမ်းဖြင့်လာသနည်း" ဟု မေးကြ၏။ ထိုအမျိုးသမီးက ကောင်းကင်ခရီးဖြင့်လာခဲ့ကြောင်း ဖြေဆို၏။

"အို-ချစ်သမီး၊ ကောင်းကင်ခရီးမည်သည်ကား ရဟန္တာအရှင်မြတ်တို့သာ သွားလာနိုင်ကြ၏။ သင်သည် အဘယ်ကြောင့် ကောင်းကင်ခရီးဖြင့် လာနိုင်သနည်း"ဟုမေးကြပြန်၏။

"ကျွန်မသည် လရောင်ဖြင့် စေတီကိုဖူးမြော်လျက်ရပ်နေစဉ် ဘုရားဂုဏ်ကိုအာရုံပြုသဖြင့် အားကြီးသည့်ပီတိဖြစ်ပေါ်ပါသည်။ ထိုအခါ ကျွန်မသည် ရပ်နေသည် ထိုင်နေသည်ကို မသိတော့ပါ။ ယူပြီးသောကသိုဏ်အာရုံနိမိတ်ကြောင့်သာလျှင် ကောင်းကင်သို့ပျံတက်၍ စေတီရင်ပြင်၌ တည်ပါသည်"ဟုပြောလေ၏။

ဆက်၍ဆိုဦးအံ့။ ထိုပီတိငါးပါးသည် ကိုယ်ဝန်ယူ၍ရင့်လတ်သော် ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိဟူသော ပဿဒ္ဓိနှစ်ပါးကို မွေးဖွား၏။ ဤပဿဒ္ဓိသည် ကိုယ်ဝန်ယူ၍ရင့်လတ်သော် ခဏိကသမာဓိ, ဥပစာရသမာဓိ, အပ္ပနာသမာဓိဟူသည့် သုံးပါးသောသမာဓိကို မွေးဖွား၏။

**ပီတိ၏သားပဿဒ္ဓိ၊ ပဿဒ္ဓိ၏သားသုခ၊ သုခ၏သားကားသမာဓိဖြစ်၍မြစ်ရပြီဟူလို။**

ပီတိငါးပါးတွင် အပ္ပနာသမာဓိ၏အမြစ်မူလဖြစ်၍ ရှေးကဥပစာရသမာဓိနှင့်ယှဉ်ခဲ့ပြီးလျှင် အစဉ်အတိုင်းပွားလျက် အပ္ပနာသမာဓိနှင့်ယှဉ်ခြင်းသို့ရောက်သော ဖရဏာပီတိကို ဤ "ပီတိသုခ"ဟူသောပုဒ်၌ "ပီတိ"ဟုအလိုရှိအပ်၏။

### ပီတိနှင့်သုခအထူး

ချမ်းသာခြင်းသည် သုခမည်၏။ ကိုယ်စိတ်၏နာကျင်ခြင်းကို ကောင်းစွာစားတတ်, တူးဖြိုတတ်သောကြောင့် သုခမည်၏။

သုခသည် သာယာခြင်းလက္ခဏာရှိ၏။ သမ္ပယုတ်တရား(ဝါ)ယှဉ်ဖက်တရားတို့ကိုပွားစေခြင်းကိစ္စရသရှိ၏။ သမ္ပယုတ်တရားတို့အား ကျေးဇူးပြုတတ်သောတရားဟု ဉာဏ်အား ရှေးရှုထင်၏။

ပီတိနှင့်သုခတို့သည် ပထမဈာန်စသော အချို့စိတ်၌ မကွေမကွာယှဉ်ကြသော်လည်း ဣဋ္ဌာရုံကိုရသောကြောင့် နှစ်သက်ခြင်းသည် ပီတိမည်၏။ ရပြီးသောအာရုံအရသာကို ခံစားခြင်းသည် သုခမည်၏။

ပီတိရှိသောစိတ္တုပ္ပါဒ်၌ သုခလည်းရှိ၏။ သုခရှိသည့်စိတ္တုပ္ပါဒ်၌မူကား ပီတိအမြဲမရှိ။ ပီတိကို သင်္ခါရက္ခန္ဓာဖြင့် ရေတွက်အပ်၏။ သုခကို ဝေဒနာက္ခန္ဓာဖြင့် ရေတွက်အပ်၏။ ကန္တာရခရီးခဲကို သွားရသော ပင်ပန်းနေသူအား တောအုပ်, အရိပ်, ရေရှိသည်ဟုကြားရမြင်ရသောအခါ နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်သကဲ့သို့ အလိုရှိသည့်အာရုံကိုရသဖြင့် နှစ်သက်ခြင်းသည် ပီတိဖြစ်၏။ တောအုပ်အရိပ်သို့ဝင်၍ရေကိုဝစွာသုံးဆောင်ရသဖြင့် ထိုခရီးသွားသူ

http://www.dhammadownload.com



ချမ်းသာသွားသကဲ့သို့ ရပြီးသောအာရုံ၏အရသာကို ခံစားရသောအခါ၌ဖြစ်သည့် ချမ်းသာခြင်းသည် သုခဖြစ်၏။

### ပထမဈာန်သည် "ဝိဝေကဇပီတိသုခ"မည်ပုံ

ဈာန်သည် ဝိဝေကကြောင့်ဖြစ်သကဲ့သို့ ထိုဈာန်၌ရှိသောပီတိ, သုခသည်လည်း ဝိဝေကကြောင့်ဖြစ်၏။ ထိုဝိဝေကကြောင့်ဖြစ်သော ပီတိသုခသည်လည်း ထိုဈာန်၌ရှိ၏။ ထို့ကြောင့် တစ်ပုဒ်တည်းဖြင့် "ဝိဝေကဇပီတိသုခ"ဟူ၍ ဆိုခြင်းငှာသင့်၏။ ပထမဈာန်၌ ဝိဝေကကြောင့်ဖြစ်သောပီတိသုခရှိသဖြင့် ထိုဈာန်သည် "ဝိဝေကဇပီတိသုခ"မည်၏။

### ပယ်အပ်သောအင်္ဂါ(၅)ပါး

"ပယ်အပ်သောအင်္ဂါငါးပါး, ပြည့်စုံအပ်သောအင်္ဂါငါးပါး"ဟုဆိုရာ၌ နီဝရဏငါးပါးတို့သည် ပယ်သည်၏အစွမ်းဖြင့် ပယ်အပ်သောအင်္ဂါငါးပါးမည်၏။ ထိုစကားသည်မှန်၏။ နီဝရဏတို့ကိုမပယ်ဘဲ ဈာန်မဖြစ်နိုင်။ ဈာန်ခဏကာလ၌ ပယ်ပြီးဖြစ်စေကာမူ ထိုနီဝရဏတို့သည်သာလျှင် ဈာန်၏အန္တရာယ်ဖြစ်ကြကုန်၏။ သို့အတွက် ထိုနီဝရဏတို့ကိုသာ ပယ်အပ်သောအင်္ဂါဟုဆိုရ၏။ ထင်ရှားအောင် ပြဦးအံ့။

(၁) **ကာမစ္ဆန္ဒနီဝရဏ** – ကာမဂုဏ်အာရုံတို့ကို လိုချင်တပ်မက်သည့် တဏှာလောဘဖြစ်၏။ ကာမစ္ဆန္ဒက အထူးထူးသောအာရုံဖြင့် ဖြားယောင်းခြင်းကိုခံရသောစိတ်သည် တစ်ခုတည်းသောအာရုံ၌မတည်နိုင်။ တစ်နည်းကား ကာမစ္ဆန္ဒဖြင့်နှိပ်စက်အပ်သောစိတ်သည် ကာမဓာတ်ကိုပယ်ရန်ဖြစ်သော ဈာန်ရသည့်အကျင့်ကို မကျင့်နိုင်ချေ။

(၂) **ဗျာပါဒနီဝရဏ** – အမျက်ဒေါသ၊ စိတ်ဆိုးစိတ်ပျက်ခြင်း, အလိုမကျခြင်းစသည်ဖြင့် ဗျာပါဒလွှမ်းမိုးနှိပ်စက်သောစိတ်သည် ပျံ့လွင့်၍ တည်ကြည်ခြင်းမဖြစ်။

(၃) **ထိန,မိဒ္ဓ** – ပျင်းရိငိုက်မျည်းခြင်း, လေးလံထိုင်းမှိုင်းခြင်းစသည်ဖြင့် ထိန, မိဒ္ဓလွှမ်းမိုးနှိပ်စက်ခြင်းကိုခံရသောစိတ်သည် ဘာဝနာအမှု၌ မခံ့ချေ။

(၄) **ဥဒ္ဓစ္စ,ကုက္ကုစ္စ** – ပျံ့လွင့်ခြင်း, နောင်တတစ်ဖန်ပူပန်ခြင်းတို့ဖြင့် အလွှမ်းမိုးအနှိပ်စက်ခံရသောစိတ်သည် မငြိမ်မသက်ဖြစ်၍ အမြဲမတည်၊ လှည့်လည်လေလွင့်၏။

(၅) **ဝိစိကိစ္ဆာ** – ယုံမှားသံသယဖြစ်ခြင်းဟူသော ဝိစိကိစ္ဆာလွှမ်းမိုးနှိပ်စက်တတ်သောစိတ်သည် ဈာန်ကိုရစေသည့်အကျင့်လမ်းသို့ မတက်လိုချေ။

ဤသို့ဆိုလျှင် ဈာန်၏အန္တရာယ်ကို အထူးပြုတတ်သောကြောင့် နီဝရဏငါးပါးကို ပယ်အပ်သောအင်္ဂါတို့ကိုယူ၍ ဆိုအပ်၏။

### အင်္ဂါ(၅)ပါးနှင့်ပြည့်စုံခြင်း

(၁) **ဝိတက်** – အာရုံ၌ စိတ်ကိုရှေးရှုတင်၏၊ ထိန, မိဒ္ဓကိုပယ်၏။

(၂) **ဝိစာရ** – အာရုံ၌ စိတ်ကိုအစဉ်ဖွဲ့တတ်၏၊ ဝိစိကိစ္ဆာကိုပယ်၏။

http://www.dhammadownload.com



(၃) ပီတိ – အာရုံကိုနှစ်သက်၏၊ နှစ်သိမ့်ရောင့်ရဲခြင်းကို ဖြစ်စေ၏၊ ဗျာပါဒကို ပယ်၏။
(၄) သုခ – ချမ်းသာသောခံစားခြင်းဖြစ်၏၊ ပွားခြင်းကိုပြု၏၊ ဥဒ္ဓစ္စ, ကုက္ကုစ္စကိုပယ်၏။
(၅) ဧကဂ္ဂတာ – ယှဉ်ဖက်စိတ်စေတသိက်တို့ကိုစုစည်း၍ အာရုံတစ်ခုတည်း၌ အညီအညွတ် ကောင်းစွာတည်စေ၏၊ သမာဓိဟုအမည်ရ၏၊ ကာမစ္ဆန္ဒကို ပယ်၏။

ထိုဝိတက်, ဝိစာရတို့ဖြင့် မပျံ့လွင့်ခြင်းဟု ဘာဝနာပယောဂကိုပြီးစေခဲ့သောစိတ်၏ ဘာဝနာပြည့်စုံခြင်းကြောင့်ဖြစ်သောပီတိသည် နှစ်သက်ရောင့်ရဲခြင်းကို သုခသည် ပွားခြင်းကိုပြု၏။ ထိုသို့ပြုသည်ရှိသော် ကြွင်းသောသမ္ပယုတ်တရားတို့နှင့်တကွဖြစ်သောထိုစိတ်ကို ထိုဝိတက်, ဝိစာရ, ပီတိ, သုခတို့သည် အာရုံသို့ရှေးရှုတင်ခြင်း၊ အာရုံ၌အစဉ်မပြတ်ဖွဲ့ခြင်း၊ ရောင့်ရဲနှစ်သက်စေခြင်း၊ ပွားစေခြင်းတို့ဖြင့် ချီးပင့်ထောက်ပံ့၏။ ထိုအခါ ဧကဂ္ဂတာသည် ပထဝီကသိုဏ်းတစ်ခုတည်းသောအာရုံ၌ စိတ်ကိုအညီအညွတ်ကောင်းစွာ တည်ထား၏။

ထို့ကြောင့် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါငါးပါးတို့၏ အကြောင်းအားလျော်စွာဖြစ်သည့်အစွမ်းဖြင့် အင်္ဂါငါးပါးပြည့်စုံသည့် ပထမဈာန်ဖြစ်ခြင်းကို သိအပ်၏။

ကောင်းခြင်း(၃)ပါး၊ လက္ခဏာ(၁၀)ပါး

ပထမဈာန်သည် "ကောင်းခြင်းသုံးပါး၊ လက္ခဏာဆယ်ပါးနှင့်ပြည့်စုံ၏" ဟုဆိုသောစကား၌ ဈာန်၏အစ, အလယ်, အဆုံးတို့၏အစွမ်းဖြင့် ကောင်းခြင်းသုံးပါးရှိပုံနှင့် ထိုဈာန်၏ အစ, အလယ်, အဆုံးတို့ကိုမှတ်အပ်သော လက္ခဏာတို့၏အစွမ်းအားဖြင့် လက္ခဏာဆယ်ပါးနှင့်ပြည့်စုံပုံတို့ကို သိအပ်၏။

(၁) အစကောင်းခြင်း

ဈာန်ရကြောင်းအကျင့်၏စင်ကြယ်ခြင်းသည် ပထမဈာန်၏အစကောင်းခြင်းဖြစ်၏။ ထိုအစကောင်းခြင်းသည် လက္ခဏာသုံးပါးနှင့်ပြည့်စုံ၏ ထိုလက္ခဏာသုံးပါးကား–
(၁) ပထမဈာန်၏အနှောင်အဖွဲ့ဘေးရန်ဖြစ်သော နီဝရဏတို့မှ စိတ်သည်စင်ကြယ်၏။
(၂) စင်ကြယ်သောကြောင့် စိတ်သည်အလယ်အလတ်ဖြစ်သောသမထနိမိတ်ကို ကျင့်၏။
(၃) ထိုသို့ကျင့်သောကြောင့် စိတ်သည် ထိုသမထနိမိတ်၌ ပြေးဝင်ရပ်တည်၏။ အပ္ပနာသမာဓိ၏အစွမ်းဖြင့် စိတ်တည်ကြည်ခြင်းသို့ရောက်သဖြင့် ထိုသမထနိမိတ်၌ စိတ်သည် ပြေးဝင်ရပ်တည်သည် မည်၏။

(၂) အလယ်ကောင်းခြင်း

ပထမဈာန်၏ဥပက္ခာကိုပွားခြင်းသည် အလယ်ကောင်းခြင်းမည်၏။ ဤအလယ်ကောင်းခြင်းသည်လည်း လက္ခဏာသုံးပါးနှင့်ပြည့်စုံ၏။ ထိုလက္ခဏာသုံးပါးကား –
(၁) စင်ကြယ်သောစိတ်ကို လျစ်လျူရှု၏။ စင်ကြယ်သောစိတ်၌ တစ်ဖန်သုတ်သင်စရာ

http://www.dhammadownload.com



မရှိသဖြင့် သုတ်သင်ရာတွင် ကြောင့်ကြမပြုရသောကြောင့် စင်ကြယ်သောစိတ်ကို လျစ်လျူရှုသည် မည်၏။

(၂) သမထလမ်းသို့ ဖြောင့်မှန်စွာသွားသောစိတ်ကို လျစ်လျူရှု၏။ သမထလမ်းမှန်သို့ သွားသောစိတ်ကို အညီအညွတ်ကောင်းစွာထားခြင်း၌ ကြောင့်ကြဗျာပါရမပြုရသောကြောင့် သမထလမ်းသို့ ဖြောင့်မှန်စွာသွားသောစိတ်ကို လျစ်လျူရှုသည်မည်၏။

(၃) တစ်ခုတည်းသောအာရုံ၌ စွဲမြဲစွာကပ်၍တည်သောစိတ်ကို လျစ်လျူရှု၏။ သမထလမ်းမှန်သွားသည့်အဖြစ်ကြောင့်သာလျှင် ကိလေသာနှင့်ပေါင်းယှဉ်ခြင်းကိုပယ်၍ တစ်ခုတည်းသောအာရုံ၌တည်သော ထိုအပ္ပနာစိတ်ကို တစ်ခုတည်းသောအာရုံ၌ စွဲမြဲစွာတည်အောင် ကြောင့်ကြဗျာပါရပြုရန်မလိုသည့်အတွက် 'တစ်ခုတည်းသော အာရုံ၌ စွဲမြဲစွာကပ်၍တည်သည့်စိတ်ကို လျစ်လျူရှုသည်'မည်၏။

(၃) အဆုံး၏ကောင်းခြင်း

ပထမဈာန်၏ရွှင်ပြကြည်လင်ခြင်းသည် အဆုံးကောင်းခြင်းမည်၏။ အဆုံး၏ ကောင်းခြင်း၌ လက္ခဏာလေးပါးရှိ၏။ ထိုလက္ခဏာလေးပါးကား—

(၁) ပထမဈာန်စိတ်၌ဖြစ်သော သမာဓိ-ပညာ စသည့်တရားအစုံတို့သည် အချင်းချင်း မလွန်ကုန်သည်ဖြစ်၍ ရွှင်ပျကြည်လင်ခြင်းဖြစ်၏။

(၂) ထိုစိတ်၌ သဒ္ဓါစသည့်ဣန္ဒြေတို့သည် ကိလေသာတို့မှလွတ်သည်အဖြစ်ကြောင့် ကိလေသာမှလွတ်သော ဝိမုတ္တိရသကိစ္စအားဖြင့် တူသောကိစ္စရှိ၍ ရွှင်ပျကြည်လင်ခြင်းဖြစ်၏။

(၃) သမာဓိ-ပညာစသည့်တရားအစုံတို့၏အချင်းချင်းမလွန်ကုန်ခြင်း၊ ဣန္ဒြေတရားတို့၏ တူညီသောကိစ္စရှိခြင်းတို့နှင့် သင့်လျော်သောဝီရိယကို ဖြစ်စေခြင်းဖြင့် ရွှင်ပျကြည်လင်ခြင်းဖြစ်၏။

(၄) သမာဓိ-ပညာစသည့်တရားအစုံတို့၏ အချင်းချင်းမလွန်ကျူးခြင်းစသော အခြင်းအရာအလုံးစုံကိုပြီးစေခြင်းဖြင့် ဖြူစင်စေတတ်သော ပြီးပြီးပြက်ပြက်ရှိသည့်အဖြစ်ကိုပြုတတ်သော ဉာဏ်၏ကိစ္စပြီးခြင်း၏အစွမ်းဖြင့် ရွှင်ပျကြည်လင်ခြင်းဖြစ်၏။

ဤသို့လျှင်ပထမဈာန်သည် ကောင်းခြင်းသုံးပါး,လက္ခဏာဆယ်ပါးတို့နှင့်ပြည့်စုံ၏။

ဈာန်ကိုကြာမြင့်စွာတည်စေခြင်း

ပထမဈာန်ကို ရပြီးသောယောဂီပုဂ္ဂိုလ်သည် မှီဝဲခဲ့သောဘောဇဉ်၊ ပုဂ္ဂိုလ်၊ ကျောင်း၊ ဣရိယာပုထ်စသောအခြင်းအရာတို့ကို ဆင်ခြင်မှတ်သားအပ်၏။ ဤသို့ဆင်ခြင်မှတ်သား ထားသော် နုသည့်သမာဓိပျောက်ခဲ့ပါက ထိုအခြင်းအရာတို့ကို ရှေ့အတိုင်းပြည့်စုံစေခြင်းဖြင့် ဈာန်သမာဓိကို တစ်ဖန်ဖြစ်စေနိုင်၏။

http://www.dhammadownload.com



ဥပမာအားဖြင့် အလွန်လိမ္မာသောလေးသမားသည် သားမြီးဖျားကို ပစ်ခတ်ရာတွင် အကြွင်အကြိမ်၌ သားမြီးဖျားကို ထိမှန်၏။ ထိုအကြိမ်ပစ်လွှတ်စဉ်က ခြေနင်းထားပုံ၊ လေးကိုင်းကိုကိုင်ပုံ၊ ညှို့ကိုယူပုံ၊ မြှားကိုလွှတ်ပုံတို့ကို မှတ်သားအပ်၏။ ဤအခြင်းအရာအတိုင်း ပြည့်စုံအောင် သတိဆောင်၍ နောက်နောက်အကြိမ်မြှားပစ်သည့်အခါ သားမြီးဖျားကို ထိမှန်အောင် ပစ်နိုင်ရာ၏။

ထို့အတူပင် ယောဂီပုဂ္ဂိုလ်သည် "ငါသည် ဤမည်သောဘောဇဉ်ကိုစားသုံး၍ ဤသို့သောပုဂ္ဂိုလ်ကိုမှီဝဲလျက် ဤသို့သဘောရှိသည့်ကျောင်း၌ ဤသို့သောဣရိယာပုထ်ဖြင့် ဤမည်သောအချိန်ကာလတွင် ပထမဈာန်ကိုရဖူးပြီဟု ဆင်ခြင်မှတ်သားရာ၏။ ထိုရသည့်သမာဓိပျောက်ကွယ်ခဲ့သော် ဤအခြင်းအရာတို့ကို ရှေးအတိုင်းပြည့်စုံစေခြင်းဖြင့် ပထမဈာန်ကိုပြန်လည်ဖြစ်စေနိုင်၏။

အလားတူပင် လိမ္မာသောစားတော်ကဲသည် အရှင်သခင်အား ချက်ပြုတ်ကျွေးမွေးရာတွင် အကြင်ဘောဇဉ်ကို အရှင်သခင်က နှစ်သက်မြတ်နိုးစွာ သုံးဆောင်စားသောက်၏။ ထိုဘောဇဉ်ကို မှတ်သား၍ နောက်နေ့များ၌ အရှင်သခင်ကြိုက်နှစ်သက်သည့်ဘောဇဉ်တို့ဖြင့်လုပ်ကျွေးရာ ဆုလာဘ်များစွာရလေ၏။

ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဈာန်ရသည့်ခဏ၌ ဘောဇဉ်စသောအခြင်းအရာတို့ကို မှတ်သား၍ ထိုရသောသမာဓိပျောက်ပျက်သွားပါက ထိုအခြင်းအရာတို့ကို ပြည့်စုံစေခြင်းဖြင့် ပထမဈာန်သမာဓိကို ပြန်လည်ထူထောင်နိုင်ပါသည်။

မြတ်စွာဘုရားဟောကြားထားသည်မှာ ကျွမ်းကျင်လိမ္မာ၍ ပညာရှိသော အချို့သောရဟန်းသည် ကိလေသာကို ပူလောင်ခြောက်သွေ့ကင်းပျောက်စေတတ်သည့် သမ္မပ္ပဓာန်လုံ့လ၊ အောက်မေ့အမှတ်ရမှုသတိနှင့် ကောင်းစွာဆင်ခြင်နိုင်သောဉာဏ်ရှိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာငါးပါးဟူသည့်လောက၌ ရမ္မက်အဘိဇ္ဈာ၊ နှလုံးမသာမှုဒေါသတို့ကို ပယ်ဖျောက်ပြီးလျှင် ရုပ်ပေါင်းကိုယ်၌ ရုပ်အပေါင်းမျှဟု အဖန်တလဲလဲရှု၍နေ၏။ ခံစားမှုဝေဒနာအပေါင်း၌ ခံစားမှုမျှဟု အဖန်တလဲလဲရှု၍နေ၏။ ကြံသိမှုစိတ်အပေါင်း၌ စိတ်ဟုအဖန်တလဲလဲရှု၍နေ၏။ သဘောတရားအပေါင်း၌ သဘောတရားမျှဟု အဖန်တလဲလဲရှု၍နေ၏။

"ထိုရဟန်း၏စိတ်သည် တည်ကြည်၏။ စိတ်ကိုညစ်ညူးစေတတ်သောကိလေသာတို့သည် ပျောက်ကင်းကုန်၏။ ထိုရဟန်းသည် ထိုစိတ်တည်ကြည်ကြောင်း, ကိလေသာပျောက်ကြောင်း အခြင်းအရာနိမိတ်ကို သိမ်းဆည်းမှတ်သား၏။ ထိုကျွမ်းကျင်လိမ္မာ၍ ပညာရှိသောရဟန်းသည် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေကြောင်းဖြစ်သော သမာဓိကိုရ၏။ အမှတ်ရမှုသတိနှင့်သမ္ပဇဉ်ဉာဏ်ကိုလည်းရ၏။ ထိုသို့ရခြင်းသည် အဘယ်ကြောင့်နည်းဟူမူထိုကျွမ်းကျင်လိမ္မာ၍ပညာရှိသောရဟန်းသည် မိမိစိတ်၏တည်ကြည်ကြောင်း,

http://www.dhammadownload.com



ကိလေသာကင်းပျောက်ကြောင်းအခြင်းအရာနိမိတ်ကို မှတ်သားထားသောကြောင့်ပေတည်း။

အခြင်းအရာနိမိတ်ကိုမှတ်သား၍ ထိုအခြင်းအရာတို့ကိုပြည့်စုံစေသောယောဂီအား အပ္ပနာ မျှသာလျှင် ပြည့်စုံ၏။ ရှည်ကြာမြင့်စွာကား မတည်။ သမာဓိ၏ဘေးရန်ဖြစ်သော နီဝရဏတရားတို့ကို ကောင်းစွာသုတ်သင်ပါက ကြာမြင့်စွာတည်နိုင်၏။ မှန်ပေ၏။ ကာမ ဂုဏ်တို့၏အပြစ်ကို ဆင်ခြင်ခြင်းစသည်တို့ဖြင့် ကာမစ္ဆန္ဒကို ကောင်းစွာမခွါဘဲ၊ ကာယ ပဿဒ္ဓိ၏အစွမ်းဖြင့် ကိုယ်၏ပူပန်ခြင်းကို ကောင်းစွာငြိမ်းအေးအောင်မပြုဘဲ စ၍အားထုတ် ခြင်းအာရဗ္ဘဓာတ်ကို နှလုံးသွင်းခြင်းစသည်ဖြင့် ထိန, မိဒ္ဓကို ကောင်းစွာမပယ်နှုတ်ဘဲ အ ခြားသောသမာဓိ၏ဘေးရန်ဖြစ်သည့်တရားတို့ကို ကောင်းစွာမသုတ်သင်ဘဲ ဈာန်ကိုဝင်စား ပါက ထိုရဟန်းသည် မသုတ်သင်ရသေးသည့်ဝါးခေါင်းထဲသို့ဝင်သောပိတုန်းကဲ့သို့၊ ဘေး ရန်မရှင်းလင်းရသေးသည့်ဥယျာဉ်သို့ဝင်သောမင်းကဲ့သို့ လျင်မြန်စွာပင် ဈာန်မှထွက်၏။

အကြင်ရဟန်းသည်ကား သမာဓိ၏ဘေးရန်ဖြစ်သောတရားတို့ကို ကောင်းစွာသုတ် သင်ရှင်းလင်းပြီးမှ ဈာန်ဝင်စားသဖြင့် ကောင်းစွာသုတ်သင်ရှင်းလင်းပြီးသောဝါးခေါင်း ထဲသို့ ဝင်သောပိတုန်းကဲ့သို့ ဘေးရန်ကိုကောင်းစွာရှင်းလင်းပြီးသည့်ဥယျာဉ်သို့ဝင်သော မင်းကဲ့သို့ တစ်နေ့လုံးသော်လည်း ဈာန်သမာပတ်အတွင်း၌သာ တည်နေနိုင်၏။

ထို့ကြောင့် ကြာမြင့်စွာတည်ခြင်းကို အလိုရှိသောယောဂီသည် သမာဓိ၏ဘေးရန် ဖြစ်သောနီဝရဏတို့ကို သုတ်သင်စင်ကြယ်စေ၍ ဈာန်ကိုဝင်စားအပ်၏။ သမာဓိဘာဝနာ ပြန့်ပြောခြင်းငှာ ရတိုင်းသောပဋိဘာဂနိမိတ်ကို ပွါးအပ်၏။ ဥပစာရဘာဝနာသို့ရောက် လျှင်ဖြစ်စေ၊ အပ္ပနာဘာဝနာသို့ရောက်လျှင်ဖြစ်စေ၊ ပဋိဘာဂနိမိတ်ကို ပွါးအပ်၏။

**နိမိတ်ကိုပွားသောနည်း**

ယောဂီပုဂ္ဂိုလ်သည် ပဋိဘာဂနိမိတ်ကို သပိတ်ခွက်ယောက်ကိုပွားစေသောနည်း၊ မုန့် ကိုပွါးစေသောနည်း၊ ထမင်းကိုပွါးစေသောနည်း၊ နွယ်ကိုပွားစေသောနည်း၊ အဝတ်ကိုပွါး စေသောနည်းတို့ဖြင့် မပွါးစေဘဲ ဥပမာအားဖြင့်

(၁). လယ်ထွန်ယောက်ျားသည် ထွန်ရမည့်နေရာကို ထွန်ဖြင့်သတ်မှတ်ပိုင်းခြား၍ ထိုအပိုင်း အခြားအတွင်း၌သာ ထွန်သကဲ့သို့လည်းကောင်း၊

(၂) သိမ်ကိုသမုတ်ကြသောရဟန်းတို့သည် ရှေးဦးစွာ သိမ်နိမိတ်တို့ကိုမှတ်သားပြီးမှ သိမ်ကိုသမုတ်ကြသကဲ့သို့လည်းကောင်း၊

ဤအတူပင် တစ်လက်သစ်, နှစ်လက်သစ်, သုံးလက်သစ်စသည်ဖြင့် အတိုင်းအရှည် ကိုစိတ်ဖြင့်ပိုင်းခြား၍ ပိုင်းခြားထားသည့်အရပ်တိုင်အောင် ရထားသောနိမိတ်ကို ပွါးစေ အပ်၏။ မပိုင်းခြားဘဲမပွါးစေအပ်ပါ။ ထို့နောက်မှ တစ်ထွာ, တစ်တောင်, ကျောင်းဦး, ကျောင်း ပိုင်း, ရွာ, နိဂုံး, ဇနပုဒ်, တိုင်းပြည်, သမုဒ္ဒရာစသည်ဖြင့် တိုးချဲ့ပိုင်းခြား၍ စကြဝဠာတိုင်အောင်

http://www.dhammadownload.com



ပွါးစေအပ်၏။ ထိုထက်လွန်၍လည်း ပွါးစေအပ်၏။

ဥပမာ ဟင်္သာငှက်တို့သည် အတောင်များပေါက်သောအချိန်မှစ၍ အနည်းငယ် အနည်းငယ် ကောင်းကင်သို့ပျံသန်းလျက် အလေ့အကျင့်ပြု၍ အစဉ်အတိုင်း လ, နေတို့၏ အထံသို့ သွားကြသကဲ့သို့ ဤအတူပင် ရဟန်းယောဂီသည် ဆိုအပ်ပြီးသောနည်းအတိုင်း နိမိတ်ကိုပွါးစေ၏။ ထိုနိမိတ်ပွားစေရာအရပ်၌ ပထဝီမြေကြီး၏ မြင့်ရာနိမ့်ရာ မြစ်ချောင်း, ချောက်တောင်စသည်တို့သည် စို့နှက်၍ဖြန့်ကြက်ထားသည့် နွားရေကြီးကဲ့သို့ တစ်ပြေးညီညာစွာထင်၏။

ထိုပဋိဘာဂနိမိတ်၌ ပထမဈာန်ကို ရပြီးကာစယောဂီသည် ဈာန်ဝင်စားခြင်းများသူ ဖြစ်ရာ၏။ ဈာန်ကို ဆင်ခြင်ခြင်းများသူ မဖြစ်ရာ။ ဆင်ခြင်များသောယောဂီအား ဈာန်အင်္ဂါတို့သည် ရုန့်ရင်းကြမ်းတမ်းကုန်သည်ဖြစ်၍ အားနည်းလျက်ထင်ကုန်၏။ အထက်ဈာန်သို့တက်ခြင်းငှာ အကြောင်းပစ္စည်းအဖြစ်သို့မရောက်။ ပထမဈာန်ကို ကျေပွန်စွာမဝင်စားလျှင် အထက်ဈာန်ကိုရအောင် အားထုတ်ပါသော်လည်း မရနိုင်ဘဲ ပထမဈာန်မှပင် လျှောကျဆုံးရှုံးနိုင်၏။

"ရဟန်းတို့–ဥပမာသော်ကား မညီညွတ်သောတောင်၌ လှည့်လည်ကျက်စားရန် မလိမ္မာသော ကျက်စားရာခေတ်ကိုမသိသောနွားမသည် မရောက်ဖူးသောအရပ်သို့ ရောက်အောင် မစားဖူးသောမြက်ကို စားရအောင် မသောက်ဖူးသောရေကို သောက်ရအောင် အကြံဖြစ်၍ ရှေ့ခြေကို မြဲမြံစွာမတည်စေဘဲ နောက်ခြေကိုကြွမိသဖြင့် လျှောကျရာ၏။ ထိုနွားမသည် မရောက်ဖူးသောအရပ်သို့လည်းမရောက်၊ မစားဖူးသောမြက်ကိုလည်း မစားရ၊ မသောက်ဖူးသောရေကိုလည်းမသောက်ရ၊ မူလအရပ်သို့လည်းချမ်းသာစွာ ပြန်မရောက်ပေရာ။ ထိုသို့ဖြစ်ခြင်းမှာ ထိုမိုက်မဲသောနွားမသည် မညီညွတ်သောတောင်၌ လှည့်လည်ကျက်စားခြင်းငှာ မကျွမ်းကျင်မလိမ္မာသောကြောင့်ပေတည်း။

"ရဟန်းတို့–––ဤအတူပင် သာသနာတော်၌ သမာဓိ၏ဘေးရန်တို့ကို သုတ်သင်ဖို့ရန်နားမလည်သော ကာမတို့မှကင်းဆိတ်၍ ပထမဈာန်ကိုကျေညက်နိုင်နင်းစွာဝင်စားရန် ဉာဏ်မသက်ဝင်သော အထက်ဈာန်၏အခြေခံဖြစ်သည့်ခေတ်ကို မသိသောရဟန်းသည် "ငါသည် ဝိတက်, ဝိစာရတို့ငြိမ်းခြင်းကြောင့်ဖြစ်သော ဒုတိယဈာန်ကို ပြည့်စုံစေ၍နေရလျှင် ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုရဟန်းသည် ဝိတက်, ဝိစာရတို့ငြိမ်းခြင်းကြောင့် ဒုတိယဈာန်ကိုဝင်စား၍နေခြင်းငှာ မတတ်နိုင်။ ကာမတို့မှကင်းဆိတ်၍ ပထမဈာန်ကိုဝင်စား၍နေခြင်းငှာလည်း မစွမ်းနိုင်။ ဤရဟန်းကို ပထမဈာန်, ဒုတိယဈာန်ဟူသော ဈာန်နှစ်ပါးစုံမှ လျှောကျသူ, ဆုတ်ယုတ်ဆုံးရှုံးသူဟူ၍ ဆိုအပ်၏"ဟု မြတ်စွာဘုရားဟောကြားတော်မူ၏။

http://www.dhammadownload.com



ဝသီဘော်(၅)ပါး

ပထမဈာန်ရပြီးသောပုဂ္ဂိုလ်သည် ဝသီဘော်ငါးတန်ဖြင့် ကျွမ်းကျင်နိုင်နင်းအောင် လေ့ကျင့်ရာ၏။

(၁) အာဝဇ္ဇနဝသီ –ပထမဈာန်ကို(ဝါ)ဈာန်အင်္ဂါတို့ကို အလိုရှိရာအရပ်၊ အလိုရှိရာအခါ အလိုရှိသမျှ အာဝဇ္ဇန်းဖြင့် လျင်မြန်စွာဆင်ခြင်နိုင်သောစွမ်းရည်။

ပထမဈာန်မှစ၍ ရှေးဦးစွာ ဝိတက်ကိုဆင်ခြင်သောယောဂီအား ဘဝင်ကိုဖြတ်၍ ဖြစ်သော အာဝဇ္ဇန်း၏အခြားမဲ့၌ ဝိတက်ကိုအာရုံပြုသောဇော လေးကြိမ် သို့မဟုတ် ငါး ကြိမ်တို့ဖြစ်ကုန်၏။ ထို့နောက်စလနဘဝင်, ဥပစ္ဆေဒဘဝင်ဟု ဘဝင်နှစ်ကြိမ်ဖြစ်၏။ ထို့ နောက် ဝိစာရလျှင် အာရုံရှိသော အာဝဇ္ဇန်းဖြစ်ပြီးလျှင် ဝိစာရကိုပင်အာရုံပြုသောဇော လေးကြိမ် သို့မဟုတ် ငါးကြိမ်ဖြစ်၏။ အလားတူပင် ပီတိ, သုခ, ဧကဂ္ဂတာတို့ကို တစ်ခု ပြီးတစ်ခု ဆက်လက်ဆင်ခြင်သောဝီထိတို့ဖြစ်၏။

ဤသို့ဈာန်အင်္ဂါတို့၌ အကြင်အခါ အခြားမရှိဘဲ စိတ်ကိုစေလွှတ်ခြင်းငှာ တတ်နိုင် ၏။ ထိုအခါ ထိုပုဂ္ဂိုလ်အား အာဝဇ္ဇနဝသီသည်ပြီး၏။ ဘဝင်နှစ်ကြိမ်ခြားခြင်း၊ ဇောလေး ကြိမ်ဖြစ်ခြင်းရှိသော အဝဇ္ဇနဝသီသည် အထွတ်အထိပ်သို့ရောက်သောဝသီဖြစ်၏။ ဤသို့ သောဝသီကို မြတ်စွာဘုရားယမိုက်ပြာဋိဟာပြတော်မူသောအခါ၌ ရအပ်၏။ အရှင်မဟာ မောဂ္ဂလာန်စသောပုဂ္ဂိုလ်တို့လည်း ဤသို့သောသဘောရှိသောအခါ၌ ရအပ်၏။ ဤဘဝင် နှစ်ကြိမ်ခြားခြင်း, ဇောလေးကြိမ်ဖြစ်ခြင်းထက် ပိုလျင်မြန်သောအာဝဇ္ဇနဝသီသည် မရှိချေ။

(၂) သမာပဇ္ဇနဝသီ – အလိုရှိရာအရပ်၊ အလိုရှိရာအခါကာလ၌ လျင်မြန်စွာ ဈာန်ဝင်စား နိုင်သောစွမ်းရည်သည် သမာပဇ္ဇနဝသီမည်၏။

နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမရာ၌ အရှင်မဟာမောဂ္ဂလာန်၏ လျင်မြန်စွာ ဈာန်ဝင်စား နိုင်သောစွမ်းရည်သည် သမာပဇ္ဇနဝသီဖြစ်၏။

(၃) အဓိဋ္ဌာနဝသီ –လက်ဖျစ်တစ်တွက်အတိုင်းအရှည်ရှိသော ခဏပတ်လုံးဖြစ်စေ၊ လက် ဖျစ်ဆယ်တွက်အတိုင်းအရှည်ရှိသော ခဏပတ်လုံးဖြစ်စေ ဈာန်ကို တည်စေခြင်းငှာ စွမ်းနိုင်ခြင်းသည် အဓိဋ္ဌာနဝသီမည်၏။

(၄) ဝုဋ္ဌာနဝသီ –လက်ဖျစ်တစ်တွက်ဖြစ်စေ လက်ဖျစ်ဆယ်တွက်ဖြစ်စေ ဈာန်ဝင်စား ၍ဈာန်မှလျင်မြန်စွာထခြင်းငှာစွမ်းနိုင်ခြင်းသည် ဝုဋ္ဌာနဝသီမည်၏။

အထက်ပါ အဓိဋ္ဌာနဝသီနှင့် ဝုဋ္ဌာနဝသီတို့ကိုပြခြင်း၌ ဗုဒ္ဓရက္ခိတမထေရ်၏ဝတ္ထု ကိုဆိုသင့်၏။ အရှင်မဟိန္ဒမထေရ်တို့ ဆင်းသက်ရာလိုဏ်ဂူ၌ မဟာရောဟနဂုတ္တမထေရ် အား သုံနာပြုစုရန် တန်ခိုးရှင်ရဟန္တာသုံးသောင်းတို့ကြွလာကြ၏။ ထိုသူတို့အထဲတွင် ရဟန်းရှစ်ဝါရှိသော ဗုဒ္ဓရက္ခိတမထေရ်လည်း ပါဝင်၏။

http://www.dhammadownload.com



ထိုအရှင်သူမြတ်တို့ ထိုင်နေစဉ် မဟာရောဟနဂုတ္တမထေရ်အား ယာဂုကပ်သောနဂါးမင်းကိုသုတ်ချီရန် ဂဠုန်မင်းသည် ကောင်းကင်မှထိုးဆင်းလာ၏။ ဖုဒ္ဓရက္ခိတမထေရ်သည် ချက်ချင်းပင် တောင်ကိုဖန်ဆင်း၍ နဂါးမင်းကို လက်မောင်း၌ကိုင်လျက် ထိုတောင်ခေါင်းထဲသို့ ဆွဲသွင်းလိုက်၏။ ဂဠုန်မင်းသည် တောင်၌တိုက်ခတ်မိ၍ ထွက်ပြေးလေ၏။

ထိုအခါ မဟာရောဟနဂုတ္တမထေရ်ကြီးက "အို–ငါ့ရှင်တို့ အကယ်၍သာ ဖုဒ္ဓရက္ခိတမရှိလျှင် ငါတို့အားလုံးပင် ကဲ့ရဲ့ဖွယ်ရာ ဖြစ်ကြရကုန်အံ့"ဟုမိန့်ဆိုလေ၏။

(၅) **ပစ္စဝေက္ခဏာဝသီ** – ဈာန်အင်္ဂါတို့ကို အလိုရှိရာအရပ်၊ အလိုရှိရာအခါ၊ ဆင်ခြင်ရာ၌ အာဝဇ္ဇန်း၏အခြားမဲ့၌ဖြစ်ကြသော ဇောတို့၏ လျင်မြန်စွာရှုဆင်ခြင်နိုင်သော စွမ်းရည်ဖြစ်၏။ ထိုဇောတို့သည် ဈာန်အင်္ဂါအသီးသီးကို ရှုဆင်ခြင်သောဇောတို့ဖြစ်၏။

* ဒုတိယဈာန်ကိုပြခြင်း

ဝသီငါးပါး၌ နိုင်နင်းအောင်လေ့ကျင့်ပြီးသောပုဂ္ဂိုလ်သည် လေ့ကျင့်အပ်ပြီးသည့် ပထမဈာန်မှထ၍ "ဤပထမဈာန်သမာပတ်သည် နီဝရဏာဟူသောရန်သူနှင့် နီးကပ်၏"ဟု အပြစ်ကိုမြင်၍ "ဒုတိယဈာန်သည် ငြိမ်သက်သောတရား"ဟုနှလုံးသွင်း၏။ ပထမဈာန်၌ နှစ်သက်တွယ်တာခြင်းကို ကုန်ခန်းစေ၏။ ဒုတိယဈာန်ကိုရခြင်းငှာ ဘာဝနာ အားထုတ်ခြင်းကို ပြုအပ်၏။

ထိုသို့အားထုတ်သောယောဂီပုဂ္ဂိုလ်သည် အကြင်အခါ ပထမဈာန်မှထ၍ သတိနှင့်ပြည့်စုံလျက် ဈာန်အင်္ဂါတို့ကိုဆင်ခြင်ရာ ဝိတက်, ဝိစာရတို့သည် ရုန့်ရင်းကြမ်းတမ်းသောအားဖြင့် ထင်ကုန်၏။ ပီတိ၊ သုခ၊ ဧကဂ္ဂတာတို့ကမူ ငြိမ်သက်သောအားဖြင့်ထင်ကုန်၏။ ထိုအခါ ရုန့်ရင်းသောဈာန်အင်္ဂါတို့ကို ပယ်ခြင်းငှာ ငြိမ်သက်သည့်အင်္ဂါတို့ကို ရခြင်းငှာ ပထဝီကသိုဏ်း၏ ပဋိဘာဂနိမိတ်ကိုပင်လျှင် "ပထဝီ၊ ပထဝီ"ဟု အဖန်တလဲလဲ နှလုံးသွင်း၏။

ဒုတိယဈာန်ဖြစ်လတ္တံ့သော ဇောဝါရ၌ ဘဝင်ကိုဖြတ်၍ ထိုပထဝီကသိုဏ်း၏ပဋိဘာဂနိမိတ်ကိုပင် အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းသည် ဖြစ်၏။ ထို့နောက် ထိုနိမိတ်ကိုပင်အာရုံပြုလျက် ဇောလေးကြိမ်, ငါးကြိမ်ဖြစ်၏။ ထိုဇောတို့တွင် အဆုံးဇောသည် ရူပါဝစရ ဒုတိယဈာန်ဇောပေတည်း။ ကြွင်းသောဇောသုံးကြိမ်, လေးကြိမ်တို့သည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု အမည်ရကြသည့် ကာမာဝစရဇောတို့ပေတည်း။ (အပ္ပနာဝီထိမှာ ပထမဈာန်အပ္ပနာဝီထိအတိုင်းပင်ဖြစ်၏။)

ဤဘာဝနာအစဉ်ဖြင့် ယောဂီပုဂ္ဂိုလ်သည် ဝိတက်, ဝိစာရတို့ငြိမ်းခြင်းကြောင့် အတွင်းအဇ္ဈတ္တခေါ်မိမိ၏သန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော ဧကောဒိခေါ် သမာဓိကို

http://www.dhammadownload.com



ပွားစေတတ်သော ဝိတက်, ဝိစာရမရှိဘဲ သမာဓိကြောင့်ဖြစ်သည့် ပီတိ, သုခရှိသောဒုတိယ ဈာန်ကို ပြည့်စုံစေ၍နေ၏။ ဤသို့နေသည့်ယောဂီသည် အင်္ဂါနှစ်ပါးပယ်ပြီးသည်ဖြစ်၍ အင်္ဂါသုံးပါးရှိသော ကောင်းခြင်းသုံးပါး, လက္ခဏာဆယ်ပါးတို့နှင့်လည်းပြည့်စုံသော ပထဝီကသိဏ်းလျှင်အာရုံရှိသော ဒုတိယဈာန်ကိုရ၏။

ဒုတိယဈာန်၏အာနိသင်

"ဝိတက်, ဝိစာရတို့၏ငြိမ်းခြင်းကြောင့်"ဟူသည်မှာ ဝိတက်, ဝိစာရဟူသောတရား နှစ်ပါးတို့ငြိမ်းခြင်း၊ ၎င်းတို့ကိုလွန်မြောက်ခြင်း၊ ဒုတိယဈာန်ခဏ၌ ၎င်းတို့မရှိခြင်းကို ဆိုလို၏။

ပထမဈာန်၌ဖြစ်သော ဖဿစသည့်တရားတို့ကတခြား၊ ဒုတိယဈာန်၌ဖြစ်သည့် ဖဿ စသောတရားတို့ကတခြား၊ ပထမဈာန်၌ဖြစ်သောတရားအားလုံးပင် ဒုတိယဈာန်၌မရှိကြ။ ထိုသို့ဖြစ်သော်လည်း ရုန့်ရင်းသောအင်္ဂါကိုလွန်မြောက်ခြင်းကြောင့် ပထမဈာန်မှ တခြား ဖြစ်သော ဒုတိယဈာန်စသည်တို့ကို ရပေသည်"ဟုပြလိုသောကြောင့် "ဝိတက်, ဝိစာရ တို့၏ငြိမ်းခြင်းကြောင့်"ဟု ဟောတော်မူ၏။

"အတွင်းအဇ္ဈတ္တ"ဟူသည်မှာ "နိယကဇ္ဈတ္တ"ကိုဆိုလို၏။ "မိမိသန္တာန်၌ဖြစ်သော တရားအပေါင်း"ဟုအနက်ရ၏။

"ကြည်စေတတ်သော"တရားမှာ "သဒ္ဓါ"ဖြစ်၏။ သဒ္ဓါနှင့်ယှဉ်ခြင်းကြောင့် ဈာန်ကို လည်း ကြည်လင်စေတတ်၏ဟုဆိုရ၏။ တစ်နည်းမှာ ထိုဒုတိယဈာန်သည် သမ္ပသာဒန ဟုဆိုအပ်သော သဒ္ဓါနှင့်ပြည့်စုံခြင်းကြောင့်လည်းကောင်း၊ ဝိတက်, ဝိစာရတို့၏ချောက် ချားမှုမှငြိမ်းခြင်းကြောင့်လည်းကောင်း စိတ်ကိုကြည်စေတတ်၏။

"ဧကောဒိ"ဆိုသည်ကား မြတ်သည်ဖြစ်၍ သူ့ထက်ကဲတတ်, ဖြစ်တတ်၏။ ဝိတက်, ဝိစာရတို့က မလွှမ်းမိုး, မနှိပ်စက်သောကြောင့် မြတ်သည်ဖြစ်၍ တက်တတ်၏ဟု ဆိုလို၏။

လောက၌ မြတ်သောသဘောကိုလည်း "ဧကော"ဟုဆိုအပ်၏။ တစ်နည်းမှာ ဝိတက်, ဝိစာရကင်းခြင်းကြောင့် အဖော်မမှီး တစ်ဦးတည်းတက်တတ်သောကြောင့် "ဧကောဒိ" ဟုဆိုအပ်၏။

တစ်နည်းကား မြတ်သည်အဖြစ်ကြောင့် "ဧက"မည်၏။ သမ္ပယုတ်တရားတို့ကို ထစေတတ်သောကြောင့် "ဥဒိ"မည်၏။ ထိုနှစ်ပါးအပေါင်းကို "ဧကောဒိ"ဟုဆိုအပ်၏။ ဤဧကောဒိဟူသောအမည်သည် သမာဓိ၏အမည်ပေတည်း။

ဒုတိယဈာန်သည် ဧကောဒိ–မည်သောသမာဓိကိုပွားစေတတ်သောကြောင့် "ဧကောဒိ ဘာဝ"မည်၏။ ထိုဧကောဒိသည် စိတ်၏ဧကောဒိဖြစ်၏။ တိတ္ထိတို့ကြံအပ်သော အသက် ဇီဝ၏ဧကောဒိမဟုတ်။ ထို့ကြောင့် ဒုတိယဈာန်ကို "စေတသောဧကောဒိဘာဝံ"စိတ်၏ တစ်ခုတည်းအဖြစ်ကိုပွါးစေခြင်း"ဟုဆိုအပ်၏။

http://www.dhammadownload.com



စောဒနာဦးအံ့၊ 'သဒ္ဓါ'နှင့်'ဧကောဒိ'မည်သော်သမာဓိတို့သည် ပထမဈာန်၌လည်း ရှိသည်မဟုတ်ပါလော၊ သို့ပါလျက် အဘယ့်ကြောင့် ဤဒုတိယဈာန်ကိုသာလျှင် 'သမ္ပသာဒနံ'– ကြည်စေတတ်သောသဒ္ဓါနှင့်ပြည့်စုံခြင်း၊ 'ဧကောဒိဘာဝံ'–စိတ်၏တစ်ခုတည်းအဖြစ်ကိုပွါးစေခြင်းဟု ဟောတော်မူပါသနည်း။

အဖြေကား ပထမဈာန်သည် ဝိတက်, ဝိစာရတို့၏တုန်လှုပ်ချောက်ချားခြင်းကြောင့် လှိုင်းတံပိုးထသောရေကဲ့သို့ ကောင်းစွာကြည်လင်သည် မဖြစ်။ ထို့ကြောင့် သဒ္ဓါယင်ရှိသော်လည်း 'ကြည်စေတတ်သော'ဟူ၍မဆိုအပ်။ ကောင်းစွာမကြည်လင်သောကြောင့်လည်း ထိုပထမဈာန်၌ သမာဓိသည်လည်း ကောင်းစွာမထင်ရှားပေ။ ထို့ကြောင့် အပေါင်းအဖော်မရှိဘဲ တက်တတ်သည့်အဖြစ် 'ဧကောဒိဘာဝ'ဟူ၍လည်း မဆိုအပ်ပါ။

ဒုတိယဈာန်၌ကား ဝိတက်, ဝိစာရတို့၏နှောင့်ယှက်မှုမရှိခြင်းကြောင့် သဒ္ဓါသည် အခွင့်ရ၍ အားကောင်း၏။ အားကြီးသောသဒ္ဓါဟူသည့်အဖော်ကိုရခြင်းကြောင့် သမာဓိသည်လည်း ထင်ရှား၏။ ထို့ကြောင့် ဒုတိယဈာန်ကိုသာလျှင် 'သမ္ပသာဒနံ စေတသော ဧကောဒိ ဘာဝံ'ဟု ဟောတော်မူ၏။

"ဝိတက်လည်းမရှိ ဝိစာရလည်းမရှိ"ဆိုသည်ကား ဘာဝနာဖြင့်ပယ်အပ်သောကြောင့် ဒုတိယဈာန်၌ ဝိတက်မရှိ၊ ထို့ကြောင့် ထိုဈာန်သည် 'အဝိတက္က'မည်၏။ ဝိစာရလည်းမရှိ၊ ထို့ကြောင့် 'အဝိစာရ'မည်၏။

ဒုတိယဈာန်၌ ဝိတက်နှင့်ဝိစာရတို့သည် ချုပ်ခြင်း, အေးခြင်း, ငြိမ်းခြင်း, ပျက်ခြင်း, ပျောက်ခြင်း, ကုန်ခြင်း, ခြောက်သွေ့ခြင်း, အထူးသဖြင့်ကုန်ခြင်း, ခြောက်သွေ့ခြင်းသို့ ရောက်ကုန်၏။ သို့ဖြစ်၍ ဒုတိယဈာန်သည် 'အဝိတက္က အဝိစာရ'ဟု ဆိုအပ်၏။

"သမာဓိကြောင့်ဖြစ်သော"ဟူသောစကားကို ပထမဈာန်၌မဆိုဘဲ ဒုတိယဈာန်၌ အဘယ်ကြောင့်ဆိုရသနည်း။

"သမာဓိဇံ=သမာဓိကြောင့်ဖြစ်သော"ဟူသည်ကား ပထမဈာန်သည် ယှဉ်ဖက်သမာဓိကြောင့် ဖြစ်၏။ ဒုတိယဈာန်သည်လည်း ယှဉ်ဖက်သမာဓိကြောင့် ဖြစ်၏။ သို့သော်လည်း ဒုတိယဈာန်သမာဓိကိုသာလျှင် ဝိတက်, ဝိစာရတို့၏တုန်လှုပ်ချောက်ချားခြင်းကင်းသဖြင့် အလွန်လှုပ်ခြင်းမရှိသောကြောင့်လည်းကောင်း၊ ကောင်းစွာကြည်လင်သောကြောင့်လည်းကောင်း၊ သမာဓိဟု ဆိုထိုက်ပေ၏။ ဒုတိယဈာန်၏ဂုဏ်ကျေးဇူးကို ချီးမွမ်းခြင်းငှာ ဤဒုတိယဈာန်ကိုသာလျှင် "သမာဓိဇံ=သမာဓိဖြစ်သော"ဟု ဟောတော်မူ၏။

"ပယ်အပ်သောအင်္ဂါနှစ်ပါး၊ ပြည့်စုံသောအင်္ဂါသုံးပါး"ဟူရာ၌ ဝိတက်, ဝိစာရတို့ကို ပယ်ခြင်းအားဖြင့် အင်္ဂါနှစ်ပါးပယ်ပြီးဖြစ်သည်ကို သိအပ်၏။ ဆက်၍ပြဦးအံ့၊ ပထမဈာန်၏ ဥပစာရခဏ၌ နီဝရဏတို့ကိုပယ်အပ်သကဲ့သို့ ထိုအတူ ဒုတိယဈာန်၏ ဥပစာရခဏ၌ ဝိတက်, ဝိစာရတို့ကို ပယ်အပ်သည်မဟုတ်ပေ။ ဒုတိယဈာန်၏ အပ္ပနာခဏ၌

http://www.dhammadownload.com



သာလျှင် ထိုဝိတက်, ဝိစာရတို့နှင့်ကင်းရှင်း၍ဖြစ်၏။ ထို့ကြောင့် ထိုဝိတက်, ဝိစာရတို့ကို ဒုတိယဈာန်၏ ပယ်အပ်သောအင်္ဂါနှစ်ပါးဟူ၍ ဆိုအပ်၏။

ပီတိ, သုခ, စိတ္တေကဂ္ဂတာဟူသော ဤသုံးပါးတို့၏ဖြစ်ခြင်းအစွမ်းဖြင့် သုံးပါးသော အင်္ဂါနှင့်ပြည့်စုံသည်အဖြစ်ကို သိအပ်၏။

* တတိယဈာန်ကိုပြခြင်း

ယောဂီပုဂ္ဂိုလ်သည် ရအပ်ပြီးသောဒုတိယဈာန်ကို ဝသီဘော်ငါးတန်နိုင်နင်းအောင် လေ့ကျင့်ပြီးသော် ထိုကျေပွန်စွာလေ့ကျင့်ထားသည့် ဒုတိယဈာန်မှထ၍ သတိသမ္ပဇဉ်ဖြင့် ဈာန်အင်္ဂါတို့ကို ဆင်ခြင်၏။ "ဤဒုတိယဈာန်သမာပတ်သည် ဝိတက်, ဝိစာရဟူသော ရန်သူနှင့်နီးကပ်၏။ ထိုဒုတိယဈာန်၌စိတ်၏တက်ကြွခြင်း, လျှပ်ပေါ်ခြင်းသဘောဖြစ်သော ပီတိသည် ရန့်ရင်းကြမ်းတမ်း၏၊ ဒုတိယဈာန်ကို ရန့်ရင်းစေ၏။ ပီတိ၏ရန့်ရင်းကြမ်းတမ်းခြင်းကြောင့် ဈာန်အင်္ဂါအားနည်း၏။ သုခနှင့်ဧကဂ္ဂတာတို့သည် ငြိမ်သက်သည်အဖြစ် ထင်၏။ တတိယဈာန်သည် သုခ, ဧကဂ္ဂတာဈာန်အင်္ဂါနှစ်ပါးသာရှိသဖြင့် ငြိမ်သက်သည် အဖြစ်ထင်၏။"

ထိုအခါ ယောဂီပုဂ္ဂိုလ်သည် ဒုတိယဈာန်၌အပြစ်ကိုမြင်၍ တတိယဈာန်ကိုငြိမ်သက် သည်အဖြစ် နှလုံးသွင်း၍ ဒုတိယဈာန်၌ တွယ်တာ, ငဲ့ကွက်, နှစ်သက်ခြင်းကို ကုန်စေခြင်းငှာ ရန့်ရင်းသည့်ဈာန်အင်္ဂါကိုပယ်ခြင်းငှာ ငြိမ်သက်သောဈာန်အင်္ဂါတို့ကိုရခြင်းငှာ တတိယ ဈာန်ကိုရခြင်းငှာ ပထဝီကသိုဏ်း၏ပဋိဘာဂနိမိတ်ကိုပင် "ပထဝီ၊ ပထဝီ"ဟူ၍ အဖန် တလဲလဲနှလုံးသွင်း၏၊ အားထုတ်ခြင်းကို ပြု၏။

တတိယဈာန်ဖြစ်ပေါ်လတ္တံ့သောဇောဝါရ၌ ဘဝင်ကိုဖြတ်၍ ထိုပထဝီကသိုဏ်းနိမိတ် ကိုပင်အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းဖြစ်၏။ ထို့နောက် ထိုအာရုံကိုပင်အာရုံပြု၍ ဇောလေး ကြိမ်, ငါးကြိမ်ဖြစ်၏။ ထိုဇောတို့တွင် နောက်ဆုံးဇောသည် ရူပါဝစရတတိယဈာန်ဇော ပေတည်း။ ကြွင်းသောဇောတို့သည်ကား ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုဟုအမည်ရသော ကာမာဝစရဇောတို့ပေတည်း။ (အပ္ပနာဇောဝီထိပုံစံသည် ပထမဈာန်အပ္ပနာဇောဝီထိပုံစံ အတိုင်းပင် ဖြစ်၏)

ဤမျှသောဘာဝနာအစဉ်ဖြင့် ထိုယောဂီပုဂ္ဂိုလ်သည် ပီတိ၏ကင်းခြင်းကြောင့် ပီတိကို လျစ်လျူရှုသည်ဖြစ်၍ နေ၏။ သတိရှိလျက် သမ္ပဇဉ်ခေါ် ဆင်ခြင်ဉာဏ်နှင့်ပြည့်စုံလျက် နေ၏။ ကာယိကသုခ, စေတသိကသုခကို ရူပကာယ, နာမကာယဖြင့် ခံစား၏။ ထိုတတိယ ဈာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို တတိယဈာန်ဟူသောအကြောင်းကြောင့် ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် လျစ်လျူရှုသူ, သတိနှင့်ပြည့်စုံသူ, ချမ်းသာစွာနေသူဟူ ၍ချီးမွမ်းကြကုန်၏။

http://www.dhammadownload.com



ထိုတတိယဈာန်ကိုဝင်စား၍နေသောယောဂီပုဂ္ဂိုလ်သည် အင်္ဂါတစ်ပါးကိုပယ်၍ အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ကောင်းခြင်းသုံးပါး, လက္ခဏာဆယ်ပါးတို့နှင့်လည်းပြည့်စုံသော ပထဝီကသိုဏ်းလျှင်အာရုံရှိသော တတိယဈာန်ကို ရသည်ဖြစ်၏။

**တတိယဈာန်၏အာနိသင်**

**"ပီတိ၏ကင်းခြင်းကြောင့်"** ဟုဆိုရာ၌ ပီတိကိုစက်ဆုပ်ခြင်း, ပီတိကိုလွန်ခြင်း, ငြိမ်းစေခြင်းတို့ကြောင့် ပီတိကင်းခြင်းဟုဆိုလို၏။

**"လျစ်လျူရှုသည်ဖြစ်၍နေ၏"** ဟုဆိုရာ၌ အသင့်အားဖြင့်ရှုတတ်သောကြောင့် အညီ အညွတ်ရှုတတ်သောကြောင့် ဥပေက္ခာမည်၏။ သုခဘက်သို့လည်းမကျ၊ ဒုက္ခဘက်သို့လည်းမကျဘဲ ရှုတတ်၏။ သန့်ရှင်းသော ပြန့်ပြောကြီးမားသော မြဲစွာခိုင်ခံ့သည့်အဖြစ်သို့ရောက်သော ဥပေက္ခာနှင့်ပြည့်စုံသောကြောင့် တတိယဈာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို လျစ်လျူရှုသူဟူ၍ ဆိုအပ်၏။

ဥပေက္ခာသည် ဆယ်ပါးအပြားရှိ၏–

(၁) **ဆဠင်္ဂုပေက္ခာ** –"ဤသာသနာတော်၌ ရဟန္တာသည် မျက်စိဖြင့်ရူပါရုံကိုမြင်၍ဝမ်းမြောက်မှုမဖြစ်၊ နှလုံးမသာခြင်းမဖြစ်၊ သတိ, သမ္ပဇဉ်နှင့်ပြည့်စုံစွာ လျစ်လျူရှုလျက်နေ၏"ဟု ဟောတော်မူသည်နှင့်အညီ ရဟန္တာတို့၏ဒွါရခြောက်ပါး၌ ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့ထင်လတ်သော် စင်ကြယ်ခြင်းဟူသော ပကတိသဘောကိုမစွန့်သည့်အခြင်းအရာဖြင့်ဖြစ်သော ဥပေက္ခာသည် ဆဠင်္ဂုပေက္ခာမည်၏။

(၂) **ဗြဟ္မဝိဟာရုပေက္ခာ** – သတ္တဝါတို့၌ "ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏"ဟုရှုလျက်အလယ်အလတ်သဘောရှိသည့် အခြင်းအရာဖြင့်ဖြစ်သောဥပေက္ခာသည် ဗြဟ္မဝိဟာရုပေက္ခာမည်၏။

(၃) **ဗောဇ္ဈင်္ဂုပေက္ခာ** – တကွဖြစ်ဖက်တရား(သဟဇာတ်တရား)တို့အား လျစ်လျူရှုသည့်အခြင်းအရာဖြင့်ဖြစ်သော သဟဇာတ်တရားတို့တွင် အလယ်အလတ်သဘောရှိသော ဥပေက္ခာသည် ဗောဇ္ဈင်္ဂုပေက္ခာမည်၏။

(၄) **ဝီရိယုပေက္ခာ** – မတင်းလွန်း, မလျော့လွန်းသောဝီရိယဟု ဆိုအပ်သော ဥပေက္ခာသည် ဝီရိယုပေက္ခာမည်၏။

(၅) **သင်္ခါရုပေက္ခာ** – နီဝရဏစသည်တို့ကို ရှုဆင်ခြင်၍ သိမ်းဆည်း၍ တည်ခြင်းယူခြင်း၌အလယ်အလတ်သဘောရှိသည့် ပညာဟူသောဥပေက္ခာသည် သင်္ခါရုပေက္ခာမည်၏။

(၆) **ဝေဒနုပေက္ခာ** – ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော ဝေဒနာဟူသည့်ဥပေက္ခာသည် ဝေဒနုပေက္ခာမည်၏။

(၇) **ဝိပဿနုပေက္ခာ** – ခန္ဓာငါးပါးကို ဆင်ခြင်သုံးသပ်ရာ၌ အလယ်အလတ်သဘောရှိ

http://www.dhammadownload.com



သော ပညာဟူသည့်ဥပေက္ခာသည် ဝိပဿနုပေက္ခာမည်၏။

(၈) တတြမဇ္ဈတ္တုပေက္ခာ – သဟဇာတ်တရားတို့ကို အညီအမျှဆောင်တတ်သော ဥပေက္ခာသည် တတြမဇ္ဈတ္တုပေက္ခာမည်၏။

(၉) ဈာနုပေက္ခာ – မြတ်သောသုခပင်ဖြစ်စေကာမူ ထိုတတိယဈာန်သုခ၌ အဖော်မရှိခြင်းသို့ကျစေတတ်သောဥပေက္ခာသည် ဈာနုပေက္ခာမည်၏။

(၁၀)ပါရိသုဒ္ဓုပေက္ခာ – အလုံးစုံသောဆန့်ကျင်ဘက်တရားတို့မှစင်ကြယ်သော ဆန့်ကျင်ဘက်တရားတို့ကိုငြိမ်းစေခြင်း၌ ကြောင့်ကြမရှိသောဥပေက္ခာသည် ပါရိသုဒ္ဓုပေက္ခာမည်၏။

ထိုဥပေက္ခာဆယ်မျိုးတွင် ဆဠင်္ဂုပေက္ခာ၊ ဗြဟ္မဝိဟာရုပေက္ခာ၊ ဗောဇ္ဈင်္ဂုပေက္ခာ၊ တတြမဇ္ဈတ္တုပေက္ခာ၊ ဈာနုပေက္ခာ၊ ပါရိသုဒ္ဓုပေက္ခာတို့သည် အနက်သဘောအားဖြင့် တတြမဇ္ဈတ္တုပေက္ခာဖြစ်၍တူကြ၏။ ထိုထိုအခိုက်အတန့် အထူးအားလျော်စွာ တတြမဇ္ဈတ္တတာစေတသိက်၏ကိစ္စအစွမ်းဖြင့် ကွဲပြားခြင်းဖြစ်၏။

သင်္ခါရုပေက္ခာနှင့်ဝိပဿနုပေက္ခာတို့လည်း အနက်သဘောအားဖြင့် ပညာဖြစ်၍တူကြ၏။ ထိုပညာသည်ပင် ကိစ္စအစွမ်းဖြင့် နှစ်ပါးပြား၏။

"လျစ်လျူရှု၍နေ၏"ဟူသောစကား၌ ဈာနုပေက္ခာကို အလိုရှိအပ်၏။ ဈာနုပေက္ခာသည်အလယ်အလတ်ဖြစ်သောသဘောလျှင် မှတ်ကြောင်းလက္ခဏာရှိ၏။ အလွန်မွန်မြတ်သောတတိယဈာန်ကိုသော်လည်း နှလုံးမသွင်းခြင်းကိစ္စရှိ၏။ ခံစားအံ့ဟုကြောင့်ကြမစိုက်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ပီတိကိုစက်ဆုပ်ခြင်းလျှင်နီးသောအကြောင်းရှိ၏။

ဈာနုပေက္ခာသည် သဘောအားဖြင့် တတြမဇ္ဈတ္တုပေက္ခာဖြစ်၍ ဤစေတသိက်သည် ပထမဈာန်, ဒုတိယဈာန်တို့၌လည်းရှိ၏။ သို့ပါသော်လည်း "လျစ်လျူရှုသည်ဖြစ်၍နေ၏" ဟူသောစကားကို ပထမဈာန်, ဒုတိယဈာန်တို့၌မဆိုဘဲ အဘယ့်ကြောင့် တတိယဈာန်၌ ဆိုရသနည်း။

အဖြေကား သမ္ပယုတ်တရားတို့၏ချောက်ချားခြင်းကိုပြုတတ်သော ဝိတက်, ဝိစာရ, ပေါ်လွင်ခြင်းကိုပြုတတ်သောပီတိတို့ လွှမ်းမိုးအပ်သည်အဖြစ်ကြောင့် ပထမဈာန်, ဒုတိယဈာန်တို့၌ တတြမဇ္ဈတ္တတာ၏ကိစ္စသည် မထင်သည်ဖြစ်၏။ တတိယဈာန်၌မူ တတြမဇ္ဈတ္တတာသည် ဝိတက်, ဝိစာရ, ပီတိတို့ မလွှမ်းမိုးအပ်သောကြောင့် ခေါင်းထောင်သကဲ့သို့ဖြစ်၍ ပေါ်လွင်ထင်ရှားသော ကိစ္စရှိလာ၏။ ထို့ကြောင့် တတိယဈာန်၌သာ "လျစ်လျူရှုသည်ဖြစ်၍နေ၏"ဟု ဆိုခြင်းဖြစ်ပေသည်။

"သတိရှိ၍ ပညာအဆင်အခြင် သမ္ပဇဉ်နှင့် ပြည့်စုံ၍"ဟူသော စကား၏အဓိပ္ပါယ်ကို ဖွင့်ပြပါအံ့။ သတိသည် အောက်မေ့အမှတ်ရခြင်း လက္ခဏာရှိ၏၊ မမေ့မလျော့ခြင်းကိစ္စရသရှိ၏၊ ကိလေသာတို့မှ စောင့်ရှောက်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ သမ္ပဇဉ

http://www.dhammadownload.com



သည် ကောင်းစွာအပြားအားဖြင့် သိတတ်သောသဘောရှိ၍ မတွေဝေခြင်း လက္ခဏာရှိ၏၊ ဆုံးခန်းတိုင်အောင် ကူးခပ်နိုင်သောကိစ္စရသရှိ၏၊ စိစစ်စုံစမ်းခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။

သတိနှင့်သမ္ပဇညတို့သည် ပထမဈာန်, ဒုတိယဈာန်တို့၌လည်း ရှိပေ၏၊ မှန်၏၊ သတိလွတ်ကင်း၍ သမ္ပဇဉ်ပညာကင်းသောသူအား ဥပစာရမျှလည်း မပြည့်စုံနိုင်၊ အပ္ပနာဈာန်မူကား ဆိုဖွယ်ရာမရှိ၊ ထိုသို့ရှိပါသော်လည်း ထိုဈာန်တို့၏ရုန့်ရင်းသည်အဖြစ်ကြောင့် မြေ၌ ယောကျ်ား၏သွားခြင်းသည် လွယ်ကူသကဲ့သို့ ထိုဈာန်တို့၌ စိတ်၏ဖြစ်ခြင်းသည် လွယ်ကူ၏။ သို့အတွက် ထိုဈာန်တို့၌ သတိနှင့်သမ္ပဇဉ်ကိစ္စသည် မထင်ရှားပေ။

ရုန့်ရင်းသောအင်္ဂါကိုပယ်ခြင်းအားဖြင့် တတိယဈာန်သည် သိမ်မွေ့၏။ ထိုသို့သိမ်မွေ့ခြင်းကြောင့် သင်တုန်းဓားသွားပေါ်တွင် သတိ, သမ္ပဇဉ်ဖြင့် ယောကျ်ားသွားရသကဲ့သို့ သတိ,သမ္ပဇဉ်ဖြင့်သိမ်းဆည်း၍ စိတ်၏ဖြစ်ခြင်းကို အလိုရှိအပ်၏။ ထို့ကြောင့် ဤတတိယဈာန်၌သာလျှင် "သတိရှိ၍ ပညာအဆင်အခြင် သမ္ပဇဉ်နှင့်ပြည့်စုံ၍"ဟူသောစကားကို ဆိုအပ်ပေ၏။

ထို့အပြင် နို့စို့နွားငယ်ကို အမိနွားမကြီးမှခွဲ၍ မစောင့်ရှောက်ဘဲထားခဲ့သော် နွားငယ်သည် အမိနွားမထံ ကပ်ပြန်သကဲ့သို့ ဤအတူပင် တတိယဈာန်သုခသည် ပီတိမှခွဲထားသည်ဖြစ်၍ သတိ, သမ္ပဇဉ်တို့ဖြင့် မစောင့်ရှောက်ပါမူ ပီတိသို့တစ်ဖန် ကပ်လေရာ၏၊ ပီတိနှင့်ယှဉ်သည်သာဖြစ်၏။

တစ်နည်းဆိုသော် သတ္တဝါတို့သည် ချမ်းသာသုခ၌ လွန်စွာတပ်မက်နှစ်သက်ကြကုန်၏၊ ထိုတတိယဈာန်သုခသည်လည်း အလွန်ကောင်းမြတ်သောချမ်းသာသုခဖြစ်၏၊ ထိုသုခထက် လွန်မြတ်သောချမ်းသာသုခဟူ၍မရှိ။ စင်စစ်မှာသတိသမ္ပဇဉ်၏အာနုဘော်ဖြင့် ဤတတိယဈာန်သုခ၌ တပ်မက်ခြင်းမရှိခြင်းဖြစ်ပေ၏၊ အခြားသောအခြင်းအရာအားဖြင့် တပ်မက်မှုမရှိခြင်းဖြစ်သည်မဟုတ်ပေ။ ဤအနက်ထူးကိုပြခြင်းငှာ "သတိရှိ၍ ပညာအဆင်အခြင် သမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍"ဟူသောစကားကို တတိယဈာန်၌သာလျှင် ဟောတော်မူအပ်၏။

"ကိုယ်ဖြင့်ချမ်းသာကိုခံစား၏"–တတိယဈာန်နှင့်ပြည့်စုံသူ၌ နာမကာယနှင့်ယှဉ်သော သုခသည်ရှိ၏၊ ထိုသုခကြောင့် အလွန်မြတ်သောစိတ္တဇရုပ်ဖြင့် ထိုပုဂ္ဂိုလ်၏ရူပကာယသည် ပျံ့နှံ့၏၊ ထိုသို့ပျံ့နှံ့သောကြောင့် ဈာန်မှထသော်လည်း တတိယဈာန်နှင့်ပြည့်စုံသူသည် ကာယိကသုခကိုခံစားသောကြောင့် "ကိုယ်ဖြင့်ချမ်းသာကို ခံစား၏"ဟု ဆိုအပ်၏။

"တတိယဈာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို ဘုရားစသောအရိယာသူတော်ကောင်းတို့သည် လျစ်လျူရှုနိုင်သူ၊ သတိကောင်းသူ၊ ချမ်းသာစွာနေလေ့ရှိသူဟုချီးမွမ်းကြ

http://www.dhammadownload.com



ကုန်၏" အဘယ်ကြောင့် ဤသို့ချီးမွမ်းကုန်သနည်း။ ချီးမွမ်းခြင်းငှာထိုက်သောကြောင့် ချီးမွမ်း၏။

ဤတတိယဈာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် အလွန်ကောင်းမြတ်သည့်သုခရှိသော သုခ၏အထွတ်အမြတ်သို့ရောက်သော တတိယဈာန်၌သော်လည်း လျစ်လျူရှုနိုင်၏၊ ထိုတတိယဈာန်၌ သုခမှာကပ်ငြိသောတဏှာသည် သူ့ကိုမဆွဲငင်နိုင်။ ထို့အပြင် ပီတိ မဖြစ်ပေါ်နိုင်အောင် သတိထင်သောကြောင့် သတိနှင့်ပြည့်စုံပေ၏။ ထို့အပြင် အရိယာ သူတော်ကောင်းတို့ မှီဝဲထိုက်သည့် မညစ်နွမ်းသောစေတသိကသုခကို နာမကာယဖြင့် ခံစား၏၊ ဤအကြောင်းသုံးပါးကြောင့် ချီးမွမ်းခြင်းငှာထိုက်ပေ၏။

"တတိယဈာန်"ဟုခေါ်ဆိုခြင်းမှာ အရေအတွက်အစဉ်အားဖြင့် သုံးခုမြောက်သော ဈာန် ဖြစ်သောကြောင့်တည်း။ ဤဈာန်ကိုသုံးကြိမ်မြောက်ဝင်စားအပ်သောကြောင့်လည်း တတိယဈာန်မည်၏၊ ပယ်သောအင်္ဂါတစ်ပါးမှာ ပီတိဖြစ်၍-ပြည့်စုံအပ်သောအင်္ဂါနှစ်ပါးမှာ သုခနှင့်စိတ္တေကဂ္ဂတာတို့ဖြစ်ကြ၏။

* စတုတ္ထဈာန်ကိုပြခြင်း

ယောဂီပုဂ္ဂိုလ်သည် ရအပ်ပြီးသောတတိယဈာန်ကို ဝသီဘော်ငါးတန်နိုင်နင်းအောင် လေ့ကျင့်ပြီးသော် ထိုကျေပွန်စွာလေ့ကျင့်ထားသည့် တတိယဈာန်မှထ၍ ထိုဈာန်ကိုဆင်ခြင်၏-"တတိယဈာန်သမာပတ်သည် ပီတိတည်းဟူသော ရန်သူနှင့်နီး၏၊ထိုတတိယဈာန် ၌ အကြင်အင်္ဂါကို သုခဟူ၍ စိတ်ကနှလုံးသွင်း၏၊ ဤသုခဖြင့်သာလျှင် ထိုတတိယဈာန် ကို ရုန့်ရင်းကြမ်းတမ်း၏ဟု ဟောအပ်၏၊ ဤသို့ဆိုအပ်သော သုခ၏ရုန့်ရင်းခြင်းကြောင့် အင်္ဂါအားနည်း၏။"

ဤသို့ တတိယဈာန်၌အပြစ်ကိုမြင်၍ သုခမရှိသောစတုတ္ထဈာန်သည် ငြိမ်သက်၏ ဟူ၍ နှလုံးသွင်း၏၊ ထိုအခါ တတိယဈာန်၌ ငြိကပ်တွယ်တာခြင်းကိုကုန်စေပြီးလျှင် စတုတ္ထဈာန်ကိုရခြင်းငှာ ဘာဝနာအားထုတ်ခြင်းကိုပြုအပ်၏။

ထိုသို့အပတ်တကုတ်အားထုတ်လေသော် အကြင်အခါ တတိယဈာန်မှထ၍ သတိ ရှိလျက် သမ္ပဇဉ်ခေါ်ဆင်ခြင်ခြင်းနှင့်ပြည့်စုံလျက် ဈာန်အင်္ဂါတို့ကိုဆင်ခြင်ရာ စေတသိက သောမနဿဝေဒနာဟုဆိုအပ်သော သုခသည် ရုန့်ရင်းသည်အဖြစ်ထင်လာ၏၊ ဥပေက္ခာ ဝေဒနာနှင့် စိတ္တေကဂ္ဂတာတို့သည် ငြိမ်သက်သောအားဖြင့် ထင်လာ၏။ ထိုအခါရုန့်ရင်း သောအင်္ဂါကိုပယ်ခြင်းငှာ ငြိမ်သက်သော အင်္ဂါကိုရစေခြင်းငှာ ထိုပထဝီကသိဏ်းပဋိဘာဂ နိမိတ်ကိုပင် "ပထဝီ၊ ပထဝီ"ဟူ၍ အဖန်တလဲလဲနှလုံးသွင်း၏။

စတုတ္ထဈာန်ဖြစ်ပေါ်လတ္တံ့သောအခါ၌ ဘဝင်ကိုဖြတ်၍ ထိုပထဝီကသိဏ်းနိမိတ် ကိုပင် အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းဖြစ်၏၊ ထို့နောက် ထိုအာရုံကိုပင်အာရုံပြု၍ ဇောလေး

http://www.dhammadownload.com



ကြိမ်,ငါးကြိမ်ဖြစ်၏။ ထိုဇောတို့တွင် နောက်ဆုံးဇောသည် ရူပါဝစရစတုတ္ထဈာန်ဇော ပေတည်း။ ကြွင်းသောဇောတို့သည်ကား ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုဟုအမည်ရ သော ကာမာဝစရဇောတို့ပေတည်း။

ထူးခြားချက်ကား သုခဝေဒနာသည် အဒုက္ခမသုခဝေဒနာ(ဝါ)ဥပေက္ခာဝေဒနာအား အာသေဝနပစ္စည်းဖြင့် ကျေးဇူးမပြုပေ။ စတုတ္ထဈာန်၌လည်း ဥပေက္ခာဝေဒနာသည် ဖြစ်သင့် ၏။ ဤအကြောင်းနှစ်ပါးကြောင့် ထိုပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုနှင့် စတုတ္ထဈာန်ဇော တို့သည် ဥပေက္ခာဝေဒနာနှင့်ယှဉ်ကုန်၏။ ဤသို့ ဥပေက္ခာဝေဒနာနှင့်ယှဉ်သောကြောင့် လည်းကောင်း၊ ရှေးတတိယဈာန်၌ပင် ပီတိကိုပယ်ပြီးဖြစ်သောကြောင့်လည်းကောင်း စတုတ္ထဈာန်သည် ပီတိမှယုတ်လေ၏။

ဤမျှသောဘာဝနာအစဉ်ဖြင့် ယောဂီပုဂ္ဂိုလ်သည် ရှေးမဆွကပင် သုခကိုပယ်ခြင်း ကြောင့်လည်းကောင်း၊ ဒုက္ခကိုပယ်ခြင်းကြောင့်လည်းကောင်း၊ ရှေးမဆွကပင် သောမနဿ ဝေဒနာ, ဒေါမနဿဝေဒနာတို့၏ချုပ်ခြင်းကြောင့် အဒုက္ခမသုခဟုဆိုအပ်သည့် ဥပေက္ခာ သည် ဖြစ်စေအပ်သော သတိ၏စင်ကြယ်ခြင်းရှိသောစတုတ္ထဈာန်ကို ဝင်စား၍နေ၏။ ထိုပုဂ္ဂိုလ်သည် အင်္ဂါတစ်ပါးကိုပယ်၍ အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ကောင်းခြင်းသုံးဖြာ, လက္ခဏာဆယ်ပါးတို့နှင့်လည်း ပြည့်စုံသော ပထဝီကသိုဏ်းလျှင်အာရုံရှိသော စတုတ္ထ ဈာန်ကို ရသည်ဖြစ်၏။

### စတုတ္ထဈာန်၏အာနိသင်

"သုခကိုပယ်ခြင်းကြောင့်လည်းကောင်း၊ ဒုက္ခကိုပယ်ခြင်းကြောင့်လည်းကောင်း" ဆိုသည်ကား ကာယိကသုခကိုလည်းကောင်း၊ ကာယိကဒုက္ခကိုလည်းကောင်းပယ်ခြင်း ကြောင့်ဟု ဆိုလို၏။

"ရှေးမဆွကပင်"ဆိုသည်ကား ထိုသို့ပယ်ခြင်းသည် ရှေးကပင် ပယ်ခြင်းဖြစ်၏။ စတုတ္ထဈာန်ခဏ၌ ပယ်သည်မဟုတ်ဟုဆိုလို၏။

"သောမနဿဝေဒနာ, ဒေါမနဿဝေဒနာတို့၏ချုပ်ခြင်းကြောင့်" ဆိုသည်ကား စေတသိကသုခနှင့် စေတသိကဒုက္ခတို့၏ ရှေးဦးကပင်ချုပ်ခြင်းကြောင့် ပယ်ခြင်းကြောင့်ဟု ဆိုလို၏။

ဘယ်အခါ၌ ထိုသုခ, ဒုက္ခ, သောမနဿ, ဒေါမနဿဝေဒနာတို့ကို ပယ်သနည်းဟူမူ လေးပါးသောဈာန်တို့၌ ဥပစာရခဏ၌ ပယ်၏။ ချဲ့၍ရှင်းဦးအံ့၊ သောမနဿကို စတုတ္ထဈာန် ၏ဥပစာခဏ၌သာပယ်၏၊ ဒုက္ခ, ဒေါမနဿ, သုခတို့ကို ပထမဈာန်, ဒုတိယဈာန်, တတိယ ဈာန်တို့၏ဥပစာခဏအသီးသီးတို့၌ ပယ်အပ်ကုန်၏။ ထိုသို့ဆိုသော်လည်း ဥပစာခဏ၌ ချုပ်သည်ဆိုရုံမျှသာဖြစ်၏၊ ဈာန်ရောက်သောအခါ၌သာ အလွန်အကဲချုပ်ခြင်းဖြစ်၏။

http://www.dhammadownload.com



ဒုက္ခိန္ဒြေ(ဝါ)ဒုက္ခသည် ပထမဈာန်၏ဥပစာရ၌ ချုပ်ခါမျှဖြစ်၍ ပထမဈာန်၌အကြွင်းမဲ့ချုပ်၏။ ဥပစာခဏ၌ မှက်, ခြင်စသည်တို့ကိုက်ခဲခြင်း၊ နေထိုင်သည့် နေရာမညီညွတ်ခြင်း၊ ပင်ပန်းပူဆာခြင်းတို့ကြောင့် ဒုက္ခိန္ဒြေဖြစ်တန်ရာ၏၊ အပ္ပနာ၏အတွင်း၌မဖြစ်တန်ရာ။ အပ္ပနာအတွင်း၌ ပီတိကြောင့်ဖြစ်သောရုပ်တို့ဖြင့် ကိုယ်ကိုနှံ့ခြင်းကြောင့် ကိုယ်အလုံးသည် သုခသက်ဝင်ပျံ့နှံ့လျက်ရှိ၏။ ထိုအခါ ဒုက္ခိန္ဒြေသည် ကောင်းစွာချုပ်၏။ အဘယ်ကြောင့် ဆိုသော် ဆန့်ကျင်ဘက်တရားက ပယ်သတ်ပြီးဖြစ်သောကြောင့်တည်း။

ဒေါမနဿိန္ဒြေ(ဝါ)ဒေါမနဿသည် ဒုတိယဈာန်၏ဥပစာရ၌ ချုပ်ခါမျှဖြစ်၏၊ ဒုတိယဈာန်၌ကား အကြွင်းမဲ့ချုပ်၏၊ ဒုတိယဈာန်၏ဥပစာ၌ ဝိတက်, ဝိစာရတို့ကို မပယ်ရသေး၊ သို့အတွက် ဝိတက်, ဝိစာရလျှင်အကြောင်းအထောက်အပံ့ရှိသော ကိုယ်ပင်ပန်းခြင်း, စိတ်ပင်ပန်းခြင်းတို့ဖြစ်သော် ဒေါမနဿိန္ဒြေဖြစ်တန်ရာ၏။ ဒုတိယဈာန်၌ကား ဝိတက်, ဝိစာရတို့ကိုပယ်ပြီးဖြစ်၍ ဒေါမနဿိန္ဒြေမဖြစ်တော့ချေ။

သုခိန္ဒြေ(ဝါ)သုခသည် တတိယဈာန်၏ဥပစာရ၌ ချုပ်ခါမျှဖြစ်၏၊ တတိယဈာန်၌ကား အကြွင်းမဲ့ချုပ်၏။ တတိယဈာန်၏ဥပစာ၌ ပီတိကြောင့်ဖြစ်သော မွန်မြတ်သည့်ရုပ်ဖြင့် သုခိန္ဒြေသည် ဖြစ်နိုင်ရာ၏။ တတိယဈာန်၌ကား ကာယိကသုခ၏အကြောင်းဖြစ်သော ပီတိသည် အလုံးစုံချုပ်ပြီးဖြစ်သောကြောင့် သုခိန္ဒြေမဖြစ်တော့ချေ။

သောမနဿိန္ဒြေ(ဝါ)သောမနဿသည် စတုတ္ထဈာန်၏ဥပစာရ၌ ချုပ်ခါမျှဖြစ်၏၊ စတုတ္ထဈာန်၌ကား အကြွင်းမဲ့ချုပ်၏။ စတုတ္ထဈာန်၏ဥပစာ၌ သောမနဿိန္ဒြေနှင့်နီးကပ်သောကြောင့်လည်းကောင်း၊ အပ္ပနာသို့ရောက်သောဥပေက္ခာမရှိသဖြင့် ကောင်းစွာမလွန်ခြင်းကြောင့်လည်းကောင်း၊ သောမနဿိန္ဒြေဖြစ်နိုင်ရာ၏၊ စတုတ္ထဈာန်၌ကားမဖြစ်တော့ချေ။

စောဒနာခြင်း--ဒုက္ခ, ဒေါမနဿ, သုခ, သောမနဿဝေဒနာတို့ကို ထိုထိုဈာန်၏ဥပစာ၌ ပယ်အပ်ကုန်သည်ဖြစ်ပါလျက် အဘယ်ကြောင့် ဤစတုတ္ထဈာန်၌သာ စုပေါင်း၍ဆိုသနည်း။

အဖြေကား လွယ်ကူစေခြင်းအကျိုးကိုဆောင်ခြင်းငှာ ဆိုပေ၏။ ချဲ့ဦးအံ့။

(၁) အဒုက္ခမသုခဝေဒနာသည် ဒုက္ခလည်းမဟုတ်၊ သုခလည်းမဟုတ်၊ ဥပေက္ခာဝေဒနာဖြစ်၏၊ဒုက္ခသုခကဲ့သို့မရှန့်ရင်းဘဲ သိမ်မွေ့၏၊ သိရန်ခက်၏၊ ဉာဏ်ဖြင့်လွယ်ကူစွာဖမ်းယူခြင်းငှာ မတတ်ကောင်း။ ဥပမာ--ဆိုးသွမ်း၍ ဖမ်းယူရန်မတတ်ကောင်းသောနွားကို လွယ်ကူစွာဖမ်းယူခြင်းငှာ နွားထိန်းသည် နွားအပေါင်းကိုခြံထဲသွင်းပြီးနောက် တစ်ကောင်ချင်းထွက်စေ၏၊ ဤနည်းဖြင့် နွားဆိုးကိုဖမ်းယူနိုင်၏၊ ထို့အတူပင် မြတ်စွာဘုရားသည် အလုံးစုံသောဝေဒနာတို့ကို စတုတ္ထဈာန်၌ စု၍ဟောတော်မူ၏၊ ဝေဒနာတို့ကိုပြပြီးလျှင် ဒုက္ခလည်းမဟုတ်၊ သုခလည်းမဟုတ်၊ ဒေါမနဿလည်းမဟုတ်၊ သောမနဿလည်းမဟုတ်

http://www.dhammadownload.com



သော ဝေဒနာသည် အဒုက္ခမသုခ(ဥပေက္ခာ)ဝေဒနာပင်တည်းဟု ဖမ်းယူခြင်းငှာ စွမ်းနိုင်ပေ၏။

(၂) တစ်နည်းကား–အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော စိတ်၏ဆန့်ကျင်ဘက်တရားတို့မှ လွတ်ကြောင်းဖြစ်သော စတုတ္ထဈာန်သမာပတ်၏ရခြင်းအကြောင်းကိုပြခြင်းငှာ ဝေဒနာတို့ကို စတုတ္ထဈာန်၌စု၍ ဟောတော်မူ၏။

(၃) တစ်နည်းကား–သက္ကာယဒိဋ္ဌိစသည်တို့ကို အခြားသောအောက်မဂ်တို့၌ ပယ်ပြီးဖြစ်စေကာမူ တတိယမဂ်၏ဂုဏ်ကျေးဇူးကိုချီးမွမ်းခြင်းငှာ တတိယမဂ်၌ ပယ်အပ်ကုန်၏ဟုဆိုသကဲ့သို့ ထို့အတူ စတုတ္ထဈာန်၏ဂုဏ်ကိုချီးမွမ်းခြင်းငှာ ထိုဝေဒနာတို့ကို စတုတ္ထဈာန်၌စု၍ ဟောတော်မူ၏။

(၄) တစ်နည်းကား–စတုတ္ထဈာန်၌ အကြောင်းကိုပယ်သတ်ခြင်းဖြင့် အကျိုးဖြစ်သော ရာဂနှင့်ဒေါသတို့၏အလွန်ဝေးကွာခြင်းကိုပြခြင်းငှာ ထိုဝေဒနာတို့ကို ဟောတော်မူ၏။ မှန်၏၊ ထိုဝေဒနာတို့တွင် သုခသည် သောမနဿ၏အကြောင်းဖြစ်၏၊ သောမနဿသည် ရာဂ၏အကြောင်းဖြစ်၏၊ ဒုက္ခသည် ဒေါမနဿ၏အကြောင်းဖြစ်၏။ ထို့ကြောင့် သုခစသည့်အကြောင်းတို့ကိုပယ်သတ်သဖြင့် စတုတ္ထဈာန်သည် အကြောင်းနှင့်တကွဖြစ်သော ရာဂနှင့်ဒေါသတို့ကို ပယ်သတ်ပြီးဖြစ်၍ အလွန်ဝေးကွာကုန်သည်ဖြစ်၏။

"အဒုက္ခမသုခ"ဆိုသည်ကား ဒုက္ခမဟုတ်သောကြောင့် အဒုက္ခမည်၏၊ သုခမဟုတ်သောကြောင့် အသုခမည်၏၊ ဒုက္ခနှင့်သုခကိုပယ်သောဤစကားဖြင့် ဤစတုတ္ထဈာန်၌ ဒုက္ခ,သုခတို့၏ဆန့်ကျင်ဘက်ဖြစ်သော တတိယဝေဒနာကိုပြ၏။ ဒုက္ခ, သုခမရှိခြင်းမျှကို ပြသည်မဟုတ်၊ တတိယဝေဒနာဟူသည်ကား အဒုက္ခမသုခဝေဒနာပင်တည်း၊ "ဥပေက္ခာ" ဟူ၍လည်း ဆိုအပ်၏။

အဒုက္ခမသုခဝေဒနာသည် ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့၏အပြန်ဖြစ်သော မဇ္ဈတ္တာရုံကိုခံစားခြင်းလက္ခဏာရှိ၏၊ လျစ်လျူရှုခြင်းကိစ္စရှိ၏၊ သုခ, ဒုက္ခဟု မထင်ရှားသောအခြင်းအရာရှိ၏၊ သုခ၏ချုပ်ရာ စတုတ္ထဈာန်လျှင် နီးစွာသောအကြောင်းရှိ၏။

"ဥပေက္ခာကြောင့်ဖြစ်သောသတိ၏စင်ကြယ်ခြင်း"ဆိုသည်ကား စတုတ္ထဈာန်၌ သတိ၏ထက်ဝန်းကျင်စင်ကြယ်ခြင်းသည် တစ်ပါးသောတရားကပြုသည်မဟုတ်၊ ဥပေက္ခာသည်သာပြုအပ်၏။ ဤသတိသည်ဥပေက္ခာကြောင့်သန့်ရှင်းသည်၊ စင်ကြယ်သည်၊ ထက်ဝန်းကျင်ဖြိုးဖြိုးပြက်ပြက်ရှိသည်ဖြစ်၏။

ထိုဥပေက္ခာသည် တရားကိုယ်အားဖြင့် တတြမဇ္ဈတ္တတာဖြစ်၏။ စတုတ္ထဈာန်၌ ထိုဥပေက္ခာကြောင့် သတိသက်သက်သာ စင်ကြယ်သည်မဟုတ်၊ အလုံးစုံသောသမ္ပယုတ်တရားတို့သည်ပင် စင်ကြယ်ကုန်၏။ ထိုသို့ဖြစ်သော်လည်း သတိကို ခေါင်းဆောင်ပဓာနပြု၍ ဒေသနာကိုဟောတော်မူ၏။

http://www.dhammadownload.com



ထိုဥပေက္ခာသည် အောက်ဈာန်သုံးပါး၌လည်းရှိစေကာမူ နေ့အခါ၌ နေအလင်းရောင် လွှမ်းမိုးခြင်း၊ မိမိအား ချမ်းအေးစေခြင်းဖြင့် ကျေးဇူးပြု၍ မိမိနှင့်တူသောသဘောရှိသည့် ညဥ့်တည်းဟူသောအဖော်သဟဲကို မရခြင်းတို့ကြောင့် လရောင်သည် မစင်မကြယ်ပြီးပြီး ပြက်ပြက်မတောက်ပနိုင်သကဲ့သို့ ဤအတူ တတြမဇ္ဈတ္တုပေက္ခာတည်းဟူသော လရောင် သည်လည်း ဝိတက်အစရှိသည့် ဆန့်ကျင်ဘက်တရားတို့၏လွှမ်းမိုးခြင်း၊ သဘောတူသည့် ဥပေက္ခာဝေဒနာဟူသော ညဥ့်အဖော်သဟဲကိုမရခြင်းတို့ကြောင့် မစင်မကြယ်ဖြစ်၏။ ထို ဥပေက္ခာမစင်ကြယ်သဖြင့် သဟဇာတ်ဖြစ်ကုန်သော သတိစသည်တို့လည်း မစင်မကြယ် ဖြစ်ကုန်၏။ ထို့ကြောင့် အောက်ဈာန်သုံးပါးတွင် "ဥပေက္ခာကြောင့်ဖြစ်သောသတိ၏စင် ကြယ်ခြင်း"ဟူ၍ မဟောဘဲ စတုတ္ထဈာန်၌သာ ဟောတော်မူ၏။

"စတုတ္ထဈာန်"ဟူသည်မှာ အရေအတွက်အစဉ်အားဖြင့်စတုတ္ထမြောက်ဖြစ်သောဈာန် ကို ဖော်ပြ၏။ ဤဈာန်ကို လေးကြိမ်မြောက်ဝင်စားအပ်သောကြောင့်လည်း စတုတ္ထမည်၏။ ပယ်အပ်သောအင်္ဂါတစ်ပါးမှာ သောမနဿဝေဒနာဖြစ်၏။ ပြည့်စုံအပ်သောအင်္ဂါနှစ်ပါးမှာ ဥပေက္ခာဝေဒနာနှင့်စိတ္တေကဂ္ဂတာတို့ဖြစ်ကြ၏။

* ပဉ္စကဈာန်ကိုပြခြင်း

ပဉ္စကဈာန်ကို ဖြစ်စေလိုသောယောဂီပုဂ္ဂိုလ်သည် ဝသီဘော်ငါးတန်နိုင်နင်းအောင် လေ့ကျင့်ထားသောပထမဈာန်မှထ၍ "ဤပထမဈာန်သမာပတ်သည် နီဝရဏဟူသော ရန်သူနှင့်နီးကပ်၏၊ ဝိတက်သည် ရုန့်ရင်းကြမ်းတမ်းသောကြောင့် ဈာန်အင်္ဂါအားနည်း၏" ဟု ဆင်ခြင်၏။ ထိုပထမဈာန်၌အပြစ်ကိုမြင်၍ ဒုတိယဈာန်ကိုငြိမ်သက်သည်အဖြစ်နှလုံး သွင်း၍ ပထမဈာန်၌ငြိကပ်တွယ်တာခြင်းကို ပယ်ခွါပြီးလျှင် ဒုတိယဈာန်ကိုရခြင်းငှာ အားထုတ်မှုကိုပြုအပ်၏။

ထိုသို့အားထုတ်သည်ရှိသော် ထိုယောဂီပုဂ္ဂိုလ်သည် ပထမဈာန်မှထ၍ သတိနှင့် ပြည့်စုံလျက် သမ္ပဇဉ်ခေါ်ဆင်ခြင်ခြင်းဉာဏ်နှင့်ပြည့်စုံလျက် ဈာန်အင်္ဂါတို့ကို ဆင်ခြင်သည်ရှိ သော် ဝိတက်မျှသာ ရုန့်ရင်းကြမ်းတမ်းသောအားဖြင့်ထင်၏၊ ဝိစာရစသည်တို့သည် ငြိမ် သက်သောအားဖြင့် ထင်ကြ၏။ ထိုအခါ ရုန့်ရင်းသောအင်္ဂါကိုပယ်ခြင်းငှာ ငြိမ်သက် သောအင်္ဂါကိုရခြင်းငှာ ပထဝီကသိဏ်းပဋိဘာဂနိမိတ်ကိုပင်လျှင် "ပထဝီ, ပထဝီ"ဟူ၍ အဖန် တလဲလဲနှလုံးသွင်း၏။

ဒုတိယဈာန်ဖြစ်လတ္တံ့သောဇောဝါရ၌ ဘဝင်ကိုဖြတ်၍ ထိုပထဝီကသိဏ်းပဋိဘာဂ နိမိတ်ကိုပင် အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းဖြစ်၏၊ ထို့နောက် ထိုနိမိတ်ကိုပင်အာရုံပြုလျက် ဇောလေးကြိမ်, ငါးကြိမ်ဖြစ်၏။ ထိုဇောတို့တွင် အဆုံးဇောသည် ရူပါဝစရဒုတိယဇောပေ တည်း။ ကြွင်းသောဇောသုံးကြိမ်, လေးကြိမ်တို့သည် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုဟု

http://www.dhammadownload.com



အမည်ရကြသည့် ကာမာဝစရဈာန်တို့ပေတည်း။

ဤဒုတိယဈာန်ကို ဝသီဘော်ငါးတန်နိုင်နင်းအောင် လေ့ကျင့်ပြီးနောက် ထိုဈာန်မှထ၍ "ဤဒုတိယဈာန်သမာပတ်သည် ဝိတက်ဟူသောရန်သူနှင့် နီးကပ်၏၊ ဝိစာရသည် ရုန့်ရင်းကြမ်းတမ်းသောကြောင့် ဈာန်အင်္ဂါအားနည်း၏"ဟု ဆင်ခြင်၏၊ ထိုဒုတိယဈာန်၌ အပြစ်ကိုမြင်၍ တတိယဈာန်ကိုငြိမ်သက်သည်အဖြစ်နှလုံးသွင်း၍ ဒုတိယဈာန်၌ငြိကပ်တွယ်တာခြင်းကိုပယ်ခွါပြီးလျှင် တတိယဈာန်ကိုရခြင်းငှာ အားထုတ်မှုကိုပြုအပ်၏။ ထိုသို့အားထုတ်သည်ရှိသော် ထိုယောဂီပုဂ္ဂိုလ်သည် ဒုတိယဈာန်မှထ၍ သတိနှင့်ပြည့်စုံလျက် သမ္ပဇဉ်ခေါ် ဆင်ခြင်ဉာဏ်နှင့်ပြည့်စုံလျက် ဈာန်အင်္ဂါတို့ကိုဆင်ခြင်သည်ရှိသော် ဝိစာရသည် ရုန့်ရင်းကြမ်းတမ်းသောအားဖြင့် ထင်၏၊ ပီတိစသည်တို့သည် ငြိမ်သက်သောအားဖြင့် ထင်၏။ ထိုအခါ ရုန့်ရင်းသောအင်္ဂါကိုပယ်ခြင်းငှာ ငြိမ်သက်သောအင်္ဂါကိုရခြင်းငှာ ပထဝီကသိုဏ်းပဋိဘာဂနိမိတ်ကိုပင်လျှင် "ပထဝီ, ပထဝီ"ဟူ၍ အဖန်တလဲလဲနှလုံးသွင်း၏။

တတိယဈာန်ဖြစ်လတ္တံ့သောဇောဝါရ၌ ဘဝင်ကိုဖြတ်၍ ထိုပထဝီကသိုဏ်းပဋိဘာဂနိမိတ်ကိုပင်အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းဖြစ်၏၊ ထို့နောက် ထိုနိမိတ်ကိုပင်အာရုံပြုလျက် ဇောလေးကြိမ်, ငါးကြိမ်ဖြစ်၏။ ထိုဇောတို့တွင် အဆုံးဇောသည် ရူပါဝစရတတိယဈာန်ဇောပေတည်း။ ကြွင်းသောဇောသုံးကြိမ်, လေးကြိမ်တို့သည် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုဟုအမည်ရကြသည့် ကာမာဝစရဇောတို့ပေတည်း။

ပဉ္စကနည်းစတုတ္ထဈာန်နှင့် ပဉ္စမဈာန်တို့ကို ရအောင်အားထုတ်ပုံမှာ စတုက္ကနည်းတတိယဈာန်နှင့် စတုတ္ထဈာန်တက်ပုံနှင့် တူပါသည်။

စတုက္ကနည်းပထမဈာန်နှင့် ပဉ္စကနည်းပထမဈာန်တို့သည်တူညီကြ၏။ စတုက္ကနည်းဒုတိယဈာန်ကိုနှစ်မျိုးခွဲလျှင် အဝိတက္ကဝိစာရမတ္တနှင့် အဝိတက္ကအဝိစာရမတ္တဟူ၍ ပဉ္စကနည်းဒုတိယဈာန်နှင့်တတိယဈာန်တို့ ဖြစ်လာကြ၏။ စတုက္ကနည်းတတိယဈာန်နှင့် စတုတ္ထဈာန်တို့သည် ပဉ္စကနည်းစတုတ္ထဈာန်နှင့်ပဉ္စမဈာန်တို့ဖြစ်လာကြ၏။

### * ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေများ

၁။ သဒ္ဓါတရားထက်သန်ပြီး ပညာဉာဏ်နည်းပါးကြသော ပုဂ္ဂိုလ်တို့၏အပြစ်ကို ထင်ရှားအောင်ဖော်ပြ၍၊ဝသီငါးပါးကိုလည်း အစဉ်အတိုင်း အမည်မျှသာ ထုတ်ပြခဲ့ပါ။(၁၉၉၁)

*[အဖြေ–သဒ္ဓါတရားထက်သန်ပြီး ပညာဉာဏ်နည်းပါးကြသောပုဂ္ဂိုလ်တို့၏အပြစ်မှာ*

*(၁) မကြည်ညိုသင့်သောအရာ၌ ကြည်ညိုတတ်၏၊ မယုံကြည်သင့်သည်ကို ယုံကြည်တတ်၏၊*

*(၂) အချည်းနှီးသောပုဂ္ဂိုလ်ကိုလည်း ကြည်ညိုယုံကြည်တတ်၏။*

*ဝသီငါးပါးမှာ (၁)အာဝဇ္ဇနဝသီ၊ (၂)သမာပဇ္ဇနဝသီ၊ (၃)အဓိဋ္ဌာနဝသီ၊ (၄)ဝုဋ္ဌာနဝသီ၊ (၅)ပစ္စဝေက္ခဏဝသီတို့ ဖြစ်ပါသည်။]*

http://www.dhammadownload.com



၂။ အလုံးစုံသောအရာဌာနတို့၌ အလိုရှိအပ်သော သဗ္ဗတ္ထကကမ္မဋ္ဌာန်းသဘောကို တင်ပြပြီးလျှင်၊ သတ္တဝါတိုင်းထိတ်လန့်စေတတ်သော သံဝေဂဝတ္ထုရှစ်ပါးကိုလည်း ပြည့်စုံအောင် ဖော်ပြခဲ့ပါ။(၁၉၉၂)

*[အဖြေ–အလုံးစုံသောအရာဌာနတို့၌ အကျိုးကျေးဇူးအလွန်များသဖြင့် အလိုရှိအပ်သောသဗ္ဗတ္ထကကမ္မဋ္ဌာန်းတို့မှာ*

*(၁) မေတ္တာဘာဝနာ–မေတ္တာပွားများခြင်း၊*

*(၂) မရဏာနုဿတိ–မိမိ၏သေခြင်းကို အဖန်တလဲလဲအောက်မေ့ခြင်း၊*

*(၃) အသုဘသညာ–လူသေအလောင်းကောင်၏ရွံစဖွယ်အမှတ်သညာတို့ဖြစ်၏။*

*သံဝေဂဝတ္ထု(၈)ပါးမှာ (၁)ပဋိသန္ဓေနေခြင်း၊ (၂)အိုခြင်း၊ (၃)နာခြင်း၊ (၄)သေခြင်း၊ (၅)အပါယ်ဆင်းရဲဒုက္ခ၊ (၆)အတိတ်ကာလ၌ ဝဋ်လျှင်အကြောင်းရှိသောဒုက္ခ၊ (၇)အနာဂတ်ကာလ၌ ဝဋ်လျှင်အကြောင်းရှိသောဒုက္ခ၊ (၈)ပစ္စုပ္ပန်ကာလ၌ အာဟာရကိုရှာမှီးရခြင်းဒုက္ခတို့ပေတည်း။]*

၃။ နတ်ပြည်၌မဖြစ်သောကမ္မဋ္ဌာန်းတို့ကို ဖော်ပြပြီး၊ နိဗ္ဗာန်မျှော်မှန်း၍ တရားအားထုတ်သောပုဂ္ဂိုလ်များနှင့် မလျောက်ပတ်မပေါင်းသင်းထိုက်သော ပုဂ္ဂိုလ်မျိုးကိုလည်း ဖော်ပြခဲ့ပါ။(၁၉၉၃)

*[အဖြေ–အသုဘ(၁၀)ပါး၊ ကာယဂတာသတိ၊ အာဟာရေပဋိကူလသညာဟူသော ကမ္မဋ္ဌာန်း ၁၂ ပါးတို့သည် နတ်ပြည်၌မဖြစ်ကုန်။*

*မလျောက်ပတ် မပေါင်းသင်းထိုက်သောပုဂ္ဂိုလ်များမှာ (၁)ကိုယ်ကာယဆူဖြိုးနိုင်ခံ့အောင် အလေ့အလာများသောသူ၊ (၂)မင်ဖိုလ်နှင့်ဗိုလ်လာဆန့်ကျင်ဘက်စကားမျိုးကို ပြောတတ်သူ၊ (၃)တိရစ္ဆာနကထိကဖြစ်သော စကားအိုးပုဂ္ဂိုလ်တို့ ဖြစ်ကြသည်။]*

၄။ ဟင်းဟူသမျှ မပါလျှင်မပြီးသော ခပ်တိုင်းနိုင်ပဲခူးဆားကဲ့သို့ လူသားတို့အတွက် အမြဲလိုအပ်နေသောတရားတော်ကိုဖော်ပြ၍ အဘယ့်ကြောင့်လိုအပ်ကြောင်းကိုလည်း ရှင်းပြခဲ့ပါ။(၁၉၉၃)

*[အဖြေ–လူသားတို့အတွက် အမြဲလိုအပ်နေသောတရားတော်သည် "သတိ"ဖြစ်ပါသည်။ လိုအပ်သည့်အကြောင်းမှာ (၁)ကုသိုလ်စိတ်သည် သတိလျှင်လဲလျောင်းရာရှိ၏၊ (၂)သတိသည် စောင့်ရှောက်တတ်သောတရားဟုညာဏ်အားရှေးရှုထင်၏။ (၃)သတိနှင့်ကင်း၍ စိတ်ကိုချီးပင့်ခြင်း၊နှိပ်ကွပ်ခြင်း မပြုနိုင်သောကြောင့်တည်း။]*

၅။ ပီတိ၏(က)သား၊ (ခ)မြေး၊ (ဂ)မြစ်တို့၏အမည်များကို ရေးပြပါ။(၁၉၉၄)

*[အဖြေ–ပီတိ၏ (က) သားမှာပဿဒ္ဓိ(ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ)*

*(ခ) မြေးမှာသုခ(ကာယိကသုခ၊ စေတသိကသုခ)*

*(ဂ) မြစ်မှာသမာဓိ(ခဏိကသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိတို့ဖြစ်ကြ၏။]*

http://www.dhammadownload.com



၆။ ပထဝီကသိုဏ်းကိုရှုပွားသောယောဂီသည် ကသိုဏ်းဝန်းကိုရှုစဉ်အခါ မျက်စိမည်သို့ ထားရမည်ကို ရှင်းပြ၍၊ ရှုပွားပုံကိုလည်း သိသာရုံသဘောမျှဖော်ပြပါ။(၁၉၉၅)

*[အဖြေ – မျက်စိတို့ကို ညီညီမျှမျှဖွင့်ပြီးလျှင် ပထဝီကသိုဏ်း၌နိမိတ်ကိုယူ၍ စိတ်ဖြင့်မှတ်၍ ပွားအပ်၏။ မျက်စိကိုဖွင့်လွန်းလျှင် မျက်စိပင်ပန်း၏၊ ကသိုဏ်းဝန်းသည်လည်း ထင်လွန်းသဖြင့် ထိုပုဂ္ဂိုလ်အား ဥဂ္ဂဟနိမိတ်သည်မဖြစ်နိုင်။ မျက်စိကိုအလွန်မှေးမှေးဖွင့်သောသူအား ကသိုဏ်းဝန်းသည် မထင်လွန်းဖြစ်၏၊ စိတ်လည်းတွန့်တို၏၊ ထိုပုဂ္ဂိုလ်အားလည်း ဥဂ္ဂဟနိမိတ်မဖြစ်ပါ။ ထို့ကြောင့် ကြေးမုံမှန်၌ မျက်နှာရိပ်ကိုကြည့်ရှုသကဲ့သို့ ညီမျှသောအခြင်းအရာဖြင့် မျက်စိကိုဖွင့်၍ နိမိတ်ကိုယူကာ ရှုပွားအပ်၏။*

*ရှုပွားပုံမှာ ကာမဂုဏ်တို့၏အပြစ်ကိုဆင်ခြင်ပြီးလျှင် ကာမတို့မှလွတ်ကင်းသော ဆင်းရဲဒုက္ခအလုံးစုံမှလွတ်မြောက်ခြင်း၏အကြောင်းဖြစ်သော ဈာန်ကိုအလိုဆန္ဒရှိသည်ဖြစ်၍ ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တို့ကို တလုံလဲလဲအောက်မေ့ခြင်းဖြင့် နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေ၏။*

*"ဤအကျင့်သည် ဘုရား, အရိယာတို့ကျင့်သုံးတော်မူကြသည့် လွတ်မြောက်ကြောင်းအကျင့်ပေတည်း"ဟု အကျင့်၌အရိုအသေပြုလျက် ဤအကျင့်ဖြင့် ဝိဝေကသုခအရသာကို ခံစားရပေအံ့ဟု ကြိုးစားအားထုတ်မှုကိုဖြစ်စေ၏၊ မျက်စိတို့ကိုညီညီမျှမျှဖွင့်ပြီး ပထဝီကသိုဏ်း၌နိမိတ်ကိုယူ၍ စိတ်ဖြင့်မှတ်ကာ ရှုပွား၏။ ပထဝီကသိုဏ်းဝန်း၏အရောင်အဆင်းကို မဆင်ခြင်၊ မာခြင်း, ပျော့ခြင်းလက္ခဏာကို နှလုံးမသွင်း၊ အဆင်း၏မှီရာပထဝီဓာတ်လွန်ကဲသည့်အစွမ်းကြောင့် လောကဝေါဟာရပညတ်၌စိတ်ကိုထားလျက် "ပထဝီ၊ ပထဝီ"ဟုနှလုံးသွင်းအပ်၏။*

*ရံခါမျက်စိကိုဖွင့်၍ စေ့စေ့ကြည့်လျက် ရံခါမျက်စိကိုမှိတ်ပြီး ပြန်ဖွင့်၍ မြင်သည့်အတိုင်း ကသိုဏ်းဝန်းကိုဆင်ခြင်၏။ ကာလအရာအထောင်မကာ ဥဂ္ဂဟနိမိတ်မဖြစ်ပေါ်သမျှ မျက်စိဖွင့်တုံမှိတ်တုံ တလုံလဲလဲနှလုံးစွဲအောင်အားခဲကာ ဆင်ခြင်ပွားများ၏။*

*အကြင်အခါ မျက်စိမှိတ်၍ဆင်ခြင်စဉ် မျက်စိဖွင့်၍ကြည့်သကဲ့သို့ ကသိုဏ်းဝန်းကို ထင်မြင်လျှင် ဥဂ္ဂဟနိမိတ်ဖြစ်ပေါ်သည်မည်၏။ ထိုအခါ မိမိ၏နေရာသို့ဝင်၍ ထိုင်နေခြင်းဖြင့် ဥဂ္ဂဟနိမိတ်ကိုရှုပွားအပ်၏။ အဖန်တလဲလဲစိတ်ဖြင့်ဆင်ခြင်အပ်၏၊ ရှေးရှုခေါ်ခြင်း, ထက်ဝန်းကျင်မှခေါ်ခြင်းကို ပြုအပ်၏။ ဤသို့ပြုသောယောဂီအား နီဝရဏအမြေးအယုက်တို့သည် ကွာကုန်၏၊ ကိလေသာတို့လည်း ငြိမ်ဝပ်နစ်မြုပ်ကုန်၏။ ဥပစာရသမာဓိသည် စိတ်ကိုကောင်းစွာထားလျက် ပဋိဘာဂနိမိတ်ဖြစ်ပေါ်လာ၏။]*

၇။ "သမာဓိနှင့်ဝီရိယ ညီမျှစေရမည်"ဆိုရာတွင် ယင်းသမာဓိနှင့်ဝီရိယတို့ မညီမျှပါက ဖြစ်ပေါ်တတ်သောအပြစ်များ, ညီမျှစွာရှိက ရရှိနိုင်သောအကျိုးများကို ရှင်းလင်းညွှန်ပြပါ။ (၁၉၉၆)

http://www.dhammadownload.com



*[အဖြေ – သမာဓိနှင့်ဝီရိယတို့မညီမျှပါက ဖြစ်ပေါ်တတ်သောအပြစ်များမှာ သမာဓိလွန်ကဲသောသူအား ဝီရိယနှံ၏၊ သမာဓိသည် ပျင်းရိခြင်းအဖို့ရှိသောကြောင့် ပျင်းရိခြင်းက ဖိစီးနှိပ်စက်၏။ ဝီရိယလွန်ကဲသောသူအား သမာဓိနှံ၏၊ ဝီရိယသည် ပျံ့လွင့်ခြင်းအဖို့ရှိသောကြောင့် ဥဒ္ဓစ္စသည် လွှမ်းမိုးနှိပ်စက်၏။*

*သမာဓိနှင့်ဝီရိယ ညီမျှစွာရှိက ရရှိနိုင်သောအကျိုးများမှာ ဝီရိယနှင့်ကောင်းစွာယှဉ်အပ်သောသမာဓိသည် ပျင်းရိခြင်း၌ ကျခြင်းငှာအခွင့်မရပါ။ သမာဓိနှင့်ကောင်းစွာယှဉ်အပ်သော ဝီရိယသည် ပျံ့လွင့်ခြင်း၌ ကျခွင့်မရပါ။]*

၈။ ပညာရည်ချွန် လူရည်မွန်ဖြစ်စေရန် ဉာဏ်ပညာတိုးပွားစေကြောင်းတရားတို့ကိုပြဆိုပြီးလျှင်၊ စိတ်ဓာတ်ကိုကြည်လင်ရွှင်ပြစေလိုပါက အဘယ်တရားများကို ပွားများရပါမည်နည်း။(၁၉၉၆)

*[အဖြေ – ပညာရည်ချွန် လူရည်မွန်ဖြစ်စေရန် ဉာဏ်ပညာတိုးပွားစေကြောင်းတရားတို့မှာ ကုသိုလ်, အကုသိုလ်တရား၊ အပြစ်ရှိအပြစ်မဲ့တရား၊ ယုတ်ကုန်, မြတ်ကုန်သောတရား၊ မည်းညစ်သောအဖို့, ဖြူစင်သောအဖို့ရှိသည့်တရားတို့၌ အကြောင်းမှန်လမ်းမှန်အားဖြင့် များစွာနှလုံးသွင်းခြင်းသည် မဖြစ်သေးသောပညာကို လွန်စွာဖြစ်စေ, တိုးပွားစေ, ထက်ဝန်းကျင်ပြည့်စုံစေ၏။ တစ်နည်းသော်ကား–*

*(၁) နိကာယ်ငါးရပ်ပိဋကတ်တော်နှင့်စပ်၍ ခက်ရာခက်ဆစ်ကို မေးမြန်းတတ်ခြင်း၊*

*(၂) အတွင်းဝတ္ထု, အပြင်ဝတ္ထုတို့ကို သန့်ရှင်းစင်ကြယ်စေခြင်း၊*

*(၃) သဒ္ဓါစသောဣန္ဒြေတို့ကို ညီမျှစေခြင်း၊*

*(၄) ပညာမဲ့သောပုဂ္ဂိုလ်ကို ကြဉ်ရှောင်ခြင်း၊*

*(၅) ပညာရှိသောပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်း၊*

*(၆) နက်နဲသောဉာဏ်ဖြင့် ကျက်စားအပ်သည့်သုတ္တန်တရားတို့ကို ဆင်ခြင်ခြင်း၊*

*(၇) ထိုပညာသို့ စိတ်ကိုင်းညွတ်ခြင်းတို့ပေတည်း။*

*စိတ်ဓာတ်ကိုကြည်လင်ရွှင်ပျစေလိုပါက သံဝေဂဝတ္ထုရှစ်ပါးဟူသည်*

*(၁) ပဋိသန္ဓေနေခြင်း၊ (၂)အိုခြင်း၊ (၃)နာခြင်း၊ (၄)သေခြင်း၊*

*(၅) အပါယ်ဆင်းရဲဒုက္ခ၊ (၆)အတိတ်ကာလ၌ ဝဋ်လျှင်အကြောင်းရှိသောဆင်းရဲဒုက္ခ၊*

*(၇) အနာဂတ်ကာလ၌ ဝဋ်လျှင်အကြောင်းရင်းရှိသောဒုက္ခ၊*

*(၈) ပစ္စုပ္ပန်ကာလ၌ အာဟာရကိုရှာမှီးရခြင်းဒုက္ခတို့ကို ဆင်ခြင်ခြင်းဖြင့် စိတ်ဂိုထိတ်လန့်စေလျက် ရွှင်လန်းသန့်စွမ်းစေရ၏။*

*ထို့အပြင် ဘုရား, တရား, သံဃာတို့၏ဂုဏ်ကျေးဇူးတို့ကို အဖန်တလဲလဲအောက်မေ့ခြင်းဖြင့်လည်း စိတ်၏ကြည်လင်ရွှင်ပျခြင်းကို ဖြစ်စေရ၏။]*

http://www.dhammadownload.com



၉။ ဥဗ္ဗေဂါပီတိဖြစ်ပုံအခြင်းအရာကို ပေါ်လွင်အောင် မဟာတိဿမထေရ်ဝတ္ထုကြောင်းဖြင့် သာဓကဆောင်ကာ သိမှတ်ဖွယ်ရာဖော်ပြပါ။(၁၉၉၇)

*[အဖြေ – ဥဗ္ဗေဂါပီတိသည် အလွန်အားရှိပြီး ကိုယ်ကိုအထက်သို့ကြွတက်စေတတ်၏၊ ပျံတက်စေတတ်၏။ မဟာတိဿမထေရ်ဝတ္ထုဖြင့် သာဓကပြရသော် ပုဏ္ဏဝလ္လိကကျောင်း၌ သီတင်းသုံးသည့် မဟာတိဿမထေရ်သည် လပြည့်နေ့ညချမ်းအခါ ထိုကျောင်းတိုက်၏ စေတီရင်ပြင်သို့ ကြွသွား၏၊ လရောင်အလင်းကိုမြင်၍ မဟာစေတီသို့မျက်နှာမူလျက် "ဤအချိန်မှာ ပရိသတ်လေးပါးတို့သည် မဟာစေတီကို ရှိခိုးနေကြလိမ့်မည်"ဟု ကြံအောက်မေ့၏။ ပကတိအားဖြင့် ရှေးကမြင်ဖူးသော စေတီတော်အာရုံ၏အစွမ်းဖြင့် ဘုရားဂုဏ်တော်ကို အာရုံပြုလျက် ဥဗ္ဗေဂါပီတိကိုဖြစ်စေ၏။ ထိုအခါ အင်္ဂတေခင်းထားသည့် စေတီရင်ပြင်၌ကျင်ပေါက်သဖြင့် ညက်ညက်ငြိမ်းငြိမ်း ဆန့်ကြယ်စွာလည်သောကျင်ကဲ့သို့ မထေရ်သည်ကောင်းကင်သို့ပျံတက်ပြီး မဟာစေတီရင်ပြင်၌တည်လေ၏။]*

၁၀။ "ယောဂီပုဂ္ဂိုလ်သည် ဟောင်းနွမ်းဆွေးမြေ့သောကျောင်း၌ မနေအပ်"ဟု ဆိုရာတွင် ယင်းကျောင်းမျိုး၌ အဘယ်သို့သောအပြစ်များရှိပါသနည်း။(၁၉၉၈)

*[အဖြေ – ဟောင်းနွမ်းဆွေးမြေ့သောကျောင်း၏အပြစ်များမှာ ပြုပြင်စရာအလွန်များခြင်း၊ ပြုပြင်သောရဟန်းအား ကမ္မဋ္ဌာန်းအလုပ်ဆုတ်ယုတ်ခြင်း၊ မပြုပြင်လျှင်လည်း မိမိနေသောကျောင်းကိုမျှမပြုပြင်ပလေဟု ကဲ့ရဲ့ခံရခြင်းတို့ဖြစ်သည်။ ထို့ကြောင့် ဤကျောင်းမျိုး၌ယောဂီပုဂ္ဂိုလ် မနေအပ်ပါ။]*

၁၁။ ပထဝီကသိုဏ်းကို နှလုံးသွင်းပွားများသော ယောဂီပုဂ္ဂိုလ်သည် မျက်စိကိုအဘယ်သို့ထား၍ အဘယ်သို့ပွားရသည်ကို နည်းယူဖွယ်ရာဖော်ပြပါ။(၁၉၉၉)

*[အဖြေ – နံပါတ်၈ – ၁၉၉၅ခုနှစ်မေးခွန်း၏အဖြေနှင့်တူပါသည်။]*

၁၂။ ယောဂီပုဂ္ဂိုလ်၏မှီခိုသင့်သော လျောက်ပတ်သောပုဂ္ဂိုလ်ကို ပြဆိုပြီးလျှင် လျောက်ပတ်သောပုဂ္ဂိုလ်ကို အမှီပြုက ရရှိနိုင်သောအကျိုးများနှင့် မလျောက်ပတ်သောပုဂ္ဂိုလ်ကိုအမှီပြုက ရရှိနိုင်သောအပြစ်များကိုလည်း ကွဲပြားအောင်ခွဲခြားပြပါ။(၂၀၀၁)

*[အဖြေ – ယောဂီပုဂ္ဂိုလ်၏မှီခိုသင့်သော လျောက်ပတ်သည့်ပုဂ္ဂိုလ်မှာ တိရစ္ဆာနကထာစကားများကို ပြောကြားလေ့မရှိ၊ သီလစသည့်ဂုဏ်တို့နှင့်ပြည့်စုံသောပုဂ္ဂိုလ်ဖြစ်၏။ ထိုပုဂ္ဂိုလ်ကို အမှီပြုက ရရှိနိုင်သောအကျိုးများမှာ မတည်ကြည်သောစိတ်သည် တည်ကြည်၏၊ တည်ကြည်သောစိတ်သည် ပို၍ခိုင်မြဲလာ၏။*

*မလျောက်ပတ်သောပုဂ္ဂိုလ်မှာ ကိုယ်ကာယဆူဖြိုးခိုင်ခံ့အောင် အလေ့အလာများသောသူ၊ မင်္ဂဗိုလ်နှင့်ဗီလာဖြစ်သည့်စကားမျိုးကို ဟောကြားတတ်သောသူ၊ တိရစ္ဆာနကထာကဖြစ်သောစကားအိုးပုဂ္ဂိုလ်တို့ဖြစ်၏။ ထိုပုဂ္ဂိုလ်ကိုအမှီပြုက ရရှိနိုင်သောအပြစ်များမှာ ညွှန်နှစ်နှင့်*

http://www.dhammadownload.com



*ဖြစ်ချဲ့သောရေသည် ကြည်လင်သည့်ရေကို နောက်ကျိစေသကဲ့သို့ စကားအိုး ပုဂ္ဂိုလ်သည် မိမိကိုမှီလာသူအား နောက်ကျိညစ်ညူးစေ၏။ ထိုပုဂ္ဂိုလ်မျိုးကိုမှီ၍ ကောဋ္ဌာတောင်တွင် နေလေ့ရှိသောပဥ္စင်းငယ်သည် ဈာန်သမာပတ်ပင် ပျောက်ကွယ်၏၊ နိမိတ်မှုကား ဆိုဖွယ်ရာ မရှိ၊ လျင်မြန်စွာပျောက်မည်သာတည်း။]*

၁၃။ "ဈာန်အင်္ဂါတို့သည် နီဝရဏတရားတို့၏ဆန့်ကျင်ဘက်များ ဖြစ်ကြသည်။ နီဝရဏ တို့ကို ဖျက်ဆီးတတ်ကုန်၏၊ သတ်တတ်ကုန်၏" ဟုဆိုရာ၌ အဘယ်ဈာန်အင်္ဂါသည်အဘယ် နီဝရဏတို့၏ဆန့်ကျင်ဘက်ဖြစ်သည် ဖျက်ဆီးတတ်သည်တို့ကို တိကျစွာဖြေဆိုပြီးလျှင်၊ ဝိတက်သည် စိတ်၏အာရုံ၌ ကျရောက်ပုံကိုလည်း ထင်ရှားအောင်ဖော်ပြပါ။(၂၀၀၁)

*[အဖြေ–ဝိတက်သည် ထိန, မိဒ္ဓ၏ဆန့်ကျင်ဘက်ဖြစ်၏၊ ထိန, မိဒ္ဓကို ဖျက်ဆီးတတ်၏၊*

*ဝိစာရသည် ဝိစိကိစ္ဆာ၏ဆန့်ကျင်ဘက်ဖြစ်၏၊ ဝိစိကိစ္ဆာကို ဖျက်ဆီးတတ်၏၊*

*ပီတိသည် ဗျာပါဒ၏ဆန့်ကျင်ဘက်ဖြစ်၏၊ ဗျာပါဒကို ဖျက်ဆီးတတ်၏၊*

*သုခသည် ဥဒ္ဓစ္စ, ကုက္ကုစ္စ၏ဆန့်ကျင်ဘက်ဖြစ်၏၊ ဥဒ္ဓစ္စ, ကုက္ကုစ္စကို ဖျက်ဆီးတတ်၏၊*

*ဧကဂ္ဂတာသည် ကာမစ္ဆန္ဒ၏ဆန့်ကျင်ဘက်ဖြစ်၏၊ ကာမစ္ဆန္ဒကို ဖျက်ဆီးတတ်၏၊*

*ဝိတက်သည် ဤအရာဝတ္ထုကား ဤသို့သဘောရှိ၏ဟု အာရုံကိုကြံခြင်းဖြစ်၏၊ အာရုံ၌စိတ် ကိုရှေးရှုတင်ပေးခြင်းလက္ခဏာရှိ၏။ ဝိတက်သည် အာရုံကိုခေါက်ခြင်း, ထက်ဝန်းကျင်မှခေါက် ခြင်းကိစ္စရှိ၏၊ အာရုံ၌ စိတ်ကိုရှေးရှုဆောင်ယူလာတတ်သောတရား, ဆွဲငင်တတ်သောတရား ဟု ဉာဏ်အားရှေးရှုထင်၏။*

*ဝိတက်သည် ဝိစာရထက်ပို၍ရုန့်ရင်းခြင်း, ဝိစာရ၏ရှေ့သွားဖြစ်ခြင်းတို့ကြောင့် ခေါင်း လောင်းထိုးသည့်အခါ ရှေးဦးစွာမည်သောအသံနှင့်တူ၏။ ဝိတက်သည် တုန်လှုပ်၏ လက်ဦး ဖြစ်စ စိတ်၏တုန်လှုပ်သည့်အစွမ်းဖြင့်ဖြစ်၏၊ ကောင်းကင်သို့ပျံတက်သောငှက်၏အတောင် ခတ်ခြင်းနှင့်တူ၏၊ အနံ့သို့အစဉ်လိုက်သော ပိတုန်း၏ပဒုမ္မာကြာတောသို့ ရှေးရှုကျခြင်းနှင့် လည်းတူ၏။*

*ဒုကနိပါတ်အဋ္ဌကထာ၌ကား ကောင်းကင်တွင်ပျံသွားသောငှက်ကြီးသည် အတောင် နှစ်ခုဖြင့်လေကိုယူ၍ အတောင်တို့ကိုငြိမ်သက်စေလျက်ပျံသကဲ့သို့ အာရုံ၌ စိတ်ကိုရှေးရှုတတ် စေသည့်သဘောသည် ဝိတက်ဖြစ်၏ဟုဆို၏။]*

၁၄။ ကမ္မဋ္ဌာန်းအားထုတ်သောယောဂီပုဂ္ဂိုလ်သည် စင်ကြယ်သန့်ရှင်းအောင်ပြုရမည့် အတွင်း, အပဖြစ်သောဝတ္ထုတို့ကို ဖော်ပြပြီးလျှင်၊ တွင်းပနှစ်ဖြာ မစင်ကြယ်ပါက ဖြစ်ပေါ် လာမည့်မကောင်းကျိုးများကိုလည်း ဥပမာဆောင်ကာ ထင်ရှားအောင်ပြဆိုပါ။(၂၀၀၂)

*[အဖြေ–ကမ္မဋ္ဌာန်းအားထုတ်သောယောဂီပုဂ္ဂိုလ်က စင်ကြယ်သန့်ရှင်းအောင်ပြုရမည့် အတွင်း, အပဝတ္ထုတို့မှာ အကြင်အခါ၌ ထိုပုဂ္ဂိုလ်၏ဆံပင်, ခြေသည်းလက်သည်းတို့သည်*

http://www.dhammadownload.com



ရှည်ကုန်၏၊ ကိုယ်၌ ချွေးတို့ဖြင့်ငြိကပ်၏၊ ထိုအခါ အတွင်းဝတ္ထုမသန့်ရှင်း မစင်ကြယ်ခြင်းဖြစ်၏။

အကြင်အခါ၌ ထိုပုဂ္ဂိုလ်၏သင်္ကန်းသည် ဟောင်းနွမ်းညစ်ထေး၏၊ မကောင်းသောအနံ့ရှိ၍ နံစော်၏၊ ကျောင်းသည် အမှိုက်သရိုက်ထူပြော၏၊ ထိုအခါ အပဝတ္ထုမသန့်ရှင်းမစင်ကြယ်ခြင်းဖြစ်၏။

အတွင်း, အပဝတ္ထုတို့မသန့်ရှင်းမစင်ကြယ်ပါက စိတ်စေတသိက်တို့၌ဖြစ်သောဉာဏ်သည်လည်း မစင်ကြယ်ပါ။ ဥပမာသော် မစင်ကြယ်သောဆီမီးခွက်, မီးစာ, ဆီတို့ကိုအမှီပြု၍ဖြစ်သော ဆီမီးလျှံ၏အရောင်သည် မစင်ကြယ်သကဲ့သို့တည်း။ မစင်ကြယ်သောဉာဏ်ဖြင့် သင်္ခါရတို့ကိုသုံးသပ်သောယောဂီအား သင်္ခါရတို့သည် မထင်ရှားကုန်။ ကမ္မဋ္ဌာန်းအားထုတ်သောပုဂ္ဂိုလ်အားလည်း ကမ္မဋ္ဌာန်းသည် ကြီးပွားခြင်း, စည်ပင်ခြင်း, ပြန့်ပြောခြင်းသို့မရောက်ချေ။]

၁၅။ အစကောင်းမှအနှောင်းသေချာသည်ဟူသော ဆိုရိုးစကားနှင့်အညီ ပထမစျာန်၏အစ, အလယ်, အဆုံးကောင်းခြင်းသုံးဖြာနှင့် အဆုံးကောင်းခြင်းတွင် ပြည့်စုံရမည့်လက္ခဏာလေးရပ်တို့ကို ထုတ်ဖော်ပြပါ။(၂၀၀၂)

*[အဖြေ – စျာန်ရကြောင်းအကျင့်၏စင်ကြယ်ခြင်းသည် ပထမစျာန်၏အစကောင်းခြင်းဖြစ်၏။*

*ပထမစျာန်၏ဥပေက္ခာကိုပွားခြင်းသည် အလယ်ကောင်းခြင်းမည်၏။*

*ပထမစျာန်၏ရွှင်ပျကြည်လင်ခြင်းသည် အဆုံးကောင်းခြင်းမည်၏။*

*အဆုံး၏ကောင်းခြင်းတွင် ပြည့်စုံရမည့် လက္ခဏာ(၄)ရပ်မှာ–*

*(၁) ပထမစျာန်စိတ်၌ဖြစ်သော သမာဓိ–ပညာစသည့်တရားအစုံတို့သည် အချင်းချင်းမလွန်ကုန်သည်ဖြစ်၍ ရွှင်ပျကြည်လင်ခြင်းဖြစ်၏။*

*(၂) ထိုစိတ်၌သဒ္ဓါစသည့် ဣန္ဒြေတို့သည်ကိလေသာတို့မှလွတ်သည့်အဖြစ်ကြောင့် ကိလေသာမှလွတ်သော ဝိမုတ္တိရသကိစ္စအားဖြင့် တူသောကိစ္စရှိ၍ ရွှင်ပျကြည်လင်ခြင်းဖြစ်၏။*

*(၃) သမာဓိ–ပညာစသောတရားအစုံတို့၏အချင်းချင်းမလွန်ကုန်ခြင်း၊ ဣန္ဒြေတရားတို့၏တူညီသောကိစ္စရှိခြင်းတို့နှင့် သင့်လျော်သောဝီရိယကိုဖြစ်စေခြင်းဖြင့် ရွှင်ပျကြည်လင်ခြင်းဖြစ်၏။*

*(၄) သမာဓိ–ပညာစသည့်တရားအစုံတို့၏ အချင်းချင်းမလွန်ကျူးခြင်းစသော အခြင်းအရာအလုံးစုံကို ပြီးစေခြင်းဖြင့် ဖြူစင်စေတတ်သောပြိုးပြိုးပြက်ပြက်ရှိသည့်အဖြစ်ကို ပြုတတ်သော ဉာဏ်၏ကိစ္စပြီးခြင်း၏အစွမ်းဖြင့် ရွှင်ပျကြည်လင်ခြင်းဖြစ်၏။]*

၁၆။ ကမ္မဋ္ဌာန်းတရားအားထုတ်ရန် သင့်လျော်သောကျောင်းကို ဖော်ပြပြီးလျှင်၊ မျက်စိကိုလွန်စွာဖွင့်၍ ပထဝီကသိုဏ်းစီးဖြန်းသောယောဂီအား နိမိတ်ထင်, မထင်အကြောင်းပြ၍

http://www.dhammadownload.com



ဖြေဆိုပါ။(၂၀၀၃)

[အဖြေ – ကမ္မဋ္ဌာန်းတရားအားထုတ်ရန် သင့်လျော်သောကျောင်းသည် အောက်ပါ အင်္ဂါငါးပါးနှင့်ပြည့်စုံ၏။

(၁) အကြင်ကျောင်းသည် ဆွမ်းခံရွာနှင့်မဝေးလွန်း, မနီးလွန်း, သွားခြင်းလာခြင်း၌ လျောက်ပတ်၏။

(၂) နေ့အခါ လူတို့နှင့်မရောပြွမ်း၊ ညဉ့်အခါ လူသံတိတ်ဆိတ်၏၊ အုတ်အုတ်ကျက် ကျက်ကြွေးကြော်အော်ဟစ်သံမရှိ။

(၃) မှက်, ခြင်, နေပူ, မြွေ, ကင်း, သန်းတို့၏ကိုက်ခြင်း, ထိပါးခြင်းတို့မှ ကင်း၏။

(၄) သင်္ကန်း, ဆွမ်း, ကျောင်း, သူနာအထောက်အပံ့ဆေးပစ္စည်းတို့ကို မငြိုမငြင်မပင်ပန်း ဘဲရနိုင်၏။

(၅) အကြားအမြင်ဗဟုသုတရှိကုန်သော၊ သုတ်, အဘိဓမ္မာဆောင်ကုန်သော၊ ဝိနည်း ကိုဆောင်ကုန်သော၊ မာတိကာကိုဆောင်ကုန်သော၊ မြဲမြံသည့်ဂုဏ်ကျေးဇူးရှိသော ရဟန်းတို့သည်နေကုန်၏၊ ကျမ်းဂန်၌မပွင့်လင်း, မထင်ရှားသည်တို့ကို ဖွင့်ပြ, ရှင်းပြကြကုန်၏၊ ယုံမှားသံသယများကိုဖျောက်ပယ်ပေးကြ၏။ မျက်စိကိုလွန်စွာ ဖွင့်၍ ပထဝီကသိုဏ်းစီးဖြန်းသောယောဂီအားနိမိတ်မထင်ပါ။ မျက်စိကိုဖွင့်လွန်း လျှင် မျက်စိပင်ပန်း၏၊ ကသိုဏ်းဝန်းသည်လည်းထင်လွန်းသဖြင့် ထိုပုဂ္ဂိုလ်အား ဥဂ္ဂဟနိမိတ်သည် မဖြစ်နိုင်ပါ။]

၁၇။ တရားအားထုတ်လိုသူယောဂီတိုင်း ချဉ်းကပ်သင့်သော ကမ္မဋ္ဌာနာစရိယ(ကမ္မဋ္ဌာန်း သင်ပေးသောကလျာဏမိတ္တ)၏ဂုဏ်အင်္ဂါများကို ရေးသား၍၊ လမ်းခရီး၌ကျောင်းများတွင် ယောဂီတို့မနေထိုင်သင့်သောကျောင်းကိုလည်း ဖော်ပြပါ။(၂၀၀၄)

[အဖြေ – ယောဂီတိုင်းချဉ်းကပ်သင့်သော ကမ္မဋ္ဌာနာစရိယ၏ဂုဏ်အင်္ဂါများမှာ–

(၁) သီလစင်ကြယ်၍ ချစ်ခင်အပ်သောဂုဏ်၊

(၂) သီလ, သမာဓိဂုဏ်တို့ကြောင့် အလေးအမြတ်ပြုအပ်သောဂုဏ်၊

(၃) မေတ္တာရေမခန်းအောင် မေတ္တာပွားပို့သောဂုဏ်၊

(၄) သူတစ်ပါးကိုကောင်းအောင် ဆုံးမတတ်သောဂုဏ်၊

(၅) သူတစ်ပါး၏အဆိုကို သည်းခံနိုင်သောဂုဏ်၊

(၆) နက်နဲသောတရားစကားကို ပြောကြားတတ်သောဂုဏ်၊

(၇) မလျောက်ပတ်သည့်အရာ၌ မတိုက်တွန်းတတ်သောဂုဏ်တို့ ဖြစ်ကြ၏။

ထို့အပြင် သဗ္ဗတ္ထကကမ္မဋ္ဌာန်းနှင့် ပါရိဟာရိယကမ္မဋ္ဌာန်းတို့ကို သင်ပြပေးနိုင်စွမ်း လည်းရှိ၏။

လမ်းခရီး၌ ကျောင်းများတွင် ယောဂီတို့မနေထိုင်သင့်သောကျောင်းမှာ "လမ်းခရီး ကိုမှီသောကျောင်း" ဖြစ်၏။ ထိုကျောင်းသို့အာဂန္တုကရဟန်းများလာရောက်ကာ စဝေးကြ

http://www.dhammadownload.com



*၏၊ နေလွဲချိန်ရောက်လာသောရဟန်းအား မိမိနေရာကိုပေး၍ မိမိကမူ သစ်ပင်ရင်း၊ ကျောက်ဖျာစသည်၌ နေရ၏။ နေ့စဉ် ဤနည်းအတိုင်းဖြစ်၍ ကမ္မဋ္ဌာန်းကို အားထုတ်ခွင့်မရ။ ထို့ကြောင့် ဤကျောင်းမျိုး၌ မနေအပ်ပါ။]*

၁၈။ ဥဗ္ဗေဂါပီတိဖြစ်ပေါ်လာပုံအခြင်းအရာကို ပေါ်လွင်အောင် ဝတ္ထုသာဓကဖြင့် တင်ပြဖြေဆိုခဲ့ပါ။(၂၀၀၄)

*[အဖြေ – နံပါတ် ၁၁၊ ၁၉၉၇ ခုနှစ်မေးခွန်း၏အဖြေအတိုင်းဖြစ်၏။]*

၂၀။ ဥပစာရဘာဝနာနှင့် အပ္ပနာဘာဝနာအခိုက်အတန့်၌ စိတ်သည် အဘယ့်ကြောင့် တည်တည်ကြည်ကြည်ဖြစ်နေရပါသနည်း၊ ဖြေဆိုပြီးလျှင်၊ ယင်းဘာဝနာနှစ်ရပ်၌တည်ကြည်နေသောစိတ်တို့၏ ထူးခြားမှုအခြေအနေများကိုလည်း အများနားလည်အောင် ရှင်းပြပါ။(၂၀၀၅)

*[အဖြေ–ပထဝီကသိဏ်းကိုရှုမှားရာ၌ ပဋိဘာဂနိမိတ်ထင်လာသည့်အခါ ဥပစာရဘာဝနာနှင့် ဥပစာရသမာဓိသို့ရောက်၏။ ဘာဝနာစိတ်ကို ပဋိဘာဂနိမိတ်သို့ရှေးရှုထား၍ အားထုတ်နိုင်းနှင်သောယောဂီအား အပ္ပနာဘာဝနာနှင့် အပ္ပနာသမာဓိ(ဈာန်)သို့ ရောက်၏။*

*ဥပစာရဘာဝနာအခိုက်အတန့်၌ နီဝရဏတို့ကိုပယ်ခြင်းဖြင့် စိတ်တည်ကြည်၏၊ အပ္ပနာဘာဝနာ၊ အခိုက်အတန့်၌ဈာန်အင်္ဂါများထင်ရှားစွာဖြစ်ပေါ်ခြင်းဖြင့်စိတ်တည်ကြည်၏။*

*ဥပစာရဘာဝနာအခိုက်၌ ဈာန်အင်္ဂါတို့သည် အားအစွမ်းမရှိကုန်။ ဈာန်အင်္ဂါတို့အားအစွမ်းမရှိသောကြောင့် စိတ်သည် ရံခါနိမိတ်ကိုအာရုံပြုနိုင်၏၊ ရံခါ ဘဝင်သို့သက်၏။ ဥပမာအားဖြင့်နုနယ်သောကလေးသူငယ်ကိုထူမ၍ထားရာ အဖန်ဖန်မြေသို့ လဲကျသကဲ့သို့တည်း။*

*အပ္ပနာဘာဝနာအခိုက်၌ကား ဈာန်အင်္ဂါတို့သည် အားရှိကုန်၏။ ဈာန်အင်္ဂါတို့၏ အားရှိသည်အဖြစ်ကြောင့် ဈာန်စိတ်သည် ဘဝင်အယဉ်ကိုတစ်ကြိမ်ဖြတ်၍ တစ်ညဉ့်ပတ်လုံး တစ်နေ့ပတ်လုံး တည်နေနိုင်၏၊ ကုသိုလ်ဇောအစီအစဉ်အားဖြင့်ဖြစ်၏။ ဥပမာအားဖြင့် အားရှိသောယောကျ်ားသည် နေရာမှထ၍ တစ်နေ့ပတ်လုံး ရပ်နိုင်သကဲ့သို့တည်း။]*

* * *

http://www.dhammadownload.com

# အခန်း (၅)
# သေသကသိဏနိဒ္ဒေသ
# ကြွင်းသောကသိဏ်းများကို အကျယ်ပြဆိုခြင်း

### * အာပေါကသိဏ်း(ရေကသိဏ်း)

အာပေါကသိဏ်းကိုရှုပွားလိုသောယောဂီသည် ပထဝီကသိဏ်းကိုရှုပွားသကဲ့သို့ ချမ်းသာစွာနေလျက် ရေ၌ ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်ကို ယူအပ်၏။

ရှေးကပြုဆည်းပူးခဲ့သည့်ဘာဝနာကုသိုလ်ရှိသောပုဂ္ဂိုလ်သည် မပြုပြင်အပ်သောရေဖြစ်သည့် လေးထောင့်ကန်ရေ, တစ်ဖက်ဆည်ကန်ရေ, ဆားကျင်းရေ, သမုဒ္ဒရာရေစသည်ကို အာရုံယူ၍ရှုပွားခြင်းဖြင့် ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်တို့ကို ဖြစ်စေနိုင်၏။

သာဓကအဖြစ် စူဠသီဝမထေရ်သည် လာဘ်ပူဇော်သက္ကာရကိုပယ်၍ ကင်းဆိတ်စွာနေခြင်းငှာ မဟာတိတ္ထမည်သောဆိပ်မှ သင်္ဘောစီး၍ ဇမ္ဗူဒီပါကျွန်း(အိန္ဒိယနိုင်ငံ)သို့ကြွသွား၏။ သမုဒ္ဒရာခရီး၌ သမုဒ္ဒရာရေပြင်ကိုကြည့်စဉ် ထိုကြည့်ရာအရပ်နှင့်ပုံတူဖြစ်သည့် အာပေါကသိဏ်းနိမိတ်သည် ထင်ရှားစွာဖြစ်ပေါ်၏။

ရှေးကပြုခဲ့ဖူးသည့်ဘာဝနာကုသိုလ်မရှိသောပုဂ္ဂိုလ်သည် ကသိဏ်း၏အပြစ်လေးပါးတို့ကိုရှောင်လျက် အညို, အရွှေ, အနီ, အဖြူဟူသော အဆင်းတစ်မျိုးမျိုးရှိသောရေကိုမယူဘဲ မြေသို့မရောက်မီ ကောင်းကင်၌ စင်ကြယ်သည့်အဝတ်ဖြင့် ခံယူအပ်သောရေ သို့မဟုတ် ထိုရေနှင့်အလားတူသည့် ရေကြည်ရေကောင်းကို သပိတ်ခွက်၌ဖြစ်စေ ကရား၌ဖြစ်စေ အနားရေးနှင့်အမျှပြည့်အောင်ထည့်၏။ ကျောင်း၏အစွန်း၌ အမိုးအကာရှိသောနေရာတွင် ချမ်းသာစွာထိုင်လျက် ရေကိုရှုအပ်၏၊ ရေ၏အဆင်းကို မဆင်ခြင်အပ်၊ အာပေါဓာတ်၏ လက္ခဏာကိုလည်း မဆင်ခြင်အပ်။ စင်စစ်သော်ကား အဆင်းကိုမလွှတ်မူ၍ အဆင်း၏မှီရာအာပေါဓာတ်လွန်ကဲသည့်အစွမ်းကြောင့် ဩကာဝေါဟာရပညတ်၌ စိတ်ကိုထားလျက် "အာပေါ၊ အာပေါ"ဟု နှလုံးသွင်းအပ်၏။

http://www.dhammadownload.com



အာပေါ, အမ္ဗု, ဥဒက, ဝါရိ, သလိလစသော ရေ၏အမည်တို့တွင် ထင်ရှားသောအမည်၏အစွမ်းဖြင့် "အာပေါ, အာပေါ"ဟူ၍ ပွားအပ်၏။ ရံခါမျက်စိကိုဖွင့်၍ ဓေ့ဓေ့ကြည့်လျက် ရံခါမျက်စိကိုမှိတ်ပြီး ပြန်ဖွင့်၍မြင်သည့်အတိုင်း ကသိုဏ်းဝန်းကို ဆင်ခြင်အပ်၏။ ဤနည်းအတိုင်း ကာလအရာအထောင်မက ဥဂ္ဂဟနိမိတ်မဖြစ်ပေါ်သမျှ မျက်စိဖွင့်တုံမှိတ်တုံ တလုံလဲလဲနှလုံးစွဲအောင် အားခဲကာ ဆင်ခြင်ပွားများအပ်၏။

အကြင်အခါမျက်စိမှိတ်၍ဆင်ခြင်စဉ် မျက်စိဖွင့်၍ကြည့်သကဲ့သို့ ကသိုဏ်းဝန်းကို ထင်မြင်လျှင် ဥဂ္ဂဟနိမိတ်ဖြစ်ပေါ်သည်မည်၏။ ထိုဥဂ္ဂဟနိမိတ်ဖြစ်သောအခါမှစ၍ ထိုနေရာ၌ မနေအပ်။ မိမိနေရာသို့ဝင်၍ ထိုင်နေခြင်းဖြင့် ဥဂ္ဂဟနိမိတ်ကို ရှုပွားအပ်၏။ အဖန်တလဲလဲ စိတ်ဖြင့်ဆင်ခြင်အပ်၏၊ ရှေးရှုခေါ်ခြင်း, ထက်ဝန်းကျင်မှခေါ်ခြင်းကို ပြုအပ်၏။ ဤသို့ပြုသော ယောဂီအား နီဝရဏအမြေးအယှက်တို့သည် အစဉ်အတိုင်း ကွာကုန်၏၊ ကိလေသာတို့သည် ငြိမ်ဝပ်နစ်မြုပ်ကုန်၏၊ ဥပစာရသမာဓိသည် စိတ်ကိုကောင်းစွာထားလျက် ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာ၏။

အာပေါကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် လှုပ်သကဲ့သို့ထင်၏၊ ရေမြှုပ်ရေပွက်နှင့်ရောသော ရေဖြစ်လျှင် ထိုသို့သဘောရှိသောဥဂ္ဂဟနိမိတ်ထင်၏။ ကသိုဏ်း၏အပြစ်သည် ထင်ရှား၏။ ပဋိဘာဂနိမိတ်သည်ကား တုန်လှုပ်ခြင်းမရှိဘဲ ကောင်းကင်၌ထားအပ်သော မြယပ်ဝန်းကဲ့သို့လည်းကောင်း၊ မြကြေးမုံဝန်းကဲ့သို့လည်းကောင်း ထင်၏။ ထိုယောဂီပုဂ္ဂိုလ်သည် ထိုပဋိဘာဂနိမိတ်ထင်သည်နှင့်တစ်ပြိုင်နက်ပင်လျှင် ဥပစာရဈာန်သို့ရောက်၏။

လျောက်ပတ်သောသပ္ပါယ(၇)ပါးကိုမှီဝဲ၍ မလျောက်ပတ်သောအသပ္ပါယ(၇)ပါးကို ရှောင်ကြဉ်ကာ အပ္ပနာကောသလ္လ(၁၀)ပါးကို ပြီးစေအပ်၏။ စိတ်တွန့်တိုဆုတ်နစ်ခြင်း, ပျံ့လွင့်ခြင်းကင်းရှင်းစေလျက် ပဋိဘာဂနိမိတ်သို့ ဘာဝနာစိတ်ကို ရှေးရှုစိုက်နှင်ရာ၏။ ပထဝီကသိုဏ်းတွင်ပြဆိုခဲ့သည့်အတိုင်း စတုက္ကနည်းရူပါဝစရဈာန်လေးပါး သို့မဟုတ် ပဉ္စကနည်းဈာန်ငါးပါးတို့ ဖြစ်ပေါ်ကြ၏။

## ❋ တေဇောကသိုဏ်း(မီးကသိုဏ်း)

တေဇောကသိုဏ်းကို ပွားလိုသောယောဂီပုဂ္ဂိုလ်သည် မီး၌နိမိတ်ကိုယူအပ်၏။ တေဇောကသိုဏ်း၌ ရှေးကဆည်းပူးခဲ့သည့် အဓိကာရဘာဝနာကုသိုလ်ရှိသောပုဂ္ဂိုလ်သည် မပြုပြင်အပ်သောမီးဖြစ်သည့် ဆီမီးလျှံ, မီးဖိုမီး, သပိတ်ဖုတ်သည့်မီး, တောမီးစသော မီးလျှံကိုကြည့်ရှုစဉ်ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်ဖြစ်၏။ အရှင်စိတ္တဂုတ္တမထေရ်သည် တရားနာသောဥပုသ်နေ့၌ သိမ်အတွင်းသို့ဝင်၍ ဆီမီးလျှံကိုကြည့်ရှုစဉ် နိမိတ်ဖြစ်ပေါ်၏။

အဓိကာရဘာဝနာကုသိုလ်မရှိသောပုဂ္ဂိုလ်သည်ကား တေဇောကသိုဏ်းကို ပြုပြင်စီရင်အပ်၏။ ထိုယောဂီသည် အစေးအနှစ်ရှိသောထင်းတို့ကိုခွဲ၍ ခြောက်သွေ့စေပြီးလျှင်

http://www.dhammadownload.com



အပိုင်းအပိုင်းပြုလုပ်၏။ သင့်လျော်သောသစ်ပင်ရင်းသို့ဖြစ်စေ မဏ္ဍပ်သို့ဖြစ်စေ သွားပြီးလျှင် သဗိတ်ဖုတ်သည့်အခြင်းအရာဖြင့် ထင်းတို့ကိုစုပုံကာ မီးရှို့၏။ ထို့နောက် ဖျာ၌ဖြစ်စေ သားရေပိုင်း၌ဖြစ်စေ အဝတ်ပိုင်း၌ဖြစ်စေ တစ်ထွာလက်လေးသစ်အရွယ်ရှိသည့်အပေါက် ဝိုင်းကို ပြုလုပ်၏။ ထိုအပေါက်ရှိသော ဖျာ, သားရေ, သို့မဟုတ် အဝတ်ပိုင်းကိုရှေ့၌ထား၍ ချမ်းသာစွာထိုင်လျက် အောက်၌ရှိသည့်မြက်, ထင်းတို့ကိုလည်းကောင်း အထက်သို့ တက်သည့်မီးခိုးကိုလည်းကောင်း နှလုံးမသွင်းဘဲ အလယ်၌တခဲနက်ဖြစ်သောမီးလျှံကို နိမိတ်အဖြစ်မှတ်ယူ၏။

အညို့, အရွှေစသည်ဖြင့် အဆင်းကိုမဆင်ခြင်အပ်၊ ပူသည့်အစွမ်းဖြင့် လက္ခဏာကိုလည်း နှလုံးမသွင်းအပ်။ အဆင်း၏မှီရာမီးကို အဆင်းနှင့်တကွပြု၍ တေဇောဓာတ်လွန်ကဲသည့် အစွမ်းဖြင့် တေဇောဟူသောလောကဝေါဟာရပညတ်၌ စိတ်ကိုထား၍ "တေဇော, တေဇော" ဟူ၍ပွားအပ်၏။ တေဇော, ပါဝက, ကဏှဝတ္တနီ, ဇာတဝေဒေါ, ဟုတာသနေ စသည့်မီး၏ အမည်တို့တွင် ထင်ရှားသောအမည်ဖြင့် "တေဇော, တေဇော"ဟု ပွားအပ်၏။

ရံခါမျက်စိကိုဖွင့်၍ စေ့စေ့ကြည့်လျက် ရံခါမျက်စိကိုမှိတ်ပြီးပြန်ဖွင့်၍ မြင်သည့်အ တိုင်း ကသိဏ်းဝန်းကို ဆင်ခြင်အပ်၏။ ဤနည်းအတိုင်း ကာလအရာအထောင်မက ဥဂ္ဂဟ နိမိတ်မဖြစ်ပေါ်သမျှ မျက်စိဖွင့်တုံမှိတ်တုံ တလုံ့လဲလဲ နှလုံးစွဲအောင် အားခဲကာဆင်ခြင် ပွားများ၏။

အကြင်အခါ မျက်စိမှိတ်၍ဆင်ခြင်စဉ် မျက်စိဖွင့်၍ကြည့်သကဲ့သို့ ကသိဏ်းဝန်းကို ထင်မြင်လျှင် ဥဂ္ဂဟနိမိတ်ဖြစ်ပေါ်သည် မည်၏။ ထိုအခါမှစ၍ ထိုနေရာ၌မနေအပ်၊ မိမိ နေရာသို့ဝင်၍ ထိုင်နေခြင်းဖြင့် ဥဂ္ဂဟနိမိတ်ကို ရှုပွားအပ်၏၊ အဖန်တလဲလဲစိတ်ဖြင့်ဆင်ခြင် ရာ နီဝရဏအမြေးအယုက်တို့သည် အစဉ်အတိုင်းကွာကုန်၏၊ ကိလေသာတို့သည် ငြိမ် ဝပ်နစ်မြုပ်ကုန်၏၊ ဥပစာရသမာဓိသည် စိတ်ကို ကောင်းစွာထားလျက် ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာ၏။

ဥဂ္ဂဟနိမိတ်သည် မီးလျှံပြတ်၍ကျသည်နှင့်တူစွာ ထင်၏။ ပြုပြင်စီရင်ခြင်းမရှိသောမီး၌ နိမိတ်ယူသောယောဂီအား ကသိဏ်း၏အပြစ်သည် ထင်၏။ မီးစ, မီးကျီးစု, ပြာ, မီးခိုး စသည်တို့ ထင်ကုန်၏။ ပဋိဘာဂနိမိတ်သည် မတုန်မလှုပ် ကောင်းကင်၌ကားသည့် နီမြန်း သောကမ္ဗလာပိုင်းကဲ့သို့ဖြစ်စေ ရွှေတိုင်ကြီးကဲ့သို့ဖြစ်စေ ထင်၏။ ထိုယောဂီပုဂ္ဂိုလ်သည် ထိုပဋိဘာဂနိမိတ်ထင်သည်နှင့်အတူတကွသာလျှင် ဥပစာရစျာန်သို့ရောက်၏။

လျောက်ပတ်သောသပ္ပါယ(၇)ပါးကိုမှီဝဲ၍ မလျောက်ပတ်သောအသပ္ပါယ(၇)ပါးကို ရှောင်ကြဉ်ကာ အပ္ပနာကောသလ္လ(၁၀)ပါးကို ပြီးစေအပ်၏။ စိတ်တွန့်တိုဆုတ်နစ်ခြင်း, ပျံ့လွင့်ခြင်းကင်းရှင်းစေလျက် ပဋိဘာဂနိမိတ်သို့ ဘာဝနာစိတ်ကို ရှေးရှုစိုက်နှင်ရာ၏။ ထိုအခါ စတုက္ကနည်းရူပါဝစရစျာန်လေးပါး သို့မဟုတ် ပဉ္စကနည်းစျာန်ငါးပါးတို့ဖြစ်ပေါ် ကြ၏။

http://www.dhammadownload.com



### * ဝါယောကသိုဏ်း(လေကသိုဏ်း)

ဝါယောကသိုဏ်းကို ပွားလိုသောပုဂ္ဂိုလ်သည် လေ၌နိမိတ်ကို ယူအပ်၏၊ ထိုဝါယောကသိုဏ်းနိမိတ်ကို အမြင်၏အစွမ်းဖြင့်ဖြစ်စေ အတွေ့၏အစွမ်းဖြင့်ဖြစ်စေ ယူအပ်၏။ "လေတိုက်ခတ်၍လှုပ်သော ယိမ်းနွဲ့သော ကြံခင်းရှိကြံပင်တို့၏အဖျားကိုဖြစ်စေ၊ ယိမ်းနွဲ့လှုပ်ရှားသော ဝါးပင်တို့၏အဖျားကိုဖြစ်စေ၊ သစ်ပင်တို့၏အဖျားကိုဖြစ်စေ၊ လက်လေးသစ်ခန့်ရှည်သည့်ဆံပင်ရှိသော ယောကျ်ား၏ဦးခေါင်းထက်ရှိဆံပင်ကိုဖြစ်စေ လေတိုက်ခတ်ခြင်းကြောင့် လှုပ်ရှားသည်ကိုရှုမြင်၍ "ဤလေသည် ဤအရပ်၌တိုက်ခတ်၏"ဟု သတိကိုဖြစ်စေလျက် နိမိတ်ကိုယူ၏။ တစ်နည်းကား ထိုပုဂ္ဂိုလ်၏ကိုယ်အစိတ်အပိုင်းကို လေသာပြူတင်းပေါက်ကြားမှလည်းကောင်း နံရံပေါက်မှလည်းကောင်းဝင်လာသောလေ တိုက်ခတ်မိရာ ကိုယ်အစိတ်အပိုင်း၌ သတိကိုဖြစ်စေလျက် နိမိတ်ကိုယူ၏။ "ဝါတ, မာလုတ, အနိလ" စသော လေ၏အမည်တို့တွင် ထင်ရှားသောအမည်ဖြင့် "ဝါတော, ဝါတော" သို့မဟုတ် "လေ, လေ"ဟူ၍ပွားအပ်၏။

ဤဝါယောကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် ခုံလောက်မှချကာမျှဖြစ်သော နို့ယာနာဆွမ်း၏အငွေ့လုံးနှင့်တူစွာ တုန်လှုပ်လျက်ထင်၏။ ထိုအခါမှစ၍ ယောဂီသည် မိမိနေရာသို့ဝင်ကာ ထိုင်နေခြင်းဖြင့် ဥဂ္ဂဟနိမိတ်ကိုရှုပွားအပ်၏၊ အဖန်တလဲလဲစိတ်ဖြင့်ဆင်ခြင်၏။ နီဝရဏအမြွေးအယှက်တို့သည် အစဉ်အတိုင်းကွာကုန်လျက် ကိလေသာတို့သည် ငြိမ်ဝပ်နစ်မြုပ်ကုန်၏၊ ဥပစာရသမာဓိသည် စိတ်ကိုကောင်းစွာထားလျက် ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာ၏။ ပဋိဘာဂနိမိတ်သည် ငြိမ်သက်၍ လှုပ်ရှားခြင်းမရှိပေ။ ထိုအခါ ဥပစာရဈာန်သို့ ရောက်၏။

လျောက်ပတ်သောသပ္ပါယ(၇)ပါးကိုမှီဝဲ၍ မလျောက်ပတ်သောအသပ္ပါယ(၇)ပါးကို ရှောင်ကြဉ်ကာ အပ္ပနာကောသလ္လ(၁၀)ပါးကို ပြီးစေအပ်၏။ စိတ်တွန့်တိုဆုတ်နစ်ခြင်း, ပျံ့လွင့်ခြင်းကင်းရှင်းစေလျက် ပဋိဘာဂနိမိတ်သို့ ဘာဝနာစိတ်ကို ရှေးရှုစိုက်နိုင်ရာ၏။ ထိုအခါ စတုက္ကနည်းရူပါဝစရဈာန်လေးပါး သို့မဟုတ် ပဉ္စကနည်းဈာန်ငါးပါးတို့ ဖြစ်ပေါ်ကြ၏။

### * နီလကသိုဏ်း(အညိုရောင်အဆင်းကသိုဏ်း)

နီလကသိုဏ်းကိုရှုပွားလိုသောယောဂီပုဂ္ဂိုလ်သည် အညိုရောင်ပန်းပွင့်၌ဖြစ်စေ အညိုရောင်အဝတ်၌ဖြစ်စေ ညိုသည့်အဆင်းရှိသောကျောက်စာတ်၌ဖြစ်စေ နိမိတ်ကိုယူအပ်၏။ ရှေးကပြုဆည်းပူးခဲ့သည့် အဓိကာရဘာဝနာကုသိုလ်ရှိသူသည် အညိုရောင်ပန်းတို့ဝေဆာစွာပွင့်သော ပန်းချုံ, ပန်းပင်ကိုဖြစ်စေ၊ စေတီကိုပူဇော်ရာအရပ်ရှိပန်းအခင်းကိုဖြစ်စေ၊ ညိုသောအဆင်းရှိသည့်အဝတ် သို့မဟုတ် ပတ္တမြားကိုဖြစ်စေ ကြည့်ရှု၍ နိမိတ်ကိုဖြစ်စေအပ်၏။

ရှေးကပြုဆည်းပူးခဲ့သည့် အဓိကာရဘာဝနာကုသိုလ်မရှိသူသည်ကား ကြာညိုပွင့်,

http://www.dhammadownload.com



အောင်မဲညိုပွင့်စသောပန်းတို့ကိုယူ၍ ဝတ်ဆံနှင့်အညှာတို့ကိုမမြင်စေဘဲ ပန်းတောင်း, ပန်းကပ်အဖုံး, ကြွတ်အဖုံးတစ်ခုခု၌ ပန်းပွင့်ချပ်တို့ကိုထင်စေလျက် အနားရေးနှင့်အမျှ ပြည့်အောင် ခင်းထားအပ်၏။

တစ်နည်းကား ညိုသောအဆင်းရှိသည့်အဝတ်ဖြင့်လည်း အထုပ်ထုပ်၍ ညိုသောအဝန်းထင်အောင် ပန်းတောင်း, ပန်းကပ်အဖုံး သို့မဟုတ် ကြွတ်ဖုံးကို ပြည့်စေအပ်၏။ ထိုပန်းတောင်း, ပန်းကပ်ဖုံးစသည်၏ မျက်နှာဝ၌လည်း စည်မျက်နှာပြင်ကဲ့သို့ ဖွဲ့ချည်အပ်၏။

တစ်နည်းကားကြေးညို, သစ်ရွက်ညို, မျက်စဉ်းညိုတို့တွင် တစ်ပါးပါးသောဓာတ်ဖြင့်လည်း ရွှေ့ပြောင်း၍ရစကောင်းသောကသိုဏ်းဝန်းကိုဖြစ်စေ, နံရံ၌ မပြောင်းရွှေ့ကောင်းသော ကသိုဏ်းဝန်းကိုဖြစ်စေ ပြုလုပ်၍ မတူသောအဆင်းဖြင့် ပိုင်းခြားအပ်၏။

ကသိုဏ်းရှုသည့်အခါ ကသိုဏ်းဝန်းမှ နှစ်တောင်တစ်ထွာအကွာတွင် တစ်ထွာလက်လေးသစ်အမြင့်ရှိသည့် အင်းပျဉ်ပေါ်တွင်ထိုင်၍ ရှုအပ်၏။ ကာမဂုဏ်တို့၏အပြစ်ကို ဆင်ခြင်ပြီးလျှင် ကာမတို့မှလွတ်ကင်းသော ဆင်းရဲဒုက္ခအလုံးစုံမှလွတ်မြောက်ခြင်း၏ အကြောင်းဖြစ်သော ဈာန်ကိုကောင်းစွာအလိုဆန္ဒရှိသည်ဖြစ်၍ ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တို့ကို တလုံလဲလဲအောက်မေ့ခြင်းဖြင့် နှစ်သက်ဝမ်းမြောက်ခြင်းကိုဖြစ်စေ၏။

"ယခုငါအားထုတ်လတ္တံ့သောအကျင့်သည် ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝကအလုံးစုံတို့ ကျင့်သုံးတော်မူကြသော ထွက်မြောက်ခြင်း အကျင့်ပေတည်း"ဟု အကျင့်၌ကောင်းစွာ အရိုအသေပြုလျက် ဤအကျင့်ဖြင့် ဝိဝေကကြောင့်ဖြစ်သောချမ်းသာသုခအရသာကို မချွတ်ဧကန်ခံစားရပေအံ့ဟု ကြိုးစားအားထုတ်မှုကိုဖြစ်စေ၍ မျက်စိတို့ကို ညီညီမျှမျှ ဖွင့်ပြီးလျှင် နီလကသိုဏ်း၌ နိမိတ်ကိုယူ၍ စိတ်ဖြင့်မှတ်၍ "နီလ, နီလ"ဟု ပွားအပ်၏။

ရံခါမျက်စိကိုဖွင့်၍စေ့စေ့ကြည့်လျက် ရံခါမျက်စိကိုမှိတ်ပြီးပြန်ဖွင့်၍ မြင်သည့်အတိုင်း ကသိုဏ်းဝန်းကို ဆင်ခြင်အပ်၏။ ဤနည်းအတိုင်း ကာလအရာအထောင်မက ဥဂ္ဂဟနိမိတ်မဖြစ်ပေါ်သမျှ မျက်စိဖွင့်တုံမှိတ်တုံ တလုံလဲလဲနှလုံးသွင်းအောင် အားခဲကာ ဆင်ခြင်ပွားများ၏။

အကြင်အခါ မျက်စိမှိတ်၍ဆင်ခြင်စဉ် မျက်စိဖွင့်၍ကြည့်သကဲ့သို့ ကသိုဏ်းဝန်းကိုထင်မြင်လျှင် ဥဂ္ဂဟနိမိတ်ဖြစ်ပေါ်သည်မည်၏။ ထိုအခါ မိမိနေရာသို့ဝင်၍ ထိုင်နေခြင်းဖြင့် ဥဂ္ဂဟနိမိတ်ကို ရှုပွားအပ်၏၊ အဖန်တလဲလဲစိတ်ဖြင့်ဆင်ခြင်ရာ နီဝရဏအမြွေးအယှက်တို့သည် အစဉ်အတိုင်းကွာကုန်၏၊ ကိလေသာတို့သည် ငြိမ်ဝပ်နစ်မြုပ်ကုန်၏၊ ဥပစာရသမာဓိသည် စိတ်ကိုကောင်းစွာထားလျက် ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာ၏။

ဥဂ္ဂဟနိမိတ်၌ ကသိုဏ်း၏အပြစ်သည်ထင်၏၊ ဝတ်ဆံ, အရိုး, အရွက်အကြားစသည်တို့သည် ထင်ကုန်၏။ ပဋိဘာဂနိမိတ်သည် ကသိုဏ်းဝန်းမှလွတ်၍ ကောင်းကင်၌ ဣန္ဒနီလာပတ္တမြားယပ်ဝန်းနှင့်တူစွာ ထင်၏။ ထိုယောဂီသည် ထိုပဋိဘာဂနိမိတ်ထင်သည်နှင့်အတူ

http://www.dhammadownload.com



တကွသာလျှင် ဥပစာရရှုနည်းသို့ရောက်၏။

လျောက်ပတ်သောသပ္ပါယ(၇)ပါးကိုမှီဝဲ၍ မလျောက်ပတ်သောအသပ္ပါယ(၇)ပါးကို ရှောင်ကြဉ်ကာ အပ္ပနာကောသလ္လ(၁၀)ပါးကို ပြီးစေအပ်၏။ စိတ်တွန့်တိုဆုတ်နစ်ခြင်း, ပျံ့လွင့်ခြင်းကင်းရှင်းစေလျက် ပဋိဘာဂနိမိတ်သို့ ဘာဝနာစိတ်ကို ရှေးရှုစိုက်နှင်ရာ၏။ ထိုအခါ စတုက္ကနည်းရူပါဝစရဈာန်လေးပါး သို့မဟုတ် ပဉ္စကနည်းဈာန်ငါးပါးတို့ဖြစ်ပေါ်ကြ၏။

## * ပီတကကသိုဏ်း(အဝါရောင်အဆင်းကသိုဏ်း)

ပီတကကသိုဏ်းရှုပွားလိုသောပုဂ္ဂိုလ်သည် ရွှေသောအဆင်း(အဝါရောင်)ရှိသောပန်း၌ ဖြစ်စေ အဝတ်၌ဖြစ်စေ ရွှေအဆင်းရှိသည့်ဓာတ်သတ္တု၌ဖြစ်စေ နိမိတ်ကိုယူအပ်၏။ ရှေးက ပြုခဲ့ဖူးသော အဓိကာရဘာဝနာကုသိုလ်ရှိသူသည် အဝါရောင်ပန်းချုံ, ပန်းပင်ငယ်, ပန်းအခင်းကိုဖြစ်စေ ရွှေအဆင်းရှိသည့်အဝတ်, ဓာတ်သတ္တုကိုဖြစ်စေ ကြည့်ရှုခြင်းဖြင့် ဥဂ္ဂဟနိမိတ်ဖြစ်၏။ သာဓကအဖြစ် စိတ္တဂုတ္တမထေရ်သည် စိတ္တလတောင်စေတီရင်ပြင်၌ ပတ္တင်္ဂမည်သောပန်းချုံမှပန်းတို့ဖြင့် ပူဇော်ထားသောပန်းအခင်းကို ကြည့်ရှုစဉ် ထိုအခင်းပမာဏရှိသောနိမိတ်ဖြစ်ပေါ်၏။

ရှေးကပြုခဲ့ဖူးသည့် အဓိကာရဘာဝနာကုသိုလ်မရှိသူသည် မဟာလှေကားပန်းပွင့်စသည်ဖြင့်ဖြစ်စေ ရွှေသောအဝတ်, ရွှေသောဓာတ်သတ္တုဖြင့်ဖြစ်စေ ဝါသောကျောက်ဓာတ်ဖြင့်ဖြစ်စေ နီလကသိုဏ်းတွင်ဆိုခဲ့သည့်နည်းအတိုင်း ကသိုဏ်းဝန်းပြုလုပ်၍ "ပီတက, ပီတက"ဟုနှလုံးသွင်းအပ်၏။ ကြွင်းသောစကားစုမှာ နီလကသိုဏ်းတွင် ဆိုခဲ့သည်နှင့်တူ၏။

## * လောဟိတကသိုဏ်း(အနီရောင်အဆင်းကသိုဏ်း)

လောဟိတကသိုဏ်းကို ရှုပွားလိုသောပုဂ္ဂိုလ်သည် နီသောအဆင်း၌ နိမိတ်ကိုယူအပ်၏။ အနီရောင်ပန်းပွင့်၌ဖြစ်စေ အနီရောင်အဝတ်၌ဖြစ်စေ အနီရောင်ဓာတ်သတ္တု၌ဖြစ်စေ နိမိတ်ကိုယူအပ်၏။

ရှေးကပြုခဲ့ဖူးသော အဓိကာရဘာဝနာကုသိုလ်မရှိသူသည် ခေါင်ရမ်း, မိုးစွေ, လိပ်ဆူးနီစသောပန်းတို့ဖြင့်ဖြစ်စေ နီသောအဝတ်ဖြင့်ဖြစ်စေ နီသောဓာတ်သတ္တုတို့ဖြင့်ဖြစ်စေ နီလကသိုဏ်းတွင်ဆိုခဲ့သည့်အတိုင်း ကသိုဏ်းဝန်းပြုလုပ်၍ "လောဟိတက, လောဟိတက"ဟု နှလုံးသွင်းအပ်၏။ ကြွင်းသောစကားစုမှာ နီလကသိုဏ်းတွင် ဆိုခဲ့သည်နှင့်တူ၏။

## * ဩဒါတကသိုဏ်း(အဖြူရောင်အဆင်းကသိုဏ်း)

ဩဒါတကသိုဏ်းကို အားထုတ်လိုသောပုဂ္ဂိုလ်သည် ဖြူသောပန်း, ဖြူသောအဝတ်, ဖြူသောဓာတ်သတ္တုစသည်၌ နိမိတ်ကိုယူအပ်၏။

http://www.dhammadownload.com



ရှေးကပြုခဲ့ဖူးသည့် အဓိကာရဘာဝနာကုသိုလ်ရှိသူသည် အဖြူရောင်ပန်းများပွင့်နေသည့်ပန်းချုံကိုဖြစ်စေ ဖွန်ပန်း, မြတ်လေးပန်းအခင်းကိုဖြစ်စေ ကုမုဒြာကြာပန်း, ပဒုမ္မာကြာပန်းအစုကိုဖြစ်စေ ဖြူသောအဝတ်, ဖြူသောဓာတ်သတ္တုကိုဖြစ်စေ တစ်မျိုးမျိုးကိုမြင်သော် နိမိတ်ဖြစ်၏။ သလွဲဖြူပြားဝန်း, ငွေပြားဝန်း, လဝန်းတို့၌လည်း နိမိတ်ဖြစ်ပေါ်၏။

ရှေးကပြုခဲ့ဖူးသည့် အဓိကာရဘာဝနာကုသိုလ်မရှိသူသည် ပန်းဖြူဖြင့်ဖြစ်စေ အဝတ်ဖြူဖြင့်ဖြစ်စေ သတ္တုဖြူဖြင့်ဖြစ်စေ နီလကသိဏ်းတွင် ဆိုခဲ့သည့်နည်းအတိုင်း ကသိဏ်းဝန်းကို ပြုလုပ်ပြီးလျှင် "ဩဒါတံ, ဩဒါတံ"ဟူ၍ နှလုံးသွင်းအပ်၏။ ကြွင်းသောစကားစုမှာ နီလကသိဏ်းတွင် ဆိုခဲ့သည်နှင့်တူ၏။

### * အာလောကကသိဏ်း(အလင်းရောင်ကသိဏ်း)

အာလောကကသိဏ်းကို ပွားများအားထုတ်လိုသောပုဂ္ဂိုလ်သည် နံရံပေါက်ဖြင့်ဖြစ်စေ သံကောက်ပေါက်(သော့ပေါက်)မှဖြစ်စေ လေသာပြတင်းပေါက်မှဖြစ်စေ ဝင်လာ၍ထင်သော လရောင်, နေရောင်အဝန်း၌ နိမိတ်ကိုယူ၏။

ရှေးကပြုခဲ့ဖူးသော အဓိကာရဘာဝနာကုသိုလ်ရှိသူသည် နံရံပေါက်စသည်တို့တွင် တစ်ခုခုမှနေရောင် သို့မဟုတ် လရောင်ဝင်လာပြီး နံရံ၌ဖြစ်စေ မြေ၌ဖြစ်စေ ထင်လာသော အရောင်အဝန်းကိုသော်လည်းကောင်း၊ အရွက်ထူထပ်သည့်သစ်ပင်၏အကိုင်းအခက်ကြားမှဖြစ်စေ ပိတ်နေအောင်ထူထပ်သောသစ်ခက်မဏ္ဍပ်ကြားမှဖြစ်စေ ထွက်၍ မြေ၌ပင်လျှင် ထင်ပေါ်လာသောအရောင်အဝန်းကိုသော်လည်းကောင်း၊ မြင်လတ်လျှင်ပင် ဥဂ္ဂဟနိမိတ်ဖြစ်၏။

ရှေးကပြုခဲ့ဖူးသော အဓိကာရဘာဝနာကုသိုလ်မရှိသူသည် ဆိုခဲ့ပြီးသောအရောင်အဝန်းကို "ဩဘာသ, ဩဘာသ" သို့မဟုတ် "အာလောက, အာလောက"ဟူ၍ အဖန်တလဲလဲ ပွားအပ်၏။ ထိုသို့ပွားသဖြင့် နိမိတ်ထင်ခြင်းငှာမတတ်နိုင်သောယောဂီသည် အိုး၌မီးထွန်း၍ အိုးအဝကိုပိတ်ကာ အိုး၌အပေါက်ဖောက်ပြီးလျှင် ထိုအပေါက်ကို နံရံဘက်သို့ မျက်နှာမူလျက် ထားအပ်၏၊ ထိုအပေါက်မှ ဆီမီးရောင်ထွက်၍ နံရံ၌အလင်းအဝန်းထင်၏။ ဤဆီမီးရောင်ဝန်းသည် နေရောင်ဝန်း, လရောင်ဝန်းတို့ထက် ပို၍ကြာမြင့်စွာတည်၏။

ဤအာလောကကသိဏ်း၌ ဥဂ္ဂဟနိမိတ်သည် နံရံ သို့မဟုတ် မြေကြီး၌ထင်သော အရောင်အဝန်းနှင့်တူ၏။ ပဋိဘာဂနိမိတ်သည် မြတ်စွာဘုရား၏တစ်လံမျှလောက်သော ရောင်ခြည်တော်ဝန်းကဲ့သို့တစ်ခဲနက်ဖြစ်၍ အလွန်ကြည်လင်သောအရောင်စုနှင့် တူ၏။ ကြွင်းသောစကားစုမှာ နီလကသိဏ်းတွင်ဆိုခဲ့သည်နှင့်တူ၏။

### * အာကာသကသိဏ်း(ဟင်းလင်းပြင်ကသိဏ်း)

ထက်ဝန်းကျင်ပိုင်းခြားအပ်သည့်ဟင်းလင်းပြင်ဟူသော ပရိစ္ဆိန္နာကာသကသိဏ်း၌

http://www.dhammadownload.com



လည်း "အာကာသကသိုဏ်းကို အားထုတ်ပွားများလိုသောပုဂ္ဂိုလ်သည် နံရံပေါက်, သံကောက်(သော့)ပေါက်, လေသာပြတင်းကြားဟူသော အာကာသခေါ်ဟင်းလင်းပြင် တစ်ခုခု၌နိမိတ်ကိုယူ၏။

ရှေးကပြုခဲ့ဖူးသည့် အဓိကာရသမ္ဘာဝနာကုသိုလ်ရှိသူသည် နံရံပေါက်စသည်မှအာကာသကိုမြင်လတ်လျှင်ပင် ဥဂ္ဂဟနိမိတ်ထင်၏။

ရှေးကပြုခဲ့ဖူးသည့် အဓိကာရသမ္ဘာဝနာကုသိုလ်မရှိသူသည် နေပြောက်မထိုးအောင်ကောင်းစွာမိုးထားသည့်မဏ္ဍပ်၌ဖြစ်စေ သားရေ, ဖျာစသည်၌ဖြစ်စေ တစ်ထွာလက်လေးသစ်ပမာဏရှိသည့်အပေါက်ဖောက်၍ ထိုအပေါက်ကိုဖြစ်စေ နံရံပေါက်စသည့်အပေါက်ကိုဖြစ်စေ "အာကာသ, အာကာသ"ဟူ၍ ပွားအပ်၏။

ဤအာကာသကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် နံရံပေါက်စသည့် မူလအပေါက်နှင့်တူ၏။ ပဋိဘာဂနိမိတ်သည် ကောင်းကင်အဝန်း(ဝါ)ဟင်းလင်းပြင်အဝန်းဖြစ်၍ ထင်၏။ ပဋိဘာဂနိမိတ်ကိုပွားအပ်သည်ရှိသော် အဆုံးမရှိပွား၏။ ကြွင်းသောစကားစုသည် ပထဝီကသိုဏ်းတွင် ဆိုခဲ့သည်နှင့်တူ၏။

* ပကိဏ္ဏကကိုပြခြင်း(ပြီးပြွမ်းပြဆိုချက်)

**ပထဝီကသိုဏ်း၏အစွမ်းဖြင့်** (၁)တစ်ယောက်တည်းဖြစ်လျက် အများဖြစ်အောင်ဖန်ဆင်းနိုင်၏။ (၂)ကောင်းကင်၌ဖြစ်စေ ရေ၌ဖြစ်စေ မြေကိုဖန်ဆင်း၍ ခြေဖြင့်သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်းပြုနိုင်၏။ (၃)နီလစသောအဆင်းကို မသုံးသပ်မူ၍ မပွားခြင်း, ပွားခြင်းနည်းဖြင့် အဘိဘာယတနကိုရ၏။

**အာပေါကသိုဏ်း၏အစွမ်းဖြင့်** (၁)မြေ၌ငုပ်ခြင်း, ပေါ်ခြင်း၊ (၂)မိုးရေမိုးပေါက်ကိုဖြစ်စေ, ရွာသွန်းစေခြင်း၊ (၃)မြစ်, သမုဒ္ဒရာစသည်ကို ဖန်ဆင်းခြင်း၊ (၄)မြေ, တောင်, ပြာသာဒ်စသည်ကို တုန်လှုပ်စေခြင်းစသည်တို့ကို ပြုနိုင်၏။

**တေဇောကသိုဏ်း၏အစွမ်းဖြင့်** (၁)အခိုးလွှတ်ခြင်း, အလျှံလွှတ်ခြင်း၊ (၂)မီးကျိုးမိုးကိုရွာစေခြင်း၊ (၃)မိမိတန်ခိုးအရှိန်ဖြင့် သူတစ်ပါး၏တန်ခိုးအရှိန်ကို ကုန်စေခြင်း၊ (၄)မိမိလောင်ကျွမ်းစေလိုသောအရာဝတ္ထုကိုသာ လောင်ကျွမ်းစေနိုင်ခြင်း၊ (၅)ဒိဗ္ဗစက္ခုဖြင့် ရူပါရုံကိုမြင်ရန် အလင်းရောင်ကိုပြုနိုင်ခြင်း၊ (၆)ပရိနိဗ္ဗာန်ပြုသောအခါ တေဇောဓာတ်ဖြင့် ကိုယ်ကောင်ကိုလောင်ကျွမ်းစေနိုင်ခြင်းစသော အကျိုးတို့ကို ပြီးမြောက်စေနိုင်၏။

**ဝါယောကသိုဏ်း၏အစွမ်းဖြင့်** (၁)လေ၏လျင်ခြင်းကဲ့သို့ လျင်မြန်စွာသွားနိုင်ခြင်း၊ (၂)လေပြင်းမုန်တိုင်းကို တိုက်ခိုက်စေနိုင်ခြင်းစသောအကျိုးတို့ကို ပြီးမြောက်စေနိုင်၏။

**နီလကသိုဏ်း၏အစွမ်းဖြင့်** (၁)ညိုသောအဆင်းကို ဖန်ဆင်းနိုင်ခြင်း၊ (၂)အမိုက်မှောင်ကျအောင်ပြုလုပ်နိုင်ခြင်း၊ (၃)ကောင်းသောအဆင်း, မကောင်းသောအဆင်းရှိသော

http://www.dhammadownload.com



နည်းဖြင့် အဘိဘာယတနကိုရခြင်း၊ (၄)သုဘဝိမောက္ခဟူသော နီလအဆင်းကသိဏ်းကို အာရုံပြုသောစျာန်ကိုရခြင်း စသည့်အကျိုးတို့ ပြီးမြောက်ကုန်၏။

ပီတကသိဏ်း၏အစွမ်းဖြင့်(၁)ရွှေရောင်အဆင်းကို ဖန်ဆင်းနိုင်ခြင်း၊ (၂)ရွှေဖြစ်အောင် အဓိဋ္ဌာန်နိုင်ခြင်း၊ (၃)စင်ကြယ်သောအဆင်း, မစင်ကြယ်သောအဆင်းရှိသည့် နည်းဖြင့် အဘိဘာယတနကိုရခြင်း၊ (၄)သုဘဝိမောက္ခကိုရခြင်း စသောအကျိုးတို့ ပြီးမြောက်ကုန်၏။

လောဟိတကသိဏ်း၏အစွမ်းဖြင့် (၁)နီသောအဆင်းကို ဖန်ဆင်းနိုင်ခြင်း၊ (၂)အဘိဘာယတနကိုရခြင်း၊ (၃)သုဘဝိမောက္ခကိုရခြင်းစသောအကျိုးတို့ ပြီးမြောက်ကုန်၏။

ဩဒါတကသိဏ်း၏အစွမ်းဖြင့် (၁)ဖြူသောအဆင်းကို ဖန်ဆင်းနိုင်ခြင်း၊ (၂)ထိနမိဒ္ဓကိုဝေးကွာအောင်ပြုနိုင်ခြင်း၊ (၃)အမိုက်မှောင်ကို ပျောက်စေနိုင်ခြင်း၊ (၄)ဒိဗ္ဗစက္ခုဖြင့်ရူပါရုံကိုမြင်ခြင်းငှာ အလင်းရောင်ကို ပြုနိုင်ခြင်း စသောအကျိုးတို့ ပြီးမြောက်ကုန်၏။

အာလောကကသိဏ်းအစွမ်းဖြင့် (၁)အရောင်နှင့်တကွ အဆင်းကိုဖန်ဆင်းနိုင်ခြင်း၊ (၂)ထိနမိဒ္ဓကိုဝေးကွာအောင်ပြုနိုင်ခြင်း၊ (၃)အမိုက်တိုက်ကိုပယ်ဖျောက်နိုင်ခြင်း၊ (၄)ဒိဗ္ဗစက္ခုဖြင့် ရူပါရုံကိုမြင်ခြင်းငှာ အလင်းရောင်ကိုပြုနိုင်ခြင်းစသောအကျိုးတို့ ပြီးမြောက်ကုန်၏။

အာကာသကသိဏ်း၏အစွမ်းဖြင့် (၁)ဖုံးအုပ်ကွယ်ကာလျက်ရှိသည့်ဝတ္ထုတို့ကို ဟင်းလင်းပွင့်အောင်ပြုနိုင်ခြင်း၊ (၂)မြေအတွင်း တောင်အတွင်းစသည်တို့၌ ဟင်းလင်းပြင်ကောင်းကင်ကိုဖန်ဆင်း၍ သွား, ရပ်, ထိုင်, လျောင်းဟူသော ဣရိယာပုထ်ကိုပြုနိုင်ခြင်း၊ (၃)နံရံတစ်ဖက်စသည်တို့၌ မငြိမယှက်ဘဲသွားနိုင်ခြင်းစသောအကျိုးတို့ကို ပြီးမြောက်စေနိုင်၏။

အလုံးစုံသောကသိဏ်းဆယ်ပါးတို့သည်ပင် အထက်, အောက်, ဖီလာထက်ဝန်းကျင်မှပိုင်းခြားအပ်သော နှစ်ပါးမဟုတ်, အပိုင်းအခြားမရှိမွန်းသော ဤအထူးအပြားကိုရကုန်၏။ မှန်ပေ၏၊ အချို့သောယောဂီသည် အထက်သို့သာလျှင် ကသိဏ်းကိုပွားစေ၏၊ အချို့သောယောဂီသည်အောက်သို့သာလျှင် ကသိဏ်းကိုပွားစေ၏၊ အချို့သောယောဂီသည် ဖီလာထက်ဝန်းကျင်ပတ်လည်မှ(ဝါ)လယ်အဝန်းကဲ့သို့ ထက်ဝန်းကျင်ပတ်လည်မှ ပိုင်းခြားလျက် ကသိဏ်းကိုပွားစေ၏။

ဒိဗ္ဗစက္ခုဖြင့် ရူပါရုံကိုမြင်ရန် အလင်းရောင်ကိုပြန့်နှံ့စေသကဲ့သို့ ထိုအကျိုးယောဂီပုဂ္ဂိုလ်သည် အထက်သို့လည်းကောင်း၊ အောက်သို့လည်းကောင်း၊ ဖီလာသို့လည်းကောင်း၊ ကသိဏ်းကိုပြန့်စေ၏။ ထို့ကြောင့် အထက်, အောက်, ဖီလာဟူသောစကားကို ဆို၏။

"နှစ်ပါးမဟုတ်"ဟူသောစကားမှာ ကသိဏ်းတစ်ခုသည် ကသိဏ်းတစ်ခုသာဖြစ်လျက် အခြားကသိဏ်းနှင့်ရောယှက်မှုမရှိခြင်းကို ဆိုလို၏။ ဥပမာ ရေကသိဏ်းကိုပွား၍ ရေသို့ ဝင်သောသူအား ထက်ဝန်းကျင် အလုံးစုံသောအရပ်တို့၌ ရေသာဖြစ်ပြီး ရေမှတစ်ပါး

http://www.dhammadownload.com



မြေစသည်မဖြစ်သကဲ့သို့ ဤအတူ ပထဝီကသိုဏ်းသည် ပထဝီကသိုဏ်းသာဖြစ်၏၊ တစ်ပါးသောကသိုဏ်းနှင့် ရောယှက်ခြင်းမရှိချေ။

"အပိုင်းအခြားမရှိ"ဟူသောစကားမှာ ပထဝီကသိုဏ်းစသည်ကို မည်ရွေ့မည်မျှဖြန့်အပ်သည်ဟု ဖြန့်ခြင်း၏အတိုင်းအရှည်မရှိသည်ကို ဆိုလို၏။ မှန်ပေ၏၊ ထိုပထဝီကသိုဏ်းကို ဘာဝနာစိတ်ဖြင့်ဖြန့်လျှင် အရပ်မျက်နှာအားလုံးသို့ပင် ပြန့်၏၊ ဤသည်ကား ထိုကသိုဏ်း၏အစတည်း၊ ဤသည်ကား အလယ်တည်းဟု အတိုင်းအရှည်ပမာဏကို မယူပေ။

**ဈာန်, မဂ်မရနိုင်သောပုဂ္ဂိုလ်များ**

(၁) 'ဈာန်, မဂ်ကို တားမြစ်တတ်သောကံနှင့်ပြည့်စုံသူ'၊ တစ်နည်း အနန္တရိယကံငါးပါးတွင် တစ်ပါးပါးသောကံနှင့်ပြည့်စုံသောပုဂ္ဂိုလ်၊

(၂) 'ဈာန်, မဂ်ကိုတားမြစ်တတ်သော ကိလေသာနှင့်ပြည့်စုံသူ'၊ တစ်နည်းအဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိဟူသော မိစ္ဆာဒိဋ္ဌိကြီးသုံးပါးတို့တွင် တစ်ပါးပါးသောနိယတမိစ္ဆာဒိဋ္ဌိနှင့်ပြည့်စုံသောပုဂ္ဂိုလ်၊ ဥဘတောဗျည်းနှင့်ပဏ္ဍုက်ပုဂ္ဂိုလ်၊

(၃) 'ဈာန်, မဂ်ကိုတားမြစ်တတ်သော အကျိုးဝိပါက်နှင့်ပြည့်စုံသူ'၊ တစ်နည်း အဟိတ်ပဋိသန္ဓေ, ဒွိဟိတ်ပဋိသန္ဓေရှိသောပုဂ္ဂိုလ်၊

(၄) 'ယုံကြည်ခြင်း၊ သဒ္ဓါမရှိသောသူ'၊ တစ်နည်း ဘုရား, တရား, သံဃာတို့၌ ယုံကြည်မှုကင်းသူ၊

(၅) 'ကောင်းသောဆန္ဒကင်းသူ'၊ တစ်နည်း မဂ်အားလျော်သောအကျင့် သစ္စာလောမိကဝိပဿနာ၌ အားထုတ်လိုသည့်သမ္မာဆန္ဒကင်းသူ၊

(၆) 'ပညာမဲ့သောသူ'၊ တစ်နည်းလောကီသမ္မာဒိဋ္ဌိ၊ လောကုတ္တရာသမ္မာဒိဋ္ဌိမှကင်းသောသူတို့ပေတည်း။

အထက်ပါပုဂ္ဂိုလ်တို့သည် မည်မျှပင်ကြိုးစားအားထုတ်စေကာမူ ဈာန်, မဂ်ကိုမရနိုင်ချေ။ ဥဘတောဗျည်းနှင့် ပဏ္ဍုက်တို့သည် အဟိတ်ပဋိသန္ဓေရှိကြ၏၊ အဟိတ်ပဋိသန္ဓေ, ဒွိဟိတ်ပဋိသန္ဓေရှိသူတို့သည် အရိယမဂ်နှင့်ဈာန်တို့ကို မရနိုင်သဖြင့် ဝိပါကာဝရဏနှင့်ပြည့်စုံသူတို့ဖြစ်ကြ၏။ ထူပြောထက်သန်သောကိလေသာရှိသူတို့သည် ကိလေသာဝရဏနှင့်ပြည့်စုံကြသည်ဟုဆို၏။

ဝိပါကာဝရဏကင်းသောအမျိုးကောင်းသားသည် ကမ္မာဝရဏ, ကိလေသာဝရဏတို့ကို ဝေးစွာရှောင်ကြဉ်၍ သူတော်ကောင်းတရားကိုနာခြင်း–သဒ္ဓမ္မသဝန၊ သူတော်ကောင်းနှင့်ပေါင်းဖော်ခြင်း–သပ္ပုရိသူပနိဿယတို့ဖြင့် သဒ္ဓါတရားကိုလည်းကောင်း၊ ကုသိုလ်ဆန္ဒကိုလည်းကောင်း၊ ပညာကိုလည်းကောင်းပွားစေ၍ ကမ္မဋ္ဌာန်းကိုအားထုတ်ခြင်း၌ အသည်းအသန်ပြင်းထန်သောလုံ့လကို ပြုသင့်ပြုထိုက်လှပေ၏။

http://www.dhammadownload.com



* ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေများ

၁။ ဆရာကောင်းသမားကောင်းထံချဉ်းကပ်၍ နည်းမှန်လမ်းမှန်ဖြင့် မည်မျှပင်ကြိုးစား အားထုတ်စေကာမူ ယခုဘဝ၌ ဈာန်, မဂ်, ဖိုလ်တရားထူးမရနိုင်သော ပုဂ္ဂိုလ်မျိုးစုံကို စုံလင် စွာဖော်ပြပါ။(၁၉၈၅)

*[အဖြေ– ဆရာကောင်းထံ နည်းမှန်လမ်းမှန်ဖြင့် မည်မျှပင်ကြိုးစားအားထုတ်စေကာမူ ယခုဘဝ၌ ဈာန်, မဂ်, ဖိုလ်တရားထူးမရနိုင်သောပုဂ္ဂိုလ်များမှာ*

*(၁) 'ဈာန်, မဂ်ကိုတားမြစ်တတ်သောကံနှင့်ပြည့်စုံသူ' တစ်နည်း အနန္တရိယကံငါးပါး တွင် တစ်ပါးပါးသောကံနှင့်ပြည့်စုံသောပုဂ္ဂိုလ်၊*

*(၂) 'ဈာန်, မဂ်ကိုတားမြစ်တတ်သော ကိလေသာနှင့်ပြည့်စုံသူ' တစ်နည်း အဟေတုက ဒိဋ္ဌိ, အကိရိယဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိဟူသောမိစ္ဆာဒိဋ္ဌိကြီးသုံးပါးတို့တွင် တစ်ပါးပါးသော နိယတမိစ္ဆာဒိဋ္ဌိနှင့်ပြည့်စုံသူ၊ ဥဘတောဗျည်း၊ ပဏ္ဍုက်၊*

*(၃) 'ဈာန်, မဂ်ကိုတားမြစ်ထားသော အကျိုးဝိပါက်နှင့်ပြည့်စုံသူ' တစ်နည်း အဟိတ် ပဋိသန္ဓေ, ဒွိဟိတ်ပဋိသန္ဓေရှိသောပုဂ္ဂိုလ်၊*

*(၄) 'ယုံကြည်ခြင်းသဒ္ဓါမရှိသူ' တစ်နည်းဘုရား, တရား, သံဃာ၌ ယုံကြည်မှုကင်းသူ၊*

*(၅) 'ကောင်းသောဆန္ဒကင်းသူ' တစ်နည်း မဂ်အားလျော်သောအကျင့် သစ္စာလော မိကဝိပဿနာ၌ အားထုတ်လိုသည့် သမ္မာဆန္ဒကင်းသူ၊*

*(၆) 'ပညာမဲ့သောသူ' တစ်နည်းလောကီသမ္မာဒိဋ္ဌိ, လောကုတ္တရာသမ္မာဒိဋ္ဌိမှကင်းသော သူတို့ပင်တည်း။]*

၂။ မည်သည့်ကမ္မဋ္ဌာန်းကိုဖြစ်စေ အားထုတ်သော်လည်း အကျိုးထူးမရနိုင်သောပုဂ္ဂိုလ်များ ကို အစဉ်ကျကျညွှန်ပြခဲ့ပါ။(၁၉၉၀)

*[အဖြေ–အထက်ကနံပါတ်(၁)မေးခွန်းအဖြေနှင့်တူသည်။]*

၃။ အဘယ်ပုဂ္ဂိုလ်တို့၏စိတ်သန္တာန်၌ဖြစ်သောဥပေက္ခာကို အဘယ်သို့သောအကြောင်း တို့ကြောင့် ဆဠင်္ဂုပေက္ခာဟု ခွဲခြားသတ်မှတ်ထားသည်ကို ဖော်ပြ၍၊ အာဃါတသိုက်းကို စီးဖြန်းသောယောဂီပုဂ္ဂိုလ် ဖန်ဆင်းနိုင်သောတန်ခိုးတို့ကိုလည်း ဖော်ပြခဲ့ပါ။(၁၉၉၂)

*[အဖြေ– ရဟန္တာပုဂ္ဂိုလ်တို့၏စိတ်သန္တာန်၌ဖြစ်သောဥပေက္ခာကို ဆဠင်္ဂုဧပက္ခာဟုခွဲခြား သတ်မှတ်၏။*

*"ဤသာသနာတော်၌ ရဟန္တာသည် မျက်စိဖြင့်ရူပါရုံကိုမြင်၍ ဝမ်းမြောက်မှုမဖြစ်၊ နှလုံးမသာခြင်းမဖြစ်၊ သတိ, သမ္ပဇဉ်နှင့်ပြည့်စုံစွာ လျစ်လျူရှုလျက်နေ၏" ဟု ဟောတော် မူသည်နှင့်အညီရဟန္တာတို့၏ဒွါရခြောက်ပါး၌ ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့ထင်လတ်သော် စင်ကြယ် ခြင်းဟူသောပကတိသဘောကို မစွန့်သည့်အခြင်းအရာဖြင့်ဖြစ်သောဥပေက္ခာသည် ဆဠင်္ဂုပေက္ခာဟု ခွဲခြားသတ်မှတ်ပါသည်။*

http://www.dhammadownload.com



*အာပေါကသိဏ်းကိုစီးဖြန်းသောယောဂီပုဂ္ဂိုလ် ဖန်ဆင်းနိုင်သောတန်ခိုးတို့မှာ–*

*(၁) မြေ၌ငုပ်ခြင်း, ပေါ်ခြင်း၊ (၂) မိုးရေမိုးပေါက်ကိုဖြစ်စေ, ရွာသွန်းစေခြင်း၊ (၃) မြစ်, သမုဒ္ဒရာ စသည်ကိုဖန်ဆင်းခြင်း၊ (၄) မြေ, တောင်, ပြာသာဒ်စသည်ကိုတုန်လှုပ်စေခြင်းတို့ ဖြစ်သည်။]*

၄။ ဈာန်တရား၏အန္တရာယ်ကိုပြုတတ်သောတရားစုတို့ကို ဖော်ပြပြီး ဤဘဝ၌ မည်မျှပင် တရားအားထုတ်စေကာမူ ဈာန်တရား, မဂ်တရားတို့ကို မရနိုင်သောပုဂ္ဂိုလ်စုတို့တွင် ကိလေသာနှင့်ပြည့်စုံသောပုဂ္ဂိုလ်စုတို့ကို ဖော်ပြခဲ့ပါ။(၁၉၉၃)

*[အဖြေ – ဈာန်တရား၏အန္တရာယ်ကိုပြုတတ်သောတရားစုမှာ နီဝရဏငါးပါးဖြစ်၏။ ၎င်းတို့မှာ (၁) ကာမစ္ဆန္ဒ (၂) ဗျာပါဒ (၃) ထိနမိဒ္ဓ (၄) ဥဒ္ဓစ္စ, ကုက္ကုစ္စ (၅) ဝိစိကိစ္ဆာနီဝရဏ တို့ဖြစ်ပါသည်။*

*ဤဘဝ၌ မည်မျှပင်တရားအားထုတ်စေကာမူ ဈာန်တရား, မဂ်တရားတို့ကို မရနိုင်သော ပုဂ္ဂိုလ်စုတို့တွင် ကိလေသာနှင့်ပြည့်စုံသောပုဂ္ဂိုလ်စုမှာ 'ဈာန်, မဂ်ကိုတားမြစ်တတ်သော ကိလေသာနှင့်ပြည့်စုံသူ'တစ်နည်း အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိဟူသော မိစ္ဆာဒိဋ္ဌိကြီးသုံးပါးတို့တွင် တစ်ပါးပါးသောနိယတမိစ္ဆာဒိဋ္ဌိနှင့်ပြည့်စုံသောပုဂ္ဂိုလ်၊ ဥဘတော်ဗျည်းနှင့်ပဏ္ဍုက်ပုဂ္ဂိုလ်တို့ဖြစ်ပါသည်။]*

၅။ ဝါယောကသိဏ်းကိုပွားများလိုသောယောဂီပုဂ္ဂိုလ်သည် ဝါယောကသိဏ်းကို "ဒိဋ္ဌ, ဖုဋ္ဌ"နှစ်မျိုးတို့ဖြင့်ပွားများပုံနည်းကို စနစ်တကျဖော်ပြပါ။(၁၉၉၆)

*[အဖြေ– ဝါယောကသိဏ်းကို "ဒိဋ္ဌ"–အမြင်၏အစွမ်းဖြင့်ပွားများသည့်နည်းမှာ လေ တိုက်ခတ်၍ ယိမ်းနွဲ့လှုပ်ရှားသောကြံခင်းရှိကြံပင်အဖျားတို့ကိုဖြစ်စေ၊ ယိမ်းနွဲ့လှုပ်ရှား သောဝါးပင်တို့၏အဖျားကိုဖြစ်စေ၊ သစ်ပင်တို့၏အဖျားကိုဖြစ်စေ၊ လက်လေးသစ်ခန့်ရှည် သည့်ဆံပင်ရှည်သောယောကျ်ား၏ ဦးခေါင်းထက်ရှိဆံပင်ကိုဖြစ်စေ လေတိုက်ခတ်ခြင်း ကြောင့် လှုပ်သည်ကိုရှုမြင်၍ "ဤလေသည် ဤအရပ်၌တိုက်ခတ်၏"ဟု သတိကိုဖြစ် စေလျက် နိမိတ်ကိုယူ၏။*

*ဝါယောကသိဏ်းကို "ဖုဋ္ဌ"–အထိအတွေ့၏အစွမ်းဖြင့် ပွားများသည့်နည်းမှာ လေသာ ပြတင်းပေါက်ကြားမှဖြစ်စေ၊ နံရံပေါက်မှဖြစ်စေ ဝင်လာသောလေတိုက်ခတ်မိရာ ကိုယ် အစိတ်အပိုင်း၌ သတိကိုဖြစ်စေလျက် လေ၌နိမိတ်ကိုယူ၏။ "ဝါတ, မာလုတ, အနိလ" စသော လေ၏အမည်တို့တွင် ထင်ရှားသည့်အမည်ဖြင့် "ဝါတော, ဝါတော"သို့မဟုတ် "လေ, လေ"ဟူ၍ပွားအပ်၏။]*

၆။ တေဇောကသိဏ်းကို ပွားများလိုသောယောဂီပုဂ္ဂိုလ်၏ ပြုလုပ်ရမည့်အစီအရင်နှင့် ပွားများပုံနည်းတို့ကို မှတ်သားဖွယ်ရာပြည့်စုံစွာဖော်ပြပါ။(၁၉၉၈)

http://www.dhammadownload.com



[အဖြေ–တေဇောကသိဏ်းကို ပွားများလိုသောယောဂီပုဂ္ဂိုလ်၏ပြုလုပ်ရမည့်အစီအရင်မှာ အစေးအနှစ်ရှိသောထင်းတို့ကိုခွဲ၍ ခြောက်သွေ့စေပြီးလျှင် အပိုင်းအပိုင်းပြုလုပ်၏။ သင့်လျော်သောသစ်ပင်ရင်းသို့ဖြစ်စေ မဏ္ဍပ်သို့ဖြစ်စေ သွားပြီးလျှင် သပိတ်ဖုတ်သည့်အခြင်းအရာဖြင့် ထင်းတို့ကိုစုပုံကာ မီးရှို့၏။ ထို့နောက် ဖျာ၌ဖြစ်စေ သားရေပိုင်း၌ဖြစ်စေ အဝတ်ပိုင်း၌ဖြစ်စေ တစ်ထွာလက်လေးသစ်အရွယ်ရှိသည့်အပေါက်ဝိုင်းကို ပြုလုပ်၏။ ထိုအပေါက်ရှိသော ဖျာ, သားရေ သို့မဟုတ် အဝတ်ပိုင်းကို ရှေ့၌ထား၍ ချမ်းသာစွာထိုင်လျက် အောက်၌ရှိသည့်မြက်, ထင်းတို့ကိုလည်းကောင်း အထက်သို့တက်သည့်မီးခိုးကို လည်းကောင်း နှလုံးမသွင်းဘဲ အလယ်၌တစ်ခဲနက်ဖြစ်သောမီးလျှံကို နိမိတ်အဖြစ်မှတ်ယူ၏။ အညို, အရွှေစသည်ဖြင့် မီး၏အဆင်းကိုမဆင်ခြင်အပ်, ပူသည့်အစွမ်းဖြင့် မီး၏လက္ခဏာကိုလည်း နှလုံးမသွင်းအပ်။ အဆင်း၏မှီရာမီးကို အဆင်းနှင့်တကွပြု၍ တေဇောဓာတ်လွန်ကဲသည့်အစွမ်းဖြင့် တေဇောဟူသောလောကဝေါဟာရပညတ်၌ စိတ်ကိုထား၍ "တေဇော, တေဇော"ဟူ၍ ပွားအပ်၏။]

၇။ အာကာသကသိဏ်း၏အစွမ်းအားဖြင့် ပြည့်စုံရရှိနိုင်သော အကျိုးများကိုထုတ်ပြပြီးလျှင်၊ ဈာန်, မဂ်တို့ကိုတားမြစ်သော ကိလေသာတို့ကိုလည်း ထုတ်ဖော်ပြပါ။(၁၉၉၉)

[အဖြေ– အာကာသကသိဏ်း၏အစွမ်းအားဖြင့် ပြည့်စုံရရှိနိုင်သောအကျိုးများမှာ–

(၁) ဖုံးအုပ်ကွယ်ကာလျက်ရှိသည့်ဝတ္ထုတို့ကို ဟင်းလင်းပွင့်အောင်ပြုနိုင်ခြင်း၊

(၂) မြေအတွင်း တောင်အတွင်းစသည်တို့၌ ဟင်လင်းပြင်ကောင်းကင်ကိုဖန်ဆင်း၍ သွား, ရပ်, ထိုင်, လျောင်းဟူသော ဣရိယာပုထ်ကိုပြုနိုင်ခြင်း၊

(၃) နံရံတစ်ဖက်စသည်တို့၌ မငြိမယှက်ဘဲ သွားနိုင်ခြင်းစသည်တို့ဖြစ်ပါသည်။

ဈာန်, မဂ်တို့ကို တားမြစ်သောကိလေသာတို့မှာ အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိဟူသော မိစ္ဆာဒိဋ္ဌိကြီးသုံးပါး၊ ဥဘတောဗျည်းနှင့်ပဏ္ဍုက်ပုဂ္ဂိုလ်တို့၌ရှိသည့် ထူပြော ထက်သန်သောကိလေသာတို့ဖြစ်ပါသည်။]

၈။ ဩဒါတကသိဏ်းကိုပွားများလိုသောပုဂ္ဂိုလ်၏ ပွားများပုံနည်းကို ပြဆိုပြီးလျှင်၊ ယင်းဩဒါတကသိဏ်း၏အစွမ်းကြောင့် ပြည့်စုံနိုင်သောတန်ခိုးများကိုလည်း ဖော်ပြပါ။(၂၀၀၀)

[အဖြေ–ဩဒါတကသိဏ်းကို ပွားများလိုသောပုဂ္ဂိုလ်၏ပွားများပုံနည်းမှာ – ဖွန်ပန်း, မြတ်လေးပန်းစသည့်အဖြူရောင်ပန်းတို့ကိုယူ၍ အညှာတို့ကိုမမြင်စေဘဲ ပန်းတောင်း, ပန်းကပ်ဖုံး, ကြုတ်ဖုံးတစ်ခုခု၌ ပန်းပွင့်ချပ်တို့ကိုထင်စေလျက် အနားရေးနှင့်အမျှပြည့်အောင်ခင်းထားအပ်၏။ တစ်နည်းကား ပန်းတောင်း, ပန်းကပ်ဖုံး, ကြုတ်ဖုံးတစ်ခုခု၏မျက်နှာ၌ အဝတ်ဖြူကိုစည်မျက်နှာပြင်ကဲ့သို့ဖွဲ့ချည်အပ်၏။ သို့မဟုတ် အဖြူရောင်ဓာတ်သတ္တုဖြင့်ဖြစ်စေ ဖြူသောကျောက်ဓာတ်ဖြင့်ဖြစ်စေ ရွှေ့ပြောင်း၍ရစကောင်းသောကသိဏ်းဝန်းကို

http://www.dhammadownload.com



ဖြစ်စေ နံရံ၌မပြောင်းရွှေ့ကောင်းသောကသိုဏ်းဝန်းကိုဖြစ်စေ ပြုလုပ်၍ မတူသောအဆင်း ဖြင့် ပိုင်းခြားအပ်၏။

ထို့နောက် ကသိုဏ်းဝန်းမှ နှစ်တောင်တစ်ထွာအကွာတွင် တစ်ထွာလက်လေးသစ် အမြင့်ရှိသည့်အင်းပျဉ်ပေါ်တွင်ထိုင်၍ ရှုအပ်၏။ ကာမဂုဏ်တို့၏အပြစ်ကိုဆင်ခြင်ပြီးလျှင် ကာမတို့မှလွတ်ကင်းသော ဆင်းရဲဒုက္ခအလုံးစုံမှလွတ်မြောက်ခြင်း၏ အကြောင်းဖြစ်သော ဈာန်ကိုကောင်းစွာအလိုဆန္ဒရှိသည်ဖြစ်၍ ဘုရား, တရား, သံဃာတော်တို့၏ဂုဏ်တော်များ ကို တလုံးလဲလဲအောက်မေ့ခြင်းဖြင့် နှစ်သက်ဝမ်းမြောက်ခြင်းကိုဖြစ်စေ၏။

"ယခု ငါအားထုတ်လတ္တံ့သောအကျင့်သည် ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝက အလုံးစုံတို့ကျင့်သုံးကြသော ထွက်မြောက်ခြင်းအကျင့်ပေတည်း" ဟု အကျင့်၌ကောင်းစွာ အရိုအသေပြုလျက် ဤအကျင့်ဖြင့် ဝိဝေကကြောင့်ဖြစ်သောချမ်းသာသုခအရသာကို မချွတ် ကေန်ခံစားရပေအံ့ဟု ကြိုးစားအားထုတ်မှုကိုဖြစ်စေ၍ မျက်စိတို့ကို ညီညီမျှမျှ ဖွင့်ပြီးလျှင် ဩဒါတကသိုဏ်း၌ နိမိတ်ကိုယူ၍ စိတ်ဖြင့်မှတ်၍ အဆင်းနှင့်လက္ခဏာကို နှလုံးမသွင်းဘဲ လောကဝေါဟာရပညတ်ဖြင့် "ဩဒါတံ, ဩဒါတံ" ဟု ပွားများအပ်၏။

ဩဒါတကသိုဏ်း၏အစွမ်းကြောင့် ပြည့်စုံနိုင်သောတန်ခိုးများမှာ (၁)ဖြူသောအဆင်း ကို ဖန်ဆင်းနိုင်ခြင်း၊ (၂)ထိနမိဒ္ဓကို ဝေးကွာအောင်ပြုနိုင်ခြင်း၊ (၃)အမိုက်မှောင်ကို ပျောက်စေ နိုင်ခြင်း၊ (၄)ဒိဗ္ဗစက္ခုဖြင့် ရူပါရုံကိုမြင်ခြင်းငှာ အလင်းရောင်ကိုပြုနိုင်ခြင်းစသည်တို့ကို ပြီးမြောက်စေနိုင်၏။]

၉။ အာလောကကသိုဏ်းကို ပွားများလိုသောယောဂီပုဂ္ဂိုလ်၏ ပြုလုပ်ပုံအစီအရင်နှင့် ပွားများပုံ နည်းတို့ကို ပြဆို၍၊ ယင်းအာလောကကသိုဏ်း၏အစွမ်းအားဖြင့် ပြည့်စုံရရှိနိုင်သောအကျိုး များကိုလည်း ညွှန်ပြဖြေဆိုပါ။(၂၀၀၁)

[အဖြေ- အာလောကကသိုဏ်းကို ပွားများလိုသောယောဂီပုဂ္ဂိုလ်၏ ပြုလုပ်ပုံအစီအရင်နှင့် ပွားများပုံနည်းတို့မှာ–ကသိုဏ်း၏အပြစ်လေးပါးတို့ကိုရှောင်လျက် အညို, အရွှေ, အနီ, အဖြူ ဟူသော အဆင်းတစ်မျိုးမျိုးရှိသည့်ရောင်ကိုမယူဘဲ မြေသို့မရောက်မီ ကောင်းကင်၌စင်ကြယ် သည့်အဝတ်ဖြင့်ခံယူအပ်သောရေ သို့မဟုတ် ထိုရေနှင့်အလားတူသည့်ရေကြည်ရေကောင်း ကို သပိတ်ခွက်၌ဖြစ်စေ ကရား၌ဖြစ်စေ အနားရေးနှင့်အမျှပြည့်အောင်ထည့်၏။ ကျောင်း၏ အစွန်း၌ အမိုးအကာရှိသောနေရာတွင် ချမ်းသာစွာထိုင်လျက် ရှုအပ်၏၊ ရေ၏အဆင်း ကို မဆင်ခြင်အပ်၊ အာပေါဓာတ်၏လက္ခဏာကိုလည်း မဆင်ခြင်အပ်။ စင်စစ်သော်ကား အဆင်းကိုမလွှတ်မူ၍ အဆင်း၏မှီရာ အာပေါဓာတ်လွန်ကဲသည့်အစွမ်းကြောင့် လောက ဝေါဟာရ၌ စိတ်ကိုထားလျက် "အာပေါ, အာပေါ" ဟု နှလုံးသွင်းအပ်၏။

ရံခါ မျက်စိကိုဖွင့်၍ စေ့စေ့ကြည့်လျက် ရံခါမျက်စိကိုမှိတ်ပြီးပြန်ဖွင့်၍ မြင်သည့်အတိုင်း

http://www.dhammadownload.com



ကသိဏ်းဝန်းကိုဆင်ခြင်အပ်၏။ ဤနည်းအတိုင်း ကာလအရာအထောင်မက ဥဂ္ဂဟနိမိတ်မဖြစ်သေးသမျှ မျက်စိဖွင့်တုံ မှိတ်တုံ တလုံလဲလဲနှလုံးစွဲအောင် အားခဲကာ ဆင်ခြင်ပွားများအပ်၏။

အကြင်အခါ မျက်စိမှိတ်၍ဆင်ခြင်စဉ် မျက်စိဖွင့်၍ကြည့်သကဲ့သို့ ကသိဏ်းဝန်းကို ထင်မြင်လျှင် ဥဂ္ဂဟနိမိတ်ဖြစ်ပေါ်သည် မည်၏။ ထိုဥဂ္ဂဟနိမိတ်ဖြစ်ပေါ်သည့်အခါမှစ၍ ထိုနေရာ၌မနေအပ်။ မိမိနေရာသို့ဝင်၍ ထိုင်နေခြင်းဖြင့် ဥဂ္ဂဟနိမိတ်ကို ရှုပွားအပ်၏၊ အဖန်တလဲလဲစိတ်ဖြင့်ဆင်ခြင်အပ်၏၊ ရှေးရှုခေါ်ခြင်း, ထက်ဝန်းကျင်မှခေါ်ခြင်းကို ပြုအပ်၏၊ ဤသို့ပြုသောယောဂီအား နီဝရဏအမြွေးအယှက်တို့သည် အစဉ်အတိုင်းကွာကုန်၏၊ ကိလေသာတို့သည် ငြိမ်ဝပ်နစ်မြုပ်ကုန်၏၊ ဥပစာရသမာဓိသည် စိတ်ကိုကောင်းစွာထား လျက် ပဋိဘာဂနိမိတ်ဖြစ်ပေါ်လာ၏။

အာပေါကသိဏ်း၌ ဥဂ္ဂဟနိမိတ်သည် လှုပ်သကဲ့သို့ထင်၏၊ ရေမြှုပ်ရေပွက်နှင့်ရောသော ရေဖြစ်လျှင် ထိုသို့သဘောရှိသောဥဂ္ဂဟနိမိတ်ထင်၏၊ ကသိဏ်း၏အပြစ်သည် ထင်ရှား၏။ ပဋိဘာဂနိမိတ်သည်ကား တုန်လှုပ်ခြင်းမရှိဘဲ ကောင်းကင်၌ထားအပ်သောမြဖယပ်ဝန်း ကဲ့သို့ (ဝါ) မြကြေးမုံဝန်းကဲ့သို့ ထင်၏။

လျောက်ပတ်သောသပ္ပါယ(၇)ပါးကိုမှီဝဲ၍ မလျောက်ပတ်သောအသပ္ပါယ(၇)ပါးကို ရှောင်ကြဉ်ကာ အပ္ပနာကောသလ္လ(၁၀)ပါးကို ပြီးစေအပ်၏။ စိတ်တွန့်တိုဆုတ်နစ်ခြင်း, ပျံ့လွင့်ခြင်းကင်းရှင်းစေလျက် ပဋိဘာဂနိမိတ်သို့ ဘာဝနာစိတ်ကိုရှေးရှုစိုက်နှင့်ရာ၏။ စတုက္ကနည်းရှုပါဝစရဈာန်လေးပါး သို့မဟုတ် ပဥ္စကနည်းဈာန်ငါးပါးတို့သည် ဖြစ်ပေါ်လာကြ၏။

(မှတ်ချက်– အထက်ပါစာလေးပိုဒ်သည် ကသိဏ်းအားလုံးနှင့် အကျုံးဝင်ပါသည်)

အာပေါကသိဏ်း၏အစွမ်းအားဖြင့် ပြည့်စုံရရှိသောအကျိုးများမှာ– (၁)မြေ၌ငုပ်ခြင်း, ပေါ်ခြင်း, (၂)မိုးရေမိုးပေါက်ကိုဖြစ်စေ, ရွာသွန်းစေခြင်း၊ (၃)မြစ်, သမုဒ္ဒရာစသည်ကို ဖန်ဆင်းခြင်း၊ (၄)မြေ, တောင်, ပြာသာဒ်စသည်ကို တုန်လှုပ်စေခြင်းတို့ဖြစ်သည်။]

၁၀။ ပီတကသိဏ်းကို ပွားများကာစဖြစ်သောယောဂီပုဂ္ဂိုလ်သည် ပီတကသိဏ်းစီရင်ပုံ နှလုံးသွင်းပွားများပုံတို့ကို စနစ်တကျဖော်ပြပြီးလျှင်၊ ယင်းပီတကသိဏ်း၏ အစွမ်းအားဖြင့် ရရှိပြည့်စုံနိုင်သောအကျိုးများကိုလည်း ဖော်ညွှန်းပြပါ။(၂၀၀၂)

[အဖြေ–ပီတကသိဏ်းစီရင်ပုံနှင့် နှလုံးသွင်းပွားများပုံတို့မှာ–မဟာလှေကားပန်းစသည့် အဝါရောင်ပန်းတို့ကိုယူ၍ အညာတို့ကိုမမြင်စေဘဲ ပန်းတောင်း, ပန်းကပ်ဖုံး, ကြုတ်ဖုံး တစ်ခုခု၌ ပန်းပွင့်ချပ်တို့ကိုထင်စေလျက် အနားရေးနှင့်အမျှပြည့်အောင် ခင်းထားအပ်၏။

တစ်နည်းကား ပန်းတောင်း, ပန်းကပ်ဖုံး, ကြုတ်ဖုံးတစ်ခုခု၏ မျက်နှာဝ၌ ရွှေသောအဝတ်

http://www.dhammadownload.com



*ကို စည်မျက်နှာပြင်ကဲ့သို့ဖွဲ့ချည်အပ်၏။ သို့မဟုတ် ရွှေသောခတ်သတ္တုဖြင့်ဖြစ်စေ ဝါသော ကျောက်ရာတ်ဖြင့်ဖြစ်စေ ရွှေ့ပြောင်း၍မရစကောင်းသောကသိုဏ်းဝန်းကိုဖြစ်စေ နံရံ၌ မရွှေ့ပြောင်းကောင်းသောကသိုဏ်းဝန်းကိုဖြစ်စေ ပြုလုပ်၍ မတူသောအဆင်းဖြင့် ပိုင်းခြား အပ်၏။*

*ထို့နောက် ကသိုဏ်းဝန်းမှနှစ်တောင်တစ်ထွာအကွာတွင်ထိုင်၍---(နံ့ပါတ်-၈- ဩဒါတကသိုဏ်းအဖြေအတိုင်းရှေးနိုင်သည်)---မျက်စိကိုညီညီမျှမျှဖွင့်ပြီးလျှင် ပီတ ကသိုဏ်း၌နိမိတ်ကိုယူ၍ စိတ်ဖြင့်မှတ်၍ အဆင်းနှင့်လက္ခဏာကိုနှလုံးမသွင်းဘဲ လောက ဝေါဟာရပညတ်ဖြင့် "ပီတက, ပီတက"ဟု ပွားများအပ်၏။*

*ပီတကသိုဏ်း၏အစွမ်းအားဖြင့် ရရှိပြည့်စုံနိုင်သောအကျိုးများမှာ-(၁)ရွှေရောင်အဆင်း ကို ဖန်ဆင်းနိုင်ခြင်း၊ (၂)ရွှေဖြစ်အောင် အဓိဋ္ဌာန်နိုင်ခြင်း၊ (၃)စင်ကြယ်သောအဆင်း, မစင် ကြယ်သောအဆင်းရှိသည့်နည်းဖြင့် အဘိဘာယတနကိုရခြင်း၊ (၄)သုဘဝိမောက္ခကိုရခြင်း တို့ဖြစ်ပါသည်။]*

၁၁။ ဝါယောကသိုဏ်းကိုစီးဖြန်းသဖြင့် ရရှိနိုင်သောအကျိုးထူးများကိုဖော်ပြ၍ဈာန်, မဂ်မရ နိုင်အောင် တားမြစ်တတ်သောကိလေသာကိုလည်း ရေးသားခဲ့ပါ။(၂၀၀၃)

*[အဖြေ-ဝါယောကသိုဏ်းကိုစီးဖြန်းသဖြင့် ရနိုင်သောအကျိုးထူးများမှာ- (၁)လေ၏ လျင်ခြင်းကဲ့သို့ လျင်မြန်စွာသွားနိုင်ခြင်း၊ (၂)လေပြင်းမုန်တိုင်းကို တိုက်ခတ်စေနိုင်ခြင်း စသည်တို့ဖြစ်သည်။*

*ဈာန်, မဂ်မရနိုင်အောင်တားမြစ်တတ်သောကိလေသာတို့မှာ-အဟေတုကဒိဋ္ဌိ, အကိရိယ ဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိဟူသော မိစ္ဆာဒိဋ္ဌိကြီးသုံးပါး၊ ဥဘတောဗျည်းနှင့် ပဏ္ဍုက်ပုဂ္ဂိုလ်တို့၌ရှိသည့် ထူပြောထက်သန်သောကိလေသာတို့ ဖြစ်ပါသည်။]*

၁၂။ သမာဓိသည် ပထမဈာန်၌လည်းရှိ၏၊ ဒုတိယဈာန်၌လည်းရှိ၏။ သို့ဖြစ်ပါလျက် အဘယ်ကြောင့် ဒုတိယဈာန်ကိုသာ သမာဓိကြောင့်ဖြစ်သောဈာန်(သမာဓိဇံ)ဟု မြတ်စွာ ဘုရားဟောတော်မူရပါသနည်း ရှင်းပြပြီးလျှင်၊ တေဇောကသိုဏ်းပွားများသဖြင့် ရရှိနိုင် သည့်အကျိုးကျေးဇူးများကိုလည်း ဖော်ပြခဲ့ပါ။(၂၀၀၅)

*[အဖြေ-သမာဓိသည် ပထမဈာန်၌လည်းရှိ၏၊ ဒုတိယဈာန်၌လည်းရှိ၏၊ သို့ဖြစ်ပါ လျက် ဒုတိယဈာန်ကိုသာ သမာဓိကြောင့်ဖြစ်သောဈာန်(သမာဓိဇံ)ဟု မြတ်စွာဘုရားဟော တော်မူရသည့်အကြောင်းကား ပထမဈာန်ရော ဒုတိယဈာန်ပါ ယှဉ်ဖက်သမာဓိကြောင့် ဖြစ်ကြရသည် မှန်၏။ သို့ပါသော်လည်း ပထမဈာန်သည် ဝိတက်, ဝိစာရတို့၏ လှုပ်ရှား ချောက်ချားမှုကြောင့် လှိုင်းတံပိုးထသောရေကဲ့သို့ ကောင်းစွာကြည်လင်သည်မဖြစ်။ ကောင်း စွာမကြည်လင်သောကြောင့် ထိုပထမဈာန်၌ သမာဓိသည်လည်း ကောင်းစွာ မထင်ရှားပေ။*

http://www.dhammadownload.com



ဒုတိယစျာန်၌ကား ဝိတက်, ဝိစာရတို့၏ နှောင့်ယှက်မှုမရှိခြင်းကြောင့် သဒ္ဓါသည်အခွင့်ရ၍ အားကောင်း၏၊ ကြည်လင်၏၊ အားကြီးသောသဒ္ဓါဟူသည့်အဖော်ကိုရခြင်းကြောင့် သမာဓိသည်လည်း ထင်ရှား၏။ သို့ဖြစ်၍ ဒုတိယစျာန်သမာဓိကိုသာလျှင် ဝိတက်, ဝိစာရတို့၏ လှုပ်ရှားချောက်ချားမှုကင်းသဖြင့် အလွန်လျှင်လှုပ်ခြင်းမရှိသောကြောင့်လည်းကောင်း၊ ကောင်းစွာကြည်လင်သောကြောင့်လည်းကောင်း၊ သမာဓိဟုဆိုထိုက်ပေသည်။ ဒုတိယစျာန်၏ဂုဏ်ကျေးဇူးကို ချီးမွမ်းခြင်းငှာ ဤဒုတိယစျာန်ကိုသာလျှင် သမာဓိကြောင့်ဖြစ်သော စျာန်(သမာဓိဇံ)ဟု မြတ်စွာဘုရားဟောကြားတော်မူပါသည်။

တေဇောကသိုဏ်းပွားများသဖြင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများမှာ–(၁)အခိုးလွှတ်ခြင်း, အလျှံလွှတ်ခြင်း၊ (၂)မီးကျီးမိုးကိုရွာစေခြင်း၊ (၃)မီမိ၏တန်ခိုးအရှိန်ဖြင့် သူတစ်ပါး၏တန်ခိုးအရှိန်ကို ကုန်စေခြင်း၊ (၄)မိမိလောင်ကျွမ်းစေလိုသောအရာဝတ္ထုကိုသာ လောင်ကျွမ်းစေနိုင်ခြင်း၊ (၅)ဒိဗ္ဗစက္ခုဖြင့်ရူပါရုံကိုမြင်နိုင်ရန် အလင်းရောင်ကိုပြနိုင်ခြင်း၊ (၆)ပရိနိဗ္ဗာန်ပြုသောအခါ တေဇောဓာတ်ဖြင့်ကိုယ်ကောင်ကို လောင်ကျွမ်းစေနိုင်ခြင်းတို့ ဖြစ်ပါသည်။]

* * *

http://www.dhammadownload.com

## အခန်း(၆)

# အသုဘကမ္မဋ္ဌာနနိဒ္ဒေသ
# အသုဘကမ္မဋ္ဌာန်းကို အကျယ်ပြခြင်း

* စက်ဆုပ်ရွံရှာဖွယ်သူသေကောင် (၁၀) မျိုး

(၁) *ဥဒ္ဓုမာတက* – သားရေအိတ်သည် လေဖြင့်ပြည့်သကဲ့သို့ သေသည်မှနောက်၌ အစဉ်အတိုင်းဖူးရောင်ကြွတက်သော စက်ဆုပ်ဖွယ်သူသေကောင်၊

(၂) *ဝိနီလက* – အဖြူအနီရောလျက် ညိုမည်းသည့်အဆင်းရှိသော စက်ဆုပ်ဖွယ်သူသေကောင်၊

(၃) *ဝိပုဗ္ဗက* – ကျီး, စွန်စသည်တို့ ထိုးဆွဆိတ်ပေါက်သဖြင့် စုတ်ပြတ်ပေါက်ပွဲကာ ပြည်တစိုစိုယိုထွက်နေသော စက်ဆုပ်ဖွယ်သူသေကောင်ပုပ်၊

(၄) *ဝိစ္ဆိဒ္ဒက* – အလယ်၌နှစ်ပိုင်းပြတ်လျက် ဖွင့်အပ်ခွါအပ်သော စက်ဆုပ်ဖွယ်သူသေကောင်၊

(၅) *ဝိက္ခာယိတက* – အထူးထူးသောအခြင်းအရာဖြင့် ခွေး, မြေခွေးစသည်တို့ခဲစားအပ်သော စက်ဆုပ်ဖွယ်သူသေကောင်ပုပ်၊

(၆) *ဝိက္ခိတ္တက* – ခွေး, မြေခွေးစသည်တို့ ကိုက်ခဲဖြတ်တောက်၍ အထူးထူးသောအရပ်၌ စွန့်ပစ်ထားသည့် စက်ဆုပ်ဖွယ်သူသေကောင်ပုပ်၊

(၇) *ဟတဝိက္ခိတ္တက* – ရန်သူတို့ ဓားဖြင့်ခုတ်ဖြတ်ပြီး အထူးထူးသောအရပ်တို့၌ စွန့်ပစ်ထားသည့် စက်ဆုပ်ဖွယ်သူသေကောင်ပုပ်၊

(၈) *လောဟိတက* – သွေးများလိမ်းကျံယိုစီးနေသော စက်ဆုပ်ဖွယ်သူသေကောင်ပုပ်၊

(၉) *ပုဠုဝက* – ပိုးလောက်များပြည့်နှက်ယိုထွက်နေသော စက်ဆုပ်ဖွယ် သူသေကောင်ပုပ်၊

(၁၀) *အဋ္ဌိက* – စက်ဆုပ်ရွံရှာဖွယ်သောသူသေကောင်၏အရိုးစု၊ သို့မဟုတ် အရိုးတစ်ခုခု။

ဥဒ္ဓုမာတကစသော သူသေကောင်တို့ကိုမှီ၍ဖြစ်ပေါ်လာသော ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်တို့သည်လည်းကောင်း၊ ဈာန်တို့သည်လည်းကောင်း၊ ဥဒ္ဓုမာတကစသောအမည်တို့ကို ရကြကုန်၏။

http://www.dhammadownload.com



* ဥဒ္ဓုမာတကကမ္မဋ္ဌာန်းအစီအရင်

ဥဒ္ဓုမာတကကမ္မဋ္ဌာန်းရှုပွားရန်အစီအရင်ကို အဋ္ဌကထာတို့၌ဖွင့်ဆိုချက်ကို ဖော်ပြအံ့။ ထိုကမ္မဋ္ဌာန်းကိုရှုပွားလိုသောယောဂီပုဂ္ဂိုလ်သည် အရည်အချင်းပြည့်စုံသောဆရာသမားထံ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းကိုသင်ယူအပ်၏။ ဆရာသမားသည်

(၁) အသုဘနိမိတ်ကိုယူရန်အတွက် သွားပုံအစီအရင်၊

(၂) သူသေကောင်ပတ်ဝန်းကျင်၌ရှိသောနိမိတ်များကို မှတ်သားပုံ၊

(၃) အသွားအပြန်လမ်းကို ဆင်ခြင်မှတ်သားပုံ၊

(၄) အပ္ပနာအစီအရင်အလုံးစုံကို ပြောကြားအပ်၏။

ယောဂီပုဂ္ဂိုလ်သည် ဆရာသင်ပေးသမျှ မကြွင်းမကျန်ရအောင် ကောင်းမွန်ကျနစွာ လက်ထပ်သင်ယူပြီး၍ သင့်လျော်လျောက်ပတ်သောကျောင်းသို့သွားကာ ဥဒ္ဓုမာတက သူသေကောင်ကို စုံစမ်းရှာဖွေရာ၏။

(၁) အသုဘနိမိတ်ကိုယူရန်သွားပုံအစီအရင်

ဤမည်သောအရပ်၌ သူသေကောင်(ဥဒ္ဓုမာတက)ရှိသည်ဟု ကြားလျှင်ကြားခြင်း အဆောတလျင် မသွားအပ်။ အဘယ့်ကြောင့်ဆိုသော် သူသေကောင်မည်သည်မှာ ကျား စသည့်သားရဲတို့ သိမ်းပိုက်စောင့်ရှောက်နေသည်လည်းရှိတတ်၏၊ ဘီလူးတို့ သိမ်းပိုက် စောင့်ရှောက်နေသည်လည်း ရှိတတ်၏။ ယောဂီအား အသက်အန္တရာယ်ဖြစ်နိုင်၏။ ထို့အပြင် သွားရာလမ်းခရီးသည် ရွာတံခါး၊ ရေချိုးဆိပ်၊ လယ်ကန်သင်းရိုးစသည်ကို ဖြတ်သွားရသော် ဆန့်ကျင်ဘက်ဝိသဘာဂအာရုံ(အမျိုးသမီးအာရုံ)ကိုတွေ့မြင်ရတတ်၏၊ သို့မဟုတ် ထိုသူသေကောင်သည်ပင်လျှင် ဝိသဘာဂသူသေကောင်ဖြစ်တတ်၏။

ယောကျ်ားအား မိန်းမအလောင်းကောင်သည်, မိန်းမအား ယောကျ်ားအလောင်းကောင် သည် ဆန့်ကျင်ဘက်ဝိသဘာဂဖြစ်၏။ သေခါစဖြစ်၍ ဥဒ္ဓုမာတကအဖြစ်သို့မရောက်သေး သောသူသေကောင်သည် တင့်တယ်သောသုဘအာရုံအဖြစ် ထင်တတ်၏။ ထိုယောဂီအား မြတ်သောအကျင့်၏အန္တရာယ်သော်လည်း ဖြစ်နိုင်၏။ အကယ်၍ "ဤသူသေကောင်သည် ငါ့ကဲ့သို့ သတိနှင့်ပြည့်စုံသောသူအား ရာဂမဖြစ်အောင် စောင့်ရှောက်ခြင်းငှာဝန်မလေး"ဟု မိမိကိုယ်ကို အားကိုးစိတ်ချပါမှ သွားအပ်၏။

သွားသောအခါ သံဃာထေရ်အားဖြစ်စေ အခြားထင်ရှားသောရဟန်းအားဖြစ်စေ ပန် ကြား၍သွားအပ်၏။ အကြောင်းမူကား သုသာန်၌ ဘီလူး၊ ခြင်္သေ့၊ ကျားစသည်တို့၏ အဆင်း၊ အသံစသော အနိဋ္ဌာရုံတို့နှိပ်စက်သောကြောင့် အင်္ဂါကြီးငယ်တို့ တုန်လှုပ်ငြားအံ့၊ စားထား သောအစာသည်မူလည်း အန်ထွက်ငြားအံ့၊ အခြားအနာရောဂါသည်မူလည်း ဖြစ်ပေါ်ငြား

http://www.dhammadownload.com



အံ့၊ ထိုသို့ဖြစ်လျှင် ထိုယောဂီရဟန်း၏သပိတ်သင်္ကန်းကို ထိုသံဃာထေရ် စသည်တို့က ကောင်းစွာစောင့်ရှောက်ပေးလိမ့်မည်၊ ရဟန်းငယ်, သာမဏေငယ်စေလွှတ်၍လည်း ထိုယောဂီရဟန်းကို စောင့်ရှောက်ပေးလိမ့်မည်။

တစ်နည်းသော်ကား ခိုးသူတို့သည် ဥစ္စာရှင်နှင့်လူတို့လိုက်လာကြလျှင် ထိုယောဂီရဟန်းအနီး၌ ဥစ္စာထုပ်ကိုချ၍ ထွက်ပြေးတတ်ကြ၏။ ထိုအခါ လူတို့က ရဟန်းကိုခိုးသူဟု စွပ်စွဲပြီး နှိပ်စက်တတ်ကြ၏။ ထိုသို့အန္တရာယ်ရှိလတ်သော် ထိုပန်ကြားခံခဲ့ရသောရဟန်းက "သင်ဒါယကာတို့-ဤရဟန်းကို မညှင်းဆဲကြကုန်လင့်၊ ဤရဟန်းသည် ငါ့အားပန်ကြား၍ အသုဘရှုရန် (သုသာန်)သို့သွားခဲ့ပါသည်"ဟုပြောဆို၍ ယောဂီပုဂ္ဂိုလ်ချမ်းသာအောင်ပြုပေမည်။ ပန်ကြား၍သွားခြင်းဖြင့် ဤအကျိုးတို့ကို ရရှိနိုင်၏။

အသုဘရှုရန် ထက်သန်သောအလိုဆန္ဒဖြင့်သွားရာ၌ အဘိသိက်ခံမည့်မင်းသည် အဘိသိက်သွန်းရာမင်္ဂလာခန်းမသို့, ယဇ်ပူဇော်မည့်သူသည် ယဇ်ပူဇော်ရာအရပ်သို့, ဥစ္စာမဲ့သောသူဆင်းရဲသည် ရွှေအိုးမြှုပ်ထားရာအရပ်သို့ အသီးသီး ဝမ်းမြောက်ဝမ်းသာသွားဘိသကဲ့သို့ ဤအတူပင်လျှင် ဤအသုဘရှုသောအကျင့်ဖြင့် 'အိုခြင်း, သေခြင်းမှလွတ်ရပေတော့အံ့'ဟု ဝမ်းမြောက်ဝမ်းသာသွားအပ်၏။

(၂) သူသေကောင်ဝန်းကျင်ရှိနိမိတ်များကိုမှတ်သားပုံအစီအရင်

ဥဒ္ဓုမာတကသူသေကောင်ပစ်ချထားရာအရပ်၌ ကျောက်ခဲ,တောင်ပို့,သစ်ပင်,ချုံနွယ်တို့ကို သူသေကောင်နှင့်တကွ ယှဉ်တွဲလျက်ပိုင်းခြားမှတ်သားအပ်၏။ ဥဒ္ဓုမာတကထက်ဝန်းကျင်ရှိ နိမိတ်ကိုမှတ်ခြင်းသည် အဘယ်အကျိုးအာနိသင်ရှိသနည်း။ မတွေဝေခြင်းအကျိုးအာနိသင်ရှိ၏။ ဥဂ္ဂဟနိမိတ်ထင်သောအခါ တွေဝေမှုပျောက်ကင်းသည့်အကျိုးရှိ၏၊ တွေဝေခြင်းမှလွတ်ကင်းခြင်းအာနိသင်ရှိ၏။

(၃) တဆယ့်တစ်ပါးသောအခြင်းအရာအားဖြင့် အသုဘနိမိတ်ကိုယူပုံအစီအရင်

ဥဒ္ဓုမာတကအသုဘနိမိတ်ကို မိမိ၏သဘောရင်းဖြစ်သောလက္ခဏာအားဖြင့် မှတ်သား၏။ (၁)အဆင်းအားဖြင့်၊ (၂)လိင်အသွင်အားဖြင့်၊ (၃)ပုံသဏ္ဌာန်အားဖြင့်၊ (၄)အရပ်အားဖြင့်၊ (၅)တည်နေရာအားဖြင့်၊ (၆)ခြေဖျားလက်ဖျားစသောအပိုင်းအခြားအားဖြင့်၊ (၇)လက်ဆစ်ခြေဆစ်အားဖြင့်၊ (၈)ဟင်းလင်းအကြားအားဖြင့်၊ (၉)အနိမ့်အမြင့်အားဖြင့်၊ (၁၀)အမြင့်အမောက်အားဖြင့်၊ (၁၁)သူသေကောင်၏ထက်ဝန်းကျင်အားဖြင့် မှတ်သား၏။

ထိုယောဂီသည် ထိုဥဒ္ဓုမာတကသူသေကောင်နိမိတ်ကို ကောင်းစွာယူအပ်သည်ကို ပြု၏၊ ကောင်းစွာမှတ်မိအောင်မှတ်၏၊ ကောင်းစွာပိုင်းခြားနိုင်အောင် ပိုင်းခြား၏။

ဤသို့(၁၁)ပါးသောအခြင်းအရာအားဖြင့် အသုဘနိမိတ်ကိုမှတ်ခြင်းသည် အဘယ်အကျိုးအာနိသင်ရှိသနည်း။ အသုဘအာရုံ၌ စိတ်ကိုဆောင်၍ဖွဲ့ချည်ခြင်း အကျိုးရှိပေ၏၊

http://www.dhammadownload.com



စိတ်ကိုဆောင်၍ဖွဲ့ချည်ခြင်း အာနိသင်ရှိပေ၏။

(၄) အသွားအပြန်လမ်းကိုဆင်ခြင်မှတ်သားပုံအစီအရင်

ထိုယောဂီပုဂ္ဂိုလ်သည် အဖော်မပါတစ်ဦးတည်းသာလျှင် မမေ့မလျော့သောသတိဖြင့် အတွင်း၌တည်သောဣန္ဒြေတို့ဖြင့် အပသို့ကျက်စားခြင်းမရှိသောစိတ်ဖြင့် သွားလမ်း, လာလမ်းခရီးကို ဆင်ခြင်လျက်သွားအပ်၏။

သွားလမ်း, လာလမ်းခရီးကို ဆင်ခြင်ခြင်းသည် အဘယ်အကျိုးအာနိသင်ရှိသနည်း။ သွားလမ်း, လာလမ်းကိုဆင်ခြင်ခြင်းသည် ကမ္မဋ္ဌာန်းအစဉ်တည်းဟူသောခရီးလမ်းမှန်သို့ ဖြောင့်မတ်စွာတက်ခြင်း, သွားခြင်းအကျိုးရှိပေ၏၊ ကမ္မဋ္ဌာန်းအစဉ်ကို ဖြောင့်မတ်စွာပြီးစေခြင်းအာနိသင်ရှိပေ၏။

(၅) အပ္ပနာအစီအရင်

ထိုသို့ပြန်လာပြီးသောယောဂီသည် စင်္ကြံသွားလျှင်လည်း ထိုအသုဘနိမိတ်သာလျှင် အဖို့ရှိသော စင်္ကြံသွားခြင်းကို ဆောက်တည်၏၊ ထိုင်နေလျှင်လည်း ထိုအသုဘနိမိတ်သာလျှင်အဖို့ရှိသော ထိုင်ခြင်းကိုပြု၏။

ထိုယောဂီသည် "ဤအကျင့်ဖြင့်အိုခြင်း, သေခြင်းမှကေန်မချွတ်လွတ်ရပေတော့အံ့"ဟု အကျိုးအာနိသင်ကိုမြော်မြင်လျက် အသုဘအာရုံကို အလွန်ရခဲသောရတနာမြတ်ဟုအမှတ်ပြုကာ ရိုသေလေးစားခြင်းကိုဖြစ်စေလျက် ကောင်းစွာမြတ်နိုးသည်ဖြစ်၍ ထိုဉဒ္ဓုမာတက အသုဘအာရုံ၌ စိတ်ကိုဖွဲ့ချည်ထား၏။

ထိုယောဂီပုဂ္ဂိုလ်သည် ကာမတို့မှကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ အသီးအခြားဖြစ်၍ ဝိတက်, ဝိစာရတို့နှင့်တကွ ဝိဝေကကြောင့်ဖြစ်သည့် ပီတိ, သုခရှိသော ပထမဈာန်ကို ပြည့်စုံစေလျက်နေ၏။ ထိုသို့နေသောယောဂီသည် ရူပါဝစရပထမဈာန်ကိုလည်းကောင်း၊ နတ်တို့၏ နေခြင်းဟူသောဒိဗ္ဗဝိဟာရကိုလည်းကောင်း၊ ဘာဝနာဖြင့်ပြီးသော ပုညကြိယဝတ္ထုကုသိုလ်ကြီးကိုလည်းကောင်း၊ ရအပ်ပြီးဖြစ်ပေတော့၏။

ဤကား အဋ္ဌကထာတို့၌ဖွင့်ဆိုထားသော အစီအရင်ပေတည်း။

* ဥဒ္ဓုမာတကကမ္မဋ္ဌာန်းရှုပွားခြင်း

(၁) သုသာန်သို့သွားသောကျင့်ဝတ်

ထိုအဋ္ဌကထာညွှန်ကြားချက်နှင့်အညီ ယောဂီပုဂ္ဂိုလ်သည် မိမိ၏စိတ်ကို ကိုယ်ကာယ၏ဖြစ်ရိုးသဘောမှန်၌ သိမှတ်စေခြင်းအကျိုးငှာ အသုဘကမ္မဋ္ဌာန်းရှုရန် သုသာန်သို့သွား၏၊ ကမ္မဋ္ဌာန်းကိုဦးခေါင်းသဖွယ် ပဓာနထား၍သွားသဖြင့် အဖော်မပါဘဲတစ်ဦးတည်းသာလျှင် မိမိနှလုံးသွင်းနေကျ ဗုဒ္ဓါနုဿတိစသည့် မူလကမ္မဋ္ဌာန်းကို မလွှတ်မူ၍ ထိုမူလကမ္မဋ္ဌာန်းကိုနှလုံးသွင်းလျက်သွား၏၊ သုသာန်၌ ခြေခွေးစသောဘေးရန်ကို ချောက်လှန့်ဖယ်ရှားရန်

http://www.dhammadownload.com



အတွက် တောင်ဆေး သို့မဟုတ် နှင်တံကို ကိုင်ဆောင်သွား၏၊ မူလကမ္မဋ္ဌာန်း၌ မြဲမြံစွာကပ်တည်လျက် မမေ့သောသတိကိုပြုကာ ဣန္ဒြေခြောက်ပါးကို အတွင်း၌တည်စေ၍ အပြင်အပသို့ ကျက်စားခြင်းမရှိဘဲ သွားအပ်၏။

ကျောင်းမှထွက်လျှင်ပင် "ဤမည်သောအရပ်၌ ဤတံခါးဖြင့်ထွက်၏"ဟု တံခါးကို မှတ်အပ်၏။ ထို့နောက် ရှေးရှုသွားရာ အရှေ့, အနောက်, တောင်, မြောက်စသည့်အရပ်တို့ကို မှတ်သား၏။ သွားရာလမ်း၌တွေ့မြင်ရသော ကျောက်, တောင်ပို့, သစ်ပင်, ချုံပုတ်စသည်တို့ကို မှတ်သား၏၊ သူသေကောင်အနီးသို့ချဉ်းကပ်သောအခါ သူသေကောင်ကို တိုက်ခတ်၍ လာသော လေအောက်မှမသွားအပ်၊ လေအောက်မှသွားသော် အပုပ်နံ့သည် နှာခေါင်းမှ ဝင်၍ ဦးနှောက်ကိုချောက်ချားစေနိုင်၏၊ အစာကိုလည်း အန်စေနိုင်၏၊ နှလုံးမသာခြင်းလည်း ဖြစ်နိုင်၏။ ထို့ကြောင့် လေညာလေထက်က သွားအပ်၏။ အကယ်၍ လေညာကသွားရန် မဖြစ်နိုင်လျှင် သင်္ကန်းစွန်းဖြင့်နှာခေါင်းကိုပိတ်၍ သွားအပ်၏။

(၂) ပတ်ဝန်းကျင်နိမိတ်များကို ပိုင်းခြားမှတ်သားခြင်း

သုသာန်သို့သွားရောက်ပြီးသောယောဂီသည် ရှေးဦးစွာ အသုဘနိမိတ်ကိုမကြည့်ရှုသင့်။ ရပ်တည်သင့်သောနေရာကို ရှေးဦးစွာရွေးချယ်ရမည်။ အချို့သောအရပ်၌ တည်သောယောဂီအား အသုဘအာရုံသည် ထင်ရှားစွာမပေါ်၊ စိတ်သည်လည်း ဘာဝနာရှုရန် မခန့်ကျန်း၊ ထိုသို့သောအရပ်ကိုပယ်၍ အသုဘအာရုံ ထင်ထင်ရှားရှားပေါ်ရာ စိတ်လည်း ခန့်ကျန်းရာအရပ်၌ ရပ်အပ်၏။

ထို့အပြင် လေအောက်လေညာအရပ်ကို ပယ်ရမည်။ အပြစ်ကား လေအောက်အရပ်၌ တည်လျှင် အပုပ်နံ့နှိပ်စက်သောကြောင့် စိတ်မတည်ဘဲပြေးသွား၏၊ လေညာအရပ်၌ရပ်တည်လျှင် ထိုသူသေကောင်ကိုစောင့်သော ဘီလူး, မြေဘုတ်တို့ရှိပါမူ ၎င်းတို့အမျက်ထွက်၍ အကျိုးမဲ့ကိုပြုတတ်ကြ၏။ ထို့ကြောင့် လေအောက်လေညာအရပ်မှ အနည်းငယ်လွှဲဖယ်၍ ရပ်တည်ရာ၏။

တစ်ဖန် သူသေကောင်နှင့် မဝေးလွန်းမနီးလွန်းသောအရပ်၊ ခြေရင်းခေါင်းရင်းမဟုတ်သောအရပ်၌ ရပ်တည်ရာ၏။ အပြစ်ကား ဝေးလွန်းသောအရပ်၌ရပ်တည်လျှင် အာရုံမထင်ရှားဘဲရှိတတ်၏၊ နီးလွန်းသောအရပ်၌တည်နေလျှင် ကြောက်လန့်ခြင်းဖြစ်တတ်၏။ ခြေရင်းခေါင်းရင်းအရပ်၌တည်နေလျှင် အသုဘကောင်တစ်ကိုယ်လုံး ညီတူညီမျှ မထင်ပေါ်ပေ။ ထို့ကြောင့် မဝေးလွန်းမနီးလွန်း ကြည့်ရှုရန် ချမ်းသာလွယ်ကူရာဖြစ်သော သူသေကောင်၏ အလယ်ပိုင်းအရပ်၌ တည်နေရာ၏။

ထို့နောက် သူသေကောင်၏ပတ်ဝန်းကျင်၌ရှိသည့်အရာဝတ္ထုတို့ကို မှတ်သားအပ်၏။ အကယ်၍ အသုဘ၏အနီးအပါးမြင်ကွင်း၌ ကျောက်ခဲရှိအံ့၊ ထိုကျောက်ခဲကို "မြင့်၏၊ နိမ့်၏၊ ငယ်၏၊ ကြီး၏၊ နီ၏၊ ဖြူ၏၊ ရှည်၏၊ ဝိုင်း၏"ဟူ၍ မှတ်အပ်၏။ ပြီးလျှင် "ဤအ

http://www.dhammadownload.com



ရာကား ကျောက်ခဲတည်း၊ ဤအရာကား အသုဘနိမိတ်တည်း၊ ဤအရာကား အသုဘနိမိတ်တည်း၊ ဤအရာကား ကျောက်ခဲတည်း"ဟု အပြန်အလှန်ကောင်းစွာ မှတ်သားအပ်၏။ အကယ်၍ တောင်ပို့ရှိလျှင်လည်း အလားတူမှတ်သားအပ်၏။

အကယ်၍ သစ်ပင်ရှိလျှင် ထိုသစ်ပင်ကိုလည်း"ညောင်ဗုဒ္ဓဟေပင်ဖြစ်၏၊ ညောင်ကြပ်ပင်ဖြစ်၏၊ ပအောင်းပင်ဖြစ်၏၊ သဖန်းပင်ဖြစ်၏၊ မြင့်၏၊ နိမ့်၏၊ ငယ်၏၊ ကြီး၏၊ စိမ်း၏၊ ညို၏" ဟူ၍ မှတ်အပ်၏။ ထို့နောက်"ဤသည်ကား သစ်ပင်တည်း၊ ဤသည်ကား အသုဘနိမိတ်တည်း၊ ဤသည်ကား အသုဘနိမိတ်တည်း၊ ဤသစ်ကား သစ်ပင်တည်း"ဟု အပြန်အလှန်ကောင်းစွာမှတ်အပ်၏။ အကယ်၍ ချုံ့နွယ်ရှိလျှင်လည်း အလားတူမှတ်သားအပ်၏။ ဤသို့ အဖန်တလဲလဲမှတ်သောယောဂီသည် ထိုအရာဝတ္ထုတို့ကို အသုဘနိမိတ်နှင့်တကွ အာရုံပြုသည်မည်၏။

(၃) ဥဒ္ဓုမာတကအသုဘ၏သဘာဝလက္ခဏာကို မှတ်သားခြင်း

အိုင်းအမာကဲ့သို့ ဖူးဖူးရောင်ကြွတက်၍ စက်ဆုပ်ဖွယ်သောအကောင်ပုပ်ဖြစ်သည့် ဥဒ္ဓုမာတက၏သဘာဝလက္ခဏာကို (၁၁)ပါးသော အခြင်းအရာအားဖြင့် မှတ်အပ်၏။

(၁) အဆင်း–ဤအကောင်သည် ညိုသောလူ၏အကောင်၊ ဖြူသောလူ၏အကောင်၊ နီကျံကျံရှိသောလူ၏အကောင်ဟူ၍ မှတ်အပ်၏။

(၂) အသွင်–ယောကျ်ား, မိန်းမဟုမမှတ်ဘဲ ပထမအရွယ်၊ မဇ္ဈိမအရွယ်၊ ပစ္ဆိမအရွယ်ရှိသောအကောင်ဟူ၍ မှတ်အပ်၏။

(၃) သဏ္ဌာန်–ဦးခေါင်း၊ လည်ပင်း၊ လက်၊ ခါး၊ ပေါင်၊ ဒူး၊ ခြေ စသည်တို့၏သဏ္ဌာန်အသီးသီးကို မှတ်အပ်၏။

(၄) အရပ်–အကောင်ပုပ်၌ ချက်မှအောက်သည် အောက်အရပ်၊ ချက်မှအထက်သည် အထက်အရပ်ဟု မှတ်အပ်၏။ တစ်နည်းကား မိမိသည် အသုဘ၏ဝဲယာရှေ့နောက် အရပ်၌တည်၏။ အသုဘသည် ဤမည်သောအရပ်၌တည်၏ဟု မှတ်အပ်၏။

(၅) နေရာ–သူသေကောင်၏ လက်, ခြေ, ဦးခေါင်း, ကိုယ်အလယ်ပိုင်းစသည်တို့၏တည်နေရာကို မှတ်အပ်၏။ တစ်နည်းကား မိမိသည် ဤမည်သောနေရာ၌တည်၍ အသုဘနိမိတ်သည် ဤမည်သောနေရာ၌တည်၏ဟု မှတ်အပ်၏။

(၆) အပိုင်းအခြား–ဤသူသေကောင်သည် အောက်၌ခြေဖဝါး၊ အထက်၌ဆံပင်၊ ဖီလာကန့်လန့်၌ အရေဖြင့် ပိုင်းခြားအပ်၏။ ဤပိုင်းခြားအပ်သောအရပ်၌ ၃၂–ပါးသောအပုပ်အစုနှင့်ပြည့်၏ဟု မှတ်အပ်၏။ တစ်ကိုယ်လုံးကိုမှတ်သားခြင်းငှာမတတ်နိုင်လျှင် အကြင်မျှလောက်အရပ်ကို ဉာဏ်ဖြင့်ပိုင်းခြားယူနိုင်၏။ ထိုမျှလောက်အရပ်၌ ဤလက်စသည်တို့ကား ဤသို့သဘောရှိသောအကောင်ပုပ်ဖြစ်၏ဟု ပိုင်းခြားမှတ်သားအပ်၏။

http://www.dhammadownload.com



ယောက်ျားအား မိန်းမ၏ကိုယ်ကောင်သည်၊ မိန်းမအား ယောက်ျား၏ကိုယ်ကောင် သည်မသင့်လျော်၊ ဆန့်ကျင်ဘက်ဝိသဘာဂအကောင်ပုပ်၌ အာရုံသည်မထင်၊ ကိလေသာတုန်လှုပ်ခြင်း၏အကြောင်းသာဖြစ်၏။ ထိုစကားမှန်၏။ ဥဒ္ဓုမာတကအဖြစ်သို့ ရောက်စေကာမူ မိန်းမသည် ယောက်ျား၏စိတ်ကို ထက်ဝန်းကျင်ယူကျုံး၍ တည်၏ဟု မဇ္ဈိမနိကာယ်အဋ္ဌကထာ၌ ဆိုအပ်၏။ ထို့ကြောင့် သဘောတူသဘာဂဖြစ်သော အကောင်ပုပ်၌သာလျှင် ဆိုခဲ့ပြီးသောနည်း(၆)ပါးဖြင့်နိမိတ်ကို ယူအပ်၏။

(၇) **အဆက်အစပ်**–(၁၈၀)သော အရိုးအဆက်အစပ်ကို ဆိုလို၏။ အဆက်ကြီးလေးခု ရှိ၏။ ပခုံး၊ တတောင်၊ လက်ကောက်ဝတ်အားဖြင့် လက်ျာလက်အဆစ်သုံးခုနှင့်လက်ဝဲလက်အဆစ်သုံးခုတို့၏ အစွမ်းအားဖြင့် အဆက်ကြီး ၁–ခု၊ တင်ပါးဆုံ, ဒူး, ခြေမျက်စိအားဖြင့် လက်ျာခြေဆစ်သုံးခုနှင့်လက်ဝဲခြေဆစ်သုံးခုတို့၏အစွမ်းအားဖြင့် အဆက်ကြီး ၁–ခု၊ လည်ဆစ် ၁–ခုနှင့် ခါးဆစ် ၁–ခု၊ ပေါင်း ၄–ခုဖြစ်ပါသည်။

(၈) **ဟင်းလင်းပွင့်သောအကြားအရပ်** –နံပါးနှင့်လက်အကြား၊ ခြေနှစ်ချောင်းအကြား၊ ဝမ်းတွင်းအခေါင်း၊ နားပေါက်အကြား စသည်တို့ကို ပိုင်းခြားမှတ်သားအပ်၏။ မျက်စိပွင့်ခြင်း, မှိတ်နေခြင်း၊ ခံတွင်းပွင့်ခြင်း, ပိတ်ခြင်းကိုလည်း မှတ်အပ်၏။

(၉) **အနိမ့်အချိုင့်**–မျက်တွင်း, ပါးစပ်တွင်း, လည်မျိုဟူသောချိုင့်ရာအရပ်ကို မှတ်အပ်၏။

(၁၀)**အမြင့်အမောက်**–ဒူးဆစ်, ရင်ဘတ်, နဖူးစသော မြင့်မောက်ရာအရပ်ကို မှတ်အပ်၏။

(၁၁)**ထက်ဝန်းကျင်**–သူသေကောင်တစ်ကိုယ်လုံးကို ထက်ဝန်းကျင်အားဖြင့် ပိုင်းခြားမှတ်သားအပ်၏။

## (၄) ဖူးဖူးရောင်ပုပ် စက်ဆုပ်ရွံရှာဖွယ်အဖြစ် ရှုပွါးခြင်း

(၁) ရှေးရှေးဘုရားရှင်ထံ၌ အသုဘကမ္မဋ္ဌာန်းပွားများဖူးသူ၊ (၂)သုသာန်စုတင်ဆောက်တည်ကျင့်သုံးဖူးသူ (၃)မဟာဘုတ်ဓာတ်ကြီးလေးပါးကို ချေမွနှိပ်နယ်ဖူးသူ၊ (၄) သင်္ခါရတို့ကို ဉာဏ်ဖြင့်သိမ်းဆည်းဖူးသူ၊ (၅)နာမ်တရား, ရုပ်တရားတို့၏အကြောင်းကို မှတ်သားသိမ်းဆည်းဖူးသူ၊ (၆)သတ္တုဝါဟူသောအသိသညာကို ဝိပဿနာ၏အစွမ်းဖြင့်ခွါအပ်ပြီးသူ၊ (၇)ရဟန်းတရားကိုကျင့်သုံးဖူးသူ၊ (၈)ကုသိုလ်ဝါသနာကို ထုံစေခဲ့, ပွားစေခဲ့ဖူး၍ပါရမီမျိုးစေ့ရှိလျက် ဉာဏ်ရင့်ကျက်သန်စွမ်းကာ ကိလေသာနည်းပါးသူတို့သည် အသုဘကောင်ကို ကြည့်တိုင်း, ကြည့်တိုင်းသောအရပ်၌ ပဋိဘာဂနိမိတ်ထင်၏။

ဤသို့နိမိတ်မထင်လျှင် အဆင်း၊ အသွင်၊ သဏ္ဌာန်၊ အရပ်၊ နေရာ၊ အပိုင်းအခြားအားဖြင့် (၆)ပါးသောအခြင်းအရာဖြင့် နိမိတ်ယူအပ်၏။ ထိုသို့ယူပါသော်လည်း အကယ်၍မထင်ကြားသေးအံ့၊ အဆက်အစပ်၊ အကြားအရပ်၊ အနိမ့်အချိုင့်၊ အမြင့်အမောက်၊ ထက်ဝန်းကျင်အားဖြင့် (၅)ပါးသောအခြင်းအရာဖြင့် နိမိတ်ယူအပ်၏။

http://www.dhammadownload.com



ဤသို့လျှင် နိမိတ်ကိုကောင်းစွာမှတ်သားခြင်း၊ သတိကိုမြဲမြံစွာထား၍ဆင်ခြင်ခြင်း၊ အဖန်တလဲလဲဆင်ခြင်ခြင်းကိုပြု၍ သတိ, ပညာဖြင့်ရှုမှတ်အပ်၏။ အသုဘကောင်မှ မဝေးလွန်း, မနီးလွန်းအရပ်၌ ရပ်လျက်ဖြစ်စေ ထိုင်လျက်ဖြစ်စေ မျက်စိကိုဖွင့်လျက်ကြည့်၍ နိမိတ်ကိုမှတ်ယူ၏။ "ဖူးဖူးရောင်ပုပ်စက်ဆုပ်ရွံရှာဖွယ်သူ့သေကောင်" (ဥဒ္ဓုမာတကပဋိက္ကူလံ) ဟု နှလုံးသွင်း၍ အကြိမ်တစ်ရာ, တစ်ထောင် မျက်စိဖွင့်လျက် ကြည့်အပ်၏။ မျက်စိမှိတ်လျက် ဆင်ခြင်အပ်၏။ ဤသို့ အဖန်ဖန်ပြုသောယောဂီအား ဥဂ္ဂဟနိမိတ် ထင်လာ၏။ မျက်စိဖွင့်၍ကြည့်မြင်သည့်အတိုင်း မျက်စိမှိတ်လျက်ဆင်ခြင်မြင်ရလျှင် ဥဂ္ဂဟနိမိတ်ကို ကောင်းစွာယူပြီး ဖြစ်ပေ၏။

ထိုယောဂီသည် ထိုဥဂ္ဂဟနိမိတ်ကို ကောင်းစွာယူပြီး၍ ကောင်းစွာမှတ်မိနိုင်, ပိုင်းခြားနိုင်အောင်ပြုပြီး၍ ထိုနေရာ၌ပင် ဘာဝနာကိစ္စပြီးဆုံးအောင် အားထုတ်သင့်၏။ အကယ်၍ ဘာဝနာ၏အဆုံးဖြစ်သောပဌမဈာန်သို့ရောက်အောင် မစွမ်းဆောင်နိုင်သော် လာစဉ်က နည်းအတိုင်း တစ်ပါးတည်း အဖော်မပါဘဲ ထိုကမ္မဋ္ဌာန်းကိုပင်နှလုံးသွင်းလျက် အမှတ်ရမှု–သတိကို မြဲမြံစွာပြု၍ အတွင်း၌တည်သောဣန္ဒြေများရှိလျက် အပြင်သို့မသွားသောစိတ်ဖြင့် မိမိ၏ကျောင်းသို့ ပြန်လာအပ်၏။

သုသာန်မှထွက်လျှင်ပင် အပြန်လမ်းကို ပိုင်းခြားမှတ်သားအပ်၏။ ကျောင်းရောက်၍ စင်္ကြံသွားလျှင် အသုဘနိမိတ်ရှိရာအရပ်သို့ ရှေးရှုသောမြေအရပ်၌ သွားအပ်၏။ ထိုင်လျှင်လည်း ထိုအသုဘနိမိတ်ဆီသို့ ရှေးရှုဖြစ်သောနေရာ၌ ခင်း၍ထိုင်အပ်၏။ အသုဘနိမိတ်ရှိရာအရပ်သို့ ရှေးရှုသောမြေအရပ်၌ စင်္ကြံသွားရန် ထိုင်နေရန် အခွင့်မသာလျှင် အခွင့်အားလျော်သောအရပ်၌ စင်္ကြံသွားအပ်,ထိုင်အပ်၏။ သို့သော် စိတ်ကိုမူ ထိုအသုဘနိမိတ်ရှိရာအရပ်သို့ဆီသာ ရှေးရှုပြုအပ်၏။

ထိုဥဂ္ဂဟနိမိတ်၌ ဘာဝနာစိတ်ကို ဆင့်ကာဆင့်ကာဖြစ်စေသော ယောဂီပုဂ္ဂိုလ်အား ပဋိဘာဂနိမိတ်ဖြစ်ပေါ်၏။ ထိုပဋိဘာဂနိမိတ်၌ ဘာဝနာစိတ်ကို ဖြစ်စေလျှင် အပ္ပနာသို့ (ဈာန်သို့)ရောက်၏၊ အပ္ပနာ၌တည်၍ ဝိပဿနာကိုပွားစေလျှင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရ၏။ ထို့ကြောင့်(၁၁)ပါးသောအခြင်းအရာအားဖြင့် နိမိတ်ကိုယူခြင်းသည် အသုဘနိမိတ်ဟူသောကမ္မဋ္ဌာန်းကို ဘာဝနာစိတ်၌ ဆောင်ကပ်၍ဖွဲ့ချည်ခြင်း အကျိုးအာနိသင်ရှိ၏။

**ထက်ဝန်းကျင်မှနိမိတ်များကို မှတ်သားခြင်းသည် အဘယ်အကျိုးရှိသနည်း**

**"မတွေဝေခြင်းဟူသော အကျိုးအာနိသင်ရှိပေ၏"**

တစ်ယောက်သောယောဂီသည် အခါမဲ့ညဥ့်အချိန်၌ ဥဒ္ဓုမာတကနိမိတ်ရှိရာအရပ်သို့ သွား၍ပတ်ဝန်းကျင်၌ ကျောက်စသည့်နိမိတ်တို့ကို မှတ်သားပြီးလျှင် အသုဘနိမိတ်ကိုယူခြင်းအကျိုးငှာ မျက်စိကိုဖွင့်၍ကြည့်ရှုနေစဉ်ပင် ထိုသူ့သေကောင်သည် ထ၍ရပ်တည်နေ

http://www.dhammadownload.com



သကဲ့သို့ လွှမ်းမိုးလာသကဲ့သို့ နောက်မှလိုက်လာသကဲ့သို့ ထင်ပေါ်လာတတ်၏၊ ထိုသို့ ထင်လျှင် ထိုယောဂီသည် အရုပ်ဆိုးသော ထိုကြောက်မက်ဖွယ်အာရုံကိုမြင်၍ စိတ်ပျံ့လွင့်လျက် အရူးကဲ့သို့ဖြစ်သွားတတ်၏။

မှန်ပေ၏၊ ကမ္မဋ္ဌာန်းအာရုံတို့တွင် ဥဒ္ဓုမာတကသူသေကောင်အာရုံကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော အခြားအာရုံမည်သည်မရှိချေ။ ထို့အပြင် အလွန်ကြောက်မက်ဖွယ်ကောင်းသောကြောင့် ဤဥဒ္ဓုမာတကကမ္မဋ္ဌာန်း၌ ဈာန်မှလျှောကျသူမည်သည် ဖြစ်တတ်သေး၏။

ထို့ကြောင့် ထိုယောဂီသည် ကြောက်လန့်ခြင်းကိုငြိမ်းစေကာ ကောင်းစွာတည်တံ့စေ၍ အမှတ်ရမှုသတိကိုကောင်းစွာထားပြီးလျှင် ဤသို့ဆင်ခြင်အပ်၏–"သူသေကောင်သည် ထ၍လိုက်သည်မည်သည်မရှိ၊ ထိုသူသေကောင်၏အနီး၌ရှိသော ထိုကျောက်ခဲ, ထိုနွယ်တို့သည် မလာတတ်သကဲ့သို့ ထိုသူသေကောင်သည်လည်း မလာတတ်ပါ။ သင့်အား ဤမားမားမတ်မတ်ရပ်နေသကဲ့သို့ ထင်ရသောအခြင်းအရာသည် သညာကြောင့်ဖြစ်၏၊ သညာကဖြစ်စေ၏၊ ယနေ့သင့်အား ကမ္မဋ္ဌာန်းအာရုံထင်ပေပြီ၊ အိုရဟန်း, မကြောက်လင့်"ဟုထိတ်လန့်ခြင်းကိုပယ်ဖျောက်၍ ရွှင်လန်းနှစ်သက်ခြင်းကိုဖြစ်စေကာ ထိုဥဂ္ဂဟနိမိတ်၌ ဘာဝနာစိတ်ကို အဖန်ဖန်ဖြစ်စေအပ်၏။ ဤသို့ဖြစ်လျှင် တရားထူးကိုရ၏။ ဤအကျိုးကိုရည်၍ ထက်ဝန်းကျင်မှနိမိတ်ကိုမှတ်သားခြင်းသည် မတွေဝေခြင်းအကျိုးရှိ၏ဟူသော စကားကို အဋ္ဌကထာတို့၌ မိန့်ဆို၏။

**အသွားလမ်း, အပြန်လမ်းကို ဆင်ခြင်မှတ်သားခြင်းသည် ကမ္မဋ္ဌာန်းလမ်း မှန်ကန်ဖြောင့်တန်းစေခြင်း**

ဤစကားရပ်၌ သွားသောလမ်းခရီးနှင့် ပြန်လာသောလမ်းခရီးတို့ကို ဆင်ခြင်မှတ်သားခြင်းသည် ကမ္မဋ္ဌာန်းအစဉ်တည်းဟူသောခရီးလမ်းမှန်ကို ဖြောင့်မတ်ကောင်းမွန်စွာ စိတ်ကိုနှင်ခြင်းအကျိုးရှိ၏ဟု ဆိုလို၏။ ချဲ့၍ပြရလျှင် ကမ္မဋ္ဌာန်းအာရုံကိုမှတ်ယူပြီး ပြန်လာသော ရဟန်းသည် လမ်းခရီး၌တစ်စုံတစ်ယောက်ကမေးမြန်း၍ ဖြေကြားရ၍လည်းကောင်း၊ ခန္ဓကဝတ်တို့ကိုဖြည့်ကျင့်ရ၍လည်းကောင်း၊ ဥဂ္ဂဟနိမိတ်ပျောက်သွားပါက မိမိ အသုဘနိမိတ်ကို ရှုရန်သွားစဉ် မြင်တွေ့ခဲ့ရသောအခြင်းအရာတို့ကို ဆင်ခြင်သောအခါ ထိုဥဒ္ဓုမာတကဥဂ္ဂဟနိမိတ်သည် ပြန်လည်ထင်ရှားလာ၏။ ရှေ့၌ချထားသကဲ့သို့ထင်၏။ ကမ္မဋ္ဌာန်းသည် ရှေး၌ဖြစ်သောအခြင်းအရာအတိုင်း ဘာဝနာလမ်းမှန်သို့ရှေးရှုတက်နိုင်၏။

"အကျိုးအာနိသင်ကိုမြော်မြင်လျက် ရတနာမြတ်ဟုအမှတ်ပြုကာ အလေးအမြတ်ပြုခြင်းကိုဖြစ်စေလျက် ကောင်းစွာမြတ်နိုး၍ ထိုဥဒ္ဓုမာတကအသုဘအာရုံ၌ စိတ်ကိုဖွဲ့ချည်ထား၏"

ဤစကားရပ်၌ ဖူးဖူးရောင်ပုပ်သော သူသေကောင်၏စက်ဆုပ်ဖွယ်အာရုံတွင် ဘာဝနာစိတ်ကို အဖန်ဖန်ဖြစ်စေ၍ ဈာန်ကိုဖြစ်စေပြီးလျှင် ဝိပဿနာရှုပွားသော် အိုခြင်း, သေခြင်း

http://www.dhammadownload.com



ဘေးမှ ကေန်မချွတ် လွတ်ရလိမ့်မည်ဟု မြော်မြင်၏။

တစ်ဖန် အလုံးစုံသောကမ္မဋ္ဌာန်းတို့တွင် ဤဥဒ္ဓုမာတကကဲ့သို့ သူသေကောင်နှင့်တူသော ရခဲသည့်ကမ္မဋ္ဌာန်းမည်သည် မရှိပေ။ ဖူးဖူးရောင်ပုပ်နေသောသူသေကောင်သည် တစ်ရက် နှစ်ရက်သာတည်၍ ဝိနီလက–ညိုမည်းသောသူသေကောင်စသည်အဖြစ်သို့ ပြောင်းလဲ သွား၏။

ကြေးမြီရှိသောဆင်းရဲသားသည် အလွန်အဖိုးတန်သောပတ္တမြားရတနာကိုရလျှင် ထို ပတ္တမြား၌ အမြတ်ရတနာဟုမှတ်ယူ၍ အလွန်ချစ်ခင်မြတ်နိုးစွာစောင့်ရှောက်သကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် ဤဥဒ္ဓုမာတကကမ္မဋ္ဌာန်းထက် ရနိုင်ခဲသောကမ္မဋ္ဌာန်းမရှိဟု နှလုံး သွင်း၍ ထိုရအပ်ပြီးသောဥဂ္ဂဟနိမိတ်၌ အမြတ်ရတနာဟုအမှတ်ထားကာ အလွန်နှစ်သက် မြတ်နိုးစွာ အလေးအမြတ်ပြု၍ စောင့်ရှောက်အပ်၏။ နေ့ရောညဉ့်ပါ ဥဂ္ဂဟနိမိတ်၌စိတ် ကိုမြဲစွာဖွဲ့ချည်ရာ၏၊ အဖန်တလဲလဲ ထိုနိမိတ်ကိုဆင်ခြင်နှလုံးသွင်းအပ်၏။ ဝိတက်ဖြင့် ခေါ်ခြင်း အထူးသဖြင့်ခေါ်ခြင်းကိုပြုအပ်၏၊ ဤသို့ပြုသော် ပဋိဘာဂနိမိတ်သည် ဖြစ်၏။

ဥဒ္ဓုမာတကကမ္မဋ္ဌာန်း၌ ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ်တို့၏အထူးကား ဥဂ္ဂဟ နိမိတ်သည် ဖောက်ပြန်ရုန့်ရင်း၏၊ အရုပ်ဆိုး၍ကြောက်မက်ဖွယ်သောအမြင်ရှိ၏။ ပဋိဘာဂ နိမိတ်သည် အလိုရှိတိုင်းသုံးဆောင်စားသောက်ပြီး၍ အိပ်နေသော ဆူဖြိုး၍ အင်္ဂါကြီးငယ် ရှိသောယောကျာ်းကဲ့သို့ ထင်၏။

နီဝရဏများကိုပယ်ခြင်း

ယောဂီပုဂ္ဂိုလ်သည် ပဋိဘာဂနိမိတ်ကို ရသည်နှင့်တစ်ပြိုင်နက် အပြင်ပ၌ ကာမအာရုံ တို့ကို နှလုံးမသွင်းခြင်းကြောင့် ပယ်ခွါတတ်သောသမာဓိ၏အစွမ်းဖြင့် ကာမစ္ဆန္ဒကို ပယ် အပ်၏။

ထို့အပြင် ကာမအာရုံကို ချစ်ခင်နှစ်သက်တတ်သော ကာမစ္ဆန္ဒကိုပယ်သဖြင့် သွေးကို ပယ်လျှင် ပြည်ကိုပယ်ပြီးဖြစ်သလို ဗျာပါဒကိုလည်း ပယ်ပြီးဖြစ်၏။

တစ်ဖန်အားထုတ်အပ်သည့်ဝီရိယရှိသောကြောင့်ထိနမိဒ္ဓကိုပယ်၏။ နှလုံး၌ ငြိမ်းအေး ချမ်းမြေ့ခြင်းကိုပြုတတ်သော ငြိမ်သက်သည့်သဘောရှိသော ပီတိ၊ ပဿဒ္ဓိစသည်တို့နှင့် ယှဉ်သည့်အစွမ်းဖြင့် ဥဒ္ဓစ္စ၊ ကုက္ကုစ္စကို ပယ်၏။ ရပြီးသောဥပစာရသမာဓိတရားထူးကို မျက်မှောက်ပြုခြင်းကြောင့် ပဋိပတ်ကိုဟောသောမြတ်စွာဘုရား၊ ကျင့်အပ်သောချာန်အကျင့် နှင့်အကျင့်၏အကျိုးတရားတို့၌ သို့လောသို့လောတွေးတောယုံမှားခြင်း – ဝိစိကိစ္ဆာကို ပယ်၏။

ဈာန်အင်္ဂါတို့ထင်ရှားစွာဖြစ်ခြင်း

ထိုပဋိဘာဂနိမိတ်၌ပင်လျှင် စိတ်ကိုရှေးရှုတင်ပေးခြင်းလက္ခဏာရှိသော ကြံစည်မှု ဝိတက်၊ပဋိဘာဂနိမိတ်ကို အဖန်ဖန်သုံးသပ်ခြင်းကိစ္စကိုပြီးစေသော ဆင်ခြင်မှု–ဝိစာရ၊

http://www.dhammadownload.com



ရပြီးသောသမာဓိတရားထူးကို ရခြင်း၏အကြောင်းဖြစ်သော နှစ်သိမ့်အားရမှု–ပီတိ၊ ပီတိနှင့် ယှဉ်သောစိတ်ရှိသူအား ပဿဒ္ဓိဖြစ်သင့်သောကြောင့် ကိုယ်စိတ်၏ငြိမ်းအေးခြင်း–ပဿဒ္ဓိ၊ ထိုပဿဒ္ဓိလျှင်အကြောင်းရှိသော စိတ်ချမ်းသာမှု–သုခ၊ ချမ်းသာသုခရှိသူအား စိတ်၏တည်ကြည်ခြင်းဖြစ်သင့်သောကြောင့် သုခလျှင်အကြောင်းရှိသော ဧကဂ္ဂတာဟူ၍ ဈာန်အင်္ဂါတို့သည် ထင်ရှားစွာဖြစ်ကုန်၏။

ထိုပဋိဘာဂနိမိတ်ထင်သောစကား၌ ပထမဈာန်၏ပုံတူဖြစ်သော ဥပစာရဈာန်သည်လည်း ဖြစ်၏။ ဤမှနောက်၌ ပထမဈာန်သို့ရောက်ပုံနှင့် ဝသီဘော်သို့ရောက်သည့်တိုင်အောင် အလုံးစုံသောအစီအရင်ကို ပထဝီကသိဏ်း၌ဆိုခဲ့သည့်အတိုင်း သိအပ်၏။

✱ ဝိနီလကစသော ကမ္မဋ္ဌာန်းများကိုရှုခြင်း

ဝိနီလကကမ္မဋ္ဌာန်း၊ ဝိပုဗ္ဗကကမ္မဋ္ဌာန်းစသည်ကို ရှုပွားလိုသောယောဂီသည် ဥဒ္ဓုမာတကကမ္မဋ္ဌာန်းတွင်ဆိုခဲ့သောအစီအရင်အလုံးစုံအတိုင်း ရှုပွားရမည်ဖြစ်၏။ ဥဒ္ဓုမာတကဟူသောပုဒ်မျှကို ဝိနီလကစသည့်ပုဒ်ဖြင့် လဲလှယ်ရန်လို၏။

အထူးကား ဝိနီလကကမ္မဋ္ဌာန်း၌ "အဖြူအနီရောလျက် ညိုမည်းသောစက်ဆုပ်ရွံရှာဖွယ်သူသေကောင်"ဟုနှလုံးသွင်းအပ်၏။ ထို့အပြင် ဥဂ္ဂဟနိမိတ်သည် ပြောက်ကျားကြောင်ကျားအဆင်းရှိသည်ဖြစ်၍ ထင်၏။ ပဋိဘာဂနိမိတ်သည်ကား ဖြူနီညိုအဆင်းတို့တွင် များသောအဆင်း၏အစွမ်းအားဖြင့်ထင်၏။

ဝိပုဗ္ဗကကမ္မဋ္ဌာန်း၌ "ပြည်တစိုစိုယိုထွက်နေသော စက်ဆုပ်ရွံရှာဖွယ်သောသူသေကောင်"ဟုနှလုံးသွင်းအပ်၏။ ဥဂ္ဂဟနိမိတ်သည် တသွင်သွင်ပြည်ယိုစီးနေသကဲ့သို့ ထင်၏။ ပဋိဘာဂနိမိတ်သည်ကား မတုန်မလှုပ်ငြိမ်သက်စွာစုဝေးသည်ဖြစ်၍ ထင်၏။

ဝိစ္ဆိဒ္ဒကကမ္မဋ္ဌာန်းကို (၁)စစ်မြေပြင်၊ (၂)ခိုးသားဓားပြပေါသောတောအုပ်၊ (၃)မင်းတို့၏ခိုးသားတို့အား ကွပ်မျက်သတ်ဖြတ်ရာသုသာန်၊ (၄)တောတွင် ခြင်္သေ့၊ သစ်၊ ကျားတို့ကိုက်ဖြတ်သောလူသူကောင်ရှိရာအရပ်တို့၌ ရအပ်၏။ ထိုရနိုင်ရာဌာနသို့သွားပြီးလျှင် သူသေကောင်၏အပိုင်းများသည် အထူးထူးသောနေရာ၌ကျရောက်နေစေကာမူ တစ်ကြိမ်တည်း ဆင်ခြင်ခြင်းဖြင့်၊ အကယ်၍ တစ်ပေါင်းတည်းထင်ပေါ်ငြားအံ့၊ ဤသို့ ထင်ပေါ်မှုကောင်းလှပေ၏။

အကယ်၍မထင်ပေါ်လျှင် သူသေကောင်အပိုင်းများကို တစ်နေရာတည်း၌စုပေါင်းအပ်၏၊ သို့သော် မိမိလက်ဖြင့် မကိုင်တွယ်အပ်ပေ။ ကိုင်တွယ်သည်ရှိသော် သုဘရာဇာကဲ့သို့ သူသေကောင်နှင့်အကျွမ်းဝင်၍ မရွံရှာသောအဖြစ်သို့ ရောက်၏။ ထို့ကြောင့် အာရာမ်စောင့်ကိုဖြစ်စေ၊ အခြားတစ်စုံတစ်ယောက်ကိုဖြစ်စေ စုပေါင်းစေအပ်၏။ ခိုင်းစရာ အာရာမ်စောင့်စသည်ကိုမရလျှင် တောင်ဝှေးဖြင့်ဖြစ်စေ၊ တုတ်ဖြင့်ဖြစ်စေ လက်တစ်သစ်ခြားဖြစ်အောင် ကပ်စေအပ်၏။ ထို့နောက် "နှစ်ပိုင်းပြတ်နေသော စက်ဆုပ်ရွံရှာဖွယ်သူသေကောင်"ဟု

http://www.dhammadownload.com



နှလုံးသွင်းအပ်၏။ ဥဂ္ဂဟနိမိတ်သည် အလယ်၌ဖြတ်အပ်သောအကောင်ကဲ့သို့ထင်၏။ ပဋိဘာဂနိမိတ်ကား အပြည့်အစုံဖြစ်၍ထင်၏။

ဝိက္ခာယိတကကမ္မဋ္ဌာန်း၌ ခွေး, မြေခွေးစသည်တို့ အထူးထူးအပြားပြားကိုက်ခဲထားသည်ဖြစ်၍ စက်ဆုပ်ရွံရှာဖွယ်သောအပုပ်ကောင်ဟု နှလုံးသွင်းအပ်၏။ ဥဂ္ဂဟနိမိတ်သည် ထိုထိုအရပ်၌ခဲစားထားသည်နှင့်တူစွာသာလျှင်ထင်၏။ ပဋိဘာဂနိမိတ်သည်ကား အပြည့်အစုံဖြစ်၍ ထင်၏။

ဝိက္ခိတ္တကကမ္မဋ္ဌာန်း၌ အထူးထူးသောအရပ်၌ စွန့်ပစ်ထားအပ်သောသူသေကောင်ကို ဝိစ္ဆိဒ္ဒကကမ္မဋ္ဌာန်းတွင်ဆိုခဲ့သည့်အတိုင်း လက်တစ်သစ်ခြား လက်တစ်သစ်ခြားပြုစေပြီးသော် "အထူးထူးသောအရပ်၌စွန့်ပစ်အပ်သည်ဖြစ်၍ စက်ဆုပ်ရွံရှာဖွယ်အကောင်ပုပ်"ဟု နှလုံးသွင်းအပ်၏။ ဥဂ္ဂဟနိမိတ်သည် အကြားရှိသည်ဖြစ်၍ထင်၏။ ပဋိဘာဂနိမိတ်သည်ကား အပြည့်အစုံဖြစ်၍ထင်၏။

ဟတဝိက္ခိတ္တကကမ္မဋ္ဌာန်းကိုလည်း ဝိစ္ဆိဒ္ဒကကမ္မဋ္ဌာန်း၌ပြဆိုခဲ့သောအပြားရှိသောအရပ်တို့၌ ရအပ်၏။ ထိုအရပ်သို့သွား၍ ဆိုခဲ့ပြီးသောနည်းအတိုင်း လက်တစ်သစ်ခြား လက်တစ်သစ်ခြားပြုစေ၍ သို့မဟုတ် ကိုယ်တိုင်ပြု၍ "ကျီးခြေသဏ္ဌာန် ဓားလက်နက်ဖြင့်ဖြတ်၍ အထူးထူးသောအရပ်၌စွန့်ပစ်ထားသည့် စက်ဆုပ်ရွံရှာဖွယ်အပုပ်ကောင်"ဟု နှလုံးသွင်းအပ်၏။ ဥဂ္ဂဟနိမိတ်သည် လက်နက်ဒဏ်ရာ၏အမာဝကဲ့သို့ ထင်၏။ ပဋိဘာဂနိမိတ်သည်ကား အပြည့်အစုံဖြစ်၍ထင်၏။

လောဟိတကကမ္မဋ္ဌာန်း(ဝါ)သွေးယိုနေသောသူသေကောင်ကို စစ်မြေပြင်စသည်၌ လက်နက်ဒဏ်ရာရသည့်စစ်သည်တို့၏ အဖြတ်ခံရသောလက်ခြေစသည်တို့၌သော်လည်းကောင်း၊ ပေါက်ပြဲသောအိုင်းအမာစသည်တို့၏ အမာဝ၌သော်လည်းကောင်း၊ သွေးယိုစီးနေသည့်ကာလ၌ ရအပ်၏။ "သွေးယိုထွက်နေသော စက်ဆုပ်ရွံရှာဖွယ်အကောင်ပုပ်"ဟု နှလုံးသွင်းအပ်၏။ ဥဂ္ဂဟနိမိတ်သည် လေခတ်သောအလံနီကဲ့သို့ လှုပ်သောအခြင်းအရာအားဖြင့်ထင်၏။ ပဋိဘာဂနိမိတ်သည်ကား မလှုပ်မရှက် ငြိမ်သက်လျက်ထင်၏။

ပုဠုဝကအသုဘသည် ကိုးခုသောအမာဝတို့မှ ပိုးလောက်အစုယိုထွက်နေသောအကောင်ပုပ်ဖြစ်၏။ "ပိုးလောက်ပြည့်နေသော စက်ဆုပ်ရွံရှာဖွယ်သူသေကောင်"ဟု နှလုံးသွင်းအပ်၏။ ပုဠုဝကကမ္မဋ္ဌာန်း၌ ဥဂ္ဂဟနိမိတ်သည် လှုပ်ရှားနေသကဲ့သို့ထင်၏။ ပဋိဘာဂနိမိတ်သည် သလေးထမင်းအစုကဲ့သို့ မလှုပ်မရှက် ငြိမ်သက်လျက်ထင်၏။

အဋ္ဌိကအသုဘခေါ် အရိုးစုကမ္မဋ္ဌာန်းသည် တစ်ကိုယ်လုံးသောအရိုးစု၌လည်းပြည့်စုံနိုင်၏၊ အရိုးတစ်ချောင်းတည်း၌လည်း ပြည့်စုံနိုင်၏။ အဋ္ဌိကအသုဘ၌ (၁၁)ပါးအပြားအားဖြင့် နိမိတ်ကိုမှတ်ယူပြီးလျှင် "စက်ဆုပ်ရွံရှာဖွယ်အရိုးစု"(ဝါ)"စက်ဆုပ်ရွံရှာဖွယ်အရိုး"ဟု နှလုံးသွင်းအပ်၏။ အဋ္ဌိကကမ္မဋ္ဌာန်း၌ ဥဂ္ဂဟနိမိတ်နှင့်ပဋိဘာဂနိမိတ်သည် တူသည်ဟု

http://www.dhammadownload.com



ရေးအဌကထာ၌ ဆို၏။ ထိုစကားသည် အရိုးတစ်ချောင်းတည်း၌ သင့်လျော်၏။ အရိုးစု၌မူကား ဥဂ္ဂဟနိမိတ်သည် ထင်မြင်ကောင်းသောအကြားအပေါက်ရှိသည်အဖြစ် ထင်၏။ ပဋိဘာဂနိမိတ်သည် ပြည့်စုံသည်အဖြစ် ထင်၏။ ထို့အပြင် အရိုးတစ်ချောင်းတည်း၌ သော်လည်း ဥဂ္ဂဟနိမိတ်သည် အရုပ်ဆိုး၍ ကြောက်မက်ဖွယ်ထင်ရာ၏။ ပဋိဘာဂနိမိတ်သည် ဉပစာရသမာဓိကို ဆောင်ပေးတတ်သောကြောင့် ပီတိ,သောမနဿ-ဝမ်းမြောက်ရွှင်လန်းဖွယ်အဖြစ် ထင်ရာ၏။

*** ပကိဏ္ဏကခေါ်ပြီးပြွမ်းပြဆိုခြင်း**

အသုဘဆယ်ပါးတွင် တစ်ခုသောအသုဘ၌ ရှာန်ရသောယောဂီပုဂ္ဂိုလ်သည် ရာဂကို ကောင်းစွာပယ်အပ်ပြီးဖြစ်သောကြောင့် ရာဂကင်းသည့်ရဟန္တာကဲ့သို့ လျှပ်ပေါ်လော်လီသောအမူအရာကင်း၏။ ဤသို့ဖြစ်ပါသော်လည်း အသုဘတို့၏အကွဲအပြားကို ဟောတော်မူခြင်းမှာ အကောင်ပုပ်သဘော၏အစွမ်းဖြင့်လည်းကောင်း၊ ရာဂစရိုက်အကွဲအပြား၏အစွမ်းဖြင့်လည်းကောင်း၊ ဟောကြားသည်ဟု သိအပ်၏။ သူသေကောင်(၁၀)မျိုးကွဲပြားသဖြင့် အကောင်ပုပ်သဘော၏အစွမ်းအားဖြင့် အသုဘ(၁၀)ပါးကို ဟောကြား၏။

ရာဂစရိုက်အကွဲအပြား၏အစွမ်းအားဖြင့် အသုဘဆယ်ပါးကိုဟောရခြင်းမှာ—

(၁) ဉဒ္ဓုမာတကဟူသော ဖူးဖူးရောင်ပုပ်သည့်သူသေကောင်သည် ကိုယ်သဏ္ဌာန်၏ဖောက်ပြန်ပျက်စီးခြင်းကိုပြခြင်းကြောင့် ရုပ်ပုံသဏ္ဌာန်၌ တပ်မက်မှု—ရာဂအားကြီးသူအားအထူးသဖြင့်လျောက်ပတ်၏၊ ရာဂငြိမ်းဆေးပေတည်း။

(၂) ဝိနီလကအသုဘသည် အရေအဆင်း၏ဖောက်ပြန်ပျက်စီးခြင်းကိုပြခြင်းကြောင့် ကိုယ်အဆင်း၌ တပ်မက်မှု—ရာဂအားကြီးသူအား လျောက်ပတ်၏။

(၃) ဝိပုဗ္ဗကအသုဘခေါ် ပြည်တစိုစိုယိုထွက်နေသောသူသေကောင်သည် ကိုယ်ဟူသည့်အိုင်းအမာကြီးနှင့်စပ်သော ပုပ်နံလှောင်းလှောင်း မကောင်းသောအနံ့ရှိသဖြင့် ပန်းနံ့သာ, ရေမွှေးစသည်ဖြင့် ဆွတ်ဖျန်းအပ်သည့်ကိုယ်အနံ့၌ တပ်မက်မှု—ရာဂအားကြီးသူအား လျောက်ပတ်၏။

(၄) ဝိစ္ဆိဒ္ဒကအသုဘသည် ကိုယ်တွင်း၌ အခေါင်းအပေါက်ရှိသည်ကိုပြသောကြောင့် ကိုယ်၌တစ်ခဲတစ်လုံးတည်းဖြစ်သည်ကို တပ်မက်မှု—ရာဂအားကြီးသူအား လျောက်ပတ်၏။

(၅) ဝိက္ခာယိတကအသုဘသည် အသားစုအသားစိုင်ပြည့်ဖြိုးခြင်း၏ပျက်စီးခြင်းကိုပြသောကြောင့် ကိုယ်၌သားမြတ်စသည့် စုန့်စုန့်မို့မို့ နှစ်လို့စဖွယ် အိအိစက်စက်နှစ်သက်ဖွယ်ဟု တပ်မက်မှု—ရာဂအားကြီးသူအား လျောက်ပတ်၏။

(၆) ဝိက္ခိတ္တကအသုဘသည် အင်္ဂါကြီးငယ်တို့၏ ထိုမှဤမှကြဲပြန့်နေသည်ကိုပြသောကြောင့် အင်္ဂါကြီးငယ် တင့်တယ်စမ္ပါယ်ခြင်းကို တပ်မက်မှု—ရာဂအားကြီးသူအား လျောက်ပတ်၏။

http://www.dhammadownload.com



(၇) ဟတဝိက္ခိတ္တကအသုဘသည် ရိုးဆစ်မထင် အင်္ဂါကြီးငယ်တို့၏ပြေပြစ်ချောမွေ့သော အစပ်တို့၏ပျက်စီးခြင်းကိုပြသောကြောင့် ကိုယ်၏သနစ် ရိုးဆစ်မပေါ် ရွှေကုက်ပျောသို့ ချောမောပြေပြစ် အဆစ်အစပ်လျောက်ပတ်ပြည့်စုံခြင်း၌ တပ်မက်မှု–ရာဂအားကြီးသူအား လျောက်ပတ်၏။

(၈) လောဟိတကအသုဘသည် သွေးလိမ်းကျံနေသဖြင့် စက်ဆုပ်ဖွယ်ရှိသည်ကို ပြသောကြောင့် အဆင်တန်ဆာဝတ်ဆင်၍ အရောင်အဆင်းလှပခြင်းကို တပ်မက်မှု–ရာဂအားကြီးသူအား လျောက်ပတ်၏။

(၉) ပုဠုဝကအသုဘသည် ကိုယ်ကာယ၏တစ်ပါးမက များစွာသောပိုးမျိုး(၈၀)တို့နှင့် ဆက်ဆံခြင်းကိုပြသောကြောင့် ကိုယ်၌တပ်မက်မှု–ရာဂအားကြီးသူအားလျောက်ပတ်၏။

(၁၀) အဋ္ဌိကအသုဘသည် ကိုယ်၌ရှိသောအရိုးတို့၏ စက်ဆုပ်ရွံရှာဖွယ်ကိုပြသောကြောင့် သွား၏ကောင်းခြင်း, လှပခြင်းကို ကြိုက်နှစ်သက်သည့်ရာဂအားကြီးသူအား လျောက်ပတ်၏။

### အသုဘကမ္မဋ္ဌာန်း၌ ပထမဈာန်သာဖြစ်နိုင်ခြင်း

ရေအယဉ်အားကြီး၍ ရေစီးအလွန်သန်သောမြစ်ထဲ၌ ထိုးဝါးအကူအညီဖြင့်သာလှေသည်. ရပ်တည်နိုင်သကဲ့သို့ အသုဘ(၁၀)ပါးသည် စက်ဆုပ်ရွံရှာဖွယ်ဖြစ်၍ အာရုံအားနည်းသောကြောင့် ဝိတက်၏အစွမ်းဖြင့်သာ စိတ်သည် တစ်ခုတည်းသောအာရုံ၌တည်၏။ ဝိတက်နှင့်ကင်း၍ တစ်ခုတည်းသောအာရုံ၌တည်တံ့ခြင်းငှာမတတ်နိုင်။ ထို့ကြောင့် အသုဘ(၁၀)ပါး၌ ဝိတက်ရှိသောပထမဈာန်သာဖြစ်၏။ ဝိတက်ကင်းသောဒုတိယဈာန် စသည်တို့ မဖြစ်နိုင်ကုန်။

### အသုဘအာရုံ၌ ပီတိ, သောမနဿဖြစ်ခြင်းအကြောင်း

အသုဘအာရုံသည် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သော်လည်း "ဤအသုဘကမ္မဋ္ဌာန်းရှုပွားသောအကျင့်ဖြင့် အိုခြင်း, သေခြင်းမှ ကေန်မချွတ်လွတ်ရပေတော့မည်"ဟု အကျိုးအာနိသင်ကို မြော်မြင်လေ့ရှိခြင်း၊ နီဝရဏဟူသောပူပန်စေတတ်သည့်တရားကို ပယ်ခြင်းတို့ကြောင့် ဝမ်းမြောက်ရွှင်လန်းခြင်း=ပီတိ, သောမနဿ ဖြစ်ပေါ်၏။

ဥပမာ ပန်းမှိုက်သွန်ခေါ်ဘင်ကျုံးသမားသည် "အခကြေးငွေများစွာရလိမ့်မည်"ဟု အကျိုးအာနိသင်ကိုမြော်မြင်သောကြောင့် မစင်ပုံ၌ ပီတိ, သောမနဿဖြစ်သကဲ့သို့လည်းကောင်း၊ အသဲအသန်အနာနှိပ်စက်၍ ဆင်းရဲနေသောလူနာသည် ပျို့အန်ခြင်း, ဝမ်းသက်ခြင်းဖြစ်ရာ၌ ပီတိ, သောမနဿဖြစ်သကဲ့သို့လည်းကောင်းဖြစ်ပေ၏။

### အသုဘဆယ်ပါးပြားသော်လည်း လက္ခဏာတစ်ပါးသာရှိခြင်း

အသုဘကမ္မဋ္ဌာန်းသည် ဆယ်ပါးအပြားရှိသော်လည်း လက္ခဏာအားဖြင့် တစ်ပါးတည်းသာဖြစ်၏။ မှန်ပေ၏၊ ဆယ်ပါးအပြားရှိပါသော်လည်း ထိုအသုဘ၏မစင်ကြယ်,

http://www.dhammadownload.com



အနံ့မကောင်း, စက်ဆုပ်ရွံရှာဖွယ်အဖြစ်သည်သာလျှင် လက္ခဏာဖြစ်၏။

အသုဘလက္ခဏာသည် အသက်ရှင်သူ၏ခန္ဓာကိုယ်၌လည်း ထင်ခြင်း

စက်ဆုပ်ရွံရှာဖွယ်ကောင်းသောအသုဘလက္ခဏာသည် သူသေကောင်၏ကိုယ်၌သာ ထင်သည်မဟုတ်၊ စင်စစ်မှာမူ စေတိယတောင်နေ မဟာတိဿမထေရ်အား ရယ်မောသော အမျိုးသမီး၏သွားရိုးကိုမြင်လျှင် အသုဘနိမိတ်ထင်၏၊ ဆင်၏ကျောက်ကုန်းထက်၌တည် သော မင်းကိုကြည့်ရှုစဉ် သံဃရက္ခိတမထေရ်၏အလုပ်အကျွေးသာမဏေအား အသုဘ နိမိတ်ထင်၏၊ ထို့ကြောင့် အသက်ရှင်ဆဲလူ၏ကိုယ်သည်လည်း စက်ဆုပ်ရွံရှာဖွယ် မတင့် တယ်သောအသုဘသာ ဖြစ်ပေ၏။

သို့သော်လည်း ရှင်ဆဲဖြစ်သော၍ကိုယ်၌ ညှော်သည်ဖြစ်သော ရေချိုးသုတ်သင်, နံ့သာ တင်၍ တန်ဆာဆင်ခြင်းဖြင့် ဖုံးကွယ်ထားသောကြောင့် အသုဘလက္ခဏာသည် လူပြိန်း တို့အား မထင်ပေါ်ဘဲရှိပေ၏။ ပကတိပင်ကိုယ်သဘောအားဖြင့်မူ ဤခန္ဓာကိုယ်သည်သုံးရာ သောအရိုးတို့ဖြင့် စိုက်ထောင်ထား၏၊ တစ်ရာ့ရှစ်ဆယ်သောအဆက်အစပ်တို့ဖြင့် ဆက်စပ် ထား၏၊ ကိုးရာသောအကြောတို့ဖြင့် ဖွဲ့ချည်ထား၏၊ ကိုးရာသောအသားတစ်အသားစိုင် တို့ဖြင့် လိမ်းကျံမွမ်းမံထား၏၊ စိုသောအရေထူဖြင့် မြွေးရက်ထားပြီး အရေပါးဖြင့်လွှမ်းခြုံ ထား၏၊ ဖွတ်, ပဒတ်, မြွေ, အောင်းနေရာတောင်ပို့ကဲ့သို့ အပေါက်သေးအပေါက်မွှားများ အနံ့အပြားရှိ၏။ အဆီပြည့်သောအိုးခွက်ကဲ့သို့ အထက်သို့, အောက်သို့အမြဲယိုထွက်နေ ၏၊ ပိုးမျိုးအပေါင်းတို့၏နိအောင်းမှီခိုရာဖြစ်၏၊ အနာရောဂါတို့၏စွဲကပ်ရာလည်းဖြစ်၏၊ ဆင်းရဲဒုက္ခအပေါင်းတို့ပေါက်ပွားရာ လယ်ခင်းကြီးသဖွယ်လည်း ဖြစ်၏။

ပေါက်ကွဲသောအိုင်းအမာကြီးကဲ့သို့ ကိုးပေါက်သောအမာဝတို့မှ ကိုးဝသောအပုပ်ရေ တို့သည်မပြမပြတ်ယိုစီး၍နေ၏၊ ယိုထွက်ပုံမှာ ယင်းကိုယ်ခန္ဓာ၏နှစ်ဘက်သောမျက်လုံး တို့မှ မျက်ချေးမျက်ဝတ်သည် တစွပ်စွပ်ယိုထွက်၏၊ နားနှစ်ဘက်တို့မှ စေးကပ်ကပ်နားဖာ ချေးတို့ ယိုထွက်၏၊ နှစ်ခုသောနှာခေါင်းပေါက်မှ ထန်းသီးနှရည်အလားကျိုချွဲသော နှာရည် နှပ်ချေးတို့ ယိုထွက်၏၊ ခံတွင်းမှ အစာသစ်, သည်းခြေ, သလိပ်, သွေးတို့ အန်ထွက်ကြ၏၊ နှစ်ခုသောအောက်ဒွါရပေါက်တို့မှ ကျင်ကြီးကျင်ငယ်တို့သည် အစဉ်မပြတ်ယိုထွက်ကြ၏၊ ကိုးသောင်းကိုးထောင်ကုန်သောမွေးညှင်းပေါက်တို့မှ မစင်ကြယ်စက်ဆုပ်ဖွယ်ချွေးစေး ချွေးရည်ယိုထွက်၏။ ယင်မမဲရိုင်းစသောအကောင်တို့သည် ခန္ဓာကိုယ်ကိုဝန်းရံအုံကြ၏။

ဤကိုယ်ကို သွားတိုက်ခြင်း, မျက်နှာသစ်ခြင်း, ဦးခေါင်းကိုဆီလိမ်းခြင်း, ရေချိုးခြင်း, ခါးဝတ်ကိုယ်ရုံဝတ်ရုံခြင်းစသည်တို့ဖြင့် မသုတ်သင်မပြုပြင်ဘဲ မီးမွေးတိုင်းသာဖြစ်လျက် ကြမ်းတမ်းသောဆံပင်များ ဖရိုဖရဲကြဲလျက် တစ်ရွာမှတစ်ရွာသို့လှည့်လည်သွားလာနေလျှင် ပြည့်ရှင်မင်းသည်ပင် ဒွန်းစဏ္ဍား, ပန်းမှိုက်သွန်ယောက်ျားနှင့် ထူးမခြားနားဖြစ်သွားပေ

http://www.dhammadownload.com



လိမ့်မည်။ စက်ဆုပ်ဖွယ်ကိုယ်ရှိပုံချင်း တူညီသွားလိမ့်မည်။

ဤသို့ မင်းနှင့်ဒွန်းစဏ္ဍားတို့သည် ကိုယ်ကောင်အားဖြင့် မထူးခြားကြသော်လည်း သွားချေး, မျက်ချေးစသည်တို့ကို သုတ်သင်၍ အဝတ်အထည်အမျိုးမျိုးတို့ဖြင့် ဖုံးထားသင့်သည့်ရှက်ဖွယ်ကိုယ်အင်္ဂါတို့ကို ဖုံးလွှမ်း၍ နံ့သာလိမ်းကျံခြင်း, ပန်းပန်ခြင်း, အဆင်တန်ဆာများဆင်မြန်းလျက် "ငါ, ငါ့ဟာ"ဟုမှတ်ယူအပ်သော အခြေအနေသို့ရောက်အောင်ပြုလုပ်နေကြပေ၏။ ထိုသို့သည်အာဂန္တုဖြစ်သော အဆင်တန်ဆာတို့ ဖုံးလွှမ်းထားသောကြောင့် ဤကိုယ်၏ဟုတ်မှန်သည့်ပင်ကိုသဘောဖြစ်သော အသုဘလက္ခဏာကို မသိနိုင်ကြရှာသောယောကျ်ားတို့သည် မိန်းမတို့၌လည်းကောင်း၊ မိန်းမတို့သည် ယောကျ်ားတို့၌လည်းကောင်း၊ အလွန်မွေ့လျော်ပျော်ပိုက်ကာ ချစ်ကြိုက်နေကြပေ၏။

ဤကိုယ်ကောင်၌ ပရမတ်သဘောအားဖြင့် နှစ်သက်တပ်မက်ဖွယ်သောအရာဟူသည် အဏုမြူမျှမရှိချေ။ ထိုသို့မရှိသောကြောင့်ပင်လျှင် ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, တံတွေး, နှပ်, ကျင်ကြီး, ကျင်ငယ်စသည်တို့က ကိုယ်ပြင်ပသို့ကျသွားလျှင် လူတို့သည် လက်ဖြင့်ပင် မထိလိုကြတော့ချေ။ ရွံရှာစက်ဆုပ်ကြကုန်၏။ သို့သော်ဤကိုယ်ထဲ၌ ကျန်ရှိနေသမျှအဖို့အစုကိုမူ ပြင်ပသို့ကျသွားသည့်အဖို့အစုကဲ့သို့ပင် ရွံရှာစက်ဆုပ်ဖွယ်ဖြစ်ပါသော်လည်း အဝိဇ္ဇာအမိုက်မှောင်က မြှေးယှက်ဖုံးကွယ်ထားသောကြောင့် ကိုယ်ကိုချစ်ခြင်းဟူသောရာဂဖြင့်တပ်မက်ချစ်ခင်လျက် "လိုချင်စရာနှစ်သက်စရာကောင်း၏၊ မြဲသည်၊ ချမ်းသာသည်၊ ငါ၏အတ္တတည်း"ဟု စွဲယူကြကုန်၏။ ဤသို့စွဲယူကြကုန်သောကြောင့် သတ္တဝါတို့သည် တောထဲ၌ပေါက်ပင်ကိုတွေ့မြင်၍ ပေါက်ပင်မှကြွေကျသောပန်းတို့ကို ပန်းဟုသိသော်လည်း အပင်ထက်၌ နီနီရဲရဲ တွဲလွဲ တွဲလွဲနေသောပန်းတို့ကား အသားတုံးတွေပေတည်းဟု အောက်မေ့ထင်မှတ်ကာ စောင့်စားတောင့်တနေသော မြေခွေးအိုကြီးနှင့်တူသည့် အဖြစ်သို့ ရောက်ကြကုန်၏။

မြေခွေးသည် တော၌ပင်လုံးကျွတ်ပွင့်သောပေါက်ပင်ကိုမြင်၍ "ငါသည် သားတံစ်ပင်ကြီးကိုရပေပြီ"ဟု ဝမ်းသာရွှင်ပြုံးလျက် အဆောတလျင်ပြေးသွားပြီးလျှင် ကြွေကျသမျှ ပေါက်ပွင့်တို့ကို လောဘဇောကြီးဖြင့်ကိုက်ဟပ်၍ "ဤအရာကား အသားမဟုတ်၊ သစ်ပင်ထက်၌ နီတျာရဲရဲအခဲအဆုပ်တို့ကသာ အသားတည်း"ဟု မှတ်ထင်သကဲ့သို့ ပညာရှိသည် ကိုယ်မှကျသောဆံပင်စသည်တို့ကိုသာ အသုဘဟုမယူမူ၍ ကိုယ်၌တည်သည့်ဆံပင်စသည်တို့ကိုလည်း အသုဘဟူ၍ ယူရာ၏။

ထိုသို့ယူသင့်ခြင်း၏အကြောင်းကား အပုပ်အတီပြည့်နေသောရေအိမ်ပမာ အိုင်းအမာနှင့်မခြား ရှစ်စားစရာဟု အသုဘဖြစ်သောခန္ဓာကိုယ်ကို တင့်တယ်သည်ဟုစွဲယူကြ၍ ထိုကိုယ်၌မက်မောတွေဝေကြသောသူမိုက်တို့သည် ကိုယ်ကျိုးအတွက် မကောင်းမှုတို့ကိုပြုကြသော

http://www.dhammadownload.com



ကြောင့် အပါယ်ဆင်းရဲစသောဒုက္ခမှ မလွတ်မြောက်နိုင်ကြချေ။

ထို့ကြောင့် ပညာရှိသည် အသက်ရှင်ဆဲမှုလည်းဖြစ်သော သေပြီးမှုလည်းဖြစ်သော ကိုယ်ကောင်ပုပ်၏ တင့်တယ်သည့်အဖြစ်ကိုကြဉ်ဖယ်၍ စက်ဆုပ်ရွံရှာဖွယ်သဘောကိုရှုမြင်ရာ၏။ လူတို့၏ကာသိလ်တရားတို့ထက်လွန်မြတ်သော ဈာန်, မဂ်, ဖိုလ်တရားထူးကို ရထိုက်သောသဘောရှိသူသည် ရှင်ဆဲကိုယ်ဖြစ်စေ သေဆဲကိုယ်ဖြစ်စေ အကြင်ကိုယ်၌ အသုဘအခြင်းအရာထင်လျှင် ထိုကိုယ်၌ပင် အသုဘနိမိတ်ကိုယူ၍ ပဋိဘာဂနိမိတ်နှင့် ဥပစာရဈာန်တို့ကိုဖြစ်စေထိုက်၏။ ထို့နောက် ဘာဝနာကိုတိုးတက်စေ၍ အသုဘကမ္မဋ္ဌာန်းကို အပ္ပနာဈာန်သို့ ရောက်စေအပ်ပေ၏။

## ✱ ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေများ

၁။ ရှုချင်စဖွယ်တင့်တယ်အောင် အမျိုးမျိုးခြယ်သထားသော အမျိုးသမီးအမျိုးသားများနှင့် ဆုံမိသည့်အခါ ပြည့်ရှင်မင်းနှင့်သူတောင်းစား တစ်သားတည်းကျအောင် ရှုပွားနည်းဖြင့် ရှုပွားပုံကိုဖော်ပြပါ။(၁၉၈၄)

*[အဖြေ– ရှုချင်စဖွယ်တင့်တယ်အောင် အမျိုးမျိုးခြယ်သထားသော အမျိုးသမီးအမျိုးသားများနှင့်ဆုံမိသည့်အခါ ပြည့်ရှင်မင်းနှင့်သူတောင်းစား တစ်သားတည်းကျအောင်ရှုပွားနည်းဖြင့် ရှုပွားပုံမှာ–ဤကိုယ်ကိုသွားတိုက်ခြင်း, မျက်နှာသစ်ခြင်း, ဦးခေါင်းကိုဆီလိမ်းခြင်း, ဆံပင်ဖီးခြင်း, ရေချိုးခြင်း, ဓါးဝတ်ကိုယ်ရုံဝတ်ခြင်းစသည်တို့ဖြင့် မသုတ်သင်မပြုပြင်ဘဲ မိမွေးတိုင်းသာဖြစ်လျက် ကြမ်းတမ်းသောဆံပင်များဖရိုဖရဲကြီးလျက် တစ်ရွာမှတစ်ရွာသို့ လှည့်လည်သွားလာနေလျှင် ပြည့်ရှင်မင်းနှင့်ဒွန်းစဏ္ဍားသူတောင်းစားတို့ ထူးမခြားနားတစ်သားတည်းဖြစ်သွားလိမ့်မည်၊ စက်ဆုပ်ဖွယ်ကိုယ်ရှိပုံချင်း တူညီသွားလိမ့်မည်။*

*ဤသို့ ပြည့်ရှင်မင်းနှင့်သူတောင်းစားတို့သည် ကိုယ်ကောင်အားဖြင့် မထူးခြားကြသော်လည်း သွားချေး, မျက်ချေးစသည်တို့ကိုသုတ်သင်၍ အဝတ်အထည်အမျိုးမျိုးတို့ဖြင့် ဖုံးထားသင့်သည့်ရှက်ဖွယ်ကိုယ်အင်္ဂါတို့ကို ဖုံးလွှမ်း၍ နံ့သာလိမ်းကျံခြင်း, ပန်းပန်ခြင်း, အဆင်တန်ဆာများဆင်မြန်းလျက် "ငါ, ငါ့ဟာ"ဟု မှတ်ယူအပ်သောအခြေအနေသို့ရောက်အောင်ပြုလုပ်နေကြပေ၏။ ထိုသို့သည်အာရုံဖြစ်သော အဆင်တန်ဆာတို့ဖုံးလွှမ်းထားသောကြောင့် ဤကိုယ်၏ဟုတ်မှန်သည့်ပင်ကိုယ်သဘောဖြစ်သော အသုဘလက္ခဏာကို မသိနိုင်ကြရှာသော ယောကျ်ားနှင့်မိန်းမတို့သည် တစ်ဦးနှင့်တစ်ဦး အလွန်ပျော်ပိုက်စွာ ကြိုက်ချစ်ခြင်းကို ပြုကြ၏။*

*ဤကိုယ်ကောင်၌ ပရမတ်သဘောအားဖြင့် နှစ်သက်တပ်မက်ဖွယ်သောအရာဟူသည် အဏုမြူမျှမရှိချေ။ ထို့ကြောင့်ပင်လျှင် ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, တံတွေး, နှပ်, ကျင်ကြီး, ကျင်ငယ်စသည်တို့က ကိုယ်ပြင်ပသို့ကျသွားလျှင် လူတို့သည် လက်ဖြင့်ပင် မထိလိုကြ၊ ရွံရှာစက်ဆုပ်ကြကုန်၏။ ဤကိုယ်၌ကျန်ရှိသောအဖို့အစုတို့ကိုလည်း ထပ်တူ*

http://www.dhammadownload.com



*ထပ်မျှရှိရာစက်ဆုပ်ဖွယ်ဖြစ်သည်ဟု ရှုအပ်၏။]*

၂။ အသုဘဆယ်ပါးကို လက္ခဏာအားဖြင့်အကျဉ်းချုပ်လိုက်လျှင် အဘယ်မျှဖြစ်သည့်ကို ရှင်းလင်းတင်ပြ၍ အသက်ရှင်သူ၌ အသုဘရှုမှတ်လျှင် ဖြစ်နိုင်၊ မဖြစ်နိုင်ကိုလည်း သာဓကနှစ်ခုနှင့်တကွ ဖြေဆိုခဲ့ပါ။(၁၉၈၉)

*[အဖြေ–အသုဘဆယ်ပါးကို လက္ခဏာအားဖြင့် အကျဉ်းချုပ်လိုက်လျှင် မစင်ကြယ်၊ အနံ့မကောင်း၊ စက်ဆုပ်ရွံရှာဖွယ်အဖြစ်ဟူသော လက္ခဏာတစ်ပါးမျှသာဖြစ်ပါသည်။*

*အသက်ရှင်သူ၌ အသုဘရှုမှတ်လျှင် ဖြစ်နိုင်ပါသည်။ စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အသုဘလက္ခဏာသည် သူသေကောင်၌သာထင်သည်မဟုတ်၊ အသက်ရှင်သူ၏ခန္ဓာကိုယ်၌လည်းထင်၏။ သာဓကအားဖြင့် စေတိယတောင်နေ မဟာတိဿမထေရ်အား ရယ်မောသောအမျိုးသမီး၏သွားရိုးကိုမြင်လျှင် အသုဘနိမိတ်ထင်၏။ ဆင်၏ကျောက်ကုန်းထက်၌တည်သောမင်းကို ကြည့်ရှုစဉ် သံဃရက္ခိတမထေရ်၏ အလုပ်အကျွေးသာမဏေအား အသုဘနိမိတ်ထင်၏။ ထို့ကြောင့် သူသေကောင်၌ အသုဘရှုသကဲ့သို့ ရှင်သူ၏ကိုယ်၌လည်း အသုဘရှုနိုင်ပါသည်။]*

၃။ အသက်ရှင်သူသည်လည်း အသုဘပင်ဖြစ်ကြောင်းကို ဥပမာနှစ်ခုနှင့်တကွတင်ပြ၍ ဤခန္ဓာကိုယ်၌တည်ရှိသော (က)အရိုး (ခ)အဆက်အစပ် (ဂ)အကြော (ဃ)အသားတစ်အသားစိုင်တို့၏ သင်္ချာမျှကိုသာ ဖော်ပြပါ။(၁၉၉၀)

*[အဖြေ–တော၌ ပင်လုံးကျွတ်ပွင့်သောပေါက်ပင်ကိုမြင်၍ "ငါသည်သားတစ်ပင်ကြီးကိုရပေပြီ"ဟုမှတ်ထင်၍ အဆောတလျင်ပြေးသွား၍ အပွင့်တို့ကိုကိုက်သော မြေခွေးကဲ့သို့လည်းကောင်း၊ အပုပ်အတိပြည့်နေသည့်ရေအိမ်ပမာ အိုင်းအမာနှင့်မခြား ရှုစားစရာဟု အသုဘဖြစ်သောခန္ဓာကိုယ်ကို သုဘဟုထင်နေသောသူမိုက်ကဲ့သို့လည်းကောင်း၊ ပညာရှိသည် မရှုမြင်ဘဲ အသက်ရှင်သည်မှုလည်းဖြစ်သော သတ္တဝါတို့၏ခန္ဓာကိုယ်သည် အသုဘပင်ဖြစ်ကြောင်း သိအပ်ပါသည်။ (နံပါတ် ၁ မေးခွန်းဒုတိယပိုင်းအဖြေကိုလည်း ဖော်ပြနိုင်ပါသည်)*

*(က) အရိုး ၃၀၀ (ခ)အဆက်အစပ် ၁၈၀ (ဂ) အကြော ၉၀၀*

*(ဃ) အသားတစ်အသားစိုင် ၉၀၀ တို့ဖြစ်ပါသည်။]*

၄။ အရိုးအဆစ်မထင် ပြေပြစ်ချောမော လှပလွန်းသောရူပကာယကို နှစ်သက်ခုံမင်စားမဝင်အိပ်မပျော်အောင် ကြိုက်နှစ်သက်မှုအားကြီးနေသောပုဂ္ဂိုလ်သည် မည်သည့်အသုဘဘာဝနာကို ရှုပွားသင့်သည်ကိုလည်း ထင်ရှားအောင် ညွှန်ပြခဲ့ပါ။(၁၉၉၁)

*[အဖြေ–ဟတဝိက္ခိတ္တကအသုဘသည် ရိုးဆစ်မထင် အင်္ဂါကြီးငယ်တို့၏ပြေပြစ်ချောမွေ့သောအစပ်တို့၏ပျက်စီးခြင်းကို ပြသောကြောင့် ကိုယ်အင်္ဂါ၏ချောမောပြေပြစ်မှုကို နှစ်သက်မှုအားကြီးနေသောပုဂ္ဂိုလ်သည် ဟတဝိက္ခိတ္တက အသုဘဘာဝနာကို ပွားများသင့်*

http://www.dhammadownload.com



*ပါသည်။]*

၅။ ဥဒ္ဓုမာတကအကောင်ပုပ်၌ အဆက်ကြီးလေးခုကိုသိသာအောင်ဖော်ပြပြီး၊ အသေကောင်တစ်မျိုးတည်းဖြစ်ပါလျက် အသုဘဆယ်မျိုးခွဲခြားဟောထားရခြင်း၏ ရည်ရွယ်ချက်ကိုလည်း ထင်ရှားအောင်ဖြေဆိုခဲ့ပါ။(၁၉၉၂)

*[အဖြေ- (၁) ပခုံး၊ တံတောင်၊ လက်ကောက်ဝတ်အားဖြင့် လက်ျာလက်အဆစ်သုံးခုနှင့် လက်ဝဲလက်အဆစ်သုံးခုတို့၏အစွမ်းအားဖြင့် အဆက်ကြီး၁ခု၊*

*(၂) တင်ပါးဆုံ၊ ဒူး၊ ခြေမျက်စိအားဖြင့် လက်ျာခြေဆစ်သုံးခုနှင့် လက်ဝဲခြေဆစ်သုံးခုတို့၏အစွမ်းအားဖြင့် အဆက်ကြီး(၁)ခု၊*

*(၃) လည်ဆစ်အစပ်၁ခု၊ (၄)ခါးဆစ်(ခါးနှင့်တင်ပါးအစပ်)၁ခုတို့သည် အဆက်ကြီးလေးခုဖြစ်ပါသည်။*

*အသေကောင်တစ်မျိုးတည်းဖြစ်ပါလျက် အသုဘဆယ်မျိုးခွဲခြားဟောထားရခြင်း၏ ရည်ရွယ်ချက်မှာ (၁)အကောင်ပုပ်၏သဘာအစွမ်းဖြင့်လည်းကောင်း (၂)ရာဂစရိုက်၏ အကွဲအပြားအစွမ်းဖြင့်လည်းကောင်း ဟောကြားခြင်းကြောင့် အသုဘဆယ်ပါးပြားရပါသည်။]*

၆။ ကမ္မဋ္ဌာန်းပေးသောဆရာသည် ဥဒ္ဓုမာတကကမ္မဋ္ဌာန်းကိုတောင်းခံသောယောဂီအား ဟောပြောပေးရမည့်အစီအရင်များကို ပြဆိုပြီးလျှင်၊ သွားလမ်းလာလမ်းကိုဆင်ခြင်ခြင်းဖြင့် အဘယ်အကျိုးအာနိသင်များကို ရရှိနိုင်ပါသနည်း။ ဖြေဆိုပါ။(၁၉၉၉)

*[အဖြေ-ကမ္မဋ္ဌာန်းပေးသောဆရာသည် ဥဒ္ဓုမာတကကမ္မဋ္ဌာန်းကို တောင်းခံသောယောဂီအား ဟောပြောပေးရမည့်အစီအရင်များမှာ–*

*(၁)အသုဘနိမိတ်ကိုယူရန်အတွက် သွားပုံအစီအရင်၊*

*(၂)သူသေကောင်ပတ်ဝန်းကျင်၌ရှိသောနိမိတ်များကို မှတ်သားပုံ၊*

*(၃)တစ်ဆယ့်တစ်ပါးသောအခြင်းအရာအားဖြင့် အသုဘနိမိတ်ကိုယူပုံ၊*

*(၄)အသွားအပြန်လမ်းကို ဆင်ခြင်မှတ်သားပုံအစီအရင်၊*

*(၅)အပ္ပနာအစီအရင်အလုံးစုံတို့ ဖြစ်ပါသည်။*

*သွားလမ်းလာလမ်းကိုဆင်ခြင်ခြင်းဖြင့် ကမ္မဋ္ဌာန်းအစဉ်တည်းဟူသောခရီးလမ်းမှန်သို့ ဖြောင့်မတ်စွာတက်ခြင်း, သွားခြင်းအကျိုးရှိပေ၏၊ ကမ္မဋ္ဌာန်းအစဉ်ကိုဖြောင့်မတ်စွာပြီးစေခြင်း အာနိသင်ရှိပေ၏။ ကမ္မဋ္ဌာန်းအာရုံကိုမှတ်ယူပြီး ပြန်လာသောရဟန်းသည် လမ်းခရီး၌ တစ်စုံတစ်ယောက်ကမေးမြန်း၍ ဖြေကြားရ၍ဖြစ်စေ၊ ခန္ဓကဝတ်တို့ကိုဖြည့်ကျင့်ရ၍ဖြစ်စေ ဥဂ္ဂဟနိမိတ်ပျောက်သွားပါက မိမိအသုဘနိမိတ်ကိုရှုရန်သွားစဉ် မြင်တွေ့ခဲ့ရသောအခြင်းအရာများကို ပြန်ဆင်ခြင်သောအခါ ထိုဥဒ္ဓုမာတကဥဂ္ဂဟနိမိတ်သည် ပြန်လည်ထင်ရှား*

http://www.dhammadownload.com



*လာ၏။ ကမ္မဋ္ဌာန်းသည် ရှေး၌ဖြစ်သောအခြင်းအရာအတိုင်း ဘာဝနာလမ်းမှန်သို့ရှေးရှု တက်နိုင်၏။]*

၇။ "မသာတစ်ခေါက်၊ ကျောင်းဆယ်ခေါက်"ဟူသော ဆိုရိုးစကားနှင့်အညီ အသုဘကိစ္စ ကြုံတွေ့ရာ၌ အကျိုးများသောအသုဘဘာဝနာဖြစ်စေရန် ဥဒ္ဓုမာတကပဋိကူလသညာ ပွားများပုံကို နည်းလမ်းကျဖြေဆိုပါ။(၂၀၀၀)

*[အဖြေ- "မသာတစ်ခေါက်၊ ကျောင်းဆယ်ခေါက်"ဟူသောဆိုရိုးစကားနှင့်အညီ အသုဘကိစ္စကြုံတွေ့ရာ၌ အကျိုးများသောအသုဘဘာဝနာဖြစ်စေရန် ဥဒ္ဓုမာတကပဋိကူလသညာပွားများပုံမှာ ယောဂီသည် သူသေကောင်နှင့်မဝေးလွန်း၊ မနီးလွန်း၊ အသုဘ အာရုံထင်ထင်ရှားရှားပေါ်ရာ ကြည့်ရှုရန်ချမ်းသာလွယ်ကူရာဖြစ်သော သူသေကောင်၏ အလယ်ပိုင်းအရပ်၌ တည်နေရာ၏။ သူသေကောင်၏ပတ်ဝန်းကျင်၌ရှိသည့် အရာဝတ္ထု တို့ကို ဦးစွာမှတ်သားအပ်၏။*

*အိုင်းအမာကဲ့သို့ ဖူးဖူးရောင်ကြွတက်၍ စက်ဆုပ်ဖွယ်သောအကောင်ပုပ်ဖြစ်သည့် ဥဒ္ဓုမာတက၏သဘာဝလက္ခဏာကို အဆင်း၊ အသွင်၊ သဏ္ဌာန်၊ အရပ်၊ နေရာ၊ အပိုင်းအခြား အားဖြင့် (၆)ပါးသောအခြင်းအရာဖြင့် နိမိတ်ယူအပ်၏။ နိမိတ်မထင်သေးလျှင် အဆက် အစပ်၊ အကြားအရပ်၊ အနိမ့်အမြင့်၊ အမြင့်အမောက်၊ ထက်ဝန်းကျင်အားဖြင့် (၅)ပါးသော အခြင်းအရာဖြင့် နိမိတ်ယူအပ်၏။*

*ဤသို့လျှင် နိမိတ်ကိုကောင်းစွာမှတ်သားခြင်း၊ သတိကိုမြဲမြံစွာထား၍ဆင်ခြင်ခြင်း၊ အဖန် တလဲလဲဆင်ခြင်ခြင်းကိုပြု၍ သတိ၊ ပညာဖြင့် ရှုမှတ်အပ်၏။ ရပ်လျက်ဖြစ်စေ၊ ထိုင်လျက် ဖြစ်စေ အသုဘကောင်ကို မျက်စိကိုဖွင့်လျက်ကြည့်၍ နိမိတ်ကိုမှတ်ယူ၏။ "ဖူးဖူးရောင်ပုပ် စက်ဆုပ်ရွံရှာဖွယ်သူသေကောင်"(ဥဒ္ဓုမာတကပဋိက္ကူလံ)ဟုနှလုံးသွင်း၍ အကြိမ်တစ်ရာ, တစ်ထောင်မျက်စိဖွင့်လျက်ကြည့်ရှုအပ်၏။ မျက်စိမှိတ်လျက်ဆင်ခြင်အပ်၏။ ဤသို့ အဖန်ဖန်ပြုသောယောဂီအား ဥဂ္ဂဟနိမိတ်ထင်လာ၏။ မျက်စိဖွင့်၍ကြည့်မြင်သည့်အတိုင်း မျက်စိမှိတ်လျက်ဆင်ခြင်မြင်ရလျှင် ဥဂ္ဂဟနိမိတ်ကို ကောင်းစွာယူပြီးဖြစ်ပေ၏။*

*ထိုယောဂီသည် ထိုဥဂ္ဂဟနိမိတ်ကိုကောင်းစွာယူပြီး၍ ကောင်းစွာမှတ်မိနိုင်, ပိုင်းခြား နိုင်အောင်ပြုပြီး၍ ထိုနေရာ၌ပင် ပဋိဘာဂနိမိတ်ဖြစ်ပေါ်ပြီး ပထမဈာန်သို့ရောက်အောင် ဘာဝနာကိစ္စပြီးဆုံးအောင် အားထုတ်ရာ၏။ မစွမ်းဆောင်နိုင်သော် လာစဉ်နည်းအတိုင်း တစ်ပါးတည်းအဖော်မပါဘဲ ထိုကမ္မဋ္ဌာန်းကိုပင်နှလုံးသွင်းလျက် အမှတ်ရှူ—သတိကိုမြဲမြံ စွာပြု၍ အတွင်း၌တည်သောဣန္ဒြေများရှိလျက် အပြင်သို့မသွားသောစိတ်ဖြင့် မိမိကျောင်း နေရာသို့ပြန်လာပြီးသော် ဘာဝနာကိစ္စပြီးဆုံးအောင် ဆက်လက်အားထုတ်ရာ၏။]*

http://www.dhammadownload.com



၈။ အဘာယ်ကို ဝိပုဗ္ဗကခေါ်သည်ဟုပြဆိုပြီးလျှင် ဝိပုဗ္ဗကကမ္မဋ္ဌာန်းကို နှလုံးသွင်းနည်းနှင့် ယင်းဝိပုဗ္ဗကကမ္မဋ္ဌာန်းသည် မည်သည့်ပုဂ္ဂိုလ်များအား လျောက်ပတ်သည်တို့ကိုလည်း ပြည့်စုံစွာဖြေဆိုပါ။(၂၀၀၁)

*[အဖြေ-ဝိပုဗ္ဗကဆိုသည်မှာ ကျီး, ခွေးစသည်တို့ ထိုးဆွဆိတ်ပေါက်သဖြင့် စုတ်ပြတ်ပေါက်ပွဲကာ ပြည်တစိုစိုယိုထွက်နေသော စက်ဆုပ်ရွံရှာဖွယ်သူသေကောင်ပုပ်ကို ခေါ်ပါသည်။*

*ဝိပုဗ္ဗကကမ္မဋ္ဌာန်းကို နှလုံးသွင်းနည်းမှာ "ပြည်တစိုစိုယိုထွက်နေသော စက်ဆုပ်ရွံရှာဖွယ်သောသူသေကောင်"ဟု အဖန်တလဲလဲနှလုံးသွင်းအပ်၏။ ဥဂ္ဂဟနိမိတ်သည် တသွင်သွင်ပြည်ယိုစီးနေသကဲ့သို့ထင်၏။ ပဋိဘာဂနိမိတ်သည်ကား မတုန်မလှုပ်ငြိမ်သက်စွာစဲ့နေသည်ဖြစ်၍ထင်၏။*

*ဝိပုဗ္ဗကအသုဘခေါ် ပြည်တစိုစိုယိုထွက်နေသောသူသေကောင်သည် ကိုယ်ဟူသည့်အိုင်းအမာကြီးနှင့်စပ်သော ပုပ်နံ့လှောင်းလှောင်းမကောင်းသောအနံ့ရှိသဖြင့် ပန်းနံ့သာ, ရေမွှေးစသည်ဖြင့်ဆွတ်ဖျန်းအပ်သည့်ကိုယ်အနံ့၌ တပ်မက်မှုရာဂအားကြီးသူအား လျောက်ပတ်၏။]*

၉။ အသုဘကမ္မဋ္ဌာန်းကို ရှုဆင်ခြင်သောယောဂီပုဂ္ဂိုလ်သည် အရပ်အားဖြင့် ပိုင်းခြားသတ်မှတ်မှုပြုပုံကိုပြဆို၍ ရှုပွားဆင်ခြင်ရန် မသင့်လျော်သောအလောင်းကောင်များကို သိသာထင်ရှားအောင် အကြောင်းပြကာဖြေဆိုပါ။(၂၀၀၂)

*[အဖြေ- အသုဘကမ္မဋ္ဌာန်းကို ရှုဆင်ခြင်သောယောဂီပုဂ္ဂိုလ်သည် အရပ်အားဖြင့် ပိုင်းခြားသတ်မှတ်မှုပြုပုံမှာ ဤအကောင်ပုပ်၌ ချက်မှအောက်သည် အောက်အရပ်၊ ချက်မှအထက်သည် အထက်အရပ်ဟု မှတ်အပ်၏။ တစ်နည်းကား မိမိသည် အသုဘ၏ဝဲယာရှေ့နောက်အရပ်၌တည်၏၊ အသုဘသည် ဤမည်သောအရပ်၌တည်၏ဟု မှတ်အပ်၏။*

*ယောကျ်ားအား မိန်းမအလောင်းကောင်သည်, မိန်းမအားယောကျ်ားအလောင်းကောင်သည် ဆန့်ကျင်ဘက်ဝိသဘာဂဖြစ်၏။ ယောကျ်ားအား မိန်းမ၏ကိုယ်ကောင်သည်၊ မိန်းမအား ယောကျ်ား၏ကိုယ်ကောင်သည် အသုဘရှုရန်မသင့်လျော်၊ ဆန့်ကျင်ဘက်ဝိသဘာဂအကောင်ပုပ်၌ အာရုံသည်မထင်၊ ကိလေသာတုန်လှုပ်ခြင်း၏အကြောင်းသာဖြစ်၏။ ထိုစကားမှန်၏၊ ဥဒ္ဓုမာတကအဖြစ်သို့ရောက်စေကာမူ မိန်းမသည်ယောကျ်ား၏စိတ်ကို ထက်ဝန်းကျင်ယူကျုံး၍တည်၏ဟု မဇ္ဈိမနိကာယ်အဋ္ဌကထာ၌ ဆိုအပ်၏။ ထို့ကြောင့် သဘောတူသဘာဂဖြစ်သောအကောင်ပုပ်၌သာ နိမိတ်ကိုယူအပ်၏။]*

၁၀။ အသုဘဆယ်ပါးလုံး၏ထင်ရှားပေါ်လွင်သော အမှတ်အသားတစ်မျိုးတည်းကို ဖော်ပြပြီးလျှင် "သေသူ, ရှင်သူ အတူတူ"ဟုဆိုထားပါလျက် လူအများစုသည် အဘာယ့်

http://www.dhammadownload.com



ကြောင့် ရှင်သူကိုယ်၌ အသုဘအမှတ်အသားမပေါ်လွင်မထင်ရှားဘဲ ဖြစ်နေရပါသနည်း။ (၂၀၀၅)

*[အဖြေ–အသုဘဆယ်ပါးလုံး၏ထင်ရှားပေါ်လွင်သော အမှတ်အသားတစ်မျိုးတည်းမှာ မစင်ကြယ်၊ အနံ့မကောင်း၊ စက်ဆုပ်ရွံရှာဖွယ်အဖြစ်ဟူသော လက္ခဏာတစ်ပါးသာ ဖြစ်ပါသည်။*

*"သေသူ၊ ရှင်သူ အတူတူ"ဟုဆိုထားပါလျက် လူအများစုသည် ရှင်သူကိုယ်၌ အသုဘအမှတ်အသား မပေါ်လွင်မထင်ရှားဘဲဖြစ်နေရခြင်းအကြောင်းမှာ ခန္ဓာကိုယ်ကို သွားတိုက်ခြင်း, မျက်နှာသစ်ခြင်း, ရေချိုးခြင်း, ခေါင်းကိုဆီလိမ်းခြင်း, ဆံပင်ဖီးခြင်းစသည်ဖြင့် သွားချေး, မျက်ချေးစသည်တို့ကိုသုတ်သင်၍ အဝတ်အထည်အမျိုးမျိုးတို့ဖြင့် ဖုံးထားသင့်သည့်ရှက်ဖွယ်ကိုယ်အင်္ဂါတို့ကို ဖုံးလွှမ်းလျက် နံ့သာလိမ်းကျံခြင်း, ပန်းပန်ခြင်း, အဆင်တန်ဆာများကို ဆင်မြန်းကာ "ငါ, ငါ့ဟာ"ဟု မှတ်ယူအပ်သောအခြေအနေသို့ရောက်အောင်ပြုလုပ်နေကြပေ၏။ ထိုသို့သည်အာဂန္တုဖြစ်သော အဆင်တန်ဆာတို့ဖုံးလွှမ်းထားသောကြောင့် ဤကိုယ်၏ဟုတ်မှန်သည့်ပင်ကိုသဘောဖြစ်သော အသုဘလက္ခဏာကို မသိနိုင်ကြရှာသော ယောကျ်ားနှင့်မိန်းမတို့သည် တစ်ဦးနှင့်တစ်ဦး အလွန်ပျော်ပိုက်စွာ ချစ်ကြိုက်ခြင်းကိုပြုကြပေ၏။ ထို့ကြောင့် ရှင်သူကိုယ်၌ အသုဘအမှတ်အသား မပေါ်လွင်မထင်ရှားခြင်းဖြစ်၏။]*

* * *

http://www.dhammadownload.com

# အခန်း(၇)
# ဆအနုဿတိနိဒ္ဒေသ
# အနုဿတိခြောက်ပါးကိုအကျယ်ပြခြင်း

## အနုဿတိ(၁၀)ပါး၏အနက်ဆုံးဖြတ်ချက်

အနုဿတိဟူသည်မှာ အဖန်တလဲလဲဖြစ်တတ်သောကြောင့် အောက်မေ့အမှတ်ရမှုသတိသည်ပင်လျှင် အနုဿတိမည်၏။ တစ်နည်းမှာ ဖြစ်စေသင့်သည့်အရာ၌သာဖြစ်သဖြင့် ယုံကြည်၍ရဟန်းပြုသော အမျိုးသားကောင်းအား သင့်လျော်လျောက်ပတ်သော "သတိ" ဖြစ်ခြင်းကြောင့် အနုဿတိမည်၏။

(၁) ဗုဒ္ဓါနုဿတိ–မြတ်စွာဘုရား၏ဂုဏ်တော်ကိုစွဲလမ်းစွာအာရုံပြု၍ဖြစ်သော အဖန်တလဲလဲအောက်မေ့ခြင်းသတိသည်"ဗုဒ္ဓါနုဿတိ"မည်၏။ ဤဗုဒ္ဓါနုဿတိဟူသော အမည်သည် ဘုရားဂုဏ်လျှင်အာရုံရှိသောသတိ၏အမည်ဖြစ်၏။

(၂) ဓမ္မာနုဿတိ–တရားတော်၏ဂုဏ်ကိုအာရုံပြု၍ဖြစ်သော အဖန်တလဲလဲ အောက်မေ့ခြင်းသတိသည် "ဓမ္မာနုဿတိ" မည်၏။ ဤဓမ္မာနုဿတိဟူသော အမည်သည် သွာက္ခာတ စသောတရားဂုဏ်တော်လျှင် အာရုံရှိသောသတိ၏အမည်ဖြစ်၏။

(၃) သံဃာနုဿတိ–သံဃာတော်ဂုဏ်ကိုအာရုံပြု၍ဖြစ်သော အဖန်တလဲလဲအောက်မေ့ခြင်းသတိသည်"သံဃာနုဿတိ"မည်၏။ ဤသံဃာနုဿတိဟူသော အမည်သည် သုပ္ပဋိပန္နတာစသည့်သံဃာဂုဏ်တော်လျှင် အာရုံရှိသောသတိ၏အမည်ဖြစ်၏။

(၄) သီလာနုဿတိ–မိမိ၏သီလဂုဏ်ကိုအာရုံပြု၍ဖြစ်သော အဖန်တလဲလဲအောက်မေ့ခြင်းသတိသည်"သီလာနုဿတိ"မည်၏။ ဤသီလာနုဿတိဟူသောအမည်သည် မကျိုးမပေါက်ခြင်းစသော မိမိ၏သီလကျေးဇူးဂုဏ်လျှင်အာရုံရှိသော သတိ၏အမည်ဖြစ်၏။

(၅) စာဂါနုဿတိ–မိမိ၏စွန့်ကြဲပေးလှူခြင်းကိုအာရုံပြု၍ဖြစ်သောအဖန်တလဲလဲအောက်မေ့ခြင်းသတိသည် "စာဂါနုဿတိ" မည်၏။ ဤစာဂါနုဿတိဟူသောအမည်သည် လွတ်လွတ်စွန့်ကြဲခြင်းစသော မိမိ၏စွန့်ကြဲလှူဒါန်းခြင်းဂုဏ်လျှင် အာရုံရှိသောသတိ၏အမည်ပေတည်း။

http://www.dhammadownload.com



(၆) ဒေဝတာနုဿတိ–နတ်တို့ကိုသက်သေအဖြစ် အာရုံပြု၍ဖြစ်သော အဖန်တလဲလဲ အောက်မေ့ခြင်းသတိသည်"ဒေဝတာနုဿတိ"မည်၏။ ဤဒေဝတာနုဿတိဟူသော အမည်သည် နတ်တို့ကိုသက်သေအရာ၌ထား၍ မိမိ၏သဒ္ဓါစသောဂုဏ်ကို အာရုံပြုသောသတိ၏အမည်ပေတည်း။

(၇) မရဏာနုဿတိ–မိမိ၏သေခြင်းကိုအာရုံပြု၍ဖြစ်သော အဖန်တလဲလဲအောက်မေ့ခြင်း သတိသည်"မရဏာနုဿတိ"မည်၏။ ဤမရဏာနုဿတိဟူသောအမည်သည်အသက် ဇီဝိတိန္ဒြေ၏ပြတ်စဲခြင်းလျှင်အာရုံရှိသော သတိ၏အမည်ပေတည်း။

(၈) ကာယဂတာသတိ–ဆံပင်စသည့်အစိတ်အပိုင်း(၃၂)ပါးအပြားရှိသော မိမိ၏ကိုယ် ကာယကို အာရုံပြု၍ဖြစ်သောသတိသည်"ကာယဂတာသတိ"မည်၏။ ဤကာယဂတာ သတိဟူသောအမည်သည် ဆံပင်စသောမိမိ၏ကိုယ်အစု၌ စက်ဆုပ်ရွံရှာ ဖွယ်ဟူသည့် နိမိတ်လျှင်အာရုံရှိသော သတိ၏အမည်ပေတည်း။

(၉) အာနာပါနဿတိ–မိမိ၏ထွက်သက်ဝင်သက်တို့ကို အာရုံပြု၍ဖြစ်သောသတိသည် "အာနာပါနဿတိ"မည်၏။ ဤအာနာပါနဿတိဟူသောအမည်သည် ထွက်သက် ဝင်သက်နိမိတ်လျှင်အာရုံရှိသော သတိ၏အမည်ပေတည်း။

(၁၀) ဥပသမာနုဿတိ–သင်္ခါရတရားတို့၏ငြိမ်းရာဖြစ်သောနိဗ္ဗာန်ကို အာရုံပြု၍ဖြစ် သော အဖန်တလဲလဲအောက်မေ့ခြင်းသတိသည် "ဥပသမာနုဿတိ"မည်၏။ ဤ ဥပသမာနုဿတိဟူသောအမည်သည် အလုံးစုံသောဒုက္ခတို့၏ ငြိမ်းရာနိဗ္ဗာန်လျှင် အာရုံရှိသောသတိ၏အမည်ပေတည်း။

မှတ်ချက်–"ကာယဂတာသတိ"နှင့်"အာနာပါနဿတိ"တို့၌ "အနု"သဒ္ဒါမပါခြင်းအကြောင်း မှာ (၁)မူလအာရုံကိုသာအဖန်တလဲလဲစွဲလန်းခါမျှနှင့် အထမြောက်သည်မဟုတ် (၂)မူလ နိမိတ်ကိုပြောင်းလဲ၍ ဆင့်ကဲဆင့်ကဲပြုမှုကိစ္စပြီးသောကြောင့်"အနု"သဒ္ဒါ မပါခြင်းဖြစ်သည်။

## ဗုဒ္ဓါနုဿတိရှုပွားပုံကိုပြခြင်း

မြတ်စွာဘုရား၏ဂုဏ်တော်တို့ကို ဉာဏ်ဖြင့်သိ၍ မတုန်မလှုပ်သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့်ပြည့်စုံသည့်ယောဂီပုဂ္ဂိုလ်သည်သင့်တင့်လျောက်ပတ်သောကျောင်း၌ဆိတ်ငြိမ် ရာအရပ်သို့ကပ်၍ ကမ္မဋ္ဌာန်းအာရုံကိုသာ ကောင်းစွာစွဲမြဲကပ်တည်သောစိတ်ရှိသည်ဖြစ်၍–

*"ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ"*ဟူ၍–

ဤပါဠိ၌လာသောနည်းဖြင့် ဘုန်းတော်ကြီးသည့်မြတ်စွာဘုရား၏ဂုဏ်တော်တို့ကို အဖန်တလဲလဲအောက်မေ့အပ်၏။

http://www.dhammadownload.com



၁ အရဟံဂုဏ်တော်အဖွင့်

(၁) ခပ်သိမ်းသောကိလေသာတို့နှင့်မကပ်ငြိဘဲ ကိလေသာတို့မှဝေးကွာတော်မူခြင်း၊

(၂) ကိလေသာရန်သူတို့ကို အရိယာမဂ်ဖြင့်ပယ်သတ်ပြီးဖြစ်ခြင်း၊

(၃)သံသရာစက်ဘီး၏ထောက်အကန့်တို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် ချိုးဖဲ့ဖျက်ဆီးတော်မူအပ်ခြင်း၊

(၄) မြတ်သောအလှူကို ခံယူတော်မူထိုက်ခြင်း၊ သကၠာ်နှ်း၊ ဆွမ်းစသည့်ပစ္စည်းလေးပါးကို ခံယူတော်မူထိုက်ခြင်း၊ တန်ခိုးကြီးသည့်လူ၊ နတ်၊ ပြဟ္မာတို့၏ပူဇော်အထူးကို ခံယူတော်မူထိုက်ခြင်း၊

(၅) ဆိတ်ကွယ်ရာ၌ မကောင်းမှုကိုမပြုခြင်း၊ မကောင်းမှုကိုပြုရန် ဆိတ်ကွယ်ရာမရှိခြင်း၊ အထက်ပါအကြောင်းငါးပါးနှင့်ပြည့်စုံတော်မူခြင်းကြောင့် ထိုမြတ်စွာဘုရားသည် လောက၌"အရဟ"ဟူ၍ ထင်ရှားကျော်ကြားတော်မူ၏၊ ထိုမြတ်စွာဘုရားကို "အရဟံ" ဟူ၍ ခေါ်ဆိုအပ်ပေ၏။

ထင်ရှားစွာပြဦးအံ့။ (၁)မြတ်စွာဘုရားသည် ဝါသနာနှင့်တကွကိလေသာတို့ကို မဂ်ဖြင့် ဖျက်ဆီးတတ်ခြင်းကြောင့် ကိလေသာတို့မှအလွန်ဝေးကွာတော်မူ၏၊ ကိလေသာတို့နှင့်လူး လည်းလိမ်းကျံခြင်းမရှိ၊ ကိလေသာတို့နှင့်အတူတကွဖြစ်လေ့မရှိ၊ ဤအကြောင်းတို့ကြောင့် "အရဟ"မည်တော်မူ၏။

(၂) မြတ်စွာဘုရားသည် ရာဂအစရှိသည့်အလုံးစုံသောရန်သူတို့ကို အရဟတ္တမဂ်ဉာဏ် သန်လျက်ဖြင့် ပယ်ဖြတ်ခုတ်ထွင်သုတ်သင်တော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားကို "အရဟ" ဟူ၍သိအပ်၏။

(၃) ထို့အပြင် အဝိဇ္ဇာ၊ ဘဝတဏှာဖြင့်ပြီးသောပုံတောင်း၊ ပုညာဘိသင်္ခါရစသည့် အဘိသင်္ခါရဟူသောထောက်အကန့်၊ ဇရာ၊ မရဏဟူသောအကွပ်တို့ရှိလျက် အဝိဇ္ဇာသဝ ဟူသည့်ဝင်ရိုးဖြင့်လျှိုထိုး၍ ဘဝသုံးပါးဟူသောယာဉ်ရထား၌တပ်ဆင်ထားအပ်သော အစ မရှိသည့်ကာလပတ်လုံး တဟုန်းဟုန်းလည်နေသောအကြင်သံသရာဟူသည့် ရထားစက်ဘီး သည်ရှိ၏။ ထိုရထားစက်ဘီးကို မြတ်စွာဘုရားသည် ဗောဓိမဏ္ဍိုင်ဝယ် ဝီရိယဟူသည့်ခြေ တော်တို့ဖြင့် သီလဟူသောမြေပြင်၌ရပ်တည်တော်မူပြီးလျှင် သဒ္ဓါဟူသည့်လက်ဖြင့် ကသိုလ် ကံ၊ အကုသိုလ်ကံတို့ကို ကုန်အောင်ပြုတတ်သောအရဟတ္တမဂ်ဉာဏ်ဟူသည့် ပုဆိန်ကိုကိုင်စွဲ ကာ အလုံးစုံသောကိလေသာအကန့်တို့ကို ချိုးဖျက်တော်မူအပ်ပြီ။ ထို့ကြောင့် မြတ်စွာဘုရား သည်"အရဟ"မည်တော်မူ၏။

တစ်နည်းသော်ကား အစကိုမသိနိုင်သောသံသရာဝဋ္ဋစက်ဝိုင်းကို သံသရာစက်ဟု ခေါ် ၏။ ထိုသံသရာစက်၏အင်္ဂါ(၁၂)ပါးမှာ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏတို့တည်း။ ထိုတွင် အဝိဇ္ဇာသည်

http://www.dhammadownload.com



ထိုသံသရာစက်ဝန်း၏အရင်းမူလဖြစ်သောကြောင့် ပုံတောင်းမည်၏။ ဇရာ, မရဏသည် တစ်ဘဝမှာအဆုံးဖြစ်သောကြောင့် အကွပ်မည်၏၊ ကြွင်းသောတရားဆယ်ပါးတို့သည်၊ ထောက်အကန့်တို့မည်ကုန်၏။

ပဋိစ္စသမုပ္ပါဒ်သံသရာစက်၏အလွှာ(၄)ပါး၊ အစွန်း(၃)ပါး၊ အင်္ဂါ(၁၂)တန်

| အလွှာ၄ပါး | အစွန်း၃ပါး | အင်္ဂါ၁၂တန် |
|---|---|---|
| အတိတ်အကြောင်းတစ်လွှာ | အတိတ်အစွန်း | အဝိဇ္ဇာ၊သင်္ခါရ |
| ပစ္စုပ္ပန်အကျိုးတစ်လွှာ | ပစ္စုပ္ပန်အစွန်း | ဝိညာဉ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ |
| ပစ္စုပ္ပန်အကြောင်းတစ်လွှာ | | တဏှာ၊ဥပါဒါန်၊ဘဝ |
| အနာဂတ်အကျိုးတစ်လွှာ | အနာဂတ်အစွန်း | ဇာတိ၊ဇရာ, မရဏ |

အလွှာ(၄)ပါး — အခြင်းအရာ(၂၀)

(၁)အတိတ်ကမ္မဝဋ္ဋ(၅)ပါး — အဝိဇ္ဇာ၊သင်္ခါရ၊တဏှာ၊ဥပါဒါန်၊ကမ္မဘဝ

(၂)ပစ္စုပ္ပန်ဝိပါကဝဋ္ဋ(၅)ပါး — ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ

(၃)ပစ္စုပ္ပန်ကမ္မဝဋ္ဋ(၅)ပါး — တဏှာ၊ဥပါဒါန်၊ကမ္မဘဝ၊အဝိဇ္ဇာ၊သင်္ခါရ

(၄)အနာဂတ်ဝိပါကဝဋ္ဋ(၅)ပါး — ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ

အစပ်(၃)ပါး

(၁)သင်္ခါရနှင့်ဝိညာဏ်တို့၏ကြားအစပ်တစ်ခု၊

(၂)ဝေဒနာနှင့်တဏှာတို့၏ကြားအစပ်တစ်ခု၊

(၃)ဘဝနှင့်ဇာတိတို့အကြားရှိအစပ်တစ်ခု၊

မြတ်စွာဘုရားသည် အလွှာလေးခု, အစွန်းသုံးဖြာ, အခြင်းအရာနှစ်ဆယ်, သုံးသွယ်သော အစပ်ရှိသော ပဋိစ္စသမုပ္ပါဒ်ဒေသနာအစဉ်ကို ခပ်သိမ်းသောအခြင်းအရာအားဖြင့် သိတော်မူ၏၊ မြင်တော်မူ၏၊ လွန်စွာသိတော်မူ၏၊ ထိုးထွင်း၍သိတော်မူ၏၊ ထိုသို့သိတော်မူခြင်းသည် ဉာဏအနက်ကြောင့် ဉာဏ်မည်၏၊ ပဇာနနအနက်ကြောင့် ပညာမည်၏၊ အကြောင်းကို သိမ်းဆည်းခြင်း၌ အပြားအားဖြင့် သိတတ်သောပညာကို ဓမ္မဋ္ဌိတိဉာဏ်ဟုခေါ်၏။

ဥပမာ အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရဟူသောအကျိုးဖြစ်၏၊ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်ဟူသောအကျိုးဖြစ်၏၊ ဤသို့စသည်ဖြင့် အကြောင်း–ပစ္စည်း တရားနှင့် အကျိုး–ပစ္စယုပ္ပန်တရားတို့ကို သိသောဉာဏ်သည် ဓမ္မဋ္ဌိတိဉာဏ်မည်၏။

ဤဓမ္မဋ္ဌိတိဉာဏ်ဖြင့် ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ထိုပဋိစ္စသမုပ္ပါဒ်တရား တို့ကို ဟုတ်မှန်သည့်အတိုင်းသိတော်မူ၍ ထိုပဋိစ္စသမုပ္ပါဒ်တရားတို့၌ ငြီးငွေ့တော်မူရကား တပ်ခြင်းကင်းတော်မူရကား ဆိုခဲ့ပြီးသော သံသရာစက်၏အကန့်တို့ကို အရဟတ္တမဂ်ဉာဏ်

http://www.dhammadownload.com



ဖြင့် ချိုးဖျက်တော်မူအပ်ပြီ။ ဤသို့ သံသရာစက်၏အကန့်တို့ကို ချိုးဖျက်တော်မူပြီးသည့် အဖြစ်ကြောင့် မြတ်စွာဘုရားသည် "အရဟ"မည်တော်မူ၏။

(၄) ထို့အပြင် မြတ်သောအလှူကိုခံယူတော်မူထိုက်ခြင်း၊ သင်္ကန်း, ဆွမ်းစသည့်ပစ္စည်းလေးပါးကို ခံယူတော်မူထိုက်ခြင်း၊ တန်ခိုးကြီးသောလူနတ်ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်ခြင်းတို့ကြောင့် "အရဟ"မည်တော်မူ၏။

သို့အတွက် မြတ်စွာဘုရားပွင့်ထွန်းလာသည့်အခါ တန်ခိုးကြီးမားသော လူ, နတ်, ဗြဟ္မာတို့သည် ဘုရားမှတစ်ပါး အခြားသူတို့ကို မပူဇော်ကြတော့ချေ။ သဟမ္ပတိဗြဟ္မာမင်းကြီးသည် မြင့်မိုရ်တောင်လုံးမျှကြီးကျယ်သော ရတနာပန်းကုံးကြီးဖြင့် မြတ်စွာဘုရားကိုပူဇော်၏၊ ဗိမ္ဗိသာရမင်း, ကောသလမင်း စသောဘုရင်မင်းမြတ်တို့သည် မိမိတို့အစွမ်းရှိသမျှမြတ်စွာဘုရားကို ပူဇော်ကြ၏။ အသောကမင်းကြီးသည် ပရိနိဗ္ဗာန်စံတော်မူပြီးသော မြတ်စွာဘုရားကိုရည်မှန်း၍ ၉၆-ကုဋေသောဥစ္စာတို့ကို စွန့်လှူပြီးလျှင် ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ၈၄၀၀၀ သောကျောင်းတို့ကို တည်ဆောက်စေ၏။

ဤသို့သင်္ကန်းစသောပစ္စည်းလေးပါးကိုလည်းကောင်း၊ ပူဇော်အထူးကိုလည်းကောင်း၊ ခံယူတော်မူထိုက်သောအကြောင်းကြောင့်လည်း မြတ်စွာဘုရားသည် "အရဟ"မည်တော်မူ၏။

(၅) ထို့အပြင် လောက၌ပညာရှိမဟုတ်ပါဘဲ "ငါ-ပညာရှိ"ဟုဟန်ဆောင်ကာကြွားပနေကြသော လူဗာလ-လူမိုက်တို့သည် ကျော်စောခြင်းကင်းမဲ့မည်ကို စိုးရွံ့သောကြောင့် ဆိတ်ကွယ်ရာတွင် မကောင်းမှုကိုပြုတတ်ကြကုန်၏။ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားအား တစ်ရံတစ်ဆစ်မျှ မကောင်းမှုကိုပြုတော်မမူ။ ဤသို့မကောင်းမှုကိုပြုခြင်း၌ဆိတ်ကွယ်ရာအရပ်မရှိသည့်အဖြစ်ကြောင့်လည်း "အရဟ"မည်တော်မူပေ၏။

ဤဆိုခဲ့သည့်အတိုင်း (၁)ကိလေသာအလုံးစုံမှ ဝေးကွာတော်မူခြင်းကြောင့်လည်းကောင်း၊ (၂)ကိလေသာရန်သူတို့ကို ပယ်သတ်တော်မူပြီးဖြစ်သောကြောင့်လည်းကောင်း၊ (၃)သံသရာစက်၏အကန့်တို့ကို ချိုးဖျက်တော်မူပြီးဖြစ်သောကြောင့်လည်းကောင်း၊ (၄) ပစ္စည်းလေးဖြာပူဇော်သကာကိုလည်း ခံယူတော်မူထိုက်ခြင်းကြောင့်လည်းကောင်း၊ (၅) ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုကိုပြုတော်မမူတတ်ခြင်းကြောင့်လည်းကောင်း၊ တစ်လောကလုံး၏ ကိုးကွယ်ရာအစစ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို "အရဟ"မည်၏ ဟုဆိုအပ်၏၊ တစ်နည်း-"အရဟံ"ဟူ၍ခေါ်ဆိုအပ်ပေ၏။

၂ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်အဖွင့်

မြတ်စွာဘုရားသည် အလုံးစုံသောတရားတို့ကို မဖောက်မပြန်ဟုတ်တိုင်းမှန်စွာ ကိုယ်တော်တိုင်သိတော်မူခြင်းကြောင့် "သမ္မာသမ္ဗုဒ္ဓ"မည်တော်မူ၏။

ချဲ့ဦးအံ့၊ မြတ်စွာဘုရားသည် အလုံးစုံသောတရားတို့ကို မှန်စွာသိ၏၊ ကိုယ်တိုင်လည်း

http://www.dhammadownload.com



သိတော်မူ၏၊ ထူးသောဉာဏ်ဖြင့်သိအပ်သော သစ္စာလေးပါးတရားတို့ကို ထူးသောဉာဏ်ဖြင့်သိတော်မူ၏၊ ပိုင်းခြား၍သိအပ်သော ဒုက္ခသစ္စာတရားတို့ကို ပိုင်းခြား၍သိအပ်သော ဉာဏ်ဖြင့် သိတော်မူ၏၊ ပယ်အပ်သော သမုဒယသစ္စာတရားတို့ကို ပယ်အပ်၏ဟုသိသော ဉာဏ်ဖြင့် သိတော်မူ၏၊ မျက်မှောက်ပြုအပ်သော နိရောဓသစ္စာတရားကို မျက်မှောက်ပြုအပ်၏ဟုသိသောဉာဏ်ဖြင့် သိတော်မူ၏၊ ပွားအပ်သောမဂ္ဂသစ္စာတရားတို့ကို ပွားအပ်၏ဟုသိသောဉာဏ်ဖြင့်သိတော်မူ၏။

သို့အတွက် သေလသုတ်၌ဟောတော်မူသည်ကား "အို–ပုဏ္ဏား၊ ငါဘုရားသည်ထူးသောဉာဏ်ဖြင့် သိအပ်သောတရားကို ထူးသောဉာဏ်ဖြင့်သိပြီးပြီ၊ ပွားအပ်သောတရားကိုလည်းပွားအပ်ပြီးပြီ၊ ပယ်အပ်သောတရားကိုလည်း ပယ်အပ်ပြီးပြီ၊ ထို့ကြောင့်ငါသည် "ဗုဒ္ဓ" ဘုရားစင်စစ်ဖြစ်လေပြီ။"

အထူးကား စက္ခုပသာဒသည် ဒုက္ခသစ္စာတည်း၊ ထိုစက္ခုပသာဒကို အကြောင်းရင်းအဖြစ်ဖြင့် ဖြစ်စေတတ်သော ရှေးဘဝတဏှာသည် သမုဒယသစ္စာတည်း၊ ထိုသစ္စာနှစ်ပါးတို့၏ မဖြစ်ခြင်းသည် နိရောဓသစ္စာတည်း၊ ထိုနိရောဓသစ္စာကို ထိုးထွင်း၍သိကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးအကျင့်သည် မဂ္ဂသစ္စာတည်း။ ဤသို့စက္ခုပသာဒစသော တစ်ခုတစ်ခုသော တရားကို ထုတ်သဖြင့်လည်း အလုံးစုံသောတရားကို မဖောက်မပြန် ကိုယ်တော်တိုင်သိတော်မူ၏။ သောတ, ဃာန, ဇိဝှာ, ကာယ, မနတို့၌လည်း ဤနည်းအတိုင်းသိတော်မူ၏။

ထိုနည်းဖြင့်ပင်လျှင် ရူပါရုံစသော အာယတန ၆ ပါး၊ စက္ခုဝိညာဏ်စသောဝိညာဏ် ၆ ပါး၊ စက္ခုသမ္ဖဿစသော ဖဿ ၆ ပါး၊ ရူပသညာစသည့် သညာ ၆ ပါး၊ ရူပသဉ္စေတနာ စသည့် စေတနာ ၆ ပါး၊ ရူပတဏှာစသော တဏှာ ၆ ပါး၊ ရူပဝိတက်စသောဝိတက် ၆ ပါး၊ ရူပဝိစာရ ၆ ပါး၊ ရူပက္ခန္ဓာစသော ခန္ဓာ ၅ ပါး၊ ကသိဏ်း ၁၀ ပါး၊ အနုဿတိ ၁၀ ပါး၊ ဥဒ္ဓုမာတကသညာစသော သညာ ၁၀ ပါး၊ ဆံပင်စသော ကောဋ္ဌာသ ၃၂ ပါး၊ အာယတန ၁၂ ပါး၊ ဓာတ် ၁၈ ပါး၊ ကာမဘဝစသည့် ဘဝ ၉ ပါး၊ ပဌမဈာန်စသော ဈာန် ၄ ပါး၊ မေတ္တာဘာဝနာ စသည့် အပ္ပမညာ ၄ ပါး၊ အရူပသမာပတ် ၄ ပါး၊ ပဋိလောမအားဖြင့် ဇရာ, မရဏစသည့် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါး၊ အနုလောမအားဖြင့် အဝိဇ္ဇာစသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါး တို့ကို ယှဉ်စေအပ်ကုန်၏။

ယှဉ်စေအပ်ပုံကား ပဋိစ္စသမုပ္ပါဒ်၏တစ်ခုဖြစ်သော ပုဒ်၏ယှဉ်စေပုံကို ပြပါအံ့။ ဇရာ, မရဏသည် ဒုက္ခသစ္စာမည်၏၊ ဇာတိသည် သမုဒယသစ္စာမည်၏၊ ထိုနှစ်ပါးတို့မှထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ ထိုနိရောဓသစ္စာဟူသော နိဗ္ဗာန်ကို ထိုးထွင်း၍သိကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးအကျင့်သည် မဂ္ဂသစ္စာမည်၏။ ဤသို့ တစ်ခုတစ်ခုသောတရားကို ထုတ်သောအားဖြင့် အလုံးစုံသောတရားတို့ကို မဖောက်မပြန်ဟုတ်တိုင်းမှန်စွာ ကိုယ်တော်တိုင်သိတော်မူ၏၊ ထို့ကြောင့် "သမ္မာသမ္ဗုဒ္ဓ" မည်တော်မူ၏။

http://www.dhammadownload.com



၃ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်အဖွင့်

ဝိဇ္ဇာမည်သော ဉာဏ်ထူးတို့နှင့်လည်းကောင်း၊ စရဏမည်သော အခြေခံအကျင့်တို့နှင့်လည်းကောင်း၊ ပြည့်စုံတော်မူသောကြောင့် မြတ်စွာဘုရားသည် "ဝိဇ္ဇာစရဏသမ္ပန္န" မည်တော်မူ၏။

"ဝိဇ္ဇာ" ဆိုသည်ကား ဘယဘေရဝသုတ်တွင် ဝိဇ္ဇာသုံးပါး၊ အမ္ဗဋ္ဌသုတ်တွင် ဝိဇ္ဇာရှစ်ပါးဟူ၍ ဟောတော်မူ၏။

ဝိဇ္ဇာသုံးပါးကား

(၁) *ပုဗ္ဗေနိဝါသဉာဏ်* – ရှေးဘဝဟောင်းများကို ပြန်လည်အောက်မေ့နိုင်၊ သိနိုင်သောဉာဏ်၊

(၂) *ဒိဗ္ဗစက္ခုဉာဏ်* – အဆင်းရူပါရုံဟူသမျှကိုမြင်နိုင်သိနိုင်သည့်အပြင် သေဆဲသတ္တဝါနှင့်သေပြီးနောက် ကံအားလျော်စွာ ဘဝသစ်ဖြစ်ပုံကိုပါ မြင်သိနိုင်သောဉာဏ်၊

(၃) *အာသဝက္ခယဉာဏ်* – အာသဝေါတရားနှင့် ကိလေသာတို့ကို ကုန်စေနိုင်သော အရဟတ္တမဂ်ဉာဏ်။

ဝိဇ္ဇာရှစ်ပါးကား

(၁) *ဒိဗ္ဗစက္ခုဉာဏ်* – အဆင်းရူပါရုံဟူသမျှကို မြင်နိုင်သောဉာဏ်၊

(၂) *ဒိဗ္ဗသောတဉာဏ်* – အသံဟူသမျှကို ကြားနိုင်သောဉာဏ်၊

(၃) *ဣဒ္ဓိဝိဓဉာဏ်* – အထူးထူးအထွေထွေအမျိုးမျိုးသောတန်ခိုးတို့ကို ဖန်ဆင်းနိုင်သောဉာဏ်၊

(၄) *စေတောပရိယဉာဏ်* – သူတစ်ပါးတို့၏စိတ်အကြံကို သိနိုင်သောဉာဏ်၊

(၅) *ပုဗ္ဗေနိဝါသာနုဿတိဉာဏ်* – ပုဗ္ဗေနိဝါသဉာဏ်

(၆) *ဝိပဿနာဉာဏ်* – ပရမတ်ရုပ်နာမ်တရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တစသော သဘောတို့ကိုသိသောဉာဏ်၊

(၇) *မနောမယိဒ္ဓိဉာဏ်* – မိမိကိုယ်နှင့် တစ်ထပ်တည်းပုံတူဖြစ်အောင် ဖန်ဆင်းနိုင်သောဉာဏ်

(၈) *အာသဝက္ခယဉာဏ်* – အရဟတ္တမဂ်ဉာဏ်။

[ဝိဇ္ဇာရှစ်ပါးသည် ဝိပဿနာဉာဏ်၊ မနောမယိဒ္ဓိဉာဏ်တို့နှင့်တကွ အဘိညာဉ် ၆ ပါးဖြစ်သည်၊ အာသဝက္ခယဉာဏ်မှာ လောကုတ္တရာဉာဏ်ဖြစ်ပြီး ကျန်ဉာဏ် ၇ ပါးမှာ လောကီဉာဏ်များဖြစ်ကြသည်။]

စရဏ ၁၅ ပါးကား

(၁) *သီလသံဝရ* – စတုပါရိသုဒ္ဓိသီလကိုစောင့်ရှောက်ခြင်း၊ (ပါတိမောက္ခသံဝရသီလ ဟုလည်းခေါ်၏၊)

(၂) *ဣန္ဒြိယေသုဂုတ္တဒွါရတာ* – စက္ခုစသော ဣန္ဒြေတို့ကို လုံခြုံစွာစောင့်ရှောက်ခြင်း၊ (ဣန္ဒြိယသံဝရသီလဟုလည်းခေါ်၏၊)

http://www.dhammadownload.com



(၃) *ဘောဇနေမတ္တညုတာ* – အစာဘောဇဉ်၏ အတိုင်းအရှည်ကိုသိခြင်း၊
(၄) *ဇာဂရိယာနုယောဂ* – နိုးကြားမှုနှင့်ယှဉ်ခြင်း၊
(၅) *သဒ္ဓါ* – ဘုရား, တရား, သံဃာ, ကံ, ကံ၏အကျိုးတို့ကို ယုံကြည်ခြင်း၊
(၆) *သတိ* – ကုသိုလ်အာရုံ၌ အောက်မေ့အမှတ်ရစေခြင်းသဘော၊
(၇) *ဟိရီ* – မကောင်းမှုပြုရန်ရှက်ခြင်းသဘော၊
(၈) *ဩတ္တပ္ပ* – မကောင်းမှုပြုရန်ကြောက်လန့်ခြင်းသဘော၊
(၉) *ဗာဟုသစ္စ* – ကျမ်းဂန်ဗဟုသုတအကြားအမြင်များခြင်း၊
(၁၀) *ဝီရိယ* – ကုသိုလ်ကောင်းမှု၌ကြိုးစားအားထုတ်ခြင်းသဘော၊
(၁၁) *ပညာ* – အာရုံ၏အမှန်သဘောကို ထိုးထွင်း၍သိခြင်း၊
(၁၂) *ရူပါဝစရ* – ပထမဈာန်၊
(၁၃) *ရူပါဝစရ* – ဒုတိယဈာန်၊
(၁၄) *ရူပါဝစရ* – တတိယဈာန်၊
(၁၅) *ရူပါဝစရ* – စတုတ္ထဈာန်၊

မှတ်ရန် ။ ။ *သီ, ဣန်, ဘော, ဇာ၊ သာ, သ, ဗာ၊ ဝီ, ညာ, ဟိနှင့်ဩ။*
*ရူပါဝါစရ၊ စတုက္က၊ ဈာန်မှလေးခုရော။*
*စရဏအပြား၊ တစ်ဆယ့်ငါး၊ မှတ်သားအစဉ်ပြော။*

[သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, ပညာတို့သည် သူတော်ကောင်းတရား ၇ ပါးဖြစ်၏]

ဤစရဏတရား ၁၅ ပါးတို့ဖြင့် ဘုရားစသည့် သူတော်ကောင်းတို့၏တပည့်များသည် သေခြင်းကင်းရာနိဗ္ဗာန်သို့သွားတတ်ကြ၏၊ ထိုသို့နိဗ္ဗာန်သို့သွားကြောင်းဖြစ်သောကြောင့် ဤတရား ၁၅ ပါးကို စရဏဟုဆိုအပ်၏။

မြတ်စွာဘုရားသည် ဝိဇ္ဇာတို့နှင့်လည်းကောင်း၊ စရဏတို့နှင့်လည်းကောင်း ပြည့်စုံ၏။ ထိုနှစ်ပါးတို့တွင် ဝိဇ္ဇာဉာဏ်ထူးတို့နှင့်ပြည့်စုံခြင်းသည် မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကို ပြည့်စေလျက်တည်၏။ စရဏတို့နှင့်ပြည့်စုံခြင်းသည် မဟာကရုဏာတော်ကို ပြည့်စေလျက်တည်၏။

ထိုမြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် အလုံးစုံသောသတ္တဝါတို့၏ အကျိုးရှိမရှိကိုသိတော်မူပြီးလျှင် မဟာကရုဏာတော်ဖြင့် အကျိုးမဲ့ကိုကြဉ်၍ အကျိုးရှိသည်တို့ကို ယှဉ်စေတော်မူ၏။ ဝိဇ္ဇာစရဏတို့နှင့်ပြည့်စုံကြသော ရှေးဘုရားတို့သည် ယှဉ်စေဘိသကဲ့သို့ ငါတို့မြတ်စွာဘုရားသည်လည်း ယှဉ်စေတော်မူ၏။

သို့အတွက် ထိုမြတ်စွာဘုရား၏တပည့် သာဝကတို့သည် ကောင်းမြတ်သောအကျင့်ရှိကြကုန်၏၊ ဝိဇ္ဇာစရဏကင်းကြကုန်သော တိတ္ထိဆရာတို့၏တပည့်ဖြစ်ကြသည့်သူတို့၌ အတ္တန္တပစသောမကောင်းသောအကျင့်ရှိသကဲ့သို့ မကောင်းသည့်အကျင့်များမရှိကြချေ။

http://www.dhammadownload.com



၄. သုဂတဂုဏ်တော်အဖွင့်

တင့်တယ်သောသွားခြင်းရှိသောကြောင့်လည်းကောင်း၊ ကောင်းမြတ်သောနိဗ္ဗာန်အရပ်သို့ကြွသွားတော်မူတတ်သောကြောင့်လည်းကောင်း၊ မသွေမလွန်ကောင်းစွာသွားတတ်သောကြောင့်လည်းကောင်း၊ ကောင်းစွာမြွက်ဆိုတော်မူတတ်သောကြောင့်လည်းကောင်း၊ မြတ်စွာဘုရားသည် "သုဂတ" မည်တော်မူ၏။

(၁) မြတ်စွာဘုရား၏သွားခြင်းသည် တင့်တယ်၏၊ စင်ကြယ်၏၊ အပြစ်ကင်း၏၊ ထိုသွားခြင်း(ဂတ)ဟူသည်အဘယ်နည်း၊ အရိယာမဂ်ပေတည်း။ အဘယ့်ကြောင့်ဆိုသော် ထိုမြတ်စွာဘုရားသည် ထိုအရိယမဂ်တည်းဟူသော သွားခြင်းဖြင့် ဘေးမရှိရာနိဗ္ဗာန်သို့ အဆီးအတားဘေးရန်အနှောင့်အယှက်မရှိဘဲ ကြွသွားတော်မူ၏။ ဤသို့တင့်တယ်သော သွားခြင်းရှိသောကြောင့် မြတ်စွာဘုရားသည် "သုဂတ" မည်တော်မူ၏။

(၂) ထိုမြတ်စွာဘုရားသည် စင်စစ်ကောင်းမွန်သော သေခြင်းကင်းရာနိဗ္ဗာန်ဟူသော အောင်မြေအရပ်သို့ ကြွသွားတော်မူ၏။ ဤသို့စင်စစ်ကောင်းမွန်သော နိဗ္ဗာန်အောင်မြေအရပ်သို့ ကြွသွားတော်မူတတ်သောကြောင့် "သုဂတ" မည်တော်မူ၏။

(၃) ထို့အပြင် ထိုထိုမဂ်ဖြင့် ပယ်အပ်ပြီးသော ကိလေသာများကို တစ်ဖန်ပြန်မဖြစ်စေမူ၍ ကြွသွားတော်မူတတ်၏၊ သောတာပတ္တိမဂ်ဖြင့် ပယ်ပြီးသောကိလေသာတို့ကို တစ်ဖန်ပြန်၍မဖြစ်စေ၊ မလာစေပါ၊---(လ)---အရဟတ္တမဂ်ဖြင့် ပယ်ပြီးသောကိလေသာတို့ကိုလည်း တစ်ဖန်ပြန်၍မဖြစ်စေ၊ မလာစေပါ၊ ထို့ကြောင့် "သုဂတ" မည်တော်မူ၏။

(၄) တစ်နည်းကား မြတ်စွာဘုရားသည် ကောင်းမြတ်သောအကျင့်ပဋိပတ်ဖြင့် သွားတော်မူတတ်၏။ ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေရင်းတော်မှစ၍ ဗောဓိမဏ္ဍိုင်တိုင်အောင် အမျှသုံးဆယ်သောပါရမီတို့ကို ဖြည့်ကျင့်တော်မူခြင်းဟူသော သမ္မာပဋိပတ်ခေါ် ကောင်းမြတ်သည့်အကျင့်ပဋိပတ်ဖြင့် အလုံးစုံသောသတ္တလောက၏စီးပွားချမ်းသာကို ပြုတော်မူလျက် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂဟူသော အယုတ်တရားလေးပါးတို့သို့ မလားမကပ်မူ၍ ကောင်းစွာလာတော်မူတတ်သောအကြောင်းကြောင့်လည်း "သုဂတ" မည်တော်မူ၏။

(၅) ထို့အပြင် မြတ်စွာဘုရားသည် ကောင်းစွာမြွက်ဆိုတော်မူတတ်၏၊ သင့်လျော်သောအရာ၌ သင့်လျော်သည့်စကားကိုသာလျှင် မြွက်ဆိုတော်မူတတ်၏၊ ဤသို့သင့်လျော်သောစကားကိုသာလျှင် ကောင်းစွာမြွက်ဆိုတော်မူတတ်သောကြောင့်လည်း "သုဂတ" မည်တော်မူ၏။

"စကားခြောက်ခွန်း၊ လှူ၍ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်"ဟူသော ဆိုရိုးအရ မြတ်စွာဘုရားသည် မဟုတ်မမှန်၊ အကျိုးမရှိသောစကားနှင့် ဟုတ်မှန်သော်လည်း အကျိုးမရှိသောစကားမျိုးကို သူတစ်ပါးတို့နှစ်သက်လျှင်ဖြစ်စေ မနှစ်သက်လျှင်ဖြစ်စေ မပြောဆိုပါ။

http://www.dhammadownload.com



ဟုတ်မှန်၍အကျိုးရှိသောစကားမျိုးကိုသာလျှင် သူတစ်ပါးတို့နှစ်သက်လျှင်ဖြစ်စေ မနှစ်သက်လျှင်ဖြစ်စေ ဆိုသင့်သောအခါတွင် ပြောဆိုတော်မူ၏။ ဤအကြောင်းကြောင့်လည်း "သုဂတ"မည်တော်ပါပေ၏။

မပြောဆိုသင့်သောစကားလေးမျိုးကား

(၁) မဟုတ်မမှန်၊အကျိုးမရှိ၊သူတစ်ပါးတို့မနှစ်သက်သောစကား၊

(၂) မဟုတ်မမှန်၊အကျိုးမရှိ၊သူတစ်ပါးတို့နှစ်သက်သောစကား၊

(၃) ဟုတ်မှန်၏၊အကျိုးမရှိ၊သူတစ်ပါးတို့မနှစ်သက်သောစကား၊

(၄) ဟုတ်မှန်၏၊အကျိုးမရှိ၊သူတစ်ပါးတို့နှစ်သက်သောစကား။

ပြောဆိုသင့်သောစကားနှစ်မျိုးကား

(၁) ဟုတ်မှန်၏၊အကျိုးရှိ၏၊သူတစ်ပါးတို့မနှစ်သက်သောစကား၊

(၂) ဟုတ်မှန်၏၊အကျိုးရှိ၏၊သူတစ်ပါးတို့နှစ်သက်သောစကား၊

၅ လောကဝိဒူဂုဏ်တော်အဖွင့်

(၁) မြတ်စွာဘုရားသည် လောကကိုအလုံးစုံသော အခြင်းအရာအားဖြင့် သိတော်မူ၏။ လောကကို ဒုက္ခသဘောအားဖြင့်လည်းကောင်း၊ တဏှာစသောသမုဒယသဘောအားဖြင့်လည်းကောင်း၊ ဒုက္ခ, သမုဒယတို့၏ချုပ်ခြင်း, ချုပ်ရာ နိရောဓသဘောအားဖြင့်လည်းကောင်း၊ နိရောဓသို့ရောက်ကြောင်းမဂ္ဂသဘောအားဖြင့်လည်းကောင်း၊ ဤခပ်သိမ်းသောအပြားအားဖြင့် သင်္ခါရလောကကို သိတော်မူ၏၊ ထိုးထွင်း၍သိတော်မူ၏၊ ထို့ကြောင့်"လောကဝိဒူ" မည်တော်မူ၏။

ဤအဆိုသည် မြတ်စွာဘုရားဟောကြားသော-အောက်ပါစကားနှင့်ညီ၏

"အို-ရောဟိတဿနတ်သား၊အကြင်လောက၏အဆုံး၌ ပဋိသန္ဓေနေရခြင်းမရှိ၊ အိုမင်းရခြင်းမရှိ၊ သေဆုံးရခြင်းမရှိ၊ ရွေ့လျောရခြင်းမရှိ၊ တစ်ဖန်ဖြစ်ရခြင်းမရှိ၊ ထိုလောက၏အဆုံးကိုခြေဖြင့်သွား၍ သိအပ်, မြင်အပ်, ရောက်အပ်၏ဟု ငါဘုရားဟောတော်မမူ၊ လောက၏အဆုံးသို့ မရောက်ဘဲလည်း ဒုက္ခ၏အဆုံးကို ပြုနိုင်၏ဟုလည်း ငါဘုရားသည် ဟောတော်မမူ"

"အို-ရောဟိတဿနတ်သား၊ စင်စစ်သော်ကား သညာရှိသော, စိတ်ရှိသော, တစ်လံမျှလောက်သာအတိုင်းအရှည်ရှိသော ဤကိုယ်ကောင်၌သာလျှင် လောကကိုလည်းကောင်း၊ လောက၏ဖြစ်ကြောင်းလောကသမုဒယကိုလည်းကောင်း၊ လောက၏ချုပ်ရာလောကနိရောဓကိုလည်းကောင်း၊ လောက၏ချုပ်ရာသို့ရောက်ကြောင်းမဂ္ဂအကျင့်ကိုလည်းကောင်း ငါဘုရားသည် ပညတ်တော်မူ၏။"

(သာဓကသုတ်)ခြေလျင်သွားခြင်းဖြင့် လောက၏အဆုံးသို့တစ်ရံတစ်ဆစ်မျှ မရောက်အပ်၊ လောက၏အဆုံးသို့မရောက်လျှင်လည်း ဆင်းရဲဒုက္ခမှလွတ်မြောက်ခြင်းမည်သည်

http://www.dhammadownload.com



မရှိ။ စင်စစ်သော်ကား လောကကိုသိတော်မူပြီးသော ကောင်းသည့်ပညာရှိသော လောက၏ အဆုံးသို့ရောက်တော်မူပြီးသော မြတ်သည့်အကျင့်ကို ကျင့်သုံးတော်မူပြီးသော ကိလေသာမီး အပြီးငြိမ်းအေးတော်မူပြီးသော မြတ်စွာဘုရားသည် လောက၏အဆုံးကို သိတော်မူ၏။ ထိုသို့သိတော်မူသဖြင့် ဤပစ္စုပ္ပန်လောကကိုလည်းကောင်း၊ တမလွန်လောကကိုလည်းကောင်း၊ တောင့်တတော်မမူချေ။

(၂) တစ်နည်းသော်ကား လောကသည်သင်္ခါရလောက, သတ္တလောက, ဩကာသ လောကဟူ၍ သုံးပါးရှိ၏။

### သင်္ခါရလောကကိုသိပုံ

ဤတွင် 'လောကသည်တစ်ပါး;သာတည်း'ဟုဆိုရာ၌ အလုံးစုံသောသတ္တဝါတို့သည် အာဟာရလျှင်ထောက်တည်ရာရှိကြသဖြင့် အကြောင်းအာဟာရကြောင့်တည်နေကြသော အလုံးစုံသောသတ္တဝါခေါ်သည့် သင်္ခါရတရားတို့သည် တစ်ပါးသောလောကမည်၏၊ နာမ်ရုပ်နှစ်ပါးသည် ၂ ပါးသောလောကမည်၏၊ ဝေဒနာသုံးပါးသည် ၃ ပါးသောလောက မည််၏၊ အာဟာရလေးပါးတို့သည် ၄ ပါးသောလောကမည်၏၊ ဥပါဒါနက္ခန္ဓာငါးပါးတို့ သည် ၅ပါးသောလောကမည်၏၊ အဇ္ဈတ္တိကာယတနခြောက်ပါးသည် ၆ ပါးသောလောက မည်၏၊ ဝိညာဏဋ္ဌိတိခုနစ်ပါးသည် ၇ ပါးသောလောကမည်၏၊ လောကဓံတရားရှစ်ပါး သည် ၈ ပါးသောလောကမည်၏၊သတ္တာဝါသကိုးပါးသည် ၉ ပါးသောလောကမည်၏၊ ရုပ်အာယတနဆယ်ပါးသည် ၁၀ ပါးသောလောကမည်၏၊ အာယတန ၁၂ ပါးတို့သည် ၁၂ ပါးသောလောကမည်၏၊ ဓာတ် ၁၈ ပါးတို့သည် လောက ၁၈ ပါး မည်၏။ ဤသို့လျှင် သင်္ခါရလောကကို ခပ်သိမ်းသောအခြင်းအရာအားဖြင့် မြတ်စွာဘုရားသည် သိတော်မူ၏။

### သတ္တလောကကိုသိပုံ

"လောကသည်မြဲ၏ဟူ၍လည်းကောင်း၊ လောကသည်မမြဲဟူ၍လည်းကောင်း" ဤသို့ လာသောအရာ၌သတ္တလောကကိုသိအပ်၏။ မြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့၏ အလိုအာသယကိုသိတော်မူ၏၊ အတွင်း၌ကိန်းအောင်းသောကိလေသာအနုသယကို သိတော်မူ၏၊ စရိုက်အလေ့ကိုသိတော်မူ၏၊ နှလုံးသွင်းမှုအဓိမုတ္တိကိုသိတော်မူ၏၊ ပညာ မျက်စိ၌ ကိလေသာမြူနည်းပါးသူ, ကိလေသာမြူထူထပ်သူ၊ ထက်သောဣန္ဒြေရှိသူ၊ နုံသော ဣန္ဒြေရှိသူတို့ကိုသိတော်မူ၏၊ ကောင်းသောအခြင်းအရာရှိသောသတ္တဝါ, မကောင်းသော အခြင်းအရာရှိသောသတ္တဝါ၊ တရားသိရန်လွယ်ကူသောသတ္တဝါ၊ တရားသိရန်ခက်ခဲသော သတ္တဝါ၊ ကျွတ်ထိုက်သောသတ္တဝါ၊ မကျွတ်ထိုက်သောသတ္တဝါတို့ကိုသိတော်မူ၏။ ထို့ ကြောင့် သတ္တလောကကိုလည်း အလုံးစုံသောအပြားအားဖြင့် သိတော်မူ၏။

### ဩကာသလောကကိုသိပုံ

"အကြင်အရပ်၌ နေ, လတို့သည်လှည့်လည်ကုန်၏၊ နေ, လလှည့်လည်ရာအရပ်တို့သည်

http://www.dhammadownload.com



နေရောင်, လရောင်ဖြင့် တပြောင်ပြောင်ထိန်လင်းကုန်၏၊ ထိုမှလောက်ကျယ်ပြန့်သောစကြဝဠာပေါင်းတစ်ထောင်ရှိ၏၊ ဤစကြဝဠာပေါင်းတစ်ထောင်၌ သင်ဗြဟ္မာ၏တန်ခိုးဖြစ်၏" ဟု လာသောအရာ၌ ဩကာသလောကကိုသိအပ်၏။ စကြဝဠာတစ်ခုစီ၏အလျားသည် ၁၂၃၄၅၀ ယူဇနာ၊ အနံသည်လည်း ၁၂၃၄၅၀ ယူဇနာ၊ ပတ်လည်အဝန်းသည် ၃၆၁၀၃၅၀ ယူဇနာရှိ၏။ ထိုစကြဝဠာ၌ မဟာပထဝီမြေကြီးသည် အထုအားဖြင့် ယူဇနာ ၂၄၀၀၀၀ ရှိ၏။ ထိုမြေကြီးကို ယူဇနာ ၄၈၀၀၀၀ အထုရှိသောရေက ခံထား၏။ ထိုရေထုကို ယူဇနာ ၉၆၀၀၀၀ အထုရှိသောလေကခံထား၏။

ထိုစကြဝဠာလောကတစ်ခု၏အလယ်၌ သိနေရုအမည်ရှိသည့်မြင်းမိုရ်တောင်မြတ်သည် ယူဇနာ ၈၄၀၀၀ ရေ၌နစ်မြုပ်လျက် ယူဇနာ ၈၄၀၀၀ ရေမှအထက်သို့တက်လျက်တည်ရှိ၏။ ဤမြင်းမိုရ်တောင်ကို ယုဂန္ဓရတောင်, ဤသဓရတောင်, ကရဝိကတောင်, သုဒဿနတောင်, နေမိန္ဓရတောင်, ဝိနတကတောင်, အဿကဏ္ဏတောင်ဟူသော တောင်စဉ်ခုနစ်သွယ်တို့ဝန်းရံထား၏၊ ဤတောင်စဉ်ခုနစ်ထပ်တို့သည် မြင်းမိုရ်တောင် ပမာဏအောက်အစဉ်အတိုင်း ထက်ဝက်သောအမြင့်ရှိကြ၏။ ရတနာအမျိုးမျိုးတို့ဖြင့် ဆန်းကြယ်သောစတုမဟာရာဇ်နတ်တို့၏နေရာများဖြစ်ကြ၏။

ဟိမဝန္တာတောင်မင်းသည် ယူဇနာ ၅၀၀ မြင့်၏၊ အလျား,အနံ ယူဇနာ ၃၀၀၀ စီကျယ်၏၊ ၈၄၀၀၀ သောတောင်ထွတ်တို့ဖြင့် တန်ဆာဆင်ထား၏။

ဤကျွန်းကိုဇမ္ဗူသပြေပင်၏အာနုဘော်ဖြင့် ဇမ္ဗူဒီပါကျွန်းဟုခေါ်၏။ ဇမ္ဗူသပြေပင်သည် ပင်စည်၏လုံးပတ်အားဖြင့် ၁၅ ယူဇနာရှိ၏၊ ပင်စည်၏အမြင့်နှင့်အကိုင်းအခက်တို့၏အလျားသည် ယူဇနာ ၅၀ စီရှိ၏၊ ထက်ဝန်းကျင်ယူဇနာ ၁၀၀ အပြန့်ကျယ်၏၊ အဖျားစွန်းအထိအမြင့်မှာ ယူဇနာ ၁၀၀ ရှိ၏။

ဇမ္ဗူသပြေပင်၏အတိုင်းအရှည်ပမာဏကဲ့သို့ပင် အသုရာတို့၏ဆန်းကြယ်သော သခွတ်ပင်၊ ဂဠုန်တို့၏လက်ပံပင်၊ အနောက်ကျွန်း၌ထိန်ပင်၊ မြောက်ကျွန်း၌ပဒေသာပင်၊ အရှေ့ကျွန်း၌ကုက္ကိုပင်၊ တာဝတိံသာနတ်ပြည်၌ပင်လယ်ကသစ်ပင်တို့ကို သိအပ်ကုန်၏။

စကြာဝဠာတောင်သည် မဟာသမုဒ္ဒရာ၌ ယူဇနာ ၈၂၀၀၀ နစ်မြုပ်နေပြီးလျှင် ယူဇနာ ၈၂၀၀၀ ပင် ရေပြင်အထက် မြင့်တက်၏။ ဤတောင်သည် အလုံးစုံသောလောကဓာတ်ကြီးကို ခြံရံလျက်တည်၏။

ထိုလောကဓာတ်၌ လဝန်းသည် ၄၉ ယူဇနာ၊ နေဝန်းသည် ၅၀ ယူဇနာ၊ တာဝတိံသာနတ်ဘုံသည် ယူဇနာ ၁၀၀၀၀၊ အသုရာဘုံ, အဝီစိငရဲနှင့်ဇမ္ဗူဒီပါတောင်ကျွန်းတို့သည်လည်း ယူဇနာ ၁၀၀၀၀ စီရှိကြ၏။ အပရဂေါယာအနောက်ကျွန်းသည် ယူဇနာ ၇၀၀၀၊ ပုဗ္ဗဝိဒေဟအရှေ့ကျွန်းသည် ယူဇနာ ၇၀၀၀၊ ဥတ္တရကုရုမြောက်ကျွန်းသည် ယူဇနာ ၈၀၀၀ ရှိကြ၏။ ဤကျွန်းကြီးလေးကျွန်းတို့တွင် ကျွန်းကြီးတစ်ခုစီကို ကျွန်းငယ် ၅၀၀ တို့ ခြံရံထား၏။

http://www.dhammadownload.com



ဆိုခဲ့ပြီးသောထိုအလုံးစုံသည် တစ်ခုသောစကြဝဠာ တစ်ခုသောလောကဓာတ်မည်၏။ ထိုသို့သောစကြဝဠာသုံးခုတို့၏အကြား၌ လောကန္တရိယငရဲတို့ရှိကုန်၏။

ဤဆိုခဲ့သည့်အတိုင်း အဆုံးအပိုင်းအခြားမရှိကုန်သော အနန္တစကြဝဠာဟုဆိုအပ်သည့် အဆုံးအပိုင်းအခြားမရှိသောလောကဓာတ်တို့ကို မြတ်စွာဘုရားသည် အဆုံးအပိုင်းအခြား မရှိသည့်အာရုံကို ငုံနိုင်သော ဗုဒ္ဓဉာဏ်တော်ဖြင့်သိတော်မူ၏၊ အထူးသဖြင့်သိတော်မူ၏၊ ထိုးထွင်း၍သိတော်မူ၏။ ထို့ကြောင့် ထိုဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ဩကာသ လောကကိုလည်း စပ်သိမ်းသောအပြားအားဖြင့် သိတော်မူ၏။

ဤသို့လျှင် သင်္ခါရလောက, သတ္တလောက, ဩကာသလောကတို့ကို ခပ်သိမ်းသော အပြားအားဖြင့်သိတော်မူသောကြောင့် ထိုမြတ်စွာဘုရားသည် "လောကဝိဒူ"မည်တော်မူ၏၊

### ၆ အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်အဖွင့်

#### (၁) အနုတ္တရအဖွင့်

မြတ်စွာဘုရားထက် ဂုဏ်အားဖြင့် ထူးချွန်လွန်ကဲသူ တစ်စုံတစ်ယောက်မျှမရှိသော ကြောင့် မြတ်စွာဘုရားထက် လွန်ကဲမြင့်မြတ်သူဟူ၍မရှိပေ။ ထို့ကြောင့်မြတ်စွာဘုရားသည် "အနုတ္တရ" မည်တော်မူ၏။

ထိုစကားကို ချဲ့ဦးအံ့၊ မြတ်စွာဘုရားသည် သီလဂုဏ်အားဖြင့် အလုံးစုံသော(သတ္တဝါ အပေါင်းဟူသည့်)လောကကို လွှမ်းမိုး၏၊ သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏ ဒဿနဂုဏ်တို့ဖြင့်လည်းလွှမ်းမိုး၏။ သီလဂုဏ်အားဖြင့်(တစ်ခေတ်တည်း၌)တူသူမရှိပေ၊ ရှေးဘုရားရှင်တို့နှင့်သာတူတော်မူ၏။ နှိုင်းယှဉ်စရာတူမျှသူမရှိ၊ အဖိုးအဝက်တူမျှသူပင်မရှိ၊ တုပယှဉ်ပြိုင်နိုင်သူမရှိ။ သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ အားဖြင့်လည်း အလားတူပင် တုပယှဉ်ပြိုင်နိုင်သူမရှိချေ။

အဂ္ဂပသာဒသုတ် ၌ မြတ်စွာဘုရားဟောကြားထားသည်ကား "နတ်များနှင့်တကွ မာရ်နတ်နှင့်တကွ ဗြဟ္မာများနှင့်တကွသောလောက၌ သမ္မုတိနတ်ခေါ်လူမင်းနှင့်ကြွင်းသည့် လူများနှင့်တကွသောသတ္တလောက၌ မိမိထက်သီလဖြင့်လွန်ကဲသူ တစ်စုံတစ်ယောက်ကိုမျှ ငါမမြင်ပေ။" ဤသို့စသည်ကိုချဲ့၍သိအပ်၏။ "ငါ့ဘုရားအားဆရာသည်မရှိ"စသည့် ဂါထာ တို့ကိုလည်း ချဲ့၍သိအပ်၏။

#### (၂) ပုရိသဒမ္မသာရထိအဖွင့်

တစ်ဖန် မြတ်စွာဘုရားသည် ဆုံးမထိုက်သောသူတို့ကို ယဉ်ကျေးစေတတ်၏၊ ဆုံးမ တတ်၏၊ ထို့ကြောင့် "ပုရိသဒမ္မသာရထိ"မည်တော်မူ၏။

ထိုစကား၌ "ပုရိသဒမ္မသာရထိ"ဟူသည်မှာ မယဉ်ကျေးသောဆုံးမခြင်းငှာထိုက်သော တိရစ္ဆာန်ယောကျ်ားများ, လူယောကျ်ားများ, နတ်ဘီလူးယောကျ်ားများကို ဆိုလို၏။ ထိုစကားမှန်၏၊ မြတ်စွာဘုရားသည် အပလာလနဂါးမင်း, စူဠောဒရ, မဟောဒရ, အဂ္ဂိသိခ,

http://www.dhammadownload.com



ရှုမသိခ, အရဝါဋနဂါးမင်းတို့ကိုလည်းကောင်း၊ ဓနပါလဟုလည်းခေါ်သော နာဠာဂိရိဆင်စသောတိရစ္ဆာန်ယောက်ျားတို့ကိုလည်းကောင်း ယဉ်ကျေးအောင် ဆုံးမတော်မူ၏၊ ဒေါသအဆိပ်အတောက်ပျောက်ကင်းအောင်ပြုတော်မူ၏၊ သရဏဂုံနှင့်သီလတို့၌ တည်စေတော်မူ၏။ နိဂဏ္ဌ၏သားသစ္စက, အမ္ဗဋ္ဌလုလင်, ပေါက္ခရသာတိပုဏ္ဏား, သောဏဒဏ္ဍပုဏ္ဏား, ကူဋဒန္တပုဏ္ဏားစသော လူယောက်ျားတို့ကိုလည်းကောင်း၊ အာဠာဝကဘီလူး, သုစိလောမဘီလူး, ခရလောမဘီလူး, သိကြားမင်းစသော နတ်ယောက်ျားတို့ကိုလည်းကောင်း၊ ဆန်းကြယ်လှသောဆုံးမကြောင်းနည်းတို့ဖြင့် ဆုံးမအပ်ကုန်၏။ မြင်းဆရာကြီးကေသီအား "ငါဘုရားသည် ဆုံးမထိုက်သောသူတို့ကို အနုနည်းဖြင့်လည်း ဆုံးမ၏၊ အကြမ်းနည်းဖြင့်လည်းဆုံးမ၏၊ အနုနည်း, အကြမ်းနည်းနှစ်မျိုးလုံးဖြင့်လည်း ဆုံးမ၏"ဟု မိန့်ကြားတော်မူ၏။ (အင်္ဂုတ္တိုရ်စတုက္ကနိပါတ်၊ ကေသီအဿဒမ္မသာထိသုတ်)

(၃) အနုတ္တရောပုရိသဒမ္မသာရထိအဖွင့်

တစ်နည်းကား "အနုတ္တရောပုရိသဒမ္မသာရထိ"ဟူသောပုဒ်သည် တစ်ပုဒ်တည်းဖြင့် အနက်ကိုထင်စွာပြသောပုဒ်ဖြစ်၏။ ထိုစကားမှန်၏။ မြတ်စွာဘုရားသည် ဆုံးမထိုက်သောယောက်ျားတို့ကို တစ်ခုတည်းသောထက်ဝယ်ဖွဲ့ခွေခြင်းဖြင့် ထိုင်နေကုန်လျက် ငြိတွယ်ဖင့်နွဲ့ခြင်းမရှိဘဲ အဋ္ဌသမာပတ်ဟူသော အရပ်မျက်နှာများသို့ ပြေးသွားနိုင်အောင် သွားစေတော်မူပေ၏။ ထိုသို့သောအခြင်းအရာအားဖြင့် ယောက်ျားတို့ကိုဆုံးမတတ်တော်မူသောကြောင့် "အနုတ္တရောပုရိသဒမ္မသာရထိ"ဟုဆိုအပ်၏။

"အို-ရဟန်းတို့၊ ဆင်ကိုဆုံးမတတ်သောဆင်ဆရာသည် ဆုံးမသင့်ပြုထိုက်သောဆင်ကို သွားစေလျှင် မောင်းနှင်လျှင် ထိုဆင်သည် တစ်ခုသောအရပ်သို့သာ ပြေးသွား၏။" ဤသို့စသောသုတ်ကို အကျယ်ချဲ့၍သိအပ်၏။

## ၇ သတ္ထာဒေဝမနုဿာနံဂုဏ်တော်အဖွင့်

(၁) သတ္ထာပုဒ်အဖွင့်

ပစ္စုပ္ပန်၌ဖြစ်သော အကျိုးကျေးဇူး၊ တမလွန်၌ဖြစ်သောအကျိုးကျေးဇူး၊ (နိဗ္ဗာန်ဟူသည့်) မြတ်သောအကျိုးကျေးဇူးတို့ဖြင့် ထိုက်သင့်သည်အားလျော်စွာ ဆုံးမတော်မူတတ်သောကြောင့် မြတ်စွာဘုရားသည် "သတ္ထာ"မည်တော်မူ၏။

တစ်နည်းသော်ကား မြတ်စွာဘုရားသည် လှည်းကုန်သည်အပေါင်း၏ဦးစီးခေါင်းဆောင် လှည်းမှူးကြီးနှင့်တူသောကြောင့် "သတ္ထာ"မည်တော်မူ၏။ လှည်းမှူးကြီးသည် လှည်းကုန်သည်အပေါင်းတို့ကို (၁) ဘေးရန်များသောကန္တာရခရီးခဲကို လွန်မြောက်စေ၏၊ (၂) ခိုးသူတားပြပေါများသော စောရကန္တာရကိုလွန်မြောက်စေ၏။ (၃) သားရဲပေါများသော ခရီးခဲ-ဝါဠကန္တာရကိုလွန်မြောက်စေ၏၊ (၄)အစာမရှိသောဒုဗ္ဘိက္ခကန္တာရ, (၅) ရေမရှိသောနိရုဒကကန္တာရတို့ကိုလွန်မြောက်စေ၏၊ ထွက်မြောက်စေ၏၊ ဘေးမရှိရာအရပ်သို့

http://www.dhammadownload.com



ရောက်စေ၏။

ထို့အတူ လှည်းကုန်သည်တို့၏အကြီးအမှူးသဖွယ်ဖြစ်သော မြတ်စွာဘုရားသည် သတ္တဝါတို့ကို ကန္တာရခရီးခဲကိုလွန်မြောက်စေ၏၊ ဘဝသစ်ဖြစ်ရခြင်းဟူသော ဇာတိကန္တာရကိုလွန်မြောက်စေ၏၊ အိုမင်းရခြင်းဟူသောဇရာခရီးခဲ၊ ဖျားနာရခြင်းဟူသောဗျာဓိခရီးခဲ၊ သေဆုံးရခြင်းဟူသော မရဏခရီးခဲတို့ကို လွန်မြောက်စေတော်မူ၏။

(၂) ဒေဝမနုဿာနံပုဒ်အဖွင့်

"ဒေဝမနုဿာနံ–နတ်လူတို့၏"ဟူသည်ကား မြတ်သောသတ္တဝါတို့ကို ပိုင်းခြားသည်၏အစွမ်းဖြင့် ကျွတ်ထိုက်သည့်ဘဗ္ဗပုဂ္ဂိုလ်တို့ကို ပိုင်းခြားခြင်း၏အစွမ်းအားဖြင့် "သတ္ထာ ဒေဝမနုဿာနံ–နတ်လူတို့၏ဆရာ"ဟု ဆိုလို၏။

စင်စစ်သော်ကား မြတ်စွာဘုရားသည် တိရစ္ဆာန်ဟူသောသတ္တဝါတို့အားလည်း အဆုံးအမပေးတော်မူသဖြင့် ဆုံးမတတ်သောဆရာမည်သည်သာတည်း။ မှန်ပေ၏၊ ထိုတိရစ္ဆာန်တို့သည်လည်း မြတ်စွာဘုရား၏တရားတော်ကိုနာကြားကြရသဖြင့် အထောက်အပံ့–ဥပနိဿယနှင့်ပြည့်စုံခြင်းသို့ရောက်၍ ထိုဥပနိဿယဖြင့်ပင်လျှင် ဒုတိယဘဝ၌သော်လည်းကောင်း၊ တတိယဘဝ၌သော်လည်းကောင်း မဂ်ဖိုလ်ကို ရကြကုန်၏။ ဤနေရာ၌ ဖားနတ်သား ဝတ္ထုစသည်ကိုထောက်ရှု၍သိအပ်၏။

ချဲ့၍ပြအံ့၊ မြတ်စွာဘုရားသည် စမ္ပါပြည်ဂဂ္ဂရာရေကန်၏ကမ်းနား၌ စမ္ပါပြည်သူပြည်သားတို့အားတရားဟောနေစဉ် ဖားတစ်ကောင်သည် မြတ်စွာဘုရား၏အသံတော်၌ ကြည်ညိုစိတ်ဖြင့် နိမိတ်ကိုစွဲယူ၏။ နွားကျောင်းသားတစ်ယောက်သည် တုတ်ကိုထောက်၍ရပ်တည်လတ်သော် ထိုဖားငယ်၏ဦးခေါင်းကို ဖိထောက်မိ၏။ ထိုဖားငယ်သည် ထိုခဏ၌သေ၍ တာဝတိံသာနတ်ပြည်ဝယ် တစ်ဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ဖြစ်လေ၏။ အိပ်ပျော်သောယောက်ျားနိုးသောလားသို့ ထိုရွှေဗိမာန်၌ နတ်သမီးများခြံရံအပ်သည့် မိမိကိုယ်ကိုမြင်၍ "အို–အချင်းတို့၊ ငါသည် ဖားငယ်ဖြစ်ပါလျက် ဤနတ်ရွှေဗိမာန်၌ဖြစ်ရချေသေး၏။ အဘယ်သို့သောကုသိုလ်ကံကိုပြုခဲ့ဖူးလေသနည်း"ဟုဆင်ခြင်၏။ မြတ်စွာဘုရား၏အသံတော်၌ ကြည်ညိုစိတ်ဖြင့်နိမိတ်ယူသည်ကိုကြဉ်ထား၍ တစ်စုံတစ်ရာသောကုသိုလ်ကိုမမြင်ချေ။

ထိုဖားနတ်သားသည် ထိုခဏ၌ပင်လျှင် နတ်ဗိမာန်နှင့်တကွလာလတ်၍ မြတ်စွာဘုရား၏ခြေတော်တို့ကို ရှိခိုးဦးတိုက်၏။ မြတ်စွာဘုရားသည် သိတော်မူလျက်ပင်လျှင်– "နတ်တို့၏တန်ခိုးဖြင့် နတ်အခြံအရံတို့ဖြင့် ထွန်းလင်းတောက်ပလျက် အလွန်နှစ်လိုဖွယ်ကောင်းသောအဆင်းအရောင်တို့ဖြင့် အလုံးစုံသောအရပ်မျက်နှာတို့ကို ထွန်းလင်းတောက်ပစေလျက် ငါ၏ခြေတော်တို့ကိုရှိခိုးသူကား အဘယ်သူဖြစ်သနည်း"ဟုမေးတော်မူ၏။

"ရွှေဘုန်းတော်သခင်အရှင်မြတ်ဘုရား၊ အကျွန်ုပ်သည် မကြာမီလွန်ခဲ့သောရှေးဘဝက

http://www.dhammadownload.com



ရေညွှိပေါက်ဖွား၍ ရေဝယ်ကျက်စားသောဖားသတ္တဝါဖြစ်ခဲ့ပါ၏၊ ကရဝိတ်ငှက်မင်း, ဖြဟ္မာမင်းတို့၏အသံထက် အဆရာထောင်မကသာယာချိုမြိန်လှစွာသောအရှင်ဘုရား၏ တရားသံကိုနာကြားနေစဉ်မှာ နွားကျောင်းသားက အကျွန်ုပ်၏ဦးခေါင်းကို တုတ်နှင့်ထောက်သဖြင့် အကျွန်ုပ်သေဆုံးခဲ့ရပါသည်။"

မြတ်စွာဘုရားသည် ထိုဖားနတ်သားအား တရားဟောတော်မူ၏။ ရှစ်သောင်းလေးထောင်သောတရားနာပရိသတ်တို့သည် သစ္စာလေးပါးကိုသိမြင်၍ ဓမ္မာဘိသမယဖြစ်ကြလေ၏။ ဖားနတ်သားသည်လည်း သောတာပတ္တိဖိုလ်၌တည်လျက် ပြုံးရွှင်စွာပြန်သွားလေ၏။

(၃) သတ္ထာဒေဝမနုဿာနံအဖွင့်

ဤသို့လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့ကို မကောင်းမှုမပြုရန် ပိတ်ပင်တားမြစ်၍ ကောင်းမှုပြုရန် ကောင်းကျိုးချမ်းသာဖြစ်ဖွယ်ရာအကြောင်းတို့ဖြင့် ကောင်းစွာညွှန်ပြလျက် ကြီးမားသောလုံ့လဖြင့် ဆုံးမတော်မူတတ်သည့် ဆရာမြတ်အစစ်ဖြစ်တော်မူသောကြောင့်လည်း "သတ္ထာဒေဝမနုဿာနံ"မည်၏။

၈ ဗုဒ္ဓဂုဏ်တော်အဖွင့်

(၁) အလုံးစုံသောသိသင့်သိအပ်သည့် နေယျတရားတို့ကို (ဝါ) ဉေယျဓမ်တရားအလုံးစုံကို အရဟတ္တဖိုလ်၌ဖြစ်သော ဝိမောက္ခန္တိကဉာဏ်၏အစွမ်းဖြင့် ဆရာမသင်ကိုယ်တိုင်သိမြင်တော်မူသောကြောင့် မြတ်စွာဘုရားသည် ဗုဒ္ဓမည်တော်မူ၏။

(၂) တစ်နည်းကား လေးပါးသောသစ္စာတရားတို့ကို ကိုယ်တော်တိုင်လည်းသိတော်မူ၏၊ တစ်ပါးသောသတ္တဝါများကိုလည်း သိစေတော်မူတတ်၏၊ ဤသို့သောအကြောင်းတို့ကြောင့်လည်း ထိုမြတ်စွာဘုရားသည် ဗုဒ္ဓမည်တော်မူ၏။

၉ ဘဂဝါဂုဏ်တော်အဖွင့်

(၁) "ဘဂဝါ"ဟူသောအမည်သည် မြတ်စွာဘုရား၏ သီလစသောဂုဏ်တို့ဖြင့်ထူးတော်မူသောကြောင့် သတ္တဝါအားလုံးတို့ထက် မြတ်တော်မူ၍ အလေးပြုအပ်, ရိုသေအပ်သော မြတ်စွာဘုရားကို ရိုသေလေးမြတ်သောအားဖြင့် ခေါ်ဆိုသည့်အမည်ပေတည်း။

ဘဂဝါဟူသောအမည်သည် အထူးသဖြင့်မြင့်မြတ်၍ ချီးမွမ်းအပ်ခြင်းကိုဖော်ဆောင်၏။ လေးလေးမြတ်မြတ်ပြုအပ်သော သီလ, သမာဓိ, ပညာဂုဏ်ကျေးဇူးအထူးတို့နှင့်ယှဉ်သော အလေးအမြတ်ပြုထိုက်သည့်ပုဂ္ဂိုလ်ကို ဘဂဝါဟုဆိုအပ်၏ဟု ရှေးဆရာတို့ဆိုကြကုန်၏။

တစ်နည်းကား အမည်တို့သည် လေးပါးအပြားရှိ၏–

(၁) အာဝတ္ထိကနာမ်–အခိုက်အတန့်ကိုစွဲ၍ ခေါ်ဝေါ်အပ်သောအမည်၊ ဥပမာ နွားငယ်, ဆုံးမလောက်သောနွား, ဝန်ဆောင်နွားစသည့်နာမ်တို့တည်း။

(၂) လိင်္ဂိကနာမ်–အသွင်ကိုစွဲ၍ ခေါ်ဝေါ်အပ်သောအမည်၊ ဥပမာ တောင်ဝှေးရှိသူ၊ ထီးရှိသူ၊ ဦးစွန်းရှိသူ၊ နှာမောင်းရှိသောဆင်စသည့်အမည်တို့တည်း။

http://www.dhammadownload.com



(၃) နေမိတ္တိကနာမ် – ဂုဏ်ကိုအကြောင်းပြု၍ ခေါ်ဝေါ်အပ်သောအမည်၊ ဥပမာ ဝိဇ္ဇာသုံးပါးရှိသူ၊ အဘိညာဉ်ခြောက်ပါးရှိသူစသည့်အမည်တို့တည်း။

(၄) အဓိစ္စသမုပ္ပန္နနာမ် – အကြောင်းမရှိဘဲ သမုတ်ခေါ်ဝေါ်အပ်သောအမည်၊ ဥပမာ အသရေကိုပွားစေတတ်သူ(သိရိဝဍ္ဎက)၊ ဥစ္စာကိုပွားစေတတ်သူ(ဓနဝဍ္ဎက)စသည့်အမည်တို့တည်း။

(၂) "ဘဂဝါ"ဟူသောအမည်သည် နေမိတ္တိကနာမ်ဖြစ်၏၊ မယ်တော်မဟာမာယာဒေဝီက မှည့်ခေါ်သောအမည်မဟုတ်၊ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက မှည့်ခေါ်သောအမည်မဟုတ်၊ သိကြားမင်း, သန္တုသိတစသည့်နတ်အထူးတို့က မှည့်ခေါ်သောအမည်လည်းမဟုတ်။ ဘုန်းတော်ကြီးကုန်သောမြတ်စွာဘုရားတို့၏ အကြင်ဘဂဝါဟူသောအမည်တော်သည် အရဟတ္တဖိုလ်၌ဖြစ်၏၊ ဤပညတ်အမည်သည် ဗောဓိပင်ရင်း၌ မြတ်စွာဘုရားတို့ သဗ္ဗညုတဉာဏ်ကိုရသည်နှင့်တစ်ပြိုင်နက် အလုံးစုံသောတရားတို့ကို မျက်မှောက်ပြုခြင်းကြောင့်ဖြစ်ပေါ်လာသည့် နာမပညတ်ပေတည်းဟု အရှင်သာရိပုတ္တရာမိန့်ဆိုတော်မူ၏။

(၃) "ဘဂဝါ"ဟူသောအမည်သည် အကြင်ဂုဏ်အကြောင်းနိမိတ်တို့ကိုစွဲမှီ၍ဖြစ်သောနေမိတ္တိကနာမ်မည်၏။ ထိုဂုဏ်တို့ကို အရှင်သာရိပုတ္တရာမထေရ်သည် ဤသို့ဟောပြတော်မူ၏ –

မြတ်စွာဘုရားသည် ဣဿရိယစသောဘုန်းတော် ၆ ပါးနှင့်ပြည့်စုံတော်မူပေ၏၊ ထို့ကြောင့် ဘဂဝါဟုဆိုအပ်၏။ ဆိတ်ငြိမ်ရာနှင့်ချွန်အဘိညာဉ်, မဂ်ဖိုလ်တရားထူးများသို့ ကပ်ရောက်တော်မူ၏၊ ထို့ကြောင့် ထိုမြတ်စွာဘုရားကို ဘဂဝါဟုဆိုအပ်၏။ ထိုမြတ်စွာဘုရားသည် သီလစသည့်ဂုဏ်အဖို့ရှိ၏၊ ဝေဖန်စိတ်ဖြာ၍ ဟောကြားတတ်၏၊ ရာဂစသည့်ကိလေသာတို့ကို ဖျက်ဆီးတော်မူ၏၊ ကျောက်ထီးကဲ့သို့အလေးပြုအပ်၏၊ ဒါန, သီလစသောပါရမီတို့၏အထွတ်အထိပ်သို့ရောက်တော်မူ၏၊ များစွာသောဘာဝနာအစဉ်တို့ဖြင့် ကောင်းစွာပွားအပ်၏၊ ဘဝ၏အဆုံးဖြစ်သောနိဗ္ဗာန်သို့ ရောက်တော်မူ၏၊ ထို့ကြောင့် ဘဂဝါဟုဆိုအပ်၏။ ဤကားနိဒ္ဒေသဂါထာတည်း။

(၄) ယခုဆိုမည့်အဖွင့်သည်ကား နိဒ္ဒေသနည်းမှတစ်ပါးသော အဋ္ဌကထာနည်းပေတည်း။ မြတ်စွာဘုရားသည် ပစ္စုပ္ပန်, သံသရာချမ်းသာကြောင်းကောင်းမှုပါရမီရှိတော်မူ၏၊ ရာဂစသောကိလေသာတို့ကို ဖျက်ဆီးတော်မူတတ်၏၊ ဣဿရိယစသည့်ဘဂဝါဘုန်းတော်(၆)ပါးနှင့်ယှဉ်တော်မူ၏၊ တရားအလုံးစုံကို ဝေဖန်ခွဲခြမ်း၍ ဟောကြားတော်မူတတ်၏၊ မြတ်သောတရားကို မှီဝဲတော်မူတတ်၏၊ ဘဝသုံးပါး၌ တဏှာကို ထွေးအန်တော်မူအပ်၏၊ လောကီ, လောကုတ္တရာချမ်းသာကိုဖြစ်စေတတ်သော ဒါန, သီလစသည့်အထွတ်အထိပ်သို့ရောက်သော ဘုန်းပါရမီတော်ရှိ၏။ ထို့ကြောင့် ဘာဂျဝါမည်၏၊ ထိုမှ ဘဂဝါဟုဆိုသည်

http://www.dhammadownload.com



ဟူ၍ သိအပ်၏။

(၅) ထို့အပြင် လောဘ, ဒေါသ, မောဟ၊ ဖောက်ပြန်စွာနှလုံးသွင်းခြင်းမနသိကာရ၊ အဟိရိက, အနောတ္တပ္ပ၊ အမျက်ထွက်ခြင်း–ကောဓ၊ ရန်ငြိုးဖွဲ့ခြင်း–ဥပနာဟ၊ ဂုဏ်ကျေးဇူးကို ချေခြင်း–မက္ခ၊ သူ့ကိုအဖျင်းပြုခြင်း–ပဠာသ၊ ငြူစူခြင်း–ဣဿာ၊ ဝန်တိုခြင်း–မစ္ဆရိယ၊ မိမိ၏ အပြစ်ကိုဖုံးလွှမ်းခြင်း–မာယာ၊ ဂုဏ်မရှိဘဲရှိလေယောင်ပြုခြင်း–သာဌေယျ၊ ခက်ထန်နိုင်မာခြင်း–ထမ္ဘ၊ ထိပါးချုပ်ချယ်ခြင်း–သာရမ္ဘ၊ ထောင်လွှားခြင်း–မာန၊ အလွန်ထောင်လွှားခြင်း–အတိမာန၊ ယစ်ခြင်း–မဒ၊ မေ့လျော့ခြင်း–ပမာဒ၊ တဏှာ,အဝိဇ္ဇာ၊ အကုသိုလ်၏မူလသုံးပါး၊ သညာသုံးပါး၊ ဝိတက်သုံးပါး၊ ပပဉ္စတရားသုံးပါး၊ ဝိပရိယေသလေးပါး၊ အာသဝလေးပါး၊ ဂန္ထလေးပါး၊ ဩဃလေးပါး၊ ယောဂလေးပါး၊ အဂတိလေးပါး၊ တဏှာလေးပါး၊ ဥပါဒါန်လေးပါး၊ စိတ်၏ငြောင့်–စေတောခိလငါးပါး၊ စိတ်၏အနှောင်အဖွဲ့–စေတောဝိနိဗန္ဓငါးပါး၊ နီဝရဏငါးပါး၊ အာရုံငါးပါးတို့၌ နှစ်သက်ပျော်မွေ့မှု–အဘိနန္ဒနငါးပါး၊ ငြင်းခုံခြင်း၏ အကြောင်းရင်း–ဝိဝါဒမူလ ၆ ပါး၊ အာရုံ ၆ ပါးတို့၌ဖြစ်သောတဏှာအပေါင်း–တဏှာကာယ၆ပါး၊ အနုသယ၇ပါး၊ မိစ္ဆတ္တ၈ပါး၊ တဏှာမူလ၉ပါး၊ အကုသလကမ္မပထ ၁၀ ပါး၊ မိစ္ဆာဒိဋ္ဌိ ၆၂ ပါး၊ တဏှာ ၁၀၈ ပါးအပြားရှိကုန်သော ခပ်သိမ်းသောသတ္တဝါတို့အား လွန်စွာပူပန်ခြင်းကို ဖြစ်စေတတ်သည့် အသိန်းမကသောကိလေသာတို့ကို ဖျက်ဆီးတော်မူတတ်၏။

(၆) အကျဉ်းအားဖြင့် ကိလေသမာရ်, ခန္ဓမာရ်, အဘိသင်္ခါရမာရ်, ဒေဝပုတ္တမာရ်, မစ္စုမာရ်ဟူသည့် ငါးပါးသောမာရ်တို့ကို ဖျက်ဆီးတော်မူတတ်၏။ ထိုဥပဒ်ဘေးရန်တို့ကို ဖျက်ဆီးတတ်တော်မူသည်အဖြစ်ကြောင့် ဘဂ္ဂဝါဟုဆိုလိုလျက် "ဘဂဝါ"ဟူ၍ဆိုအပ်၏။

(၇) အကျဉ်းမှတ်ရန်ဂါထာကား မြတ်စွာဘုရားသည် ရာဂကိုချိုးဖျက်တော်မူ၏၊ ဒေါသကိုချိုးဖျက်တော်မူ၏၊ မောဟကိုချိုးဖျက်တော်မူ၏၊ အာသဝေါကင်းတော်မူ၏၊ ယုတ်မာသောအကုသိုလ်တရားတို့ကို ချိုးဖျက်တော်မူ၏၊ ထို့ကြောင့်ဘဂဝါဟူ၍ဆိုအပ်၏။

(၈) ဥပစာနည်းဖြင့်ပြပုံကို ဆက်၍ဆိုဦးအံ့၊ မြတ်စွာဘုရားသည် အထွတ်အထိပ်သို့ ရောက်သောကုသိုလ်ဝုဉ်ရှိသည်အဖြစ်ကြောင့် ယောကျ်ားမြတ်တို့၏လက္ခဏာကိုဆောင်သည့် ရူပကာယပြည့်စုံ၏။ အကုသိုလ်အပြစ်ဒေါသကို ဖျက်ဆီးတော်မူသောကြောင့် ဓမ္မကာယနှင့်ပြည့်စုံ၏။

ထိုသို့ရူပကာယ, ဓမ္မကာယတို့နှင့်ပြည့်စုံခြင်းကြောင့် မြတ်စွာဘုရားသည် လောကီလူအပေါင်းတို့၏များစွာမြတ်နိုးခြင်း၊ လူရဟန်းတို့၏ဆည်းကပ်ခြင်း၊ ဆည်းကပ်ကုန်သောလူရဟန်းတို့၏ကာယိကဒုက္ခ, စေတသိကဒုက္ခကို ပယ်စွမ်းနိုင်ခြင်း၊ ဆည်းကပ်လာသောထိုလူရဟန်းတို့အား အာမိသဒါန, ဓမ္မဒါနတို့ဖြင့် ကျေးဇူးပြုနိုင်ခြင်း၊ ဆည်းကပ်လာကုန်သောသူတို့အား လောကီလောကုတ္တရာချမ်းသာနှင့်ယှဉ်စေခြင်းတို့ကို စွမ်းဆောင်နိုင်ပေ၏။

http://www.dhammadownload.com



ထို့ကြောင့် ဘဂဝါမည်တော်မူ၏။

(၉) ထို့အပြင် လောက၌ ဘဂ–သဒ္ဒါသည် (၁) ဣဿရိယ–အစိုးရခြင်း၊ (၂)ဓမ္မ–တရား၊ (၃) ယသ–ကျော်စောခြင်း၊ (၄) သိရီ–ကျက်သရေ၊ (၅) ကာမ–အလိုအတိုင်းပြီးစေနိုင်ခြင်း၊ (၆)ပယတ္တ–လုံ့လရှိခြင်းဟုဆိုအပ်သော ၆ ပါးသောဘုန်းတန်ခိုးတရားတို့၌ဖြစ်၏။ မြတ်စွာဘုရားသည် ဤဘုန်းတန်ခိုး ၆ ပါးနှင့်ပြည့်စုံပေ၏။ ထို့ကြောင့် မြတ်စွာဘုရားအား ဘဂမည်သော ဘုန်းတော် ၆ ပါးတို့ရှိကုန်၏ဟူသော အနက်အရအားဖြင့် "ဘဂဝါ"ဟု ခေါ်ဆိုအပ်ပေ၏။

**မြတ်စွာဘုရား၏ဘုန်းတော် ၆ ပါး**

(၁) ဣဿရိယဘုန်းတော်–မိမိစိတ်ကို လွန်ကဲစွာအစိုးရပိုင်နိုင်သောဘုန်းတော်၊ တစ်နည်းကား အဏိမာ, လဃိမာ, မဟိမာ, ပတ္တိ, ပါကမ္မ, ဤသိတာ, ဝသိတာ, ယတ္ထကာမဝသာယိတာ ဟုဆိုအပ်သော လူတို့ကအမြတ်ဟုသမုတ်အပ်သည့် အလုံးစုံသောအခြင်းအရာတို့နှင့်ပြည့်စုံခြင်း၊

(၂) ဓမ္မဘုန်းတော် – မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော လောကုတ္တရာတရား၊

(၃) ယသဘုန်းတော် – လောကသုံးပါး၌ပျံ့နှံ့သော ဟုတ်မှန်သည့်ဂုဏ်တော်တို့ကြောင့် ရအပ်သော အလွန်စင်ကြယ်သည့်ကျော်စောသံ၊

(၄) သိရီဘုန်းတော် – လူအပေါင်းတို့အား မျက်စိ၏ကြည်လင်ခြင်းကိုဖြစ်စေနိုင်စွမ်းသော (၃၂)ပါး သောလက္ခဏာတော်ကြီး၊ (၈၀) သောလက္ခဏာတော်ငယ်အသွယ်သွယ်၏ တင့်တယ်ခြင်းအသရေတော်၊

(၅) ကာမဘုန်းတော် – မိမိ၏အစီးအပွား, သူတစ်ပါးတို့၏အစီးအပွားတို့ကို အလိုရှိ၍ တောင့်တခဲ့လျှင် တောင့်တသည့်အတိုင်း ပြီးစေနိုင်သောဘုန်းတော်၊

(၆) ပယတ္တဘုန်းတော် – ခပ်သိမ်းသောသတ္တလောက၏ဆရာအဖြစ်သို့ ရောက်ခြင်း၏ အကြောင်းဖြစ်သော သမ္မာဝါယာမဟုဆိုအပ်သည့် သမ္မပ္ပဓာန်လုံ့လရှိခြင်းတို့ဖြစ်ပေ၏။

**ဣဿရိယဘုန်းတော် (၈)ပါး**

(၁) အဏိမာ–မိမိကိုယ်ကိုအဏုမြူပမာဏမျှသေးငယ်အောင်ပြုတော်မူနိုင်သောတန်ခိုးတော်

(၂) လဃိမာ – မိမိကိုယ်ကို ပေါ့ပါးအောင်ပြု၍ ကောင်းကင်၌သွားတော်မူနိုင်သောတန်ခိုးတော်၊

(၃) မဟိမာ – ကိုယ်တော်ကြီးမားအောင် ဖန်ဆင်းတော်မူနိုင်သောတန်ခိုးတော်၊

(၄) ပတ္တိ – အလိုရှိရာဒေသသို့ ခဏချင်းရောက်နိုင်သောတန်ခိုးတော်၊

(၅) ပါကမ္မ – လိုအပ်သောအမှုကို ပြုနိုင်, ဖန်ဆင်းနိုင်သောတန်ခိုးတော်၊

(၆) ဤသိတာ – မိမိအလိုတော်သို့လိုက်ပါစေနိုင်သော အစိုးရခြင်းတန်ခိုးတော်၊

(၇) ဝသိတာ – ရေ, မီးအစရှိသောထူးဆန်းသည့်အရာတို့ကို ဖန်ဆင်းနိုင်ခြင်း၊ လျင်မြန်စွာ

http://www.dhammadownload.com



လေ့လာနိုင်သော ဝသီဘော်တန်ခိုးတော်၊

(၈) ယတ္ထကာမဝသာဝယိတာ – ပြုလိုသည့်အရာတိုင်းကို ပြီးဆုံးအောင်ပြုလုပ်နိုင်သော တန်ခိုးတော်တို့ဖြစ်ကြ၏။

ဣဿရိယဘုန်းတော်(၈)ပါးသည် ဣဒ္ဓိဝိဓအဘိညာဉ်၌ အတွင်းဝင်ကြ၏၊ အခြား ပုဂ္ဂိုလ်တို့နှင့်မဆိုင်၊ မြတ်စွာဘုရားနှင့်သာ သက်ဆိုင်ပေ၏။

ဗုဒ္ဓါနုဿတိရှုပွားခြင်း

အထက်၌ဆိုခဲ့ပြီးသောစကားအစဉ်ဖြင့် "ထိုမြတ်စွာဘုရားသည် ဤမျှသောအကြောင်း တို့ကြောင့် "အရဟံ"မည်တော်မူပါပေ၏။ ပ။ ဤမည်သောအကြောင်းတို့ကြောင့် "ဘဂဝါ" မည်တော်မူပါပေ၏ဟူ၍ မြတ်စွာဘုရား၏ဂုဏ်တော်တို့ကို အဖန်တလဲလဲအောက်မေ့ ဆင်ခြင်အပ်၏၊ အောက်ပါအတိုင်းအောက်မေ့ဆင်ခြင်နိုင်၏။

၁။ အရဟံဂုဏ်တော်

(၁) သတ္တဝါတို့၏အားထားကိုးကွယ်ရာအစစ်ဖြစ်တော်မူသော ထိုဗုဒ္ဓ–မြတ်စွာဘုရား သည် ဝါသနာနှင့်တကွ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူသော ကြောင့် "အရဟံ"မည်တော်ပါပေ၏။ (တစ်နည်းကား"အရဟံ"ဝါသနာနှင့်တကွ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူပေသောမြတ်စွာဘုရား၊ ဤသို့လည်းဆင် ခြင်နိုင်၏၊ နောက်နောက်ဂုဏ်ပုဒ်တို့၌(ပည်းနည်းတူဆင်ခြင်နိုင်၏။)

(၂) လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ တည်းဟူသော ကိလေသာဆယ်ပါး၊ အကျယ်ပွားလျှင် တစ်ထောင့်ငါးရာကိလေသာရန်သူ တို့ကို ပယ်သတ်တော်မူပြီးသောကြောင့်လည်း "အရဟံ"မည်တော်မူပါပေ၏။

(၃) အဝိဇ္ဇာတည်းဟူသောပုံတောင်းနှင့် ဇရာ, မရဏတည်းဟူသည့်အကွပ်ရှိသော ပဋိစ္စသမုပ္ပါဒ်သံသရာစက်ရဟတ်၏သံခါရမ္ပဓာတ်ကျအောင် ထောက်အကန့်တို့ကို ချိုးဖျက် တော်မူပြီးသောကြောင့်လည်း "အရဟံ"မည်တော်မူပါပေ၏။

(၄) အမြတ်ဆုံးအလှူခံပုဂ္ဂိုလ်ဖြစ်၍ လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့၏ပူဇော်အထူး ကို ခံယူတော်မူထိုက်သောကြောင့်လည်း "အရဟံ"မည်တော်မူပါပေ၏။

(၅) မျက်မှောက်မျက်ကွယ် အချင်းခပ်သိမ်းစင်ကြယ်၍ မကောင်းမှုပြုရန် ဆိတ်ကွယ်ရာ မရှိတော်မူသောကြောင့်လည်း "အရဟံ"မည်တော်မူပါပေ၏။

၂။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

(၁) သစ္စာလေးပါး ခပ်သိမ်းသောတရားတို့ကို မဖောက်မပြန်မှန်ကန်လှစွာ ကိုယ်တော် တိုင်သာ သိတော်မူသောကြောင့် "သမ္မာသမ္ဗုဒ္ဓ"မည်တော်ပါပေ၏။

(၂) ထူးသောဉာဏ်ဖြင့် သိသင့်သိထိုက်သောသစ္စာလေးပါးဟူသည့် အဘိညေယျ တရား၊ ပိုင်းခြား၍သိထိုက်သောဒုက္ခသစ္စာဟူသည့် ပရိညေယျတရား၊ ပယ်သင့်ပယ်ထိုက်

http://www.dhammadownload.com



သောသမုဒယသစ္စာဟူသည့် ပဟာတဗ္ဗတရား၊ မျက်မှောက်သိသင့် သိထိုက်သောနိရောဓသစ္စာဟူသည့် သစ္ဆိကာတဗ္ဗတရား၊ ပွားစေသင့် ပွားစေထိုက်သော မဂ္ဂသစ္စာဟူသည့် ဘာဝေတဗ္ဗတရားအားဖြင့် သစ္စာလေးပါးခပ်သိမ်းသောတရားတို့ကို သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ်စွမ်းဖြင့် မှန်ကန်စွာသိတော်မူသောကြောင့်လည်း "သမ္မာသမ္ဗုဒ္ဓ" မည်တော်ပါပေ၏။

၃။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

(၁) ဝိဇ္ဇာဉာဏ်ထူးသုံးပါး, ရှစ်ပါး၊ စရဏအကျင့်တရား (၁၅)ပါးတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသောကြောင့် "ဝိဇ္ဇာစရဏသမ္ပန္န"မည်တော်ပါပေ၏။

(၂) ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်တည်းဟူသောဝိဇ္ဇာသုံးပါး၊ ဒိဗ္ဗစက္ခုဉာဏ်, ဒိဗ္ဗသောတဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, စေတောပရိယဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, အာသဝက္ခယဉာဏ်တည်းဟူသော ဝိဇ္ဇာရှစ်ပါး၊ ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, ဘောဇနေမတ္တညုတာ, ဇာဂရိယာနုယောဂ, သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, ပညာ, ရူပါဝစရဈာန်၄ပါးတည်းဟူသော စရဏတရား (၁၅)ပါးတို့နှင့် လုံးဝဥဿုံပြည့်စုံတော်မူသောကြောင့် "ဝိဇ္ဇာစရဏသမ္ပန္န"မည်တော်ပါပေ၏။

၄။ သုဂတဂုဏ်တော်

(၁) ဘေးမဲ့ရပ်ခွင် နိဗ္ဗာန်ဝင်ဖို့ မဂ္ဂင်ရှစ်သွယ် တင့်တယ်ဖြောင့်စင်း မငြိမတွယ်သွားခြင်းရှိတော်မူသောကြောင့် "သုဂတ"မည်တော်မူပါပေ၏။

(၂) မကောင်းညစ်ညမ်း အလွန်ဆိုးသွမ်းသည့် ဘေးဘျမ်းအနန္တ ဝဋ္ဋဆင်းရဲသင်္ခါရတို့မှ ကောင်းလှသည့်စခန်း ပြည်နိဗ္ဗာန်မြနန်းသို့ ကြွလှမ်းဆိုက်ရောက်တော်မူသောကြောင့်လည်း "သုဂတ"မည်တော်မူပါပေ၏။

(၃) ကျိုးရှိ,ဟုတ်မှန် သူနာခံလို, မနာလိုအားဖြင့် နှစ်ပါးသောစကားကောင်းကိုသာ သင့်လျော်သောအခါ၌ ကောင်းစွာမိန့်ဆိုတော်မူကြောင့်လည်း "သုဂတ"မည်တော်မူပါပေ၏။

၅။ လောကဝိဒူဂုဏ်တော်

(၁) လောက၏အကြောင်းအရာအလုံးစုံကို အကုန်အစင်သိမြင်တော်မူသောကြောင့် "လောကဝိဒူ"မည်တော်မူပါပေ၏။

(၂) သတ္တဝါအပေါင်းဟူသောသတ္တလောက၊ ရုပ်နာမ်, ဓမ္မ, သင်္ခါရတရားအပေါင်းဟူသောသင်္ခါရလောက၊ သတ္တဝါတို့၏ တည်နေရာဘုံဌာနဟူသောဩကာသလောကအားဖြင့် လောကသုံးပါးကို ပိုင်းခြားကုန်စင် သိမြင်တော်မူသောကြောင့်လည်း "လောကဝိဒူ" မည်တော်မူပါပေ၏။

http://www.dhammadownload.com



၆။ အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်

(၁) အမြင့်မြတ်ဆုံးဖြစ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ လောကဓာတ်အားလုံး၌အမြတ်ဆုံးဖြစ်တော်မူသောကြောင့် "အနုတ္တရ"မည်တော်မူပါပေ၏။

(၂) ယဉ်ကျေးလိမ္မာ, ပညာအသိမရှိကြသေး, မပြည့်ဝသေး၍ အဆုံးအမပေးထိုက်သော တိရစ္ဆာန်ဖို, လူယောကျ်ား, နတ်ယောကျ်ားတို့ကို ယဉ်ကျေးလိမ္မာ ပညာပြည့်ဝ အရိုးကျအောင် ဆုံးမသွန်သင်တော်မူတတ်သောကြောင့် "ပုရိသဒမ္မသာရထိ"မည်တော်မူပါပေ၏။

(၃) ဆုံးမထိုက်သောပုဂ္ဂိုလ်တို့အား ညွှန်ကြားသွန်သင် ပဲ့ပြင်ဆုံးမမှု၌ အတုမရှိအမြတ်ဆုံးဖြစ်တော်မူသောကြောင့်လည်း "အနုတ္တရောပုရိသဒမ္မသာရထိ"မည်တော်မူပါပေ၏။

၇။ သတ္ထာဒေဝမနုဿာနံဂုဏ်တော်

လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ကို အကျိုးမဲ့အမှုများမှ ပိတ်ဆို့မြစ်တားလျက် ကောင်းကျိုးချမ်းသာ ဖြစ်ဖွယ်ရာအကြောင်းတို့ဖြင့် ကောင်းကောင်းညွှန်ပြ, ကြီးကျယ်သော လုံ့လဖြင့် ဆုံးမတော်မူတတ်သည့် ဆရာမြတ်အစစ်ဖြစ်တော်မူသောကြောင့်လည်း "သတ္ထာဒေဝမနုဿာနံ"မည်တော်မူပါပေ၏။

၈။ ဗုဒ္ဓဂုဏ်တော်

(၁) သိသင့်သိထိုက်သော ဍေယျခုနစ်ပါးပါးတရားအလုံးစုံကို အကုန်အစင်သိမြင်တော်မူသောကြောင့် "ဗုဒ္ဓ"မည်တော်မူပါပေ၏။

(၂) သစ္စာလေးပါး ခပ်သိမ်းသောတရားတို့ကို ပိုင်းခြားကျနကိုယ်တော်တိုင်သိရှိပြီးလျှင် ဝေနေယျများစွာ သတ္တဝါတို့အားလည်း ညွှန်ကြားဟောဖော် သိစေတော်မူတတ်သောကြောင့်လည်း "ဗုဒ္ဓ"မည်တော်မူ၏။

၉။ ဘဂဝါဂုဏ်တော်

(၁) လွန်ကဲထူးမြတ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ လူနတ်ဗြဟ္မာ, သတ္တဝါအပေါင်းတို့က အမြင့်မြတ်ဆုံးပုဂ္ဂိုလ်ထူးကြီးအဖြစ်ဖြင့် အလေးအမြတ်ပြုအပ်ပြုထိုက်သောကြောင့် "ဘဂဝါ"မည်တော်မူပါပေ၏။

(၂) လောကီလောကုတ္တရာချမ်းသာတို့ကိုဖြစ်စေနိုင်သော ဒါန, သီလစသည့်ပါရမီအဆင့်ဆင့် အမြင့်မြတ်ဆုံးဘုန်းတော်, ကံတော်အနန္တတို့နှင့် လုံးဝဥဿုံပြည့်စုံတော်မူသောကြောင့်လည်း "ဘဂဝါ"မည်တော်မူပါပေ၏။

(၃) လောဘ, ဒေါသ, မောဟအစရှိသော တစ်သိန်းမကများလှစွာသော ကိလေသာတို့ကိုလည်းကောင်း၊ အကျဉ်းချုပ်အားဖြင့် ကိလေသမာရ်, ခန္ဓမာရ်, အဘိသင်္ခါရမာရ်, ဒေဝပုတ္တမာရ်, မစ္စုမာရ်ဟု မာရ်ငါးပါးတို့ကိုလည်းကောင်း၊ ဖျက်ဆီးဖယ်ရှင်းတော်မူပြီးသော

http://www.dhammadownload.com



ကြောင့်လည်း "ဘဂဝါ"မည်တော်ပါပေ၏။

(၄) ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တဟူသော ဘဂခေါ်ဝေါ် ခြောက်ပါးသော ဘုန်းတော်တို့နှင့် ပြည့်စုံတော်မူသောကြောင့်လည်း "ဘဂဝါ"မည်တော်ပါပေ၏။

(၅) ကိုယ်တော်နှင့်စိတ်တော်ကို ဝသီဘော်မြောက်အောင် အခေါင်အဖျားတိ ဆန္ဒညွတ်ရှိုင်း အလိုရှိတိုင်းနိုင်နင်း၍ အစိုးရတော်မူခြင်းဟူသော ဣဿရိယဘုန်းတော်(၁)၊ လောကီ လောကုတ္တရာတို့၏အညွန့်အဖူး အထူးအမြတ်ဆုံးဖြစ်သော ဈာန်အဘိညာဏ်, မဂ်ဖိုလ် တရားတည်းဟူသော ဓမ္မဘုန်းတော်(၂)၊ ဟုတ်မှန်သည့်အတိုင်း ဘဝဂ်နိုင်းအောင် ပျံ့လွှင်း ထင်ရှားကျော်ကြားတော်မူခြင်းတည်းဟူသော ယသဘုန်းတော်(၃)၊ ယောကျ်ားမြတ်တို့၏ ၃၂ ပါး သောလက္ခဏာတော်ကြီး, ရှစ်ဆယ်သောလက္ခဏာတော်ငယ်, ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ်ဝင်းပ သပ္ပါယ်တော်မူလှသည့် ရူပကာယ၏ပြည့်စုံတော် မူခြင်း ကျက်သရေတော်တည်းဟူသော သိရီဘုန်းတော်(၄)၊ ကိုယ်တော်မြတ်၏အကျိုး စီးပွား, ဝေနေယျသတ္တဝါတို့၏အကျိုးစီးပွားတည်းဟူသော အတ္တဟိတ, ပရဟိတနှစ်ပါးတို့ ၏လိုလားတော်မူသည့်အတိုင်း ပြီးစီးပြည့်စုံခြင်းဟူသော ကာမဘုန်းတော်(၅)၊ တစ်လောက လုံး၏ဆရာဖြစ်ကြောင်း ကောင်းမြတ်သောလုံ့လ သမ္မပ္ပဓာန်ဝီရိယတည်းဟူသော ပယတ္တ ဘုန်းတော်(၆)၊ ဤသို့အားဖြင့် ဘဂခေါ်ဝေါ် ခြောက်ပါးသောဘုန်းတော်တို့နှင့် ပြည့်စုံ မူသောကြောင့်လည်း "ဘဂဝါ"မည်တော်ပါပေ၏။

မြတ်စွာဘုရား၏ဂုဏ်တော်ကိုးပါးကို အောက်မေ့ဆင်ခြင်ပြီးနောက် မိမိအနှစ်သက်ဆုံး ဂုဏ်တော်တစ်ခုကို စူးစိုက်၍ အဖန်တလဲလဲအောက်မေ့ဆင်ခြင်လျက် ဗုဒ္ဓါနုဿတိဘာဝ နာကို ပွားစေရာ၏။ ထိုသို့အောက်မေ့ဆင်ခြင်သောသူအား ထိုအခိုက်အခါ၌ ရာဂထကြွ သောင်းကျန်းသောစိတ်မဖြစ်၊ ဒေါသထကြွသောင်းကျန်းသောစိတ်မဖြစ်၊ မောဟထကြွ သောင်းကျန်းသောစိတ်မဖြစ်။ ထိုပုဂ္ဂိုလ်၏စိတ်သည် ဘုရားဂုဏ်တော်ကိုအာရုံပြု၍ ဖြောင့် မတ်စွာဖြစ်၏။

ဤသို့ ရာဂစသည်ထကြွသောင်းကျန်းခြင်းမရှိသောကြောင့် နီဝရဏကိုခွာပြီးသော ကမ္မဋ္ဌာန်းသို့ရှေးရှုသည်အဖြစ်ဖြင့် ဝိတက်, ဝိစာရတို့သည် ဘုရားဂုဏ်တော်သို့ ညွတ်ကာ မပြတ်ဖြစ်ကုန်၏။ ဘုရားရှင်၏ဂုဏ်တော်ကို အဖန်တလဲလဲသုံးသပ်ဆင်ခြင်နေသော ယောဂီ အား နှစ်သက်ဝမ်းမြောက်ခြင်းပီတိသည် ဖြစ်၏။ နှစ်သက်ဝမ်းမြောက်သည့်စိတ်ရှိသူအား ပီတိလျှင်နီးသည့်အကြောင်းရှိသော ငြိမ်းအေးမှု—ပဿဒ္ဓိဖြင့် ကိုယ်စိတ်၏ပူပန်ခြင်းတို့သည် ငြိမ်းကုန်၏။ ပူပန်မှုငြိမ်းသောပုဂ္ဂိုလ်အား ကိုယ်စိတ်ချမ်းသာခြင်း—သုခဖြစ်၏။ သုခရှိ သောသူအား ဘုရားဂုဏ်လျှင်အာရုံရှိသည်ဖြစ်၍ စိတ်သည်ကောင်းစွာတည်ကြည်၏။ ဤသို့သောအစဉ်ဖြင့် တစ်ခုသောခဏ၌ ဈာန်အင်္ဂါတို့သည် ဖြစ်ပေါ်ကုန်၏။

http://www.dhammadownload.com



သို့သော်လည်း ဘုရားရှင်ဂုဏ်တော်တို့၏နက်နဲခြင်းကြောင့်လည်းကောင်း၊ အထူးထူး အပြားပြား များစွာသောဂုဏ်တော်တို့ကို အောက်မေ့ဆင်ခြင်ခြင်းဖြင့် စုတ်စုတ်နစ်နစ်ဆုံး ဖြတ်ကာ လေးမြတ်ယုံကြည်ခြင်းကြောင့်လည်းကောင်း၊ အပ္ပနာစျာန်သို့မရောက်မူ၍ ဥပစာရ မျှသာဖြစ်သောစျာန်သည်ဖြစ်၏။ ထိုဥပစာရစျာန်သည် ဘုရားဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သည်၏အစွမ်းအားဖြင့်ဖြစ်သောကြောင့် "ဗုဒ္ဓါနုဿတိ" ဟူ၍သာလျှင် ရေတွက် ခေါ်ဆိုခြင်းသို့ရောက်၏။

### ဗုဒ္ဓါနုဿတိရှုပွားခြင်း၏အကျိုးများ

(၁) ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အားထုတ်သူသည် မြတ်စွာဘုရား၌ ရိုသေ,တုပ်ဝပ်ခြင်းရှိ၏။
(၂) ရတနာသုံးပါး၌သက်ဝင်ယုံကြည်ခြင်း-သဒ္ဓါတရားတိုးပွား၏။
(၃) ဘုရားဂုဏ်တော်ကိုအောက်မေ့အမှတ်ရမှု-သတိပြန့်ပြောစွာဖြစ်၏။
(၄) ပညာ၏ပြန့်ပြောခြင်းလည်း ဖြစ်ပေါ်၏။
(၅) ကုသိုလ်ကောင်းမှု၏ကြီးကျယ်ပြန့်ပြောခြင်းသို့ရောက်၏။
(၆) နှစ်သက်ခြင်, ဝမ်းမြောက်ခြင်း(ပီတိပါမောဇ္ဇ)များစွာဖြစ်၏။
(၇) ကြောက်မက်ဖွယ်ဘေးကြီးဘေးငယ်တို့ကို နှိမ်နင်းနိုင်၏။
(၈) ဆင်းရဲဒုက္ခကို သည်းခံခြင်းငှာစွမ်းနိုင်၏။
(၉) မြတ်စွာဘုရားနှင့်အတူတကွနေရသည်ဟူသော အမှတ်သညာကိုရ၏။
(၁၀) ဗုဒ္ဓါနုဿတိ၏ကိန်းအောင်းရာဖြစ်သော ယောဂီ၏ခန္ဓာကိုယ်သည် စေတီအိမ် (ဘုရားကျောင်း)ကဲ့သို့ ပူဇော်ခြင်းငှာထိုက်၏။
(၁၁) ယောဂီ၏စိတ်သည် ဘုရားအဖြစ်၌ညွတ်၏။
(၁၂) လွန်ကျူးအပ်သောဝတ္ထုနှင့်တွေ့လျှင်လည်း မြတ်စွာဘုရားကို မျက်မှောက်၌မြင်နေ ရသကဲ့သို့ ရှက်ခြင်း, ကြောက်ခြင်း(ဟိရီ, ဩတ္တပ္ပ)ဖြစ်၏။
(၁၃) မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြစ်သော အထက်တရားထူးများကို ထိုးထွင်း၍မသိငြားသော် လည်း ကောင်းရာသုဂတိသို့သာလျှင် လားရာရှိပေ၏။

### * ဓမ္မာနုဿတိရှုပွားပုံကိုပြခြင်း

ဓမ္မာနုဿတိကမ္မဋ္ဌာန်းကို ရှုပွားလိုသောယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ကပ် ၍ အပြင်ပအာရုံများမှဖဲခွါကာ သေဝပ်သောစိတ်ရှိသည်ဖြစ်၍-

(၁) သွာက္ခာတော ဘဂဝါတာဓမ္မော - မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောတော်မူအပ်ပါပေ၏၊
(၂) သန္ဒိဋ္ဌိကော - ထိုကောင်းစွာဟောထားသောတရားတော်သည် မိမိကိုယ်တိုင်ပင်တွေ့ မြင်အပ်, တွေ့မြင်နိုင်သောတရားတော်မြတ်ပါပေတည်း၊

http://www.dhammadownload.com



(၃) အကာလိကော – အခါအခွင့် မဆိုင်းလင့်ဘဲ အသင့်လက်ငင်း ချက်ချင်းအကျိုးပေး တတ်သော်တရားတော်မြတ်ပါပေတည်း၊

(၄) ဧဟိပဿိကော – လာပါ, ကြည့်လှည့်ပါဟု ဖိတ်ခေါ်ထိုက်သော တရားတော်မြတ်ပါ ပေတည်း၊

(၅) ဩပနေယျိကော – ကိုယ်ထဲစိတ်ထဲရောက်အောင် ကျင့်ဆောင်ထိုက်သော တရားတော် မြတ်ပါပေတည်း၊

(၆) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ – တရားမြင်သိ ပညာရှိတို့သာလျှင် ကိုယ့်တရားနှင့်ကိုယ် အသီးသီးခံစားရသော တရားတော်မြတ်ပါပေတည်း" ဟူ၍

ပရိယတ္တိတရားတော်၏ဂုဏ်တော်ကိုလည်းကောင်း၊ ကိုးပါးသော လောကုတ္တရာတရား တော်၏ဂုဏ်တော်ကိုလည်းကောင်း၊ အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်ကုန်၏။

## ၁ သွာက္ခာတဂုဏ်တော်အဖွင့်

"သွာက္ခာတော" – ကောင်းစွာဟောအပ်သည်ဟူသောပုဒ်၌ ပရိယတ်တရားသည်လည်း ပေါင်းရုံးရေတွက်ခြင်းသို့ရောက်၏၊ ကျန်ဂုဏ်တော်ငါးပုဒ်တို့၌ လောကုတ္တရာတရားကိုသာ သိမ်းယူအပ်၏။

(၁) ပရိယတ္တိတရားတော်သည် အစ, အလယ်, အဆုံးကောင်းပုံ

(၁) ထိုပရိယတ္တိဓမ္မ, လောကုတ္တရာဓမ္မနှစ်ပါးတို့တွင် ပရိယတ္တိဓမ္မသည် အစ, အလယ်, အဆုံး သုံးပါးလုံးကောင်းသည်၏အဖြစ်ကြောင့်လည်းကောင်း၊ ကောင်းမြတ်သော အနက်, သဒ္ဒါတို့နှင့်ပြည့်စုံသည့်အပြင် အလုံးစုံပြည့်စုံ၍ ထက်ဝန်းကျင်စင်ကြယ်သော မြတ်စရိယ ခေါ် အကျင့်မြတ်ကို ပြတတ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ ကောင်းစွာဟောအပ် သောတရားတော်မည်ပါပေ၏။

ရှု၍ပြဦးအံ့၊ မြတ်စွာဘုရားသည် တစ်ခုသောဂါထာကိုဟောသော်လည်း ထိုဂါထာ သည် အဆုံးအမတရားတော်၏ထက်ဝန်းကျင်အဖို့တို့ဖြင့် ကောင်းခြင်းကြောင့် ပထမ အပိုဒ်ဖြင့် အစကောင်းသည်မည်၏။ ဒုတိယနှင့်တတိယအပိုဒ်တို့ဖြင့် အလယ်ကောင်းခြင်း ကို ပြ၏၊ စတုတ္ထပိုဒ်ဖြင့် အဆုံးကောင်းခြင်းကိုပြ၏။

အဆက်အစပ် အနုသန္ဓေတစ်ခုသာရှိသောသုတ်သည် အကြောင်းပြနိဒါန်းဖြင့် အစ ကောင်းသည်မည်၏၊ နိဂုံးချုပ်စကားဖြင့် အဆုံးကောင်းခြင်းကို ပြ၏။ ကြွင်းသောအလယ် ပိုင်းဖြင့် အလယ်ကောင်းခြင်းကိုပြ၏။

အထူးထူးသောအနုသန္ဓေရှိသောသုတ်သည် ပထမအနုသန္ဓေဖြင့် အစကောင်းခြင်းကို ပြ၏၊ နောက်ဆုံးအနုသန္ဓေဖြင့် အဆုံးကောင်းခြင်းကိုပြ၏၊ ကြွင်းသောအနုသန္ဓေတို့ဖြင့် အလယ်ကောင်းခြင်းကို ပြ၏။

(၂) စင်စစ်သော်ကား နိဒါန်းနှင့်တကွ အကြောင်းအတ္ထုပ္ပတ္တိနှင့်တကွဖြစ်သောကြောင့်

http://www.dhammadownload.com



အစ၏ကောင်းခြင်းသည် ဖြစ်၏။ ဝေနေယျသတ္တဝါတို့အား လျော်ခြင်းကြောင့်လည်းကောင်း၊ အနက်အဓိပ္ပါယ်၏မဖောက်မပြန်သည်အဖြစ်ကြောင့်လည်းကောင်း၊ အကြောင်းဥဒါဟရဏ်တို့နှင့်ယှဉ်ခြင်းကြောင့်လည်းကောင်း၊ အလယ်၏ကောင်းခြင်းသည် ဖြစ်၏။ နာကြားသူတို့အား သဒ္ဓါတရားရခြင်းကိုဖြစ်စေခြင်းဖြင့်လည်းကောင်း၊ နိဂုံးဖြင့်လည်းကောင်း၊ အဆုံး၏ကောင်းခြင်းသည် ဖြစ်၏။

(၃) တစ်နည်းသော်ကား အလုံးစုံသော သုတ်, ဝိနည်း, အဘိဓမ္မာဟူသည့် သာသနာတော်ဓမ္မသည် မိမိ၏အနက်ဖြစ်သော သီလဖြင့်အစ၌ကောင်းပေ၏၊ သမထ, ဝိပဿနာ, မဂ်, ဖိုလ်တို့ဖြင့် အလယ်၌ကောင်းပေ၏၊ နိဗ္ဗာန်ဖြင့် အဆုံး၌ကောင်းပေ၏။

(၄) တစ်နည်းကား သီလနှင့်သမာဓိတို့ဖြင့် အစ၌ကောင်းပေ၏၊ ဝိပဿနာနှင့်မဂ်တို့ဖြင့် အလယ်၌ကောင်းပေ၏၊ ဖိုလ်နှင့်နိဗ္ဗာန်တို့ဖြင့် အဆုံး၌ကောင်းပေ၏။

(၅) တစ်နည်းသော်ကား ဗုဒ္ဓမြတ်စွာဘုရား၏ကောင်းစွာပွင့်လင်းသော ဗောဓိဉာဏ်ရှိတော်မူခြင်းသည် အစ၏ကောင်းခြင်းမည်၏၊ တရားတော်၏ကောင်းမွန်မှန်ကန်သော တရားဖြစ်ခြင်းသည် အလယ်၏ကောင်းခြင်းမည်၏၊ သံဃာတော်တို့၏ထိုတရားတော်အတိုင်းကောင်းစွာကျင့်ခြင်းသည် အဆုံး၏ကောင်းခြင်းမည်၏။

(၆) တစ်နည်းကား ထိုတရားတော်ကိုနာကြားပြီးလျှင် ထိုတရားတော်၌ ညွှန်ပြထားသည့်အတိုင်းဖြစ်ရန် ကျင့်သောပုဂ္ဂိုလ်သည် ရအပ်သောသမ္မာသမ္ဗောဓိဉာဏ်ဖြင့် အစ၌ကောင်းပေ၏၊ ပစ္စေကဗောဓိဉာဏ်ဖြင့် အလယ်၌ကောင်းပေ၏၊ သာဝကဗောဓိဉာဏ်ဖြင့် အဆုံး၌ကောင်းပေ၏။

(၇) ထို့အပြင် ဤသာသနာတော်ဓမ္မသည် ကြားနာစဉ်ပင် နီဝရဏတို့ကိုကွာစေတတ်သောကြောင့် ကြားနာခြင်းဖြင့်လည်း ကောင်းကျိုးကိုဆောင်၏၊ ထို့ကြောင့် အစ၏ကောင်းခြင်းမည်၏၊ ကျင့်ပြန်လျှင်လည်း သမထချမ်းသာ, ဝိပဿနာချမ်းသာတို့ကို ဆောင်ပေးတတ်သောကြောင့် အကျင့်အားဖြင့်လည်း ကောင်းကျိုးကိုဆောင်၏၊ ထို့ကြောင့်အလယ်၏ကောင်းခြင်းမည်၏၊ ထိုသို့ကျင့်သောကြောင့် အကျင့်ပဋိပတ်၏အကျိုးပြီးလတ်သော် အတူပြု၍ရှုနိုင်သောတာဒိအဖြစ်ကို အရိယာအဖြစ်ကို ဆောင်ခြင်းကြောင့် အကျင့်၏အကျိုးအားဖြင့်လည်း ကောင်းခြင်းကိုဆောင်၏၊ ထို့ကြောင့် အဆုံး၏ကောင်းခြင်းသည် ဖြစ်၏။

ဤဆိုခဲ့သည့်အတိုင်း သာသနာတော်ဓမ္မသည် အစ, အလယ်, အဆုံး သုံးပါးလုံးကောင်းသည်၏အဖြစ်ကြောင့် ကောင်းစွာဟောအပ်သောတရားမည်ပါပေ၏။

(၂) အနက်အဓိပ္ပါယ်ဖောက်ပြန်ချွတ်လွဲခြင်းမရှိပုံ

တစ်နည်းသော်ကား သာသနာတော်ဓမ္မသည် အနက်အဓိပ္ပါယ်ဖောက်ပြန်ချွတ်လွဲခြင်းမရှိ၊ ကောင်းစွာဟောအပ်သည်အဖြစ်ကြောင့် သွာက္ခာတမည်၏။ ထင်ရှားအောင်ဆိုဦးအံ့၊

http://www.dhammadownload.com



သာသနာတော်မှအပြင်ပဖြစ်သော တိတ္ထိဆရာတို့ဟောထားသောတရား၏ အနက်အဓိပ္ပါယ်သည် ဖောက်ပြန်မှားယွင်း၏၊ ထိုဆရာတို့က "အန္တရာယ်ပြုတတ်၏"ဟု ဟောထားသောတရားတို့သည် စင်စစ် အန္တရာယ်ပြုတတ်သောသဘောမရှိချေ၊ "ဝဋ်ဆင်းရဲမှထုတ်ဆောင်တတ်၏"ဟု ဟောထားသောတရားတို့သည် ဝဋ်ဆင်းရဲမှလွတ်မြောက်ခြင်း မရှိချေ၊ ဖောက်ပြန်မှားယွင်းကုန်၏။ ထိုသို့ အလွဲလွဲအချော်ချော်ဖြစ်သောကြောင့် ထိုတိတ္ထိတို့၏ တရားသည် မကောင်းသဖြင့်ဟောအပ်သော "ဒုရက္ခာတ"တရားတို့သာဖြစ်ကုန်၏။

မြတ်စွာဘုရားဟောထားသောတရားတော်၏အနက်သည်ကား ထိုကဲ့သို့ဖောက်ပြန်မှားယွင်းခြင်းသို့ မရောက်ပေ။ "ဤတရားတို့သည် အန္တရာယ်ပြုတတ်ကုန်၏၊" "ဤတရားတို့သည် ဝဋ်ဆင်းရဲမှလွတ်မြောက်စေကုန်၏"ဟု ဟောကြားထားသောတရားတော်များသည် ထိုဟောတော်မူသည့်အတိုင်းဖြစ်၏၊ ဖောက်ပြန်ချွတ်ယွင်းခြင်းမရှိချေ။ ဤဆိုခဲ့သည့်အတိုင်း ကောင်းစွာဟောအပ်သောကြောင့် ပရိယတ္တိဓမ္မသည် "သွာက္ခာတ" မည်၏။

(၃) လောကုတ္တရာ တရားကိုးပါးသည် သွာက္ခာတမည်ပုံ

(၁) ထိုမှတစ်ပါး နိဗ္ဗာန်နှင့်လျော်သောအကျင့်ပဋိပတ်ကို ဟောတော်မူခြင်းကြောင့်လည်းကောင်း၊ အကျင့်ပဋိပတ်နှင့်လျော်သောနိဗ္ဗာန်ကို ဟောတော်မူခြင်းကြောင့်လည်းကောင်း လောကုတ္တရာတရားသည် ကောင်းစွာဟောအပ်သော "သွာက္ခာတ"တရားမည်ပါပေ၏။

ဒီဃနိကာယ် မဟာဂေါဝိန္ဒသုတ်တွင် ဖော်ပြထားသည်မှာ–"ထိုမြတ်စွာဘုရားသည် နိဗ္ဗာန်သို့ရောက်စေတတ်သောအကျင့်ပဋိပတ်ကို တပည့်သာဝကတို့အား ကောင်းစွာပညတ်ဟောကြားအပ်ပေ၏၊ နိဗ္ဗာန်သည်လည်းကောင်း၊ အကျင့်သည်လည်းကောင်း၊ နီးနှောမိ၏။ ဥပမာအားဖြင့် ဂင်္ဂါမြစ်ရေသည် ယမုံနာမြစ်ရေနှင့် နီးနှောညီညွတ်သကဲ့သို့ ဤအတူပင် ထိုမြတ်စွာဘုရားသည် တပည့်တို့အား နိဗ္ဗာန်ကိုလည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကိုလည်းကောင်း၊ ကောင်းစွာပညတ်တော်မူရာ နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်းအကျင့်တို့သည် နီးနှောညီညွတ်လှပေ၏။

(၂) ထို့အပြင် လောကုတ္တရာတရားတို့တွင် အရိယမဂ်(မဂ္ဂင်ရှစ်ပါး)သည် အယုတ်တရား လမ်းမှားနှစ်ရပ်သို့မကပ်မူဘဲ အလယ်လမ်းအကျင့်ဖြစ်၍ အလယ်လမ်းအကျင့်–မဇ္ဈိမပဋိပဒါဖြစ်သည်ဟု ဟောတော်မူသောကြောင့် သွာက္ခာတမည်ပါပေ၏။

(၃) သာမညဖိုလ်တို့သည် ကောင်းစွာငြိမ်းပြီးသောကိလေသာရှိသဖြင့် ငြိမ်းပြီးသောကိလေသာရှိ၏ဟုဟောတော်မူခြင်းသည် သွာက္ခာတဖြစ်ပါပေ၏။

(၄) နိဗ္ဗာန်သည် သဿတ–မြဲသောသဘောရှိ၏၊ အမတ–သေခြင်းကင်းသောသဘောရှိ၏၊ တာဏ–စောင့်ရှောက်တတ်သောသဘောရှိ၏၊ လေဏ–ပုန်းအောင်းရာဟူသော

http://www.dhammadownload.com



သဘောရှိ၏။ ဤသို့မြဲသောသဘောစသည်၏အစွမ်းဖြင့်ဟောအပ်သောကြောင့် သွာက္ခာတ မည်၏။

ဤသို့လျှင် လောကုတ္တရာတရားသည်လည်း "သွာက္ခာတ"မည်၏။

၂။ သန္ဒိဋ္ဌိကပုဒ်တော်အဖွင့်

(၁)အရိယမဂ်သည် အရိယပုဂ္ဂိုလ်၏သန္တာန်၌ ရာဂစသည်တို့၏မရှိခြင်း, ကင်းခြင်းကိုပြု၏၊ အရိယမဂ်ကို အရိယာပုဂ္ဂိုလ်ကိုယ်တိုင် မြင်အပ်ပေ၏။ ထို့ကြောင့် အရိယမဂ်သည် ကိုယ်တိုင်မြင်အပ်သော"သန္ဒိဋ္ဌိက"တရားတော်မည်ပေ၏။

မြတ်စွာဘုရားဟောကြားတော်မူသည်ကား–"အို–ပုဏ္ဏား၊ တပ်မက်သောသူသည် ရာဂကိလေသာကလွှမ်းမိုးနှိပ်စက်သည်ဖြစ်၍ သူ့စိတ်ကိုရာဂကိလေသာက ခွဲဆောင်သွားသည်ဖြစ်၍ မိမိကိုယ်ကိုဆင်းရဲစေခြင်းငှာလည်း ကြံစည်အားထုတ်၏၊ သူတစ်ပါးတို့ဆင်းရဲစေခြင်းငှာလည်းကြံစည်အားထုတ်၏၊ မိမိနှင့်သူတစ်ပါးနှစ်ဦးလုံးကိုဆင်းရဲစေခြင်းငှာလည်း ကြံစည်အားထုတ်၏၊ စိတ်၌ဖြစ်သောဆင်းရဲခြင်း, နှလုံးမသာယာခြင်းကိုလည်း ခံစားရ၏။

"တပ်မက်မှု–ရာဂကို ပယ်လိုက်သည်ရှိသော် မိမိကိုယ်ကိုနှိပ်စက်ခြင်းငှာလည်း မကြံစည်တော့ အားမထုတ်တော့၊ သူတစ်ပါးတို့ကိုနှိပ်စက်ခြင်းငှာလည်း မကြံစည်တော့ အားမထုတ်တော့၊ မိမိနှင့်သူတစ်ပါး နှစ်ဦးလုံးကိုနှိပ်စက်ခြင်းငှာလည်း မကြံစည်တော့ အားမထုတ်တော့။ စိတ်၌ဖြစ်သောဆင်းရဲခြင်း, နှလုံးမသာယာခြင်းကိုလည်း မခံစားရတော့။ အို–ပုဏ္ဏား၊ ဤသို့လျှင် တရားတော်သည် ကိုယ်တိုင်ရှုမြင်နိုင်သော "သန္ဒိဋ္ဌိက"မည်ပေ၏။

(၂) လောကုတ္တရာတရားကိုးပါးကို ရပြီးသောအရိယာသာဝကသည် သူတစ်ပါးကို ယုံကြည်၍ သိအပ်, ရောက်အပ်သည်၏အဖြစ်ကိုပယ်စွန့်၍ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ကိုယ်တိုင်မြင်အပ်, မျက်မှောက်ပြုအပ်၏။ ထို့ကြောင့် လောကုတ္တရာတရား(၉)ပါးသည် ကိုယ်တိုင်မြင်အပ်, မျက်မှောက်ပြုအပ်သော "သန္ဒိဋ္ဌိက"တရားဖြစ်ပေ၏။

(၃) တစ်နည်းကား ချီးမွမ်းအပ်သောဉာဏ် "ပညာ"ကို "သန္ဒိဋ္ဌိ"ဟုခေါ်၏၊ သန္ဒိဋ္ဌိမည်သောဉာဏ်ပညာဖြင့် အောင်နိုင်တတ်သောကြောင့် လောကုတ္တရာတရားသည် "သန္ဒိဋ္ဌိက" မည်၏။ ဤစကားမှန်၏၊ မဂ်, ဖိုလ်, နိဗ္ဗာန်တို့တွင် အရိယမဂ်သည် မိမိနှင့်သမ္ပယုတ်ဖြစ်သော ချီးမွမ်းအပ်သည့်ပညာဖြင့် ကိလေသာတို့ကိုအောင်နိုင်၏၊ အရိယဖိုလ်သည် မိမိ၏အကြောင်းဖြစ်သောမဂ်နှင့်ယှဉ်သောပညာဖြင့် ကိလေသာတို့ကို အောင်နိုင်၏၊ နိဗ္ဗာန်သည် မိမိကိုအာရုံပြုသော မိမိ၏အာရမ္မဏိကဖြစ်သောမဂ်ပညာဖြင့် ကိလေသာတို့ကို အောင်နိုင်၏။ ထို့ကြောင့် ရထားဖြင့်အောင်နိုင်တတ်သောစစ်သူရဲသည် "ရထိက"မည်သကဲ့သို့ ထို့အတူ လောကုတ္တရာတရားကိုးပါးသည် သန္ဒိဋ္ဌိမည်သောမဂ်ပညာဖြင့် ကိလေသာတို့ကို အောင်နိုင်တတ်သောကြောင့် "သန္ဒိဋ္ဌိက"မည်ပေ၏။

http://www.dhammadownload.com



### ၃။ အကာလိကဂုဏ်တော်အဖွင့်

အရိယမဂ်သည် မိမိဖြစ်ပြီးသည်၏အခြားမဲ့၌ပင်လျှင် မိမိ၏အကျိုးဖြစ်သောအရိယဖိုလ်ကို ဖြစ်စေ၏။ ဤသို့ အကျိုးပေးရန်အချိန်ကာလဆိုင်းလင့်ခြင်းမရှိဘဲ အကျိုးပေးတတ်သောကြောင့် အရိယမဂ်သည် "အကာလိက"မည်၏။

လောကီကုသိုလ်သည် ဝေးသောအကျိုးပေးရာကာလရှိ၏၊ ထို့ကြောင့်"ကာလိက"မည်၏။ လောကုတ္တရာမဂ်သည်ကား မိမိ၏အခြားမဲ့၌အကျိုးပေးတတ်သောကြောင့် အကျိုးပေးရန် ဝေးသောကာလရှိသည်မဟုတ်၊ ထို့ကြောင့် "အကာလိက"မည်၏။ ဤ "အကာလိက" ဟူသောဂုဏ်ပုဒ်သည် မဂ်တရားကိုသာ ရည်၍ဟောအပ်၏။

### ၄။ ဧဟိပဿိကဂုဏ်တော်အဖွင့်

"လာပါ, ရှုလှည့်ပါ"ဟုဖိတ်မန်ခြင်း(ဧဟိပဿ)အစီအရင်နှင့် ထိုက်တန်သောတရားကို "ဧဟိပဿိက"ဟုခေါ်၏။ မြတ်စွာဘုရားဟောကြားထားသောတရားတော်သည် "လာပါ, ရှုလှည့်ပါ"ဟုဖိတ်မန်ခြင်းငှာ ထိုက်တန်၏။ အဘယ်ကြောင့်နည်း။

ဤတရားတော်သည်(၁) ပရမတ္ထအားဖြင့် ထင်ရှားစွာရှိခြင်းကြောင့်လည်းကောင်း၊ (၂)ကိလေသာတို့မှ ထက်ဝန်းကျင်စင်ကြယ်ခြင်းကြောင့်လည်းကောင်း၊ ဖိတ်မန်ထိုက်ပေ၏။

ဥပမာ လက်ဆုပ်ထဲ၌ ရွှေငွေမရှိဘဲလျက် "ဤရွှေငွေကိုရှုလော့"ဟုဆိုခြင်းငှာ မတတ်ကောင်း၊ အဘယ်ကြောင့်နည်းဟူမူ မရှိသောကြောင့်ဖြစ်၏။ ထင်ရှားရှိပါသော်လည်း စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည့် ကျင်ကြီးကျယ်ငယ်တို့ကိုလည်း စိတ်ရွှင်လန်းစေရန် လာလှည့်ပါ၊ ရှုလှည့်ပါ"ဟုဆိုခြင်းငှာမတတ်ကောင်း၊ မြက်, သစ်ရွက်တို့ဖြင့် ဖုံးလွှမ်းအပ်သည်သာလျှင်ဖြစ်၏။ အဘယ့်ကြောင့်နည်းဟူမူ မစင်ကြယ်သောကြောင့်ဖြစ်၏။

လောကုတ္တရာတရား ၉ ပါးသည်ကား ပရမတ္ထသဘောအားဖြင့် ထင်ရှားစွာရှိသည့်အပြင် တိမ်တိုက်ကင်းရှင်းသောကောင်းကင်မှာ လပြည့်ဝန်းကဲ့သို့လည်းကောင်း၊ ပဏ္ဍုကမ္ဗလာပေါ်တွင်တင်ထားသည့် ပတ္တမြားစစ်ကဲ့သို့လည်းကောင်း၊ ထက်ဝန်းကျင်စင်ကြယ်ခြင်းလည်းရှိ၏။ ထိုသို့ ထင်ထင်ရှားရှားရှိခြင်း၊ ထက်ဝန်းကျင်တွင်လည်းစင်ကြယ်ခြင်းကြောင့် "လာလှည့်ရှုလှည့်ပါ"ဟူသော အစီအရင်ထိုက်ပေ၏၊ ထို့ကြောင့်"ဧဟိပဿိက"မည်ပေ၏။

### ၅။ ဩပနေယျိကဂုဏ်တော်အဖွင့်

ဤတရားတော်မြတ်သည် ကပ်၍ဆောင်ထိုက်သောကြောင့် "ဩပနေယျိက"မည်၏။ ကပ်၍ဆောင်ခြင်းကို "ဥပနယ"ဟုခေါ်၏။

တဟုန်းဟုန်းမီးတောက်လောင်နေသော အဝတ်ပုဆိုးကိုလည်းကောင်း၊ ဦးခေါင်းကိုလည်းကောင်း၊ လျစ်လျူရှုထား၍ ဘာဝနာ၏အစွမ်းဖြင့် မိမိ၏စိတ်၌ကပ်၍ဆောင်ခြင်းငှာထိုက်သောတရားသည် "ဩပနေယျိက"မည်၏။ ဤတရားသည် သင်္ခတဖြစ်သော

http://www.dhammadownload.com



လောကုတ္တရာတရားဟူသည့် မဂ်ဖိုလ်တရားပေတည်း။

အသခ်တဖြစ်သောလောကုတ္တရာတရား–နိဗ္ဗာန်သည်ကား မိမိစိတ်ဖြင့်အာရုံပြု၍ ကပ်၍ ဆောင်ခြင်းငှာထိုက်၏၊ ထို့ကြောင့် "ဩပနေယျိက"မည်၏။

တစ်နည်းကား အရိယမဂ်သည် အရိယာပုဂ္ဂိုလ်ကို နိဗ္ဗာန်သို့ဆောင်တတ်သောကြောင့် "ဩပနေယျ"မည်၏၊ ဖိုလ်နှင့်နိဗ္ဗာန်တရားသည် မျက်မှောက်ပြုအပ်သည်၏အဖြစ်သို့ ဆောင်အပ်သောကြောင့် "ဩပနေယျ"မည်၏။ ဥပနေယျသည်ပင်လျှင် "ဩပနေယျိက" မည်၏။

## ၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိဂုဏ်တော်အဖွင့်

အလုံးစုံသော ဥဂ္ဃဋိတညူ၊ ဝိပဉ္စိတညူ၊ နေယျပုဂ္ဂိုလ်ဟုဆိုအပ်သော သစ္စာသိမြင် အရိယာအရှင်သူမြတ်တို့သည် မိမိတို့၏သန္တာန်၌ အသီးအသီး "ငါသည်မဂ်ကိုပွားအပ်ပြီ၊ ဖိုလ်ကိုရအပ်ပြီ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုအပ်ပြီ"ဟု သိအပ်, ခံစားအပ်၏။ ထို့ကြောင့် မဂ်, ဖိုလ်, နိဗ္ဗာန်သည် "ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိ"မည်၏။

ချဲ့ဦးအံ့၊ ဥပဇ္ဈာယ်ဆရာပွားအပ်သောမဂ်သည် တပည့်၏ကိလေသာကို မပယ်ကုန်၊ ထိုတပည့်သည် ထိုဥပဇ္ဈာယ်ဆရာ၏ဖလသမာပတ်ဖြင့် ချမ်းသာစွာမနေရ၊ ထိုဆရာဥပဇ္ဈာယ် မျက်မှောက်ပြုအပ်သောနိဗ္ဗာန်ကိုလည်း မျက်မှောက်မပြုနိုင်။

ထို့ကြောင့် ဤမဂ်, ဖိုလ်, နိဗ္ဗာန်ဟူသောလောကုတ္တရာတရားတို့ကို သူတစ်ပါး၏ဦးခေါင်း ထက်၌ ဆင်ထားသောတန်ဆာကဲ့သို့ ရှုအပ်သည်မဟုတ်၊ မိမိ၏စိတ်၌သာလျှင် ဝိညူ ပုဂ္ဂိုလ်, အရိယာပုဂ္ဂိုလ်တို့သည် ရှုမြင်ခံစားအပ်၏။ ဤမဂ်, ဖိုလ်, နိဗ္ဗာန်တရားသည် လူမိုက် တို့၏အရာမဟုတ်ပေ။

တစ်နည်းကား ဤတရားသည် မျက်မှောက်ထင်ထင်ရှုမြင်ထိုက်သော "သန္ဒိဋ္ဌိက" ဂုဏ်ကြောင့် "သွာက္ခာတ"မည်၏၊ အခါမလင့်အကျိုးပေးခြင်း"အကာလိက"ဂုဏ်ကြောင့် "သန္ဒိဋ္ဌိက"မည်၏။ "လာလှည့်, ရှုလှည့်"ဟူသောအစီအရင်ကိုထိုက်ခြင်း "ဧဟိပဿိက" ဂုဏ်ကြောင့် "အကာလိက"မည်၏။ ဧဟိပဿိကမည်သောတရားသည်ပင် "ဩပနေယျိက" မည်၏။ ဤသို့လျှင် နောက်နောက်ပုဒ်သည် ရှေ့ရှေ့ပုဒ်၏အကြောင်းဟူ၍ သိအပ်၏။

## ဓမ္မာနုဿတိရှုပွားခြင်း

အထက်၌ဆိုခဲ့ပြီးသောစကားအစဉ်ဖြင့် တရားတော်၏ဂုဏ်တော်တို့ကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်၏၊ အောက်ပါအတိုင်းလည်း အောက်မေ့ဆင်ခြင်နိုင်၏။

၁။ သွာက္ခာတဂုဏ်တော်

မြတ်စွာဘုရား၏တရားတော်သည်

(၁) သွာက္ခာတော–လောဘ, ဒေါသ, မောဟငြိမ်းကြောင်း ကောင်းစွာဟောအပ်သောတရား တော်မြတ်ပါပေတကား။ (အံ ၁၊ ၂၁၈ အာဇီဝကသုတ်)

http://www.dhammadownload.com



(၂) သွာက္ခာတော–အစ, အလယ်, အဆုံး သုံးပါးလုံးကောင်းအောင် ကောင်းစွာဟောအပ်သောတရားတော်ပါပေတကား။

(၃) သွာက္ခာတော–ကြားနာရုံပင် အပူစင်၍ ကျင့်လျှင်ချမ်းသာ ပြီးမြောက်ပါက ရဟန္တာစင်စစ် ဧကန်ဖြစ်အောင် ဖွင့်လှစ်သေချာ ကောင်းစွာဟောအပ်သောတရားတော်မြတ်ပါပေတကား။

(၄) သွာက္ခာတော–ကိုယ်တိုင်မှန်စွာ သိပြီးခါမှ သတ္တဝါများ သိစေသားဟု ဟောကြားတော်မူသောကြောင့် ကောင်းမွန်မှန်ကန်စွာ ဟောအပ်သောတရားတော်မြတ်ပါပေတကား။

၂။ သန္ဒိဋ္ဌိကဂုဏ်တော်

(၁) သန္ဒိဋ္ဌိကော–ကျင့်ကြံအားထုတ်က မုချကိုယ်တိုင် သိမြင်နိုင်သောတရားတော်မြတ်ပါပေတကား။

(၂) သန္ဒိဋ္ဌိကော–ပွားစေလျက် မျက်မှောက်ပြုလျက် တွေ့မြင်ထိုက်သောတရားတော်မြတ်ပါပေတကား။

၃။ အကာလိကောဂုဏ်တော်

(၁) အကာလိကော–ချိန်ခါအခွင့် မဆိုင်းလင့်ဘဲ အသင့်လက်ငင်း ချက်ချင်းအကျိုးပေးတတ်သော တရားတော်မြတ်ပါပေတကား။

၄။ ဧဟိပဿိကောဂုဏ်တော်

(၁) ဧဟိပဿိကော–လာပါ, ရှုလှည့်ပါဟု ဖိတ်မန်တိုက်တွန်းထိုက်သောတရားတော်မြတ်ပါပေတကား။

၅။ ဩပနေယျိကောဂုဏ်တော်

(၁) ဩပနေယျိကော–ကိုယ်ထဲစိတ်ထဲရောက်အောင် ကျင့်ဆောင်ထိုက်သောတရားတော်မြတ်ပါပေတကား။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိဂုဏ်တော်

(၁) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ–တရားမြင်သိသည့် ပညာရှိရှစ်ပါး အရိယာပုဂ္ဂိုလ်များသာလျှင် ကိုယ်စီကိုယ်င သိမြင်ခံစားရသော တရားတော်မြတ်ပါပေတကား။

တရားတော်၏ဂုဏ်တော် ၆ ပါးကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ပြီးနောက် မိမိအနှစ်သက်ဆုံးဂုဏ်တော်တစ်ခုကိုစူးစိုက်၍ အဖန်တလဲလဲအောက်မေ့ဆင်ခြင်လျက် ဓမ္မာနုဿတိဘာဝနာကို ပွားစေရာ၏။ ထိုသို့အောက်မေ့ဆင်ခြင်သောသူအား ထိုအခိုက်အခါ၌ ရာဂထကြွသောင်းကျန်းသောစိတ်မဖြစ်၊ ဒေါသထကြွသောင်းကျန်းသောစိတ်မဖြစ်၊ မောဟထကြွသောင်းကျန်းသောစိတ်မဖြစ်။ ထိုပုဂ္ဂိုလ်၏စိတ်သည် တရားဂုဏ်တော်ကို အာရုံပြု၍ ဖြောင့်မတ်စွာဖြစ်၏။

http://www.dhammadownload.com



ဤသို့ ရာဂစသည်ထကြွသောင်းကျန်းခြင်းမရှိသောကြောင့် နီဝရဏကိုခွာပြီးသော ကမ္မဋ္ဌာန်းသို့ရှေးရှုသည်အဖြစ်ဖြင့် ဝိတက်, ဝိစာရတို့သည် တရားဂုဏ်တော်သို့ညွတ်ကာ မပြတ်ဖြစ်ကုန်၏။ တရားဂုဏ်တော်ကို အဖန်တလဲလဲသုံးသပ်ဆင်ခြင်နေသောယောဂီအား နှစ်သက်ဝမ်းမြောက်ခြင်းပီတိသည် ဖြစ်၏။ နှစ်သက်ဝမ်းမြောက်သည့်စိတ်ရှိသူအား ပီတိ လျှင်နီးသောအကြောင်းရှိသော ငြိမ်းအေးမှု-ပဿဒ္ဓိဖြင့် ကိုယ်စိတ်၏ပူပန်ခြင်းတို့သည် ငြိမ်းကုန်၏။ ပူပန်မှုငြိမ်းအေးသောပုဂ္ဂိုလ်အား ကိုယ်စိတ်ချမ်းသာခြင်း-သုခဖြစ်၏။ သုခ ရှိသူအား တရားဂုဏ်တော်လျှင် အာရုံရှိသည်ဖြစ်၍ စိတ်သည် ကောင်းစွာတည်ကြည်၏။ ဤသို့သောအစဉ်ဖြင့် တစ်ခုသောခဏ၌ ဈာန်အင်္ဂါတို့သည် ဖြစ်ပေါ်ကုန်၏။

သို့သော်လည်း တရားဂုဏ်တော်တို့၏နက်နဲခြင်းကြောင့်လည်းကောင်း၊ အထူးထူး အပြားပြား များလှစွာသောဂုဏ်တော်တို့ကို အောက်မေ့ဆင်ခြင်ခြင်းဖြင့် လေးမြတ်ယုံကြည် သည်အဖြစ်ကြောင့်လည်းကောင်း၊ အပ္ပနာဈာန်သို့မရောက်မူ၍ ဥပစာရမျှသာဖြစ်၏။ ထို ဥပစာရဈာန်သည် တရားဂုဏ်ကို အဖန်တလဲလဲအောက်မေ့သည်၏အစွမ်းဖြင့်ဖြစ်သော ကြောင့် "ဓမ္မာနုဿတိ"ဟူ၍သာလျှင် ရေတွက်ခေါ်ဆိုခြင်းသို့ ရောက်၏။

ဓမ္မာနုဿတိရှုပွားခြင်း၏အကျိုးများ

(၁) ဓမ္မာနုဿတိကမ္မဋ္ဌာန်းကို အားထုတ်သူသည် တရားဂုဏ်ကိုရှုမြင်ခြင်းဖြင့်တရားတော် ကိုဟောတော်မူတတ်သော မြတ်စွာဘုရားကို ရိုသေတုပ်ဝပ်ခြင်းဖြစ်၏။
(၂) တရားတော်ကိုရိုသေလေးမြတ်ခြင်းရှိသဖြင့် သဒ္ဓါတရားပေါ်များပြန့်ပြောသည်အဖြစ် ကို ရနိုင်၏။
(၃) နှစ်သက်ဝမ်းမြောက်ခြင်းများစွာဖြစ်၏။
(၄) ကြောက်မက်ဖွယ်ဘေးကြီးဘေးငယ်တို့ကို သည်းခံခြင်းငှာစွမ်းနိုင်၏။
(၅) ဆင်းရဲဒုက္ခကိုသည်းခံခြင်းငှာ စွမ်းနိုင်၏။
(၆) တရားတော်နှင့်အမြဲနီးစပ်ပေါင်းဖော်နေရသော အမှတ်သညာကိုရ၏။
(၇) တရားဂုဏ်တော်တို့ကို အဖန်တလဲလဲအောက်မေ့မှု-ဓမ္မာနုဿတိ၏ကိန်းအောင်းရာ ဖြစ်သော ထိုယောဂီ၏ခန္ဓာကိုယ်သည် စေတီအိမ်ကဲ့သို့ပူဇော်ခြင်းငှာထိုက်၏။
(၈) အတုမရှိသောတရားထူး(အရဟတ္တမဂ်ဖိုလ်)ကို ရခြင်းငှာစိတ်ညွတ်၏။
(၉) လွန်ကျူးအပ်သောဝတ္ထုနှင့် ပက်ပင်းကြုံတွေ့လာလျှင်လည်း တရားတော်၏ဂုဏ်ကို အဖန်တလဲလဲအောက်မေ့နေသောထိုပုဂ္ဂိုလ်အား ရှက်ခြင်းကြောက်ခြင်း-ဟိရိဩတ္တပ္ပတို့ ရှေးရှုထင်၏။
(၁၀) မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဟူသော အထက်တရားထူးများကို ထိုးထွင်း၍မသိငြားသော် လည်း ကောင်းရာသုဂတိသို့သာလျှင် လားရာရှိပေ၏။

http://www.dhammadownload.com



* သံဃာနုဿတိရှုပွားပုံကိုပြခြင်း

သံဃာနုဿတိကမ္မဋ္ဌာန်းကို ရှုပွားလိုသောယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ အပြင်ပအာရုံများမှဖဲခွာကာ သေဝပ်သောစိတ်ရှိလျက်-

(၁) သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော-မြတ်စွာဘုရား၏ တပည့်သားအပေါင်းသံဃာတော်သည် ကောင်းစွာကျင့်ကြံတော်မူတတ်ပါပေ၏။

(၂) ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော-မြတ်စွာဘုရား၏ တပည့်သားအပေါင်းသံဃာတော်သည် ဖြောင့်မှန်စွာကျင့်ကြံတော်မူတတ်ပါပေ၏။

(၃) ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော-မြတ်စွာဘုရား၏ တပည့်သားအပေါင်းသံဃာတော်သည် နိဗ္ဗာန်အလို့ငှာ ကျင့်ကြံတော်မူတတ်ပါပေ၏။

(၄) သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော-မြတ်စွာဘုရား၏ တပည့်သားအပေါင်းသံဃာတော်သည် လူများကပြုသည့်ရိုသေမှုနှင့်သင့်တင့်ထိုက်တန်အောင်ကျင့်ကြံတော်မူတတ်ပါပေ၏။

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ-အကြင်လေးခုကန်သောယောကျ်ားအစုံတို့နှင့် ရှစ်ယောက်ကုန်သောယောကျ်ားတို့သည် ရှိကုန်၏။

(၅) ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော-ဤလေးစုံနှင့်ရှစ်ယောက်ဟူသော မြတ်စွာဘုရား၏တပည့်သားအပေါင်းသံဃာတော်သည် အရပ်ဝေးမှဆောင်ယူခဲ့၍ပေးလှူသည်ကို ခံယူထိုက်ပါပေ၏။

(၆) ပါဟုနေယျော-ဧည့်ခံကျွေးမွေးဖွယ်ကိုလည်း ပေးလှူသည်ကိုခံယူရန်ထိုက်တန်လှပါပေ၏။

(၇) ဒက္ခိဏေယျော-မြတ်သောအလှူကိုခံယူထိုက်ပါပေ၏။

(၈) အဉ္ဇလိကရဏီယော-လက်အုပ်ချီမိုး၍ရှိခိုးရန်ထိုက်တန်လှပါပေ၏။

(၉) အနုတ္တရံ ပုညက္ခေတ္တံ လောကဿ-သတ္တဝါအပေါင်းလူအပေါင်းဟူသောလောက၏ကောင်းမှုမျိုးတို့ကို စိုက်ပျိုးဖို့ရာလယ်ယာမြေ အကောင်းဆုံးအမြတ်ဆုံးပါပေတည်း

ဟူ၍ အရိယာသံဃာတော်၏ဂုဏ်တို့ကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်အပ်ကုန်၏။

သုပ္ပဋိပန္နဂုဏ်တော်အဖွင့်

(၁) ထိုသံဃာဂုဏ်တော်ပြစကားရပ်၌ "သုပ္ပဋိပန္န"ဆိုသည်ကား ကောင်းစွာကျင့်ခြင်းတည်း၊ မဖောက်မပြန်မှန်ကန်သောအကျင့်၊ တစ်ဖန်ပြန်လည်ခြင်းမရှိသောမဆုတ်မနစ်သည့်အကျင့်၊ နိဗ္ဗာန်အားလျော်သောအကျင့်၊ နိဗ္ဗာန်နှင့်မဆန့်ကျင်သောအကျင့်၊ လောကုတ္တရာ(နိဗ္ဗာန်)တရားအားလျော်သောသမ္မာပဋိပတ်အကျင့်ကို ကျင့်သည်ဟုဆိုလို၏။

"သာဝကသံဃော"ဆိုရာ၌ မြတ်စွာဘုရား၏ဩဝါဒအဆုံးအမကို ရိုသေလေးမြတ်စွာနာခံတတ်သောပုဂ္ဂိုလ်သည် "သာဝက"-တပည့်သားမည်၏။ တပည့်သားသာဝကတို့၏

http://www.dhammadownload.com



အပေါင်းသည် "သာဝကသံဃာ"မည်၏၊ အရိယသီလ, အရိယဒိဋ္ဌိတည်းဟူသော အယူ သီလချင်းတူညီကြသည်အဖြစ်ဖြင့် ပေါင်းစပ်သည်အဖြစ်သို့ရောက်သော တပည့်သာဝက အပေါင်းဟုဆိုလို၏။

(၂) တစ်နည်းကား တပည့်သာဝကအပေါင်းသည် ကောင်းစွာဟောအပ်သောတရား ဝိနည်းဟူသည့်သာသနာတော်၌ ဆုံးမညွှန်ကြားသည့်အတိုင်းကျင့်သောကြောင့်လည်း, "သုပ္ပဋိပန္န"–ကောင်းစွာကျင့်သည်မည်ပေ၏၊ မချွတ်မယွင်း ကေနက်ကိန်းသေဖြစ်သောအ ကျင့်ကို ကျင့်သောကြောင့်လည်း"သုပ္ပဋိပန္န"–ကောင်းသောအကျင့်ကို ကျင့်သည်မည် ပေ၏။

## ၂။ ဥဇုပ္ပဋိပန္နဂုဏ်တော်အဖွင့်

(၁) ထိုကောင်းမွန်မှန်ကန်သောအကျင့်သည် ဥဇု–ဖြောင့်မတ်၏၊ နွားကျင်ငယ်ရေးကဲ့ သို့မကောက်၊ လရေးကဲ့သို့မကောက်၊ ထယ်ကိုင်း, ထွန်ကိုင်းကဲ့သို့မကောက်၊ နိဗ္ဗာန်သို့ဖြောင့် ဖြောင့်မတ်မတ်ပို့ဆောင်တတ်၏။ ထိုမှန်ကန်ဖြောင့်မတ်သောအကျင့်ကို ကျင့်သည့်သာဝက သံဃာကို "ဥဇုပ္ပဋိပန္န"–ဖြောင့်မှန်စွာကျင့်ကြံတတ်သည်ဟု ဆိုအပ်၏။

(၂) တစ်နည်းကား အလယ်အလတ်ဖြစ်သောမဇ္ဈိမပဋိပဒါအကျင့်ဖြင့် အယုတ်တရား လမ်းမှားနှစ်ရပ်ကို မကပ်မူ၍ ကျင့်သောကြောင့်လည်းကောင်း၊ ကာယကံ, ဝစီကံ, မနောကံ အကောက်အကွေ့တို့ကို ကြဉ်ရှောင်၍ ကျင့်သောကြောင့်လည်းကောင်း၊ သာဝကသံဃာ သည် "ဥဇုပ္ပဋိပန္န"–ဖြောင့်မတ်စွာကျင့်သည်မည်ပေ၏။

## ၃။ ဉာယပ္ပဋိပန္နဂုဏ်တော်အဖွင့်

(၁) ထိုကောင်းမွန်မှန်ကန်သောအကျင့်သည် ထက်ဝန်းကျင်စင်ကြယ်သောအရိယမဂ် ဉာဏ်ဖြင့် စင်ကြယ်သည့်(ဉာယ)နိဗ္ဗာန်ကိုသိစေအပ်သောကြောင့် သာဝကသံဃာသည် "ဉာယပ္ပဋိပန္န"–နိဗ္ဗာန်အလို့ငှာ သင့်လျော်စွာကျင့်သည်ဟုဆိုအပ်၏။

(၂) တစ်နည်းကား နိဗ္ဗာန်ကို ဉာယဟုဆိုအပ်၏၊ ထိုနိဗ္ဗာန်အကျိုးငှာကျင့်သောကြောင့် သာဝကသံဃာသည် "ဉာယပ္ပဋိပန္န"မည်ပေ၏။

## ၄။ သာမီစိပ္ပဋိပန္နဂုဏ်တော်အဖွင့်

(၁) ထိုဖြောင့်မတ်မှန်ကန်သောအကျင့်သည် ဝဋ်ဆင်းရဲမှထွက်မြောက်ခြင်းငှာလျော် ကန်လှပေ၏။ ထို့ကြောင့် ထိုအကျင့်သမ္မာပဋိပဒါကိုကျင့်သော သာဝကသံဃာကို "သာမီ စိပ္ပဋိပန္န"–ဝဋ်ဆင်းရဲမှထွက်မြောက်ခြင်းငှာ သင့်လျော်သောအကျင့်ရှိသည်ဟု ဆိုအပ်၏။

(၂) တစ်နည်းကား မြတ်စွာဘုရားကောင်းစွာဟောအပ်သော တရားဝိနည်းတော်အတိုင်း ကျင့်သောကြောင့်လည်းကောင်း၊ မချွတ်မယွင်း ကေနက်ကိန်းသေဖြစ်သောအကျင့်ကိုကျင့် သောကြောင့်လည်းကောင်း၊ ကာယကံ, ဝစီကံ, မနောကံအကောက်အကွေ့တို့ကို ကြဉ်ရှောင်

http://www.dhammadownload.com



၍ကျင့်သောကြောင့်လည်းကောင်း၊ ထိုသာဝကသံဃာသည် "သာမိစိပ္ပဋိပန္န"–လူများက ပြုသည့်ရိုသေမှုနှင့် သင့်တင့်ထိုက်တန်အောင် ကျင့်သည်ဟုဆိုအပ်၏။

စတ္တာရိ ပုရိသယုဂ = ယောက်ျားမြတ်အစုံ(၄)ခု

(၁) သောတာပတ္တိမဂ်ပုဂ္ဂိုလ်, သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်တစ်စုံ၊

(၂) သကဒါဂါမိမဂ်ပုဂ္ဂိုလ်, သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်တစ်စုံ၊

(၃) အနာဂါမိမဂ်ပုဂ္ဂိုလ်, အနာဂါမိဖိုလ်ပုဂ္ဂိုလ်တစ်စုံ၊

(၄) အရဟတ္တမဂ်ပုဂ္ဂိုလ်, အရဟတ္တဖိုလ်ပုဂ္ဂိုလ်တစ်စုံ၊

ဤယောက်ျားမြတ်အစုံ(၄)ပါး(ဝါ)အရိယာပုဂ္ဂိုလ်(၈)ဦးကို "မြတ်စွာဘုရား၏တပည့်သားသံဃာတော်"ဟု ဆိုအပ်၏။

## ၅။ အာဟုနေယျဂုဏ်တော်အဖွင့်

(၁) အဝေးမှဆောင်ယူလာ၍ သီလရှိသောပုဂ္ဂိုလ်တို့အား ပေးလှူပူဇော်အပ်သောပစ္စည်းလေးပါးကို "အာဟုန" ဟုခေါ်၏၊ ထိုပစ္စည်းလေးပါးပေးလှူပူဇော်မှုကို အကျိုးကြီးအောင်ပြုတတ်သောကြောင့် ထိုပစ္စည်းလေးပါးကိုခံယူခြင်းငှာထိုက်သောအရိယာသံဃာတော်သည် "အာဟုနေယျ" မည်၏။

(၂) တစ်နည်းကား အရပ်ဝေးမှသော်လည်းလာ၍ အလုံးစုံသောဥစ္စာနှစ်ကို အရိယာသံဃာတော်အား ပေးလှူပူဇော်ထိုက်၏။ ထို့ကြောင့်ထိုအရိယာသံဃာတော်သည် "အာဟဝနိယ" မည်၏။ သိကြားမင်းစသည်တို့၏ ပေးလှူပူဇော်သောဝတ္ထုကို ခံယူထိုက်သောကြောင့်လည်း အရိယာသံဃာတော်သည် "အာဟဝနိယ"မည်၏။

(၃) တစ်နည်းကား ပုဏ္ဏားတို့ပူဇော်အပ်သောမီးကို "အာဟဝနိယ"ဟုခေါ်၏။ ထိုမီး၌ဝတ္ထုပူဇော်ခြင်းသည် အကျိုးကြီးများသည်ဟု ထိုပုဏ္ဏားတို့အယူရှိကြ၏။ အကယ်၍ဝတ္ထုပူဇော်ခြင်းကို အကျိုးကြီးစေတတ်သောကြောင့် မီးသည်အာဟဝနိယမည်ပါမူ သံဃာတော်သည်သာလျှင် "အာဟဝနိယ"အစစ်ဖြစ်ရာ၏။ မှန်ပေ၏၊ သံဃာတော်၌ပေးလှူပူဇော်ခြင်းသည် ကြီးကျယ်သောအကျိုးရှိပေ၏။ မြတ်စွာဘုရားဟောကြားထားသည်မှာ

*"အကြင်ပုဂ္ဂိုလ်သည် တောအရပ်၌ အနှစ်တစ်ရာပတ်လုံးမီးကိုလုပ်ကျွေးပူဇော်ရာ၏၊ အကြင်သူတစ်ယောက်သည်ကား ပွားအပ်ပြီးသောအရိယာမဂ်ရှိသည့်ပုဂ္ဂိုလ်တို့အား တစ်ကြိမ်သော်လည်းကောင်း၊ တစ်ခဏမျှသော်လည်းကောင်း ပူဇော်ရာ၏။ ထိုသူ၏ပူဇော်ခြင်းသည်သာ မြတ်၏။ အနှစ်တစ်ရာပတ်လုံး မီးကိုပူဇော်လုပ်ကျွေးခြင်းသည် မမြတ်။"*

## ၆။ ပါဟုနေယျဂုဏ်တော်အဖွင့်

(၁) အရပ်ရှစ်မျက်နှာမှလာကြသော ချစ်မြတ်နိုးအပ်, နှလုံးကိုပွားစေတတ်ကုန်သော ဆွေမျိုးမိတ်ဆွေကောင်းတို့၏ အကျိုးငှာ ကောင်းမွန်စွာအထူးစီရင်ပြုပြင်ထားသော ဧည့်ခံ

http://www.dhammadownload.com



ကျွေးမွေးဖွယ်ပစ္စည်းတို့ကို "ပါဟုန" ဟုခေါ်၏။ ထိုဧည့်ခံကျွေးမွေးဖွယ်ပစ္စည်းတို့ကို ထို ဆွေမျိုးမိတ်ဆွေကောင်းတို့ကိုဖယ်ထား၍ သံဃာတော်အားသာလျှင် လှူခြင်းငှာသင့်လျော်ပေ၏။ သံဃာတော်သည်လည်း ထိုပါဟုနအလှူကို ခံယူခြင်းငှာ သင့်လျော်၏။ မှန်ပေ၏၊ သံဃာနှင့်အလားတူသော ဧည့်သည်ကောင်းမည်သည်မရှိပေ။

ထိုသံဃာတော်ကိုဘုရားနှစ်ဆူတို့၏အကြားကာလ (ကမ္ဘာအသင်္ချေလွန်သောကာလ) လွန်သောအခါ၌သာ ဖူးမြင်ရ၏၊ ဆန့်ကျင်ဘက်တို့နှင့်ရောယှက်ခြင်းမရှိဘဲ ချစ်မြတ်နိုးအပ်သည်၏အဖြစ်ကို ပြုတတ်ကုန်သော သီလစသည့်ဂုဏ်ကျေးဇူးတို့နှင့်လည်းပြည့်စုံ၏။ သို့အတွက် ဧည့်သည်အဖို့ရည်မှန်း၍ အကောင်းအမွန်အထူးစီရင်အပ်သော အာဂန္တုကဒါနကို ဤသံဃာတော်အား ပေးလှူရန်သင့်ပေ၏။ သံဃာတော်သည်လည်း ထိုပါဟုနကိုခံယူခြင်းငှာ သင့်လျော်သောကြောင့် "ပါဟုနေယျ" မည်ပေ၏။

(၂) အလုံးစုံသောအခြင်းအရာအပြားအားဖြင့်ဆောင်ယူလာ၍ ပူဇော်သောဝတ္ထုကို သံဃာတော်သည် ခံယူထိုက်သည်အဖြစ်ကြောင့် "ပါဟဝနိယ"မည်၏၊ ထိုမှပရိယာယ်အားဖြင့် "ပါဟုနေယျ"ဟုဆိုအပ်၏။

### ၇။ ဒက္ခိဏေယျဂုဏ်တော်အဖွင့်

(၁) ထို့အပြင် တမလွန်လောကကိုယုံကြည်၍ ပေးလှူသောအလှူဝတ္ထုကို "ဒက္ခိဏာ"ဟု ခေါ်၏။ ထိုဒက္ခိဏာအလှူဝတ္ထုကိုခံယူရန်ထိုက်တန်သောကြောင့် သံဃာတော်သည် "ဒက္ခိဏေယျ"မည်ပေ၏။

(၂) တစ်နည်းကား သံဃာတော်သည် ထိုကြီးပွားကြောင်းဖြစ်သောဒက္ခိဏာအလှူကို အကျိုးကြီးအောင်ပြုတတ်သည်အဖြစ်ဖြင့် စင်ကြယ်စေတတ်၏၊ ထို့ကြောင့် သံဃာတော်သည် "ဒက္ခိဏေယျ"မည်ပေ၏။

### ၈။ အဉ္ဇလီကရဏီယဂုဏ်တော်အဖွင့်

အလုံးစုံသောလူတို့၏လက်နှစ်ဖက်တို့ကို ဦးခေါင်းထက်၌ထား၍ လက်အုပ်ချီမိုးရှိခိုးခြင်းကိုခံယူထိုက်သောကြောင့်သံဃာတော်သည် "အဉ္ဇလီကရဏီယ" မည်တော်ပါပေ၏။

### ၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿဂုဏ်တော်အဖွင့်

"အနုတ္တရံ ပုညက္ခေတ္တံ လောကဿ"ဟူသည်ကား အလုံးစုံသောသတ္တဝါအပေါင်းဟူသောလောက၏ အမြတ်ဆုံးဖြစ်သည့်ကောင်းမှုကုသိုလ်မျိုးကို စိုက်ပျိုးရာဌာနဖြစ်သည်ဟု ဆိုလို၏။ ဥပမာ မင်း၏သလေးစပါးတို့၏ပေါက်ရောက်စည်ပင်ရာလယ်မြေကို မင်း၏သလေးစပါးခင်းဟု ဆိုအပ်သကဲ့သို့ ဤအတူပင် သံဃာတော်သည် အလုံးစုံသောလောက၏ကောင်းမှုပုညတို့ ပေါက်ပွားစည်ပင်ရာလယ်ယာမြေကောင်းဟူ၍ ဆိုအပ်ပေ၏။

မှန်ပေ၏၊ သံဃာတော်ကို အမှီပြု၍ သတ္တဝါအပေါင်းဟူသောလောက၏ အထူးထူး

http://www.dhammadownload.com



အပြားပြားသော်စီးပွားချမ်းသာကို ဖြစ်စေတတ်ကုန်သောကုသိုလ်ကောင်းမှုမျိုးတို့သည် ပေါက်ပွားစည်ပင်ကြကုန်၏။ ထို့ကြောင့်သံဃာတော်သည် လောက၏အတုမရှိသော ကောင်းမှုတို့၏ဖြစ်ပွားစည်ပင်ရာလယ်ယာမြေကောင်းဖြစ်သည် မှန်ပေ၏။

### သံဃာနုဿတိပွားခြင်း

အထက်၌ဆိုခဲ့သောစကားအစဉ်ဖြင့် သံဃာတော်၏ဂုဏ်တော်တို့ကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်၏။ အောက်ပါအတိုင်းလည်း အောက်မေ့ဆင်ခြင်နိုင်၏။

(၁) သုပ္ပဋိပန္နော – လောဘ, ဒေါသ, မောဟကင်းကြောင်း သီလ, သမာဓိ, ပညာ အကျင့်ကောင်းကို ကောင်းစွာကျင့်တော်မူတတ်ပါပေ၏။

(၂) ဥဇုပ္ပဋိပန္နော – ကိုယ်, နှုတ်, စိတ်ထား အကောက်သုံးပါးကင်းအောင် ဖြောင့်စင်းစွာကျင့်တော်မူတတ်ပါပေ၏။

(၃) ဉာယပ္ပဋိပန္နော – ဆင်းရဲငြိမ်းရန် နိဗ္ဗာန်အတွက်သာ သင့်လျော်စွာကျင့်တော်မူတတ်ပါပေ၏။

(၄) သာမီစိပ္ပဋိပန္နော – သူများကပြုသည့်ရိုသေမှုနှင့် သင့်တင့်ထိုက်တန်အောင် ကျင့်ကြံတော်မူတတ်ပါပေ၏။

(၅) အာဟုနေယျော – အရပ်ဝေးမှသော်လည်းဆောင်လာ၍ ပေးလှူပူဇော်ထိုက်, ပေးလှူသည်ကိုခံယူတော်မူထိုက်ပါပေ၏။

(၆) ပါဟုနေယျော – ချစ်မြတ်နိုးအပ်သည့်ဧည့်သည်များအတွက် အထူးပြုပြင်ထားသော စားကောင်းသောက်ဖွယ်ကိုသော်လည်း ပေးလှူပူဇော်ထိုက်, ခံယူတော်မူထိုက်ပါပေ၏။

(၇) ဒက္ခိဏေယျော – တမလွန်လောက၌ ကောင်းကျိုးရမည် ယုံကြည်မြော်မှန်း၍ လှူဒါန်းပေလတ် အလှူမြတ်ကို လျောက်ပတ်သင့်လျော် ခံယူတော်မူထိုက်ပါပေ၏။

(၈) အဉ္ဇလီကရဏီယော – ကောင်းကျိုးမြော်လျက် လက်နှစ်ဖက်ကို ထိပ်ထက်မှာချီမိုး၍ ရှိခိုးထိုက်ပါပေ၏။

(၉) အနုတ္တရံ ပုညက္ခေတ္တံ လောကဿ – သတ္တဝါအပေါင်း၏ကောင်းမှုမျိုးတို့ စိုက်ပျိုးကြီးပွား အကျိုးများရာ လယ်ယာမြေအကောင်းဆုံးဖြစ်ပါပေ၏။

သံဃာဂုဏ်တော်ဉပါးကို အဖန်ဖန်အောက်မေ့ဆင်ခြင်ပြီးနောက် မိမိအနှစ်သက်ဆုံး ဂုဏ်တော်တစ်ပါးကို စူးစိုက်၍ အဖန်တလဲလဲအောက်မေ့ဆင်ခြင်လျက် သံဃာနုဿတိ ဘာဝနာကို ပွားစေရာ၏။ ထိုသို့အောက်မေ့ဆင်ခြင်သောသူအား ထိုအခိုက်အခါ၌ ရာဂထကြွ သောင်းကျန်းသောစိတ်မဖြစ်၊ ဒေါသထကြွသောင်းကျန်းသောစိတ်မဖြစ်၊ မောဟထကြွ သောင်းကျန်းသောစိတ်မဖြစ်၊ ထိုပုဂ္ဂိုလ်၏စိတ်သည် သံဃာဂုဏ်တော်ကိုအာရုံပြု၍ဖြောင့်မတ်စွာဖြစ်၏။

http://www.dhammadownload.com



ဤသို့ ရာဂစသည်ထကြွသောင်းကျန်းခြင်းမရှိသောကြောင့် နီဝရဏကိုခွာပြီးသော ကမ္မဋ္ဌာန်းသို့ရှေးရှုသည်အဖြစ်ဖြင့် ဝိတက်, ဝိစာရတို့သည် သံဃာဂုဏ်တော်သို့ညွတ်ကာ မပြတ်ဖြစ်ကုန်၏။ သံဃာဂုဏ်တော်ကို အဖန်တလဲလဲသုံးသပ်ဆင်ခြင်နေသောယောဂီအား နှစ်သက်ဝမ်းမြောက်ခြင်း(ပီတိပါမောဇ္ဇ)သည်ဖြစ်၏။ နှစ်သက်ဝမ်းမြောက်သည့်စိတ်ရှိသူအား ပီတိလျှင်နီးသည့်အကြောင်းရှိသော ငြိမ်းအေးမှု–ပဿဒ္ဓိဖြင့် ကိုယ်စိတ်ပူပန်ခြင်းတို့သည် ငြိမ်းကုန်၏။ ပူပန်မှုငြိမ်းအေးသောပုဂ္ဂိုလ်အား ကိုယ်စိတ်ချမ်းသာခြင်း–သုခသည်ဖြစ်၏။ သုခရှိသူအား သံဃာဂုဏ်တော်လျှင်အာရုံရှိသည်ဖြစ်၍ စိတ်သည် ကောင်းစွာ တည်ကြည်၏။ ဤသို့သောအစဉ်ဖြင့် တစ်ခုသောခဏ၌ ဈာန်အင်္ဂါတို့သည် ဖြစ်ပေါ်ကုန်၏။

သို့သော်လည်း သံဃာဂုဏ်တော်တို့၏နက်နဲခြင်းကြောင့်လည်းကောင်း၊ အထူးထူး အပြားပြားများလှစွာသော ဂုဏ်တော်တို့ကို အောက်မေ့ဆင်ခြင်ခြင်းဖြင့် လေးမြတ်ယုံကြည်သည် အဖြစ်ကြောင့်လည်းကောင်း၊ အပ္ပနာဈာန်သို့မရောက်မူ၍ ဥပစာရဈာန်မျှသာဖြစ်၏။ ထိုဥပစာရဈာန်သည် သံဃာဂုဏ်တော်ကို အဖန်တလဲလဲအောက်မေ့သည်၏အစွမ်းဖြင့် ဖြစ်သောကြောင့် "သံဃာနုဿတိ" ဟူ၍သာလျှင် ရေတွက်ခြင်းသို့ရောက်၏။

### သံဃာနုဿတိရှုပွားခြင်း၏အကျိုးများ

(၁) သံဃာနုဿတိကမ္မဋ္ဌာန်းကိုအားထုတ်သူသည် သံဃာတော်၌ ရိုသေခြင်းတုပ်ဝပ်ခြင်း ရှိ၏။

(၂) သဒ္ဓါတရားပြန့်ပြောပေါများသည့်အဖြစ်ကိုရ၏။

(၃) နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်းများစွာဖြစ်၏။

(၄) ဘေးဥပဒ်တို့ကို သည်းခံနိုင်၏။

(၅) ဆင်းရဲဒုက္ခကို သည်းခံခြင်းငှာစွမ်းနိုင်လာ၏။

(၆) သံဃာတော်နှင့်အတူတကွ ပေါင်းဖော်ယှဉ်တွဲကာနေရသည်ဟူသော အမှတ်သညာကို ရ၏။

(၇) သံဃာနုဿတိကမ္မဋ္ဌာန်းကိန်းအောင်းစွဲနေသော ထိုပုဂ္ဂိုလ်၏ကိုယ်သည် အညီအညွတ် စည်းဝေးသည့်သံဃာရှိသော ဥပုသ်အိမ်ကဲ့သို့ ပူဇော်ခြင်းငှာထိုက်၏။

(၈) သံဃာဂုဏ်တော်တို့ကိုရခြင်းငှာ စိတ်ညွတ်၏။

(၉) လွန်ကျူးဖွယ်ရာဝတ္ထုနှင့်ဆုံတွေ့ရသော် သံဃာတော်ကို မျက်မှောက်မှာမြင်နေရဘိ သကဲ့သို့ ထိုယောဂီအား ရှက်ကြောက်မှု–ဟိရီဩတ္တပ္ပသည် ရှေးရှုထင်၏။

(၁၀) အထက်မဂ်ဖိုလ်တရားထူးကို ထိုးထွင်း၍မသိနိုင်စေကာမူ သုဂတိနတ်ရွာလျှင် လားရာ ရှိပေ၏။

http://www.dhammadownload.com



၄။ သီလာနုဿတိရှုပွားပုံကိုပြခြင်း

သီလာနုဿတိကမ္မဋ္ဌာန်းကို ပွားများလိုသောပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ အပြင်ပအာရုံများမှဖဲခွာကာ သေဝပ်သောစိတ်ရှိလျက်–"ငါ၏အကျင့်သီလတို့သည် ကောင်းမွန်ဖြူစင်ပေစွ၊ မကျိုး, မပေါက်, မပြောက်, မကျားဘဲရှိကြပါပေစွ၊ တဏှာကျွန်အဖြစ်မှ တော်လှန်အပ်ပေစွ၊ ပညာရှိတို့ ချီးမွမ်းထိုက်ပါပေစွ၊ တဏှာ, ဒိဋ္ဌိတို့က မသုံးသပ်အပ်ပေစွ၊ သမာဓိကို ဖြစ်စေနိုင်ပါပေစွ"ဟူ၍ ဤသို့စသည်ဖြင့် မိမိသီလ၏ဂုဏ်တို့ကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်အပ်၏။

ထိုသို့အောက်မေ့ဆင်ခြင်ရာ၌ လူ့ဝတ်ကြောင်သည် လူ၏သီလကို၊ ရဟန်းသည်ရဟန်း၏သီလတို့ကို အောက်မေ့ဆင်ခြင်အပ်၏။ လူ၏သီလဖြစ်စေ ရဟန်း၏သီလဖြစ်စေ အစ၌လည်းကောင်း အဆုံး၌လည်းကောင်း သိက္ခာပုဒ်တစ်ခုမျှမပျက်ငြားအံ့၊ ထိုသီလသည်အမြိတ်အစွန်း၌ ပြတ်သောအဝတ်ကဲ့သို့ ကျိုးပြတ်သည်မဟုတ်သောကြောင့် မကျိုးမပြတ်သော သီလ–အခဏ္ဍသီလမည်ပေ၏။

အကြင်သီလသည် အလယ်၌လည်းသီလသိက္ခာပုဒ် တစ်ခုမျှမပျက်ငြားအံ့၊ အလယ်၌ပေါက်သောပုဆိုးကဲ့သို့မပေါက်သောကြောင့် မပေါက်သောသီလ–အဆိဒ္ဒသီလ မည်ပေ၏။

အကြင်သီလသည် သိက္ခာပုဒ်၂–ခုဖြစ်စေ ၃–ခုဖြစ်စေ အစဉ်အားဖြင့်တစ်ဆက်တည်းမပျက်ကုန်ငြားအံ့၊ ထိုသီလသည် ကျော၌ဖြစ်စေ ဝမ်းဗိုက်၌ဖြစ်စေ အမည်းအနီစသည့်အစင်းအကွက်ရှိသောနွားမကဲ့သို့ ကြောင်ကျားသည်မဖြစ်။ ထို့ကြောင့် ထိုသီလသည်မကျားသောသီလ–အသဗလသီလမည်ပေ၏။

အကြင်သီလ၌ သိက္ခာပုဒ်တို့သည် အကြားအကြား၌မပျက်ကုန်ငြားအံ့၊ ထိုသီလသည် အဆင်ကွဲအပြောက်အစက်တို့ဖြင့် ဆန်းကြယ်သည့်နွားမကဲ့သို့ ပြောက်သည်မဖြစ်၊ ထို့ကြောင့်ထိုသီလသည် မပြောက်သောသီလ–အကမ္မာသသီလမည်ပေ၏။

သာမန်အားဖြင့်ကား အလုံးစုံသောသီလတို့သည် မေထုန်ငယ်(၇)ပါးနှင့်ယှဉ်ခြင်းဖြင့်လည်းကောင်း၊ ကောဓ, ဥပနာဟစသည့် ယုတ်မာသောတရားတို့ကလည်းကောင်း၊ မဖျက်ဆီးအပ်သည်အဖြစ်ကြောင့် အခဏ္ဍ, အဆိဒ္ဒ, အသဗလ, အကမ္မာသသီလတို့မည်ကုန်၏။ ထိုသီလတို့သည်ပင်လျှင် တဏှာ၏ကျွန်အဖြစ်မှလွတ်စေ၍ တော်လှန်သည်အဖြစ်ကိုပြုခြင်းကြောင့် ဘုဇိဿမည်ကုန်၏။ ဘုရားစသည့်ပညာရှိသူတော်ကောင်းတို့ ချီးမွမ်းအပ်သောကြောင့် ဝိညူပသတ္ထ(ပညာရှိတို့ချီးမွမ်းအပ်သည်)မည်ပေ၏။

ထိုသီလတို့သည်ပင်လျှင် တဏှာ, ဒိဋ္ဌိတို့မသုံးသပ်, မဖျက်ဆီးအပ်သည်အဖြစ်ကြောင့်လည်းကောင်း၊ တစ်စုံတစ်ယောက်က "ဤအရာသည် သင်၏သီလတို့၌ အပြစ်တည်း"ဟု မစွပ်စွဲ, မဖျက်ဆီးနိုင်ခြင်းကြောင့်လည်းကောင်း၊ အပရာမဋ္ဌ(မသုံးသပ်အပ်သည်)မည်ပေ၏။

http://www.dhammadownload.com



တစ်ဖန်ထိုသီလတို့သည် ဥပစာရသမာဓိ, အပ္ပနာသမာဓိတို့ကိုဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ တစ်နည်း–မဂ်သမာဓိ, ဖိုလ်သမာဓိတို့ကိုဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ သမာဓိသံဝတ္တနိက(သမာဓိကိုဖြစ်စေတတ်သည်)မည်ပေ၏။

ဤသို့ မကျိုးမပေါက်ခြင်းစသောဂုဏ်တို့၏အစွမ်းဖြင့် မိမိ၏သီလတို့ကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်သောပုဂ္ဂိုလ်အား ထိုအနိုက်အခါ၌ ရာဂထကြွသောင်းကျန်းသောစိတ်သည်မဖြစ်၊ ဒေါသထကြွသောင်းကျန်းသောစိတ်သည်မဖြစ်၊ မောဟထကြွသောင်းကျန်းသောစိတ်သည်မဖြစ်၊ ထိုအခါကာလ၌ သီလကိုအာရုံပြုသောထိုပုဂ္ဂိုလ်၏စိတ်သည် ဖြောင့်မတ်စွာဖြစ်၏။

ဤသို့ ရာဂစသည်ထကြွသောင်းကျန်းခြင်းမရှိသည်ဖြင့် နီဝရဏကိုခွာပြီးသော ကမ္မဋ္ဌာန်းသို့ရှေးရှုသည်အဖြစ်ဖြင့် ဝိတက်, ဝိစာရတို့သည် သီလ၏ဂုဏ်သို့ညွတ်ကာ မပြတ်ဖြစ်ကုန်၏။ သီလ၏ဂုဏ်ကို အဖန်တလဲလဲသုံးသပ်ဆင်ခြင်နေသောယောဂီအား နှစ်သက်ဝမ်းမြောက်ခြင်းပီတိဖြစ်၏။ နှစ်သက်ဝမ်းမြောက်သည့်စိတ်ရှိသူအား ပီတိလျှင်နီးသည့်အကြောင်းရှိသော ငြိမ်းအေးမှု–ပဿဒ္ဓိဖြင့် ကိုယ်စိတ်ပူပန်ခြင်းတို့သည် ငြိမ်းကုန်၏။ ပူပန်မှုငြိမ်းအေးသောယောဂီအား ကိုယ်စိတ်ချမ်းသာခြင်း–သုခသည်ဖြစ်၏။ သုခရှိသူအား သီလ၏ဂုဏ်လျှင် အာရုံရှိသည်ဖြစ်၍ စိတ်သည်ကောင်းစွာတည်ကြည်၏။ ဤသို့သောအစဉ်ဖြင့် တစ်ခုသောခဏ၌ ဈာန်အင်္ဂါတို့သည်ဖြစ်ပေါ်ကုန်၏။

သို့သော်လည်း သီလဂုဏ်၏နက်နဲသည်အဖြစ်ကြောင့်လည်းကောင်း၊ အထူးထူးအပြားပြားသောဂုဏ်ကို အဖန်တလဲလဲအောက်မေ့ခြင်း၌ စိတ်ညွတ်သောကြောင့်လည်းကောင်း၊ အပ္ပနာဈာန်သို့မရောက်မူ၍ ဥပစာရဈာန်မျှသာဖြစ်၏။ ထိုဥပစာရဈာန်သည် သီလဂုဏ်ကို အဖန်တလဲလဲအောက်မေ့သည်အစွမ်းဖြင့်ဖြစ်သောကြောင့် "သီလာနုဿတိ"ဟူ၍သာလျှင် ရေတွက်ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

**သီလာနုဿတိပွားခြင်း၏အကျိုးများ**

(၁) ဤသီလာနုဿတိကမ္မဋ္ဌာန်းကို အားထုတ်သောရဟန်းသည် သီလသိက္ခာ၌ ရိုသေခြင်းရှိ၏။

(၂) သီလပြည့်စုံသောပုဂ္ဂိုလ်တို့နှင့်တူသော အသက်မွေးခြင်းရှိ၏။

(၃) ပြုသင့်သောအာမိသပဋိသန္ထာရ, ဓမ္မပဋိသန္ထာရဝတ်တို့၌ မမေ့မလျော့ပေ။

(၄) မိမိကိုယ်ကို မိမိစွပ်စွဲခြင်း–အတ္တာနုဝါဒဘေးနှင့် သူတစ်ပါးတို့က မိမိကိုစွပ်စွဲခြင်း–ပရာနုဝါဒဘေးတို့မှ ကင်းရှင်း၏။

(၅) အဏုမြူမျှသောအပြစ်တို့၌သော်လည်း ကြောက်ဖွယ်ဘေးဟုရှုလေ့ရှိ၏။

(၆) သဒ္ဓါစသောတရားတို့၏ပြန့်ပြောခြင်းသို့ရောက်၏။

(၇) နှစ်သက်ဝမ်းမြောက်ခြင်း များစွာဖြစ်၏။

http://www.dhammadownload.com



(၈) အထက်မဂ်ဖိုလ်တရားထူးကို ထိုးထွင်း၍မသိငြားသော်လည်း နတ်ရွာသုဂတိလျှင် လားရာရှိပေ၏။

၅ စာဂါနုဿတိရှုပွားပုံကိုပြခြင်း

စာဂါနုဿတိကမ္မဋ္ဌာန်းကို ပွားများလိုသောပုဂ္ဂိုလ်သည် ပကတိပင်ကိုသဘောအားဖြင့် စွန့်ကြဲပေးကမ်းခြင်း၌ စိတ်ညွတ်ကိုင်းခြင်းရှိ၍ အမြဲတမ်းလှူဒါန်းခြင်း, မိမိသုံးဆောင်ဖွယ်ထဲမှ ခွဲခြမ်းပေးကမ်းခြင်းရှိသည်ဖြစ်ရာ၏။

တစ်နည်းကား စာဂါနုဿတိဘာဝနာကို အားထုတ်လိုသောပုဂ္ဂိုလ်သည် "ယနေ့မှစ၍ တောင်းခံလာသူရှိလျှင် အောက်ထစ်ဆုံးတစ်လုပ်တစ်ဆုပ်မျှသော်လည်း 'ပေးလှူဖွယ်ကို မပေးလှူဘဲမစားအံ့"ဟု ဆောက်တည်ခြင်းကို ပြုအပ်၏၊ ထိုစာဂါနုဿတိကို ပွားမည့်နေ့၌ သီလစသည့်ဂုဏ်ထူးရှိကုန်သောအလှူခံပုဂ္ဂိုလ်တို့၌ တတ်အားသမျှ လှူဖွယ်ကိုပေးလှူပြီးလျှင် ထိုအလှူဒါန၌ စွန့်ကြဲပေးလှူသောစေတနာဖြစ်ပုံကို နိမိတ်ယူ၍ ဆိတ်ငြိမ်ရာ၌ ကိန်းအောင်းလျက်--

(၁) လာဘာ ဝတ မေ--ငါ့အားအရတော်လေစွ၊ အလှူဒါန၏ကြီးကျယ်သောအကျိုးတို့သည် စင်စစ်ငါရမည့်လာဘ်ကြီးပါတကား။

(၂) သုလဒ္ဓံ ဝတ မေ--ငါသည် ကောင်းစွာရလေစွ၊ မြတ်စွာဘုရား၏သာသနာတော်နှင့်လူ့အဖြစ်ကိုရသည်မှာ စင်စစ်ငါ့မှာ ကောင်းစွာရခြင်းဖြစ်ပါပေစွ။ ငါသည် ဝန်တိုမှုအညစ်အကြေးက လွှမ်းမိုးနှိပ်စက်နေသောသတ္တဝါတို့၌ ဝန်တိုမှုအညစ်အကြေးကင်းသည့်စိတ်ဖြင့် နေရပေ၏။

(၃) မုတ္တစာဂေါ--တွယ်တာခြင်းငဲ့ကွက်ခြင်းမရှိဘဲ လွှတ်လွှတ်ကြီး စွန့်ကြဲပေးလှူခြင်း ရှိသည်ဖြစ်၍ နေရပေ၏။

(၄) ပယတပါဏိ--စင်ကြယ်စွာဆေးထားသောလက်ရှိသည်ဖြစ်၍၊ ဝါ--ဆုပ်ကိုင်မထားဘဲ ဖြန့်သောလက်ရှိသည်ဖြစ်၍ နေရပါပေ၏။

(၅) ဝေါဿဂ္ဂရတော--စွန့်လွှတ်လှူဒါန်းခြင်း၌ ပျော်မွေ့လျက်နေရပါပေ၏။

(၆) ယာစယောဂေါ--အလှူခံရန်သင့်လျော်သူဖြစ်လျက် နေရပါပေ၏။

(၇) ဒါနသံဝိဘာဂရတော--ပေးလှူခြင်းနှင့် ဝေဖန်ခွဲခြမ်း၍ပေးကမ်းခြင်းတို့၌ပျော်မွေ့လျက်နေရပါပေ၏" ဟူ၍--

ဤသို့လျှင် မစ္ဆရိယစသော အညစ်အကြေးကင်းသည့်ဂုဏ်တို့၏အစွမ်းဖြင့် မိမိ၏ စွန့်ကြဲလှူဒါန်းခြင်းကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်အပ်၏။

ရှင်းဦးအံ့၊ "ငါ့အားအရတော်လေစွ"ဆိုသည်ကား ဘုရားရှင်ဟောကြားအပ်သည့် အလှူဒါန၏ကြီးမားသောလာဘ်လာဘတို့သည် စင်စစ်ငါ၏အဖို့သာ ဖြစ်ပေ၏၊ ဘုရားရှင်ဟောထားသည်မှာ "ဆွမ်းလှူခြင်းသည် အသက်ရှည်ခြင်းကိုပေးလှူရာရောက်သောကြောင့်

http://www.dhammadownload.com



နတ်ပြည်၌ဖြစ်သောအသက်ရှည်ခြင်းကိုလည်းကောင်း၊ လူ့ပြည်၌ဖြစ်သည့်အသက်ရှည်ခြင်းကိုလည်းကောင်း ရပေ၏"၊ ထို့အပြင် "ပေးလှူသူကို အများကချစ်ကြည်ညို၏၊ ထိုပေးလှူသူသည် သူတော်ကောင်းတို့၏ထုံးတမ်းစဉ်လာကျင့်ဝတ်သို့ သက်ရောက်ပေ၏"၊ ဤသို့စသောနည်းတို့ဖြင့် မြတ်စွာဘုရားသည် အလှူဒါယကာ၏လာဘ်ကို ချီးမွမ်းတော်မူ၏၊ ထိုလာဘ်တို့သည် မချွတ်မလွဲ ငါ၏အဖို့ဖြစ်၏ဟု ဆိုလိုသည်။

"ငါသည်ကောင်းစွာရပေစွ"ဆိုသည်ကား အံ့ဖွယ်ရှစ်ဖြာနှင့်ပြည့်စုံသောသာသနာတော်နှင့် ဤလူ့အဖြစ်ကို ငါရပေ၏၊ ထိုရခြင်းသည် ငါ့အား စင်စစ်ကောင်းသောရခြင်းပေတည်း၊ အကြောင်းမူကား ငါသည် ဝန်တိုမှု-မစ္ဆေရအညစ်အကြေး ရှုပ်ထွေးသောင်းကျန်းနေသောသတ္တဝါအပေါင်း၌ ဝန်တိုမှုအညစ်အကြေးကင်းသည့်စိတ်ဖြင့် နေရပေ၏၊တွယ်တာငဲ့ကွက်ခြင်းမရှိဘဲ လွတ်လွတ်ကြီး စွန့်ကြဲပေးလှူခြင်းရှိသည်ဖြစ်၍ နေရပေ၏၊စင်ကြယ်စွာဆေးထားသောလက်ရှိသည်ဖြစ်၍ နေရပေ၏၊စွန့်လွှတ်လှူဒါန်းခြင်း၌ ပျော်မွေ့လျက်နေရပေ၏၊အလှူခံရန်သင့်လျော်သူဖြစ်လျက် နေရပေ၏၊ ပေးလှူခြင်းနှင့် ဝေဖန်ခွဲခြမ်း၍ပေးကမ်းခြင်းတို့၌ ပျော်မွေ့လျက်နေရပါပေ၏၊ထို့ကြောင့် ကောင်းစွာရပေ၏ဟုဆိုလို၏။

"မစ္ဆေရအညစ်အကြေး ရှုပ်ထွေးသောင်းကျန်းနေသော သတ္တဝါများအပေါင်း၌"ဆိုသည်ကား ဝန်တိုခြင်းမစ္ဆေရတည်းဟူသော အညစ်အကြေးဖြင့်နှိပ်စက်အပ်သော ကံအားလျော်စွာဖြစ်ကြသည့် သတ္တဝါတို့၌ဟု ဆိုလို၏။ ထို့ကြောင့် မိမိ၏စည်းစိမ်များ သူတစ်ပါးနှင့် ဆက်ဆံခြင်းကို သည်းမခံနိုင်ခြင်းလက္ခဏာရှိသော စိတ်၏ပြိုးပြိုးပြက်ပြက်တောက်ပခြင်းကို ဖျက်ဆီးတတ်ကုန်သည့် အမည်းအညစ်တရားတို့တွင် တစ်ပါးအပါအဝင်ဖြစ်သောဝန်တိုမှုအညစ်အကြေး၏ လွှမ်းမိုးနှိပ်စက်ခြင်းကို ခံနေရကုန်သောသတ္တဝါတို့၌ဟု ဆိုလိုပေ၏။ အမည်းအညစ်တရားတို့မှာ ရာဂ, ဒေါသ, မောဟ, မစ္ဆေရစသည့် အညစ်အကြေးတရား တို့ပေတည်း။

"စင်စွာဆေးအပ်သောလက်"ဟူသည်ကား ထက်ဝန်းကျင်စင်ကြယ်သည့်လက်ဖြင့်ရှိသေစွာ မိမိ၏လှူဖွယ်ဝတ္ထုကိုပေးလှူခြင်းငှာ အခါခပ်သိမ်း ရာဂ, ဒေါသ, မစ္ဆေရအညစ်အကြေးတို့မှ စင်ကြယ်သောလက်ရှိသည်ဟု ဆိုလို၏။

အထက်၌ဆိုခဲ့သည့်အတိုင်း မစ္ဆေရစသည့်အညစ်အကြေးကင်းသည့်ဂုဏ်တို့၏အစွမ်းဖြင့် မိမိ၏စွန့်ကြဲလှူဒါန်းခြင်းဂုဏ်ကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်နေသောပုဂ္ဂိုလ်အား ထိုအခါကာလ၌ ရာဂထကြွသောင်းကျန်းသောစိတ်သည်မဖြစ်၊ ဒေါသထကြွသောင်းကျန်းသောစိတ်သည်မဖြစ်၊ မောဟထကြွသောင်းကျန်းသောစိတ်သည်မဖြစ်။ ထိုအခါ၌စွန့်ကြဲလှူဒါန်းခြင်းဂုဏ်ကို အာရုံပြုသောထိုပုဂ္ဂိုလ်၏စိတ်သည် ဖြောင့်မတ်စွာဖြစ်၏။

ဤသို့ ရာဂစသည်ထကြွသောင်းကျန်းခြင်းမရှိသဖြင့် နီဝရဏကိုခွာပြီးသော ကမ္မဋ္ဌာန်းသို့ရှေးရှုသည်အဖြစ်ဖြင့် ဝိတက်, ဝိစာရတို့သည် ဒါန၏ဂုဏ်သို့ညွတ်ကာ မပြတ်ဖြစ်ကုန်

http://www.dhammadownload.com



၏။ ထိုသို့အစဉ်မပြတ်ဖြစ်နေသော ယောဂီအား နှစ်သက်ဝမ်းမြောက်ခြင်းပီတိဖြစ်၏။ နှစ်သက်ဝမ်းမြောက်သည့်စိတ်ရှိသူအား ပီတိလျှင်နီးသည့်အကြောင်းရှိသော ငြိမ်းအေးမှု-ပဿဒ္ဓိဖြင့် ကိုယ်စိတ်ပူပန်ခြင်းတို့သည် ငြိမ်းကုန်၏။ ပူပန်မှုငြိမ်းအေးသောယောဂီအား ကိုယ်စိတ်ချမ်းသာခြင်း-သုခသည် ဖြစ်၏။ သုခရှိသူအား ဒါန၏ဂုဏ်တွင်အာရုံရှိသည် ဖြစ်၍ စိတ်သည်ကောင်းစွာတည်ကြည်၏။ ဤသို့သောအစဉ်ဖြင့် တစ်ခုသောခဏ၌ ဈာန်အင်္ဂါတို့သည် ဖြစ်ပေါ်ကုန်၏။

သို့သော်လည်း ဒါနဂုဏ်၏နက်နဲသည်အဖြစ်ကြောင့်လည်းကောင်း၊ အထူးထူးအပြားပြားသောစွန့်ကြဲခြင်းဂုဏ်ကို အဖန်တလဲလဲအောက်မေ့ခြင်း၌ စိတ်ညွတ်သောကြောင့်လည်းကောင်း၊ အပ္ပနာဈာန်သို့မရောက်မူ၍ ဥပစာရဈာန်မျှသာဖြစ်၏။ ထိုဥပစာရဈာန်သည် စွန့်ကြဲလှူဒါန်းခြင်းဂုဏ်ကို အဖန်တလဲလဲအောက်မေ့သည်အစွမ်းဖြင့်ဖြစ်သောကြောင့် "စာဂါနုဿတိ"ဟူ၍သာလျှင် ရေတွက်ခေါ်ဝေါ်ခြင်းသို့ရောက်၏။

စာဂါနုဿတိရှုပွားခြင်း၏အကျိုးများ

(၁) စာဂါနုဿတိကမ္မဋ္ဌာန်းကို အားထုတ်သောရဟန်းသည် စွန့်ကြဲလှူဒါန်းခြင်း၌ အတိုင်းထက်အလွန်ညွတ်သောစိတ်ရှိပေ၏။

(၂) လောဘကင်းခြင်း-အလောဘ၌ အလိုအဖွဲ့သာသယရှိသည်ဖြစ်၍ တစ်စုံတစ်ရာသောအာရုံကိုမျှ မတပ်မက်ချေ။

(၃) မေတ္တာဘာဝနာနှင့်သင့်လျော်သည်ကို ပြုလေ့ရှိပေ၏။

(၄) ရွံ့ရှားခြင်းကင်းလျက် ရဲရင့်ပေ၏။

(၅) နှစ်သက်ဝမ်းမြောက်ခြင်းများစွာဖြစ်၏။

(၆) အထက်မဂ်ဖိုလ်တရားထူးကို ထိုးထွင်း၍မသိငြားသော်လည်း နတ်ရွာသုဂတိလျှင်လားရာရှိပေ၏။

## ၆ ဒေဝတာနုဿတိရှုပွားပုံကိုပြခြင်း

ဒေဝတာနုဿတိကမ္မဋ္ဌာန်းကို ပွားများလိုသောယောဂီပုဂ္ဂိုလ်သည် အရိယမဂ်ကိုရသည်၏အစွမ်းဖြင့် ကောင်းစွာဖြစ်ပေါ်ကုန်သော သဒ္ဓါစသည့်ဂုဏ်တို့နှင့်ပြည့်စုံရာ၏။ ထို့နောက် ဆိတ်ငြိမ်ရာအရပ်သို့ကပ်ရောက်လျက် အပြင်ပအာရုံများကိုဖဲခွာကာ ကမ္မဋ္ဌာန်း၌ကောင်းစွာစိတ်ကပ်တည်၍-

"စာတုမဟာရာဇ်ဘုံ၌နေကုန်သောနတ်တို့သည် ရှိကုန်၏၊ တာဝတိံသာဘုံ၌နေကုန်သောနတ်တို့သည် ရှိကုန်၏၊ ယာမာဘုံ၊ တုသိတာဘုံ၊ နိမ္မာနရတိဘုံ၊ ပရနိမ္မိတဝသဝတ္တိဘုံ၊ ဗြဟ္မာဘုံတို့၌နေကုန်သောနတ်ဗြဟ္မာတို့သည် ရှိကုန်၏။ ထိုနတ်တို့သည် အကြင်သို့သဘောရှိသော သဒ္ဓါတရားနှင့်ပြည့်စုံကြသောကြောင့် ဤလူ့ပြည်မှစုတေကြပြီးလျှင် ထိုနတ်ဘုံတို့၌ဖြစ်ကြကုန်၏။ ငါ့မှာလည်းထိုသို့သဘောရှိသောသဒ္ဓါတရားသည်ရှိပေ၏။

http://www.dhammadownload.com



ထိုနတ်တို့သည် အကြင်သို့သဘောရှိသော သီလ၊ အကြင်သို့သဘောရှိသောအကြားအမြင် သုတ၊ အကြင်သို့သဘောရှိသောစွန့်ကြဲလှူဒါန်းခြင်းစာဂ၊ အကြင်သို့သဘောရှိသောပညာတို့နှင့်ပြည့်စုံကြသောကြောင့် ဤလူ့ပြည်မှစုတေကြပြီးလျှင် ထိုနတ်ဘုံတို့၌ ဖြစ်ကြကုန်၏။ ငါ့မှာလည်း ထိုသို့သဘောရှိသောသဒ္ဓါ, သီလ, သုတ, စာဂ, ပညာတို့သည် ရှိပေ၏။"

ဤသို့လျှင် နတ်တို့ကိုသက်သေအရာ၌ထား၍ မိမိ၏သဒ္ဓါစသည့်ဂုဏ်တို့ကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်အပ်၏။

အင်္ဂုတ္တရနိကာယ် ဆက္ကနိပါတ် မဟာနာမသုတ်၌ မြတ်စွာဘုရားဟောထားသည်ကား–

"မဟာနာမ်၊ အကြင်အခါ၌ အရိယာ၏တပည့်သာဝကသည် မိမိ၏သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတို့ကိုလည်းကောင်း၊ နတ်တို့၏သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတို့ကိုလည်းကောင်း၊ အဖန်တလဲလဲအောက်မေ့၏။ ထိုအခါ၌ အရိယာသာဝက၏သန္တာန်၌ ရာဂထကြွသောင်းကျန်းသောစိတ်သည်မဖြစ်"ဟူ၍ ဖြစ်ပေ၏။

ထိုသို့ဟောသော်ငြားလည်း သက်သေအရာ၌ထားအပ်သည့် နတ်တို့၏သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတို့နှင့်တူမျှသည်ကိုပြခြင်းအကျိုးငှာ ဟောသည်ဟုသိအပ်၏။ မှန်ပေ၏၊ အဋ္ဌကထာ၌ နတ်တို့ကိုသက်သေအရာ၌ထား၍ မိမိ၏သဒ္ဓါစသည့်ဂုဏ်တို့ကို အဖန်တလဲလဲအောက်မေ့ရမည်ဟု ဆိုထားပေ၏။

ထို့ကြောင့် ဘာဝနာအားထုတ်ခါစ၌ နတ်တို့၏သဒ္ဓါစသည့်ဂုဏ်တို့ကို အဖန်ဖန်အောက်မေ့ပြီး၍ နောက်အဖို့၌ မိမိ၏ထင်ရှားရှိသော သဒ္ဓါစသည့်တူမျှသောဂုဏ်တို့ကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်အပ်၏။ ထိုသို့အောက်မေ့ဆင်ခြင်သောယောဂီပုဂ္ဂိုလ်အား ထိုအခါ၌ ရာဂထကြွသောင်းကျန်းသောစိတ်သည်မဖြစ်၊ ဒေါသထကြွသောင်းကျန်းသောစိတ်သည်မဖြစ်၊ မောဟထကြွသောင်းကျန်းသောစိတ်သည်မဖြစ်။ ထိုအခါ၌ ထိုယောဂီ၏စိတ်သည် နတ်တို့၏သဒ္ဓါစသည့်ဂုဏ်တို့နှင့်တူသော မိမိ၏သဒ္ဓါစသည့်ဂုဏ်တို့ကို အာရုံပြုလျက် ဖြောင့်မတ်သည်ဖြစ်၏။

ဤသို့ ရာဂစသည်ထကြွသောင်းကျန်းခြင်းမရှိသဖြင့် နီဝရဏကိုခွာ၍ပြီးသော ကမ္မဋ္ဌာန်းသို့ရှေးရှုသည်အဖြစ်ဖြင့် ဝိတက်, ဝိစာရတို့သည် သဒ္ဓါစသည်တို့၏ဂုဏ်သို့ညွတ်ကာ မပြတ်ဖြစ်ကုန်၏၊ ထိုသို့အစဉ်မပြတ်အဖန်တလဲလဲဖြစ်နေသောယောဂီအား နှစ်သက်ဝမ်းမြောက်ခြင်း–ပီတိဖြစ်၏၊ နှစ်သက်ဝမ်းမြောက်သည့်စိတ်ရှိသူအား ပီတိလျှင်နီးသည့်အကြောင်းရှိသော ငြိမ်းအေးမှု–ပဿဒ္ဓိဖြင့် ကိုယ်စိတ်ပူပန်ခြင်းတို့သည် ငြိမ်းကုန်၏။ ပူပန်မှုငြိမ်းအေးသောယောဂီအား ကိုယ်စိတ်ချမ်းသာခြင်း–သုခသည်ဖြစ်၏။ သုခရှိသူအား သဒ္ဓါစသည့်ဂုဏ်လျှင်အာရုံရှိသည်ဖြစ်၍ စိတ်သည်ကောင်းစွာတည်ကြည်၏။ ဤသို့သောအစီအစဉ်ဖြင့် တစ်ခုသောခဏ၌ ဈာန်အင်္ဂါတို့သည် ဖြစ်ပေါ်ကုန်၏။

http://www.dhammadownload.com



သို့သော်လည်း သဒ္ဓါစသည့်ဂုဏ်တို့၏နက်နဲသည်အဖြစ်ကြောင့်လည်းကောင်း၊ အထူးထူးအပြားပြားသောဂုဏ်တို့ကို အဖန်တလဲလဲအောက်မေ့ခြင်း၌စိတ်ညွတ်သောကြောင့်လည်းကောင်း၊ အပ္ပနာဈာန်သို့မရောက်မူ၍ ဥပစာရဈာန်မျှသာဖြစ်၏။ ထိုဥပစာရဈာန်သည် နတ်တို့၏သဒ္ဓါစသည့်ဂုဏ်တို့နှင့်တူသော မိမိ၏သဒ္ဓါစသည့်ဂုဏ်တို့ကို အဖန်တလဲလဲအောက်မေ့သည်၏အစွမ်းဖြင့် "ဒေဝတာနုဿတိ"ဟု ရေတွက်ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

ဒေဝတာနုဿတိရှုပွားခြင်း၏အကျိုးများ

(၁) ဒေဝတာနုဿတိကမ္မဋ္ဌာန်းကို အဖန်တလဲလဲအားထုတ်သောရဟန်းကို နတ်တို့သည် ချစ်ခင်နှစ်သက်ကြ၏၊ ကြည်ညိုမြတ်နိုးကြ၏။

(၂) သဒ္ဓါ, သီလ, သုတ, စာဂ, ပညာစသောသူတော်ကောင်းတရားတို့သည် အတိုင်းထက်အလွန် ပြန့်ပြောစည်ပင်ခြင်းသို့ရောက်၏။

(၃) နှစ်သက်ဝမ်းမြောက်ခြင်းများစွာဖြစ်၏။

(၄) အထက်မဂ်ဖိုလ်တရားထူးကို ထိုးထွင်း၍မသိငြားသော်လည်း နတ်ရွာသုဂတိလျှင်လားရာရှိပေ၏။

ပကိဏ္ဏကခေါ်ပြီးပြွမ်းပြဆိုချက်

ဗုဒ္ဓါနုဿတိစသည့် ၆-ပါးသောအနုဿတိတို့၏အကျယ်ဒေသနာ၌-"ထိုအခါ၌ ထိုယောဂီ၏စိတ်သည် မြတ်စွာဘုရားကိုအာရုံပြု၍ ဖြောင့်မတ်သည်ဖြစ်၏"စသည်တို့ကို ဟောတော်မူပြီးလျှင်-

"အို-မဟာနာမ်၊ ဖြောင့်မတ်သည့်စိတ်ရှိသောအရိယာ၏သာဝကသည် အတ္ထဝေဒကို ရ၏၊ ဓမ္မဝေဒကိုရ၏၊ ဓမ္မနှင့်စပ်သောဝမ်းမြောက်ခြင်းပါမောဇ္ဇကိုရ၏၊ ဝမ်းမြောက်သောသာဝကအား ပီတိသည်ဖြစ်၏"ဟု ဟောတော်မူ၏။

ထိုစကား၌ "ဣတိပိ သော ဘဂဝါ အရဟံ-ဤအကြောင်းကြောင့်လည်း ထိုမြတ်စွာဘုရားသည် အရဟံမည်တော်မူပါပေ၏"၊ ဤသို့စသောပုဒ်တို့၏အနက်ကိုမှီ၍ဖြစ်သောနှစ်သက်ခြင်းကိုရည်၍ "အတ္ထဝေဒကိုရ၏"ဟု ဟောတော်မူ၏၊ ဒေသနာပါဠိကိုမှီ၍ဖြစ်သော နှစ်သက်ခြင်းကိုရည်၍ "ဓမ္မဝေဒကိုရ၏"ဟု ဟောတော်မူ၏၊ အနက်, ပါဠိနှစ်မျိုးလုံး၏အစွမ်းဖြင့် တရားနှင့်စပ်သောဝမ်းမြောက်မှု-"ဓမ္မူပါမောဇ္ဇကိုရ၏"ဟု ဟောတော်မူ၏၊ ဤသို့သိအပ်၏။

ဒေဝတာနုဿတိကမ္မဋ္ဌာန်း၌ "နတ်တို့ကိုအာရုံပြု၍"ဟု ဟောတော်မူခြင်းမှာကမ္မဋ္ဌာန်းအားထုတ်ခါစတွင် နတ်တို့ကိုအာရုံပြု၍ဖြစ်သောစိတ်၏အစွမ်းဖြင့် (ဝါ) နတ်တို့၏ဂုဏ်များနှင့်တူကုန်သော နတ်အဖြစ်ကိုပြီးစေတတ်ကုန်သော သဒ္ဓါစသည့်ဂုဏ်တို့ကို အာရုံပြု၍ဖြစ်သော စိတ်၏အစွမ်းဖြင့် ဆိုခြင်းဖြစ်သည်ဟု သိအပ်၏။

ဤအနုဿတိ ၆-ပါးတို့သည် အရိယာသာဝကတို့အားသာလျှင်ပြည့်စုံကုန်၏။ မှန်

http://www.dhammadownload.com



ပေ၏၊ ထိုပုဂ္ဂိုလ်တို့အားသာလျှင် ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တို့သည် ထင်ရှားကုန်၏၊ ထို့အပြင် ထိုပုဂ္ဂိုလ်တို့သည် မကျိုးခြင်းစသောဂုဏ်တို့နှင့်ပြည့်စုံသော သီလရှိကုန်၏၊ အညစ်အကြေးမဆွေရကင်းသော စွန့်ကြဲလှူဒါန်းခြင်းနှင့်လည်း ပြည့်စုံကုန်၏၊ အာနုဘော်ကြီးသည့်နတ်တို့၏ဂုဏ်များနှင့်တူသော သဒ္ဓါစသည့်ဂုဏ်တို့နှင့်လည်း ပြည့်စုံကုန်၏။

မဟာနာမသုတ်၌ "သောတာပန်၏မိရာဝိဟာရ"-"သောတာပန်၏မိရာဖြစ်သောနေခြင်း"ကိုမေးလျှောက်သောကြောင့် မြတ်စွာဘုရားသည် သောတာပန်၏မိရာဝိဟာရကိုပြခြင်းအကျိုးငှာသာလျှင် ထိုအနုဿတိ ၆-ပါးတို့ကို အကျယ်ဟောတော်မူ၏။

ဂေဓသုတ်၌လည်း "အို-ရဟန်းတို့၊ ဤသာသနာတော်၌ အရိယာ၏တပည့်သည် ဣတိပိ သော ဘဂဝါ အရဟံ---(လ)---ဗုဒ္ဓေါဘဂဝါ"ဟူ၍ ငါဘုရား၏ဂုဏ်တော်တို့ကို အဖန်တလဲလဲအောက်မေ့၏၊ ထိုအခါ၌ ထိုအရိယာတပည့်၏စိတ်သည် ဖြောင့်မတ်သည်ဖြစ်၏၊ မက်မောဖွယ်-ဂေဓဟူသောကြောင့်ကြခြင်း-ပလိဗောဓမှ (ဝါ) စေးကပ်ငြိတွယ်သောကာမဂုဏ်မှ ထွက်နိုင်သည် လွတ်နိုင်သည် ထနိုင်သည်ဖြစ်၏။ အို-ရဟန်းတို့၊ ဂေဓဆိုသည်ကား ငါးပါးသောကာမဂုဏ်တို့၏အမည်ပေတည်း။ အို-ရဟန်းတို့၊ ဤဗုဒ္ဓါနုဿတိဖြင့်ရအပ်သော ဥပစာရစျာန်ကိုအာရုံပြု၍ ဤသာသနာတော်၌ အချို့သောသတ္တဝါတို့သည် ကိလေသာမှစင်ကြယ်ကုန်၏"ဟု အရိယာသာဝက၏အနုဿတိအစွမ်းဖြင့် စိတ်ကိုသုတ်သင်၍ အထက်ဖြစ်သောပရမတ္ထဝိသုဒ္ဓိကိုရခြင်းအကျိုးငှာ ဟောတော်မူပေ၏။

မဟာကစ္စာနမထေရ် (မဟာကစ္စည်းထေရ်)ဟောအပ်သော သမ္ဗာဓောကာသသုတ်၌လည်း "ငါ့ရှင်တို့ အံ့ဖွယ်ကောင်းပေစွ၊ မဖြစ်စဖူးထူးပါပေစွ၊ သိတော်မူမြင်တော်မူ၍ ပူဇော်အထူးကိုခံတော်မူထိုက်သော အလုံးစုံသောတရားကို မှန်စွာကိုယ်တိုင်သိတော်မူသော ထိုမြတ်စွာဘုရားသည် သတ္တဝါတို့၏စင်ကြယ်ခြင်းအလို့ငှာ။ ပ။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းအလို့ငှာ တဏှာကိလေသာတို့နှိပ်စက်သဖြင့် ကျဉ်းကျပ်သည့်လူ့ဘောင်၌ လောကုတ္တရာကိုရခြင်းအကျိုးငှာ အခွင့်အလမ်းကို အလွန်လျော်စွာသိတော်မူ၏။ အနုဿတိဋ္ဌာန ၆-ပါးဟူသောအခွင့်အလမ်းရခြင်းကိုသိတော်မူ၏၊ အရိယာသာဝကတို့၏သာလျှင် ပရမတ္ထဝိသုဒ္ဓိ(အမြတ်ဆုံးစင်ကြယ်ခြင်းသဘော)ဖြစ်သောနိဗ္ဗာန်ကို ရရန်အလို့ငှာ အခွင့်အလမ်းရခြင်း-ဩကာသာဓိဂမ၏အစွမ်းဖြင့် အနုဿတိ ၆-ပါးကိုဟောတော်မူ၏။

ဥပေါသထသုတ်၌လည်း "အို-ဝိသာခါ၊ အရိယာဥပုသ်ဟူသည် အဘယ်နည်းဟူမူ ညစ်နွမ်းသောစိတ်ကို လုံ့လပြုခြင်းဖြင့် ထက်ဝန်းကျင်စင်ကြယ်စေခြင်းပေတည်း။ အို-ဝိသာခါ၊ ညစ်နွမ်းသောစိတ်ကို အဘယ်သို့ လုံ့လပြုခြင်းဖြင့် ဖြူစင်စေသနည်းဟူမူ ဤသာသနာတော်၌ အရိယာ၏တပည့်သည် မြတ်စွာဘုရား၏ဂုဏ်တော်ကို အဖန်တလဲလဲအောက်မေ့၏"ဟု ဥပုသ်ကျင့်သုံးသောအရိယာသာဝက၏သာလျှင် စိတ်ကိုစင်ကြယ်

http://www.dhammadownload.com



စေသည့်ကမ္မဋ္ဌာန်း၏အစွမ်းဖြင့် ဥပုသ်၏အကျိုးကြီးမြတ်သည်အဖြစ်ကိုပြခြင်းငှာ အနုဿတိ ၆-ပါးကို ဟောတော်မူ၏။

အင်္ဂုတ္တိုရ် ဧကာဒသနိပါတ်၌လည်း "အို-မဟာနာမ်၊ သဒ္ဓါတရားနှင့်ပြည့်စုံသောသူသည် အရဟတ္တဖိုလ်ကို ပြီးစေနိုင်၏၊ သဒ္ဓါတရားမရှိသူသည် မပြီးစေနိုင်၊ အားထုတ်အပ်သည့်ဝီရိယရှိသူ၊ ထင်သောသတိရှိသူ၊ တည်ကြည်သောစိတ်ရှိသူ၊ ပညာရှိသူအသီးသီးတို့သည် အရဟတ္တဖိုလ်ကို ပြီးစေနိုင်၏၊ ဤတရားတို့မရှိသူသည် မပြီးစေနိုင်။ အို-မဟာနာမ်၊ သင်သည် ဤငါးပါးသောတရားတို့၌တည်ခြင်းငှာ ၆-ပါးသောအနုဿတိတို့ကို အဖန်တလဲလဲပွားပါလေလော့"ဟူ၍ အရိယာသာဝကာအားသာလျှင် "ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ အထူးထူးသောနေခြင်းဖြင့် နေကြကုန်သောအကျွန်ုပ်တို့သည် အဘယ်ဝိဟာရဖြင့် အတည်ကျကျနေသင့်သနည်း"ဟု မေးလျှောက်ရာ၌ နေခြင်းဝိဟာရကိုပြခြင်း အကျိုးငှာ အနုဿတိ ၆-ပါးကို ဟောတော်မူ၏။

ဤသို့ များစွာသောသုတ်တို့၌ အရိယာသာဝကအတွက်သာ အနုဿတိ ၆-ပါးကို ဟောပါသော်လည်း စင်ကြယ်သောသီလစသည့်ဂုဏ်တို့နှင့်ပြည့်စုံသော ပုထုဇဉ်သည် လည်း နှလုံးသွင်းခြင်းကိုပြုအပ်၏။ မှန်ပေ၏၊ ဘုရားစသည်တို့၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သည်၏အစွမ်းဖြင့် အောက်မေ့သောသူ၏စိတ်သည် ကြည်လင်၏၊ ယင်းကြည်လင်သောစိတ်၏အစွမ်းအာနုဘော်ဖြင့် နီဝရဏတို့ကိုပယ်ခွာ၍ ပြန့်ပြောအားကြီးသော ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ ဝိပဿနာကိုအားထုတ်သဖြင့် ကဋအန္ဓကာရအရပ်နေသည့် ဖုဿဒေဝမထေရ်ကဲ့သို့ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်သည်သာတည်း။

ထိုအရှင်ဖုဿဒေဝမထေရ်သည် မာရ်နတ်ကဖန်ဆင်းပြသော မြတ်စွာဘုရား၏အဆင်းပုံတော်ကို ဖူးမြင်ရ၍ ဤမာရ်နတ်သည် ရာဂ၊ ဒေါသ၊ မောဟရှိနေပါလျက် ဤမျှလောက်တင့်တယ်လေသေး၏။ ဝါသနာနှင့်တကွ အလုံးစုံသောရာဂ၊ ဒေါသ၊ မောဟတို့မှကင်းတော်မူသောမြတ်စွာဘုရားသည်ကား အဘယ်သို့လျှင် တင့်တယ်သပ္ပါယ်တော်မူလိမ့်မည်နည်းဟု မြတ်စွာဘုရားကိုအာရုံပြု၍ဖြစ်သော ပီတိကိုရပြီးလျှင် ဝိပဿနာကိုရှုပွားရာ အရဟတ္တဖိုလ်သို့ရောက်လေ၏။

## * ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေများ

၁။ ဝိဇ္ဇာစရဏဂုဏ်တော်ကိုပွားများရာဝယ် ၃-၈-၁၅ ဝိဇ္ဇာစရဏတရားများကိုဖော်ထုတ်ခဲ့ပါ။(၁၉၈၄)

*[အဖြေ-ဝိဇ္ဇာစရဏဂုဏ်တော်ပွားများရာဝယ် ၃-၈-၁၅ ဝိဇ္ဇာစရဏတရားများမှာ ဝိဇ္ဇာ(၃)ပါးမှာ (၁) ပုဗ္ဗေနိဝါသဉာဏ် (၂) ဒိဗ္ဗစက္ခုဉာဏ် (၃) အာသဝက္ခယဉာဏ်တို့ဖြစ်ပါသည်။*

http://www.dhammadownload.com



ဝိဇ္ဇာ(၈)ပါးမှာ (၁) ဒိဗ္ဗစက္ခုဉာဏ် (၂) ဒိဗ္ဗသောတဉာဏ်
(၃) စေတောပရိယဉာဏ် (၄) ပုဗ္ဗေနိဝါသဉာဏ်
(၅) ပုဗ္ဗေနိဝါသဉာဏ် (၆) ဝိပဿနာဉာဏ်
(၇) မနောမယိဒ္ဓိဉာဏ် (၈) အာသဝက္ခယဉာဏ်

စရဏ(၁၅)ပါးမှာ (၁) သီလသံဝရ (၂) ဣန္ဒြိယေသုဂုတ္တဒွါရတာ
(၃) ဘောဇနေမတ္တညုတာ (၄) ဇာဂရိယာနုယောဂ
(၅) သဒ္ဓါ (၆) သတိ
(၇) ဟိရီ (၈) ဩတ္တပ္ပ
(၉) ဗာဟုသစ္စ (၁၀) ဝီရိယ
(၁၁) ပညာ (၁၂) ရူပါဝစရပထမဈာန်
(၁၃) ရူပါဝစရဒုတိယဈာန် (၁၄) ရူပါဝစရတတိယဈာန်
(၁၅) ရူပါဝစရစတုတ္ထဈာန်တို့ဖြစ်ပါသည်။]

၂။ "စကားခြောက်ခွန်း၊ လူ့ဘွဲ့ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်"ဟူသော ဆိုရိုးနှင့်အညီ အသုံးမပြုရမည့်စကားလေးခွန်းနှင့် အသုံးပြုရမည့်စကားနှစ်ခွန်းတို့ကို ဖော်ပြပါ။(၁၉၈၅)

*[အဖြေ–"စကားခြောက်ခွန်း၊ လူ့ဘွဲ့ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်"ဟူသောဆိုရိုးနှင့် အညီ အသုံးမပြုရမည့်စကားလေးခွန်းမှာ–*

*(၁) မဟုတ်မမှန်၊ အကျိုးမရှိ၊ သူတစ်ပါးတို့မနှစ်သက်သောစကား၊*

*(၂) မဟုတ်မမှန်၊ အကျိုးမရှိ၊ သူတစ်ပါးတို့နှစ်သက်သောစကား၊*

*(၃) ဟုတ်မှန်၏၊ အကျိုးမရှိ၊ သူတစ်ပါးတို့မနှစ်သက်သောစကား၊*

*(၄) ဟုတ်မှန်၏၊ အကျိုးမရှိ၊ သူတစ်ပါးတို့နှစ်သက်သောစကား။*

*အသုံးပြုရမည့်စကားနှစ်ခွန်းမှာ–*

*(၁) ဟုတ်မှန်၏၊ အကျိုးရှိ၏၊ သူတစ်ပါးတို့မနှစ်သက်သောစကား၊*

*(၂) ဟုတ်မှန်၏၊ အကျိုးရှိ၏၊ သူတစ်ပါးတို့နှစ်သက်သောစကားတို့ဖြစ်ကြသည်။]*

၃။ ဇမ္ဗူဒီပ်ကျွန်းရှိကျွန်းဦးသစ်ပင်၏ပင်စည်လုံးပတ်ပမာဏကိုဖော်ပြ၍အရှေ့၊ အနောက်၊ မြောက်ကျွန်းတို့၏ကျွန်းဦးသစ်ပင်များကိုလည်း ဖော်ပြပါ။(၁၉၈၆)

*[အဖြေ–ဇမ္ဗူဒီပ်ကျွန်းရှိ ကျွန်းဦးသစ်ပင်သည် ဇမ္ဗူသပြေပင်ဖြစ်၏၊*

*ဇမ္ဗူသပြေပင်၏ပင်စည်လုံးပတ်သည် ၁၅–ယူဇနာရှိ၏။*

*အရှေ့ကျွန်း၏ကျွန်းဦးသစ်ပင်သည် ကုက္ကိုပင်၊*

*အနောက်ကျွန်း၏ကျွန်းဦးသစ်ပင်သည် ထိန်ပင်၊*

*မြောက်ကျွန်း၏ကျွန်းဦးသစ်ပင်သည် ပဒေသာပင်တို့ဖြစ်ကြ၏။]*

http://www.dhammadownload.com



၄။ "ဘုန်းတော်ခြောက်စုံ ဘဂဝါဂုဏ်"ဟုဆိုလေ့ရှိကြရာ၌ ဘုန်းတော်ခြောက်ပါးကိုအဓိပ္ပာယ် ရှင်းလင်းချက်နှင့်တကွ တင်ပြခဲ့ပါ။(၁၉၈၆)

*[အဖြေ–"ဘုန်းတော်ခြောက်စုံ ဘဂဝါဂုဏ်"အရ ဘုန်းတော် ၆–ပါးမှာ*

*(၁) ဣဿရိယဘုန်းတော် – မိမိစိတ်ကို လွန်ကဲစွာအစိုးရပိုင်နိုင်သောဘုန်းတော်၊ တစ်နည်းကား အဏိမာ, လဃိမာ, မဟိမာ, ပတ္တိ, ပါကမ္မ, ဤသိတာ, ဝသိတာ, ယတ္ထကာမဝသာယိတာဟုဆိုအပ်သော လူတို့ကအမြတ်ဟုသမုတ်အပ်သည့် အလုံးစုံသောအခြင်းအရာတို့နှင့်ပြည့်စုံခြင်း၊*

*(၂) ဓမ္မဘုန်းတော် – မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော လောကုတ္တရာတရား၊*

*(၃) ယသဘုန်းတော် – လောကသုံးပါး၌ပျံ့နှံ့သော ဟုတ်မှန်သည့် ဂုဏ်တော်တို့ကြောင့် ရအပ်သော အလွန်စင်ကြယ်သည့်ကျော်စောသံ၊*

*(၄) သိရီဘုန်းတော် – လူအပေါင်းတို့အား မျက်စိကြည်လင်ခြင်းကိုဖြစ်စေနိုင်စွမ်းသော (၃၂)ပါးသောလက္ခဏာတော်ကြီး၊ (၈၀) သောလက္ခဏာတော်ငယ်အသွယ်သွယ်၏ တင့်တယ်ခြင်း အသရေတော်၊*

*(၅) ကာမဘုန်းတော် – မိမိ၏အစီးအပွား, သူတစ်ပါးတို့၏အစီးအပွားတို့ကို အလိုရှိ၍ တောင့်တခဲ့လျှင် တောင့်တသည့်အတိုင်း ပြီးစေနိုင်သောဘုန်းတော်၊*

*(၆) ပယတ္တဘုန်းတော် – ခပ်သိမ်းသောသတ္တလောက၏ ဆရာအဖြစ်သို့ရောက်ခြင်း၏ အကြောင်းဖြစ်သော သမ္မာဝါယာမဟုဆိုအပ်သည့် သမ္မပ္ပဓာန်လုံ့လရှိခြင်းတို့ဖြစ်ပေ၏။]*

၅။ တရားတော်၏ဂုဏ်တော်တို့တွင် မည်သည့်နည်းဖြင့်မဆို စုံစမ်းစစ်ဆေးမှုကို အပြည့်အဝခံယူနိုင်သည်ဟူသော ဂုဏ်တော်လည်းပါဝင်လေရာ ထိုဂုဏ်တော်ရခြင်း၏အကြောင်းများကို ရေးပြခဲ့ပါ။ (၁၉၈၆)

*[အဖြေ–တရားတော်၏ဂုဏ်တော်တို့တွင် မည်သည့်နည်းဖြင့်မဆို စုံစမ်းစစ်ဆေးမှုကို အပြည့်အဝခံယူနိုင်သည်ဟူသောဂုဏ်တော်မှာ "သန္ဒိဋ္ဌိက"ဂုဏ်တော်ဖြစ်ပါသည်။*

*ထိုဂုဏ်တော်သည် တရားတော်ကိုစုံစမ်းစစ်ဆေးသူကိုယ်တိုင်က တွေ့မြင်အပ်, တွေ့မြင်နိုင်သောတရားတော်ဖြစ်ကြောင်း ဖော်ပြသောဂုဏ်တော်ဖြစ်ပါသည်။*

*အရိယမဂ်သည် အရိယာပုဂ္ဂိုလ်၏သန္တာန်၌ ရာဂစသည်တို့၏မရှိခြင်း, ကင်းခြင်းကို ပြု၏။ အရိယာမဂ်ကို အရိယာဖြစ်သွားသောပုဂ္ဂိုလ်ကိုယ်တိုင် မြင်အပ်ပေ၏။ ထို့ကြောင့် အရိယမဂ်သည် ကိုယ်တိုင်မြင်အပ်သော "သန္ဒိဋ္ဌိက"တရားတော်မည်ပေ၏။*

*မြတ်စွာဘုရားဟောကြားထားသည်မှာ တပ်မက်သောသူသည် ရာဂကိလေသာ လွှမ်းမိုး နှိပ်စက်သောကြောင့် သူ့စိတ်ကို ရာဂကိလေသာကဆွဲဆောင်သွားသောကြောင့် မိမိကိုယ်*

http://www.dhammadownload.com



*ကိုဆင်းရဲစေခြင်းငှာလည်း ကြံစည်အားထုတ်၏။ သူတစ်ပါးတို့ဆင်းရဲစေခြင်းငှာလည်း ကြံစည်အားထုတ်၏။ မိမိနှင့်သူတစ်ပါး နှစ်ဦးသားလုံးဆင်းရဲစေခြင်းငှာလည်း ကြံစည် အားထုတ်၏။ စိတ်၌ဖြစ်သောဆင်းရဲခြင်း, နှလုံးမသာယာခြင်းကိုလည်း ခံစားရ၏။*

*တပ်မက်မှုရာဂကို အရိယာမဂ်ဖြင့်ပယ်လိုက်သည့်အခါ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆင်းရဲစေခြင်းငှာ နှိပ်စက်ခြင်းငှာ မကြံစည်တော့၊ အားမထုတ်တော့၊ စိတ်၌ဖြစ်သော ဆင်းရဲခြင်း, နှလုံးမသာယာခြင်းကိုလည်း မခံစားရတော့။ ဤသို့လျှင် တရားတော်သည် ကိုယ်တိုင်မြင်သိနိုင်သော "သန္ဒိဋ္ဌိက"မည်ပေသည်။*

*လောကုတ္တရာတရားကိုးပါးကိုရပြီးသော အရိယာသာဝကသည် သူတစ်ပါးကိုယုံကြည်၍ သိအပ်, ရောက်အပ်သည်၏အဖြစ်ကိုပယ်စွန့်၍ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ကိုယ်တိုင်မြင်အပ်, မျက်မှောက်ပြုအပ်၏။ ထို့ကြောင့် လောကုတ္တရာတရားကိုးပါးသည် ကိုယ်တိုင်မြင်အပ်, မျက်မှောက်ပြုအပ်သော "သန္ဒိဋ္ဌိက"တရားဖြစ်ပေ၏။ ကိုယ်တိုင်မြင်အပ်သည့် အမှန်တရားဖြစ်၍ ခေည်သည့်နည်းဖြင့်မဆို စုံစမ်းစစ်ဆေးမှုကို အပြည့်အဝခံယူနိုင်ပါသည်။]*

၆။ ဘုရားရှင်သည် သံသရာစက်ရဟတ်ကို ခုတ်ဖြတ်ခြင်းကြောင့်လည်း "အရဟံ"မည်တော်မူလေရာ ထိုသို့ခုတ်ဖြတ်ရာ၌ ခြေတော်၊ မြေ၊ လက်၊ ပုဆိန်သဖွယ်ဖြစ်သော တရားများပါဝင်ပုံကို ဂုဏ်တော်ကိုနှလုံးသွင်းနိုင်အောင် အသီးသီးတွဲစပ်ဖော်ပြပါ။(၁၉၈၇)

*[အဖြေ-ဘုရားရှင်သည် သံသရာစက်ရဟတ်ကို ခုတ်ဖြတ်ခြင်းကြောင့်လည်း "အရဟံ" မည်တော်မူလေရာ ထိုသို့ခုတ်ဖြတ်ရာ၌*

*ဝီရိယတည်းဟူသော ခြေတော်တို့ဖြင့်*

*သီလတည်းဟူသော မြေပြင်၌ရပ်တည်တော်မူပြီးလျှင်*

*သဒ္ဓါတည်းဟူသော လက်ဖြင့်*

*ကုသိုလ်ကံ, အကုသိုလ်ကံတို့ကို ကုန်အောင်ပြုတတ်သော အရဟတ္တမဂ်ဉာဏ်ဟူသည့် ပုဆိန်ကိုစွဲကိုင်ကာ အလုံးစုံသောကိလေသာအကန့်တို့ကို ချိုးဖျက်တော်မူအပ်ပြီ။ ထို့ကြောင့် မြတ်စွာဘုရားသည် "အရဟံ"မည်တော်မူ၏ဟု ဂုဏ်တော်ကိုနှလုံးသွင်းနိုင်ပါသည်။]*

၇။ လောက၌ "ဘုရား၊ တရား"ဟု အလွန်ကျော်ကြားသောအမည်ကို အသုံးပြုသူများလှ ပေရာ "ဘုရားစစ်ဘုရားမှန်"ဖြစ်ကြောင်းကို အဘယ်သို့ ဆုံးဖြတ်မည်နည်း။ သေလသုတ်တော်လာ မြတ်ဂါထာကိုကိုးကားလျက် ဆုံးဖြတ်ခဲ့ပါ။(၁၉၈၇)

*[အဖြေ-လောက၌ "ဘုရား၊ တရား"ဟု အလွန်ကျော်ကြားသောအမည်ကို အသုံးပြုသူများလှပေရာ "ဘုရားစစ်ဘုရားမှန်"ဖြစ်ကြောင်းကို သေလသုတ်တော်လာမြတ်ဂါထာ*

http://www.dhammadownload.com



*ကိုကိုးကားလျက် ဆုံးဖြတ်ရသော် ထိုဂါထာတွင် ဤသို့ဟောကြားတော်မူ၏ –*

*"အို–ပုဏ္ဏား၊ ငါဘုရားသည် ထူးသောဉာဏ်ဖြင့် သိအပ်သောတရားကို ထူးသောဉာဏ်ဖြင့်သိပြီးပြီ၊ ပွားအပ်သောတရားကိုလည်း ပွားအပ်ပြီးပြီ၊ပယ်အပ်သောတရားကိုလည်း ပယ်အပ်ပြီးလေပြီ၊ ထို့ကြောင့် ငါသည် "ဗုဒ္ဓ"ဘုရားစင်စစ်ဖြစ်လေပြီ။"*

*မှန်ပေ၏၊ မြတ်စွာဘုရားသည် အလုံးစုံသောတရားတို့ကို မှန်စွာသိ၏။ ကိုယ်တိုင်လည်း သိတော်မူ၏၊ ထူးသောဉာဏ်ဖြင့်သိအပ်သော သစ္စာလေးပါးတရားတို့ကို ထူးသောဉာဏ်ဖြင့်သိတော်မူ၏၊ ပိုင်းခြား၍သိအပ်သော ဒုက္ခသစ္စာတရားတို့ကို ပိုင်းခြား၍သိအပ်သော ဉာဏ်ဖြင့် သိတော်မူ၏၊ ပယ်အပ်သောသမုဒယသစ္စာတရားတို့ကို ပယ်အပ်၏ဟုသိသော ဉာဏ်ဖြင့် သိတော်မူ၏၊ မျက်မှောက်ပြုအပ်သောနိရောဓသစ္စာတရားကို မျက်မှောက်ပြုအပ်၏ဟုသိသောဉာဏ်ဖြင့် သိတော်မူ၏၊ ပွားအပ်သောမဂ္ဂသစ္စာတရားတို့ကို ပွားအပ်၏ဟု သိသောဉာဏ်ဖြင့် သိတော်မူ၏။*

*ဤသို့အလုံးစုံသောတရားတို့ကို မဖောက်မပြန်ဟုတ်တိုင်းမှန်စွာ ကိုယ်တော်တိုင် သိတော်မူခြင်းကြောင့် "သမ္မာသမ္ဗုဒ္ဓ"ဘုရားစင်စစ် ဖြစ်တော်မူပါပေ၏။]*

၈။ ဗုဒ္ဓဘာသာဝင်တို့သည် ဝါတွင်းကာလ၌ အထူးသဖြင့် ဥပုသ်သီတင်းစောင့်သုံးခြင်း ပြုလေ့ရှိကြရာ မိမိ၏ဥပုသ်ကို အလွန်တရာအကျိုးကြီးမြတ်အောင် အဘယ်သို့ပြုလုပ်ရမည်နည်း။ ဥပေါသထသုတ်နှင့်ညီလျက် တိကျသေချာစွာရေးပြပါ။(၁၉၈၇)

*[အဖြေ–ဥပေါသထသုတ်၌ ဝိသာခါအား မြတ်စွာဘုရားဟောကြားထားသည်မှာ–*

*"အို–ဝိသာခါ၊ အရိယာဥပုသ်ဟူသည် အဘယ်နည်းဟူမူ ညစ်နွမ်းသောစိတ်ကို လုံ့လပြုခြင်းဖြင့် ထက်ဝန်းကျင်စင်ကြယ်ခြင်းပေတည်း။ အို–ဝိသာခါ၊ ညစ်နွမ်းသောစိတ်ကို အဘယ်သို့လုံ့လပြုခြင်းဖြင့် ဖြူစင်စေသနည်းဟူမူ ဤသာသနာတော်၌ မြတ်စွာဘုရား၏ ဂုဏ်ကို အဖန်တလဲလဲအောက်မေ့၏"*

*ဤသို့ ဥပုသ်သီတင်းစောင့်သုံးခြင်းပြုသောအရိယာသာဝကတို့ကို စိတ်ကိုစင်ကြယ်စေသည့်ကမ္မဋ္ဌာန်း၏အစွမ်းဖြင့် ဥပုသ်၏အကျိုးကြီးမြတ်သည့်အဖြစ်ကိုပြခြင်းငှာ အနုဿတိ ၆–ပါးကို မြတ်စွာဘုရားဟောကြားတော်မူ၏။*

*ထို့ကြောင့် ဥပုသ်သီတင်းစောင့်သုံးခြင်းပြုကြသော ဗုဒ္ဓဘာသာဝင်တို့သည် မိမိ၏ ဥပုသ်ကို အလွန်တရာအကျိုးကြီးမြတ်အောင် ဗုဒ္ဓါနုဿတိစသော အနုဿတိ ၆ ပါးတို့ကို ပွားများအပ်၏။ စိတ်ကိုစင်ကြယ်စေသည့်ကမ္မဋ္ဌာန်း၏အစွမ်းဖြင့် ဥပုသ်၏အကျိုးကြီးမြတ်သည့်အဖြစ်ကို ပြုနိုင်၏။]*

၉။ လူတော်လူကောင်းမှန်သမျှ သူတော်ကောင်းတရားခုနစ်ပါးကို အခါအားလျော်စွာ ကျင့်သုံးရမည်ဖြစ်လေရာ ယင်းတရားခုနစ်ပါးကို အစဉ်ကျကျရေတွက်ပြပါ။(၁၉၈၈)

http://www.dhammadownload.com



*[အဖြေ – သူတော်ကောင်းတရားခုနစ်ပါးကို အစဉ်ကျကျရေတွက်ပြရသော် (၁) သဒ္ဓါ၊ (၂) သတိ၊ (၃) ဟိရီ၊ (၄) ဩတ္တပ္ပ၊ (၅) ဗာဟုသစ္စ၊ (၆) ဝီရိယ၊ (၇) ပညာတို့ဖြစ်ကြပါသည်။]*

၁၀။ "ငါးမာရ်အောင်မြင်၊ဘုရားရှင်"ဟူရာ၌ မာရ်ငါးပါးသရုပ်ကို ကျနစွာထုတ်ပြပါ။ (၁၉၈၈)

*[အဖြေ – "ငါးမာရ်အောင်မြင်၊ ဘုရားရှင်"ဟူရာ၌ မာရ်ငါးပါးသရုပ်မှာ–*
*(၁) ကိလေသမာရ်၊ (၂) ခန္ဓမာရ်၊ (၃) အဘိသင်္ခါရမာရ်*
*(၄) ဒေဝပုတ္တမာရ်၊ (၅) မစ္စုမာရ်တို့ဖြစ်ကြပါသည်။]*

၁၁။ ဘုရားရှင်၏ဣသရိယဘုန်းတော်ရှစ်ပါးတို့တွင် နောက်လေးပါးကို ပါဠိမြန်မာ တွဲစပ်လျက် အချက်ကျကျဖြေပြပါ။(၁၉၈၈)

*[အဖြေ – ဘုရားရှင်၏ဣသရိယဘုန်းတော်ရှစ်ပါးတို့တွင် နောက် ၄–ပါးမှာ–*
*(၁) ပါကမ္မ – လိုအပ်သောအမှုကိုပြုနိုင်,ဖန်ဆင်းနိုင်သောတန်ခိုးတော်၊*
*(၂) ဤသိတာ – မိမိအလိုတော်သို့လိုက်ပါစေနိုင်သော အစိုးရခြင်းတန်ခိုးတော်၊*
*(၃) ဝသိတာ – ရေမိးအစုံစသော ထူးဆန်းသည့်အရာတို့ကို ဖန်ဆင်းနိုင်ခြင်း လျင်မြန်စွာ လေ့လာနိုင်သောဝသီဘော်တန်ခိုးတော်၊*
*(၄) ယတ္ထကာမဝသာယိတာ – ပြုလိုသည့်အရာတိုင်းကို ပြီးဆုံးအောင်ပြုလုပ်နိုင်သော တန်ခိုးတော်တို့ဖြစ်ကြပါသည်။]*

၁၂။ ရှေးရှေးကျမ်းပြုဆရာကြီးများသည် ပု၊ ဒိ၊ အာ့နှင့်ပြည့်စုံရပါလို၏ဆုတောင်းလေ့ရှိကြရာ ယင်းပု၊ဒိ၊အာကို ပါဠိဘာသာဖြင့် ပြည့်စုံအောင်ထုတ်ပြ၍ အကျင့်စရဏတစ်ဆယ့်ငါးပါးတို့၌ လူတို့လိုက်နာကျင့်သုံးအပ်သောတရားများစွာပါဝင်လေရာ ယင်း၁၅–ပါး သရုပ်ကို မြန်မာဘာသာဖြင့်သိသာရုံထုတ်ပြပါ။(၁၉၈၉)

*[အဖြေ – ပု၊ ဒိ၊ အာကို ပါဠိဘာသာဖြင့်ထုတ်ပြရသော်–*
*(၁) ပု – ပုဗ္ဗေနိဝါသဉာဏ်၊*
*(၂) ဒိ – ဒိဗ္ဗစက္ခုဉာဏ်၊*
*(၃) အာ – အာသဝက္ခယဉာဏ်ဟူသော ဝိဇ္ဇာ(၃)ပါးဖြစ်ပါသည်။*
*အကျင့်စရဏ၁၅–ပါးသရုပ်ကို မြန်မာဘာသာဖြင့်သိသာရုံထုတ်ပြရသော်*
*(၁) စတုပါရိသုဒ္ဓိသီလကို စောင့်ရှောက်ခြင်း၊*
*(၂) စက္ခုစသောဣန္ဒြေတို့ကို လုံခြုံစွာစောင့်ရှောက်ခြင်း၊*
*(၃) အစာဘောဇဉ်၏အတိုင်းအရှည်ကို သိခြင်း၊*
*(၄) နိုးကြားမှုနှင့်ယှဉ်ခြင်း၊*

http://www.dhammadownload.com



*(၅) ဘုရား, တရား, သံဃာ, ကံ-ကံ၏အကျိုးတို့ကို ယုံကြည်ခြင်း၊*
*(၆) ကုသိုလ်အာရုံ၌ အောက်မေ့အမှတ်ရစေခြင်းသဘော၊*
*(၇) မကောင်းမှုပြုရန်ရှက်ခြင်းသဘော၊*
*(၈) မကောင်းမှုပြုရန် ကြောက်လန့်ခြင်းသဘော၊*
*(၉) ကျမ်းဂန်ဗဟုသုတအကြားအမြင်များခြင်း၊*
*(၁၀) ကုသိုလ်ကောင်းမှု၌ ကြိုးစားအားထုတ်ခြင်း၊*
*(၁၁) အာရုံ၏သဘောအမှန်ကို ထိုးထွင်း၍သိခြင်း၊*
*(၁၂) ရူပါဝစရပထမဈာန်၊ (၁၃) ရူပါဝစရဒုတိယဈာန်၊*
*(၁၄) ရူပါဝစရတတိယဈာန်၊ (၁၅) ရူပါဝစရစတုတ္ထဈာန်တို့ဖြစ်ကြ၏။]*

၁၃။ "စကားခြောက်ခွန်းလူ၌ထွန်း"နှင့်အညီ လောက၌ လူတို့ပြောဟောအပ်သမျှစကားတို့ကို အကျဉ်းချုပ်လိုက်လျှင် ခြောက်မျိုးသာရှိလေရာ ယင်းတို့ကို (က) မပြောမဆိုသင့်သောစကား (ခ) ပြောဆိုသင့်သောစကားအားဖြင့်ခွဲခြားလျက် အစဉ်မပျက်တင်ပြခဲ့ပါ။ (၁၉၉၀)

*[အဖြေ-နံပါတ် ၂ အဖြေနှင့်တူ၏]*

၁၄။ မိမိကိုယ်ကို သူခပ်သိမ်းတို့ပူဇော်အပ်သော "စေတီအိမ်"ကဲ့သို့ဖြစ်အောင် တရားအားထုတ်နည်းရှိလျှင် ဖော်ပြ၍ သံဃာ့ဂုဏ်တော်၌ ယောကျ်ားမြတ်အစုံလေးစုဟူသည်ကို အစဉ်ကျကျဖော်ပြပါ။(၁၉၉၀)

*[အဖြေ- မိမိကိုယ်ကို သူခပ်သိမ်းတို့ပူဇော်အပ်သော "စေတီအိမ်"ကဲ့သို့ဖြစ်အောင် တရားအားထုတ်နည်းမှာ ဗုဒ္ဓါနုဿတိ သို့မဟုတ် ဓမ္မာနုဿတိကိုပွားများခြင်းဖြစ်ပါသည်။*

*မြတ်စွာဘုရား၏ဂုဏ်တော်ကိုနှလုံးသွင်း၍ အဖန်တလဲလဲအောက်မေ့ဆင်ခြင်နေသော ဗုဒ္ဓါနုဿတိ၏စွဲနေကိန်းနေရာဖြစ်သည့် ယောဂီပုဂ္ဂိုလ်၏ခန္ဓာကိုယ်သည် "စေတီအိမ်" ကဲ့သို့ ပူဇော်ခြင်းငှာထိုက်၏။*

*ထို့အတူ တရားတော်၏ဂုဏ်တော်ကိုနှလုံးသွင်း၍ အဖန်တလဲလဲအောက်မေ့ဆင်ခြင်နေသော ဓမ္မာနုဿတိစွဲနေကိန်းနေရာဖြစ်သည့် ယောဂီပုဂ္ဂိုလ်၏ခန္ဓာကိုယ်သည် "စေတီအိမ်"ကဲ့သို့ ပူဇော်ခြင်းငှာထိုက်၏။*

*သံဃာ့ဂုဏ်တော်၌ ယောကျ်ားမြတ်အစုံ ၄-စုဟူသည်ကား*
*(၁) သောတာပတ္တိမဂ်ပုဂ္ဂိုလ်, သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်ယောကျ်ားမြတ် ၁-စုံ၊*
*(၂) သကဒါဂါမိမဂ်ပုဂ္ဂိုလ်, သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်ယောကျ်ားမြတ် ၁-စုံ၊*
*(၃) အနာဂါမိမဂ်ပုဂ္ဂိုလ်, အနာဂါမိဖိုလ်ပုဂ္ဂိုလ် ၁-စုံ*
*(၄) အရဟတ္တမဂ်ပုဂ္ဂိုလ်, အရဟတ္တဖိုလ်ပုဂ္ဂိုလ် ၁-စုံတို့ဖြစ်ပါသည်။]*

http://www.dhammadownload.com



၁၅။ ဝိဇ္ဇာရှစ်ပါးကို သေချာစွာရေတွက်ပြပြီးလျှင် မည်သို့ပေါင်းစပ်အပ်သောသူတို့ကိုသာ တပည့်သာဝကတို့၏အပေါင်းဟု ဆိုလိုသည်ကိုလည်း ထင်ရှားအောင်ပြခဲ့ပါ။ (၁၉၉၁)

*[အဖြေ – နံပါတ် ၁ မေးခွန်းအဖြေအတိုင်း ဝိဇ္ဇာ ၈–ပါးကိုဖြေပါ။*

*မြတ်စွာဘုရား၏ဩဝါဒအဆုံးအမကို ရိုသေလေးမြတ်စွာ နာခံတတ်သောပုဂ္ဂိုလ်သည် "သာဝက" တပည့်သားမည်၏။ တပည့်သာဝကတို့၏အပေါင်းသည် "သာဝကသံဃာ" မည်၏။*

*အရိယသီလ, အရိယဒိဋ္ဌိတည်းဟူသော အယူသီလချင်းတူညီကြသည်အဖြစ်ဖြင့် ပေါင်းစပ်သည်အဖြစ်သို့ရောက်သော တပည့်သာဝကအပေါင်းကို တပည့်သာဝကတို့၏ အပေါင်းဟုဆိုလို၏။]*

၁၆။ မြတ်စွာဘုရား၏ဘဂဝါဂုဏ်တော်လာ နာမ်လေးပါးသဘောကို အများနားလည်အောင်တင်ပြ၍၊ မရဏာဿတိကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်ရာ၌ အလိုရှိအပ်သောသေခြင်းမျိုးကို အများနားလည်အောင်တင်ပြခဲ့ပါ။(၁၉၉၂)

*[အဖြေ – မြတ်စွာဘုရား၏ဘဂဝါဂုဏ်တော်လာ နာမ်လေးပါးသဘောမှာ–*

*(၁) အာဝတ္ထိကနာမ် – အခိုက်အတန့်ကိုစွဲ၍ ခေါ်ဝေါ်အပ်သောအမည်၊*
*ဥပမာ နွားငယ်၊ ဆုံးမလောက်သောနွား၊ဝန်ဆောင်နွား။*

*(၂) လိင်္ဂိကနာမ် – အသွင်ကိုစွဲ၍ ခေါ်ဝေါ်အပ်သောအမည်၊*
*ဥပမာ တောင်ဝှေးရှိသူ၊ ထီးရှိသူ၊ ဦးစွန်းရှိသူ၊*

*(၃) နေမိတ္တိကနာမ် – ဂုဏ်ကိုအကြောင်းပြု၍ ခေါ်ဝေါ်အပ်သောအမည်*
*ဥပမာ ဝိဇ္ဇာသုံးပါးရှိသူ၊ အဘိညာဉ် ၆–ပါးရှိသူ၊*

*(၄) အဓိစ္စသမုပ္ပန္နနာမ် – အကြောင်းမရှိဘဲ သမုတ်ခေါ်ဝေါ်အပ်သောအမည်၊*
*ဥပမာ အသရေကိုပွားစေသူ၊ ဥစ္စာကိုပွားစေသူ။*

*မေးခွန်းဒုတိယပိုင်းသည် နောက်အခန်းမရဏာဿတိနှင့်ဆိုင်ပါသည်။]*

၁၇။ လောက၌ ဘုရားဟုအလွန်ကျော်ကြားထင်ရှားသောအမည်ကို အသုံးပြုသူများလှ ယေရာ ဘုရားစစ်ဘုရားမှန်ဆုံးဖြတ်နည်းကို သေလသုတ်၌ ဟောတော်မူသည့်နည်းအတိုင်း ဖော်ပြ၍ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ မိမိစောင့်ထိန်းအပ်သောဥပုသ်သီလ အလွန်တရာ အကျိုးကြီးအောင် ပြုလုပ်ပုံကိုလည်းဖော်ပြပါ။(၁၉၉၃)

*[အဖြေ – မေးခွန်း ၇ နှင့် ၈ တို့၏အဖြေအတိုင်းဖြေပါ။]*

http://www.dhammadownload.com



၁၈။ "ပုရိသဒမ္မသာရထိ"၌ ပုရိသ၏အရကို အကျဉ်းချုပ်မှုရေးပြ၍ ယင်းတို့ကိုဆုံးမရာဝယ် (က)အကြမ်း၊ (ခ)အနု၊ (ဂ)အကြမ်းအနုနည်းလမ်းသုံးသွယ်တို့တွင် အဘယ်နည်းလမ်းဖြင့် ဆုံးမပါသနည်း။(၁၉၉၄)

*[အဖြေ–"ပုရိသ ဒမ္မသာရထိ"၌ ပုရိသ၏အရကို အကျဉ်းမှုရေးပြရသော်*

*"ပုရိသ"သည်မယဉ်ကျေးသော ဆုံးမခြင်းငှာထိုက်သော တိရစ္ဆာန်ယောကျ်ားများ, လူယောကျ်ားများ, နတ်ဘီလူးယောကျ်ားများကို ဆိုလို၏။*

*တိရစ္ဆာန်ယောကျ်ားများမှာ အပလာလနဂါးမင်း, နာဠာဂိရိဆင်စသည်တို့တည်း၊*

*လူယောကျ်ားများမှာ သစ္စကပရိဗိုဇ်၊ အမ္ဗဋ္ဌလုလင်စသည်တို့တည်း၊*

*နတ်ဘီလူးယောကျ်ားများမှာ အာဠဝကဘီလူး၊ သိကြားမင်းစသည်တို့တည်း။*

*မြတ်စွာဘုရားသည် မြင်းဆရာကြီးကေသီအား "ငါဘုရားသည် ဆုံးမထိုက်သောသူတို့ကို အနုနည်းဖြင့်(သုစရိုက်အကျိုးကိုပြ၍)လည်းဆုံးမ၏၊ အကြမ်းနည်းဖြင့်(ဒုစရိုက်၏အပြစ်ကိုပြ၍)လည်းဆုံးမ၏၊ အနုနည်း, အကြမ်းနည်းနှစ်မျိုးလုံးဖြင့်လည်းဆုံးမ၏"ဟု မိန့်ကြားတော်မူသဖြင့် မြတ်စွာဘုရားသည် သတ္တဝါတို့ကို နည်းသုံးမျိုးလုံးဖြင့် ဆုံးမတော်မူ၏။]*

၁၉။ တရားဂုဏ်တော်ခြောက်ပါးတို့တွင် "အကာလိကော"၌ ကာလိက၊ အကာလိက အဓိပ္ပာယ်နှင့် အရကောက်ကိုဖော်ပြ၍– *(မေးခွန်းတစ်ဝက်ဖြစ်ပါသည်)*

*[အဖြေ–"အကာလိကော"၌ ကာလိက၊ အကာလိကအဓိပ္ပါယ်နှင့်အရကောက်တို့မှာ–*

*မိမိ၏အကျိုးပေးခြင်းကိုရည်၍ အကျိုးပေးရန်အချိန်ကာလဆိုင်းလင့်မှုရှိပြီး ဝေးသောအကျိုးပေးရာကာလရှိခြင်းကို "ကာလိက"မည်၏။ ကာလိက၏အရကောက်မှာ "လောကီကုသိုလ်"ဖြစ်၏။ လောကီကုသိုလ်သည် ဝေးသောအကျိုးပေးရာကာလရှိသဖြင့် "ကာလိက" မည်၏။*

*မိမိ၏အကျိုးပေးခြင်းကိုရည်၍ အကျိုးပေးရန်အချိန်ကာလဆိုင်းလင့်မှုမရှိဘဲ မိမိဖြစ်ပြီးသည်၏အခြားမဲ့၌ မိမိ၏အကျိုးကိုဖြစ်စေခြင်းကို "အကာလိက"မည်၏။ အကာလိက၏အရကောက်မှာ "လောကုတ္တရာမဂ်"ဖြစ်၏။ လောကုတ္တရာမဂ်သည် အကျိုးပေးရန်အချိန်ကာလဆိုင်းလင့်မှုမရှိဘဲ မိမိဖြစ်ပြီးသည်၏အခြားမဲ့၌ပင်လျှင် လောကုတ္တရာဖိုလ်ဟူသော မိမိ၏အကျိုးကိုဖြစ်စေသောကြောင့် "အကာလိက"မည်၏။]*

၂၀။ လောက၌ ဘုရားအမည်ခံသူများစွာတို့၏ တရားအမျိုးမျိုးရှိရာတွင် ဗုဒ္ဓမြတ်စွာ၏ တရားတော်သည်သာလျှင် "လာလော့၊ ဤတရားကိုရှုလော့"ဟုဖိတ်ခေါ်နိုင်အောင် ဧဟိပဿိကဂုဏ်ကိုရရှိခြင်း၏အကြောင်းကို ဖော်ပြပါ။(၁၉၉၅)

*[အဖြေ–မြတ်စွာဘုရား၏တရားတော်သည်သာလျှင် (၁)ပရမတ္ထအားဖြင့် ထင်ရှားစွာ*

http://www.dhammadownload.com



ရှိခြင်းကြောင့်လည်းကောင်း၊ (၂)ကိလေသာတို့မှ ထက်ဝန်းကျင်စင်ကြယ်ခြင်းကြောင့်လည်း ကောင်း၊ "လာလော့၊ ဤတရားကိုရှုလော့"ဟု ဖိတ်ခေါ်ထိုက်ပေ၏။ ထို့ကြောင့် "ဧဟိ ပဿိက"မည်၏။

ဥပမာ လက်ဆုပ်ထဲ၌ရွှေငွေမရှိဘဲလျက် "ဤရွှေငွေကိုရှုလော့"ဟုဆိုခြင်းမှာ မတတ် ကောင်း၊ အဘယ်ကြောင့်နည်းဟူမူ မရှိသောကြောင့်ဖြစ်၏။ ထင်ရှားရှိပါသော်လည်း စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည့် ကျင်ကြီးကျင်ငယ်တို့ကိုလည်း စိတ်ရွှင်လန်းစေရန် လာလှည့်ပါ၊ ရှုလှည့်ပါ"ဟု ဆိုခြင်းငှာမတတ်ကောင်း၊ မြက်, သစ်ရွက်တို့ဖြင့် ဖုံးအုပ်အပ်သည်သာလျှင် ဖြစ်၏။ အဘယ့်ကြောင့်နည်းဟူမူ မစင်ကြယ်သောကြောင့်ဖြစ်၏။

လောကုတ္တရာတရား ၉-ပါးသည်ကား ပရမတ္ထသဘောအားဖြင့် ထင်ရှားစွာရှိသည့်အပြင် တိမ်တိုက်ကင်းရှင်းသောကောင်းကင်မှာ လပြည့်ဝန်းကဲ့သို့လည်းကောင်း၊ ပဏ္ဍုကမ္ဗလာပေါ်တွင်တင်ထားသည့် ပတ္တမြားစစ်ကဲ့သို့လည်းကောင်း၊ ထက်ဝန်းကျင်စင်ကြယ်ခြင်းလည်းရှိ၏။ ထိုသို့ထင်ထင်ရှားရှားရှိခြင်း၊ ထက်ဝန်းကျင်လည်းစင်ကြယ်ခြင်းကြောင့် "လာလော့၊ ဤတရားကိုရှုလော့"ဟု ဖိတ်ခေါ်ထိုက်ပေ၏။ ထို့အတွက် "ဧဟိပဿိက" ဂုဏ်ကို ရရှိခြင်းဖြစ်ပေသည်။]

၂၁။ "ဒေဝတာနုဿတိ"ကိုပွားများဆင်ခြင်လိုသောပုဂ္ဂိုလ်သည် မည်ကဲ့သို့နှလုံးသွင်း ဆင်ခြင်ရသည်ကိုပြဆိုပြီးလျှင် "ဒေဝတာနုဿတိ"ကို ပွားများသဖြင့် ရရှိသောအကျိုးများကိုလည်း ထုတ်ဖော်ပြပါ။(၁၉၉၅)

[အဖြေ "ဒေဝတာနုဿတိ"ကိုပွားများလိုသောပုဂ္ဂိုလ်သည်ကောင်းစွာဖြစ်ပေါ်ကုန်သော သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတို့နှင့်ပြည့်စုံရာ၏။ ထို့နောက် ဆိတ်ငြိမ်ရာအရပ်သို့ကပ်ရောက်လျက် အပြင်ပအာရုံများကိုဖဲခွာကာ ကမ္မဋ္ဌာန်း၌ကောင်းစွာစိတ်ကပ်တည်၍-

"စတုမဟာရာဇ်ဘုံမှစ၍ အထက်ပြဟ္မာပြည်တိုင်အောင် ရှိကြသောနတ်တို့သည် သဒ္ဓါ, သီလ, သုတ, စာဂ, ပညာနှင့်ပြည့်စုံကြသောကြောင့် ဤလူ့ပြည်မှစုတေကြပြီးလျှင် ထိုနတ်ဘုံတို့၌ဖြစ်ကြကုန်၏။ ငါ့မှာလည်းထိုသို့သဘောရှိသော သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတို့ သည်ရှိပေ၏။"

ဤသို့လျှင် နတ်တို့ကိုသက်သေအရာ၌ထား၍ မိမိ၏သဒ္ဓါစသည့်ဂုဏ်တို့ကို အဖန် တလဲလဲ အောက်မေ့ဆင်ခြင်အပ်၏။ ဘာဝနာအားထုတ်ခါစ၌ နတ်တို့၏သဒ္ဓါစသော ဂုဏ်တို့ကို အဖန်ဖန်အောက်မေ့ပြီး၍ နောက်အဖို့၌ မိမိ၏ထင်ရှားရှိသော သဒ္ဓါစသည့် တူမျှသောဂုဏ်တို့ကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်အပ်၏။ ထိုအခါ၌ ယောဂီပုဂ္ဂိုလ် အား ရာဂ, ဒေါသ၊ မောဟတို့ထကြွသောင်းကျန်းသောစိတ်သည်မဖြစ်။ ယောဂီ၏စိတ်သည် နတ်တို့၏သဒ္ဓါ စသည့်ဂုဏ်တို့နှင့်တူသော မိမိ၏သဒ္ဓါစသည့်ဂုဏ်တို့ကို အာရုံပြုလျက်

http://www.dhammadownload.com



ဖြောင့်မတ်သည်ဖြစ်၏။

ရာဂစသည်ထကြွသောင်းကျန်းမှုမရှိသဖြင့် နီဝရဏကိုခွာပြီးသော ကမ္မဋ္ဌာန်းသို့ ရှေးရှုသည်အဖြစ်ဖြင့် ဝိတက်, ဝိစာရစသည့်ဈာန်အင်္ဂါများဖြစ်ပေါ်၍ ဥပစာရဈာန်သို့ ရောက်၏။

"ဒေဝတာနုဿတိ"ကိုပွားများသဖြင့် ရရှိသောအကျိုးများမှာ–

(၁) ဒေဝတာနုဿတိကမ္မဋ္ဌာန်းကို အဖန်တလဲလဲအားထုတ်သောပုဂ္ဂိုလ်ကို နတ်တို့ချစ်ခင်နှစ်သက်ကြ၏၊ ကြည်ညိုမြတ်နိုးကြ၏။

(၂) သဒ္ဓါ, သီလ, သုတ, စာဂ, ပညာစသော သူတော်ကောင်းတရားတို့သည် အတိုင်းထက်အလွန်ပြန့်ပြောစည်ပင်ခြင်းသို့ရောက်၏။

(၃) နှစ်သက်ဝမ်းမြောက်ခြင်းများစွာဖြစ်၏။

(၄) အထက်မဂ်ဖိုလ်တရားထူးကို ထိုးထွင်း၍မသိငြားသော်လည်း နတ်ရွာသုဂတိလျှင်လားရာဂတိရှိပေ၏။]

၂၂။ "အနုတ္တရံ ပုညက္ခေတ္တံ လောကဿ" ဟူသောသံဃာဂုဏ်တော်အရ သံဃာတော်၏ လယ်ယာမြေကောင်းနှင့်တူညီပုံကို ထင်ရှားအောင်ဥပမာဆောင်ကာ ပြဆိုပါ။(၁၉၉၆)

[အဖြေ–"အနုတ္တရံ ပုညက္ခေတ္တံ လောကဿ"ဟူသည်ကား အလုံးစုံသောသတ္တဝါအပေါင်းဟူသောလောက၏အမြတ်ဆုံးဖြစ်သည့် ကောင်းမှုကုသိုလ်မျိုးကို စိုက်ပျိုးရာဌာနဖြစ်သည်ဟု ဆိုလို၏။ ဥပမာ မင်း၏သလေးစပါးတို့၏ပေါက်ရောက်စည်ပင်ရာ လယ်မြေကို "မင်း၏သလေးစပါးခင်း"ဟုဆိုအပ်သကဲ့သို့ ဤအတူပင် သံဃာတော်သည် အလုံးစုံသောလောက၏ ကောင်းမှုပုညတို့ ပေါက်ပွားစည်ပင်ရာ လယ်ယာမြေကောင်းဟူ၍ဆိုအပ်ပေ၏။

မှန်ပေ၏၊ သံဃာတော်ကိုအမှီပြု၍ သတ္တဝါအပေါင်းဟူသောလောက၏အထူးထူးအပြားပြားသော စီးပွားချမ်းသာကိုဖြစ်စေတတ်ကုန်သော ကုသိုလ်ကောင်းမှုမျိုးတို့သည် ပေါက်ပွားစည်ပင်ကြကုန်၏။ ထို့ကြောင့် သံဃာတော်သည် လောက၏အတုမရှိသော ကောင်းမှုတို့၏ဖြစ်ပွားစည်ပင်ရာ လယ်ယာမြေကောင်းဖြစ်ပေ၏။]

၂၃။ အလှူရေစက် လက်နှင့်မကွာ ပြုနေကြသောဗုဒ္ဓဘာသာများအနေဖြင့် မိမိတို့ပြုခဲ့သောဒါနကောင်းမှုကို "စာဂါနုဿတိကမ္မဋ္ဌာန်း"အဖြစ် ပွားများနည်းကို ရှင်းလင်းညွှန်ပြပါ။(၁၉၉၆)

[အဖြေ–အလှူရေစက် လက်နှင့်မကွာပြုနေကြသော ဗုဒ္ဓဘာသာများအနေဖြင့် မိမိတို့ပြုခဲ့သောဒါနကောင်းမှုကို "စာဂါနုဿတိကမ္မဋ္ဌာန်း"အဖြစ်ပွားများလိုသော် ထိုကမ္မဋ္ဌာန်းပွားမည့်နေ့၌ သီလစသည့်ဂုဏ်ထူးရှိကုန်သော အလှူခံပုဂ္ဂိုလ်တို့၌ တတ်အားသမျှ လှူ

http://www.dhammadownload.com



ဖွယ်ကိုပေးလှူပြီးလျှင် ထိုအလှူဒါနၵ္ဍ စွန့်ကြဲပေးလှူသောစေတနာဖြစ်ပုံကိုနိမိတ်ယူ၍ ဆိတ်ငြိမ်ရာ၌ကိန်းအောင်းလျက်–

(၁) လာဘာဝတမေ – ငါ့အားအရတော်လေစွ၊ အလှူဒါန၏ကြီးကျယ်သောအကျိုးတို့သည် စင်စစ်ငါရမည့်လာဘ်ကြီးပါတကား။

(၂) သုလဒ္ဓံ ဝတမေ – ငါသည်ကောင်းစွာရပေစွ၊ မြတ်စွာဘုရား၏သာသနာတော်နှင့် လူ့အဖြစ်ကိုရသည်မှာ စင်စစ်ငါ့မှာ ကောင်းစွာရခြင်းဖြစ်ပါပေစွ။

ငါသည် ဝန်တိုမှု–မစ္ဆေရအညစ်အကြေးက လွှမ်းမိုးနှိပ်စက်နေသောသတ္တဝါတို့၌ ဝန်တိုမှုအညစ်အကြေးကင်းသည့်စိတ်ဖြင့် နေရပေ၏။

(၃) မုတ္တစာဂေါ – တွယ်တာငဲ့ကွက်ခြင်းမရှိဘဲ လွတ်လွတ်ကြီးစွန့်ကြဲပေးလှူခြင်း ရှိသည်ဖြစ်၍ နေရပေ၏။

(၄) ပယတပါဏိ – စင်ကြယ်စွာဆေးထားသောလက်ရှိသည်ဖြစ်၍ (ဝါ) ဆုပ်ကိုင်မထားဘဲ ဖြန့်သောလက်ရှိသည်ဖြစ်၍ နေရပေ၏။

(၅) ဝေါဿဂ္ဂရတော– စွန့်လွှတ်လှူဒါန်းခြင်း၌ ပျော်မွေ့လျက်နေရပါပေ၏။

(၆) ယာစယောဂေါ – အလှူခံရန်သင့်လျော်သူဖြစ်လျက် နေရပါပေ၏။

(၇) ဒါနံသံဝိဘာဂရတော–ပေးလှူခြင်းနှင့် ဝေဖန်ခွဲခြမ်း၍ပေးကမ်းခြင်းတို့၌ ပျော်မွေ့လျက်နေရပါပေ၏"ဟူ၍–

ဤသို့လျှင် မစ္ဆရိယစသောအညစ်အကြေးကင်းသည့်ဂုဏ်တို့၏အစွမ်းဖြင့် မိမိ၏ စွန့်ကြဲလှူဒါန်းခြင်းကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်၏။]

၂၄။ သီလာနုဿတိဘာဝနာပွားများပုံကို နည်းမှန်လမ်းကျဖော်ပြပြီးလျှင် သီလပိုင်းဆိုင်ရာ မကျိုး, မပေါက်, မပြောက်, မကျားလေးပါးတို့တွင် "မပြောက်သောသီလမည်ခြင်း"ကိုလည်း ရှင်းပြဖြေဆိုပါ။(၁၉၉၇)

[အဖြေ– သီလာနုဿတိဘာဝနာပွားများလိုသောပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍ အပြင်ပအာရုံများမှဖဲခွါကာ သေဝပ်သောစိတ်ရှိလျက်–

"ငါ၏အကျင့်သီလတို့သည် ကောင်းမွန်ဖြူစင်ပေစွ၊ မကျိုး, မပေါက်, မပြောက်, မကျားဘဲ ရှိကြပါပေစွ၊ တဏှာ, ဒိဋ္ဌိတို့က မသုံးသပ်အပ်ပေစွ၊ သမာဓိကို ဖြစ်စေနိုင်ပါပေစွ" ဟူ၍ ဤသို့စသည်ဖြင့် မိမိသီလ၏ဂုဏ်တို့ကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်အပ်၏။ ထိုသို့အောက်မေ့ဆင်ခြင်ရာ၌ လူဝတ်ကြောင်သည် လူ၏သီလကို၊ ရဟန်းသည် ရဟန်း၏ သီလတို့ကို အောက်မေ့ဆင်ခြင်အပ်၏။

မိမိသီလ၏မကျိုး, မပေါက်, မပြောက်, မကျားခြင်းစသောဂုဏ်တို့၏အစွမ်းဖြင့် မိမိ၏ သီလတို့ကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်သောပုဂ္ဂိုလ်အား ထိုအခိုက်အခါ၌ ရာဂ,

http://www.dhammadownload.com



*ဒေါသ, မောဟတို့ထကြွသောင်းကျန်းသောစိတ်သည် မဖြစ်၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်၏စိတ်သည် ဖြောင့်မတ်စွာဖြစ်၏။ နီဝရဏတို့ကွာကုန်၏၊ ကမ္မဋ္ဌာန်းသို့ရှေးရှုသည်အဖြစ်ဖြင့် ဈာန်အင်္ဂါများဖြစ်ပေါ်လာကြပြီးလျှင် ဥပစာရဈာန်သို့ရောက်၏။*

*"မပြောက်သောသီလ"ဆိုသည်မှာ အကြင်သီလ၌ သိက္ခာပုဒ်တို့သည် အကြားအကြား၌မပျက်ကုန်ကြေးအံ့၊ ထိုသီလသည် အဆင်ကွဲ အပြောက်အစက်တို့ဖြင့် ဆန်းကြယ်သည့်နွားမကဲ့သို့ ပြောက်သည်မဖြစ်သေး၊ ထို့ကြောင့် ထိုသီလသည် "မပြောက်သောသီလ"- အကမ္မာသသီလမည်၏။]*

၂၅။ ဗုဒ္ဓါနုဝဿတိဘာဝနာကို စွဲမြဲစွာပွားများသောပုဂ္ဂိုလ်၏စိတ်ဖြစ်ပုံများကို ဖော်ပြပြီးလျှင် ယင်းဗုဒ္ဓါနုဿတိဘာဝနာကို ပွားများသောပုဂ္ဂိုလ်အား ရသောအကျိုးများတွင် နောက်ဆုံးလိုရင်းအကျိုး(၂)ပါးကိုသာထုတ်ပြပါ။(၁၉၉၈)

*[အဖြေ - ဗုဒ္ဓါနုဿတိဘာဝနာကို စွဲမြဲစွာပွားများသောပုဂ္ဂိုလ်၏စိတ်ဖြစ်ပုံများမှာ- ဘုရားဂုဏ်တော်ကို အဖန်တလဲလဲစွဲမြဲစွာအောက်မေ့ဆင်ခြင်နေသောအခိုက်အခါ၌ ရာဂ, ဒေါသ, မောဟတို့ထကြွသောင်းကျန်းသောစိတ်သည်မဖြစ်။ ထိုပုဂ္ဂိုလ်၏စိတ်သည် ဘုရားဂုဏ်တော်ကိုအာရုံပြု၍ ဖြောင့်မတ်စွာဖြစ်၏။ ဤသို့ရာဂစသည်တို့ ထကြွသောင်းကျန်းခြင်းမရှိသောကြောင့် နီဝရဏများငြိမ်းကုန်၏။ ဘုရားဂုဏ်တော်ဟူသောကမ္မဋ္ဌာန်းသို့ ရှေးရှုသည်အဖြစ်ဖြင့် ဝိတက်, ဝိစာရတို့သည် ဘုရားဂုဏ်တော်သို့ညွတ်ကာမပြတ်ဖြစ်ကုန်၏။ ဘုရားရှင်၏ဂုဏ်တော်ကို အဖန်တလဲလဲသုံးသပ်ဆင်ခြင်နေသောယောဂီအား နှစ်သက်ဝမ်းမြောက်ခြင်း-ပီတိသည် ဖြစ်၏။ နှစ်သက်ဝမ်းမြောက်သောစိတ်ရှိသူအား ပီတိလျှင်နီးသည့်အကြောင်းရှိသော ငြိမ်းအေးမှုပဿဒ္ဓိဖြင့် ကိုယ်စိတ်၏ပူပန်ခြင်းတို့သည် ငြိမ်းကုန်၏။*

*ပူပန်မှုငြိမ်းသောပုဂ္ဂိုလ်အား ကိုယ်စိတ်ချမ်းသာခြင်း-သုခဖြစ်၏။ သုခရှိသောသူအား ဘုရားဂုဏ်လျှင်အာရုံရှိသည်ဖြစ်၍ စိတ်သည်ကောင်းစွာတည်လျက် ဧကဂ္ဂတာဖြစ်၏။ ဤသို့သောအစဉ်ဖြင့် တစ်ခုသောခဏ၌ ဈာန်အင်္ဂါတို့သည် ဖြစ်ပေါ်ကြကုန်၏။ သို့သော် ဘုရားရှင်ဂုဏ်တော်တို့၏နက်နဲခြင်း, များပြားခြင်းတို့ကြောင့် အပ္ပနာဈာန်သို့မရောက်ဘဲ ဥပစာရဈာန်သာဖြစ်ပေါ်၏။*

*ယင်းဗုဒ္ဓါနုဿတိဘာဝနာကို ပွားများခြင်းကြောင့်ရသောအကျိုးများတွင် နောက်ဆုံးလိုရင်းအကျိုး(၂)ပါးမှာ-*

*(၁) လွန်ကျူးအပ်သောဝတ္ထုနှင့်ဆုံတွေ့လျှင်လည်း မြတ်စွာဘုရားကိုမျက်မှောက်၌မြင်နေရသကဲ့သို့ ရှက်ခြင်း, ကြောက်ခြင်း(ဟိရီ, ဩတ္တပ္ပ)တို့ဖြစ်၏။*

*(၂) မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြစ်သာ အထက်တရားထူးများကို ထိုးထွင်း၍မသိငြားသော်*

http://www.dhammadownload.com



*လည်း ကောင်းရာသုဂတိသို့သာလျှင် လားရာရှိပေ၏။]*

၂၆။ လောကုတ္တရာတရားကိုးပါးတို့တွင် နိဗ္ဗာန်သည် အဘယ်ကြောင့် "သွာက္ခာတ"မည် ပါသနည်း၊ ဖြေဆို၍ "အကာလိကော"၌ ကာလိကမည်သောတရား, အကာလိကမည်သော တရားများကို ခွဲခြားပြပါ။(၁၉၉၉)

*[အဖြေ – လောကုတ္တရာတရားကိုးပါးတို့တွင် နိဗ္ဗာန်သည် "သွာက္ခာတ"မည်ပုံ-*

*(၁) မြတ်စွာဘုရားသည် နိဗ္ဗာန်နှင့်လျော်သောအကျင့်ပဋိပတ်ကို ဟောတော်မူခြင်းကြောင့်လည်းကောင်း၊ အကျင့်ပဋိပတ်နှင့်လျော်သော နိဗ္ဗာန်ကိုဟောတော်မူခြင်းကြောင့်လည်းကောင်း၊ နိဗ္ဗာန်သည် ကောင်းစွာဟောအပ်သောတရား "သွာက္ခတ" မည်၏။*

*(၂) နိဗ္ဗာန်သည် သဿတ–မြဲသောသဘောရှိ၏။ အမတ–သေခြင်းကင်းသောသဘောရှိ၏၊ တာဏ–စောင့်ရှောက်တတ်သောသဘောရှိ၏။ လေဏ–ပုန်းအောင်းရာဟူသော သဘောရှိ၏။ ဤသို့ မြဲသောသဘောဲစသည်၏အစွမ်းဖြင့်ဟောအပ်သောကြောင့် နိဗ္ဗာန်သည် "သွာက္ခာတ"မည်ပေ၏။ "အကာလိကော"၌ ကာလိက, အကာလိကတရားတို့မှာ မေးခွန်း ၁၉ ၏အဖြေအတိုင်းဖြစ်၏။]*

၂၇။ ဒေဝတာနုဿတိကမ္မဋ္ဌာန်းပွားများပုံကို လိုရင်းတိကျဖော်ပြပြီးလျှင် ယင်းဒေဝတာနုဿတိကိုပွားများခြင်းကြောင့် ရရှိသောအကျိုးများကိုလည်း ဖြေဆိုပါ။(၁၉၉၉)

*[အဖြေ – မေးခွန်း ၂၁ အဖြေနှင့်တူသည်။]*

၂၈။ ဓမ္မာနုဿတိကမ္မဋ္ဌာန်းကို ပွားများလိုသောယောဂီပုဂ္ဂိုလ်သည် အဘယ်သို့ပွားများရမည်ကို ဖော်ပြပြီးလျှင် ယင်းဓမ္မာနုဿတိကမ္မဋ္ဌာန်းကိုပွားများသဖြင့် ရရှိသောအကျိုးများတွင် နောက်အကျိုး ၃–ပါးကိုသာ ထုတ်ပြပါ။(၂၀၀၀)

*[အဖြေ – ဓမ္မာနုဿတိကမ္မဋ္ဌာန်းကို ပွားများလိုသောယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ အရပ်သို့ကပ်၍ အပြင်ပအာရုံများမှဖဲခွါကာ သေဝပ်သောစိတ်ရှိသည်ဖြစ်၍–*

*(၁) "သွာက္ခာတော ဘဂဝတာဓမ္မော–မြတ်စွာဘုရားသည် တရားတော်ကိုကောင်းစွာ ဟောအပ်တော်မူပါပေ၏။*

*(၂) သန္ဒိဋ္ဌိကော–ထိုကောင်းစွာဟောထားသောတရားတော်သည် မိမိကိုယ်တိုင်ပင်တွေ့မြင်အပ်, တွေ့မြင်နိုင်သော တရားတော်မြတ်ပါပေတည်း။*

*(၃) အကာလိကော–အခါအခွင့်မဆိုင်းလင့်ဘဲ အသင့်လက်ငင်းချက်ချင်း အကျိုးပေးတတ်သောတရားတော်မြတ်ပါပေတည်း။*

*(၄) ဧဟိပဿိကော–လာပါ,ကြည့်လှည့်ပါဟု ဖိတ်ခေါ်ထိုက်သော တရားတော်မြတ်ပါပေတည်း။*

http://www.dhammadownload.com



(၅) ဩပနေယျိကော–ကိုယ်ထဲစိတ်ထဲရောက်အောင် ကျင့်ဆောင်ထိုက်သော တရားတော် မြတ်ပါပေတည်း။

(၆) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ–တရားမြင်သိ ပညာရှိတို့သာလျှင် ကိုယ့်တရားနှင့်ကိုယ် အသီးသီးခံစားရသော တရားတော်မြတ်ပါပေတည်း"ဟူ၍

ပရိယတ္တိတရားတော်၏ဂုဏ်တော်ကိုလည်းကောင်း၊ လောကုတ္တရာတရားကိုးပါး၏ ဂုဏ်တော်ကိုလည်းကောင်း အဖန်တလဲလဲ စိတ်ထဲစွဲအောင် အောက်မေ့ဆင်ခြင်အပ်၏။

ဓမ္မာနုဿတိကမ္မဋ္ဌာန်းကိုပွားများသဖြင့် ရရှိသောအကျိုးများတွင် နောက်အကျိုး– ၃ ပါးမှာ–

(၁) အတုမရှိသောတရားထူး(အရဟတ္တဖိုလ်)ကို ရခြင်းငှာစိတ်ညွတ်၏။

(၂) လွန်ကျူးအပ်သောဝတ္ထုနှင့် ပက်ပင်းကြုံတွေ့လာလျှင်လည်း တရားတော်၏ဂုဏ် ကို အဖန်တလဲလဲအောက်မေ့နေသောထိုပုဂ္ဂိုလ်အား ရှက်ခြင်း, ကြောက်ခြင်း (ဟိရီ, ဩတ္တပ္ပ)တို့ ရှေးရှုထင်၏။

(၃) မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဟူသော အထက်တရားထူးများကို ထိုးထွင်း၍မသိငြား သော်လည်း ကောင်းရာသုဂတိသို့သာလျှင် လားရာရှိပေ၏။]

၂၈။ ကိုးပါးသောလောကုတ္တရာတရား၏ "ဧဟိပဿိက"မည်ခြင်းအကြောင်းကို ဥပမာ ဖြင့် ထင်ရှားအောင်ပြဆို၍ တရားတော်၏ဂုဏ်တော်တို့ကို အဖန်တလဲလဲအောက်မေ့သော ယောဂီပုဂ္ဂိုလ်အား ထိုခဏတွင်လက်ငင်းချက်ခြင်းရရှိနိုင်သော အကျိုးများကိုလည်း ထုတ် ဖော်ပြပါ။(၂၀၀၁)

[အဖြေ–လောကုတ္တရာတရားကိုးပါးသည် "လာပါ, ရှုလှည့်ပါ"ဟု ဖိတ်မန်ခြင်းငှာ ထိုက်သောကြောင့် "ဧဟိပဿိက"မည်တော်မူ၏။

ဤတရားတော်သည် (၁)ပရမတ္ထအားဖြင့်ထင်ရှားစွာရှိခြင်းကြောင့်လည်းကောင်း၊ (၂) ကိလေသာတို့မှ ထက်ဝန်းကျင်စင်ကြယ်ခြင်းကြောင့်လည်းကောင်း၊ ဖိတ်မန်ထိုက်ပေ၏။

ဥပမာ လက်ဆုပ်ထဲ၌ ရွှေငွေမရှိဘဲလျက် "ဤရွှေငွေကိုရှုလော့"ဟုဆိုခြင်းငှာမတတ် ကောင်း၊ အဘယ်ကြောင့်နည်းဟူမူ မရှိသောကြောင့်ဖြစ်၏။ ထင်ရှားရှိပါသော်လည်း စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည့် ကျင်ကြီးကျယ်ငယ်တို့ကိုလည်း စိတ်ရွှင်လန်းစေရန် "လာလှည့် ပါ၊ရှုလှည့်ပါ"ဟု ဆိုခြင်းငှာမတတ်ကောင်း၊မြက်,သစ်ရွက်တို့ဖြင့် ဖုံးလွှမ်းအပ်သည်သာ လျှင်ဖြစ်၏။ အဘယ့်ကြောင့်နည်းဟူမူ မစင်ကြယ်သောကြောင့်ဖြစ်၏။

လောကုတ္တရာတရားကိုးပါးသည်ကား ပရမတ္ထသဘောအားဖြင့် ထင်ရှားစွာရှိသည့် အပြင် တိမ်တိုက်ကင်းစင်သောကောင်းကင်မှာ လပြည့်ဝန်းကဲ့သို့လည်းကောင်း၊ ပဏ္ဍု ကမ္ဗလာပေါ်တွင်တင်ထားသည့် ပတ္တမြားစစ်ကဲ့သို့လည်းကောင်း၊ ထက်ဝန်းကျင်စင်ကြယ်

http://www.dhammadownload.com



ခြင်းလည်းရှိ၏။ ထိုသို့ ထင်ထင်ရှားရှားရှိခြင်း၊ ထက်ဝန်းကျင်လည်း စင်ကြယ်ခြင်းတို့ကြောင့် "လာလှည့်ပါ၊ ရှုလှည့်ပါ"ဟူသောအစီအရင်ထိုက်ပေ၏။ ထို့ကြောင့် "ဧဟိပဿိက" မည်ပေ၏။

တရား၏ဂုဏ်တော်တို့ကို အဖန်တလဲလဲအောက်မေ့သော ယောဂီပုဂ္ဂိုလ်အား ထိုခဏတွင် လက်ငင်းချက်ခြင်းရရှိနိုင်သောအကျိုးများမှာ–ရာဂ, ဒေါသ, မောဟတို့ထကြွသောင်းကျန်းသောစိတ်သည် မဖြစ်။ ထိုပုဂ္ဂိုလ်၏စိတ်သည် တရားဂုဏ်တော်ကိုအာရုံပြု၍ ဖြောင့်မတ်စွာဖြစ်၏။ ဤသို့ရာဂစသည် ထကြွသောင်းကျန်းခြင်းမရှိသောကြောင့် နီဝရဏများငြိမ်းကုန်၏။ တရားဂုဏ်တော်ဟူသောကမ္မဋ္ဌာန်းသို့ ရှေးရှုသည်အဖြစ်ကြောင့် ဝိတက်, ဝိစာရတို့မပြတ်ဖြစ်ကုန်၏။ နှစ်သက်ဝမ်းမြောက်ခြင်း–ပီတိလည်းဖြစ်၏၊ ပီတိလျှင်နီးသည့်အကြောင်းရှိသောငြိမ်းအေးမှု–ပဿဒ္ဓိဖြင့် ကိုယ်စိတ်တို့၏ပင်ပန်းမှုတို့သည် ငြိမ်းကုန်၏။

ပူပန်မှုငြိမ်းသောယောဂီအား ကိုယ်စိတ်ချမ်းသာခြင်း–သုခဖြစ်၏။ သုခရှိသောသူအား တရားဂုဏ်လျှင်အာရုံရှိသည်ဖြစ်၍ စိတ်သည်ကောင်းစွာတည်လျက် ဧကဂ္ဂတာဖြစ်၏။ ဤသို့သောအစဉ်ဖြင့် တစ်ခုသောခဏ၌ ဈာန်အင်္ဂါတို့သည် ဖြစ်ပေါ်ကြကုန်၏။ သို့သော် တရားတော်၏ဂုဏ်တော်များ၏နက်နဲခြင်း, များပြားခြင်းတို့ကြောင့် အပ္ပနာဈာန်သို့မရောက်ဘဲ ဥပစာရဈာန်သာဖြစ်၏။ ထို့အပြင် (၁)မြတ်စွာဘုရား၌ ရိုသေတုပ်ဝပ်ခြင်း၊ (၂)တရားတော်၌ ရိုသေလေးမြတ်ခြင်း၊ (၃)သဒ္ဓါတရားပေါ်များပြန့်ပြောခြင်း၊ (၄) ဆင်းရဲဒုက္ခကိုသည်းခံနိုင်စွမ်းရှိခြင်း၊ (၅)တရားတော်နှင့်အမြဲပေါင်းဖော်နေရသောအမှတ်သညာရခြင်း၊ (၆) ယောဂီ၏ခန္ဓာကိုယ်သည် စေတီအိမ်ကဲ့သို့ပူဇော်ထိုက်ခြင်းစသည့် အကျိုးများကိုလည်း လက်ငင်းရရှိပါသည်။]

၂၉။ အလှူရေစက်လက်နှင့်မကွာ ပြုလေ့ရှိသောသူသည် မိမိစွန့်လွှတ်ပေးကမ်းမှုတို့ကို အဖန်တလဲလဲအောက်မေ့သောအခါ၌ စိတ်အစဉ်ဖြစ်ပုံများနှင့် ရရှိနိုင်သောအကျိုးများကို ပြည့်စုံစွာဖော်ပြပါ။(၂၀၀၂)

[အဖြေ–အလှူရေစက်လက်နှင့်မကွာပြုလေ့ရှိသူသည် မိမိစွန့်လွှတ်ပေးကမ်းမှုတို့ကို အဖန်တလဲလဲအောက်မေ့သောအခါ၌ စိတ်အစဉ်ဖြစ်ပုံများမှာ ရာဂ, ဒေါသ, မောဟတို့ ထကြွသောင်းကျန်းသောစိတ်သည်မဖြစ်။ ထိုသူ၏စိတ်သည် စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဂုဏ်ကိုအာရုံပြုလျက် ဖြောင့်မတ်စွာဖြစ်၏။ ရာဂစသည်ထကြွသောင်းကျန်းခြင်းမရှိသဖြင့် နီဝရဏကိုခွါပြီးသော ကမ္မဋ္ဌာန်းသို့ရှေးရှုသည်အဖြစ်ဖြင့် ဝိတက်, ဝိစာရတို့သည် ဒါန၏ဂုဏ်သို့ညွတ်ကာ မပြတ်ဖြစ်ကုန်၏။ နှစ်သက်ဝမ်းမြောက်ခြင်း–ပီတိလည်း ဖြစ်၏။ ပီတိလျှင်နီးသောအကြောင်းရှိသော ငြိမ်းအေးမှု–ပဿဒ္ဓိဖြင့် ကိုယ်စိတ်ပူပန်ခြင်းတို့သည် ငြိမ်း

http://www.dhammadownload.com



ကုန်၏။ ပူပန်မှုငြိမ်းသူအား ကိုယ်စိတ်ချမ်းသာခြင်း–သုခဖြစ်၏။ သုခရှိသူအား ဒါန၏ ဂုဏ်လျှင်အာရုံရှိသည်ဖြစ်၍ စိတ်သည် ကောင်းစွာတည်ကြည်၏။ ဤသို့သောအစဉ်ဖြင့် တစ်ခုသောခဏ၌ ဈာန်အင်္ဂါတို့ဖြစ်ပေါ်ကုန်၏။

သို့သော် ဒါနဂုဏ်၏နက်နဲသည်အဖြစ်ကြောင့်လည်းကောင်း၊ အထူးထူးအပြားပြားသော စွန့်ကြဲခြင်းဂုဏ်ကို အဖန်တလဲလဲအောက်မေ့ခြင်း၌ စိတ်ညွတ်သောကြောင့်လည်းကောင်း၊ အပ္ပနာဈာန်သို့မရောက်မူ၍ ဥပစာရဈာန်မျှသာဖြစ်၏။

စာဂါနုဿတိ၌မွေ့လျော်ခြင်းဖြင့် ရရှိနိုင်သောအကျိုးများမှာ–(၁)စွန့်ကြဲလှူဒါန်းခြင်း၌ အတိုင်းထက်အလွန်စိတ်ညွတ်၏။ (၂)လောဘကင်းခြင်း၌ အလိုအဇ္ဈာသယရှိသည်ဖြစ်၍ တစ်စုံတစ်ရာသောအာရုံကိုမျှမတပ်မက်ချေ။ (၃)မေတ္တာဘာဝနာနှင့်သင့်လျော်သည်ကို ပြုလေ့ရှိ၏။ (၄)ရဲရင့်ရှားခြင်းကင်းလျက်ရဲရင့်၏။ (၅)နှစ်သက်ဝမ်းမြောက်ခြင်းများစွာဖြစ်၏။ (၆)အထက်မဂ်ဖိုလ်တရားထူးကို ထိုးထွင်း၍မသိငြားသော်လည်း နတ်ရွာသုဂတိလျှင် လားရာရှိပေ၏။]

၃၀။ 'အကာလိကော'၌ ကာလိက၊ အကာလိကတရားများကို ရေးသား၍ သီလာနုဿတိဘာဝနာပွားပုံကို နည်းလမ်းတကျဖော်ပြပါ။(၂၀၀၃)

*[အဖြေ–ပထမပိုင်းသည် နံပါတ် ၁၉ အဖြေနှင့်တူ၏။*
*ဒုတိယပိုင်းသည် နံပါတ် ၂၄ ပထမပိုင်းအဖြေနှင့်တူ၏။]*

၃၁။ "ဆရာ–တပည့်"ဟူသောစကားရပ်၌ ဘုရားရှင်ကို 'ဆရာ'၊ ရဟန်းသံဃာကို 'တပည့်' ဟု ခေါ်ဆိုရခြင်း၏အကြောင်းရင်းများကို တိကျစွာဖော်ပြပြီးလျှင်၊ ဆံပင်တို့သည် အဆင်း, အသွင်အပြင်အားဖြင့် စက်ဆုပ်ဖွယ်ရာမဟုတ်ငြားသော်လည်း အနံ့အားဖြင့်စက်ဆုပ်ရွံရှာ ဖွယ်ဖြစ်ပုံကို သံဝေဂဉာဏ်ဖြစ်အောင် ပုံပမာဆောင်၍ ဆင်ခြင်ပြပါ။(၂၀၀၅)

*[အဖြေ–မြတ်စွာဘုရားသည် တပည့်သာဝကသံဃာတို့ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ရန် အကျိုးငှာ၊ လူများကပြုသည့်ရိုသေသမှုနှင့် သင့်တင့်ထိုက်တန်စေခြင်းအကျိုးငှာ မဖောက် မပြန်မှန်ကန်သောအကျင့်၊ တစ်ဖန်ပြန်နိုလည်ခြင်းမရှိသောမဆုတ်နစ်သည့်အကျင့်, နိဗ္ဗာန် အားလျော်သောအကျင့်, နိဗ္ဗာန်နှင့်မဆန့်ကျင်သောအကျင့်, လောကုတ္တရာတရား အားလျော် သော သမ္မာပဋိပတ်အကျင့်ကို သင်ပြဆုံးမတော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် 'ဆရာ'မည်၏။*

*မြတ်စွာဘုရား၏ဩဝါဒအဆုံးအမကို ရိုသေလေးမြတ်စွာနာခံတတ်သောပုဂ္ဂိုလ်သည် "သာဝက"–တပည့်သားမည်၏။ တပည့်သား–သာဝကတို့၏အပေါင်းသည် "သာဝက သံဃာ"မည်၏၊ အရိယာသီလ, အရိယဒိဋ္ဌိတည်းဟူသော အယူသီလချင်းတူညီကြသည် အဖြစ်ဖြင့် ပေါင်းစပ်သည်အဖြစ်သို့ရောက်သောတပည့်သာဝကအပေါင်းကို ရဟန်းသံဃာ*

http://www.dhammadownload.com



ဟုခေါ်၏။ ထို့ကြောင့် ရဟန်းသံဃာသည် "တပည့်"မည်၏။

တစ်နည်းကား တပည့်သာဝကအပေါင်းသည် မြတ်စွာဘုရားကောင်းစွာဟောအပ်သော တရားဝိနည်းဟူသည့်သာသနာတော်၌ ဆုံးမညွှန်ကြားသည့်အတိုင်းကျင့်သောကြောင့် "တပည့်"မည်၏။ မချွတ်မယွင်း ကေန်ဂိန်းသေဖြစ်သောအကျင့်ကို ကျင့်သောကြောင့်လည်း ရဟန်းသံဃာသည် "တပည့်"ဖြစ်ပြီး မြတ်စွာဘုရားသည် "ဆရာ"မည်၏။

မေးခွန်းဒုတိယပိုင်းသည် နောက်အခန်းနှင့်သက်ဆိုင်ပါသည်။]

* * *

http://www.dhammadownload.com

## အခန်း(၈)

# အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ
# အနုဿတိကမ္မဋ္ဌာန်းကိုအကျယ်ပြခြင်း

* မရဏဿတိကိုပြခြင်း

မရဏ–သေခြင်းဟူသည်မှာ

ဘဝတစ်ခုဖြင့်ပိုင်းခြားအပ်သော ဇီဝိတိန္ဒြေအစဉ်၏ပြတ်ခြင်းကို မရဏဟု ခေါ်၏။

*သမုစ္ဆေဒမရဏ* – ရဟန္တာတို့၏သံသရာဝဋ်ဒုက္ခအကြွင်းမဲ့ပြတ်ခြင်း၊

*ခဏိကမရဏ* – ရုပ်နာမ်ဓမ္မ, သင်္ခါရတို့၏ပျက်ခြင်းဘင်ခဏ၊

*သမ္မုတိမရဏ* – သစ်ပင်သေ၏၊ သံသေ၏စသည်ဖြင့် ခေါ်ဝေါ်သမုတ်သောမရဏ ဤမရဏသုံးမျိုးကို မရဏဿတိအရာ၌ အလိုမရှိအပ်။ ဘဝတစ်ခုဖြင့်ပိုင်းခြားအပ်သော ဇီဝိတိန္ဒြေအစဉ်၏ပြတ်ခြင်းဟူသည့်မရဏကိုသာ သတိ၏အာရုံအဖြစ်ဖြင့် ဤ မရဏဿတိအရာ၌ အလိုရှိအပ်၏။

သေခြင်း(၂)မျိုး

(၁) *ကာလမရဏ* – သက်တမ်းစသည်တို့၏ကုန်ရာကာလ၌ သေခြင်း၊

(၂) *အကာလမရဏ* – သက်တမ်းစသည်တို့၏မကုန်သေးမီကာလ၌ သေခြင်း။

ထိုသေခြင်းနှစ်မျိုးတွင် ကောင်းမှုကံကုန်သဖြင့် သေခြင်း၊ သက်တမ်းစေ့၍အသက်ကုန်သဖြင့် သေခြင်း၊ ကောင်းမှုကံနှင့်သက်တမ်းနှစ်ပါးစုံကုန်၍ သေခြင်းတို့သည် ကာလမရဏဖြစ်၏။

အကာလမရဏဟူသည်ကား လက်ရှိဘဝ၏ဝိပါက်စိတ်စေတသိက်များနှင့် ကမ္မဇရုပ်တို့ကို အစဉ်မပြတ်ဖြစ်စေတတ်သောကံကို အားကြီးသည့်အဖျက်ကံ–ဥပဃာတကကံက ဖြတ်တောက်လိုက်သဖြင့် သက်တမ်းမကုန်သေးဘဲလျက် သေရခြင်းဖြစ်၏။ မိမိကိုယ်ကို မိမိသတ်သေခြင်း၊ သူတစ်ပါးသတ်၍ သေရခြင်း၊ ကားတိုက်၍ဖြစ်စေ၊ ရေနစ်၍ဖြစ်စေစသည့်နည်းဖြင့်သေခြင်းတို့သည် အကာလမရဏတွင် အကျုံးဝင်၏။

http://www.dhammadownload.com



သေခြင်း (၄) မျိုး

(၁) *အာယုက္ခယမရဏ* – အသက်ကုန်၍သေခြင်း၊

နတ်တို့ကဲ့သို့ ဂတိသမ္ပတ္တိ၊ ကမ္ဘာဦးလူကဲ့သို့ ကာလသမ္ပတ္တိ၊ မြောက်ကျွန်းသူကဲ့သို့ အာဟာရသမ္ပတ္တိမရှိခြင်းကြောင့် ယခုခေတ်လူတို့ကဲ့သို့ အနှစ်တစ်ရာရှိသည့် သက်တမ်းကာလတွင် သက်တမ်းစေ့၍(ဝါ) အသက်အနှစ်တစ်ရာပြည့်၍ သေခြင်းပေတည်း။

(၂) *ကမ္မက္ခယမရဏ* (ဝါ) *ပုညက္ခယမရဏ* – လက်ရှိဘဝပဋိသန္ဓေမှစ၍ သေဆုံးသည်အထိ ကံ၏အကျိုးဝိပါက်တို့ကိုဖြစ်စေပြီး၍ ကံ၏စွမ်းအားကုန်သဖြင့် သေဆုံးခြင်းဖြစ်၏။ ကောင်းမှုကံကုန်၍ သေခြင်းပေတည်း။

(၃) *ဥဘယက္ခယမရဏ* – သက်တမ်းနှင့်ကံနှစ်ပါးစုံကုန်၍သေခြင်း၊

(၄) *ဥပစ္ဆေဒကမရဏ* (ဝါ) *ဥပက္ကမမရဏ* – သက်တမ်းနှင့်ကံနှစ်ပါးစုံမကုန်သေးဘဲလျက် မိမိလုံ့လဖြင့်ဖြစ်စေ သူတစ်ပါး၏လုံ့လဖြင့်ဖြစ်စေ သေရခြင်းဖြစ်၏။ အရှင်မောဂ္ဂလာန်အလောင်းဒုဿီမည်သောမာရ်နတ်မင်း၊ ကလာဗုမင်းစသည်တို့၏သေခြင်းကဲ့သို့ ထိုခဏ၌ပင် မိမိတည်ရာမှရွေ့စေခြင်းငှာစွမ်းနိုင်သော ဥပစ္ဆေဒကကံက ဖြတ်တောက်သဖြင့် သေခြင်းပေတည်း။

အထက်တွင်ဆိုခဲ့သော ကာလမရဏ၊ အကာလမရဏ၊ ပုညက္ခယမရဏ၊ အာယုက္ခယမရဏ၊ ဥဘယက္ခယမရဏ၊ ဥပက္ကမမရဏတို့သည် ဇီဝိတိန္ဒြေအသက်၏ပြတ်ခြင်းဟုဆိုအပ်သောမရဏ၌ ပေါင်း၍ယူအပ်၏။

မရဏဿတိဟူသည်မှာ

အသက်ဇီဝိတိန္ဒြေ၏ပြတ်ခြင်းဟုဆိုအပ်သော သေခြင်းမရဏကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ခြင်းသည် မရဏဿတိမည်၏။

မရဏဿတိကမ္မဋ္ဌာန်းရှုပွားပုံ

မရဏဿတိကမ္မဋ္ဌာန်းကို ရှုပွားလိုသောယောဂီသည် ဆိတ်ငြိမ်ရာသို့ကပ်ရောက်လျက် အပြင်ပအာရုံများမှဖဲခွါကာ ကမ္မဋ္ဌာန်းအာရုံ၌သာ စွဲလမ်းကပ်ငြိသောစိတ်ရှိသည်ဖြစ်၍ "သေခြင်းသည်ဖြစ်လတ့်၊ ဇီဝိတိန္ဒြေအသက်သည် ပြတ်လတ့် သို့မဟုတ် သေခြင်းသဘော၊ သေခြင်းသဘော"ဟူ၍ သင့်လျော်သောအားဖြင့် နည်းလမ်းမှန်စွာ နှလုံးသွင်းအပ်၏။

မသင့်လျော်သောအားဖြင့် နည်းလမ်းမှားစွာနှလုံးသွင်းသူမှာ လိုလားချစ်ခင်သူ၏ သေခြင်းကိုအောက်မေ့ရာ၌ စိုးရိမ်ပူဆွေးမှု–သောကဖြစ်၏၊ မွေးသမိခင်က ချစ်သောသား၏သေခြင်းကိုအောက်မေ့ရာ၌ စိုးရိမ်ပူဆွေးမှုဖြစ်သကဲ့သို့တည်း။ အလိုမရှိသောသူ၊ မုန်းသူတို့၏သေခြင်းကိုအောက်မေ့ရာ၌ ဝမ်းမြောက်ခြင်းဖြစ်၏။ ရန်သူဖြစ်သူတို့ကရန်သူ၏သေခြင်းကိုအောက်မေ့ရာ၌ ဝမ်းမြောက်ခြင်းဖြစ်သကဲ့သို့တည်း။ မချစ်

http://www.dhammadownload.com



မမုန်း၊ အလယ်အလတ်ဖြစ်သူ၏သေခြင်းကိုအောက်မေ့ရာ၌ ထိတ်လန့်မှု–သံဝေဂမဖြစ်။ သူသေကောင်ကို မီးဖုတ်သောစဏ္ဍာလက သူသေကောင်ကိုမြင်ရာ၌ ထိတ်လန့်မှုမဖြစ်သကဲ့သို့တည်း။ မိမိ၏သေခြင်းကိုအောက်မေ့ရာ၌ ကြောက်လန့်ခြင်းဖြစ်၏။ သူသတ်ယောက်ျားက မိမိကိုခုတ်သတ်ရန် ဓားမိုးထားသည်ကိုမြင်လျှင် ကြောက်လန့်ခြင်းဖြစ်သကဲ့သို့တည်း။ ထိုသောကဖြစ်ခြင်းစသည့်အလုံးစုံတို့သည် သတိ၊ သံဝေဂဉာဏ်ကင်းသောသူအား ဖြစ်၏။ သတိ၊ သံဝေဂဉာဏ်မကင်းသောသူအား မဖြစ်။

ထို့ကြောင့် ထိုထိုတောအရပ်၊ သုသာန်စသည်တို့၌ အသတ်ခံရသူ၊ အလိုလိုသေဆုံးသူတို့ကိုကြည့်ရှုပြီးလျှင် စည်းစိမ်ချမ်းသာပြည့်စုံလျက် သေလွန်ကြကုန်သောပုဂ္ဂိုလ်တို့၏ သေခြင်းကိုဆင်ခြင်၍ သတိကိုလည်းကောင်း၊ သံဝေဂကိုလည်းကောင်း၊ ဉာဏ်ကိုလည်းကောင်း ဖြစ်စေပြီးလျှင် "သေခြင်းသည်ဖြစ်လတ့်" စသောနည်းဖြင့် နှလုံးသွင်းခြင်းကိုပြုအပ်၏။ ဤသို့နှလုံးသွင်းခြင်းသည် သင့်လျော်သောအားဖြင့် နည်းလမ်းမှန်စွာ နှလုံးသွင်းသည်မည်၏။ ဤသို့နှလုံးသွင်းသောဉာဏ်ထက်သူအချို့တို့သည် နီဝရဏကွာရှင်း၍ သေခြင်းလျှင်အာရုံရှိသောသတိသည် ကောင်းစွာတည်၏၊ ကမ္မဋ္ဌာန်းသည် ဥပစာရဈာန်သို့ရောက်၏။

ဤဆိုခဲ့သည့်အတိုင်း နှလုံးသွင်းရုံဖြင့် ဥပစာရဈာန်သို့မရောက်သောယောဂီတို့သည် အောက်ပါရှစ်ပါးသောအခြင်းအရာတို့ဖြင့် သေခြင်းကိုအောက်မေ့ဆင်ခြင်အပ်၏။

### သေခြင်းကိုအောက်မေ့ပုံ (၈) မျိုး

### (၁) သူသတ်ယောက်ျားရှေးရှုတည်လာသောအားဖြင့် သေခြင်းကိုအောက်မေ့ပုံ

သူသတ်ယောက်ျားသည် ဤသူ၏ဦးခေါင်းကိုဖြတ်အံ့ဟူ၍ ဓားကိုင်ပြီးလျှင် လည်ပင်းကိုခုတ်အံ့သောငှာ ရှေ့နားမှာကပ်၍ မားမားမတ်မတ်ရပ်နေသလို သေခြင်းသည်ရှေးရှုကပ်၍ ငါ၏အနီး၌တည်၏ဟု အဖန်တလဲလဲအောက်မေ့အပ်၏။ အဘယ်ကြောင့်နည်းဟူမူ အိုခြင်း၊ သေခြင်းသည် ပဋိသန္ဓေနှင့်အတူတကွလာပြီး အသက်ကိုဆောင်တတ်သောကြောင့်ဖြစ်၏။

ထင်းစွာပြဦးအံ့၊ မှိုင်းသည် ထိပ်ဖျားမှာ မြေမှုန့်ကိုရွက်ဆောင်၍သာလျှင် ပေါက်လာသကဲ့သို့ ဤအတူပင် သတ္တဝါတို့သည် အိုခြင်း၊ သေခြင်းကို ရွက်ဆောင်လျက်သာလျှင် ဘဝသစ်ဖြစ်လာကြကုန်၏။ သတ္တဝါတို့၏စိတ်သည် ဥပါဒ်ခဏ၏ အခြားမဲ့၌ အိုခြင်းဇရာသို့ရောက်ပြီးလျှင် တောင်ထွတ်မှကျသောကျောက်တုံးကဲ့သို့ ယှဉ်ဖက်ခန္ဓာတို့နှင့်တကွပျက်စီး၏။ ဤသို့လျှင် ခဏိကမရဏသည် ဇာတိနှင့်အတူတကွလာ၏။ ပဋိသန္ဓေနေသောသတ္တဝါသည် မချွတ်ကေန်သေရမည်မှန်သောကြောင့် သေခြင်းသဘောသည် ဇာတိနှင့်အတူတကွလာသည်မည်၏။

http://www.dhammadownload.com



ဥပမာသော်ကား တက်လာသောနေဝန်းသည် အနည်းငယ်မျှနောက်သို့မဆုတ်ဘဲ ဝင်ခြင်းသို့ရှေးရှုသွားသကဲ့သို့၊ တောင်ပေါ်မှစီးဆင်းသောတောင်ကျချောင်းရေသည် ရှေ့သို့ သာလျှင်စီးဆင်းသွားသကဲ့သို့၊ သတ္တဝါတို့သည် မွေးဖွားပြီးသည်မှ အနည်းငယ်မျှသော်လည်း မပြန်မဆုတ်မူ၍ သေခြင်းသို့ရှေးရှုလျက်သာ သွားနေကြ၏။

ထို့ကြောင့် "သတ္တဝါသည် တစ်ခုသောညဉ့်၌ အမိဝမ်းတွင် ပဋိသန္ဓေယူသောခဏမှစ၍ သေခြင်းဆီသို့ ရှေးရှုသွားနေ၏၊ တစ်ခဏမျှသော်လည်း နောက်ပြန်မဆုတ်ချေ"ဟူ၍လည်းကောင်း၊

"(၁) မြစ်ငယ်, ချောင်းငယ်တို့၏ရေသည် နွေအခါ မမြင့်မကြာခန်းခြောက်သကဲ့သို့ နေ့ညဉ့်တို့ကုန်လွန်သဖြင့် အသက်သည်ချုပ်ပျောက်လေ၏။

"(၂) နံနက်အခါတွင် မှည့်ရင့်သောသစ်သီးများကြွေကျခြင်းကြောင့် သစ်ပင်အောက်ဝင်သူတို့ ကြောက်လန့်ခြင်းဖြစ်ရသကဲ့သို့ ပဋိသန္ဓေယူပြီးသောသတ္တဝါတို့၏ အမြဲသေခြင်းကို မြင်ရသူတို့သည် ကြောက်လန့်ခြင်းဖြစ်၏။

"(၃) အိုးထိန်းသည်တို့ပြုလုပ်ထားသည့် မြေအိုးမြေခွက်အားလုံးတို့သည် ကွဲပျက်ခြင်းလျှင်အဆုံးရှိသကဲ့သို့ သတ္တဝါအားလုံးတို့၏အသက်အသီးသီးသည်လည်း သေပျက်ခြင်းလျှင်အဆုံးရှိ၏။

"(၄) မြက်ပင်ဖျား၌တင်သောဆီးနှင်းပေါက်သည် နေခြည်အောက်တွင် မမြင့်မကြာ ပျောက်ပျက်သွားသကဲ့သို့ ဤအတူ လူတို့၏အသက်သည်လည်း မြင့်ရှည်စွာမတည်၊ လျင်မြန်စွာပျောက်ပျက်ရလေအံ့"ဟူ၍လည်းကောင်း၊ ဟောတော်မူ၏။

### (၂) ပြည့်စုံခြင်း၏ပျက်စီးခြင်းအားဖြင့် သေခြင်းကိုအောက်မေ့ပုံ

ဤလူ့ပြည်လောက၌ စည်းစိမ်ချမ်းသာပြည့်စုံခြင်း(သမ္ပတ္တိ)သည် ပျက်စီးခြင်း (ဝိပတ္တိ)က မလွှမ်းမိုးမီအတွင်း၌သာလျှင် တင့်တယ်၏။ ပျက်စီးခြင်းကိုကျော်လွန်၍တည်သော (ဝါ) မပျက်စီးနိုင်သောပြည့်စုံခြင်းမည်သည် မရှိချေ။

စည်းစိမ်ချမ်းသာနှင့်ပြည့်စုံ၍ စိုးရိမ်ခြင်းကင်းဝေးသောကြောင့် "အသောက" ဟူသော အမည်ကိုခံယူသည့် မင်းဧကရာဇ်သည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို လွှမ်းမိုးစိုးအုပ်၍ ကုဋေတစ်ရာသောဥစ္စာကို ပေးလှူနိုင်ခဲ့သော်လည်း နောက်ဆုံးကာလ၌ သျှစ်သျှားသီး(ဆီးဖြူသီး) တစ်ခြမ်းမျှကို အစိုးရသည့်ပိုင်ရှင်အဖြစ်သို့ ရောက်လေ၏။

ထိုအသောကမည်သောမင်းဧကရာဇ်သည် ကောင်းမှုကုန်ခြင်းသို့ ရောက်လတ်သော် ထိုကိုယ်ခန္ဓာဖြင့်ပင် သေခြင်းသို့ရှေးရှုဖြစ်လျက် စိုးရိမ်ပူဆွေးခြင်းသို့ ရောက်ရှာလေပြီ။

တစ်နည်းသော်ကား အလုံးစုံသောအနာကင်းခြင်းသည် ဖျားနာခြင်းလျှင် အဆုံးရှိချေ၏။ အလုံးစုံသောပျိုမျစ်နုနယ်အရွယ်ကောင်းခြင်းသည် အိုခြင်းလျှင် အဆုံးရှိချေ၏။ အလုံးစုံသောအသက်ရှင်ခြင်းသည် သေခြင်းလျှင် အဆုံးရှိချေ၏။ အလုံးစုံသောသတ္တဝါအပေါင်း

http://www.dhammadownload.com



ကို ဘဝသစ်ဖြစ်ခြင်းဟူသောဇာတိသည် ရန်သူကဲ့သို့ အစဉ်လိုက်၏။ အိုခြင်းဇရာက ကပ်သောအဆိပ်ကဲ့သို့ ပူးဝင်ပျံ့နှံ့လျက်ရှိ၏။ နာခြင်းဗျာဓိက အမှန်ယစ်သောဆင်ကြီးကဲ့သို့ဖိစီးနှိပ်စက်၏။ သေခြင်းမရဏသည် ဘီလူးတစ္ဆေတို့ကဲ့သို့ ပြင်းစွာ ပုတ်ခတ် လေ၏။

ထို့ကြောင့် ကောသလသံယုတ်တွင် မြတ်စွာဘုရားဤသို့ဟောကြားတော်မူ၏ –

"မိုးကောင်းကင်သို့ထိဆိုက်အောင်မြင့်မားသည့် ကျောက်တောင်ကြီးတို့သည် ထက်ဝန်းကျင်အရပ်လေးမျက်နှာတို့မှ မှုန့်မှုန့်ညက်ညက်ကြိတ်ခြေလျက် အစဉ်လိမ့်လာသကဲ့သို့ အိုခြင်း, နာခြင်းတရားတို့သည် သတ္တဝါတို့ကိုလွှမ်းမိုးနှိပ်စက်ကုန်၏၊ မင်း, ပုဏ္ဏား, ကုန်သည်, ဆင်းရဲသား, ဒွန်းစဏ္ဍား, တစ်စုံတစ်ယောက်သောသူကိုမျှမရှောင်၊ အလုံးစုံသောသတ္တဝါတို့ကို လွှမ်းမိုးနှိပ်စက်လေ၏။

"ထိုဇရာ, မရဏတို့လွှမ်းမိုးနှိပ်စက်ခြင်းကိုခုခံတိုက်ခိုက်ရန် ဆင်တပ်, ရထားတပ်, ခြေသည်သူရဲစစ်တပ်တို့ မစွမ်းနိုင်ချေ၊ ဂါထာမန္တာန်ဟူသော ပယောဂစစ်ထိုးခြင်း, ရွှေငွေဥစ္စာတံစိုးလက်ဆောင်ထိုးခြင်းတို့ဖြင့်လည်း အောင်မြင်ခြင်းငှာမစွမ်းနိုင်ချေ။"

ဤဆိုခဲ့သည့်အတိုင်း အသက်ရှင်ခြင်းဟူသောပြည့်စုံခြင်းသည် သေခြင်းဟူသည့် ပျက်စီးခြင်းလျှင် အဆုံးရှိသည်အဖြစ်ကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်အပ်၏။

**(၃) အနိုးသို့ကပ်၍ဆောင်သောအားဖြင့် သေခြင်းကိုအောက်မေ့ပုံ**

(က) အခြံအရံများခြင်း(ယသမဟတ္တ)၊ (ခ) ကောင်းမှုကုသိုလ်များခြင်း(ပုညမဟတ္တ)၊ (ဂ) အစွမ်းသတ္တိကြီးမားခြင်း(ထာမမဟတ္တ)၊ (ဃ) တန်ခိုးကြီးခြင်း(ဣဒ္ဓိမဟတ္တ)၊ (င) ပညာကြီးခြင်း(ပညာမဟတ္တ)၊ (စ)ပစ္စေကဗုဒ္ဓ၊ (ဆ)သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား ဤခုနစ်ပါးသောအခြင်းအရာတို့ဖြင့် "*ကပ်၍ဆောင်ခြင်းအားဖြင့်*" သေခြင်းကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်၏။

**(က) အခြံအရံများခြင်း(ယသမဟတ္တ)အားဖြင့် အောက်မေ့ပုံ**

စည်းစိမ်ဥစ္စာ ဗိုလ်ပါဆင်မြင်း အခြံအရံများစွာနှင့်ပြည့်စုံခြင်း ရှိကြကုန်သော မဟာသမ္မတမင်း, မန္ဓာတ်မင်း, မဟာသုဒဿနစကြာမင်း, ဒဠှနေမိစကြာမင်းစသော မင်းတို့၏အပေါ်၌သော်လည်း သေခြင်းသည် ကျရောက်တဲ့သေး၏၊ ငါကဲ့သို့ သူနုပ်အပေါ်၌အဘယ့်ကြောင့်မကျရောက်ဘဲရှိပါအံ့နည်း။

**(ခ) ကောင်းမှုကုသိုလ်များခြင်း(ပုညမဟတ္တ)အားဖြင့် အောက်မေ့ပုံ**

ဇောတိကသူဌေးကြီး, ဇဋိလသူဌေးကြီး, ဥဂ္ဂသူဌေးကြီး, မေဏ္ဍကသူဌေးကြီး, ပုဏ္ဏသူဌေးကြီးတို့နှင့် ဘုန်းကံကြီးမားသောသူတို့အားလုံးသည် သေမင်း၏နိုင်ငံသို့ ရောက်ကြရကုန်ပြီ။ ငါကဲ့သို့သောသူနုပ်အဖို့ကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း၊ ဧကန်မချွတ်သေရမည်သာတည်း။

http://www.dhammadownload.com



(ဂ) အစွမ်းသတ္တိကြီးမားခြင်း(ထာမမဟတ္တ)အားဖြင့် အောက်မေ့ပုံ

ဝါသုဒေဝမင်း၊ ဗလဒေဝမင်း၊ ဘီမသေနမင်း၊ ယုဓိဋ္ဌိလမင်း၊ စာနုရလက်ဝှေ့သည်ကြီးစသော အစွမ်းသတ္တိကြီးမားသူတို့သည် သေမင်း၏အလိုနိုင်ငံသို့ လိုက်ပါကြရကုန်ပြီ။ ငါသို့သောသူနုဝ်အဖို့ကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း။

(ဃ) တန်ခိုးကြီးမားခြင်း(ဣဒ္ဓိမဟတ္တ)အားဖြင့် အောက်မေ့ပုံ

တန်ခိုးရှင်တို့တွင် အသာဆုံးအမြတ်ဆုံးဖြစ်သော ဒုတိယအဂ္ဂသာဝက ဖြစ်သည့်အရှင်မဟာမောဂ္ဂလာန်သည် သိကြားမင်းစံရာ ဝေဇယန္တာပြာသာဒ်ကြီးကို ခြေမတော်မျှဖြင့် တုန်လှုပ်စေခဲ့၏။ ထိုမျှလောက်တန်ခိုးကြီးသောမထေရ်ပင်သော်လည်း ခြင်္သေ့၏ခံတွင်းသို့ သားသမင်ဝင်ရသကဲ့သို့ ကြမ်းကြုတ်လှစွာသောသေမင်း၏ ခံတွင်းသို့ဝင်ရတုံသေး၏။ ငါကဲ့သို့သောသာမန်ပုဂ္ဂိုလ်အဖို့ကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

(င) ပညာကြီးခြင်း(ပညာမဟတ္တ)အားဖြင့် အောက်မေ့ပုံ

မြတ်စွာဘုရားမှတစ်ပါး ရှိရှိသမျှသတ္တဝါအားလုံးတို့၏ဉာဏ်ပညာသည် အရှင်သာရိပုတ္တရာ၏ဉာဏ်ပညာကို တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်ကိုမျှ မမှီနိုင်။ ဤသို့ဉာဏ်ပညာကြီးတော်မူသော ပထမအဂ္ဂသာဝကဖြစ်သည့် အရှင်သာရိပုတ္တရာသည် သေခြင်း၏အလိုနိုင်ငံသို့ ရောက်ရတုံသေး၏။ ငါကဲ့သို့သော သာမန်ပုဂ္ဂိုလ်အဖို့ကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း။

(စ) ပစ္စေကဗုဒ္ဓါအားဖြင့် အောက်မေ့ဆင်ခြင်ပုံ

မိမိ၏ဉာဏ်အား၊ ဝီရိယစွမ်းအားဖြင့် အလုံးစုံသောကိလေသာရန်သူတို့ကို ချေမှုန်းကြလျက် ပစ္စေကဗောဓိဉာဏ်သို့ရောက်၍တစ်ပါးတည်းသာနေလေ့ရှိကြသဖြင့် တစ်ချောင်းတည်းပေါက်သည့်ကြံ့ချိုနှင့်တူကုန်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သော်မှလည်း သေခြင်းမှမလွတ်ကြပေကုန်။ ငါသည်ကား အဘယ်မှာလွတ်နိုင်ပါအံ့နည်း။

(ဆ) သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားအားဖြင့် အောက်မေ့ဆင်ခြင်ပုံ

ရှစ်ဆယ်သောလက္ခဏာငယ်၊ သုံးဆယ့်နှစ်သွယ်သောလက္ခဏာကြီးတို့ဖြင့် အဆန်းတကြယ်တန်ဆာဆင်၍ အလွန်သပ္ပါယ်တော်မူသော၊ ထက်ဝန်းကျင်စင်ကြယ်သည့်သီလက္ခန္ဓစသည့် ဂုဏ်ထူးရတနာတို့နှင့်ပြည့်စုံသော၊ ဓမ္မကာယဟူသည့်တရားကိုယ်တော်နှင့်လည်း ပြည့်စုံတော်မူသော၊ ယသမဟတ္တ၊ ပုညမဟတ္တ၊ ထာမမဟတ္တ၊ ဣဒ္ဓိမဟတ္တ၊ ပညာမဟတ္တ၊ ဂုဏ်ရှင်အပေါင်း၏အထွတ်အထိပ်သို့ရောက်တော်မူသော၊ တူမျှသူမရှိဘဲ ရှေးဘုရားရှင်တို့နှင့်သာတူမျှ၍ ပူဇော်အထူးကိုခံယူတော်မူထိုက်သော၊ မဖောက်မပြန်သယမ္ဘူဉာဏ်ဖြင့် အလုံးစုံသောတရားကိုသိတော်မူထသော မြတ်စွာဘုရားသည် ရှိတော်မူ၏။ ထိုသို့သောမြတ်စွာဘုရားသော်မှလည်း သည်းထန်စွာရွာသွန်းသောမိုးကြောင့်

http://www.dhammadownload.com



မီးပုံကြီးငြိမ်းရသကဲ့သို့ သေခြင်းဟူသောမိုး ရွာဖြိုးသွန်ချသည်ဖြစ်၍ တစ်ခဏချင်းပင် ပရိနိဗ္ဗာန်ပြုသောအားဖြင့် ငြိမ်းစဲတော်မူရ၏။

ထိုသေခြင်းမရဏသည် ဘုန်းတန်ခိုးကြီးမားတော်မူသော မြတ်စွာဘုရား၏ အလိုတော်သို့ ကြောက်ခြင်း၊ ရှက်ခြင်းဖြင့်မလိုက်။ အရှက်မရှိ ကြောက်ရွံ့ခြင်းကင်းစွာဖြင့်လိုက်၏။ ထိုသေခြင်းသည် ငါသို့သောလူသာမန်ကို အဘယ်ကြောင့်မလွှမ်းမိုးဘဲရှိပါအံ့နည်း။

ဤဆိုခဲ့သည့်အတိုင်း အခြံအရံများခြင်း၊ ကောင်းမှုကုသိုလ်များခြင်းစသည့် ဂုဏ်တို့နှင့်ပြည့်စုံကုန်သောပုဂ္ဂိုလ်ထူးတို့၏သေခြင်းကဲ့သို့ ငါသည်လည်း သေခြင်းသည်ဖြစ်ရလတံ့ဟု အဖန်တလဲလဲအောက်မေ့ဆင်ခြင်သောယောဂီအား နိမိတ်ကာများ ကင်းကွာကာ ဥပစာရဈာန်သို့ရောက်၏။

(၄) အကြောင်းတရားများစွာနှင့်ဆက်ဆံသောအားဖြင့် သေခြင်းကိုအောက်မေ့ပုံ

ဤကိုယ်သည် များစွာသောသေခြင်းအကြောင်းတရားတို့နှင့် ဆက်ဆံ၏။ ရှေးဦးစွာပြရလျှင် ရှစ်ဆယ်သောပိုးမျိုးတို့နှင့် ဆက်ဆံ၏။ ထိုပိုးတို့တွင် အပေါ်ရေပါးကိုမှီ၍ နေကုန်သောပိုးတို့သည် အပေါ်ရေပါးကိုခဲစားကုန်၏၊ အတွင်းရေထူကိုမှီ၍ နေကုန်သောပိုးတို့ သည် အတွင်းရေကိုခဲစားကုန်၏၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီစသည်ကိုမှီ၍ နေ ကုန်သောပိုးတို့သည် ထိုအသား၊ အကြော၊ အရိုး၊ ခြင်ဆီစသည်ကို ခဲစားကြကုန်၏။ ထိုမိမိတို့နေရာအရပ်၌ ပေါက်ပွားကြကုန်၏၊ အိုမင်းကြကုန်၏၊ သေကြကုန်၏၊ ကျင်ကြီးကျင်ငယ်စွန့်ကုန်၏။ ဤကိုယ်သည်ပင် ထိုပိုးတို့၏ မီးနေအိမ်လည်းဖြစ်၏၊ သူနာဇရပ်လည်းဖြစ်၏၊ သုသာန်သချိုင်းလည်းဖြစ်၏၊ ကျင်ကြီးကျင်ငယ်စွန့်ရာအိမ်လည်း ဖြစ်၏။ ဤကိုယ်ကောင်သည် ထိုပိုးမျှင်တို့၏ဖျက်ဆီးခြင်းကြောင့် သေခြင်းသို့ရောက်ရ၏။

ထို့အပြင် ကိုယ်တွင်း၌ဖြစ်ကုန်သော အရာမကများစွာသော သေစေနိုင်သည့် ရောဂါတို့နှင့်လည်း ဆက်ဆံ၏၊ ကိုယ်၏အပ၌ရှိကုန်သော မြွေ၊ ကင်းစသည်တို့နှင့်လည်း ဆက်ဆံ၏၊ ဥပမာပြရလျှင် လမ်းလေးသွယ်ဆုံရာ၌ထားအပ်သော ပစ်ကွင်းမှတ်တိုင်၌ အလုံးစုံသောအရပ်မျက်နှာတို့မှလာကုန်သော မြှား၊ လှံ၊ ခက်ရင်း၊ ကျောက်ခဲစသည်တို့သည် ကျရောက်ထိမှန်သကဲ့သို့ ထို့အတူပင် ဤကိုယ်၌လည်း အလုံးစုံသောဘေးဥပါဒ်တို့ကျရောက်ကုန်၏။ ထိုဘေးဥပါဒ်တို့ကြောင့် ဤကိုယ်သည် သေခြင်းသို့ရောက်ရ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဤသို့ဟောတော်မူ၏—

*"ရဟန်းတို့—ဤသာသနာတော်၌ ရဟန်းသည် နေ့ကုန်၍ညဉ့်ရောက်သော် ဤသို့ဆင်ခြင်၏၊ ငါ့မှာ သေခြင်း၏အကြောင်းတို့သည် များလှကုန်၏၊ မြွေ၊ ကင်းမြီးကောက်၊ ကင်းခြေများစသည်တို့သည် ငါ့ကိုကိုက်ရာ၏၊ ထို့ကြောင့် ငါ့အား သေခြင်းသည် ဖြစ်ရာ၏၊ ထိုသေခြင်းသည် ငါ့အားတရားနှလုံးသွင်းမှု၏အန္တရာယ် ဖြစ်ရာ၏။ ငါသည် ချော်၍မှုလည်း*

http://www.dhammadownload.com



*လဲကျရာ၏၊ ငါစားထားသည့်အစာသည်မှုလည်း ဖောက်ပြန်ရာ၏၊ ငါ၏သလိပ်သည်မှု လည်းပျက်ရာ၏၊ လေသည်မှုလည်းဖြတ်ရာ၏၊ ထို့ကြောင့် ငါ၏သေခြင်းသည်ဖြစ်ရာ၏၊ ထိုသေခြင်းသည် ငါ့အား တရားနှလုံးသွင်းမှု၏အန္တရာယ်လည်းဖြစ်ရာ၏။"*

ဤသို့လျှင် ကိုယ်၏များစွာသောသေကြောင်းတရားတို့နှင့်ဆက်ဆံသောအားဖြင့် သေခြင်းကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်အပ်၏။

(၅) အသက်၏အားနည်းသောအားဖြင့် သေခြင်းကိုအောက်မေ့ပုံ

ဤအသက်မည်သည်ကား အားမရှိ၊ အားနည်း၏။ ထိုစကားမှန်၏၊ သတ္တဝါတို့၏အသက်သည် ထွက်သက်ဝင်သက်နှင့်လည်းစပ်၏၊ ဣရိယာပုထ်နှင့်လည်းစပ်၏၊ အချမ်းအပူနှင့်လည်းစပ်၏၊ မဟာဘုတ်ခေါ် ဓာတ်ကြီးလေးပါးနှင့်လည်းစပ်၏၊ အာဟာရနှင့်လည်းစပ်၏။ ထွက်သက်ဝင်သက်တို့၏အညီအမျှဖြစ်ခြင်းကို ရသော်သာလျှင် ဤအသက်သည်တည်၏။ အပသို့ထွက်သက်လေထွက်ပြီး ဝင်သက်လေမဝင်လျှင်သော်လည်းကောင်း၊ ဝင်သက်လေဝင်ပြီးနောက် ပြန်မထွက်လျှင်သော်လည်းကောင်း၊ သေခြင်းရောက်လာမည်ဖြစ်၏။

ထို့အတူ ဣရိယာပုထ်လေးပါးတို့ မျှတညီညွတ်သောအဖြစ်ကို ရသော်သာလျှင် အသက်သည်တည်၏၊ ဣရိယာပုထ်တစ်ပါးပါးလွန်ကဲလျှင်ကား အာယုသင်္ခါရခေါ်အသက်ဆိုင်ရာရုပ်နာမ်တို့ ပြတ်စဲကုန်၏။ အချမ်းအပူဥတုတို့၏ညီညွတ်မျှတခြင်းကို ရသော်သာလျှင် အသက်သည်တည်၏၊ အအေးလွန်ကဲလျှင်ဖြစ်စေ၊ အပူလွန်ကဲလျှင်ဖြစ်စေ အသက်သည် ဖောက်ပြန်ပျက်စီးတတ်၏။ မဟာဘုတ်လေးပါးတို့ညီညွတ်မျှတနေမှသာလျှင် အသက်သည်တည်၏၊ ဓာတ်တစ်ပါးပါးဖောက်ပြန်လျှင် အသက်ကုန်ခြင်းသို့ ရောက်ရ၏။ အစာအဟာရကိုလည်း လိုအပ်သောအခါများ၌ မှန်မှန်ရနေမှသာလျှင် အသက်ရှင်နေနိုင်၏၊ မရလျှင်ကား သေခြင်းသို့ ရောက်ရ၏။ ဤသို့လျှင် အသက်၏အားနည်းသောအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်၏။

(၆) သေခြင်း၏မှတ်သားအပ်သောအပိုင်းအခြားမရှိခြင်းအားဖြင့် ဆင်ခြင်ပုံ

သတ္တဝါတို့၏အသက်, သေစေမည့်အနာရောဂါ, သေရာကာလ, အသေကောင်ကို ပစ်ချရာအရပ်,လားရာဂတိဟူသောဤငါးပါးတို့သည် လောက၌အမှတ်အသားမရှိသောကြောင့် မှတ်သားအပ်သည့်အပိုင်းအခြားမရှိခြင်းအားဖြင့် အောက်မေ့ဆင်ခြင်အပ်၏။

ထိုငါးပါးတို့တွင် အသက်သည် "ဤမျှသာရှင်နိုင်သည်၊ ဤမျှနောက်၌မရှင်နိုင်"ဟု ပိုင်းခြားသတ်မှတ်ထားခြင်းမရှိ။သတ္တဝါတို့သည် ကလလရေကြည်ဖြစ်ရာအခါ၌လည်း သေကြ၏၊ အမြှုပ်ဖြစ်ရာကာလ, သားတစ်ဖြစ်ရာကာလ, အခဲဖြစ်ရာကာလ, တစ်လအရွယ်, နှစ်လအရွယ်, သုံးလအရွယ်, မွေးဖွားပြီးကာလစသည်၌လည်း သေကြ၏၊ အနှစ်တစ်ရာအတွင်း၌လည်းကောင်း, အပ၌လည်းကောင်း သေကြ၏။

http://www.dhammadownload.com



အနာရောဂါသည်လည်း ဤမည်သောအနာရောဂါဖြင့် သတ္တဝါတို့သေကုန်၏၊ အခြားသောရောဂါဖြင့် မသေကုန်ဟု သတ်မှတ်ထားခြင်းမရှိ။ မှန်ပေ၏၊ သတ္တဝါတို့သည် မျက်စိရောဂါဖြင့်လည်း သေကြ၏၊ နားရောဂါစသည့်အခြားရောဂါတစ်မျိုးမျိုးဖြင့်လည်း သေကြ၏။

အချိန်ကာလသည်လည်း ဤမည်သောကာလ၌သာ သေအပ်၏၊ တခြားကာလ၌မသေအပ်ဟူ၍ ပိုင်းခြားသတ်မှတ်ထားခြင်းမရှိသဖြင့် သိနိုင်သောအမှတ်နိမိတ်မရှိချေ။ မှန်ပေ၏။ သတ္တဝါတို့သည် နံနက်ပိုင်း၌လည်း သေကြ၏၊ နေ့လည်ပိုင်းစသည်တို့၌လည်းသေကြ၏။ သေပြီးနောက် အလောင်းကောင်ကို ပစ်ချရာအရပ်သည်လည်း သတ်မှတ်ထားခြင်းမရှိချေ။ ဥပမာ ရွာတွင်း၌မွေးဖွားခဲ့ကြသူတို့၏အလောင်းကောင်ကို ရွာပြင်၌ပစ်ချကုန်၏။ ရွာပြင်၌မွေးဖွားခဲ့ကြသူတို့၏အလောင်းကောင်ကို ရွာတွင်း၌ ပစ်ချကြကုန်၏။ ကုန်းပေါ်၌ မွေးဖွားခဲ့ကြသောသတ္တဝါတို့၏ကိုယ်ကောင်တို့ကို ရေ၌ပစ်ချကြ၏၊ ရေ၌ပေါက်ဖွားသော သတ္တဝါတို့၏ကိုယ်ကောင်ကို ကုန်းမှာပစ်ချကြ၏။ ဤသို့များစွာချဲ့အပ်၏။

လားရာဂတိသည်လည်း "လူ့ပြည်မှသေဆုံးသူတို့သည် လူ့ပြည်၌ဖြစ်ရာ၏" စသည်ဖြင့်သတ်မှတ်ထားခြင်းမရှိသောကြောင့် သိနိုင်ကြောင်း အမှတ်နိမိတ်မရှိပေ။ နတ်ပြည်မှ စုတေကြသူတို့သည် လူ့ပြည်၌ဖြစ်ကြ၏၊ လူ့ပြည်မှ စုတေသူတို့သည်လည်း နတ်ပြည်စသည့် အမှတ်မရှိဘုံဌာနတစ်ခုခု၌ ဖြစ်ကြ၏။ ဆီကြိတ်ဆုံ၌တပ်အပ်သောနွားကဲ့သို့ သတ္တဝါတို့သည် ဂတိငါးပါး၌ တပြောင်းပြန်ပြန်ကျင်လည်ကြရ၏။ ဤသို့လျှင် အမှတ်နိမိတ်မရှိသောအားဖြင့် သေခြင်းကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်အပ်၏။

(၇) အသက်တမ်း၏ကာလအပိုင်းအခြားအားဖြင့် သေခြင်းကို ဆင်ခြင်ပုံ

ယခုအခါ လူတို့၏အသက်သည် တိုတောင်းလှ၏။ အသက်ရှည်သူတို့ပင်လျှင် အနှစ်တစ်ရာမျှအသက်ရှင်ရာ၏၊ အနှစ်တစ်ရာကို အနည်းငယ်ကျော်လွန်၍လည်း အသက်ရှင်ရာ၏။ သို့အတွက် မြတ်စွာဘုရားမိန့်တော်မူသည်မှာ—

*"ရဟန်းတို့--လူတို့၏အသက်သည် တိုတောင်းလှ၊ နည်းလှ၏၊ တမလွန်ဘဝသို့လားရလတ္တံ့။ ကုသိုလ်ပြုအပ်၏၊ မြတ်သောအကျင့်ကိုကျင့်အပ်၏၊ ပဋိသန္ဓေယူပြီးသောသူ၏ မသေခြင်းမည်သည် မရှိချေ။ အသက်ရှည်သူတို့သည်ပင် အနှစ်တစ်ရာမျှသာ အသက်ရှင်၏၊ ထိုထက် အနှစ်အနည်းငယ်ပိုလွန်၍လည်း အသက်ရှင်ရာ၏။*

*"ရဟန်းတို့--လူတို့၏အသက်သည်တိုတောင်းလှ၊ နည်းလှ၏။ ထိုအသက်ကို အမြော်အမြင်ရှိသောသူတော်ကောင်းသည် ရှုတ်ချရာ၏၊ ဦးခေါင်းကို မီးလောင်နေသောသူသည် ထိုမီးကိုငြိမ်းသတ်ရန် လျင်စွာအားထုတ်သကဲ့သို့ တစ်ဆယ့်တစ်မီး၏ငြိမ်းရာနိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း ကောင်းမြတ်သောအကျင့်ကို ဆောလျင်စွာကျင့်ရာ၏။ သေခြင်း၏မလာခြင်း၊ သေခြင်းကို ရှောင်လွှဲနိုင်ခြင်းမည်သည် မရှိချေ။"*

http://www.dhammadownload.com



ထို့အပြင် အင်္ဂုတ္တိုရ်ပါဠိတော်၊ သတ္တကနိပါတ်၊ မဟာဝဂ်၊ အရကသုတ်ကို ဥပမာခုနစ်မျိုးတို့ဖြင့် တန်ဆာဆင်ကာ ဟောကြားတော်မူသေး၏။

ထို့အပြင်လည်း ဟောတော်မူပြန်သည်မှာ "ရဟန်းတို့--အကြင်ရဟန်းသည် 'ငါသည် တစ်နေ့တစ်ညဉ့်မျှ အသက်ရှင်ရပါမူကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမကို နှလုံးသွင်းရရာ၏၊ သို့ဖြစ်ပါမူ ငါသည် များစွာသောအကျိုးစီးပွားကို ပြုသည်ဖြစ်ရာ၏'ဟူ၍ မရဏာနုဿတိကို ပွား၏။

"အခြားရဟန်းတစ်ပါးကမူ 'ငါသည်တစ်နေ့ပတ်လုံး အသက်ရှင်ရပါမူ ကောင်းလေစွ၊ မြတ်စွာဘုရား၏အဆုံးအမကို နှလုံးသွင်းရရာ၏၊ သို့ဖြစ်ပါမူငါသည်များစွာသောအကျိုးစီးပွားများကို ပြုသည်ဖြစ်ရာ၏'ဟူ၍ မရဏာနုဿတိကိုပွား၏။

"ရဟန်းတို့--အကြင်ရဟန်းတစ်ဦးသည်ကား 'ငါသည် ဆွမ်းတစ်နပ်စားချိန်အတွင်း၌အသက်ရှင်ရပါမူ ကောင်းလေစွ၊ မြတ်စွာဘုရား၏အဆုံးအမကို နှလုံးသွင်းရရာ၏၊ ထိုသို့ဖြစ်ပါမူ ငါသည်များစွာသောအကျိုးစီးပွားကိုပြုသည်ဖြစ်ရာ၏ဟူ၍ မရဏာနုဿတိကိုပွား၏။

"ရဟန်းတို့--အခြားရဟန်းတစ်ပါးကမူ 'ငါသည် ဆွမ်းလေးငါးလုပ်ကို ဝါးမျိုခိုက်အတွင်း၌ အသက်ရှင်နေရပါမူ ကောင်းလေစွ၊မြတ်စွာဘုရား၏အဆုံးအမကို နှလုံးသွင်းရရာ၏၊ ထိုသို့ဖြစ်ပါမူ ငါသည် များစွာသောအကျိုးစီးပွားကိုပြုသည် ဖြစ်ရာ၏'ဟူ၍ မရဏာနုဿတိကို ရှုပွား၏။

"အိုရဟန်းတို့--ဤရဟန်းလေးပါးတို့သည် မေ့မေ့လျော့လျော့နေကြ၏၊ အာသဝေါတရားတို့၏ကုန်ခြင်းငှာ မရဏာဿတိကို နှေးနှေးစွာပွား၏ဟူ၍ ဆိုအပ်၏။ အကြင်ရဟန်းတစ်ပါးသည်ကား ငါသည် ဆွမ်းတစ်လုပ်ကိုဝါးမျိုခိုက်အတွင်း၌ အသက်ရှင်နေရမူကောင်းလေစွ၊ ငါသည် မြတ်စွာဘုရား၏အဆုံးအမကို နှလုံးသွင်းရရာ၏၊ ထိုသို့ဖြစ်ပါမူ ငါသည် များစွာသောအကျိုးစီးပွားကို ပြုသည်ဖြစ်ရာ၏'ဟူ၍ မရဏာဿတိကို ပွား၏။

"တဖန် အခြားရဟန်းတစ်ပါးသည်ကား 'ငါသည် ဝင်လေရှုသွင်း၍ ထွက်လေရှိုက်ထွက်နေစဉ်သော်လည်းကောင်း၊ ရှိုက်ထုတ်ပြီး၍ ရှုသွင်းနေစဉ်သော်လည်းကောင်း၊ ထိုအခိုက်အတွင်း၌ အသက်ရှင်နေရပါမူ ကောင်းလေစွ။ မြတ်စွာဘုရား၏ အဆုံးအမကိုနှလုံးသွင်းရရာ၏၊ ထိုသို့ဖြစ်မူ ငါသည် များစွာသောအကျိုးစီးပွားကို ပြုသည်ဖြစ်ရာ၏'ဟူ၍ မရဏာဿတိကိုပွား၏။

"ရဟန်းတို့--ဤရဟန်းနှစ်ပါးတို့ကို မမေ့လျော့ဘဲနေကြသည်၊ အာသဝေါတို့၏ကုန်ခြင်းငှာ မရဏာဿတိကို ထက်မြက်စွာပွား၏ဟူ၍ ဆိုအပ်ကုန်၏။"

ဤသို့လျှင် အသက်ရှင်ရာအခွန့်ကာလသည် ဆွမ်းလေးငါးလုပ်ဝါးမျိုခိုက်၌ပင် စိတ်မချရအောင် တိုတောင်းလှချေ၏။ သို့ဖြစ်၍ အသက်တမ်း၏ကာလအပိုင်းအခြားအားဖြင့်သေခြင်းကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်၏။

http://www.dhammadownload.com



(ဂ) အသက်ရှင်ဆဲခဏ၏အလွန်တိုတောင်းသည်ကို ဆင်ခြင်ပုံ

သတ္တဝါတို့၏အသက်ရှင်ဆဲခဏသည် ပရမတ္ထအားဖြင့် အလွန်ပင် တိုတောင်း၏၊ စိတ်တစ်ခု၏ဖြစ်ပျက်ခိုက်မျှသာ(ဝါ)စိတ္တက္ခဏတစ်ချက်မျှသာ ရှိချေ၏။ ဥပမာကား ရထားဘီးသည် လိမ့်သွားနေစဉ်အခါ၌ တစ်ခုသောအကွပ်၏တစ်စိတ်ဖြင့်သာလျှင်လိမ့်၍ သွား၏၊ ရပ်နေစဉ်အခါ၌လည်း ထိုအကွပ်၏ တစ်စိတ်ဖြင့်သာလျှင် ရပ်တည်၏။ ဤအတူပင် သတ္တဝါတို့၏အသက်ရှင်ခြင်းသည် စိတ္တက္ခဏတစ်ချက်မျှသာ ကြာ၏။ ထိုစိတ်ချုပ်သော် သတ္တဝါသေဆုံးသည်မည်၏။

*"အတိတ်စိတ္တက္ခဏ၌ အသက်ရှင်ဖူးပြီ၊ အသက်ရှင်ဆဲမဟုတ်၊ ရှင်လတ့်လည်းမဟုတ်။ အနာဂတ်စိတ္တက္ခဏ၌ အသက်ရှင်ပြီးမဟုတ်၊ ရှင်ဆဲလည်းမဟုတ်၊ အသက်ရှင်လတ့်တည်း။ ပစ္စုပ္ပန်စိတ္တက္ခဏ၌ အသက်ရှင်ပြီးမဟုတ်၊ ရှင်လတ့်လည်းမဟုတ်၊ အသက်ရှင်ဆဲဖြစ်၏"*ဟု ဟောတော်မူ၏။

(၁) အသက်ဇီဝိတိန္ဒြေသည်လည်းကောင်း၊ ကိုယ်အတ္တဘောသည်လည်းကောင်း၊ သုခဝေဒနာ, ဒုက္ခဝေဒနာတို့သည်လည်းကောင်း၊ နိစ္စ-မြဲသည်အဖြစ်, အတ္တအဖြစ်တို့နှင့် မရောယှက်၊ သက်သက်သီးခြားသဘောတရားတို့ပေတည်း။ ထိုတရားတို့၏ဖြစ်ခြင်းခဏသည် လျှင်မြန်လှပေ၏။

(၂) သေလွန်ပြီးသောသတ္တဝါတို့၏ခန္ဓာတို့ကို ချုပ်ပျောက်ကုန်ပြီဟု ဆိုအပ်၏၊ ပဝတ္တိအခါ၌ တည်ဆဲဖြစ်သောသတ္တဝါ၏ခန္ဓာကိုလည်း ဘင်သို့ရောက်သော် ချုပ်ပျောက်လေပြီဟု ဆိုအပ်၏။ ထိုချုပ်လေပြီးသောခန္ဓာနှစ်မျိုးတို့သည် ပြန်၍စပ်ခြင်း, ပေါ်လာခြင်း မရှိသောအားဖြင့် တူကြ၏။

(၃) ပစ္စုပ္ပန်မဟုတ်သောစိတ်ဖြင့် ဖြစ်ဆဲ, ရှင်ဆဲမဟုတ်၊ ပစ္စုပ္ပန်စိတ်ဖြင့်သာ ဖြစ်ဆဲ, ရှင်ဆဲဖြစ်၏။ သတ္တဝါဟူသောလောကသည် စိတ်၏ဘင်ခဏသို့ရောက်သော် ပရမတ္ထအားဖြင့် သေသည်မည်၏။ သို့သော်လည်း ထိုထိုထင်ရှားသောစိတ်ကိုစွဲ၍ မောင်ဖြူအသက်ရှင်၏၊ မောင်မဲအသက်ရှင်၏စသော စကားအရာဖြစ်ခြင်း-သန္တာနပညတ်သည်ရှိ၏။ ဤသန္တာနပညတ်သည် ပရမတ္ထမဟုတ်သော်လည်း ရှင်ဆဲစိတ်ကိုရည်ညွှန်းသဖြင့် ပရမတ္ထကဲ့သို့ဖြစ်၏။ ဤသို့ဟောတော်မူ၏။

ဤဆိုခဲ့သည့်အတိုင်း အသက်ရှင်ဆဲခဏ၏အလွန်တိုတောင်းသောအားဖြင့် သေခြင်းကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်အပ်၏။

ဖော်ပြခဲ့ပြီးသည့် ရှစ်ပါးသောသေခြင်းအရာတို့တွင် တစ်ပါးပါးသော အခြင်းအရာဖြင့်လည်းသေခြင်းကိုအဖန်ဖန်အထပ်ထပ် နှလုံးသွင်းဆင်ခြင်အပ်၏။ ဤသို့ နှလုံးသွင်းသည်၏အစွမ်းဖြင့် အဖန်တလဲလဲမှိဝဲခြင်းဟူသည့်အာသေဝနပစ္စည်းကိုရ၏၊ သေခြင်းလျှင် အာရုံရှိသောသတိသည် တည်၏၊ နီဝရဏတို့သည် ငြိမ်းကုန်၏၊ ဈာန်အင်္ဂါတို့သည် ထင်ရှား

http://www.dhammadownload.com



ဇွာဖြစ်ပေါ်ကြ၏။ သို့သော် အာရုံ၏ သဘာဝဓမ္မအဖြစ်, သံဝေဂကို ဖြစ်စေတတ်သည့် အဖြစ်တို့ကြောင့် အပ္ပနာသို့မရောက်မူဘဲ ဥပစာရစျာန်မျှသာဖြစ်၏။

လောကုတ္တရာစျာန်နှင့် အရူပစျာန်တို့သည်လည်း သဘာဝဓမ္မ၌ဖြစ်ကြသော်လည်း လောကုတ္တရာစျာန်သည် အထူးစင်ကြယ်သောဘာဝနာ၏အစွမ်းဖြင့် အပ္ပနာသို့ရောက်၏၊ အရူပစျာန်တို့သည် အာရုံကိုလွန်သောဘာဝနာ၏အစွမ်းဖြင့် အပ္ပနာသို့ရောက်၏။ ဤ မရဏာဿတိ၌ကား အထူးစင်ကြယ်သောဘာဝနာ၏အစွမ်းနှင့် အာရုံကိုလွန်သောဘာဝနာ အစွမ်းတို့မရှိပေ။ သို့အတွက် ဥပစာရစျာန်မျှသာ ဖြစ်၏။ ဤစျာန်သည် မရဏာဿတိ၏ အစွမ်းဖြင့်ဖြစ်သောကြောင့် မရဏာဿတိဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

**မရဏာဿတိကမ္မဋ္ဌာန်း၏အကျိုးများ**

(၁) မရဏာဿတိကမ္မဋ္ဌာန်းကို အဖန်တလဲလဲအားထုတ်သောရဟန်းသည် မပြတ် မမေ့လျော့သည် ဖြစ်၏၊

(၂) အလုံးစုံသောဘဝဂတိတို့၌ မမွေ့လျော်ခြင်းဟူသောအမှတ်သညာကို ရ၏၊

(၃) အသက်၌ ကပ်ငြိတွယ်တာခြင်းဟူသည့်နိကန္တိတဏှာကို ပယ်စွန့်၏၊

(၄) မကောင်းမှုကို စက်ဆုပ်၏၊

(၅) သိုမှီးသိမ်းဆည်းမှုမများခြင်း၊

(၆) ပစ္စည်းပရိက္ခရာတို့၌ ဝန်တိုမှုကင်း၏၊

(၇) ထိုရဟန်းအား အနိစ္စသညာသည်လည်း လေ့လာခြင်းသို့ရောက်၏။

(၈) ထိုအနိစ္စသညာကို လေ့လာခြင်းကြောင့် ဒုက္ခသညာ, အနတ္တသညာတို့သည် လည်း ထင်၏၊

(၉) မရဏာဿတိကမ္မဋ္ဌာန်းကို မပွားသေသာသူတို့သည် သေခါနီးကာလ၌ သားရဲ, ဘီလူး, မြွေ, ခားပြ, သူခိုး, သူသတ်သမားတို့၏ ရုတ်တရက်အနိုပ်စက်ခံရသကဲ့သို့ ကြောက်ခြင်း, ထိတ်လန့်ခြင်း, တွေဝေခြင်းသို့ရောက်ကုန်၏။ မရဏာဿတိပွားသူတို့သည် ကြောက်ခြင်း, ထိတ်လန့်ခြင်း, တွေဝေခြင်းမရှိဘဲ သေကြရ၏။

(၁၀) အကယ်၍မျက်မှောက်ဘဝ၌ အမြိုက်နိဗ္ဗာန်ကိုမရသည်ရှိသော် ခန္ဓာကိုယ်ပျက် ကြွေ၍ သေသည်မှနောက်၌ သုဂတိဘဝသို့ရောက်ရ၏။

ထို့ကြောင့် ပညာရှိသည် တန်ခိုးအာနုဘော်ကြီးမားသော မရဏာဿတိကမ္မဋ္ဌာန်းကို အခါခပ်သိမ်းမမေ့မလျော့ ကြိုးပမ်းအားထုတ်ရာ၏။

*** ကာယဂတာသတိကိုပြဆိုခြင်း**

ကာယဂတာသတိသည် ဘုရားပွင့်သောအခါကာလမှတစ်ပါး, အခြားကာလ၌မဖြစ် စဖူး၊ ခပ်သိမ်းသောတိတ္ထိတို့၏အရာမဟုတ်။ ထိုထိုသုတ္တန်တို့၌–

http://www.dhammadownload.com



"ရဟန်းတို့--တစ်ခုသောတရားကိုပွားစေအပ်သည်ရှိသည် အကြိမ်များစွာအလေ့အလာပြုအပ်သည်ရှိသော် ကိုယ်၏သဘောအမှန်ကိုသိရ၍ ကြီးစွာသောထိတ်လန့်ခြင်းသည် ဖြစ်၏၊ လွန်စွာကြီးမားသောအကျိုးစီးပွားအလို့ငှာ ဖြစ်၏၊ ယောဂလေးပါးတို့၏ ဘေးမရှိခြင်းအကျိုးငှာ ဖြစ်၏၊ ကြီးကျယ်မြင့်မြတ်သော သတိ, သမ္ပဇဉ်ကိုရခြင်း အကျိုးငှာဖြစ်၏၊ ဝိပဿနာဉာဏ်ကို ရခြင်းအကျိုးငှာ ဖြစ်၏၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်းအကျိုးငှာ ဖြစ်၏၊ ဝိဇ္ဇာဉာဏ်သုံးပါး, နိဗ္ဗာန်, သာမညဖိုလ်တို့ကို မျက်မှောက်ပြုရခြင်းအကျိုးငှာ ဖြစ်၏။

"ထိုတစ်ခုသောတရားဟူသည် အဘယ်နည်း၊ ကာယဂတာသတိပေတည်း။ အိုရဟန်းတို့--အကြင်သူတို့သည် ကာယဂတာသတိကို သုံးဆောင်ကုန်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ရကုန်၏။ အကြင်သူတို့သည် ကာယဂတာသတိကို မသုံးဆောင်ကုန်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မသုံးဆောင်ကြရကုန်။ ရဟန်းတို့--အကြင်သူတို့သည် ကာယဂတာသတိကို အားထုတ်အပ်, ပြီးစေအပ်ပြီ၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို သုံးဆောင်အပ်ပြီ၊ မယုတ်ပြီ၊ မချွတ်ချော်ပြီ။ အကြင်သူတို့သည် ကာယဂတာသတိကို အားမထုတ်ကုန်၊ မပြီးစေကုန်။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မသုံးဆောင်ရပြီ၊ ယုတ်ကုန်ပြီ၊ ချွတ်ချော်ကုန်ပြီ။"

ဤသို့ မြတ်စွာဘုရားသည် များစွာသောအခြင်းအရာတို့ဖြင့် ချီးမွမ်းတော်မူပြီးလျှင် ကာယဂတာသတိကမ္မဋ္ဌာန်းကို ညွှန်ပြတော်မူ၏။

"ရဟန်းတို့--အဘယ်သို့ပွားစေလျှင် အဘယ်သို့အကြိမ်များစွာလေ့လာလျှင် ကာယဂတာသတိသည် များသောအကျိုးရှိသနည်း၊ ကြီးကျယ်သည့်အာနိသင်ရှိသနည်း။ ရဟန်းတို့--ဤသာသနာတော်၌ ရဟန်းသည် တောအရပ်သို့ကပ်ရောက်၍ဖြစ်စေ၊ သစ်ပင်ရင်းသို့ကပ်ရောက်၍ဖြစ်စေ"

ဤသို့အစရှိသောနည်းဖြင့် (၁)အာနာပါနပိုင်း၊ (၂)ဣရိယာပထပိုင်း၊ (၃)စတုသမ္ပဇဉ်ပိုင်း၊ (၄)ပဋိက္ကူလမနသိကာရပိုင်း၊ (၅)ဓာတုမနသိကာရပိုင်း၊ (၆-၁၄)သူသေကောင်ကိုးမျိုးဟူသော သိဝထိကပိုင်းဟူသော ၁၄-ပိုင်းတို့၏အစွမ်းအားဖြင့် ကာယဂတာသတိကမ္မဋ္ဌာန်းကိုညွှန်ပြတော်မူ၏။ ဣရိယာပထပိုင်း, စတုသမ္ပဇဉ်ပိုင်းနှင့် ဓာတုမနသိကာရပိုင်းတို့ကို ဝိပဿနာ၏အစွမ်းဖြင့်ဟောတော်မူ၏။ သူသေကောင်ကိုးမျိုးဟူသည့် သိဝထိကပိုင်းဟူသော သမာဓိဘာဝနာကို အသုဘနိဒ္ဒေသ၌ဖော်ပြခဲ့ပြီးပြီ။ အာနာပါနပိုင်းနှင့်ပဋိက္ကူလမနသိကာရပိုင်းနှစ်မျိုးကို သမာဓိ၏အစွမ်းဖြင့် ဟောအပ်၏။ အာနာပါနပဗ္ဗသည် အာနာပါနဿတိ၏အစွမ်းဖြင့် အသီးအခြားကမ္မဋ္ဌာန်းဖြစ်၏။

"အို-ရဟန်းတို့၊ တစ်ဖန်တုံလည်း ရဟန်းသည် ခြေဖဝါးအပြင်မှအထက်သို့၊ ဆံပင်ဖျားမှအောက်သို့၊ အရေပါးလျှင်အဆုံးရှိသော အမျိုးမျိုးသောမစင်မကြယ် စက်ဆုပ်ဖွယ်

http://www.dhammadownload.com



*တို့ဖြင့် ပြည့်နေသည့်ဤကိုယ်ကို ဆင်ခြင်၏။ ဤကိုယ်၌ ဆံပင်, အမွေး, ခြေသည်း လက်သည်း, သွား, အရေ, အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညို့, နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်, သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်တို့ရှိ၏။"*

ဤသို့လျှင် ဦးနှောက်ကို ရိုးတွင်းခြင်ဆီနှင့်ပေါင်း၍ စက်ဆုပ်ရွံရှာဖွယ်ဟု နှလုံးသွင်းသည်၏အစွမ်းဖြင့် ဟောတော်မူသောကမ္မဋ္ဌာန်းကို ဤအနုဿတိနိဒ္ဒေသ၌ ကာယဂတာသတိဟု ဆိုလို၏။

ကောဋ္ဌာသပါဠိတော်တွင် "ဤကိုယ်" ဆိုသည်ကား မဟာဘုတ်ဓာတ်ကြီး လေးပါးကိုမှီသော အကောင်ပုပ်ကိုဆိုလို၏။ မစင်ကြယ်သောဝတ္ထုတို့၏အစုအဝေးဖြစ်လျက် စက်ဆုပ်ဖွယ်သော ဆံပင်, အမွေးစသည်တို့၏ဖြစ်ပွားရာဖြစ်သောကြောင့်လည်းကောင်း၊ မျက်စိရောဂါစသည့် အနာရောဂါတို့၏ဖြစ်ပွားရာဖြစ်သောကြောင့်လည်းကောင်း၊ ဤကိုယ်ကောင်သည် "ကာယ=ကိုယ်" မည်၏။

### ကာယဂတာသတိကမ္မဋ္ဌာန်းယူပုံ

ယာယဂတာသတိကမ္မဋ္ဌာန်းကို ပွားလိုသောအမျိုးကောင်းသားသည် ကလျာဏမိတ္တခေါ် မိတ်ဆွေကောင်းဆရာထံချဉ်းကပ်၍ ဤကမ္မဋ္ဌာန်းကိုသင်ယူအပ်၏။ ကမ္မဋ္ဌာန်းကိုဟောကြားသင်ပြသောဆရာသည် (၁)ကမ္မဋ္ဌာန်းနိမိတ်ယူမှု၌ ကျွမ်းကျင်လိမ္မာကြောင်းဖြစ်သော ခုနစ်ပါးသော ဥဂ္ဂဟကောသလ္လဉာဏ် ကိုလည်းကောင်း၊ (၂)ဆယ်ပါးသော နှလုံးသွင်းမှု၌လိမ္မာခြင်းဟူသည့် မနသိကာရကောသလ္လဉာဏ်ကိုလည်းကောင်း ဟောကြားအပ်၏။

ထိုနှစ်ပါးတို့တွင် ဥဂ္ဂဟကောသလ္လကို (၁)နှုတ်ဖြင့် (၂)စိတ်ဖြင့် (၃)အဆင်းအားဖြင့် (၄)ပုံသဏ္ဌာန်အားဖြင့် (၅)အရပ်မျက်နှာအားဖြင့် (၆)တည်ရာအားဖြင့် (၇)အပိုင်းအခြားအားဖြင့်ဟူ၍ ခုနစ်ပါးအပြားအားဖြင့် ပြောကြားအပ်၏။

### ဥဂ္ဂဟကောသလ္လဉာဏ် (၇)ပါး

ကောဋ္ဌာသတို့၏ပုံသဏ္ဌာန်နိမိတ်ကို ရယူရာ၌ ကျွမ်းကျင်လိမ္မာသောဉာဏ်(၇)ပါး ဖြစ်၏။

### (၁) နှုတ်ဖြင့်ရွတ်ဆိုခြင်း

ဤစက်ဆုပ်ရွံရှာဖွယ်ဟု နှလုံးသွင်းအပ်သောကမ္မဋ္ဌာန်း၌ ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်ဖြစ်စေကာမူ နှလုံးသွင်းသောကာလ၌ ရှေးဦးစွာ နှုတ်ဖြင့်ရွတ်ဆိုသရဇ္ဈာယ်ခြင်းကို ပြုအပ်၏။ ထိုသို့ ရွတ်ဆိုစဉ်ပင်လျှင် ကမ္မဋ္ဌာန်းသည် ထင်ရှားလာ၏။

အဘယ်သူတို့ကဲ့သို့နည်းဟူမူ မလယအရပ်နေ မဟာရေဝတမထေရ်ကြီးထံ၌

http://www.dhammadownload.com



ကမ္မဋ္ဌာန်းယူကြသော မထေရ်နှစ်ပါးတို့ကဲ့သို့တည်း။ မထေရ်ကြီးသည် ကမ္မဋ္ဌာန်းတောင်းသောထိုရဟန်းတို့အား "လေးလတို့ပတ်လုံး ဤကမ္မဋ္ဌာန်းကိုသာ ရွတ်ဆိုသရဇ္ဈာယ်လေလော့" ဟုဆို၍ ၃၂-ကောဋ္ဌာသပါဠိကိုပေး၏။

ထိုရဟန်းတို့သည် ဆရာ၏စကားကိုအရိုအသေခံယူ၍ လေးလပတ်လုံး ၃၂-ကောဋ္ဌာသကိုရွတ်ဆိုသရဇ္ဈာယ်လျက် သောတာပန်ဖြစ်ကြ၏။

ထို့ကြောင့် ကမ္မဋ္ဌာန်းဆရာသည် တပည့်ကို "ရှေးဦးစွာနှုတ်ဖြင့် ရွတ်ဆိုသရဇ္ဈာယ်ရမည်ဟု ပြောကြားအပ်၏။ ရွတ်ဆိုသည့်အခါ တစပဉ္စကစသည်တို့ကို ပိုင်းခြား၍ အနုလုံ, ပဋိလုံ အပြန်အလှန်ရွတ်ဆိုစေအပ်၏။

"*ဆံပင်, အမွေး, လက်သည်းခြေသည်း, သွား, အရေ*"ဟု အစဉ်လိုက်အနုလုံအားဖြင့် ရွတ်ဆိုစေပြီးလျှင် တစ်ဖန်အပြန်-ပဋိလုံအားဖြင့် "*အရေ, သွား, လက်သည်းခြေသည်း, အမွေး,ဆံပင်*"ဟု ရွတ်ဆိုအပ်၏။ (*အရေလျှင်ငါးခုမြောက်ရှိသောအပိုင်း*)

ပါဠိဘာသာဖြင့်ရွတ်ဆိုလျှင် "*ကေသာ, လောမာ, နခါ, ဒန္တာ, တစော၊ တစော, ဒန္တာ, နခါ, လောမာ, ကေသာ*"ဟုဆိုရမည်။ (*တစပဉ္စက*)

ထို့နောက် "*မံသံ, နှာရု, အဋ္ဌိ, အဋ္ဌိမိဉ္ဇံ, ဝက္ကံ၊ ဝက္ကံ, အဋ္ဌိမိဉ္ဇံ, အဋ္ဌိ, နှာရု, မံသံ, တစော, ဒန္တာ, နခါ, လောမာ, ကေသာ*"ဟု ဆိုအပ်၏။ (*ဝက္ကပဉ္စက*)

ထို့နောက် "*ဟဒယံ, ယကနံ, ကိလောမကံ, ပိဟကံ, ပပ္ဖါသံ, ပပ္ဖါသံ, ပိဟကံ, ကိလောမကံ, ယကနံ, ဟဒယံ, ဝက္ကံ, အဋ္ဌိမိဉ္ဇံ, အဋ္ဌိ, နှာရု, မံသံ, တစော, ဒန္တာ, နခါ, လောမာ, ကေသာ*"ဟုဆိုအပ်၏။ (*ပပ္ဖါသပဉ္စက*)

ထို့နောက် "*အန္တံ, အန္တဂုဏံ, ဥဒရိယံ, ကရီသံ, မတ္ထလုင်္ဂံ၊ မတ္ထလုင်္ဂံ, ကရီသံ, ဥဒရိယံ, အန္တဂုဏံ, အန္တံ, ပပ္ဖါသံ, ပိဟကံ, ကိလောမကံ, ယကနံ, ဟဒယံ, ဝက္ကံ, အဋ္ဌိမိဉ္ဇံ, အဋ္ဌိ, နှာရု, မံသံ, တစော, ဒန္တာ, နခါ, လောမာ, ကေသာ*"ဟု ဆိုအပ်၏။ (*မတ္ထလုင်္ဂပဉ္စက*)

ထို့နောက် "*ပိတ္တံ,သေမှံ,ပုဗ္ဗော,လောဟိတံ,သေဒေါ,မေဒေါ၊မေဒေါ,သေဒေါ, လောဟိတံ,ပုဗ္ဗော,သေမှံ,ပိတ္တံ,မတ္ထလုင်္ဂံ,ကရီသံ,ဥဒရိယံ,အန္တဂုဏံ,အန္တံ,ပပ္ဖါသံ, ပိဟကံ,ကိလောမကံ,ယကနံ,ဟဒယံ,ဝက္ကံ,အဋ္ဌိမိဉ္ဇံ,အဋ္ဌိ,နှာရု,မံသံ,တစော,ဒန္တာ, နခါ,လောမာ,ကေသာ*"ဟု ဆိုအပ်၏။ (*မေဒဆက္က*)

ထို့နောက် "*အဿု, ဝသာ, ခေဠော, သိင်္ဃာဏိကာ, လသိကာ, မုတ္တံ၊ မုတ္တံ, လသိကာ, သိင်္ဃာဏိကာ, ခေဠော, ဝသာ, အဿု, မေဒေါ, သေဒေါ, လောဟိတံ, ပုဗ္ဗော, သေမှံ, ပိတ္တံ, မတ္ထလုင်္ဂံ, ကရီသံ, ဥဒရိယံ, အန္တဂုဏံ, အန္တံ, ပပ္ဖါသံ, ပိဟကံ, ကိလောမကံ, ယကနံ, ဟဒယံ, ဝက္ကံ, အဋ္ဌိမိဉ္ဇံ, အဋ္ဌိ, နှာရု, မံသံ, တစော, ဒန္တာ, နခါ, လောမာ, ကေသာ*"ဟုဆိုအပ်၏။ (*မုတ္တဆက္က*)

ဤသို့လျှင် ကာလအရာ၊ အထောင်, အသိန်းတို့ပတ်လုံး နှုတ်ဖြင့်ရွတ်ဆိုသရဇ္ဈာယ်ခြင်းကို ပြုအပ်၏။ နှုတ်ဖြင့်ရွတ်ဆိုခြင်းသည် ကမ္မဋ္ဌာန်းပါဠိအစဉ်ကို ကောင်းစွာလေ့လာအပ်သည်ဖြစ်၏။ ထိုမှဤမှ စိတ်သည်မပြေးသွား။ ကောဋ္ဌာသတို့သည် ထင်ရှားကုန်၏။

http://www.dhammadownload.com



လက်ချောင်းအစဉ်, စောင်းတန်းခြေအစဉ်ကဲ့သို့ ထင်ကုန်၏။

(၂) စိတ်ဖြင့်ရွတ်ဆိုခြင်း

နှုတ်ဖြင့်ရွတ်ဆိုသရဇ္ဈာယ်သကဲ့သို့ ထို့အတူ စိတ်ဖြင့်ရွတ်ဆိုသရဇ္ဈာယ်ခြင်းကို ပြုအပ်၏။ နှုတ်ဖြင့်သရဇ္ဈာယ်ခြင်းသည် စိတ်ဖြင့်သရဇ္ဈာယ်ခြင်း၏အကြောင်းဖြစ်၏။ စိတ်ဖြင့်သရဇ္ဈာယ်ခြင်းသည် ရွံစဖွယ်အသုဘလက္ခဏာကို ထိုးထွင်းသိခြင်း၏အကြောင်းဖြစ်၏။

(၃) အဆင်းအားဖြင့်မှတ်သားခြင်း

ဆံပင်စသည့်ကောဋ္ဌာသတို့၏အဆင်းကို မှတ်သားအပ်၏။

(၄) ပုံသဏ္ဌာန်အားဖြင့်မှတ်သားခြင်း

ဆံပင်စသည့်ကောဋ္ဌာသတို့၏ပုံသဏ္ဌာန်ကို မှတ်သားအပ်၏။

(၅) အရပ်မျက်နှာအားဖြင့်မှတ်သားခြင်း

ဤကိုယ်ကောင်၌ ချက်မှအထက်သည် အထက်အရပ်မည်၏၊ ချက်မှ အောက်သည် အောက်အရပ်မည်၏။ ထို့ကြောင့် ကောဋ္ဌာသတစ်ခုစီသည် ဤမည်သော အရပ်၌ရှိ၏ဟု မှတ်သားအပ်၏။

(၆) တည်ရာအားဖြင့် မှတ်သားခြင်း

"ဤကောဋ္ဌာသသည် ဤမည်သောအရပ်၌ တည်၏" ဟု ထိုထိုကောဋ္ဌာသ၏ တည်ရာအရပ်ကို ပိုင်းခြား၍မှတ်သားအပ်၏။

(၇) အပိုင်းအခြားအားဖြင့် မှတ်သားခြင်း

အပိုင်းအခြားသည် သဘောတူသောအပိုင်းအခြား၊ သဘောမတူသော အပိုင်းအခြားဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် "ဤကောဋ္ဌာသကိုအောက်၌, အထက်၌, ဖီလာဝန်းကျင်၌ ဤမည်သောအရပ်အသီးသီးဖြင့် ပိုင်းခြားအပ်၏" ဟူ၍ သဘောတူပိုင်းခြားခြင်းကိုသိအပ်၏။ "ဆံပင်သည်အမွေးမဟုတ်၊ အမွေးသည်ဆံပင်မဟုတ်"ဟူ၍ မရောမယှက်သည်၏ အစွမ်းဖြင့် သဘောမတူသောပိုင်းခြားခြင်းကို သိအပ်၏။

ဤသို့ ခုနစ်ပါးသောအစီအရင်ဖြင့် ဥဂ္ဂဟကောသလ္လကို ဟောကြားသောဆရာသည် ဤကာယဂတာသတိကမ္မဋ္ဌာန်းကို မဟာသတိပဋ္ဌာနသုတ်၌ ပဋိက္ကူလ–စက်ဆုပ်ရွံရှာဖွယ် အစွမ်းဖြင့် ဟောအပ်၏၊ မဟာဟတ္ထိပဒေါပမသုတ်, မဟာရာဟုလောဝါဒသုတ်, ဓာတုဝိဘင်္ဂသုတ်တို့၌ ဓာတ်၏အစွမ်းအားဖြင့် ဟောအပ်၏၊ ကာယဂတာသတိသုတ်၌ကား အကြင်ပုဂ္ဂိုလ်အား ဆံပင်စသည့်ကောဋ္ဌာသသည် အညိုစသောအဆင်းအားဖြင့် ထင်၏။ ထိုပုဂ္ဂိုလ်ကိုရည်၍ လေးပါးသောဈာန်တို့ကို ဝေဖန်အပ်ကုန်၏။ ထိုကမ္မဋ္ဌာန်းတို့တွင် ဓာတ်၏အစွမ်းဖြင့်ဟောထားသောကမ္မဋ္ဌာန်းသည် ဝိပဿနာကမ္မဋ္ဌာန်း မည်၏၊ စက်ဆုပ်ရွံရှာဖွယ်အစွမ်းဖြင့်ဟောထားသောကမ္မဋ္ဌာန်းသည် သမထကမ္မဋ္ဌာန်း မည်၏။ ကာယဂတာသတိသုတ်၌ လာသော ၃၂–ပါးသောကောဋ္ဌာသ ကမ္မဋ္ဌာန်းသည် သမထကမ္မဋ္ဌာန်းသာလျှင်ဖြစ်ပေ၏။ ကမ္မဋ္ဌာန်းဆရာသည် ဤသည်တို့ကို သိနားလည်၍ တပည့်အား ပြောကြားအပ်၏။

http://www.dhammadownload.com



### မနသိကာရကောသလ္လဉာဏ် (၁၀) ပါး

ကောဋ္ဌာသတို့ကို နှလုံးသွင်းဆင်ခြင်ရာ၌ ကျွမ်းကျင်လိမ္မာသောဉာဏ်(၁၀)ပါးဖြစ်၏။

#### (၁) အစဉ်အားဖြင့် နှလုံးသွင်းခြင်း

ကာယဂတာသတိကမ္မဋ္ဌာန်းကိုအားထုတ်သောယောဂီပုဂ္ဂိုလ်သည် ကောဋ္ဌာသတို့ကို နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်းရွတ်ဆိုသရဇ္ဈာယ်ရာ၌ "ကေသာ, လောမာ, နခါ, ဒန္တာ, တစော,-----"စသည် ပါဠိအစဉ်ကိုမလွန်စေမူ၍ နှလုံးသွင်းအပ်၏၊ တစ်ခုကြား, နှစ်ခုကြားစသည်ဖြင့် နှလုံးမသွင်းအပ်။ ဥပမာမလိမ္မာမကျွမ်းကျင်သော ယောကျ်ားသည် ၃၂-ထစ်ရှိသောလှေကားကို တစ်ထစ်ခြား, နှစ်ထစ်ခြားကျော်လွန်၍တက်သည်ရှိသော် ကိုယ်ပင်ပန်း၍လိမ့်ကျရာ၏၊ တက်ခြင်းကိုအမပြီးစေနိုင်သကဲ့သို့ ထိုအတူယောဂီသည် ဘာဝနာပြည့်စုံသည်၏အစွမ်းဖြင့်ရအပ်သော သာယာဖွယ်ချမ်းသာကို မရရှိသဖြင့် စိတ်ပင်ပန်း၍ ဘာဝနာအလုပ်မှ ဆုတ်နစ်လျှောကျတတ်၏၊ ဘာဝနာကို မပြည့်စုံစေနိုင်။

#### (၂) မမြန်လွန်းသောအားဖြင့် နှလုံးသွင်းခြင်း

ယောဂီသည် ကောဋ္ဌာသတို့ကို အစဉ်အတိုင်းနှလုံးသွင်းသွားသည့်အခါ မလျင်မြန်လွန်းသောအားဖြင့် နှလုံးသွင်းအပ်၏။ လျင်မြန်စွာနှလုံးသွင်းသောအပြစ်၏ ဥပမာကား ယောကျ်ားတစ်ယောက်သည် သုံးယူဇနာခရီးကို လမ်းခွဲ, လမ်းချိုး, သွားအပ်သောအရပ်, စွန့်အပ်သည့်အရပ်တို့ကိုမမှတ်မူဘဲ လျင်သောအဟုန်ဖြင့် အကြိမ်တစ်ရာ သွားတုံပြန်တုံပြု ငြားအံ့၊ ခရီးအဆုံးသို့ကား ရောက်ပါ၏၊ သို့သော် သွားတိုင်းသွားတိုင်း မေး၍သာလျှင် သွားရ၏။ ထို့အတူပင် ကမ္မဋ္ဌာန်းသည် အဆုံးသို့ကား ရောက်ပါ၏၊ သို့သော် ကမ္မဋ္ဌာန်းသည် မထင်ရှား၊ ချမ်းသာဟူသောတရားထူးကို မရနိုင်။ ထို့ကြောင့် မမြန်လွန်းသောအားဖြင့် နှလုံးသွင်းအပ်၏။

#### (၃) မနှေးလွန်းသောအားဖြင့် နှလုံးသွင်းခြင်း

မမြန်လွန်းသောအားဖြင့်နှလုံးသွင်းသကဲ့သို့ မနှေးလွန်းသောအားဖြင့်နှလုံးသွင်းအပ်၏။ နှေးကွေးစွာနှလုံးသွင်းသောအပြစ်၏ဥပမာကား ထိုသုံးယူဇနာခရီးကို သွားလိုသောယောကျ်ားသည် ခရီးအကြား၌ သစ်ပင်, တောင်, တစ်ဘက်ဆည်ကန် စသည်တို့၌ ဖင့်နွဲ့နေပါမူ ခရီးပြီးဆုံးခြင်းသို့ မရောက်နိုင်။ နှစ်ရက်, သုံးရက်ကြာမှ ပြီးဆုံးနိုင်သကဲ့သို့ ဤအတူပင် ကမ္မဋ္ဌာန်းသည် ပြီးဆုံးခြင်းသို့မရောက်၊ ချမ်းတရားထူးကိုရခြင်း၏အကြောင်း မဖြစ်ဘဲရှိတတ်၏။

#### (၄) စိတ်ပျံ့လွင့်ခြင်းကို တားမြစ်သောအားဖြင့် နှလုံးသွင်းခြင်း

ကမ္မဋ္ဌာန်းကိုလွတ်၍ အပြင်ပဖြစ်သောအာရုံအမျိုးမျိုး၌ စိတ်၏ပျံ့လွင့်ခြင်းကို တားမြစ်အပ်၏။ မတားမြစ်ခြင်း၏အပြစ်ဥပမာကား ခြေတစ်ဖဝါးစာနင်းလောက်ရုံသာ ကျယ်

http://www.dhammadownload.com



သော ကမ်းပါးစောက်ခရီးကို သွားသောယောကျ်ားသည် နင်းသောခြေကို ကောင်းစွာအမှတ် မပြုမူ၍ ထိုမှဤမှ မျှော်ကြည့်လတ်သော် အသူတစ်ရာနက်သောကမ်းပါးပြတ်သို့ ကျသွား လေရာ၏။ ထို့အတူပင်လျှင် အပြင်ပအာရုံ၌ စိတ်ပျံ့လွင့်လတ်သော် ကမ္မဋ္ဌာန်းသည် ဆုတ် ယုတ်၏၊ ပျောက်ပျက်၏။ ထို့ကြောင့် စိတ်၏ပျံ့လွင့်ခြင်းကိုတားမြစ်၍ ကမ္မဋ္ဌာန်းကို နှလုံး သွင်းအပ်၏။

(၅) ပညတ်ကိုကျော်လွန်သောအားဖြင့် နှလုံးသွင်းခြင်း

ဆံပင်, မွေးညှင်း, ခြေသည်းလက်သည်းစသော လောကဝေါဟာရ အမည်ပညတ် များကိုကျော်လွန်၍ စက်ဆုပ်ရွံရှာဖွယ်ဟု စိတ်ကိုထားအပ်၏။ ဥပမာပြရလျှင် ရှေးရှားသော ကာလ၌ လူတို့သည် တောထဲ၌ရေတွင်းကိုတွေ့ရသဖြင့် ထိုနေရာ၌ ထန်းရွက်စသည့် တစ်စုံတစ်ခုသောအမှတ်အသားကို ဖွဲ့ချည်ထားကြ၏။ ထိုအမှတ်အသားဖြင့် လူတို့သည် လာကြ၍ ရေချိုးကြ, ရေသောက်ကြ၏။ ထိုလူတို့ မပြတ်သွားလာခြင်းကြောင့် ခြေရာလမ်း ထင်ရှားလာသောအခါ ထိုအမှတ်အသားပြုရန်ကိစ္စ မရှိတော့ပြီ။ အလိုရှိသည့်အခါသွား၍ ချိုးနိုင်သောက်နိုင်ကြ၏။ ထို့အတူပင် ရှေ့အဖို့၌ ဆံပင်, မွေးညှင်းစသည့် အမည်ပညတ် ဖြင့် နှလုံးသွင်းသောယောဂီအား ကောဋ္ဌာသတို့၏ စက်ဆုပ်ဖွယ်အဖြစ်သည် ထင်ရှားလာ သောအခါ ထိုအမည်ပညတ်တို့ကိုကျော်လွန်၍ စက်ဆုပ်ရွံရှာဖွယ်အဖြစ်၌သာလျှင် စိတ်ကို ထားအပ်ပေ၏။

(၆) အစဉ်အတိုင်း မထင်သောကောဋ္ဌာသကို လွှတ်သောအားဖြင့် နှလုံးသွင်းခြင်း

ကောဋ္ဌာသတို့ကို ဆံပင်မှကျင်ငယ်, ကျင်ငယ်မှဆံပင်သို့ အပြန်ပြန်အလှန်လှန် နှလုံး သွင်းနေသည့်အခါ အကြင်ကောဋ္ဌာသသည် မထင်ရှားသော် ထိုကောဋ္ဌာသကို လွှတ်၍ အစဉ်အတိုင်းမထင်သောကောဋ္ဌာသတို့ကိုလွှတ်၍ နှလုံးသွင်းအပ်၏။ ချဲ့၍ပြအံ့-အား ထုတ်ခါစယောဂီသည် ဆံပင်, မွေးညှင်းစသည့်ကောဋ္ဌာသတို့၏အမည်အစဉ်ကို နှုတ် တက်ရနေသည့်အတိုင်း ကောဋ္ဌာသတို့ကိုနှလုံးသွင်းသွားသောအခါ ကျင်ငယ်ဟူသော အဆုံးကောဋ္ဌာသသို့ရောက်၍ တည်၏။ ကျင်ငယ်ဟူ၍နှလုံးသွင်းပြန်လျှင် ကျင်ငယ်, အစေး စသောအမည်တို့ကို ပဋိလုံအားဖြင့်လျှောက်သွား၍ ဆံပင်ဟူသည့် အစကောဋ္ဌာသသို့ ဆိုက်ရောက်၍ တည်၏။

ထို့နောက် လက္ခဏာကိုမှတ်သားသောအားဖြင့် အဖန်ဖန်နှလုံးသွင်းသည့် ထိုယောဂီ အား အချို့ကောဋ္ဌာသတို့ထင်ကုန်၍ အချို့ကောဋ္ဌာသတို့မထင်ကုန်။ ထိုယောဂီသည် ထို ထိုထင်ကုန်သောကောဋ္ဌာသတို့ကိုသာ နှလုံးသွင်းအပ်၏။ အဘယ်မျှတိုင်အောင်နည်း ဟူမူ နှစ်ခုသောကောဋ္ဌာသတို့သာ ထင်ကြသည်တိုင်အောင်တည်း။ ထိုနှစ်ခုတို့တွင်လည်း တစ်ခုသည် အလွန်ကောင်းစွာထင်၏။ ထိုကောင်းစွာထင်သော ကောဋ္ဌာသကိုသာ အဖန် ဖန်အထပ်ထပ်နှလုံးသွင်းသဖြင့် အပ္ပနာကိုဖြစ်စေအပ်၏။

http://www.dhammadownload.com



ဥပမာသည်ကား ထန်းပင် ၃၂ ပင်ရှိသောထန်းတောဌ်နေသည့်မျောက်ကို ဖမ်းလိုသောမုဆိုးသည် အစဦးတည်သောထန်းပင်၏အရွက်ကို မြားဖြင့်ပစ်၍ အော်ဟစ်ချောက်လှန့်ခြင်းကိုပြုရာ၏။ ထိုအခါ ထိုမျောက်သည် ထန်းပင်တစ်ပင်မှ တစ်ပင်သို့ခုန်သွား၍ အစွန်ဆုံးထန်းပင်သို့ရောက်၏။ မုဆိုးသည် ထိုထန်းပင်သို့သွား၍ မြားဖြင့်ပစ်ကာ အော်ဟစ်ချောက်လှန့်ပြန်၏။ ထိုအခါ မျောက်သည် ထန်းတစ်ပင်မှတစ်ပင်သို့ခုန်လွှား၍ အစဦးထန်းပင်သို့ ပြန်ရောက်၏။ ဤနည်းအားဖြင့် ကြိမ်ဖန်များစွာ မုဆိုးပြုသည်ရှိသော် မျောက်သည် ပင်ပန်းလှသည်ဖြစ်၍ ထန်းတစ်ပင်၏အလယ်ထန်းဖူးကို မြဲစွာဖက်ထားလျက် မြားဖြင့်ပစ်သော်လည်း မထတော့ပြီ။

ထိုဥပမာဌ် ထန်း ၃၂ ပင်သည် ကောဋ္ဌာသ ၃၂ ခုနှင့်တူ၏၊ မျောက်သည် စိတ်နှင့်တူ၏၊ မုဆိုးသည် ယောဂီပုဂ္ဂိုလ်နှင့်တူ၏။ မျောက်သည် ထန်း ၃၂ ပင်ရှိသည့်ထန်းတောဌ် လှည့်လည်ကျက်စားနေသကဲ့သို့ ယောဂီ၏စိတ်သည် ၃၂ ကောဋ္ဌာသ ရှိသည့်ကိုယ်ဌ် လှည့်လည်ကျက်စား၏။ မျောက်သည် အစဦးအပင်မှ အစွန်ဆုံးအပင်သို့၊ ထိုအစွန်ဆုံးအပင်မှ အစဦးအပင်သို့ ခေါက်တုံ့ခေါက်ပြန် အဖန်တလဲလဲခုန်သွားသကဲ့သို့ ယောဂီ၏စိတ်သည် အစဦးကောဋ္ဌာသမှ အဆုံးကောဋ္ဌာသသို့၊ ထိုအဆုံးကောဋ္ဌာသမှ အစကောဋ္ဌာသသို့ ခေါက်တုံ့ခေါက်ပြန် အဖန်တလဲလဲနှလုံးသွင်း၏။ နောက်ဆုံးဌ် မျောက်သည် တစ်ခုသောထန်းပင်သို့ခုန်သွား၍ ထိုထန်းပင်၏အလယ်ထန်းဖူးကို မြဲစွာဖက် တွယ်ကာ မြားဖြင့်ပစ်သော်လည်း မထတော့သကဲ့သို့ စိတ်သည်လည်း နောက်ဆုံးထင်သော ကောဋ္ဌာသနှစ်ခုတို့တွင် သာ၍ထင်သောကောဋ္ဌာသကိုသာလျှင် အဖန်တလဲလဲနှလုံးသွင်း၍ ပထမဈာန်သို့ရောက်၏။

### (၇) အပ္ပနာအားဖြင့် နှလုံးသွင်းခြင်း

အပ္ပနာ၏ဖြစ်ရာကောဋ္ဌာသအားဖြင့် ဆံပင်စသည်တို့တွင် တစ်ခုခုသော ကောဋ္ဌာသဌ် အပ္ပနာဖြစ်သည်ဟုသိအပ်၏။

### (၈, ၉, ၁၀)သုတ္တန်သုံးမျိုးအားဖြင့် နှလုံးသွင်းခြင်း

အဓိစိတ္တသုတ်, သီတိဘာဝသုတ်, ဗောဇ္ဈင်္ဂသုတ်ဟူသောသုတ်သုံးမျိုးကို ဝီရိယနှင့် သမာဓိယှဉ်ခြင်းအကျိုးငှာ သိအပ်၏။

### (၈) အဓိစိတ္တသုတ် (အင်္ဂုတ္တိုရ်၊ တိကနိပါတ်၊ လောဏကပလ္လဝဂ်၊ အဓိစိတ္တသုတ်)

"ရဟန်းတို့—အဓိစိတ္တဟူသည့်လွန်ကဲထူးမြတ်သော သမထဝိပဿနာစိတ်ကို အဖန်တလဲလဲပွားစေသောရဟန်းသည် သုံးပါးသောနိမိတ်တို့ကို သင့်လျော်သည့်အခါဌ် အသီးသီးနှလုံးသွင်းအပ်၏၊ ရံဖန်ရံခါ သမာဓိနိမိတ်ကို နှလုံးသွင်း၏၊ ရံဖန်ရံခါ ဝီရိယဟူသော ပဂ္ဂဟနိမိတ်ကို နှလုံးသွင်း၏၊ ရံဖန်ရံခါ ဥပေက္ခာနိမိတ်ကို နှလုံးသွင်း၏။

"ရဟန်းတို့–သမထဝိပဿနာစိတ်ကို အဖန်တလဲလဲပွားစေသောရဟန်းသည် သမာ

http://www.dhammadownload.com



မိနိမိတ်ကိုသာ တသမတ်တည်းနှလုံးသွင်းငြားအံ့၊ ထိုစိတ်သည် ပျင်းရိခြင်းငှာဖြစ်ရာ၏၊ ဖြစ်ရာသောအကြောင်းရှိ၏။ အကယ်၍ ပဂ္ဂဟနိမိတ်ကိုသာ တသမတ်တည်းနှလုံးသွင်းငြားအံ့၊ ထိုစိတ်သည် ပျံ့လွင့်ခြင်းငှာဖြစ်ရာ၏၊ ဖြစ်ရာသောအကြောင်းရှိ၏။ အကယ်၍ ဥပေက္ခာနိမိတ်ကိုသာလျှင် တသမတ်တည်းနှလုံးသွင်းငြားအံ့၊ ထိုစိတ်သည် အာသဝေါတရားတို့၏ကုန်ခြင်းငှာ ကောင်းစွာမတည်ကြည်ရာ။

"ရဟန်းတို့--စင်စစ်သော်ကား--သမထဝိပဿနာစိတ်ကို အဖန်တလဲလဲပွားစေသောရဟန်းသည် ရံဖန်ရံခါ သမာဓိနိမိတ်ကို၊ ရံဖန်ရံခါ ပဂ္ဂဟနိမိတ်ကို၊ ရံဖန်ရံခါ ဥပေက္ခာနိမိတ်ကို နှလုံးသွင်း၏။ ထို့ကြောင့် ထိုဘာဝနာစိတ်သည် နူးညံ့၏၊ အမှုဍလည်းခံ့ယေ၏၊ ပြိုးပြိုးပြက်ပြက်တောက်ပသည်လည်းဖြစ်၏၊ ပျက်စီးခြင်းသဘောမရှိချေ၊ အာသဝေါတရားတို့၏ကုန်ခြင်းငှာ ကောင်းစွာတည်ကြည်၏။

"ရဟန်းတို့--ဥပမာအားဖြင့် ရွှေပန်းထိမ်ဖြစ်စေ သူ၏တပည့်ဖြစ်စေ မိုက်ခွက်-လုံကိုချ၍ မိုက်ခွက်အဝကိုလောင်စေရာ၏၊ ညှပ်ဖြင့်ရွှေကိုယူ၍ မိုက်ခွက်အဝ၌ထည့်ပြီးလျှင် ရံဖန်ရံခါ မီးဖြင့်မှုတ်၏၊ ရံဖန်ရံခါရေဖြင့်ဖျန်း၏၊ ရံဖန်ရံခါလျစ်လျူရှု၏။ အကယ်၍ ရွှေကို တသမတ်တည်းမီးဖြင့် မှုတ်နေငြားအံ့၊ထိုရွှေသည် အရည်ပျော်အောင်လောင်ရာ၏၊ လောင်ရာသောအကြောင်း ရှိ၏။ အကယ်၍ ရေဖြင့် တသမတ်တည်းဖျန်းနေငြားအံ့၊ ထိုရွှေသည် ခဲသည့်တိုင်အောင်အေးရာ၏၊ အေးရာသောအကြောင်းရှိ၏။ အကယ်၍ တသမတ်တည်း လျစ်လျူရှုနေငြားအံ့၊ ထိုရွှေသည် ကောင်းစွာကျက်ခြင်းသို့မရောက်ရာ၊ မရောက်ရာသော အကြောင်းရှိ၏။

"ရဟန်းတို့--စင်စစ်သော်ကား ရွှေပန်းထိမ်ဖြစ်စေ သူ၏တပည့်ဖြစ်စေ ထိုရွှေကို ရံဖန်ရံခါ မီးဖြင့်မှုတ်၏၊ ရံဖန်ရံခါ ရေဖြင့်ဖျန်း၏၊ ရံဖန်ရံခါ လျစ်လျူရှု၏။ ထို့ကြောင့် ထိုရွှေသည် နူးညံ့၏၊ အမှုဍလည်းခံ့၏၊ ပြိုးပြိုးပြက်ပြက်တောက်ပသည်လည်းဖြစ်၏၊ ချို့ယွင်းပျက်စီးခြင်းလည်းမရှိ၊ လက်ကောက်လက်စွပ်, သင်းကျစ်ပြား, နားဆွဲ, လည်ဆွဲတန်ဆာစသည့် အကြင်အကြင်အဆင်တန်ဆာကို အထူးပြုလုပ်လိုသော် ထိုအလိုရှိသောအဆင်တန်ဆာဟူသောအကျိုးကို ပြီးစေနိုင်၏။"

(၉) အနုတ္တရသီတိဘာဝသုတ် (အင်္ဂုတ္တိုရ်၊ ဆက္ကနိပါတ်၊ သီတိဝဂ်၊ သီတိဘာဝသုတ်)

"အိုရဟန်းတို့၊ ခြောက်ပါးသောတရားတို့နှင့်ပြည့်စုံသောရဟန်းသည် အတုမရှိအေးချမ်းသည့်နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာထိုက်၏။ အဘယ်ခြောက်ပါးသောတရားတို့နည်းဟူမူကား ဤသာသနာတော်၌ ရဟန်းသည် စိတ်ကိုနှိမ့်ချသင့်သည့်အခါ၌ စိတ်ကိုနှိမ့်ချ၏၊ စိတ်ကိုချီးမြှောက်သင့်သည့်အခါ၌ စိတ်ကိုချီးမြှောက်၏၊ စိတ်ကိုရွှင်စေသင့်သည့်အခါ၌ စိတ်ကိုရွှင်စေ၏၊ စိတ်ကိုလျစ်လျူရှုသင့်သည့်အခါ၌ စိတ်ကို လျစ်လျူရှု၏၊ နှလုံးသွင်းလည်း မွန်မြတ်၏၊ နိဗ္ဗာန်၌လည်း မွေ့လျော်၏။ ရဟန်းတို့-ဤတရား

http://www.dhammadownload.com



ခြောက်မျိုးတို့နှင့်ပြည့်စုံသောရဟန်းသည် အတုမဲ့အေးချမ်းသည့်နိဗ္ဗာန်ကို မျက်မှောက်ပြုရန်ထိုက်တန်၏"ဟု မိန့်တော်မူ၏။

(၁၀) ဗောဇ္ဈင်္ဂကောသလ္လသုတ်

"အိုရဟန်းတို့--ဤဥပမာအတူသာလျှင် အကြင်အခါ၌ စိတ်သည် တွန့်တိုဆုတ်နစ်၏၊ ထိုအခါ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွားရန်အခါမဟုတ်"စသည်ဖြင့် ဟောသောသုတ်တည်း။ ဤသုတ်ကို အပ္ပနာကောသလ္လကထာ၌ဆိုခဲ့ပြီ၊ (နှာ ၂၀၃)။ လိုရင်းမှာ ယောဂီသည် အလွန်လျော့သောဝီရိယရှိသဲဖြင့် စိတ်သည် တွန့်ဆုတ်၏၊ ထိုအခါ၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို ပွားများရန်အခါမဟုတ်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်တို့ကို ပွားများရန်အခါပေတည်း။

အကြင်အခါ၌ ယောဂီသည် အားထုတ်လွန်းသောဝီရိယရှိသည့်အတွက် စိတ်သည် မငြိမ်သက်ဘဲ တုန်လှုပ်ပျံ့လွင့်၏၊ ထိုအခါ၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်တို့ကို ပွားများရန်အခါမဟုတ်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို ပွားများရန်အခါပေတည်း။

အထက်၌ပြဆိုခဲ့ပြီးသော ဥဂ္ဂဟကောသလ္လဉာဏ်(၇)ပါးနှင့် မနသိကာရကောသလ္လဉာဏ်(၁၀)ပါးတို့ကို ကောင်းစွာမှတ်သားပြီးလျှင် ယောဂီပုဂ္ဂိုလ်သည် နှစ်မျိုးစလုံးလိမ္မာကျွမ်းကျင်သောဉာဏ်၏အစွမ်းဖြင့် ကာယဂတာသတိကမ္မဋ္ဌာန်းကို သင်ယူအပ်၏။

ဆက်၍ဆိုဦးအံ့၊ ထိုယောဂီသည် ဆရာနှင့်အတူ တစ်ကျောင်းတည်း၌နေရန် အဆင်ပြေပြေအံ့၊ ဆရာအား အကျယ်အားဖြင့်မဟောစေမူ၍ ကမ္မဋ္ဌာန်းကို ကောင်းစွာမှတ်သားပြီးလျှင် ကမ္မဋ္ဌာန်းကိုအားထုတ်လျက် ဘာဝနာ၏ထူးခြားခြင်းကိုရပြီးလတ်သော် တိုးတက်၍တိုးတက်၍ ဆရာအားဟောကြားစေအပ်၏။ အကယ်၍ ယောဂီသည်အခြားကျောင်း၌နေလိုသော် ပြဆိုခဲ့ပြီးသောအစီအရင်ဖြင့် အကျယ်ဟောစေအပ်၏။ အဖန်တလဲလဲပြန်လည်သုံးသပ်၍ မရှင်းလင်းသည်တို့ကိုရှင်းလင်းစေပြီးလျှင် မလျော်သောကျောင်းကိုပယ်၍ လျော်သောကျောင်း၌နေလျက် ပလိဗောဓငယ်များကိုဖြတ်ကာ စက်ဆုပ်ဖွယ် ဟုနှလုံးသွင်းရသည့် ကာယဂတာသတိကမ္မဋ္ဌာန်း၌ စ၍အားထုတ်ခြင်းဟူသော ပရိကံကိုပြုအပ်၏။

ကောဋ္ဌာသတို့ကိုနှလုံးသွင်းခြင်း၌ ပရိကံပြုသောယောဂီသည် ရှေးဦးစွာဆံပင်၌ အသုဘထင်ကြောင်းနိမိတ်ကို ယူအပ်၏။ ထို့အတူ တစပဉ္စကဒ္ဓကြည့်ရှု၍သာလျှင် နိမိတ်ကိုယူအပ်၏။

ကောဋ္ဌာသတို့ကို ပိုင်းခြားပုံပြဆိုချက်

ဤသို့နိမိတ်ကိုယူ၍ အလုံးစုံသောကောဋ္ဌာသတို့ကို အဆင်း, ပုံသဏ္ဌာန်, အရပ်မျက်နှာ, တည်ရာ, အပိုင်းအခြားတို့၏အစွမ်းဖြင့် မှတ်သားပြီးလျှင် အဆင်း, ပုံသဏ္ဌာန်,

http://www.dhammadownload.com



အနံ့, မိုရာအကြောင်း, တည်ရာတို့၏အစွမ်းအားဖြင့် စက်ဆုပ်ဖွယ်ရှိသည်၏အဖြစ်ကို ပိုင်းခြားမှတ်သားအပ်၏။

(၁) ကေသာ – ဆံပင်

အဆင်း – ပကတိအဆင်းအားဖြင့် မည်းနက်၏၊ ပုတီးနက်အဆင်းရှိ၏။

ပုံသဏ္ဌာန် – ရှည်၍လုံး၏၊ စဉ်းချိန်ရိုးသဏ္ဌာန်ရှိ၏။

အရပ် – အထက်အရပ်–ဦးခေါင်း၌ဖြစ်ကုန်၏။

တည်ရာ – နံပါးနှစ်ဘက်၌နားပန်းဆံ၊ ရှေ့ဘက်၌နဖူးပြင်၊ နောက်ဘက်၌လည်ကုတ်တွင်းတို့ဖြင့် ပိုင်းခြားအပ်၏။ ဦးခေါင်းကိုရစ်ပတ်သောစိုသည့်အရေ၌ တည်၏။

အပိုင်းအခြား – ဆံပင်တို့သည် ဦးခေါင်းကိုရစ်ပတ်လျက်ရှိသောအရေ၌ အနည်းငယ်ဝင်၍တည်လျက် အောက်၌ မိမိအမြစ်ပြင်ဖြင့်၊ ဖီလာအရပ်၌ အချင်းချင်းဖြင့် ပိုင်းခြားအပ်၏။ နှစ်ခုသောဆံပင်တို့သည် တစ်ပေါင်းတည်းမရှိ၊ ဤကား သဘောတူဝတ္ထုဖြင့်ပိုင်းခြားခြင်းတည်း။ ဆံပင်တို့သည် မွေးညှင်းမဟုတ်၊ မွေးညှင်းတို့သည် ဆံပင်မဟုတ်၊ ဤသို့ ကြွင်းသောကောဋ္ဌာသ ၃၁–ပါးတို့နှင့်ရောယှက်ခြင်းမရှိ၊ ဤကား သဘောမတူသောဝတ္ထုတို့ဖြင့် ပိုင်းခြားခြင်းတည်း။

စက်ဆုပ်ရွံရှာဖွယ်အားဖြင့် မှတ်သားပုံကား–

အဆင်းအားဖြင့် – နှစ်သက်ဖွယ်ယာဂုခွက်, ထမင်းခွက်တို့၌ ဆံပင်ကိုတွေ့သော်, စက်ဆုပ် ရွံရှာ၏။

ပုံသဏ္ဌာန်အားဖြင့် – ညဉ့်အခါစားသောက်ရာ၌ ဆံပင်သဏ္ဌာန်ရှိသော မုရိုးမျှင်, သင်ပန်းမျှင်တို့ကို စမ်းမိကိုင်မိလျှင် စက်ဆုပ်ရွံရှာ၏။

အနံ့အားဖြင့် – ဆီလိမ်းခြင်း, ပန်းပန်ခြင်း, ထုံးခြင်းစသည်ဖြင့် ပြုပြင်မှုကင်းသောဆံပင်၏ အနံ့သည် စက်ဆုပ်ရွံရှာဖွယ်ဖြစ်၏။ မီးလောင်သောဆံပင်၏အနံ့သည် ပို၍နံ၏။

မိုရာအားဖြင့် – ရွာအနီး မသန့်သောအရပ်၌ပေါက်သောဟင်းရွက်တို့ကို စက်ဆုပ်ရွံရှာ၍ မြို့သူမြို့သားတို့ မသုံးဆောင်ကုန်။ ထို့အတူ ဆံပင်တို့သည် သွေး, ကျင်ငယ်, ကျင်ကြီး, သည်းခြေ, သလိပ်, ပြည်စသည်တို့၏အငွေ့အသက် အကျိုးဆက်ဖြင့်ဖြစ်သောကြောင့် စက်ဆုပ်ရွံရှာဖွယ်ဖြစ်၏။

တည်ရာအားဖြင့် – မစင်ပုံ၌ပေါက်သောမှိုကဲ့သို့ ဆံပင်တို့သည် ၃၁–ပါးသော ကောဋ္ဌာသအစု၌ ပေါက်ကုန်၏။ သုသာန်, တံမြက်ချေးစုရာအရပ်တို့၌ ပေါက်ရောက်သောဟင်းရွက်ကဲ့သို့၊ မသန့်သည့်ကျုံးစသည်တို့၌ပေါက်သော ကြာနီ, ကြာညိုစသောပန်းကဲ့သို့ ဆံပင်တို့သည် မစင်ကြယ်ရာအရပ်၌ပေါက်သောကြောင့် လွန်စွာစက်ဆုပ်ရွံရှာဖွယ်ဖြစ်၏။

ဆံပင်တို့၏ငါးပါးသောအပြားအားဖြင့် စက်ဆုပ်ရွံရှာဖွယ်ရှိသည့်အဖြစ်ကို မှတ်အပ်သကဲ့သို့ ကြွင်းသည့်ကောဋ္ဌာသ ၃၁ပါးတို့၏အဆင်း, ပုံသဏ္ဌာန်, အနံ့, မိုရာ, တည်ရာ

http://www.dhammadownload.com



တို့၏ အစွမ်းအားဖြင့် စက်ဆုပ်ရွံရှာဖွယ်အဖြစ်ကို မှတ်အပ်၏။

(၂) လောမာ – မွေးညှင်း

အဆင်း – ဆံပင်ကဲ့သို့တစ်ပါးသောအရောင်နှင့်မရော၊ အမည်းသက်သက်မဟုတ်၊ မည်းကြောင်ကြောင်အရောင်အဆင်းရှိ၏။

ပုံသဏ္ဌာန် – ညွတ်သောအဖျားရှိသည့်ထန်းမြစ်သဏ္ဌာန်ရှိ၏။

အရပ် – ကိုယ်၏အထက်ပိုင်း, အောက်ပိုင်းတို့၌ ဖြစ်ကုန်၏။

တည်ရာ – ဆံပင်ပေါက်ရာအရပ်, ခြေဖဝါး, လက်ဖဝါးအပြင်တို့ကိုချန်လှပ်၍ ကြွင်းသောကိုယ်ကိုရစ်ပတ်သည့်အရေ၌ ပေါက်ရောက်ကြ၏။

အပိုင်းအခြား – ကိုယ်ကိုရစ်ပတ်သောအရေ၌ မြုပ်မှုလောက်အတွင်းသို့ ဝင်လျက်တည်ကာ အောက်၌မိမိအမြစ်ပြင်ဖြင့်၊ အထက်၌ကောင်းကင်ဖြင့်၊ ဗီလာ၌ အချင်းချင်းဖြင့် ပိုင်းခြားအပ်ကုန်၏။ အမွေးနှစ်ခုတို့သည် တပေါင်းတည်း မရှိကုန် ၊ ဤကားသဘောတူချင်း ပိုင်းခြားခြင်း–သဘာဂပရိစ္ဆေဒမည်၏။ သဘောမတူသော ဝတ္ထုတို့ဖြင့်ပိုင်းခြားခြင်း– ဝိသဘာဂပရိစ္ဆေဒသည်ကား ဆံပင်တွင်ဆိုခဲ့သည်နှင့်တူ၏။(အခြားကောဋ္ဌာသတို့၏ ဝိသဘာဂပရိစ္ဆေဒသည်လည်း ဆံပင်တွင်ဆိုခဲ့သည်နှင့်တူ၏)

(၃) နခါ – ခြေသည်းလက်သည်း

လက်သည်းခြေသည်းတို့သည် နှစ်ဆယ်သော လက်သည်းခွံ, ခြေသည်းခွံတို့တည်း။

အဆင်း – ဖြူသောအဆင်းရှိကြ၏။

အရပ်– ခြေသည်းတို့သည် အောက်အရပ်, လက်သည်းတို့သည် အထက်အရပ်တို့၌ ဖြစ်ကုန်၏။

တည်ရာ – လက်ချောင်း, ခြေချောင်းတို့၏အဖျားအပြင်ဘက်တို့၌ တည်ကုန်၏။

အပိုင်းအခြား – အောက်အထက်အရပ်နှစ်ပါးတို့၌ လက်ချောင်း, ခြေချောင်း အစွန်းသားတို့ဖြင့်၊ ဗီလာကန့်လန့်၌ကား အချင်းချင်းဖြင့် ပိုင်းခြားအပ်၏။ နှစ်ခုသော ခြေသည်း, လက်သည်းတို့သည် တပေါင်းတည်းမရှိကုန်။ ဝိသဘာဂပရိစ္ဆေဒသည် ဆံပင်၌ဆိုခဲ့သည်နှင့်တူ၏။

(၄) ဒန္တာ – သွား

အပြည့်အစုံသွားပေါက်သူမှာသွား ၃၂–ချောင်းရှိ၏။

အဆင်း – သွားတို့သည် အဖြူရောင်အဆင်းရှိကြ၏။

ပုံသဏ္ဌာန် – အောက်သွားအစဉ်၌အလယ်လေးချောင်းသည် ဗူးစေ့သဏ္ဌာန်၊ ယင်းသွားတို့၏နံပါးနှစ်ဘက်ရှိ စွယ်သွားတစ်ချောင်းစီသည် စပယ်ကြက်ရိုးငုံသဏ္ဌာန်ရှိ၏။ ထိုစွယ်သွားတို့၏ နံပါးတစ်ဘက်စီ၌ လှည်းဦးထောက်ခွသဏ္ဌာန် စွယ်သွားတစ်ချောင်းစီရှိ၏။ အထက်သွားအစဉ်၌လည်း ထို့အတူပင်ပုံသဏ္ဌာန်ရှိကြ၏။

အရပ် – ချက်၏အထက်ဖြစ်သောအရပ်၌ တည်ရှိကြ၏။

http://www.dhammadownload.com



တည်ရာ – မေးရိုးနှစ်ခုတို့၌ တည်ကြကုန်၏။
အပိုင်းအခြား – အောက်၌ မိမိ၏အမြစ်ပြင်ဖြင့်၊ အထက်၌ကောင်းကင်ဖြင့်၊ ဖီလာနံပါး၌ အချင်းချင်းဖြင့် ပိုင်းခြားအပ်ကုန်၏၊ သွားနှစ်ချောင်းတို့သည် တစ်ပေါင်းတည်းမရှိကုန်။ ဝိသဘာဂပရိစ္ဆေဒသည် ဆံပင်၌ဆိုခဲ့သည်နှင့်တူ၏။

(၅) တစော – အရေ

အရေဟူသည်မှာ တစ်ကိုယ်လုံးကို ရစ်ပတ်လွှမ်းခြုံ၍တည်သော အရေထူပေတည်း။ ထိုအရေထူ၏အထက်၌ အမည်း, အဖြူ, အရွှေစသည့်အဆင်းရှိသောဆဝိခေါ်အရေပါးရှိ၏။ ထိုအရေပါးကို တစ်ကိုယ်လုံးမှခွါ၍လုံးသည်ရှိသော် ဆီးစေ့ပမာဏမျှရှိ၏။
အဆင်း – အရေထူသည် အဖြူရောင်အဆင်းရှိ၏။ ထိုအရေထူ၏အထက်၌ရှိသော အရေပါးသည် အမည်း, အဖြူ, အရွှေစသည့်အဆင်းရှိ၏။
ပုံသဏ္ဌာန် – ကိုယ်ကောင်သဏ္ဌာန်ရှိ၏။
အရပ် – အထက်အောက်နှစ်ပါးသောအရပ်တို့၌ဖြစ်၏။
တည်ရာ – တစ်ကိုယ်လုံးမွေးယှက်၍တည်၏။
အပိုင်းအခြား – အောက်၌ အရေတည်သောအပြင်ဖြင့်၊ အထက်၌ ကောင်းကင်ဖြင့် ပိုင်းခြားအပ်၏။ ဝိသဘာဂပရိစ္ဆေဒသည် ဆံပင်တွင်ဆိုခဲ့သည်နှင့်တူ၏။

(၆) မံသံ – အသား

အသားဟူသည်မှာ ကိုးရာသောအသားတစ်တို့ကို ဆိုလို၏။
အဆင်း – ကိုးရာသောအသားတစ်တို့သည်နီရဲရဲအဆင်းရှိကြ၏၊ ပေါက်ပွင့်နှင့်တူ၏။
ပုံသဏ္ဌာန် – သလုံးမြင်းခေါင်းသားသည် ထန်းရွက်ဖြင့်ထုပ်ထားသော ထမင်းထုပ်သဏ္ဌာန်ရှိ၏၊
ပေါင်သားသည် ဆေးကြိတ်သောကျောက်လုံးသဏ္ဌာန်ရှိ၏၊ တင်ပါးသားသည် ဖိုခနောက်စွန်းသဏ္ဌာန်ရှိ၏၊ ကျောကုန်းသားသည် ထန်းသီးမှည့်၏အစေးနှစ်လွှာသဏ္ဌာန်ရှိ၏။---
အရပ် – အောက်အရပ်, အထက်အရပ်နှစ်ပါးတို့၌ဖြစ်ကြ၏။
တည်ရာ – သုံးရာကျော်သောအရိုးတို့ကို လိမ်းကပ်ငြိတွယ်၍တည်၏။
အပိုင်းအခြား – အောက်ဘက်တွင် အချင်းချင်းဆက်စပ်၍တည်သည့်အရိုး၌ တည်သောအပြင်ဖြင့်၊ အထက်မှာ အရေဖြင့်၊ အနံ့ဖီလာမှာ အချင်းချင်းဖြင့် ပိုင်းခြားအပ်၏၊ ဤကားအသား၏သဘာဂအပိုင်းအခြားတည်း။ ဝိသဘာဂအပိုင်းအခြားသည် ဆံပင်နှင့်တူ၏။

(၇) နှာရု – အကြော

အကြောဟူသည်မှာ ကိုးရာသောအကြောတို့ကိုဆိုလို၏။
အဆင်း – အကြောတို့သည် အဖြူရောင်ရှိ၏။
ပုံသဏ္ဌာန် – အထူးထူးသောပုံပန်းသဏ္ဌာန်ရှိကြ၏။ ငါးခုသောအကြောမကြီးတို့သည်

http://www.dhammadownload.com



ကိုယ်ကိုမြှေးယှက်၍ ရှေ့ဘက်မှဆင်းသက်ကုန်၏။ ငါးခုသောအကြောတို့သည် နောက်ကျောဘက်မှဆင်းသက်ကုန်၏၊ ငါးခုသောအကြောတို့သည် လက်ျာနံဘေးမှ ဆင်းသက်ကြ၏။ ငါးခုသော အကြောတို့သည် လက်ဝဲနံဘေးမှ ဆင်းသက်ကြ၏၊---

**အရပ်** – အောက်အရပ်, အထက်အရပ်နှစ်ပါးတို့၌ဖြစ်၏။

**တည်ရာ** – တစ်ကိုယ်လုံး၌ အရိုးတို့ကိုဖွဲ့ယှက်လျက် တည်ကုန်၏။

**အပိုင်းအခြား** – အောက်ဘက်၌ သုံးရာသောအရိုးတို့၏အထက်တွင် တည်သည့်အပြင်ဖြင့်၊ အထက်ဘက်၌ အသားနှင့်အရေတို့ကိုထိ၍တည်သောအရပ်ဖြင့်၊ အနံဖီလာ၌အချင်းချင်းဖြင့်ပိုင်းခြားအပ်၏။ ဤကား ထိုအကြောတို့၏ သဘာဂပရိစ္ဆေဒပင်တည်း၊ ဝိသဘာဂပရိစ္ဆေဒသည်ကား ဆံပင်တွင်ဆိုခဲ့သည်နှင့်တူ၏။

### (၈) အဋ္ဌိ – အရိုး

အရိုးဟူသည်ကား သွားရိုး ၃၂–ချောင်းကိုချန်ထား၍ ကြွင်းကုန်သော လက်ရိုး ၆၄–ခု၊ ခြေရိုး ၆၄–ခု၊ အသားကိုမှီသောအရိုးနု ၆၄–ခု၊ ဖဆောင့်ရိုး ၂ခု၊ ဖမျက်ရိုး ၂–ခုစီ(ပေါင်း ၄ခု)၊ ခြေသလုံးရိုး ၂–ခုစီ၊ ဒူးဆစ်ရိုး ၁–ခုစီ၊ ပေါင်ရိုး ၁–ခုစီ၊ တင်ပါးရိုး ၂–ခု၊ ကျောရိုး ၁၈–ခု၊ နံရိုး ၂၄–ခု၊ ရင်ရိုး ၁၄–ခု၊ ရင်ညွန့်ရိုး ၁–ခု၊ ညှပ်ရိုး ၂–ခုစသည်ဖြင့် သုံးရာမျှသော အရိုးတို့တည်း။

**အဆင်း** – အရိုးအားလုံးပင် အဖြူရောင်ရှိကြ၏။

**ပုံသဏ္ဌာန်** – အမျိုးမျိုးသောပုံသဏ္ဌာန်ရှိကြ၏။

**အရပ်** – အထက်အရပ်, အောက်အရပ်နှစ်ပါးတို့၌ ဖြစ်ကြ၏။

**တည်ရာ** – သာမညအားဖြင့် တစ်ကိုယ်လုံး၌တည်ကြ၏။ အထူးအားဖြင့် ဦးခေါင်းရိုးသည် လည်ရိုး၌တည်၏။ လည်ရိုးတို့သည် ကျောရိုးတို့၌ တည်ကြ၏၊ ကျောရိုးတို့သည် ခါးရိုးတို့၌တည်ကြ၏၊ ခါးရိုးတို့သည် ပေါင်ရိုးတို့၌ တည်ကြ၏၊ ပေါင်ရိုးတို့သည် ဒူးဆစ်ရိုးတို့၌ တည်ကြ၏၊ ဒူးဆစ်ရိုးတို့သည် မြင်းခေါင်းရိုးတို့၌ တည်ကြ၏၊ မြင်းခေါင်းရိုးတို့သည် ဖမျက်ရိုးတို့၌ တည်ကြ၏၊ ဖမျက်ရိုးတို့သည် ဖမိုးရိုးတို့၌ တည်ကြ၏။

**အပိုင်းအခြား** – အတွင်း၌ ရိုးတွင်းခြင်ဆီဖြင့်၊ အထက်နှင့်အပြင်တို့၌အသားဖြင့်၊ အဖျားနှင့်အရင်းတို့၌ အချင်းချင်းဖြင့် ပိုင်းခြားအပ်ကုန်၏။ ဤကား သဘောတူဝတ္ထုတို့ဖြင့် ပိုင်းခြားခြင်းပေတည်း၊ သဘောမတူသောဝတ္ထုဖြင့် ပိုင်းခြားခြင်းသည် ဆံပင်တွင်ဆိုခဲ့သည်နှင့်တူ၏။

### (၉) အဋ္ဌိမိဉ္ဇံ – ရိုးတွင်းခြင်ဆီ

ရိုးတွင်းခြင်ဆီဟူသည်မှာ ထိုထိုအရိုးတို့၏အတွင်း၌တည်သော အနှစ်အဆီပင်တည်း။

**အဆင်း** – ထိုခြင်ဆီသည် ဖြူသောအဆင်းရှိ၏။

**ပုံသဏ္ဌာန်** – ကြီးသောအရိုးတို့၏အတွင်းရှိခြင်ဆီသည် ဝါးကျည်တောက်တွင်ထည့်၍ ပြုတ်ထားသော ကြိမ်ညွန့်သဏ္ဌာန်ရှိ၏။ ငယ်သောအရိုးတို့၏အတွင်းရှိခြင်ဆီသည်

http://www.dhammadownload.com



ဝါးဆစ်တို့၌ထည့်၍ပြုတ်အပ်သော ကြိမ်ညွန့်ဖျားသဏ္ဌာန်ရှိ၏။
အရပ် – အထက်အရပ်, အောက်အရပ်နှစ်ပါးတို့၌ ဖြစ်ကြ၏။
တည်ရာ – အရိုးတို့၏အတွင်း၌ တည်ကုန်၏။
အပိုင်းအခြား – အရိုးတို့၏အတွင်းအပြင်တို့ဖြင့် ပိုင်းခြားအပ်၏။ ဤကား သဘာဂပရိစ္ဆေဒတည်း၊ ဝိသဘာဂပရိစ္ဆေဒမှာ ဆံပင်တွင်ဆိုခဲ့သည်နှင့်တူ၏။

(၁၀) ဝက္ကံ – အညှို့

အညှို့ဟူသည်ကား အညှာတစ်ခုတည်း၌ဖွဲ့တွယ်လျက်ရှိသော အသားစိုင်နှစ်ခု ပေတည်း။
အဆင်း – အဆင်းအားဖြင့် နီကြန်ကြန်ရှိ၏၊ ပင်လယ်ကသစ်စေ့အဆင်းနှင့် တူ၏။
ပုံသဏ္ဌာန် – သူငယ်တို့ကစားသော ကျင်နှစ်လုံးပြူးသဏ္ဌာန်ရှိ၏၊ တစ်နည်းကား အညှာတစ်ခုတည်း၌ဖွဲ့တွယ်နေသော သရက်သီးနှစ်လုံးတွဲသဏ္ဌာန်ရှိ၏။
အရပ် – အထက်အရပ်၌ဖြစ်၏။
တည်ရာ – လည်ချောင်းမှထွက်သော တစ်ခုသောအညှာရင်းဖြင့် အနည်းငယ်ဆင်းသွားပြီးလျှင် နှစ်ဖြာကွဲ၍ ထူသည့်အကြောဖြင့်ဖွဲ့တွယ်လျက် နှလုံးသားကိုခြံရံ၍တည်၏။
အပိုင်းအခြား – အညှို့ကို အညှို့၏အဆုံးအဖို့ဖြင့် ပိုင်းခြားအပ်၏။ ဤကား သဘာဂပရိစ္ဆေဒတည်း၊ ဝိသဘာဂပရိစ္ဆေဒသည် ဆံပင်တွင်ဆိုခဲ့သည်နှင့်တူ၏။

(၁၁) ဟဒယံ – နှလုံး

အဆင်း – နှလုံးဟူသောနှလုံးသားသည် နီသောအဆင်းရှိ၏၊ ပဒုမ္မာကြာနီပွင့်ချပ်၏ကျောဘက်အဆင်းနှင့်တူ၏။
ပုံသဏ္ဌာန် – ပြင်ပပွင့်ချပ်တို့ကိုဖယ်ထားသော ပဒုမ္မာကြာငုံသဏ္ဌာန်ရှိ၏၊ အပ၌ပြေပြစ်ချော, မွတ်၏၊ အတွင်း၌ သပွတ်ခါးသီး၏အတွင်းသားနှင့်တူ၏၊ ပညာရှိသည့် သူတို့မှာ အနည်းငယ်ပွင့်၏၊ ပညာနုံ့သောသူတို့မှာ ငုံလျက်သာရှိ၏၊ ထိုနှလုံးသား၏အတွင်း၌ ပုန်းညက်စေ့မျှလောက်သောတွင်းငယ်ရှိ၏။ ထိုတွင်းငယ်၌ တစ်လက်ဖက်မျှသောသွေးသည် တည်၏။ ထိုသွေးကိုမှီ၍(ယင်းသွေး၌ရှိသော ဟဒယဝတ္ထုကိုမှီ၍) မနောဓာတ်နှင့် မနောဝိညာဏဓာတ်တို့ဖြစ်ကုန်၏။

ထိုနှလုံးသွေးသည် ရာဂစရိုက်ရှိသူအားနီ၏၊ ဒေါသစရိုက်ရှိသူအား မည်းနက်၏၊ မောဟစရိုက်ရှိသူအား သားဆေးရေနှင့်တူ၏၊ ဝိတက်စရိုက်ရှိသူအား ကုလားပဲပြုတ်ရည် အဆင်းရှိ၏၊ သဒ္ဓါစရိုက်ရှိသူအား မဟာလှေကားပန်းပွင့်အဆင်းရှိ၏၊ ပညာစရိုက်ရှိသူအား ကြည်ကြည်လင်လင် မနောက်မကျူ ဖြူဖြူဖွေးဖွေးစင်ကြယ်၍ ကောင်းစွာသွေးအပ်သော ပတ္တမြားစစ်ကဲ့သို့ ထင်ထင်ရှားရှားအရောင်တောက်ပ၏။
အရပ် – အထက်အရပ်၌ဖြစ်၏။

http://www.dhammadownload.com



တည်ရာ – ကိုယ်၏အတွင်း သားမြတ်နှစ်ခုတို့၏အကြား၌ တည်၏။
အပိုင်းအခြား – နှလုံးကို နှလုံးသား၏အဆုံးအဖို့ဖြင့် ပိုင်းခြားအပ်၏။ ဤကား သဘာဂပရိစ္ဆေဒတည်း၊ ဝိသဘာဂပရိစ္ဆေဒသည် ဆံပင်တွင်ဆိုခဲ့သည်နှင့်တူ၏။

### (၁၂) ယကနံ – အသည်း

အသည်းသည် အစုံဖြစ်သောအသားလွှာတည်း။
အဆင်း – စဉ်းငယ်နီ၏၊ ဖြော့တော့သောအရောင်ရှိ၏၊ မနီလွန်း၊ ကုမုဒ္ဒရာကြာဖြူ၏ ပွင့်ချပ်ကျောဘက်အဆင်းရှိ၏။
ပုံသဏ္ဌာန် – အရင်း၌တစ်ခုတည်း, အဖျား၌အစုံဖြစ်၍ ပင်လယ်ကသစ်ရွက်သဏ္ဌာန်ရှိ၏။ ထိုအသည်းအစုံသည် ပညာနည်းသောသူအား ကြီးကြီးတစ်ခုသာရှိ၏၊ ပညာရှိသူအား နှစ်ခုသုံးခုရှိ၍ ငယ်၏။
အရပ် – အထက်အရပ်၌ဖြစ်၏။
တည်ရာ – သားမြတ်နှစ်ခုတို့၏အကြား လက်ျာနံပါးကိုမှီ၍တည်၏။
အပိုင်းအခြား – အသည်းကို အသည်း၏အဆုံးဖြင့် ပိုင်းခြားအပ်၏။ ဤကား သဘာဂပရိစ္ဆေဒတည်း၊ ဝိသဘာဂပရိစ္ဆေဒသည် ဆံပင်တွင်ဆိုခဲ့သည်နှင့်တူ၏။

### (၁၃) ကိလောမကံ–အမြှေး

အမြှေးဟူသည်ကား ဖုံးလွှမ်းတတ်သောအမြှေး, မဖုံးလွှမ်းတတ်သောအမြှေးဟူ၍ နှစ်မျိုးရှိ၏၊ မြှေးယှက်တတ်သောအသားလွှာပေတည်း။
အဆင်း – ဖြူ၏။ ဘွဲ့ဖြူပုဆိုးနွမ်းနှင့်တူသော အဆင်းရှိ၏။
ပုံသဏ္ဌာန်– မိမိ၏တည်နေရာနှင့်တူသောသဏ္ဌာန်ရှိ၏။
အရပ် – ဖုံးလွှမ်းတတ်သောအမြှေးသည် အထက်အရပ်၌ဖြစ်၏။ မဖုံးလွှမ်းတတ်သော အမြှေးသည် တစ်ကိုယ်လုံး၌ အရေ၏အောက်ရှိအသားကို မြှေးယှက်၍တည်၏။
တည်ရာ – ဖုံးလွှမ်းတတ်သောအမြှေးသည် နှလုံးနှင့်အညှို့ကို ဖုံးလွှမ်း၍တည်၏။ မဖုံးလွှမ်းတတ်သောအမြှေးသည် တစ်ကိုယ်လုံး၌ အရေ၏အောက်ရှိအသားကို မြှေးယှက်၍တည်၏။
အပိုင်းအခြား – အောက်ဘက်၌ အသားဖြင့်၊ အထက်ဘက်၌ အရေဖြင့်၊ ဖီလာဝန်းကျင်၌ အမြှေး၏အဆုံးအဖို့ဖြင့် ပိုင်းခြားအပ်၏။ ဝိသဘာဂပရိစ္ဆေဒမှာ ဆံပင်တွင်ဆိုခဲ့သည်နှင့်တူ၏။

### (၁၄) ပိဟကံ–အဖျဉ်း

အဖျဉ်းဟူသည်ကား အစာသစ်အိမ်၏အထက်ဆောင်၌တည်သော သရက်ရွက်ခေါ် ဝမ်းလျှာအသားတုံးပေတည်း။
အဆင်း – ကြောင်ဝန်းပွင့်အဆင်းကဲ့သို့ ညိုသောအဆင်းရှိ၏။

http://www.dhammadownload.com



ပုံသဏ္ဌာန် – လက်ခုနစ်သစ်အတိုင်းအရှည်ရှိ၏။ အဖွဲ့အညှာမရှိ၊ နွားနက်ငယ်၏လျှာသဏ္ဌာန်ရှိ၏။
အရပ် – အထက်အရပ်၌ရှိ၏။
တည်ရာ – နှလုံး၏လက်ဝဲနံပါး, အစာသစ်အိမ်အမြှေးကြီး၏အထက်စောင်ကိုမှီ၍တည်၏။
ထိုအဖျားကို ပုတ်ခတ်မိ၍ မိမိနေရာမှ အပြင်ပသို့ထွက်သော် သတ္တဝါအသက်ကုန်၏။
အပိုင်းအခြား – အဖျဉ်း၏အဆုံးအဖို့ဖြင့် ပိုင်းခြားအပ်၏။ ဝိသဘာဂပရိစ္ဆေဒသည် ဆံပင်တွင်ဆိုခဲ့သည်နှင့်တူ၏။

(၁၅) ပပ္ဖါသံ – အဆုတ်

အဆုတ်ဟူသည်ကား ၃၂–ပါးသောအသားပိုင်းအပြားရှိသော တွဲရရွဲဆွဲလျက် အတန်ငယ်လုံးသည့်အသားတည်း။
အဆင်း – နီ၏။ မမှည့်လွန်းသောရေသဖန်းသီးအရောင်ရှိ၏။
ပုံသဏ္ဌာန်– မညီမညွတ်ဖြတ်ထားသောမုန့်ပိုင်းသဏ္ဌာန်ရှိ၏။ ကိုယ်တွင်း၌ စားသောက်ထားသောအစာမရှိသည့်အခါ တက်သောကမ္မဇတေဇောအပူငွေ့သည် ပူလောင်နှိပ်စက်သောကြောင့် ညက်စွာဝါးထားသည့်ကောက်ရိုးထွေးကဲ့သို့ အဆီသြဇာ မရှိသည်ဖြစ်၏။
အရပ် – အထက်အရပ်၌ဖြစ်၏။
တည်ရာ – ကိုယ်တွင်း၌ သားမြတ်နှစ်ခုတို့၏အကြား၌ နှလုံးနှင့်အသည်းတို့ကိုဖုံးအုပ်ကာ တွဲရရွဲဆွဲလျက်တည်၏။
အပိုင်းအခြား – အဖျဉ်း၏အဆုံးအဖို့အားဖြင့် ပိုင်းခြားအပ်၏။ ဝိသဘာဂပရိစ္ဆေဒသည် ဆံပင်တွင် ဆိုပြီးခဲ့သည်နှင့်တူ၏။

(၁၆) အန္တံ – အူမ

အူမဟူသည်ကား ယောကျ်ားမှာ ၃၂–တောင်, မိန်းမမှာ ၂၈–တောင်ရှိသော အူမခွေပေတည်း၊ ၂၁–ခုသောနေရာတို့၌ တွန့်ခွေလျက်ရှိ၏။
အဆင်း – ဖြူ၏၊ ကျောက်ဖြူမှုန့်အင်္ဂတေအဆင်းရှိ၏။
ပုံသဏ္ဌာန် – သွေးခွက်၌ခွေ၍ထားသော ဦးခေါင်းပြတ်သည့် မြွေသဏ္ဌာန် ရှိ၏။
အရပ် – အထက်အရပ်, အောက်အရပ်နှစ်ပါးတို့၌ဖြစ်၏။
တည်ရာ – အထက်တွင်လည်မျို, အောက်တွင်ကျင်ကြီးလမ်း၊ (ဝစ္စမဂ်)၌ ဖွဲ့စပ်လျက်ရှိသောကြောင့် လည်မျိုအစ, ဝစ္စမဂ်အဆုံးရှိသော ကိုယ်တွင်း၌တည်၏။
အပိုင်းအခြား – အူခွေတည်ရာဌာနအားဖြင့် ပိုင်းခြားအပ်၏။ ဝိသဘာဂပရိစ္ဆေဒသည် ဆံပင်တွင်ဆိုခဲ့ပြီးသည်နှင့်တူ၏။

(၁၇) အန္တဂုဏံ – အူသိမ်

အူသိမ်ဟူသည်ကား အူမခွေတည်ရာအရပ်တို့၌ ဖွဲ့တတ်သော အူငယ်တို့တည်း။

http://www.dhammadownload.com



အဆင်း – ဖြူ၏၊ ကြာသိမ်မြစ်အဆင်းရှိ၏။
ပုံသဏ္ဍာန် – ကြာမြစ်ပုံသဏ္ဍာန်ရှိ၏။
အရပ် – အထက်အရပ်, အောက်အရပ်နှစ်ပါးတို့၌ဖြစ်၏။
တည်ရာ – ပေါက်တူးပေါက်ဆိန်ပေါက်ခြင်းအမှုကိုပြုလုပ်သူတို့၏ စက်ယန္တရားကို လှည့်သောအခါ စက်ကြိုးသည် စက်ပျဉ်ချပ်တို့ကို လျှောမကျအောင် ဖွဲ့ချည်သကဲ့သို့ အူသိမ်သည် အူမခွေတို့ကိုမလျှောစေဘဲ တစ်ပေါင်းတည်းဖွဲ့ချည်၏။ ခြေသုတ်ကြိုးဝန်း၏အကြား၌ ခြေသုတ်ကြိုးဝန်းကိုချုပ်စပ်ထားသောကြိုးသေးကဲ့သို့ ၂၁–ခုသော အူမခွေတို့၏ အကြား၌ အူခွေတို့ကို ချုပ်စပ်၍တည်၏။
အပိုင်းအခြား – အူသိမ်၏အဆုံးအဖို့အားဖြင့် ပိုင်းခြားအပ်၏။

## (၁၈) ဥဒရိယံ – အစာသစ်

အစာသစ်ဟူသည်ကား အစာသစ်အိမ်ဟူသည့်ဝမ်း၌ဖြစ်သော စားအပ်, သောက်အပ်, ခဲအပ်, လျက်အပ်သောအစာပေတည်း။
အဆင်း – စားမျိုထားသည့်အစာ၏အဆင်းရှိ၏။
ပုံသဏ္ဍာန် – အဝတ်ရေစစ်၌ လျော့လျော့ထုပ်ထားသော ဆန်သဏ္ဍာန် ရှိ၏။
အရပ် – အထက်အရပ်၌ဖြစ်၏။
တည်ရာ – အစာသစ်အိမ်ဟူသောဝမ်း၌တည်၏။ ဝမ်းမည်သည်ကား စိုသောအဝတ်ပုဆိုးကို နှစ်ဘက်မှကိုင်၍လိမ်ညှစ်လျှင် အလယ်၌ဖြစ်သည့်လေအုံဖောင်းနှင့်တူသော အစာသစ်အိမ်ပေတည်း။ အပြင်ပ၌ပြေပြစ်ချောမွေ့၏။ အတွင်း၌ကား အသားပုပ်, ယောက်သွားပုပ်ကို ရစ်ထုပ်ထားသောအဝတ်နွမ်းအခင်းအမြိတ်နှင့်တူ၏။ ပုပ်သောပိန္နဲသီးခွံ၏အတွင်းနှင့်လည်းတူ၏။

ထိုအစာသစ်အိမ်ထဲ၌ တက္ကောဋကမည်သောပိုး, ဂဏ္ဍုပ္ပါဒကမည်သော သန်ကောင်ပိုး, တာလဟီရကပိုး, သူစိမုခကပိုး, ပဋ္ဋတန္တသုတ္တကပိုးစသော ၃၂–ပါးအပြားရှိသည့် ပိုးတို့သည် ရှုပ်ရှုပ်ထွေးထွေး တိုးတိုးခွေ့ခွေ့ အစုလိုက်အပြုံလိုက် သွားလာကျက်စားကုန်၏။ ထိုပိုးတို့သည် အစာသစ်အိမ်၌ အရည်အဖတ်အစာမရှိသောအခါ မြည်အော်ကုန်လျက် ခုန်တက်ကြ၍ နှလုံးသားကိုတိုးခွေ့ကြကုန်၏။

အစာအာဟာရကိုစားမျိုသောအခါ ထိုပိုးတို့သည် မော့သောပါးစပ်ရှိကြလျက် ရှေးဦးစွာမျိုလိုက်သည့် အစာနှစ်လုပ်သုံးလုပ်တို့ကို အဆောတလျင်လုယက်စားသောက်ကြကုန်၏။ ဤဝမ်းပိုက်သည် ထိုပိုးတို့၏သားပေါက်ဖွားရာအိမ်, ကျင်ကြီးကျင်ငယ်အိမ်, သူနာရုံ, သုသာန်သင်္ချိုင်းဖြစ်ပေ၏။

ဥပမာသော်ကား ဒွန်းစဏ္ဍားရွာတံခါးအနီး တန်းစီတွင်းညွန်အိုင်(ရေပုပ်အိုင်)သည် နွေအခါ မိုးသည်းထန်စွာရွာလတ်သော် မိုးရေဖြင့်မျောပါလာသော ကျင်ငယ်, ကျင်ကြီး,

အရေ, အရိုး, တံတွေး, နပ်, သွေးစသည့်အညစ်အကြေးမျိုးစုံကျရောက်၍ ညှန်စေးရေဖြင့် နောက်ကျု၏။ နှစ်ရက်, သုံးရက်လွန်သော် ပိုးလောက်များပေါက်ပွား၍ ပြည့်နှက်လာ၏။ နေအပူရှိန်ကြောင့်လည်း ကျိုက်ကျိုက်ဆူလျက် အမြှုပ်တစီစီထလာ၏။ ညိုပုပ်သည့်အဆင်းရှိ၍ အလွန်နံစော်လျက် စက်ဆုပ်ဖွယ်ကောင်းသဖြင့် ချဉ်းကပ်, ကြည့်ရှုရန်ပင် မသင့်လျော်တော့။ နမ်းရှုရန်, လျက်စားရန်ဟူသည်မှာ လားလားမျှမထိုက်ချေ။

ဤအတူပင် အမျိုးမျိုးသောစားဖွယ်သောက်ဖွယ်တို့ကို သွားဟူသည့် ကျည်ပွေ့ဖြင့် ကြိတ်ချေလျက် လျှာတည်းဟူသောလက်ဖြင့် ပြန်လှန်မွှေနှောက်ကာ တံတွေး သွားရည်တို့ဖြင့် လိမ်းကျံလူးလည်းလိုက်သဖြင့် ထိုခဏ၌ပင် အဆင်း, အနံ့, အရသာကောင်းခြင်းစသည်မှ ကင်းကုန်၏။ ရက်ကန်းသည်၏ ချည်စာနယ်သည့် ကစိဖတ်, ခွေးအန်ဖတ်တို့နှင့် တူစွာ အစာသစ်အိမ်၌ကျပြီးလျှင် သည်းခြေ, သလိပ်, လေတို့ဖြင့် ဖုံးအုပ်ရစ်ပတ်သည် ဖြစ်၏။ ဝမ်းမီးအပူရှိန်ဖြင့် ကျိုက်ကျိုက်ဆူလျက် ပိုး ၃၂-မျိုးတို့မွှေနှောက်သဖြင့် အထက်သို့အမြှုပ်တစီစီတက်၏။ ယောက်သွားပုပ်ကဲ့သို့ အလွန်နံစော်၍ စက်ဆုပ်ရွံရှာဖွယ် ဖြစ်၏။ ထိုအစာသစ်ကို ကြားရကာမျှဖြင့်လည်း စားဖွယ်သောက်ဖွယ်တို့၌မမြိန်ရှက်နိုင်အောင် ဖြစ်ရသေး၏။ ဉာဏ်မျက်စိဖြင့်ရှုမြင်ရပါမူ ဆိုဖွယ်ရာမရှိပြီ။

အစာသစ်အိမ်သို့ကျလာသော အရေအဖတ်,အစာဘောဇဉ်တို့ကို ငါးပုံပုံလျှင် တစ်ပုံကို ပိုးတို့စားကုန်၏၊ တစ်ပုံသည် ဝမ်းမီးက ကြေကျက်လောင်ကျွမ်းစေ၏၊ တစ်ပုံသည် ကျင်ငယ်ဖြစ်၏၊ တစ်ပုံသည်ကျင်ကြီးဖြစ်၏၊ တစ်ပုံသည် ရသဓာတ်ဖြစ်ပြီးလျှင် အသွေးအသားတို့ကို ဖြစ်ပွားစေ၏။

အပိုင်းအခြား – ဝမ်းလွှာဖြင့်လည်းကောင်း၊ အစာသစ်အိမ်၏အဆုံးအဖို့ဖြင့်လည်းကောင်း၊ ပိုင်းခြားအပ်၏။ ဝိသဘာဂပရိစ္ဆေဒသည် ဆံပင်တွင်ဆိုခဲ့သည်နှင့်တူ၏။

### (၁၉) ကရီသံ – အစာဟောင်း

အစာဟောင်းဟူသည်မှာ ကျင်ကြီးပေတည်း။

အဆင်း – အများအားဖြင့် စားမျိုသောအစားအစာ၏အဆင်းအရောင်ရှိ၏။

ပုံသဏ္ဌာန် – တည်ရာအရပ်၏ပုံသဏ္ဌာန်ရှိ၏။

အရပ် – အောက်အရပ်၌ဖြစ်၏။

တည်ရာ – အစာကျက်အိမ်(ဝါ)အစာဟောင်းအိမ်၌ တည်၏။ အစာဟောင်းအိမ်သည် ရှေ့အဖို့အားဖြင့် ချက်အောက်, နောက်အဖို့အားဖြင့် အောက်ဆုံးကျောရိုး၏ အလယ်ကြား, အူခွေ၏အဆုံး၌စောက်ရှစ်လက်သစ်ခန့်ပမာဏရှိသော ဝါးကျည်အခေါင်းနှင့်တူ၏။ မြေအပြင်၌ကျသောမိုးရေသည် နိမ့်သောမြေအဖို့ကိုပြည့်စေ၍ တည်သကဲ့သို့ ထို့အတူ အစာသစ်အိမ်သို့ ကျလာသမျှသောအစာဘောဇဉ်တို့ကို ဝမ်းမီးကကျက်စေ၍ အမြှုပ်တစီစီ တက်စေ၏၊ ကျောက်လုံးဖြင့်ကြိတ်ချေလိုက်သကဲ့သို့ ကြေညက်စေပြီးလျှင် အူခေါင်းဖြင့်

လျှောကျစေ၏။ထို့အစာဟောင်းသည် အစာဟောင်းအိမ်တွင်သိပ်နယ်၍ ဝါးကျည်တောက်၌သိပ်ထည့်ထားသည့်ဝါဖျော့ဖျော့မြေညက်ကဲ့သို့ စုဝေးလျက်တည်၏။
အပိုင်းအခြား – အစာဟောင်းအိမ်အလွှာဖြင့်လည်းကောင်း၊ကျင်ကြီး၏ အဆုံးအဖို့ဖြင့်လည်းကောင်း ပိုင်းခြားအပ်၏။

(၂၀) မတ္ထလုင်္ဂ – ဦးနှောက်

ဦးနှောက်သည် ဦးခေါင်းခွံအတွင်း၌တည်သော ခြင်ဆီအစုပင်တည်း။
အဆင်း – ဖြူ၏၊ မှိုပွင့်အရောင်ရှိ၏။
ပုံသဏ္ဌာန် – တည်ရာဦးခေါင်းခွံသဏ္ဌာန်ရှိ၏။
အရပ် – အထက်အရပ်၌ဖြစ်၏။
တည်ရာ – ဦးခေါင်းခွံအတွင်း၌ လေးခုသောဦးခေါင်းစပ်ကြောင်းတို့ကိုမှီ၍ ပေါင်းစပ်လျက်ထားအပ်သည့် မုန့်ညက်စိုင်လေးခုကဲ့သို့တည်၏။
အပိုင်းအခြား – ဦးခေါင်းခွံ၏အတွင်းပတ်လည်ဖြင့်လည်းကောင်း၊ ဦးနှောက်၏အဆုံးအဖို့အားဖြင့်လည်းကောင်း ပိုင်းခြားအပ်၏။

(၂၁) ပိတ္တံ – သည်းခြေ

သည်းခြေဟူသည်ကား အိတ်ငယ်ဖြင့်ဖွဲ့ထားသောဗဒ္ဓသည်းခြေ၊ အဗဒ္ဓသည်းခြေခေါ် အိတ်ငယ်ဖြင့်မဖွဲ့ထားဘဲ တစ်ကိုယ်လုံးအနှံ့အပြားပြေးသွားတည်ရှိသော သည်းခြေတို့တည်း။
အဆင်း – ဗဒ္ဓသည်းခြေသည် ပြစ်ချွဲသောသစ်မည်စည်ဆီအဆင်းရှိ၏၊ အဗဒ္ဓသည်းခြေသည် ညှိုးနွမ်းသောတောင်ကျည်းပန်းပွင့်အရောင်ရှိ၏။
ပုံသဏ္ဌာန် – နှစ်မျိုးစလုံးပင် တည်ရာသဏ္ဌာန်ရှိ၏။
အရပ် – ဗဒ္ဓသည်းခြေသည် အထက်အရပ်၌ဖြစ်၏၊ အဗဒ္ဓသည်းခြေသည် နှစ်ပါးသောအရပ်တို့၌ဖြစ်၏။
တည်ရာ – အဗဒ္ဓသည်းခြေသည် ဆံပင်, အမွေး, သွား, ခြေသည်း၊ လက်သည်း, အသားမလွတ်ရာအရပ်, မာခြောက်နေသောအရေတို့ကိုချန်လှပ်၍ တစ်ကိုယ်လုံး၌ ဆီပေါက်သည် ရေတွင်ပြန့်နှံ့သကဲ့သို့ပြန့်နှံ့လျက်တည်၏။ အဗဒ္ဓသည်းခြေပျက်လျှင် မျက်စိဝါ၏၊ ချာချာလည်၏၊ ကိုယ်တုန်လှုပ်၏၊ ယားယံ၏။

ဗဒ္ဓသည်းခြေသည် နှလုံးနှင့်အဆုတ်တို့၏အကြား အသည်းကိုမှီ၍တည်သော သပွတ်သီးကြီးအခွံအိမ်နှင့်တူသည့် သည်းခြေအိတ်၌တည်၏။ ဗဒ္ဓသည်းခြေပျက်သော် သတ္တဝါတို့ရူးကုန်၏၊ စိတ်ဖောက်ပြန်၍ အရှက်အကြောက်မရှိ၊ မပြုကျင့်ကောင်းသည်ကို ပြုကျင့်၏၊ မပြောဆိုအပ်သည်ကို ပြောဆို၏၊ မကြံစည်အပ်သည်ကိုကြံစည်၏။
အပိုင်းအခြား – သည်းခြေ၏အဆုံးအဖို့အားဖြင့် ပိုင်းခြားအပ်၏။ ဝိသဘာဂပရိစ္ဆေဒသည်

http://www.dhammadownload.com



ဆံပင်တွင်ဆိုအပ်ခဲ့ပြီးသည်နှင့် တူ၏။

(၂၂) သေမှံ – သလိပ်

သလိပ်ဆိုသည်ကား ကိုယ်တွင်း၌ တစ်ကွမ်းစားမျှလောက်ပမာဏရှိသောသလိပ်ပင်တည်း။

အဆင်း – ဖြူ၏၊ ဝက်ချေးပနဲရွက်ရည်အဆင်းရှိ၏။

ပုံသဏ္ဌာန် – တည်ရာအရပ်ပုံသဏ္ဌာန်ရှိ၏။

အရပ် – အထက်အရပ်၌ဖြစ်၏။

တည်ရာ – အစာသစ်အိမ်ဟူသော ဝမ်းလွှာအူခေါင်းထဲ၌တည်၏။ စားသောက်ဖွယ်စသည်တို့ကိုမျိုသောအခါ၌ ရေပေါ်တွင်ဖုံးအုပ်နေသောရေညှိသည် တုတ်, ခဲစသည်ကျသောအခါ နှစ်ခြမ်းကွဲ၍တစ်ဖန်ပြန်စေ့သကဲ့သို့ ထို့အတူပင် စားသောက်ဖွယ်စသည်ကျလာသောအခါ နှစ်ခြမ်းကွဲပြီး တစ်ဖန်ပြန်စေ့ကာ အစာသစ်ကိုဖုံးလျက်တည်၏။

ယင်းသလိပ်နည်းလျှင် ပြည့်မှည့်သည့်အိုင်းအမာကဲ့သို့လည်းကောင်း၊ ကြက်ဥပုပ်ကဲ့သို့လည်းကောင်း၊ အစာသစ်အိမ်မှ အလွန်စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ပုပ်သောအနံ့ဖြစ်၏။ ထိုအစာသစ်အိမ်မှတက်လာသောအနံ့ဖြင့် အဆန်လေသည်လည်းကောင်း၊ ခံတွင်းသည်လည်းကောင်း၊ အကောင်ပုပ်အနံ့ရှိ၏။ ထိုသို့သောပုဂ္ဂိုလ်သည် "သင်သည် အပုပ်နံ့လှိုင်၏၊ ဖဲခွာသွားပါ"ဟု အဆိုခံရတတ်၏။ ထို့အပြင် ထိုသလိပ်သည် ပွားများ၍ထူထပ်နေသည့်အခါ ကျင်ကြီးတွင်း၏အဖုံးပျဉ်ချပ်ကဲ့သို့ အပုပ်နံ့ကို အစာအိမ်အတွင်း၌သာလျှင် ပိတ်ဆို့ထားခြင်းနှင့်တူ၏။

အပိုင်းအခြား – သလိပ်၏အဆုံးအဖို့အားဖြင့် ပိုင်းခြားအပ်၏။ ဝိသဘာဂပရိစ္ဆေဒသည် ဆံပင်တွင်ဆိုခဲ့ပြီးသည်နှင့်တူ၏။

(၂၃) ပုဗ္ဗော – ပြည်

ပြည်ဆိုသည်မှာ ပုပ်သောသွေး၏အစွမ်းဖြင့်ဖြစ်သော ပြည်ကိုဆို၏။

အဆင်း – ဖျော့တော့သောဖက်ရွက်ဟော်အဆင်းရှိ၏။ သူသေကောင်၌မူ ပုပ်၍ပြစ်ချွဲသော ထမင်းရည်အဆင်းရှိ၏။

ပုံသဏ္ဌာန် – တည်ရာသဏ္ဌာန်ရှိ၏။

အရပ် – အထက်အရပ်, အောက်အရပ်နှစ်ပါးတို့၌ဖြစ်၏။ အမြဲတမ်းတည်ရာဟူ၍မရှိ။ သစ်ငုတ်, ဆူး, လက်နက်စသည်တို့ဖြင့် ထိခိုက်ခံရသည့်နေရာ၌ သွေးသည် စုဝေးတည်လျက် ရင့်ကျက်၏၊ အိုင်းအမာစသည်ဖြစ်၏၊ ထိုအိုင်းအမာ၌ ပြည်သည်တည်၏။

အပိုင်းအခြား – ပြည်၏အဆုံးအဖို့အားဖြင့် ပိုင်းခြားအပ်၏။

(၂၄) လောဟိတံ – သွေး

သွေးဟူသည်မှာ စုဝေးတည်နေသော သန္နိစိတသွေး, ရွေ့ရှားသွားနေသော သံသရဏ

http://www.dhammadownload.com



သွေးဟူ၍ နှစ်မျိုးရှိ၏။
အဆင်း – သန္နိစိတသွေးသည် ချက်ထားပြီးသော ပြစ်ချွဲသည့်ချိပ်ရည်အဆင်းရှိ၏။ သံသရဏသွေးသည် ကြည်သောချိပ်ရည်အဆင်းရှိ၏။
ပုံသဏ္ဌာန် – သွေးနှစ်မျိုးစလုံးပင် တည်ရာအရပ်၏သဏ္ဌာန်ရှိ၏။
အရပ် – သန္နိစိတသွေးသည် အထက်အရပ်၌ဖြစ်၏။ သံသရဏသွေးသည် အထက်အောက်အရပ်နှစ်ပါး၌ဖြစ်၏။
တည်ရာ – သံသရဏသွေးသည် ဆံပင်, မွေးညှင်း, သွား, ခြေသည်းလက်သည်း, အသားမှလွတ်ရာဌာန, မာခြောက်နေသောအရေတို့ကို ချန်လှပ်၍ အခေါင်းရှိသည့်သွေးကြောကွန်ယက်ကိုလျှောက်၍ ကိုယ်အလုံးကိုပြန့်နှံ့လျက်တည်၏။ သန္နိစိတသွေးသည် အသည်းတည်ရာအရပ်၏အောက်အဖို့ကိုပြည့်စေလျက် တစ်ခွက်မျှလောက်ရှိ၏၊ နှလုံး, အညှို့, အဆုတ်တို့၏အထက်၌ တစ်စက်တစ်စက်ယိုထွက်ကာ နှလုံး, အညှို့, အသည်း အဆုတ်တို့ကို စို စွတ်စေလျက်တည်၏။ ထိုသန္နိစိတသွေးက အညှို့, နှလုံးစသည်တို့ကို မစိုစွတ်စေသည်ရှိသော် သတ္တဝါတို့သည် ရေငတ်ကုန်၏၊ ရေဆာကုန်၏။
အပိုင်းအခြား – သွေး၏အဆုံးအဖို့အားဖြင့် ပိုင်းခြားအပ်၏။

(၂၅) သေဒေါ – ချွေး

ချွေးဟူသည်ကား အမွေးတွင်းစသည်တို့မှယိုထွက်သော အာပေါဓာတ်ရေတည်း။
အဆင်း – ကြည်လင်သောနှမ်းဆီ၏အရောင်အဆင်းရှိ၏။
ပုံသဏ္ဌာန် – တည်ရာအရပ်သဏ္ဌာန်ရှိ၏။
အရပ် – အထက်အရပ်၊ အောက်အရပ်နှစ်ပါးတို့၌ဖြစ်၏။
တည်ရာ – ချွေး၏အမြဲတမ်းတည်ရာဟူ၍မရှိပေ။ မီးပူ, နေပူ, ဥတုဖောက်ပြန်ခြင်းစသည်တို့ကြောင့် ကိုယ်ပူသောအခါ ရေမှနုတ်၍ဖြတ်အပ်သောကြာရိုးမှ ရေယိုကျသကဲ့သို့ အလုံးစုံသောဆံပင်တွင်း, အမွေးတွင်း, အကြောအပေါက်တို့မှ ချွေးယိုထွက်၏။ သို့အတွက် ထိုချွေး၏သဏ္ဌာန်ကိုလည်း ဆံပင်တွင်း, အမွေးတွင်း, အကြောအပေါက်တို့၏အစွမ်းဖြင့် သိအပ်၏။ ချွေးကိုဆင်ခြင်သောယောဂီသည် ဆံပင်တွင်း, အမွေးတွင်း, အကြောအပေါက်တို့ကိုပြည့်၍တည်သောအစွမ်းဖြင့် ချွေးကိုနှလုံးသွင်းအပ်၏။
အပိုင်းအခြား – ချွေး၏အဆုံးအဖို့အားဖြင့်ပိုင်းခြားအပ်၏။

(၂၆) မေဒေါ – အဆီခဲ

အဆီခဲဟူသည်ကား ခဲသောအဆီပေတည်း။
အဆင်း – ခွဲခြမ်းထားသောနနွင်းသားအဆင်းရှိ၏။
ပုံသဏ္ဌာန် – ကိုယ်ကာယဆူဖြိုးသောသူမှာ အရေနှင့်အသားတို့၏အကြား၌ နနွင်းရောင်

http://www.dhammadownload.com



ပေါင်သား, ကျောရိုးကိုမှီသောအသား, ဝမ်းပျဉ်းသားတို့ကိုမှီ၍ နှစ်ထပ်, သုံးထပ်ပြုထားသည့် နှွင်းရောင်ပုံဆိုးသဏ္ဌာန်ရှိ၏။
အရပ် – အထက်အရပ်, အောက်အရပ်နှစ်ပါးတို့၌ဖြစ်၏။
တည်ရာ – ဆူဖြိုးသောသူ၌ တစ်ကိုယ်လုံးအနှံ့တည်၏။ ကြုံသောသူ၌သလုံးသားစသည်ကိုမှီ၍ တည်၏။ ဤအဆီကို အစေးဟုခေါ်ဝေါ်ခြင်းသို့ရောက်သော်လည်း အလွန်စက်ဆုပ်ဖွယ်ရှိခြင်းကြောင့် ခေါင်းလိမ်းဆီအဖြစ် မယူကြကုန်။ နှာခေါင်းဆီစသည် အဖြစ်လည်း မယူကြကုန်။
အပိုင်းအခြား – အောက်ဘက်၌ အသားဖြင့်၊ အထက်ဘက်၌ အရေဖြင့်၊ ဖီလာဝန်းကျင်၌ အဆီခဲ၏အဆုံးအဖို့ဖြင့် ပိုင်းခြားအပ်၏။ ဤသည်ကား သဘာဂပရိစ္ဆေဒတည်း။ ဝိသဘာဂပရိစ္ဆေဒသည် ဆံပင်တွင် ဆိုအပ်ခဲ့ပြီးသည်နှင့်တူ၏။

## (၂၇) အဿု – မျက်ရည်

မျက်ရည်ဟူသည်မှာ မျက်စိတို့မှယိုထွက်သော အာပေါဓာတ်ရေတည်း။
အဆင်း – ကြည်သောနှမ်းဆီအဆင်းရှိ၏။
ပုံသဏ္ဌာန် – တည်ရာအရပ်၏ပုံသဏ္ဌာန်ရှိ၏။
အရပ် – အထက်အရပ်၌ဖြစ်၏။
တည်ရာ – မျက်တွင်း၌တည်၏။ သည်းခြေအိမ်၌ ဗဒ္ဓသည်းခြေစုဝေး တည်နေသကဲ့သို့ မဟုတ်။ သတ္တဝါတို့ ဝမ်းမြောက်ဝမ်းသာ ပြင်းစွာရယ်သောအခါ၊ နလုံးမသာယာ၍ငိုယိုသောအခါ၊ အလွန်ပူစပ်သည့်အစာကိုစားမိသောအခါ၊ မျက်စိထဲသို့ မီးခိုး,မြူ, ဖုံမှုန့် စသည်ဝင်သောအခါတို့၌ မျက်ရည်ဖြစ်ပေါ်၍ မျက်စိတွင်းတို့ကို ပြည့်စေ၏၊ ယိုစီးကျလာ၏။
မျက်ရည်ကို ရှုဆင်ခြင်သောယောဂီသည် မျက်တွင်းတို့ကိုပြည့်စေလျက်တည်သည်၏ အစွမ်းအားဖြင့် သိမ်းဆည်းအပ်၏။
အပိုင်းအခြား – မျက်ရည်၏အဆုံးအဖို့အားဖြင့် ပိုင်းခြားအပ်၏။

## (၂၈) ဝသာ – ဆီကြည်

ဆီကြည်ဆိုသည်မှာ မခဲမူ၍ ကြေနေသောဆီပေတည်း။
အဆင်း – အုန်းဆီအဆင်းရှိ၏။
ပုံသဏ္ဌာန် – ရေချိုးသောအခါ ကြည်သောရေ၏အထက်၌လည်နေသော ဆီပေါက်သဏ္ဌာန်ရှိ၏။
အရပ် – အထက်အရပ်, အောက်အရပ်တို့၌ဖြစ်၏။
တည်ရာ – အများအားဖြင့် လက်ဖဝါး, လက်ဖမိုး, ခြေဖဝါး, ခြေဖမိုး, နှာခေါင်း, နဖူး, ပခုံးစွန်းတို့၌ တည်၏။ သို့သော် ထိုထိုနေရာတို့၌ အခါခပ်သိမ်းကြေသည်ဖြစ်၍ တည်နေသည်မဟုတ်၊ မီးပူ, နေပူ, ဥတုဖောက်ပြန်ခြင်း, သွေးလေစသောဓာတ်တို့၏ဖောက်ပြန်ခြင်း

http://www.dhammadownload.com



တို့ကြောင့် လက်ဖဝါးစသည့်ထိုထိုအရပ်တို့၌ အပူငွေ့ဖြစ်ပေါ်သောအခါဖြစ်ကုန်၏။ ထိုအခါ ရေချိုးသည့်ကာလ ကြည်သောရေပေါ်၌ ဆီပေါက်၏ရွှေ့ရှားပျံ့နှံ့သွားသကဲ့သို့ ဤဆီကြည်သည် ထိုမှဤမှရွေ့ရှား၏။
အပိုင်းအခြား – ဆီကြည်၏အဆုံးအဖို့အားဖြင့် ပိုင်းခြားအပ်၏။

## (၂၉) ခေဠော – တံတွေး

တံတွေးဟူသည်မှာ ပါးစပ်အတွင်း၌ အမြှုပ်နှင့်ရောသော အာပေါဓာတ်တည်း။
**အဆင်း** – ဖြူ၏၊ အမြှုပ်နှင့်တူသောအဆင်းရှိ၏။
**ပုံသဏ္ဌာန်** – တည်နေရာအရပ်၏ပုံသဏ္ဌာန်ရှိ၏၊ ရေမြှုပ်သဏ္ဌာန်ရှိ၏။
**အရပ်** – အထက်အရပ်၌ဖြစ်၏။
**တည်ရာ** – နှစ်ဘက်သောပါးစောင်တို့မှဆင်းသက်၍ လျှာ၌တည်၏။ ထိုတံတွေးသည် အခါခပ်သိမ်း လျှာ၌စုဝေး၍တည်သည်မဟုတ်၊ သတ္တဝါတို့သည် အပူ, အခါး, အစပ်, အငံ, အချဉ် အစာအာဟာရကို မြင်လျှင်ဖြစ်စေ၊ အောက်မေ့လျှင်ဖြစ်စေ၊ ခံတွင်း၌ထားလျှင်ဖြစ်စေ၊ နှလုံးမကျန်းမာလျှင်ဖြစ်စေ၊ တစ်စုံတစ်ရာကို စက်ဆုပ်ရွံရှာလျှင်ဖြစ်စေ တံတွေးဖြစ်ပေါ်၍ ပါးစောင်နှစ်ဘက်မှဆင်းသက်ပြီးလျှင် လျှာ၌တည်၏။ ထိုတံတွေးသည် လျှာဖျား၌ပါးပါးကြဲကြဲရှိ၏။ လျှာရင်း၌ပြစ်ချွဲ၏။ ခံတွင်း၌မုန့်ကိုဖြစ်စေ ဆန်ကိုဖြစ်စေ အခြားခဲဖွယ်တစ်ခုကိုဖြစ်စေ ထည့်လျှင် မြစ်သဲပြင်တွင်တူးအပ်သော လက်ယက်တွင်းရေကဲ့သို့ တံတွေးမကုန်နိုင်အောင်ဖြစ်၍ စွတ်စိုစေခြင်းငှာ စွမ်းနိုင်၏။

## (၃၀) သိင်္ဃာဏိကာ – နှပ်

နှပ်ဟူသည်မှာ ဦးနှောက်မှယိုထွက်သော မစင်ကြယ်သည့်ဝတ္ထုဖြစ်၏။
**အဆင်း** – နုသောထန်းသီးဆံအဆင်းနှင့်ရှိ၏။
**ပုံသဏ္ဌာန်** – တည်ရာအရပ်၏ပုံသဏ္ဌာန်ရှိ၏။
**အရပ်** – အထက်အရပ်၌ဖြစ်၏။
**တည်ရာ** – နှာခေါင်းဖုကိုပြည့်၍တည်၏။ ထိုနှပ်သည် နှာခေါင်းဖု၌ အခါခပ်သိမ်းစုဝေး၍ တည်နေသည်မဟုတ်။ လူတစ်ယောက်သည် ပဒုမ္မာကြာဖက်၌နို့ခမ်းကိုထုပ်ပြီးလျှင် အောက်ဘက်၌ဆူးဖြင့်ထိုးဖောက်၏၊ ထိုအပေါက်မှ နို့ခမ်းရည်သည် ယိုထွက်၍ အပ၌ကျသကဲ့သို့ ထို့အတူ အကြင်အခါသတ္တဝါတို့ ငိုကုန်၏၊ အာဟာရ ဥတုတို့ဖောက်ပြန်၍ ဓာတ်ချောက်ချားသည်မှုလည်းဖြစ်ကုန်၏၊ ထိုအခါ ဦးခေါင်းအတွင်းမှ သလိပ်ပုပ်အဖြစ်သို့ရောက်သော ဦးနှောက်သည် စီးဆင်း၍ နှာခေါင်းဖုကိုပြည့်စေ၍တည်၏၊ ယိုထွက်မှုလည်း ယိုထွက်၏။

နှပ်ကို သိမ်းဆည်းဆင်ခြင်သော (ဝါ) သိင်္ဃာဏိကာကမ္မဋ္ဌာန်းကိုစီးဖြန်းသောယောဂီသည် နှာခေါင်းကိုပြည့်၍တည်သည်၏အစွမ်းဖြင့် သိမ်းဆည်းဆင်ခြင်အပ်၏။
အပိုင်းအခြား – နှပ်၏အဖို့အားဖြင့် ပိုင်းခြားအပ်၏။

http://www.dhammadownload.com



(၃၁) လသိကာ – အစေး

အစေးဆိုသည်မှာ ကိုယ်ထဲ၌အရိုးဆက်တို့၏အကြား ကျိချွဲသောအစေးပုပ်တည်း။

အဆင်း – မဟာလေ့ကားပင်၏အစေးနှင့်တူသောအဆင်းရှိ၏။

ပုံသဏ္ဌာန် – တည်ရာအရပ်၏ပုံသဏ္ဌာန်ရှိ၏။

အရပ် – အထက်အောက်အရပ်နှစ်ပါးလုံး၌ဖြစ်၏။

တည်ရာ – အရိုးဆက်တို့၏လိမ်းကျံခြင်းကိစ္စကိုပြီးစေလျက် ၁၈၀–သောအရိုးဆက်တို့၏အကြား၌ တည်၏။ ဤအစေးနည်းသူမှာ ထရပ်စဉ်, ထိုင်ချစဉ်, ရှေ့သို့သွားစဉ် နောက်သို့ဆုတ်စဉ် ကွေးစဉ် ဆန့်စဉ်အခါတို့၌ အရိုးတို့သည် လက်ဖျစ်တီးသကဲ့သို့ ကျွတ်ကျွတ်မည်ကုန်၏၊ တစ်ယူဇနာ, နှစ်ယူဇနာခရီးကိုသွားသော် ဝါယောဓာတ်ပျက်၍ အဆစ်အမျက် နာကျင်ကိုက်ခဲ၏။ ကိုယ်ဆင်းရဲပင်ပန်း၏။

ဤအစေးများသောသူမှာ ထရပ်ခြင်း, ထိုင်ချခြင်းစသည်ကိုပြုသောအခါ၌ အရိုးတို့သည်မမြည်ကုန်၊ ခရီးရှည်သွားသော် ဝါယောဓာတ်မပျက်သဖြင့် အဆစ်အမျက်မနာ၊ ကိုယ်ပင်ပန်းဆင်းရဲခြင်းမဖြစ်ချေ။

အပိုင်းအခြား – အစေး၏အဖို့အားဖြင့်ပိုင်းခြားအပ်၏။

(၃၂) မုတ္တံ – ကျင်ငယ်

ကျင်ငယ်ဟူသည်ကား ကျင်ငယ်ရည်, ဆီးရည်ပေတည်း။

အဆင်း – ပဲကြီးပဲကိုမီးရှို၍ ပြာကိုရေနှင့်ဖျော်ပြီးလျှင် စစ်ယူသောရေကြည်နှင့်အရောင်တူ၏။

ပုံသဏ္ဌာန် – မှောက်ထားသည့်အိုးအတွင်း၌ရှိသော ရေပုံသဏ္ဌာန်ရှိ၏။

အရပ် – အောက်အရပ်၌ဖြစ်၏။

တည်ရာ – စည်ဖောင်းခေါ်ဆီးအိမ်အတွင်း၌ တည်၏။ တံစီးတွင်း၌ထည့်ထားသောရေဝင်ပေါက်မရှိသည့် ရေစစ်အိုးထဲသို့ တံစီးရည်(အညစ်အကြေးရေပုပ်)ဝင်သကဲ့သို့ ကိုယ်မှကျင်ငယ်သည် ဆီးအိမ်စည်ပေါင်းထဲသို့ဝင်၏။ ဆီးအိမ်သို့ဝင်ရာလမ်းပေါက်သည် မထင်ရှား၊ ထွက်ပေါက်လမ်းကား ထင်ရှား၏။ ဆီးအိမ်စည်ပေါင်းသည် ကျင်ငယ်နှင့် ပြည့်သော် "ကျင်ငယ်စွန့်အံ့"ဟု သတ္တဝါတို့အားထုတ်ကုန်၏။

အပိုင်းအခြား – ဆီးအိမ်စည်ပေါင်း၏အတွင်းဖြင့်လည်းကောင်း၊ ကျင်ငယ်အဖို့အားဖြင့်လည်းကောင်း ပိုင်းခြားအပ်၏။ ဤသည်ကား သဘာဂပရိစ္ဆေဒတည်း၊ ဝိသဘာဂပရိစ္ဆေဒသည် ဆံပင်၌ဆိုခဲ့ပြီးသည်နှင့်တူ၏။

ကာယဂတာသတိကမ္မဋ္ဌာန်းရှုပွားပုံ

အထက်တွင်ဆိုခဲ့သည့်အတိုင်း ဆံပင်အစရှိသော ၃၂–ကောဋ္ဌာသတို့ကို အဆင်း, သဏ္ဌာန်, အရပ်, တည်ရာ, အပိုင်းအခြားတို့၏အစွမ်းဖြင့်မှတ်သားပြီး၍ "အစဉ်အားဖြင့်

http://www.dhammadownload.com



နှလုံးသွင်းခြင်း, မမြန်လွန်းသောအားဖြင့်နှလုံးသွင်းခြင်း"စသည့်နည်းဖြင့် အဆင်း, သဏ္ဌာန်, အနံ့, မှီရာ, တည်ရာတို့၏အစွမ်းဖြင့် ငါးပါးအပြားအားဖြင့် "စက်ဆုပ်ရွံရှာဖွယ်, စက်ဆုပ်ရွံရှာဖွယ်"ဟူ၍ နှလုံးသွင်း၏။ ထိုသို့နှလုံးသွင်းသောသူအား အမည်ပညတ်ကိုလွန်မြောက်သောဘာဝနာ၏အဆုံး၌ 'ဤကိုယ်ဝယ်ဆံပင်သည်ရှိ၏' စသည်ဖြင့် ဉာဏ်ဖြင့်ကြည့်ရှုစဉ် အလုံးစုံသောကောဋ္ဌာသတို့သည် မရှေးမနှောင်းတစ်ပေါင်းတည်းကဲ့သို့ ထင်လာကြ၏။ ဥပမာအားဖြင့် မျက်စိကောင်းသော ယောကျာ်းသည် ၃၂-မျိုး အဆင်းအရောင်ရှိသည့် ပန်းတို့ကို ချည်တစ်ချောင်းဖြင့် သီကုံးထားသောပန်းကုံးကိုကြည့်ရှုရာ ပန်းအားလုံးတို့သည် မရှေးမနှောင်းတစ်ပေါင်းတည်း ထင်လာသကဲ့သို့တည်း။

ထို့ကြောင့် မနသိကာရကောသလ္လကထာ၌ "အားထုတ်ခါစယောဂီသည် ဆံပင်ဟု နှလုံးသွင်းလျှင် နှလုံးသွင်းမှုသည် နူတ်တက်ရနေသည့်အတိုင်းသွား၍ ကျင်ငယ်ဟူသည့်အဆုံးကောဋ္ဌာသသို့ ဆိုက်၍တည်၏"ဟု ဆိုခဲ့ပေ၏။

ထို့အပြင် ယောဂီသည် အပြင်ပသူတစ်ပါးတို့၏သန္တာန်၌လည်း မိမိသန္တာန်၌ကဲ့သို့ စက်ဆုပ်ဖွယ်ချည်းဟု ပုံတူနှလုံးသွင်းသော် သူတစ်ပါးတို့၏အလုံးစုံသော ကောဋ္ဌာသတို့သည် ပကတိအတိုင်းထင်လာကုန်၏။ ထိုအခါ လှည့်လည်သွားလာကုန်သော လူတိရစ္ဆာန်တို့သည် သတ္တဝါဟူသည့်အခြင်းအရာကိုစွန့်၍ ကောဋ္ဌာသ အစုအပုံအနေဖြင့်သာလျှင် ထင်ပေါ်ကုန်၏။ ထိုလူတိရစ္ဆာန်တို့စားမျိုသည့် စားဖွယ်သောက်ဖွယ်စသည်လည်း စက်ဆုပ်ဖွယ်ကောဋ္ဌာသအစုအပုံထဲသို့ ထည့်သကဲ့သို့ထင်၏။

ထိုအခါ အစဉ်ကိုလွတ်ခြင်းစသည်တို့၏အစွမ်းဖြင့်'စက်ဆုပ်ရွံရှာဖွယ်'ဟု အဖန်တလဲလဲနှလုံးသွင်းသောယောဂီအား အစဉ်အတိုင်းတိုးတက်ကာ အပ္ပနာသည် ဖြစ်၏။ ဤကာယဂတာသတိခေါ်ကောဋ္ဌာသကမ္မဋ္ဌာန်း၌ ဆံပင်စသည်တို့၏ အဆင်း, သဏ္ဌာန်, အရပ်, တည်ရာ, အပိုင်းအခြားတို့၏အစွမ်းဖြင့်ထင်ခြင်းသည် ဥဂ္ဂဟနိမိတ်တည်း။ ခပ်သိမ်းသောအခြင်းအရာအားဖြင့် စက်ဆုပ်ရွံရှာဖွယ်၏ အစွမ်းဖြင့်ထင်ခြင်းသည် ပဋိဘာဂနိမိတ်တည်း။ ထိုပဋိဘာဂနိမိတ်ကို အထပ်ထပ်မှီဝဲလျက်ဖြစ်စေသောယောဂီအား အသုဘကမ္မဋ္ဌာန်းတွင်ကဲ့သို့ ပထမဈာန်၏အစွမ်းဖြင့်သာလျှင် အပ္ပနာသည်ဖြစ်၏။

အကြင်ပုဂ္ဂိုလ်အား ကောဋ္ဌာသတစ်ခုတည်းကာထင်ရှားလျှင် ထိုတစ်ခုသော ကောဋ္ဌာသ၌ အပ္ပနာသို့ရောက်၏။ အခြားကောဋ္ဌာသ၌ အားထုတ်မှုမပြုလျှင် အပ္ပနာတစ်ပါးသာဖြစ်၏။ တစ်ခုသောကောဋ္ဌာသ၌ ဈာန်သို့ရောက်ပြီးလျှင် တစ်ဖန်အခြားကောဋ္ဌာသ၌လည်း အားထုတ်ခြင်းကိုပြုပါက အခြားကောဋ္ဌာသတို့၌လည်း ပထမဈာန်သည်ဖြစ်၏။

မဟာလ္လကမထေရ်ကြီးသည် ၃၂-ပါးသောကောဋ္ဌာသတို့၌ ၃၂-ပါးသော ပထမဈာန်တို့ကိုရ၏။ အကယ်၍ညဉ့်မှာဈာန်တစ်ပါး, နေ့မှာဈာန်တစ်ပါးဝင်စားလျှင် လခွဲလွန်သော် စပ်မိ၏။ အကယ်၍နေ့စဉ်ဈာန်တစ်ပါးကိုသာဝင်စားလျှင် တစ်လကျော်လွန်သော်

http://www.dhammadownload.com



စပ်မိ၏။

ဤသို့ ပထမစျာန်၏အစွမ်းဖြင့်ပြည့်စုံသော်လည်း ဤကမ္မဋ္ဌာန်းကို အဆင်း, သဏ္ဌာန် စသည်တို့၌ သတိ၏အစွမ်းဖြင့်ပြည့်စုံသောကြောင့် ကာယဂတာသတိဟူ၍ ဆိုအပ်၏။

**ကာယဂတာသတိကမ္မဋ္ဌာန်းရှုပွားခြင်း၏အကျိုးများ**

ကာယဂတာသတိကမ္မဋ္ဌာန်းကို အဖန်တလဲလဲအားထုတ်သောယောဂီသည်

(၁) ကမ္မဋ္ဌာန်း၌မမွေ့လျော်ခြင်း, ကာမဂုဏ်၌မွေ့လျော်ခြင်းကို နှိပ်နင်းနိုင်၏။

(၂) ဖြစ်တိုင်းဖြစ်တိုင်းသောမမွေ့လျော်ခြင်းနှင့် မွေ့လျော်ခြင်းတို့ကို နှိပ်နင်းနိုင်၏။

(၃) ဘေးငယ်, ဘေးကြီးတို့ကို သည်းခံနိုင်ပေ၏။

(၄) ယိုရဟာန်းကို ဘေးငယ်, ဘေးကြီးတို့က မနှိပ်စက်နိုင်ကုန်။

(၅) ဖြစ်ပေါ်လာသောဘေးငယ်, ဘေးကြီးတို့ကို နှိမ်နင်း၍ နှိမ်နင်း၍ နေနိုင်ပေ၏။

(၆) အချမ်းအပူကို သည်းခံနိုင်၏။

(၇) အစာစားခြင်း, ရေဆာခြင်း, မှက်ခြင်, လေနေပူ, မြွေကင်းတို့၏ ကိုက်ခဲထိပါးခြင်းတို့ကိုလည်း သည်းခံနိုင်ပေ၏။

(၈) မကောင်းသဖြင့်ပြောဆိုကုန်သော မကောင်းသဖြင့်ရောက်လာကုန်သော စကားဆိုးတို့ကို သည်းခံနိုင်ပေ၏။

(၉) ကိုယ်ထဲ၌ဖြစ်ပေါ်လာသော ပြင်းထန်ကြမ်းတမ်း၍မခံသာသော, မသာယာဖွယ်, မနှစ်မြို့ဖွယ်ဖြစ်သော သေစေနိုင်လောက်သည့်ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်သည့်သဘောရှိ၏။

(၁၀) ဆံပင်စသည့်ကောဋ္ဌာသတို့၏အဆင်းအထူးကိုမှီ၍ ရူပါဝစရစျာန်လေးပါးကို ထူထောင်နိုင်၏။ အဘိညာဉ်တို့ကို ထိုးထွင်း၍သိနိုင်ပေ၏။

ဤသို့ များစွာသောအကျိုးအာနိသင်ရှိသော ကာယဂတာသတိကမ္မဋ္ဌာန်းကို အမြော်အမြင်ဉာဏ်ပညာရှိသူတို့သည် မမေ့မလျော့ဘဲ အားထုတ်ရာ၏။

* အာနာပါနဿတိကို ပြခြင်း

မြတ်စွာဘုရားချီးမွမ်းပုံ

*"ရဟန်းတို့–ဤအာနာပါနဿတိသမာဓိသည် ပွားများစေသော် အကြိမ်များစွာ အလေ့အလာပြုသော် ငြိမ်လည်းငြိမ်သက်၏၊ မွန်မြတ်သည်လည်းဖြစ်၏၊ သွန်းလောင်းထည့်စွက်အပ်သော အကြောင်းတစ်ပါးသည်မရှိ၊ ချမ်းသာသောနေခြင်းလည်းဖြစ်ပေ၏၊ ဖြစ်ပေါ်လာသမျှသော ယုတ်မာလှသည့်အကုသိုလ်တရားတို့ကို တစ်ခဏချင်းကွယ်ပျောက်စေနိုင်၏၊ ငြိမ်းအေးစေနိုင်၏"* ဟု မြတ်စွာဘုရား ချီးမွမ်းတော်မူ၏။

**အာနာပါနဿတိကမ္မဋ္ဌာန်းကို မြတ်စွာဘုရားဟောကြားပုံ**

"ရဟန်းတို့––အာနာပါနဿတိသမာဓိကိုအဘယ်သို့ပွားများစေအပ်သနည်း။

http://www.dhammadownload.com



ဤသာသနာတော်၌ ရဟန်းသည် တောသို့ကပ်၍ဖြစ်စေ သစ်ပင်ရင်းသို့ကပ်၍ဖြစ်စေ ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ဖြစ်စေ ထက်ဝယ်ဖွဲ့ခွေကာ အထက်ပိုင်းကိုယ်ကို ဖြောင့်မတ်စွာထားလျက် ကမ္မဋ္ဌာန်းဆီသို့ ရှေးရှုသတိကိုဖြစ်စေလျက် ထိုင်နေ၏။ ထိုရဟန်းသည် သတိနှင့်ပြည့်စုံသည်ဖြစ်၍ ထွက်သက်ကိုဖြစ်စေ၏၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍ ဝင်သက်ကိုဖြစ်စေ၏။ အဘယ်သို့ဖြစ်စေသနည်းဟူမူကား-

၁။ (၁) ရှည်စွာထွက်သက်ကိုဖြစ်စေသည်ရှိသော် ရှည်စွာထွက်သက်ကိုဖြစ်စေ၏ဟူ၍ သိ၏၊ ရှည်စွာဝင်သက်ကိုဖြစ်စေသည်ရှိသော် ရှည်စွာဝင်သက်ကိုဖြစ်စေ၏ဟူ၍ သိ၏။

(၂) တိုစွာထွက်သက်ကိုဖြစ်စေသည်ရှိသော် တိုစွာထွက်သက်ကိုဖြစ်စေ၏ဟူ၍ သိ၏၊ တိုစွာဝင်သက်ကိုဖြစ်စေသည်ရှိသော် တိုစွာဝင်သက်ကိုဖြစ်စေ၏ဟူ၍ သိ၏။

(၃) အလုံးစုံသောထွက်သက်၏အစ, အလယ်, အဆုံး သုံးပါးလုံးကိုထင်စေလျက် ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏၊ အလုံးစုံသောဝင်သက်၏အစ, အလယ်, အဆုံး သုံးပါးလုံးကိုထင်စေလျက် ဝင်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။

(၄) အရှုပြင်း၍ ရုန့်ရင်းသောထွက်သက်လေဟူသည့်ကာယသင်္ခါရကို သာယာဖြည်းညှင်းစွာရှုခြင်းဖြင့်ငြိမ်းစေလျက် ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။ အရှိုက်ပြင်း၍ ရုန့်ရင်းသောဝင်သက်လေဟူသည့်ကာယသင်္ခါရကို သာယာဖြည်းညှင်းစွာ ရှိုက်ခြင်းဖြင့်ငြိမ်းစေလျက် ဝင်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။ *ဤကားပထမစတုက္ကတည်း။*

၂။ (၁) ထွက်သက်၏အစ, အလယ်, အဆုံးသုံးပါးလုံး၌ ပီတိကိုထင်စေလျက် ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။ ဝင်သက်၏အစ, အလယ်, အဆုံးသုံးပါးလုံး၌ ပီတိကိုထင်စေလျက် ဝင်သက်ကိုဖြစ်စေအံ့ဟုကျင့်၏။

(၂) ထွက်သက်၏အစ, အလယ်, အဆုံးသုံးပါးလုံး၌ သုခကိုထင်စေလျက် ထွက်သက်ကိုဖြစ်စေအံ့ဟုကျင့်၏။ ဝင်သက်၏အစ, အလယ်, အဆုံးသုံးပါးလုံး၌ သုခကိုထင်စေလျက် ဝင်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။

(၃)ထွက်သက်၏အစ, အလယ်, အဆုံးသုံးပါးလုံး၌ စိတ္တသင်္ခါရကိုထင်စေလျက် ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။ ဝင်သက်၏အစ, အလယ်, အဆုံးသုံးပါးလုံး၌ စိတ္တသင်္ခါရကိုထင်စေလျက် ဝင်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။

(၄) အရှုပြင်း၍ရုန့်ရင်းသောစိတ္တသင်္ခါရကို သာယာဖြည်းညှင်းစွာရှုခြင်းဖြင့် ငြိမ်းစေလျက် ထွက်သက်ကိုဖြစ်စေအံ့ဟုကျင့်၏။ အရှိုက်ပြင်း၍ ရုန့်ရင်းသော စိတ္တသင်္ခါရကို သာယာဖြည်းညှင်းစွာရှိုက်ခြင်းဖြင့်ငြိမ်းစေလျက် ဝင်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။ *ဤကားဒုတိယစတုက္ကတည်း။*

၃။ (၁) ထွက်သက်၏အစ, အလယ်, အဆုံးသုံးပါးလုံး၌ စိတ်ကိုထင်စေလျက် ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။ ဝင်သက်၏အစ, အလယ်, အဆုံးသုံးပါးလုံး၌ စိတ်ကိုထင်

http://www.dhammadownload.com



စေလျက် ဝင်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။

(၂) စိတ်ကို အပြားအားဖြင့် လွန်စွာဝမ်းမြောက်စေလျက် ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။ စိတ်ကို အပြားအားဖြင့် လွန်စွာဝမ်းမြောက်စေလျက် ဝင်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။

(၃) စိတ်ကိုကောင်းစွာထားလျက် ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏၊ စိတ်ကိုကောင်းစွာထားလျက် ဝင်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။

(၄) စိတ်ကို နီဝရဏစသည်တို့မှလွတ်စေလျက် ထွက်သက်ကိုဖြစ်အံ့ဟု ကျင့်၏။ စိတ်ကို နီဝရဏစသည်တို့မှလွတ်စေလျက် ဝင်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။ *ဤကား တတိယစတုက္ကတည်း။*

၄။ (၁) အနိစ္စဟုအဖန်တလဲလဲရှု၍ ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။ အနိစ္စဟုအဖန်တလဲလဲရှု၍ ဝင်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။

(၂) သင်္ခါရတို့၏ကင်းကုန်ခြင်းကို အဖန်တလဲလဲရှု၍ ထွက်သက်ကိုဖြစ်စေအံ့ဟုကျင့်၏။ သင်္ခါရတို့၏ကင်းကုန်ခြင်းကို အဖန်တလဲလဲရှု၍ ဝင်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။

(၃) သင်္ခါရတို့၏ချုပ်ငြိမ်းခြင်းကို အဖန်တလဲလဲရှု၍ ထွက်သက်ကိုဖြစ်စေအံ့ဟုကျင့်၏။ သင်္ခါရတို့၏ချုပ်ငြိမ်းခြင်းကို အဖန်တလဲလဲရှု၍ ဝင်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။

(၄) စေလွှတ်ခြင်းကို အဖန်တလဲလဲရှု၍ ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။ စေလွှတ်ခြင်းကို အဖန်တလဲလဲရှု၍ ဝင်သက်ကိုဖြစ်စေအံ့ဟုကျင့်၏။ *ဤကား စတုတ္ထစတုက္ကတည်း။*

ဤသို့လျှင် စတုက္ကလေးခုဖြစ်သော ၁၆–ဌာနရှိသည့်အာနာပါနဿတိကမ္မဋ္ဌာန်းကို မြတ်စွာဘုရားဟောကြားတော်မူ၏။

**အာနာပါနဿတိပထမစတုက္က၏ပုဒ်အစဉ်ကို ဖွင့်ပြခြင်း**

"အာနာပါနဿတိသမာဓိ" ဟူသည်မှာ ဝင်လေထွက်လေကိုသိမ်းဆည်းသော သတိနှင့်ယှဉ်သည့် သမာဓိပေတည်း။

"ငြိမ်လည်းငြိမ်သက်၏၊ မွန်မြတ်သည်လည်းဖြစ်၏" ဆိုသည်ကား အသုဘကမ္မဋ္ဌာန်းသည်အာရုံနှင့်မရော၊ ပဋိဝေဓအစွမ်းသက်သက်ဖြင့် ငြိမ်သက်သည်, မွန်မြတ်သည်ဖြစ်သော်လည်း ရုန့်ရင်းသည့်အာရုံရှိသောကြောင့်လည်းကောင်း၊ စက်ဆုပ်ရွံရှာဖွယ် အာရုံရှိသောကြောင့်လည်းကောင်း၊ အာရုံ၏အစွမ်းဖြင့်ငြိမ်သက်သည်မဟုတ်၊ မွန်မြတ်သည်လည်း မဟုတ်ချေ။

ဤအတူပင် အာနာပါနဿတိသမာဓိသည် တစ်စုံတစ်ခုသောအကြောင်းဖြင့် မငြိမ်သက်သည်, မမြတ်သည်မဟုတ်။ စင်စစ်သော်ကား အာရုံ၏ငြိမ်သက်သည့် အဖြစ်ကြောင့်လည်းကောင်း၊ ဟုတ်မှန်တိုင်းသောသဘောအားဖြင့် ထိုးထွင်း၍သိအပ်သော ရှာန်အင်္ဂါ

http://www.dhammadownload.com



တို့၏ငြိမ်သက်သည့်အဖြစ်ကြောင့်လည်းကောင်၊ ငြိမ်သက်သည် အေးသည်ဖြစ်၏။ ပဋိ ဝေဟဆိုအပ်သော အင်္ဂါငြိမ်သက်ခြင်းကြောင့်လည်းကောင်း ငြိမ်သက်၏၊ အာရုံ၏မြတ် ခြင်း, အင်္ဂါတို့၏မြတ်ခြင်းကြောင့်လည်း မြတ်၏။

"သွန်းလောင်းထည့်စွက်အပ်သောအကြောင်းတစ်ပါးမရှိ၊ ချမ်းသာစွာလည်းနေ ရ၏"ဆိုသည်ကား ထိုအာနာပါနဿတိသမာဓိ၌ တစ်စုံတစ်ရာထပ်မံဖြည့်စွက် သွန်းလောင်း အပ်သော ပရိကမ္မစသည့်အကြောင်းတစ်ပါးမရှိ၊ သီးခြားသန့်သန့်ဖြစ်၏။ ငြိမ်သက်ခြင်း သဘော၏အကြောင်းဖြစ်သော ပရိကံသည်လည်းမရှိ။ ဥပစာရခဏ၌နီဝရဏကင်းခြင်း ကြောင့်လည်းကောင်း၊ ဈာန်အင်္ဂါများထင်ရှားဖြစ်ခြင်းကြောင့်လည်းကောင်း၊ အခြားသော သမာဓိတို့၏ငြိမ်သက်သည်ဖြစ်သကဲ့သို့ အာနာပါနဿတိသမာဓိ၏ ငြိမ်သက်ခြင်းသည် မဖြစ်။ ဤအာနာပါနဿတိသမာဓိသည် ကောင်းစွာအဖန်တလဲလဲ စတင်နှလုံးသွင်းသည် ကစ၍ မိမိ၏သဘောအားဖြင့်သာ ငြိမ်သက်သည် မြတ်သည်ဖြစ်၏ဟုဆိုလို၏။ အချို့ ဆရာတို့ကမူ "မသွန်းလောင်းအပ်" ဆိုသည်မှာ ဩဇာအနှစ်အသစ်မသွန်းလောင်းအပ်၊ ဩဇာနှင့်ပြည့်စုံ၏၊ သဘောအားဖြင့်ပင်ကောင်းမြတ်၏ဟု ဆိုကြကုန်၏။

သွန်းလောင်းထည့်စွက်အပ်သည့်အကြောင်းမရှိသော အာနာပါနဿတိသမာဓိ ကို ဝင်စားတိုင်းဝင်စားတိုင်းသောခဏ၌ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းကိုရခြင်း ငှာဖြစ်သောကြောင့် ချမ်းသာစွာလည်းနေရ၏ဟု သိအပ်၏။

"ဖြစ်လာသမျှကုန်သောယုတ်မာသည့်အကုသိုလ်တရားတို့ကို တစ်ခဏချင်းပယ် နိုင်၏"ဟူသည်ကား မိမိသန္တာန်မှမပယ်အပ်သေးသော ဈာန်ဖြင့်မခွါအပ်သေးသည့်မလိမ္မာ မှုဟူသော အဝိဇ္ဇာကြောင့်ဖြစ်ကုန်သော အကုသိုလ်တရားတို့ကို မိမိဖြစ်သည့်ခဏ၌ပင်လျှင် ကွယ်ပျောက်စေနိုင်၏၊ ကွာစေနိုင်၏၊ ကောင်းစွာငြိမ်းစေနိုင်၏၊ ထိုးထွင်းနိုင်ခြင်းအံဖို့ ရှိသောကြောင့် အစဉ်သဖြင့် အရိယာမဂ်ဖြင့်ကြီးပွားခြင်းသို့ရောက်သည်ဖြစ်၍ အကြွင်းမဲ့ ဖြတ်၏၊ ငြိမ်းစေ၏ဟု ဆိုလိုသည်။

"တောအရပ်သို့ကပ်၍ဖြစ်စေ သစ်ပင်ရင်းသို့ကပ်၍ဖြစ်စေ ဆိတ်ငြိမ်ရာ အရပ် သို့ကပ်၍ဖြစ်စေ"ဟူသောစကားသည် အာနာပါနဿတိသမာဓိကိုပွားရန် သင့်လျော် သည့်ကျောင်းကို ပြသည့်စကားရပ်ဖြစ်၏။ ရှင်းဦးအံ့။ ကာလရှည်မြင့်စွာ ရူပါရုံစသည့် အာရုံတို့၌ အစဉ်မပြတ်ပြေးလွှာနေသောယောဂီ၏စိတ်သည် အာနာပါနဿတိသမာဓိအာ ရုံသို့တက်ရန်အလိုမရှိ၊ ကောက်ကျစ်သောနွား က–ထားသည့်လှည်းသည် လမ်းမဟုတ်ရာ သို့သာလျှင် ပြေးသွားသကဲ့သို့ ဘာဝနာလမ်းမှန်မဟုတ်ရာသို့သာလျှင် ပြေးသွားတတ်၏။

ဥပမာအားဖြင့် ကောက်ကျစ်သောနွားမ၏နို့ရည်ကိုသောက်၍ ကြီးပြင်းလာသည့် ကောက်ကျစ်သောနွားငယ်ကို ဆုံးမလိုသည့်နွားရှင်သည် အမိနွားမမှခွဲထုတ်ပြီး ကြီးစွာ သောတိုင်၌ ကြိုးဖြင့်ဖွဲ့ချည်ထားရာ၏။ ထိုအခါ နွားငယ်သည် ထိုမှဤမှ ရုန်းကန်၍ပြေး

http://www.dhammadownload.com



ခြင်း၌ မတတ်နိုင်လတ်သော် ထိုတိုင်ကိုမှီ၍ထိုင်ရာ၏၊ မှီ၍အိပ်ရာ၏။ ထို့အတူပင် ရှည်မြင့်စွာသောကာလပတ်လုံး ရူပါရုံစသည်ကိုစွဲ၍ဖြစ်သော သုခဝေဒနာအရသာကို သောက်သုံးခြင်းဖြင့်ကြီးပြင်းလာသော ပျက်ချော်နေသည့်စိတ်ကို ဆုံးမလိုသောရဟန်းသည် ရူပါရုံစသည့်အာရုံတို့မှဖဲခွါ၍ တောအရပ်သို့ သို့မဟုတ် ဆိတ်ငြိမ်ရာအရပ်သို့ဝင်ပြီးလျှင် ထွက်သက်ဝင်သက်ဟူသောတိုင်၌ သတိဟူသည့်ကြိုးဖြင့် ဖွဲ့ချည်ထားအပ်၏။ ထိုအခါ ထိုရဟန်း၏စိတ်သည် ထိုမှဤမှ တုန်လှုပ်ပြေးသွားလိုသော်လည်း ရှေးကကျက်စားနေကျအာရုံကိုမရသဖြင့် သတိတည်းဟူသော ကြိုးကိုဖြတ်ခြင်း၌ မစွမ်းနိုင်။ သို့အတွက် ထိုအာနာပါနဿတိသမာဓိအာရုံကိုသာလျှင် ဥပစာရသမာဓိ, အပ္ပနာသမာဓိတို့၏ အစွမ်းဖြင့်မှီ၍ထိုင်၏၊ မှီ၍အိပ်၏။

ထို့ကြောင့် ရှေးဆရာတို့သည် "*ကောက်ကျစ်သောနွားငယ်ကို ဆုံးမလိုသူသည် ရှည်တိုင်၌ မြဲမြံစွာဖွဲ့ချည်ထားသကဲ့သို့ ထို့အတူ ပျက်ချော်လေလွင့်နေသောမိမိစိတ်ကို ဆုံးမပဲ့ပြင်လိုသူသည် ကမ္မဋ္ဌာန်းအာရုံ၌ သတိကြိုးဖြင့် မြဲမြံစွာဖွဲ့ချည်းထားရာ၏*"ဟု ဆိုကြကုန်၏။

သို့ဖြစ်၍ ထိုယောဂီရဟန်း၏တောအရပ်စသောကျောင်းနေရာသည် ဘာဝနာအားသင့်လျော်လျောက်ပတ်ပေ၏။

တစ်နည်းကား ဤအာနာပါနဿတိကမ္မဋ္ဌာန်းသည် ကမ္မဋ္ဌာန်းလေးဆယ်တွင် ဦးထိပ်သဖွယ်ဖြစ်ပေ၏။ အလုံးစုံသောဘုရား, ပစ္စေကဗုဒ္ဓါများနှင့် အချို့သောသာဝကများတို့၏မဂ်ဖိုလ်တရားထူးကိုရခြင်း, မျက်မှောက်ဘဝ၌ချမ်းသာစွာ နေရခြင်းတို့၏နီးစွာသောအကြောင်းဖြစ်၏။ ဤအာနာပါနဿတိကမ္မဋ္ဌာန်းကို မိန်းမသံ, ယောကျ်ားသံ, ဆင်သံ, မြင်းသံစသည်တို့နှင့်ပြွမ်းသောရွာနီးကျောင်းကိုမစွန့်မူ၍ ပွားခြင်း၌ မလွယ်ကူ၊ အကြောင်းကား အသံသည် ဈာန်၏ဆူးငြောင့်ဖြစ်သောကြောင့်တည်း။ ရွာမဟုတ်သည့်တော၌ကား ယောဂီရဟန်းသည် ဤကမ္မဋ္ဌာန်းကိုသိမ်းဆည်း၍ အာနာပါနလျှင်အာရုံရှိသောစျာန်လေးပါးကိုဖြစ်စေပြီးလျှင် ထိုဈာန်လေးပါးကို အခြေပြုလျက် တောဘူမကသင်္ခါရတို့ကိုသုံးသပ်၍ အမြတ်ဆုံးအရဟတ္တဖိုလ်သို့ရောက်ရန် လွယ်ကူ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ယောဂီရဟန်းနှင့်လျောက်ပတ်သောကျောင်းကို ပြတော်မူလို၍ "တောအရပ်သို့ကပ်၍--"စသောစကားကို မိန့်ဆိုတော်မူ၏။

ထိုစကားမှန်၏၊ မြတ်စွာဘုရားသည် မြေကြန်လက္ခဏာတတ်သောဆရာနှင့် တူ၏။ ထိုမြေကြန်လက္ခဏာတတ်သောဆရာသည် မြို့မြေနေရာကိုမြင်၍ ကောင်းစွာဆင်ခြင်ပြီးသော် ဤအရပ်၌မြို့တည်ကြလော့ဟုညွှန်ကြား၏။ ချမ်းသာစွာမြို့တည်ပြီးသည် ရှိသော် မင်းတို့ထံမှ ကြီးစွာသောပူဇော်သက္ကာရကိုရ၏။ ဤအတူပင် မြတ်စွာဘုရားသည် ယောဂီပုဂ္ဂိုလ်အားလျော်သောကျောင်းနေရာကိုဆင်ခြင်၍ ဤတောအရပ်၌ ကမ္မဋ္ဌာန်းကို

http://www.dhammadownload.com



အားထုတ်အပ်၏ဟုညွှန်ကြားတော်မူ၏။ ထိုအရပ်၌ ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းအား ထုတ်သဖြင့် အစဉ်အတိုင်းအရဟတ္တဖိုလ်သို့ရောက်သော် "ထိုမြတ်စွာဘုရားသည် မဖောက်မပြန်ကိုယ်တော်တိုင် သစ္စာလေး၀ ဧဒ့ယျငါးတန်ကို အမှန်သိတော်မူပေ၏"ဟု ပြုအပ်သော ကြီးစွာသောပူဇော်သက္ကာရကိုရ၏။

ယောဂီရဟန်းကား ကျားသစ်မင်းနှင့်တူ၏။ ကျားသစ်မင်းသည် တောတောင်ကိုမှီ၍ သားကောင်ကိုဖမ်းယူသကဲ့သို့ ယောဂီရဟန်းသည် မြတ်စွာဘုရားညွှန်ကြားသော တော အရပ်စသည်၌ ကမ္မဋ္ဌာန်းကိုအားထုတ်ခြင်းဖြင့် အစဉ်အတိုင်းအရဟတ္တဖိုလ်ကို ဖမ်းယူ၏ဟုသိအပ်၏။

ထို့ကြောင့် "ကျားသစ်မင်းသည် ပုန်းအောင်း၍ သားသမင်တို့ကို ဖမ်းယူသကဲ့သို့ ထို့အတူ လုံ့လဝီရိယရှိ၍ အထူးသဖြင့်ရှုမြင်တတ်သောဘုရားရှင်၏သားတော်သည် တော သို့ဝင်၍ မြတ်သည့်အရဟတ္တဖိုလ်ကို ဖမ်းယူ၏"ဟု ရှေးဆရာတို့ဆိုကြကုန်၏။

"တောအရပ်"ဆိုသည်ကား "မြို့ရွာမှထွက်သွားလျှင် တံခါးတိုင်၏အပြင်ဘက်ရှိ အလုံးစုံသောအရပ်သည် တောမည်၏"ဟူ၍လည်းကောင်း၊ "မြို့ရွာမှအယုတ်သဖြင့် ကုလားလေးတာ ၅၀၀ ကွာ၍တည်သောကျောင်းသည် တောရကျောင်းမည်၏"ဟူ၍လည်းကောင်း၊ ဤသို့တော၏လက္ခဏာရှိသောဆိတ်ငြိမ်သည့်တောအရပ်ကို ဆိုလို၏။

"ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍" ဟူရာ၌ တောအရပ်နှင့် သစ်ပင်ရင်းတို့မှတစ်ပါး တောင်၊ ချောက်၊ ဂူ၊ သုသာန်၊ တောအုပ်၊ လွင်တီးခေါင်၊ ကောက်ရိုးပုံဟူသော ခုနစ်ဌာနသို့ ကပ်ရောက်သောရဟန်းကို ဆိတ်ငြိမ်ရာအရပ်သို့ကပ်ရောက်သည်ဟုဆို၏။

"ထက်ဝယ်ဖွဲ့ခွေ"ဟူသည်မှာ ထက်ဝန်းကျင်မှပေါင်တို့ကို အောက်သို့ ဖွဲ့ခွေသည်ကို ဆို၏။

"ကိုယ်ကိုဖြောင့်မတ်စွာထားလျက်"ဟူသည်မှာ အထက်ပိုင်းကိုယ်ကို ဖြောင့်မတ်စွာ ထားခြင်းကို ဆို၏။ ထိုသို့ထိုင်လျှင် ၁၈-ခုသောကျောဆစ်ရိုးတို့သည် တစ်ခုအစွန်းနှင့် တစ်ခု အစွန်းထိ၍ တည့်မတ်ကြသဖြင့် အရေ၊ အသား၊ အကြောတို့မညွတ်ကုန်၊ ထိုသို့ မညွတ်ခြင်းကြောင့် နာကျင်သောဝေဒနာမဖြစ်ကုန်။ နာကျင်သည့်ဝေဒနာမဖြစ်သည့်အ တွက် စိတ်သည် တည်ကြည်၏၊ ကမ္မဋ္ဌာန်းသည် မပျောက်မပျက်ဘဲ ကြီးပွားခြင်း၊ ပြန့်ပြော ခြင်းသို့ရောက်၏။

"သတိရှိသည်ဖြစ်၍ ဝင်သက်ကိုဖြစ်စေ၏၊ သတိရှိသည်ဖြစ်၍ ထွက်သက်ကို ဖြစ်စေ၏"ဆိုသည်ကား ယောဂီရဟန်းသည် ကိုယ်ကိုဖြောင့်မတ်စွာထားလျက် ထက် ဝယ်ဖွဲ့ခွေ၍ထိုင်ပြီးလျှင် ကမ္မဋ္ဌာန်းသို့ရှေးရှုသည့်သတိကိုထား၍ ထိုသတိကိုမစွန့်ဘဲအောက် မေ့မှတ်သားလျက် ဝင်သက်ကိုရှူ၏၊ အောက်မေ့မှတ်သားလျက် ထွက်သက်ကိုရှူ၏၊ သတိမူ၍ပြုလေ့ရှိသည်ဟု ဆိုလို၏။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ "သုံးဆယ့်နှစ်ပါး

http://www.dhammadownload.com



သောအခြင်းအရာတို့ဖြင့် သတိမူခြင်းကိုပြုလေ့ရှိသည်"ဟု ဆို၏။

"သုံးဆယ်နှစ်ပါးသောအခြင်းအရာ"ဟူသည်ကား လေးပါးသောစတုက္ကတို့ကိုပေါင်းသော် ၁၆-ပါးသောဝတ္ထုဖြစ်၏၊ ထိုဝတ္ထု ၁၆-ပါးကို အဿာသ, ပဿာသနှစ်ပါးနှင့် မြှောက်သော် ၃၂-ပါးသောအခြင်းအရာဖြစ်၏။

အမိဝမ်းတွင်း၌ကိန်းအောင်း၍ ဖွားမြင်သောသတ္တဝါအားလုံးသည် မွေးဖွားစကာလ၌ အတွင်းမှလေသည် အပြင်သို့ထွက်၏၊ နောက်မှ အပြင်ကလေသည် သိမ်မွေ့သောမြူကိုယူကာ ကိုယ်တွင်းသို့ဝင်၏။ ထို့ကြောင့် ဝိနည်းအဋ္ဌကထာ၌ "အဿာသသည် ထွက်လေ၊ ပဿာသသည်ဝင်လေ"ဟူ၍ ဖွင့်ဆို၏။

သုတ္တန်အဋ္ဌကထာတို့၌ကား ပဝတ္တိအခါဝယ် ကမ္မဋ္ဌာန်းကိုအားထုတ်သည့် ကာလ၌ နှာခေါင်းလေကို ရှေးဦးစွာအတွင်းသို့ရှုရှိုက်၍ နောက်မှအပြင်သို့ရှူထုတ်ခြင်းကြောင့် "အဿာသသည်ဝင်လေ၊ ပဿာသသည်ထွက်လေ"ဟူ၍ ဖွင့်ဆိုကြ၏။ ဤသုတ္တန်အဋ္ဌကထာနည်းသည်သာလျှင် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူသော စကားတော်နှင့် ညီညွတ်သဖြင့် သုတ္တန်အဋ္ဌကထာနည်းကိုသာလျှင် ကမ္မဋ္ဌာန်းအားထုတ်ရာ၌ အလိုရှိအပ်၏ဟု ဝိသုဒ္ဓိမဂ်မဟာဋီကာဆရာမိန့်ဆိုတော်မူ၏။

"ဝင်လေထွက်လေတို့၏ ရှည်ခြင်းတိုခြင်း"ကို အချိန်ကာလအခွန့်၏အစွမ်းဖြင့် သိအပ်၏။ ဥပမာသော်ကား တည်ရာဟူသောအရှည်အတိုအခွန့်ကိုနှ၍ တည်သောရေကို ဖြစ်စေသဲကိုဖြစ်စေ "ရှည်သောရေ၊ ရှည်သောသဲ"ဟု ဆိုရသကဲ့သို့ ထို့အတူပင် ဝင်လေထွက်လေတို့သည် အမှုန်အမွှားကလေးများဖြစ်ကြသော်လည်း ဆင်, မြွေတို့၏ ကိုယ်ဖြစ်သည့် ရှည်သောအခွန့်အရပ်ကို ဖြည်းဖြည်းဝင်၍ပြည့်စေလျက် ဖြည်းဖြည်းပင်လျှင် ထွက်ကုန်၏။ ထို့ကြောင့် ထိုလေတို့သည် ရှည်သည်ဟုဆို၏။ ခွေး, ယုန်တို့၏ ကိုယ်ဖြစ်သည့် တိုသောအခွန့်အရပ်ကို လျင်စွာဝင်၍ပြည့်စေလျက် လျင်စွာပင်လျှင် ထွက်ကုန်၏။ ထို့ကြောင့် ထိုလေတို့သည် တိုသည်ဟုဆိုအပ်၏။

လူတို့တွင်ကား အချို့ကဆင်,မြွေစသည်ကဲ့သို့ ရှည်သောကာလအခွန့်၏အစွမ်းဖြင့် ရှည်စွာရှူသွင်းကုန်၏၊ ရှူထုတ်ကုန်၏။ အချို့က ခွေးယုန်စသည်ကဲ့သို့ တိုသောကာလအခွန့်၏အစွမ်းဖြင့် တိုစွာရှူသွင်းကုန်၏၊ ရှူထုတ်ကုန်၏။ ထိုလူတို့၏အချိန်ကာလအခွန့်၏အစွမ်းဖြင့် ရှည်သောကာလပတ်လုံး ဝင်ကုန်ထွက်ကုန်သော ထိုဝင်သက်ထွက်သက်တို့ကို ရှည်၏ဟုသိအပ်၏၊ တိုသောကာလပတ်လုံးဝင်ကုန်ထွက်ကုန်သော ထိုဝင်သက်ထွက်သက်တို့ကို တို၏ဟုသိအပ်၏။

**ပဋိသမ္ဘိဒါမဂ်လာကိုးပါးသောအခြင်းအရာဖြင့် အာနပါနဿတိရှုပွားခြင်း**

(၁) အခွန့်ကာလ၏အစွမ်းဖြင့် ရှည်သောဝင်သက်လေကို ရှည်သည့်ခဏ ကာလပတ်လုံး အတွင်းသို့ငင်ရှိုက်၏။

http://www.dhammadownload.com



(၂) အခွန့်ကာလ၏အစွမ်းဖြင့် ရှည်သောထွက်သက်လေကို ရှည်သည့်ခဏကာလ ပတ်လုံး အပသို့ရှူထုတ်၏။
(၃) အခွန့်ကာလ၏အစွမ်းဖြင့် ရှည်သောဝင်သက်လေထွက်သက်လေကို ရှည်သည့်ခဏကာလပတ်လုံး ငင်ရှိုက်၏၊ ရှူထုတ်၏။
(၄) ကုသိုလ်ဆန္ဒ၏အစွမ်းဖြင့် ထိုထက်ပိုသိမ်မွေ့သော ရှည်သည့်ဝင်သက်လေကို ရှည်သည့်ခဏကာလပတ်လုံး ငင်ရှိုက်၏၊ ကုသိုလ်ဆန္ဒဖြစ်၏။
(၅) ကုသိုလ်ဆန္ဒ၏အစွမ်းဖြင့် ထိုထက်ပိုသိမ်မွေ့သော ရှည်သည့်ထွက်သက်လေကို ရှည်သည့်ခဏကာလပတ်လုံး ရှူထုတ်၏။
(၆) ကုသိုလ်ဆန္ဒ၏အစွမ်းဖြင့် ထိုထက်ပိုသိမ်မွေ့သော ရှည်သည့်ဝင်သက်လေထွက်သက်လေကို ရှည်သည့်ခဏကာလပတ်လုံး ငင်ရှိုက်၏၊ ရှူထုတ်၏။ ဝမ်းမြောက်ခြင်း ပါမောဇ္ဇဖြစ်၏။
(၇) ပါမောဇ္ဇ၏အစွမ်းဖြင့် ထိုထက်ပိုသိမ်မွေ့သော ရှည်သည့်ဝင်သက်လေကို ရှည်သည့်ခဏကာလပတ်လုံး ငင်ရှိုက်၏။
(၈) ပါမောဇ္ဇ၏အစွမ်းဖြင့် ထိုထက်ပိုသိမ်မွေ့သော ရှည်သည့်ထွက်သက်လေကို ရှည်သည့်ခဏကာလပတ်လုံး ရှူထုတ်၏။
(၉) ပါမောဇ္ဇ၏အစွမ်းဖြင့် ထိုထက်ပိုသိမ်မွေ့သော ရှည်သည့်ဝင်သက်လေ ထွက်သက်လေကို ရှည်သည့်ခဏကာလပတ်လုံး ငင်ရှိုက်၏၊ ရှူထုတ်၏။

ထိုသို့ရှုပွားသောရဟန်းအား ရှည်သည့်ဝင်သက်လေထွက်သက်လေမှ စိတ်သည်နစ်၏၊ လျစ်လျူရှုမှုဥပေက္ခာသည် ကောင်းစွာတည်၏။ ဤကိုးပါးသော အခြင်းအရာတို့ဖြင့် ရှည်သောဝင်သက်လေထွက်သက်လေတို့သည် ကာယမည်၏၊ သတိသည် ထိုအာရုံသို့ ကပ်၍တည်တတ်ရကား ဥပဋ္ဌာနမည်၏၊ ပညာသည် အဖန်တလဲလဲ ရှုတတ်သဖြင့် ဉာဏ်မည်၏၊ ထိုဝင်သက်ထွက်သက်ဟူသောရူပကာယ၊ ၎င်းတို့၏မှီရာဖြစ်သော ရူပကာယ၊ ၎င်းတို့ကိုအာရုံပြုတတ်သောနာမကာယအပေါင်းသည် သတိ၏တည်ရာဖြစ်သောကြောင့် ဥပဋ္ဌာနမည်၏၊ အမှတ်ရမှုမဟုတ်သောကြောင့် သတိမမည်။ သတိသည်ကား ထိုရူပကာယ, နာမကာယကို အာရုံပြုသည်၏အစွမ်းဖြင့် ကပ်၍တည်တတ်သောကြောင့် ဥပဋ္ဌာနလည်းမည်၏၊ အောက်မေ့အမှတ်ရတတ်သောကြောင့် သတိလည်းမည်၏။ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုဝင်လေထွက်လေအပေါင်းဟူသော ကာယကိုရှု၏။ ထို့ကြောင့် ကိုယ်၌ ကာယကိုရှုသောဤဘာဝနာကို ကာယာနုပဿနာသတိပဋ္ဌာနဘာဝနာဟူ၍ ဆိုအပ်၏။

"တိုသောထွက်သက်ဝင်သက်"ဟုဆိုရာ၌လည်း ဤနည်းအတိုင်းပင်ဖြစ်၏။ ထို့ကြောင့် ယောဂီပုဂ္ဂိုလ်သည် ရှည်သောအခွန့်ကာလ၏ အစွမ်းဖြင့်လည်းကောင်း၊ တိုသောအခွန့်ကာလ၏အစွမ်းဖြင့်လည်းကောင်း ဤကိုးပါးသောအခြင်းအရာတို့ဖြင့် ဝင်သက်

http://www.dhammadownload.com



ထွက်သက်လေကိုသိသောကြောင့် "ရှည်သည့်ဝင်သက်လေကိုဖြစ်စေသည်ရှိသော် ရှည်သော ဝင်သက်လေကိုဖြစ်စေ၏ဟု သိသောသူ၊ ရှည်သည့်ထွက်သက်လေကိုဖြစ်စေသည် ရှိသော် ရှည်သောထွက်သက်လေကိုဖြစ်စေ၏ဟု သိသောသူပေတည်း" ဟု သိအပ်၏။

ထိုရဟန်း၏ရှည်သော, တိုသောဝင်လေ ၂-ပါးနှင့် ရှည်သော, တိုသောထွက်လေ ၂-ပါးဟူသည့် လေးပါးသောလေတို့သည် နှာသီးဖျား၌သော်လည်းကောင်း၊ အထက်နှုတ်ခမ်း၌သော်လည်းကောင်းဖြစ်လျက်(ထင်လျက်) ရှိကုန်၏။

"အလုံးစုံသောဝင်သက်အပေါင်း၏အစ, အလယ်, အဆုံးကိုထင်စေလျက် ဝင်သက်ကို ဖြစ်စေအံ့ဟုကျင့်၏၊ ထွက်သက်ကိုဖြစ်စေအံ့ဟုကျင့်၏"ဟူသည်ကား- အလုံးစုံသောဝင်သက်လေအပေါင်း၏အစ, အလယ်, အဆုံးသုံးပါးလုံးကို သိအောင်ပြုလျက် ထင်ရှားအောင်ပြုလျက် ဝင်သက်ကိုဖြစ်စေအံ့ဟုကျင့်၏၊ အလုံးစုံသောထွက်သက် အပေါင်း၏ အစ, အလယ်, အဆုံး သုံးပါးလုံးကို သိအောင်ပြုလျက် ထင်ရှားအောင်ပြုလျက် ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။ ဤသို့သိသည်ကိုပြုလျက် ထင်ရှားသည်ကိုပြုလျက် ဉာဏ်နှင့်ယှဉ်သောစိတ်ဖြင့် ဝင်သက်, ထွက်သက်တို့ကို ဖြစ်စေ၏။ ဤသို့ကျင့်နိုင်သူကို ဘုရားရှင်နှင့်ပညာရှိတို့ ချီးမွမ်းကြ၏။

မှန်ပေ၏၊ တစ်ပါးသောရဟန်းအား များစွာသောကလာပ်အပေါင်းဖြစ်၍ မှုန့်မှုန့်ညက်ညက်ပြန့်သောဝင်သက်လေ အဿာသကာယ၌လည်းကောင်း၊ ထွက်သက်လေ ပဿာသကာယ၌လည်းကောင်း အစသာထင်ရှားပြီး အလယ်, အဆုံးတို့သည် မထင်ရှားကုန်။ ထိုရဟန်းသည် အစကိုသာသိမ်းဆည်းရှုမှတ်နိုင်၏၊ အလယ်နှင့်အဆုံးတို့၌ မသိမ်းဆည်းနိုင်၍ ပင်ပန်း၏။

အခြားရဟန်းတစ်ပါးအား အလယ်သာထင်ရှား၍ အစနှင့်အဆုံးမထင်ရှားချေ။ တတိယရဟန်းအားမူ အဆုံးသာထင်ရှား၍ အစနှင့်အလယ်မထင်ရှားချေ။ စတုတ္ထရဟန်းအားမူ အစ, အလယ်, အဆုံးသုံးပါးစလုံးထင်ရှား၏။ ထိုရဟန်းသည် အလုံးစုံကိုသိမ်းဆည်းနိုင်၏၊ တစ်စုံတစ်ခု၌မျှမပင်ပန်း။ ထိုစတုတ္ထရဟန်းနှင့်တူသည် ဖြစ်ရာ၏။

"ကျင့်၏"ဟုဆိုသည်ကား - အားထုတ်၏, လုံ့လပြု၏, မပြတ်နှလုံးသွင်း၏ဟုဆိုလို၏။ တစ်နည်းကား အကျင့်သိက္ခာတို့သည် သုံးပါးရှိ၏၊ အာနာပါနသတိကိုပွားသော ယောဂီပုဂ္ဂိုလ်၏သတိသံဝရနှင့်ဝီရိယသံဝရတို့သည် အဓိသီလသိက္ခာမည်၏၊ သမာဓိသည် အဓိစိတ္တသိက္ခာမည်၏၊ ပညာသည် အဓိပညာသိက္ခာမည်၏။ ထိုဝင်လေထွက်လေ အာရုံ၌ ထိုသတိနှင့် ထိုသတိရှေ့သွားရှိသည့်ဘာဝနာနှလုံးသွင်းခြင်းနှင့်တကွကျင့်၏၊ မှီဝဲ၏၊ ပွားစေ၏၊ အကြိမ်များစွာပြု၏ဟုဆိုလိုသည်။

တစ်ဖန် အာနာပါနသတိစတုက္ကလေးမျိုး၌ပါဝင်သော ၁၆-ပါးသောနည်းတို့တွင် ပထမနည်း ၂ မျိုး၌ သက်သက်ရှုသွင်းခြင်းနှင့်ရှုထုတ်ခြင်းတို့ကိုသာပြုအပ်၏။ အခြားတစ်

http://www.dhammadownload.com



ပါးသောပြဖွယ်မရှိချေ။ ဤဝင်သက်ထွက်သက်ကိုသိသည့်ကာလမှစ၍ တတိယနည်း၌ကား ဉာဏ်ကိုဖြစ်စေခြင်းစသည်တို့၌ အားထုတ်ခြင်းကိုပြအပ်၏။ ထို့ကြောင့်ရှေ့ ၂ နည်းတွင် "ထွက်သက်ကိုဖြစ်စေ၏ဟုသိ၏၊ ဝင်သက်ကိုဖြစ်စေ၏ ဟုသိ၏"ဟူ၍ ပစ္စုပ္ပန်ကာလဖြင့် ဟောတော်မူ၏။ တတိယနည်းမှစ၍ ပြသင့်ပြထိုက်သော ဉာဏ်ကို ဖြစ်စေခြင်းစသည့် အခြင်းအရာကိုပြခြင်းငှာ"အလုံးစုံသော ဝင်သက်အပေါင်း၏ အစ, အလယ်, အဆုံးသုံးပါးလုံးကိုထင်စေလျက် ဝင်သက်ကိုဖြစ်စေအံ့"စသည်ဖြင့် အနာဂတ်စကားဖြင့် ဟောတော်မူသည်ကို သိအပ်၏။

"အရှိက်ပြင်း၍ရုန့်ရင်းသောဝင်သက်လေဟူသော ကာယသင်္ခါရကို သာယာဖြည်းညှင်းစွာရှိက်ခြင်းဖြင့် ငြိမ်းစေလျက် ဝင်သက်ကိုဖြစ်စေအံ့ဟုကျင့်၏၊ အရှူပြင်း၍ရုန့်ရင်းသည့်ထွက်သက်လေဟူသောကာယသင်္ခါရကို သာယာဖြည်းညှင်းစွာရှူခြင်းဖြင့် ငြိမ်းစေလျက် ထွက်သက်ကိုဖြစ်စေအံ့ဟုကျင့်၏"ဆိုသည်ကား ရုန့်ရင်းကြမ်းတမ်းသောဝင်လေထွက်လေဟူသည့် ကာယသင်္ခါရကိုငြိမ်းစေလျက် ထပ်၍ငြိမ်းစေလျက် အထူးငြိမ်းစေလျက် ချုပ်စေလျက် ဝင်သက်ကိုဖြစ်စေအံ့၊---(လ)--ထွက်သက်ကို ဖြစ်စေအံ့ဟု လေ့ကျင့်၏။ ဤစကား၌ ရုန့်ရင်းခြင်း, သိမ်မွေ့ခြင်း, ငြိမ်းခြင်းတို့ကို ဤဆိုလတ္တံ့သော စကားဖြင့်သိအပ်၏။

ကမ္မဋ္ဌာန်းကိုအားမထုတ်မီအခါက ယောဂီရဟန်း၏ကိုယ်နှင့်စိတ်တို့သည် ပူပန်ခြင်းရှိလျက် ရုန့်ရင်းကြမ်းတမ်း၏၊ ကိုယ်နှင့်စိတ်တို့၏ရုန့်ရင်းကြမ်းတမ်းမှုမငြိမ်းလျှင် ထွက်သက်ဝင်သက်တို့လည်း ရုန့်ရင်းကြမ်းတမ်း၏၊ အလွန်အားကြီးစွာဖြစ်လျက် နှာခေါင်းမဆံ့ဖြစ်ကာ ခံတွင်းဖြင့်ရှူသွင်း, ရှူထုတ်လျက်တည်၏။

အကြင်အခါ၌ ထိုရဟန်း၏ကိုယ်နှင့်စိတ်တို့သည် သိမ်းဆည်းပြီးဖြစ်သော် ကိုယ်နှင့်စိတ်တို့သည် ငြိမ်သက်ကုန်၏၊ ထိုကိုယ်နှင့်စိတ်တို့ငြိမ်သက်ကုန်လတ်သော် ဝင်သက်ထွက်သက်တို့သည် သိမ်မွေ့စွာဝင်ထွက်ကုန်၏၊ "ဝင်သက်ထွက်သက်ရှိလေသလား၊ မရှိလေသလား"ဟု စူးစမ်းရှာဖွေအပ်သည့်အခြေအနေသို့ ရောက်၏။

ဥပမာကား– ပြေးသွားပြီး၍ရပ်တည်သော သို့မဟုတ် တောင်ပေါ်မှဆင်းသက်လာသော သို့မဟုတ် ဝန်ထုပ်ကြီးကိုသယ်လာပြီးနောက် ဦးခေါင်းမှချ၍ရပ်တည်သော ယောကျ်ား၌ ရုန့်ရင်းကြမ်းတမ်းသည့်ဝင်သက်ထွက်သက်တို့ ဖြစ်ကုန်၏၊ နှာခေါင်းမဆံ့၍ ခံတွင်းဖြင့်ဝင်သက်ထွက်သက်တို့ကို ရှူသွင်းရှူထုတ်ရ၏၊ ထိုယောကျ်ားသည် အနားယူ၍ မောပန်းခြင်းကို ဖြေဖျောက်၏၊ ရေချိုးပြီးလျှင် ရေသောက်၍ အဝတ်စိုကိုရင်ဘတ်ပေါ်တင်လျက် အေးမြသည့်အရိပ်၌အိပ်နေ၏။ ထိုအခါ ထိုယောကျ်ား၏ဝင်သက်ထွက်သက်တို့သည် သိမ်မွေ့ကုန်၏။ ရှိလေသလော, မရှိလေသလောဟု စူးစမ်းရှာဖွေအပ်သည့်အခြေအနေသို့ ရောက်၏။

ထို့နည်းအတူ ယောဂီရဟန်း၌ ဝင်သက်ထွက်သက်မသိမ်းဆည်းမီကာလထက် သိမ်း

http://www.dhammadownload.com



ဆည်းပြီးသည့်ကာလ၌ ဝင်သက်ထွက်သက်တို့သည် အလွန်သိမ်မွေ့၍ မထင်ရှားတော့ ချေ။ သို့အတွက် ရှေးဆရာတို့က-

"ကိုယ်သည်လည်းကောင်း၊ စိတ်သည်လည်းကောင်း၊ ပူပန်ခြင်းရှိလျှင် အတိုင်းထက် အလွန်အားကြီးရုန့်ရင်းသောဝင်သက်ထွက်သက်ဟူသည့် ကာယသင်္ခါရသည်ဖြစ်၏၊ ကိုယ် သည်လည်းကောင်း၊ စိတ်သည်လည်းကောင်း၊ ပူပန်ခြင်းမရှိခဲ့သော် သိမ်မွေ့သောဝင်သက် ထွက်သက်ဟူသည့် ကာယသင်္ခါရသည်ဖြစ်၏"ဟု မိန့်ဆိုကြ၏။

ကမ္မဋ္ဌာန်းကိုအားထုတ်သောအခါ၌လည်း ကာယသင်္ခါရသည် ရုန့်ရင်းကြမ်းတမ်း၏၊ ပထမဈာန်၏ဥပစာရခဏ၌ သိမ်မွေ့၏၊ ထိုပထမဈာန်၏ဥပစာရခဏ၌ ရုန့်ရင်းကြမ်း တမ်း၏၊ ပထမဈာန်ခဏ၌ သိမ်မွေ့၏၊ ပထမဈာန်၌လည်းကောင်း, ဒုတိယဈာန်၏ဥပစာရ ခဏ၌လည်းကောင်း ရုန့်ရင်းကြမ်းတမ်း၏၊ ဒုတိယဈာန်၌ သိမ်မွေ့၏၊ ဒုတိယဈာန်၌လည်း ကောင်း, တတိယဈာန်၏ဥပစာရ၌လည်းကောင်း ရုန့်ရင်းကြမ်းတမ်း၏၊ တတိယဈာန်၌သိမ် မွေ့၏၊ တတိယဈာန်၌လည်းကောင်း, စတုတ္ထဈာန်၏ဥပစာရ၌လည်းကောင်း ရုန့်ရင်းကြမ်း တမ်း၏၊ စတုတ္ထဈာန်၌ကား အလွန်သိမ်မွေ့၏၊ မဖြစ်ခြင်း, မရှိခြင်းသို့ပင်ရောက်၏။ ဤ သည်ကား ဒီဃနိကာယ်ဆောင်, သံယုတ္တနိကာယ်ဆောင်ပုဂ္ဂိုလ်တို့၏အယူပေတည်း။

မဇ္ဈိမနိကာယ်ဆောင်ပုဂ္ဂိုလ်တို့သည်ကား "ပထမဈာန်၌ရုန့်ရင်း၏၊ ဒုတိယဈာန်၏ ဥပစာရခဏ၌သိမ်မွေ့၏"-ဤသို့စသည်ဖြင့် အောက်အောက်ဈာန်ထက် အထက်အထက် ဈာန်၏ဥပစာရခဏ၌ သာ၍သိမ်မွေ့သည်ကိုအလိုရှိကြ၏။

နိကာယ်ဆောင်ဆရာအားလုံးတို့၏အလိုအားဖြင့်ကား ကမ္မဋ္ဌာန်းအားမထုတ်မီကာလ ၌ဖြစ်သော ထွက်သက်ဝင်သက်ကာယသင်္ခါရသည် ကမ္မဋ္ဌာန်းအားထုတ်သည့်ကာလ၌ ငြိမ်း၏၊ ကမ္မဋ္ဌာန်းအားထုတ်သည့်ကာလ၌ဖြစ်သော ကာယသင်္ခါရသည် ပထမဈာန်၏ ဥပစာရခဏ၌ငြိမ်း၏၊...(လ)...စတုတ္ထဈာန်၏ဥပစာရခဏ၌ဖြစ်သောကာယသင်္ခါရသည် စတုတ္ထဈာန်၌ငြိမ်း၏။ ဤကား သမထဘာဝနာ၌ ငြိမ်းပုံကိုသိကြောင်းနည်းပေတည်း။

ဝိပဿနာအရာ၌ကား ကမ္မဋ္ဌာန်းကိုအားမထုတ်မီကာလ၌ဖြစ်သည့်ကာယသင်္ခါရ သည် ရုန့်ရင်း၏၊ မဟာဘုတ်တို့ကိုသိမ်းဆည်းသည့်ကာလ၌ သိမ်မွေ့၏၊ ထိုမဟာဘုတ် တို့ကိုသိမ်းဆည်းထားသောကာလ၌ဖြစ်သည့်ကာယသင်္ခါရသည်လည်း ရုန့်ရင်းသေး၏၊ ဥပါဒါရုပ်တို့ကိုသိမ်းဆည်းသောခဏ၌သိမ်မွေ့၏၊ ထိုကာယသင်္ခါရသည်လည်း ရုန့်ရင်း သေး၏၊ ရုပ်အားလုံးကိုသိမ်းဆည်းသည့်အခါ၌ သိမ်မွေ့၏၊

ထိုကာယသင်္ခါသည်လည်း ရုန့်ရင်းသေး၏၊ နာမ်ကိုသိမ်းဆည်းသည့်ခဏ၌ သိမ်မွေ့ ၏၊ ထိုကာယသင်္ခါရသည်လည်း ရုန့်ရင်းသေး၏၊ ရုပ်နာမ်နှစ်ပါးကိုသိမ်းဆည်းသည့် ခဏ၌သိမ်မွေ့၏၊ ထိုကာယသင်္ခါရသည်လည်း ရုန့်ရင်းသေး၏၊ အကြောင်းကိုသိမ်းဆည်း သည့်ခဏ၌ သိမ်မွေ့၏၊ ထိုကာယသင်္ခါရသည်လည်း ရုန့်ရင်းသေး၏၊ အကြောင်းနှင့်တကွ

http://www.dhammadownload.com



နာမ်ရုပ်တို့ကို ရှုသည့်ခဏ၌ သိမ်မွေ့၏၊ ထိုကာယသင်္ခါရသည်လည်း ရုန့်ရင်းသေး၏၊ နာမ်ရုပ်တို့၏ လက္ခဏာရေးသုံးပါးလျှင်အာရုံရှိသောဝိပဿနာ၌ သိမ်မွေ့၏၊ ထိုကာယသင်္ခါရသည်လည်း အားနည်းသည့်ဝိပဿနာ၌ရုန့်ရင်းသေး၏၊ အားကြီးသော(ဗလဝ) ဝိပဿနာ၌ သိမ်မွေ့၏။ ထိုသို့ အဆင့်ဆင့်သိမ်မွေ့ရာ၌ ရှေးသမထအရာမှာဆိုခဲ့သော နည်းအတိုင်းပင် ရှေးရှေးဖြစ်သည့် ကာယသင်္ခါရသည် နောက်နောက်ဖြစ်သောကာယသင်္ခါရဖြင့် ငြိမ်းသည်ကိုသိအပ်၏။ ဤသို့လျှင် ရုန့်ရင်းမှု, သိမ်မွေ့မှု, ငြိမ်းမှုပဿဒ္ဓိတို့ကို သိအပ်၏။

**ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ကား** အမေးအဖြေနှင့်တကွဤအနက်ကိုပင် အောက်ပါအတိုင်းဟောတော်မူ၏၊

"အဘယ်သို့လျှင် ကာယသင်္ခါရကိုငြိမ်းစေလျက် ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်သနည်း၊ ကာယသင်္ခါရကိုငြိမ်းစေလျက် ဝင်သက်ကိုဖြစ်စေအံ့ဟု ကျင့်သနည်း၊ ကာယသင်္ခါရတို့ဟူသည်အဘယ်နည်း။ ရှည်သောဝင်သက်ထွက်သက်ဟုဆိုအပ်ကုန်သော ရူပကာယ၌ဖြစ်ကုန်သော ရူပကာယကိုမှီကုန်သော ဤတရားတို့သည် ကာယသင်္ခါရမည်ကုန်၏၊ ထိုကာယသင်္ခါရတို့ကို ငြိမ်းစေလျက် ချုပ်စေလျက် အေးစေလျက် ကျင့်၏။ တိုသောဝင်သက်ထွက်သက်ဟုဆိုအပ်ကုန်သော..(လ)..အေးစေလျက်ကျင့်၏။ အကြင်သို့သော ဝင်လေထွက်လေကာယသင်္ခါရတို့ကြောင့် ရူပကာ၏ရှေ့သို့ညွတ်ခြင်း၊ ဘေးသို့ညွတ်ခြင်း၊ ထက်ဝန်းကျင်သို့ညွတ်ခြင်း၊ နောက်သို့ညွတ်ခြင်း၊ တုန်ခြင်း၊ လှုပ်ခြင်း၊ ရွေ့ရှားခြင်း၊ တုန်လှုပ်ခြင်းဖြစ်၏၊ ထိုသို့သောကာယသင်္ခါရကိုငြိမ်းစေလျက် ဝင်သက်ကိုဖြစ်စေအံ့ဟုကျင့်၏၊ ကာယသင်္ခါရကို ငြိမ်းစေလျက်ထွက်သက်ကိုဖြစ်စေအံ့ဟုကျင့်၏။

"အကြင်သို့သောကာယသင်္ခါရတို့ကြောင့် ရူပကာယ၏ရှေ့သို့ညွတ်ခြင်းသည် မဖြစ်၊ ဘေးသို့ညွတ်ခြင်းသည် မဖြစ်၊ ထက်ဝန်းကျင်သို့ညွတ်ခြင်းသည် မဖြစ်၊ နောက်သို့ညွတ်ခြင်းသည်မဖြစ်၊ မတုန်မလှုပ်မရွေ့ရှား။ ထိုသို့သဘောရှိသောပူပန်မှုမရှိခြင်းကြောင့် ငြိမ်သက်သော သိမ်မွေ့သောကာယသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏၊ ထွက်သက်ကိုဖြစ်စေအံ့ဟုကျင့်၏။"

"**စောဒနာ**။ ။အကယ်၍ ဤဆိုခဲ့ပြီးသည့်အတိုင်း အလွန့်အလွန်သိမ်မွေ့သောကာယသင်္ခါရကိုငြိမ်းစေလျက် ဝင်သက်ကိုဖြစ်စေအံ့ဟုကျင့်၏၊ ကာယသင်္ခါရကိုငြိမ်းစေလျက် ထွက်သက်ကိုဖြစ်စေအံ့ဟုကျင့်ငြားအံ့။ ဤသို့ဖြစ်သည်ရှိသော် ဝင်သက်ထွက်သက်လေကို အာရုံပြုသောအားဖြင့် ကပ်၍သိသောစိတ်၏ပွားခြင်းသည်လည်း မဖြစ်ရာ၊ ထွက်သက်ဝင်သက်တို့ကို ပွားခြင်းသည်လည်းမဖြစ်ရာ၊ အာနာပါနလျှင်အာရုံရှိသောသတိကို ပွားခြင်းသည်လည်း မဖြစ်ရာ၊ အာနာပါနလျှင်အာရုံရှိသော သတိနှင့်ယှဉ်သည့်သမာဓိကို ပွားခြင်းသည်လည်းမဖြစ်ရာ။ ထိုဆိုအပ်ခဲ့ပြီးသောအစီအရင်ရှိသည့်သမာပတ်ကို ပညာရှိတို့ ဝင်စားနိုင်သည် မဖြစ်ကုန်ရာ၊ ထိုသမာဓိပတ်မှထသည်လည်း မဖြစ်ကုန်ရာ။

http://www.dhammadownload.com



"အဖြေ။ ။ ဆိုခဲ့ပြီးသည့်အခြင်းအရာဖြင့် ကာယသင်္ခါရကိုငြိမ်းစေလျက် ဝင်သက်ကို ဖြစ်စေအံ့၊ ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်ငြားအံ့၊ ဤသို့ကျင့်သော် ဝင်သက်ထွက်သက်လေကိုအာရုံပြုသောအားဖြင့် ကပ်၍သိသည့်စိတ်၏ပွားခြင်းသည်လည်း ဖြစ်၏၊ ဝင်သက်ထွက်သက်တို့ကိုပွားခြင်းသည်လည်း ဖြစ်၏၊ အာနာပါနလျှင်အာရုံရှိသော သတိကိုပွားခြင်းသည်လည်း ဖြစ်၏၊ အာနာပါနလျှင်အာရုံရှိသော သတိနှင့်ယှဉ်သည့်သမာဓိကိုပွားခြင်းသည်လည်းဖြစ်၏၊ ထိုဆိုခဲ့ပြီးသောအစီအရင်ရှိသည့်သမာပတ်ကို ပညာရှိတို့သည် ဝင်စားနိုင်ကုန်၏၊ ထိုသမာပတ်မှထသည်လည်း ဖြစ်ကုန်ရာ၏။

"ဥပမာ – အဘယ်ကဲ့သို့နည်းဟူမူ ကြေးခွက်ကိုတီးခတ်သော် ရှေးဦးစွာရုန့်ရင်းသောအသံတို့ဖြစ်ပေါ်၏၊ ထိုရုန့်ရင်းသောအသံတို့၏နိမိတ်ကို ကောင်းစွာယူအပ်သည်အဖြစ်ကြောင့် နှလုံး၌မြဲစွာထားအပ်သည်အဖြစ်ကြောင့် ကောင်းစွာမှတ်သားအပ်သည်အဖြစ်ကြောင့် ရုန့်ရင်းသည့်အသံတို့ချုပ်သော်လည်း နောက်နောက်အစဉ်မပြတ်မြည်သော သိမ်မွေ့သည့်အသံတို့သည် နား၌ကြားရလျက် ဖြစ်ကုန်၏။ ထိုသိမ်မွေ့သောအသံတို့၏နိမိတ်ကို ကောင်းစွာယူအပ်သည်အဖြစ်ကြောင့် နှလုံး၌မြဲစွာထားအပ်သည်အဖြစ်ကြောင့် ကောင်းစွာမှတ်သားအပ်သည်အဖြစ်ကြောင့် ထိုသိမ်မွေ့သည့်အသံတို့ချုပ်သော်လည်း ထို့နောက်ပိုသိမ်မွေ့သောအသံဟူသည့်နိမိတ်လျှင် အာရုံရှိသည်အဖြစ်ဖြင့်လည်း စိတ်သည်ဖြစ်၏။

"ဤအတူပင် ရှေးဦးစွာရုန့်ရင်းသောဝင်သက်ထွက်သက်တို့ ဖြစ်ကုန်၏၊ ထိုရုန့်ရင်းသော ဝင်သက်ထွက်သက်တို့၏နိမိတ်ကို ကောင်းစွာယူပြီးသည်၏အဖြစ်ကြောင့် ကောင်းစွာနှလုံးသွင်းပြီးသည်၏အဖြစ်ကြောင့် ကောင်းစွာမှတ်သားပြီးသည်၏အဖြစ်ကြောင့် ထိုရုန့်ရင်းသောဝင်သက်ထွက်သက်တို့ချုပ်သော်လည်း ထို့နောက် သိမ်မွေ့သောဝင်သက်ထွက်သက်ဖြစ်သည့်အခါ ထိုဝင်သက်ထွက်သက်နိမိတ်လျှင်အာရုံရှိလျက် စိတ်သည် ပျံ့လွင့်ခြင်းသို့မရောက်၊ သို့ဖြစ်၍ ဝင်သက်ထွက်သက်လေကို အာရုံပြုသောအားဖြင့် ကပ်၍သိသည့်စိတ်၏ပွားခြင်းသည်ဖြစ်၏၊ ဝင်သက်ထွက်သက်တို့ကို ပွားခြင်းသည်လည်းဖြစ်၏၊ အာနာပါနလျှင်အာရုံရှိသောသတိကို ပွားခြင်းသည်လည်းဖြစ်၏၊ ထိုသတိနှင့်ယှဉ်သည့်သမာဓိကို ပွားခြင်းသည်လည်းဖြစ်၏၊ ထိုသမာပတ်ကိုလည်း ပညာရှိတို့ ဝင်စားကုန်၏၊ ထိုသမာပတ်မှ ထလည်းထနိုင်ကုန်၏။

ဤသည်ကား အာနာပါနဿတိပထမစတုက္က၏အစဉ်အတိုင်းပုဒ်တို့ကို ဖွင့်ပြခြင်းပေတည်း။

### အာနာပါနကမ္မဋ္ဌာန်းကိုအားထုတ်ပုံ

ပြဆိုခဲ့ပြီးသော ဘိက္ခုဝိဘင်းအာနာပါနဒေသနာတော်တွင် ပထမစတုက္ကကို အစဦးစွာအားထုတ်သောပုဂ္ဂိုလ်၏သမထကမ္မဋ္ဌာန်းအစွမ်းဖြင့် ဟောကြား၏၊ ဒုတိယ, တတိယ, စတုတ္ထစတုက္ကတို့ကိုကား ပထမစတုက္က၌ရျာန်ရပြီးသည့်ပုဂ္ဂိုလ်၏ဝေဒနာနုပဿနာ, စိတ္တာ

http://www.dhammadownload.com



နုပဿနာ, ဓမ္မာနုပဿနာအသီးသီးတို့၏အစွမ်းဖြင့် ဟောတော်မူ၏။

သို့အတွက် အာနာပါနကမ္မဋ္ဌာန်းကိုပွားပြီးလျှင် အာနာပါနစတုတ္ထဈာန်ကိုအခြေပြုကာ ဝိပဿနာရှု၍ ပဋိသမ္ဘိဒါလေးပါး, အဘိညာဉ်ခြောက်ပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာအလိုရှိသော အားထုတ်ခါစအမျိုးကောင်းသားသည် သီလကိုစင်ကြယ်စေခြင်း စသည့် ကိစ္စအလုံးစုံကိုပြုပြီးလျှင် ဆရာထံမှ အဆစ်အပိုင်းငါးခုရှိသည့်ကမ္မဋ္ဌာန်းကို သင်ယူအပ်၏။

**အဆစ်အပိုင်း (၅) ခုရှိသည့်ကမ္မဋ္ဌာန်းဟူသည်ကား**

(၁) သင်ကြားခြင်း – ကမ္မဋ္ဌာန်းအားထုတ်နည်းကို သင်ယူခြင်းဖြစ်၏။

(၂) ဆွေးနွေးမေးမြန်းခြင်း – ကမ္မဋ္ဌာန်း၏မရှင်းလင်းသည့်အချက်တို့ကို ဆွေးနွေးမေးမြန်းခြင်းဖြစ်၏။

(၃) နိမိတ်ထင်ခြင်းကိုမှတ်သားခြင်း –ကမ္မဋ္ဌာန်း၏နိမိတ်ထင်ပုံကို သတိပညာဖြင့်မှတ်သားခြင်းဖြစ်၏။

(၄) ဈာန်ဖြစ်ပုံကိုမှတ်သားခြင်း – ကမ္မဋ္ဌာန်းရှုပွား၍ အပ္ပနာဈာန်ဖြစ်ပုံကို မှတ်သားခြင်းဖြစ်၏။

(၅) သဘောကိုမှတ်သားခြင်း– ဤကမ္မဋ္ဌာန်းသည် ဤသို့သဘောရှိ၏ဟု ကမ္မဋ္ဌာန်း၏သဘောကို မှတ်သားခြင်းဖြစ်၏။

ဤသို့အဆစ်အပိုင်း(၅)ခုရှိသောကမ္မဋ္ဌာန်းကို သင်ယူသောအမျိုးသားသည် မိမိလည်း မပင်ပန်း၊ ဆရာအားလည်းမပင်ပန်းစေ၊ ဆရာအား အနည်းငယ်အနည်းငယ်ရွတ်ပြစေပြီးလျှင် များစွာသောကာလပတ်လုံး ပြန်လည်ရွတ်ဆို၍ ကမ္မဋ္ဌာန်းကိုသင်ယူအပ်၏။ ထို့နောက် ဆရာထံ၌ဖြစ်စေ သူတစ်ပါးထံ၌ဖြစ်စေ လျောက်ပတ်သောကျောင်း၌နေလျက် ပလိဗောဓ ငယ်များကိုဖြတ်၍ ဆွမ်းစားပြီးသည့်အခါ ဆွမ်းဆီယစ်ခြင်းကိုပယ်ဖျောက်ကာ ချမ်းသာစွာထိုင်နေလျက် ရတနာသုံးပါး၏ဂုဏ်ကိုအောက်မေ့ဆင်ခြင်ခြင်းဖြင့် စိတ်ကိုရွှင်လန်းစေ၏။ ထို့နောက် ဆရာထံမှသင်ယူခဲ့သည့်အတိုင်း ပုဒ်တစ်ခုမျှကိုမတွေဝေစေဘဲ အာနာပါနသတိကမ္မဋ္ဌာန်းကို နှလုံးသွင်းအပ်၏။

**အာနာပါနသတိကမ္မဋ္ဌာန်းကိုနှလုံးသွင်းပုံအစီအစဉ်**

(၁) ရေတွက်ခြင်း–ဂဏနာနည်း၊

(၂) အစဉ်လိုက်ခြင်း–အနုဗန္ဓနာနည်း၊

(၃) ထိပါးခြင်း–ဖုသနာနည်း၊

(၄) စိတ်ကိုအာရုံ၌ကောင်းစွာထားခြင်း–ဌပနာနည်း၊

(၅) ကောင်းစွာမှတ်ခြင်း–သလ္လက္ခဏာနည်း၊

(၆) ကောင်းစွာနစ်ခြင်း–ဝိဝဋ္ဋနာနည်း၊

http://www.dhammadownload.com



(၇) ထက်ဝန်းကျင်စင်ကြယ်ခြင်း–ပါရိသုဒ္ဓိနည်း၊
(၈) အသီးအသီးရှုခြင်း–ပဋိပဿနာနည်းပင်တည်း။ ဤတွင်

(၁)ရေတွက်ခြင်း–ဂဏနာဟူသည်မှာ ဝင်သက်ထွက်သက်တို့ကို တစ်, နှစ်, သုံး စသည်ဖြင့်ရေတွက်ရသောနည်းဖြစ်၏။

(၂)အစဉ်လိုက်ခြင်း–အနုဗန္ဓနာဟူသည်မှာ ဝင်သက်ထွက်သက်သို့အစဉ်လိုက်ခြင်းအားဖြင့် သတိအဆင့်ဆင့်ဖြစ်ခြင်းကိုဆို၏။

(၃)ထိပါးခြင်း–ဖုသနာဟူသည်ကား နှာသီးဖျားစသည့်ဌာနကို ဝင်သက်ထွက်သက်တို့၏ထိခြင်းကိုဆို၏။

(၄)စိတ်ကိုအာရုံ၌ကောင်းစွာထားခြင်း–ဌပနာဟူသည်ကား ဈာန်သို့သက်ဝင်ခြင်းဖြစ်၏။

(၅)ကောင်းစွာမှတ်ခြင်း–သလ္လက္ခဏာဟူသည်မှာ အနိစ္စ, ဒုက္ခစသည်ဖြင့် ဝိပဿနာရှုခြင်းဖြစ်၏။

(၆)ကောင်းစွာနစ်ခြင်း–ဝိဝဋ္ဋနာဆိုသည်ကား အရိယမဂ်ကိုဆို၏။

(၇)ထက်ဝန်းကျင်စင်ကြယ်ခြင်း–ပါရိသုဒ္ဓိဆိုသည်ကား ဖိုလ်ကိုဆိုလို၏။

(၈)အသီးအသီးရှုခြင်း–ပဋိပဿနာဟူသည်မှာ ပစ္စဝေက္ခဏာကိုဆို၏။

ရှေးဦးကမ္မဋ္ဌာန်းအားထုတ်သူသည် ပဌမရေတွက်သည့်နည်းဖြင့် ကမ္မဋ္ဌာန်းကို နှလုံးသွင်းအပ်၏၊ ဝင်လေထွက်လေ–၁၊ ဝင်လေထွက်လေ–၂ စသည်ဖြင့်၅ အောက်မလျော့မူဘဲ ၁၀ ထက်လည်းမကျော်လွန်ဘဲ ရေတွက်အပ်၏။ အကြား၌ပြတ်သည်ကိုလည်း မပြုအပ်။ ငါးကြိမ်အောက်လျော့၍ ရေတွက်သောယောဂီသည် ကျဉ်းမြောင်းသည့်အရပ်၌စိတ်ဖြစ်ရသဖြင့်တုန်လှုပ်၏၊ ကျဉ်းသောနွားခြံ၌ ပိတ်လှောင်ခံရသောနွားကဲ့သို့ဖြစ်၏။ ဆယ်ကြိမ်ထက်ကျော်လွန်၍ရေတွက်သောပုဂ္ဂိုလ်၏စိတ်သည် ရေတွက်ခြင်းကိုမှီ၏၊ ကမ္မဋ္ဌာန်းကိုမမှီ။ အကြား၌ပြတ်သည်ကိုပြုသောယောဂီသည် "ငါ၏ကမ္မဋ္ဌာန်းသည် အဆုံးသို့ရောက်အံ့လော၊ မရောက်အံ့လော" ဟု စိတ်တုန်လှုပ်၏။ သို့အတွက် ဤဆိုခဲ့ပြီးသည့်အပြစ်တို့ကိုရှောင်ကြဉ်၍ ရေတွက်အပ်၏။

ရေတွက်သောယောဂီသည် ရှေးဦးစွာ နှေးနှေးရေတွက်ခြင်း၌ စပါးခြင်သမား၏ ရေတွက်နည်းဖြင့် ရေတွက်အပ်၏။ စပါးခြင်သူသည် တင်းကိုစပါးပြည့်စေ၍ တစ်တင်းဟုဆိုပြီးလျှင်လောင်း၏။ တစ်ဖန် တင်းကိုပြည့်စေသည့်အခါ အမှိုက်သရိုက်မြင်၍ ထိုအမှိုက်ကိုစွန့်ပယ်နေသည့်အခါ 'တစ်တင်း၊ တစ်တင်း' ဟူ၍သာဆို၏။ စပါးပြည့်ပြီး တင်းကိုလောင်းသောအခါမှ နှစ်တင်းဟုဆို၏။ ဤနည်းအတိုင်း ဝင်သက်ထွက်သက်တို့တွင် ထင်ရှားသောဝင်သက် သို့မဟုတ် ထွက်သက်ကိုယူ၍ တစ်, နှစ်စသည်ဖြင့် တစ်ဆယ်တိုင်အောင် ရေတွက်အပ်၏။

http://www.dhammadownload.com



ဝင်သက်ထွက်သက်နှစ်ပါးတွင် ပိုထင်ရှားသည်ကိုယူ၍ ရေတွက်ရမည်။ ပထမဝင်သက်လေကို တစ်ဟုရေတွက်၏၊ ဒုတိယဝင်သက်လေမလာမချင်း တစ်, တစ်ဟုသာမှတ်သားရမည်။ ဒုတိယဝင်သက်လေလာမှ နှစ်ဟုရေတွက်ရမည်။ တတိယဝင်သက်လေမလာမချင်း နှစ်,နှစ်ဟုသာမှတ်သားရမည်။ တတိယဝင်သက်လေလာသောအခါ သုံးဟုရေတွက်ရမည်။ ဤနည်းအတိုင်း လေး, ငါးပြီးလျှင်တစ်ခေါက်ပြန်၍ခြောက်အထိရေတွက်၊ ထို့အတူ တစ်ခေါက်ပြန်၍ခုနစ်အထိရေတွက်၊ ထို့အတူ တစ်ခေါက်ပြန်၍ရှစ်အထိရေတွက်၊ ထို့အတူ တစ်ခေါက်ပြန်၍ကိုးအထိရေတွက်၊ ထို့အတူ တစ်ခေါက်ပြန်၍တစ်ဆယ်အထိရေတွက်ရမည်။ ကြား၌တစ်ခေါက်တစ်ခေါက်မပြန်ဘဲ တစ်မှတစ်ဆယ်အထိ တောက်လျှောက်လည်း ရေတွက်နိုင်၏။

ဤနည်းအတိုင်း ဖြည်းဖြည်းရေတွက်သောယောဂီအား ဝင်သက်ထွက်သက်တို့သည် ထင်ရှားကုန်၏။ ထို့နောက် ထိုစပါးခြင်နည်းရေတွက်ပုံကိုပယ်၍ မြန်မြန်ရေတွက်သော နွားကျောင်းသားရေတွက်နည်းဖြင့် ရေတွက်အပ်၏။ လိမ္မာသောနွားကျောင်းသားသည် ကျောက်ခဲတို့ကို ခါးပိုက်ဖြင့်ဆောင်၍ ကြိုးနှင်တံကိုကိုင်လျက် နံနက်စောစောနွားခြံသို့ သွား၍ နွားတို့ကိုကျောကုန်း၌ပုတ်ခတ်၏။ ထို့နောက် တံခါးတိုင်ထိပ်၌ထိုင်လျက် တံခါးဝသို့ရောက်လာသောနွားတို့ကို တစ်, နှစ်, သုံး---ဟုဆို၍ ကျောက်ခဲကိုပစ်၍ပစ်၍ရေတွက်၏။ ကျဉ်းမြောင်းသည့်ခြံထဲ၌ တစ်ညဥ့်လုံးဆင်းရဲစွာနေရသောနွားအပေါင်းသည် အချင်းချင်းတိုးဝှေ့လျက် လျင်စွာထွက်၏။ ထိုနွားကျောင်းသားသည် "လေး, ငါး, ခြောက်--" စသည်ဖြင့် လျင်မြန်စွာရေတွက်ရ၏။

ထို့အတူပင် ယောဂီသည် အနှေးနည်းဖြင့်ရေတွက်နေစဉ် ဝင်လေထွက်လေတို့သည် ထင်ရှားစွာဖြစ်ကုန်လျက် လျင်စွာလျင်စွာဝင်ထွက်ကုန်၏၊ ထိုအခါ ယောဂီသည် အတွင်း၌လည်းကောင်း အပြင်၌လည်းကောင်း မယူမူ၍ နှာသီးဝသို့ရောက်လာတိုင်း ရောက်လာတိုင်းသော ဝင်သက်ထွက်သက်တို့ကိုသာယူ၍ "တစ်, နှစ်, သုံး, လေး, ငါး, ခြောက်။ တစ်, နှစ်, သုံး, လေး, ငါး, ခြောက်, ခုနစ်။ တစ်, နှစ်, သုံး, လေး, ငါး, ခြောက်, ခုနစ်, ရှစ်။ တစ်, နှစ်, သုံး, လေး, ငါး, ခြောက်, ခုနစ်, ရှစ်, ကိုး။ တစ်, နှစ်, သုံး, လေး, ငါး, ခြောက်, ခုနစ်, ရှစ်, ကိုး, တစ်ဆယ်"ဟု လျင်စွာရေတွက်အပ်၏။

ရေတွက်ခြင်းနှင့်စပ်သောကမ္မဋ္ဌာန်း၌ ရေတွက်ခြင်းအားဖြင့်သာလျှင် စိတ်သည် တစ်ခုတည်းသောအာရုံရှိလျက်တည်ကြည်၏။ ဥပမာ ရေစီးသန်သောရေအယဉ်၌ ထိုးဝါးအကူအညီ၏အစွမ်းဖြင့် လှေ၏ရပ်တည်ခြင်းကဲ့သို့တည်း။ လျင်စွာရေတွက်နေသောယောဂီအား ကမ္မဋ္ဌာန်းအာရုံသည်အခြားမရှိဘဲ မပြတ်ဖြစ်နေသဖြင့်ထင်ပေါ်၏။ ထိုအခါ "အခြားမရှိဘဲ မပြတ်ဖြစ်နေသည်"ကိုသိပြီးလျှင် အတွင်းသို့ဝင်သွားသောလေနှင့် အပြင်သို့ထွက်သွားသောလေတို့ကို မသိမ်းဆည်းမူ၍ ရှေးနည်းအတိုင်း လျင်စွာရေတွက်အပ်၏။

http://www.dhammadownload.com



အတွင်းသို့ဝင်သွားသောလေနှင့်အတူ စိတ်ကိုဝင်စေလျှင် ယောဂီအား အတွင်း၌လေ တိုက်သကဲ့သို့လည်းကောင်း၊ အဆီနှင့်ပြည့်သကဲ့သို့လည်းကောင်း ဖြစ်တတ်၏။ အပြင်သို့ ထွက်သောလေနှင့်အတူ စိတ်ကိုထုတ်ဆောင်လျှင် အထူးထူးသောပြင်ပအာရုံ၌ စိတ်သည် ပျံ့လွင့်၏။ ထိရာထိရာအရပ်၌ သတိကိုထား၍ပွားသောပုဂ္ဂိုလ်အားသာလျှင် ဘာဝနာသည် ပြည့်စုံ၏။

အဘယ်မျှကြာအောင် ဝင်သက်ထွက်သက်လေကို ရေတွက်အပ်သနည်းဟူမူ ရေတွက် ခြင်းနှင့်ကင်း၍ ဝင်သက်ထွက်သက်အာရုံ၌ သတိကောင်းစွာတည်သည့်တိုင်အောင်ရေ တွက်အပ်၏။ အဘယ်ကြောင့်နည်းဟူမူ ရေတွက်ခြင်းသည် အပြင်ပသို့ပျံ့လွင့်သောဝိတက် အလျဉ်ပြတ်ခြင်းကိုပြု၍ ဝင်သက်ထွက်သက်အာရုံ၌ သတိကိုခိုင်မြဲစွာတည်စေသောကြောင့် တည်း။

ရေတွက်ခြင်း(ဂဏနာနည်း)ဖြင့်နှလုံးသွင်းပြီးလျှင် အစဉ်လိုက်ခြင်း–အနုဗန္ဓနာနည်း ဖြင့်နှလုံးသွင်းအပ်၏။ အနုဗန္ဓနာမည်သည်ကား ရေတွက်ခြင်းကိုရုပ်သိမ်း၍ ဝင်သက် ထွက်သက်နောက်သို့ အခြားအပြတ်မရှိစေဘဲ အမှတ်သတိဖြင့်အစဉ်လိုက်ခြင်းပေတည်း။ ထိုသို့အစဉ်လိုက်ခြင်းသည်လည်း အစ, အလယ်, အဆုံးတို့ကို အစဉ်လိုက်သည်၏အစွမ်း ဖြင့် ဖြစ်သည်မဟုတ်။ ရှုဦးအံ့–အပြင်သို့ထွက်သောလေ၏အစကား ချက်၊ အလယ်ကား နှလုံး(ဝါ)ရင်ချိုင့်၊ အဆုံးကားနှာသီးဖျားတည်း။ အတွင်းသို့ဝင်သောလေ၏အစကား နှာသီးဖျား၊ အလယ်ကားနှလုံး(ဝါ)ရင်ချိုင့်၊ အဆုံးကားချက်တည်း။ ထိုအစ, အလယ်, အဆုံးကိုအစဉ်လိုက်သောယောဂီ၏စိတ်သည် ပျံ့လွင့်ခြင်းသို့ရောက်လျက် ပူပန်ခြင်းငှာ လည်းကောင်း၊ တုန်လှုပ်ခြင်းငှာလည်းကောင်းဖြစ်၏။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ဟောတော်မူသည်ကား "*ဝင်သက်၏ အစ, အလယ်, အဆုံးသို့သတိဖြင့်အစဉ်လိုက်သောပုဂ္ဂိုလ်အား အတွင်း၌ပျံ့လွင့်ခြင်းသို့ရောက်သောစိတ်ကြောင့် ကိုယ်သည်လည်းကောင်း၊ စိတ်သည်လည်းကောင်း ပူပန်ခြင်းနှင့်တကွဖြစ်၏၊ တုန်၏၊ လှုပ်၏။ ထွက်သက်၏အစ, အလယ်, အဆုံးသို့ သတိဖြင့်အစဉ်လိုက်သောပုဂ္ဂိုလ်အား အပြင်ပ၌ ပျံ့လွင့်ခြင်းသို့ရောက်သောစိတ်ကြောင့် ကိုယ်သည်လည်းကောင်း၊ စိတ်သည်လည်းကောင်း ပူပန်ခြင်းနှင့်တကွဖြစ်၏၊ တုန်၏၊ လှုပ်၏။*"

သို့အတွက် အနုဗန္ဓနာနည်းဖြင့် နှလုံးသွင်းသောယောဂီသည် ဝင်သက်ထွက်သက်တို့ ၏အစ, အလယ်, အဆုံးသို့ သတိဖြင့်အစဉ်လိုက်သည်၏အစွမ်းဖြင့် နှလုံးမသွင်းအပ်။ စင်စစ်အားဖြင့် တွေ့ထိခြင်း–ဖုသနာ၏အစွမ်းဖြင့်လည်းကောင်း၊ အာရုံ၌ကောင်းစွာထား ခြင်း–ဌပနာ၏အစွမ်းဖြင့်လည်းကောင်း နှလုံးသွင်းအပ်၏။ ဂဏနာနည်း, အနုဗန္ဓနာနည်း တို့၏အစွမ်းဖြင့် နှလုံးသွင်းသကဲ့သို့ ဖုသနာနည်း, ဌပနာနည်းတို့၏အစွမ်းဖြင့် အသီးအ ခြားနှလုံးသွင်းခြင်းမရှိ။ ထိရာထိရာအရပ်၌ရေတွက်သည်ရှိသော် ဂဏနာနည်းဖြင့်လည်း

http://www.dhammadownload.com



ကောင်း၊ ဖုသနာနည်းဖြင့်သော်လည်းကောင်း နှလုံးသွင်းသည်မည်၏။ ထိုထိရာအရပ်၌သာလျှင် ရေတွက်ခြင်းကိုရပ်သိမ်း၍ ထိုထွက်သက်ဝင်သက်တို့ကို သတိဖြင့်မြဲစွာဖွဲ့တွယ်သည်ကိုလည်းကောင်း၊ အပ္ပနာ၏အစွမ်းဖြင့်စိတ်ကိုထားလျှင်လည်းကောင်း၊ အနုဗန္ဓနာနည်းဖြင့်ရော ဖုသနာနည်းဖြင့်ရော ဌပနာနည်းဖြင့်ပါ နှလုံးသွင်းသည်ဟုဆိုအပ်၏။ ဤဆိုခဲ့သောအနက်ကို အဋ္ဌကထာတို့၌ပြဆိုထားသည့် သူဆွံ့ဥပမာ၊ တံခါးစောင့်ဥပမာတို့ဖြင့်လည်းကောင်း၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ပြဆိုသည့် လွှဥပမာဖြင့်လည်းကောင်းသိအပ်၏။

## သူဆွံ့ဥပမာ

သူဆွံ့သည် ပုခက်ဖြင့်ကစားနေကြသော သူ့သားအမိတို့၏ ပုခက်လွှဲနေသည်ကို ထိုပုခက်တိုင်ရင်း၌ထိုင်နေပြီးလျှင် အစဉ်အတိုင်းလာသော သွားသော ပုခက်ပျဉ်ချပ်၏အစွန်းနှစ်ခုကိုလည်းကောင်း၊ အလယ်ကိုလည်းကောင်း ရှုမြင်၏၊ အစွန်းနှစ်ဘက်နှင့်အလယ်တို့ကိုရှုကြည့်ခြင်းငှာကား အားမထုတ်။ ဤအတူသာလျှင် ယောဂီရဟန်းသည် သတိ၏အစွမ်းဖြင့် ပုခက်ဖွဲ့ချည်ရာတိုင်နှင့်တူသော နှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်း၌တည်၍ လွှဲနေသည့်ပုခက်နှင့်တူသော ဝင်သက်ထွက်သက်တို့၏ အစ, အလယ်, အဆုံးကို သတိဖြင့် အစဉ်လိုက်သည်ဖြစ်၍လည်းကောင်း၊ ထိုထိရာအရပ်၌ စိတ်ကိုထားသည်ဖြစ်၍ လည်းကောင်း ရှုမြင်၏။ ထိုအစ, အလယ်, အဆုံးတို့ကို ရှုမြင်ခြင်းငှာမူကား ကြောင့်ကြမစိုက်ပေ။ ဤကား သူဆွံ့ဥပမာတည်း။

## တံခါးစောင့်ဥပမာ

တံခါးစောင့်သည် မြို့၏အတွင်း၌လည်းကောင်း၊ အပြင်၌လည်းကောင်း၊ သူစိမ်းတို့ကို "သင်ကမည်သူနည်း၊ ဘယ်အရပ်မှလာခဲ့သနည်း၊ ဘယ်အရပ်သို့သွားမည်နည်း၊ သင့်လက်ထဲ ပစ္စည်းကအဘယ်အရာနည်း"ဟုမစုံစမ်း။ မှန်ပေ၏-ထိုမြို့တွင်းမြို့ပြင်ကလူတို့သည် ထိုတံခါးစောင့်၏တာဝန်နှင့်မသက်ဆိုင်။ စင်စစ်သော်ကား တံခါးသို့ရောက်လာသောသူကိုသာလျှင်စုံစမ်းရန်သူ့တာဝန်ရှိ၏။ ထို့အတူပင် အတွင်းသို့ဝင်သွားသောလေတို့သည်လည်းကောင်း၊ အပြင်သို့ထွက်သွားသောလေတို့သည်လည်းကောင်း၊ ယောဂီရဟန်း၏ရှုရန်တာဝန်မဟုတ်ကုန်။ နှာသီးဝသို့ရောက်လာတိုင်းရောက်လာတိုင်းသော ဝင်သက်ထွက်သက်လေတို့ကိုသာလျှင် ယောဂီရှုသိရန်တာဝန်ဖြစ်၏။ ဤသည်ကား တံခါးစောင့်ဥပမာတည်း။

## လွှဥပမာ

ပဋိသမ္ဘိဒါမဂ်၌ဟောထားသည်ကား "*(၁)ဝင်သက်ထွက်သက်ကို မှတ်ခြင်းအကြောင်းဖြစ်သော နှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်းဟူသည့်နိမိတ်၊ (၂)ဝင်သက်၊ (၃)ထွက်သက်၊ ဤတရားသုံးခုသည် တစ်ခုတည်းသောစိတ်၏အာရုံမဟုတ်ကုန်၊ ဤသုံးပါးသောတရားတို့ကိုမသိသောသူသည် အာနာပါနဿတိဘာဝနာကို မရအပ်။*"

http://www.dhammadownload.com



*"နိမိတ်သည်လည်းကောင်း၊ ဝင်သက်, ထွက်သက်တို့သည်လည်းကောင်း၊ စိတ်တစ်ခုတည်း၏အာရုံကားမဟုတ်ကုန်၊ ထိုသို့မဟုတ်ပါသော်လည်း ထိုတရားသုံးပါးကိုသိသောသူသာလျှင် အာနာပါနဿတိဘာဝနာကို ရအပ်၏။"*

ဤတရားသုံးပါးတို့သည် တစ်ခုသောစိတ်၏အာရုံမဖြစ်ကုန်၊ မဖြစ်ပါသော်လည်း ဤတရားသုံးပါးတို့သည် မထင်ရှားသည်မဟုတ်၊ စိတ်သည်ပျံ့လွင့်ခြင်းသို့မရောက်၊ ဘာဝနာကိုပြီးစေတတ်သောဝီရိယသည်လည်း ထင်၏၊ သမာဓိကိုဆောင်တတ်သည့်ပယောဂကိုလည်း ပြီးစေ၏၊ အကျိုးထူးကိုလည်း ရနိုင်၏။

ဥပမာကား လွှသမားတစ်ယောက်သည် သစ်ပင်ကို မြေညီရာအရပ်၌ချထားလျက် ထို သစ်ပင်ကိုလွှဖြင့်ဖြတ်ရာ၏။ ထိုအခါ သစ်ပင်နှင့်ထိသောလွှသွားတို့၏အစွမ်းဖြင့် ထို ယောကျ်ား၏သတိသည် ထင်၏။ လာသည်လည်းဖြစ်သော သွားသည်လည်းဖြစ်သော လွှသွားတို့ကိုနှလုံးမသွင်း၊ နှလုံးမသွင်းသော်လည်း ထိုလွှသွားတို့သည် မထင်သည်မဖြစ်ကုန်၊ သစ်ပင်ဖြတ်ခြင်းကိုပြီးစေတတ်သည့်ဝီရိယသည်လည်း ထင်၏၊ သစ်ပင်ကိုဖြတ်ခြင်းပယောဂကိုလည်း ပြီးစေ၏၊ ကျေးဇူးအထူးကိုလည်းရ၏။

မြေညီပြင်၌ချထားသောသစ်ပင်ကဲ့သို့ ဤအတူပင် အာရုံ၌စိတ်ကိုဖွဲ့ခြင်းသတိဖြင့် ကောင်းစွာမှတ်ကြောင်းဖြစ်သောနှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်းကို မှတ်အပ်၏။ လွှသွားကဲ့သို့ ထွက်သက်ဝင်သက်ကို မှတ်အပ်၏။ သစ်ပင်၌တိုက်ထိသောလွှသွားတို့၏အစွမ်းဖြင့် ယောကျ်ား၏သတိသည် ထင်သကဲ့သို့လည်းကောင်း၊ လာကုန်သွားကုန်သောလွှသွားတို့ကို နှလုံးမသွင်းသကဲ့သို့လည်းကောင်း၊ နှလုံးမသွင်းသော်လည်း ထိုလွှသွားတို့ မထင်သည် မဖြစ်သကဲ့သို့လည်းကောင်း၊ အားထုတ်ခြင်းသည်ထင်သကဲ့သို့၊ ပယောဂသည်ပြီးစေသကဲ့သို့၊ အကျိုးထူးကိုရသကဲ့သို့၊ ဤအတူပင် ယောဂီရဟန်းသည် နှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်းနိမိတ်၌ သတိကိုကောင်းစွာထား၍နေ၏၊ လာသည်လည်းဖြစ်သော သွားသည်လည်းဖြစ်သော ဝင်သက်ထွက်သက်တို့ကိုနှလုံးမသွင်း၊ နှလုံးမသွင်းသော်လည်း ထိုဝင်သက်ထွက်သက်တို့ မထင်သည်မဟုတ်၊ အားထုတ်ခြင်း လုံ့လသည်လည်း ထင်၏၊ ယှဉ်စေခြင်းကိစ္စ(ပယောဂ)ကိုလည်းပြီးစေ၏၊ ကျေးဇူးအထူးကိုလည်း ရ၏။

"အားထုတ်မှုပဓာန"ဆိုရာ၌ အဘယ်တရားသည် ပဓာနဖြစ်သနည်း၊ အားထုတ်မှုလုံ့လရှိသောပုဂ္ဂိုလ်၏ကိုယ်နှင့်စိတ်သည် ဘာဝနာမှုပြုရန်ခံ့ကျန်းသန်စွမ်း၏၊ ဤဘာဝနာမှုအား ခံ့ကျန်းကြောင်းဖြစ်သောဝီရိယသည် ပဓာနဖြစ်၏။

"ပယောဂ"ဟူသည်ကား အဘယ်နည်း၊ အားထုတ်မှုဝီရိယရှိသူသည် စိတ်၏ညစ်ညူးကြောင်းဥပက္ကိလေသတို့ကို ပယ်အပ်၏၊ မိစ္ဆာဝိတက်တို့သည် အထူးသဖြင့်ငြိမ်းကုန်၏၊ ဤရှာန်ရခြင်း၏အကြောင်းဖြစ်သောကမ္မဋ္ဌာန်းကို အဖန်ဖန်အားထုတ်ခြင်းသည် ပယောဂမည်၏။

http://www.dhammadownload.com



"ကျေးဇူးအထူး"ဟူသည်ကား အဘယ်နည်း၊ အားထုတ်အပ်သောဝီရိယရှိသည့် ပုဂ္ဂိုလ်၏သံယောဇဉ်တို့သည် မဂ်ဖြင့်အပြီးသတ်ပယ်အပ်ကုန်၏၊ အနုသယတို့သည်မကျန် မကြွင်းကင်းကုန်၏၊ ဤသည်ကား ကျေးဇူးအထူးပင်တည်း။

*"အချင်းခပ်သိမ်းပြည့်စုံသော အာနာပါနဿတိကို မြတ်စွာဘုရားဟောထားသည့် အတိုင်း အကြင်ရဟန်းသည် အစဉ်အတိုင်းလေ့လာလျက် ကောင်းစွာပွားအပ်၏၊ ထိုရဟန်း သည် တိမ်တိုက်မှလွတ်သည့်လမင်းကဲ့သို့ ဤလောကကိုပညာရောင်ဖြင့် ထွန်းလင်းစေ နိုင်၏။"* ဤကား ပဋိသမ္ဘိဒါမဂ်၏အဆိုပေတည်း။

**အာနာပါနဿတိကမ္မဋ္ဌာန်းစီးဖြန်းခြင်း၏တိုးတက်မှု**

အာနာပါနဿတိကမ္မဋ္ဌာန်းကို နှလုံးသွင်းသောအချို့ပုဂ္ဂိုလ်တို့အား မကြာမမြင့်မီပင် ပဋိဘာဂနိမိတ်သည်လည်း ဖြစ်ပေါ်၏၊ ကြွင်းသောဈာန်အင်္ဂါတို့ဖြင့်တန်ဆာဆင်အပ်သော ဝိတက်ဟူသောဈာပနာသည်လည်း ပြည့်စုံ၏၊ အပ္ပနာဈာန်သို့ရောက်၏။

အချို့သောပုဂ္ဂိုလ်တို့အား ရေတွက်ခြင်း၏အစွမ်းဖြင့် နှလုံးသွင်းသောအခါမှစ၍ပင် အစဉ်အတိုင်း ရုန့်ရင်းသောဝင်လေထွက်လေတို့ချုပ်သည်၏အစွမ်းအားဖြင့် ကိုယ်၏ပူလောင် ပင်ပန်းခြင်းငြိမ်းလတ်သော် ကိုယ်ရောစိတ်ပါ ပေါ့ပါး၏၊ ကိုယ်သည် ကောင်းကင်သို့ ပျံတက်အံ့သောအခြင်းအရာဖြစ်၏။

ဥပမာပြရလျှင် ကိုယ်၏ပူလောင်ပင်ပန်းခြင်းရှိသူသည် ညောင်စောင်း, အင်းပျဉ်ပေါ်၌ ထိုင်နေလျှင် ညောင်စောင်း, အင်းပျဉ်သည် ညွှတ်ကျ၏၊ ကျိုတ်ကျိုတ်အသံမြည်၏၊ အခင်း သည်အတွန့်အလိပ်ဖြစ်၏။ ကိုယ်၏ပူလောင်ပင်ပန်းခြင်းကင်းသူက ညောင်စောင်း, အင်းပျဉ် ပေါ်ထိုင်နေလျှင် ညောင်စောင်း, အင်းပျဉ်သည် ညွှတ်မကျ၊ ကျိုတ်ကျိုတ်ဟူ၍ အသံမမြည်၊ အခင်းသည် မတွန့်မလိပ်။ ညောင်စောင်း, အင်းပျဉ်သည် လဲ, ဝါဂွမ်းတို့နှင့်ပြည့်နေသကဲ့သို့ ဖြစ်၏။ အဘယ့်ကြောင့်နည်းဟူမူ ပူလောင်ပင်ပန်းခြင်းမရှိသောကိုယ်သည် ပေါ့ပါးသော ကြောင့်ပေတည်း။

ထိုယောဂီ၏ရုန့်ရင်းသော ဝင်သက်ထွက်သက်တို့ချုပ်သည်ရှိသော် သိမ်မွေ့သည့် ဝင်သက်ထွက်သက်နိမိတ်လျှင်အာရုံရှိသောစိတ်သည် ဖြစ်၏။ ထိုသိမ်မွေ့သော ဝင်လေ ထွက်လေချုပ်သွားပြန်လျှင်လည်း အဆင့်ဆင့်ထိုထက်ပို၍ပို၍သိမ်မွေ့သော ဝင်သက် ထွက်သက်လျှင် အာရုံရှိသည့်စိတ်ဖြစ်သည်သာတည်း။

အဘယ်သို့ဖြစ်သနည်းဟူမူကား လူတစ်ယောက်သည် ကြီးသည့်သံချောင်းဖြင့် ကြေး ခွက်ကိုတီးခေါက်သည်ရှိသော် ကျယ်လောင်သောအသံဖြစ်ပေါ်ရာ၏။ ထိုလူ၌ ထိုရုန့်ရင်း သောအသံလျှင် အာရုံရှိသည့်စိတ်သည် ဖြစ်ရာ၏။ ရုန့်ရင်းသောအသံ ချုပ်သွားလျှင် အ ဆင့်ဆင့် ထို့ထက်ပို၍ပို၍သိမ်မွေ့သောအသံနိမိတ်လျှင် အာရုံရှိသည့်စိတ်ဖြစ်သည်သာ တည်း။ ဤဥပမာနှင့်တူစွာ သိအပ်၏။

http://www.dhammadownload.com



အထူးကား အာနာပါနကမ္မဋ္ဌာန်းမှတစ်ပါး အခြားကမ္မဋ္ဌာန်းတို့သည် အထက်အထက်သောအဆင့်တို့၌ ထင်ရှားလာသကဲ့သို့ အာနာပါနကမ္မဋ္ဌာန်းသည် ထိုအတူမဖြစ်ပေ။ စင်စစ်သော်ကား ဤကမ္မဋ္ဌာန်းသည် အထက်အထက်သောအဆင့်တို့၌ သိမ်မွေ့ခြင်းသို့ရောက်၏၊ ထင်ခြင်းသို့လည်းမရောက်ဘဲရှိတတ်၏။ ထိုသို့မထင်ဘဲရှိလျှင် ယောဂီရဟန်းသည် နေရာမှထ၍ အခင်းစမ္မခဏ်ကိုခါပြီး မသွားအပ်။ "ငါ့အား ကမ္မဋ္ဌာန်းပျောက်ချေပြီ၊ ဆရာကိုမေးရအံ့လော"ဟု နှလုံးသွင်း၍ နေရာမှမထအပ်။ ဣရိယာပုထ်ကိုဖျက်၍ ထသွားသူအား ကမ္မဋ္ဌာန်းသည် အသစ်အသစ်သာဖြစ်၏။ ထို့ကြောင့် နေမြဲတိုင်းနေ၍ ဝင်လေထွက်လေ တိုးထိရာအရပ်၌စိတ်ကိုစူးစိုက်ထားရာ၏။

ထိုရဟန်းသည် ကမ္မဋ္ဌာန်းမထင်ခြင်းကိုသိသောအခါ ဤသို့ဆင်ခြင်အပ်၏၊ ဝင်သက်ထွက်သက်တို့သည် အဘယ်အရပ်၌ရှိသနည်း၊ အဘယ်အရပ်၌ မရှိသနည်း၊ အဘယ်သူ၌ရှိသနည်း၊ အဘယ်သူ၌ မရှိသနည်း။ ဤဝင်သက်ထွက်သက်တို့သည် (၁)အမိဝမ်း၌ကိန်းသောသူအားမရှိ၊ (၂)ရေထဲ၌နစ်မြုပ်နေသူအားမရှိ၊ (၃)အသညသတ်ဘုံနေသတ္တဝါတို့အား မရှိ၊ (၄)မေ့မျောနေသူတို့အားမရှိ၊ (၅)သေသောသူတို့အား မရှိ၊ (၆)စတုတ္ထဈာန်သမာပတ်ဝင်စားသူတို့အား မရှိ၊ (၇)ရူပဘဝ, အရူပဘဝသို့ရောက်နေသောသူတို့အား မရှိ၊ (၈)နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်တို့အား မရှိကုန်ဟုသိအပ်၏။

ထိုသို့သိပြီးလျှင် မိမိကိုယ်တိုင်ပင် မိမိကိုယ်ကိုဤသို့စောဒနာအပ်၏–"အို–ပညာရှိ၊ သင်သည် အမိဝမ်း၌ပဋိသန္ဓေနေသူမဟုတ်၊ ရေထဲနစ်မြုပ်နေသူမဟုတ်၊ အသညသတ်သတ္တဝါမဟုတ်၊ မေ့မျောနေသူလည်းမဟုတ်၊ သေသူလည်းမဟုတ်၊ စတုတ္ထဈာန်ဝင်စားသူမဟုတ်၊ ရူပဘဝ, အရူပဘဝသို့ရောက်သူမဟုတ်၊ နိရောဓသမာပတ်ဝင်စားနေသူလည်းမဟုတ်။ သင့်အား ထွက်သက်ဝင်သက်သည် ရှိသည်သာတည်း။ ပညာနုံ့သောကြောင့် သိမ်းဆည်းရှုမှတ်ရန်မစွမ်းနိုင်ဘဲရှိချေသည်"ဟု စောဒနာအပ်၏။ ထို့နောက်ရဟန်းသည် ဝင်သက်ထွက်သက်လေတိုးထိနေကျအရပ်၏အစွမ်းအားဖြင့် စိတ်ကိုထား၍ နှလုံးသွင်းခြင်းကိုဖြစ်စေအပ်၏။

ဤဝင်သက်ထွက်သက်လေတို့သည် နှာခေါင်းရှည်သူအား နှာခေါင်းဖုကိုထိတိုက်၍ ဖြစ်ကုန်၏၊ နှာခေါင်းတိုသူ၌ အထက်နှုတ်ခမ်းကိုထိတိုက်၍ ဖြစ်ကုန်၏။ ထို့ကြောင့်ရဟန်းသည် ဤမည်သောအရပ်ကို ထိတိုက်ကုန်၏ဟုနိမိတ်ကိုထားအပ်၏။ တစ်နည်းဆိုသော် နှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်းဟူသည့် ဝင်လေထွက်လေထိတိုက်ခဲ့ရာ အရပ်ကို ချည်တိုင်နိမိတ်ပြု၍ စိတ်ကိုထားအပ်၏။ ဤသို့ဖြစ်တတ်ပုံကို အကြောင်းပြု၍ မြတ်စွာဘုရားသည်"ရဟန်းတို့–သတိမေ့သူအား ဆင်ခြင်ဉာဏ်ကင်းသောသူအား အာနာပါနသတိဘာဝနာကို ငါဘုရားသည် ဟောတော်မမူ"ဟု မိန့်တော်မူ၏။

ဆက်၍ရှင်းဦးအံ့။ မည်သည့်ကမ္မဋ္ဌာန်းမဆို သတိရှိသူ ပညာရှိသူအားသာလျှင် ပြည့်

http://www.dhammadownload.com



စုံပေ၏။ သို့သော်လည်း ဤအာနာပါနသသတိကမ္မဋ္ဌာန်းမှအပ အခြားကမ္မဋ္ဌာန်းတို့သည် နှလုံးသွင်းသူအားထင်ရှားပေ၏။ ဤအာနာပါနသသတိကမ္မဋ္ဌာန်းသည်ကား ခက်ခဲ၏။ ခက်ခဲသောဘာဝနာဖြစ်၏၊ ဘုရား, ပစ္စေကဗုဒ္ဓါ, ဘုရားသားတော်ယောက်ျားမြတ်တို့သာလျှင် နှလုံးသွင်းနိုင်၏၊ သေးနုပ်သိမ်ငယ်သောကမ္မဋ္ဌာန်းမဟုတ်၊ သေးနုပ်သိမ်ငယ်သော ပုဂ္ဂိုလ်တို့ မှီဝဲနိုင်ကောင်းသည်မဟုတ်။ နှလုံးသွင်းလေ နှလုံးသွင်းလေ ငြိမ်သက်သိမ်မွေ့လေလေ ဖြစ်ပေ၏။ ထို့ကြောင့် ဤအာနာပါနသသတိကမ္မဋ္ဌာန်း၌ အားကြီးသောသတိနှင့် ပညာ ဉာဏ်တို့ကိုအလိုရှိအပ်၏။

ဥပမာတင်ပြရသော် သိမ်မွေ့နူးညံ့သောအဝတ်ကိုချုပ်သောအခါ သိမ်မွေ့သေးငယ်သည့်အပ်ကို အလိုရှိအပ်၏၊ ထိုအပ်နဖားကိုထွင်းရန်အတွက် ထို့ထက်ပိုသိမ်မွေ့သေးငယ်သည့်စူးကို အလိုရှိအပ်၏။ ထို့အတူပင် သိမ်မွေ့နူးညံ့သောအဝတ်နှင့်တူသည့် အာနာပါနကမ္မဋ္ဌာန်းကိုပွားစေသောကာလ၌ အပ်နှင့်တူသည့်သတိကိုလည်းကောင်း၊ အပ်နဖားထွင်းသည့်စူးနှင့်တူသော ထိုသတိနှင့်ယှဉ်သည့် အားကြီးသောပညာကိုလည်းကောင်း၊ အလိုရှိအပ်၏။

ထို့အပြင် ထိုအားကြီးသည့်သတိ, ပညာတို့နှင့်ပြည့်စုံသောရဟန်းသည် ထိုဝင်လေထွက်လေတို့ထိရာအရပ်မှတစ်ပါး အခြားသောအရပ်၌ ဝင်သက်ထွက်သက်တို့ကို မရှာမှီးအပ်။ ဥပမာသော်ကား လယ်သမားသည်လယ်ထွန်ပြီးနောက် နွားတို့ကို စားကျက်သို့ရှေးရှုလွှတ်လိုက်ပြီးလျှင် အရိပ်၌အိပ်၍အပန်းဖြေနေရာ၏။ ထိုအခါ နွားတို့သည် တောအုပ်သို့ လျင်မြန်စွာပြေးသွားကြ၏။ ထိုလယ်သမားသည် ထိုနွားတို့ကိုဖမ်းယူ၍ ထွန်၌တပ်လိုလျှင် တောအုပ်၌ နွားတို့၏ခြေရာကိုအစဉ်လိုက်၍ မလှည့်လည်ပေ။ ကြိုးနှင့်နှင်တံတို့ကိုယူ၍ထို နွားတို့ရေဆင်းသောက်နေကျရေဆိပ်သို့သာလျှင် ဖြောင့်ဖြောင့်သွားကာ ထိုင်စောင့်နေ၏။ ထိုနွားတို့သည် တစ်နေ့လုံးကျက်စားပြီးလျှင် ရေဆိပ်သို့သက်ဆင်းကြ၍ ရေသောက်, ရေချိုးပြီးလျှင် ပြန်တက်လာကြ၏။ လယ်သမားသည် ထိုနွားတို့ကို ကြိုးဖြင့်ဖွဲ့ချည်၍ နှင်တံဖြင့် မောင်းနှင်လျက် ဆောင်ယူပြီးလျှင် ထွန်၌ကကာ လယ်ထွန်မှုကိုတစ်ဖန်ပြုလေ၏။

ထိုဥပမာအတိုင်းပင် ထိုရဟန်းသည် ထိုဝင်သက်ထွက်သက်လေတို့ကို ပကတိထိခိုက်နေကျအရပ်မှတစ်ပါး အခြားအရပ်၌မရှာမှီးအပ်ပေ။ စင်စစ်သော်ကား သတိဟူသောကြိုးနှင့် ပညာဟူသောနှင်တံကိုယူ၍ ပကတိအားဖြင့်ထိနေကျဖြစ်သောနှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်းအရပ်၌ စိတ်ကိုထားလျက် နှလုံးသွင်းခြင်းကိုဖြစ်စေအပ်၏။ ဤသို့နှလုံးသွင်းလျှင် မကြာမီပင် ဝင်သက်ထွက်သက်တို့သည် သွားရောက်နေကျရေဆိပ်၌ နွားတို့ထင်ပေါ်လာသကဲ့သို့ထင်ပေါ်ကြကုန်၏။ ထိုအခါ ရဟန်းသည် ထိုဝင်သက်ထွက်သက်တို့ကို သတိဟူသောကြိုးဖြင့်နှောင်ဖွဲ့၍ ထိုအရပ်၌ပင်နှလုံးသွင်းခြင်းဖြင့်ယှဉ်၍ ပညာတည်းဟူသော နှင်တံဖြင့်မောင်းနှင်လျက် ကမ္မဋ္ဌာန်းကို အဖန်တလဲလဲအားထုတ်အပ်၏။

http://www.dhammadownload.com



ဤသို့အားထုတ်သောရဟန်းအား မကြာမြင့်မီပင် ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်သည် ထင်၏။ ထိုနိမိတ်သည် ခပ်သိမ်းကုန်သောသူတို့အား တစ်ထပ်တည်းတူသည်မဟုတ်၊ အချို့သောပုဂ္ဂိုလ်တို့အား ချမ်းသာသည့်အတွေ့ကိုဖြစ်စေလျက် လဲမှို့ကဲ့သို့လည်းကောင်း၊ ဖိုင်းဝါဂွမ်းကဲ့သို့လည်းကောင်း၊ လေအယဉ်ကဲ့သို့လည်းကောင်းထင်၏ဟု အချို့ဆရာတို့ဆိုကြ၏။

ဤဆိုလတ္တံ့သည်ကား အဋ္ဌကထာတို့၌လာသော အဆုံးအဖြတ်တည်း။ ဤအာနာပါနနိမိတ်သည် အချို့သောသူအား သောက်ရှူးကြယ်, ပတ္တမြားလုံး, ပုလဲလုံးကဲ့သို့ထင်၏၊ အချို့သောသူအား ကြမ်းသောအတွေ့ရှိ၍ ဝါးရိုး, သစ်သားနှစ်, တံကျင်ကဲ့သို့ ထင်၏။ အချို့သောသူအား ရှည်သောဆောက်လုံးကြိုးမျှင်, ပန်းဆိုင်း, အခိုးအညွန့်ကဲ့သို့ ထင်၏။ အချို့သောသူအား ကျယ်ပြန့်သည့်ပင့်ကူချည်မျှင်, တိမ်တိုက်လွှာ, ပဒုမ္မာကြာပွင့်, ရထားလှည်းဘီးစက်, လဝန်း, နေဝန်းကဲ့သို့ထင်၏။

ထိုသို့အထူးထူးအပြားပြားနိမိတ်ထင်ခြင်းသည် တစ်ခုသောသုတ္တန်ပါဠိကို ရွတ်ဆိုလျက် ထိုင်နေကြသောရဟန်းများစွာတို့တွင် တစ်ပါးသောရဟန်းက "အရှင်တို့အား ဤသုတ်သည် အဘယ်သို့သဘောရှိလျက် ထင်ပါသနည်း။"ဟု မေးလတ်သော် တစ်ပါးက "ငါ့အား ကြီးစွာသောတောင်ကျချောင်းကဲ့သို့ထင်၏"ဟုဆို၏၊ အခြားရဟန်းတစ်ပါးက "ငါ့အား တောရေးကဲ့သို့ထင်၏"ဟုဆို၏၊တစ်ပါးသောရဟန်းကမူ "ငါ့အား အေးချမ်းသည့်အရိပ်ရှိသော အခက်အလက်, အသီးတို့နှင့်ပြည့်စုံသောသစ်ပင်ကဲ့သို့ထင်၏"ဟုဆို၏။ ထိုရဟန်းတို့အား တစ်ခုသောသုတ်သည်ပင် အမှတ်သညာချင်းမတူကြသည့်အတွက် အထူးအထူးအပြားပြားထင်သကဲ့သို့ ထို့အတူ အာနာပါနကမ္မဋ္ဌာန်းတစ်ခုတည်းဖြစ်ပါလျက် ယောဂီတို့၏ ရှေးမဆွကဖြစ်ကုန်သောအမှတ်သညာချင်းမတူကြသည့်အတွက် အထူးထူးအပြားပြားနိမိတ်ထင်ခြင်းဖြစ်ပေ၏။ မှန်ပေ၏–ဤကမ္မဋ္ဌာန်းနိမိတ်သည် ဘာဝနာသညာကြောင့်ဖြစ်၏၊ ဘာဝနာသညာလျှင် အကြောင်းရှိ၏၊ ဘာဝနာသညာလျှင် အမွန်အစရှိ၏။ ထိုသို့သညာအထူးထူးအပြားပြားရှိသည်အဖြစ်ကြောင့် အထူးထူးအပြားပြားအားဖြင့်နိမိတ်ထင်၏ဟု မှတ်အပ်၏။

*ဤတွင်လည်း ဝင်သက်ကိုအာရုံပြုသောစိတ်သည်တခြား၊ ထွက်သက်ကိုအာရုံပြုသောစိတ်သည်တခြား၊ နိမိတ်ကိုအာရုံပြုသောစိတ်သည်တခြားတည်း။ အကြင်ပုဂ္ဂိုလ်၌ ဤသုံးပါးသောတရားတို့ မရှိကုန်ငြားအံ့၊ ထိုပုဂ္ဂိုလ်၏ကမ္မဋ္ဌာန်းသည် အပ္ပနာသို့မရောက်နိုင်၊ ဥပစာသို့လည်း မရောက်နိုင်။ အကြင်ပုဂ္ဂိုလ်မှာမူ ဤသုံးပါးသောတရားတို့ ရှိကုန်၏၊ ထိုပုဂ္ဂိုလ်၏ကမ္မဋ္ဌာန်းသည်သာလျှင် ဥပစာသို့လည်းကောင်း၊ အပ္ပနာသို့လည်းကောင်း၊ ရောက်နိုင်၏။* ဤအကြောင်းနှင့်ပတ်သက်၍ ပဋိသမ္ဘိဒါမဂ်၏အဆိုကို ရှေ့ကလွှဥပမာတွင် ဖော်ပြခဲ့ပြီးဖြစ်ပေ၏။

ဆက်၍ပြဦးအံ့–ဤဆိုခဲ့သည့်အတိုင်း ပဋိဘာဂနိမိတ်ထင်လတ်သော် ထိုရဟန်းသည်

http://www.dhammadownload.com



ဆရာထံသို့သွား၍"အရှင်ဘုရား တပည့်တော်မှာဤသို့နိမိတ်ထင်ပါ၏"ဟုပြောကြားအပ်၏။ ဆရာသည် "ထိုအာရုံသည် နိမိတ်ဖြစ်သည်"ဟူ၍လည်းကောင်း၊ "နိမိတ်မဟုတ်ပါ" ဟူ၍လည်းကောင်း၊ မပြောအပ်။ "ဤသို့ဖြစ်တတ်ပါသည်ငါ့ရှင်"ဟုသာပြော၍ "အဖန်တလဲလဲနှလုံးသွင်းလော့"ဟု ပြောအပ်၏။ "နိမိတ်ဖြစ်သည်"ဟုပြောလျှင် တွန့်ခြင်း, ရပ်နားခြင်းသို့ရောက်ရာ၏၊ "နိမိတ်မဟုတ်"ဟုပြောလျှင် မျှော်လင့်မှုကင်း၍ ပင်ပန်းခြင်းသို့ရောက်ရာ၏၊ သို့အတွက် ထိုနှစ်မျိုးလုံးကို မပြောမဆိုဘဲ နှလုံးသွင်းခြင်း၌သာလျှင် တိုက်တွန်းအပ်သည် ဟု ဒီဃနိကာယ်ဆောင်ပုဂ္ဂိုလ်တို့ဆိုကြကုန်၏။

မဇ္ဈိမနိကာယ်ဆောင်ပုဂ္ဂိုလ်တို့ကမူ "အို-ငါ့ရှင်၊ ဤသို့ထင်ခြင်းသည် နိမိတ်မည်၏။ ကမ္မဋ္ဌာန်းကို အဖန်တလဲလဲနှလုံးသွင်းပါလေဟုပြောရမည်"ဟူ၍ မိန့်ဆိုကြ၏။ ထို့နောက် ရဟန်းသည် ပဋိဘာဂနိမိတ်၌သာလျှင်စိတ်ကိုထားအပ်၏။ ဤသို့ပဋိဘာဂနိမိတ်၌ စိတ်ကိုထားသည်ရှိသော် ထိုနိမိတ်ထင်သည်မှစ၍ ထိုယောဂီပုဂ္ဂိုလ်အား ဘာဝနာသည် ဌာပနာနည်း၏အစွမ်းဖြင့်ဖြစ်၏။

ရှေးဆရာကြီးတို့မိန့်ဆိုသည်မှာ "လုံ့လ, ပညာနှင့်ပြည့်စုံသောယောဂီသည် ဝင်သက်ထွက်သက်၏အထူးထူးသောအခြင်းအရာတို့ကို ထင်ရှားအောင်ပြုပြီးနောက် ပဋိဘာဂနိမိတ်ဖြစ်ပေါ်လာသည့်အခါ ထိုနိမိတ်၌စိတ်ကိုထားလျက် အစဉ်သဖြင့်မိမိ၏စိတ်ကို အပ္ပနာသို့ရောက်စေ၏။"

ထိုယောဂီအား အထက်၌ဆိုခဲ့သည့်အတိုင်း ပဋိဘာဂနိမိတ်ထင်သည်မှစ၍ နီဝရဏ တို့ကိုပယ်ခွါပြီးသာလျှင် ဖြစ်ကုန်၏။ ကြွင်းသောကိလေသာတို့သည် ငြိမ်ဝပ်ကုန်၏။ သတိသည်ထင်၏။ စိတ်သည် ဥပစာရသမာဓိဖြင့် ကောင်းစွာထားအပ်သည်ဖြစ်၍ တည်ကြည်၏။ ထိုအခါ ထိုယောဂီသည် ထိုပဋိဘာဂနိမိတ်ကို အရောင်အဆင်းအားဖြင့် နှလုံးမသွင်းအပ်။ စင်စစ်သော်ကား မိဖုရားကြီးသည် စကြာဝတေးမင်းလောင်းကိုယ်ဝန်ကိုစောင့်ရှောက်သကဲ့သို့၊ လယ်သမားသည် သလေးစပါးဖုံကို စောင့်ရှောက်သကဲ့သို့၊ ကျောင်းစသည် အသပ္ပါယခုနစ်ပါးကိုကြဉ်၍ သပ္ပါယခုနစ်ပါးတို့ကိုမှီဝဲလျက် ကောင်းစွာစောင့်ရှောက်အပ်ပေ၏။ ထိုနိမိတ်ကို ဤသို့စောင့်ရှောက်လျက် အဖန်တလဲလဲနှလုံးသွင်းသည်၏အစွမ်းဖြင့် ကြီးပွားပြန့်ပြောခြင်းသို့ရောက်စေ၍ ဆယ်ပါးအပြားရှိသော အပ္ပနာကောသလ္လကို ပြည့်စုံစေအပ်၏။ ဝီရိယနှင့်သမာဓိတို့ကို ညီမျှစွာယှဉ်စေအပ်၏။ ဤသို့ ကြိုးစားအားထုတ်နေသောယောဂီအား ပထဝီကသိုဏ်း၌ဆိုခဲ့သည့်အစဉ်အတိုင်း ထိုပဋိဘာဂနိမိတ်၌ စတုက္ကဈာန်, ပဉ္စကဈာန်တို့ဖြစ်ကုန်၏။

ဝိပဿနာရှုပုံ

ဤအာနာပါနကမ္မဋ္ဌာန်း၌ ဈာန်လေးပါး, ငါးပါးကိုရပြီးသောရဟန်းသည် ဝိပဿနာ လမ်း၏အစွမ်းဖြင့် ကမ္မဋ္ဌာန်းကိုပွားစေ၍ သောတာပတ္တိဖိုလ်ကိုရရန်အလိုရှိသော် ထိုရပြီး

http://www.dhammadownload.com



သောရှာန့်ကို ဝသီဘော်ငါးတန်နိုင်နင်းအောင် လေ့ကျင့်၏၊ ဈာန်သမာပတ်မှထ၍ နာမ်ရုပ်ကို ပိုင်းခြားမှတ်သားပြီးလျှင် ဝိပဿနာကိုဖြစ်စေ၏။

အဘယ်သို့ဖြစ်စေသနည်းဟူမူ ထိုရဟန်းဈာန်ဝင်စား၍ ဈာန်သမာပတ်မှထပြီးလျှင် ဝင်သက်ထွက်သက်တို့၏ဖြစ်ကြောင်းဖြစ်သော ကာရဇကာယကိုလည်းကောင်း, စိတ်ကိုလည်းကောင်း ဤနှစ်ပါးစုံကိုရှု၏။ ဥပမာအားဖြင့် ပန်းပဲသမားတို့၏သားရေ ဖားဖိုကို ထိုးဆွဲသည်ရှိသော် ဖားဖို၏သားရေအိတ်ကိုလည်းကောင်း ပန်းပဲသမား၏လုံ့လကိုလည်းကောင်းစွဲမှီ၍ လေသည် ဝင်ချည်ထွက်ချည်မပြတ်ဖြစ်နေသကဲ့သို့ ထို့အတူပင် ကရဇကာယကိုလည်းကောင်း, စိတ်ကိုလည်းကောင်း စွဲမှီ၍ ဝင်သက်ထွက်သက်တို့သည် မပြတ်ဖြစ်နေသည်ဟုမြင်၏၊ မှတ်အပ်၏။

ထို့နောက် ဝင်သက်ထွက်သက်လေကိုလည်းကောင်း၊ ကရဇကာယကိုလည်းကောင်း ရုပ်ဟူ၍ မှတ်၏။ စိတ်ကိုလည်းကောင်း၊ ထိုစိတ်နှင့်ယှဉ်သောစေတသိက်များကိုလည်းကောင်း နာမ်ဟူ၍မှတ်၏။ ဤသည်ကား ဤအာနာပါနဿတိကမ္မဋ္ဌာန်း၌ အကျဉ်းမျှသာတည်း။ အကျယ်အားဖြင့်နာမ်ရုပ်ကို ပိုင်းခြားမှတ်သားခြင်းသည် နောက်ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ၌ ထင်ရှားလတ္တံ့။

ဤဆိုခဲ့သည့်အတိုင်း နာမ်ရုပ်ကိုပိုင်းခြားပြီးလျှင် ထိုနာမ်ရုပ်ကိုဖြစ်စေသည့် အကြောင်းကိုရှာ၏။ ရှာလတ်သော် ထိုနာမ်ရုပ်၏အကြောင်းကိုတွေ့မြင်၍ သုံးပါးသောအခွန့်ကာလတို့၌ နာမ်ရုပ်၏ဖြစ်ခြင်းကိုအာရုံပြု၍ ယုံမှားခြင်းကိုလွန်မြောက်၏။ ယုံမှားခြင်းကိုလွန်မြောက်ပြီးလတ်သော် အပေါင်းအစည်းအလိုက်သုံးသပ်သော ကလာပသမ္မသန၏အစွမ်းဖြင့် လက္ခဏာရေးသုံးပါးကိုတင်၏။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၌ အကျုံးဝင်သောဖြစ်ခြင်းပျက်ခြင်းကိုရှုမြင်သည့် ဥဒယဗ္ဗယာနုပဿနာ၏ရှေ့အဖို့၌ ဩဘာသစသော ဝိပဿနာ၏ညစ်ညူးကြောင်း ဥပက္ကိလေသဆယ်ပါးတို့ ဖြစ်ပေါ်၏။ ဥပက္ကိလေသတို့ကိုပယ်၍ညစ်ညူးကြောင်းမှလွတ်သောပဋိပဒါဉာဏ်သည် လမ်းမှန်-မဂ် ဖြစ်သည်ဟု ပိုင်းခြားဆုံးဖြတ်ပြီးလျှင် သင်္ခါရတို့၏ဖြစ်ခြင်း-ဥဒယကိုပယ်၍ သင်္ခါရတို့၏ပျက်ခြင်းတို့သာရှုသော ဘင်္ဂဉာဏ်သို့ရောက်၏။

မပြတ်ပျက်ခြင်းကိုရှုသိသောဉာဏ်သို့ရောက်၍ အပြတ်အခြားမရှိဘဲပျက်သောအားဖြင့်ထင်ကုန်သော အလုံးစုံသောသင်္ခါရတို့၌ ငြီးငွေ့လျက် တပ်မက်ခြင်းကင်းလျက် လွတ်မြောက်လျက် အစဉ်အတိုင်းလေးပါးသောအရိယာမဂ်တို့သို့ ရောက်၏၊ အရဟတ္တဖိုလ်၌ တည်၍ ၁၉-ပါးအပြားရှိသော ပစ္စဝေက္ခဏာဉာဏ်၏အဆုံးသို့ရောက်လျက် နတ်နှင့်တကွသော လောက၏မြတ်သည့်အလှူကိုခံယူထိုက်သည့် ရဟန္တာပုဂ္ဂိုလ်ဖြစ်လေ၏။

ဒုတိယစတုက္ကစသည်၏အဖွင့်

ပထမစတုက္ကမှတစ်ပါး ကျန်စတုက္ကသုံးခုတို့၌ အသီးအခြားကမ္မဋ္ဌာန်းပွားနည်းဟူ၍

http://www.dhammadownload.com



မရှိ။ ထို့ကြောင့် ပုဒ်အသီးသီးကိုအစဉ်အတိုင်းဖွင့်ပြသောနည်းဖြင့် ထိုစတုက္ကတို့၏ အနက်ကိုမှတ်သားအပ်၏။

၂။ ဒုတိယစတုက္က၌"ပီတိကိုထင်စေလျက် ဝင်သက်ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏"ဟူသည်မှာ ပီတိကိုသိအောင်ပြုလျက် ထင်ရှားအောင်ပြုလျက် ရှုသွင်းအံ့၊ ရှုထုတ်အံ့ဟုလေ့ကျင့်သည်ကိုဆိုလို၏။ ပီတိကိုသိခြင်းသည် အာရုံအားဖြင့်သိခြင်းနှင့် မတွေဝေသောအားဖြင့်သိခြင်းဟူ၍ နှစ်ပါးရှိ၏။

ပီတိကို အာရုံအားဖြင့်အဘယ်သို့သိသနည်းဟူမူ ပီတိနှင့်တကွဖြစ်သော ပထမဈာန်၊ ဒုတိယဈာန်တို့ကို အစဉ်အတိုင်းဝင်စား၏၊ ဈာန်ဝင်စားခိုက်၌ ဈာန်နှင့်ပြည့်စုံသဖြင့် ပဋိဘာဂနိမိတ်လျှင်အာရုံရှိသောဈာန်၌ အကျုံးဝင်သည့်ပီတိကို ထင်စွာသိပေ၏။ အဘယ်ကြောင့်ဆိုသော် အာရုံကိုထင်စွာသိခြင်းကြောင့်ပေတည်း။

အဘယ်သို့လျှင် မတွေမဝေသောအားဖြင့် ပီတိကိုထင်စွာသိသနည်း။ ပီတိနှင့်တကွဖြစ်သောဈာန်နှစ်ပါးကိုဝင်စားပြီးလျှင် ထိုဈာန်မှထ၍ ဈာန်နှင့်ယှဉ်သည့်ပီတိကို ကုန်တတ်၊ ပျက်တတ်သောသဘောအားဖြင်သုံးသပ်၏။ ထိုပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ်ဖြင့်ရှုမြင်ခိုက်၌ ပီတိ၏သာမညလက္ခဏာကိုထိုးထွင်း၍သိခြင်းကြောင့် မတွေမဝေသောအားဖြင့် ပီတိကိုထင်စွာသိပေ၏။

ကြွင်းသည့် "သုခကိုထင်စွာသိသည်ဖြစ်၍ စိတ္တသင်္ခါရကိုထင်စွာသိသည်ဖြစ်၍" ဟူသောပုဒ်တို့ကိုလည်း ပီတိ၌ဆိုခဲ့ပြီးသည့်နည်းအတိုင်း အနက်အဓိပ္ပါယ်ကိုသိအပ်၏။ အထူးကား သုံးပါးသောဈာန်တို့၏အစွမ်းဖြင့် ကိုယ်၌ဖြစ်သောသုခ, စိတ်၌ဖြစ်သောသုခတို့ကို ထင်စွာသိခြင်းဖြစ်၏။ "သုခ"ဟူသည်မှာ ကိုယ်၌ဖြစ်သောသုခ, စိတ်၌ဖြစ်သော သုခဟူ၍ နှစ်ပါးအပြားရှိ၏။ "စိတ္တသင်္ခါရ"သည် ဝေဒနာ, သညာဟူသောခန္ဓာနှစ်ပါးကိုဆို၏။ လေးပါးသောဈာန်တို့၏အစွမ်းဖြင့် ဝေဒနာ, သညာဟူသောခန္ဓာနှစ်ပါးကိုထင်စွာသိ၏။

"စိတ္တသင်္ခါရကိုငြိမ်းစေလျက်" ဟူသည်မှာ ရုန့်ရင်းသောစိတ္တသင်္ခါရကို ငြိမ်းစေလျက်ချုပ်စေလျက်ဟုဆိုလို၏။

ဆိုဖွယ်အထူးကား ဤဒုတိယစတုက္ကတွင် "ပီတိကိုသိလျက်"ဟူသောပုဒ်၌ ပီတိကို ခေါင်းတပ်၍ ဝေဒနာကိုဟော၏။ "သုခကိုသိလျက်"ဟူသောပုဒ်၌ သရုပ်အားဖြင့်ပင်လျှင် ဝေဒနာကိုဟော၏၊ "စိတ္တသင်္ခါရကိုသိလျက်" "စိတ္တသင်္ခါရငြိမ်းစေလျက်"ဟူသည့်နှစ်ပုဒ်၌ "သညာ,ဝေဒနာဟူသောတရားတို့သည် စိတ်၌ယှဉ်ကုန်လျက် စိတ်နှင့်စပ်ကုန်သည်ဖြစ်၍ စိတ်ကပြုပြင်အပ်သော စိတ္တသင်္ခါရမည်ကုန်၏"ဟုဟောတော်မူသောကြောင့် သညာနှင့် နှင့်ယှဉ်သည့်ဝေဒနာကိုဟော၏။ သို့ဖြစ်၍ ဒုတိယစတုက္ကကို ဝေဒနာနုပဿနာနည်းဖြင့် ဟောထားသည်ဟု သိအပ်၏။

http://www.dhammadownload.com



၃။ တတိယစတုက္ကၠ၌လည်း လေးပါးသောဈာန်တို့၏အစွမ်းဖြင့် စိတ်ကိုထင်ရှားစွာ သိခြင်းကိုသိအပ်၏။ "စိတ်ကိုဝမ်းမြှောက်စေလျက်"ဟူသည်ကား စိတ်ကိုပီတိဖြင့် ဝမ်းမြောက်စေလျက် အထူးဝမ်းမြောက်စေလျက် ရွှင်စေလျက် အထူးရွှင်စေလျက် ဝင်သက် ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်သည်ကိုဆိုလို၏။ ထိုအရာ၌ သမာဓိ၏အစွမ်းအားဖြင့် လည်းကောင်း၊ ဝိပဿနာ၏အစွမ်းအားဖြင့်လည်းကောင်း၊ ဝမ်းမြောက်စေခြင်းသည် ဖြစ်၏။

သမာဓိ၏အစွမ်းဖြင့် အဘယ်သို့ဝမ်းမြောက်စေသနည်း။ ပီတိရှိသည့်ဈာန်နှစ်ပါးကို ဝင်စား၏၊ ထိုပုဂ္ဂိုလ်သည် ဈာန်ဝင်စားခိုက်၌ ယှဉ်ဖက်ပီတိဖြင့် စိတ်ကိုဝမ်းမြောက်စေ၏၊ အထူးဝမ်းမြောက်စေ၏။ ဝိပဿနာ၏အစွမ်းအားဖြင့် အဘယ်သို့ဝမ်းမြောက်စေသနည်း။ ပီတိရှိသည့်ဈာန်နှစ်ပါးကိုဝင်စား၏၊ ဈာန်မှထ၍ ဈာန်နှင့်ယှဉ်သောပီတိကိုကုန်တတ်, ပျက် တတ်သည်ဟုသုံးသပ်၏၊ ဤဝိပဿနာရှုခိုက်၌ ဈာန်နှင့်ယှဉ်သောပီတိကိုအာရုံပြုလျက် စိတ်ကိုဝမ်းမြောက်စေ၏၊ အထူးဝမ်းမြောက်စေ၏။

"စိတ်ကိုကောင်းစွာထား၍"ဆိုသည်ကား ပထမဈာန်စသည်၏အစွမ်းဖြင့် စိတ် ကိုအာရုံ၌အညီအညွတ်ကောင်းစွာထားသည်ဖြစ်၏။ တစ်နည်းကား ထိုဈာန်တို့ကို ဝင်စား ပြီးလျှင်ဈာန်မှထ၍ ဈာန်နှင့်ယှဉ်သောစိတ်ကို ကုန်တတ်, ပျက်တတ်သည်ဟု သုံးသပ်ဆင် ခြင်သောယောဂီအား ဝိပဿနာရှုခိုက်၌ အနိစ္စစသည့်လက္ခဏာကို အဖန်ဖန်ထိုးထွင်းသိ ခြင်းဖြင့် ခဏမျှတည်သောသမာဓိ(ခဏိကသမာဓိ)သည် ဖြစ်၏။ ဤခဏိကသမာဓိ၏အ စွမ်းဖြင့်လည်း စိတ်ကိုအာရုံ၌ အညီအညွတ်ကောင်းစွာထားသောယောဂီကို "စိတ်ကိုကောင်း စွာထား၍ ဝင်သက်ကိုဖြစ်စေအံ့၊ ထွက်သက်ကိုဖြစ်စေအံ့ဟုကျင့်၏"ဟူ၍ ဆိုအပ်၏။

"စိတ်ကိုလွတ်စေသည်ဖြစ်၍"ဆိုသည်ကား ပထမဈာန်ဖြင့် နီဝရဏတို့မှ စိတ်ကို လွတ်စေ၏၊ အထူးသဖြင့်လွတ်စေ၏၊ ဒုတိယဈာန်ဖြင့် ဝိတက်, ဝိစာရတို့မှလွတ်၏၊ တတိ ယဈာန်ဖြင့် ပီတိမှလွတ်၏၊ စတုတ္ထဈာန်ဖြင့် သုခ်ဒြေ, ဒုက္ခိန္ဒြေတို့မှ စိတ်ကိုလွတ်စေ၏၊ အထူးသဖြင့်လွတ်စေ၏။

တစ်နည်းကား ထိုဈာန်တို့ကိုဝင်စားပြီးလျှင် ထိုထိုဈာန်မှထ၍ ဈာန်နှင့်ယှဉ်သော စိတ်ကို ကုန်တတ်, ပျက်တတ်သောသဘောအားဖြင့် သုံးသပ်ဆင်ခြင်၏၊ ထိုယောဂီသည် ဝိပဿနာရှုခိုက်၌ အနိစ္စဟုရှုမြင်ခြင်းဖြင့် နိစ္စသညာမှစိတ်ကိုလွတ်စေ၏၊ ဒုက္ခဟု ရှုမြင် ခြင်းဖြင့် သုခသညာမှစိတ်ကိုလွတ်စေ၏၊ အနတ္တဟုရှုမြင်ခြင်းဖြင့် အတ္တသညာမှ စိတ် ကိုလွတ်စေ၏၊ သင်္ခါရတို့၌ငြီးငွေ့ဖွယ်ဟုရှုမြင်ခြင်းဖြင့် နှစ်သက်ခြင်း–နန္ဒီမှစိတ်ကိုလွတ် စေ၏၊ သင်္ခါရတို့၌ တပ်မက်ခြင်းကင်းအပ်သည်ဟု ရှုမြင်ခြင်းဖြင့် ရာဂမှ စိတ်ကိုလွတ်စေ ၏၊ သင်္ခါရတို့၏ချုပ်ပျောက်ခြင်းကိုရှုမြင်ခြင်းဖြင့် ဘဝတစ်ဖန်ဖြစ်ခြင်း–သမုဒယမှ စိတ် ကိုလွတ်စေ၏၊ သင်္ခါရတို့ကို စွန့်ပယ်အပ်သောအခြင်းအရာဖြင့် ရှုမြင်ခြင်းဖြင့် အနိစ္စ စသည် အစွမ်းဖြင့်ယူခြင်းတို့မှ စိတ်ကိုလွတ်စေလျက် ဝင်သက်ထွက်သက်ကိုဖြစ်စေအံ့ဟု

http://www.dhammadownload.com



ကျင့်၏ဟု ဆိုလို၏။ ဤသို့လျှင် တတိယစတုက္ကကို စိတ္တာနုပဿနာ၏အစွမ်းဖြင့် ဟောထားသည်ဟု သိအပ်၏။

၄။ စတုတ္ထစတုက္ကတွင် "အနိစ္စဟုအဖန်တလဲလဲရှုသည်ဖြစ်၍" ဆိုသည့်စကား၌ ရှေးဦးစွာ အနိစ္စ, အနိစ္စတာ, အနိစ္စာနုပဿနာ, အနိစ္စနုပဿီတို့ကို သိအပ်၏။

"အနိစ္စ"-မမြဲဟူသည်မှာ ခန္ဓာငါးပါးတို့တည်း။ ခန္ဓာငါးပါးသည် ဖြစ်ခြင်း, ပျက်ခြင်း, အထူးထူးဖြစ်စမှ ထူးသည့်တစ်ပါးသောအဖို့သို့ ပြောင်းလဲခြင်းရှိသောကြောင့် အနိစ္စ မည်၏။

"အနိစ္စတာ"ဟူသည်မှာ မြဲသောတရားမဟုတ်သည်၏အဖြစ်တည်း။ ထိုခန္ဓာငါးပါးတို့၏ဖြစ်ခြင်း, ပျက်ခြင်း, ဖြစ်စမှတစ်ပါးသောအခြင်းအရာဖြင့် ဖောက်ပြန်ခြင်းတည်း။ တစ်နည်းကား ဖြစ်၍ရုတ်တရက်ပျက်ခြင်း, မရှိခြင်းတည်း။ တစ်နည်းကား ခန္ဓာတို့၏ဖြစ်တိုင်းသောအခြင်းအရာအားဖြင့် မတည်မူ၍ ဘင်ခဏဖြင့် ပျက်ခြင်းတည်း။

"အနိစ္စာနုပဿနာ"ဟူသည်မှာ မမြဲဟုအဖန်တလဲလဲရှုခြင်းတည်း။ ထိုခဏိကဘင်ဟူသောအနိစ္စတာအစွမ်းဖြင့် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့၌ အနိစ္စ-မမြဲဟု အဖန်တလဲလဲရှုခြင်းပင်တည်း။

"အနိစ္စာနုပဿီ"ဆိုသည်ကား ရုပ်နာမ်သင်္ခါရတို့၌ မမြဲဟု အဖန်တလဲလဲရှုသောပုဂ္ဂိုလ်၏အဖြစ်တည်း။ တစ်နည်း ဆိုခဲ့ပြီးသောအနိစ္စာနုပဿနာနှင့်ပြည့်စုံသည့်ပုဂ္ဂိုလ်သည် အနိစ္စာနုပဿီမည်၏။

ထို့ကြောင့် ဤသို့အနိစ္စဟုအဖန်တလဲလဲရှုလျက် ဝင်သက်ထွက်သက်ကိုဖြစ်စေခြင်းကို "အနိစ္စဟုအဖန်တလဲလဲရှုသည်ဖြစ်၍ ဝင်သက်ထွက်သက်ကိုဖြစ်စေအံ့ဟုကျင့်သည်" မည်ပေ၏။

"သင်္ခါရတို့၏ကင်းကုန်ခြင်း-ဝိရာဂကို အဖန်တလဲလဲရှုသည်ဖြစ်၍" ဟုဆိုရာ၌ ဝိရာဂသည် ခယဝိရာဂ, အစ္စန္တဝိရာဂဟူ၍ နှစ်မျိုးရှိ၏။ ခယဝိရာဂ ဆိုသည်ကား သင်္ခါရတို့၏ ကုန်ခြင်း, ချုပ်ပျက်ခြင်း ဘင်ခဏကိုဆို၏။ အစ္စန္တဝိရာဂဆိုသည်ကား သင်္ခါရတို့၏စင်စစ်ချုပ်ရာနိဗ္ဗာန်ကိုဆို၏။ ထိုဝိရာဂနှစ်ပါးကိုမြင်သည်၏အစွမ်းဖြင့်ဖြစ်သော ဝိပဿနာသည်လည်းကောင်း၊ အရိယာမဂ်သည်လည်းကောင်း၊ ဝိရာဂါနုပဿနာမည်၏။ ထိုနှစ်ပါးသောအနုပဿနာနှင့်ပြည့်စုံလျက် ဝင်သက်ထွက်သက်ကိုဖြစ်စေသောပုဂ္ဂိုလ်ကို "ဝိရာဂကို တလုံလဲလဲရှုသည်ဖြစ်၍ ဝင်သက်ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်သည်ဟူ၍ သိအပ်၏။

"စေလွှတ်ခြင်း-ပဋိနိဿဂ္ဂကိုအဖန်တလဲလဲရှုသည်ဖြစ်၍"ဟု ဆိုရာ၌ စေလွှတ်ခြင်းသည် စွန့်လွှတ်ခြင်းဟူသောပရိစ္စာဂပဋိနိဿဂ္ဂ, ပြေးဝင်ခြင်း-စွန့်လွှတ်ခြင်းဟူသော ပက္ခန္ဒနပဋိနိဿဂ္ဂဟူ၍ နှစ်မျိုးရှိ၏။ စေလွှတ်ခြင်း-စွန့်လွှတ်ခြင်းပဋိနိဿဂ္ဂသည်ပင်လျှင်

http://www.dhammadownload.com



အဖန်တလဲလဲရှုခြင်း–အနုပဿနာဖြစ်၏၊ ထို့ကြောင့် ပဋိနိဿဂ္ဂါနုပဿနာမည်၏။ ဤအမည်သည် ဝိပဿနာနှင့် အရိယာမဂ်တို့၏အမည်ပေတည်း။

ချဲ့ဦးအံ့–ဝိပဿနာသည် ခန္ဓာကိုဖြစ်စေတတ်သော ကုသိုလ်ကံ, အကုသိုလ်ကံ ဟူသည့် အဘိသင်္ခါရနှင့်တကွ ကိလေသာတို့ကို တဒင်္ဂပဟာန်၏အစွမ်းဖြင့် စွန့်ပယ်တတ်၏၊ ထို့ကြောင့် ပရိစ္စာဂပဋိနိဿဂ္ဂမည်၏။ ထို့အပြင် သင်္ခတဖြစ်သော တေဘူမက သင်္ခါရတရားတို့၌ အနိစ္စတာစသောအပြစ်ကိုမြင်ခြင်းကြောင့် သင်္ခတတရားတို့၏ကင်းရာ အသင်္ခတဖြစ်သောနိဗ္ဗာန်၌ ညွတ်ကိုင်းသည်အဖြစ်ဖြင့် ပြေးဝင်ဟုတ်၏။ ထို့ကြောင့် ပက္ခန္ဒနပဋိနိဿဂ္ဂလည်းမည်၏။ အရိယာမဂ်သည် သမုစ္ဆေဒပဟာန်၏အစွမ်းဖြင့် ခန္ဓာအဘိသင်္ခါရတို့နှင့်တကွ ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်၍ စွန့်ပယ်တတ်၏၊ ထို့ကြောင့် ပရိစ္စာဂပဋိနိဿဂ္ဂလည်းမည်၏။ ထို့အပြင် အာရုံပြုသောအားဖြင့် နိဗ္ဗာန်၌ပြေးဝင်၏၊ ထို့ကြောင့် ပက္ခန္ဒနပဋိနိဿဂ္ဂလည်းမည်၏။

ထိုဝိပဿနာဉာဏ်, မဂ်ဉာဏ်နှစ်ပါးလုံးပင် ရှေးရှေးဉာဏ်တို့၏နောက်နောက်၌ရှုတတ်သောကြောင့် အနုပဿနာဟုဆိုအပ်၏။ ထိုပဋိနိဿဂ္ဂါနုပဿနာနှစ်ပါးနှင့် ပြည့်စုံလျက် ဝင်သက်ထွက်သက်တို့ကိုရှုမှတ်ခြင်းသည် "စေလွှတ်ခြင်း–ပဋိနိဿဂ္ဂကို အဖန်တလဲလဲရှုသည်ဖြစ်၍ ဝင်သက်ထွက်သက်တို့ကိုဖြစ်စေအံ့ဟုကျင့်၏"ဟူ၍ သိအပ်၏။

ဤစတုတ္ထစတုက္ကကို သမထနှင့်မရောယှက်ဘဲ ဝိပဿနာသက်သက်၏အစွမ်းဖြင့် သာလျှင်ဟောတော်မူ၏။ ရှေးစတုက္ကသုံးပါးတို့ကိုမူ သမထ–ဝိပဿနာနှစ်ပါးလုံး၏အစွမ်းဖြင့် ဟောတော်မူ၏။

**အာနာပါနဿတိကမ္မဋ္ဌာန်း၏အကျိုးများ**

အာနာပါနဿတိသမာဓိကိုပွားစေသည်ရှိသော် ကြီးသောအကျိုးရင်းနှင့် ကြီးသောအကျိုးဆက်ရှိပေ၏။ ဤစကားရပ်၌ "ရဟန်းတို့–ဤအာနာပါနဿတိသမာဓိကို ပွားစေသည်ရှိသော် အကြိမ်များစွာအလေ့အထပြုသည်ရှိသော် ငြိမ်လည်းငြိမ်သက်၏၊ မွန်မြတ်သည်လည်းဖြစ်၏" ဤသို့စသည်ဖြင့် ဟောတော်မူသောကြောင့် ငြိမ်သက်သည်၏အဖြစ်, မွန်မြတ်သည်၏အဖြစ်စသည်တို့၏အစွမ်းဖြင့်လည်း ကြီးသောအကျိုးရှိ၏၊ ဝိတက်ကိုဖြတ်နိုင်သည့်အစွမ်းရှိသောကြောင့်လည်း ကြီးသောအကျိုးရှိ၏။ မှန်ပေ၏။ ဤအာနာပါနဿတိကမ္မဋ္ဌာန်းသည် ငြိမ်သက်သည်အဖြစ်, မွန်မြတ်သည်အဖြစ်, သွန်းလောင်းထည့်စွက်အပ်သောအကြောင်းတစ်ပါးမရှိသည်အဖြစ်, ချမ်းသာစွာနေရသည်အဖြစ်တို့ကြောင့် သမာဓိ၏အန္တရာယ်ကိုပြုတတ်ကုန်သော ကာမဝိတက်စသည်တို့၏အစွမ်းဖြင့် ထိုထိုအာရုံသို့စိတ်၏ပြေးသွားခြင်းကိုပယ်ဖြတ်၍ ဘာဝနာစိတ်ကို ဝင်သက်ထွက်သက်အာရုံဆီသို့သာလျှင် ရှေးရှုဖြစ်နေအောင် ပြုတတ်ပေ၏။ ထို့ကြောင့်ပင် "မိစ္ဆာဝိတက်တို့ကို ပယ်ဖြတ်ခြင်းငှာ အာနာပါနဿတိကို ပွားစေအပ်၏"ဟုဟောတော်မူ၏။

http://www.dhammadownload.com



ထို့အပြင် ဝိဇ္ဇာဝိမုတ္တိဟူသော အာရိယာမဂ်နှင့်ဖိုလ်ပြည့်စုံခြင်း၏အခြေခံအကြောင်းရင်းအဖြစ်ဖြင့်လည်း ထိုအာနာပါနဿတိ၏ကြီးသောအကျိုးအာနိသင်ရှိသည့်အဖြစ်ကို သိအပ်၏၊ မှန်ပေ၏-အောက်ပါစကားကို မြတ်စွာဘုရားဟောတော်မူ၏။

*"ရဟန်းတို့-အာနာပါနဿတိကိုပွားစေအပ်သော် အကြိမ်များစွာအလေ့အလာပြုသည်ရှိသော် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စုံစေ၏။ သတိပဋ္ဌာန်လေးပါးတို့ကို ပွားစေအပ်သော် အကြိမ်များစွာအလေ့အလာပြုသည်ရှိသော် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စုံစေ၏။ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွားစေအပ်သော် အကြိမ်များစွာအလေ့အလာပြုသည်ရှိသော် ဝိဇ္ဇာမည်သောမဂ်နှင့်ဝိမုတ္တိမည်သောဖိုလ်ကို ပြည့်စုံစေ၏။"*

တစ်နည်းကား ဤဘဝ၏နောက်ဆုံးဝင်သက်ထွက်သက်လေတို့ကို ထင်ရှားသည့်အဖြစ်ကိုပြုတတ်သောကြောင့်လည်း ထိုအာနာပါနဿတိ၏ကြီးမားသောအကျိုးအာနိသင်ရှိသည်အဖြစ်ကို သိအပ်၏။ မှန်ပေ၏-အောက်ပါစကားကို မြတ်စွာဘုရားဟောကြားတော်မူ၏။

*"ချစ်သားရာဟုလာ၊ အာနာပါနဿတိကို ဤဆိုခဲ့သည့်အတိုင်းပွားစေအပ်သော် အကြိမ်များစွာအလေ့အလာပြုသည်ရှိသော် စုတေခါနီးနောက်ဆုံးကာလ၌ဖြစ်ကုန်သော အကြင်ဝင်သက်ထွက်သက်တို့သည် သိအပ်ကုန်သည်ဖြစ်၍ ချုပ်ကုန်၏။ မသိဘဲမချုပ်ကုန်။"*

ဤအာနာပါနကမ္မဋ္ဌာန်းမှတစ်ပါးသောကမ္မဋ္ဌာန်းကိုပွားစေ၍ အရဟတ္တဖိုလ်သို့ရောက်သောရဟန်းသည် အသက်၏အဆုံးအပိုင်းအခြားကို ပိုင်းခြားနိုင်သည်လည်းရှိ၏၊ မပိုင်းခြားနိုင်သည်လည်းရှိ၏။ ၁၆-ပါးသောအကြောင်းဝတ္ထု(တည်ရာဌာန)ရှိသော ဤအာနာပါနဿတိကမ္မဋ္ဌာန်းကိုပွားစေ၍ အရဟတ္တဖိုလ်သို့ရောက်သောရဟန်းသည်ကား အသက်၏အဆုံးအပိုင်းအခြားကို ပိုင်းခြားနိုင်သည်သာတည်း။ ထိုသို့သောရဟန်းသည် "ယခုအခါငါ၏အာယုသင်္ခါရတို့သည် ဤမျှလောက်သာ ဖြစ်ကုန်လတ္တံ့၊ ဤမှနောက်၌မဖြစ်ကုန်လတ္တံ့"ဟုသိပြီးလျှင် မိမိသဘောအလျောက် ကိုယ်ကိုသုတ်သင်ခြင်း၊ သင်းပိုင်ဝတ်ခြင်း၊ ကောသီကိုရုံခြင်းအစရှိသည့်ကိစ္စအားလုံးကိုပြုပြီးနောက် မျက်စိတို့ကိုမှိတ်လေ၏။အဘယ်ပုဂ္ဂိုလ်ကဲ့သို့နည်းဟူမူ ကောဋပဗ္ဗတကျောင်းတိုက်၌ သီတင်းသုံးသော တိဿမထေရ်၊ မဟာကရိဉ္ဇိယကျောင်းတိုက်၌ သီတင်းသုံးသောမဟာတိဿမထေရ်၊ ဒေဝပုတ္တတိုင်းကြီး၌ ပိဏ္ဍပါတိကတိဿမထေရ်၊ စိတ္တလတောင်ကျောင်းတိုက်နေ မထေရ်ညီနောင် ၂-ပါးတို့ကဲ့သို့တည်း။

တစ်ခုသောဝတ္ထုကား မထေရ်ညီနောင်၂-ပါးတို့တွင် တစ်ပါးသောမထေရ်သည် လပြည့်ဥပုသ်နေ့၌ ပါတိမောက်ကိုပြပြီးလျှင် ရဟန်းအပေါင်းခြံရံလျက် မိမိနေရာအရပ်သို့သွား၍ စင်္ကြံ၌ရပ်လျက် လရောင်ဖြင့်ဖွေးဖွေးလက်လက်တင့်တယ်သောကောင်းကင်ကိုလည်းကောင်း၊ ငွေပြားပမာ သဲခင်းထားသည့်မြေအပြင်ကိုလည်းကောင်း ကြည့်ရှု၍ မိမိ

http://www.dhammadownload.com



၏အာယုသင်္ခါရတို့ကိုဆင်ခြင်ရာ သူ့ကတ်တမ်းကုန်ပြီကိုသိ၏။

ထို့နောက် ရဟန်းသံဃာတို့အား "ငါ့ရှင်တို့–သင်တို့သည် အဘယ်–ဣရိယာပုထ်ဖြင့် ပရိနိဗ္ဗာန်စံကြသောရဟန်းတို့ကို မြင်ဖူးကြသနည်း"ဟုမေး၏။ ရဟန်းအချို့က"နေရာ၌ ထိုင်နေလျက်သာလျှင် ပရိနိဗ္ဗာန်စံကြသည်ကို တပည့်တော်တို့မြင်ဖူးပါသည်"ဟု လျှောက်ကုန်၏။ အချို့ကမူ "ကောင်းကင်၌ထက်ဝယ်ဖွဲ့ခွေကာ ထိုင်နေလျက် ပရိနိဗ္ဗာန် စံကြသည်ကိုမြင်ဖူးပါသည်"ဟု လျှောက်ကုန်၏။

ထိုအခါ ရဟန္တာမထေရ်က "ယခုငါသည် သင်တို့အား စင်္ကြံသွားလျက်သာလျှင် ပရိနိဗ္ဗာန်စံသည်ကို ပြပေအံ့"ဟုဆို၍ စင်္ကြံလမ်း၌ အရေးအကြောင်းကိုပြု၏။ "ငါ့ရှင်တို့–ငါသည် ဤစင်္ကြံစွန်းမှဟိုမှာဘက်စင်္ကြံစွန်းသို့ သွားပြီးလျှင် တစ်ဖန်ပြန်လာ၍ တစ်ဖက်သောခြေဖြင့်အရေးအကြောင်းကိုနင်းမိသည်နှင့် တစ်ပြိုင်နက် ပရိနိဗ္ဗာန်ပြုပေအံ့" ဟုဆို၍ စင်္ကြံသို့တက်ကာ တစ်ဖက်စွန်းသို့သွားပြီးလျှင် ပြန်လာသည့်အခါ ခြေတစ်ဖက်ဖြင့် အရေးအကြောင်းကိုနင်းမိသည်နှင့်တစ်ပြိုင်နက် ပရိနိဗ္ဗာန်ပြုလေ၏။

ထိုသို့ အာနာပါနဿတိကမ္မဋ္ဌာန်းကို ပွားများခြင်း၏အကျိုးအာနိသင်တို့သည် ကြီးကျယ်များပြားလှသဖြင့် ပညာရှိသောပုဂ္ဂိုလ်သည် ဤအာနာပါနဿတိကမ္မဋ္ဌာန်းကို အခါခပ်သိမ်းနေ့ညဉ့်မပြတ် မမေ့မလျော့ကြိုးစားအားထုတ်ရာ၏။

* ဥပသမာနုဿတိကိုပြခြင်း

ဥပသမာနုဿတိကမ္မဋ္ဌာန်းကို ပွားလိုသောပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ကပ်ရောက်၍ အထူးထူးသောအာရုံမှ ပုန်းရှောင်ကိန်းအောင်ပြီးလျှင် အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောအပ်သည့် အလုံးစုံသောဝဋ်ဆင်းရဲတို့၏ငြိမ်းရာဖြစ်သည့် နိဗ္ဗာန်၏ဂုဏ်ကျေးဇူးတို့ကို အဖန်ဖန်အထပ်ထပ် အောက်မေ့ဆင်ခြင်အပ်၏။ ဟောကြားသည့်ပါဠိတော်မှာ–

*"ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ ဝါ အသင်္ခတာ ဝါ ဝိရာဂေါ တေသံ ဓမ္မာနံ*
*အဂ္ဂမက္ခာယတိ၊ ယဒိဒံ မဒနိမ္မဒနော ပိပါသဝိနယော အာလယ–*
*သမုဂ္ဃာတော ဝဋ္ဋုပစ္ဆေဒေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ"*

**အဓိပ္ပါယ်ရှင်းလင်းချက်**

**ယာဝတာ** – အကြင်မျှလောက်ကုန်သော

**ဓမ္မာ** – ပရမတ္ထအားဖြင့်ထင်ရှားရှိသောသဘောတရားများ၊

**သင်္ခတာ ဝါ အသင်္ခတာ ဝါ** – တစ်စုံတစ်ခုသောအကြောင်းမျှချို့တဲ့ခြင်းမရှိဘဲ အညီအညွတ်ပေါင်းဆုံစုဝေး၍ လျော်သောအကြောင်းပစ္စည်းတို့က ဖြစ်စေအပ်သည့် သင်္ခတတရားတို့သည်လည်းကောင်း၊ တစ်စုံတစ်ခုသောအကြောင်းကမျှမဖြစ်စေအပ်သော အသင်္ခတတရားတို့သည်လည်းကောင်းဟူ၍ ဆိုလို၏။

**ဝိရာဂေါ တေသံ ဓမ္မာနံ အဂ္ဂမက္ခာယတိတိ** – သင်္ခတတရား၊ အသင်္ခတတရားတို့တွင်

http://www.dhammadownload.com



ကိလေသာတို့၏ချုပ်ရာ ပျက်ပြယ်ရာ (ဝိရာဂ) ဖြစ်သော နိဗ္ဗာန်ကို အထူးသဖြင့်မြတ်၏ဟု ဆိုအပ်၏။ ထိုစကား၌ "ဝိရာဂ"သည် ရာဂ၏မရှိခြင်း အဘာဝမျှသာလျှင်မဟုတ်၊ စင်စစ်သော်ကား "ယဒိဒံ မဒနိမ္မဒနော---(လ)---နိဗ္ဗာနံ"ဟူ၍ ဆက်ဟောထားသည့်နှင့်အညီ 'မဒနိမ္မဒန'စသည့် အမည်တို့ကို အကြင်အသင်္ခတလက္ခဏာရှိသောသဘာဝတရားသည် ရ၏။ ထိုအသင်္ခတလက္ခဏာရှိသောသဘာဝတရားသည် "ဝိရာဂ" ဖြစ်ပေ၏။

ဤစကားသည် မှန်၏။ အကြင်ကြောင့် ထိုအသင်္ခတနိဗ္ဗာန်သို့ရောက်သော် အလုံးစုံသောမာန်ထောင်လွှားမှုဟူသည့် ယစ်ခြင်း,ယောကျ်ားအဖြစ်ကိုမှီ၍ဖြစ်သော မာန်ယစ်ခြင်းဟုဆိုအပ်သော ယစ်စေတတ်သည့်မာန်တို့သည် ယစ်ခြင်းသတ္တိကင်းကုန်၏၊ ချုပ်ပျောက်ကုန်၏၊ ထို့ကြောင့် ထိုအသင်္ခတတရားဖြစ်သောနိဗ္ဗာန်ကို "မဒနိမ္မဒန"ဟု ဆိုအပ်၏။

ထို့အပြင် ထိုအသင်္ခတတရားဖြစ်သောနိဗ္ဗာန်ကိုစွဲ၍ အလုံးစုံသောကာမတဏှာ အဆာအလောင်တို့သည် ချုပ်ခြင်းသို့ရောက်၏၊ ထို့ကြောင့် ထိုအသင်္ခတနိဗ္ဗာန်သည် "ပိပါသဝိနယ"ဟု ဆိုအပ်၏။

ထိုအသင်္ခတဓမ္မနိဗ္ဗာန်ကိုအစွဲပြု၍ သတ္တဝါတို့၏ကပ်ငြိမှီတွယ်ရာဖြစ်သော ကာမဂုဏ်ငါးပါးတို့သည် အကြွင်းမဲ့ပြတ်ခြင်းသို့ ရောက်ကုန်၏၊ ထို့ကြောင့် ထိုအသင်္ခတနိဗ္ဗာန်ကို "အာလယသမုဂ္ဃာတ"ဟု ဆိုအပ်၏။

ထိုအသင်္ခတနိဗ္ဗာန်ကိုအစွဲပြု၍ ဘုံသုံးပါး၌ဖြစ်ကုန်သော ကမ္မဝဋ်, ကိလေသဝဋ်, ဝိပါကဝဋ်တို့သည် ပြတ်ကုန်၏၊ ထို့ကြောင့် ထိုအသင်္ခတနိဗ္ဗာန်ကို "ဝဋ္ဋုပစ္ဆေဒ"ဟု ဆိုအပ်၏။

ထိုအသင်္ခတနိဗ္ဗာန်ကိုအစွဲပြု၍ အလုံးစုံသောတဏှာသည် ကုန်ခြင်းသို့ရောက်၏၊ ပျက်၏၊ ချုပ်၏၊ ထို့ကြောင့် ထိုအသင်္ခတနိဗ္ဗာန်ကို "တဏှာက္ခယော ဝိရာဂေါ နိရောဓော" ဟူ၍ ဆိုအပ်၏။

ထို့အပြင် ဤအသင်္ခတနိဗ္ဗာန်သည် ယောနိလေးပါး, ဂတိငါးပါး, ဝိညာဏ်၏တည်ရာခုနစ်ပါး, သတ္တဝါတို့၏တည်နေရာကိုးပါးတို့ကို တစ်ပါးပြီးတစ်ပါး အဆက်ဆက်ဖြစ်ရန်ဖွဲ့ချည်ချုပ်တွယ်တတ်သောကြောင့် ဝါနဟူ၍ခေါ်အပ်သည့်တဏှာမှလွတ်မြောက်၏၊ ကင်းရှင်း၏၊ တဏှာနှင့်မယှဉ်သည်ဖြစ်၏၊ ထို့ကြောင့် "နိဗ္ဗာန်"ဟုဆိုအပ်၏၊ ထို့ကြောင့် ယုံကြည်အပ်၏။

### ဥပသမာနုဿတိကို ရှုပွားပုံ

ဤဆိုခဲ့ပြီးသောနည်းအတိုင်း မဒနိမ္မဒနအစရှိကုန်သောဂုဏ်ကျေးဇူးတို့၏အစွမ်းဖြင့် ဒုက္ခခပ်သိမ်းအေးငြိမ်းရာနိဗ္ဗာန်ကို အောက်မေ့ဆင်ခြင်အပ်၏။ အကျဉ်းရှုပွားရန်ကား–

"ရဟန်းတို့–အကြင်မျှလောက်သောသင်္ခတတရားများနှင့် အသင်္ခတတရားတို့ရှိကြကုန်၏၊ ထိုတရားတို့တွင်–

(၁) မာန်ထောင်လွှားခြင်း, ယစ်ခြင်း၏ကင်းရာဖြစ်သော၊(မဒနိမ္မဒန)

http://www.dhammadownload.com



(၂) ကာမတဏှာအဆာအလောင်တို့၏လည်း ကင်းချုပ်ရာဖြစ်သော၊(ပိပါသဝိနယ)
(၃) သတ္တဝါတို့၏ငြိတွယ်ရာ ကာမဂုဏ်ငါးပါးကို အကြွင်းမဲ့ဖြတ်ရာလည်းဖြစ်သော၊ (အာလယသမုဂ္ဃါတ)
(၄) ဝဋ်သုံးပါးတို့၏ပြတ်ရာလည်းဖြစ်သော၊(ဝဋ္ဋုပစ္ဆေဒ)
(၅) တဏှာ၏ကုန်ရာပျက်ရာချုပ်ရာဖြစ်သော၊(တဏှက္ခယော)
(၆) ဝါနဟုဆိုအပ်သည့်တဏှာမှထွက်မြောက်ရာဖြစ်သော၊(နိဝါန)
(၇) ကိလေသာတရားတို့၏ကင်းရာချုပ်ရာ ဝိရာဂမည်သောနိဗ္ဗာန်ကို အထူးသဖြင့်မြတ်၏ဟု ဟောတော်မူ၏" -

ထို့အပြင်မြတ်စွာဘုရားသည် ရဟန်းတို့အား အသင်္ခတမည်သောနိဗ္ဗာန်၏အခြားဂုဏ်ရည်များကို ဟောကြားတော်မူ၏။ နိဗ္ဗာန်သည်-

(၁) မချွတ်မယွင်း မှန်သောသစ္စာတရား - 'သစ္စ' မည်၏၊
(၂) သံသရာ၏ဟိုမှာဘက်ကမ်းဖြစ်သောတရား - 'ပါရ' မည်၏၊
(၃) အလွန်မြင်နိုင်ခဲသောတရား - 'သုဒုဒ္ဒသ' မည်၏၊
(၄) အိုခြင်းကင်းသောတရား - 'အဇရ' မည်၏၊
(၅) ခိုင်မြဲသောတရား - 'ဓုဝ' မည်၏၊
(၆) တဏှာ, မာန, ဒိဋ္ဌိဟူသည့် ပပဉ္စတရားတို့၏ ကင်းရာဖြစ်သောတရား-'နိပ္ပပဉ္စ'မည်၏
(၇) သေခြင်းကင်းသောတရား - 'အမတ' မည်၏။
(၈) ငြိမ်းအေးရာဖြစ်သောတရား - 'သိဝ' မည်၏။
(၉) ဥပါဒ်ဘေးရန်ကင်းရာဖြစ်သောတရား - 'ခေမ' မည်၏၊
(၁၀) မဖြစ်စဖူး အလွန်ထူးသောတရား - 'အဗ္ဘုတ' မည်၏၊
(၁၁) အကျိုးယုတ်အကျင်းမဲ့တို့၏ကင်းရာဖြစ်သောတရား - 'အနီတိက' မည်၏၊
(၁၂) ဆင်းရဲခပ်သိမ်းလွတ်ငြိမ်းရာဖြစ်သည့်တရား - 'အဗျာပဇ္ဈ' မည်၏၊
(၁၃) အထူးသဖြင့်စင်ကြယ်သောတရား - 'ဝိသုဒ္ဓိ' မည်၏၊
(၁၄) ရေလယ်မှာထွန်းသည်ကျွန်းကြီးပမာမှီခိုရာဖြစ်သည့်တရား - 'ဒီပ' မည်၏၊
(၁၅) ဆင်းရဲဟူသမျှမှ ကာကွယ်စောင့်ရှောက်တတ်သောတရား - 'တာဏ' မည်၏၊
(၁၆) ဆင်းရဲဟူသမျှမှလုံခြုံအောင် ပုန်းအောင်းမှီခိုရာဖြစ်သည့်တရား - 'လေဏ' မည်၏။

ဤသို့ဟောအပ်သောဂုဏ်တို့၏အစွမ်းဖြင့်လည်း နိဗ္ဗာန်ကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်အပ်၏။ ထိုသို့နိဗ္ဗာန်၏ဂုဏ်တို့ကို အဖန်တလဲလဲဆင်ခြင်နေသောပုဂ္ဂိုလ်အား ထိုအောက်မေ့သည့်အခိုက်အခါ၌ ရာဂထကြွသောင်းကျန်းသောစိတ်သည် မဖြစ်၊ ဒေါသထကြွသောင်းကျန်းသောစိတ်သည် မဖြစ်၊ မောဟထကြွသောင်းကျန်းသောစိတ်သည်မဖြစ်၊ ထိုပုဂ္ဂိုလ်၏စိတ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ ဖြောင့်မတ်နေသည်သာလျှင် ဖြစ်၏။

ဤသို့လျှင် ဗုဒ္ဓါနုဿတိစသည်တို့၌ ဆိုခဲ့သည့်နည်းအတိုင်း နီဝရဏကင်းကွာ

http://www.dhammadownload.com



ပြီးသောထိုယောဂီအား တစ်ခုသောခဏ၌ ဈာန်အင်္ဂါတို့သည် ဖြစ်ပေါ်ကုန်၏။ သို့သော် နိဗ္ဗာန်၏ဂုဏ်ကျေးဇူးတို့သည် နက်နဲလှသောကြောင့်လည်းကောင်း၊ အထူးထူးအပြားပြား များလှသည့်ဂုဏ်တို့ကို အောက်မေ့ခြင်း၌ နှလုံးသွင်းညွှတ်ကိုင်းခြင်းကြောင့်လည်းကောင်း၊ အပ္ပနာဈာန်သို့မရောက်မူ၍ ဥပစာရဈာန်မျှသာ ဖြစ်ပေ၏။ ထိုဥပစာရဈာန်သည် နိဗ္ဗာန်၏ ဂုဏ်ကို အဖန်တလဲလဲအောက်မေ့သည်၏အစွမ်းဖြင့်ဖြစ်သောကြောင့် 'ဥပသမာနုဿတိ' ဟူ၍သာလျှင် ရေတွက်ခေါ်ဝေါ်ခြင်းသို့ရောက်၏။

ဤဥပသမာနုဿတိသည် ဗုဒ္ဓါနုဿတိစသည့်အနုဿတိ ၆-ပါးတို့ကဲ့သို့ အရိယာ သာဝကအားသာလျှင် ပြည့်စုံပေ၏။ ဤသို့ဖြစ်ငြားသော်လည်း နိဗ္ဗာန်ကို အလေးအမြတ် ပြုသောအားဖြင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်း နှလုံးသွင်းအပ်ပေ၏။ မှန်ပေ၏-ကြားနာ ရသောသုတ၏အစွမ်းဖြင့်လည်း ငြိမ်းအေးသည့်နိဗ္ဗာန်၌ စိတ်သည်ကြည်လင်တတ်, ကြည် ညိုတတ်ပေ၏။

ဥပသမာနုဿတိရှုပွားခြင်း၏အကျိုးများ

ဥပသမာနုဿတိကမ္မဋ္ဌာန်းကို အားထုတ်သောရဟန်းသည်

(၁) ချမ်းသာစွာအိပ်ရ၏၊ (၂) ချမ်းသာစွာနိုးရ၏၊

(၃) ငြိမ်သက်သောဣန္ဒြေရှိ၏၊ (၄) ငြိမ်သက်သောစိတ်ရှိ၏၊

(၅) အရှက်အကြောက်ဟိရီ, ဩတ္တပ္ပနှင့်ပြည့်စုံ၏၊

(၆) ကြည်ညိုဖွယ်ကိုဆောင်၏၊ (၇) မွန်မြတ်သောနှလုံးသွင်းခြင်းရှိ၏၊

(၈) သီတင်းသုံးဖော်တို့က အလေးဂရုပြုအပ်သူ စိတ်နှလုံးကိုပွားစေသူဖြစ်၏။

(၉) အထက်မဂ်ဖိုလ်တရားထူးကိုမသိငြား, မရငြားသော်လည်း သုဂတိလျှင် လားရာ ရှိပေ၏။

ထိုသို့ များစွာသောအကျိုးရှိသည့်အဖြစ်ကြောင့် အမြော်အမြင်ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံ သောပုဂ္ဂိုလ်သည် ဤဆိုခဲ့သည့်အတိုင်း ကြီးကျယ်သည့်အကျိုးထူးအာနိသင်ရှိသော မြတ် သော ပူပန်ခပ်သိမ်းငြိမ်းအေးရာနိဗ္ဗာန်၌ အောက်မေ့မှု-သတိကိုမမေ့မလျော့စေမူ၍ အဖန် တလဲလဲပွားများရာ၏။

* ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေများ

၁။ လူသားတိုင်းအတွက် ပုံသေသတ်မှတ်ချက်ကင်းမဲ့သောအကြောင်းအရာ(၅)မျိုးတို့ကို ပြည့်စုံစွာရှင်းလင်းဖော်ပြခဲ့ပါ။(၁၉၈၅)

*[အဖြေ-လူသားတိုင်းအတွက် ပုံသေသတ်မှတ်ချက်ကင်းမဲ့သောအကြောင်းအရာ (၅)မျိုးတို့မှာ-*

*(၁) သတ္တဝါတို့၏အသက်၊ (၂) သေစေမည့်အနာရောဂါ၊ (၃) သေရာကာလ၊ (၄) အသေကောင်ကိုပစ်ချရာအရပ်၊ (၅) လားရာဂတိတို့ဖြစ်ပါသည်။*

http://www.dhammadownload.com



သတ္တဝါတို့၏အသက်သည် "ဤမျှသာရှင်နိုင်သည်၊ ဤမှနောက်၌မရှင်နိုင်"ဟုသတ်မှတ်ထားခြင်းမရှိ။ သတ္တဝါတို့သည် ကလလရေကြည်ဖြစ်ရာအခါ၌လည်းသေကြ၏၊ အမြှုပ်ဖြစ်ရာကာလ, သားတစ်ဖြစ်ရာကာလ, အခဲဖြစ်ရာကာလ, တစ်လအရွယ်, သုံးလအရွယ်, မွေးဖွားပြီးစကာလစသည်၌လည်း သေကြ၏၊ အနှစ်တရာအတွင်းအပ၌လည်း သေကြ၏။

အနာရောဂါသည်လည်း ဤမည်သောအနာရောဂါဖြင့် သတ္တဝါတို့သေကုန်၏၊ အခြားသောရောဂါဖြင့်မသေကုန်ဟု သတ်မှတ်ထားခြင်းမရှိ။ သတ္တဝါတို့သည်မျက်စိရောဂါဖြင့်လည်းသေကြ၏၊ နားရောဂါစသည့်အခြားရောဂါဖြင့်လည်း သေကြ၏။

အချိန်ကာလသည်လည်း ဤမည်သောကာလ၌သာ သေအပ်၏၊ အခြားကာလ၌ မသေအပ်ဟူ၍ သတ်မှတ်ထားခြင်းမရှိသဖြင့် သိနိုင်သောအမှတ်နိမိတ်မရှိချေ။ သတ္တဝါတို့သည် နံနက်ပိုင်း၌လည်း သေကြ၏၊ နေ့လည်ပိုင်းစသည်တို့၌လည်း သေကြ၏။

သေပြီးနောက် အလောင်းကောင်ကို ပစ်ချရာအရပ်သည်လည်း သတ်မှတ်ထားခြင်းမရှိချေ။ ဥပမာ ရွာတွင်း၌မွေးခဲ့သူ၏အလောင်းကောင်ကို ရွာပြင်၌ပစ်ချကုန်၏၊ ရွာပြင်၌မွေးခဲ့သူ၏အလောင်းကောင်ကို ရွာတွင်း၌ပစ်ချကုန်၏၊ ကုန်းပေါ်၌ မွေးဖွားခဲ့သူ၏အလောင်းကောင်ကို ရေ၌ပစ်ချကြ၏၊ ဤသို့များစွာချဲ့အပ်၏။

လားရာဂတိသည်လည်း "လူ့ပြည်မှသေဆုံးသူတို့သည် လူ့ပြည်၌ဖြစ်ရာ၏" စသည်ဖြင့် သတ်မှတ်ထားခြင်းမရှိသဖြင့် သိနိုင်ကြောင်းအမှတ်နိမိတ်မရှိပေ။ နတ်ပြည်မှစုတေကြသူတို့သည် လူ့ပြည်၌ဖြစ်ကြ၏။ လူ့ပြည်မှစုတေသူတို့သည် နတ်ပြည်စသည့် အမှတ်မရှိသောဘုံဌာနတစ်ခုခု၌ ဖြစ်ကြ၏။ ဆီကြိတ်ဆုံ၌တပ်အပ်သောနွားကဲ့သို့ သတ္တဝါတို့သည် ဂတိငါးပါး၌ တပြောင်းပြန်ပြန်ကျင်လည်ကြရ၏။]

၂။ "ငါသည်ကေန်မုချသေရလတ္တံ့"ဟု မရဏာဿတိပွားများခြင်းသည် "အပျက်မြင်ဝါဒဖြစ်သည်"ဟု ဉာဏ်မဲ့သူတို့၏ကဲ့ရဲ့မှုကို မရဏာဿတိပွားများသဖြင့် ကေန်ရရှိနိုင်သည့်အကျိုးများကိုဖော်ပြလျက် အချက်ကျကျဖြေရှင်းပြပါ။(၁၉၈၇)

[အဖြေ–မရဏာဿတိပွားများသဖြင့် ကေန်ရနိုင်သည့်အကျိုးများမှာ–

(၁) သေခြင်းကိုအဖန်ဖန်အထပ်ထပ်နှလုံးသွင်းသည်၏အစွမ်းဖြင့် အဖန်တလဲလဲမှီဝဲခြင်းဟူသည့် အာသေဝနပစ္စည်းကိုရ၏၊ သေခြင်းလျှင်အာရုံရှိသောသတိသည် တည်၏။

(၂) နီဝရဏတို့ငြိမ်းကုန်၏၊ ဈာန်အင်္ဂါတို့ထင်ရှားစွာဖြစ်ပေါ်ကြ၏။ ဥပစာရဈာန်ရ၏။

(၃) အဖန်တလဲလဲအားထုတ်သောရဟန်းသည် မပြတ်မမေ့မလျော့ချေ။

(၄) အလုံးစုံသောဘဝဂတိ၌ မမွေ့လျော်ခြင်းဟူသောအမှတ်သညာကိုရ၏၊

(၅) အသက်၌ကပ်ငြိတွယ်တာခြင်းဟူသည့် နိကန္တိတဏှာကို ပယ်စွန့်၏၊

http://www.dhammadownload.com



(၆) မကောင်းမှုကိုစက်ဆုပ်၏၊
(၇) သိမှီးသိမ်းဆည်းခြင်းမများခြင်းသည် ဖြစ်၏၊
(၈) ပစ္စည်းပရိက္ခရာတို့၌ဝန်တိုမှုကင်း၏။
(၉) ထိုယောဂီအား အနိစ္စသညာသည်လည်း လေ့လာခြင်းသို့ရောက်၏၊
(၁၀) ထိုအနိစ္စသညာကိုလေ့လာခြင်းကြောင့် ဒုက္ခသညာ, အနတ္တသညာတို့သည်လည်း ထင်၏။
(၁၁) မရဏာဿတိကမ္မဋ္ဌာန်းကို မပွားသောသူတို့သည် သေခါနီးကာလ၌ သားရဲ, ဘီလူး, မြွေ, ဓားပြ, သူ့နိုး, လူသတ်သမားတို့၏ ရုတ်တရက်အနှိပ်စက်ကိုခံရသကဲ့သို့ ကြောက်ခြင်း, ထိတ်လန့်ခြင်း, တွေဝေခြင်းသို့ရောက်ကုန်၏။ မရဏာဿတိပွားသူတို့သည် ကြောက်ခြင်း, ထိတ်လန့်ခြင်း, တွေဝေခြင်းမရှိဘဲ သေကြရ၏။
(၁၂) အကယ်၍ မျက်မှောက်ဘဝ၌ အမြိုက်နိဗ္ဗာန်ကို မရသည်ရှိသော် ခန္ဓာကိုယ်ပျက်ကြွေ၍သေသည်မှနောက်၌ သုဂတိဘဝသို့ ရောက်ရ၏။

သို့ဖြစ်၍ "ငါသည်ကေန်မုချသေရလတ္တံ့"ဟု မရဏာဿတိပွားများခြင်းသည် ဉာဏ်မဲ့သူတို့ကဲ့ရဲသကဲ့သို့ အပျက်မြင်ဝါဒမဟုတ်ဘဲ အကျိုးတရားမြောက်များစွာကို လက်ငင်းရရှိစေနိုင်သောသူတော်ကောင်းတို့၏ မြင့်မြတ်သည့်ဘာဝနာလုပ်ငန်းတစ်ရပ် ဖြစ်ပေသည်]

၃။ သတ္တဝါတို့ အသက်ဆက်လက်ရှင်သန်ရေး၌ အရေးတကြီးဆက်စပ်လျက်ရှိသော အချက်ကြီးငါးချက်ကိုတင်ပြခဲ့ပါ။(၁၉၈၉)

[အဖြေ – သတ္တဝါတို့အသက်ဆက်လက်ရှင်သန်ရေး၌ အရေးတကြီးဆက်စပ်လျက်ရှိသောအချက်ကြီးငါးချက်မှာ (၁)ထွက်သက်ဝင်သက်၊ (၂)ဣရိယာပုထ်၊ (၃)အအေးအပူ၊ (၄)မဟာဘုတ်ဓါတ်ကြီးလေးပါး၊ (၅)အာဟာရတို့ ဖြစ်ကြ၏။

(၁) ထွက်သက်ဝင်သက်တို့၏အညီအမျှဖြစ်ခြင်းကိုရသော်သာလျှင် ဤအသက်သည်တည်၏၊ အပသို့ထွက်သက်လေထွက်ပြီး ဝင်သက်လေမဝင်လျှင်သော်လည်းကောင်း၊ ဝင်သက်လေဝင်ပြီးနောက် ပြန်မထွက်လျှင်သော်လည်းကောင်း၊ သေခြင်း ရောက်လာမည်ဖြစ်၏။

(၂) ထို့အတူ ဣရိယာပုထ်လေးပါးတို့ မျှတညီညွတ်သောအဖြစ်ကိုရသော်သာလျှင် အသက်သည်တည်၏၊ ဣရိယာပုထ်တစ်ပါးပါးလွန်ကဲလျှင်ကား အာယုသင်္ခါရခေါ် အသက်ဆိုင်ရာရုပ်နာမ်တို့ပြတ်စဲကုန်၏။

(၃) အချမ်းအပူဥတုတို့၏ညီညွတ်မျှတခြင်းကိုရသော်သာလျှင် အသက်သည်တည်၏၊ အအေးလွန်ကဲလျှင်ဖြစ်စေ၊ အပူလွန်ကဲလျှင်ဖြစ်စေ၊ အသက်သည်ဖောက်ပြန် ပျက်စီးတတ်၏။

(၄) မဟာဘုတ်လေးပါးတို့ညီညွတ်မျှတခြင်းကိုရသော်သာလျှင် အသက်သည်တည်

http://www.dhammadownload.com



၏၊ ဓာတ်တစ်ပါးပါးဖောက်ပြန်လျှင် အသက်ကုန်ခြင်းသို့ရောက်၏။

(၅) အစာအာဟာရကိုလည်း လိုအပ်သောအခါများ၌ မှန်မှန်ရနေမှသာလျှင် အသက်ရှင်နေနိုင်၏၊ မရလျှင်ကား သေခြင်းသို့ရောက်ရ၏။]

၄။ လူတို့၏အသက်ရှင်ရာခဏသည် ပရမတ္ထအမြင်ဖြင့်ကြည့်လျှင် အလွန်တိုတောင်းလှပုံကို ရထားဘီးဥပမာနှင့်တကွ တင်ပြခဲ့ပါ။(၁၉၉၀)

[အဖြေ – လူတို့၏အသက်ရှင်ရာခဏသည် ပရမတ္ထအမြင်ဖြင့်ကြည့်လျှင် အလွန်တိုတောင်းလှ၏၊ စိတ်တစ်ခု၏ဖြစ်ပျက်ခိုက်မျှသာ (ဝါ) စိတ္တက္ခဏတစ်ချက်မျှသာ ရှိချေ၏။ ဥပမာကား ရထားဘီးသည် လိမ့်သွားစဉ်အခါ တစ်ခုသောအကွပ်၏တစ်စိတ်ဖြင့်သာလျှင် လိမ့်၍သွား၏၊ ရပ်နေစဉ်အခါ၌လည်း ထိုအကွပ်၏တစ်စိတ်ဖြင့်သာလျှင် ရပ်တည်၏။ ဤအတူပင် သတ္တဝါတို့၏အသက်ရှင်ခြင်းသည် စိတ္တက္ခဏတစ်ချက်မျှသာကြာ၏။ ထိုစိတ်ချုပ်သော် သတ္တဝါသေဆုံးသည်မည်၏။

"အတိတ်စိတ္တက္ခဏ၌ အသက်ရှင်ဖူးပြီး၊ အသက်ရှင်ဆဲမဟုတ်၊ ရှင်လတ္တံ့လည်းမဟုတ်။ အနာဂတ်စိတ္တက္ခဏ၌ အသက်ရှင်ပြီးမဟုတ်၊ ရှင်ဆဲလည်းမဟုတ်၊ အသက်ရှင်လတ္တံ့တည်း။ ပစ္စုပ္ပန်စိတ္တက္ခဏ၌ အသက်ရှင်ပြီးမဟုတ်၊ ရှင်လတ္တံ့လည်းမဟုတ်၊ အသက်ရှင်ဆဲဖြစ်၏"ဟုဟောတော်မူ၏။

အသက်ဇီဝိတိန္ဒြေသည်လည်းကောင်း၊ ကိုယ်အတ္တဘောသည်လည်းကောင်း၊ သုခဝေဒနာ, ဒုက္ခဝေဒနာတို့သည်လည်းကောင်း၊ နိစ္စ–မြဲသည်အဖြစ်, အတ္တအဖြစ်တို့နှင့် မရောယှက်၊ သက်သက်သီးခြားသောသဘောတရားတို့ပေတည်း။ ထိုတရားတို့၏ဖြစ်ခြင်း ခဏသည် လျင်မြန်လှပေ၏။

သေလွန်ပြီးသောသတ္တဝါ၏ခန္ဓာတို့ကို ချုပ်ပျောက်ကုန်ပြီဟု ဆိုအပ်၏။ ပဝတ္တိအခါ၌ တည်ဆဲဖြစ်သောသတ္တဝါ၏ခန္ဓာကိုယ်လည်း ဘင်သို့ရောက်သော် ချုပ်ပျောက်လေပြီဟု ဆိုအပ်၏။ ထိုချုပ်လေပြီးသောခန္ဓာနှစ်မျိုးတို့သည် ပြန်၍စပ်ခြင်း, ပေါ်လာခြင်းမရှိသောအားဖြင့် တူကြ၏။

ပစ္စုပ္ပန်မဟုတ်သောစိတ်ဖြင့် ဖြစ်ဆဲ, ရှင်ဆဲမဟုတ်၊ ပစ္စုပ္ပန်စိတ်ဖြင့်သာ ဖြစ်ဆဲ, ရှင်ဆဲဖြစ်၏။ သတ္တဝါဟူသောလောကသည် စိတ်၏ဘင်ခဏသို့ရောက်သော် ပရမတ္ထအားဖြင့် သေသည်မည်၏။ ဤသို့ဟောတော်မူ၏။]

၅။ လောက၌ သေသောသူအမျိုးမျိုးရှိကြရာ မည်သူတို့သေခြင်းမျိုးကိုသာ အသက်ကုန်၍သေခြင်းမျိုးဟုသတ်မှတ်သင့်သည်ကို အများနားလည်အောင် ရှင်းပြခဲ့ပါ။(၁၉၉၁)

[အဖြေ – သေခြင်း–မရဏဟူသည်မှာ ဘဝတစ်ခုဖြင့်ပိုင်းခြားအပ်သော ဇီဝိတိန္ဒြေအစဉ်၏ပြတ်ခြင်းဖြစ်၏။ အသက်ကုန်၍သေခြင်းကို အာယုက္ခယမရဏဟုခေါ်၏။ နတ်တို့ကဲ့သို့ ဂတိသမ္ပတ္တိ၊ ကမ္ဘာဦးလူကဲ့သို့ ကာလသမ္ပတ္တိ၊ မြောက်ကျွန်းသူကဲ့သို့ အာဟာရ

http://www.dhammadownload.com



သမ္ဗန္ဓမရှိခြင်းကြောင့် ယခုကာလလူတို့ကဲ့သို့ အနှစ်တစ်ရာရှိသည့်သက်တမ်းကာလတွင် သက်တမ်းစေ့၍ (ဝါ) အသက်အနှစ်တစ်ရာပြည့်၍သေခြင်းပေတည်း။]

၆။ မရဏာသာသတိကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်ရာ၌ အလိုရှိအပ်သောသေခြင်းမျိုးကို အများနားလည်အောင်တင်ပြခဲ့ပါ။(၁၉၉၂)

[အဖြေ - မရဏာသာသတိကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်ရာ၌ ရဟန္တာတို့၏ပရိနိဗ္ဗာန်စံခြင်း–သမုစ္ဆေဒမရဏာ၊ ရုပ်နာမ်တို့၏ပျက်ခြင်းဘင်ခဏဟူသည့် ခဏိကမရဏာ၊ သစ်ပင်သေ၏၊ သံသေ၏စသည်ဖြင့် သမုတ်ခေါ်ဝေါ်သော သမ္မုတိမရဏာတို့ကို အလိုမရှိအပ်။

ဘဝတစ်ခုဖြင့်ပိုင်းခြားအပ်သော ဇီဝိတိန္ဒြေအစဉ်၏ပြတ်ခြင်းဟူသည့် မရဏာကိုသာ သတိ၏အာရုံအဖြစ်ဖြင့် မရဏာသာသတိအရာ၌ အလိုရှိအပ်၏။ ထိုသေခြင်းမရဏာတွင်

(၁) အာယုက္ခယမရဏာ – သက်တမ်းစေ့၍အသက်ကုန်၍သေခြင်း၊ အနှစ်တစ်ရာသက်တမ်းရှိသည့်ကာလတွင် အသက်အနှစ်တစ်ရာပြည့်၍ သေခြင်းမျိုးတည်း။

(၂) ကမ္မက္ခယမရဏာ (ဝါ) ပုညက္ခယမရဏာ - လက်ရှိဘဝပဋိသန္ဓေမှစ၍ သေဆုံးသည် အထိ ကံ၏အကျိုးဝိပါက်တို့ကိုဖြစ်စေပြီး၍ ကံ၏စွမ်းအားကုန်သဖြင့် သေဆုံးခြင်းဖြစ်၏၊ ကောင်းမှုကံကုန်၍ သေဆုံးခြင်းပေတည်း။

(၃) ဥဘယက္ခယမရဏာ–သက်တမ်းနှင့်ကံနှစ်မျိုးစုံပြိုင်တူကုန်၍ သေခြင်းတည်း။

(၄) ဥပစ္ဆေဒကမရဏာ–သက်တမ်းနှင့်ကံနှစ်ပါးစုံမကုန်သေးဘဲလျက် မိမိ၏လုံ့လဖြင့်ဖြစ်စေ၊ သူတစ်ပါး၏လုံ့လဖြင့်ဖြစ်စေ သေရခြင်းဖြစ်၏၊ ဝိပါကစိတ်စေတသိက်နှင့်ကမ္မဇရုပ်တို့ကိုဖြစ်စေတတ်သောကံကို ဥပစ္ဆေဒကကံဖြတ်တောက်၍ လတ်တလောသေခြင်းပေတည်း။

အထက်ပါ(၁)(၂)(၃)သေခြင်းတို့ကို ကာလမရဏာဟုခေါ်၏။ ဥပစ္ဆေဒကမရဏာကို အကာလမရဏာဟုခေါ်၏။ ဤဆိုခဲ့သော ကာလမရဏာ, အကာလမရဏာ, အာယုက္ခယမရဏာ, ကမ္မက္ခယမရဏာ, ဥဘယက္ခယမရဏာ, ဥပစ္ဆေဒကမရဏာတို့ကို မရဏာသာသတိကမ္မဋ္ဌာန်းစီးဖြန်းရာ၌အလိုရှိအပ်သောသေခြင်းမျိုးဖြစ်၏။]

၇။ အသက်ရှိသောလောက၌ သတ္တဝါတိုင်း အမှတ်အသားကိုကြိုတင်မသိအပ်သော အရာငါးမျိုးကို သိသာရုံတင်ပြပြီးလျှင်၊ ဘုရား ပစ္စေကဗုဒ္ဓါရဟန္တာအရှင်မြတ်တို့ လက်သုံးဖြစ်သောကမ္မဋ္ဌာန်းကိုလည်း အကြောင်းနှင့်တကွဖော်ပြခဲ့ပါ။(၁၉၉၂)

[အဖြေ – သတ္တဝါတိုင်း အမှတ်အသားကိုကြိုတင်မသိအပ်သောအရာငါးမျိုးမှာ–

(၁) သတ္တဝါတို့၏သက်တမ်း၊ အသက်မည်မျှတွင် သေမည်ကို ကြိုတင်မသိအပ်။

(၂) သေစေမည့်အနာရောဂါ၊ မည်သည့်ရောဂါဖြင့်သေမည်ကို ကြိုတင်မသိအပ်၊

(၃) သေရာကာလ၊ မည်သည့်အခါကာလ၌သေမည်ကို ကြိုတင်မသိအပ်၊

(၄) အသေကောင်ကိုပစ်ချရာအရပ်၊ အလောင်းကောင်ကိုမည်သည့်အရပ်၌ မြှုပ်နှံမည်ကို ကြိုတင်မသိအပ်၊

http://www.dhammadownload.com



(၅) လားရာဂတိ၊ ဂတိငါးပါးအနက် မည်သည့်ဂတိသို့လာရမည်ကို ကြိုတင်မသိအပ်ပါ။

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့လက်သုံးဖြစ်သောကမ္မဋ္ဌာန်းသည် အာနာပါနဿတိကမ္မဋ္ဌာန်းဖြစ်၏။ အာနာပါနဿတိသည် သမထကမ္မဋ္ဌာန်းလည်းဖြစ်၏၊ ဝိပဿနာကမ္မဋ္ဌာန်းလည်းဖြစ်၏၊ ဈာန်၊ မဂ်၊ ဖိုလ်ဟူသောတရားထူးများကို ရစေနိုင်၏၊ အာနာပါနဿတိသမာဓိသည် ငြိမ်လည်းငြိမ်သက်၏၊ မွန်လည်းမွန်မြတ်၏၊ သွန်းလောင်းထည့်စွက်အပ်သောအကြောင်းတစ်ပါးလည်းမရှိ၊ ချမ်းသာသောနေခြင်းလည်းဖြစ်ပေ၏၊ ဖြစ်ပေါ်လာသမျှသောယုတ်မာလှသည့်အကုသိုလ်တရားတို့ကို တစ်ခဏချင်းတွင်ကွယ်ပျောက်စေနိုင်၏၊ ငြိမ်းအေးစေနိုင်၏။

သို့သော် အာနာပါနဿတိကမ္မဋ္ဌာန်းသည် ခက်ခဲ၏၊ ခက်ခဲသောဘာဝနာဖြစ်၏၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဘုရားသားတော်ယောကျ်ားမြတ်တို့သာလျှင် နှလုံးသွင်းနိုင်၏၊ သေးနုပ်သိမ်ငယ်သောကမ္မဋ္ဌာန်းမဟုတ်၊ သေးနုပ်သိမ်ငယ်သောပုဂ္ဂိုလ်တို့ မှီဝဲနိုင်ကောင်းသည်မဟုတ်၊ နှလုံးသွင်းလေလေ ငြိမ်သက်သိမ်မွေ့လေလေဖြစ်ပေ၏၊ ထို့ကြောင့်ဤအာနာပါနကမ္မဋ္ဌာန်း၌ အားကြီးသောသတိနှင့် ဉာဏ်ပညာတို့ကိုအလိုရှိအပ်၏။

"ရဟန်းတို့–သတိမေ့သူအား ဆင်ခြင်ဉာဏ်ကင်းသူအား အာနာပါနဿတိ ဘာဝနာကို ငါဘုရားသည်ဟောတော်မမူ"ဟု မြတ်စွာဘုရားမိန့်တော်မူ၏။

ထို့ကြောင့် အာနာပါနကမ္မဋ္ဌာန်းသည် သတိ၊ ဉာဏ်ပညာအားကြီးကြသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့၏လက်သုံးကမ္မဋ္ဌာန်းဖြစ်ပါသည်။]

၈။ အနုဿတိဆယ်ပါးတို့တွင် "အနု" သဒ္ဒါမပါသည့် ကမ္မဋ္ဌာန်းတရားနှစ်ပါး၏အမည်ကိုလည်း ဖော်ပြပါ။ ကောင်းမှုကုသိုလ်များခြင်း (ပုညမဟတ္တ)အားဖြင့် သေခြင်းကို အဖန်တလဲလဲအောက်မေ့ပုံကိုလည်း ရေးသားပြခဲ့ပါ။(၁၉၉၄)

[အဖြေ – အနုဿတိဆယ်ပါးတွင် 'အနု'သဒ္ဒါမပါသည့် ကမ္မဋ္ဌာန်းတရားနှစ်ပါး၏အမည်တို့မှာ (၁) ကာယဂတာသတိနှင့် (၂) အာနာပါနဿတိတို့ဖြစ်ကြ၏။

ကောင်းမှုကုသိုလ်များခြင်း (ပုညမဟတ္တ) အားဖြင့်သေခြင်းကို အဖန်တလဲလဲအောက်မေ့ပုံမှာ–ဇောတိကသူဌေးကြီး၊ ဇဋိလသူဌေးကြီး၊ ဥဂ္ဂသူဌေးကြီး၊ မေဏ္ဍကသူဌေးကြီး၊ ပုဏ္ဏသူဌေးကြီးတို့နှင့် ဘုန်းကံကြီးမားသောသူတို့အားလုံးသည် သေမင်း၏နိုင်ငံသို့ ရောက်ကြရကုန်ပြီ။ ငါကဲ့သို့သောသူနုပ်အဖို့ကား အဘယ်သို့ဆိုဖွယ်ရာရှိတော့အံ့နည်း၊ ဧကန်မချွတ်သေရမည်သာတည်းဟု အဖန်တလဲလဲအောက်မေ့အပ်၏။]

၉။ "သတ္တဝါတို့၏အသက်ရှင်ခြင်းသည် အချိန်ကာလတိုလျှလှ၏"ဟုဆိုရာ၌ အဘယ်မျှလောက် ကာလရှိသည်ကို ဥပမာနှိုင်းယှဉ်နှင့် တွဲဖက်ပြပါ။(၁၉၉၈)

[အဖြေ – နံပါတ်(၄)အဖြေနှင့်တူပါသည်။]

http://www.dhammadownload.com



၁၀။ မရဏာသတိကမ္မဋ္ဌာန်းကို ပွားများရာ၌ အလိုမရှိအပ်သူ၊ မချစ်မမုန်းလျစ်လျူသဘော ရှိသူတို့သေသောအခါ အဘယ်သို့မသင့်မတင့်နှလုံးသွင်းမိနိုင်သည်ကို ဥပမာနှင့် တကွဖြေဆိုပါ။(၂၀၀၀)

*[အဖြေ – မရဏာသတိကမ္မဋ္ဌာန်းကိုပွားများရာ၌ အလိုမရှိအပ်သူတို့၏သေခြင်းကို အောက်မေ့ရာ၌ ဝမ်းမြောက်ခြင်းဖြစ်၏။ ဥပမာ ရန်သူဖြစ်သူတို့က ရန်သူ၏သေခြင်းကို အောက်မေ့ရာ၌ ဝမ်းမြောက်ခြင်းဖြစ်သကဲ့သို့တည်း။ မချစ်မမုန်းလျစ်လျူသဘောရှိသူတို့၏ သေခြင်းကို အောက်မေ့ရာ၌ ထိတ်လန့်မှု–သံဝေဂမဖြစ်ပါ။ ဥပမာ သူသေကောင်ကို မီး ဖုတ်သောစဏ္ဍာလသည် သူသေကောင်ကိုမြင်ရာ၌ ထိတ်လန့်မှုမဖြစ်သကဲ့သို့တည်း။ ဤသို့ မသင့်မတင့်နှလုံးသွင်းမိခြင်းမှာ သေခြင်းကိုအောက်မေ့ဆင်ခြင်ရာ၌ သတိ၊ သံဝေဂ ဉာဏ်ကင်းသောကြောင့်ဖြစ်၏။]*

၁၁။ အသက်အားနည်း၍သေခြင်းကိုဆင်ခြင်ရာ၌ ထွက်သက်ဝင်သက်နှင့်လည်းကောင်း၊ ဣရိယာပုထ်နှင့်လည်းကောင်း၊ သတ္တဝါတို့၏အသက်ဆက်စပ်ပုံကို ပေါ်လွင်ထင်ရှား အောင် ဖြေဆိုပါ။(၂၀၀၀)

*[အဖြေ – နံပါတ်(၃)အဖြေတွင် ပါဝင်သည်။]*

၁၂။ မရဏာနုဿတိပွားများသဖြင့် ရရှိနိုင်သောအကျိုးတို့ကို ပြည့်စုံစွာဖော်ပြ၍၊ နှလုံးသား တည်ရာဌာနကိုလည်း တိကျစွာဖြေဆိုခဲ့ပါ။(၂၀၀၃)

*[အဖြေ – နံပါတ်(၂) အဖြေတွင်ရနိုင်သောအကျိုးများကို ပြည့်စုံစွာဖော်ပြထား၏။ နှလုံးသားတည်နေရာဌာနမှာ ကိုယ်၏အတွင်း သားမြတ်နှစ်ခုတို့၏အကြားဖြစ်၏။ (ကာယဂတာသတိ–ကောဋ္ဌာသတို့ကိုပိုင်းခြားပုံ၌ကြည့်ပါ)]*

၁၃။ "မသေလိုလျှင် သုသာန်သွား၊ မရဏာနုဿတိနာနာပွား"ဟုဆိုကြရာ အောက်ဖော် ပြပါ ပုဂ္ဂိုလ်တို့၏သေခြင်းကို နည်းလမ်းများယှဉ်းစွာနှလုံးသွင်းသဖြင့် ရရှိနိုင်သောဆိုး ကျိုးများကို ဖြေဆိုခဲ့ပါ။

(က) ချစ်ခင်နှစ်သက်သူ၊ (ခ) မလိုမုန်းထားသူ၊ (ဂ) မချစ်မမုန်းသူ။ (၂၀၀၄)

*[အဖြေ – သေခြင်းကို နည်းလမ်းများယှဉ်းစွာနှလုံးသွင်းသဖြင့် ရရှိနိုင်သောဆိုးကျိုး များမှာ–*

*(က) ချစ်ခင်နှစ်သက်သူ၏သေခြင်းကိုအောက်မေ့ရာ၌ စိုးရိမ်ပူဆွေးမှု–သောကဖြစ်၏။ ဥပမာ မွေးသမိခင်က ချစ်သောသား၏သေခြင်းကိုအောက်မေ့ရာ၌ စိုးရိမ်ပူဆွေးမှုဖြစ် သကဲ့သို့တည်း။*

*(ခ) မလိုမုန်းထားသူ၏သေခြင်းကို အောက်မေ့ရာ၌ ဝမ်းမြောက်ခြင်းဖြစ်၏။ ဥပမာ– ရန်သူဖြစ်သူတို့က ရန်သူသေခြင်းကိုအောက်မေ့ရာ၌ ဝမ်းမြောက်ခြင်းဖြစ်သကဲ့သို့ တည်း။*

*(ဂ) မချစ်မမုန်းသူ၏သေခြင်းကို အောက်မေ့ရာ၌ထိတ်လန့်မှု–သံဝေဂမဖြစ်။ ဥပမာ– သူသေကောင်ကို မီးဖုတ်သောစဏ္ဍာလက သူ့သေကောင်ကိုမြင်ရာ၌ ထိတ်လန့်မှု– သံဝေဂမဖြစ်သကဲ့သို့တည်း။]*

၁၄။ ဃရာဝါသ သမ္ဗာဓေဟု ငါးဖြာအာရုံကာမဂုဏ်ဖြင့် ကျဉ်းကြပ်ပိတ်လှောင် ဤလူ့ဘောင်မှ ကျွတ်လွတ်ထွက်မြောက်ရာလူ့အခွင့်အရေးတရားများကို ဖော်ပြပြီးလျှင် သက်တမ်းတိုရာ ဤလူ့ကာလ၌ မရဏာဿတိဘာဝနာကို မည်သို့သဘောထား၍ ပွားများရှုမှတ်သင့်ပါသနည်း။(၂၀၀၅)

*[အဖြေ – ဃရာဝါသ သမ္ဗာဓေဟု ငါးဖြာကာမဂုဏ်ဖြင့် ကျဉ်းကြပ်ပိတ်လှောင် ဤလူ့ဘောင်မှ ကျွတ်လွတ်ထွက်မြောက်ရာ လူ့အခွင့်အရေးတရားများကား ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိတို့တည်း။ ဤအနုဿတိ၆–ပါးသည် "သမ္ဗာဓောကာသ"တရားများ ဖြစ်ပါသည်။*

*အရှင်မဟာကစ္စာနမထေရ်သည် သမ္ဗာဓောကာသသုတ်၌ ဟောသည်မှာ "အလုံးစုံသောတရားကို မဖောက်မပြန် မှန်စွာကိုယ်တိုင်သိတော်မူသောမြတ်စွာဘုရားသည် သတ္တဝါတို့၏စင်ကြယ်ခြင်းငှာ––(လ)––နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှာ တဏှာကိလေသာစသည်တို့ဖြင့် နှိပ်စက်ခံရ၍ ကျဉ်းကြပ်သောအိမ်ရာတည်ထောင် ဤလူ့ဘောင်၌ လောကုတ္တရာကိုရခြင်းငှာ အခွင့်အလမ်းကို အလွန်လျော်စွာသိတော်မူ၏၊ အို–ငါ့ရှင်တို့–ဤသို့သတ္တဝါတို့၏အခွင့်အရေးကိုသိတော်မူခြင်းသည် အံ့ဩဖွယ်ကောင်းလှ၏၊ မဖြစ်စဖူး၊ ထူးဆန်းလှပေ၏။ အို–ငါ့ရှင်တို့–ခြောက်ပါးကုန်သောဤအနုဿတိဌာနတို့သည် ရှိကုန်၏။ အဘယ်ခြောက်ပါးတို့နည်းဟူမူကား ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိတို့တည်း။"*

*သက်တမ်းတိုရာဤလောက၌ မရဏာဿတိဘာဝနာကို ဤသို့သဘောထား၍ ပွားများရှုမှတ်သင့်ပါသည်– "လူတို့၏အသက်သည် တိုတောင်းလှ, နည်းလှ၏၊ တမလွန်ဘဝသို့လားရလတ္တံ့၊ ကုသိုလ်ပြုအပ်၏၊ မြတ်သောအကျင့်ကို ကျင့်အပ်၏၊ ပဋိသန္ဓေယူပြီးသောသူ၏မသေခြင်းမည်သည် မရှိချေ။ အသက်ရှည်သောသူတို့သည်ပင် အနှစ်တစ်ရာမျှသာ အသက်ရှင်၏၊ ထို့ထက်အနှစ်အနည်းငယ်ပိုလွန်၍ အသက်ရှင်ရာ၏။*

*"လူတို့၏အသက်သည် တိုတောင်းလှ, နည်းလှ၏။ ထိုအသက်ကို အမြော်အမြင်ရှိသောသူတော်ကောင်းသည် ရှုတ်ချရာ၏၊ ဦးခေါင်းကို မီးလောင်နေသောသူသည် ထိုမီးကိုငြိမ်းသတ်ရန် လျင်စွာအားထုတ်သကဲ့သို့ တစ်ဆယ့်တစ်မီး၏ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ရာရောက်ကြောင်း ကောင်းမြတ်သောအကျင့်ကို ဆောလျင်စွာကျင့်ရာ၏၊ သေခြင်း၏ မလာခြင်း, သေခြင်းကိုရှောင်လွှဲနိုင်ခြင်းမည်သည် မရှိချေ၊" ဤသို့ဘုရားဟောထားသည့်အတိုင်း ပွားများရှုမှတ်သင့်ပါသည်။]*

http://www.dhammadownload.com



၁၅။ ကမ္မဋ္ဌာန်းဘာဝနာကို နှုတ်ဖြင့်မရွတ်ဆိုအပ်၊ စိတ်ဖြင့်ပွားများရုံရမည်ဟူသော ပုဂ္ဂိုလ်အချို့၏ယူဆချက်မှန်/မမှန်ကို ကာယဂတာသတိနှင့်ရှုလျက် ဆုံးဖြတ်ချက်ချပါ။(၁၉၈၆)

*[အဖြေ – ကမ္မဋ္ဌာန်းဘာဝနာကို နှုတ်ဖြင့်မရွတ်ဆိုအပ်၊ စိတ်ဖြင့်ပွားများရမည်ဟူသော ပုဂ္ဂိုလ်အချို့၏ယူဆချက်သည် မမှန်ကန်ပါ။ မမှန်ကန်ကြောင်းကို ကာယဂတာသတိနှင့် ရှုလျက်ဆုံးဖြတ်ရသော်–ကလျာဏမိတ္တခေါ်မိတ်ဆွေကောင်းဖြစ်သည့်ဆရာက တပည့်အား ကာယဂတာသတိကမ္မဋ္ဌာန်းကိုသင်ပြပေးရာ၌ ကမ္မဋ္ဌာန်းနိမိတ်ယူမှု၌ ကျွမ်းကျင်လိမ္မာကြောင်းဖြစ်သော ဥဂ္ဂဟကောသလ္လဥာဏ် ၇–ပါးကို ဦးစွာသင်ပေးရ၏၊ ဤဉာဏ်တို့ကိုရရန် ပထမအစီအရင်မှာ ခန္ဓာကိုယ်၏ ၃၂–ကောဋ္ဌာသတို့၏ပါဠိအမည်တို့ကို နှုတ်ဖြင့်ရွတ်ဆိုခြင်းဖြစ်၏။*

*ဤစက်ဆုပ်ရွံရှာဖွယ်ဟု နှလုံးသွင်းအပ်သောကမ္မဋ္ဌာန်း၌ ပိဋကသုံးပုံဆောင်ပုဂ္ဂိုလ်ဖြစ်စေကာမူ နှလုံးသွင်းသောကာလ၌ ရှေးဦးစွာ နှုတ်ဖြင့်ရွတ်ဆိုသရဇ္ဈာယ်ခြင်းကို ပြုအပ်၏။ ထိုသို့ရွတ်ဆိုစဉ်ပင်လျှင် ကမ္မဋ္ဌာန်းသည် ထင်ရှားလာ၏။*

*အဘယ်သူတို့ကဲ့နည်းဟူမူ မလယအရပ်နေ မဟာရေဝတမထေရ်ကြီးထံ၌ ကမ္မဋ္ဌာန်းယူကြသော မထေရ်နှစ်ပါးတို့ကဲ့သို့တည်း။ မထေရ်ကြီးသည် ကမ္မဋ္ဌာန်းတောင်းသောထိုရဟန်းတို့အား "လေးလတို့ပတ်လုံး ဤကမ္မဋ္ဌာန်းကိုသာ ရွတ်ဆိုသရဇ္ဈာယ်လေလော့" ဟုဆို၍ ၃၂–ကောဋ္ဌာသပါဠိကို ပေး၏။ ထိုရဟန်းတို့သည် ဆရာ့စကားကိုရိုသေစွာခံယူ၍ လေးလပတ်လုံး ၃၂–ကောဋ္ဌာသကို ရွတ်ဆိုသရဇ္ဈာယ်လျက်သောတာပန်ဖြစ်ကြ၏။*

*ထို့ကြောင့် ကမ္မဋ္ဌာန်းဆရာသည် တပည့်ကို "ရှေးဦးစွာနှုတ်ဖြင့်ရွတ်ဆိုသရဇ္ဈာယ်ရမည်"ဟု ပြောကြားအပ်၏၊ ရွတ်ဆိုသည့်အခါ တစပဉ္စက စသည်တို့ကို ပိုင်းခြား၍ အနုလုံ, ပဋိလုံ အပြန်အလှန်ရွတ်ဆိုစေအပ်၏။*

*ဤသို့လျှင် ကာလအရာ, အထောင်, အသိန်းတို့ပတ်လုံး နှုတ်ဖြင့်ရွတ်ဆိုသရဇ္ဈာယ်ခြင်းကို ပြုအပ်၏၊ နှုတ်ဖြင့်ရွတ်ဆိုခြင်းသည် ကမ္မဋ္ဌာန်းပါဠိအစဉ်ကို လေ့လာအပ်သည်ဖြစ်၏၊ နှုတ်ဖြင့်သရဇ္ဈာယ်ခြင်းသည် စိတ်ဖြင့်သရဇ္ဈာယ်ခြင်း၏အကြောင်းဖြစ်၏။ စိတ်ဖြင့်သရဇ္ဈာယ်ခြင်းသည် ရွံစဖွယ်အသုဘလက္ခဏာကို ထိုးထွင်းသိခြင်း၏အကြောင်းဖြစ်၏။*

*နှုတ်ဖြင့်သရဇ္ဈာယ်စဉ် စိတ်သည် ထိုမှဤမှ မပြေးသွား၊ ကောဋ္ဌာသတို့သည် ထင်ရှားကုန်၏၊ လက်ချောင်းအစဉ်, စောင်းတန်းခြေအစဉ်ကဲ့သို့ ထင်ကုန်၏။ မဟာရေဝတမထေရ်ကြီး၏တပည့်ရဟန်းနှစ်ဦးကဲ့သို့ သောတာပန်ပင်ဖြစ်နိုင်၏။ ဝိသုဒ္ဓိမဂ္ဂတွင် ဤသို့အတိအကျ ညွှန်ကြားထားပါသဖြင့် ကမ္မဋ္ဌာန်းဘာဝနာကို နှုတ်ဖြင့် မရွတ်ဆိုအပ်၊ စိတ်ဖြင့်သာပွားများရမည်ဟု ပုဂ္ဂိုလ်အချို့၏ယူဆချက်မမှန်ကန်ကြောင်း ကာယဂတာ သတိနှင့်ရှုလျက် ဆုံးဖြတ်နိုင်ပါသည်။]*

http://www.dhammadownload.com



၁၆။ လူတို့၏နှလုံးသားအတွင်းတည်ရှိသော သွေး၏အရောင်အဆင်းကို ရှုမြင်သုံးသပ်လျက် သွေးအရောင်အလိုက်ဖြစ်ပေါ်နေသော စိတ်အမျိုးမျိုးကို ခွဲခြားစိစစ်ပြပြီးလျှင် အဗဒ္ဓသည်းခြေပျက်ပါက ဖြစ်ပေါ်တတ်သောရောဂါစုတို့ကိုလည်း ဖော်ပြပါ။(၁၉၉၁)

*[အဖြေ – လူတို့၏နှလုံးသားအတွင်းတည်ရှိသော သွေး၏အရောင်အဆင်းကို ရှုမြင်သုံးသပ်၍ သွေးအရောင်အဆင်းအလိုက်ဖြစ်ပေါ်နေသော စိတ်အမျိုးမျိုးကို ခွဲခြားစိစစ်ပြနိုင်သည်။*

*(၁) နှလုံးသွေး၏အရောင်နီလျှင် ရာဂစရိုက်ထူပြော၍ လောဘမူစိတ်အဖြစ်များမည်။*

*(၂) နှလုံးသွေး၏အရောင်မည်းနက်လျှင် ဒေါသစရိုက်ထူပြော၍ ဒေါသမူစိတ်အဖြစ်များမည်။*

*(၃) နှလုံးသွေး၏အရောင်သည် သားဆေးရေအဆင်းနှင့်တူလျှင် မောဟစရိုက်ထူပြော၍ မောဟမူစိတ်အဖြစ်များမည်။*

*(၄) နှလုံးသွေး၏အရောင်သည် ကုလားပဲပြုတ်ရည်အဆင်းရှိလျှင် ဝိတက်စရိုက်ထူပြော၍ ဝိတက်ယှဉ်သောစိတ်အဖြစ်များမည်။*

*(၅) နှလုံးသွေး၏အရောင်သည် မဟာလှေကားပန်းပွင့်အဆင်းရှိလျှင် သဒ္ဓါစရိုက်ထူပြော၍ မဟာကုသိုလ်စိတ်အဖြစ်များမည်။*

*(၆) နှလုံးသွေး၏အရောင်သည် ကြည်ကြည်လင်လင် မနောက်မကျု ဖြူဖြူဖွေးဖွေး စင်ကြယ်၍ ကောင်းစွာဆွေးအပ်သောပတ္တမြားစစ်ကဲ့သို့ အရောက်တောက်ပလျှင် ပညာစရိုက်ထူပြော၍ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်အဖြစ်များမည်။*

*အဗဒ္ဓသည်းခြေပျက်လျှင် ဖြစ်ပေါ်တတ်သောရောဂါစုတို့မှာ မျက်စိဝါ၏၊ ချာချာလည်၏၊ ကိုယ်တုန်လှုပ်ခြင်း, ယားယံခြင်းတို့ဖြစ်ပါသည်။]*

၁၇။ ကမ္မဋ္ဌာန်းဘာဝနာကို နှုတ်ဖြင့်ရွတ်ဆိုရန်မလို၊ စိတ်ဖြင့်သာပွားများသင့်သည်ဆိုသော အယူအဆ မှန်ကန်မှုရှိ–မရှိ ကာယဂတာသတိအဖွင့်လာအတိုင်း စိစစ်တင်ပြပါ။(၁၉၉၃)

*[အဖြေ – နံပါတ်(၁၅)အဖြေနှင့်တူပါသည်။]*

၁၈။ လူသားတို့နှစ်သက်မြတ်နိုးလှသော ဆံပင်၏တည်ရာကို ပိုင်းခြားပြပြီးလျှင်၊ ယင်းဆံပင်ကို ငါးပါးအပြားရှိသော စက်ဆုပ်ရွံရှာဖွယ်အားဖြင့် မှတ်သားပုံကိုလည်းထုတ်ဆောင်ပြပါ။(၁၉၉၅)

*[အဖြေ–ဆံပင်၏တည်ရာမှာ အထက်ဦးခေါင်းအရပ်တွင် နံပါးနှစ်ဘက်၌ နားပန်ဆံ၊ ရှေ့ဘက်၌ နဖူးပြင်၊ နောက်ဘက်၌ လယ်ကုတ်တွင်းတို့ဖြင့် ပိုင်းခြားအပ်၏၊ ဦးခေါင်းကို ရစ်သော စိုသောအရေသည် ဆံပင်တို့၏တည်ရာဖြစ်၏။*

*ဆံပင်ကို ငါးပါးအပြားရှိသောစက်ဆုပ်ရွံရှာဖွယ်အားဖြင့် မှတ်သားပုံမှာ–*

*(၁) ဆံပင်သည် အဆင်းအားဖြင့် ရွံရှာစက်ဆုပ်ဖွယ်ဖြစ်၏၊ နှစ်သက်ဖွယ်ယာဂုခွက်,*

http://www.dhammadownload.com



ထမင်းခွက်တို့၌ ဆံပင်ကိုတွေ့သော် စက်ဆုပ်ရွံရှာ၏။

(၂) ဆံပင်သည် ပုံသဏ္ဌာန်အားဖြင့်လည်း ရွံရှာစက်ဆုပ်ဖွယ်ဖြစ်၏၊ ညဉ့်အခါ စားသောက်ရာ၌ ဆံပင်သဏ္ဌာန်ရှိသောမုရိုးမျှင်, သင်ပန်းမျှင်တို့ကို စမ်းမိကိုင်မိလျှင် စက်ဆုပ်ရွံရှာ၏။

(၃) ဆံပင်သည် အနံ့အားဖြင့်လည်း ရွံရှာစက်ဆုပ်ဖွယ်ဖြစ်၏၊ ဆီလိမ်းခြင်း, ပန်းပန်ခြင်း, ထုံးခြင်းစသည်ဖြင့် ပြုပြင်မှုကင်းသောဆံပင်၏အနံ့သည် စက်ဆုပ်ရွံရှာဖွယ် ဖြစ်၏။ မီးလောင်သောဆံပင်၏အနံ့သည် အလွန်နံသဖြင့် ရွံရှာစက်ဆုပ်ဖွယ်ဖြစ်၏။

(၄) ဆံပင်သည် ဗီဇအားဖြင့်လည်း ရွံရှာစက်ဆုပ်ဖွယ်ဖြစ်၏။ ရွာအနီး မသန့်သောအရပ်၌ပေါက်သောဟင်းရွက်တို့ကို စက်ဆုပ်ရွံရှာ၍ မြို့သူမြို့သားတို့မသုံးဆောင်ကုန်။ ထို့အတူ ဆံပင်တို့သည် သွေး, ကျင်ငယ်, ကျင်ကြီး, သည်းခြေ, သလိပ်, ပြည်စသည်တို့၏ အငွေ့အသက် အကျိုးဆက်ဖြင့်ဖြစ်သောကြောင့် စက်ဆုပ်ရွံရှာဖွယ်ဖြစ်၏။

(၅) ဆံပင်သည် တည်ရာအားဖြင့်လည်း စက်ဆုပ်ရွံရှာဖွယ်ဖြစ်၏။ မစင်ပုံ၌ပေါက်သောမှိုကဲ့သို့ ဆံပင်တို့သည် ၃၁ ပါးသောကောဋ္ဌာသအစု၌ ပေါက်ကုန်၏။ သုသာန်, တံမြက်ချေးစုရာအရပ်တို့၌ ပေါက်ရောက်သောဟင်းရွက်ကဲ့သို့၊ မသန့်သည့်ကျုံးစသည်တို့၌ပေါက်သော ကြာနီ, ကြာညိုစသောပန်းကဲ့သို့ ဆံပင်တို့သည် မစင်ကြယ်ရာအရပ်၌ပေါက်သောကြောင့် လွန်စွာစက်ဆုပ်ရွံရှာဖွယ်ဖြစ်၏။]

၁၉။ "နှလုံးသွေးကိုမှီ၍ စိတ်များဖြစ်ကြ၏"ဟုဆိုရာ၌ စိတ်အားလုံးပင် နှလုံးသွေးကိုမှီ၍ ဖြစ်ပါသလော၊ ဖြစ်သောစိတ်–မဖြစ်သောစိတ်များကိုခွဲခြားပြပြီး ယင်းနှလုံးသွေး နှလုံးသား၏တည်ရာဌာနကိုလည်း ညွှန်ပြပါ။(၁၉၉၇)

[အဖြေ – "နှလုံးသွေးကိုမှီ၍ စိတ်များဖြစ်ကြ၏"ဟုဆိုရာ၌ စိတ်အားလုံးသည်နှလုံးသွေးကိုမှီ၍မဖြစ်ကြပါ။ မနောဓာတ်နှင့်မနောဝိညာဏဓာတ်အမည်ရသော စိတ်၇၅–ပါးတို့က နှလုံးသွေးကို မှီ၍ဖြစ်ကြ၏။

| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းဒွေဟူသော မနောဓာတ် | ၃–ပါး | |
| အရှုပဝိပါက် ၄–ပါးကြဉ်သော မနောဝိညာဏဓာတ် | ၇၂–ပါး | |
| နှလုံးသွေး(ဝါ)ဟဒယဝတ္ထုကိုမှီသောစိတ်ပေါင်း | ၇၅–ပါး | |
| နှလုံးသွေးကိုမမှီသောစိတ်တို့မှာ ဒွေပဉ္စဝိညာဏ် | ၁၀–ပါး | |
| အရှုပဝိပါက်စိတ်လေးပါး | ၄–ပါး | |
| ပေါင်း | ၁၄–ပါး | ဖြစ်ပါသည်။ |

နှလုံးသွေးနှင့်တကွ နှလုံးသား၏တည်ရာဌာနမှာ ကိုယ်၏အတွင်း သားမြတ်နှစ်ခုတို့၏အကြား ဖြစ်ပါသည်။]

http://www.dhammadownload.com



၂၀။ ကောဋ္ဌာသတို့ကို နှုတ်ဖြင့်ရွတ်ဆိုသရဇ္ဈာယ်ခြင်းဖြင့် လက်ငင်းဒိဋ္ဌရရှိနိုင်သောအကျိုး အမြတ်များကို ဖော်ပြပြီးလျှင် အချိန်ကာလအားဖြင့် မည်မျှကြာအောင် ရွတ်ဆို သရဇ္ဈာယ်ရသည်ကိုလည်းပိုင်းခြားပြပါ။(၁၉၉၉)

*[အဖြေ – ကောဋ္ဌာသတို့ကို နှုတ်ဖြင့်ရွတ်ဆိုသရဇ္ဈာယ်ခြင်းဖြင့် လက်ငင်းဒိဋ္ဌရရှိနိုင် သောအကျိုးများမှာ–*

*(၁) ကမ္မဋ္ဌာန်းပါဠိအစဉ်ကို ကောင်းစွာလေ့လာအပ်သည်ဖြစ်၏၊*

*(၂) ထိုမှဤမှ စိတ်သည် မပြေးသွား၊ ကမ္မဋ္ဌာန်းအာရုံ၌သာစိတ်တည်၏။*

*(၃) ကောဋ္ဌာသတို့သည် ထင်ရှားကုန်၏။*

*(၄) လက်ချောင်းအစဉ်, စောင်းတန်းခြေအစဉ်ကဲ့သို့ ထင်ကုန်၏။*

*(၅) နှုတ်ဖြင့်ရွတ်ဆိုသရဇ္ဈာယ်ခြင်းသည် စိတ်ဖြင့်သရဇ္ဈာယ်ခြင်း၏အကြောင်းဖြစ်၏။ စိတ်ဖြင့်သရဇ္ဈာယ်ခြင်းသည် ရွံစဖွယ်အသုဘလက္ခဏာကို ထိုးထွင်းသိခြင်း၏အ ကြောင်းဖြစ်၏။*

*(၆) တရားထူးရနိုင်၏၊ မလယအရပ်နေ မဟာရေဝတမထေရ်ကြီးထံ၌ ကမ္မဋ္ဌာန်းယူ ကြသောမထေရ်နှစ်ပါးတို့သည် ဆရာ၏စကားကိုအရိုအသေခံယူ၍ လေးလပတ်လုံး ၃၂– ကောဋ္ဌာသကို ရွတ်ဆိုသရဇ္ဈာယ်လျက် သောတာပန်ဖြစ်ကြ၏။*

*၃၂–ပါးသောကောဋ္ဌာသတို့ကို လေးလကြာအောင် နှုတ်ဖြင့်ရွတ်ဆိုသရဇ္ဈာယ် သင့်ပါသည်။ မလယအရပ်နေ မဟာရေဝတမထေရ်ကြီးက ကမ္မဋ္ဌာန်းတောင်းသော ရဟန်း နှစ်ပါးအား "လေးလတို့ပတ်လုံး ဤကမ္မဋ္ဌာန်းကိုသာ ရွတ်ဆိုသရဇ္ဈာယ်လော့"ဟု ဆို၍ ၃၂–ကောဋ္ဌာသပါဠိကိုပေး၏။*

*ရွတ်ဆိုသည့်အခါ တစပဉ္စကစသည်ကို ပိုင်းခြား၍ အနုလုံ, ပဋိလုံ အပြန်အလှန်ရွတ် ဆိုအပ်၏၊ ကာလအရာ, ကာလအထောင်, ကာလအသိန်းတို့ပတ်လုံး နှုတ်ဖြင့် ရွတ်ဆို သရဇ္ဈာယ်ခြင်းကို ပြုအပ်၏။]*

၂၁။ ကမ္မဋ္ဌာန်းထိုင်လျှင် အထက်ပိုင်းကိုယ်ခန္ဓာကို ဖြောင့်မတ်စွာထားရမည်ဟု ဘုရားရှင် ဆုံးမတော်မူခဲ့ရာ ယင်းသို့ထားသည့်အတွက် မည်သည့်အကျိုးထူးကို ရနိုင်ပါသ နည်း၊ ဖော်ပြပါ။(၁၉၈၅)

*[အဖြေ–ကမ္မဋ္ဌာန်းထိုင်လျှင် အထက်ပိုင်းကိုယ်ခန္ဓာကို ဖြောင့်မတ်စွာထားရမည်ဟု ဘုရားရှင်ဆုံးမတော်မူခဲ့ရာ ယင်းသို့ထားသည့်အတွက် ရနိုင်သည့်အကျိုးထူးမှာ အထက် ပိုင်းကိုယ်ကိုဖြောင့်မတ်စွာထားခြင်းဖြင့် ၁၈–ခုသောကျောဆစ်ရိုးတို့သည် တစ်ခုအစွန်းနှင့် တစ်ခုအစွန်းထိ၍ တည့်မတ်ကြသဖြင့် အရေ, အသား, အကြောတို့ မညွတ်ကုန်။ ထိုသို့ မညွတ်ခြင်းကြောင့်နာကျင်သောဝေဒနာမဖြစ်ကုန်။ နာကျင်သည့်ဝေဒနာမဖြစ်သည့်အ တွက် စိတ်တည်ကြည်၍သမာဓိဖြစ်ခြင်းကြောင့် ကမ္မဋ္ဌာန်းသည် မပျောက်ပျက်ဘဲ ကြီး ပွားခြင်း, ပြန့်ပြောခြင်းသို့ရောက်၏။]*

http://www.dhammadownload.com



၂၂။ ကမ္မဋ္ဌာန်းအမျိုးမျိုးတွင် ဦးထိပ်သဖွယ်ဖြစ်သည့်အပြင် ဘုရား, ပစ္စေကဗုဒ္ဓါတို့၏လက်သုံးလည်းဖြစ်သောကမ္မဋ္ဌာန်းကိုဖော်ပြ၍ ရှာန်၏ဆူးငြောင့်သဖွယ်ဖြစ်သောတရားကိုလည်း ရေးပြခဲ့ပါ။ (၁၉၈၈)

*[အဖြေ – ကမ္မဋ္ဌာန်းအမျိုးမျိုးတွင် ဦးထိပ်သဖွယ်ဖြစ်သည့်အပြင် ဘုရား, ပစ္စေကဗုဒ္ဓါတို့၏လက်သုံးလည်းဖြစ်သောကမ္မဋ္ဌာန်းသည် အာနာပါနဿတိကမ္မဋ္ဌာန်းဖြစ်ပါသည်။ (နံပါတ်၇–တွင်ဖြေထားသကဲ့သို့ အကြောင်းပြကာဆက်ဖြေဆိုနိုင်ပါသည်။)*

*ဈာန်၏ဆူးငြောင့်သဖွယ်ဖြစ်သောတရားမှာ မိန်းမသံ, ယောကျ်ားသံ, ဆင်သံ, မြင်းသံ အစရှိသောအသံတို့ပင်တည်း။]*

၂၃။ "နိဗ္ဗာန်လိုချင် တောသို့ဝင်"ဟူရာ၌ 'တောအရပ်'ဟူသောစကားကို ပြည့်စုံစွာ ရှင်းပြပါ။(၁၉၈၈)

*[အဖြေ – "တောအရပ်"ဆိုသည်ကား "မြို့ရွာမှထွက်သွားလျှင် တံခါးတိုင်၏အပြင်ဘက်ရှိ အလုံးစုံသောအရပ်သည် တောမည်၏"ဟူ၍ လည်းကောင်း၊ "မြို့ရွာမှ အယုတ်သဖြင့် ကုလားလေးတာ ၅၀၀ ကွာ၍ တည်သောကျောင်းသည် တောရကျောင်းမည်၏"ဟူ၍လည်းကောင်း၊ ဤသို့တော၏လက္ခဏာရှိသော ဆိတ်ငြိမ်သည့်တောအရပ်ကိုဆိုလို၏။*

၂၄။ ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်သောရဟန်းသည် မြို့ရွာအနီးကျောင်းသစ်ကြီး၌နေသင့်, မနေသင့် စိစစ်တင်ပြပြီးလျှင်၊ အာနာပါနကမ္မဋ္ဌာန်း အားထုတ်သောကာလ၌အလိုရှိအပ်သောတရားတို့ကိုလည်း ဥပမာနှင့်တကွဖော်ပြပါ။(၁၉၉၃)

*[အဖြေ – ကမ္မဋ္ဌာန်းဘာဝနာကိုအားထုတ်သောယောဂီရဟန်းသည် မြို့ရွာအနီးကျောင်းသစ်ကြီး၌ မနေသင့်ပါ။ အဘယ်ကြောင့်ဆိုသော် ကြီးလွန်းသောကျောင်း၌ ဆန္ဒအထူးထူးအထွေထွေရှိကြကုန်သောရဟန်းတို့ စုဝေးကြကုန်၏၊ ထိုရဟန်းတို့သည် အချင်းချင်းဆန့်ကျင်သောကြောင့် ဝတ်နိဗဒ်ကို မပြုကြကုန်။ စေတီယင်္ဂဏဝတ်မပြုရသေးသည်ကိုမြင်လျှင် ပြုအပ်၏၊ သောက်ရေသုံးဆောင်ရေကိုတည်ထားအပ်၏။ မပြုသည် ရှိသော်ဝတ်ပျက်ခြင်းကြောင့်သင့်သော ဒုက္ကဋ် အာပတ်သို့ရောက်၏။ ဝတ်ပြုသောယောဂီရဟန်းအား နေမြင့်မှဆွမ်းခံဝင်ရသဖြင့် ဆွမ်းမရ၊ ကိန်းအောင်းရာသို့ကပ်သော်လည်း ရဟန်းငယ်များ, ရှင်သာမဏေများ၏ကျယ်လောင်စွာစကားပြောသံကြောင့် စိတ်ပျံ့လွင့်၏။ တရားအားထုတ်၍မရပါ။*

*တစ်ဖန်ကျောင်းသစ်၌ ပြုဖွယ်ရာနဝကမ္မအမှုသစ်များပြား၏၊ မပြုလုပ်သောရဟန်းကိုကဲ့ရဲ့ကုန်၏၊ ပြုလုပ်နေလျှင် တရားအားထုတ်ခွင့်မရပါ။*

*ထိုကျောင်းသည် မြို့ရွာနှင့်နီးကပ်သဖြင့်လူသူများစွာလာရောက်ကြသဖြင့်ဆန့်ကျင်ဘက်ဖြစ်သောမာတုဂါမအာရုံတို့ ထင်လာကုန်၏၊ ရေခပ်သူအမျိုးသမီးများက သီချင်းသီဆိုကြ၏၊ အိုးတို့ဖြင့် တိုက်ခတ်၍သွားကြ၏၊ လမ်းဖယ်မပေးကြ။ အစိုးရသော လူတို့*

http://www.dhammadownload.com



သည်လည်း ကျောင်းအလယ်၌ တင်းတိမ်အရုံကို ကာဆီး၍ နေကြကုန်၏။ ထိုကျောင်းသည် ကမ္မဋ္ဌာန်းဘာဝနာအားထုတ်ရန်မသင့်လျော်, မလျောက်ပတ်ပါ။ မိန်းမသံ, ယောကျ်ားသံ, ဆင်သံ, မြင်းသံစသောအသံတို့သည် ဈာန်၏ဆူးငြောင့်သဖွယ်ဖြစ်သော တရားတို့တည်း။ ထို့ကြောင့် ထိုကျောင်း၌မနေသင့်ပါ။

အာနာပါနကမ္မဋ္ဌာန်းအားထုတ်သောကာလ၌ အလိုရှိအပ်သောတရားတို့သည် အားကြီးသောသတိနှင့်ပညာဉာဏ်တို့ဖြစ်ပါသည်။ မည်သည့်ကမ္မဋ္ဌာန်းမဆို သတိရှိသူ, ပညာရှိသူအားသာလျှင် ပြည့်စုံပါ၏။ သို့သော်လည်း ဤအာနာပါနသတိကမ္မဋ္ဌာန်းမှအပ အခြားကမ္မဋ္ဌာန်းတို့သည် နှလုံးသွင်းသူအား ထင်ရှားပေ၏။ ဤအာနာပါနသတိကမ္မဋ္ဌာန်းသည်ကား ခက်ခဲ၏၊ ခက်ခဲသောဘာဝနာဖြစ်၏၊ ဘုရား, ပစ္စေကဗုဒ္ဓါ, ဘုရားသားတော်ယောကျ်ားမြတ်တို့သာလျှင် နှလုံးသွင်းနိုင်၏၊ သေးနုပ်သိမ်မွေ့သောကမ္မဋ္ဌာန်းမဟုတ်၊ သေးနုပ်သိမ်မွေ့သောပုဂ္ဂိုလ်တို့ မှီဝဲကောင်းသည်မဟုတ်။ နှလုံးသွင်းလေလေ ငြိမ်သက်, သိမ်မွေ့လေလေဖြစ်၏၊ ထို့ကြောင့် ဤအာနာပါနသတိကမ္မဋ္ဌာန်း၌ အားကြီးသောသတိနှင့်ပညာဉာဏ်တို့ကို အလိုရှိအပ်၏။

ဥပမာပြရသော် သိမ်မွေ့နူးညံ့သောအဝတ်ကိုချုပ်သည့်အခါ သိမ်မွေ့သေးငယ်သောအပ်ကို အလိုရှိအပ်၏၊ ထိုအပ်နဖားကိုထွင်းရန်အတွက် ထို့ထက်ပိုသိမ်မွေ့သေးငယ်သောစူးကိုအလိုရှိအပ်၏။ ထို့အတူပင် သိမ်မွေ့နူးညံ့သောအဝတ်နှင့်တူသည့် အာနာပါနကမ္မဋ္ဌာန်းကို ပွားစေသောကာလ၌ အပ်နှင့်တူသည့်သတိကိုလည်းကောင်း၊ အပ်နဖားထွင်းသည့် စူးနှင့်တူသောထိုသတိနှင့်ယှဉ်သည့် အားကြီးသောပညာဉာဏ်ကိုလည်းကောင်း အလိုရှိအပ်၏။]

၂၅။ "အနိစ္စ၊ အနိစ္စတာ၊ အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿီ"အရတို့ကို ပိုင်းခြားဖော်ပြ၍၊ ဝိပဿနာကို "ပရိစ္စာဂပဋိနိဿဂ္ဂ"ဟု ခေါ်ဆိုရခြင်း အကြောင်းကိုလည်းရှင်းလင်းဖြေဆိုပါ။(၁၉၉၅)

[အဖြေ – "အနိစ္စ"ဟူသည်မှာ ခန္ဓာငါးပါးတို့တည်း။ ခန္ဓာငါးပါးသည် ဖြစ်ခြင်း, ပျက်ခြင်း, အထူးထူးဖြစ်စမှုထူးသည့်တစ်ပါးသောအဖို့သို့ ပြောင်းလဲခြင်းရှိသောကြောင့် အနိစ္စမည်၏။

"အနိစ္စတာ"ဟူသည်မှာ မြဲသောတရားမဟုတ်သည်၏အဖြစ်တည်း။ ထိုခန္ဓာငါးပါးတို့၏ဖြစ်ခြင်း, ပျက်ခြင်း, ဖြစ်စမှုတစ်ပါးသောအခြင်းအရာဖြင့် ဖောက်ပြန်ခြင်းတည်း။ တစ်နည်းကား ဖြစ်၍ရုတ်တရက်ပျက်ခြင်း, မရှိခြင်းတည်း။ တစ်နည်းကား ခန္ဓာတို့၏ဖြစ်တိုင်းသော အခြင်းအရာအားဖြင့် မတည်မှု၍ ဘင်ခဏဖြင့် ပျက်ခြင်းတည်း။

"အနိစ္စာနုပဿနာ"ဟူသည်မှာ မမြဲဟုအဖန်တလဲလဲရှုခြင်းတည်း။ ထိုခဏိကဘင်ဟူသောအနိစ္စတာအစွမ်းဖြင့် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့၌ အနိစ္စ–မမြဲဟု

http://www.dhammadownload.com



အဖန်တလဲလဲရှုခြင်းပေတည်း။

"အနိစ္စာနုပဿီ"ဆိုသည်ကား ရုပ်နာမ်သင်္ခါရတို့၌ မမြဲဟုအဖန်တလဲလဲရှုသော ပုဂ္ဂိုလ်၏အဖြစ်တည်း။ တစ်နည်း ဆိုခဲ့ပြီးသောအနိစ္စာနုပဿနာနှင့်ပြည့်စုံသည့်ပုဂ္ဂိုလ်သည် အနိစ္စာနုပဿီမည်၏။

ဝိပဿနာကို "ပရိစ္စာဂပဋိနိဿဂ္ဂ"ဟု ခေါ်ဆိုခြင်းမှာ ဝိပဿနာသည် ခန္ဓာကိုဖြစ်စေတတ်သော ကုသိုလ်ကံ, အကုသိုလ်ကံဟူသည့်အဘိသင်္ခါရနှင့်တကွ ကိလေသာတို့ကို တဒင်္ဂပဟာန်၏အစွမ်းဖြင့် စွန့်ပယ်တတ်သောကြောင့် ဖြစ်ပါသည်။]

၂၆။ ယောဂီပုဂ္ဂိုလ်၏အနုဗန္ဓနာနည်းဖြင့် အာနာပါနဿတိပွားများပုံကို ဖော်ပြပြီးလျှင်၊ ထွက်လေဝင်လေတို့၏အစအလယ်အဆုံးသုံးပါးကိုလည်း ပိုင်းခြားပြပါ။(၁၉၉၇)

[အဖြေ–ယောဂီပုဂ္ဂိုလ်၏အနုဗန္ဓနာနည်းဖြင့် အာနာပါနဿတိပွားများပုံမှာ ရေတွက်ခြင်းကိုစုရုံး၍ရုပ်သိမ်း၍ ဝင်သက်ထွက်သက်နောက်သို့ အခြားအပြတ်မရှိစေဘဲ အမှတ်သတိဖြင့် အစဉ်လိုက်ခြင်းပေတည်း။ ထိုသို့အစဉ်လိုက်ခြင်းသည်လည်း အစ, အလယ်, အဆုံးတို့ကို အစဉ်လိုက်သည်၏အစွမ်းဖြင့် ဖြစ်သည်မဟုတ်။ ချဲ့ဦးအံ့ – အပြင်သို့ထွက်သော လေ၏အစကား ချက်၊ အလယ်ကားရင်ချိုင့်၊ အဆုံးကား နှာသီးဖျားတည်း။ အတွင်းသို့ ဝင်သောလေ၏အစကား နှာသီးဖျား၊ အလယ်ကရင်ချိုင့်၊ အဆုံးကချက်တည်း။ ထိုအစ, အလယ်, အဆုံးသို့အစဉ်လိုက်သော ယောဂီ၏စိတ်သည် ပျံ့လွင့်ခြင်းသို့ရောက်လျက် ပူပန်ခြင်းငှာ တုန်လှုပ်ခြင်းငှာ ဖြစ်၏။

သို့အတွက် အနုဗန္ဓနာနည်းဖြင့်နှလုံးသွင်းသောယောဂီသည် ဝင်သက်ထွက်သက်တို့၏ အစ, အလယ်, အဆုံးသို့ သတိဖြင့်အစဉ်လိုက်သည်၏အစွမ်းဖြင့် နှလုံးမသွင်းအပ်။ စင်စစ်အားဖြင့် တွေ့ထိခြင်း–ဖုသနာ၏အစွမ်းဖြင့်လည်းကောင်း၊ အာရုံ၌ကောင်းစွာထားခြင်း–ဌပနာ၏အစွမ်းဖြင့်လည်းကောင်း နှလုံးသွင်းအပ်၏။ လေတိုးထိရာအရပ်၌ ထွက်သက်ဝင်သက်တို့ကို သတိဖြင့်မြဲစွာဖွဲ့တွယ်၍ အပ္ပနာ၏အစွမ်းဖြင့် စိတ်ကိုထားလျက်နှလုံးသွင်းလျှင် အနုဗန္ဓနာနည်းဖြင့်ရော ဖုသနာနည်းဖြင့်ရော ဌပနာနည်းဖြင့်ပါ နှလုံးသွင်းသည်ဆိုအပ်၏။

ထွက်လေဝင်လေတို့၏အစ, အလယ်, အဆုံးသုံးပါးကို ပိုင်းခြားပုံမှာ–

ထွက်လေ၏အစကား ချက်၊ အလယ်ကား နှလုံး(ဝါ)ရင်ချိုင့်၊ အဆုံးကား နှာသီးဖျားတည်း၊ ဝင်လေ၏အစကား နှာသီးဖျား၊ အလယ်ကား နှလုံး(ဝါ)ရင်ချိုင့်၊ အဆုံးကားချက်တည်း။]

၂၇။ အာနာပါနကမ္မဋ္ဌာန်းလာ ငါးခုသောအဆစ်အပိုင်းကို ဖော်ပြပြီးလျှင် ဂဏနာနည်းဖြင့် ရေတွက်ရာ၌ မည်သို့ရေတွက်ရမည်နည်း။ မည်သည့်အပြစ်တို့ကိုရှောင်ကြဉ်ရမည်နည်း၊ ရှင်းပြပါ။(၁၉၉၈)

[အဖြေ – အာနာပါနကမ္မဋ္ဌာန်းလာ ငါးခုသောအဆစ်အပိုင်းမှာ–

http://www.dhammadownload.com



(၁) သင်ကြားခြင်း – ကမ္မဋ္ဌာန်းအားထုတ်နည်းကို သင်ယူခြင်းဖြစ်၏၊
(၂) ဆွေးနွေးမေးမြန်းခြင်း – ကမ္မဋ္ဌာန်း၏မရှင်းလင်းသောအချက်တို့ကို ဆွေးနွေးမေးမြန်းခြင်းဖြစ်၏၊
(၃) နိမိတ်ထင်ခြင်းကိုမှတ်သားခြင်း – ကမ္မဋ္ဌာန်း၏နိမိတ်ထင်ပုံကို သတိ, ပညာဖြင့် မှတ်သားခြင်းဖြစ်၏။
(၄) ချာန်ဖြစ်ပုံကိုမှတ်သားခြင်း – ကမ္မဋ္ဌာန်းရှုပွား၍ အပ္ပနာဈာန်ဖြစ်ပုံကို မှတ်သားခြင်းဖြစ်၏။
(၅) သဘောကိုမှတ်သားခြင်း – ဤကမ္မဋ္ဌာန်းသည် ဤသို့သဘောရှိ၏ဟု ကမ္မဋ္ဌာန်း၏ သဘောကို မှတ်သားခြင်းဖြစ်၏။

ရှေးဦးကမ္မဋ္ဌာန်းအားထုတ်သူသည် ပဌမရေတွက်နည်းဖြင့် ကမ္မဋ္ဌာန်းကိုနှလုံးသွင်းအပ်၏၊ ဝင်လေထွက်လေ–၁၊ ဝင်လေထွက်လေ–၂ စသည်ဖြင့် ၅ အောက်မလျော့မူဘဲ ၁၀ ထက်လည်းမကျော်မူဘဲ ရေတွက်အပ်၏။ အကြား၌ပြတ်သည်ကိုလည်း မပြုအပ်။ ငါးကြိမ်အောက်လျော့၍ရေတွက်သောယောဂီသည် ကျဉ်းမြောင်းသည့်အရပ်၌ စိတ်ဖြစ်ရသဖြင့် တုန်လှုပ်၏၊ ကျဉ်းသောနွားခြံ၌ ပိတ်လှောင်ခံရသောနွားကဲ့သို့ဖြစ်၏။ ဆယ်ကြိမ်ထက်ကျော်လွန်၍ရေတွက်သောပုဂ္ဂိုလ်၏စိတ်သည် ရေတွက်ခြင်းကိုမှီ၍ ကမ္မဋ္ဌာန်းကို မမှီ။ အကြား၌ပြတ်သည်ကိုပြုသောယောဂီသည် "ငါ၏ကမ္မဋ္ဌာန်းသည် အဆုံးသို့ရောက်အံ့လော၊ မရောက်အံ့လော"ဟုစိတ်တုန်လှုပ်၏။ သို့အတွက် ဤဆိုခဲ့ပြီးသော အပြစ်တို့ကို ရှောင်ကြဉ်၍ရေတွက်အပ်၏။

ရေတွက်သောယောဂီသည် ရှေးဦးစွာနှေးနှေးရေတွက်ခြင်း၌ စပါးခြင်သမား၏ရေတွက်နည်းဖြင့် ရေတွက်အပ်၏။ စပါးခြင်သူသည် တင်းကိုစပါးဖြည့်၍ တစ်တင်းဟုဆိုပြီးလျှင် လောင်း၏။ တစ်ဖန်တင်းကိုပြည့်စေ၍ လောင်းသောအခါမှ နှစ်တင်းဟုဆို၏။ ဤနည်းအတိုင်း ဝင်သက်ထွက်သက်တို့တွင် ထင်ရှားသောဝင်သက် သို့မဟုတ် ထွက်သက်ကိုယူ၍ တစ်, နှစ်စသည်ဖြင့် တစ်ဆယ်တိုင်အောင် ရေတွက်အပ်၏။

ဤနည်းအတိုင်းဖြည်းဖြည်းရေတွက်သောယောဂီအား ဝင်သက်ထွက်သက်တို့သည် ထင်ရှားကုန်၏။ ထို့နောက် မြန်မြန်ရေတွက်သောနွားကျောင်းသားရေတွက်နည်းဖြင့် ရေတွက်အပ်၏။ လိမ္မာသောနွားကျောင်းသားသည် ကျောက်ခဲတို့ကို ခါးပိုက်ဖြင့်ဆောင်၍ ကြိုး, နှင်တံကိုကိုင်လျက် နံနက်စောစောနွားခြံသို့သွား၍ နွားတို့ကို ကျောကုန်း၌ပုတ်ခတ်၏။ ထို့နောက် တံခါးထိပ်၌ထိုင်လျက် တံခါးဝသို့ရောက်လာသောနွားတို့ကို တစ်, နှစ်, သုံး...ဟုဆို၍ ကျောက်ခဲကို ပစ်၍ပစ်၍ရေတွက်၏။

ထို့အတူပင် ယောဂီသည် အနှေးနှုန်းဖြင့်ရေတွက်နေစဉ် ဝင်လေထွက်လေတို့သည် ထင်ရှား၍လျင်မြန်စွာဝင်ထွက်ကုန်၏။ ထိုအခါ ယောဂီသည် နှာသီးဝသို့ ရောက်လာတိုင်း

http://www.dhammadownload.com



ရောက်လာတိုင်းသောဝင်သက်ထွက်သက်တို့ကိုသာယူ၍ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ ဟူ၍လည်းကောင်း ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇ ဟူ၍လည်းကောင်း ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈ ဟူ၍လည်းကောင်း ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉ ဟူ၍လည်းကောင်း ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ ဟူ၍လည်းကောင်း လျင်မြန်စွာရေတွက်အပ်၏။ ထိရာထိရာအရပ်၌ သတိကိုထား၍ ပွားသောပုဂ္ဂိုလ်အားသာလျှင် ဘာဝနာသည် ပြည့်စုံ၏။]

၂၈။ ယောဂီများတရားအားထုတ်ရာ၌ "တောအရပ်သို့သော်လည်း ကပ်ရသည်၊ ဆိတ်ငြိမ်ရာသို့လည်း ကပ်ရသည်"ဟူသောစကားကို မြတ်စွာဘုရားရှင်သည်မည်သည့်အတွက်ကြောင့် ဟောကြားထားပါသနည်း၊ ဥပမာဆောင်၍ ဖြေဆိုပါ။(၂၀၀၀)

[အဖြေ–ယောဂီများတရားအားထုတ်ရာ၌ "တောအရပ်သို့သော်လည်း ကပ်ရသည်၊ ဆိတ်ငြိမ်ရာသို့လည်း ကပ်ရသည်"ဟူသော စကားကို မြတ်စွာဘုရားရှင်ဟောကြားခြင်းမှာ အာနာပါနသတိသမာဓိကိုပွားရန် သင့်လျော်သည့်ကျောင်းကို ပြသည့်စကားရပ်ဖြစ်၏။ ထိုစကားကို ထင်ရှားစေအံ့၊ ကာလရှည်မြင့်စွာ ရူပါရုံတို့၌ အစဉ်မပြတ်ပြေးလွှားနေသော ယောဂီ၏စိတ်သည် အာနာပါနဿတိသမာဓိအာရုံသို့ တက်ရန်အလိုမရှိပေ။ ကောက်ကျစ်သောနွား က–ထားသည့်လှည်းသည် လမ်းမဟုတ်ရာသို့သာလျှင် ပြေးသွားသကဲ့သို့ ထိုယောဂီ၏ စိတ်သည် ဘာဝနာလမ်းမှန်မဟုတ်ရာသို့သာလျှင် ပြေးသွားတတ်၏။

ဥပမာအားဖြင့် ကောက်ကျစ်သောနွားမ၏နို့ရည်ကိုသောက်၍ ကြီးပြင်းလာသည့် ကောက်ကျစ်သောနွားငယ်ကို ဆုံးမလိုသည့်နွားရှင်သည် အမိနွားမမှခွဲထုတ်ပြီး ကြီးစွာသောတိုင်၌ ကြိုးဖြင့်ဖွဲ့ချည်ထားရာ၏။ ထိုအခါ နွားငယ်သည် ထိုမှဤမှ ရုန်းကန်၍ပြေးခြင်းငှာမတတ်နိုင်လတ်သော် ထိုတိုင်ကိုမှီ၍ ထိုင်ရာ၏၊ မှီ၍အိပ်ရာ၏။ ထို့အတူပင် ရှည်မြင့်စွာသောကာလပတ်လုံး ရူပါရုံစသည်ကိုစွဲ၍ဖြစ်သော သုခဝေဒနာအရသာကို သောက်သုံးခြင်းဖြင့်ကြီးပြင်းလာသော ပျက်ချော်နေသည့်စိတ်ကို ဆုံးမလိုသောယောဂီသည် ရူပါရုံစသည့်အာရုံတို့မှဖဲခွာ၍ တောအရပ် သို့မဟုတ် ဆိတ်ငြိမ်ရာအရပ်သို့ဝင်ပြီးလျှင် ထွက်သက်ဝင်သက်ဟူသောတိုင်၌ သတိဟူသည့်ကြိုးဖြင့်ဖွဲ့ချည်ထားအပ်၏။ ထိုအခါ ထိုရဟန်း၏စိတ်သည် ထိုမှဤမှတုန်လှုပ်ပြေးသွားလိုသော်လည်း ရှေးက ကျက်စားနေကျအာရုံကိုမရသဖြင့် သတိဟူသောကြိုးကို ဖြတ်ခြင်းငှာမစွမ်းနိုင်။ သို့အတွက် ထိုအာနာပါနဿတိသမာဓိအာရုံကိုသာလျှင် ဥပစာရသမာဓိ, အပ္ပနာသမာဓိတို့၏အစွမ်းဖြင့် မှီ၍ထိုင်၏၊ မှီ၍အိပ်၏။

သို့ဖြစ်၍ ထိုယောဂီရဟန်း၏တောအရပ်, ဆိတ်ငြိမ်ရာအရပ်စသောကျောင်းနေရာသည် ဘာဝနာအား သင့်လျော်လျောက်ပတ်ပေ၏။

တစ်နည်းကား ဤအာနာပါနဿတိကမ္မဋ္ဌာန်းသည် ကမ္မဋ္ဌာန်းလေးဆယ်တွင် ဦးထိပ်

http://www.dhammadownload.com



သဖွယ်ဖြစ်ပေ၏။ အလုံးစုံသောဘုရား, ပစ္စေကဗုဒ္ဓါများနှင့်ရဟန္တာများ၏ မဂ်ဖိုလ်တရားထူးကိုရခြင်း, မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်းတို့၏နီးစွာသောအကြောင်းဖြစ်၏။ ဤအာနာပါနဿတိကမ္မဋ္ဌာန်းကို မိန်းမသံ, ယောကျ်ားသံ, ဆင်သံ, မြင်းသံ စသည်တို့နှင့်ပြွမ်းသောရွာနီးကျောင်းကိုမစွန့်မူဘဲ ပွားခြင်းငှာမလွယ်ကူ။ အကြောင်းကား အသံသည် ဈာန်၏ဆူးငြောင့်ဖြစ်သောကြောင့်တည်း။ ရွာမဟုတ်သည့်တောဌ်ကား ယောဂီရဟန်းသည် ဤကမ္မဋ္ဌာန်းကိုသိမ်းဆည်း၍ အာနာပါနလျှင်အာရုံရှိသော ဈာန်လေးပါးကို ဖြစ်စေပြီးလျှင် ထိုဈာန်ကိုအခြေပြုလျက် တောဘူမကသင်္ခါရတို့ကိုသုံးသပ်၍ အမြတ်ဆုံးအရဟတ္တဖိုလ်သို့ရောက်ရန်လွယ်ကူ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ယောဂီရဟန်းနှင့်လျောက်ပတ်သောကျောင်းကို ပြတော်မူလို၍ "တောအရပ်သို့သော်လည်းကပ်ရသည်၊ သစ်ပင်ခြေရင်းအရပ်သို့လည်းကပ်ရသည်"ဟူသောစကားကို ဟောကြားထားခြင်းဖြစ်ပါသည်။]

၂၉။ အနုပုဗ္ဗနာနည်းဖြင့် အာနာပါနဿတိပွားများပုံကို ရေးသား၍ ထွက်လေ,ဝင်လေတို့၏အစ, အလယ်, အဆုံးတို့ကို ဖော်ပြပါ။(၂၀၀၃)

[အဖြေ- နံပါတ် ၂၆ အဖြေနှင့်တူပါသည်။]

၃၀။ တစပဉ္စက ကမ္မဋ္ဌာန်းကို နှုတ်ဖြင့်ရွတ်ဆိုခြင်း, စိတ်ဖြင့်နှလုံးသွင်းခြင်းတို့ကြောင့် ရရှိနိုင်သော အကျိုးများကို အသီးသီးဖော်ပြ၍၊ အဿာသ ပဿာသမဖြစ်သော (အသက်မရှူသော)ပုဂ္ဂိုလ်များကိုလည်း ရေးသားခဲ့ပါ။(၂၀၀၄)

[အဖြေ–တစပဉ္စက ကမ္မဋ္ဌာန်းကို နှုတ်ဖြင့်ရွတ်ဆိုခြင်းကြောင့် ရနိုင်သောအကျိုးများမှာ–နှုတ်ဖြင့်ကာလအရာ, အထောင်, အသိန်းတို့ပတ်လုံးရွတ်ဆိုခြင်းသည် ကမ္မဋ္ဌာန်းပါဠိအစဉ်ကိုကောင်းစွာလေ့လာအပ်သည်ဖြစ်၏၊ ထိုမှဤမှစိတ်သည်မပြေးသွား၊ ကောဋ္ဌာသတို့သည် ထင်ရှားကုန်၏၊ လက်ချောင်းအစဉ်, စောင်းတန်းခြေအစဉ်ကဲ့သို့ထင်ကုန်၏။ ရွတ်ဆိုစဉ်ပင်လျှင် ကမ္မဋ္ဌာန်းထင်ရှားလာပြီးလျှင် မဂ်, ဖိုလ်တရားထူးကိုရနိုင်၏။ အဘယ်သူကဲ့သို့နည်းဟူမူ မလယအရပ်နေ မဟာရေဝတမထေရ်ကြီးထံ၌ ကမ္မဋ္ဌာန်းယူပြီး လေးလပတ်လုံး ၃၂–ကောဋ္ဌာသကိုရွတ်ဆိုသရဇ္ဈာယ်ကြရာ သောတာပန်ဖြစ်ကြသည့် ရဟန်းနှစ်ပါးတို့ကဲ့သို့တည်း။

တစပဉ္စက ကမ္မဋ္ဌာန်းကို စိတ်ဖြင့်နှလုံးသွင်းခြင်းကြောင့် ရနိုင်သောအကျိုးများမှာ–နှုတ်ဖြင့်ရွတ်ဆိုသရဇ္ဈာယ်ခြင်းသည် စိတ်ဖြင့်သရဇ္ဈာယ်ခြင်း၏အကြောင်းဖြစ်၏။ စိတ်ဖြင့်သရဇ္ဈာယ်ခြင်းသည် ရွံစဖွယ်အသုဘလက္ခဏာကို ထိုးထွင်းသိခြင်း၏အကြောင်းဖြစ်၏။ အသုဘလက္ခဏာကိုထိုးသွင်းသိပါမှ ကောဋ္ဌာသတို့ကို စက်ဆုတ်ရွံရှာဖွယ်အဖြစ်ဘာဝနာရှုပွား၍ ဈာန်မဂ်ဖိုလ်တရားထူးတို့ကို ရနိုင်သည်။]

http://www.dhammadownload.com



၃၁။ ဃရာဝါသ သမ္ဗာဓော ငါးဖြာအာရုံ ကာမဂုဏ်ဖြင့် ကျဉ်းကြပ်ပိတ်လှောင် ဤလူ့ဘောင်မှ ကျွတ်လွတ်ထွက်မြောက်ရာ လူ့အခွင့်အရေးတရားများကို ဖော်ပြပြီးလျှင်၊ သက်တမ်းတိုရာ ဤလူ့ကာလ၌ မရဏာဿတိဘာဝနာကို မည်သို့သဘောထား၍ ပွားများရှုမှတ်သင့်ပါသနည်း။(၂၀၀၅)

*[အဖြေ – နံပါတ် (၁၄) အဖြေနှင့်တူပါသည်။]*

* * *

## လေ့ကျင့်ရန်ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများ

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန
## သာသနာရေးဦးစီးဌာန
## (၄၉)ကြိမ်မြောက်
## ဝိသုဒ္ဓိမဂ်စာမေးပွဲ
## ပထမဆင့်

၁၃၆၈–ခုနှစ်၊ ပြာသိုလဆန်း ၅–ရက်၊ (၂၃၊၁၂၊၂၀၀၆) စနေနေ့

ခွင့်ပြုချိန်။ ။ လေးနာရီ (မွန်းတည့် ၁၂–နာရီ မှ မွန်းလွဲ ၄–နာရီအထိ)

(မေးခွန်း တစ်ခုလျှင် ၁၀ – မှတ်စီ)

၁။ သီလတရားကို ကျင့်သုံးသူအမျိုးကောင်းသားသမီးများ ရရှိခံစားရမည့် သီလအကျိုးငါးမျိုးကို မှန်ကန်စွာဖြေဆိုခဲ့ပါ။

၂။ စာရိတ္တသီလ, ဝါရိတ္တသီလတို့၏ အဓိပ္ပါယ်ကို ဖြေဆို၍၊ထိုသီလတို့ကို အဘယ်တရားတို့ဖြင့်ပြည့်စုံစေအပ်သည်ကိုလည်း အသီးသီး တွဲစပ်ဖြေဆိုပါ။

၃။ မြတ်စွာဘုရားသည် အဘယ်အမျိုးကောင်းသားတို့အား (၁၃)ပါးသောဓုတင်တို့ကို ခွင့်ပြုတော်မူအပ်ပါသနည်း, ဖြေဆို၍၊ ဒေါသစရိုက်ရှိသူ ဆောက်တည်ပွားသင့်သောဓုတင်တို့ကိုလည်း အကြောင်းနှင့်တကွ တင်ပြခဲ့ပါ။

၄။ လူဥပါသကာ, ဥပါသိကာ ယောက်ျား, မိန်းမတို့အား လျောက်ပတ်သော ဓုတင်များကို ဖော်ပြ၍၊ ထိုဓုတင်တည်ဆောက်ပုံ, ဆောက်တည်နည်းများကိုလည်း ဖော်ပြခဲ့ပါ။

၅။ အလုပ်လုပ်ပုံကိုကြည့်၍ သဒ္ဓါစရိုက်ရှိသူဖြစ်ကြောင်း သိနိုင်ပုံကို ဖော်ပြ၍၊ ကမ္မဋ္ဌာန်းတရားကိုစတင်ပွားများသူတို့ အားမထုတ်သင့်သော ကမ္မဋ္ဌာန်းများကိုလည်း ဖော်ပြပါ။

၆။ ပီတိနှင့်သုခတို့၏ ထူးခြားချက်ကို ဥပမာဆောင်၍ ထင်ရှားအောင် ဖြေဆိုပါ။

http://www.dhammadownload.com



၇။ ရှေးအခါက ကသိုဏ်းဘာဝနာ မရှုမှတ်ခဲ့ဘူးသူများ အာကာသကသိုဏ်း ရှုမှတ်လိုလျှင် ပြုလုပ်ပုံအစီအရင်နှင့်ပွားများပုံနည်းတို့ကို ပြဆို၍၊ ရရှိနိုင်သော အကျိုးများကိုလည်း ထုတ်ဖော်ပြပါ။

၈။ "မသာတစ်ခေါက် ကျောင်းဆယ်ခေါက်"ဟု ဆိုရိုးပြုရလောက်အောင် အကျိုးများလှသောအသုဘကိစ္စကြုံတွေ့ရာ၌ မည်သည့်စိတ်ထားဖြင့် သွားရမည်ကို ပြည့်စုံစွာဖော်ပြပါ။

၉။ လောကုတ္တရာတရားတော်တို့သည် "လာပါ၊ ရှုပါ"ဟု ရဲရဲတင်းတင်း ဖိတ်ခေါ်ထိုက်ခြင်း အကြောင်းကို ဥပမာဖြင့် ထင်ရှားအောင် ပြဆိုခဲ့ပါ။

၁၀။ သင်ယောဂီသည် အာနာပါနရှုမှတ်နေရင်း အကယ်၍ ဝင်လေ, ထွက်လေ မပေါ်လွင် မထင်ရှားဖြစ်နေပါက မည်သို့ဆက်လက်ဆောင်ရွက်ရမည်ကို ဥပမာဆောင်၍ပေါ်လွင်အောင် ဖြေဆိုခဲ့ပါ။

================

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန
## သာသနာရေးဦးစီးဌာန
## (၅၀)ကြိမ်မြောက်
## ဝိသုဒ္ဓိမဂ်စာမေးပွဲ
## ပထမဆင့်

**၁၃၆၉–ခုနှစ်၊ နတ်တော်လဆန်း ၅–ရက်၊ (၁၄၊၁၂၊၂၀၀၆) သောကြာနေ့**
**ခွင့်ပြုချိန်။ ။ လေးနာရီ (မွန်းတည့် ၁၂–နာရီ မှ မွန်းလွဲ ၄–နာရီအထိ)**
**(မေးခွန်း တစ်ခုလျှင် ၁၀ – မှတ်စီ)**

၁။ တဏှာသည် မည်သည့်အရာနှင့်တူ၍၊ အဘယ်ကြောင့် တဏှာကို ကွန်ရက်–ဟုခေါ်ဆိုရပါသနည်း, ဖြေဆို၍၊ ကိလေသာတည်းဟူသော အမြွေးအ ယှက်, အရှုပ်အထွေးကို သုတ်သင်ရှင်းလင်းနိုင်ရန် ပြည့်စုံရမည့် တရားခြောက်မျိုးကိုလည်း ဖော်ပြခဲ့ပါ။

၂။ ဒုဿီလ(သီလမရှိသော)သူ၏ ကာလတာရှည် အသက်ရှင်နေရခြင်းမျိုးကို ဖြေဆို၍၊ ဣန္ဒြိယသံဝရသီလကို အဘယ်ကြောင့် အဘယ်တရားဖြင့် ပြီးစေအပ်သည်ကိုလည်း ဖြေဆိုခဲ့ပါ။

၃။ ကမ္မဋ္ဌာန်းဆရာသည် ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် ပထဝီကသိုဏ်းကို ဟောပြလိုလျှင် ယင်းကို မဟောမီ ရှေးဦးစွာ ဟောပြရမည့် အခြင်းအရာ (၉)မျိုးကိုလည်း မမှားအောင် ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com



၄။ ကာမာဝစရနတ်ပြည်နှင့်ဗြဟ္မာဘုံတို့၌ မရနိုင်သော ကမ္မဋ္ဌာန်းတရားတို့ကို သင်္ချေယျ အားဖြင့် မလွဲအောင်ကောက်ပြ၍၊ လူ့ဘုံ၌ ဖြစ်နိုင်သော ကမ္မဋ္ဌာန်းတရားတို့ကိုလည်း သချာမှုသာ ဖော်ပြခဲ့ပါ။

၅။ တစ်ထိုင်တည်းစားခြင်းဟုဆိုအပ်သော ဧကာသနိကံဓုတင်ကို ဆောက်တည်လိုလျှင် အဘယ်သို့သော စကားဖြင့်ဆို၍ ဆောက်တည်ရပါမည်နည်း, ဖြေဆို၍၊ ယင်းဓုတင် ကို ဆောက်တည်ရခြင်း၏ အကျိုးတရားတို့ကိုလည်း ဖော်ပြခဲ့ပါ။

၆။ ရုက္ခမူလိကင်္ဂဓုတင်ကို ဆောက်တည်ရာ၌ ရှောင်ကြဉ်ရမည့်သစ်ပင်နှင့် မှီခိုရမည့် သစ်ပင်တို့ကို ကွဲပြားခြားနားအောင် ဖြေဆို၍၊ ပံသုကူဓုတင်ဆောင်သော ပုဂ္ဂိုလ်သုံးမျိုးကိုလည်း အစိပ္ပါယ်ပေါ်လွင်အောင် ဖြေဆိုခဲ့ပါ။

၇။ ယခုခေတ် လူအတော်များများသည် အရိုးနီးသော ပုဂ္ဂိုလ်ကိုလည်း ယုံကြည်ကြည် ညိုတတ်၏၊ မကြည်ညိုသင့်သော အရာ၌လည်း ကြည်ညို၏၊ ယင်းသို့ဖြစ်ရခြင်းနှင့် ဆေးကြောင့်ဖြစ်သော ရောဂါသည် အကုခက်သကဲ့သို့ စဉ်းလဲသောအဖြစ်သို့ ရောက် တတ်ခြင်းတို့သည် အဘယ်တရားအားနည်း၍၊ အဘယ်တရားလွန်ကဲခြင်းကြောင့်ဖြစ် ရပါသနည်း, ဖြေဆို၍, ထိုကဲ့သို့ မဖြစ်ရလေအောင် အဘယ်သို့ ကျင့်ကြံနေထိုင်ရ မည်ကိုလည်း ညွှန်ပြခဲ့ပါ။

၈။ လောက၌ ပြောဆိုသင့်သော စကား၊ မပြောဆိုသင့်သော စကားတို့ကို ကွဲပြားခြားနား အောင် ဖြေဆိုခဲ့ပါ။

၉။ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းသော နည်းပေါင်းမည်မျှ ရှိပါသနည်း, သချာမှုသာ ဖော်ပြ၍၊ ယင်းတို့တွင်အစဉ်လိုက်ခြင်း အနုဗန္ဓနာနည်း၊ ထိပါးခြင်း ဖုသနနည်း၊ ကောင်းစွာမှတ်ခြင်း သံလက္ခဏာနည်းတို့၏ သဘောကိုလည်းရှင်းလင်းပြခဲ့ပါ။

၁၀။ ဆံပင်တို့၏ စက်ဆုပ်ရွံရှာဖွယ် (၅)မျိုးကို ဖော်ပြ၍၊ ယင်း(၅)မျိုးတို့တွင် ဆံပင်၏ အဆင်းအားဖြင့် စက်ဆုပ်ရွံရှာဖွယ်ရှိပုံကိုလည်း ရှင်းလင်းပြခဲ့ပါ။

================

## ကျမ်းကိုးစာရင်း

၁။ ကျိုက်ထိုမြို့ဘုရားသုံးဆူတောင် အရှင်နန္ဒမာလာပြန်ဆိုသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ မြန်မာပြန်ပထမတွဲ။

၂။ အဂ္ဂမဟာပဏ္ဍိတမဟာစည်ဆရာတော်ဘုရားရေးသားစီရင်သော ဝိသုဒ္ဓိမဂ်မြန်မာပြန် ပထမတွဲနှင့်ဒုတိယတွဲ။

၃။ သုတ္တန်ပိဋကတ်ပါဠိတော်မြန်မာပြန်ကျမ်းများ။